
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပသော



အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲ

ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်
၁၉၇၁ မှ ၂၀၁၉အထိ (၄၉) နှစ် အမေးအဖြေများ

# အဘိဓမ္မာ အမေးအဖြေပေါင်းချုပ်


## ဒေါက်တာမင်းတင်မွန်


ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ
အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲ၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲ
ဝိသုဒ္ဓိမဂ်စာမေးပွဲ၊ သုံးထပ်ကွမ်း ပထမရွှေတံဆိပ်ဆုရ



တတိယ အကြိမ်


အဘိဓမ္မာ အမေးအဖြေပေါင်းချုပ်
ဒေါက်တာမင်းတင်မွန်

ဂုဏ်ထူးဆောင်မည့် အဘိဓမ္မာ အမေးအဖြေမှန်များ
အဘိဓမ္မာ စာမေးပွဲဖြေဆိုသူများ၏ လက်စွဲ
ကောင်းစွာ ကြိုတင်ပြင်ဆင်မှ ဂုဏ်ထူးနှင့် အောင်မြင်မည်



အဖိုးတန်ဆုံး ဘဝပညာ ဗုဒ္ဓအဘိဓမ္မာ
ဘဝမှာတန်ဖိုးအရှိဆုံး အသုံးကျဆုံး စိတ်ဝင်စားဖွယ်အကောင်းဆုံးပညာ
ဘဝအကြောင်းနှင့် လောကအကြောင်းကို ကောင်းစွာသိနားလည်အောင်
ဘဝဂုဏ်ရည်မြင့်မားအောင် အဘိဓမ္မာ စာမေးပွဲ ဝင်ဖြေပါ

**ဒေါက်တာမင်းတင်မွန်**
ရေးသားပြုစုသည့်

## အဘိဓမ္မာ အမေးအဖြေပေါင်းချုပ်

က အဘိဓမ္မာစာမေးပွဲဖြေနိုင်အောင် ကူညီပေးမည်

ဤစာအုပ်ကို ဒေါက်တာမင်းတင်မွန် ရေးသားပြုစုသည့်
ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ် (ဆဋ္ဌမအကြိမ်) နှင့် ပူးတွဲလေ့လာပါ။
ဂုဏ်ထူးဆောင်ကာ အောင်ပွဲလုလု ဆင်နိုင်လိမ့်မည်

design.minthitsar095140119

*ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန၊*
*သာသနာရေးဦးစီးဌာနမှ နှစ်စဉ်ကျင်းပသော*

**အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲ**

**ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်**

**၃၅ နှစ် အမေးအဖြေများ**

# အဘိဓမ္မာအမေးအဖြေပေါင်းချုပ်


## ဒေါက်တာမင်းတင်မွန်

*ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ*
*အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခ (ငြိမ်း)*
*သာသနာရေးဝန်ကြီးဌာနအကြံပေးပုဂ္ဂိုလ် (ငြိမ်း)*
*မော်လမြိုင်တက္ကသိုလ် ဓာတုဗေဒပါမောက္ခ (ငြိမ်း)*


**ဤ''အဘိဓမ္မာအမေးအဖြေပေါင်းချုပ်''စာအုပ်ကို**
**ဒေါက်တာမင်းတင်မွန်ရေးသားသည့်**
**''ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်'' (ဆဌမအကြိမ်)**
**စာအုပ်နှင့် ပူးတွဲလေ့လာပါ။**

**အဖိုးတန်ဆုံးဘဝပညာဖြစ်သည့် ဗုဒ္ဓအဘိဓမ္မာကိုလေ့လာပြီး၊**
**စာမေးပွဲဖြေပါ၊ အဘိဓမ္မာစာမေးပွဲကို ထူးချွန်စွာအောင်မြင်ခြင်းသည်**
**ဂုဏ်ကျေးဇူးပြည့်ဝသည့် ဘဝအောင်ပွဲတစ်ရပ်ပေတည်း။**

**ပုံနှိပ်ခြင်းမှတ်တမ်း**

ပထမအကြိမ်ပုံနှိပ်ခြင်း – ၂၀၁၄ ခုနှစ်၊ မေလ
ဒုတိယအကြိမ်ပုံနှိပ်ခြင်း – ၂၀၁၆ ခုနှစ်၊ ဇွန်လ
အုပ်ရေ ၅၀၀

•

**ထုတ်ဝေသူ**

ဦးမင်းတေဇာမွန်၊ မြမွန်ရတနာစာပေ (၁၀၅၇၂)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ၊
ဒဂုံမြို့နယ်၊ ရန်ကုန်။

•

**ကွန်ပျူတာစာစီ**

*TIL* Computing & Language Centre

•

**အတွင်းစာသားများနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၀၉၀၃)
အမှတ် ၁၀၄/ခ၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

•

**ဖြန့်ချိရေး – မြမွန်ရတနာစာပေ**

တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁–၃၈၅၂၆၁၊ ၀၉–၇၃၂၀၅၀၀၅၊ ၀၉–၈၇၀၂၂၄၈

•

**တန်ဖိုး ၄၀၀၀ ကျပ်**

၂၉၄.၃
မင်းတင်မွန်၊ ဒေါက်တာ
အဘိဓမ္မာအမေးအဖြေပေါင်းချုပ် (ဒုတိယအကြိမ်)/ဒေါက်တာမင်းတင်မွန်
– ရန်ကုန်။
ရတနာမင်းစာပေ၊ ၂၀၁၄။
၄၈၈–စာ၊ ၁၅ × ၂၄ စင်တီ။
(၁) အဘိဓမ္မာအမေးအဖြေပေါင်းချုပ် (ဒုတိယအကြိမ်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# စကားဦး

မိတ်သင်္ဂဟာအပေါင်းတို့ . . . ဗုဒ္ဓအဘိဓမ္မာကို လေ့လာဆည်းပူးကြပါ။ အဘိဓမ္မာဟာ တကယ့်ကို စိတ်ဝင်စားဖွယ်အကောင်းဆုံး အဖိုးတန်ဆုံး ဘဝပညာပဲ။ သာသနာရေးဝန်ကြီး ဌာနက နှစ်စဉ် ဒီဇင်ဘာလမှာကျင်းပတဲ့ အဘိဓမ္မာစာမေးပွဲကို ဝင်ရောက်ဖြေဆိုကြပါ။ အဘိဓမ္မာစာမေးပွဲကို ထူးချွန်စွာအောင်မြင်ခြင်းဟာ အလွန်ဂုဏ်ယူစရာကောင်းတဲ့ ဘဝမှတ် တိုင်တစ်ခုပါပဲ။

အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲသုံးဆင့်အတွက် ပြဋ္ဌာန်းထားတဲ့စာအုပ်က **မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ** ရေးသားတဲ့ **''အခြေပြုသင်္ဂြိုဟ်''** စာအုပ်ဖြစ်တယ်၊ ဒီ စာအုပ်က အလွန်ရှားနေပြီ၊ ပါဠိနဲ့တွဲရေးထားတော့ လေ့လာဖို့ နည်းနည်းခက်တယ်။

**ဒေါက်တာမင်းတင်မွန်** ရေးသားတဲ့ **''ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်''** (ဆဋ္ဌမအကြိမ်)က လွယ်တယ်၊ ရှင်းတယ်၊ ပြည့်စုံတယ်၊ အဲဒီစာအုပ်နဲ့ ယခု **''အဘိဓမ္မာအမေးအဖြေပေါင်း ချုပ်''** စာအုပ်တို့ကို သေသေချာချာ မိမိရရလေ့လာထားရင် ဂုဏ်ထူးရအောင် ဖြေဆို နိုင်လိမ့်မယ်။

ဒေါက်တာမင်းတင်မွန်က ပညာရေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့မှာ ဓာတုဗေဒ ကထိကအဖြစ် တာဝန်ထမ်းဆောင်ရင်း အဘိဓမ္မာစာမေးပွဲများနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ဝင်ဖြေတာ တစ်ပြည်လုံးမှာ **ပထမရွှေတံဆိပ်ဆုသုံးကြိမ်** ရခဲ့ပါတယ်။

* ၁၉၈၁ ခုနှစ် အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲသုံးဆင့်လုံး တစ်ပြည်လုံး ပထမ၊
* ၁၉၈၃ ခုနှစ် အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲသုံးဆင့် တစ်ပြည်လုံး ပထမ၊
* ၁၉၈၄ ခုနှစ် ဝိသုဒ္ဓိမဂ်စာမေးပွဲ သုံးကျမ်းပြည့် သုံးဆင့်လုံး တစ်ပြည်လုံး ပထမ၊

စာမေးပွဲဖြေတာ စာကျက်ဖို့မလိုဘူး၊ သဘောပေါက်နားလည်အောင် မှတ်မိအောင် အကြောင်းအကျိုးဆက်စပ်ပြီးသိအောင် စာကြည့်ဖို့ပဲလိုတယ်၊ အဘိဓမ္မာအမေးအဖြေပေါင်း ချုပ်မှာ ဆရာပထမရတဲ့အဖြေမျိုး ဖြေပြထားတယ်။

ဒေါက်တာမင်းတင်မွန်ဟာ ၁၉၈၃ ခုနှစ်မှစပြီး ရန်ကုန်တက္ကသိုလ်များ ဗုဒ္ဓဘာသာ အသင်းကြီးရဲ့အတွင်းရေးမှူးတာဝန်ထမ်းရွက်ပြီး ရန်ကုန်တက္ကသိုလ်များဓမ္မာရုံမှာ ဗုဒ္ဓအဘိဓမ္မာ ပို့ချတယ်။ ၁၉၈၅ ခုနှစ်၊ မတ် ၂၇, ၂၈, ၂၉ ရက်တို့မှာ အဘိဓမ္မာသင်ရိုးကုန် **သင်္ဂြိုဟ်ကိုး** ပိုင်းကို သုံးရက်နဲ့အပြီး စံချိန်တင်သင်ပြပေးတာ သင်တန်းတက်သူ ၂၀၀ ကျော်ကဝမ်းသာ မဆုံး ဖြစ်ကြတယ်။

၁၉၈၅ ခုနှစ် ဇွန်လ ၂၀, ၂၁, ၂၇, ၂၈ စနေ, တနင်္ဂနွေနေ့များမှာ မော်လမြိုင်တက္ကသိုလ် မှာ ၄ ရက်နဲ့အပြီး အဘိဓမ္မာသင်တန်းကို ပို့ချပေးတာ သင်တန်းတက်သူ ကျောင်းသူ ကျောင်းသား ၄၀၀ ကျော်တို့ ပျော်ရွှင်မဆုံးဖြစ်ကြတယ်။ ထိုစဉ်က **ဒုတိယပါမောက္ခချုပ် ဦးခင်မောင်တင့် (တက္ကသိုလ်ဘုန်းနိုင်)** က သင်တန်းအဖွင့်အမှာစကားပြောကြားရာမှာ –

**''တပည့်တို့ – အဘိဓမ္မာကို သိနားလည်ထားရင် နေတတ်၊ ကျင့်တတ်၊ ချစ်တတ်၊ တွေးတတ်၊ ဆက်ဆံတတ်၊ ဒီဘဝအကျိုးများအောင် အကုန်လုံး ပညာရှိရှိ လုပ်တတ် ကိုင်တတ်သွားကြလိမ့်မယ်၊ အဘိဓမ္မာပညာဟာ လူငယ်တွေကြီးပွားချမ်းသာဖို့ အကောင်း ဆုံးအခြေခံပညာပဲ။''** မှန်လိုက်လေဗျာ။

အဲဒီနောက်ပိုင်းမှာ ဒေါက်တာမင်းတင်မွန်ဟာ တက္ကသိုလ်ကျောင်းပိတ်ချိန်များမှာ မြန်မာ တစ်နိုင်ငံလုံး မြို့များစွာမှာ တစ်မြို့လျှင် ၄ ရက်နဲ့ အဘိဓမ္မာသင်ရိုးကုန် သင်တန်းပို့ချ ပေးပါတယ်။ ၁၉၉၆ ခုနှစ်ကစပြီး အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ အင်္ဂလန်၊ စင်္ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဟောင်ကောင်၊ တိုင်ဝမ်စတဲ့နိုင်ငံများမှာ အဘိဓမ္မာကို အင်္ဂလိပ် ဘာသာဖြင့်ရော မြန်မာဘာသာဖြင့်ပါ သင်ကြားပေးခဲ့တယ်။

**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (ရန်ကုန်) မှာလည်း ၁၉၉၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ၁၁ နှစ်ကြာမျှ ပဋ္ဌပတ္တိပါမောက္ခအဖြစ်တာဝန်ယူ၍ အဘိ ဓမ္မာနှင့် ဝိသုဒ္ဓိမဂ်တို့ကို အင်္ဂလိပ်ဘာသာဖြင့်စာအုပ်များရေးသားကာ သင်ကြားပို့ချ ပေးခဲ့ပါတယ်။**

ယခုအခါ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်းပေါ်ရှိ **''သာမဏေကျော်ဗိမာန်''** မှာ **အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်းများကို စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီ မှ ၄ နာရီအထိ သင်တန်းပို့ချပေးနေပါတယ်။ သင်တန်းတက်ကြဖို့ ဖိတ်ခေါ် ပါတယ်။**

ဒေါက်တာမင်းတင်မွန်ဟာ အဘိဓမ္မာသင်ကြားပို့ချတာ အအောင်မြင်ဆုံးဆရာတစ် ယောက်ပါပဲ၊ အကောင်းဆုံးအဘိဓမ္မာဆရာတစ်ယောက်ပဲလို့ သောင်းသောင်းဖြဖြ ချီးကျူး ကြပါတယ်။

ဒေါက်တာမင်းတင်မွန်ရေးသားထားတဲ့ ဘာသာရေး, ပညာပေး, စာအုပ်အမျိုးပေါင်း ၅၀ ကျော်နှင့် သင်တန်းပို့ချထားတဲ့ အဘိဓမ္မာ, ဝိသုဒ္ဓိမဂ်, ယဉ်ကျေးမှုသင်တန်း စီဒီ, ဒီဗွီဒီခွေများကို မြမွန်ရတနာစာပေက ဖြန့်ချီပေးနေပါတယ်။

**အဆင့်မြင့်ဆုံးအသိပညာဖြင့် အမြင့်မြတ်ဆုံးဘဝကို ထူထောင်နိုင်ကြပါစေ။**

၇–၁၂–၂၀၁၃ **ဒေါက်တာမင်းတင်မွန်**

## ဒုတိယအကြိမ်တည်းဖြတ်ခြင်း

ဒုတိယအကြိမ်ပြန်လည်ပုံနှိပ်ရာမှာ အမှားကင်းအောင် ပြန်လည်တည်းဖြတ်ပြီး, ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲသုံးဆင့်အမေးအဖြေများကို ထပ်မံထည့် ပေးထားပါတယ်။

၁၆–၃–၂၀၁၆ **ဒေါက်တာမင်းတင်မွန်**

# မာတိကာ

## **အဘိဓမ္မာ** (ပထမဆင့်)

၁၉၈၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၃၂ နှစ် စာမေးပွဲအမေးအဖြေများ


အပိုင်း (၁) စိတ်ပိုင်း ... ... စာမျက်နှာ ၇ မှ ၄၃ အထိ
အပိုင်း (၂) စေတသိက်ပိုင်း ... ... စာမျက်နှာ ၄၄ မှ ၈၈ အထိ
အပိုင်း (၃) ပကိဏ်းပိုင်း ... ... စာမျက်နှာ ၈၉ မှ ၁၃၁ အထိ


## **အဘိဓမ္မာ** (ဒုတိယဆင့်)

၁၉၈၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၃၂ နှစ် စာမေးပွဲအမေးအဖြေများ


အပိုင်း (၄) ဝီထိပိုင်း ... ... စာမျက်နှာ ၁၃၂ မှ ၁၈၈ အထိ
အပိုင်း (၅) ဝီထိမုတ်ပိုင်း ... ... စာမျက်နှာ ၁၈၉ မှ ၂၄၂ အထိ
အပိုင်း (၆) ရုပ်ပိုင်း ... ... စာမျက်နှာ ၂၄၃ မှ ၂၈၅ အထိ


## **အဘိဓမ္မာ** (တတိယဆင့်)

၁၉၈၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၃၂ နှစ် စာမေးပွဲအမေးအဖြေများ


အပိုင်း (၇) သမုစ္စည်းပိုင်း ... ... စာမျက်နှာ ၂၈၆ မှ ၃၂၈ အထိ
အပိုင်း (၈) ပစ္စည်းပိုင်း ... ... စာမျက်နှာ ၃၂၉ မှ ၃၇၅ အထိ
အပိုင်း (၉) ကမ္မဋ္ဌာန်းပိုင်း ... ... စာမျက်နှာ ၃၇၆ မှ ၄၄၆ အထိ


## နောက်ဆက်တွဲစာမေးပွဲအမေးအဖြေများ

၂၀၁၃ ခုနှစ် အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲ – ပထမဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်အမေးအဖြေ

၂၀၁၄ ခုနှစ် အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲ – ပထမဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်အမေးအဖြေ

၂၀၁၅ ခုနှစ် အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲ – ပထမဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်အမေးအဖြေ

ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်နောက်မှာတွဲထားတဲ့ဇယားကိုးရွက်နဲ့ အဖြေများကို တိုက်ကြည့်သွားရင် မှတ်ရ, နားလည်ရတာလွယ်ကူမယ်။

(အဖြေများကို ပြဌာန်းစာအုပ် – **အခြေပြုသင်္ဂြိုဟ်**ဖော်ပြချက်နှင့် ကိုက်ညီအောင် ဖြေဆိုထားတယ်။ မေးခွန်းတစ်ခုစီ၏အဖြေပါရှိတဲ့ **ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်** စာအုပ်ရဲ့စာမျက်နှာ (စမန) ကို အဖြေတစ်ပုဒ်စီ၏လက်ယာဘက်ထိပ်စွန်းမှာဖော်ပြထားတယ်)

# အဖိုးတန်ဆုံးဘဝပညာ ဗုဒ္ဓအဘိဓမ္မာ

ဗုဒ္ဓအဘိဓမ္မာဟာ အဖိုးတန်ဆုံးဘဝပညာဖြစ်ပေတယ်။ ဘာကြောင့်လဲ? ဘယ်ပညာရှင်တစ်ဦးတစ်ယောက်မျှ မသိမြင်နိုင်တဲ့ ဘဝအကြောင်းနှင့် လောကအကြောင်းများကို အဘိဓမ္မာမှာ အသေးစိတ်အပြည့်အစုံ ဟောကြားထားတဲ့အတွက်ကြောင့်ပါပဲ။

ဥပမာ စိတ်ဟာ မြို့ရွာအိုးအိမ်များ၊ တိုင်းနိုင်ငံများ၊ ဘာသာစကား–စာပေ–ယဉ်ကျေးမှု–အနုပညာများ၊ ဝိဇ္ဇာပညာ–သိပ္ပံပညာစသည့်အရာအားလုံးကို ဖန်တီးပေးထားတဲ့အတွက် ကမ္ဘာပေါ်မှာတန်ခိုးအကြီးဆုံးပဲ။

ဒါပေမယ့် စိတ်ဆိုတာ ဘာလဲဆိုတာကို စိတ်ပညာရှင်များ ဒဿနပညာရှင်များ၊ သိပ္ပံပညာရှင်များ၊ အခြားပညာရှင်များအားလုံး မသိကြဘူး၊ စိတ်ကိုစမ်းသပ်နိုင်တဲ့သိပ္ပံကိရိယာလည်း ယနေ့ထိမပေါ်သေးဘူး။

ဗုဒ္ဓမြတ်စွာဘုရားက စိတ်ကိုသိမြင်ရုံသာမက စိတ်ကို ဉာဏ်တော်နှင့် ခွဲခြမ်းစိတ်ဖြာကာ စိတ်ရဲ့စွမ်းရည်သတ္တိအလုံးစုံကို သိမြင်တော်မူတယ်၊ စိတ်ဟာ စိတ်ရဲ့စွမ်းရည်သတ္တိထူးတစ်ရပ်ဖြစ်တဲ့ ကံသတ္တိမှတစ်ဆင့် ၃၁ ဘုံနှင့် သတ္တဝါအလုံးစုံကို ဖန်တီးရုံတင်မကဘဲ သတ္တဝါအားလုံးရဲ့ ဘဝကံကြမ္မာများကိုပါ ဖန်တီးပေးနေပုံကိုလည်း အသေးစိတ် သဘာဝကျကျ သိမြင်တော်မူတယ်။

ပညာရှင်များက စိတ်အကြောင်း၊ ကံအကြောင်းတို့ကို မသိကြတဲ့အတွက် ဘဝအခြေခံဖြစ်တဲ့ **ကောင်းမှု–မကောင်းမှု** (good and evil) တို့ကိုတောင် မှန်မှန်ကန်ကန် မသတ်မှတ်နိုင်ကြဘူး။

မြတ်စွာဘုရားက "မည်သည့်သက်ရှိသတ္တဝါကိုမျှ မထိခိုက်စေတဲ့အတွက် အပြစ်ကင်းပြီး ကောင်းကျိုးပေးမယ့် အပြုအမူ–အပြောအဆို–အကြံအတွေးတို့က ကောင်းမှု–ကုသိုလ်ဖြစ်တယ်။ သက်ရှိတစ်ဦးဦးကို ထိခိုက်စေတဲ့အတွက် အပြစ်ရှိပြီး ဆိုးကျိုးပေးမယ့် အပြုအမူ–အပြောအဆို–အကြံအတွေးတို့က မကောင်းမှု–အကုသိုလ်ဖြစ်တယ်"လို့ မှန်ကန်စွာ သင်ပြပေးတယ်။

စိတ်နဲ့အတူယှဉ်ဖြစ်တဲ့ လောဘ–ဒေါသ–မောဟစေတသိက်တို့က အကုသိုလ်စိတ်တို့ကို ဖြစ်ပေါ်စေပြီး မကောင်းမှုနှင့် ပျော်ပိုက်စေကာ မကောင်းမှုများကို ကျူးလွန်စေတယ်၊ ဘဝပျက်ပြားစေကာ သေလွန်တဲ့အခါ အပါယ်ငရဲသို့ ကျရောက်စေပါတယ်။

အလောဘ–အဒေါသ–အမောဟစေတသိက်တို့က ကုသိုလ်စိတ်တို့ကိုဖြစ်ပေါ်စေပြီး ကုသိုလ်ကောင်းမှုများကို ပြုလုပ်စေကာ လက်ရှိဘဝမှာလည်း ချမ်းသာ၊ နောင်ဘဝကုဋေကုဋာမှာလည်း ချမ်းသာအောင် အကျိုးဆောင်ပေးပါတယ်။

မသိသူကျော်သွား၊ သိသူဖော်စား၊ သိသူများက ကုသိုလ်ကောင်းမှုများကို ငွေကုန်ကြေးကျမရှိဘဲ ကျူးယူနိုင်ပြီးကာ အကြီးအကျယ်ချမ်းသာကြလိမ့်မယ်။ အဘိဓမ္မာတတ်အောင် လေ့လာကြပါ။

# အဘိဓမ္မာ (ပထမဆင့်)
# စိတ်ပိုင်း

(၁၉၈၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၃၂ နှစ် အမေးအဖြေများ)

**၁။ အကုသိုလ်စိတ်-အဟိတ်စိတ်တို့မှကြွင်းသော သောဘနစိတ်တို့ကို ရေးသားဖော်ပြပါ။** (၁၉၈၁၊ စာမျက်နှာ ၄၇၊ ၄၈၊ ၄၉)

**အဖြေ** – အကုသိုလ်စိတ်-အဟိတ်စိတ်တို့မှကြွင်းသော သောဘနစိတ်များမှာ –

| | | |
|---|---|---|
| ကာမာဝစရသောဘနစိတ် | = | ၂၄ ပါး၊ |
| ရူပါဝစရစိတ် | = | ၁၅ ပါး၊ |
| အရူပါဝစရစိတ် | = | ၁၂ ပါး၊ |
| လောကုတ္တရာစိတ် | = | ၈ ပါး (အကျဉ်း) / ၄၀ ပါး (အကျယ်) |
| သောဘနစိတ်ပေါင်း | = | ၅၉ ပါး (အကျဉ်း) / ၉၁ ပါး (အကျယ်) ဖြစ်ပါသည်။ |

**၂။ ရိုးရိုးလူတို့၏စိတ်ထက်ထူးခြားသော မဟဂ္ဂုတ်စိတ်ပေါင်းမည်မျှရှိသည်ကို ရေတွက်ပြပါ။** (၁၉၈၁၊ စမန ၄၈၊ စိတ်ဇယား)

**အဖြေ** – ရိုးရိုးလူတို့၏စိတ်ထက်ထူးခြားသော မဟဂ္ဂုတ်စိတ်ပေါင်း ၂၇ ပါးရှိပါသည်။

မဟဂ္ဂုတ်စိတ် ၂၇ ပါးတွင် ရူပါဝစရစိတ် ၁၅ ပါးနှင့် အရူပါဝစရစိတ် ၁၂ ပါးတို့ ပါဝင်ပါသည်။

| | | | |
|---|---|---|---|
| တစ်နည်းအားဖြင့် | ပထမစျာန်စိတ် | = | ၃ ပါး၊ |
| | ဒုတိယစျာန်စိတ် | = | ၃ ပါး၊ |
| | တတိယစျာန်စိတ် | = | ၃ ပါး၊ |
| | စတုတ္ထစျာန်စိတ် | = | ၃ ပါး၊ |
| | ပဉ္စမစျာန်စိတ် | = | ၁၅ ပါး၊ |
| စုစုပေါင်း – | မဟဂ္ဂုတ်စိတ် | = | ၂၇ ပါး ဖြစ်ပါသည်။ |

**၃။ လောကီစိတ် ၈၁ ပါး၌ ကုသိုလ်စိတ်-ဝိပါက်စိတ်-ကြိယာစိတ်မည်မျှစီရှိကြောင်း သင်္ချာမျှ ရေးသားဖော်ပြပါ။** (၁၉၈၁၊ စမန ၄၉)

**အဖြေ** – လောကီစိတ် ၈၁ ပါး၌ပါဝင်သော ကုသိုလ်စိတ်-ဝိပါက်စိတ်-ကြိယာစိတ်များမှာ

လောကီကုသိုလ်စိတ် = ၁၇ ပါး၊ လောကီဝိပါက်စိတ် = ၃၂ ပါး၊

လောကီကြိယာစိတ် = ၂၀ ပါးတို့ ဖြစ်ပါသည်။

**၄။ မဖောက်မပြန်သောကြောင့် ပရမတ်မည်သောတရားများကို ရေတွက်ပြ၍ စိတ်မည်သော ပရမတ်တရား၏အရေအတွက် သင်္ချာမျှကိုသာ အကျဉ်းနည်း-အကျယ်နည်း**

**အားဖြင့် ဖော်ပြပါ။** (၁၉၈၂၊ စမန ၁၆၊ ၄၉)

**အဖြေ** – မဖောက်မပြန်သောကြောင့် ပရမတ်မည်သောတရားများမှာ – စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့ ဖြစ်ကြပါသည်။

– စိတ်မည်သော ပရမတ်တရား၏အရေအတွက်မှာ အကျဉ်းနည်းအားဖြင့် ၈၉ ပါး၊ အကျယ်နည်းအားဖြင့် ၁၂၁ ပါး ဖြစ်ပါသည်။

**၅။ အကုသိုလ်တရား၏အကျိုးဖြစ်သောဝိပါက်စိတ်များကို တစ်ခုစီရေတွက်ပြပါ။**

(၁၉၈၂၊ စမန ၃၈)

**အဖြေ – အကုသိုလ်တရား၏အကျိုးဖြစ်သော အကုသလဝိပါက်စိတ် ၇ ပါးရှိရာ** ၎င်းတို့မှာ – (၁) ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် (မြင်သိစိတ်)၊

(၂) ဥပေက္ခာသဟဂုတ် သောတဝိညာဏ် (ကြားသိစိတ်)၊

(၃) ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ် (နံသိစိတ်)၊

(၄) ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ် (စားသိစိတ်)၊

(၅) ဒုက္ခသဟဂုတ် ကာယဝိညာဏ် (ထိသိစိတ်)၊

(၆) ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ် (အာရုံလက်ခံသည့်စိတ်)၊

(၇) ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (အာရုံကိုစူးစမ်းသည့်စိတ်)တို့ ဖြစ်၏။

**၆။ အရိယာပုဂ္ဂိုလ်တို့အားသာ ရထိုက်သောလောကုတ္တရာစိတ် ၈ မျိုးကို ရေတွက် ဖော်ပြပါ။** (၁၉၈၂၊ စမန ၄၆)

**အဖြေ – အရိယာပုဂ္ဂိုလ်တို့အားသာ ရထိုက်သောလောကုတ္တရာစိတ် ၈ မျိုးမှာ –**

| | |
|---|---|
| (၁) သောတာပတ္တိမဂ်စိတ်၊ | (၁) သောတာပတ္တိဖိုလ်စိတ်၊ |
| (၂) သကဒါဂါမိမဂ်စိတ်၊ | (၂) သကဒါဂါမိဖိုလ်စိတ်၊ |
| (၃) အနာဂါမိမဂ်စိတ်၊ | (၃) အနာဂါမိဖိုလ်စိတ်၊ |
| (၄) အရဟတ္တမဂ်စိတ်၊ | (၄) အရဟတ္တဖိုလ်စိတ်၊ |

မဂ်စိတ် ၄ ပါးနှင့် ဖိုလ်စိတ် ၄ ပါး = ပေါင်း-လောကုတ္တရာစိတ် ၈ ပါးဖြစ်၏။

**၇။ လူ၌ဖြစ်သော အကုသိုလ်စိတ်များကို ပြည့်စုံစွာဖော်ပြပါ။** (၁၉၈၃၊ ၂၅၊ ၂၇၊ ၂၈)

**အဖြေ** – လူ၌ဖြစ်သော အကုသိုလ်စိတ် ၁၂ ပါး ရှိပါသည်။ လောဘမူစိတ် ၈ ပါး၊ ဒေါသမူစိတ် ၂ ပါးနှင့် မောဟမူစိတ် ၂ ပါးတို့ ဖြစ်ကြပါသည်။

**– လောဘမူစိတ် ၈ ပါးမှာ –**

(၁) သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁ ပါး၊

(၂) သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁ ပါး၊

(၃) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁ ပါး၊

(၄) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁ ပါး၊

(၅) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁ ပါး၊
(၆) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁ ပါး၊
(၇) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁ ပါး၊
(၈) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁ ပါးတို့ ဖြစ်သည်။

**– ဒေါသမူစိတ် ၂ ပါးမှာ –**

(၁) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် ၁ ပါး၊
(၂) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် ၁ ပါးတို့ ဖြစ်သည်။

**– မောဟမူစိတ် ၂ ပါးမှာ –**

(၁) ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် စိတ် ၁ ပါး၊
(၂) ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် စိတ် ၁ ပါးတို့ ဖြစ်ပါသည်။

**၈။ ရဟန်းသံဃာများအား ဆွမ်းလောင်းလှူသောအခါ ဖြစ်ပေါ်တတ်သောကုသိုလ်စိတ်များအနက် စိတ်နှစ်မျိုးမျှကိုသာ ရေးပြပါ။** (၁၉၈၃၊ စမန ၃၄)

**အဖြေ** – ဆွမ်းလောင်းလှူသောအခါ ဖြစ်ပေါ်တတ်သောကုသိုလ်စိတ် ၂ မျိုးမှာ –
(၁) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်၊
(၂) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်တို့ ဖြစ်၏။

**၉။ ဈာန်ရသောပုဂ္ဂိုလ်အား ဖြစ်ပေါ်တတ်သော သောတာပတ္တိမဂ်စိတ် ၅ မျိုးကိုဖော်ပြပါ။** (၁၉၈၃၊ စမန ၄၆)

**အဖြေ** – ဈာန်ရသောပုဂ္ဂိုလ်အား ဖြစ်ပေါ်တတ်သော သောတာပတ္တိမဂ်စိတ် ၅ မျိုးမှာ
(၁) ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၅ ပါးနှင့်ပြည့်စုံသည့် ရူပါဝစရပဌမဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်၊
(၂) ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသည့် ရူပါဝစရဒုတိယဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်၊
(၃) ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၃ ပါးနှင့်ပြည့်စုံသည့် ရူပါဝစရတတိယဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်၊
(၄) သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသည့် ရူပါဝစရစတုတ္ထဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်၊
(၅) ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသည့် ရူပါဝစရပဉ္စမဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်တို့ ဖြစ်ပါသည်။

**၁၀။ သင်္ဂြိုဟ်ကျမ်းအစ ပဏာမတွင်ဖော်ပြသော ဘုရားဂုဏ်-တရားဂုဏ်-သံဃာဂုဏ်တော်တို့ကို ရေးသားခဲ့ပါ။** (၁၉၈၄၊ အခြေပြုသင်္ဂြိုဟ် ၁)

**အဖြေ – သင်္ဂြိုဟ်ကျမ်းအစ ပဏာမတွင်ဖော်ပြသော ဘုရားဂုဏ်တော်မှာ –**

''အတုလံ – ပြိုင်ဘက်ရည်တူ ရှိတော်မမူထသော၊ သသဒ္ဓမ္မ-ဂဏုတ္တမံ – သုံးပါးသော သဒ္ဓမ္မ, မြတ်သောအရိယာဂိုဏ်းနှင့်တကွလည်းဖြစ်တော်မူထသော၊ သမ္ဗာသမ္ဗုဒ္ဓ – မြတ်စွာဘုရား'' ဖြစ်ပါသည်။

– **တရားဂုဏ်တော်မှာ** –

သုံးပါးသောသဒ္ဓမ္မဟူသည့် ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓတို့တည်း။

– **သံဃာဂုဏ်တော်မှာ** –

မြတ်သောအရိယာဂိုဏ်းဟူသည့် အရိယာသံဃာတော်အပေါင်းတည်း။

**၁၁။ စိတ် ၈၉ ပါးတို့တွင် မတင့်တယ်သောအသောဘနစိတ်နှင့် တင့်တယ်သော သောဘနစိတ်တို့ကို ခွဲခြားဖော်ပြပါ။** (၁၉၈၄၊ စမန ၄၉၊ ၄၇၊ ၄၈)

**အဖြေ** – စိတ် ၈၉ ပါးတို့တွင် မတင့်တယ်သောအသောဘနစိတ် ၃၀ ပါးနှင့် တင့်တယ်သော သောဘနစိတ်အကျဉ်း ၅၉ ပါး, အကျယ် ၉၁ ပါး ပါဝင်ပါသည်။

– **အသောဘနစိတ်များမှာ** အကုသိုလ်စိတ် = ၁၂ ပါး၊
အဟိတ်စိတ် = ၁၈ ပါး၊ ပေါင်း ၃၀ ပါး ဖြစ်ပါသည်။

– **သောဘနစိတ်များမှာ** –

| | |
|---|---|
| ကာမသောဘနစိတ် | = ၂၄ ပါး၊ |
| ရူပါဝစရစိတ် | = ၁၅ ပါး၊ |
| အရူပါဝစရစိတ် | = ၁၂ ပါး၊ |
| လောကုတ္တရာစိတ် | = ၈ ပါး (အကျဉ်း) / ၄၀ ပါး (အကျယ်) |

စုစုပေါင်း သောဘနစိတ် = ၅၉ ပါး (အကျဉ်း) / ၉၁ ပါး (အကျယ်) ဖြစ်၏။

**၁၂။ စိတ်ကို အကျဉ်းနည်း – အကျယ်နည်းခွဲရာတွင် အကုသိုလ်စိတ်၌ အကျဉ်း– အကျယ်ရှိပါသလော၊ မည်သည့်စိတ်၌ အကျဉ်းအကျယ်ခွဲပါသနည်း။**

(၁၉၈၄၊ စမန ၄၇၊ ၄၉)

**အဖြေ** – အကုသိုလ်စိတ်၌ အကျဉ်း–အကျယ်မရှိပါ။

လောကုတ္တရာစိတ်၌ အကျဉ်း–အကျယ်ခွဲပါသည်။

လောကုတ္တရာစိတ်အကျဉ်း ၈ ပါး, အကျယ် ၄၀ ပါးရှိပါသည်။

**၁၃။ အမှန်ရှိလျက် ဖောက်ပြန်သောတရား၊ မဖောက်ပြန်သောတရားတို့ကို ထုတ်ပြပါ။**

(၁၉၈၅၊ စမန ၁၆၊ ၁၇၊ ၁၈)

**အဖြေ** – အမှန်ရှိလျက် ဖောက်ပြန်သောတရားမှာ '**ရုပ်**' ဖြစ်ပါသည်။

အမှန်ရှိလျက် မဖောက်ပြန်သောတရားတို့မှာ **စိတ်, စေတသိက်, နိဗ္ဗာန်**တို့ဖြစ်ပါသည်။

**၁၄။ အပြစ်မရှိဟုခံယူလျက် သူတစ်ပါးပစ္စည်းကိုခိုးယူသူ၌ အပြစ်ရှိမှန်းသိလျက်ခိုးယူသူ တို့အား ဖြစ်နိုင်သောစိတ်တို့ကို ပြည့်စုံစွာဖော်ပြပါ။** (၁၉၈၅၊ စမန ၂၅၊ ၂၆)

**အဖြေ** – အပြစ်မရှိဟုခံယူလျက် သူတစ်ပါးပစ္စည်းကိုခိုးယူသူ၌ ''သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကလောဘမူစိတ်'' ဖြစ်၏။

– အပြစ်ရှိမှန်းသိလျက် မိမိကိုယ်ကိုတိုက်တွန်းလျက် ခိုးယူသူ၌ ''ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကလောဘမူစိတ်'' ဖြစ်၏။

**၁၅။ သူတစ်ပါးတိုက်တွန်းအားပေးမှုကြောင့်ဖြစ်သော သသင်္ခါရိကအကုသိုလ်စိတ်များကို ကုန်စင်အောင် ရေတွက်ပြပါ။** (၁၉၈၅၊ စမန ၂၅၊ ၂၇)

**အဖြေ** – သူတစ်ပါးတိုက်တွန်းမှုကြောင့်ဖြစ်သော သသင်္ခါရိကအကုသိုလ်စိတ်များမှာ –

(၁) သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကလောဘမူစိတ်၊

(၂) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကလောဘမူစိတ်၊

(၃) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကလောဘမူစိတ်၊

(၄) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကလောဘမူစိတ်၊

(၅) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကဒေါသမူစိတ်တို့ ဖြစ်ပါသည်။

**၁၆။ ကာယဝိညာဏ်စိတ် ၂ ခု၏ ထူးခြားမှု ၂ ခုကို ရေးသားပြီးလျှင်၊ ကာမစိတ် ၅၄ ပါးကို ကုသိုလ် – အကုသိုလ် – ဝိပါက် – ကြိယာအားဖြင့် ခွဲခြားဝေဖန်ပြပါ။** (၁၉၈၆၊ စမန ၃၀၊ ၃၁၊ ၄၈)

**အဖြေ – ကာယဝိညာဏ်စိတ် ၂ ခုတို့မှာ –**

(၁) အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်၊

(၂) အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ်တို့ ဖြစ်ပါသည်။

**– ကာယဝိညာဏ်စိတ် ၂ ခုတို့၏ ထူးခြားမှု ၂ ခုတို့မှာ –**

(၁) အကုသလဝိပါက်ကာယဝိညာဏ်နှင့် ကုသလဝိပါက်ကာယဝိညာဏ်ဟူ၍ ဝိပါက်အမျိုးအစားအားဖြင့် ထူးခြား၏။

(၂) ဒုက္ခသဟဂုတ်ကာယဝိညာဏ်နှင့် သုခသဟဂုတ်ကာယဝိညာဏ်ဟူ၍ ဝေဒနာအမျိုးအစားအားဖြင့် ထူးခြားခြင်းဖြစ်၏။

– **ကာမစိတ် ၅၄ ပါး**တွင် ကုသိုလ်စိတ် ၈ ပါး၊ အကုသိုလ်စိတ် ၁၂ ပါး၊ ဝိပါက်စိတ် ၂၃ ပါးနှင့် ကြိယာစိတ် ၁၁ ပါးတို့ ပါဝင်ကြပါသည်။

**၁၇။ စိတ်အကျယ် ၁၂၁ ပါးတွင် ဈာန်စိတ်ပေါင်းမည်မျှပါဝင်သနည်း၊ ထုတ်ပြပြီးလျှင်၊ အရူပါဝစရစိတ်ရသင့်သော ဈာန်အင်္ဂါများကိုလည်း ဖြေဆိုပါ။** (၁၉၈၆၊ စမန ၄၉၊ ၅၀)

**အဖြေ** – စိတ်အကျယ် ၁၂၁ ပါးတွင် **ဈာန်စိတ်ပေါင်း ၆၇ ပါး**ပါဝင်ပါသည်။ ၎င်းတို့မှာ လောကီဈာန်စိတ်ဖြစ်သော မဟဂ္ဂုတ်ဈာန်စိတ် ၂၇ ပါးနှင့် လောကုတ္တရာဈာန်စိတ် ၄၀ ပါးတို့ ဖြစ်ပါသည်။

– အရူပါဝစရစိတ်ရသင့်သော ဈာန်အင်္ဂါများမှာ – **ဥပေက္ခာနှင့် ဧကဂ္ဂတာ**တို့ ဖြစ်ပါသည်။

**၁၈။ ဥပေက္ခာသဟဂုတ်မဟုတ်သော အဟိတ်စိတ်များကို ကုန်စင်အောင် ရေတွက်ပြပြီး လျှင် ယင်းစိတ်တို့ကို ဝိပါက် – ကြိယာအားဖြင့် ခွဲခြားပြပါ။**

(၁၉၈၇၊ စမန ၁၀၊ ၁၁၊ ၁၃)

**အဖြေ – ဥပေက္ခာသဟဂုတ်မဟုတ်သော အဟိတ်စိတ်များမှာ –**

(၁) အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် ၁ ပါး၊

(၂) အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ် ၁ ပါး၊

(၃) အဟိတ်ကုသလဝိပါက် သောမနဿသဟဂုတ် သန္တီရဏစိတ် ၁ ပါး၊

(၄) သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် ၁ ပါးတို့ ဖြစ်ပါသည်။

**– အထက်ပါစိတ်တို့ကို ဝိပါက် – ကြိယာအားဖြင့် ခွဲခြားပြရသော် –**

ကာယဝိညာဏ်ဒွေနှင့် သောမနဿသန္တီရဏစိတ်တို့သည် ဝိပါက်စိတ်များဖြစ်ကြ၏။
သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်သည် ကြိယာစိတ်ဖြစ်ပါသည်။

**၁၉။ မိမိအိမ်တွင်ကိုးကွယ်ထားသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ နေ့စဉ်ဘုရားရှိခိုးကြသော ဗုဒ္ဓဘာသာဝင်တို့အား ဖြစ်ခွင့်ရှိသမျှ မဟာကုသိုလ်စိတ်တို့ကို တစ်ပါးစီဖြေဆိုပါ။** (၁၉၈၇၊ စမန ၃၅)

**အဖြေ** – ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား အကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ နေ့စဉ်ဘုရားရှိခိုး ကြသော ဗုဒ္ဓဘာသာဝင်တို့အား ဖြစ်ခွင့်ရှိသည့် မဟာကုသိုလ်စိတ်တို့မှာ –

(၁) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်၊

(၂) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်၊

(၃) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်၊

(၄) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်တို့ ဖြစ်သည်။

**၂၀။ သူတစ်ပါးပစ္စည်းကို မတရားလိုချင်သောသူတို့၌ ဖြစ်ပေါ်သည့်အကုသိုလ်စိတ်သရုပ် ကို တစ်ခုချင်းထုတ်ပြပါ။** (၁၉၈၈၊ စမန ၂၅)

**အဖြေ** – သူတစ်ပါးပစ္စည်းကို မတရားလိုချင်သောသူတို့၌ ဖြစ်သည့်အကုသိုလ်စိတ်တို့မှာ

(၁) သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ် ၁ ပါး၊

(၂) သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက လောဘမူစိတ် ၁ ပါး၊

(၃) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူစိတ် ၁ ပါး၊

(၄) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက လောဘမူစိတ် ၁ ပါး၊

(၅) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ် ၁ ပါး၊

(၆) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက လောဘမူစိတ် ၁ ပါး၊

(၇) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူစိတ် ၁ ပါး၊

(၈) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက လောဘမူစိတ် ၁ ပါးတို့ဖြစ်ပါသည်။

**၂၁။ 'စိတ်တစ်ခုယုတ်ကိုးဆယ်'ဟူသောစကားကို 'စိတ်တစ်ခု၊ ရုပ်ကိုးဆယ်'ဟု သံတူကြောင်းကွဲအကောက်လွဲလျက်ရှိရာ အမှန်ရောက်အောင် ရှင်းလင်းခဲ့ပါ။**

(၁၉၈၈၊ စမန ၄၉)

**အဖြေ** – 'စိတ်တစ်ခုယုတ်ကိုးဆယ်'ဟူသည်မှာ စိတ်စုစုပေါင်းအရေအတွက်သည် ကိုးဆယ်မှ တစ်ခုယုတ်လျော့သည် (ဝါ) 'စိတ် ၈၉ ပါး'ရှိသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

**၂၂။ လောကီနယ်ပယ်မှစိတ်များကို ဇာတိဘေဒနည်းအရ ဖော်ပြပါ။**

(၁၉၈၈၊ စမန ၅၀)

**အဖြေ** – လောကီနယ်ပယ်မှစိတ်များသည် **လောကီစိတ် ၈၁ ပါး**ဖြစ်ပါသည်။ ဤစိတ်တို့ကို ဇာတိဘေဒနည်းအရ ဖော်ပြရသော် –

| | | |
|---|---|---|
| အကုသိုလ်စိတ် | = ၁၂ ပါး၊ | |
| ကုသိုလ်စိတ် | = ၁၇ ပါး၊ | |
| ဝိပါက်စိတ် | = ၃၂ ပါး၊ | |
| ကြိယာစိတ် | = ၂၀ ပါး၊ | စုစုပေါင်း – ၈၁ ပါး ဖြစ်ပါသည်။ |

**၂၃။ လူ၌ဖြစ်သောအကုသိုလ်စိတ်တို့တွင် ဒေါသကြောင့်ဖြစ်သောစိတ်၊ မောဟကြောင့်ဖြစ်သောစိတ်တို့ကို တစ်ခုစီထုတ်ပြ၍၊ ဥပေက္ခာ, သောမနဿ, ဒေါမနဿစိတ် မည်မျှရှိသည်ကိုလည်း အပေါင်းသင်္ချာမျှဖော်ပြပါ။** (၁၉၈၉၊ စမန ၂၇၊ ၂၈၊ ၅၁)

**အဖြေ – လူ၌ဖြစ်သောအကုသိုလ်စိတ်တို့တွင် ဒေါသကြောင့်ဖြစ်သောစိတ်တို့မှာ**

(၁) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ဒေါသမူစိတ် ၁ ပါး၊

(၂) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက ဒေါသမူစိတ် ၁ ပါးတို့ဖြစ်၏။

**– မောဟကြောင့်ဖြစ်သောစိတ်တို့မှာ –**

(၁) ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် မောဟမူစိတ် ၁ ပါး၊

(၂) ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် မောဟမူစိတ် ၁ ပါးတို့ ဖြစ်ပါသည်။

– လူ၌ဖြစ်သောအကုသိုလ်စိတ်တို့တွင် – ဝေဒနာဘေဒအရ

| | |
|---|---|
| ဥပေက္ခာသဟဂုတ်စိတ် | = ၆ ပါး၊ |
| သောမနဿသဟဂုတ်စိတ် | = ၄ ပါး၊ |
| ဒေါမနဿသဟဂုတ်စိတ် | = ၂ ပါး၊ ပေါင်း ၁၂ ပါးဖြစ်ပါသည်။ |

**၂၄။ ယှဉ်ဖက်ဟိတ်မရှိသောကြိယာစိတ်များကို ထုတ်ပြ၍ အဟိတ်စိတ်လာ ကာယဝိညာဏ်နှစ်ခု၏ထူးခြားချက်ကိုလည်း ရေးပြပါ။** (၁၉၈၉၊ စမန ၃၃၊ ၃၀၊ ၃၁)

**အဖြေ – ယှဉ်ဖက်ဟိတ်မရှိသောကြိယာစိတ်များမှာ –**

(၁) ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊

(၂) ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊
(၃) သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် ၁ ပါးတို့ ဖြစ်ပါသည်။

**– အဟိတ်စိတ်လာ ကာယဝိညာဏ်နှစ်ခု၏ထူးခြားချက်မှာ –**

(၁) အကုသလဝိပါက် ကာယဝိညာဏ်နှင့် အဟိတ်ကုသလဝိပါက် ကာယဝိညာဏ်ဟူ၍ ဝိပါက်အမျိုးအစားအားဖြင့် ထူးခြား၏။
(၂) ဒုက္ခသဟဂုတ် ကာယဝိညာဏ်နှင့် သုခသဟဂုတ် ကာယဝိညာဏ်ဟူ၍ ယှဉ်ဖက်ဝေဒနာ အမျိုးအစားအားဖြင့် ထူးခြား၏။
(၃) စိတ်အားလုံးတွင် ကာယဝိညာဏ်စိတ် ၂ ပါးသာ ဒုက္ခဝေဒနာ, သုခဝေဒနာအသီးသီး နှင့်ယှဉ်ခြင်းသည်လည်း ထူးခြား၏။

**၂၅။ မိခင်ဘုရားရှိခိုးသည်ကို အတုယူ၍ မိခင်ဘေးမှ ဝမ်းမြောက်ဝမ်းသာဖြင့် ဘုရားရှိခိုး သောကလေးငယ်အား မည်သည့်ကုသိုလ်စိတ်ဖြစ်ပါသနည်း၊ ဖော်ပြ၍၊ သောတာပတ္တိ မဂ်စိတ်အကျယ် ၅ ပါးကိုလည်း ရေးပြခဲ့ပါ။** (၁၉၈၉၊ စမန ၃၆၊ ၄၆)

**အဖြေ – မိခင်ကိုအတုယူ၍ ဝမ်းမြောက်ဝမ်းသာဘုရားရှိခိုးသောကလေး၌ –**
''သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်''ဖြစ်ပါသည်။
**– သောတာပတ္တိမဂ်စိတ် ၅ ပါး** (ဤစာအုပ် စမန ၉၊ နံပါတ် ၉ အဖြေနှင့်တူပါသည်။)

**၂၆။ တင့်တယ်သောသောဘနစိတ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြ၍ သာယာနာ ပျော်ဖွယ်သောသီချင်းသံကိုကြားရာ၌ ဖြစ်ပေါ်တတ်သောစိတ်ကိုလည်း ဖော်ပြပါ။**
(၁၉၉၀၊ ၄၉၊ ၃၁၊ စိတ်ဇယား)

**အဖြေ** – တင့်တယ်သောသောဘနစိတ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြရသော် –
ကာမသောဘနစိတ် = ၂၄ ပါး၊
ရူပါဝစရစိတ် = ၁၅ ပါး၊
အရူပါဝစရစိတ် = ၁၂ ပါး၊ လောကုတ္တရာစိတ်အကျဉ်း = ၈ ပါး၊
ပေါင်း – သောဘနစိတ်အကျဉ်း = ၅၉ ပါး ဖြစ်ပါသည်။

**– သာယာနာပျော်ဖွယ်သောသီချင်းသံကိုကြားရာ၌ ဖြစ်တတ်သောစိတ်မှာ –**
''အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်'' ဖြစ်ပါသည်။

**၂၇။ ရူပကုသိုလ်စိတ် ၅ ပါးကို သရုပ်ထုတ်ရေတွက်ပြ၍၊ အရူပစိတ်ကို ဈာန် ၅ ပါး တွင် အဘယ်ဈာန်၌ ထည့်သွင်းရမည်ကိုလည်း လမ်းညွှန်ပြပါ။**
(၁၉၉၀၊ စမန ၄၁၊ ၄၂၊ ၅၀)

**အဖြေ – ရူပကုသိုလ်စိတ် ၅ ပါးကို သရုပ်ထုတ်ရေတွက်ပြပါရသော် –**

(၁) ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၅ ပါးနှင့်ပြည့်စုံသော ပထမ ဈာန်ရူပကုသိုလ်စိတ် ၁ ပါး၊

(၂) ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ဒုတိယဈာန်ရူပကုသိုလ်စိတ် ၁ ပါး၊
(၃) ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၃ ပါးနှင့်ပြည့်စုံသော တတိယဈာန်ရူပကုသိုလ်စိတ်၊
(၄) သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော စတုတ္ထဈာန်ရူပကုသိုလ်စိတ် ၁ ပါး၊
(၅) ဥပေက္ခာ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော ပဉ္စမဈာန်ရူပကုသိုလ်စိတ် ၁ ပါးတို့ ဖြစ်ပါသည်။

– **အရူပစိတ် ၁၂ ပါးကို ရူပပဉ္စမဈာန်၌ ထည့်သွင်းရပါမည်။** အကြောင်းမှာ ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၂ ပါးစီရှိခြင်း တူသောကြောင့်တည်း။

**၂၈။ လောကမှထွက်မြောက်သော လောကုတ္တရာစိတ်အကျယ် ၄၀ ကို အကျဉ်းအားဖြင့် ရေတွက်ပြ၍၊ ပထမဈာန် ၁၁ ပါးကိုလည်း မမှားအောင်ထုတ်ဆောင်ပြပါ။**

(၁၉၉၀၊ စမန ၄၉၊ စိတ်ဇယား)

**အဖြေ** – လောကုတ္တရာစိတ်အကျယ် ၄၀ ကို အကျဉ်းအားဖြင့် ရေတွက်ပြရသော် –

လောကုတ္တရာကုသိုလ်စိတ် (ဝါ) မဂ်စိတ်အကျယ် = ၂၀ ပါး၊
လောကုတ္တရာဝိပါက်စိတ် (ဝါ) ဖိုလ်စိတ်အကျယ် = ၂၀ ပါး၊
စုစုပေါင်း – လောကုတ္တရာစိတ်အကျယ် = ၄၀ ပါး ဖြစ်ပါသည်။

– **ပထမဈာန် စိတ် ၁၁ ပါးမှာ –**

မဟဂ္ဂုတ်ပထမဈာန်စိတ် = ၃ ပါး၊
လောကုတ္တရာပထမဈာန်စိတ် = ၈ ပါး၊
စုစုပေါင်း – ပထမဈာန်စိတ် = ၁၁ ပါး ဖြစ်ပါသည်။

**၂၉။ သုံးဆယ့်တစ်ဘုံတွင် လူနတ်ပြဟ္မာသတ္တဝါပုညတ်စုတို့၌ အဘိဓမ္မာသဘောအားဖြင့် ထင်ရှားရှိသောတရားအစစ်ကို လိုရင်းထုတ် အကျဉ်းချုပ်ရေးပြပါ။**

(၁၉၉၁၊ စမန ၁၆၊ ၁၇)

**အဖြေ** – ၃၁ ဘုံတွင် သတ္တဝါပညတ်စုတို့၌ ထင်ရှားရှိသောတရားအစစ်တို့မှာ –

**စိတ်** = အာရုံကိုသိတတ်သောသဘောတရား၊
**စေတသိက်** = စိတ်၌မှီတွယ်၍ စိတ်ကိုခြယ်လှယ်သောသဘောတရား၊
**ရုပ်** = အပူ, အအေးစသောဆန့်ကျင်ဘက်အကြောင်းများကြောင့် ဖောက်ပြန်တတ်သော သဘောတရားတို့ ဖြစ်ပါသည်။

စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးတို့ ရှိပါသည်။

**၃၀။ အယူမမှားသော်လည်း သူတစ်ပါးပစ္စည်းကို လိုချင်အားကြီး၍ အလိုအလျောက် ဝမ်းမြောက်ဝမ်းသာဖြင့် ခိုးယူမိသောသူသည် အဘယ်အကုသိုလ်စိတ်ဖြင့် ကျူးလွန်ခဲ့သည်ကို ရှင်းပြ၍၊ ပြုံးရယ်မှုကို ဖြစ်စေတတ်သော စိတ်အမည်ကိုလည်း ညွှန်ပြ**

**ခဲ့ပါ။** (၁၉၉၁၊ စမန ၂၅၊ ၃၃)

**အဖြေ** – အယူမမှားသော်လည်း လိုချင်အားကြီး၍ အလိုအလျောက် ဝမ်းမြောက်ဝမ်းသာ ပစ္စည်းခိုးယူသူသည် –

''သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူစိတ်''ဖြင့် ကျူးလွန်ပါသည်။

– ပြုံးရယ်မှုကို ဖြစ်စေတတ်သောစိတ်သည် ''သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် လောဘမူသောမနဿစိတ် ၄ ပါး၊ မဟာကုသိုလ်သောမနဿစိတ် ၄ ပါး၊ မဟာကြိယာ သောမနဿစိတ် ၄ ပါး''ပေါင်း ၁၃ ပါးဖြစ်၏။

**၃၁။ ယခုခေတ်ဘက်စုံမွမ်းမံရေးတို့၌ ကြောင်းကျိုးကိုမြော်မြင်လျက် မိမိ၏သဒ္ဓါ အလျောက်ဝမ်းမြောက်စွာအလှူငွေထည့်ဝင်လှူဒါန်းကြသော သူတို့၏သန္တာန်၌ ဖြစ်ပေါ်သောကုသိုလ်စိတ်ကို ရေးပြ၍၊ လောကီဈာန်စိတ်များကိုလည်း မမှားအောင် ရေတွက်ပြခဲ့ပါ။** (၁၉၉၁၊ စမန ၃၅၊ ၃၆၊ ၄၉ စိတ်ဇယား)

**အဖြေ** – ဘက်စုံမွမ်းမံရေး၌ ကြောင်းကျိုးကိုမြော်မြင်လျက် မိမိ၏သဒ္ဓါအလျောက် ဝမ်းမြောက်စွာ လှူဒါန်းသူတို့၌ ဖြစ်ပေါ်သောကုသိုလ်စိတ်သည် –

''သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်''ဖြစ်၏။

– **လောကီဈာန်စိတ်များမှာ** – ရူပါဝစရစိတ် = ၁၅ ပါး၊
အရူပါဝစရစိတ် = ၁၂ ပါး၊
စုစုပေါင်း – လောကီဈာန်စိတ် = ၂၇ ပါးဖြစ်ပါသည်။

| | | |
|---|---|---|
| လောကီဈာန်စိတ်များတွင် – | ပဌမဈာန်စိတ် = | ၃ ပါး၊ |
| | ဒုတိယဈာန်စိတ် = | ၃ ပါး၊ |
| | တတိယဈာန်စိတ် = | ၃ ပါး၊ |
| | စတုတ္ထဈာန်စိတ် = | ၃ ပါး၊ |
| | ပဥ္စမဈာန်စိတ် = | ၁၅ ပါး၊ |
| စုစုပေါင်း – | လောကီဈာန်စိတ် = | ၂၇ ပါး ပါရှိသည်။ |

**၃၂။ ''စိတ်ကောင်းမရှိ''ဟူသောစကား၌ ''စိတ်ကောင်း''ဟုခေါ်ဆိုထိုက်သောစိတ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြ၍၊ ရုပ်မြင်သံကြားကြည့်ရှုနေစဉ် ရုပ်ကိုမြင်သိသော စိတ်နှင့် အသံကိုကြားသိသောစိတ်တို့၏အမည်ကို ညွှန်ပြပါ။**

(၁၉၉၂၊ စမန ၄၉၊ ၃၀၊ ၃၁)

**အဖြေ** – ''စိတ်ကောင်းမရှိ''ဟူသောစကား၌ ''စိတ်ကောင်း''ဟုခေါ်ဆိုထိုက်သောစိတ်တို့ သည် တင့်တယ်သော ''သောဘနစိတ်အကျဉ်း ၅၉ ပါး, အကျယ် ၉၁ ပါး''ဖြစ်ပါသည်။ အကျဉ်းအားဖြင့်ရေတွက်ပြရသော် –

ကာမသောဘနစိတ် = ၂၄ ပါး၊
ရူပါဝစရစိတ် = ၁၅ ပါး၊
အရူပါဝစရစိတ် = ၁၂ ပါး၊
လောကုတ္တရာစိတ်အကျဉ်း = ၈ ပါး (အကျဉ်း) / ၄၀ ပါး (အကျယ်)

စုစုပေါင်း – သောဘနစိတ် = ၅၉ ပါး (အကျဉ်း) / ၉၁ ပါး (အကျယ်)ဖြစ်ပါသည်။

– ရုပ်မြင်သံကြားကြည့်ရှုစဉ် ရုပ်ကိုမြင်သိသောစိတ်သည် –
ဣဋ္ဌာရုံဖြစ်လျှင် – ''အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်''
အနိဋ္ဌာရုံဖြစ်လျှင် – ''အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်''ဖြစ်၏။

– ရုပ်မြင်သံကြားကြည့်ရှုစဉ် အသံကြားသိသောစိတ်သည် –
ဣဋ္ဌာရုံဖြစ်လျှင် – ''အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်''
အနိဋ္ဌာရုံဖြစ်လျှင် – ''အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်'' ဖြစ်၏။

**၃၃။ မည်သူတစ်ဦးတစ်ယောက်မျှ မတိုက်တွန်းရဘဲ နှစ်သက်ဝမ်းမြောက်စွာ ဆွမ်းခံဘုန်းဘုန်းအား ရှိခိုးဦးချလျက်ရှိသော ကလေးငယ်၏သန္တာန်၌ဖြစ်သော ကုသိုလ်စိတ်ကို ဖော်ပြ၍၊ စုံစမ်းထောက်လှမ်းတတ်သောစိတ်တို့၏အမည်ကိုလည်း ညွှန်ပြပါ။**

(၁၉၉၂၊ စမန ၃၅၊ ၃၆၊ ၃၀၊ ၃၁)

**အဖြေ** – ဆွမ်းခံဘုန်းဘုန်းအား မည်သူမျှမတိုက်တွန်းရဘဲ နှစ်သက်ဝမ်းမြောက်စွာ ရှိခိုးဦးချသော ကလေးငယ်၏သန္တာန်၌ဖြစ်သောကုသိုလ်စိတ်သည် –

''သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်''ဖြစ်၏။

**– စုံစမ်းထောက်လှမ်းတတ်သောစိတ်တို့၏အမည်များမှာ –**

အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၁ ပါး၊
အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၁ ပါး၊
အဟိတ်ကုသလဝိပါက် သောမနဿသဟဂုတ် သန္တီရဏစိတ် ၁ ပါးတို့ဖြစ်ပါသည်။

**၃၄။ မြင့်မြတ်သူတို့ ရအပ်ရောက်အပ်သောစိတ်တို့ကို အကျဉ်းအားဖြင့် ရေတွက်ပြ၍၊ ကောင်းမြတ်သောအကျိုးတရားဖြစ်သောစိတ်ကိုလည်း မှန်ကန်စွာရေတွက်ပြပါ။**

(၁၉၉၂၊ စမန ၄၈–၅၀)

**အဖြေ – မြင့်မြတ်သူတို့ ရအပ်ရောက်အပ်သောစိတ်တို့ကို အကျဉ်းရေတွက်ရသော်–**

ကာမသောဘနစိတ် = ၂၄ ပါး၊
ရူပါဝစရစိတ် = ၁၅ ပါး၊
အရူပါဝစရစိတ် = ၁၂ ပါး၊
လောကုတ္တရာစိတ် = ၈ ပါး (အကျဉ်း) / ၄၀ ပါး (အကျယ်)

မြင့်မြတ်သောစိတ်ပေါင်း = ၅၉ ပါး (အကျဉ်း) / ၉၁ ပါး (အကျယ်)

**ကောင်းမြတ်သောအကျိုးတရားဖြစ်သော စိတ်တို့ကို ရေတွက်ပြရသော် –**

| | |
|---|---|
| မဟာဝိပါက်စိတ် | = ၈ ပါး၊ |
| မဟဂ္ဂုတ်ဝိပါက်စိတ် | = ၉ ပါး၊ |
| လောကုတ္တရာဝိပါက်စိတ် | = ၄ ပါး (အကျဉ်း) / ၂၀ ပါး (အကျယ်) |

ပေါင်း – ကောင်းမြတ်သောအကျိုးစိတ် = ၂၁ ပါး (အကျဉ်း) / ၃၇ ပါး (အကျယ်) ဖြစ်ပါသည်။

**၃၅။ သင်္ဂြိုဟ်ကျမ်းတွင် ''ပရမတ်''ဟူသောစကား၏အဓိပ္ပါယ်ကို ရှင်းလင်းရေးသား၍၊ စာဖြေသူသည် မိမိ၏ခန္ဓာကိုယ်၌ ပရမတ်တရားအနှစ်မည်မျှရှိသည်ကိုလည်း စိစစ်ထုတ်ပြခဲ့ပါ။** (၁၉၉၂၊ စမန ၁၆)

**အဖြေ** – ''ပရမတ်''သည် မူရင်းပါဠိအခေါ် ''ပရမတ္ထ''မှ ဆင်းသက်၏။

ပရမတ္ထ = ပရမ + အတ္ထ

= မြတ်သော, ပဓာနဖြစ်သော + အနက်, သဘောတရား

ထို့ကြောင့် ''ပရမတ်'' (ဝါ) ''ပရမတ္ထ''သည် ''မြတ်သောပဓာနသဘောတရား''ဟု အဓိပ္ပါယ်ရှိ၏။

''ပရမတ်''သည် ''မဖောက်မပြန်, မှန်ကန်တည့်မတ်, ဂုဏ်သကတ်, မြတ်သောပဓာန သဘောတရား'' ဖြစ်ပါသည်။

– **စာဖြေသူ၏ခန္ဓာကိုယ်၌ ''စိတ်, စေတသိက်, ရုပ်**''ဟူ၍ ပရမတ်တရား အနှစ်သုံးပါး ရှိပါသည်။

**၃၆။ သတ္တဝါတို့၏သန္တာန်၌ မိန်းမောတွေဝေမှုကြောင့်ဖြစ်တတ်သော အကုသိုလ်စိတ်များကိုကောက်ပြ၍၊ အကုသိုလ်၏အကျိုးဝိပါက်ဖြစ်သော စိတ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။** (၁၉၉၃၊ စမန ၂၈၊ ၃၀)

**အဖြေ – သတ္တဝါတို့၏သန္တာန်၌ မိန်းမောတွေဝေမှု (မောဟ) ကြောင့်ဖြစ်တတ်သော အကုသိုလ်စိတ်များမှာ ''မောဟမူစိတ် ၂ ပါး''ဖြစ်၏။ ၎င်းတို့မှာ –**

(၁) ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် မောဟမူစိတ် ၁ ပါး၊

(၂) ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် မောဟမူစိတ် ၁ ပါးတို့ဖြစ်ပါသည်။

– **အကုသိုလ်၏အကျိုးဖြစ်သော အကုသလဝိပါက်စိတ် ၇ ပါးမှာ –**

(၁) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် (မြင်သိစိတ်) ၁ ပါး၊

(၂) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ် (ကြားသိစိတ်) ၁ ပါး၊

(၃) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ် (နံသိစိတ်) ၁ ပါး၊

(၄) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ် (စားသိစိတ်) ၁ ပါး၊

(၅) အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ် (ထိသိစိတ်) ၁ ပါး၊

(၆) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ် ၁ ပါး၊
(၇) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၁ ပါးတို့ဖြစ်ပါသည်။

**၃၇။ ယခုခေတ်ဘက်စုံမွမ်းမံရေးတို့၌ လူမျိုးခြားဘာသာဝင်များက အလှူငွေများထည့်ဝင်ခြင်းသည် မည်သည့်ကုသိုလ်မျိုးဖြစ်သည်ကို ထုတ်ဖော်ပြ၍၊ ကာမာဝစရသောဘနစိတ်ကိုလည်း ဝေဒနာ၊ ဉာဏ်၊ သင်္ခါရအားဖြင့် ဝေဖန်ပြခဲ့ပါ။**

(၁၉၉၃၊ စမန ၃၄၊ ၃၅၊ စိတ်ဇယား)

**အဖြေ** – ဘက်စုံမွမ်းမံရေးတို့၌ လူမျိုးခြားဘာသာဝင်များက ငွေလှူဒါန်းရာတွင် **မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး**ဖြစ်နိုင်ပါသည်။ ၎င်းတို့မှာ –

(၁) သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ် ၁ ပါး၊
(၂) သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ် ၁ ပါး၊
(၃) ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ် ၁ ပါး၊
(၄) ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ် ၁ ပါးဖြစ်၏။

**– ကာမာဝစရသောဘနစိတ် ၂၄ ပါးကို ဝေဒနာအားဖြင့်ဝေဖန်ရသော် –**
သောမနဿသဟဂုတ်စိတ် ၁၂ ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၁၂ ပါးရှိပါသည်။

**– ကာမဝစရသောဘနစိတ် ၂၄ ပါးကို ဉာဏ်အားဖြင့်ဝေဖန်ရသော် –**
ဉာဏသမ္ပယုတ်စိတ် ၁၂ ပါးနှင့် ဉာဏဝိပ္ပယုတ်စိတ် ၁၂ ပါးရှိပါသည်။

**– ကာမဝစရသောဘနစိတ် ၂၄ ပါးကို သင်္ခါရအားဖြင့်ဝေဖန်ရသော် –**
အသင်္ခါရိကစိတ် ၁၂ ပါးနှင့် သသင်္ခါရိကစိတ် ၁၂ ပါးရှိပါသည်။

**၃၈။ စိတ် ၈၉ ပါးတို့တွင် ဈာနဘေဒစိတ်၊ အာလမ္ဗဏဘေဒစိတ်၊ မဂ္ဂဘေဒစိတ်တို့၏ အကျဉ်းသရုပ်ကို ထုတ်ဖော်ပြ၍၊ ဈာန်အင်္ဂါ ၅ ပါးရှိသောကုသိုလ်ဈာန်စိတ်ကိုလည်း မှန်ကန်အောင် ရေးသားခဲ့ပါ။** (၁၉၉၃၊ စမန ၄၁၊ ၄၃၊ ၄၆)

**အဖြေ** – စိတ် ၈၉ ပါးတွင် ဈာနဘေဒစိတ်၊ အာလမ္ဗဏဘေဒစိတ်၊ မဂ္ဂဘေဒစိတ်တို့ကို အကျဉ်းသရုပ်အားဖြင့် ထုတ်ဖော်ပြရသော် –

ဈာနဘေဒစိတ် (ဈာန်အင်္ဂါကွဲပြားသောစိတ်) = ရူပါဝစရစိတ် ၁၅ ပါး၊
အာလမ္ဗဏဘေဒစိတ် (အာရုံကွဲပြားသောစိတ်) = အရူပါဝစရစိတ် ၁၂ ပါး၊
မဂ္ဂဘေဒစိတ် (လောကုတ္တရာစိတ်) = လောကုတ္တရာစိတ်အကျဉ်း ၈ ပါး၊
(မဂ်စိတ် ၄ ပါး၊ ဖိုလ်စိတ် ၄ ပါး)တို့ ဖြစ်ပါသည်။

**– ဈာန်အင်္ဂါ ၅ ပါးရှိသောကုသိုလ်ဈာန်စိတ်မှာ –**
ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၅ ပါးနှင့် ပြည့်စုံသည့် ရူပါဝစရပထမဈာန်ကုသိုလ်စိတ် ၁ ပါးဖြစ်ပါသည်။

**၃၉။ ဝမ်းမြောက်မှုသောမနဿနှင့် အတူတကွဖြစ်သောအကုသိုလ်စိတ်တို့ကို ရေတွက်ပြ**

**၅၊ အဟိတ်ကုသလဝိပါက်စိတ်တို့ကိုလည်း ဝေဒနာဘေဒအားဖြင့် သိသာရုံမျှ ခွဲခြားပြပါ။** (၁၉၉၄၊ စမန ၂၅၊ ၃၁)

**အဖြေ – ဝမ်းမြောက်မှုသောမနဿနှင့် အတူတကွဖြစ်သော အကုသိုလ်စိတ်တို့မှာ**

(၁) သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ် ၁ ပါး၊

(၂) သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက လောဘမူစိတ် ၁ ပါး၊

(၃) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူစိတ် ၁ ပါး၊

(၄) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက လောဘမူစိတ် ၁ ပါးတို့တည်း။

**– အဟိတ်ကုသလဝိပါက်စိတ် ၈ ပါးတို့ကို ဝေဒနာဘေဒအားဖြင့်ခွဲခြားရသော် –**

| | | |
|---|---|---|
| သောမနဿသဟဂုတ်စိတ် | = | ၁ ပါး၊ |
| ဒေါမနဿသဟဂုတ်စိတ် | = | မရှိ၊ |
| ဥပေက္ခာသဟဂုတ်စိတ် | = | ၆ ပါး၊ |
| သုခသဟဂုတ်စိတ် | = | ၁ ပါး၊ |
| ဒုက္ခသဟဂုတ်စိတ် | = | မရှိ၊ |
| စုစုပေါင်း – အဟိတ်ကုသလဝိပါက်စိတ် | = | ၈ ပါး ဖြစ်ပါသည်။ |

**၄၀။ လူကြီးများ၏လမ်းညွှန်မှုကိုခံယူပြီး အများအကျိုးကိုမျှော်ကိုးလျက် နိုင်လွန်ကတ္တရာ လမ်းခင်းရန် ပျော်ပျော်ပါးပါးအလှူခံနေကြသော အမျိုးသမီးလေးများ၏သန္တာန်၌ ဖြစ်နိုင်သောစိတ်ကို ဖော်ပြ၍ ဘုရားရဟန္တာများ၌သာဖြစ်သော ရူပါဝစရစိတ်တို့ ကိုလည်း ရေတွက်ပြပါ။** (၁၉၉၄၊ စမန ၃၄၊ ၄၁၊ ၄၂)

**အဖြေ** – လူကြီးများ၏လမ်းညွှန်မှုကိုခံယူပြီး အများအကျိုးကိုမျှော်ကိုးလျက် လမ်းခင်းရန် ပျော်ပျော်ပါးပါးအလှူခံနေကြသော အမျိုးသမီးလေးများ၌ ဖြစ်သောစိတ်မှာ –

''သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ် ဖြစ်၏။

– ဘုရားရဟန္တာများ၌သာ ဖြစ်နိုင်သော ရူပါဝစရစိတ်တို့မှာ –

(၁) ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၅ ပါးနှင့်ပြည့်စုံသော ရူပါဝစရ ပထမဈာန်ကြိယာစိတ် ၁ ပါး၊

(၂) ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ရူပါဝစရဒုတိယ ဈာန်ကြိယာစိတ် ၁ ပါး၊

(၃) ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၃ ပါးနှင့်ပြည့်စုံသော ရူပါဝစရတတိယဈာန် ကြိယာစိတ် ၁ ပါး၊

(၄) သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော ရူပါဝစရစတုတ္ထဈာန် ကြိယာစိတ် ၁ ပါး၊

(၅) ဥပေက္ခာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော ရူပါဝစရပဉ္စမဈာန် ကြိယာစိတ် ၁ ပါးတို့ ဖြစ်ပါသည်။

**၄၁။ မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်သူများ၏ဖြစ်ဆဲကုသိုလ်စိတ်တို့ကို အကျဉ်းချုပ်ဖော်ပြ၍ လောကုတ္တရာပဉ္စမဈာန်ဝိပါက်စိတ်ကိုလည်း မမှားအောင်ရေတွက်ပြပါ။**

(၁၉၉၄၊ စမန ၄၆၊ ၄၇)

**အဖြေ – မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်သူများ၏ဖြစ်ဆဲကုသိုလ်စိတ်တို့မှာ –**

သောတာပတ္တိမဂ်စိတ် = ၁ ပါး (အကျဉ်း) / ၅ ပါး (အကျယ်)

သကဒါဂါမိမဂ်စိတ် = ၁ ပါး (အကျဉ်း) / ၅ ပါး (အကျယ်)

အနာဂါမိမဂ်စိတ် = ၁ ပါး (အကျဉ်း) / ၅ ပါး (အကျယ်)

အရဟတ္တမဂ်စိတ် = ၁ ပါး/၅ပါး၊ ပေါင်း–မဂ်စိတ် ၄ ပါး၊ အကျယ် ၂၀ ပါးဖြစ်၏။

**– လောကုတ္တရာပဉ္စမဈာန်ဝိပါက်စိတ်ကို ရေတွက်ပြရသော် –**

(၁) ဥပေက္ခာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော ရူပါဝစရပဉ္စမဈာန်နှင့်ယှဉ်သည့် သောတာပတ္တိဖိုလ်စိတ် ၁ ပါး၊

(၂) ဥပေက္ခာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော ရူပါဝစရပဉ္စမဈာန်နှင့်ယှဉ်သည့် သကဒါဂါမိဖိုလ်စိတ် ၁ ပါး၊

(၃) ဥပေက္ခာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော ရူပါဝစရပဉ္စမဈာန်နှင့်ယှဉ်သည့် အနာဂါမိဖိုလ်စိတ် ၁ ပါး၊

(၄) ဥပေက္ခာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော ရူပါဝစရပဉ္စမဈာန်နှင့်ယှဉ်သည့် အရဟတ္တဖိုလ်စိတ် ၁ ပါးတို့ဖြစ်ပါသည်။

**၄၂။ အပြစ်ရှိမှန်းသိလျက် သူတစ်ပါးပစ္စည်းကို ခိုးယူရာ၌ ဖြစ်နိုင်သောစိတ်တို့ကို ပြည့်စုံစွာဖော်ပြ၍၊ လူတစ်ယောက်၌ မျက်စိနှစ်လုံးရှိ၍ ''စက္ခုဝိညာဏ်ဒွေ''ဟု ခေါ်ပါသလော၊ အဘယ်ကို ''စက္ခုဝိညာဏ်ဒွေ''ဟု ခေါ်သနည်း၊ ဖြေဆိုပါ။**

(၁၉၉၅၊ စမန ၂၅၊ ၃၀၊ ၃၁)

**အဖြေ – အပြစ်ရှိမှန်းသိလျက် သူတစ်ပါးပစ္စည်းကို ခိုးယူရာ၌ ဖြစ်နိုင်သောစိတ်တို့မှာ**

(၁) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူစိတ် ၁ ပါး၊

(၂) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက လောဘမူစိတ် ၁ ပါး၊

(၃) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူစိတ် ၁ ပါး၊

(၄) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက လောဘမူစိတ် ၁ ပါးတို့တည်း။

**– လူတစ်ယောက်၌ မျက်စိနှစ်လုံးရှိ၍ ''စက္ခုဝိညာဏ်ဒွေ''ဟုခေါ်ခြင်းမဟုတ်ပါ။**

အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် ၁ ပါးနှင့် အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် ၁ ပါးဟူ၍ စက္ခုဝိညာဏ် ၂ ပါးရှိသဖြင့် ''စက္ခုဝိညာဏ်ဒွေ''ဟု ခေါ်ခြင်းဖြစ်ပါသည်။

**၄၃။ စွယ်တော်မြတ်စေတီတည်ဆောက်ရာ၌ ပျော်ပျော်ရွှင်ရွှင် အသိညာဏ်ဝင်၍**

**မည်သူမျှ မတိုက်တွန်းရဘဲ လုပ်အားဒါနပြုကြသော ပုဂ္ဂိုလ်များ၏သန္တာန်၌ ဖြစ်နိုင်သောစိတ်ကို ထုတ်ပြ၍၊ သောဘနစိတ်အကျဉ်း ၅၉ ပါးကိုလည်း သီသာရုံမျှရေတွက်ပြပါ။** (၁၉၉၅၊ စမန ၃၄၊ ၃၅၊ ၄၉)

**အဖြေ** – စွယ်တော်မြတ်စေတီတည်ဆောက်ရာ၌ ပျော်ပျော်ရွှင်ရွှင်အသိဉာဏ်ဝင်၍ မည်သူမျှမတိုက်တွန်းရဘဲ လုပ်အားပေးကြသောသူတို့၌ ဖြစ်နိုင်သည့်စိတ်မှာ –

''သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်''ဖြစ်၏။

**– သောဘနစိတ်အကျဉ်း ၅၉ ပါးကို သီသာရုံမျှ ရေတွက်ပြရသော် –**

| | | |
|---|---|---|
| ကာမသောဘနစိတ် | = | ၂၄ ပါး၊ |
| ရူပါဝစရစိတ် | = | ၁၅ ပါး၊ |
| အရူပါဝစရစိတ် | = | ၁၂ ပါး၊ |
| လောကုတ္တရာစိတ်အကျဉ်း | = | ၈ ပါး၊ |
| ပေါင်း – သောဘနစိတ်အကျဉ်း | = | ၅၉ ပါးဖြစ်ပါသည်။ |

**၄၄။ ကာမဘုံအာရုံပြုရာနယ်ပယ်၌ ဖြစ်တတ်သောကာမစိတ် ၅၄ ပါးကို ''အကြောင်းစိတ်''၊ ''ကြောင်းကျိုးလွတ်စိတ်''အားဖြင့် ခွဲခြားပြ၍၊ ရူပါဝစရပဥ္စမဈာန်စိတ်ကိုလည်း ဝေဒနာဘေဒအားဖြင့် ဝေဖန်ပြပါ။** (၁၉၉၅၊ စမန ၄၈၊ ၄၆၊ စိတ်ဇယား)

**အဖြေ – ကာမစိတ် ၅၄ ပါးတွင် ''အကြောင်းစိတ်''များမှာ –**

အကုသိုလ်စိတ် ၁၂ ပါးနှင့် မဟာကုသိုလ်စိတ် ၈ ပါး၊ ပေါင်း ၂၀ ပါးဖြစ်ပါသည်။

**– ကာမစိတ် ၅၄ ပါးတွင် ''ကြောင်းကျိုးလွတ်စိတ်''များမှာ –**

အဟိတ်ကြိယာစိတ် ၃ ပါးနှင့် မဟာကြိယာစိတ် ၈ ပါး၊ ပေါင်း ၁၁ ပါးဖြစ်ပါသည်။

**– ရူပါဝစရပဥ္စမဈာန်စိတ်ကို ဝေဒနာဘေဒအားဖြင့် ဝေဖန်ပြရသော် –**

| | | |
|---|---|---|
| သောမနဿသဟဂုတ်စိတ် | = | မရှိ၊ |
| ဒေါမနဿသဟဂုတ်စိတ် | = | မရှိ၊ |
| ဥပေက္ခာသဟဂုတ်စိတ် | = | ၃ ပါး၊ |
| သုခသဟဂုတ်စိတ် | = | မရှိ၊ |
| ဒုက္ခသဟဂုတ်စိတ် | = | မရှိ၊ |

ပေါင်း – ရူပါဝစရဉပေက္ခာသဟဂုတ် ပဥ္စမဈာန်စိတ် ၃ ပါးဖြစ်ပါသည်။

**၄၅။ မဂ်စိတ်အကျဉ်း ၄ ပါးမှ အကျယ် ၂၀ ဖြစ်ပွားလာပုံကို ဖော်ပြ၍ ပထမဈာန်စိတ် ၁၁ ပါးကိုလည်း မမှားအောင်ရေတွက်ပြပါ။** (၁၉၉၅၊ စမန ၄၆၊ စိတ်ဇယား)

**အဖြေ** – သောတာပတ္တိမဂ်စိတ်သည် ရူပါဝစရဈာန်ကုသိုလ်စိတ် ၅ ပါးနှင့် အသီးသီး ယှဉ်သည့်အခါ သောတာပတ္တိမဂ်စိတ်အကျယ် ၅ ပါးဖြစ်လာပါသည်။ ယှဉ်ပုံမှာ –

(၁) ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၅ ပါးနှင့်ပြည့်စုံ

သော ရူပါဝစရပထမဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် ၁ ပါး၊

(၂) ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ရူပါဝစရဒုတိယဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် ၁ ပါး၊

(၃) ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၃ ပါးနှင့်ပြည့်စုံသော ရူပါဝစရတတိယဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် ၁ ပါး၊

(၄) သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော ရူပါဝစရစတုတ္ထဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် ၁ ပါး၊

(၅) ဥပေက္ခာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော ရူပါဝစရပဉ္စမဈာန်နှင့်ယှဉ်သည့် သောတာပတ္တိမဂ်စိတ် ၁ ပါး။

အလားတူပင် ရူပါဝစရဈာန် ၅ ပါးနှင့်အသီးသီးယှဉ်သော သကဒါဂါမိမဂ်စိတ် ၅ ပါး၊ အနာဂါမိမဂ်စိတ် ၅ ပါး၊ အရဟတ္တမဂ်စိတ် ၅ ပါးရှိပါသည်။ သို့ဖြစ်၍ စုစုပေါင်း – မဂ်စိတ်အကျယ် ၂၀ ပါးဖြစ်လာပါသည်။

**– ပထမဈာန်စိတ် ၁၁ ပါးကို ရေတွက်ပြရသော်**

| | | |
|---|---|---|
| ရူပါဝစရပထမဈာန်စိတ် | = | ၃ ပါး၊ |
| လောကုတ္တရာပထမဈာန်စိတ် | = | ၈ ပါး၊ |
| ပေါင်း – ပထမဈာန်စိတ် | = | ၁၁ ပါး ဖြစ်ပါသည်။ |

**၄၆။ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းဖောက်တံတားဆောက်ရာ၌ တစ်ဦးတစ်ယောက်မျှမတိုက်တွန်းရဘဲ ပျော်ပျော်ရွှင်ရွှင် အသိဉာဏ်ယှဉ်ကာ ပါဝင်ဆောင်ရွက်နေသူ၏သန္တာန်၌ ဖြစ်နိုင်သောစိတ်ကို ဖော်ပြ၍၊ ''တမလွန်ဘဝဆိုတာ ရှိမှရှိပါလေစ''ဟု ယုံမှားတွေးတောနေသူ၌ ဖြစ်သောစိတ်ကိုလည်း ဖော်ပြပါ။**

(၁၉၉၆၊ စမန ၃၄၊ ၃၅၊ ၂၈)

**အဖြေ** – လမ်းဖောက်တံတားဆောက်ရာ၌ မည်သူမျှမတိုက်တွန်းရဘဲ ပျော်ပျော်ရွှင်ရွှင် အသိဉာဏ်ယှဉ်ကာ ပါဝင်ဆောင်ရွက်နေသူ၌ ဖြစ်နိုင်သောစိတ်သည် –

''သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်'' ဖြစ်၏။

**– ''တမလွန်ဘဝ ရှိပါလေစ''ဟု ယုံမှားတွေးတောနေသူ၌ ဖြစ်သောစိတ်သည် –**

''ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် မောဟမူစိတ်''ဖြစ်ပါသည်။

**၄၇။ လှပသောပန်းတစ်ပွင့်ကို မြင်တွေ့ရာခဏ၌ ဖြစ်သောစိတ်ကို ဖော်ပြ၍ ကာမာဝစရသောဘနစိတ် ၂၄ ပါးတို့တွင် အကြောင်းအကျိုးမှလွတ်သောစိတ်ကို ဝေဒနာဘေဒ၊ ဉာဏဘေဒ၊ သင်္ခါရဘေဒအားဖြင့် ခွဲခြားပြပါ။** (၁၉၉၆၊ စမန ၃၀၊ ၃၄–၃၇)

**အဖြေ – လှပသောပန်းတစ်ပွင့်ကို မြင်တွေ့ရာခဏ၌ ဖြစ်သောစိတ်သည် –**

''အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်''ဖြစ်ပါသည်။

– ကာမာဝစရသောဘနစိတ် ၂၄ ပါးတွင် အကြောင်းအကျိုးမှလွတ်သောစိတ်တို့သည်

''မဟာကြိယာစိတ် ၈ ပါး''ဖြစ်ပါသည်။

**– မဟာကြိယာစိတ် ၈ ပါးကို ဝေဒနာဘေဒအရ ဝေဖန်ရသော် –**

သောမနဿသဟဂုတ်စိတ် = ၄ ပါး၊
ဒေါမနဿသဟဂုတ်စိတ် = မရှိ၊
ဥပေက္ခာသဟဂုတ်စိတ် = ၄ ပါး၊
သုခသဟဂုတ်စိတ် = မရှိ၊
ဒုက္ခသဟဂုတ်စိတ် = မရှိ၊ ပေါင်း – ၈ ပါးဖြစ်ပါသည်။

**– မဟာကြိယာစိတ် ၈ ပါးကို ဉာဏဘေဒအားဖြင့် ဝေဖန်ရသော် –**

ဉာဏသမ္ပယုတ်စိတ် = ၄ ပါး၊
ဉာဏဝိပ္ပယုတ်စိတ် = ၄ ပါး၊ ပေါင်း – ၈ ပါးဖြစ်ပါသည်။

**– မဟာကြိယာစိတ် ၈ ပါးကို သင်္ခါရဘေဒအားဖြင့် ခွဲခြားပြရသော် –**

အသင်္ခါရိကစိတ် = ၄ ပါး၊
သသင်္ခါရိကစိတ် = ၄ ပါး၊ ပေါင်း – ၈ ပါးဖြစ်ပါသည်။

**၄၈။ စိတ်အကျဉ်း ၈၉ ပါးတို့တွင် ''လောကမှလွတ်မြောက်သောစိတ်''ဟူသည် မည်သည့်စိတ်ဖြစ်ပါသနည်း။ တစ်ခုချင်းရေတွက်ပြ၍ ယင်းစိတ်ကို အကြောင်းအကျိုး အားဖြင့်မမှားအောင် ခွဲခြားပြပါ။** (၁၉၉၆၊ စမန ၄၆)

**အဖြေ** – စိတ်အကျဉ်း ၈၉ ပါးတို့တွင် ''လောကမှလွတ်မြောက်သောစိတ်''ဟူသည်မှာ လောကုတ္တရာစိတ်အကျဉ်း ၈ ပါးဖြစ်ပါသည်။ တစ်ခုချင်းရေတွက်ပြရသော် –

သောတာပတ္တိမဂ်စိတ် = ၁ ပါး၊
သကဒါဂါမိမဂ်စိတ် = ၁ ပါး၊
အနာဂါမိမဂ်စိတ် = ၁ ပါး၊
အရဟတ္တမဂ်စိတ် = ၁ ပါး၊ ပေါင်း – မဂ်စိတ် ၄ ပါးဖြစ်ပါသည်။
သောတာပတ္တိဖိုလ်စိတ် = ၁ ပါး၊
သကဒါဂါမိဖိုလ်စိတ် = ၁ ပါး၊
အနာဂါမိဖိုလ်စိတ် = ၁ ပါး၊
အရဟတ္တဖိုလ်စိတ် = ၁ ပါး၊ ပေါင်း – ဖိုလ်စိတ် ၄ ပါးဖြစ်ပါသည်။

မဂ်စိတ် ၄ ပါး + ဖိုလ်စိတ် ၄ ပါး = လောကုတ္တရာစိတ်အကျဉ်း ၈ ပါး။

– ယင်းစိတ်တို့တွင် အကြောင်းစိတ် = မဂ်စိတ် ၄ ပါး၊
အကျိုးစိတ် = ဖိုလ်စိတ် ၄ ပါးတို့ ဖြစ်ပါသည်။

**၄၉။ ''စိတ်ထားကောင်းမွန်သည်၊ စိတ်ထားယုတ်ညံ့သည်''ဟူသော လောကသုံးစကား အရ စိတ်အကျယ်တွင် ကောင်းမွန်တင့်တယ်သောစိတ်တို့ကို ဘူမိဘေဒနည်းအားဖြင့်**

**ခွဲခြားဖြေဆို၍၊ ကာမကြိယာစိတ် ၁၁ ပါးကိုလည်း ဝေဒနာအားဖြင့် ဝေဖန်ပြပါ။**

(၁၉၉၇၊ စမန ၄၉၊ စိတ်ဇယား)

**အဖြေ – စိတ်အကျယ်တွင် ကောင်းမွန်တင့်တယ်သောစိတ် ၉၁ ပါးရှိရာ ၎င်းတို့ကို ဘူမိဘေဒအားဖြင့် ခွဲခြားဖြေဆိုရသော် –**

| | |
|---|---|
| ကာမာဝစရသောဘနစိတ် | = ၂၄ ပါး၊ |
| ရူပါဝစရစိတ် | = ၁၅ ပါး၊ |
| အရူပါဝစရစိတ် | = ၁၂ ပါး၊ |
| လောကုတ္တရာစိတ်အကျယ် | = ၄၀ ပါး၊ |
| ပေါင်း – သောဘနစိတ်အကျယ် | = ၉၁ ပါး ဖြစ်ပါသည်။ |

– ကာမကြိယာစိတ် ၁၁ ပါးကို ဝေဒနာဘေဒအားဖြင့် ဝေဖန်ပြရသော် –

| | |
|---|---|
| သောမနဿသဟဂုတ်စိတ် | = ၅ ပါး၊ |
| ဒေါမနဿသဟဂုတ်စိတ် | = မရှိ၊ |
| ဥပေက္ခာသဟဂုတ်စိတ် | = ၆ ပါး၊ |
| သုခသဟဂုတ်စိတ် | = မရှိ၊ |
| ဒုက္ခသဟဂုတ်စိတ် | = မရှိ၊ |
| ပေါင်း – ကာမကြိယာစိတ် | = ၁၁ ပါး ဖြစ်ပါသည်။ |

**၅၀။ စိတ်အကျဉ်း ၈၉ ပါးတွင် ''အသင်္ခါရိက၊ သသင်္ခါရိက''ဟူ၍ ကျမ်းရင်း၌ပြဆို မထားသောစိတ်များကို ဇာတိဘေဒနည်းအားဖြင့် သိသာရုံမျှရေတွက်ပြ၍၊ ''ဝုဋ္ဌော''ဟူသောအမည်ကိုရသည့်စိတ်ကိုလည်း ဖော်ပြပါ။**

(၁၉၉၇၊ စမန ၄၉၊ ၅၈၊ စိတ်ဇယား)

**အဖြေ – စိတ်အကျဉ်း ၈၉ ပါးတွင် ''အသင်္ခါရိက၊ သသင်္ခါရိက''ဟူ၍ ကျမ်းရင်း၌ ပြဆိုမထားသောစိတ်များကို ဇာတိဘေဒနည်းအားဖြင့် ရေတွက်ပြရသော် –**

(၁) **အကုသိုလ်စိတ်**တွင် မောဟမူစိတ် ၂ ပါး = ၂ ပါး၊

(၂) **ကုသိုလ်စိတ်**တွင် မဟဂ္ဂုတ်ကုသိုလ် ၉ + လောကုတ္တရာ ကုသိုလ် ၄ = ၁၃ ပါး၊

(၃) **ဝိပါက်စိတ်**တွင် အဟိတ်ဝိပါက် ၁၅ + မဟဂ္ဂုတ်ဝိပါက် ၉ + လောကုတ္တရာဝိပါက် ၄ = ၂၈ ပါး၊

(၄) **ကြိယာစိတ်**တွင် အဟိတ်ကြိယာ ၃ + မဟဂ္ဂုတ်ကြိယာ ၉ = ၁၂ ပါး၊

စိတ်စုစုပေါင်း = ၅၅ ပါးဖြစ်၏။

– ''**ဝုဋ္ဌော**''ဟုအမည်ရသောစိတ်သည် ''မနောဒွါရာဝဇ္ဇန်းစိတ်'' ဖြစ်ပါသည်။

**၅၁။ လောကီ၊ လောကုတ္တရာစိတ်အပေါင်း၌ ပထမဈာန်စသောစိတ်တို့ မည်မျှစီပါရှိသည်ကို သချာမျှအသီးသီးဖော်ပြ၍၊ ဈာန်၏အစိတ်အပိုင်းဖြစ်သောတရားများကား အဘယ်သို့ပါနည်း၊ ဖြေဆိုပါ။** (၁၉၉၇၊ စမန ၄၉၊ ၅၀၊ ၃၉)

**အဖြေ – လောကီ၊ လောကုတ္တရာစိတ်အပေါင်း၌ ပါရှိသော ဈာန်စိတ်များမှာ –**

| | | လောကီစိတ် | + | လောကုတ္တရာစိတ် | = | စိတ်ပေါင်း |
|---|---|---|---|---|---|---|
| ပထမဈာန်စိတ် | = | ၃ ပါး | + | ၈ ပါး | = | ၁၁ ပါး၊ |
| ဒုတိယဈာန်စိတ် | = | ၃ ပါး | + | ၈ ပါး | = | ၁၁ ပါး၊ |
| တတိယဈာန်စိတ် | = | ၃ ပါး | + | ၈ ပါး | = | ၁၁ ပါး၊ |
| စတုတ္ထဈာန်စိတ် | = | ၃ ပါး | + | ၈ ပါး | = | ၁၁ ပါး၊ |
| ပဉ္စမဈာန်စိတ် | = | ၁၅ ပါး | + | ၈ ပါး | = | ၂၃ ပါး၊ |
| စုစုပေါင်း | = | ၂၇ ပါး | + | ၄၀ ပါး | = | ၆၇ ပါး ဖြစ်သည်။ |

**– ဈာန်၏အစိတ်အပိုင်းဖြစ်သောတရားများကား –**

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ / ဥပေက္ခာ၊ ဧကဂ္ဂတာ တို့ဖြစ်ပါသည်။

**၅၂။ ''ဘယ်သူသေသေ ငတေမာလျှင်ပြီးရော''ဟု အပြစ်ရှိမှန်းသိလျက် သူတစ်ပါးအသက်ကို ထက်သန်စွာသတ်လေ့ရှိသူ၏သန္တာန်၌ ဖြစ်သောစိတ်ကို ပြည့်စုံစွာဖော်ပြ၍၊ ကာမစိတ် ၅၄ ပါးတို့တွင် အသင်္ခါရိက၊ သသင်္ခါရိကနှစ်မျိုးလုံး မဟုတ်သောစိတ်တို့ မည်မျှစီရှိသနည်း၊ အရေအတွက်မျှဖော်ပြပါ။**

(၁၉၉၈၊ စမန ၂၇၊ စိတ်ဇယား)

**အဖြေ – သူတစ်ပါးအသက်ကို ထက်သန်စွာသတ်လေ့ရှိသူ၌ ဖြစ်သောစိတ်မှာ –**

''ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ဒေါသမူစိတ်''ဖြစ်၏။

– ကာမစိတ် ၅၄ ပါးတွင် အသင်္ခါရိက၊ သသင်္ခါရိက၊ နှစ်မျိုးလုံးမဟုတ်သောစိတ်များမှာ

| | | |
|---|---|---|
| အသင်္ခါရိကစိတ် | = | ၁၇ ပါး၊ |
| သသင်္ခါရိကစိတ် | = | ၁၇ ပါး၊ |
| နှစ်မျိုးလုံးမဟုတ်သောစိတ် | = | ၂၀ ပါး၊ |
| ပေါင်း – ကာမစိတ် | = | ၅၄ ပါးဖြစ်ပါသည်။ |

**၅၃။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေပြားသက်နီးဆက်ကပ်ပူဇော်ရာ၌ မည်သူ့မျှမတိုက်တွန်းရဘဲ ပျော်ရွှင်စွာဖြင့် ပါဝင်လှူဒါန်းသော ကံကျိုးမြင်သိပညာရှိသန္တာန်၌ ဖြစ်နိုင်သောစိတ်ကိုဖော်ပြ၍ လောကဓာတ်တစ်ခွင်၌ အမှန်တကယ်ရှိသောတရားတို့တွင် ဖောက်ပြန်ခြင်းရှိသောတရားနှင့် ဖောက်ပြန်ခြင်းသဘောမရှိသောတရားတို့ကို ခွဲခြားထုတ်ဖော်ပြပါ။** (၁၉၉၈၊ စမန ၃၄၊ ၃၅၊ ၁၆၊ ၁၇)

**အဖြေ** – ရွှေတိဂုံစေတီကို ရွှေသက်နီးဆက်ကပ်ရာ၌ မည်သူမျှမတိုက်တွန်းရဘဲ ပျော်ရွှင်

စွာပါဝင်လျှဒါန်းသော ကံကျိုးမြင်သိ ပညာရှိ၌ ဖြစ်သောစိတ်သည် –

''သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်''ဖြစ်၏။

**– လောကဓာတ်တစ်ခွင်၌ အမှန်တကယ်ရှိသောတရားတို့တွင် –**

ဖောက်ပြန်ခြင်းသဘောရှိသောတရားမှာ = ''ရုပ်''တရားဖြစ်ပါသည်။

ဖောက်ပြန်ခြင်းသဘောမရှိသောတရားတို့မှာ = ''စိတ်၊ စေတသိက်၊ နိဗ္ဗာန်''တို့ဖြစ်ပါသည်။

**၅၄။ ''ဈာန်ဝင်စားမှ လွန်တင့်တယ်'' ဟုဆိုရာ၌ ဝင်စားနိုင်သောဈာန်တို့တွင် ပဌမဈာန်စိတ်များကိုသာ ဇာတိဘေဒနည်းအားဖြင့်လည်းကောင်း၊ အကြောင်းအကျိုးအားဖြင့်လည်းကောင်း၊ ဝေဖန်ပြ၍ ဘုရား၊ ရဟန္တာတို့၌သာဖြစ်နိုင်သော မတင့်တယ်သောစိတ်အမည်ကိုလည်း တိကျစွာဖော်ပြပါ။** (၁၉၉၈၊ စမန ၄၉၊ ၅၀၊ စိတ်ဇယား)

**အဖြေ – ပဌမဈာန်စိတ်ပေါင်း ၂၃ ပါးရှိပါသည်။ ၎င်းတို့ကို ဇာတိဘေဒနည်းအားဖြင့်**

ဝေဖန်ရသော် – အကုသိုလ်စိတ် = မရှိ၊
ကုသိုလ်စိတ် = ၉ ပါး၊
ဝိပါက်စိတ် = ၉ ပါး၊
ကြိယာစိတ် = ၅ ပါး၊ ပေါင်း ၂၃ ပါးဖြစ်ပါသည်။

**– ပဌမဈာန်တို့ကို အကြောင်းအကျိုးအားဖြင့် ဝေဖန်ရသော် –**

အကြောင်းစိတ် = ၉ ပါး၊
အကျိုးစိတ် = ၉ ပါး၊
အကြောင်းအကျိုးလွတ်စိတ် = ၅ ပါး၊ ပေါင်း ၂၃ ပါးဖြစ်ပါသည်။

**– ဘုရား၊ ရဟန္တာတို့၌သာဖြစ်နိုင်သော မတင့်တယ်သောစိတ်မှာ –**

''သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်'' ဖြစ်ပါသည်။

**၅၅။ သံဃာတော်များကြွလာသည်ကို ဖူးမြင်ရသောမိခင်က ''သားလေး ရှိခိုး၊ ရှိခိုး'' ဟု ပြောဆိုတိုက်တွန်းမှုကြောင့် ပျော်ရွှင်စွာရှိခိုးနေသော ကလေးငယ်၏သန္တာန်၌ ဖြစ်သော ကုသိုလ်စိတ်ကို တိကျစွာဖော်ပြ၍ ပဌမဈာန်စိတ် ၂၃ ပါး၌ လောကီ၊ လောကုတ္တရာ မည်မျှစီရှိသည်ကိုလည်း သရုပ်ခွဲဖော်ပြပါ။**

(၁၉၉၉၊ စမန ၃၄၊ ၃၅၊ ၄၉၊ ၅၀)

**အဖြေ** – မိခင်တိုက်တွန်းသဖြင့် သံဃာတော်များကို ပျော်ရွှင်စွာရှိခိုးနေသောကလေး၌

''သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်''ဖြစ်၏။

– ပဌမဈာန်စိတ် ၂၃ ပါးတွင် လောကီဈာန်စိတ် = ၁၅ ပါး၊
လောကုတ္တရာဈာန်စိတ် = ၈ ပါး၊

စုစုပေါင်း – ပဌမဈာန်စိတ် = ၂၃ ပါးဖြစ်ပါသည်။

**၅၆။ ''ကြောင်းကျိုးသိမြင် ပညာရှင်''ဟု အမွှမ်းတင်ခံရအောင် အဘိဓမ္မာပညာရှင်ပီပီ အသောဘနစိတ် ၃၀ ကို အကြောင်းအကျိုးအားဖြင့် သိသာရုံမျှခွဲခြားပြ၍ အကြောင်းစိတ်ကိုလည်း ဝေဒနာအားဖြင့် ဝေဖန်ပြပါ။** (၁၉၉၉၊ စမန ၃၄၊ ၂၅-၃၃)

**အဖြေ – အသောဘနစိတ် ၃၀ ကို အကြောင်းအကျိုးအားဖြင့် ခွဲခြားပြရသော် –**

| | | |
|---|---|---|
| အကြောင်းစိတ် (အကုသိုလ်စိတ်) | = | ၁၂ ပါး၊ |
| အကျိုးစိတ် (ဝိပါက်စိတ်) | = | ၁၅ ပါး၊ |
| အကြောင်းအကျိုးလွတ်သောစိတ် | = | ၃ ပါး၊ |
| ပေါင်း – အသောဘနစိတ် | = | ၃၀ ပါး ဖြစ်ပါသည်။ |

**– အကြောင်းစိတ် (အကုသိုလ်စိတ်) ၁၂ ပါးကို ဝေဒနာအားဖြင့် ဝေဖန်ရသော် –**

| | | |
|---|---|---|
| သောမနဿသဟဂုတ်စိတ် | = | ၄ ပါး၊ |
| ဒေါမနဿသဟဂုတ်စိတ် | = | ၂ ပါး၊ |
| ဥပေက္ခာသဟဂုတ်စိတ် | = | ၆ ပါး၊ |
| သုခသဟဂုတ်စိတ် | = | မရှိ၊ |
| ဒုက္ခသဟဂုတ်စိတ် | = | မရှိ၊ |
| ပေါင်း – အသောဘနအကြောင်းစိတ် | = | ၁၂ ပါး ဖြစ်ပါသည်။ |

**၅၇။ ကာမဘုံ၌အဖြစ်များသည့် ကာမစိတ် ၅၄ ပါးကို ဇာတ်အားဖြင့်ခွဲခြားပြ၍၊ ကုသိုလ်စိတ်အကျယ်, ဝိပါက်စိတ်အကျယ်တို့၏အရေအတွက်ကိုလည်း သင်္ချာမျှဖော်ပြပါ။** (၁၉၉၉၊ စမန ၅၀၊ စိတ်ဇယား)

**အဖြေ** – ကာမစိတ် ၅၄ ပါးကို ဇာတ် (ဇာတိဘေဒ)အားဖြင့် ခွဲခြားပြရသော် –

အကုသိုလ်စိတ် = ၁၂ ပါး၊ ကုသိုလ်စိတ် = ၈ ပါး၊
ဝိပါက်စိတ် = ၂၃ ပါး၊ ကြိယာစိတ် = ၁၁ ပါး၊
ပေါင်း – ကာမစိတ် = ၅၄ ပါး ဖြစ်ပါသည်။
ကုသိုလ်စိတ် အကျယ် = ၃၇ ပါး၊
ဝိပါက်စိတ်အကျယ် = ၅၂ ပါး ရှိပါသည်။

**၅၈။ ''သွားလည်းဤစိတ်၊ စားလည်းဤစိတ်''ဟူ၍ အသုံးများလှသောစိတ်ကို ဘုံစိတ်အနေဖြင့်ခွဲခြားက ရရှိမည့်အမည်များကို ဖော်ပြ၍၊ အမှန်တရားကို ဖုံးကွယ်၍ထားတတ်သော မောဟမူစိတ် ၂ ပါးကိုလည်း တစ်ခုချင်းရေတွက်ပြပါ။**

(၂၀၀၀၊ စမန ၂၈၊ စိတ်ဇယား)

**အဖြေ** – ''သွားလည်းဤစိတ်၊ စားလည်းဤစိတ်''ဟူ၍ အသုံးများလှသောစိတ်အားလုံးကို ဘုံစိတ် (ဘူမိဘေဒ) အနေဖြင့် ခွဲခြားပြရသော် –

ကာမာဝစရစိတ် = ၅၄ ပါး၊
ရူပါဝစရစိတ် = ၁၅ ပါး၊
အရူပါဝစရစိတ် = ၁၂ ပါး၊
လောကုတ္တရာစိတ် = ၈ ပါး (အကျဉ်း) / ၄၀ ပါး (အကျယ်)

စုစုပေါင်း – စိတ် = ၈၉ ပါး (အကျဉ်း) / ၁၂၁ ပါး (အကျယ်) ဖြစ်ပါသည်။

**– အမှန်တရားကို ဖုံးကွယ်တတ်သော မောဟမူစိတ် ၂ ပါးမှာ –**

ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် မောဟမူစိတ် = ၁ ပါး၊
ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် မောဟမူစိတ် = ၁ ပါး ဖြစ်ပါသည်။

**၅၉။ အသောဘနစိတ် ၃၀ တို့တွင် ''အသင်္ခါရိက, သသင်္ခါရိက''ဟု သတ်မှတ်၍မရသောစိတ်တို့ကို သိသာရုံမျှဖော်ပြ၍၊ ယင်းစိတ်တို့တွင် ''ကြောင်းကျိုးလွတ်စိတ်''တို့ မည်မျှရှိသည်ကိုလည်း ရေတွက်ပြပါ။** (၂၀၀၀၊ စမန ၂၅–၃၄၊ စိတ်ဇယား)

**အဖြေ** – အသောဘနစိတ် ၃၀ တို့တွင် ''အသင်္ခါရိက, သသင်္ခါရိက''ဟု သတ်မှတ်၍မရသော စိတ်တို့မှာ – မောဟမူစိတ် = ၂ ပါးနှင့်၊
အဟိတ်စိတ် = ၁၈ ပါး၊ ပေါင်း ၂၀ ပါး ဖြစ်ပါသည်။

– အသောဘနစိတ် ၃၀ တို့တွင် ''ကြောင်းကျိုးလွတ်စိတ်''တို့မှာ –
အဟိတ်ကြိယာစိတ် = ၃ ပါး ဖြစ်ပါသည်။

၎င်းစိတ်တို့သည် (၁) ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊
(၂) ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်၊
(၃) သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်တို့ ဖြစ်ပါသည်။

**၆၀။ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၌ အပြစ်ရှိမှန်းမသိ၍ မိမိဘာသာ ပျော်ရွှင်စွာခိုးမှု လွန်ကျူးသူ၏သန္တာန်၌ဖြစ်သော အကုသိုလ်စိတ်ကို ပြည့်စုံတိကျစွာဖော်ပြ၍၊ စိတ်အကျယ် ၁၂၁ ပါးကိုလည်း ဇာတိဘေဒနည်းအရ ဝေဖန်ပြပါ။**

(၂၀၀၀၊ စမန ၂၅၊ ၅၀၊ စိတ်ဇယား)

**အဖြေ** – သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၌ အပြစ်ရှိမှန်းမသိ၍ မိမိဘာသာ ပျော်ရွှင်စွာခိုးမှု လွန်ကျူးသူ၏သန္တာန်၌ဖြစ်သော အကုသိုလ်စိတ်သည် –

''သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကလောဘမူစိတ်'' ဖြစ်၏။

**– စိတ်အကျယ် ၁၂၁ ပါးကို ဇာတိဘေဒနည်းအရ ဝေဖန်ရသော် –**

အကုသိုလ်စိတ် = ၁၂ ပါး၊
ကုသိုလ်စိတ် = ၃၇ ပါး၊
ဝိပါက်စိတ် = ၅၂ ပါး၊
ကြိယာစိတ် = ၂၀ ပါး၊

ပေါင်း – စိတ်အကျယ် = ၁၂၁ ပါး ဖြစ်ပါသည်။

**၆၁။ ''ရင်ထဲမှာ ဒွိဟစိတ်တွေနဲ့''ဟူသောစကား၌ ဒွိဟစိတ်ဟူသည် အဘယ်စိတ်ကို ခေါ်ပါသနည်း ဖြေဆို၍ အကုသိုလ်စိတ် ၁၂ ပါးကိုလည်း ဝေဒနာအားဖြင့် သိသာရုံမျှ ခွဲခြားပြပါ။** (၂၀၀၀၊ စမန ၂၈၊ ၂၅၊ ၂၇)

**အဖြေ** – ''ရင်ထဲမှာ ဒွိဟစိတ်တွေနဲ့''ဟူသောစကား၌ ဒွိဟစိတ်ဟူသည်မှာ – ''ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် မောဟမူစိတ်'' ဖြစ်ပါသည်။

**– အကုသိုလ်စိတ် ၁၂ ပါးကို ဝေဒနာအားဖြင့် ခွဲခြားပြရသော် –**

| | | |
|---|---|---|
| သောမနဿသဟဂုတ်စိတ် | = | ၄ ပါး၊ |
| ဒေါမနဿသဟဂုတ်စိတ် | = | ၂ ပါး၊ |
| ဥပေက္ခာသဟဂုတ်စိတ် | = | ၆ ပါး၊ |
| သုခသဟဂုတ်စိတ် | = | မရှိ၊ |
| ဒုက္ခသဟဂုတ်စိတ် | = | မရှိ၊ |

စုစုပေါင်း – အကုသိုလ်စိတ် = ၁၂ ပါး ဖြစ်ပါသည်။

**၆၂။ လျှာတစ်ခုတည်းရှိပါလျက် အဘယ်ကြောင့် ''ဇိဝှာဝိညာဏ်ဒွေး'' ခေါ်ရသည်ကို ဖြေဆို၍ အဟိတ်စိတ် ၁၈ ပါးကိုလည်း ဇာတိဘေဒအားဖြင့် ဝေဖန်ပြပါ။** (၂၀၀၁၊ စမန ၃၀၊ ၃၁၊ ၃၃)

**အဖြေ – လျှာတစ်ခုတည်းရှိပါလျက် ''ဇိဝှာဝိညာဏ်ဒွေး''ဟု ခေါ်ရခြင်းမှာ –**

(၁) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ် (စားသိစိတ်)နှင့်

(၂) အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ် (စားသိစိတ်) ဟူ၍ ဇိဝှာဝိညာဏ် (စားသိစိတ်) ၂ ပါးရှိသောကြောင့် ဖြစ်ပါသည်။

**– အဟိတ်စိတ် ၁၈ ပါးကို ဇာတိဘေဒအားဖြင့် ဝေဖန်ပြရသော် –**

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | မရှိ၊ |
| ကုသိုလ်စိတ် | = | မရှိ၊ |
| ဝိပါက်စိတ် | = | ၁၅ ပါး၊ |
| ကြိယာစိတ် | = | ၃ ပါး၊ |

ပေါင်း – အဟိတ်စိတ် = ၁၈ ပါး ဖြစ်ပါသည်။

**၆၃။ အိုမင်းမစွမ်းဖြစ်သော ဘိုးဘွားများ၏ကိစ္စကြီးငယ်ကို မိမိအသိစိတ်ဖြင့် ပျော်ရွှင်စွာ ကူညီဆောင်ရွက်ပေးနေသော လူငယ်တစ်ဦး၏သန္တာန်၌ဖြစ်ပေါ်နေသော ကုသိုလ်စိတ်ကို ပြည့်စုံတိကျစွာဖော်ပြ၍ ပထမဈာန်၌ပါဝင်သော ဈာန်အင်္ဂါ (၅) ပါးကိုလည်း ဖြေဆိုပါ။** (၂၀၀၁၊ စမန ၃၄၊ ၃၅၊ ၃၉၊ ၄၁)

**အဖြေ** – ဘိုးဘွားများ၏ကိစ္စကြီးငယ်ကို မိမိအသိစိတ်ဖြင့် ပျော်ရွှင်စွာကူညီဆောင်ရွက်ပေးနေသော လူငယ်တစ်ဦး၏သန္တာန်၌ဖြစ်ပေါ်နေသော ကုသိုလ်စိတ်သည် –

''သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်'' ဖြစ်ပါသည်။

**– ပထမဈာန်၌ပါဝင်သော ဈာန်အင်္ဂါ (၅) ပါးမှာ –**

(၁) **ဝိတက်** = ယှဉ်ဖက်စိတ်စေတသိက်တို့ကို အာရုံသို့တင်ပေးခြင်းသဘော၊

(၂) **ဝိစာရ =** အာရုံကို သုံးသပ်ခြင်း, ထပ်ခါထပ်ခါယူခြင်းသဘော၊

(၃) **ပီတိ** = အာရုံကိုနှစ်သက်ခြင်း, ဝမ်းမြောက်ရွှင်လန်းခြင်းသဘော၊

(၄) **သုခ** = ချမ်းသာသောခံစားမှု, ခံစားခြင်းသဘော၊

(၅) **ဧကဂ္ဂတာ** = အာရုံတစ်ခု၌ တည်တံ့ခြင်း, တည်ကြည်ခြင်းသဘောတို့ ဖြစ်သည်။

**၆၄။ လောကုတ္တရာစိတ်အကျဉ်း ၈ ပါးမှ အကျယ် ၄၀ ဖြစ်ပေါ်လာပုံကို ဖြေဆို၍၊ စိတ်အကျယ် ၁၂၁ ပါးကိုလည်း အကြောင်းစိတ်, အကျိုးစိတ်, ကြောင်းကျိုးလွတ် စိတ်အားဖြင့် သန်္ချာမျှဖော်ပြပါ။** (၂၀၀၁၊ စမန ၄၆၊ ၄၇၊ စိတ်ဇယား)

**အဖြေ** – လောကုတ္တရာစိတ်အကျဉ်း ၁ ပါးစီသည် ရူပါဝစရပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်အသီးသီးနှင့်ယှဉ်ခြင်းဖြင့် လောကုတ္တရာစိတ် အကျယ် ၅ ပါး ဖြစ်လာပါသည်။

ထို့ကြောင့် လောကုတ္တရာစိတ်အကျဉ်း ၈ ပါး × ရူပဈာန် ၅ ပါး = အကျယ် ၄၀ ပါး ဖြစ်ပါသည်။

**စိတ်အကျယ် ၁၂၁ ပါးတွင် အကြောင်းစိတ်များမှာ**

| | |
|---|---|
| အကုသိုလ်စိတ် | = ၁၂ ပါး၊ |
| လောကီကုသိုလ်စိတ် | = ၁၇ ပါး၊ |
| လောကုတ္တရာမဂ်စိတ် | = ၂၀ ပါး၊ |
| ∴ အကြောင်းစိတ်ပေါင်း | = ၄၉ ပါး ဖြစ်ပါသည်။ |

**စိတ်အကျယ် ၁၂၁ ပါးတွင် အကျိုးစိတ်များမှာ**

| | |
|---|---|
| လောကီဝိပါက်စိတ် | = ၃၂ ပါး၊ |
| လောကုတ္တရာဖိုလ်စိတ်အကျယ် | = ၂၀ ပါး၊ |
| ∴ အကျိုးစိတ်ပေါင်း | = ၅၂ ပါး ဖြစ်ပါသည်။ |

**စိတ်အကျယ် ၁၂၁ ပါးတွင် ကြိယာစိတ် ၂၀ ပါရှိသဖြင့်**
ကြောင်းကျိုးလွတ်စိတ် = ၂၀ ပါး ဖြစ်ပါသည်။

**၆၅။ ''စိတ်ကောင်း၊ စေတနာကောင်းထားကြစမ်းပါ''ဟု ပြောဆိုတိုက်တွန်းကြရာ (က) အဘယ်စိတ်သည် စိတ်ကောင်း၊ (ခ) အဘယ်စေတနာသည် စေတနာကောင်း မည်ပါသနည်း၊ ဖြေဆိုခဲ့ပါ။** (၂၀၀၂၊ စမန ၄၉)

**အဖြေ** – ''စိတ်ကောင်း၊ စေတနာကောင်းထားကြစမ်းပါ''ဟု ပြောဆိုတိုက်တွန်းကြရာ၌ (က) စိတ်ကောင်းသည် သောဘနစိတ်အကျဉ်း ၅၉ ပါး၊ အကျယ် ၉၁ ပါးဖြစ်ပါသည်။

(ခ) စေတနာကောင်းသည် ထိုသောဘနစိတ်အကျဉ်း ၅၉ ပါး၊ အကျယ် ၉၁ ပါးတို့နှင့် ယှဉ်သော စေတနာအကျဉ်း ၅၉ ပါး၊ အကျယ် ၉၁ ပါးဖြစ်ပါသည်။

**၆၆။ ''ကောင်းတာလုပ်က ကောင်းကျိုးရ''ဆိုရာ ကောင်းကြောင်းတရားနှင့် ကောင်းကျိုးတရားများကို အကျဉ်းအကျယ်နည်းနှစ်သွယ်ဖြင့် စိတ်ပိုင်းကို ရှုမြင်သုံးသပ်လျက် သရုပ်ဖော်ပြပါ။** (၂၀၀၂၊ စမန ၄၉၊ စိတ်ဇယား)

**အဖြေ** – ကောင်းကြောင်းတရားဖြစ်သည့်ကုသိုလ်စိတ်များမှာ –

| | | |
|---|---|---|
| (၁) လောကီကုသိုလ်စိတ် | = | ၁၇ ပါး |
| (၂) လောကုတ္တရာကုသိုလ်စိတ် | = | ၄ ပါး (အကျဉ်း) / ၂၀ ပါး (အကျယ်) |
| ∴ ကောင်းကြောင်းတရားများ | = | ၂၁ ပါး (အကျဉ်း) / ၃၇ ပါး (အကျယ်) |

**– ကောင်းကျိုးတရားများမှာ ကုသလဝိပါက်စိတ်များဖြစ်ပါသည်။**

| | | |
|---|---|---|
| (၁) ကာမာဝစရကုသလဝိပါက်စိတ် | = | ၁၆ ပါး၊ |
| (၂) မဟဂ္ဂုတ်ဝိပါက်စိတ် | = | ၉ ပါး၊ |
| (၃) လောကုတ္တရာဝိပါက်စိတ် | = | ၄ ပါး (အကျဉ်း) / ၂၀ ပါး (အကျယ်) |
| ∴ ကောင်းကျိုးတရားများ | = | ၂၉ ပါး (အကျဉ်း) / ၄၅ ပါး (အကျယ်) |

**၆၇။ ''သေရည်သောက်စား ပြုတုံငြားလည်း၊ သူတစ်ပါးအား ပြစ်မှားမရှိ မထိပါးဘိက ငရဲမကြီး၊ အပြစ်မရှိ''ဟု ပြောဆိုသူ၏စကားကို ယုံကြည်လက်ခံကာ ပျော်ပျော်ကြီးဝိုင်းဖွဲ့၍ သောက်စားနေသောသူတို့၏သန္တာန်၌ ဖြစ်သောစိတ်ကို ဖော်ပြ၍၊ ၎င်းစိတ်နှင့်အတူဖြစ်ခွင့်ရှိသော စေတသိက်တရားတို့ကိုလည်း ဖော်ပြခဲ့ပါ။**

(၂၀၀၂၊ စမန ၂၅၊ ၇၄)

**အဖြေ** – ''သေရည်သောက်စား ပြုတုံငြားလည်း၊ သူတစ်ပါးအား ပြစ်မှားမရှိ မထိပါးဘိက ငရဲမကြီး၊ အပြစ်မရှိ''ဟူသောစကားကို ယုံကြည်လက်ခံကာ ပျော်ပါးသောက်စားနေသူတို့၏သန္တာန်၌ ဖြစ်သောစိတ်သည် –

''သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက လောဘမူစိတ်'' ဖြစ်၏။

– ၎င်းစိတ်နှင့်အတူဖြစ်ခွင့်ရှိသော စေတသိက်တရားတို့မှာ –

| | | |
|---|---|---|
| အညသမာန်းစေတသိက် | = | ၁၃ ပါး၊ |
| အကုသလသာဓာရဏစေတသိက် | = | ၄ ပါး၊ |
| လောဘနှင့် ဒိဋ္ဌိစေတသိက် | = | ၂ ပါး၊ |
| စုစုပေါင်း – စေတသိက် | = | ၁၉ ပါး ဖြစ်ပါသည်။ |

ပျော်ပျော်ကြီးဝိုင်းဖွဲ့၍သောက်စားနေကြသဖြင့် ထိန၊ မိဒ္ဓစေတသိက် ၂ ပါး မယှဉ်ပါ။

**၆၈ ။ ပရမတ္ထတရား ၄ ပါးတို့တွင် စိတ်သည် အကျဉ်းအားဖြင့် ၈၉ ပါး၊ အကျယ်အားဖြင့် ၁၂၁ ပါးဟုလည်းကောင်း၊ သောဘနစိတ်သည် အကျဉ်းအားဖြင့် ၅၉ ပါး၊**

**အကျယ်အားဖြင့် ၉၁ ပါးဟုလည်းကောင်းရှိရာ၊ ထိုအကျဉ်းအကျယ်စိတ်တို့၏ အလယ်တည့်တည့်စိတ်ကို ထုတ်ပြ၍ ပရမတ္ထတရား ၄ ပါးကိုလည်း ရေတွက်ပြခဲ့ပါ။**
(၂၀၀၃၊ စမန ၁၆၊ စိတ်ဇယား)

**အဖြေ – စိတ်အကျဉ်း ၈၉ ပါး၏အလယ်တည့်တည့်စိတ်သည် –**
''ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ်'' ဖြစ်ပါသည်။

**– စိတ်အကျယ် ၁၂၁ ပါး၏အလယ်တည့်တည့်စိတ်သည် –**
''ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသည့် ရူပါဝစရ ဒုတိယဈာန်ဝိပါက်စိတ်'' ဖြစ်ပါသည်။

**– သောဘနစိတ်အကျဉ်း ၅၉ ပါး၏အလယ်တည့်တည့်စိတ်သည် –**
''ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၅ ပါးနှင့်ပြည့်စုံသည့် ရူပါဝစရပထမဈာန်ဝိပါက်စိတ်'' ဖြစ်ပါသည်။

**– သောဘနစိတ်အကျယ် ၉၁ ပါး၏အလယ်တည့်တည့်စိတ်သည် –**
''ဥပေက္ခာ၊ ဧကဂ္ဂတာဟူသည့် ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော အာကိဉ္စညာယတန ဝိပါက်စိတ်'' ဖြစ်ပါသည်။

**– ပရမတ္ထတရား ၄ ပါးမှာ** ''စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်''တို့ ဖြစ်ပါသည်။
စိတ်သည် အကျဉ်း ၈၉ ပါး၊ အကျယ် ၁၂၁ ပါးရှိ၏။
စေတသိက်သည် ၅၂ ပါးရှိ၏၊ ရုပ်သည် ၂၈ ပါးရှိ၏၊
နိဗ္ဗာန်သည် ၁ ပါးသာရှိပါသည်။

**၆၉။ ဤကားကုသိုလ်, အကုသိုလ်ဟု ခွဲခြားမသိ ဉာဏ်မရှိဘဲ ဒါနသီလစသည်ဖြာဖြာ ကောင်းမှုကိုသာ သောမနဿဖြင့် ပြုလုပ်လေ့ရှိသောသူ၏သန္တာန်၌ ဖြစ်သောစိတ်ကို ယှဉ်ဘက်တရားနှင့်တကွဖော်ပြ၍၊ ၎င်းစိတ်ကို ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ဌာနတို့ဖြင့် ခွဲခြားပြပါ။** (၂၀၀၃၊ စမန ၃၄၊ ၃၅၊ စေတသိက်, ဟေတု, ကိစ္စ, ဒွါရ, အာရမ္မဏ, ဝတ္ထုသင်္ဂဟဇယားများ)

**အဖြေ** – ဤကားကုသိုလ်, အကုသိုလ်ဟု ခွဲခြားမသိ ဉာဏ်မရှိဘဲ ဒါနသီလစသည်ဖြာဖြာ ကောင်းမှုကိုသာ သောမနဿဖြင့်ပြုလုပ်လေ့ရှိသောသူ၌ ဖြစ်သောစိတ်သည် –
''သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်'' ဖြစ်၏။

– ၎င်းစိတ်၏ယှဉ်ဘက်တရား (စေတသိက်) မှာ –

| | | |
|---|---|---|
| အညသမာန်းစေတသိက် | = ၁၃ ပါး၊ | |
| သောဘနသာဓာရဏစေတသိက် | = ၁၉ ပါး၊ | |
| စုစုပေါင်း – စေတသိက် | = ၃၂ ပါး | ယှဉ်ပါသည်။ |

– ၎င်းစိတ်၏ ဝေဒနာ = သောမနဿဝေဒနာ၊
ဟိတ် = အလောဘ, အဒေါသ (ဒွိဟိတ်)

ကိစ္စ = ဇောကိစ္စ၊
ဒွါရ = ၆ ဒွါရ (မြဲ)
အာရုံ = လောကီစိတ် ၈၁ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါး၊
ပညတ်ဟုဆိုအပ်သော လောကီအာရုံ ၆ ပါး၊
ဝတ္ထု = ဟဒယဝတ္ထုကို မှီပါသည်။

**၇၀။ အဘိဓမ္မာဘာသာ ပထမဆင့်မေးခွန်းလွှာကို ဖတ်ရှုနေသောစာဖြေရှင်မောင်မယ်တို့၏သန္တာန်၌ ဖြစ်သောစိတ်ကို ဖော်ပြ၍၊ ထိုစိတ်ကို ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထုတို့ဖြင့် ဝေဖန်ပြပါ။** (၂၀၀၄၊ စမန ၃၀၊ သင်္ဂဟဇယားများ)

**အဖြေ** – အဘိဓမ္မာ ပထမဆင့်မေးခွန်းလွှာကို ဖတ်ရှုနေသောစာဖြေရှင်မောင်မယ်တို့၏သန္တာန်၌ဖြစ်သောစိတ်သည် –

''အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်'' ဖြစ်ပါသည်။

– ထိုစိတ်၏ ဝေဒနာ = ဥပေက္ခာဝေဒနာ၊
ဟိတ် = အဟိတ် (ဟိတ်မရှိပါ)
ကိစ္စ = ဒဿနကိစ္စ (မြင်သိကိစ္စ)
ဒွါရ = စက္ခုဒွါရ (မြဲ)
အာရုံ = ပစ္စုပ္ပန်ရူပါရုံ
ဝတ္ထု = စက္ခုဝတ္ထု ခေါ် စက္ခုပသာဒတို့ဖြစ်ပါသည်။

**၇၁။ ''ကောင်းမှုပြုလုပ်က ကောင်းကျိုးခံစားရ၏၊ မကောင်းမှုပြုလုပ်က မကောင်းကျိုးခံစားရ၏''ဟူသောစကား၌ ကောင်းကျိုး, မကောင်းကျိုးဟု ခေါ်ဆိုရသောစိတ်တို့ကို သိသာရုံမျှ ဖော်ပြပါ။** (၂၀၀၄၊ စမန ၄၉၊ စိတ်ဇယား)

**အဖြေ** – ''ကောင်းမှုပြုလုပ်က ကောင်းကျိုးခံစားရ၏၊ မကောင်းမှုပြုလုပ်က မကောင်းကျိုးခံစားရ၏''ဟူသောစကား၌ **ကောင်းကျိုးဟုခေါ်ဆိုရသောစိတ်များမှာ** –

| | | |
|---|---|---|
| အဟိတ်ကုသလဝိပါက်စိတ် | = | ၈ ပါး၊ |
| မဟာဝိပါက်စိတ် | = | ၈ ပါး၊ |
| ရူပါဝစရဝိပါက်စိတ် | = | ၅ ပါး၊ |
| အရူပါဝစရဝိပါက်စိတ် | = | ၄ ပါး၊ |
| လောကုတ္တရာဝိပါက်စိတ် | = | ၄ ပါး (အကျဉ်း) / ၂၀ ပါး (အကျယ်) |
| ပေါင်း – ကောင်းကျိုးစိတ် | = | ၂၉ ပါး (အကျဉ်း) / ၄၅ ပါး (အကျယ်) |

– **မကောင်းကျိုးဟုခေါ်ဆိုရသောစိတ်တို့မှာ** ''အကုသလဝိပါက်စိတ် ၇ ပါး''ဖြစ်ပါသည်။

**၇၂။ ''စိတ်ကောင်းရှိက ချမ်းသာရ''ဟူသောစကား၌ ''စိတ်ကောင်း''ဟု ခေါ်ဆိုရသောတရားတို့ကို ရေတွက်ပြ၍ ဘဝတစ်ခု၏အစဆုံးနှင့် နောက်ဆုံးဖြစ်သောစိတ်**

**တို့ကို သိသာရုံမျှ ဖော်ပြပါ။** (၂၀၀၄၊ စမန ၄၉၊ စိတ်ဇယား၊ ကိစ္စသင်္ဂဟဇယား)

**အဖြေ** – ''စိတ်ကောင်းရှိက ချမ်းသာရ''ဟူသောစကား၌ ''စိတ်ကောင်း''ဟူသည်မှာ ''သောဘနစိတ်အကျဉ်း ၅၉ ပါး၊ အကျယ် ၉၁ ပါး''ဖြစ်ပါသည်။ ၎င်းတို့မှာ –

| | | |
|---|---|---|
| ကာမသောဘနစိတ် | = | ၂၄ ပါး၊ |
| ရူပါဝစရစိတ် | = | ၁၅ ပါး၊ |
| အရူပါဝစရစိတ် | = | ၁၂ ပါး၊ |
| လောကုတ္တရာစိတ် | = | ၈ ပါး (အကျဉ်း) / ၄၀ ပါး (အကျယ်) |
| ပေါင်း – သောဘနစိတ် | = | ၅၉ ပါး (အကျဉ်း) / ၉၁ ပါး (အကျယ်) |

– ဘဝတစ်ခု၏အစဆုံးစိတ်သည် **ပဋိသန္ဓေစိတ်**ဖြစ်ပြီး၊ နောက်ဆုံးစိတ်သည် **စုတိစိတ်** ဖြစ်ပါသည်။ ပဋိသန္ဓေစိတ်, စုတိစိတ်အဖြစ် ဆောင်ရွက်ကြသောစိတ်တို့မှာ –

''ဥပေက္ခာသန္တီရဏစိတ် ၂ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါး''တို့ ဖြစ်၏။

**၃၃။ စိတ် ၈၉ ပါးတို့တွင် (က) အကျဉ်း, အကျယ်ရှိသောစိတ်၊ (ခ) အကျဉ်း, အကျယ်မရှိသောစိတ်တို့ကို သိသာရုံမျှ ဖော်ပြပြီးလျှင်၊ အမှီခံနာမ်နှင့် မှီတတ်ရာနာမ် တို့ကိုလည်း ဖော်ပြခဲ့ပါ။** (၂၀၀၅၊ စမန ၁၆၊ စိတ်ဇယား)

**အဖြေ** – (က) စိတ် ၈၉ ပါးတွင် အကျဉ်း, အကျယ်ရှိသောစိတ်မှာ ''**လောကုတ္တရာစိတ်**'' ဖြစ်ပါသည်။ လောကုတ္တရာစိတ်အကျဉ်း ၈ ပါး, အကျယ် ၄၀ ပါးရှိပါသည်။

(ခ) စိတ် ၈၉ ပါးတွင် အကျဉ်း, အကျယ်မရှိသောစိတ်သည် ''**လောကီစိတ်**''ဖြစ်ပါသည်။ ကာမစိတ် ၅၄ ပါးနှင့် မဟဂ္ဂုတ်စိတ် ၂၇ ပါးဟူ၍ လောကီစိတ် ၈၁ ပါးရှိပါသည်။

(ဂ) အမှီခံနာမ်သည် ''**စိတ်**''ဖြစ်၍ မှီတတ်ရာနာမ်သည် ''**စေတသိက်**''ဖြစ်ပါသည်။

**၃၄။ ''လောကီထုပ္ပတ် လူတို့ဇာတ်''ဟုဆိုရာ လောကီစိတ်မည်မျှရှိသည်ကို သင်္ချာမျှဖော်ပြ၍၊ ၎င်းစိတ်တို့ကို (က) အကြောင်းစိတ် (ခ) အကျိုးစိတ် (ဂ) အကြောင်းအကျိုး လွတ်သောစိတ်တို့ကို ခွဲခြားပြပါ။** (၂၀၀၅၊ စမန ၄၈၊ စိတ်ဇယား)

**အဖြေ** – လောကီစိတ် ၈၁ ပါးရှိပါသည်။ ၎င်းစိတ်တို့တွင်

| | | | |
|---|---|---|---|
| (က) **အကြောင်းစိတ်** – | အကုသိုလ်စိတ် | = | ၁၂ ပါး၊ |
| | မဟာကုသိုလ်စိတ် | = | ၈ ပါး၊ |
| | ရူပါဝစရကုသိုလ်စိတ် | = | ၅ ပါး၊ |
| | အရူပါဝစရကုသိုလ်စိတ် | = | ၄ ပါး၊ |
| | အကြောင်းစိတ်ပေါင်း | = | ၂၉ ပါး။ |
| (ခ) **အကျိုးစိတ်** – | အကုသလဝိပါက်စိတ် | = | ၇ ပါး၊ |
| | အဟိတ်ကုသလဝိပါက်စိတ် | = | ၈ ပါး၊ |

မဟာဝိပါက်စိတ် = ၈ ပါး၊
ရူပါဝစရဝိပါက်စိတ် = ၅ ပါး၊
အရူပါဝစရဝိပါက်စိတ် = ၄ ပါး၊

အကျိုးစိတ်ပေါင်း = ၃၂ ပါး။

(ဂ) **ကြောင်းကျိုးလွတ်သောစိတ်** – အဟိတ်ကြိယာစိတ် = ၃ ပါး၊
မဟာကြိယာစိတ် = ၈ ပါး၊
ရူပါဝစရကြိယာစိတ် = ၅ ပါး၊
အရူပါဝစရကြိယာစိတ် = ၄ ပါး၊

ကြောင်းကျိုးလွတ်စိတ်ပေါင်း = ၂၀ ပါး ဖြစ်ပါသည်။

**၇၅။ ''အနစ်နာခံ ထိပ်မှာစံ''ဟူသောစကားအရ အနစ်နာခံသောသူ၏သန္တာန်၌ဖြစ်သောစေတသိကဓမ္မကို ဖော်ပြ၍၊ ယင်းနှင့်ယှဉ်သောစိတ်တို့ကို ဘူမိဘေဒအားဖြင့် ခွဲခြားဝေဖန်ပြပါ။** (၂၀၀၅၊ စမန ၆ဧ၊ ၇၂၊ စိတ်ဇယား)

**အဖြေ** – ''အနစ်နာခံ ထိပ်မှာစံ''ဟူသောစကားအရ အနစ်နာခံသူ၏သန္တာန်၌ဖြစ်သောစေတသိကဓမ္မသည် ''**အဒေါသစေတသိက်**''ဖြစ်ပါသည်။

– ယင်းစေတသိက်နှင့်ယှဉ်သောစိတ်တို့ကို ဘူမိဘေဒအားဖြင့် ခွဲခြားဝေဖန်ရသော် –

ကာမာဝစရသောဘနစိတ် = ၂၄ ပါး၊
ရူပါဝစရစိတ် = ၁၅ ပါး၊
အရူပါဝစရစိတ် = ၁၂ ပါး၊
လောကုတ္တရာစိတ် = ၈ ပါး (အကျဉ်း) / ၄၀ ပါး (အကျယ်)

ပေါင်း – သောဘနစိတ် = ၅၉ ပါး (အကျဉ်း) / ၉၁ ပါး (အကျယ်)

**၇၆။ မဟာကုသလ၊ မဟဂ္ဂနှင့်၊ မဂ္ဂကုသိုလ်၊ နိဗ္ဗာန်ဖိုလ်မှန်၊ ငါးတန်၌ ပဟာန်မည်ရ တဒင်''ဟူသော လင်္ကာ၌ပါသော (က) မဟာကုသိုလ်၊ (ခ) မဟဂ္ဂုတ်ကုသိုလ်၊ (ဂ) မဂ်ကုသိုလ်၊ (ဃ) ဖိုလ်ဝိပါက်တို့၏သရုပ်ကို သင်္ချာမျှသာ ဖော်ပြခဲ့ပါ။** (၂၀၀၆၊ စိတ်ဇယား)

**အဖြေ** – ''မဟာကုသလ၊ မဟဂ္ဂနှင့်၊ မဂ္ဂကုသိုလ်၊ နိဗ္ဗာန်ဖိုလ်မှန်၊ ငါးတန်၌ ပဟာန်မည်ရ တဒင်''ဟူသောလင်္ကာ၌ ပါသည့်စိတ်တို့၏သရုပ်ကို သင်္ချာမျှဖော်ပြရသော် –

(က) မဟာကုသိုလ်စိတ် = ၈ ပါး၊
(ခ) မဟဂ္ဂုတ်ကုသိုလ်စိတ် = ၉ ပါး၊
(ဂ) မဂ်ကုသိုလ် = ၄ ပါး (အကျဉ်း) / ၂၀ ပါး (အကျယ်)
(ဃ) ဖိုလ်ဝိပါက် = ၄ ပါး (အကျဉ်း) / ၂၀ ပါး (အကျယ်)တို့ဖြစ်ပါသည်။

**၇၇။ ''ပရမတ်ပြန် အကြောင်းသမားတို့ ထောင်လွှားကြ သူ့ထက်ပါ''ဆိုရာ ပရမတ်ပြန် အကြောင်းသမားများ မဖြစ်ရလေအောင် ပရမတ္ထတရားများကို ရေတွက်ပြပြီးလျှင် ''အချစ်အဘိဓမ္မာ''ဆိုကြရာ အချစ်သည် အဘိဓမ္မာမည်မမည် ဆုံးဖြတ်ခဲ့ပါ။**

(၂၀၀၆၊ စမန ၁၆၊ ၁၇၊ ၁၈၊ ၂၂)

**အဖြေ – ပရမတ်တရားများကို ရေတွက်ပြရသော် –**

**စိတ်**သည် အကျဉ်း ၈၉ ပါး, အကျယ် ၁၂၁ ပါး ရှိပါသည်။

**စေတသိက်**သည် ၅၂ ပါး ရှိပါသည်။

**ရုပ်**သည် ၂၈ ပါး ရှိပါသည်။

**နိဗ္ဗာန်**သည် ၁ ပါးသာ ရှိပါသည်။

– ''**အချစ်အဘိဓမ္မာ**''ဆိုကြရာ အချစ်၏တရားကိုယ်သည် လောဘစေတသိက် (တဏှာ) ဖြစ်ပါသည်။ လောဘသည် ပရမတ်တရားများတွင်ပါဝင်ရာ ပရမတ်တရားများအကြောင်းကို ဟောပြောသည့်အဘိဓမ္မာတွင် အကျုံးဝင်၏။ ထို့ကြောင့် ''အချစ်''သည် အဘိဓမ္မာ မည်သည်ဟု ဆုံးဖြတ်ရပါမည်။

**၇၈။ ''စိတ်ထားလျှင် ပဓာန၊ စိတ်သာလျှင် အဓိက''ဟုလောကလူသားတို့ ပြောဆိုနေကြရာ ၎င်းစိတ် ၁၂၁ ပါးတွင် ဈာန်စိတ်တို့ကို သင်္ချာမျှဖော်ပြ၍ (က) အကြောင်းစိတ် (ခ) အကျိုးစိတ် (ဂ) အကြောင်းအကျိုးနှစ်မျိုးမှ လွတ်သောစိတ်တို့ကိုလည်း သင်္ချာမျှသာ ဖော်ပြခဲ့ပါ။** (၂၀၀၇၊ စမန ၄၉၊ စိတ်ဇယား)

**အဖြေ** – စိတ် ၁၂၁ ပါးတွင် ဈာန်စိတ် ၆၇ ပါး ပါရှိပါသည်။ မဟဂ္ဂုတ်လောကီဈာန်စိတ် ၂၇ ပါးနှင့် လောကုတ္တရာဈာန်စိတ် ၄၀ ပါးတို့ဖြစ်ပါသည်။

**– စိတ် ၁၂၁ ပါးတွင် –**

(က) **အကြောင်းစိတ်** = အကုသိုလ်စိတ် ၁၂ ပါး + ကုသိုလ်စိတ် ၃၇ ပါး
= ပေါင်း – ၄၉ ပါး ဖြစ်ပါသည်။

(ခ) **အကျိုးစိတ်** = လောကီဝိပါက်စိတ် ၃၂ ပါး + လောကုတ္တရာဝိပါက်စိတ် ၂၀ ပါး
= ပေါင်း – ၅၂ ပါး ဖြစ်ပါသည်။

(ဂ) **အကြောင်းအကျိုးနှစ်မျိုးမှလွတ်သောစိတ်** = ကြိယာစိတ် ၂၀ ပါး ဖြစ်ပါသည်။

**၇၉။ . . . ဖိုလ်စိတ် ၄ ပါးပြားရခြင်းအကြောင်းကိုလည်း ရေးခဲ့ပါ။** (၂၀၀၇၊ စမန ၄၆)

**အဖြေ** – မဂ်စိတ် ၄ ပါးပြားရခြင်းကြောင့် မဂ်၏အကျိုးဖြစ်သော ဖိုလ်စိတ်သည်လည်း ၄ ပါးပြားရခြင်း ဖြစ်ပါသည်။

**၈၀။ သမ္ပယုတ်အမျိုးအစားများကို ဖော်ပြ၍ အဟိတ်စိတ်တို့တွင် ယှဉ်အတွဲစိတ်တို့ကိုလည်း ရသမျှဖော်ပြပါ။** (၂၀၀၈၊ စမန ၂၅၊ ၂၇၊ ၂၈၊ ၃၄၊ ၃၂၊ ၃၃)

**အဖြေ – သမ္ပယုတ်အမျိုးအစားများမှာ –**

(၁) ဒိဋ္ဌိဂတသမ္ပယုတ် (၂) ပဋိဃသမ္ပယုတ်
(၃) ဝိစိကိစ္ဆာသမ္ပယုတ် (၄) ဥဒ္ဓစ္စသမ္ပယုတ်
(၅) ဉာဏသမ္ပယုတ်တို့ ဖြစ်ပါသည်။

**– အဟိတ်စိတ်တို့တွင် ယုဂဠအတွဲစိတ်များမှာ –**

(၁) စက္ခုဝိညာဏ်ဒွေ (၂) သောတဝိညာဏ်ဒွေ
(၃) ဃာနဝိညာဏ်ဒွေ (၄) ဇိဝှာဝိညာဏ်ဒွေ
(၅) ကာယဝိညာဏ်ဒွေ (၆) ဒွေပဉ္စဝိညာဏ်
(၇) သမ္ပဋိစ္ဆိုန်းဒွေ (၈) ဥပေက္ခာသန္တီရဏဒွေ
(၉) အာဝဇ္ဇန်းဒွေတို့ ဖြစ်ပါသည်။

**၈၁။ စိတ် ၈၉ ပါးတွင် (က) လောကီကုသိုလ် (ခ) လောကုတ္တရာကုသိုလ်စိတ်တို့ကို သင်္ချာမျှဖော်ပြပြီး၊ ကာမစိတ် ၅၄ ပါးကို ယောဂဘေဒအားဖြင့် ခွဲခြားဝေဖန်ပြပါ။**

(၂၀၀၈၊ စမန ၄၉၊ စိတ်ဇယား)

**အဖြေ** – စိတ် ၈၉ ပါးတွင် (က) လောကီကုသိုလ်စိတ် ၁၇ ပါး၊
(ခ) လောကုတ္တရာကုသိုလ်စိတ် ၄ ပါး ပါဝင်ပါသည်။

**– ကာမစိတ် ၅၄ ပါးကို ယောဂဘေဒအားဖြင့်ခွဲခြားဝေဖန်ရသော် –**

| | |
|---|---|
| သမ္ပယုတ်စိတ် | = ၂၀ ပါး၊ |
| ဝိပ္ပယုတ်စိတ် | = ၁၆ ပါး၊ |
| သမ္ပယုတ် – ဝိပ္ပယုတ်မဟုတ်သောစိတ် | = ၁၈ ပါး၊ |
| စုစုပေါင်း – ကာမစိတ် | = ၅၄ ပါးဖြစ်ပါသည်။ |

**၈၂။ ''မဖောက်မပြန် မှန်ကန်တည့်မတ်'' ဟူသည်နှင့်အညီ မဖောက်မပြန်သော နာမ်တရားများကို ဖော်ပြ၍ ''လောကဓာတ်ခံ''ဟု ဆိုကြရာ ဓာတ်လေးမျိုးကိုလည်း ထုတ်ပြပါ။** (၂၀၀၈၊ စမန ၁၆၊ ၁၈၊ ၅၀)

**အဖြေ** – မဖောက်မပြန် မှန်ကန်တည့်မတ်သောနာမ်တရားများမှာ **စိတ်၊ စေတသိက်၊ နိဗ္ဗာန်**တို့ ဖြစ်ပါသည်။ စိတ်အကျဉ်း ၈၉ ပါး, အကျယ် ၁၂၁ ပါး၊ စေတသိက် ၅၂ ပါး၊ နိဗ္ဗာန် ၁ ပါးတို့ ရှိပါသည်။

**– ''လောကဓာတ်ခံ''အရ ဓာတ် ၄ မျိုးတို့မှာ –**

(၁) အကုသိုလ်ဓာတ် (၂) ကုသိုလ်ဓာတ်
(၃) ဝိပါက်ဓာတ် (၄) ကြိယာဓာတ်တို့ဖြစ်ပါသည်။

**၈၃။ လောကီဘုံသား လူအများသဏ္ဍာန်၌ဖြစ်သော အကျိုးဝိပါက်စိတ်ကို သင်္ချာမျှဖော်ပြ၍၊ ကာမဘုံ၌ဖြစ်သော စိတ်တို့ကိုလည်း အကျဉ်းချုပ်ရေတွက်ပြခဲ့ပါ။**

(၂၀၀၉၊ စမန ၄၈)

**အဖြေ** – လောကီဘုံသား လူအများသဏ္ဍာန်၌ဖြစ်သောအကျိုးဝိပါက်စိတ် = ၂၃ ပါး၊

ဎင်းတို့မှာ – အကုသလဝိပါက်စိတ် = ၇ ပါး၊
အဟိတ်ကုသလဝိပါက်စိတ် = ၈ ပါး၊
မဟာဝိပါက်စိတ် = ၈ ပါး၊
ပေါင်း – ကာမဝိပါက်စိတ် = ၂၃ ပါး ဖြစ်ပါသည်။

**– ကာမဘုံ၌ဖြစ်သောစိတ်တို့ကို အကျဉ်းချုပ်ရေတွက်ပြရသော် –**

အကုသိုလ်စိတ် = ၁၂ ပါး၊
အဟိတ်စိတ် = ၁၈ ပါး၊
ကာမသောဘနစိတ် = ၂၄ ပါး၊
ပေါင်း – ကာမစိတ် = ၅၄ ပါး ဖြစ်ပါသည်။

**၈၄။ ''အိပ်ပျော်ရာမှနိုးခိုက် မျက်စိဖွင့်၍ကြည့်လိုက်ပါ''ဟူသောစကားတို့တွင် ပါဝင်သော (က) အိပ်ပျော်ခြင်းနှင့်တူသောစိတ် (ခ) နိုးလာခြင်းနှင့်တူသောစိတ် (ဂ) မြင်သိစိတ် တို့၏နာမည်တို့ကို ရေးသားပြပါ။** (၂၀၀၉၊ စမန ၃၄၊ ၃၁)

**အဖြေ** – (က) အိပ်ပျော်ခြင်းနှင့်တူသောစိတ် = ဘဝင်စိတ်၊
(ခ) နိုးလာခြင်းနှင့်တူသောစိတ် = အာဝဇ္ဇန်းစိတ်၊
(ဂ) မြင်သိစိတ် = ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်တို့ ဖြစ်ပါသည်။

**၈၅။ ''စိတ်သာရှင်စော ဘုရားဟော''ဟူရာ၌ ယင်းစိတ်တို့တွင် ကာမာဝစရစိတ် ၅၄ ပါးကို ဇာတိဘေဒအားဖြင့် ခွဲခြားပြ၍၊ ဇောအမည်မရရှာသောကြိယာစိတ် တို့ကိုလည်း ဖော်ပြပါ။** (၂၀၁၀၊ စမန ၅၄)

**အဖြေ** – **ကာမဝစရစိတ် ၅၄ ပါးကို ဇာတိဘေဒအားဖြင့်ခွဲခြားပြရသော် –**

အကုသိုလ်စိတ် = ၁၂ ပါး၊
ကုသိုလ်စိတ် = ၈ ပါး၊
ဝိပါက်စိတ် = ၂၃ ပါး၊
ကြိယာစိတ် = ၁၁ ပါး၊
ပေါင်း – ကာမစိတ် = ၅၄ ပါး ဖြစ်ပါသည်။

**– ဇောအမည်မရရှာသော ကြိယာစိတ်တို့မှာ –**

အဟိတ်ကြိယာ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် = ၁ ပါး၊
အဟိတ်ကြိယာ ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် = ၁ ပါး၊
ပေါင်း – အာဝဇ္ဇန်းစိတ် = ၂ ပါး ဖြစ်ပါသည်။

**၈၆။ ဈာန်အင်္ဂါငါးပါးစုံရှိသော မဟဂ္ဂုတ်စိတ်တို့ကို ဖော်ပြ၍၊ ပဥ္စမဈာန်စိတ်၏အင်္ဂါနှစ်ပါး နှင့် ကုသိုလ်၊ ဝိပါက်သာရှိ၍ ကြိယာမရှိသောစိတ်ကိုလည်း ဖော်ပြပါ။**

(၂၀၁၀၊ စမန ၄၁၊ ၄၂၊ ၄၆)

**အဖြေ – ဈာန်အင်္ဂါငါးပါးစုံရှိသော မဟဂ္ဂုတ်စိတ် ၃ ပါးရှိရာ ၎င်းတို့မှာ –**

(၁) ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၅ ပါးနှင့်ပြည့်စုံသော ရူပါဝစရပထမဈာန်ကုသိုလ်စိတ် ၁ ပါး၊

(၂) ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၅ ပါးနှင့်ပြည့်စုံသော ရူပါဝစရပထမဈာန်ဝိပါက်စိတ် ၁ ပါး၊

(၃) ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၅ ပါးနှင့်ပြည့်စုံသော ရူပါဝစရပထမဈာန်ကြိယာစိတ် ၁ ပါးတို့ ဖြစ်ပါသည်။

– ပဥ္စမဈာန်၏အင်္ဂါနှစ်ပါးမှာ **ဥပေက္ခာ**နှင့် **ဧကဂ္ဂတာ**တို့ ဖြစ်ပါသည်။

– ကုသိုလ်၊ ဝိပါက်သာရှိ၍ ကြိယာမရှိသောစိတ်သည် **လောကုတ္တရာစိတ်** ဖြစ်ပါသည်။

**၈၇။ အကြောင်းအကျိုးကိုကြည့်ပြီး အကောင်းအဆိုးကိုသိနိုင်ရာ စိတ်အကျယ် ၁၂၁ ပါးတို့တွင် အကြောင်းအကျိုးဖြစ်သောစိတ်တို့ကို သချၤာမှုပြဆို၍ ဝိပါက်စိတ်ဖြစ်ပါလျက် ဇောအမည်ရသောစိတ်တို့ကိုလည်း ညွှန်ပြပါ။** (၂၀၁၀၊ စိတ်ဇယား)

**အဖြေ – စိတ် ၁၂၁ ပါးတွင် အကြောင်းအကျိုးဖြစ်သောစိတ်တို့မှာ –**

အကုသိုလ်စိတ် ၁၂ ပါး + ကုသိုလ်စိတ် ၃၇ ပါးဟူ၍ **အကြောင်းစိတ်** = ၄၉ ပါး၊

လောကီဝိပါက်စိတ် ၃၂ + လောကုတ္တရာဝိပါက် ၂၀ ဟူ၍ **အကျိုးစိတ်** = ၅၂ ပါး။

**– ဝိပါက်စိတ်ဖြစ်ပါလျက် ဇောအမည်ရသောစိတ်တို့မှာ –**

လောကုတ္တရာဝိပါက်စိတ် = ဖိုလ်စိတ်အကျဉ်း ၄ ပါး/ အကျယ် ၂၀ ပါး ဖြစ်ပါသည်။

**၈၈။ သုံးလူ့ထွဋ်ထား ရှင်တော်ဘုရားအား ကျမ်းဦးအစ၌ အတုယူစရာရှိခိုးသွားသော ကျမ်းဆရာ၏ရည်ရွယ်ချက်ကို ရေးပြ၍၊ မတင့်တယ်သော်လည်း အကုသိုလ်မဟုတ်သော စိတ်သရုပ်ကိုလည်း ဖော်ထုတ်ပြပါ။**(၂၀၁၁၊ အခြေပြုသင်္ဂြိုဟ် ၂၊ စမန ၃၀)

**အဖြေ** – သုံးလူ့ထွဋ်ထား ရှင်တော်ဘုရားအား ကျမ်းဦးအစ၌ အတုယူစရာရှိခိုးသွားသော ကျမ်းဆရာ၏ရည်ရွယ်ချက်မှာ –

''**အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ဖို့ ချီးမြောက်ထောပနာ လွန်စွာကြည်နူး အထူးအားဖြင့် ရှိခိုးပါ၏**'' ဆိုသည့်အတိုင်း ဘေးရန်အန္တရာယ်ကင်းရှင်းပပျောက်၍ ချောမောအောင်မြင်စွာ ကျမ်းစာပြီးမြောက်ရန် ရည်ရွယ်ပါသည်။

– မတင့်တယ်သော်လည်း အကုသိုလ်မဟုတ်သောစိတ်သရုပ်မှာ –

(၁) အကုသလဝိပါက်စိတ် = ၇ ပါး၊

(၂) အဟိတ်ကုသလဝိပါက်စိတ် = ၈ ပါး၊ (၃) အဟိတ်ကြိယာစိတ် = ၃ ပါး၊

ပေါင်း – အဟိတ်စိတ် = ၁၈ ပါး ဖြစ်ပါသည်။

**၈၉။ မျက်စိနှစ်လုံးရှိသောကြောင့် ''စက္ခုဝိညာဏ်ဒွေ''ဟုပြောဆိုသောစကားသည် အဘိဓမ္မာအမြင်အရ လက်ခံနိုင်ဖွယ်ရှိ/မရှိ သရုပ်ကိုးကားဖြေရှင်းပြ၍ ကာမသောဘန စိတ် ၂၄ ပါးကိုလည်း ဝေဒနာ, ဉာဏ်, သင်္ခါရတို့ဖြင့် မြှောက်ပွားပြပါ။**

(၂၀၁၁၊ စမန ၃၂၊ ၃၄၊ ၃၅)

**အဖြေ** – မျက်စိနှစ်လုံးရှိသောကြောင့် ''**စက္ခုဝိညာဏ်ဒွေ**''ဟု ပြောဆိုသောစကားသည် အဘိဓမ္မာအမြင်အရ လက်ခံနိုင်ဖွယ်မရှိပါ။ အကြောင်းမှာ အဘိဓမ္မာအမြင်အရ –

(၁) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် ၁ ပါးနှင့်

(၂) အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် ၁ ပါးဟူ၍ စက္ခုဝိညာဏ် (မြင်သိစိတ်) ၂ ပါးရှိသောကြောင့် ''စက္ခုဝိညာဏ်ဒွေ''ဟု ခေါ်ဆိုခြင်းဖြစ်၏။

**– ကာမသောဘနစိတ် ၂၄ ပါးကို ဝေဒနာ, ဉာဏ်, သင်္ခါရတို့ဖြင့်မြှောက်ပွားပုံ**

(၁) ကာမာဝစရကုသိုလ်စိတ်, ကာမာဝစရဝိပါက်စိတ်, ကာမာဝစရကြိယာစိတ်တစ်ပါးစီတွင် သောမနဿ, ဥပေက္ခာဟူ၍ နှစ်ပါးစီကွဲပြားသောကြောင့် ထိုကုသိုလ်, ဝိပါက်, ကြိယာစိတ် ၃ ပါးကိုတည်၍ ဝေဒနာ ၂ မျိုးဖြင့်မြှောက်လျှင် ၃ × ၂ = ၆ ပါးဖြစ်၏။

(၂) ထိုစိတ် ၆ ပါး၌ တစ်ပါးစီသည် ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ်ဟူ၍ နှစ်ပါးစီကွဲပြားသောကြောင့် ဉာဏ် ၂ ပါးဖြင့်ဆက်မြှောက်ပွားလျှင် ၆ × ၂ = ၁၂ ပါးဖြစ်၏။

(၃) ထိုစိတ် ၁၂ ပါး၌တစ်ဖန် အသင်္ခါရိက, သသင်္ခါရိကဟူ၍ နှစ်ပါးစီကွဲပြားသဖြင့် သင်္ခါရနှစ်ပါးဖြင့်မြှောက်ပွားလျှင် ၁၂ × ၂ = ၂၄ ပါးဖြစ်၏။

**၉၀။ အာရုံကိုသိခြင်းလက္ခဏာအားဖြင့် တစ်ပါးတည်းသောစိတ်သည် ''ဇာတ်ဆရာ အလိုကျအားဖြင့်'' ဘယ်နှစ်ခုမျှ ဖြစ်ပေါ်လာရသည်ကို စိတ်အကျဉ်းမျှဖြင့် ဖြေရှင်းပြပါ။**

(၂၀၁၁၊ စမန ၅၀)

**အဖြေ** – အာရုံကိုသိခြင်းလက္ခဏာအားဖြင့် တစ်ပါးတည်းသောစိတ်သည် ''ဇာတ်ဆရာ အလိုကျအားဖြင့်'' စိတ်အကျဉ်း ၈၉ ပါးဖြစ်လာသည်ကို ဖြေရှင်းပြရသော် –

(၁) အကုသိုလ်ဇာတ် – အကုသိုလ်စိတ် = ၁၂ ပါး၊

(၂) ကုသိုလ်ဇာတ် – ကုသိုလ်စိတ် = ၂၁ ပါး၊

(၃) ဝိပါက်ဇာတ် – ဝိပါက်စိတ် = ၃၆ ပါး၊

(၄) ကြိယာဇာတ် – ကြိယာစိတ် = ၂၀ ပါး၊

ပေါင်း – စိတ်အကျဉ်း = ၈၉ ပါးဖြစ်ပါသည်။

**၉၁။ ကောင်းဆိုးနှစ်တန် လောကဓံ–ဟူသောစကား၌ ကောင်းသောသုခနှင့် ဆိုးသော ဒုက္ခတို့သည် မည်သည့်ပရမတ်တရားအစုတွင် ပါဝင်သည်ကို အကျိုးပေးကွာခြားပုံနည်းအားဖြင့် ဖော်ပြ၍ သမ္ပယုတ်အမျိုးအစားကိုလည်း အရေအတွက်နှင့်တကွ ဖော်ပြပါ။**

(၂၀၁၂၊ စမန ၃၁၊ ၃၂၊ ၃၃)

**အဖြေ** – ကောင်းဆိုးနှစ်တန် လောကဓံ–ဟူသောစကား၌ ကောင်းသောသုခနှင့် ဆိုးသော

ဒုက္ခတို့သည် ဝေဒနာစေတသိက်ဟူသည့် ပရမတ်တရားအစုတွင် ပါဝင်၏။

– မိမိ၏ကုသိုလ်ကံကြောင့် ကောင်းသောအထိအတွေ့အာရုံ (ဣဋ္ဌာရုံ)နှင့် ဆုံတွေ့သည့် အခါ သုခဝေဒနာသည် ထိသိစိတ်နှင့် ယှဉ်ဖြစ်ပါသည်။

– မိမိ၏အကုသိုလ်ကံကြောင့် ဆိုးသောအထိအတွေ့အာရုံ (အနိဋ္ဌာရုံ)နှင့် ဆုံတွေ့သည့်အခါ အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်ဖြစ်၍ ဒုက္ခဝေဒနာသည် ထိသိစိတ်နှင့် ယှဉ်ဖြစ်ပါသည်။

– သမ္ပယုတ်အမျိုးအစားကို အရေအတွက်နှင့်တကွ ဖော်ပြရသော် –

| | | | |
|---|---|---|---|
| (၁) ဒိဋ္ဌိဂတသမ္ပယုတ်စိတ် | = | ၄ | ပါး၊ |
| (၂) ပဋိဃသမ္ပယုတ်စိတ် | = | ၂ | ပါး၊ |
| (၃) ဝိစိကိစ္ဆာသမ္ပယုတ်စိတ် | = | ၁ | ပါး၊ |
| (၄) ဥဒ္ဓစ္စသမ္ပယုတ်စိတ် | = | ၁ | ပါး၊ |
| (၅) ဉာဏသမ္ပယုတ်စိတ် | = | ၁၂ | ပါး၊ |
| သမ္ပယုတ်ပေါင်း | = | ၂၀ | ပါးဖြစ်ပါသည်။ |

**၉၂။ အလယ်အလတ်စိတ်ခတ်ခေါ်ငြား ဈာန်ငါးပါးတွင် တရားအများဆုံးဖြစ်သောဈာန်စိတ်ကို အကျဉ်းမျှရေတွက်ပြ၍ အရေအတွက်များရခြင်း၏အကြောင်းကိုလည်း ရေးသားပြပါ။** (၂၀၁၂၊ စမန ၄၁၊ ၄၆၊ ၄၇)

**အဖြေ** – ဈာန်ငါးပါးတွင် တရားအများဆုံးဖြစ်သောဈာန်စိတ်သည် –

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၅ ပါးနှင့်ပြည့်စုံသော ပထမဈာန် စိတ် ဖြစ်ပါသည်။

ပထမဈာန်စိတ်ကို အကျဉ်းမျှရေတွက်ပြရသော် –

| | | | |
|---|---|---|---|
| ရူပါဝစရ ပထမဈာန် ကုသိုလ်စိတ် | = | ၁ | ပါး၊ |
| ရူပါဝစရ ပထမဈာန် ဝိပါက်စိတ် | = | ၁ | ပါး၊ |
| ရူပါဝစရ ပထမဈာန် ကြိယာစိတ် | = | ၁ | ပါး၊ |
| လောကုတ္တရာ ပထမဈာန် မဂ်စိတ် | = | ၄ | ပါး၊ |
| လောကုတ္တရာ ပထမဈာန် ဖိုလ်စိတ် | = | ၄ | ပါး၊ |
| ပေါင်း – ပထမဈာန်စိတ် | = | ၁၁ | ပါးဖြစ်ပါသည်။ |

– ပထမဈာန်တွင် ဝိတက်နှင့်တကွ ဈာန်အင်္ဂါငါးပါးလုံးပါရှိပြီး ဒုတိယဈာန်စသည့် အခြားဈာန်များတွင် ဝိတက်မပါရှိသဖြင့် ပထမဈာန်တွင် အရေအတွက်အများဆုံးဖြစ်ပါသည်။

**၉၃။ အကြောင်းအကျိုး ဤနှစ်မျိုးတွင် အကျိုးမဖက် အကြောင်းသက်သက်ဖြစ်သော စိတ်တို့ကို အကျယ်နည်းအားဖြင့် ဝေဖန်ပြ၍၊ လောကမှလွတ်မြောက်သော လောကုတ္တရာစိတ်ကိုလည်း ဖြစ်ရာဘုံအားဖြင့် တိကျစွာဖြေပြပါ။**

(၂၀၁၂၊ စခန ၄၈၊ ၄၉၊ စိတ်ဇယား)

**အဖြေ** – အကြောင်းအကျိုး ဤနှစ်မျိုးတွင် အကျိုးမဖက် အကြောင်းသက်သက်ဖြစ်သော စိတ်တို့မှာ –

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂ ပါး၊ |
| ကာမာဝစရကုသိုလ်စိတ် | = | ၈ ပါး၊ |
| ရူပါဝစရကုသိုလ်စိတ် | = | ၅ ပါး၊ |
| အရူပါဝစရကုသိုလ်စိတ် | = | ၄ ပါး၊ |
| လောကုတ္တရာကုသိုလ်စိတ် | = | ၂၀ ပါး (အကျယ်) |
| ပေါင်း – အကြောင်းစိတ်အကျယ် | = | ၄၉ ပါး ဖြစ်ပါသည်။ |

– လောကမှလွတ်မြောက်သော လောကုတ္တရာစိတ်အကျဉ်း ၈ ပါး၊ အကျယ် ၄၀ ပါး ရှိပါသည်။ ဖြစ်ရာဘုံမှာ လောကုတ္တရာဘုံဖြစ်ပါသည်။

# အဘိဓမ္မာ (ပထမဆင့်)
# စေတသိက်ပိုင်း

(၁၉၈၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၃၂ နှစ်အမေးအဖြေများ)

**၁။ အောက်ပါစေတသိက်များကို ဖော်ပြခဲ့ပါ။**

**(က) အာရုံကို နှစ်သက်ခြင်းသဘောရှိသော စေတသိက်၊**

**(ခ) မှားသောအားဖြင့် နှလုံးသွင်းသဘောရှိသော စေတသိက်၊**

**(ဂ) စိတ်၏ငြိမ်းချမ်းခြင်းသဘောရှိသောစေတသိက်။** (၁၉၈၁၊ စမန ၅၆၊ ၅၉၊ ၆၄)

**အဖြေ** – (က) အာရုံကို နှစ်သက်ခြင်းသဘောရှိသော စေတသိက် = ပီတိ

(ခ) မှားသောအားဖြင့် နှလုံးသွင်းခြင်းသဘောရှိသော စေတသိက် = မောဟ

(ဂ) စိတ်၏ငြိမ်းချမ်းခြင်းသဘောရှိသော စေတသိက် = စိတ္တပဿဒ္ဓိ။

**၂။ ဘုရားရှိခိုးသောအခါဖြစ်သော ကုသိုလ်စိတ်၌ စေတသိက်ပေါင်းမည်မျှယှဉ်နိုင်ပါသနည်း။** (၁၉၈၁၊ စမန ၇၅၊ ၇၇)

**အဖြေ** – ဘုရားရှိခိုးသောအခါဖြစ်သော ကုသိုလ်စိတ်၌ စေတသိက်များမှာ –

| | |
|---|---|
| အညသမာန်းစေတသိက် | = ၁၃ ပါး၊ |
| သောဘနသာဓာရဏစေတသိက် | = ၁၉ ပါး၊ |
| ပညာစေတသိက် | = ၁ ပါး၊ |
| ယှဉ်နိုင်သောစေတသိက်ပေါင်း | = ၃၃ ပါး ဖြစ်ပါသည်။ |

ဘုရားရှိခိုးသောကုသိုလ်စိတ်၌ ဝိရတိစေတသိက် ၃ ပါးနှင့် အပ္ပမညာစေတသိက် ၂ ပါးတို့ မယှဉ်ကြပါ။

**၃။ အမှား–အမှန် ဝေဖန်တွေးတော ယုံမှားသောဝိစိကိစ္ဆာစိတ်၌ ယှဉ်သောစေတသိက်များကို ဖော်ပြခဲ့ပါ။** (၁၉၈၁၊ စမန ၇၄)

**အဖြေ** – အမှား–အမှန် ဝေဖန်တွေးတော ယုံမှားသောဝိစိကိစ္ဆာစိတ်၌ ယှဉ်သောစေတသိက်များမှာ – ဆန္ဒ, ပီတိ, အဓိမောက္ခကြဉ်သော အညသမာန်းစေတသိက် = ၁၀ ပါး၊

| | |
|---|---|
| အကုသလသာဓာရဏစေတသိက် | = ၄ ပါး၊ |
| ဝိစိကိစ္ဆာစေတသိက | = ၁ ပါး၊ |
| ယှဉ်သောစေတသိက်ပေါင်း | = ၁၅ ပါး။ |

**၄။ ပန်းတစ်ပွင့်ကို မြင်သောအခါဖြစ်သော စက္ခုဝိညာဉ်စိတ်၌ ယှဉ်သောစေတသိက်တို့ကို ရေးခဲ့ပါ။** (၁၉၈၁၊ စမန ၇၅၊ ၅၃)

**အဖြေ** – ပန်းတစ်ပွင့်ကိုမြင်ခိုက်၌ဖြစ်သော စက္ခုဝိညာဉ်စိတ်၌

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ ဟူသော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး ယှဉ်ပါသည်။

**၅။ သဘောတရားတစ်ခုကို စေတသိက်ဟူ၍ သတ်မှတ်နိုင်လောက်အောင် လိုအပ်သော အင်္ဂါလက္ခဏာရပ် ၄ ပါးကို ရေးသားဖော်ပြပါ။** (၁၉၈၂၊ စမန ၅၂)

**အဖြေ** – သဘောတရားတစ်ခုကို စေတသိက်ဟူ၍ သတ်မှတ်နိုင်လောက်အောင် လိုအပ်သော အင်္ဂါလက္ခဏာရပ် ၄ ပါးတို့မှာ –

(၁) ဧကုပ္ပါဒ – စိတ်နှင့်အတူဖြစ်ခြင်း၊

(၂) ဧကနိရောဓ – စိတ်နှင့်အတူချုပ်ခြင်း၊

(၃) ဧကာလမ္ဗန – စိတ်နှင့်တူသောအာရုံရှိခြင်း၊

(၄) ဧကဝတ္ထုက – စိတ်နှင့်တူသောမှီရာဝတ္ထုရှိခြင်းတို့ ဖြစ်ပါသည်။

**၆။ စေတသိက် ၅၂ ပါးတို့တွင် အကုသိုလ်မည်သောစေတသိက်များကို ပြည့်စုံအောင် ဖော်ပြပါ။** (၁၉၈၂၊ စမန ၅၈)

**အဖြေ** – စေတသိက် ၅၂ ပါးတို့တွင် အကုသိုလ်မည်သောစေတသိက်များမှာ –

(၁) မောဟ (အဝိဇ္ဇာ) – အာရုံ၏သဘောမှန်ကို ဖုံးကွယ်ခြင်းသဘော၊

(၂) အဟိရိက – မကောင်းမှုဒုစရိုက်ပြုရန် မရှက်ခြင်းသဘော၊

(၃) အနောတ္တပ္ပ – မကောင်းမှုဒုစရိုက်ပြုရန် မကြောက်လန့်ခြင်းသဘော၊

(၄) ဥဒ္ဓစ္စ – ပျံ့လွင့်ခြင်းသဘော၊

(၅) လောဘ (တဏှာ၊ ရာဂ) – ကာမဂုဏ်အာရုံကို လိုချင်တပ်မက်ခြင်းသဘော၊

(၆) ဒိဋ္ဌိ – အယူမှားခြင်းသဘော၊

(၇) မာန – ထောင်လွှားဝင့်ကြွားခြင်းသဘော၊

(၈) ဒေါသ – ခက်ထန်ကြမ်းတမ်းခြင်းသဘော၊

(၉) ဣဿာ – သူတစ်ပါး၏စည်းစိမ်ချမ်းသာကို ငြူစူခြင်း, မနာလိုခြင်းသဘော၊

(၁၀) မစ္ဆရိယ – မိမိ၏စည်းစိမ်ကို လျှို့ဝှက်ခြင်း, ဝန်တိုခြင်းသဘော၊

(၁၁) ကုက္ကုစ္စ – ပြုခဲ့မိသောမကောင်းမှု, မပြုမိခဲ့သောကောင်းမှုတို့ကို နောင်တတစ်ဖန် ပူပန်ခြင်းသဘော၊

(၁၂) ထိန – စိတ်၏အမူ၌ လေးလံထိုင်းမှိုင်းခြင်းသဘော၊

(၁၃) မိဒ္ဓ – စေတသိက်တို့၏အမှု၌ လေးလံထိုင်းမှိုင်းခြင်းသဘော၊

(၁၄) ဝိစိကိစ္ဆာ – ဘုရား, တရား, သံဃာ, ကံတရားစသည့်ကုသိုလ်ရေး၌ ယုံမှား သံသယဖြစ်ခြင်းသဘောတို့ ဖြစ်ပါသည်။

**၇။ စားဝတ်နေရေးပြည့်စုံ၍ ချမ်းသာသူကို တွေ့မြင်သောအခါ ဝမ်းမြောက်ခြင်းမုဒိတာ ဖြစ်၏၊ ထိုမုဒိတာနှင့်တကွ စေတသိက်ပေါင်းမည်မျှဖြစ်သနည်း။**

(၁၉၈၂၊ စမန ၇၃၊ ၇၇)

**အဖြေ** – စားဝတ်နေရေးပြည့်စုံချမ်းသာသူကို တွေ့မြင်သောအခါ ဝမ်းမြောက်ခြင်းမုဒိတာနှင့် အတူတကွဖြစ်သော စေတသိက်များမှာ –

| | | |
|---|---|---|
| အညသမာန်းစေတသိက် | = | ၁၃ ပါး၊ |
| သောဘနသာဓာရဏစေတသိက် | = | ၁၉ ပါး၊ |
| ပညိန္ဒြေ ခေါ် ပညာစေတသိက် | = | ၁ ပါး၊ |
| မုဒိတာစေတသိက် | = | ၁ ပါး၊ |
| စုစုပေါင်းစေတသိက် | = | ၃၄ ပါး ဖြစ်ပါသည်။ |

**၈။ စိတ်၌ဖြစ်၍ စိတ်ကိုခြယ်လှယ်တတ်သော သဘောတရားများကို မည်သို့ခေါ်ပါသနည်း၊ ယင်းသဘောတရားပေါင်း မည်မျှရှိပါသနည်း၊ ဖော်ပြပါ။**

(၁၉၈၃၊ စမန ၅၂)

**အဖြေ** – စိတ်၌ဖြစ်၍ စိတ်ကိုခြယ်လှယ်တတ်သော သဘောတရားများကို စေတသိက်များ ဟုခေါ်ပါသည်။

စေတသိက် ၅၂ ပါး ရှိပါသည်။

အညသမာန်းစေတသိက် ၁၃ ပါး၊ အကုသိုလ်စေတသိက် ၁၄ ပါး၊ သောဘနစေတသိက် ၂၅ ပါးတို့ ဖြစ်ပါသည်။

**၉။ စကားပြောရာတွင်ပါဝင်တတ်သော ''စေတနာ–မာန–ဒေါသ–သတိ–ပညာ''ဟူသောစကားလုံးတို့၏မြန်မာလိုအဓိပ္ပါယ်ကို ဖော်ပြပါ။** (၁၉၈၃၊ စမန ၅၃၊ ၅၈၊ ၇၁)

**အဖြေ** – ''စေတနာ–မာန–ဒေါသ–သတိ–ပညာ''တို့၏မြန်မာလိုအဓိပ္ပါယ်တို့မှာ –

**စေတနာ** – ယှဉ်ဖက်စိတ်စေတသိက်တို့ကို မိမိတို့၏ကိစ္စအသီးသီးကိုဆောင်ရွက်ကြဖို့ရာ စေ့ဆော်တိုက်တွန်းခြင်းသဘော၊

**မာန** – ထောင်လွှားဝင့်ကြွားခြင်းသဘော၊

**ဒေါသ** – ခက်ထန်ကြမ်းတမ်းခြင်းသဘော၊

**သတိ** – ဘုရား, တရား, သံဃာစသည့်ကုသိုလ်ရေး၌ အောက်မေ့အမှတ်ရခြင်းသဘော၊

**ပညာ** – အာရုံ၏သဘောမှန်ကို ထိုးထွင်း၍သိခြင်းသဘောတို့ဖြစ်ပါသည်။

**၁၀။ မနာလိုခြင်း – ဝန်တိုခြင်းလက္ခဏာရှိသော သဘောတရားများသည် မည်သည့်စေတသိက်များဖြစ်ပါသနည်း၊ ယင်းစေတသိက်များသည် မည်သည့်စိတ်များနှင့်ယှဉ်တွဲဖြစ်ပါသနည်း။ ဖော်ပြပါ။** (၁၉၈၃၊ စမန ၅၈၊ ၇၃)

**အဖြေ** – မနာလိုခြင်းလက္ခဏာရှိသောသဘောတရားသည် **ဣဿာစေတသိက်**ဖြစ်၏။

ဝန်တိုခြင်းလက္ခဏာရှိသောသဘောတရားသည် **မစ္ဆရိယစေတသိက်**ဖြစ်၏။

ဣဿာနှင့် မစ္ဆရိယတို့သည် အကုသိုလ်ဒေါသမူစိတ် ၂ ပါးဖြစ်သော

(၁) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ဒေါသမူစိတ်၊

(၂) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက ဒေါသမူစိတ်တို့နှင့် ယှဉ်တွဲဖြစ်ပါသည်။

**၁၁။ မြတ်စွာဘုရားသခင်ပြုံးရွှင်တော်မူသောအခါ ဖြစ်ပေါ်သည့် ဟသိတုပ္ပါဒ်စိတ်၌ယှဉ်သောစေတသိက်တို့ကို ဖော်ပြပါ။** (၁၉၈၃၊ စမန ၇၅၊ ၅၂၊ ၅၆)

**အဖြေ** – မြတ်စွာဘုရားပြုံးရွှင်တော်မူသောအခါ ဖြစ်ပေါ်သည့် ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ၁၂ ပါးယှဉ်ပါသည်။

ထိုစေတသိက်တို့မှာ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ, ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိတို့ဖြစ်ပါသည်။

**၁၂။ လူတို့နေ့စဉ်ပြောဆိုရာတွင်ပါဝင်သော ''ဝေဒနာ–ဝီရိယ–ကုက္ကုစ္စ–မစ္ဆရိယ–သဒ္ဓါ'' ဟူသောစကား ၅ လုံး၏ဆိုလိုရင်းအဓိပ္ပါယ်ကို မြန်မာလိုဖော်ပြပါ။**

(၁၉၈၄၊ စမန ၅၃၊ ၅၆၊ ၅၈၊ ၆၄)

**အဖြေ** – ''ဝေဒနာ–ဝီရိယ–ကုက္ကုစ္စ–မစ္ဆရိယ–သဒ္ဓါ''တို့၏ ဆိုလိုရင်းအဓိပ္ပါယ်များမှာ

**ဝေဒနာ** – ခံစားမှု၊ အာရုံ၏အရသာကိုခံစားခြင်းသဘော၊

**ဝီရိယ** – အားထုတ်ခြင်းသဘော၊

**ကုက္ကုစ္စ** – သူတစ်ပါး၏စည်းစိမ်ချမ်းသာကို ငြူစူခြင်း, မနာလိုခြင်းသဘော၊

**မစ္ဆရိယ** – မိမိ၏စည်းစိမ်ချမ်းသာကို လျှို့ဝှက်ခြင်း, ဝန်တိုခြင်းသဘော၊

**သဒ္ဓါ** – မှန်သော ဘုရား, တရား, သံဃာနှင့် ကံ-ကံ၏အကျိုးစသည်ကို ကြည်ညိုမှု, ယုံကြည်မှုသဘောတို့ ဖြစ်ပါသည်။

**၁၃။ သူတစ်ပါးဆင်းရဲဒုက္ခရောက်နေသည်ကိုမြင်၍ သနားခြင်းလက္ခဏာရှိသော ကရုဏာစေတသိက်သည် မည်သည့်စိတ်များနှင့် ယှဉ်၍ဖြစ်နိုင်ပါသနည်း၊ ရေတွက်ပြပါ။**

(၁၉၈၄၊ စမန ၇၃)

**အဖြေ** – သနားခြင်းလက္ခဏာရှိသော ကရုဏာစေတသိက်သည် မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ ရူပပဉ္စမဈာန်စိတ်ကြဉ်သော မဟဂ္ဂုတ်စိတ် ၁၂ ပါးဟူ၍ စုစုပေါင်း – စိတ် ၂၈ ပါးနှင့် ယှဉ်၍ဖြစ်နိုင်ပါသည်။

**၁၄။ သီချင်းသံကြားသောအခါဖြစ်သောစိတ်၌ ယှဉ်နိုင်သောစေတသိက်များကို ဖော်ပြပါ။**

(၁၉၈၄၊ စမန ၇၅)

**အဖြေ** – သီချင်းသံကြားသောအခါ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်ဖြစ်၏။ ၎င်းစိတ်၌

''ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ''ဟူသော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါးယှဉ်နိုင်ပါသည်။

**၁၅။ မိမိမိတ်ဆွေ၏ပစ္စည်းကို ခိုးယူပြီးခါမှ ''ငါမှားလေစွ''ဟုနောင်တရမှုသည် မည်သည့်စေတသိက်ဖြစ်ပါသနည်း။ ၎င်းစေတသိက်သည် မည်သည့်စိတ်နှင့်ယှဉ်တွဲဖြစ်ပါသနည်း။** (၁၉၇၅၊ စမန ၅၈၊ ၇၃)

**အဖြေ** – မိမိမိတ်ဆွေ၏ပစ္စည်းကို ခိုးယူပြီးခါမှ ''ငါမှားလေစွ''ဟုနောင်တရမှုသည် **ကုက္ကုစ္စစေတသိက်** ဖြစ်ပါသည်။

ကုက္ကုစ္စစေတသိက်သည် အကုသိုလ်ဒေါသမူစိတ် ၂ ပါးဖြစ်သော

(၁) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကဒေါသမူစိတ်၊

(၂) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကဒေါသမူစိတ်တို့နှင့်ယှဉ်တွဲပါသည်။

**၁၆။ အောက်ပါစကား ၅ လုံး၏ဆိုလိုရင်းအဓိပ္ပါယ်ကို အဘိဓမ္မာသဘာဝဆိုက်အောင် ရေးသားပါ။ (က) အဟိရိက၊ (ခ) အနောတ္တပ္ပ၊ (ဂ) သညာ၊ (ဃ) ပီတိ၊ (င) သမ္မာဝါစာ။** (၁၉၈၅၊ စမန ၅၈၊ ၅၃၊ ၇၀)

**အဖြေ** – ''အဟိရိက–အနောတ္တပ္ပ–သညာ–ပီတိ–သမ္မာဝါစာ''တို့၏ အဓိပ္ပါယ်တို့မှာ –

(က) **အဟိရိက** – မကောင်းမှုဒုစရိုက်ပြုရန် မရှက်ခြင်းသဘော၊

(ခ) **အနောတ္တပ္ပ** – မကောင်းမှုဒုစရိုက်ပြုရန် မကြောက်လန့်ခြင်းသဘော၊

(ဂ) **သညာ** – အာရုံကိုမှတ်သားခြင်းသဘော၊

(ဃ) **ပီတိ** – အာရုံကိုနှစ်သက်ခြင်းသဘော၊

(င) **သမ္မာဝါစာ** – ကောင်းစွာပြောဆိုခြင်း၊ ဝစီဒုစရိုက် ၄ ပါးမှ ရှောင်ကြဉ်ခြင်းသဘော။

**၁၇။ အဆင်းလှ၍ မာနကြီးသူတစ်ဦးအား မာနသည် အမြဲတမ်းဖြစ်နေပါသလား၊ ဖြစ်သောအခါ မည်သည့်စိတ်တွင် ယှဉ်၍ဖြစ်ပါသနည်း။** (၁၉၈၅၊ စမန ၇၇)

**အဖြေ** – အဆင်းလှ၍ မာနကြီးသူတစ်ဦးအား မာနသည် အမြဲတမ်းမဖြစ်ပါ၊ ထောင်လွှားဝင့်ကြွားသောအခါမှ ဖြစ်ပါသည်။ မထောင်လွှားသည့်အခါ မဖြစ်ပါ။

– မာနဖြစ်သည့်အခါ မာနသည် လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါးနှင့်ယှဉ်၏။

**၁၈။ ဖဿ–မနသိကာရ–အဓိမောက္ခ–ဆန္ဒ–သမ္မာအာဇီဝစေတသိက်တို့၏အဘိဓမ္မာသဘောလက္ခဏာကို မြန်မာဘာသာဖြင့်ရေးပါ။** (၁၉၈၆၊ စမန ၅၃၊ ၅၆၊ ၇၀)

**အဖြေ** – အောက်ပါစေတသိက်တို့၏ အဘိဓမ္မာသဘောလက္ခဏာတို့မှာ –

(က) **ဖဿ** – အာရုံနှင့်စိတ်တို့ကို တွေ့ထိပေးခြင်းသဘော၊

(ခ) **မနသိကာရ** – စိတ်ထဲ၌အာရုံပေါ်လာအောင် ပြုပေးခြင်းသဘော၊

(ဂ) **အဓိမောက္ခ** – အာရုံကို ဆုံးဖြတ်ချက်ချခြင်းသဘော၊

(ဃ) **ဆန္ဒ** – လိုလားတောင့်တခြင်းသဘော၊

(င) **သမ္မာအာဇီဝ** – အသက်မွေးဝမ်းကျောင်းနှင့်ဆက်စပ်၍ ဝစီဒုစရိုက် ၄ ပါး, ကာယဒုစရိုက် ၃ ပါးတို့ကိုရှောင်ကြဉ်ခြင်း၊ ကောင်းစွာအသက်မွေးခြင်းသဘော။

**၁၉။ စာကျက်နေစဉ်ဖြစ်ပေါ်လာတတ်သော ပျင်းရိငေးမောခြင်း၊ တွေဝေထိုင်းမှိုင်းခြင်းတို့သည် အဘယ်စေတသိက်တို့၏သဘောလက္ခဏာများ ဖြစ်ပါသနည်း၊ ယင်းစေတသိက်တို့သည် အဘယ်စိတ်များနှင့် ယှဉ်တွဲဖြစ်ပါသနည်း၊ အသီးသီးဖြေဆိုပါ။**

(၁၉၈၆၊ စမန ၅၈၊ ၇၃၊ ၇၆)

**အဖြေ** – စာကျက်နေစဉ်ဖြစ်ပေါ်လာတတ်သော ပျင်းရိငေးမောခြင်း၊ တွေဝေထိုင်းမှိုင်းခြင်းတို့သည် ထိန, မိဒ္ဓစေတသိက် ၂ ပါးတို့၏ သဘောလက္ခဏာများဖြစ်ပါသည်။

ထိန, မိဒ္ဓတို့သည် လောဘမူသသင်္ခါရိကစိတ် ၄ ပါးနှင့် ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် ဒေါသမူသသင်္ခါရိကစိတ်တို့နှင့် ယှဉ်တွဲဖြစ်ပါသည်။

**၂၀။ မနာလိုခြင်းနှင့် ဝန်တိုခြင်းသဘောတရားတို့သည် လောဘမူစိတ်နှင့်သက်ဆိုင်ပါသလော၊ သို့မဟုတ် ဒေါသမူစိတ်နှင့် သက်ဆိုင်ပါသလော၊ စစ်ကြောဝေဖန်ပြီး မဂ်စိတ်နှင့်အတူဖြစ်ခွင့်ရသော စေတသိက်သရုပ်ကိုလည်း ထုတ်ပြပါ။**

(၁၉၈၆၊ စမန ၅၈၊ ၇၃၊ ၇၆)

**အဖြေ** – မနာလိုခြင်း၊ ဝန်တိုခြင်းသဘောတရားတို့သည် လောဘမူစိတ်နှင့် မသက်ဆိုင်ပါ၊ ဒေါသမူစိတ်နှင့် သက်ဆိုင်ပါသည်။

မနာလိုခြင်းသဘောတရားသည် ဣဿာစေတသိက်ဖြစ်သည်၊

ဝန်တိုခြင်းသဘောတရားသည် မစ္ဆရိယစေတသိက်ဖြစ်သည်။

ဣဿာနှင့် မစ္ဆရိယတို့သည် ဒေါသဦးဆောင်သည့် ဒေါသစတုက္ကစေတသိက်တွင်ပါဝင်ပြီး ဒေါသမူစိတ်နှင့်သာယှဉ်၍ဖြစ်ကြသည်။ ဣဿာနှင့် မစ္ဆရိယတို့သည် စိတ်ဆင်းရဲစေကြသဖြင့် ဣဿာ သို့မဟုတ် မစ္ဆရိယဖြစ်လျှင် ဒေါသမူစိတ်ဖြစ်ပေါ်သည်။ ထို့ကြောင့် မနာလိုခြင်းနှင့် ဝန်တိုခြင်းသဘောတရားတို့သည် လောဘမူစိတ်နှင့်မသက်ဆိုင်ဘဲ ဒေါသမူစိတ်နှင့်သာ သက်ဆိုင်ပါသည်။

**– မဂ်စိတ်နှင့်အတူဖြစ်ခွင့်ရသော စေတသိက်များမှာ –**

| | |
|---|---|
| အညသမာန်းစေတသိက် | = ၁၃ ပါး၊ |
| သောဘနသာဓာရဏစေတသိက် | = ၁၉ ပါး၊ |
| ဝိရတိစေတသိက် | = ၃ ပါး၊ |
| ပညာစေတသိက် | = ၁ ပါး၊ |
| စုစုပေါင်း – စေတသိက် | = ၃၆ ပါးဖြစ်ပါသည်။ |

**၂၁။ အောက်ပါစေတသိက်များကို ကုန်စင်အောင် ရေတွက်ပြပါ။**

**(က) သဗ္ဗာကုသလသာဓာရဏစေတသိက်၊**

**(ခ) သဗ္ဗာကုသလယောဂီစေတသိက်။** (၁၉၈၆၊ စမန ၅၈၊ ၇၃)

**အဖြေ – (က) သဗ္ဗာကုသလသာဓာရဏစေတသိက်**ဟူသည်မှာ

အလုံးစုံသောအကုသိုလ်စိတ်တို့နှင့် ဆက်ဆံသော စေတသိက်များတည်း။ ၎င်းတို့မှာ

မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စစေတသိက် ၄ ပါးတည်း။

**(ခ) သဗ္ဗာကုသလယောဂီစေတသိက်**ဟူသည်မှာ

အလုံးစုံသောအကုသိုလ်စိတ်များနှင့်ယှဉ်ကြသော စေတသိက်များတည်း။ ၎င်းတို့မှာ

သဗ္ဗာကုသလသာဓာရဏစေတသိက် = ၄ ပါး၊

ဆန္ဒ, ပီတိ, အဓိမောက္ခကြဉ်သော အညသမာန်းစေတသိက် = ၁၀ ပါး၊

စုစုပေါင်း – စေတသိက် = ၁၄ ပါးတည်း။

**၂၂။ စေတသိက်၏လက္ခဏာများကိုဖော်ပြပြီးလျှင် စိတ်ဟူသမျှနှင့်ယှဉ်နိုင်သော စေတသိက်တို့ကိုလည်း ဖြေဆိုပါ။** (၁၉၈၇၊ စမန ၅၂၊ ၅၃)

**အဖြေ – စေတသိက်၏လက္ခဏာများကား –**

စေတသိက်သည် စိတ်၌မှီတွယ်၍ စိတ်ကိုခြယ်လှယ်သောသဘောတရားဖြစ်၏။

စေတသိက်သည် (၁) ဧကုပ္ပါဒ – စိတ်နှင့်အတူဖြစ်၏၊

(၂) ဧကနိရောဓ – စိတ်နှင့်အတူချုပ်၏၊

(၃) ဧကာလမ္ဗန – စိတ်နှင့်တူသောအာရုံရှိ၏၊

(၄) ဧကဝတ္ထုက – စိတ်နှင့်တူသောမှီရာဝတ္ထုရှိ၏။

**– စိတ်ဟူသမျှနှင့် ယှဉ်နိုင်သောစေတသိက်တို့ကား –**

(၁) **ဖဿ** = အာရုံနှင့်စိတ်ကို ထိတွေ့ပေးခြင်းသဘော၊

(၂) **ဝေဒနာ** = ခံစားမှု၊ အာရုံ၏အရသာကို ခံစားခြင်းသဘော၊

(၃) **သညာ** = အာရုံကို မှတ်သားခြင်းသဘော၊

(၄) **စေတနာ** = ယှဉ်ဖက်စေတသိက်တို့ကိုဆိုင်ရာကိစ္စများဆောင်ရွက်ကြဖို့ရာ စေ့ဆော်တိုက်တွန်းခြင်းသဘော၊

(၅) **ဧကဂ္ဂတာ** = အာရုံတစ်ခု၌ တည်တံ့ခြင်း, တည်ကြည်ခြင်းသဘော၊

(၆) **ဇီဝိတိန္ဒြေ** = ယှဉ်ဖက်စိတ်စေတသိက်တို့ကို သက်တမ်းပြည့်တည်တံ့အောင် စောင့်ထိန်းခြင်းသဘော၊

(၇) **မနသိကာရ** = စိတ်ထဲ၌ အာရုံပေါ်လာအောင် ပြုပေးခြင်းသဘောတို့ဖြစ်သည်။

**၂၃။ စေတနာ–မာန–ဝိစိကိစ္ဆာ–သဒ္ဓါ–မုဒိတာစေတသိက်တို့၏အဘိဓမ္မာသဘော လက္ခဏာကို မြန်မာဘာသာဖြင့် ဖြေဆိုပါ။** (၁၉၈၇၊ စမန ၅၃၊ ၅၈၊ ၆၄၊ ၇၁)

အဖြေ – ''စေတနာ–မာန–ဝိစိကိစ္ဆာ–သဒ္ဓါ–မုဒိတာ''တို့၏အဘိဓမ္မာသဘောလက္ခဏာများမှာ

(က) **စေတနာ** – ယှဉ်ဖက်စိတ်စေတသိက်တို့ကို ဆိုင်ရာကိစ္စများဆောင်ရွက်ကြဖို့ရာ စေ့ဆော်တိုက်တွန်းခြင်းသဘော၊

(ခ) **မာန** – ထောင်လွှားဝင့်ကြွားခြင်းသဘော၊

(ဂ) **ဝိစိကိစ္ဆာ** – ဘုရား, တရား, သံဃာ, ကံတရားစသည့်ကုသိုလ်ရေး၌ ယုံမှားသံသယ

ဖြစ်ခြင်းသဘော၊

(ဃ) **သဒ္ဓါ** – မှန်သောဘုရား၊ တရား၊ သံဃာ၊ ကံ-ကံ၏အကျိုးစသည်ကို ကြည်ညိုမှု၊ ယုံကြည်မှုသဘော၊

(င) **မုဒိတာ** – သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘောတို့တည်း။

**၂၄။ အလိုရမ္မက်ကြီးသူနှင့် စိတ်တိုစိတ်ဆတ်သူနှစ်ဦးတို့တွင် မည်သူသည် မိစ္ဆာဒိဋ္ဌိဖြစ်တတ်သနည်း။ သမ္ပယောဂနည်းအရ စိစစ်ပြပါ။** (၁၉၈၇၊ စမန ၇၃)

**အဖြေ** – အလိုရမ္မက်ကြီးသူသည် လောဘအားကြီး၏၊

စိတ်တိုစိတ်ဆတ်သူသည် ဒေါသအားကြီး၏၊

သမ္ပယောဂနည်းအရ ဒိဋ္ဌိသည် လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါး၌သာ ယှဉ်၏။ ထို့ကြောင့် အလိုရမ္မက်ကြီးသူနှင့် စိတ်တိုစိတ်ဆတ်သူနှစ်ဦးတွင် အလိုရမ္မက်ကြီးသူသည် မိစ္ဆာဒိဋ္ဌိဖြစ်တတ်ပါသည်။

**၂၅။ လိပ်ပြာကလေးတစ်ကောင်ကို ဖမ်းယူပြီး သနားသဖြင့် မသတ်ဘဲ လွှတ်လိုက်သူ၌ မည်သည့်စိတ်ဖြစ်ပါသနည်း။ မည်သည့်စေတသိက်များနှင့် ယှဉ်တွဲဖြစ်ပါသနည်း။ အသီးသီးဖြေဆိုပါ။** (၁၉၈၇၊ စမန ၇၇၊ ၇၉)

**အဖြေ** – လိပ်ပြာကလေးတစ်ကောင်ကို ဖမ်းယူပြီး သနားသဖြင့် မသတ်ဘဲ လွှတ်လိုက်သူ၌ ကံ-ကံ၏အကျိုးသိ၍ ဝမ်းမြောက်ဝမ်းသာလွှတ်လျှင်

''သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်'' ဖြစ်၏။

ဤစိတ်နှင့်ယှဉ်ဖြစ်သောစေတသိက်များမှာ –

| | |
|---|---|
| အညသမာန်းစေတသိက် | = ၁၃ ပါး၊ |
| သောဘနသာဓာရဏစေတသိက် | = ၁၉ ပါး၊ |
| ကရုဏာစေတသိက် | = ၁ ပါး၊ |
| ပညာစေတသိက် | = ၁ ပါး၊ |
| စုစုပေါင်း – စေတသိက် | = ၃၄ ပါးယှဉ်ပါသည်။ |

အကယ်၍ ကံ-ကံ၏အကျိုးမသိဘဲ ဝမ်းမြောက်ဝမ်းသာမဖြစ်ဘဲ လိပ်ပြာကိုလွှတ်ခဲ့လျှင် ''ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ်''ဖြစ်၍ ပီတိကြဉ် အညသမာန်းစေတသိက် ၁၂ ပါး၊ သောဘနသာဓာရဏ ၁၉ ပါး၊ ကရုဏာဟူ၍ စေတသိက် ၃၂ ပါးယှဉ်၏။

**၂၆။ ''ပညာ–သညာ–ဝေဒနာ–စေတနာ–ကရုဏာ''ဟူသော စေတသိက်တို့၏ သဘောလက္ခဏာတို့ကို အသီးသီးရေးသားခဲ့ပါ။** (၁၉၈၈၊ စမန ၇၁၊ ၅၃)

**အဖြေ** – ''ပညာ–သညာ–ဝေဒနာ–စေတနာ–ကရုဏာ''ဟူသော စေတသိက်တို့၏သဘော လက္ခဏာများမှာ –

(က) **ပညာ** = အာရုံ၏အမှန်သဘောကို ထိုးထွင်း၍သိခြင်းသဘော၊

(ခ) **သညာ** = အာရုံကို မှတ်သားခြင်းသဘော၊

(ဂ) **ဝေဒနာ** = ခံစားမှု၊ အာရုံ၏အရသာကို ခံစားခြင်းသဘော၊

(ဃ) **စေတနာ** = ယှဉ်ဖက်စိတ်စေတသိက်တို့ကို ဆိုင်ရာကိစ္စများဆောင်ရွက်ကြဖို့ရာ စေ့ဆော်တိုက်တွန်းခြင်းသဘော၊

(င) **ကရုဏာ** = ဒုက္ခိတသတ္တဝါပြည့်တ်ကို အာရုံပြု၍သနားကြင်နာခြင်းသဘော။

**၂၇။ လိမ်ပြောမည်ကြံပြီးမှ မလိမ်တော့ဘဲ အမှန်ကိုပြောဆိုရာ၌ မည်သည့်စေတသိက် ဖြစ်ပါသနည်း၊ ယင်းစေတသိက်နှင့်ယှဉ်ဖက်စေတသိက်များကိုပါ ဖော်ပြပါ။**

(၁၉၈၈၊ စမန ၇၀)

**အဖြေ** – လိမ်ပြောမည်ကြံပြီးမှ မလိမ်တော့ဘဲ အမှန်ကိုပြောဆိုရာ၌ **သမ္မာဝါစာစေတသိက်** ဖြစ်ပါသည်။

– ယင်းစေတသိက်နှင့် ယှဉ်ဖက်စေတသိက်များမှာ –

| | |
|---|---|
| အညသမာန်းစေတသိက် | = ၁၃ ပါး၊ |
| သောဘနသာဓာရဏစေတသိက် | = ၁၉ ပါး၊ |
| ပညာစေတသိက် | = ၁ ပါး၊ |
| စုစုပေါင်း – စေတသိက် | = ၃၃ ပါးယှဉ်ပါသည်။ |

အတူယှဉ်သော သမ္မာဝါစာကိုပါထည့်လျှင် စေတသိက် ၃၄ ပါးဖြစ်ပြီး၊ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်၌ ယှဉ်ကြမည်။

**၂၈။ (က) ကြောင်းကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ ဘုရားရှိခိုးသူ၊ (ခ) ကြောင်းကျိုးမမြင် ဉာဏ်မထင်ဘဲ ဘုရားရှိခိုးသူတို့ရသော မဟာကုသိုလ်တို့ကို ဖော်ပြပါ။**

(၁၉၈၈၊ စမန ၇၅၊ ၇၉)

**အဖြေ** – (က) ကြောင်းကျိုးသိမြင် ဉာဏ်နှင့်ယှဉ်၍ ဘုရားရှိခိုးသူသည်

''သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်''ဖြစ်ပြီး တိဟိတ် မဟာကုသိုလ်ကို ရရှိသည်။

(ခ) ကြောင်းကျိုးမမြင် ဉာဏ်မထင်ဘဲ ဘုရားရှိခိုးသူသည်

''ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်''ဖြစ်ပြီး ဒွိဟိတ် မဟာကုသိုလ်ကို ရရှိသည်။

အကယ်၍ ဝမ်းမြောက်ဝမ်းသာ မိမိအလိုအလျောက်ရှိခိုးလျှင် –

''သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်'' ဖြစ်ကာ ဒွိဟိတ်မဟာကုသိုလ်ကို ရရှိသည်။

**၂၉။ စိတ်တို့တွင် စေတသိက်အနည်းဆုံးယှဉ်သောစိတ်ကို ၎င်းယှဉ်ရာစေတသိက်နှင့်**

**တကွ ဖော်ပြပါ။** (၁၉၈၈၊ စမန ၇၅၊ ၅၃)

**အဖြေ** – စိတ်တို့တွင် စေတသိက်အနည်းဆုံးယှဉ်သောစိတ်တို့မှာ –

''ဒွေပဉ္စဝိညာဏ် ၁၀ ပါး'' ဖြစ်ပါသည်။ စက္ခုဝိညာဏ်ဒွေ, သောတဝိညာဏ်ဒွေ, ဃာနဝိညာဏ်ဒွေ, ဇိဝှာဝိညာဏ်ဒွေ, ကာယဝိညာဏ်ဒွေတို့ ဖြစ်ပါသည်။

၎င်းတို့နှင့်ယှဉ်သောစေတသိက်များမှာ – ''ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ''ဟူသော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး ဖြစ်ပါသည်။

**၃၀။ အောက်ပါစေတသိက်များ၏သဘောလက္ခဏာများကို မှန်ကန်အောင်ရေးပြပါ။**

**စေတနာ၊ သဒ္ဓါ၊ ပီတိ၊ သတိ၊ စိတ္တပဿဒ္ဓိ။** (၁၉၈၉၊ စမန ၅၃၊ ၅၆၊ ၆၃)

**အဖြေ** – အောက်ပါစေတသိက်များ၏သဘောလက္ခဏာများမှာ –

(က) **စေတနာ** = ယှဉ်ဖက်စိတ်စေတသိက်တို့ကို ဆိုင်ရာကိစ္စများဆောင်ရွက်ကြဖို့ရာ စေ့ဆော်တိုက်တွန်းခြင်းသဘော၊

(ခ) **သဒ္ဓါ** = မှန်သောဘုရား, တရား, သံဃာ, ကံ-ကံ၏အကျိုးစသည်ကို ကြည်ညိုမှု, ယုံကြည်မှုသဘော၊

(ဂ) **ပီတိ** = အာရုံကို နှစ်သက်ခြင်းသဘော၊

(ဃ) **သတိ** = ဘုရား, တရား, သံဃာစသည့်ကုသိုလ်အာရုံ၌ အောက်မေ့အမှတ်ရခြင်းသဘော၊

(င) **စိတ္တပဿဒ္ဓိ** = စိတ်၏ငြိမ်းအေးခြင်းသဘော။

**၃၁။ အောက်ပါတို့၌ မည်သည့်စေတသိက်များဖြစ်သည်ကို အမည်မှုညွှန်ပြခဲ့ပါ။**

**(က) ဆရာ၊ မိဘစကားဟူသောအာရုံကို နှလုံးသွင်းမှု၊**

**(ခ) အာရုံတစ်ပါး စိတ်မသွားဘဲ စိတ်တည်ကြည်မှု၊**

**(ဂ) အရာရာကို လိုလားတောင့်တခြင်း၊**

**(ဃ) ဘုရား, တရား၌ ယုံမှားသံသယဖြစ်ခြင်း၊**

**(င) တည်ငြိမ်မှုမရှိဘဲ စိတ်ပျံ့လွင့်ခြင်း။** (၁၉၈၉၊ စမန ၅၃၊ ၅၆၊ ၅၈)

**အဖြေ** – (က) ဆရာ၊ မိဘစကားဟူသောအာရုံကို နှလုံးသွင်းမှု = **မနသိကာရ၊**

(ခ) အာရုံတစ်ပါး စိတ်မသွားဘဲ စိတ်တည်ကြည်မှု = **ဧကဂ္ဂတာ၊**

(ဂ) အရာရာကို လိုလားတောင့်တမှု = **ဆန္ဒ၊**

(ဃ) ဘုရား, တရား၌ ယုံမှားသံသယဖြစ်ခြင်း = **ဝိစိကိစ္ဆာ၊**

(င) တည်ငြိမ်မှုမရှိဘဲ စိတ်ပျံ့လွင့်ခြင်း = **ဥဒ္ဓစ္စ။**

**၃၂။ လူတို့ခေါ်ဝေါ်သုံးစွဲလေ့ရှိသော ''ပညာ''ဟူသောစကားသည် အဘယ်စေတသိက်အမည်ဖြစ်ပါသနည်း၊ ဖော်ပြ၍ ယင်းပညာနှင့်ယှဉ်သောစိတ်တို့ကိုလည်း အကျဉ်းသချာသရုပ်မျှ ဖော်ထုတ်ရေးပြပါ။** (၁၉၈၉၊ စမန ၇၁၊ ၇၃)

**အဖြေ** – လူတို့ခေါ်ဝေါ်သုံးစွဲလေ့ရှိသော ''ပညာ''ဟူသောစကားသည် ''ပညိန္ဒြေ''စေတသိက်၏အမည် ဖြစ်ပါသည်။

– ယင်းပညာနှင့်ယှဉ်သောစိတ်တို့ကို သချ်ာသရုပ်မျှဖော်ပြရသော်

| | |
|---|---|
| ကာမသောဘနဉာဏသမ္ပယုတ်စိတ် | = ၁၂ ပါး၊ |
| ရူပါဝစရစိတ် | = ၁၅ ပါး၊ |
| အရူပါဝစရစိတ် | = ၁၂ ပါး၊ |
| လောကုတ္တရာစိတ် | = ၈ ပါး (အကျဉ်း) / ၄၀ ပါး (အကျယ်) |
| ပညာယှဉ်သောစိတ်ပေါင်း | = ၄၇ ပါး (အကျဉ်း) / ၇၉ ပါး (အကျယ်) ဖြစ်၏။ |

**၃၃။ ဆန္ဒ၊ ဥဒ္ဓစ္စ၊ ဟိရီ၊ စိတ္တလဟုတာ၊ မုဒိတာစေတသိက်များ၏သဘောလက္ခဏာများကို မြန်မာဘာသာဖြင့် ဖော်ပြပါ။** (၁၉၉၀၊ စမန ၅၆၊ ၅၈၊ ၆၄၊ ၆၅၊ ၇၁)

**အဖြေ** – အောက်ပါစေတသိက်များ၏သဘောလက္ခဏာများမှာ –

(က) **ဆန္ဒ** = အရာရာကို လိုလားတောင့်တခြင်းသဘော၊

(ခ) **ဥဒ္ဓစ္စ** = မတည်ငြိမ်ဘဲ စိတ်ပျံ့လွင့်ခြင်းသဘော၊

(ဂ) **ဟိရီ** = မကောင်းမှုပြုရန် ရှက်ခြင်းသဘော၊

(ဃ) **စိတ္တလဟုတာ** = စိတ်၏ပေါ့ပါးသွက်လက်ခြင်းသဘော၊

(င) **မုဒိတာ** = သုခိတာသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘောတို့ ဖြစ်၏။

**၃၄။ ''သူ့အပေါ်မှာ ကိုယ်မေတ္တာရှိလိုက်တာ''ဟူသောစကား၌ ''မေတ္တာ''အစစ်အမှန်အရကောက်ပြ၍ ဝီရိယစေတသိက်နှင့်အတူတကွ မဖြစ်နိုင်သောစိတ်တို့ကိုလည်း သရုပ်ရေတွက်ပြပါ။** (၁၉၉၀၊ စမန ၆၄၊ ၇၂)

**အဖြေ** – ''မေတ္တာ''၏အစစ်အမှန်အရကောက်သည် ''**အဒေါသစေတသိက်**''ဖြစ်၏။

ဝီရိယစေတသိက်နှင့်အတူတကွ မဖြစ်နိုင်သောစိတ်တို့မှာ –

| | |
|---|---|
| ဒွေပဉ္စဝိညာဏ် | = ၁၀ ပါး၊ |
| ပဉ္စဒွါရာဝဇ္ဇန်းစိတ | = ၁ ပါး၊ |
| သမ္ပဋိစ္ဆိုန်းစိတ် | = ၂ ပါး၊ |
| သန္တီရဏစိတ | = ၃ ပါး |
| ဝီရိယမယှဉ်သောစိတ်ပေါင်း | = ၁၆ ပါး ဖြစ်ပါသည်။ |

**၃၅။ မိမိတို့သဘောအလျောက် တစ်ကောင်နှင့်တစ်ကောင် အနိုင်မခံအရှုံးမပေး ခွပ်နေကြသောကြက်ကလေးနှစ်ကောင်၏သန္တာန်၌ (ခွပ်နေခိုက်) ဖြစ်ပေါ်နေသော စိတ်, စေတသိက်တို့ကို ဖော်ပြပါ။** (၁၉၉၀၊ စမန ၇၄)

**အဖြေ** – မိမိတို့သဘောအလျောက် တစ်ကောင်နှင့်တစ်ကောင် အနိုင်မခံအရှုံးမပေး

ခွပ်နေကြသောကြက်ကလေးနှစ်ကောင်၏သန္တာန်၌ (ခွပ်နေခိုက်) ဖြစ်ပေါ်နေသော စိတ်သည် ''ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ဒေါသမူစိတ်'' ဖြစ်၏။

ဎင်းစိတ်နှင့်ယှဉ်ဖြစ်သောစေတသိက်များမှာ –

| | | |
|---|---|---|
| ပီတိကြဉ်သောအညသမာန်းစေတသိက် | = | ၁၂ ပါး၊ |
| အကုသလသာဓာရဏစေတသိက် | = | ၄ ပါး၊ |
| ဒေါသစေတသိက် | = | ၁ ပါး၊ |
| ကြသာစေတသိက် | = | ၁ ပါး၊ |
| စုစုပေါင်း – စေတသိက် | = | ၁၈ ပါး ဖြစ်ပါသည်။ |

**၃၆။ အမှုကိစ္စတို့၌ ကြံစည်၊ သုံးသပ်၊ ဆုံးဖြတ်၍၊ နှစ်သက်၊ လိုလားစွာ အားထုတ်မှုသည် အဘယ်စေတသိက်များ၏သဘောလက္ခဏာများ ဖြစ်ပါသနည်း၊ မှန်ကန်အောင် ဖြေဆိုခဲ့ပါ။** (၁၉၉၁၊ စမန ၅၆)

**အဖြေ** –
- အမှုကိစ္စတို့၌ ကြံစည်မှု = ဝိတက်စေတသိက်၊
- အမှုကိစ္စတို့၌ သုံးသပ်မှု = ဝိစာရစေတသိက်၊
- အမှုကိစ္စတို့၌ ဆုံးဖြတ်မှု = အဓိမောက္ခစေတသိက်၊
- အမှုကိစ္စတို့၌ နှစ်သက်မှု = ပီတိစေတသိက်၊
- အမှုကိစ္စတို့၌ လိုလားမှု = ဆန္ဒစေတသိက်၊
- အမှုကိစ္စတို့၌ အားထုတ်မှု = ဝီရိယစေတသိက်တို့၏လက္ခဏာများဖြစ်၏။

**၃၇။ ''အသက် ဉာဏ်စောင့်''ဟူသောစကား၌ အသက်၊ ဉာဏ်ဟုခေါ်ဆိုရသောစေတသိက်အမည်များကို ထုတ်ပြ၍ ဟိရီ, ဩတ္တပ္ပ, ဥဒ္ဓစ္စ, ကေဂ္ဂတာစေတသိက်တို့၏သဘောလက္ခဏာများကိုလည်း ရေးသားခဲ့ပါ။**

(၁၉၉၁၊ စမန ၅၃၊ ၇၁၊ ၆၄၊ ၅၈)

**အဖြေ** – ''အသက် ဉာဏ်စောင့်''ဟူသောစကား၌

**အသက်** = ဇီဝိတိန္ဒြေစေတသိက်၊

**ဉာဏ်** = ပညိန္ဒြေ (ပညာ) စေတသိက်တို့ ဖြစ်ကြသည်။

– အောက်ပါစေတသိက်တို့၏သဘောလက္ခဏာများမှာ –

(က) **ဟိရီ** = မကောင်းမှုပြုရန် ရှက်ခြင်းသဘော၊

(ခ) **ဩတ္တပ္ပ** = မကောင်းမှုပြုရန် ကြောက်လန့်ခြင်းသဘော၊

(ဂ) **ဥဒ္ဓစ္စ** = စိတ်ပျံ့လွင့်ခြင်း, မငြိမ်သက်ခြင်းသဘော၊

(ဃ) **ကေဂ္ဂတာ** = အာရုံတစ်ခု၌ တည်တံ့ခြင်း, တည်ကြည်ခြင်းသဘောတို့ဖြစ်သည်။

**၃၈။ တပ်မက်ခြင်း (လောဘ)၊ ခက်ထန်ခြင်း (ဒေါသ)၊ တွေဝေခြင်း (မောဟ) စေတသိက်တို့နှင့်အတူတကွဖြစ်သောအကုသိုလ်စိတ်တို့ကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။**

(၁၉၉၁၊ စမန ၂၅၊ ၂၇၊ ၂၈)

**အဖြေ – တပ်မက်ခြင်း (လောဘ) နှင့်အတူတကွဖြစ်သော အကုသိုလ်စိတ်တို့မှာ –**

(၁) သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ် ၁ ပါး၊
(၂) သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက လောဘမူစိတ် ၁ ပါး၊
(၃) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူစိတ် ၁ ပါး၊
(၄) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက လောဘမူစိတ် ၁ ပါး၊
(၅) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ် ၁ ပါး၊
(၆) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက လောဘမူစိတ် ၁ ပါး၊
(၇) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူစိတ် ၁ ပါး၊
(၈) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက လောဘမူစိတ် ၁ ပါး၊

**ခက်ထန်ခြင်း (ဒေါသ) နှင့်အတူတကွဖြစ်သော အကုသိုလ်စိတ် ၂ ပါးမှာ –**

(၁) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ဒေါသမူစိတ် ၁ ပါး၊
(၂) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက ဒေါသမူစိတ် ၁ ပါး၊

**တွေဝေခြင်း (မောဟ) နှင့်အတူတကွဖြစ်သော အကုသိုလ်စိတ် ၂ ပါးမှာ –**

(၁) ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် မောဟမူစိတ် ၁ ပါး၊
(၂) ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် မောဟမူစိတ် ၁ ပါးတို့ ဖြစ်ပါသည်။

**၃၉။ ဤမေးခွန်းသဘောကို အလေးမမူ ဉာဏ်မကူဘဲ အလိုအလျောက် ထင်မြင်ရာကို ဖြေဆိုနေသော ဖြေဆိုသူ၏သန္တာန်၌ အဘယ်မည်သောစိတ်၊ စေတသိက်များ ဖြစ်ပေါ်နေပါသနည်း။** (၁၉၉၁၊ စမန ၇၅)

**အဖြေ** – ဤမေးခွန်းသဘောကို အလေးမမူ ဉာဏ်မကူဘဲ အလိုအလျောက် ထင်မြင်ရာကို ဖြေဆိုသူ၏သန္တာန်၌ ဖြစ်ပေါ်နေသောစိတ်သည် –

‘‘**ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်**’’ ဖြစ်၏။

– ယင်းစိတ်နှင့်ယှဉ်သော စေတသိက်များမှာ –

| | | |
|---|---|---|
| ပီတိကြဉ်သော အညသမာန်းစေတသိက် | = ၁၂ ပါး၊ | |
| သောဘနသာဓာရဏစေတသိက် | = ၁၉ ပါး၊ | |
| ပေါင်း – စေတသိက် | = ၃၁ ပါး | ဖြစ်ပါသည်။ |

**၄၀။ ‘‘လုံ့လမမူ နတ်မကူဘူး’’ဟူသောစကား၌ လုံ့လဟုခေါ်ဆိုထိုက်သည့် စေတသိက်အမည်ကို ဖော်ပြ၍ ယင်းစေတသိက်နှင့် အတူတကွဖြစ်သော စိတ်သရုပ်ကို လည်းထုတ်ပြပါ။** (၁၉၉၂၊ စမန ၅၆၊ ၇၂)

**အဖြေ** – ‘‘လုံ့လမမူ နတ်မကူဘူး’’ဟူသောစကား၌ လုံ့လဟုခေါ်ဆိုထိုက်သည့် စေတသိက်အမည်သည် ‘‘**ဝီရိယစေတသိက်**’’ ဖြစ်ပါသည်။

''ဝီရိယ''နှင့်အတူတကွဖြစ်သောစိတ်သရုပ်သည်

''ဒွေပဉ္စဝိညာဏ် ၁၀၊ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃''ဟူသောစိတ် ၁၆ ပါးကြဉ်သည့် စိတ်အကျဉ်း ၇၃ ပါး၊ စိတ်အကျယ် ၁၀၅ ပါး ဖြစ်ပါသည်။

**၄၁။ အငတ်ဘေးကြီးဆိုက်ရောက်လျက်ရှိသော ဆိုမာလီပြည်သူများအား သနားကြင်နာမှု ဖြစ်နေခြင်းသည် အဘယ်စေတသိက်၏လက္ခဏာဖြစ်ပါသနည်း၊ တိကျစွာဖော်ပြ၍ ယင်းစေတသိက်နှင့်ဆန့်ကျင်ဘက်စေတသိက်အမည်ကိုလည်း ညွှန်ပြပါ။**

(၁၉၉၂၊ စမန ၇၁၊ ၅၈)

**အဖြေ** – အငတ်ဘေးကြီးဆိုက်ရောက်လျက်ရှိသော ဆိုမာလီပြည်သူများအား သနားကြင်နာမှုဖြစ်နေခြင်းသည် ''**ကရုဏာစေတသိက်**''၏သဘောလက္ခဏာဖြစ်ပါသည်။

ယင်းစေတသိက်နှင့် ဆန့်ကျင်ဘက်စေတသိက်သည် ''**ဒေါသစေတသိက်**''ဖြစ်၏။

**၄၂။ ''ရမ္မက်စံအိမ်''ဟူသောစကားဝယ်''ရမ္မက်''ဟူသောလောကဝေါဟာရ၏ ပရမတ္ထသဘောကို ညွှန်ပြ၍ ယင်းပရမတ္ထသဘာဝနှင့် အတူတကွဖြစ်သော စိတ်ကိုလည်း ဖော်ပြပါ။** (၁၉၉၂၊ စမန ၅၈၊ ၇၃)

**အဖြေ** – ''ရမ္မက်စံအိမ်''ဟူသောစကားဝယ် ''ရမ္မက်''ဟူသောလောကဝေါဟာရ၏ ပရမတ္ထသဘာဝမှာ တဏှာ, ရာဂအမည်ရသည့် ''**လောဘစေတသိက်**''ဖြစ်၏။

လောဘစေတသိက်နှင့် အတူတကွဖြစ်သောစိတ်သည် ''**လောဘမူစိတ် ၈ ပါး**''ဖြစ်ပါသည်။ (လောဘမူစိတ်အမည်တို့ကိုလည်း နံပါတ် ၃၈ တွင်အတိုင်းရေးပြပါ။)

**၄၃။ စေတသိက် ၅၂ ပါးတို့တွင် စိတ်အများဆုံးယှဉ်နိုင်သောစေတသိက်နှင့် စိတ်အနည်းဆုံးယှဉ်နိုင်သောစေတသိက်များကို ကောက်ပြ၍ ဝိရတိစေတသိက်၏ သဘောလက္ခဏာများကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။** (၁၉၉၃၊ စမန ၇၂၊ ၇၃၊ ၇၀)

**အဖြေ – စိတ်အများဆုံးနှင့်ယှဉ်နိုင်သော စေတသိက်များသည် –**

''**သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး**'' ဖြစ်သည့် ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရတို့ဖြစ်ပါသည်။ ဤစေတသိက်များသည် စိတ်အားလုံးနှင့် တစ်ပေါင်းတည်းယှဉ်ကြပါသည်။

စိတ်အနည်းဆုံးယှဉ်နိုင်သောစေတသိက်သည် ''**ဝိစိကိစ္ဆာစေတသိက်**''ဖြစ်၏။ ဝိစိကိစ္ဆာသည် မောဟမူ ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁ ပါးတည်းနှင့် ယှဉ်ပါသည်။

**– ''ဝိရတိစေတသိက်''၏ သဘောလက္ခဏာများမှာ –**

(၁) **သမ္မာဝါစာ** = ကောင်းစွာပြောဆိုခြင်း၊ အသက်မွေးဝမ်းကျောင်းနှင့်မဆက်စပ်ဘဲ ဝစီဒုစရိုက် ၄ ပါးမှ ရှောင်ကြဉ်ခြင်းသဘော၊

(၂) **သမ္မာကမ္မန္တ** = ကောင်းစွာပြုလုပ်ခြင်း၊ အသက်မွေးဝမ်းကျောင်းနှင့်မဆက်စပ်ဘဲ ကာယဒုစရိုက် ၃ ပါးမှ ရှောင်ကြဉ်ခြင်းသဘော၊

(၃) **သမ္မာအာဇီဝ** = ကောင်းစွာအသက်မွေးခြင်း၊ အသက်မွေးဝမ်းကျောင်းနှင့်ဆက်စပ်၍

ဝစီဒုစရိုက် ၄ ပါးနှင့် ကာယဒုစရိုက် ၃ ပါးတို့ကို ရှောင်ကြဉ်ခြင်း သဘောတို့ ဖြစ်ပါသည်။

**၄၄။ ''အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့်''ဟူသောစကားရပ်၌ ကံ, ဉာဏ်ဟုခေါ်ဆိုရသော စေတသိက်အမည်များကို ဖော်ပြ၍ ယင်းစေတသိက်တို့နှင့် အတူတကွဖြစ်သောစိတ်တို့ကိုလည်း ထုတ်ဆောင်ပြပါ။** (၁၉၉၃၊ စမန ၅၄၊ ၇၁၊ ၇၂၊ ၇၃)

**အဖြေ** – ''အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့်''ဟူသောစကားရပ်၌

''ကံ''ဟုခေါ်ဆိုရသောစေတသိက်အမည်သည် ''**စေတနာစေတသိက်**''ဖြစ်၏။

''ဉာဏ်''ဟုခေါ်ဆိုရသောစေတသိက်သည် ''**ပညိန္ဒြေ ခေါ် ပညာစေတသိက်**''ဖြစ်၏။

**''စေတနာစေတသိက်''နှင့် အတူတကွဖြစ်သောစိတ်တို့မှာ –**

စိတ်အကျဉ်း ၈၉ ပါး၊ စိတ်အကျယ် ၁၂၁ ပါးဖြစ်ပါသည်။

**''ပညာစေတသက်''နှင့် အတူတကွဖြစ်သောစိတ်တို့မှာ –**

| | |
|---|---|
| ကာမသောဘန ဉာဏသမ္ပယုတ်စိတ် | = ၁၂ ပါး၊ |
| မဟဂ္ဂုတ်စိတ် | = ၂၇ ပါး၊ |
| လောကုတ္တရာစိတ် | = ၈ ပါး (အကျဉ်း) / ၄၀ ပါး (အကျယ်) |
| ပေါင်း – ပညာယှဉ်သောစိတ် | = ၄၇ ပါး (အကျဉ်း) / ၇၉ ပါး (အကျယ်) |

**၄၅။ စိတ်ချင်းထူးအောင်ပြုတတ်သော စေတသိက်တို့တွင် မည်သည့်စေတသိက်က မည်သည့်စိတ်ကို မည်သို့ထူးခြားအောင် ပြုပါသနည်း၊ ပြည့်စုံအောင် ရှင်းလင်းရေးသားခဲ့ပါ။** (၁၉၉၃၊ စမန ၄၀၊ ၇၃၊ ၇၅)

**အဖြေ** – စိတ်ချင်းထူးအောင်ပြုတတ်သော စေတသိက်တို့သည် –

| | |
|---|---|
| ဝိတက်, ဝိစာရ, ပီတိ, သုခဟူသော ဈာနင်တရား | = ၄ ပါး၊ |
| အပ္ပမညာ | = ၂ ပါး၊ |
| ဝိရတိ | = ၃ ပါး၊ |
| ပညိန္ဒြေ (ပညာ) | = ၁ ပါး၊ |
| ပေါင်း – စေတသိက် | = ၁၀ ပါးတည်း။ |

(၁) **ဝိတက်**သည် မဟဂ္ဂုတ်ပထမဈာန်နှင့် လောကုတ္တရာပထမဈာန်တို့၌သာယှဉ်၍ ကျန်ဈာန်စိတ်များနှင့်မယှဉ်ခြင်းဖြင့် ထိုပထမဈာန်စိတ်တို့ကို ကျန်ဈာန်စိတ်များမှ ထူးခြားအောင် ပြုပါသည်။

(၂) **ဝိစာရ**သည် ပထမဈာန်, ဒုတိယဈာန်တို့၌သာယှဉ်၍ အခြားဈာန်စိတ်များ၌မယှဉ်ခြင်းဖြင့် ထိုပထမဈာန်, ဒုတိယဈာန်တို့ကို အခြားဈာန်စိတ်များမှ ထူးခြားအောင် ပြုပါသည်။

(၃) **ပီတိ**သည် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်တို့၌သာယှဉ်၍ စတုတ္ထဈာန်,

ပဥ္စမစျာန်တို့တွင်မယှဉ်ခြင်းဖြင့် ပ, ဒု, တစျာန်တို့ကို စတုတ္ထ, ပဥ္စမစျာန်တို့မှ ထူးခြားအောင် ပြုပါသည်။

(၄) **သုခ** (ဝေဒနာ)သည် ပ, ဒု, တ, စတုတ္ထစျာန်တို့၌သာယှဉ်၍ ပဥ္စမစျာန်စသည်၌ မယှဉ်ခြင်းဖြင့် ပ, ဒု, တ, စတုတ္ထစျာန်တို့ကို ပဥ္စမစျာန်စသည်မှ ထူးခြားအောင်ပြုပါသည်။

(၅) **အပ္ပမညာ ၂ ပါး**သည် မဟဂ္ဂုတ် ပ, ဒု, တ, စတုစျာန်တို့၌သာယှဉ်၍ ပဥ္စမစျာန်စသည်၌ မယှဉ်ခြင်းဖြင့် ပ, ဒု, တ, စတုတ္ထစျာန်တို့ကို အခြားစျာန်များမှ ထူးခြားအောင်ပြုပါသည်။

(၆) **အပ္ပမညာ ၂ ပါး**သည် မဟာကုသိုလ်, မဟာကြိယာစိတ်တို့၌သာအသီးသီးယှဉ်၍ မဟာဝိပါက်တို့၌မယှဉ်ခြင်းဖြင့် မဟာကုသိုလ်, မဟာကြိယာစိတ်တို့ကို မဟာဝိပါက်စိတ်တို့မှ ထူးခြားအောင် ပြုပါသည်။

(၇) **ဝိရတီ ၃ ပါး**သည် မဟာကုသိုလ်စိတ်တို့၌သာ အသီးသီးယှဉ်၍ မဟာဝိပါက်, မဟာကြိယာစိတ်တို့၌မယှဉ်ခြင်းဖြင့် မဟာကုသိုလ်စိတ်တို့ကို မဟာဝိပါက်, မဟာကြိယာ စိတ်တို့မှ ထူးခြားအောင် ပြုပါသည်။

(၈) **ပီတိ**သည် မဟာကုသိုလ်, မဟာဝိပါက်, မဟာကြိယာပထမဒွေနှင့် တတိယဒွေတို့၌ သာယှဉ်၍ ဒုတိယဒွေနှင့် စတုတ္ထဒွေတို့မှ ထူးခြားအောင် ပြုပါသည်။

(၉) **ပညာစေတသိက်**သည် မဟာကုသိုလ်, မဟာဝိပါက်, မဟာကြိယာပထမဒွေနှင့် တတိယဒွေတို့၌သာယှဉ်၍ ဒုတိယဒွေနှင့် စတုတ္ထဒွေတို့၌မယှဉ်ခြင်းဖြင့် ထိုပထမဒွေနှင့် တတိယဒွေတို့ကို ထိုဒုတိယဒွေနှင့် စတုတ္ထဒွေတို့မှ ထူးခြားအောင် ပြုပါသည်။

**၄၆။ ''ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း''ဟူသောအဆုံးအမ၌ မသို, မတိုဟု သုံးနှုန်းထိုက်သော စေတသိက်တို့၏အမည်ကို ညွှန်ပြ၍ ယင်းစေတသိက်တို့နှင့်အတူတကွဖြစ်သော စိတ်တို့ကိုလည်း ဖော်ပြပါ။** (၁၉၉၄၊ စမန ၆၄၊ ၇၃)

**အဖြေ** – ''ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း''ဟူသောအဆုံးအမ၌
'မသို' ဟုသုံးနှုန်းထိုက်သောစေတသိက် = အလောဘစေတသိက်ဖြစ်၏၊
'မတို' ဟုသုံးနှုန်းထိုက်သောစေတသိက် = အဒေါသစေတသိက်ဖြစ်၏။

**– ၎င်းအလောဘ, အဒေါသစေတသိက်တို့နှင့် အတူတကွဖြစ်သောစိတ်တို့မှာ –**

| | | |
|---|---|---|
| ကာမသောဘနစိတ် | = | ၂၄ ပါး၊ |
| ရူပါဝစရစိတ် | = | ၁၅ ပါး၊ |
| အရူပါဝစရစိတ် | = | ၁၂ ပါး၊ |
| လောကုတ္တရာစိတ် | = | ၈ ပါး (အကျဉ်း) / ၄၀ ပါး (အကျယ်) |
| သောဘနစိတ်ပေါင်း | = | ၅၉ ပါး (အကျဉ်း) / ၉၁ ပါး (အကျယ်) ဖြစ်၏။ |

**၄၇။ ''အကုသိုလ်ပြုရန် မရှက်မကြောက်သောသူသည် တရားတော်၌ ကြည်ညိုသူ**

**မမည်''ဟူသောစကား၌ မရှက်၊ မကြောက်၊ ကြည်ညိုဟု ညွှန်ပြအပ်သောစေတသိက်တို့၏သဘောလက္ခဏာကို ရေး၍ ဉာဏ်၊ ဝီရိယနှစ်ပါးလုံးနှင့်မယှဉ်သော စိတ်သရုပ်ကိုလည်း ထုတ်ပြပါ။** (၁၉၉၄၊ စမန ၅၈၊ ၆၄၊ ၇၂)

**အဖြေ** – 'မရှက်'ဟုညွှန်ပြအပ်သောစေတသိက် = အဟိရိကစေတသိက်၊

'မကြောက်'ဟုညွှန်ပြအပ်သောစေတသိက် = အနောတ္တပ္ပစေတသိက်၊

'ကြည်ညို'ဟုညွှန်ပြအပ်သောစေတသိက် = သဒ္ဓါစေတသိက်။

– ၎င်းစေတသိက်တို့၏သဘောလက္ခဏာများမှာ –

**အဟိရိက** = မကောင်းမှုဒုစရိုက်ပြုရန် မရှက်ခြင်းသဘော၊

**အနောတ္တပ္ပ** = မကောင်းမှုဒုစရိုက်ပြုရန် မကြောက်လန့်ခြင်းသဘော၊

**သဒ္ဓါ** = မှန်သော ဘုရား, တရား, သံဃာနှင့် ကံ-ကံ၏အကျိုးစသည်ကိုကြည်ညိုမှု, ယုံကြည်မှုသဘော၊

**– ဉာဏ်, ဝီရိယနှစ်ပါးလုံးနှင့်မယှဉ်သောစိတ်သရုပ်မှာ –**

| | | |
|---|---|---|
| ဒွေပဉ္စဝိညာဏ်စိတ် | = | ၁၀ ပါး၊ |
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁ ပါး၊ |
| သမ္ပဋိစ္ဆိုန်းစိတ် | = | ၂ ပါး၊ |
| သန္တီရဏစိတ် | = | ၃ ပါး၊ |
| မယှဉ်သောစိတ်ပေါင်း | = | ၁၆ ပါး ဖြစ်ပါသည်။ |

**၄၈။ ခြင်ကိုက်သည်ကို မသတ်ဘဲ ရှောင်ကြဉ်သူသန္တာန်၌ဖြစ်သော စေတသိက်အမည်ကို တိကျစွာညွှန်ပြ၍ ယင်းစေတသိက်နှင့်အတူတကွဖြစ်သော စိတ်တို့ကိုလည်း ဖော်ပြပါ။**

(၁၉၉၄၊ စမန ၇၀၊ ၇၃)

**အဖြေ** – ခြင်ကိုက်သည်ကို မသတ်ဘဲ ရှောင်ကြဉ်သူသန္တာန်၌ဖြစ်သော စေတသိက်အမည်သည် **သမ္မာကမ္မန္တစေတသိက်** ဖြစ်ပါသည်။

– ဤစေတသိက်နှင့်တကွဖြစ်သောစိတ်သည်

| | | |
|---|---|---|
| မဟာကုသိုလ်စိတ် (ရံခါယှဉ်) | = | ၈ ပါး၊ |
| လောကုတ္တရာစိတ် (အမြဲယှဉ်) | = | ၈ ပါး (အကျဉ်း) / ၄၀ ပါး (အကျယ်) |
| ယှဉ်သောစိတ်ပေါင်း | = | ၁၆ ပါး (အကျဉ်း) / ၄၈ ပါး (အကျယ်) ဖြစ်သည်။ |

**၄၉။ စိတ်ဖြစ်တိုင်းအမြဲမယှဉ်ဘဲ ယှဉ်သင့်မှသာယှဉ်သောစေတသိက်တို့ကို ရေတွက်ပြပြီး၊ ဩကာသကန်တော့ခန်းကို ဆရာကျက်ခိုင်း၍ ဝမ်းမြောက်ဝမ်းသာ ဉာဏ်ပါပါဖြင့် ကျက်နေကြသော ကျောင်းသားကလေးများ၏သန္တာန်ဝယ် ဖြစ်နိုင်သောစိတ်, စေတသိက်တို့ကို ဖော်ပြပါ။** (၁၉၉၄၊ စမန ၇၆၊ ၇၇၊ ၇၅)

**အဖြေ** – စိတ်ဖြစ်တိုင်းအမြဲမယှဉ်ဘဲ ယှဉ်သင့်မှသာယှဉ်သောစေတသိက်တို့မှာ –

**ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ မာန၊ ထိန၊ မိဒ္ဓ၊ ဝိရတိ ၃ ပါး၊ အပ္ပမညာ ၂ ပါး =**
စုစုပေါင်း **အနိယတယောဂီ ၁၁ ပါး**ဖြစ်ပါသည်။

– ဩကာသကန်တော့ခန်းကို ဆရာကျက်ခိုင်း၍ ဝမ်းမြောက်ဝမ်းသာ ဉာဏ်ပါပါဖြင့် ကျက်နေကြသောကျောင်းသားကလေးများ၏သန္တာန်၌ ဖြစ်သောစိတ်သည် –

''**သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်**''ဖြစ်၏။

– ယင်းစိတ်နှင့်အတူတကွဖြစ်သော စေတသိက်တို့မှာ –

| | | |
|---|---|---|
| အညသမာန်းစေတသိက် | = ၁၃ ပါး၊ | |
| သောဘနသာဓာရဏစေတသိက် | = ၁၉ ပါး၊ | |
| ပညိန္ဒြေစေတသိက် | = ၁ ပါး၊ | |
| စေတသိက်ပေါင်း | = ၃၃ ပါးဖြစ်ပါသည်။ | |

**၅၀။ ''လူမှန်လျှင် ကြံရင်းသေရသည်''ဟူသောစကား၌ အကြံအစည်ကိုညွှန်ပြသည့် စေတသိက်အမည်ကို ထုတ်ပြ၍ ယင်းစေတသိက်နှင့်အတူတကွဖြစ်သော စိတ်သရုပ် ကိုလည်း ဖော်ပြပါ။** (၁၉၉၅၊ စမန ၅၆၊ ၇၂)

**အဖြေ** – ''လူမှန်လျှင် ကြံရင်းသေရသည်''ဟူသောစကား၌ အကြံအစည်ကိုညွှန်ပြသည့် စေတသိက်သည် ''**ဝိတက်စေတသိက်**''ဖြစ်ပါသည်။

– ဝိတက်နှင့်အတူတကွဖြစ်သောစိတ်သရုပ်မှာ –

| | |
|---|---|
| ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သောကာမစိတ် | = ၄၄ ပါး၊ |
| မဟဂ္ဂုတ် + လောကုတ္တရာပထမဈာန်စိတ် | = ၁၁ ပါး၊ |
| ယှဉ်သောစိတ်ပေါင်း | = ၅၅ ပါးဖြစ်ပါသည်။ |

**၅၁။ ဉစ္စာဓနေ ပေါကြွယ်ဝ၍ ဘဝင်မြင့် စိတ်ကြီးဝင်နေသူသန္တာန်၌ ရှိနေသောစေတသိက် အမည်ကိုဖော်ပြ၍ ယင်းစေတသိက်နှင့်အတူ ယှဉ်တွဲဖြစ်လေ့ရှိသောစိတ်သရုပ်ကိုလည်း ထုတ်ပြပါ။** (၁၉၉၅၊ စမန ၅၈၊ ၇၃)

**အဖြေ** – ဉစ္စာဓနေ ပေါကြွယ်ဝ၍ ဘဝင်မြင့် စိတ်ကြီးဝင်နေသူသန္တာန်၌ ရှိနေသောစေတသိက် သည် ''**မာနစေတသိက်**''ဖြစ်ပါသည်။

– မာနစေတသိက်နှင့် အတူယှဉ်တွဲဖြစ်လေ့ရှိသော စိတ်သရုပ်မှာ –

''**လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါး**'' ဖြစ်ပါသည်။

**၅၂။ ရတနာသုံးပါးနှင့် ကံ-ကံ၏အကျိုးတရားကို အကြွင်းမရှိ ယုံကြည်ကြသော ပုဂ္ဂိုလ်များ၏သန္တာန်ဝယ် ဖြစ်နိုင်သောစိတ်၊ စေတသိက်တို့ကိုဖော်ပြ၍ ကမ္မာစောင့် တရားများကိုလည်း ညွှန်ပြပါ။** (၁၉၉၅၊ စမန ၆၄၊ ၇၃၊ ၆၇)

**အဖြေ** – ရတနာသုံးပါးနှင့် ကံ-ကံ၏အကျိုးတရားကို အကြွင်းမရှိ ယုံကြည်ကြသော ပုဂ္ဂိုလ်များ၏သန္တာန်ဝယ် ဖြစ်နိုင်သောစေတသိက်သည် ''**သဒ္ဓါစေတသိက်**''ဖြစ်၏။

ဖြစ်နိုင်သောစိတ်တို့သည် ''**သောဘနစိတ်အကျဉ်း ၅၉ ပါး၊ သောဘနစိတ်အကျယ် ၉၁ ပါး**'' တို့ဖြစ်ပါသည်။

– **ကမ္မာစောင့်တရားများမှာ ဟိရီနှင့် ဩတ္တပ္ပစေတသိက်နှစ်ပါး**ဖြစ်ပါသည်။

ဟိရီ = မကောင်းမှုဒုစရိုက်ပြုရန် ရှက်ခြင်းသဘော၊

ဩတ္တပ္ပ = မကောင်းမှုဒုစရိုက်ပြုရန် ကြောက်လန့်ခြင်းသဘောတို့ဖြစ်ပါသည်။

**၅၃။ ''နေရာတိုင်းမှာ သူ့မျက်နှာ''ဟု ပြောရလောက်အောင် စိတ်တိုင်းစိတ်တိုင်းနှင့် ယှဉ်တွဲဖြစ်နိုင်သောစေတသိက်တို့တွင် နောက်ဆုံးသုံးခု၏ပရမတ္ထသဘာဝတို့ကို ဖြေဆို၍၊ ''စဉ်းစားပြီးမှ ဆုံးဖြတ်ပါ''ဟူသောစကား၌ ပါဝင်သောစေတသိက်တို့၏အမည်နာမတို့ကိုလည်း ဖော်ပြပါ။** (၁၉၉၆၊ စမန ၅၃၊ ၅၆)

**အဖြေ** – စိတ်တိုင်းစိတ်တိုင်းနှင့် ယှဉ်တွဲဖြစ်နိုင်သော စေတသိက်တို့သည် ''**သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး**''ဖြစ်ပါသည်။ ဤစေတသိက်တို့တွင် နောက်ဆုံးသုံးခု၏ ပရမတ္ထသဘာဝတို့မှာ –

(၁) **ဧကဂ္ဂတာ** = တစ်ခုတည်းသောအာရုံ၌ တည်တံ့ခြင်း, တည်ကြည်ခြင်းသဘော၊

(၂) **ဇီဝိတိန္ဒြေ** = ယှဉ်ဖက်စေတသိက်တို့ကို သက်တမ်းပြည့်တည်တံ့အောင် စောင့်ထိန်းခြင်းသဘော၊ နာမ်အသက်သဘော၊

(၃) **မနသိကာရ** = စိတ်ထဲ၌ အာရုံပေါ်လာအောင် အာရုံကိုနှလုံးသွင်းခြင်းသဘော။

– **''စဉ်းစားပြီးမှ ဆုံးဖြတ်ပါ''ဟူသောစကား၌** ပါဝင်သောစေတသိက်တို့၏အမည်နာမတို့မှာ – ''စဉ်းစား''ဟူသောစေတသိက်အမည် = **ဝိစာရစေတသိက်၊**

''ဆုံးဖြတ်ပါ''ဟူသောစေတသိက်အမည် = **အဓိမောက္ခစေတသိက်**တို့ဖြစ်ပါသည်။

**၅၄။ ဆယ်သိန်းထီပေါက်သူတစ်ယောက်အား ''ကြက်ကန်းဆန်အိုးတိုး တိုးတာပါကွာ'' ဟုမနာလိုသောစိတ်ထားဖြင့်ပြောဆိုသူ၏သန္တာန်၌ဖြစ်သောစေတသိက်ကို တိကျစွာဖော်ပြ၍ ယင်းစေတသိက်နှင့်ယှဉ်တွဲ၍ဖြစ်နိုင်သောစိတ်တို့ကိုလည်း ရေတွက်ပြပါ။** (၁၉၉၆၊ စမန ၅၈၊ ၇၃)

**အဖြေ** – ဆယ်သိန်းထီပေါက်သူတစ်ဦးအား ''ကြက်ကန်း ဆန်အိုးတိုး တိုးတာပါကွာ'' ဟု မနာလိုသောစိတ်ထားပြီး ပြောဆိုသူ၏သန္တာန်၌ဖြစ်သော စေတသိက်သည် ''**ဣဿာစေတသိက်**''ဖြစ်ပါသည်။

ယင်းစေတသိက်နှင့် ယှဉ်တွဲ၍ဖြစ်နိုင်သောစိတ်တို့ကို ရေတွက်ပြရသော် –

(၁) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ဒေါသမူစိတ် ၁ ပါး၊

(၂) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက ဒေါသမူစိတ် ၁ ပါး၊

စုစုပေါင်း ''**ဒေါသမူစိတ်နှစ်ပါး**'' ဖြစ်ပါသည်။

**၅၅။ ''စိတ်မှန်သမျှ ကြံစည်မှုနှင့် မကင်းကြ''ဟု ပြောဆိုနေကြသော အဘိဓမ္မာ အသိမဲ့ကြား အချို့သောသူများ၏စကားကို ချေပသောအားဖြင့် ကြံစည်မှုနှင့်ကင်း၍**

**ဖြစ်နိုင်သောစိတ်တို့ကို ဖော်ပြပြီးလျှင်၊ မတင့်တယ်သောစိတ်ဖြစ်သော်လည်း နိဗ္ဗာန်ကို အာရုံပြုနိုင်သောစိတ်ကို ဖြေဆိုပါ။** (၁၉၉၆၊ စမန ၅၆၊ ၇၂၊ ၈၉)

**အဖြေ** – ကြံစည်မှုသဘောလက္ခဏာရှိသောစေတသိက်သည် **''ဝိတက်စေတသိက်''**ဖြစ်၏။

ဝိတက်နှင့်ကင်း၍ ဖြစ်နိုင်သောစိတ်တို့မှာ –

| | | |
|---|---|---|
| ဒွေပဉ္စဝိညာဏ် | = | ၁၀ ပါး၊ |
| ဒုတိယစျာန်စိတ် | = | ၁၁ ပါး၊ |
| တတိယစျာန်စိတ် | = | ၁၁ ပါး၊ |
| စတုတ္ထစျာန်စိတ် | = | ၁၁ ပါး၊ |
| ပဉ္စမစျာန်စိတ် | = | ၂၃ ပါး၊ |
| စုစုပေါင်းစိတ် | = | ၆၆ ပါးဖြစ်ပါသည်။ |

**– မတင့်တယ်သောစိတ်ဖြစ်သော်လည်း နိဗ္ဗာန်ကိုအာရုံပြုနိုင်သောစိတ်သည်**

''ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်း အဟိတ်ကြိယာစိတ်''ဖြစ်ပါသည်။

**၅၆။ ရုပ်မြင်သံကြားဂြိုဟ်တုသတင်း၌ ငတ်မွတ်ခေါင်းပါး ဒုက္ခသည်များကို တွေ့မြင်ရသော သနားကြင်နာမှုသည် ကုသိုလ်ရ, မရရှင်းပြ၍၊ ကိုယ်ပိုင်လုံ့လမရှိသောစိတ်တို့ကိုလည်း ထုတ်ဖော်ရေးသားပြပါ။** (၁၉၉၆၊ စမန ၇၁၊ ၇၃၊ ၇၂)

**အဖြေ** – ရုပ်မြင်သံကြားဂြိုဟ်တုသတင်း၌ ငတ်မွတ်ခေါင်းပါး ဒုက္ခသည်များကို တွေ့မြင်ရသော သနားကြင်နာမှုသည် ''ကုသိုလ်ရပါသည်''။

အကြောင်းမှာ – ငတ်မွတ်ခေါင်းပါး ဒုက္ခသည်များကိုအာရုံပြု၍ သနားကြင်နာခြင်း သဘောလက္ခဏာရှိသည့်စေတသိက်သည် ''**ကရုဏာစေတသိက်**''ဖြစ်ပါသည်။

ကရုဏာစေတသိက်သည် မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ ရူပပဉ္စမစျာန်ကြဉ်သော မဟဂ္ဂုတ်စိတ် ၁၂ ပါး၊ စုစုပေါင်း စိတ် ၂၈ ပါး၌ ရံခါယှဉ်နိုင်သဖြင့် ကရုဏာယှဉ်သည့်အခါ မဟာကုသိုလ်စိတ်ဖြစ်ပါသည်။ ထို့ကြောင့် ကုသိုလ်ရပါသည်။

**– ကိုယ်ပိုင်လုံ့လမရှိသောစိတ်တို့သည်** ဝီရိယမယှဉ်သောစိတ်များဖြစ်သဖြင့် ထိုစိတ်တို့သည် –

| | | |
|---|---|---|
| ဒွေပဉ္စဝိညာဏ် | = | ၁၀ ပါး၊ |
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁ ပါး၊ |
| သမ္ပဋိစ္ဆန်းစိတ် | = | ၂ ပါး၊ |
| သန္တီရဏစိတ် | = | ၃ ပါး၊ |
| စုစုပေါင်းစိတ် | = | ၁၆ ပါး ဖြစ်ပါသည်။ |

**၅၇။ သူတစ်ပါး၏စေခိုင်းခြင်းကြောင့် မလွှဲသာ၍ သူ့အသက်သတ်မှုကို ပြုနေသူ၏ သန္တာန်၌ ဖြစ်နိုင်သောစိတ်၊ စေတသိက်တို့ကို ဖော်ပြပြီးလျှင်၊ ပြုပြီးသောကုသိုလ် ကောင်းမှုကို အဖန်ဖန်အမှတ်ရနေသော ပုဂ္ဂိုလ်၏သန္တာန်ဝယ် မှီတွယ်၍ဖြစ်သော**

**စေတသိက်ကိုလည်း ဖော်ပြပါ။** (၁၉၉၇၊ စမန ၂၇၊ ၇၃၊ ၆၄)

**အဖြေ** – သူတစ်ပါး၏စေခိုင်းခြင်းကြောင့် မလွဲသာ၍ သူ့အသက်သတ်မှုကို ပြုနေသူ၏ သန္တာန်၌ ဖြစ်နိုင်သောစိတ်သည် – ''**ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက ဒေါသမူစိတ်**''ဖြစ်၏။

ယင်းစိတ်နှင့်အတူယှဉ်ဖြစ်သော စေတသိက်များမှာ –

| | | |
|---|---|---|
| ပီတိကြဉ်သော အညသမာန်းစေတသိက် | = | ၁၂ ပါး၊ |
| အကုသလသာဓာရဏစေတသိက် | = | ၄ ပါး၊ |
| ဒေါသစေတသိက် | = | ၁ ပါး၊ |
| စုစုပေါင်း – စေတသိက် | = | ၁၇ ပါး ဖြစ်ပါသည်။ |

– ပြုပြီးသောကုသိုလ်ကောင်းမှုကို အဖန်ဖန်အမှတ်ရနေသူ၏သန္တာန်ဝယ် မှီတွယ်၍ဖြစ်သော စေတသိက်သည် ''**သတိစေတသိက်**''ဖြစ်ပါသည်။

**၅၈။ ''လုံ့လမကူ၊ ဉာဏ်မကူဘဲ''ဟူသောစကား၌ ''လုံ့လ၊ ဉာဏ်''ဟုညွှန်ပြအပ်သော စေတသိက်အမည်မှန်တို့ကိုဖော်ပြ၍ ယင်းစေတသိက်တို့၏ယှဉ်နိုင်သောစိတ်သရုပ်တို့ကိုလည်း အသီးသီးထုတ်ဖော်ပြပါ။** (၁၉၉၇၊ စမန ၅၆၊ ၇၁၊ ၇၂၊ ၇၃)

**အဖြေ** – ''လုံ့လမကူ၊ ဉာဏ်မကူဘဲ''ဟူသောစကား၌ –

''လုံ့လ''ဟု ညွှန်ပြအပ်သောစေတသိက်အမည်မှန် = **ဝီရိယစေတသိက်၊**

''ဉာဏ်''ဟု ညွှန်ပြအပ်သောစေတသိက်အမည်မှန် = **ပညိန္ဒြေ (ပညာ) စေတသိက်၊**

**''ဝီရိယ''ယှဉ်နိုင်သောစိတ်သရုပ်မှာ** ''ဒွေပဉ္စဝိညာဏ် ၁၀၊ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃ ဟူသည့်စိတ် ၁၆ ပါးကြဉ်သော စိတ်အကျဉ်း ၇၃ ပါး၊ စိတ်အကျယ် ၁၀၅ ပါး''ဖြစ်ပါသည်။ (ဤစာအုပ် စမန ၅၆၊ နံပါတ် ၄၀ နှင့်အဖြေတူ)

**''ပညာစေတသိက်''ယှဉ်နိုင်သောစိတ်သရုပ်မှာ** ''ကာမသောဘန ဉာဏသမ္ပယုတ်စိတ် ၁၂ ပါး၊ မဟဂ္ဂုတ်စိတ် ၂၇ ပါး၊ လောကုတ္တရာစိတ်အကျဉ်း ၈ ပါး, အကျယ် ၄၀ ပါး၊ စုစုပေါင်း – စိတ်အကျဉ်း ၄၇ ပါး, စိတ်အကျယ် ၇၉ ပါး''ဖြစ်ပါသည်။

(ဤစာအုပ် စမန ၅၃၊ နံပါတ် ၃၂ အဖြေနှင့်တူပါသည်)

**၅၉။ ''အကုသိုလ်၏အပေါင်းအဖော်''ဟုဆိုနိုင်သော အကုသိုလ်စိတ်ဖြစ်တိုင်းပါဝင်ကြသည့်စေတသိက်များကို ဖော်ပြ၍၊ (က) စိတ်အနည်းဆုံးနှင့်ယှဉ်သောစေတသိက်၊ (ခ) စေတသိက်အနည်းဆုံးနှင့်ယှဉ်သောစိတ်တို့ကို ဖော်ပြပါ။**

(၁၉၉၇၊ စမန ၅၈၊ ၇၃၊ ၇၅)

**အဖြေ** – ''အကုသိုလ်၏အပေါင်းအဖော်''ဟုဆိုနိုင်သော အကုသိုလ်စိတ်ဖြစ်တိုင်းပါဝင်ကြသည့်စေတသိက်များမှာ –

| | | |
|---|---|---|
| သဗ္ဗစိတ္တသာဓာရဏစေတသိက် | = | ၇ ပါး၊ |
| ဝိတက်, ဝိစာရ, ဝီရိယစေတသိက် | = | ၃ ပါး၊ |

သဗ္ဗာကုသလသာဓာရဏစေတသိက် = ၄ ပါး၊
(အကုသလသာဓာရဏစေတသိက်နှင့်တူ)

စုစုပေါင်း – စေတသိက် = ၁၄ ပါး ဖြစ်ပါသည်။

(ဤစာအုပ် စမန ၄၉ နံပါတ် ၂၁ တွင် သဗ္ဗာကုသလယောဂီစေတသိက်အဖြစ် ရှင်းပြထား၏။)

(က) စိတ်အနည်းဆုံးနှင့်ယှဉ်သောစေတသိက် = ဝိစိကိစ္ဆာစေတသိက်
(မောဟမူဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁ ပါးနှင့်သာယှဉ်၏)

(ခ) စေတသိက်အနည်းဆုံးနှင့်ယှဉ်သောစိတ် = ဒွေပဉ္စဝိညာဏ် ၁၀ ပါး၊
(သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါးနှင့်သာယှဉ်ကြ၏)

**၆၀။ ဝိသေသက (စိတ်ချင်းမတူ ထူးခြားကွဲပြားအောင် ပြုတတ်ကုန်သော) စေတသိက်များကို မှားအောင်ရေတွက်ပြ၍၊ စိတ္တေနသမမုဒ္ဒိသေ (စေတသိက်ကိုစိတ်နှင့်အမျှ ရေတွက်ခြင်း) နည်းအရ ပီတိနှင့် ကရုဏာစေတသိက်ပေါင်းမည်မျှစီရှိကြသည်ကိုလည်း အသီးသီးဖြေဆိုပါ။** (၁၉၉၇၊ စမန ၇၂၊ ၇၃)

**အဖြေ** – ဝိသေသက (စိတ်ချင်းထူးခြားအောင်ပြုတတ်သော) စေတသိက်များမှာ –

ဝိတက်, ဝိစာရ, ပီတိ, သုခဟူသောဈာနင်တရား = ၄ ပါး၊
အပ္ပမညာ = ၂ ပါး၊
ဝိရတိ = ၃ ပါး၊
ပညိန္ဒြေ (ပညာ) = ၁ ပါး၊

ဝိသေသကစေတသိက်ပေါင်း = ၁၀ ပါးဖြစ်ပါသည်။

(ဤစာအုပ် စမန ၅၈ နံပါတ် ၄၅ အဖြေကိုလည်း ကြည့်ပါ)

– စိတ္တေနသမမုဒ္ဒိသေ (စေတသိက်ကို စိတ်နှင့်အမျှရေတွက်ခြင်း) နည်းအရ –

**ပီတိ**နှင့်ယှဉ်သောစိတ်များမှာ လောဘမူသောမနဿစိတ် ၄ ပါး၊ သောမနဿသန္တီရဏစိတ် ၁ ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁ ပါး၊ ကာမသောဘန သောမနဿစိတ် ၁၂ ပါး၊ ပထမဈာန်စိတ် ၁၁ ပါး၊ ဒုတိယဈာန်စိတ် ၁၁ ပါး၊ တတိယဈာန်စိတ် ၁၁ ပါး၊ စုစုပေါင်းစိတ် ၅၁ ပါးဖြစ်သဖြင့်၊

ပီတိသည်လည်း ဤစိတ်တို့နှင့်ယှဉ်သော ပီတိ ၅၁ ပါးအပြားရှိပါသည်။

**ကရုဏာ**စေတသိက်သည် မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ ရူပပဉ္စမဈာန်စိတ်ကြဉ်သော မဟဂ္ဂုတ်စိတ် ၁၂ ပါး၊ စုစုပေါင်း – စိတ် ၂၈ ပါးနှင့် ရံခါယှဉ်နိုင်သဖြင့်၊

ကရုဏာသည်လည်း ဤစိတ်တို့နှင့်ယှဉ်သော ကရုဏာ ၂၈ ပါးအပြားရှိပါသည်။

**၆၁။ ''မှသားမပါ၊ လက်ာမချော''ဟု ယူဆလျက် အခကြေးငွေယူ၍ မတရားသက်သေ**

**လိုက်မည်ဟုကြံစည်ပြီးမှ ရှောင်ကြဉ်သူ၌ ဖြစ်နိုင်သောစေတသိက်, ယင်းစေတသိက်နှင့် ယှဉ်နိုင်သောစိတ်သရုပ်တို့ကို အသီးသီးဖြေဆိုပါ။** (၁၉၉၈၊ စမန ၇၀၊ ၇၃)

**အဖြေ** – ''မုသားမပါ၊ လက်ာမချော''ဟု ယူဆလျက် အခကြေးငွေယူ၍ မတရားသက်သေလိုက်မည်ဟုကြံစည်ပြီးမှ ရှောင်ကြဉ်သူ၌ ဖြစ်နိုင်သောစေတသိက်သည် ''**သမ္မာအာဇီဝစေတသိက်**''ဖြစ်၏။

– ဤသမ္မာအာဇီဝစေတသိက်နှင့် ယှဉ်နိုင်သောစိတ်သရုပ်မှာ –

မဟာကုသိုလ်စိတ် (ရံခါယှဉ်) = ၈ ပါး၊

လောကုတ္တရာစိတ် (အမြဲယှဉ်) = ၈ ပါး (အကျဉ်း) / ၄၀ ပါး (အကျယ်)

စုစုပေါင်း – စိတ် = ၁၆ ပါး (အကျဉ်း) / ၄၈ ပါး (အကျယ်)ဖြစ်၏။

**၆၂။ ကုသိုလ်ကောင်းမှုဖြစ်ရန် အခြေခံကျသော စေတသိက်တို့တွင် မခွဲမခွါ အစုံလိုက်သာဖြစ်ကြသော စေတသိက်များကို အမည်မျှဖော်ပြ၍ ဉာဏ်နှင့်ယှဉ်ပြီး မှန်ကန်သည့် ဆုံးဖြတ်ချက်ချရာ၌ ပါဝင်သောစိတ်တို့ကိုလည်း ဖြေဆိုပါ။**

(၁၉၉၈၊ စမန ၆၄၊ ၆၅၊ ၇၃)

**အဖြေ** – ကုသိုလ်ကောင်းမှုဖြစ်ရန် အခြေခံကျသော စေတသိက်တို့တွင် မခွဲမခွါ အစုံလိုက်သာဖြစ်ကြသော စေတသိက်များမှာ –

ကာယပဿဒ္ဓိနှင့် စိတ္တပဿဒ္ဓိ တစ်စုံ၊

ကာယလဟုတာနှင့် စိတ္တလဟုတာ တစ်စုံ၊

ကာယမုဒုတာနှင့် စိတ္တမုဒုတာ တစ်စုံ၊

ကာယကမ္မညတာနှင့် စိတ္တကမ္မညတာ တစ်စုံ၊

ကာယပါဂုညတာနှင့် စိတ္တပါဂုညတာ တစ်စုံ၊

ကာယုဇုကတာနှင့် စိတ္တုဇုကတာ တစ်စုံတို့ ဖြစ်ပါသည်။

– ဉာဏ်နှင့်ယှဉ်ပြီး မှန်ကန်သည့်ဆုံးဖြတ်ချက်ချရာမှာ ပါဝင်သောစိတ်တို့သည် ပညာစေတသိက်နှင့် အဓိမောက္ခစေတသိက်တို့ယှဉ်သည့် စိတ်များဖြစ်ပါသည်။ ယင်းစိတ်တို့မှာ–

ကာမသောဘန ဉာဏသမ္ပယုတ်စိတ် = ၁၂ ပါး၊

ရူပါဝစရစိတ် = ၁၅ ပါး၊

အရူပါဝစရစိတ် = ၁၂ ပါး၊

လောကုတ္တရာစိတ် = ၈ ပါး (အကျဉ်း) / ၄၀ ပါး (အကျယ်)

ပါဝင်သောစိတ်ပေါင်း = ၄၇ ပါး (အကျဉ်း) / ၇၉ ပါး (အကျယ်) ဖြစ်၏။

**၆၃။ ''အကောင်းအဆိုး'' စိတ်နှစ်မျိုးလုံးနှင့်ဆက်ဆံသော ''နှစ်ဘက်ချွန်'' စေတသိက်အစုကို သိသာရုံဖော်ပြ၍၊ မတူခြားနား ကွဲပြားခြင်းသဘောများနှင့် မကောင်းသောလောက၌ ကာမသောဘနစိတ်ကို မတူခြားနား ကွဲပြားအောင်ပြုတတ်သော စေတ**

**သိက်များကို ဖော်ထုတ်ရေတွက်ပြပါ။** (၁၉၉၈၊ စမန ၅၃၊ ၅၆)

**အဖြေ – ''အကောင်းအဆိုး'' စိတ်နှစ်မျိုးလုံးနှင့်ဆက်ဆံသော ''နှစ်ဘက်ချွန်'' စေတသိက်အစုမှာ** – သဗ္ဗစိတ္တသာဓာရဏစေတသိက် = ၇ ပါး၊
ပကိဏ်းစေတသိက် = ၆ ပါး၊
ပေါင်း – အညသမာန်းစေတသိက် = ၁၃ ပါးဖြစ်ပါသည်။

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါးမှာ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရတို့ဖြစ်ပါသည်။

ပကိဏ်းစေတသိက် ၆ ပါးမှာ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒတို့ဖြစ်ပါသည်။

**– ကာမသောဘနစိတ်ကို မတူထူးခြားကွဲပြားအောင်ပြုတတ်သောစေတသိက်များမှာ**

| | |
|---|---|
| ပီတိ၊ ပညိန္ဒြေ ခေါ် ပညာစေတသိက် | = ၂ ပါး၊ |
| သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ (ဝိရတိစေတသိက်) | = ၃ ပါး၊ |
| ကရုဏာ၊ မုဒိတာ (အပ္ပမညာစေတသိက်) | = ၂ ပါး၊ |
| စုစုပေါင်း – စေတသိက် | = ၇ ပါး ဖြစ်သည်။ |

**၆၄။ ''စေတနာကောင်းသည်၊ စေတနာယုတ်သည်''ဟူသောလောကသုံးစကား၌ အဘယ်စေတနာသည် ကောင်း၍ အဘယ်စေတနာသည် ယုတ်ပါသနည်း။ ဖြေဆိုပြီးလျှင် လောကုတ္တရာစတုတ္ထစျာန်နှင့် ပဥ္စမစျာန်တို့၌ယှဉ်သော စေတသိက်တို့၏ထူးခြားဟန်ကိုလည်း ဖြေဆိုပါ။** (၁၉၉၈၊ စမန ၄၇၊ ၄၉၊ ၇၆)

**အဖြေ – ''စေတနာကောင်းသည်၊ စေတနာယုတ်သည်''ဟူသောလောကသုံးစကား၌**

– အကုသိုလ်စိတ် ၁၂ ပါးနှင့်ယှဉ်သော စေတနာ ၁၂ ပါးသည် ယုတ်ကြ၏။

– သောဘနစိတ်အကျဉ်း ၅၉ ပါး, အကျယ် ၉၁ ပါးနှင့်ယှဉ်ကြသော စေတနာ အကျဉ်း ၅၉ ပါး, အကျယ် ၉၁ ပါးတို့သည် ကောင်းကြ၏။

**– လောကုတ္တရာစတုတ္ထစျာန်နှင့် ပဥ္စမစျာန်တို့၌ယှဉ်သော စေတသိက်တို့၏ထူးခြားဟန်မှာ –**

– လောကုတ္တရာစတုတ္ထစျာန်နှင့် ယှဉ်သောစေတသိက်တို့မှာ ဝိတက်, ဝိစာရ, ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၀ ပါး၊ အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၃ ပါး၊ ပေါင်း – စေတသိက် ၃၃ ပါးယှဉ်ပါသည်။

– လောကုတ္တရာပဥ္စမစျာန်နှင့် ယှဉ်သောစေတသိက်တို့မှာ ဝိတက်, ဝိစာရ, ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၀ ပါး၊ အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၃ ပါး၊ ပေါင်း – စေတသိက် ၃၃ ပါးယှဉ်ပါသည်။

– ထူးခြားချက်မှာ လောကုတ္တရာစတုတ္ထစျာန်သည် သုခဝေဒနာနှင့်ယှဉ်ပြီးလျှင် လောကုတ္တရာပဥ္စမစျာန်သည် ဥပေက္ခာဝေဒနာနှင့်ယှဉ်ခြင်း ဖြစ်ပါသည်။

**၆၅။ ''တစ်မိုးအောက်မှာ တစ်ယောက်ထဲ''ဆိုသကဲ့သို့ စိတ်အားလုံးတို့တွင် စိတ်တစ်ပါးတည်းနှင့်သာယှဉ်သည့်စေတသိက်ကို သဘောလက္ခဏာနှင့်တကွ ဖော်ပြ၍ စေတသိက်တိုင်း၌ရှိရမည့် လက္ခဏာလေးပါးကိုလည်း ရေးသားပါ။**

(၁၉၉၉၊ စမန ၇၃၊ ၅၈၊ ၅၂)

**အဖြေ** – ''တစ်မိုးအောက်မှာ တစ်ယောက်ထဲ''ဆိုသကဲ့သို့ စိတ်အားလုံးတို့တွင် စိတ်တစ်ပါးတည်းနှင့်သာယှဉ်သည့်စေတသိက်သည် ''ဝိစိကိစ္ဆာစေတသိက်'' ဖြစ်ပါသည်။

– ဝိစိကိစ္ဆာစေတသိက်သည် မောဟမူ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်တစ်ပါးတည်းနှင့်သာ ယှဉ်၏။

– **ဝိစိကိစ္ဆာ၏သဘောလက္ခဏာမှာ** – ဘုရား၊ တရား၊ သံဃာ၊ ကံတရားစသည့် ကုသိုလ်ရေး၌ ယုံမှားသံသယဖြစ်ခြင်းသဘောဖြစ်၏။

**– စေတသိက်တိုင်း၌ ရှိရမည့်လက္ခဏာ ၄ ပါးမှာ –**

(၁) ဧကုပ္ပါဒ = စိတ်နှင့်အတူဖြစ်ခြင်း၊

(၂) ဧကနိရောဓ = စိတ်နှင့်အတူချုပ်ခြင်း၊

(၃) ဧကာလမ္ဗန = စိတ်နှင့်တူသောအာရုံရှိခြင်း၊

(၄) ဧကဝတ္ထုက = စိတ်နှင့်တူသော မှီရာဝတ္ထုရှိခြင်းတို့ဖြစ်၏။

**၆၆။ ကိုယ့်ထက်သာသူ လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ လုပ်ဖော်ကိုင်ဖက်ကျော်ရှင်း ဂုဏ်သတင်းကိုကြားရ၍ မနာလိုဖြစ်သော ''ဖီးကွက်လောက်တော့ ငှက်တိုင်းလုပ်ရဲ့''ဟု ပြောဆိုသူ၏သန္တာန်၌ ဖြစ်သော စေတသိက်ကို ယှဉ်ရာစိတ်နှင့်တကွ ဖော်ပြ၍၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်မရှိ (အဓိမောက္ခမယှဉ်)သောစိတ်တို့ကိုလည်းဖော်ပြပါ။** (၁၉၉၉၊ စမန ၅၈၊ ၇၃၊ ၇၂)

**အဖြေ** – ကိုယ့်ထက်သာသူ လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ လုပ်ဖော်ကိုင်ဖက်ကျော်ရှင်း ဂုဏ်သတင်းကိုကြားရ၍ မနာလိုဖြစ်သောသူ၏သန္တာန်၌ဖြစ်သောစေတသိက်သည် ''**ဣဿာစေတသိက်**''ဖြစ်၏။

– **ဣဿာယှဉ်ရာစိတ်**တို့မှာ ဒေါသမူစိတ် ၂ ပါးဖြစ်သည်။ ၎င်းစိတ်တို့မှာ –

(၁) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကဒေါသမူစိတ် ၁ ပါး၊

(၂) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကဒေါသမူစိတ် ၁ ပါးတို့ဖြစ်၏။

**– ကိုယ်ပိုင်ဆုံးဖြတ်ချက်မရှိ (အဓိမောက္ခမယှဉ်)သောစိတ်တို့မှာ –**

| | | |
|---|---|---|
| မောဟမူဝိစိကိစ္ဆာသမ္ပယုတ်စိတ် | = | ၁ ပါး၊ |
| ဒွေပဉ္စဝိညာဏ်စိတ | = | ၁၀ ပါး၊ |
| အဓိမောက္ခမယှဉ်သောစိတ် | = | ၁၁ ပါးဖြစ်ပါသည်။ |

**၆၇။ ကြက်သားစားလို၍ကြက်သတ်ရန်ပြုပြီးမှမသတ်တော့ဘဲရှောင်ကြဉ်သောသူအား မည်သည့်ဝိရတီဖြစ်သည်ကို တိကျစွာ ဖြေဆို၍၊ ဝိရတီစေတသိက်သုံးပါးနှင့်ယှဉ်သည့် စိတ်တို့ကိုလည်း အမြဲယှဉ်၊ မယှဉ်အားဖြင့်ခွဲခြမ်းပြီးရေးသားပါ။**

(၁၉၉၉၊ စမန ၇၀၊ ၇၃)

**အဖြေ** – ကြက်သားစားလို၍ကြက်သတ်ရန်ပြုပြီးမှမသတ်တော့ဘဲရှောင်ကြဉ်သောသူအား ''**သမ္မာကမ္မန္တဝိရတိ**'' ဖြစ်ပါသည်။

– ဝိရတိစေတသိက်သုံးပါးနှင့်ယှဉ်သောစိတ်တို့ကား –

ဝိရတိသုံးပါး ရံခါယှဉ်သောစိတ် = မဟာကုသိုလ်စိတ် ၈ ပါး၊

ဝိရတိသုံးပါးအမြဲယှဉ်သောစိတ် = လောကုတ္တရာစိတ် ၈ ပါး (ကျဉ်း) / ၄၀ ပါး (ကျယ်)

ယှဉ်နိုင်သောစိတ်ပေါင်း = စိတ်အကျဉ်း ၁၆ ပါး / စိတ်အကျယ် ၄၈ ပါး။

**၆၈။ အမုန်တရားကို ကွယ်ဝှက်ထားတတ်သော မောဟမူစိတ်နှစ်ပါးနှင့် ယှဉ်တွဲဖြစ်နိုင်သော စေတသိက်တို့ကို ရေတွက်ပြ၍ စိတ်အကျယ် ၁၂၁ ပါးတို့တွင် သောမနဿဝေဒနာနှင့် ဥပေက္ခာဝေဒနာတို့၏အရေအတွက်ကိုလည်း သချာမှျဖော်ပြပါ။** (၁၉၉၉၊ စမန ၇၄၊ ၇၅၊ ၅၁)

**အဖြေ** – **မောဟမူ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်**၌ ဆန္ဒ၊ ပီတိ၊ အဓိမောက္ခကြဉ်သော အညသမာန်းစေတသိက် ၁၀ ပါး၊ အကုသလသာဓာရဏစေတသိက် ၄ ပါး၊ ဝိစိကိစ္ဆာ ၁ ပါး ဟူ၍ စေတသိက် ၁၅ ပါးယှဉ်၏။

– **မောဟမူ ဥဒ္ဓစ္စသမ္ပယုတ်စိတ်**၌ ဆန္ဒ၊ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၁ ပါး၊ အကုသလသာဓာရဏစေတသိက် ၄ ပါးဟူ၍ စေတသိက် ၁၅ ပါး ယှဉ်၏။

– ထို့ကြောင့် မောဟမူစိတ် ၂ ပါးနှင့် ယှဉ်သောစေတသိက်များမှာ

ပီတိ, ဆန္ဒကြဉ်သောအညသမာန်းစေတသိက် = ၁၁ ပါး၊

အကုသလသာဓာရဏစေတသိက် = ၄ ပါး၊

ဝိစိကိစ္ဆာစေတသိက် = ၁ ပါး၊

စေတသိက်ပေါင်း = ၁၆ ပါးဖြစ်ပါသည်။

– စိတ်အကျယ် ၁၂၁ ပါးတွင် သောမနဿဝေဒနာအရေအတွက် = ၆၂ ပါး၊

စိတ်အကျယ် ၁၂၁ ပါးတွင် ဥပေက္ခာဝေဒနာအရေအတွက် = ၅၅ ပါးဖြစ်ပါသည်။

**၆၉။ ''မနာလိုခြင်း, ဝန်တိုခြင်း ကင်းရှင်းကြပါစေ''ဟူသောမေတ္တာပို့ဝယ် မနာလိုခြင်း, ဝန်တိုခြင်းတို့၏စေတသိက်အမည်မှန်ကို ဖော်ပြ၍ ဝီရိယစေတသိက်နှင့် ယှဉ်တွဲ၍ဖြစ်ခွင့်မရှိသော စိတ်သရုပ်တို့ကိုလည်း ရေတွက်ပြပါ။** (၂၀၀၀၊ စမန ၅၈၊ ၇၂)

**အဖြေ** – ''မနာလိုခြင်း, ဝန်တိုခြင်း ကင်းရှင်းကြပါစေ''ဟူသောမေတ္တာပို့ဝယ်

မနာလိုခြင်း၏စေတသိက်အမည်မှန် = ဣဿာစေတသိက်၊

ဝန်တိုခြင်း၏စေတသိက်အမည်မှန် = မစ္ဆရိယစေတသိက်တို့တည်း။

– ဝီရိယစေတသိက်နှင့် ယှဉ်တွဲ၍ဖြစ်ခွင့်မရှိသော စိတ်သရုပ်မှာ –

ဒွေပဉ္စဝိညာဏ် = ၁၀ ပါး၊

ပဉ္စဒွါရာဝဇ္ဇန်းစိတ် = ၁ ပါး၊

သမ္ပဋိစ္ဆိုန်းစိတ် = ၂ ပါး၊
သန္တီရဏစိတ် = ၃ ပါး၊

ဝီရိယမယှဉ်သောစိတ် = ၁၆ ပါး ဖြစ်ပါသည်။

**၇၀။ နှလုံးလေပင့်၍ ဘဝင်မြင့်နေသူ၏သန္တာန်၌ ဖြစ်သောစေတသိက်ကို ယှဉ်ရာစိတ်နှင့် တကွ တိကျစွာဖော်ပြ၍ ''လောကပါလ''အမည်ရသည့် ကမ္ဘာစောင့်တရား ၂ ပါးကိုလည်း သဘောလက္ခဏာနှင့်တကွ ဖြေဆိုပါ။**

(၂၀၀၀၊ စမန ၅၈၊ ၇၃၊ ၆၇၊ ၆၄)

**အဖြေ** – ဘဝင်မြင့်နေသူ၏သန္တာန်၌ ဖြစ်သောစေတသိက်သည် ''**မာနစေတသိက်**'' ဖြစ်ပါသည်။

မာနစေတသိက်သည် ''လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါး''နှင့် ယှဉ်ပါသည်။

– ''**လောကပါလ**''အမည်ရသည့် ကမ္ဘာစောင့်တရားနှစ်ပါးသည် ''ဟိရီနှင့် ဩတ္တပ္ပ စေတသိက် ၂ ပါး''တို့ဖြစ်ကြပါသည်။

**ဟိရီ** = မကောင်းမှုဒုစရိုက်ပြုရန် ရှက်ခြင်းသဘော၊
**ဩတ္တပ္ပ** = မကောင်းမှုဒုစရိုက်ပြုရန် ကြောက်လန့်ခြင်းသဘောဖြစ်ပါသည်။

**၇၁။ လောကုတ္တရာစိတ်ကို မတူထူးခြား ကွဲပြားအောင်ပြုနိုင်သော ဈာန်တရားများကို ဖော်ပြ၍၊ ဒေါသမူ အသင်္ခါရိကစိတ်၌ယှဉ်သည့် စေတသိက်တို့ကိုလည်း ဖြေဆိုပါ။**

(၂၀၀၀၊ စမန ၃၉၊ ၇၄၊ ၇၇)

**အဖြေ** – လောကုတ္တရာစိတ်ကို မတူထူးခြား ကွဲပြားအောင်ပြုနိုင်သော ဈာန်တရားများသည် ''ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဥပေက္ခာ၊ ဧကဂ္ဂတာ''ဟူသော ဈာနင်တရားများ ဖြစ်ပါသည်။

အထက်ပါဈာန်အင်္ဂါ (၀ါ) ဈာနင်တရားတို့၏အပေါင်းအစုကို ဈာန်ဟုခေါ်ပါသည်။ ပါဝင်သောဈာန်အင်္ဂါများမတူသည့်အတွက် လောကုတ္တရာဈာန်စိတ်များ မတူထူးခြား ကွဲပြားကြပါသည်။

လောကုတ္တရာပထမဈာန်စိတ်တွင် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာယှဉ်ပါသည်။
လောကုတ္တရာဒုတိယဈာန်စိတ်တွင် ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာယှဉ်ပါသည်။
လောကုတ္တရာတတိယဈာန်စိတ်တွင် ပီတိ, သုခ, ဧကဂ္ဂတာယှဉ်ပါသည်။
လောကုတ္တရာစတုတ္ထဈာန်စိတ်၌ သုခ, ဧကဂ္ဂတာယှဉ်ပါသည်။
လောကုတ္တရာပဉ္စမဈာန်စိတ်၌ ဥပေက္ခာ, ဧကဂ္ဂတာယှဉ်ပါသည်။

**– ဒေါသမူ အသင်္ခါရိကစိတ်၌ ယှဉ်သည့်စေတသိက်များမှာ**

ပီတိကြဉ်သော အညသမာန်းစေတသိက် = ၁၂ ပါး၊
အကုသလသာဓာရဏစေတသိက် = ၄ ပါး၊

ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စစေတသိက် = ၄ ပါး၊

ယှဉ်နိုင်သောစေတသိက်ပေါင်း = ၂၀ ပါး၊

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စစေတသိက်တို့သည် အနိယတယောဂီစေတသိက်များဖြစ်သဖြင့် နာနာကဒါစိနည်းဖြင့် ယှဉ်ပါသည်။

**၇၂။ ဓမ္မကထိကဆရာတော်များ တရားဟောကြားခြင်းသည် – သမ္ဘာဝါစာဖြစ်/မဖြစ် သမ္ဘာဝါစာ၏လက္ခဏာကိုရှုကာ စိစစ်ဆုံးဖြတ်၍၊ ဝေဒနာတို့သည် ဣန္ဒြိယဘေဒအရ ငါးမျိုးကွဲပြားရာ ယင်းငါးမျိုးတို့၏အမည်တို့ကိုလည်း ဖော်ပြပါ။** (၂၀၀၀၊ စမန ၇၀၊ ၈၁)

**အဖြေ – ''သမ္ဘာဝါစာ''၏လက္ခဏာမှာ** ''အသက်မွေးဝမ်းကျောင်းနှင့်မဆက်စပ်ဘဲ ဝစီဒုစရိုက် ၄ ပါးကို ရှောင်ကြဉ်ခြင်းသဘော''ဖြစ်၏။ ဝစီဒုစရိုက်တစ်ပါးပါးကို ပြောရန် ကြုံလာသောအခါ မပြောဘဲ ရှောင်ကြဉ်သောအခါ၌သာ ''သမ္ဘာဝါစာ''ဖြစ်ပါသည်။

ဓမ္မကထိကဆရာတော်များ တရားဟောကြားခြင်းသည် မြတ်စွာဘုရား၏တရားတော်ကို ရှင်းလင်းဟောကြားခြင်းဖြစ်ပြီး ဝစီဒုစရိုက် ၄ ပါးကို ရှောင်ကြဉ်ခြင်းမဟုတ်သည့်အတွက် ''သမ္ဘာဝါစာ''မဖြစ်ပါ။

**– ဝေဒနာတို့သည် ဣန္ဒြိယဘေဒအရ ငါးမျိုးကွဲပြားရာ** ၎င်းတို့၏အမည်များမှာ –

(၁) သောမနဿဝေဒနာ၊ (၂) ဒေါမနဿဝေဒနာ၊ (၃) သုခဝေဒနာ၊

(၄) ဒုက္ခဝေဒနာ၊ (၅) ဥပေက္ခာဝေဒနာတို့ဖြစ်ပါသည်။

**၇၃။ ''တွေ့တိုင်းမရှောင် ဒုစရိုက်ကောင်''ဟု အထူးပြုပြောရလောက်အောင် အကုသိုလ်ဒုစရိုက်မှုပြုလုပ်တိုင်း ပါဝင်လေ့ရှိသောစေတသိက်များကို ဖော်ပြ၍၊ စိတ်အများဆုံးနှင့် ယှဉ်သောစေတသိက်၊ စိတ်အနည်းဆုံးနှင့်ယှဉ်သောစေတသိက် တို့ကိုလည်း ဖြေဆိုပါ။** (၂၀၀၁၊ စမန ၅၃၊ ၅၆၊ ၇၂၊ ၇၃)

**အဖြေ** – ''တွေ့တိုင်းမရှောင် ဒုစရိုက်ကောင်''ဟု အထူးပြုပြောရလောက်အောင် အကုသိုလ် **ဒုစရိုက်မှုပြုလုပ်တိုင်း ပါဝင်လေ့ရှိသောစေတသိက်များမှာ –**

ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ
မနသိကာရဟူသော သဗ္ဗစိတ္တသာဓာရဏ = ၇ ပါး၊

ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ဆန္ဒ
ဟူသော ပကိဏ်းစေတသိက် = ၅ ပါး၊

မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ
ဟူသော အကုသလသာဓာရဏစေတသိက် = ၄ ပါး၊

စေတသိက်ပေါင်း = ၁၆ ပါး ဖြစ်ပါသည်။

(မကောင်းမှုဒုစရိုက် ၁၀ ပါးကို လောဘမူစိတ်များ, ဒေါသစိတ်များနှင့် ကျူးလွန်သဖြင့် ဒုစရိုက်ပြုတိုင်း လောဘမူစိတ်, ဒေါသမူစိတ်တို့နှင့်ယှဉ်သောစေတသိက်များ ပါဝင်လေ့

ရှိပါသည်။)

– **စိတ်အများဆုံးနှင့်ယှဉ်သောစေတသိက်** = သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး၊

– **စိတ်အနည်းဆုံးနှင့်ယှဉ်သောစေတသိက်** = ဝိစိကိစ္ဆာစေတသိက်။

**၇၄။ ''အရှက်အကြောက်ကြီးလွန်းတယ်'' ဟူသောအသုံးအနှုန်းဝယ် အရှက်, အကြောက်တို့၏ ပရမတ်အမည်မှန်ကို ဖော်ဆောင်၍ ဆန္ဒစေတသိက်နှင့်ယှဉ်တွဲ၍ ဖြစ်နိုင်သောစိတ်တို့ကိုလည်း ဖြေဆိုပါ။** (၂၀၀၁၊ စမန ၆၄၊ ၇၃)

**အဖြေ** – ''အရှက်အကြောက်ကြီးလွန်းတယ်'' ဟူသောအသုံးအနှုန်းဝယ်

**အရှက်, အကြောက်တို့၏ ပရမတ်အမည်မှန်များမှာ –**

အရှက် (ဒုစရိုက်ပြုရန်ရှက်ခြင်းသဘော) = ဟိရီစေတသိက်၊

အကြောက် (ဒုစရိုက်ပြုရန်ကြောက်လန့်ခြင်းသဘော) = ဩတ္တပ္ပစေတသိက်။

**– ဆန္ဒစေတသိက်နှင့်ယှဉ်တွဲ၍ဖြစ်နိုင်သောစိတ်တို့မှာ –**

မောဟမူဒွေနှင့် အဟိတ်စိတ် ၁၈ ပါး၊ ပေါင်း ၂၀ ပါးကြဉ်သော

စိတ်အကျဉ်း ၆၉ ပါး, စိတ်အကျယ် ၁၀၁ ပါးတို့၌ယှဉ်သည်။

**တစ်နည်းအားဖြင့်** လောဘမူစိတ် ၈ ပါး, ဒေါသမူစိတ် ၂ ပါး = ၁၀ ပါး၊

| | |
|---|---|
| ကာမသောဘနစိတ် | = ၂၄ ပါး၊ |
| မဟဂ္ဂုတ်စိတ် | = ၂၇ ပါး၊ |
| လောကုတ္တရာစိတ် | = အကျဉ်း ၈ ပါး/ အကျယ် ၄၀ ပါး၊ |
| ယှဉ်သောစိတ်ပေါင်း | = အကျဉ်း ၆၉ ပါး/ အကျယ် ၁၀၁ ပါးဖြစ်၏။ |

**၇၅။ ''အလှူဒါနပြုလုပ်တာ အကျိုးမရှိပါဘူးကွာ''ဟု တလွဲယူဆသောသူ၏သန္တာန်၌ ဖြစ်သောစေတသိက်ကို လက္ခဏာနှင့်တကွဖြေဆို၍ လောကုတ္တရာဒုတိယစျာန်၌ ယှဉ်ခွင့်ရသောစေတသိက်တို့ကိုလည်း ရေးသားပါ။** (၂၀၀၁၊ စမန ၅၈၊ ၇၆)

**အဖြေ** – **''အလှူဒါနပြုလုပ်တာ အကျိုးမရှိပါဘူးကွာ''ဟု တလွဲယူဆသောသူ၏ သန္တာန်၌** ဖြစ်သောစေတသိက်သည် ''**ဒိဋ္ဌိစေတသိက်**''ဖြစ်ပါသည်။

– လောကုတ္တရာဒုတိယစျာန်၌ ယှဉ်ခွင့်ရသောစေတသိက်တို့မှာ –

| | |
|---|---|
| ဝိတက်ကြဉ်သော အညသမာန်းစေတသိက် | = ၁၂ ပါး၊ |
| သောဘန သာဓာရဏစေတသိက် | = ၁၉ ပါး၊ |
| ဝိရတိစေတသိက် | = ၃ ပါး၊ |
| ပညိန္ဒြေ ခေါ် ပညာစေတသိက် | = ၁ ပါး၊ |
| ယှဉ်သောစေတသိက်ပေါင်း | = ၃၅ ပါး ဖြစ်ပါသည်။ |

**၇၆။ ''စိတ်ရှည် ဖွဲ့သန် သည်းညည်းခံ ပြုရန်သာသနာ''ဟု သာသနာပြုလိုသူတို့အတွက် လက်ကိုင်ကျင့်သုံးရမည့်တရားတို့တွင် ''ဖွဲ''အရ ဖြစ်သင့်သောစေတသိက်**

**တရား၊ ''သည်းခံခြင်း''အရ ဖြစ်သင့်သောစေတသိက်တရားတို့ကို တိကျစွာကောက်ပြ၍၊ ယင်းစေတသိက်တရားတို့နှင့်တကွ ဖြစ်ဖက်စိတ်တရားတို့ကိုလည်း တွဲဖက်ဖော်ပြပါ။** (၂၀၀၂၊ စမန ၅၆၊ ၆၄၊ ၇၂၊ ၇၃)

**အဖြေ – ''ဇွဲ''အရ ဖြစ်သင့်သောစေတသိက်** = ဝီရိယစေတသိက်ဖြစ်ပါသည်။

''သည်းခံခြင်း''အရ ဖြစ်သင့်သောစေတသိက် = အဒေါသစေတသိက်ဖြစ်၏။

**– ''ဝီရိယစေတသိက်''နှင့်တကွ ဖြစ်ဖက်စိတ်တရားတို့မှာ –**

ဒွေပဉ္စဝိညာဏ် ၁၀ ပါး၊ သမ္ပဋိစ္ဆိုန်း ၂ ပါး၊ သန္တီရဏ ၃ ပါး၊
ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ ပေါင်း ၁၆ ပါးကြဉ်သော
စိတ်အကျဉ်း ၇၃ ပါး၊ စိတ်အကျယ် ၁၀၅ ပါးတို့ဖြစ်ပါသည်။

**– ''အဒေါသစေတသိက်''နှင့်တကွ ဖြစ်ဖက်စိတ်တရားတို့မှာ –**

သောဘနစိတ်အကျဉ်း ၅၉ ပါး၊ စိတ်အကျယ် ၉၁ ပါးတို့ဖြစ်ပါသည်။

**၇၇။ လူသားစစ်စစ်ဖြစ်သောမိဘသည်ပင် ''ပြဟ္မာမည်ရ ခေါ်ထိုက်ရအောင် ပြုတတ်သော စေတသိက်တရား''တို့ကို သဘောလက္ခဏာနှင့်တကွ ဖြေဆိုပါ။** (၂၀၀၂၊ စမန ၆၄၊ ၇၁)

**အဖြေ – လူသားစစ်စစ်ဖြစ်သောမိဘသည်ပင် ''ပြဟ္မာမည်ရ ခေါ်ထိုက်ရအောင်** ပြုတတ်သော စေတသိက်တရား''တို့သည် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတည်းဟူသော ပြဟ္မာစိုရ်တရား ၄ ပါးဖြစ်ပါသည်။

**– ပြဟ္မာစိုရ်တရားတို့၏သဘောလက္ခဏာများမှာ –**

(၁) **မေတ္တာ = အဒေါသ** = မကြမ်းတမ်းမခက်ထန်ခြင်းသဘော၊ သည်းခံခွင့်လွှတ်ခြင်း (ခန္တီ)၊ ဘေးရန်, ဆင်းရဲကင်း၍ ချမ်းသာစေလိုခြင်းသဘော (မေတ္တာ)၊

(၂) **ကရုဏာ** = ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာခြင်းသဘော၊

(၃) **မုဒိတာ** = သုခိတသသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော၊

(၄) **ဥပေက္ခာ = တတြမဇ္ဈတ္တတာ** = ယှဉ်ဖက်စိတ်စေတသိက်တို့အား မိမိတို့၏ကိစ္စများကို မယုတ်မလွန် ညီညွတ်စွာဆောင်ရွက်ကြရန် တည့်မတ်ပေးမှုသဘော၊ လျစ်လျူရှုမှုသဘော။

**၇၈။ ''ငါလုပ်တာ အဟုတ်''ဟု နားထင်သွေးရောက် အထင်ပေါက်နေသောသူ၏ သန္တာန်၌ ဖြစ်သောစေတသိက်၊ ယင်းစေတသိက်၏ယှဉ်ဖက်စိတ်တို့ကိုလည်း ဖော်ပြပါ။** (၂၀၀၂၊ စမန ၅၈၊ ၇၃)

**အဖြေ** – ''ငါလုပ်တာ အဟုတ်''ဟု နားထင်သွေးရောက် အထင်ပေါက်နေသောသူ၏ သန္တာန်၌ ဖြစ်သောစေတသိက်သည် ''**မာနစေတသိက်**''ဖြစ်ပါသည်။

**– မာနစေတသိက်၏ယှဉ်ဖက်စိတ်တို့မှာ –** လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါး ဖြစ်ပါသည်။

**၇၉။ ''စေတနာသည်ပင် ကံ''ဟု ဆိုကြရာ ''ကံ၏အကျိုးတရားရှိလေသလား/မရှိလေသလား'' ဟုဖြစ်သော လေ့နံနှစ်ဖက်နင်းသောစေတသိက်နှင့် ''ကံ၏အကျိုးတရားမရှိ''ဟု ယတိပြတ် ဆုံးဖြတ်မှုဖြင့် အယူမှားဘက်သို့ရောက်သောစေတသိက်ကို သဘောလက္ခဏာနှင့်တကွ ဖြေဆိုရေးသားခဲ့ပါ။** (၂၀၀၃၊ စမန ၅၈)

**အဖြေ** – ''ကံ၏အကျိုးတရားရှိလေသလား/မရှိလေသလား'' ဟုဖြစ်သော လေ့နံနှစ်ဖက်နင်းသောစေတသိက်သည် ''**ဝိစိကိစ္ဆာစေတသိက်**''ဖြစ်ပါသည်။

**– ၎င်းစေတသိက်၏သဘောလက္ခဏာမှာ –**

''ဝိစိကိစ္ဆာစေတသိက်'' = ဘုရား, တရား, သံဃာ, ကံတရားစသည့်ကုသိုလ်ရေး၌ ယုံမှားသံသယဖြစ်ခြင်းသဘောလက္ခဏာရှိပါသည်။

– ''ကံ၏အကျိုးတရား မရှိ''ဟု ယတိပြတ်ဆုံးဖြတ်မှုဖြင့် အယူမှားဘက်သို့ ရောက်သောစေတသိက်သည် ''**ဒိဋ္ဌိစေတသိက်**''ဖြစ်၏၊ နတ္ထိကဒိဋ္ဌိဟု အမည်ရ၏။

**– ယင်းစေတသိက်၏သဘောလက္ခဏာမှာ –**

''ဒိဋ္ဌိစေတသိက်'' = မှားမှားယွင်းယွင်း သိမြင်ခြင်း, အယူမှားခြင်းသဘောလက္ခဏာရှိပါသည်။

**၈၀။ ''ကာကွယ်ရေးလည်းမဟုတ်၊ ရွာနယ်ရေးလည်းမဟုတ်၊ တိုင်းပြည်ဘဏ္ဍာဆုတ်အောင်ဒါနမလုပ်နဲ့''ဟု ပြောသူ၏သန္တာန်၌ ဖြစ်သောတရားကို သဘောလက္ခဏာနှင့်တကွရေး၍၊ အမြဲမယှဉ်သောစေတသိက်တို့ကို ရေတွက်ပြကာ၊ ကရုဏာ, မုဒိတာတရားနှစ်ပါး၏ သဘောလက္ခဏာကိုလည်း ရေးသားခဲ့ပါ။**

(၂၀၀၃၊ စမန ၆၄၊ ၇၆၊ ၇၇၊ ၇၁)

**အဖြေ** – ''ကာကွယ်ရေးလည်းမဟုတ်၊ ရွာနယ်ရေးလည်းမဟုတ်၊ တိုင်းပြည်ဘဏ္ဍာဆုတ်အောင် ဒါနမလုပ်နဲ့''ဟု ပြောဆိုသူ၏သန္တာန်၌ဖြစ်သောတရားသည် – ''**ဒိဋ္ဌိစေတသိက်**''ဖြစ်ပါသည်။

အကြောင်းမှာ ဒါန၏အကျိုးမရှိ၊ ဒါနပြုခြင်းဖြင့် တိုင်းပြည်ဘဏ္ဍာဆုတ်ယုတ်မည်ဟု မှားမှားယွင်းယွင်းသိမြင်ခြင်းကြောင့် ဖြစ်ပါသည်။

– ''ဒိဋ္ဌိစေတသိက်'' = မှားမှားယွင်းယွင်းသိမြင်ခြင်း, အယူမှားခြင်းသဘောလက္ခဏာရှိပါသည်။

**– အမြဲမယှဉ်သောစေတသိက် (အနိယတယောဂီ)တို့မှာ –**

''ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ မာန၊ ထိန၊ မိဒ္ဓ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ကရုဏာ၊ မုဒိတာ'' ပေါင်း ၁၁ ပါး ဖြစ်ပါသည်။

– ကရုဏာ, မုဒိတာတရားနှစ်ပါး၏သဘောလက္ခဏာတို့မှာ –

**ကရုဏာ** = ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာခြင်းသဘော၊

**မုဒိတာ** = သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘောတို့ဖြစ်၏။

**၈၁။ မနောဓာတ်သုံးပါးကို ရေတွက်ပြပြီးလျှင် အခြေအမြစ်ဟိတ်မရှိသောစိတ်တို့ကို ကောက်ပြ၍၊ ယှဉ်ဘက်စေတသိက်တို့ကိုလည်း ရေတွက်ပြပါ။**

(၂၀၀၃၊ စမန ၉၁၊ ၈၂၊ ၇၅)

**အဖြေ – မနောဓာတ်သုံးပါး = ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့်**
**သမ္ပဋိစ္ဆိုန်းစိတ် ၂ ပါးတို့ဖြစ်ပါသည်။**

**ဟိတ်မရှိသောစိတ်** = အကုသလဝိပါက်စိတ် ၇ ပါး၊
အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး၊
အဟိတ်ကြိယာစိတ် ၃ ပါးဟူ၍
အဟိတ်စိတ် ၁၈ ပါးဖြစ်ပါသည်။

**အဟိတ်စိတ်တို့၏ယှဉ်ဘက်စေတသိက်** = ဆန္ဒကြဉ်သောအညသမာန်းစေတသိက် ၁၂ ပါး။

**၈၂။ ''ငါသာလျှင်မြတ်၏၊ ငါသာလျှင်တတ်၏၊ ငါလိုလူဇမ္ဗူတွင်မရှိ''ဟု မာန်ထောင်နေသောပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သောစေတသိက်ကို သဘောလက္ခဏာနှင့်တကွရေး၍၊ အလုံးစုံသောစိတ်တို့နှင့်ဆက်ဆံသော စေတသိက်တို့ကိုလည်း အစဉ်လိုက်ရေတွက်ခဲ့ပါ။** (၂၀၀၃၊ စမန ၅၈၊ ၅၃)

**အဖြေ** – ''ငါသာလျှင်မြတ်၏၊ ငါသာလျှင်တတ်၏၊ ငါလိုလူဇမ္ဗူတွင်မရှိ''ဟု မာန်ထောင်နေသောပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်သောစေတသိက်သည် **''မာနစေတသိက်''**ဖြစ်ပါသည်။

**– မာန၏သဘောလက္ခဏာ** = ထောင်လွှားဝင့်ကြွားခြင်းသဘောဖြစ်ပါသည်။

**– အလုံးစုံသောစိတ်တို့နှင့် ဆက်ဆံသောစေတသိက်တို့မှာ –**

''ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ''တည်းဟူသော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါးဖြစ်ပါသည်။

**၈၃။ ''နှစ်သက်မှုနှင့် အချစ်ပျက်မှု၊ တဏှာချစ်နှင့် မေတ္တာချစ်တို့၏ သဘောလက္ခဏာကို ရေးခဲ့ပါ။** (၂၀၀၃၊ စမန ၅၆၊ ၅၈၊ ၆၄)

**အဖြေ** – ''နှစ်သက်မှုနှင့် အချစ်ပျက်မှု၊ တဏှာချစ်နှင့် မေတ္တာချစ်''တို့၏ သဘောလက္ခဏာများမှာ –

**နှစ်သက်မှု** = ပီတိ = အာရုံကိုနှစ်သက်ခြင်းသဘော၊

**အချစ်ပျက်မှု** = ဒေါသ = ခက်ထန်ကြမ်းတမ်းခြင်းသဘော၊ စိတ်ဆိုးစိတ်ပျက်ခြင်းသဘော၊

**တဏှာချစ်** = လောဘ = ကာမဂုဏ်အာရုံကို လိုချင်တပ်မက်ခြင်းသဘော၊

**မေတ္တာချစ်** = အဒေါသ = မခက်ထန်၊ မကြမ်းတမ်းခြင်းသဘော၊ ဘေးရန်, ဆင်းရဲကင်း၍ ချမ်းသာစေလိုခြင်းသဘောတို့ဖြစ်ပါသည်။

**၈၄။ ''စိတ်သွားတိုင်း ကိုယ်ပါ''ဟူသောစကားကဲ့သို့ စိတ်ဖြစ်တိုင်းပါဝင်လေ့ရှိသော**

**စေတသိက်အမည်များကိုဖော်ပြ၍၊ ၎င်းစေတသိက်တို့တွင် ရှေ့သုံးပါးတို့၏လက္ခဏာတို့ကို ရေးခဲ့ပါ** (၂၀၀၄၊ စမန ၅၃)

**အဖြေ – စိတ်ဖြစ်တိုင်းပါဝင်လေ့ရှိသော စေတသိက်အမည်များမှာ –**

''ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ'' ဟူသော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါးဖြစ်ပါသည်။

**– ရှေ့စေတသိက်သုံးပါးတို့၏လက္ခဏာများမှာ –**

**ဖဿ** = စိတ်နှင့်အာရုံကို ထိတွေ့ပေးခြင်းသဘော၊

**ဝေဒနာ** = ခံစားမှု၊ အာရုံ၏အရသာကို ခံစားခြင်းသဘော၊

**သညာ** = အာရုံကိုမှတ်သားခြင်းသဘောတို့ ဖြစ်ပါသည်။

**၈၅။ အရပ်တစ်ပါးရှိ မိဘ, မောင်နှမ, ဆွေမျိုးများကို အောက်မေ့ဖွယ်လွမ်းဆွတ်သူ၏ သန္တာန်၌ဖြစ်သော စေတသိက်သည်–**

**(က) သတိစေတသိက်ဟုတ်/မဟုတ်၊ (ခ) မည်သည့်စေတသိက်ဖြစ်သည်၊**

**(ဂ) ၎င်းစေတသိက်၌ စိတ်မည်မျှယှဉ်သည်ကို ဖော်ပြပါ။**

(၂၀၀၄၊ စမန ၆၄၊ ၅၈၊ ၇၃)

**အဖြေ** – အရပ်တစ်ပါးရှိ မိဘ, မောင်နှမ, ဆွေမျိုးများကို အောက်မေ့လွမ်းဆွတ်သူ၏ သန္တာန်၌ ဖြစ်သောစေတသိက်သည်–

(က) သတိစေတသိက်မဟုတ်ပါ၊ (ခ) လောဘစေတသိက်ဖြစ်ပါသည်။

အကြောင်းမှာ ကုသိုလ်နှင့်ဆိုင်ရာကို အောက်မေ့အမှတ်ရမှုသည်သာ သတိအစစ်ဖြစ်သည်။ မိဘ, မောင်နှမ, ဆွေမျိုးများနှင့်တွေ့ဆုံလျှင် ယခင်ဆုံတွေ့စဉ်က နှီးနှောပျော်ရွှင်ခဲ့သလို အလ္လာပသလ္လာပပြောဆိုပျော်ရွှင်လို၍ အောက်မေ့လွမ်းဆွတ်ခြင်းသည် အကုသိုလ်ဆိုင်ရာကိစ္စဖြစ်သဖြင့် လောဘယှဉ်ပါသည်။

(ဂ) လောဘသည် လောဘမူစိတ် ၈ ပါး၌ ယှဉ်ပါသည်။

**၈၆။ (က) ဝီရိယနှင့်သာယှဉ်၍ ပီတိနှင့်မယှဉ်သောအဟိတ်စိတ်၊ (ခ) ဝီရိယ, ပီတိနှစ်ပါးစုံယှဉ်သော အဟိတ်စိတ်တို့ကို ဖော်ပြပါ။** (၂၀၀၄၊ စမန ၇၅)

အဖြေ – (က) ဝီရိယနှင့်သာယှဉ်၍ ပီတိနှင့်မယှဉ်သော အဟိတ်စိတ်သည်–

''**ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်**''ဖြစ်ပါသည်။

(ခ) ဝီရိယ, ပီတိနှစ်ပါးစုံယှဉ်သော အဟိတ်စိတ်သည်

''**သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်**''ဖြစ်ပါသည်။

**၈၇။ ''သဒ္ဓါ, ပညာ, သမာ, ဝီရိ၊ စောင်းနှယ်ညှိသို့'' ဟူသောလင်္ကာ၌ ပါဝင်သော သဒ္ဓါ, ပညာ, သမာဓိ, ဝီရိယစေတသိက်တို့၏အသီးသီးသော သဘောလက္ခဏာတို့ကို ဖြေဆိုခဲ့ပါ။** (၂၀၀၅၊ စမန ၆၄၊ ၇၁၊ ၅၃၊ ၅၆)

**အဖြေ** – သဒ္ဓါ, ပညာ, သမာဓိ, ဝီရိယစေတသိက်တို့၏ အသီးသီးသော သဘော လက္ခဏာများ –

**သဒ္ဓါ** = မှန်သော ဘုရား, တရား, သံဃာနှင့် ကံ–ကံ၏အကျိုးစသည်ကို ကြည်ညိုမှု, ယုံကြည်မှုသဘော၊

**ပညာ** = အာရုံ၏အမှန်သဘောကို ထိုးထွင်း၍သိခြင်းသဘော၊

**သမာဓိ** = ဧကဂ္ဂတာ = တစ်ခုတည်းသောအာရုံ၌ တည်တံ့ခြင်း, တည်ကြည်ခြင်း သဘော၊

ဝီရိယ = အားထုတ်ခြင်းသဘော တို့ဖြစ်ပါသည်။

**၈၈။ ''အချစ်ကြီးလျှင် အမျက်ကြီးသည်'' ဟုဆိုကြရာ အချစ်ကြီးနှင့်အမျက်ကြီး ခြင်းသည် အတူတကွဖြစ်နိုင်/မဖြစ်နိုင် ဖြေဆိုပြီးလျှင်၊ အကုသိုလ်စိတ်ဖြစ်တိုင်း ပါဝင်သော စေတသိက်တို့ကို ဖော်ပြပါ။** (၂၀၀၅၊ စမန ၅၈၊ ၇၃၊ ၇၂)

**အဖြေ** – ''အချစ်ကြီးလျှင် အမျက်ကြီးသည်'' ဟုဆိုကြရာ အချစ်ကြီးနှင့် အမျက်ကြီး ခြင်းသည် **အတူတကွ မဖြစ်နိုင်ပါ။** အကြောင်းကား – အချစ်ကြီးခြင်းသည် လောဘ စေတသိက်ဖြစ်၍ လောဘမူစိတ် ၈ ပါးနှင့်ယှဉ်ပါသည်။ အမျက်ကြီးခြင်းသည် ဒေါသ စေတသိက်ဖြစ်၍ ဒေါသမူစိတ် ၂ ပါးနှင့်ယှဉ်သောကြောင့်တည်း။

**– အကုသိုလ်စိတ်ဖြစ်တိုင်း ပါဝင်သောစေတသိက်တို့မှာ –**

| | |
|---|---|
| သဗ္ဗစိတ္တသာဓာရဏစေတသိက် | = ၇ ပါး၊ |
| ဝိတက်, ဝိစာရ, ဝီရိယဟူသောပကိဏ်းစေတသိက် | = ၃ ပါး၊ |
| အကုသလသာဓာရဏစေတသိက် | = ၄ ပါး၊ |
| ပေါင်း – သဗ္ဗာကုသလယောဂီစေတသိက် | = ၁၄ ပါးဖြစ်ပါသည်။ |

**၈၉။ ''ကရုဏာဒေါသနှင့် ပြောမိတာပါ''ဟု လောက၌ လူအများသုံးနှုန်းနေကြရာ ၎င်းကရုဏာဒေါသဟူသောစကားသည် အဘိဓမ္မာအမြင်ဖြင့် ရှိနိုင်/မရှိနိုင်ကို စာဖြေရှင်တို့၏ စိတ်ကူးဉာဏ်ဖြင့် ကွန့်မြူးခဲ့ပါ။**

(၂၀၀၅၊ စမန ၇၁၊ ၇၃၊ ၅၈၊ ၇၃)

**အဖြေ** – ''ကရုဏာဒေါသနှင့် ပြောမိတာပါ''ဟု လောက၌ လူအများသုံးနှုန်းနေကြရာ **၎င်းကရုဏာဒေါသဟူသောစကားသည် အဘိဓမ္မာအမြင်ဖြင့်မရှိနိုင်ပါ။**

– အကြောင်းကား **ကရုဏာ**သည် ဒုက္ခိတသတ္တဝါပညတ်ကိုအာရုံပြု၍ သနားကြင်နာခြင်း သဘောလက္ခဏာရှိပြီး မဟာကုသိုလ်စိတ်နှင့်ယှဉ်ဖြစ်ပါသည်။

''ဒေါသ''သည် ခက်ထန်ကြမ်းတမ်းသောသဘောလက္ခဏာရှိပြီး ဒေါသမူစိတ် ၂ ပါးနှင့် ယှဉ်ပါသည်။ ကရုဏာနှင့်ဒေါသတို့ ယှဉ်သည့်စိတ်ချင်းမတူသောကြောင့် ''ကရုဏာဒေါသ'' ဟူ၍ တစ်ပေါင်းတည်းမဖြစ်နိုင်ပါ။

**၉၀။ ''မကောင်းလည်းကံ၊ ကောင်းလည်းကံ''ဟု ဗုဒ္ဓဘာသာအများစု ပြောဆိုတတ်ကြရာ ၎င်း၌ပါသော ''ကံ''ဟူသည် မည်သည့်တရားကို ခေါ်ပါသနည်း၊ ယှဉ်ဖော်ယှဉ်ဘက်တရားနှင့်တကွ ဖော်ပြခဲ့ပါ။** (၂၀၀၅၊ စမန ၅၃၊ ၇၂)

**အဖြေ** – ''မကောင်းလည်းကံ၊ ကောင်းလည်းကံ''ဟု ဗုဒ္ဓဘာသာအများစုပြောဆိုတတ်ကြရာ ၎င်း၌ပါသော ''ကံ''ဟူသည်မှာ **''စေတနာစေတသိက်''**ဖြစ်ပါသည်။

**စေတနာ၏ယှဉ်ဖော်ယှဉ်ဘက်တရားများမှာ –**

စိတ်အကျဉ်း ၈၉ ပါး၊ စိတ်အကျယ် ၁၂၁ ပါး ဖြစ်ပါသည်။ သို့သော် အကုသိုလ်စိတ် ၁၂ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ပါး၊ ပေါင်း – စိတ်၂၉ ပါးတို့နှင့် ယှဉ်သောစေတနာ ၂၉ ပါးတို့သာလျှင် ကံ အမည်ရပါသည်။

**၉၁။ ''ဝန်တိုမှုကင်းလျှင် အချစ်မမည်''ဟုဆိုရာ ဝန်တိုမှုနှင့်ချစ်ခြင်းသည် အတူယှဉ်တွဲ၍ ဖြစ်နိုင်/မဖြစ်နိုင် ဖြေဆိုပြီးလျှင်၊ ''အကြောက်ရှိမှ အရှက်ရှိသည်''ဟုဆိုရာ ကြောက်ခြင်းနှင့်ယှက်ခြင်းသည် အတူယှဉ်တွဲ၍ဖြစ်နိုင်မဖြစ်နိုင်ကိုလည်း ဖြေဆိုခဲ့ပါ။**

(၂၀၀၆၊ စမန ၅၈၊ ၇၃၊ ၆၄၊ ၇၃)

**အဖြေ** – ''**ဝန်တိုမှုကင်းလျှင် အချစ်မမည်**''ဟုဆိုရာ ဝန်တိုမှုနှင့်ချစ်ခြင်းသည် အတူယှဉ်တွဲ၍ မဖြစ်နိုင်ပါ။အကြောင်းမှာ ''ဝန်တိုမှု''သည် **မစ္ဆရိယစေတသိက်**ဖြစ်ပြီး ဒေါသမူစိတ် ၂ ပါးနှင့်ယှဉ် ပါသည်။ ''အချစ်''သည် **လောဘမူစေတသိက်**ဖြစ်ပြီး လောဘမူစိတ် ၈ ပါးနှင့် ယှဉ် ပါသည်။ ထို့ကြောင့် ဝန်တိုမှုနှင့်ချစ်ခြင်းသည် ယှဉ်သည့်စိတ်ချင်းမတူသောကြောင့် အတူယှဉ်တွဲ၍ မဖြစ်နိုင်ပါ။

''**အကြောက်ရှိမှ အရှက်ရှိသည်**''ဟုဆိုရာ ကြောက်ခြင်းနှင့်ရှက်ခြင်းတို့သည် အတူယှဉ်တွဲ၍ ဖြစ်နိုင်ပါသည်။ အကြောင်းမှာ ''ကြောက်ခြင်း''သည် **ဩတ္တပ္ပစေတသိက်**ဖြစ်၏၊ 'ရှက်ခြင်း'သည် ဟိရီစေတသိက်ဖြစ်၏၊ ဟိရီနှင့်ဩတ္တပ္ပတို့သည် သောဘနသာဓာရဏ စေတသိက် ၁၉ ပါးတွင် ပါဝင်၍ သောဘနစိတ်များ၌ အမြဲတစ်ပေါင်းတည်းယှဉ်ကြပါသည်။ ထို့ကြောင့် ကြောက်ခြင်းနှင့် ရှက်ခြင်းတို့သည် အတူယှဉ်တွဲ၍ဖြစ်ကြ၏။

**၉၂။ ''လုံ့လနှင့်ကံ၊ ကျိုးပေးသန်၊ အကြံမပေါ့နှင့်''ဟူသော ဆုံးမစာပါ (က) လုံ့လ (ခ) ကံ (ဂ) အကြံ ဟူသော စေတသိက်တို့၏ သဘောလက္ခဏာကို ဖြေဆို၍ စိတ်၌တင့်တယ်သောစိတ်(သောဘနစိတ်), မတင့်တယ်သောစိတ် (အသောဘနစိတ်) ရှိသကဲ့သို့ စေတသိက်၌လည်း ရှိနိုင်/မရှိနိုင် ဖြေဆိုခဲ့ပါ။**

(၂၀၀၆၊ စမန ၅၆၊ ၅၃၊ ၆၄၊ ၃၄)

**အဖြေ** – ''လုံ့လနှင့်ကံ၊ ကျိုးပေးသန်၊ အကြံမပေါ့နှင့်''ဟူသော ဆုံးမစာ၌ –

(က) **လုံ့လ** = **ဝီရိယ** = ကြိုးစားအားထုတ်ခြင်းသဘော၊

(ခ) **ကံ** = **စေတနာ** = ယှဉ်ဖက်စိတ်စေတသိက်တို့အား မိမိတို့၏ကိစ္စအသီးသီးကို ဆောင်ရွက်ကြဖို့ရာ စေ့ဆော်တိုက်တွန်းခြင်းသဘော၊

(ဂ) **အကြံ** = **ဝိတက်စေတသိက်** = ကြံစည်ခြင်းသဘော၊ ယှဉ်ဖက်စိတ်စေတသိက်တို့ကို အာရုံသို့တင်ပေးခြင်းသဘော။

– **စိတ်၌ တင့်တယ်သောစိတ်** (သောဘနစိတ်) ရှိသကဲ့သို့ စေတသိက်၌လည်း တင့်တယ်သောစေတသိက် (**သောဘနစေတသိက်**) ၂၅ ပါးရှိပါသည်။

သောဘနစေတသိက် ၂၅ ပါး = သောဘနသာဓာရဏစေတသိက် ၁၉ ပါး၊ ဝိရတိစေတသိက် ၃ ပါး၊ အပ္ပမညာစေတသိက် ၂ ပါး၊ ပညာတို့ဖြစ်၏။

– **စိတ်၌ မတင့်တယ်သောစိတ်** (အသောဘနစိတ်) ရှိသကဲ့သို့ စေတသိက်၌ အသောဘနစေတသိက်ဟူ၍ အမည်ပေးထားခြင်းမရှိပါ။

သို့သော် အကုသိုလ်စိတ် ၁၂ ပါးနှင့် အဟိတ်စိတ် ၁၈ ပါး၊ ပေါင်းစိတ် ၃၀ ကို အသောဘနစိတ်များဟု သတ်မှတ်သကဲ့သို့ ဤစိတ် ၃၀ တို့နှင့်ယှဉ်သောစေတသိက်များကိုလည်း အသောဘနစေတသိက်များဟု သတ်မှတ်နိုင်ပါသည်။

ထို့ကြောင့် အကုသိုလ်စေတသိက် ၁၄ ပါးနှင့် အဟိတ်စိတ်တို့နှင့်ယှဉ်သော ပီတိကြဉ် အညသမာန်းစေတသိက် ၁၂ ပါး၊ ပေါင်း – စေတသိက် ၂၆ ပါးကို အသောဘနစေတသိက်များဟူ၍ သတ်မှတ်နိုင်ပါသည်။

**၉၃။ ''ကိုယ်နှင့်မစာ လူတကာ မေတ္တာမတုံးနှင့်''ဟူ၍ ပြောဆိုဆုံးမကြရာ ၎င်းဆုံးမစကား၌ပါသော ''တကယ့်မေတ္တာစစ် မေတ္တာမှန်၏စေတသိက်ဓမ္မ''ကို ဖော်ပြ၍၊ ယင်းနှင့်ယှဉ်သောစိတ်ကို ဇာတိ, ဘူမိဘေဒအားဖြင့် ဖော်ပြပါ။**

(၂၀၀၆၊ စမန ၆၄၊ ၇၃၊ စိတ်ဇယား)

**အဖြေ** – ''ကိုယ်နှင့်မစာ လူတကာ မေတ္တာမတုံးနှင့်''ဟူ၍ ပြောဆိုဆုံးမကြရာ ၎င်းဆုံးမစကား၌ပါသော ''တကယ့်မေတ္တာစစ် မေတ္တာမှန်၏စေတသိက်ဓမ္မ''သည် ''**အဒေါသစေတသိက်**'' ဖြစ်ပါသည်။

''အဒေါသစေတသိက်''သည် သောဘနစိတ်အကျဉ်း ၅၉ပါး, အကျယ် ၉၁ ပါး၌ယှဉ်၏။

**၎င်းစိတ်တို့ကို ဇာတိဘေဒအားဖြင့် ဖော်ပြရသော် –**

| | |
|---|---|
| အကုသိုလ်စိတ် | = မရှိပါ။ |
| ကုသိုလ်စိတ် | = ၂၁ ပါး (အကျဉ်း) / ၃၇ ပါး (အကျယ်) |
| ဝိပါက်စိတ် | = ၂၁ ပါး (အကျဉ်း) / ၃၇ ပါး (အကျယ်) |
| ကြိယာစိတ် | = ၁၇ ပါး၊ |
| သောဘနစိတ်ပေါင်း | = ၅၉ ပါး (အကျဉ်း) /၉၁ ပါး (အကျယ်) ဖြစ်ပါသည်။ |

**၎င်းစိတ်တို့ကို ဘူမိဘေဒအားဖြင့် ဖော်ပြရသော် –**

| | |
|---|---|
| ကာမာဝစရစိတ် | = ၂၄ ပါး၊ |
| ရူပါဝစရစိတ် | = ၁၅ ပါး၊ |
| အရူပါဝစရစိတ် | = ၁၂ ပါး |

| | | |
|---|---|---|
| လောကုတ္တရာစိတ် | = | ၈ ပါး (အကျဉ်း) / ၄၀ ပါး (အကျယ်) |
| သောဘနစိတ်ပေါင်း | = | ၅၉ ပါး (အကျဉ်း) /၉၁ ပါး (အကျယ်) |

**၉၄။ ''မျဉ်းပြိုင်နှစ်စင်း စိတ်စေခင်း''ဆိုသည့်အတိုင်း ''ဖဿ'' စိတ်, စေတသိက်ပေါင်း မည်မျှရှိသည်ကို သင်္ချာမျှဖော်ပြပြီးလျှင် ''ဈာနဈာန ကောသလ္လ''ဆိုထားရာ ဈာနသရုပ်ကိုလည်း ထုတ်ပြပါ။** (၂၀၀၆၊ စမန ၇၂၊ ၈၅)

**အဖြေ** – ''မျဉ်းပြိုင်နှစ်စင်း စိတ်စေခင်း''ဆိုသည့်အတိုင်း

''ဖဿ'' စိတ်, စေတသိက်ပေါင်းသည် အကျဉ်း ၈၉ ပါး/အကျယ် ၁၂၁ ပါးစီရှိ၏။ အကြောင်းမှာ ဖဿစေတသိက်သည် စိတ်အားလုံးနှင့်ယှဉ်သဖြင့် စိတ်အကျဉ်း ၈၉ ပါး/အကျယ် ၁၂၁ ပါးတို့၌ ယှဉ်သောကြောင့်ဖြစ်ပါသည်။

**– ''ဈာနဈာန ကောသလ္လ''ဆိုထားရာ ဈာနသရုပ်မှာ –**

(၁) ပဋိသန္ဓေဈာန (၂) ဘဝင်ဈာန (၃) အာဝဇ္ဇန်းဈာန (၄) ပဉ္စဝိညာဏ်ဈာန
(၅) သမ္ပဋိစ္ဆိုန်းဈာန (၆) သန္တီရဏဈာန (၇) ဝုဋ္ဌောဈာန (၈) ဇောဈာန
(၉) တဒါရုံဈာန (၁၀) စုတိဈာနတို့ဖြစ်သည်။

**၉၅။ လူမှုနယ်ပယ်၌ အပယ်ခံအကျည်းတန်များရှိသလို ပရမတ်နယ်ပယ်၌လည်း အပယ်ခံစေတသိက်များ ရှိနိုင်/မရှိနိုင် စိတ်အုပ်စုတို့အလိုက် ခွဲခြားဖြေဆိုပြီးလျှင်၊ စေတသိက် ၅၂ ပါးတို့လည်း ဈာန်အင်္ဂါအမည်ရသောစေတသိက်နှင့် ဈာန်အင်္ဂါအမည် မရသော စေတသိက်တို့ကိုလည်း သင်္ချာမျှခွဲခြားပြပါ။** (၂၀၀၆၊ စမန ၇၃၊ ၃၉)

**အဖြေ** – လူမှုနယ်ပယ်၌ အပယ်ခံအကျည်းတန်များရှိသလို ပရမတ်နယ်ပယ်၌လည်း အပယ်ခံစေတသိက်များရှိပါသည်။ ၎င်းစေတသိက်တို့မှာ – ''**အကုသိုလ်စေတသိက် ၁၄ ပါး**'' ဖြစ်ပါသည်။

**ထိုစေတသိက်တို့ကို စိတ်အုပ်စုတို့အလိုက် ခွဲခြားဖြေဆိုရလျှင် –**

**မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ**တို့သည် အကုသိုလ်စိတ် ၁၂ ပါးလုံး၌ယှဉ်၏။

**လောဘ**သည် လောဘမူစိတ် ၈ ပါး၌ ယှဉ်၏။

**ဒိဋ္ဌိ**သည် လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါး၌ ယှဉ်၏။

**မာန**သည် လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါး၌ ယှဉ်၏။

**ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ**တို့သည် ဒေါသမူစိတ် ၂ ပါး၌ ယှဉ်၏။

**ထိန၊ မိဒ္ဓ**တို့သည် အကုသိုလ်သသင်္ခါရိကစိတ် ၅ ပါး၌ ယှဉ်၏။

**ဝိစိကိစ္ဆာ**သည် မောဟမူဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁ ပါး၌ ယှဉ်၏။

**စေတသိက် ၅၂ ပါး၌ ဈာန်အင်္ဂါအမည်ရသော စေတသိက် ၅ ပါး၊ ဈာန်အင်္ဂါအမည် မရသော စေတသိက် ၄၇ ပါး ရှိပါသည်။**

ဈာန်အမည်ရသောစေတသိက် ၅ ပါးမှာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ (သုခ၊ ဥပေက္ခာ)နှင့် ဧကဂ္ဂတာတို့ ဖြစ်ပါသည်။

**၉၆။ ''မိဘအိုများ ချစ်သနား၊ ပစ်ထားစွန့်ခွာ မသွားနှင့်'' အညီ မိအို၊ ဖအိုတို့ကို ပြုစုစောင့်ရှောက်နေသော သားသမီးများ၏သန္တာန်၌ဖြစ်သော ပဓာနစေတသိက ဓမ္မကို ဖော်ပြ၍ ၎င်းစေတသိက်နှင့်ယှဉ်တွဲဖြစ်သော စိတ်တို့ကို ကောက်ပြပါ။**

(၂၀၀၇၊ စမန ၆၄၊ ၇၁၊ ၇၃)

**အဖြေ** – ''မိဘအိုများ ချစ်သနား၊ ပစ်ထားစွန့်ခွါ မသွားနှင့်''အညီ မိအို၊ ဖအိုတို့ကို ပြုစုစောင့်ရှောက်နေသော သားသမီးများ၏သန္တာန်၌ဖြစ်သော ပဓာနစေတသိကဓမ္မာမှာ–

''**အဒေါသစေတသိက်**'' (ချစ်မေတ္တာ)နှင့် ''**ကရုဏာစေတသိက်**'' (သနားခြင်း)တို့ ဖြစ်၏။

– **အဒေါသစေတသိက်**သည် သောဘနစိတ်အကျဉ်း၅၉ပါး၊ စိတ်အကျယ် ၉၁ ပါး၌ယှဉ်၏။

– **ကရုဏာစေတသိက်**သည် မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ ရူပပဉ္စမစျာန်ကြဉ်သော မဟဂ္ဂုတ်ဈာန်စိတ် ၁၂ ပါး၊ ပေါင်းစိတ် ၂၈ ပါး၌ ရံခါယှဉ်ပါသည်။

**၉၇။ ''ကံကုန်၍ ဉာဏ်ထုံသည်''စကား၌ ''ကံ၊ဉာဏ်''ဟူသော စေတသိက်အမည်မှန် တို့ကို ဖော်ပြပါ။**

(၂၀၀၇၊ စမန ၅၃၊ ၇၁)

**အဖြေ** – ''ကံကုန်၍ ဉာဏ်ထုံသည်''စကား၌ ''ကံ၊ဉာဏ်''ဟူသော စေတသိက်တို့၏ အမည်မှန်တို့မှာ – ကံ = စေတနာစေတသိက်

ဉာဏ် = ပညိန္ဒြေခေါ်ပညာစေတသိက် တို့ဖြစ်ပါသည်။

**၉၈။ ''ငါ သူ့အပေါ်မှာ မေတ္တာမရှိပါဘူးကွာ''ဟူ၍ ပြောဆိုရာ၌ မေတ္တာတရား၏ ဆန့်ကျင်ဘက်ဖြစ်သောစိတ်ကို သိသာရုံမျှဖော်ပြ၍ ၎င်းစိတ်တွင် တိုက်တွန်းမှုမရှိသော စိတ်၏ယှဉ်ဘက်စေတသိက်တို့ကိုသာ ကောက်ပြပါ။** (၂၀၀၇၊ စမန ၆၇၊ ၇၄)

**အဖြေ** – မေတ္တာတရား (အဒေါသစေတသိက်)၏ ဆန့်ကျင်ဘက်ဖြစ်သောစိတ်သည်

**ဒေါသမူစိတ် ၂ ပါး**ဖြစ်ပါသည်။

၎င်းစိတ်တို့တွင် **တိုက်တွန်းမှုမရှိသောစိတ်ဖြစ်သည့် ဒေါသမူအသင်္ခါရိကစိတ်၏ ယှဉ်ဘက်စေတသိက်များမှာ–**

| | | |
|---|---|---|
| ပီတိကြဉ်သော အညသမာန်းစေတသိက် | = | ၁၂ ပါး၊ |
| အကုသလသာဓာရဏစေတသိက် | = | ၄ ပါး၊ |
| ဒေါသစေတသိက် | = | ၁ ပါး၊ |
| ယှဉ်သောစေတသိက်ပေါင်း | = | ၁၇ ပါးဖြစ်ပါသည်။ |

(မနာလိုခြင်း၊ ဝန်တိုခြင်း၊ နောင်တတတ်ဖန်ပူပန်ခြင်းတို့မရှိသည့်အတွက် ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့မယှဉ်ပါ။)

**၉၉။ ''ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ကြည့်ရှု၊ ဤခြောက်ခု၊ ကြီးသူကျင့်ရာ တရားတည်း''၌ ပါဝင်သောစေတသိကဓမ္မတို့၏သဘောလက္ခဏာတို့ကို ရေးခဲ့ပါ။**

(၂၀၀၇၊ စမန ၅၆၊ ၆၆၊ ၇၁၊ ၆၄၊၅၃)

**အဖြေ** – ''ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ကြည့်ရှု၊ ဤခြောက်ခု၊ ကြီးသူကျင့်ရာ တရားတည်း''၌ ပါဝင်သောစေတသိကဓမ္မတို့၏သဘောလက္ခဏာများမှာ–

**ထကြွ** = **ဝီရိယ**စေတသိက် = အားထုတ်ခြင်း (အားတတ်သရောရှိခြင်း)သဘော၊

**နိုးကြား** = **သတိ**စေတသိက် = ဘုရား, တရား, သံဃာစသည့်ကုသိုလ်အာရုံ၌ အောက်မေ့အမှတ်ရခြင်းသဘော၊

**သနား** = **ကရုဏာ**စေတသိက် = ဒုက္ခိတသတ္တဝါပညတ်ကိုအာရုံပြု၍ သနားကြင်နာခြင်းသဘော၊

**သည်းခံ** = **အဒေါသ**စေတသိက် = မကြမ်းတမ်းမခက်ထန်ခြင်း, သည်းခံခွင့်လွှတ်ခြင်း သဘော၊

**ဝေဖန်** = **ဝိစာရ**စေတသိက် = အာရုံကို ထပ်၍ထပ်၍ယူခြင်း, သုံးသပ်ခြင်းသဘော၊

**ကြည့်ရှု** = **ဇီဝိတိန္ဒြေ**စေတသိက် = ယှဉ်ဖက်တရားတို့ကို စောင့်ထိန်းခြင်းသဘော၊

**၁၀၀။ ''ငါမြတ်၏၊ ငါအမြတ်ဆုံး''ဟု မှတ်ထင်သောစေတသိကဓမ္မ၊ ယင်းဓမ္မ၏ယှဉ်သောစိတ်ကို ဖော်ပြ၍၊ ''မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်းချမ်းသာမည်''ဟု ဆိုကြရာ မနာလိုသောတရား၊ ဝန်တိုသောတရားတို့ကိုလည်း အမည်မျှဖော်ပြခဲ့ပါ။**

(၂၀၀၈၊ စမန ၅၈၊ ၇၃)

**အဖြေ** – ''ငါမြတ်၏၊ ငါအမြတ်ဆုံး''ဟု မှတ်ထင်သောစေတသိကဓမ္မသည် ''**မာနစေတသိက်**'' ဖြစ်၏။

မာနယှဉ်သောစိတ်သည် **လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါး**ဖြစ်၏။

''မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်းချမ်းသာမည်''ဟု ဆိုကြရာ၌ –

မနာလိုသောတရား = ဣဿာစေတသိက်၊

ဝန်တိုသောတရား = မစ္ဆရိယစေတသိက်တို့ ဖြစ်ပါသည်။

**၁၀၁။ ကိုယ်တိုင်မဆုံးဖြတ်နိုင်သော (အဓိမောက္ခမယှဉ်သော) စိတ်တို့ကို ဖော်ပြ၍ စိတ်အနည်းဆုံးယှဉ်သော စေတသိက်၏နာမည်ကိုလည်း ရေးပြပါ။**

(၂၀၀၈၊ စမန ၇၂၊ ၇၃)

**အဖြေ** – ကိုယ်တိုင်မဆုံးဖြတ်နိုင်သော (အဓိမောက္ခမယှဉ်သော) စိတ်တို့မှာ –

ဒွေပဉ္စဝိညာဏ် ၁၀ ပါးနှင့် မောဟမူ ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁ ပါး၊

ပေါင်း – စိတ် ၁၁ ပါးဖြစ်ပါသည်။

– စိတ်အနည်းဆုံးယှဉ်သောစေတသိက်၏အမည်မှာ ''**ဝိစိကိစ္ဆာစေတသိက်**''ဖြစ်ပါသည်။

**၁၀၂။ ဝိရတီသုံးပါးယှဉ်သောစိတ်တို့ကို နိယတ၊ အနိယတအားဖြင့် ခွဲခြားပြ၍၊ သနားမှုနှင့် ဝမ်းမြောက်မှု အတူတကွဖြစ်နိုင်၊ မဖြစ်နိုင်တို့ကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ပြပါ။** (၂၀၀၈၊ စမန ၇၃၊ ၇၇၊ ၇၁)

**အဖြေ** – ဝိရတိသုံးပါး နိယတ (အမြဲ) ယှဉ်သောစိတ် = လောကုတ္တရာစိတ်အကျဉ်း ၈ ပါး, အကျယ် ၄၀ ပါး၊

ဝိရတိစေတသိက် အနိယတ (ရံခါ) ယှဉ်သောစိတ် = မဟာကုသိုလ်စိတ် ၈ ပါး။

– သနားမှု (ကရုဏာ) နှင့်ဝမ်းမြောက်မှု (မုဒိတာ)တို့သည် အတူတကွမဖြစ်နိုင်ပါ။ အကြောင်းကား –

**သနားမှု** = **ကရုဏာ** = ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာခြင်းသဘော၊

**ဝမ်းမြောက်မှု** = **မုဒိတာ** = သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော၊

သနားမှု (ကရုဏာ)နှင့် ဝမ်းမြောက်မှု (မုဒိတာ)တို့သည် အာရုံမတူကြပါ။ စိတ်တစ်လုံးသည် အာရုံတစ်ခုကိုသာ ယူနိုင်သဖြင့် သနားမှု (ကရုဏာ)နှင့် ဝမ်းမြောက်မှု (မုဒိတာ) တို့သည် စိတ်တစ်လုံးတွင် အတူတကွ မဖြစ်နိုင်ပါ။

**၁၀၃။ ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုးတရားကို ယုံကြည်သူ၏သန္တာန်၌ဖြစ်သော စေတသိက်ကို ဖော်ပြ၍ ၎င်းနှင့်ယှဉ်ဘက်စိတ်တို့ကိုလည်း ဖော်ပြခဲ့ပါ။**

(၂၀၀၉၊ စမန ၆၄၊ ၇၃)

**အဖြေ** – ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုးတရားကို ယုံကြည်သူ၏သန္တာန်၌ဖြစ်သော စေတသိက်သည် ''**သဒ္ဓါစေတသိက်**''ဖြစ်ပါသည်။

– **သဒ္ဓါစေတသိက်နှင့်ယှဉ်ဘက်စိတ်တို့မှာ** –

| | | |
|---|---|---|
| ကာမာဝစရသောဘနစိတ် | = | ၂၄ ပါး |
| ရူပါဝစရစိတ် | = | ၁၅ ပါး |
| အရူပါဝစရစိတ် | = | ၁၂ ပါး |
| လောကုတ္တရာစိတ် | = | ၈ ပါး (အကျဉ်း) /၄၀ ပါး (အကျယ်) |
| ယှဉ်ဘက်သောဘနစိတ်ပေါင်း | = | ၅၉ ပါး (အကျဉ်း) / ၉၁ ပါး (အကျယ်) |

**၁၀၄။ ''မကောင်းမှုတွေ လုပ်ခဲ့တာများလေခြင်း''ဟု နောင်တတွေ တလူလူရနေသူ၏ သန္တာန်၌ဖြစ်သော စေတသိက်အမည်ကို ဖော်ပြ၍၊ ကြင်နာမှုနှင့်ဝမ်းမြောက်မှု တစ်ပြိုင်နက် ဖြစ်နိုင်/မဖြစ်နိုင်ကိုလည်း ဆုံးဖြတ်ပြပါ။** (၂၀၀၉၊ စမန ၅၈၊ ၇၁၊ ၇၃)

**အဖြေ** – ''မကောင်းမှုတွေလုပ်ခဲ့တာ များလေခြင်း''ဟု နောင်တတွေ တလူလူရနေသူ၏ သန္တာန်၌ဖြစ်သော စေတသိက်သည် ''**ကုက္ကုစ္စစေတသိက်**''ဖြစ်ပါသည်။

– ကြင်နာမှု (ကရုဏာစေတသိက်)နှင့် ဝမ်းမြောက်မှု (မုဒိတာစေတသိက်)တို့သည် တစ်ပြိုင်နက် မဖြစ်နိုင်ပါ။ ၎င်းတို့၏ သဘောလက္ခဏာများမှာ –

**ကြင်နာမှု** = **ကရုဏာ**စေတသိက် = ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာခြင်းသဘော။

**ဝမ်းမြောက်မှု** = **မုဒိတာစေတသိက်** = သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော၊

ထို့ကြောင့် ကြင်နာမှု (ကရုဏာ)နှင့် ဝမ်းမြောက်မှု (မုဒိတာ)တို့သည် အာရုံမတူကြပါ။ စိတ်တစ်လုံးသည် အာရုံတစ်ခုသာယူနိုင်သဖြင့် ကြင်နာမှု (ကရုဏာ)နှင့် ဝမ်းမြောက်မှု (မုဒိတာ)တို့သည် စိတ်တစ်လုံးတွင် တစ်ပြိုင်နက်မဖြစ်နိုင်ပါ။

**၁၀၅။ ''စိတ်အကြံတွေက သိပ်မှန်နေလို့ လျှုဖြစ်အောင် လျှုမယ်လို့ ဆုံးဖြတ်ချက်ချကာ ဝမ်းမြောက်မှုဖြစ်နေသူ''၏သန္တာန်ဝယ် ဖြစ်ပေါ်နေသော စေတသိကဓမ္မတို့၏ သဘောလက္ခဏာတို့ကို ရေးသားပြပါ။** (၂၀၀၉၊ စမန ၅၆၊ ၆၄)

**အဖြေ** – ''စိတ်အကြံတွေက သိပ်မှန်နေလို့ လျှုဖြစ်အောင် လျှုမယ်လို့ ဆုံးဖြတ်ချက်ချကာ ဝမ်းမြောက်မှုဖြစ်နေသူ''၏သန္တာန်ဝယ် ဖြစ်ပေါ်နေသော စေတသိကဓမ္မတို့၏ သဘောလက္ခဏာတို့မှာ –

**စိတ်အကြံ** = **ဝိတက်**စေတသိက် = ယှဉ်ဖက်စေတသိက်တို့ကို အာရုံသို့တင်ပေးခြင်းသဘော၊ ကြံစည်ခြင်းသဘော၊

**လှူဖြစ်အောင်လှူမယ်** = **အလောဘ**စေတသိက် = ကာမဂုဏ်အာရုံကို မလိုချင် မတပ်မက်ခြင်းသဘော၊ ရက်ရောခြင်းသဘော၊

**ဆုံးဖြတ်ချက်ချ** = **အဓိမောက္ခ**စေတသိက် = အာရုံကိုဆုံးဖြတ်ချက်ချခြင်းသဘော၊

**ဝမ်းမြောက်မှု** = **ပီတိ**စေတသိက် = အာရုံကို နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်းသဘော။

**၁၀၆။ ကိုယ်တည်းတစ်ယောက်၊ ချမ်းသာရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး–ဟူရာ၌ ကြိုးကုတ်အာထုတ်သောတရား၏သဘောကို သေချာစွာပြဆို၍ ၎င်းတရားနှင့်ယှဉ်/မယှဉ်သောစိတ်တို့ကိုလည်း မှန်ကန်စွာဖြေဆိုပြပါ။**
(၂၀၁၀၊ စမန ၅၆၊ ၇၂၊ စိတ်ဇယား)

**အဖြေ** – ကြိုးကုတ်အားထုတ်သောတရား၏သဘောကို သေချာစွာပြရသော် –

ကြိုးကုတ်အားထုတ်သောတရားသည် ''**ဝီရိယစေတသိက်**''ဖြစ်ပါသည်။

**ဝီရိယစေတသိက်၏သဘော** = အားထုတ်ခြင်း, အားတက်သရောရှိခြင်းသဘော၊ ယှဉ်ဖက်စိတ် စေတသိက်တို့ မဆုတ်နစ်အောင် ပံ့ပိုးပေးခြင်းသဘော၊ အခက်အခဲဆိုလျှင်လည်း အရှုံးမပေးဘဲ ဖွဲလုံ့လဖြင့် ဆက်လုပ်ခြင်းသဘော၊

**ဝီရိယနှင့်မယှဉ်သောစိတ်များ** = ဒွေပဉ္စဝိညာဏ်၁၀၊ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃ ဟူသော စိတ် ၁၆ ပါး၊

**ဝီရိယနှင့်ယှဉ်သောစိတ်များ** = အထက်ပါမယှဉ်သောစိတ် ၁၆ ပါးကြဉ်သည့် စိတ်အကျဉ်း ၇၃ ပါး၊ စိတ်အကျယ် ၁၀၅ ပါးဖြစ်ပါသည်။

| | | |
|---|---|---|
| – **ယင်းစိတ်တို့မှာ** အကုသိုလ်စိတ် | = | ၁၂ ပါး၊ |
| မနောဒွါရာဝဇ္ဇန်းနှင့်ဟသိတုပ္ပါဒ် | = | ၂ ပါး၊ |
| ကာမသောဘနစိတ် | = | ၂၄ ပါး၊ |
| မဟဂ္ဂုတ်စျာန်စိတ် | = | ၂၇ ပါး၊ |

| | | |
|---|---|---|
| လောကုတ္တရာစိတ် | = | ၈ ပါး (အကျဉ်း) /၄၀ ပါး (အကျယ်) |
| ဝီရိယယှဉ်သောစိတ်ပေါင်း | = | ၇၃ ပါး (အကျဉ်း)/၁၀၅ ပါး (အကျယ်) |

**၁၀၇။ ရှောင်ကြဉ်ခြင်းက ဝိရတီဟုဆိုရာ ဝိရတီ၏သဘောဓမ္မနှင့် ၎င်းဝိရတီ၏ယှဉ်ဘက်တရားများကို မှန်ကန်စွာဖြေဆိုခဲ့ပါ။** (၂၀၁၀၊ စမန ၇၀၊ ၇၃)

**အဖြေ** – ဝိရတီ၏သဘာဝဓမ္မမှာ မကောင်းမှုဒုစရိုက်များမှ ရှောင်ကြဉ်ခြင်းဖြစ်၏။

ဝိရတီစေတသိက် ၃ ပါးရှိရာ ၎င်းတို့၏အမည်နှင့် သဘာဝဓမ္မများမှာ –

**သမ္မာဝါစာစေတသိက်** = အသက်မွေးဝမ်းကျောင်းနှင့်မဆက်စပ်ဘဲ ဝစီဒုစရိုက် ၄ ပါးကို ရှောင်ကြဉ်ခြင်းသဘော၊

**သမ္မာကမ္မန္တစေတသိက်** = အသက်မွေးဝမ်းကျောင်းနှင့်မဆက်စပ်ဘဲ ကာယဒုစရိုက် ၃ ပါးကို ရှောင်ကြဉ်ခြင်းသဘော၊

**သမ္မာအာဇီဝစေတသိက်** = အသက်မွေးဝမ်းကျောင်းနှင့်ဆက်စပ်၍ ဝစီဒုစရိုက် ၄ ပါး၊ ကာယဒုစရိုက် ၃ ပါးတို့ကို ရှောင်ကြဉ်ခြင်းသဘော၊

**– ဝိရတီ၏ယှဉ်ဘက်တရားများမှာ –**

| | | |
|---|---|---|
| မဟာကုသိုလ်စိတ် (ရံခါအသီးသီး) | = | ၈ ပါး၊ |
| လောကုတ္တရာစိတ် (အမြဲတစ်ပေါင်းတည်း) | = | ၈ ပါး (ကျဉ်း) /၄၀ ပါး (ကျယ်) |
| ဝိရတီယှဉ်သောစိတ်ပေါင်း | = | ၁၆ ပါး (ကျဉ်း) /၄၈ ပါး (ကျယ်) |

**၁၀၈။ ''တွယ်တာခြင်းက လွမ်းဆွေးစရာ''ဟုစကားရှိရာ တွယ်တာတတ်သောစိတ်ဖြစ်တိုင်း ပါဝင်/မပါဝင်သော အကုသိုလ်စေတသိက်တို့ကို ခွဲခြားပြ၍ မြင်သိစိတ်နှင့်အတူဖြစ်ခွင့်ရှိသော စေတသိက်တို့ကိုလည်း ဖော်ပြပါ။**

(၂၀၁၀၊ စမန ၇၄၊ ၇၅)

**အဖြေ** – တွယ်တာတတ်သောစိတ်တို့သည် လောဘမူစိတ် ၈ ပါးဖြစ်ပါသည်။

တွယ်တာတတ်သောလောဘမူစိတ်ဖြစ်တိုင်း ပါဝင်သောအကုသိုလ်စေတသိက်တို့မှာ–

အမောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စဟူသော –

| | | |
|---|---|---|
| အကုသလသာဓာရဏစေတသိက် | = | ၄ ပါး၊ |
| လောဘစေတသိက် | = | ၁ ပါး၊ |
| ပေါင်း – စေတသိက် | = | ၅ ပါး ဖြစ်ပါသည်။ |

တွယ်တာတတ်သောလောဘမူစိတ်ဖြစ်တိုင်း မပါဝင်သောအကုသိုလ်စေတသိက်တို့မှာ–

| | | |
|---|---|---|
| ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ (ဒေါစတုက်) | = | ၄ ပါး၊ |
| ဝိစိကိစ္ဆာစေတသိက် | = | ၁ ပါး၊ |
| ပေါင်း – စေတသိက် | = | ၅ ပါးဖြစ်ပါသည်။ |

(**မှတ်ချက်** – ဒိဋ္ဌိ မာန၊ ထိန၊ မိဒ္ဓ၊ ပေါင်း ၄ ပါးမှာ အချို့သောလောဘမူစိတ်တို့နှင့်ယှဉ်၏)

**မြင်သိစိတ်နှင့်အတူ ဖြစ်ခွင့်ရှိသောစေတသိက်တို့မှာ** – ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရဟူသော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါးဖြစ်ပါသည်။

**၁၀၉။ ပုဇ္ဇာ၏အနက်အဓိပ္ပါယ်ကို မသိ၍ သို့လောသို့လောတွေးတောယုံမှားခြင်းသည် ဝိစိကိစ္ဆာဟုတ်, မဟုတ်နှင့် ''စေတနာဆိုတာ လူတိုင်းနှင့်မတန်ပေမယ့် စိတ်တိုင်းနှင့် တော့ဆိုင်ပါတယ်''ဟု ဆိုလျှင် မှန်, မမှန် အဘိဓမ္မာအမြင်ဖြင့် တင်ပြပါ။**

(၂၀၁၁၊ စမန ၅၈၊ ၇၂)

**အဖြေ** – ပုဇ္ဇာ၏အနက်အဓိပ္ပါယ်ကို မသိ၍ သို့လောသို့လောတွေးတောယုံမှားခြင်းသည် ဝိစိကိစ္ဆာမဟုတ်ပါ။

**ဝိစိကိစ္ဆာစေတသိက်** = ဘုရား, တရား, သံဃာ, ကံတရားစသည့်ကုသိုလ်ရေး၌ ယုံမှားသံသယဖြစ်ခြင်းသဘောလက္ခဏာရှိ၏။

သို့အတွက် ကုသိုလ်ရေးမဟုတ်သော ပုဇ္ဇာ၏အနက်အဓိပ္ပါယ်ကို မသိ၍ သို့လောသို့လော တွေးတောယုံမှားခြင်းသည် ဝိစိကိစ္ဆာမဟုတ်ပါ။

– ''စေတနာဆိုတာ လူတိုင်းနှင့်မတန်ပေမယ့် စိတ်တိုင်းနှင့်တော့ဆိုင်ပါတယ်''ဟုဆိုလျှင် မှန်ပါသည်။ အဘိဓမ္မာအမြင်ဖြင့် တင်ပြရသော် – စေတနာသည် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါးတွင်ပါဝင်သဖြင့် စိတ်အကျဉ်း ၈၉ ပါး၊ စိတ်အကျယ် ၁၂၁ ပါးဟူသော စိတ်အားလုံးနှင့်ယှဉ်ပါသည်။ ကုသိုလ်စေတနာသည် လူတိုင်းနှင့်မထိုက်တန်ပါ။ ထို့ကြောင့် စေတနာသည် ''လူတိုင်းနှင့်မထိုက်တန်ပေမယ့် စိတ်တိုင်းနှင့်တော့ဆိုင်ပါတယ်''ဟူသောစကား သည် မှန်ပါသည်။

**၁၁၀။ သဘာဝဘေးဒဏ်တို့ကြောင့် ဖြစ်ပေါ်လာရသော ဒုက္ခသည်တို့အား တွေ့မြင်ရာ၌ ဖြစ်ပေါ်လာသော လူသားချင်းစာနာထောက်ထားမှု–ကရုဏာနှင့် ယှဉ်တွဲဖြစ်နိုင်သော စိတ်တို့ကို ဝါဒနှစ်ရပ်အရ မရောယှက်ရအောင် ရှင်းလင်းဖြေဆိုပါ။**

(၂၀၁၁၊ စမန ၇၃)

**အဖြေ** – ဒုက္ခသည်တို့အား လူသားချင်းစာနာထောက်ထားမှုဖြင့် ကရုဏာဖြစ်ရာ၌

(က) **သမာနဝါဒသင်္ဂဟနည်းအရ ကရုဏာယှဉ်သောစိတ်တို့မှာ** –

မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး = ၁၆ ပါး၊
ရူပပဉ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ် = ၁၂ ပါး၊
ကရုဏာယှဉ်သောစိတ်ပေါင်း = ၂၈ ပါး။

(ခ) **ကေစိဝါဒအရ ကရုဏာယှဉ်သောစိတ်တို့မှာ** –

မဟာကုသိုလ်သောမနဿစိတ် = ၄ ပါး၊
မဟာကြိယာသောမနဿစိတ် = ၄ ပါး၊
ရူပပဉ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ် = ၁၂ ပါး၊
ကရုဏာယှဉ်သောစိတ်ပေါင်း = ၂၀ ပါး၊

**၁၁၁။ လူတွင်ကျော်ကြား လူစကားများရှိသကဲ့သို့ စိတ်ချင်းမတူ တမူထူးခြားအောင် ပြုလုပ်ပေးနိုင်သော စေတသိက်များကို အထူးပြုရာစိတ်နှင့်တွဲစပ်ဖော်ပြ၍ ဟိတ်ခြောက်ပါးကိုလည်း ဇာတ်အားဖြင့်ခွဲခြားပြပါ။** (၂၀၁၁၊ စမန ၇၅၊ ၇၆၊ ၈၂)

**အဖြေ** – စိတ်ချင်မတူ တမူထူးခြားအောင် ပြုလုပ်ပေးနိုင်သောစေတသိက်များကို အထူးပြုရာစိတ်နှင့် တွဲစပ်ဖော်ပြရသော်–

(၁) ပီတိ၊ ဝိရတိ ၃ ပါး၊ အပ္ပမညာ ၂ ပါး၊ ပညာ၊ ပေါင်းစေတသိက် ၇ ပါးတို့သည် ကာမသောဘနစိတ်များကို ထူးခြားအောင် ပြုလုပ်ပေးနိုင်၏။

(၂) ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ/ ဥပေက္ခာဟူသော ဈာန်အင်္ဂါများနှင့် အပ္ပမညာစေတသိက် ၂ ပါးတို့သည် မဟဂ္ဂုတ်စိတ်များကို ထူးခြားအောင် ပြုလုပ်နိုင်၏။

(၃) ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ/ဥပေက္ခာ–ဈာန်အင်္ဂါများသည် လောကုတ္တရာဈာန်စိတ်များကို တမူထူးခြားအောင် ပြုလုပ်နိုင်ကြ၏။

**– ဟိတ် ၆ ပါးကို ဇာတ်အားဖြင့် ခွဲခြားပြရသော် –**

(၁) အကုသိုလ်ဇာတ် = လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊

(၂) ကုသိုလ်ဇာတ် = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်၊

(၃) ဝိပါက်ဇာတ် = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်၊

(၄) ကြိယာဇာတ် = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်၊

**၁၁၂။ စိတ်၌မှီတွယ်၊ စိတ်ကိုခြယ်လှယ်တတ်သောစေတသိက်ဟု သိနိုင်ရန် ပြည့်စုံရမည့် အချက်တို့ကို ဖော်ပြ၍ ပူမှုဒေါသနှင့် အေးမှုအဒေါသတို့ကို ဖြစ်ရာစိတ်ချင်း တူ/မတူကို ပရမတ္ထသရုပ်ဖြင့် အဖြေထုတ်ပြပါ။** (၂၀၁၂၊ စမန ၅၂၊ ၇၃)

**အဖြေ** – စိတ်၌မှီတွယ်၊ စိတ်ကိုခြယ်လှယ်တတ်သောစေတသိက်ဟု သိနိုင်ရန် ပြည့်စုံရမည့် အင်္ဂါ ၄ ရပ်တို့မှာ–

(၁) ဧကုပ္ပါဒ – စိတ်နှင့်အတူဖြစ်ခြင်း၊

(၂) ဧကနိရောဓ – စိတ်နှင့်အတူချုပ်ခြင်း၊

(၃) ဧကာလမ္ဗန – စိတ်နှင့်တူသောအာရုံရှိခြင်း၊

(၄) ဧကဝတ္ထုက – စိတ်နှင့်တူသော မှီရာဝတ္ထုရှိခြင်း တို့ဖြစ်ပါသည်။

**– ပူမှုဒေါသနှင့် အေးမှုအဒေါသတို့ ဖြစ်ရာစိတ်ချင်းမတူကြောင်းကို** အောက်ပါပရမတ္ထသရုပ်ဖြင့် အဖြေထုတ်နိုင်ပါသည်။

(၁) ပူမှုဒေါသစေတသိက်သည် ဒေါသမူစိတ် ၂ ပါး၌ ယှဉ်ပါသည်။

(၂) အေးမှုအဒေါသစေတသိက်သည် သောဘနစိတ်အကျဉ်း ၅၉ ပါး၊ သောဘနစိတ်အကျယ် ၉၁ ပါး၌ ယှဉ်ပါသည်။

ထို့ကြောင့် ပူမှုဒေါသနှင့် အေးမှုအဒေါသတို့ ဖြစ်ရာစိတ်ချင်း မတူကြပါ။

**၁၁၃။ ပညာရဲရင့် ပွဲလယ်တင့်သူနှင့် မာနတံခွန်ထူသူတို့၏သန္တာန်ဝယ် ဖြစ်သောစိတ်**

**တို့ကို ပြဆို၍ လူမိုက်က ကျွန်တော့အဖော်က ပါပ–ဟု ဆိုရလောက်အောင် အကုသိုလ်စိတ်အားလုံးနှင့် ယှဉ်နိုင်သောစေတသိက်တို့ကိုလည်း ရေတွက်ပြပါ။**

(၂၀၁၂၊ စမန ၇၃)

**အဖြေ – ပညာရဲရင့်ပွဲလယ်တင့်သူ၏သန္တာန်၌ ပညာယှဉ်၍ဖြစ်သောစိတ်တို့မှာ –**

| | | |
|---|---|---|
| ကာမသောဘန ဉာဏသမ္ပယုတ်စိတ် | = | ၁၂ ပါး၊ |
| မဟဂ္ဂုတ်စိတ် | = | ၂၇ ပါး၊ |
| လောကုတ္တရာစိတ် | = | ၈ ပါး (အကျဉ်း)/၄၀ ပါး (အကျယ်) |
| ပညာယှဉ်သောစိတ်ပေါင်း | = | ၄၇ ပါး (အကျဉ်း)/၇၉ ပါး (အကျယ်) |

**– မာနတံခွန်ထူသူ၏သန္တာန်၌ဖြစ်သောစိတ်သည် –**

လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါးဖြစ်ပါသည်။

**– အကုသိုလ်စိတ်အားလုံးနှင့်ယှဉ်နိုင်သော စေတသိက်တို့မှာ –**

| | | |
|---|---|---|
| သဗ္ဗစိတ္တသာဓာရဏစေတသိက် | = | ၇ ပါး၊ |
| ဝိတက်၊ ဝိစာရ၊ ဝီရိယဟူသော ပကိဏ်းစေတသိက် | = | ၃ ပါး၊ |
| သဗ္ဗာကုသလသာဓာရဏစေတသိက် | = | ၄ ပါး၊ |
| ပေါင်း – စေတသိက် | = | ၁၄ ပါးဖြစ်ပါသည်။ |

**၁၁၄။ အဟိတ်စိတ်၌ လုံးဝမယှဉ်သော အညသမာန်းစေတသိက်ကို ၎င်းတို့၏ယှဉ်ရာစိတ်နှင့်တွဲစပ်ဖြေဆို၍၊ (က) မနောဓာတ်သုံးပါး (ခ) အဟိတ်ပဋိသန္ဓေအစုံအမည်ရသော စိတ်တို့ကိုလည်း ဖြေဆိုပါ။** (၂၀၁၂၊ စမန ၇၂၊ ၉၁၊ ၈၃)

**အဖြေ** – အဟိတ်စိတ်၌ လုံးဝမယှဉ်သော အညသမာန်းစေတသိက်သည် – "**ဆန္ဒစေတသိက်**" ဖြစ်ပါသည်။

**ဆန္ဒစေတသိက်နှင့်ယှဉ်ရာစိတ်များမှာ –**

မောဟမူစိတ် ၂ ပါးနှင့် အဟိတ်စိတ် ၁၈ ပါး၊ ပေါင်းစိတ် ၂၀ ကြဉ်သော စိတ်အကျဉ်း ၆၉ ပါး၊ စိတ်အကျယ် ၁၀၁ ပါးတို့၌ ယှဉ်ပါသည်။

**၎င်းစိတ်တို့မှာ –**

| | | |
|---|---|---|
| လောဘမူစိတ် ၈၊ ဒေါသမူစိတ် ၂ | = | ၁၀ ပါး၊ |
| ကာမသောဘနစိတ် | = | ၂၄ ပါး၊ |
| မဟဂ္ဂုတ်စိတ် | = | ၂၇ ပါး၊ |
| လောကုတ္တရာစိတ် | = | ၈ ပါး (ကျဉ်း)/၄၀ ပါး (ကျယ်) |
| ဆန္ဒယှဉ်သောစိတ်ပေါင်း | = | ၆၉ ပါး (ကျဉ်း)/၁၀၁ ပါး (ကျယ်) |

– **မနောဓာတ် ၃ ပါး** = ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ သမ္ပဋိစ္ဆိုန်းစိတ် ၂ ပါး၊

– အဟိတ်ပဋိသန္ဓေအစုံ = အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နှင့် အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တို့တည်း။

# အဘိဓမ္မာ (ပထမဆင့်)
# ပကိဏ်းပိုင်း

(၁၉၈၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၃၂ နှစ်အမေးအဖြေများ)

**၁။ အောက်ပါအချိန်တို့၌ မည်သည့်ဝေဒနာများဖြစ်ပါသနည်း။**
**(က) ထန်းလျက်ကိုစားသောအခါ၊ (ခ) လက်ကိုမီးလောင်သောအခါ၊**

(၁၉၈၁၊ စမန ၈၁)

**အဖြေ –**

(က) ထန်းလျက်ကိုစားသောအခါဖြစ်သောဝေဒနာ = သုခဝေဒနာ (အာရမ္မဏာနုဘဝနနည်း)
= သောမနဿဝေဒနာ (ဣန္ဒြိယဘေဒနည်း)

(ခ) လက်ကိုမီးလောင်သောအခါဖြစ်သောဝေဒနာ= ဒုက္ခဝေဒနာ (နည်း ၂ မျိုးလုံး)

**၂။ လူ၌ရှိသောဒွါရ ၆ ပါးတို့ကို ရေတွက်ဖော်ပြ၍ စက္ခုဒွါရ၌ဖြစ်သောစိတ်တို့ကို သင်္ချာမျှဖော်ပြခဲ့ပါ။** (၁၉၈၁၊ စမန ၈၅၊ ၈၆)

**အဖြေ – လူ၌ရှိသောဒွါရ ၆ ပါးမှာ –**

(၁) **စက္ခုဒွါရ** = အဆင်းအာရုံဝင်ရောက်ရာ မျက်စိအကြည်ရုပ် (စက္ခုပသာဒ)၊
(၂) **သောတဒွါရ** = အသံအာရုံဝင်ရောက်ရာ နားအကြည်ရုပ် (သောတပသာဒ)၊
(၃) **ဃာနဒွါရ** = အနံ့အာရုံဝင်ရောက်ရာ နှာအကြည်ရုပ် (ဃာနပသာဒ)၊
(၄) **ဇိဝှာဒွါရ** = အရသာအာရုံဝင်ရောက်ရာ လျှာအကြည်ရုပ် (ဇိဝှာပသာဒ)၊
(၅) **ကာယဒွါရ** = အထိအတွေ့အာရုံဝင်ရောက်ရာ ကိုယ်အကြည်ရုပ် (ကာယပသာဒ)၊
(၆) **မနောဒွါရ** = ဓမ္မာရုံစသည့်အာရုံဝင်ရောက်ရာ စိတ်တံခါးပေါက် (ဘဝင်စိတ်)တို့ ဖြစ်ပါသည်။

– **စက္ခုဒွါရ၌ဖြစ်သောစိတ်များမှာ** – ပဉ္စဒွါရာဝဇ္ဇန်း ၁၊ စက္ခုဝိညာဏ် ၂၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌောခေါ်မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇော ၂၉၊ တဒါရုံ ၈၊ ပေါင်းစိတ် ၄၆ ပါးဖြစ်ပါသည်။

**၃။ လူ၌ရှိသော ဝိညာဏဓာတ် ၇ မျိုးကို ရေတွက်ဖော်ပြပါ။**

(၁၉၈၁၊ စမန ၉၀၊ ၉၁)

အဖြေ – **လူ၌ရှိသောဝိညာဏဓာတ် ၇ မျိုးမှာ –**

(၁) **စက္ခုဝိညာဏဓာတ်** = စက္ခုဝိညာဏ်ဒွေး၊
(၂) **သောတဝိညာဏဓာတ်** = သောတဝိညာဏ်ဒွေး၊
(၃) **ဃာနဝိညာဏဓာတ်** = ဃာနဝိညာဏ်ဒွေး၊

(၄) **ဇိဝှာဝိညာဏဓာတ်** = ဇိဝှာဝိညာဏ်ဒွေး၊
(၅) **ကာယဝိညာဏဓာတ်** = ကာယဝိညာဏ်ဒွေး၊
(၆) **မနောဓာတ်** = ပဉ္စဒွါရာဝဇ္ဇန်းနှင့်သမ္ပဋိစ္ဆိုန်းဒွေး၊
(၇) **မနောဝိညာဏဓာတ်** = ဒွေပဉ္စဝိညာဏ် ၁၀ နှင့်မနောဓာတ် ၃ ပါးတို့မှ ကြွင်းသည့် စိတ် ၇၆ ပါးတို့ ဖြစ်ပါသည်။

**၄။ ကေဟိတ်–ဒွိဟိတ်–တိဟိတ်ဆိုသော စကား၌ အသီးသီးပါဝင်နိုင်သော ဟိတ်တရားများကိုဖော်ပြပါ။** (၁၉၈၂၊ စမန ၈၂)

**အဖြေ – ကေဟိတ်** = မောဟဟိတ် ၁ ပါး (မောဟမူစိတ် ၂ ပါး၌ယှဉ်၏)

**ဒွိဟိတ်** – လောဘဟိတ်နှင့်မောဟဟိတ် (လောဘမူစိတ် ၈ ပါး၌ယှဉ်ကြ၏)
– ဒေါသဟိတ်နှင့်မောဟဟိတ် (ဒေါသမူစိတ် ၂ ပါး၌ယှဉ်ကြ၏)
– အလောဘဟိတ်နှင့်အဒေါသဟိတ် (ကာမသောဘနဉာဏဝိပ္ပယုတ်စိတ် ၁၂ ပါး၌ ယှဉ်ကြ၏)

**တိဟိတ်** – အလောဘဟိတ်၊ အဒေါသဟိတ်နှင့်အမောဟဟိတ်၊
(ကာမသောဘနဉာဏသမ္ပယုတ်စိတ် ၁၂ ပါး၊ မဟဂ္ဂုတ်စိတ် ၂၇ ပါး၊ လောကုတ္တရာစိတ်အကျဉ်း ၈ ပါး/ အကျယ် ၄၀ ပါးတို့၌ယှဉ်ကြ၏)

**၅။ လူ၏ကိုယ်၌ရှိသော ဒွါရ ၆ ပါး၏အမည်ကို ဖော်ပြ၍ ၎င်းဒွါရ ၆ ပါးလုံး၌ မဖြစ်သော စိတ်များကို ဖော်ပြပါ။** (၁၉၈၂၊ စမန ၈၅)

**အဖြေ – လူ၏ကိုယ်၌ရှိသောဒွါရ ၆ ပါး၏အမည်များမှာ –**
(၁) စက္ခုဒွါရ (၂) သောတဒွါရ (၃) ဃာနဒွါရ (၄) ဇိဝှာဒွါရ
(၅) ကာယဒွါရ (၆) မနောဒွါရတို့ဖြစ်ပါသည်။

**– ဒွါရ ၆ ပါးလုံး၌ မဖြစ်နိုင်သော စိတ်များမှာ –**

| | | |
|---|---|---|
| ဥပေက္ခာသန္တီရဏစိတ် | = | ၂ ပါး၊ |
| မဟာဝိပါက်စိတ် | = | ၈ ပါး၊ |
| မဟဂ္ဂုတ်ဝိပါက်စိတ် | = | ၉ ပါး၊ |
| ပေါင်း – စိတ် | = | ၁၉ ပါးတို့သည် |

ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့ကို ဆောင်ရွက်နေကြသည့်အခါ မည်သည့်ဒွါရတွင်မှ မဖြစ်ကြသည့်အတွက် ''ဒွါရဝိမုတ်စိတ်များ'' ဖြစ်ကြပါသည်။

**၆။ အာရုံ ၆ ပါးရှိသည့်အနက် စက္ခုပသာဒသည် မည်သည့်အာရုံ၌ပါဝင်သည်ကို ဖော်ပြပါ။** (၁၉၈၂၊ စမန ၈၇)

**အဖြေ** – အာရုံ ၆ ပါးရှိသည့်အနက် စက္ခုပသာဒသည် ဓမ္မာရုံ၌ ပါဝင်ပါသည်။
(ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟူ၍ အာရုံ ၆ ပါးရှိပါသည်)

**၇။ စိတ်တိုင်းသည် နှလုံးသား ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်သလော၊ မှီ၍သာဖြစ်သော စိတ်၊ လုံးဝမှီ၍မဖြစ်သောစိတ်တို့ကို ခွဲခြားဖော်ပြပါ။** (၁၉၈၂၊ ဝတ္ထုသင်္ဂဟဗလား)

**အဖြေ** – စိတ်တိုင်းသည် နှလုံးသား ဟဒယဝတ္ထုရုပ်ကို မှီ၍မဖြစ်ပါ။

– **ဟဒယဝတ္ထုကိုမှီ၍သာဖြစ်သောစိတ်တို့မှာ** – ဒေါသမူစိတ် ၂ ပါး၊ မနောဓာတ်ခေါ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် သမ္ပဋိစ္ဆိုန်း ၂ ပါး၊ သန္တီရဏစိတ် ၃ ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ရူပါဝစရစိတ် ၁၅ ပါး၊ သောတာပတ္တိမဂ်စိတ် ၁ ပါး စုစုပေါင်း ၃၃ ပါး ဖြစ်ပါသည်။

– **ဟဒယဝတ္ထုကို လုံးဝမှီ၍မဖြစ်သောစိတ်တို့မှာ** အရူပဘုံ၌ဖြစ်သော အရူပပြဟ္မာများ၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်အဖြစ် ဆောင်ရွက်ကြသည့် **အရူပါဝစရဝိပါက်စိတ် ၄ ပါး** ဖြစ်ပါသည်။

**၈။ အောက်ပါအဘိဓမ္မာသိဖွယ်ရာတို့ကို ဖော်ပြပါ။**

**(က) ခံစားချက်ဝေဒနာ ၃ မျိုး (ခ) အကုသိုလ်ဟိတ် ၃ မျိုး**

**(ဂ) အဗျာကတာဟိတ် ၃ မျိုး** (၁၉၈၃၊ စမန ၈၁၊ ၈၂)

**အဖြေ** – (က) **ခံစားချက်ဝေဒနာ ၃ မျိုးကား**

(၁) **သုခဝေဒနာ** – အလိုရှိအပ်ကောင်းမြတ်သောအာရုံ (ဣဋ္ဌာရုံ)နှင့် ဆုံတွေ့သည့်အခါ ချမ်းသာသောခံစားမှု၊

(၂) **ဒုက္ခဝေဒနာ** – အလိုမရှိအပ်၊ မကောင်းမြတ်သောအာရုံ(အနိဋ္ဌာရုံ)နှင့် ဆုံတွေ့သည့် အခါ ဆင်းရဲသောခံစားမှု၊

(၃) **ဥပေက္ခာဝေဒနာ** – မကောင်းမဆိုး အလယ်အလတ် ရိုးရိုးဖြစ်သောအာရုံတို့နှင့် ဆုံတွေ့သည့်အခါ ချမ်းသာသည်လည်းမဟုတ်၊ ဆင်းရဲသည် လည်းမဟုတ်သော ရိုးရိုးခံစားမှုတို့ ဖြစ်ပါသည်။

(ခ) **အကုသိုလ်ဟိတ် ၃ မျိုး** = လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်တို့တည်း။

(ဂ) **အဗျာကတာဟိတ် ၃ မျိုး** = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်တို့ ဖြစ်ပါသည်။

**၉။ မနောဒွါရ၌ဖြစ်သော စိတ်များကို ရေတွက်ပြပါ။** (၁၉၈၃၊ စမန ၈၆)

**အဖြေ – မနောဒွါရ၌ဖြစ်သော စိတ်များမှာ –**

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁ ပါး၊ |
| ဇောစိတ် | = | ၅၅ ပါး၊ |
| မဟာဝိပါက် ၈ + သန္တီရဏ ၃ ဟူသည့်တဒါရုံစိတ် | = | ၁၁ ပါး၊ |
| မနောဒွါရိကစိတ်ပေါင်း | = | ၆၇ ပါး ဖြစ်ပါသည်။ |

**၁၀။ ဓမ္မာရုံဟူသည် မည်သည့်တရားမျိုး ဖြစ်ပါသနည်း၊ ရုပ်သည် ဓမ္မာရုံဖြစ်နိုင်ပါသ**

**လော၊ ရှင်းလင်းဖြေဆိုပါ။** (၁၉၈၃၊ စမန ၈၇)

**အဖြေ – ဓမ္မာရုံဟူသည်မှာ** ပဥ္စဒွါရ၌မထင်နိုင်ဘဲ မနောဒွါရ၌သာ ထင်နိုင်သည့် သိမ်မွေ့သောအာရုံဖြစ်၏။

ဓမ္မာရုံတွင်ပါဝင်သောအာရုံ ၆ မျိုးမှာ – ပသာဒရုပ် ၅ ပါး၊ သုခုမရုပ် ၁၆ ပါး၊ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ နိဗ္ဗာန်နှင့် ပညတ်အာရုံတို့ ဖြစ်ကြ၏။

– **ရုပ်သည် ဓမ္မာရုံဖြစ်နိုင်ပါသည်။** ပသာဒရုပ် ၅ ပါးနှင့် သုခုမရုပ် ၁၆ ပါးတို့သည် ရုပ်တရားများဖြစ်ကြပြီး ဓမ္မာရုံတွင်ပါဝင်ကြ၏။

**၁၁။ ''သောမနဿသဟဂုတ်–လှက်ကသုံးလေးလုပ်–ကြက်သွန်ကြော်များများနှင့် ဗိုက်ကားအောင်တုတ်ပြီးလျှင်''ဆိုသောစာချိုးအရ စိတ် ၈၉ ပါးတို့တွင် သောမနဿ သဟဂုတ်စိတ်ပေါင်း မည်မျှရှိသည်ကို ရေတွက်ပြပါ။** (၁၉၈၄၊ စမန ၅၁)

**အဖြေ – စိတ် ၈၉ ပါးတွင်ပါရှိသော သောမနဿသဟဂုတ်စိတ်များမှာ –**

| | | |
|---|---|---|
| အကုသိုလ်စိတ်၌ လောဘမူသောမနဿစိတ် | = | ၄ ပါး၊ |
| အဟိတ်စိတ်၌သောမနဿသန္တီရဏစိတ်နှင့်ဟသိတုပ္ပါဒ်စိတ် | = | ၂ ပါး၊ |
| ကာမသောဘနသောမနဿစိတ် | = | ၁၂ ပါး၊ |
| ပဥ္စမစျာန်ကြဉ်သည့် မဟဂ္ဂုတ်သောမနဿစိတ် | = | ၁၂ ပါး၊ |
| လောကုတ္တရာသောမနဿစိတ် | = | ၈ ပါး၊ |
| သောမနဿစိတ်ပေါင်း | = | ၃၈ ပါးဖြစ်၏။ |

(**မှတ်ချက်** – လောကုတ္တရာစိတ်အကျဉ်း ၈ ပါးသည် သောမနဿလည်းဖြစ်နိုင်၏။ ဥပေက္ခာသဟဂုတ်လည်းဖြစ်နိုင်၏။)

**၁၂။ လျင်မြန်စွာပြေးသောယောက်ျားများကဲ့သို့ အရှိန်အဟုန်လျင်မြန်စွာဖြစ်သော ဇောစိတ်မည်မျှရှိသည်ကို ဖော်ပြပြီးလျှင် ကုသိုလ်–အကုသိုလ်–ကြိယာအားဖြင့်လည်း ခွဲခြားဖော်ပြပါ။** (၁၉၈၄၊ စမန ၈၄)

**အဖြေ** – အရှိန်အဟုန်လျင်မြန်စွာဖြစ်သော ဇောစိတ် = ၅၅ ပါး ရှိပါသည်။

၎င်းတို့မှာ အကုသိုလ်စိတ် ၁၂ ပါး၊ ကုသိုလ်စိတ် ၂၁ ပါး၊ အာဝဇ္ဇန်းဒွေးကြဉ်သော ကြိယာစိတ် ၁၈ ပါး၊ ဖိုလ်စိတ် ၄ ပါးဟူ၍ ၅၅ ပါးဖြစ်ပါသည်။

– အကုသိုလ်ဇောစိတ် ၁၂ ပါး = လောဘမူစိတ် ၈ ပါး၊ ဒေါသမူစိတ် ၂ ပါး၊ မောဟမူစိတ် ၂ ပါးတို့ဖြစ်ကြသည်။

ကုသိုလ်ဇောစိတ် ၂၁ ပါး = မဟာကုသိုလ်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ပါးနှင့် လောကုတ္တရာကုသိုလ်စိတ် (မဂ်စိတ်) ၄ ပါးတို့ဖြစ်ကြသည်။

ကြိယာဇောစိတ် ၁၈ ပါး = ဟသိတုပ္ပါဒ်စိတ်၊ မဟာကြိယာစိတ် ၈ ပါးနှင့် မဟဂ္ဂုတ်ကြိယာစိတ် ၉ ပါးတို့ဖြစ်ကြသည်။

**၁၃။ စက္ခုစသော ဒွါရ ၆ ပါးတို့၌ မဖြစ်သောစိတ်များကို ရေတွက်ပြပါ။**
(၁၉၈၄၊ စမန ၈၆)

**အဖြေ – စက္ခုစသော ဒွါရ ၆ ပါးတို့၌ မဖြစ်သောစိတ်များမှာ –**

| | | |
|---|---|---|
| ဥပေက္ခာသန္တီရဏစိတ် | = | ၂ ပါး၊ |
| မဟာဝိပါက်စိတ် | = | ၈ ပါး၊ |
| မဟဂ္ဂုတ်ဝိပါက်စိတ် | = | ၉ ပါး၊ |
| ပေါင်း – ဒွါရဝိမုတ်စိတ် | = | ၁၉ ပါးဖြစ်ပါသည်။ |

ဤစိတ်တို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့ကို ဆောင်ရွက်နေကြသည့်အခါ ဒွါရများ၌ မဖြစ်သည့်အတွက် ဒွါရဝိမုတ်စိတ်ဟုအမည်ရကြ၏။

**၁၄။ အဆင်း–အသံ–အနံ့–အရသာ–အထိအတွေ့ဟူသော အာရုံ ၅ ပါးလုံးကို အာရုံပြုနိုင်သောစိတ်များကို မှန်ကန်စွာဖော်ပြပါ။** (၁၉၈၄၊ စမန ၈၇၊ ၈၈)

**အဖြေ** – အဆင်း–အသံ–အနံ့–အရသာ–အထိအတွေ့ဟူသော **အာရုံ ၅ ပါးလုံးကို အာရုံပြုနိုင်သောစိတ်များမှာ မနောဓာတ်ခေါ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် သမ္ပဋိစ္ဆိုန်းစိတ် ၂ ပါးတို့** ဖြစ်ပါသည်။

ဤစိတ် ၃ ပါးသည် ရုပ်ဒွါရ ၅ ပါးလုံး၌ဖြစ်နိုင်ကြသည့်အတွက် အာရုံ ၅ ပါးလုံးကို အာရုံပြုနိုင်ခြင်းဖြစ်ပါသည်။

**၁၅။ လူ့ဘဝ၌ လူသားတစ်ဦးအနေဖြင့် ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်နိုင်သောစိတ်တို့ကို ရနိုင်သမျှ ရေတွက်ပြပါ။** (၁၉၈၅ စမန ၈၃)

**အဖြေ** – လူသားတစ်ဦးအနေဖြင့် ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်နိုင်သောစိတ်တို့မှာ –

| | | |
|---|---|---|
| ကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ် | = | ၁ ပါး၊ |
| မဟာဝိပါက်စိတ် | = | ၈ ပါး၊ |
| လူသားပဋိသန္ဓေစိတ်ပေါင်း | = | ၉ ပါးဖြစ်ပါသည်။ |

**၁၆။ လူသားတစ်ဦးအတွက် တစ်နေ့တာအတွင်း ခံစားရနိုင်သမျှသော ဝေဒနာတို့ကို ကုန်စင်အောင်ဖော်ပြပါ။** (၁၉၈၅ စမန ၈၁)

**အဖြေ – အာရမ္မဏာနုဘဝနနည်းအရ လူသားတို့ခံစားနိုင်သော ဝေဒနာ ၃ မျိုးရှိသည်။**

(၁) **သုခဝေဒနာ** = အလိုရှိအပ်, ကောင်းမြတ်သောအာရုံ (ဣဋ္ဌာရုံ) နှင့် ဆုံတွေ့သည့်အခါ ချမ်းသာသောခံစားမှု

(၂) **ဒုက္ခဝေဒနာ** = အလိုမရှိအပ်, မကောင်းမြတ်သောအာရုံ (အနိဋ္ဌာရုံ) နှင့် ဆုံတွေ့သည့်အခါ ဆင်းရဲသောခံစားမှု၊

(၃) ဥပေက္ခာဝေဒနာ = မကောင်းမဆိုး, အလယ်အလတ် ရိုးရိုးဖြစ်သောအာရုံ (ဣဋ္ဌမဇ္ဈတ္တာရုံ)နှင့် ဆုံတွေ့သည့်အခါ ချမ်းသာသည်လည်းမဟုတ်၊

ဆင်းရဲသည်လည်းမဟုတ်၊ အလယ်အလတ်ဖြစ်သော ရိုးရိုးခံစားမှုတို့ဖြစ်ပါသည်။

**ဣန္ဒြိယဘေဒနည်းအရ လူသားတို့ခံစားနိုင်သောဝေဒနာ ၅ မျိုးရှိ၏။**

(၁) သောမနဿဝေဒနာ = စိတ်၌ဖြစ်သောချမ်းသာသည့်ခံစားမှု၊

(၂) ဒေါမနဿဝေဒနာ = စိတ်၌ဖြစ်သောဆင်းရဲသည့်ခံစားမှု၊

(၃) သုခဝေဒနာ = ကိုယ်၌ဖြစ်သောချမ်းသာသည့်ခံစားမှု၊

(၄) ဒုက္ခဝေဒနာ = ကိုယ်၌ဖြစ်သောဆင်းရဲသည့်ခံစားမှု၊

(၅) ဥပေက္ခာဝေဒနာ = ချမ်းသာသည်လည်းမဟုတ်၊ ဆင်းရဲသည်လည်းမဟုတ်၊ အလယ်အလတ်ဖြစ်သော ရိုးရိုးခံစားမှုတို့ဖြစ်ပါသည်။

**၁၇။ အလှူမင်္ဂလာပွဲတစ်ခုသို့သွားရန် အဝတ်အစားသစ်များကို ဝတ်ဆင်လိုက်ရာ၌ မိမိကိုယ်တွင် ထိတွေ့ခံစားမှုအရ ဖြစ်ပေါ်နိုင်သော စိတ်တို့ကို ရေတွက်ဖော်ပြခဲ့ပါ။**

(၁၉၈၅၊ စမန ၈၆)

**အဖြေ** – အဝတ်အစားသစ် ဝတ်ဆင်ရာ၌ ကိုယ်တွင်ထိတွေ့ခံစားမှုအရ ဖြစ်ပေါ်နိုင်သော စိတ်တို့မှာ – ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ ကာယဝိညာဏ်စိတ် ၂ ပါး၊ သမ္ပဋိစ္ဆိုန်းစိတ် ၂ ပါး၊ သန္တီရဏစိတ် ၃ ပါး၊ ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ ကာမဇောစိတ် ၂၉ ပါး၊ တဒါရုံစိတ် (မဟာဝိပါက်) ၈ ပါးဟူ၍ စုစုပေါင်း ၄၆ ပါးဖြစ်နိုင်ပါသည်။ (အဝတ်အစားနှင့်ကောင်းသောအထိအတွေ့ခံစားခိုက်၌ ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ်ဖြစ်၏)

**၁၈။ မနောဒွါရ၌ ဖြစ်နိုင်သမျှသောစိတ်တို့ကို အဘိဓမ္မတ္ထသင်္ဂြိုဟ်နည်းအရ ပြည့်စုံစွာ ရေတွက်ဖော်ပြပါ။** (၁၉၈၅၊ စမန ၈၆)

**အဖြေ – မနောဒွါရ၌ဖြစ်နိုင်သမျှသောစိတ်တို့သည် ၆၇ ပါး အရေအတွက်ရှိ၏။**

| | | | |
|---|---|---|---|
| ၎င်းတို့မှာ – | မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁ ပါး၊ |
| | ကာမဇောစိတ် | = | ၂၉ ပါး၊ |
| | အပ္ပနာဇောစိတ် | = | ၂၆ ပါး၊ |
| တဒါရုံခေါ်မဟာဝိပါက် ၈ + သန္တီရဏ ၃ ပါး | | = | ၁၁ ပါး၊ |
| | မနောဒွါရိကစိတ်ပေါင်း | = | ၆၇ ပါး ဖြစ်ပါသည်။ |

**၁၉။ အသည်းကွဲသီချင်းသံကို ကြားသောအခါ ဖြစ်ပေါ်လာသောကြားသိစိတ်(သောတဝိညာဏ်)၏ အာရုံခံစားမှုဝေဒနာကို ဖြေဆိုပြီးလျှင် ဌာနငါးခုတွင်ပါဝင်၍ ကိစ္စငါးမျိုးကို ထမ်းဆောင်နိုင်သော စိတ်သရုပ်ကိုလည်း ထုတ်ပြပါ။**

(၁၉၈၆၊ စမန ၈၃၊ ၈၅)

**အဖြေ – အသည်းကွဲသီချင်းသံကို ကြားသောအခါ ဖြစ်ပေါ်လာသောကြားသိစိတ်သည် ''အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်'' ဖြစ်ပါသည်။**

**ထို့ကြောင့် ကြားသိစိတ်၏အာရုံခံစားမှုဝေဒနာသည် ''ဥပေက္ခာဝေဒနာ''ဖြစ်၏။**

**– ဈာနင်္ဂါးခုတွင်ပါဝင်၍ ကိစ္စ ၅ မျိုးကို ထမ်းဆောင်နိုင်သောစိတ်တို့သည် –**

| | | |
|---|---|---|
| အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် | = | ၁ ပါး၊ |
| အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် | = | ၁ ပါး၊ |
| ပေါင်း – ဥပေက္ခာသန္တီရဏစိတ် | = | ၂ ပါးတို့ဖြစ်၏။ |

ဤစိတ် ၂ ပါးသည် ပဋိသန္ဓေဈာန၊ ဘဝင်ဈာန၊ စုတိဈာန၊ သန္တီရဏဈာန၊ တဒါရုံဈာနဟူသော ဈာန ငါးခုတွင်ပါဝင်၍ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ သန္တီရဏကိစ္စ၊ တဒါရုံကိစ္စဟူသော ကိစ္စ ၅ မျိုးကို ထမ်းဆောင်နိုင်ကြ၏။

**၂၀။ ဓမ္မာရုံတွင် ပါဝင်သောတရားဓမ္မတို့ကို ထုတ်ပြပြီးလျှင် အာရုံ ၆ ပါးမှတစ်ပါး အခြား ''ဆဋ္ဌမအာရုံ''ဟူ၍ ရှိနိုင်, မရှိနိုင် ဆုံးဖြတ်ပါ။** (၁၉၈၆၊ စမန ၈၇၊၈၈)

**အဖြေ – ဓမ္မာရုံတွင်ပါဝင်သော တရားဓမ္မတို့မှာ –**

''ပသာဒရုပ် ၅ ပါး၊ သုခုမရုပ် ၁၆ ပါး၊ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ နိဗ္ဗာန်၊ ပညတ်''ဟုဆိုအပ်သော တရား ၆ မျိုး ဖြစ်ပါသည်။

**– အာရုံ ၆ ပါးမှတစ်ပါး အခြား ''ဆဋ္ဌမအာရုံ''ဟူ၍ မရှိနိုင်ပါ။**

အကြောင်းမှာ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့တွင် တရားကိုယ် ရုပ်ပေါင်း ၇ မျိုး (ဝဏ္ဏ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ပထဝီ၊ တေဇော၊ ဝါယော) ပါဝင်သည်။ **ဂေါစရရုပ်**ဟု အမည်ရ၏။

| | | |
|---|---|---|
| ဂေါစရရုပ် ၇ ပါး + ပသာဒရုပ် ၅ ပါး | = | ဩဠာရိကရုပ် ၁၂ ပါး၊ |
| ဩဠာရိကရုပ်ကြမ်း ၁၂ ပါး+ သုခုမရုပ်နု ၁၆ ပါး | = | ရုပ် ၂၈ ပါး |

ထို့ကြောင့် အာရုံ ၆ ပါးတွင် ရုပ် ၂၈ ပါး၊ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ နိဗ္ဗာန်၊ ပညတ်အာရုံဟူ၍ ပရမတ်တရားအားလုံးနှင့် ပညတ်တရားအားလုံးပါရှိနေသဖြင့် အခြား ''ဆဋ္ဌမအာရုံ''ဟူ၍ မရှိနိုင်ပါ။

**၂၁။ ဟဒယဝတ္ထုရုပ်ကို မှီသောစိတ်များကို ကုန်စင်အောင် ရေတွက်ပြပါ။**

(၁၉၈၆၊ စမန ၈၉၊ ၉၁)

**အဖြေ – ဟဒယဝတ္ထုရုပ်ကို မှီသောစိတ်များမှာ –**

| | | |
|---|---|---|
| မနောဓာတ် ၃ ပါးဟူသည့် ပဉ္စဒွါရာဝဇ္ဇန်း ၁ + သမ္ပဋိစ္ဆိုန်း ၂ | = | ၃ ပါး၊ |
| မနောဓာတ် ၃ ပါးနှင့် ဒွေပဉ္စဝိညာဏ် ၁၀၊ ပေါင်းစိတ် ၁၃ ပါး ကြဉ်သော မနောဝိညာဏဓာတ် စိတ်ပေါင်း | = | ၇၆ ပါး၊ |
| ဟဒယဝတ္ထုရုပ်ကို မှီသောစိတ်ပေါင်း | = | ၇၉ ပါး။ |

– **တစ်နည်း** – ဒွေပဉ္စဝိညာဏ် ၁၀ ပါးတို့သည် စက္ခုဝတ္ထုစသည့် ပဉ္စဝတ္ထုတို့ကိုမှီကြ၏။ ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော စိတ်အကျဉ်း ၇၉ ပါး / စိတ်အကျယ် ၁၁၁

ပါးတို့သည် ဟဒယဝတ္ထုကို မှီကြ၏။

**၂၂။ သန့်စင်သောပန်းအလှကို မြင်ရသောအခါ ဖြစ်ပေါ်လာသောမြင်သိစိတ် (စက္ခု ဝိညာဏ်)၏ အာရုံခံစားမှုဝေဒနာကို ဖော်ပြပြီးလျှင် ကုသိုလ်ဒွိဟိတ်စိတ်သရုပ်ကိုလည်း ထုတ်ပြပါ။**

(၁၉၈၇၊ စမန ၃၁၊ ၅၀)

**အဖြေ** – သန့်စင်သော**ပန်းအလှကို မြင်ရသောအခါ ''အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်''**ဖြစ်၏။ ဤစိတ်၏အာရုံခံစားမှုဝေဒနာသည် **''ဥပေက္ခာဝေဒနာ''**ဖြစ်ပါသည်။

– **ကုသိုလ်ဒွိဟိတ်စိတ်သရုပ်မှာ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး**တို့သည် အလောဘ, အဒေါသဟူသည့် ကုသိုလ်ဟိတ် ၂ ပါးယှဉ်ကြပြီး ကုသိုလ်ဒွိဟိတ်စိတ်များ ဖြစ်ကြ၏။

**၂၃။ မနောဒွါရာဝဇ္ဇန်းစိတ်၏ကိစ္စများကို ဖော်ပြပြီးလျှင် ယင်းစိတ်သည် အဘယ်ကိစ္စဖြင့် အဘယ်ဒွါရ၌ ဖြစ်ပါသနည်း၊ အသီးသီးဖြေဆိုပါ။** (၁၉၈၇၊ စမန ၈၃၊ ၈၆)

**အဖြေ – မနောဒွါရာဝဇ္ဇန်းစိတ်၏ကိစ္စများမှာ – အာဝဇ္ဇန်းကိစ္စနှင့် ဝုဋ္ဌောကိစ္စတို့ဖြစ်ပါသည်။**

**အာဝဇ္ဇန်း**ကိစ္စမှာ မနောဒွါရ၌ထင်လာသောအာရုံကို နှလုံးသွင်းဆင်ခြင်ခြင်းဖြစ်၏။

**ဝုဋ္ဌောကိစ္စမှာ** အာရုံကိုကောင်းမကောင်းဆုံးဖြတ်ခြင်းကိစ္စဖြစ်၏။

– မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စဖြင့် မနောဒွါရ၌ဖြစ်၏။

– မနောဒွါရာဝဇ္ဇန်းစိတ်သည် ဝုဋ္ဌောကိစ္စဖြင့် ပဉ္စဒွါရနှင့် မနောဒွါရဟူသည့် ၆ ဒွါရလုံး၌ ဖြစ်၏။

**၂၄။ အာရုံငါးပါးနှင့် ဝိညာဏ်ငါးမျိုးတို့ကို ယှဉ်တွဲဖော်ပြပြီးလျှင် အာရုံငါးပါးမှလွတ်သော အခြားအာရုံရှိမရှိကိုလည်း ဖြေဆိုပါ။** (၁၉၈၇၊ စမန ၈၇၊ ၈၈)

**အဖြေ – အာရုံငါးပါးနှင့် ဝိညာဏ်ငါးမျိုးတို့ကို ယှဉ်တွဲဖော်ပြရသော် –**

(၁) ရူပါရုံ – အဆင်းကို စက္ခုဝိညာဏ်စိတ် ၂ ပါးက မြင်သိ၏။

(၂) သဒ္ဒါရုံ – အသံကို သောတဝိညာဏ်စိတ် ၂ ပါးက ကြားသိ၏။

(၃) ဂန္ဓာရုံ – အနံ့ကို ဃာနဝိညာဏ်စိတ် ၂ ပါးက နံသိ၏။

(၄) ရသာရုံ – အရသာကို ဇိဝှာဝိညာဏ်စိတ် ၂ ပါးက စားသိ၏။

(၅) ဖောဋ္ဌဗ္ဗာရုံ – အထိအတွေ့ကို ကာယဝိညာဏ်စိတ် ၂ ပါးက ထိသိ၏။

**အာရုံငါးပါးမှလွတ်သော အခြားအာရုံရှိသေး၏။ ဓမ္မာရုံဖြစ်ပါသည်။**

**ဓမ္မာရုံ**သည် ပဉ္စဒွါရ၌မထင်နိုင်ဘဲ မနောဒွါရ၌သာ ထင်နိုင်သည့် သိမ်မွေ့သောအာရုံ ဖြစ်၏။

ဓမ္မာရုံတွင် ပသာဒရုပ် ၅ ပါး၊ သုခုမရုပ် ၁၆ ပါး၊ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ နိဗ္ဗာန်၊ ပညတ်ဟု ဆိုအပ်သော တရား ၆ မျိုးပါဝင်သည်။

**၂၅။ အသောဘနစိတ် ၃၀ ပါးတို့တွင် ဟိတ်တစ်ပါးသာရှိသော (ကေဟိတ်) စိတ်ကို ဖော်ပြပါ။** (၁၉၈၈၊ စမန ၈၂)

**အဖြေ** – အသောဘနစိတ် ၃၀ ပါးတွင် ဟိတ်တစ်ပါးသာရှိသော ကေဟိတ်စိတ် ၂ ပါး ရှိပါသည်။ (၁) မောဟမူ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် နှင့်

(၂) မောဟမူ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်တို့ ဖြစ်ပါသည်။

ဤ ကေဟိတ်စိတ် ၂ ပါးတွင် မောဟဟိတ်တစ်ပါးစီသာ ပါဝင်ကြ၏။

**၂၆။ ''ကြည့်သောသူမြင်၏'' ဟုဆိုရာဝယ် မြင်မှုကိစ္စကို အဘယ်စိတ်က ဆောင်ရွက်ပေးပါသနည်း။** (၁၉၈၈၊ စမန ၈၃၊ ၃၀၊ ၃၁)

**အဖြေ – ''ကြည့်သောသူမြင်၏'' ဆိုရာဝယ် –**

မြင်မှုကိစ္စကို စက္ခုဝိညာဏ်ဒွေ–မြင်သိစိတ် ၂ ပါးက ဆောင်ရွက်ပေးပါသည်။

(၁) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်နှင့်

(၂) အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်တို့ ဖြစ်ပါသည်။

**၂၇။ အဘယ်ကို မနောဓာတ်ဟုခေါ်ပါသနည်း၊ ဖော်ပြ၍ ယင်းမနောဓာတ်၏မှီရာ ဝတ္ထုကိုလည်း ပြဆိုပါ။** (၁၉၈၈၊ စမန ၉၁)

**အဖြေ** – ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် သမ္ပဋိစ္ဆိုန်းစိတ် ၂ ပါး၊ ပေါင်း ၃ ပါးကို ''မနောဓာတ်'' ဟုခေါ်ပါသည်။

– မနောဓာတ်သည် ဟဒယဝတ္ထုကို မှီပါသည်။

**၂၈။ အကြောင်းတရားဖြစ်သော ဟိတ်ခြောက်ပါးသရုပ်ကို ဖော်ပြ၍၊ ယင်းဟိတ်ခြောက်ပါးကို ကုသိုလ်, အကုသိုလ်, ကဗျာကတဟိတ်အားဖြင့် ဝေဖန်ပြပါ။** (၁၉၈၉၊ စမန ၈၂)

**အဖြေ** – အကြောင်းတရားဖြစ်သောဟိတ် ၆ ပါးသရုပ်မှာ –

(၁) လောဘဟိတ် (၂) ဒေါသဟိတ် (၃) မောဟဟိတ် (၄) အလောဘဟိတ်

(၅) အဒေါသဟိတ် (၆) အမောဟဟိတ်တို့ ဖြစ်ပါသည်။

**– ဟိတ် ၆ ပါးကို ကုသိုလ်, အကုသိုလ်, အဗျာကတဟိတ်အားဖြင့် ဝေဖန်ပုံမှာ**

(၁) ကုသိုလ်ဟိတ် ၃ ပါး = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်၊

(၂) အကုသိုလ်ဟိတ် ၃ ပါး = လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊

(၃) အဗျာကတဟိတ် ၃ ပါး = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် တို့ဖြစ်သည်။

**၂၉။ လူတို့၌ ချမ်းသာမှု (သုခ)၊ ဆင်းရဲမှု (ဒုက္ခ) ဝေဒနာတို့ကို ခံစားရသည့်အခါ ယင်းဝေဒနာတို့နှင့်အတူတကွဖြစ်သော စိတ်တို့ကို ခွဲခြားရေးပြပါ။** (၁၉၈၉၊ စမန ၈၁)

**အဖြေ – ချမ်းသာမှု–သုခဝေဒနာကို ခံစားရသည့်အခါ –**

''အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏစိတ်''ဖြစ်ပါသည်။

**– ဆင်းရဲမှု–ဒုက္ခဝေဒနာကို ခံစားရသည့်အခါ –**

''အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်''ဖြစ်ပါသည်။

**၃၀။ သင်၏ခန္ဓာကိုယ်၌ရှိသော ဒွါရ ၆ ခုတို့တွင် ''မနောဒွါရ''ဟူသည် အဘယ်အရာကို ခေါ်ဆိုသနည်း။ ဖော်ပြ၍ ယင်းမနောဒွါရ၌ဖြစ်သော စိတ်တို့ကိုလည်း အကျဉ်းသချုပ်သာရေးပြပါ။** (၁၉၇၉၊ စမန ၇၅၊ ၈၆)

**အဖြေ – ကျွန်ုပ်၏ခန္ဓာကိုယ်၌ရှိသော ဒွါရ ၆ ခုတို့တွင် ''မနောဒွါရ''ဟူသည်မှာ–**

ကျွန်ုပ်၏နှလုံးထဲရှိ ဟဒယဝတ္ထုကိုမှီ၍ဖြစ်နေသော ''ဘဝင်စိတ်''ဖြစ်ပါသည်။

ဤဘဝကိုဖြစ်စေသောကုသိုလ်ကံ၏အကျိုးကြောင့်ဖြစ်သော ပဋိသန္ဓေစိတ်သည် ''သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ်''ဖြစ်လျှင်

**ကျွန်ုပ်၏ဘဝင်စိတ်သည်လည်း –**

''သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ်''ပင်ဖြစ်၏။

ဤဘဝင်စိတ်က ကျွန်ုပ်၏မနောဒွါရအဖြစ် ဆောင်ရွက်ပါသည်။

**– ယင်းမနောဒွါရ၌ဖြစ်စေသော စိတ်တို့မှာ –**

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁ ပါး၊ |
| ကာမဇောစိတ် | = | ၂၉ ပါး၊ |
| အပ္ပနာဇောစိတ် | = | ၂၆ ပါး၊ |
| တဒါရုံစိတ် | = | ၁၁ ပါး၊ |
| ပေါင်းစိတ် | = | ၆၇ ပါး ဖြစ်ပါသည်။ |

**၃၁။ ကာမဘုံသား လူသားတိုင်း၌ရသော ဝတ္ထုရုပ်များကို ရေတွက်ပြ၍၊ အရူပဗြဟ္မာများ၌ မည်သည့်ဝတ္ထုရုပ်များရှိသည်၊ မရှိသည်ကို ရှင်းလင်းရေးသားခဲ့ပါ။**

(၁၉၇၉၊ စမန ၉၀)

**အဖြေ – ကာမဘုံသား လူသားတိုင်း၌ ရသော ဝတ္ထုရုပ်များမှာ–**

(၁) စက္ခုဝတ္ထု (၂) သောတဝတ္ထု (၃) ဃာနဝတ္ထု

(၄) ဇိဝှာဝတ္ထု (၅) ကာယဝတ္ထု (၆) ဟဒယဝတ္ထုတို့ ဖြစ်ပါသည်။

– အရူပဗြဟ္မာများ၌ မည်သည့်ဝတ္ထုရုပ်မျှ မရှိပါ။

အရူပဗြဟ္မာတို့တွင် ရုပ်၌တပ်မက်ခြင်းကင်းသော ဘာဝနာ၏အစွမ်းကြောင့် ရုပ်မရှိဘဲ နာမ်သာရှိကြ၏။ ထိုနာမ်တို့သည် ဘာဝနာ၏အစွမ်းကြောင့်ပင်လျှင် ဝတ္ထုရုပ်ကို မမှီဘဲ ဖြစ်နိုင်ကြ၏။ အရူပဘုံ၌ ရုပ်မရှိသဖြင့် ဝတ္ထုရုပ်လည်း မရှိပါ။

**၃၂။ ဝေဒနာ ၃ ပါး၊ ဝေဒနာ ၅ ပါးဟု ပြောဆိုကြရာ၌ ၃ ပါး၊ ၅ ပါးတို့၏ သရုပ်ကိုထုတ်ပြ၍ သုခဝေဒနာနှင့်တကွဖြစ်သောစိတ်ကိုလည်း ညွှန်ကြားပြပါ။**

(၁၉၉၀၊ စမန ၈၁)

**အဖြေ – အာရမ္မဏာနုဘဝနနည်းအရ အာရုံ ၃ မျိုးကိုလိုက်၍ ဝေဒနာ ၃ မျိုးရှိပါသည်။**

(၁) **သုခဝေဒနာ** = အလိုရှိအပ်ကောင်းမြတ်သောအာရုံ(ဣဋ္ဌာရုံ)နှင့် ဆုံတွေ့သည့်အခါ ချမ်းသာသောခံစားမှု၊

(၂) **ဒုက္ခဝေဒနာ** = အလိုမရှိအပ်, မကောင်းမြတ်သောအာရုံ(အနိဋ္ဌာရုံ)နှင့် ဆုံတွေ့သည့်အခါ ဆင်းရဲသောခံစားမှု၊

(၃) **ဥပေက္ခာဝေဒနာ** = မကောင်းမဆိုး, ရိုးရိုးအာရုံ (ဣဋ္ဌမဇ္ဈတ္တာရုံ)နှင့် ဆုံတွေ့သည့်အခါ ချမ်းသာသည်လည်းမဟုတ်၊ ဆင်းရဲသည်လည်းမဟုတ်သော ရိုးရိုးခံစားမှု။

ဣန္ဒြိယဘေဒနည်း – ဣန္ဒြေဟောစဉ်ကိုလိုက်၍ ဝေဒနာ ၅ မျိုးဟော၏။

(၁) သောမနဿဝေဒနာ – စိတ်၌ဖြစ်သောချမ်းသာသည့်ခံစားမှု၊

(၂) ဒေါမနဿဝေဒနာ – စိတ်၌ဖြစ်သောဆင်းရဲသည့်ခံစားမှု၊

(၃) သုခဝေဒနာ – ကိုယ်၌ဖြစ်သောချမ်းသာသည့်ခံစားမှု၊

(၄) ဒုက္ခဝေဒနာ – ကိုယ်၌ဖြစ်သောဆင်းရဲသည့်ခံစားမှု၊

(၅) ဥပေက္ခာဝေဒနာ – ချမ်းသာသည်လည်းမဟုတ်၊ ဆင်းရဲသည်လည်း မဟုတ်သော အလယ်အလတ်ရိုးရိုး ခံစားမှု။

**– သုခဝေဒနာနှင့်တကွဖြစ်သောစိတ်သည် –**

''အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ်''ဖြစ်ပါသည်။

**၃၃။ ကိစ္စ ၁၄ ပါးကို မမှားအောင် ရေတွက်ပြပါ။** (၁၉၉၀၊ စမန ၈၃)

**အဖြေ** – ကိစ္စ ၁၄ ပါးကို အစဉ်လိုက်ရေတွက်ပြရသော် –

(၁) ပဋိသန္ဓေကိစ္စ = ဘဝဟောင်းနှင့်ဘဝသစ်ကိုစပ်ပေးခြင်းကိစ္စ၊

(၂) ဘဝင်ကိစ္စ = ရုပ်နာမ်ခန္ဓာအစဉ် မပြတ်မလပ်ရအောင် ဖြစ်စေခြင်းကိစ္စ၊

(၃) အာဝဇ္ဇန်းကိစ္စ = ဒွါရ၌ထင်လာသောအာရုံကို နှလုံးသွင်းဆင်ခြင်ခြင်းကိစ္စ၊

(၄) ဒဿနကိစ္စ = မြင်သိခြင်းကိစ္စ၊

(၅) သဝနကိစ္စ = ကြားသိခြင်းကိစ္စ၊

(၆) ဃာယနကိစ္စ = နံသိခြင်းကိစ္စ၊

(၇) သာယနကိစ္စ = စားသိခြင်းကိစ္စ၊

(၈) ဖုသနကိစ္စ = ထိသိခြင်းကိစ္စ၊

(၉) သမ္ပဋိစ္ဆိုန်းကိစ္စ = အာရုံကို လက်ခံထိန်းသိမ်းခြင်းကိစ္စ၊

(၁၀) သန္တီရဏကိစ္စ = အာရုံကို စုံစမ်းခြင်းကိစ္စ၊

(၁၁) ဝုဋ္ဌောကိစ္စ = အာရုံကို ကောင်းမကောင်းဆုံးဖြတ်ခြင်းကိစ္စ၊
(၁၂) ဇောကိစ္စ = အာရုံ၏အရသာကို ခံစားခြင်းကိစ္စ၊
(၁၃) တဒါရုံကိစ္စ = ဇောအဟုန်၏နောက်သို့လိုက်ကာ အာရုံ၏အရသာကို ခံစားခြင်းကိစ္စ၊
(၁၄) စုတိကိစ္စ = ဖြစ်ဆဲပစ္စုပ္ပန်ဘဝ၏ချုပ်ဆုံးသေလွန်ခြင်းကိစ္စတို့ဖြစ်ပါသည်။

**၃၄။ စိတ် ၈၉ ပါးအနက် အခါခပ်သိမ်း ဒွါရခြောက်ပါးမှလွတ်သောစိတ်များကို ညွှန်ကြားပြပါ။** (၁၉၉၀၊ စမန ၈၇)

**အဖြေ** – စိတ် ၈၉ ပါးအနက် အခါခပ်သိမ်း ဒွါရခြောက်ပါးမှ လွတ်သောစိတ်များသည် ''**မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါး**''ဖြစ်ပါသည်။

**၃၅။ စိတ် ၈၉ ပါးအနက် လောကုတ္တရာအာရုံမှတစ်ပါး ကျန်အာရုံများကို အာရုံပြုနိုင်သော စိတ်များကို သိသာရုံမျှ ဖော်ပြပါ။**

(၁၉၉၀၊ စမန ၈၉၊ အာရမ္မဏသင်္ဂဟဗယား ၅)

**အဖြေ** – စိတ် ၈၉ ပါးအနက် လောကုတ္တရာအာရုံမှတစ်ပါး ကျန်အာရုံများကို အာရုံပြုနိုင်သော စိတ်များသည် –

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂ ပါး၊ |
| မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် | = | ၄ ပါး၊ |
| မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် | = | ၄ ပါး၊ |
| ပေါင်း – စိတ် | = | ၂၀ ပါး ဖြစ်ပါသည်။ |

ဤစိတ်တို့သည် လောကီစိတ် ၈၁ ပါး၊ ၎င်းစိတ်တို့နှင့်ယှဉ်သော စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါး၊ ပညတ်ဟူသော လောကီအာရုံ ၆ ပါးကို အာရုံပြုကြ၏။

**၃၆။ ပကိဏ်းပိုင်းလာ ဟိတ် ၆ ပါးသရုပ်ကို ထုတ်ပြ၍ စိတ် ၈၉ ပါးကို ကေဟိတ်၊ ဒွိဟိတ်၊ တိဟိတ်စိတ်တို့ဖြင့် အကျဉ်းသင်္ချာမျှ ဝေဖန်ခဲ့ပါ။** (၁၉၉၁၊ စမန ၈၂)

**အဖြေ – ဟိတ် ၆ ပါးသရုပ်မှာ** – လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်တို့ဖြစ်၏။

**– စိတ် ၈၉ ပါးကို ကေဟိတ်၊ ဒွိဟိတ်၊ တိဟိတ်စိတ်တို့ဖြင့် ဝေဖန်ရသော်**

ကေဟိတ်စိတ် ၂ ပါး = မောဟမူစိတ် ၂ ပါး (မောဟဟိတ်သာယှဉ်၏)
ဒွိဟိတ်စိတ် ၂၂ ပါး = လောဘမူစိတ် ၈ ပါး (လောဘဟိတ်၊ မောဟဟိတ်ယှဉ်၏)
\+ ဒေါသမူစိတ် ၂ ပါး (ဒေါသဟိတ်၊ မောဟဟိတ်ယှဉ်၏)
\+ ကာမသောဘနဉာဏဝိပ္ပယုတ်စိတ် ၁၂ ပါး။
(အလောဘဟိတ်၊ အဒေါသဟိတ် ယှဉ်၏)

တိဟိတ်စိတ် ၄၇ ပါး = ကာမသောဘန ဉာဏသမ္ပယုတ်စိတ် ၁၂ ပါး၊ မဟဂ္ဂုတ်စိတ် ၂၇ ပါး၊ လောကုတ္တရာစိတ် ၈ ပါး။

(အလောဘ၊ အဒေါသ၊ အမောဟဟိတ်သုံးပါးယှဉ်ကြ၏)

**၃၇။ လောကတွင် ''မနောဓာတ်ဖြင့် အတတ်ဟောသည်'' ဆိုရာ၌ အဘယ်အရာကို မနောဓာတ် ခေါ်ဆိုပါသနည်း။ ဖြေဆို၍ ယင်းမနောဓာတ်၏တည်ရာ, မှီရာ, ဒွါရ, အာရုံထတ္ထုတို့ကိုလည်း ညွှန်ပြရေးသားခဲ့ပါ။**

(၁၉၉၁၊ စမန ၉၁၊ ၈၈၊ ၈၆)

**အဖြေ – မနောဓာတ်ဟူသည်မှာ** – ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁ ပါးနှင့် သမ္ပဋိစ္ဆိုန်းစိတ် ၂ ပါးတို့ဖြစ်ပါသည်။

| | | |
|---|---|---|
| မနောဓာတ်၏တည်ရာ | – | နှလုံးသွေး၌ရှိသောဟဒယဝတ္ထု၊ |
| မနောဓာတ်၏မှီရာ | – | ဟဒယဝတ္ထုကို မှီပါသည်။။ |
| မနောဓာတ်၏ဒွါရ | – | စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှာဒွါရ, ကာယဒွါရဟူသော ပဉ္စဒွါရ၌ ဖြစ်ပါသည်။ |
| မနောဓာတ်၏အာရုံ | – | ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဟူသော ပစ္စုပ္ပန်ပဉ္စာရုံကို အာရုံပြု၏။ |

**၃၈။ စိတ်, စေတသိက်တို့သည် စာဖြေသူ၏ခန္ဓာအိမ်သို့ မည်သည့်တံခါးပေါက်များမှ ဝင်ရောက်လာကြပါသနည်း။ ဝင်ရောက်လာသည့် တံခါးပေါက်၏အမည်များကို ဖော်ပြ၍ ယင်းတံခါးပေါက်များမှ ဝင်ရောက်မလာနိုင်သည့် စိတ်တို့ကိုလည်း ညွှန်ပြပါ။**

(၁၉၉၂၊ စမန ၈၅၊ ၈၆)

**အဖြေ – စိတ်, စေတသိက်တို့သည် စာဖြေသူ၏ခန္ဓာအိမ်သို့** – ဒွါရ ၆ ပါးမှ ဝင်ရောက်လာကြ၏။

**– ဒွါရ – ၆ ပါးတို့၏အမည်များမှာ** – စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှာဒွါရ၊ ကာယဒွါရ၊ မနောဒွါရတို့ ဖြစ်ကြပါသည်။

**– ဒွါရ ၆ ပါးမှဝင်ရောက်မလာနိုင်သော ဒွါရဝိမုတ်စိတ်များမှာ –**

ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့ကို ဆောင်ရွက်ကြသည့်

| | | |
|---|---|---|
| ဥပေက္ခာသန္တီရဏစိတ် | = | ၂ ပါး၊ |
| မဟာဝိပါက်စိတ် | = | ၈ ပါး၊ |
| မဟဂ္ဂုတ်ဝိပါက်စိတ် | = | ၉ ပါး၊ |
| ပေါင်း – ဒွါရဝိမုတ်စိတ် | = | ၁၉ ပါးတို့ ဖြစ်ပါသည်။ |

**၃၉။ ''ဈာန်အဘိညာဉ်'' ဟူသောစကားဝယ် ''အဘိညာဉ်''၏ ပရမတ္ထတရားကိုယ်ကို ဖော်ပြ၍ ယင်းအဘိညာဉ်ဖြင့် ထူးထူးခြားခြားအာရုံပြုသိရှိနိုင်သည့်အရာများကို လည်း ဖြေဆိုပါ။** (၁၉၉၂၊ စမန ၄၄၊ ၈၉)

**အဖြေ** – ''ဈာန်အဘိညာဉ်''ဟူသော စကားဝယ် **''အဘိညာဉ်''၏ ပရမတ္ထတရားကိုယ်**

**သည် ''ပညိန္ဒြေခေါ် ပညာစေတသိက်''** ဖြစ်ပါသည်။

ရူပါဝစရပဥ္စမဈာန် ကုသိုလ်စိတ်နှင့်ယှဉ်သည့် အထူးသိနိုင်စွမ်းသောပညာကို ကုသိုလ်အဘိညာဉ်၊ ရူပါဝစရပဥ္စမဈာန် ကြိယာစိတ်နှင့်ယှဉ်သည့် အထူးသိနိုင်စွမ်းသောပညာကို **ကြိယာအဘိညာဉ်**ဟုခေါ်ပါသည်။

**– အဘိညာဉ်ဖြင့် ထူးထူးခြားအာရုံပြုသိရှိနိုင်သည့်အရာများမှာ –**

(၁) **ကုသိုလ်အဘိညာဉ်သည်** အရဟတ္တမဂ်ဖိုလ်ကြဉ်သော စိတ် ၈၇ ပါး၊ ၎င်းတို့နှင့်ယှဉ်သော စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါး၊ ပညတ်နှင့်နိဗ္ဗာန်ဟူသည့် အရဟတ္တမဂ်ဖိုလ်ကြဉ်သည့်အာရုံ ၆ ပါးကို အာရုံပြုကြ၏။

(၂) **ကြိယာအဘိညာဉ်သည်** စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါး၊ ပညတ်၊ နိဗ္ဗာန်ဟူသည့် အလုံးစုံသောအာရုံ ၆ ပါးကို အာရုံပြု၏။

**၄၀။ ဗုဒ္ဓဘာသာဖြစ်သူတိုင်း ''နိဗ္ဗာန်ကို အာရုံပြု၍ လှူဒါန်းသည်''ဆိုရာ၌ နိဗ္ဗာန်ကို ကေန်အာရုံပြုနိုင်သော စိတ်သရုပ်ကို ထုတ်ပြ၍၊ လောကီအာရုံများနှင့် ပျော်မွေ့လျက်ရှိသော စိတ်တို့ကိုလည်း ရေတွက်ပြပါ။** ( ၁၉၉၂၊ စမန ၈၉၊ ၉၀)

**အဖြေ – နိဗ္ဗာန်ကို ကေန်အာရုံပြုနိုင်သော စိတ်သရုပ်မှာ –**

လောကုတ္တရာစိတ် ၈ ပါးဟူသော မဂ်စိတ် ၄ ပါးနှင့် ဖိုလ်စိတ် ၄ ပါးတို့ဖြစ်ကြ၏။

**– လောကီအာရုံများနှင့် ပျော်မွေ့လျက်ရှိသောစိတ်တို့မှာ –**

| | |
|---|---|
| အကုသိုလ်စိတ် | = ၁၂ ပါး၊ |
| မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် | = ၄ ပါး၊ |
| မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် | = ၄ ပါး၊ |
| ပေါင်း – စိတ် | = ၂၀ ပါးတို့ဖြစ်သည်။ |

**၄၁။ စိတ်, စေတသိက်တို့၏တည်ရာ မှီရာဝတ္ထု ၆ ပါးကို ရေတွက်ပြ၍၊ ယင်းဝတ္ထုရုပ်များကို လုံးဝမမှီဘဲဖြစ်သော စိတ်တို့ကိုလည်း ဖြေဆိုပါ။**

(၁၉၉၂၊ စမန ၉၆၊ ၉၁)

**အဖြေ – စိတ်စေတသိက်တို့၏တည်ရာမှီရာ ဝတ္ထု ၆ ပါးမှာ –**

(၁) စက္ခုဝတ္ထု (စက္ခုပသာဒ) (၂) သောတဝတ္ထု (သောတပသာဒ)

(၃) ဃာနဝတ္ထု (ဃာနပသာဒ) (၄) ဇိဝှာဝတ္ထု (ဇိဝှာပသာဒ)

(၅) ကာယဝတ္ထု (ကာယပသာဒ) (၆) ဟဒယဝတ္ထု တို့ဖြစ်ပါသည်။

**– ယင်းဝတ္ထုရုပ်များကို လုံးဝမမှီဘဲဖြစ်သောစိတ်** = အရူပဝိပါက်စိတ် ၄ ပါးဖြစ်၏။

**၄၂။ ''ကိစ္စများမြောင် ဤလူ့ဘောင်ဝယ်''ဟူသည်နှင့်အညီ လူသားတစ်ယောက်အတွက် မွေးသည်မှသေသည်အထိ မလွဲမဖယ် ပြုဖွယ်ကိစ္စများကို ထုတ်ဆောင်ပြ၍ ယင်းကိစ္စတို့၏ ဖြစ်ရာဌာနများကိုလည်း ညွှန်ပြပါ။** (၁၉၉၃ စမန ၈၃၊ ၈၅)

**အဖြေ** – လူသားတစ်ယောက်အတွက် မွေးသည်မှသေသည်အထိ မလွဲမဖယ်ပြုဖွယ် ကိစ္စများနှင့် ယင်းကိစ္စတို့၏ဖြစ်ရာဌာနများမှာ –

| **ကိစ္စများ** | | **ဌာနများ** |
|---|---|---|
| (၁) ပဋိသန္ဓေကိစ္စ | ........... | (၁) ပဋိသန္ဓေဌာန |
| (၂) ဘဝင်ကိစ္စ | ........... | (၂) ဘဝင်ဌာန |
| (၃) အာဝဇ္ဇန်းကိစ္စ | ........... | (၃) အာဝဇ္ဇန်းဌာန |
| (၄) ဒဿနကိစ္စ | | |
| (၅) သဝနကိစ္စ | | |
| (၆) ဃာယနကိစ္စ | ........... | (၄) ပဉ္စဝိညာဏ်ဌာန |
| (၇) သာယနကိစ္စ | | |
| (၈) ဖုသနကိစ္စ | | |
| (၉) သမ္ပဋိစ္ဆန်းကိစ္စ | ........... | (၅) သမ္ပဋိစ္ဆန်းဌာန |
| (၁၀) သန္တီရဏကိစ္စ | ........... | (၆) သန္တီရဏဌာန |
| (၁၁) ဝုဋ္ဌောကိစ္စ | ........... | (၇) ဝုဋ္ဌောဌာန |
| (၁၂) ဇောကိစ္စ | ........... | (၁၂) ဇောဌာန |
| (၁၃) တဒါရုံကိစ္စ | ........... | (၁၃) တဒါရုံဌာန |
| (၁၄) စုတိကိစ္စ | ........... | (၁၄) စုတိဌာန |

**၄၃။ ဒွါရခြောက်ပါးတို့တွင် အဘယ်စိတ်ကို မနောဒွါရခေါ်ဆိုပါသနည်း၊ ဖော်ပြ၍ ဒွါရအားလုံး၌ ဖြစ်သောစိတ်နှင့် ဒွါရအားလုံးမှလွတ်သောစိတ်တို့ကိုလည်း ကွဲပြားအောင် ဖြေဆိုခဲ့ပါ။** (၁၉၉၃၊ စမန ၈၅၊ ၈၇)

**အဖြေ – ဒွါရခြောက်ပါးတွင် မနောဒွါရဟုခေါ်ဆိုသောစိတ်မှာ –**

''ဘဝင်စိတ် ၁၉ ပါး''ဖြစ်ပါသည်။ ဘဝင်စိတ်အဖြစ် ဆောင်ရွက်ကြသော စိတ်တို့မှာ

ဥပေက္ခာသန္တီရဏစိတ် = ၂ ပါး၊
မဟာဝိပါက်စိတ် = ၈ ပါး၊
ပဟဂ္ဂုတ်ဝိပါက်စိတ် = ၉ ပါး၊
ပေါင်း – စိတ် = ၁၉ ပါး ဖြစ်ပါသည်။

**– ဒွါရအားလုံး၌ဖြစ်နိုင်သောစိတ်များမှာ –**

(က) ခြောက်ဒွါရလုံး၌ အမြဲဖြစ်နိုင်သောစိတ် ၃၁ ပါးရှိ၏၊ ၎င်းတို့မှာ –

သောမနဿသန္တီရဏစိတ် = ၁ ပါး၊
ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းစိတ် = ၁ ပါး၊

| | | |
|---|---|---|
| ကာမဇောစိတ် | = | ၂၉ ပါး၊ |
| ပေါင်း – စိတ် | = | ၃၁ ပါး ဖြစ်၏။ |

(ခ) ခြောက်ဒွါရလုံး၌ ရံခါဖြစ်၍ ရံခါလွတ်သောစိတ် ၁၀ ပါးရှိ၏၊ ၎င်းတို့မှာ – ဥပေက္ခာသန္တီရဏစိတ် ၂ ပါးနှင့် မဟာဝိပါက်စိတ် ၈ ပါးတို့ဖြစ်ကြ၏။

**– ဒွါရအားလုံးမှလွတ်သောစိတ်များမှာ –**

| | | |
|---|---|---|
| ဥပေက္ခာသန္တီရဏစိတ် | = | ၂ ပါး၊ |
| မဟာဝိပါက်စိတ် | = | ၈ ပါး၊ |
| မဟဂ္ဂုတ်ဝိပါက်စိတ် | = | ၉ ပါး၊ |
| ပေါင်း – ဒွါရဝိမုတ်စိတ် | = | ၁၉ ပါး ဖြစ်ပါသည်။ |

**၄၄။ ဓမ္မာရမ္မဏဟူသည် အဘယ်တရားများကို ခေါ်ဆိုပါသနည်း၊ ယင်းသရုပ်ကို ထုတ်ပြ၍ အာရုံတိုင်းကိုအာရုံပြုသောစိတ်တို့ကိုလည်း မှန်ကန်အောင် ဖြေဆိုခဲ့ပါ။**

(၁၉၉၃၊ စမန ၈၇၊ ၈၉)

**အဖြေ – ဓမ္မာရမ္မဏ (ဓမ္မာရုံ) ဟူသည်မှာ** ပဉ္စဒွါရ၌မထင်နိုင်ဘဲ မနောဒွါရ၌သာထင်နိုင်သည့်သိမ်မွေ့သော အာရုံဖြစ်၏။

**– ဓမ္မာရမ္မဏ (ဓမ္မာရုံ) ၏သရုပ်ကို ထုတ်ပြရသော် –**

(၁) ပသာဒရုပ် ၅ ပါး (၂) သုခုမရုပ် ၁၆ ပါး၊ (၃) စိတ် ၈၉ ပါး၊
(၄) စေတသိက် ၅၂ ပါး (၅) နိဗ္ဗာန် (၆) ပညတ်တို့ဖြစ်ပါသည်။

**– အာရုံတိုင်းကို အာရုံပြုနိုင်သောစိတ်တို့မှာ –**

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁ ပါး၊ |
| မဟာကြိယာဉာဏသမ္ပယုတ်စိတ် | = | ၄ ပါး၊ |
| ရူပကြိယာအဘိညာဉ်စိတ် | = | ၁ ပါး၊ |
| ပေါင်း – စိတ် | = | ၆ ပါး ဖြစ်ပါသည်။ |

**၄၅။ ''ခလုတ်ထိမှ အမိတ''ဟု ပြောဆိုလေ့ရှိကြရာ ခလုပ်ထိစဉ် နာကျင်မှုဝေဒနာနှင့် အတူတကွဖြစ်သောစိတ်ကို ညွှန်ပြ၍ ဟိတ်နှစ်ပါးနှင့်ယှဉ်သောစိတ်တို့ကိုလည်း ယှဉ်ရာဟိတ်နှင့်ယှဉ်တွဲဖော်ပြပါ။** (၁၉၉၄၊ စမန ၈၁၊ ၈၂)

အဖြေ – **ခလုတ်ထိစဉ် နာကျင်မှုဝေဒနာသည်** ဒုက္ခဝေဒနာဖြစ်ပါသည်။

**ထိုဝေဒနာနှင့်အတူတကွဖြစ်သောစိတ်သည် –**

အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် ဖြစ်ပါသည်။

**– ဟိတ် ၂ ပါးနှင့်ယှဉ်သောစိတ်တို့ကို ယှဉ်ရာဟိတ်နှင့်ယှဉ်တွဲဖော်ပြရသော် –**

လောဘမူစိတ် = ၈ ပါး – လောဘဟိတ်၊ မောဟဟိတ်ယှဉ်၏၊
ဒေါသမူစိတ် = ၂ ပါး – ဒေါသဟိတ်၊ မောဟဟိတ်ယှဉ်၏၊

ကာမသောဘန ဉာဏဝိပ္ပယုတ်စိတ် = ၁၂ ပါး – အလောဘ, အဒေါသဟိတ်တို့ ယှဉ်၏။

ပေါင်း – ဒွိဟိတ်စိတ် = ၂၂ ပါး ဖြစ်ပါသည်။

**၄၆။ လူမှာ လူ့ကိစ္စရှိသကဲ့သို့ စိတ်မှာလည်း လုပ်ငန်းကိစ္စရှိရာ လုပ်ငန်းကိစ္စအများဆုံးသောစိတ်တို့ကို ဆိုင်ရာကိစ္စနှင့်တကွ ဖော်ပြ၍၊ ဒွါရငါးပါး၌ဖြစ်သော စိတ်တို့ကိုလည်း ညွှန်ပြပါ။** (၁၉၉၄၊ စမန ၈၅၊ ၈၇)

**အဖြေ – လုပ်ငန်းကိစ္စအများဆုံးသောစိတ်တို့မှာ –**

(၁) အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် = ၁ ပါး၊

(၂) အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် = ၁ ပါး၊

ပေါင်း – စိတ် = ၂ ပါး ဖြစ်ပါသည်။

**– ၎င်းစိတ် ၂ ပါး ဆောင်ရွက်ကြသော ကိစ္စ ၅ ပါးမှာ –**

(၁) ပဋိသန္ဓေကိစ္စ (၂) ဘဝင်ကိစ္စ (၃) သန္တီရဏကိစ္စ

(၄) တဒါရုံကိစ္စ (၅) စုတိကိစ္စ တို့ ဖြစ်ပါသည်။

**– ဒွါရငါးပါး၌ဖြစ်သောစိတ်တို့မှာ –**

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | = | ၁ ပါး၊ |
| သမ္ပဋိစ္ဆိုန်းစိတ် | = | ၂ ပါး၊ |
| ပေါင်း– မနောဓာတ် | = | ၃ ပါး ဖြစ်ပါသည်။ |

**၄၇။ ကာမဂုဏ်အာရုံများ၌သာ မွေ့လျော်ပျော်ပိုက်သောစိတ်သရုပ်ကို ဖော်ထုတ်ပြီးလျှင် ရူပဘုံ၌ရနိုင်သော ဝတ္ထုသရုပ်နှင့် ဝိညာဏဓာတ်တို့ကိုလည်း အကျဉ်းချုပ်တင်ပြပါ။** (၁၉၉၄၊ စမန ၈၉၊ ၉၀၊ ၉၁)

**အဖြေ – ကာမဂုဏ်အာရုံများ၌သာ မွေ့လျော်ပျော်ပိုက်သောစိတ်သရုပ်မှာ –**

| | | |
|---|---|---|
| ဒွေပဉ္စဝိညာဏ် | = | ၁၀ ပါး၊ |
| မနောဓာတ် | = | ၃ ပါး၊ |
| တဒါရုံစိတ် | = | ၁၁ ပါး၊ |
| ဟသိတုပ္ပါဒ်စိတ် | = | ၁ ပါး၊ |
| ပေါင်း – ကာမဇောနစိတ် | = | ၂၅ ပါး ဖြစ်ပါသည်။ |

**– ရူပဘုံ၌ ရနိုင်သော ဝတ္ထုသရုပ်နှင့် ဝိညာဏဓာတ်တို့မှာ –**

(က) အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ –

| **ဝတ္ထုသရုပ်** | | **ဝိညာဏဓာတ်** |
|---|---|---|
| စက္ခုဝတ္ထု | ..... | စက္ခုဝိညာဏဓာတ်၊ |
| သောတဝတ္ထု | ..... | သောတဝိညာဏဓာတ်၊ |

ဟာဒယဝတ္ထု ...... မနောဓာတ်၊ မနောဝိညာဏဓာတ်။

(၁) အသညသတ်ဘုံ၌ – ဝတ္ထုမရှိပါ၊ ဝိညာဏဓာတ်လည်း မရှိပါ။

**၄၈။ ''သိပ်ဘဝင်မကျဘူး''ဟူသော လူသုံးများလုသည့်စကား၌ ''ဘဝင်''အရကို ဖော်ပြ၍ စက္ခုဒွါရ၌ဖြစ်သောစိတ်တို့ကိုလည်း ရေတွက်ပြပါ။**

(၁၉၉၅၊ စမန ၈၃၊ ၈၆)

**အဖြေ – ''ဘဝင်''အရမှာ** – ဥပေက္ခာသန္တီရဏစိတ် = ၂ ပါး

| | | |
|---|---|---|
| ဥပေက္ခာသန္တီရဏစိတ် | = | ၂ ပါး |
| မဟာဝိပါက်စိတ် | = | ၈ ပါး၊ |
| မဟဂ္ဂုတ်ဝိပါက်စိတ် | = | ၉ ပါး၊ |
| ပေါင်း – ဘဝင်စိတ် | = | ၁၉ ပါး ဖြစ်ပါသည်။ |

**– စက္ခုဒွါရ၌ဖြစ်သောစိတ်တို့မှာ** – ပဉ္စဒွါရာဝဇ္ဇန်း ၁၊ စက္ခုဝိညာဏ် ၂၊ သမ္ပဋိစ္ဆိုင်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌောခေါ်မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇောစိတ် ၂၉၊ တဒါရုံ (မဟာဝိပါက်စိတ်) ၈၊ ပေါင်း – စိတ် ၄၆ ပါး ဖြစ်ပါသည်။

**၄၉။ ရုပ်မြင်သံကြား ကြည့်ရှုနေစဉ်ခဏ၌ အရုပ်ကိုမြင်ရသောအခါ အသံကိုကြားရသောအခါတို့ဝယ် ဖြစ်သောစိတ်များကို ဖော်ပြ၍ ဉာဏဝိပ္ပယုတ်စိတ် ၄ ပါးတို့၏ အာရုံများကိုလည်း ညွှန်ပြပါ။** (၁၉၉၅၊ စမန ၈၈၊ ၈၉)

**အဖြေ – ရုပ်မြင်သံကြားကြည့်ရှုနေစဉ်ခဏ၌ –**

(က) **အရုပ်ကိုမြင်ရသောအခါ –**

(၁) နှစ်သက်ဖွယ်အာရုံမြင်က – အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် ဖြစ်၏။

(၂) မနှစ်သက်ဖွယ်အာရုံမြင်က – အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် ဖြစ်၏။

(ခ) **အသံကိုကြားရသောအခါ –**

(၁) နှစ်သက်ဖွယ်အသံကြားက – အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ် ဖြစ်၏။

(၂) မနှစ်သက်ဖွယ်အသံကြားက – အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ် ဖြစ်၏။

**– ဉာဏဝိပ္ပယုတ်စိတ် ၄ ပါးတို့၏အာရုံများမှာ** – လောကီစိတ် ၈၁ ပါး၊ ၎င်းစိတ်တို့နှင့် ယှဉ်သော စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးနှင့် ပညတ်ဟူသော **လောကီအာရုံ ၆ ပါး** တို့ဖြစ်ပါသည်။ (မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄ ပါးနှင့် မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၄ ပါးတို့သည် ဤအာရုံတို့ကို အာရုံပြုကြ၏။)

**၅၀။ ''သွားလည်းဒီစိတ်၊ စားလည်းဒီစိတ်'' ဟုဆိုရာ၌ စိတ်ဟူသော ဝိညာဏ်သည်**

**မည်သည့်အရာ၌ တည်ရှိသည်ကို မှန်ကန်စွာညွှန်ပြ၍ ပသာဒထတ္ထုရုပ် ငါးပါးကိုမှီသော စိတ်သရုပ်တို့ကိုလည်း ဖော်ပြပါ။** (၁၉၉၅၊ စမန ၉၀၊ ၉၁)

**အဖြေ – စိတ်ဟူသော ဝိညာဏ်သည်** စိတ်, စေတသိက်တို့၏တည်ရာ မှီရာဖြစ်သော ထတ္ထုရုပ် ၆ ပါး၌တည်ရှိပါသည်။ ထတ္ထုရုပ် ၆ ပါးတို့မှာ –

(၁) စက္ခုထတ္ထု (စက္ခုပသာဒ) (၂) သောတထတ္ထု (သောတပသာဒ)

(၂) ဃာနထတ္ထု (ဃာနပသာဒ) (၄) ဇိဝှာထတ္ထု (ဇိဝှာပသာဒ)

(၅) ကာယထတ္ထု (ကာယပသာဒ) (၆) ဟဒယထတ္ထု တို့ဖြစ်ပါသည်။

**– ပသာဒထတ္ထုရုပ် ငါးပါးကို မှီသောစိတ်သရုပ်မှာ –**

(၁) စက္ခုဝိညာဏ်ဒွေသည် စက္ခုထတ္ထုကိုမှီ၏၊

(၂) သောတဝိညာဏ်ဒွေသည် သောတထတ္ထုကိုမှီ၏၊

(၃) ဃာနဝိညာဏ်ဒွေသည် ဃာနထတ္ထုကိုမှီ၏၊

(၄) ဇိဝှာဝိညာဏ်ဒွေသည် ဇိဝှာထတ္ထုကိုမှီ၏၊

(၅) ကာယဝိညာဏ်ဒွေသည် ကာယထတ္ထုကိုမှီ၏။

**၅၁။ အလုပ်ကိစ္စအများဆုံးတာဝန်ယူဆောင်ရွက်နေသောစိတ်တို့ကို တစ်ခုချင်းဖော်ပြ၍ စာဖြေသူတို့ပိုင်ဆိုင်ထားသော ခန္ဓာအိမ်ဝယ်တည်ရှိသည့် တံခါးခြောက်ပေါက်၌ အစဉ်ထာဝရ ဝင်ထွက်သွားလာနိုင်သော စိတ်တို့ကိုလည်း ရေတွက်ဖော်ပြပါ။**

(၁၉၉၆၊ စမန ၈၅၊ ၈၇)

**အဖြေ – အလုပ်ကိစ္စအများဆုံးတာဝန်ယူဆောင်ရွက်နေသောစိတ်တို့သည် –**

(၁) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နှင့်

(၂) အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တို့ ဖြစ်ပါသည်။

**– တံခါး ၆ ပေါက်၌ အစဉ်ထာဝရ ဝင်ထွက်သွားလာနိုင်သောစိတ်တို့မှာ –**

| | | |
|---|---|---|
| သောမနဿသန္တီရဏစိတ် | = | ၁ ပါး၊ |
| ဝုဋ္ဌော (မနောဒွါရာဝဇ္ဇန်းစိတ်) | = | ၁ ပါး၊ |
| ကာမဇောစိတ် | = | ၂၉ ပါး၊ |
| ပေါင်း – စိတ် | = | ၃၁ ပါး ဖြစ်ပါသည်။ |

**၅၂။ ဤမေးခွန်းလွှာကို ကြည့်ရှုနေစဉ်ခဏဝယ် ဖြစ်ပေါ်လာသော ဝိညာဏဓာတ်ကို မှီရာထတ္ထုရုပ်နှင့် ယှဉ်တွဲဖော်ပြပြီးလျှင် နှလုံးသား (ဟဒယထတ္ထု) ကို လုံးဝမမှီသော စိတ်တို့ကိုလည်း ပြည့်စုံစွာရေးသားပါ။** (၁၉၉၆၊ စမန ၉၀၊ ၉၁)

**အဖြေ – ဤမေးခွန်းလွှာကို ကြည့်ရှုနေစဉ်ခဏ၌ ဖြစ်ပေါ်လာသော**

ဝိညာဏဓာတ်သည် – စက္ခုဝိညာဏဓာတ်ဖြစ်၏၊

မှီရာထတ္ထုရုပ်သည် – စက္ခုထတ္ထု (စက္ခုပသာဒ) ဖြစ်ပါသည်။

**– နှလုံးသား (ဟဒယဝတ္ထု) ကို လုံးဝမမှီသောစိတ်တို့မှာ –**

| | |
|---|---|
| ဒွေပဉ္စဝိညာဏ် | = ၁၀ ပါး၊ |
| အရူပဝိပါက်စိတ် | = ၄ ပါး၊ |
| ပေါင်း – စိတ် | = ၁၄ ပါး ဖြစ်ပါသည်။ |

**၅၃။ ''အာရုံတွေသိပ်များနေတယ်'' ဟူသော လူသုံးများလှသည့်စကား၌ အာရုံတို့၏ သရုပ်ကို ထုတ်ပြ၍ သောမနဿသန္တီရဏစိတ်၏ဆောင်ရွက်သည့်ကိစ္စ၊ မွေ့လျော်ရာအာရုံတို့ကိုလည်း တိကျစွာဖြေဆိုပါ။** (၁၉၉၆၊ စမန ၈၇၊ ၈၄၊ ၈၈၊ ၈၉)

**အဖြေ – ''အာရုံတွေသိပ်များနေတယ်''စကား၌ အာရုံတို့၏သရုပ်မှာ –**

(၁) ရူပါရုံ (ဝဏ္ဏရုပ်)
(၂) သဒ္ဒါရုံ (သဒ္ဒရုပ်)
(၃) ဂန္ဓာရုံ (ဂန္ဓရုပ်)
(၄) ရသာရုံ (ရသရုပ်)
(၅) ဖောဋ္ဌဗ္ဗာရုံ (ပထဝီ၊ တေဇော၊ ဝါယော)
(၆) ဓမ္မာရုံ (ပသာဒရုပ် ၅ ပါး၊ သုခုမရုပ် ၁၆ ပါး၊ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ နိဗ္ဗာန်၊ ပညတ်)

**– သောမနဿသန္တီရဏစိတ်၏ –**

(က) ဆောင်ရွက်သည့်ကိစ္စ = သန္တီရဏကိစ္စနှင့် တဒါရုံကိစ္စတို့ဖြစ်ပါသည်။
(ခ) မွေ့လျော်ရာအာရုံ = ကာမစိတ် ၅၄ ပါး၊ ၎င်းစိတ်တို့နှင့်ယှဉ်သောစေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးဟူသော ကာမအာရုံ ၆ ပါးတို့ ဖြစ်ပါသည်။

**၅၄။ ဝေဒနာတို့သည် အာရမ္မဏာနုဘဝနနည်းအားဖြင့် သုံးပါးပြားရာ ယင်းနည်းဖြင့် စိတ်အကျယ် ၁၂၁ ပါးကို ဝေဖန်ပြ၍၊ ဟိတ် သုံးပါးနှင့်ယှဉ်သော စိတ်တို့ကိုလည်း ယှဉ်ရာဟိတ်နှင့်တကွဖော်ပြပါ။** (၁၉၉၇၊ စမန ၈၁)

**အဖြေ – အာရမ္မဏာနုဘဝနနည်းအားဖြင့် စိတ်အကျယ် ၁၂၁ ပါးကို ဝေဖန်ရသော်–**

| | |
|---|---|
| သုခသဟဂုတ်စိတ် | = ၆၃ ပါး၊ |
| ဒုက္ခသဟဂုတ်စိတ် | = ၃ ပါး၊ |
| ဥပေက္ခာသဟဂုတ်စိတ် | = ၅၅ ပါးတို့ဖြစ်ပါသည်။ |

(**မှတ်ချက်** – သောမနဿစိတ်တို့ကို သုခတွင်ထည့်၍ ဒေါမနဿစိတ်တို့ကို ဒုက္ခတွင်ပေါင်းထည့်သည်။ ဥ–ပဥ္စေးစေး၊ သော–ဆဒွေး၊ ဒေါဒွေး၊ ဒု–သု–ကော် ဆောင်ပုဒ်သုံးပါ။

**– ဟိတ် ၃ ပါးနှင့်ယှဉ်သောစိတ်များနှင့် ယှဉ်ရာဟိတ်တို့မှာ –**

ကာမသောဘန ဉာဏသမ္ပယုတ်စိတ် = ၁၂ ပါး၊

| | |
|---|---|
| မဟဂ္ဂုတ်စိတ် | = ၂၇ ပါး၊ |
| လောကုတ္တရာစိတ် | = ၈ ပါး (အကျဉ်း) / ၄၀ ပါး (အကျယ်) |
| တိဟိတ်စိတ်ပေါင်း | = ၄၇ ပါး (အကျဉ်း) / ၇၉ ပါး (အကျယ်) |

ယှဉ်သည့်ဟိတ်များ = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်တို့ဖြစ်၏။

**၅၅။ စိတ်တို့၏ကိစ္စလုပ်ငန်းများရှိရာတွင် နှစ်ကိစ္စကိုသာ ဆောင်ရွက်သောစိတ်တို့ကို ဆိုင်ရာကိစ္စနှင့်တွဲစပ်ဖော်ပြ၍၊ ဒွါရခြောက်ပါး၌ ရံခါဖြစ်၍ ရံခါမဖြစ်သော စိတ်များကို လည်း ညွှန်ပြပါ။** (၁၉၉၇၊ စမန ၈၄၊ ၈၇)

**အဖြေ – ကိစ္စ ၂ မျိုးကို ဆောင်ရွက်သောစိတ် ၂ ပါးရှိရာ ၎င်းတို့မှာ –**

(၁) အဟိတ်ကုသလဝိပါက်သောမနဿသဟဂုတ်သန္တီရဏစိတ် – သန္တီရဏကိစ္စ, တဒါရုံကိစ္စ တို့ကိုဆောင်ရွက်၏။

(၂) ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် – အာဝဇ္ဇန်းကိစ္စနှင့် ဝုဋ္ဌောကိစ္စတို့ကိုဆောင် ရွက်၏။

**– ဒွါရခြောက်ပါး၌ ရံခါဖြစ်၍ ရံခါမဖြစ်သောစိတ်များမှာ –**

ဥပေက္ခာသန္တီရဏစိတ် ၂ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ပေါင်း စိတ် ၁၀ ပါးဖြစ်ပါသည်။

**၅၆။ အကောင်းအဆိုးအာရုံမျိုးစုံကို တွေ့မရှောင်ဘဲ အာရုံပြုနိုင်သောစိတ်များကို ထုတ်ဖော် ပြ၍ "မနောဓာတ်" အမည်တပ်ရသောစိတ်တို့ကိုလည်း မှီရာဝတ္ထုနှင့် တကွ ဖော်ပြပါ။** (၁၉၉၇၊ စမန ၈၉၊ ၉၁)

**အဖြေ – အကောင်းအဆိုး အာရုံမျိုးစုံကို အာရုံပြုနိုင်သော စိတ်များမှာ –**

| | | |
|---|---|---|
| မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် | = | ၄ ပါး၊ |
| ရူပကြိယာအဘိညာဉ်စိတ် | = | ၁ ပါး၊ |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁ ပါး၊ |
| ပေါင်း – စိတ် | = | ၆ ပါး ဖြစ်ပါသည်။ |

**– "မနောဓာတ်"အမည်တပ်ရသောစိတ်များနှင့် မှီရာဝတ္ထုတို့မှာ –**

ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့်သမ္ပဋိစ္ဆိုန်းစိတ် ၂ ပါး၊ ပေါင်း စိတ် ၃ ပါးဖြစ်သည်။

မနောဓာတ် ၃ ပါးသည် ဟဒယဝတ္ထုကိုမှီကြ၏။

**၅၇။ ဝေဒနာအပြားကို ဣန္ဒြိယဘေဒနည်းအားဖြင့် ဖော်ပြ၍ (က) စိတ်အကျယ် ၁၂၁ ပါးတို့တွင် သောမနဿသဟဂုတ်စိတ်ကို ဘူမိဘေဒနည်းအားဖြင့် ခွဲခြားရေတွက် ပြပြီးလျှင်၊ (ခ) ဒွိဟိတ်စိတ်များကိုလည်း ယှဉ်ရာဟိတ်နှင့် တွဲစပ်ပြပါ။**

(၁၉၉၈၊ စမန ၈၁၊ ၅၁၊ ၈၂)

**အဖြေ – ဝေဒနာအပြားကို ဣန္ဒြိယဘေဒနည်းအားဖြင့် ဖော်ပြရသော် –**

(၁) သောမနဿဝေဒနာ – စိတ်၌ဖြစ်သောချမ်းသာသည့်ခံစားမှု၊

(၂) ဒေါမနဿဝေဒနာ – စိတ်၌ဖြစ်သောဆင်းရဲသည့်ခံစားမှု၊

(၃) သုခဝေဒနာ – ကိုယ်၌ဖြစ်သောချမ်းသာသည့်ခံစားမှု၊

(၄) ဒုက္ခဝေဒနာ – ကိုယ်၌ဖြစ်သောဆင်းရဲသည့်ခံစားမှု၊

(၅) ဥပေက္ခာဝေဒနာ – မကောင်းမဆိုး ရိုးရိုးခံစားမှုတို့ ဖြစ်ပါသည်။

**(က) စိတ်အကျယ် ၁၂၁ ပါးတွင်** သောမနဿသဟဂုတ်စိတ်ကို ဘူမိဘေဒနည်းအားဖြင့် ခွဲခြားရေတွက်ပြရလျှင်–

| | | |
|---|---|---|
| ကာမာဝစရသောမနဿသဟဂုတ်စိတ် | = | ၁၈ ပါး၊ |
| ရူပါဝစရသောမနဿသဟဂုတ်စိတ် | = | ၁၂ ပါး၊ |
| အရူပါဝစရသောမနဿသဟဂုတ်စိတ် | = | မရှိပါ။ |
| လောကုတ္တရာသောမနဿသဟဂုတ်စိတ် | = | ၃၂ ပါး၊ |
| သောမနဿသဟဂုတ်စိတ်ပေါင်း | = | ၆၂ ပါး ဖြစ်ပါသည်။ |

**(ခ) ဒွိဟိတ်စိတ်များနှင့် ယှဉ်ရာဟိတ်တို့မှာ –**

လောဘမူစိတ် ၈ ပါး – လောဘဟိတ်၊ မောဟဟိတ် ယှဉ်သည်။

ဒေါသမူစိတ် ၂ ပါး – ဒေါသဟိတ်၊ မောဟဟိတ် ယှဉ်သည်။

ကာမသောဘန ဉာဏဝိပ္ပယုတ်စိတ် ၁၂ ပါး – အလောဘဟိတ်၊ အဒေါသဟိတ် ယှဉ်၏။ စုစုပေါင်း – ဒွိဟိတ်စိတ် ၂၂ ပါးရှိပါသည်။

**၅၈။ ကိစ္စ ၁၄ ပါးရှိလျက် ကိစ္စဖြစ်ရာဌာနမှာ အဘယ်ကြောင့် ၁၀ ပါးသာ ဖြစ်ရသနည်း၊ ဖြေဆို၍ အလုပ်ကိစ္စအနည်းဆုံးစိတ်များကိုလည်း ဆိုင်ရာကိစ္စအသီးသီးနှင့်တွဲစပ်ဖော်ပြပါ။** (၁၉၉၈၊ စမန ၈၃၊ ၈၄)

**အဖြေ – ကိစ္စ ၁၄ ပါးရှိလျက် ကိစ္စဖြစ်ရာဌာနမှာ ၁၀ ပါးသာဖြစ်ရသည့်အကြောင်းမှာ–**

ကိစ္စ ၁၄ ပါးအနက်မှ ဒဿနကိစ္စ၊ သဝနကိစ္စ၊ ဃာနကိစ္စ၊ သာယနကိစ္စ၊ ဖုသနကိစ္စ တည်းဟူသော ကိစ္စ ၅ ပါးကို ''**ပဉ္စဝိညာဏ်ဌာန**'' တစ်ခုတည်း၌ အလုပ်ကျဆောင်ရွက်သဖြင့် ဌာနအရေအတွက်သည် ကိစ္စအရေအတွက်အောက် ၄ ခုယုတ်လျော့၏။ သို့အတွက် ကိစ္စ ၁၄ ပါးရှိခဲ့ပြီး ဌာန ၁၀ ခုသာရှိခြင်း ဖြစ်ပါသည်။

– **အလုပ်ကိစ္စ အနည်းဆုံးစိတ်များမှာ** ကိစ္စတစ်ခုစီကိုသာ ဆောင်ရွက်ကြသော စိတ် ၆၈ ပါးဖြစ်၏။

၎င်းစိတ်တို့ကို ဆိုင်ရာကိစ္စအသီးသီးနှင့် တွဲစပ်ဖော်ပြရသော် –

| ကိစ္စ ၁ ခု စီသာ ဆောင်ရွက်သောစိတ် | | ဆောင်ရွက်သည့်ကိစ္စ |
|---|---|---|
| စက္ခုဝိညာဏ်ဒွေ | ...... | ဒဿနကိစ္စ၊ |
| သောတဝိညာဏ်ဒွေ | ...... | သဝနကိစ္စ၊ |
| ဃာနဝိညာဏ်ဒွေ | ...... | ဃာယနကိစ္စ၊ |
| ဇိဝှာဝိညာဏ်ဒွေ | ...... | သာယနကိစ္စ၊ |
| ကာယဝိညာဏ်ဒွေ | ...... | ဖုသနကိစ္စ၊ |
| ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ...... | အာဝဇ္ဇန်းကိစ္စ၊ |
| သမ္ပဋိစ္ဆိုန်းဒွေ | ...... | သမ္ပဋိစ္ဆိုန်းကိစ္စ၊ |
| ဇောစိတ် ၅၅ ပါး | ...... | ဇောကိစ္စ၊ |

(ဒွေပဥ္စဝိညာဏ် ၁၀ + မနောဓာတ် ၃ + ဇောစိတ် ၅၅ = ပေါင်းစိတ် ၆၈ ပါး)

**၅၉။ လောက၌ ရသမျှသော အလုံးစုံသောအာရုံတို့တွင် အကျယ်ဝန်းဆုံးဖြစ်သောအာရုံကို သရုပ်နှင့်တကွဖော်ပြ၍ ယင်းအာရုံကို ယူနိုင်သောစိတ်များကို ဖြစ်ရာဒွါရ၊ မှီရာဝတ္ထုတို့နှင့် တွဲစပ်ဖြေဆိုပါ။** (၁၉၉၈၊ စမန ၈၃၊ ၈၆)

**အဖြေ** – လောက၌ ရှိသမျှသော အလုံးစုံသောအာရုံတို့တွင် **အကျယ်ဝန်းဆုံးဖြစ်သော အာရုံသည် ''ဓမ္မာရုံ''** ဖြစ်ပါသည်။

**ဓမ္မာရုံ၏သရုပ်မှာ** – ပသာဒရုပ် ၅ ပါး၊ သုခုမရုပ် ၁၆ ပါး၊ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ နိဗ္ဗာန်၊ ပညတ်တို့ဖြစ်ပါသည်။

ဓမ္မာရုံတွင် စိတ်အားလုံး၊ စေတသိက်အားလုံး၊ ရုပ် ၂၁ ပါး၊ နိဗ္ဗာန်၊ ပညတ်တို့ ပါဝင်သဖြင့် ဓမ္မာရုံသည် အကျယ်ဝန်းဆုံးအာရုံဖြစ်ပါသည်။

**– ဓမ္မာရုံကို ယူနိုင်သောစိတ်များမှာ –**

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁ ပါး၊ |
| ဇောစိတ် | = | ၅၅ ပါး၊ |
| တဒါရုံစိတ် | = | ၁၁ ပါး၊ |
| ပေါင်း– မနောဒွါရိကစိတ် | = | ၆၇ ပါး ဖြစ်ပါသည်။ |
| – ဤစိတ်တို့၏ဖြစ်ရာဒွါရ | = | မနောဒွါရ ဖြစ်ပါသည်။ |
| မှီရာဝတ္ထု | = | ဟဒယဝတ္ထု ဖြစ်ပါသည်။ |

**၆၀။ စိတ်၏ဆောင်ရွက်ဖွယ်ကိစ္စ ၁၄ ပါးရှိရာဝယ် ကိစ္စအများကို မဆောင်ရွက်ဘဲ တစ်ကိစ္စတည်းကိုသာ ဆောင်ရွက်သောစိတ်တို့ကို ရေတွက်ပြ၍ ဟိတ်ခြောက်ပါးတို့တွင် ကုသိုလ်ဟိတ်သုံးပါးကိုလည်း ဖော်ပြပါ။** (၁၉၉၉၊ စမန ၈၄၊ ၈၂)

**အဖြေ** – စိတ်၏ဆောင်ရွက်ဖွယ်ကိစ္စ ၁၄ ပါးရှိရာဝယ် **တစ်ကိစ္စတည်းကိုသာ ဆောင်ရွက်သော စိတ်တို့မှာ –**

| | | |
|---|---|---|
| ဒွေပဥ္စဝိညာဏ် | = | ၁၀ ပါး၊ |
| ဇောစိတ် | = | ၅၅ ပါး၊ |
| မနောဓာတ် | = | ၃ ပါး၊ |
| ပေါင်း – စိတ် | = | ၆၈ ပါး ဖြစ်ပါသည်။ |

**– ဟိတ် ၆ ပါးတွင် ကုသိုလ်ဟိတ် ၃ ပါးမှာ –**

အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်တို့ ဖြစ်ပါသည်။

**၆၁။ စာဖြေသူများပိုင်ဆိုင်ထားသည့် ဒွါရခြောက်ပါး၌ လုံးဝဝင်ထွက်သွားလာခွင့်မရသော စိတ်တို့ကို ရေးသား၍ ဟသိတုပ္ပါဒ်စိတ်၏ဆောင်ရွက်သည့်ကိစ္စ, ပျော်မွေ့သည့်အာရုံတို့ကိုလည်း ဖြေဆိုပါ။** (၁၉၉၉၊ စမန ၈၃၊ ၈၄၊ ၈၈)

**အဖြေ – ဒွါရခြောက်ပါး၌ လုံးဝဝင်ထွက်သွားလာခွင့်မရသောစိတ်တို့သည် –**

**မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါး** ဖြစ်ပါသည်။ ဤစိတ်တို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့ကိုသာဆောင်ရွက်ပြီး အခြားကိစ္စကို မဆောင်ရွက်သဖြင့် ၆– ဒွါရမှ အမြဲလွတ်၏။

– ဟသိတုပ္ပါဒ်စိတ်၏ဆောင်ရွက်သည့်ကိစ္စ = ဇောကိစ္စ၊

〃 ပျော်မွေ့သည့်အာရုံ = ကာမစိတ် ၅၄ ပါး၊ ၎င်းစိတ်တို့နှင့် ယှဉ်သောစေတသိက် ၅၂ ပါးနှင့် ရုပ် ၂၈ ပါးဟူသော ကာမအာရုံ ၆ ပါး ဖြစ်ပါ၏။

**၆၂။ ရုပ်မြင်သံကြားကို ကြည့်ရှုနေစဉ်ခဏ၌ ဖြစ်ပေါ်နေသောမြင်သိစိတ်၊ ကြားသိစိတ်တို့၏ မှီရာဝတ္ထုတို့ကို ဖော်ပြ၍၊ ဝတ္ထုရုပ်ခြောက်ပါးကိုလည်း ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံအားဖြင့် ဝေဖန်ပြပါ။** (၁၉၉၉၊ စမန ၃၀၊ ၃၁၊ ၉၀)

**အဖြေ** – ရုပ်မြင်သံကြားကိုကြည့်နေစဉ်ခဏ၌ ဖြစ်ပေါ်နေသော

**မြင်သိစိတ်** = အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်၊ (အနိဋ္ဌာရုံမြင်)
အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်၊ (ဣဋ္ဌာရုံမြင်)

**မှီရာဝတ္ထု** = မြင်သိစိတ် ၂ ပါးသည် စက္ခုဝတ္ထုကိုမှီကြ၏။

**ကြားသိစိတ်** = အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ်၊ (အနိဋ္ဌာရုံမြင်)
အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ်၊ (ဣဋ္ဌာရုံမြင်)

**မှီရာဝတ္ထု** = ကြားသိစိတ် ၂ ပါးသည် သောတဝတ္ထုကိုမှီကြ၏။

**– ဝတ္ထုရုပ် ၆ ပါးကို ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံအားဖြင့် ဝေဖန်ရသော် –**

(၁) ကာမဘုံ၌ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထု ဟူသည့် ဝတ္ထုရုပ် ၆ ပါးလုံးရှိပါသည်။

(၂) ရူပဘုံ၌ – (က) အသညသတ်ကြဉ် ရူပ ၁၅ ဘုံ၌ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဟဒယဝတ္ထုဟူသည့် ဝတ္ထုရုပ် ၃ ပါး ရှိပါသည်။

(ခ) အသညသတ်ဘုံ၌ ဝတ္ထုရုပ် မရှိပါ။

(၃) အရူပ ၄ ဘုံ၌ ဝတ္ထုရုပ်မရှိပါ။

**၆၃။ မနောဒွါရာဝဇ္ဇန်းကို ''ဝုဋ္ဌော''ဟု ခေါ်ဆိုနိုင်သည့်အခါကို ဖြေဆို၍၊ စက္ခုဒွါရ၌ ဖြစ်သောစိတ် (၄၆) ပါးကို မမှားအောင် ရေတွက်ဖော်ပြပါ။**

(၂၀၀၀၊ စမန ၈၃၊ ၈၆)

**အဖြေ –** မနောဒွါရာဝဇ္ဇန်းကို ''ဝုဋ္ဌော''ဟု ခေါ်ဆိုနိုင်သောအခါမှာ ပဉ္စဒွါရ၌ အာရုံထင်လာပြီးနောက် အာရုံကောင်းမကောင်းဆုံးဖြတ်ခြင်းကိစ္စ (ဝုဋ္ဌောကိစ္စ)ကို ဆောင်ရွက်နေသော အခါ ဖြစ်ပါသည်၊ မနောဒွါရ၌လည်း အာဝဇ္ဇန်းကိစ္စနှင့် ဝုဋ္ဌောကိစ္စတို့ကို ဆောင်ရွက်၏။

– စက္ခုဒွါရ၌ဖြစ်သောစိတ် (၄၆) ပါးတို့မှာ – ပဉ္စဒွါရာဝဇ္ဇန်း ၁၊ စက္ခုဝိညာဏ် ၂၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇော ၂၉၊ တဒါရုံ

၈ (မဟာဝိပါက် ၈ ပါး) တို့ဖြစ်ပါသည်။

**၆၄။ စာဖြေသူများပိုင်ဆိုင်ထားသော ခန္ဓာအိမ်ဝယ်တည်ရှိသော ဒွါရခြောက်ပါး၌ အစဉ်ထာဝရဝင်ထွက်ခွင့်ရသော စိတ်တို့ကို ဖော်ပြ၍၊ အာရုံ ၆ ပါးတို့တွင် အကျယ်ဝန်းဆုံးဖြစ်သော ဓမ္မာရုံသရုပ်ကိုလည်း ထုတ်ဖော်တင်ပြပါ။** (၂၀၀၀၊ စမန ၈၇)

**အဖြေ** – ဒွါရခြောက်ပါး၌ အစဉ်ထာဝရဝင်ထွက်ခွင့်ရသော စိတ်တို့မှာ –

| | | |
|---|---|---|
| သောမနဿသန္တီရဏစိတ် | = | ၁ ပါး၊ |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁ ပါး၊ |
| ကာမဇောစိတ် | = | ၂၉ ပါး၊ |
| ပေါင်း – စိတ် | = | ၃၁ ပါး ဖြစ်ပါသည်။ |

**– အာရုံ ၆ ပါးတို့တွင် အကျယ်ဝန်းဆုံးဖြစ်သော ဓမ္မာရုံသရုပ်မှာ –**

ပသာဒရုပ် ၅ ပါး၊ သုခမရုပ် ၁၆ ပါး၊ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ နိဗ္ဗာန်၊ ပညတ်ဟုဆိုအပ်သော တရား ၆ မျိုးဖြစ်ပါသည်။

**၆၅။ ဗုဒ္ဓဘာသာဝင်သူတော်စင်များသည် ''နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏''ဟု ဆုတောင်းတတ်ကြရာ နိဗ္ဗာန်ကို မျက်မှောက် (ကေနအာရုံ) ပြုနိုင်သည့် စိတ်ကိုလည်း တိကျစွာဖြေဆို၍ အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ ရနိုင်သောဝတ္ထုရုပ်နှင့် ဝိညာဏဓာတ်တို့ကိုလည်း ဖြေဆိုပါ။** (၂၀၀၀၊ စမန ၉၀၊ ၉၁)

**အဖြေ – နိဗ္ဗာန်ကို မျက်မှောက် (ကေနအာရုံ) ပြုနိုင်သည့်စိတ်တို့သည် –**

လောကုတ္တရာစိတ်အကျဉ်း ၈ ပါး, စိတ်အကျယ် ၄၀ ပါးဖြစ်ပါသည်။

**– အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ ရနိုင်သောဝတ္ထုရုပ်နှင့်ဝိညာဏဓာတ်တို့မှာ**

| **ဝတ္ထုရုပ် ၃ ပါး** | | **ဝိညာဏဓာတ် ၄ ပါး** |
|---|---|---|
| စက္ခုဝတ္ထုရုပ် | ...... | စက္ခုဝိညာဏဓာတ် |
| သောတဝတ္ထုရုပ် | ...... | သောတဝိညာဏဓာတ် |
| ဟဒယဝတ္ထုရုပ် | ...... | မနောဓာတ်၊ မနောဝိညာဏဓာတ် |

**၆၆။ ဒုစရိုက်လုပ်ငန်းလုပ်ဆောင်ရန် အခြေခံအမြစ်ရင်းသဖွယ်ဖြစ်သော အကုသိုလ်ဟိတ်တို့ကို ဖြေဆို၍၊ ဒွိဟိတ်စိတ် ၂၂ ပါးကိုလည်း ရေတွက်ပြပါ။**

(၂၀၀၁၊ စမန ၈၂)

**အဖြေ** – ဒုစရိုက်လုပ်ငန်းလုပ်ဆောင်ရန် အခြေခံအမြစ်ရင်းသဖွယ်ဖြစ်သော အကုသိုလ်ဟိတ်တို့သည် – လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်တို့ဖြစ်၏။

**– ဒွိဟိတ်စိတ် ၂၂ ပါးကို ရေတွက်ပြရသော် –**

လောဘမူစိတ် = ၈ ပါး (လောဘဟိတ်၊မောဟဟိတ်)

ဒေါသမူစိတ် = ၂ ပါး (ဒေါသဟိတ်၊ မောဟဟိတ်)
ကာမသောဘန ဉာဏဝိပ္ပယုတ်စိတ်= ၁၂ ပါး (အလောဘဟိတ်၊ အဒေါသဟိတ်)

ပေါင်း – ဒွိဟိတ်စိတ် = ၂၂ ပါး

**၆၇။ လူ့ခန္ဓာအိမ်ရှိ တံခါးခြောက်ပေါက်ကို အစဉ်တကျရေတွက်ပြ၍၊ ယင်းတံခါးခြောက်ပေါက်ဝယ် လုံးဝဝင်ထွက်ခွင့်မရသောစိတ်ကိုလည်း ဖော်ပြပါ။**

(၂၀၀၁၊ စမန ၈၅၊ ၈၇)

**အဖြေ – လူ့ခန္ဓာအိမ်ရှိ တံခါး ၆–ပေါက်ကို အစဉ်တကျ ရေတွက်ပြရသော်**

(၁) စက္ခုဒွါရ (စက္ခုပသာဒ)
(၂) သောတဒွါရ (သောတပသာဒ)
(၃) ဃာနဒွါရ (ဃာနပသာဒ)
(၄) ဇိဝှာဒွါရ (ဇိဝှာပသာဒ)
(၅) ကာယဒွါရ (ကာယပသာဒ)
(၆) မနောဒွါရ (ဘဝင်စိတ် ၁၉ ပါး) တို့ဖြစ်၏။

**– တံခါး ၆– ပေါက်ဝယ် လုံးဝ ဝင်ထွက်ခွင့်မရသောစိတ်သည်**

မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါး ဖြစ်ပါသည်။

**၆၈။ ရုပ်မြင်သံကြားကို ကြည့်ရှုနားထောင်နေစဉ်ခဏ၌ ဖြစ်ပေါ်နေသော ဝိညာဏဓာတ်နှစ်ပါးကို မှီရာထွတ္ထုနှင့်တကွ တွဲစပ်ဖော်ပြ၍၊ ဟဒယထွတ္ထုရုပ်ကို အမြဲမှီသောစိတ်များကို ဖော်ပြပါ။** (၂၀၀၁၊ စမန ၉၀၊ ၉၁)

**အဖြေ** – ရုပ်မြင်သံကြားကို ကြည့်ရှုနားထောင်နေစဉ်ခဏ၌ ဖြစ်သောဝိညာဏဓာတ်နှစ်ပါးကို မှီရာထွတ္ထုနှင့်တွဲစပ်ဖော်ပြရသော် –

| **ဝိညာဏဓာတ်** | | **မှီရာထွတ္ထု** |
|---|---|---|
| ကြည့်ရှုနေစဉ်– စက္ခုဝိညာဏဓာတ် | ...... | စက္ခုထွတ္ထု |
| နားထောင်နေစဉ်–သောတဝိညာဏဓာတ် | ...... | သောတထွတ္ထု |

**– ဟဒယထွတ္ထုရုပ်ကို အမြဲမှီသောစိတ်များမှာ** – ဒေါသမူစိတ် ၂ ပါး၊ မနောဓာတ် ၃၊ သန္တီရဏစိတ် ၃ ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁၊ မဟာဝိပါက်စိတ် ၈ ပါး၊ ရူပါဝစရစိတ် ၁၅ ပါး၊ သောတာပတ္တိမဂ်စိတ် ၁ ပါး၊ ပေါင်း စိတ် ၃၃ ပါးဖြစ်ပါသည်။

**၆၉။ ''တာဝန်ကိုယ်စီရှိကြသည်'' ဆိုသည့်အတိုင်း ပကိဏ်းက တာဝန်ယူလုပ်ဆောင်မည့် အကျဉ်းချုပ်ခေါင်းစဉ် ၆ ခုကို ဖော်ပြ၍၊ အဗျာကတဟိတ် ၃ ပါးကိုလည်း ရေးသားပြီး ''ကိစ္စများမြောင် လူတို့ဘောင်''ဟု ဆိုသော်လည်း အဘိဓမ္မာအမြင်ဖြင့် ကြည့်ပါက ကိစ္စမည်မျှရှိသည်ကို ရေတွက်ပြခဲ့ပါ။**

(၂၀၀၂၊ စမန ၈၁၊ ၈၂၊ ၈၅၊ ၈၇၊ ၉၁၊ ၈၃)

**အဖြေ – ပကိဏ်းက တာဝန်ယူလုပ်ဆောင်မည့် အကျဉ်းချုပ်ခေါင်းစဉ် ၆ ခုမှာ –**

(၁) ဝေဒနာသင်္ဂဟ (၂) ဟေတုသင်္ဂဟ (၃) ကိစ္စသင်္ဂဟ
(၄) ဒွါရသင်္ဂဟ (၅) အာရမ္မဏသင်္ဂဟ (၆) ထွတ္ထုသင်္ဂဟတို့ဖြစ်၏။

– **အဗျာကတဟိတ် ၃ ပါးမှာ**

အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်တို့ ဖြစ်ပါသည်။

– **''ကိစ္စများမြောင် လူတို့ဘောင်''ဟုဆိုသော်လည်း အဘိဓမ္မာအမြင်ဖြင့် ကြည့်ပါက**

ကိစ္စ ၁၄ ပါးသာရှိပါသည်။ ၎င်းတို့ကို ရေတွက်ပြရသော် –

| | | |
|---|---|---|
| (၁) ပဋိသန္ဓေကိစ္စ | (၂) ဘဝင်ကိစ္စ | (၃) အာဝဇ္ဇန်းကိစ္စ |
| (၄) ဒဿနကိစ္စ | (၅) သဝနကိစ္စ | (၆) ဃာယနကိစ္စ |
| (၇) သာယနကိစ္စ | (၈) ဖုသနကိစ္စ | (၉) သမ္ပဋိစ္ဆိုန်းကိစ္စ |
| (၁၀) သန္တီရဏကိစ္စ | (၁၁) ဝုဋ္ဌောကိစ္စ | (၁၂) ဇောကိစ္စ |
| (၁၃) တဒါရုံကိစ္စ | (၁၄) စုတိကိစ္စတို့ ဖြစ်ပါသည်။ | |

**၇၀။ ''ဘဝင်ခိုက်သွားပြီ ဘဝင်ခိုက်သွားပြီ''ဟု ပြောဆိုတတ်ကြရာ ၎င်းဘဝင်ကို အဘယ်ဒွါရ ဟုခေါ်၍ ယင်းဒွါရ၌ဖြစ်သော စိတ်သရုပ်ကိုလည်း ရေတွက်ပြခဲ့ပါ။**

(၂၀၀၂၊ စမန ၈၃၊ ၈၅၊ ၈၆)

**အဖြေ** – **''ဘဝင်ခိုက်သွားပြီ ဘဝင်ခိုက်သွားပြီ''ဟု ပြောဆိုတတ်ကြရာ –**

**ထိုဘဝင်သည်** – ဘဝင်ကိစ္စဆောင်ရွက်ကြသော ဥပေက္ခာသန္တီရဏစိတ် ၂ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါးဟူသည့် ဘဝင်စိတ် ၁၉ ပါး ဖြစ်ပါသည်။ ထိုဘဝင်တို့ကို ''**မနောဒွါရ**''ဟုခေါ်ပါသည်။

– **မနောဒွါရ၌ဖြစ်သောစိတ်သရုပ်မှာ –**

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁ ပါး၊ |
| ဇောစိတ် | = | ၅၅ ပါး၊ |
| တဒါရုံစိတ် | = | ၁၁ ပါး၊ |
| ပေါင်း – စိတ် | = | ၆၇ ပါးဖြစ်ပါသည်။ |

**၇၁။ ''နိဗ္ဗာန်ကိုအာရုံပြု၍ လျူကြတန်းကြ ကုသိုလ်ကောင်းမှုပြုကြ''ဟု တိုက်တွန်းကြရာ နိဗ္ဗာန်ကိုအာရုံပြုနိုင်သောစိတ်တို့ကို ကုန်စင်အောင် ဖော်ပြခဲ့ပါ။**

(၂၀၀၂၊ စမန ၈၉၊ ၉၀)

**အဖြေ** – နိဗ္ဗာန်ကိုအာရုံပြုနိုင်သောစိတ်အားလုံးကို ဖော်ပြရသော် –

| | | |
|---|---|---|
| နိဗ္ဗာန်ကျေန်စိတ် | – လောကုတ္တရာစိတ် ၈ ပါး (မဂ် ၄ + ဖိုလ် ၄) | |
| နိဗ္ဗာန်အနေကန်စိတ် | – မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် | ၄ ပါး၊ |
| | – မဟာကြိယာဉာဏသမ္ပယုတ်စိတ် | ၄ ပါး၊ |
| | – အဘိညာဏ်စိတ် | ၂ ပါး၊ |
| | – မနောဒွါရာဝဇ္ဇန်းစိတ် | ၁ ပါး၊ |
| | ပေါင်း – နိဗ္ဗာန်အနေကန်စိတ် | ၁၁ ပါး ဖြစ်၏။ |

နိဗ္ဗာန်ကောန်စိတ် ၈ ပါး + နိဗ္ဗာန်အနေကောန်စိတ် ၁၁ ပါး = ၁၉ ပါး ဖြစ်ပါသည်။

**၇၂။ ''ဒေါသရှေ့ထား မှားတတ်သည်ဖြစ်ရာ''ငင်းဒေါသနှင့်ယှဉ်သောစိတ်ကိုဖော်ပြ၍ ယင်းစိတ်ကို ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထုဖြင့် ဝေဖန်ပြပါ။**

(၂၀၀၂၊ စမန ၂၇၊ ၈၃၊ ၈၇၊ ၈၉၊ ၉၁)

**အဖြေ –''ဒေါသရှေ့ထား မှားတတ်သည်ဖြစ်ရာ'' ငင်းဒေါသနှင့်ယှဉ်သောစိတ်သည်–**

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက ဒေါသမူစိတ် ၁ ပါး၊

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက ဒေါသမူစိတ် ၁ ပါး၊

ဟူ၍ **ဒေါသမူစိတ် ၂ ပါး** ဖြစ်ပါသည်။

– ဒေါသမူစိတ်တို့၏ ကိစ္စ = ဇောကိစ္စ၊

။ ။ ဖြစ်ရာ ဒွါရ = ၆ ဒွါရ (မြဲ)

။ ။ ယူသော အာရုံ = လောကီစိတ် ၈၁ ပါး၊ ငင်းတို့၏ယှဉ်ဖက်စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါး၊ ပညတ်ဟူသော လောကီအာရုံ ၆ ပါး၊

။ ။ မှီရာ ဝတ္ထု = ဟဒယဝတ္ထု တို့ဖြစ်ပါသည်။

**၇၃။ ''ခံစားမှုဝေဒနာ ကိုယ်စီရှိကြသည်'' ဟုဆိုရာ ထိုဝေဒနာသည် အဘယ်ဘေဒဖြင့် မည်မျှများပြားသည်ကို ဖြေဆို၍၊ ကိစ္စ (၁၄) ပါး၊ ဈာန (၁၀) ပါးဟုရှိရာ ကိစ္စ နှင့်ဈာနတို့ကို အသီးသီးတွဲစပ်ပြပါ။** (၂၀၀၃၊ စမန ၈၁၊ ၈၅)

**အဖြေ – ''ခံစားမှုဝေဒနာ ကိုယ်စီရှိကြသည်'' ဟုဆိုရာ ထိုဝေဒနာသည်–**

| **အာရမ္မဏာနုဘဝနနည်းအားဖြင့်** | **ဣန္ဒြိယဘေဒနည်းအားဖြင့်** |
|---|---|
| (၁) သုခဝေဒနာ | (၁) သောမနဿဝေဒနာ |
| (၂) ဒုက္ခဝေဒနာ | (၂) ဒေါမနဿဝေဒနာ |
| (၃) ဥပေက္ခာဝေဒနာ | (၃) သုခဝေဒနာ |
| ဟူ၍ ၃ ပါးပြား၏ | (၄) ဒုက္ခဝေဒနာ |
| | (၅) ဥပေက္ခာဝေဒနာဟူ၍ ၅ ပါးကွဲပြား၏။ |

**– ကိစ္စ ၁၄ ပါးနှင့် ဈာန ၁၀ ပါးတို့ အသီးသီးတွဲစပ်ပုံမှာ –**

(စာမျက်နှာ ၁၀၃ နံပါတ် ၄၂ တွင် ဖြေပြထားသည်)

**၇၄။ ဇောကိစ္စထိုက်သောအဟိတ်စိတ်ကို ဖော်ပြပြီး၊ ပဉ္စဝတ္ထုကို အမြဲမှီသော စိတ်တို့ကို လည်း ဖော်ပြခဲ့ပါ။** (၂၀၀၃၊ စမန ၈၃၊ ၈၄၊ ၉၀၊ ၉၁)

**အဖြေ** – ဇောကိစ္စထိုက်သောအဟိတ်စိတ်သည် ''**ဟသိတုပ္ပါဒ်**''စိတ်ဖြစ်၏။

– ပဉ္စဝတ္ထုကို အမြဲမှီသော စိတ်တို့သည် ''**ဒွေပဉ္စဝိညာဏ် ၁၀ ပါး**'' ဖြစ်၏။

(၁) စက္ခုဝတ္ထုကို စက္ခုဝိညာဏ်ဒွေ အမြဲမှီ၏၊

(၂) သောတဝတ္ထုကို သောတဝိညာဏ်ဒွေ အမြဲမှီ၏၊

(၃) ဃာနဝတ္ထုကို ဃာနဝိညာဏ်ဒွေ အမြဲမှီ၏၊

(၄) ဇိဝှာဝတ္ထုကို ဇိဝှာဝိညာဏ်ဒွေ အမြဲမှီ၏၊

(၅) ကာယဝတ္ထုကို ကာယဝိညာဏ်ဒွေအမြဲမှီ၏၊

**၇၅။ သဗ္ဗာကုသလယောဂီစေတသိက်များကို ဖော်ပြ၍၊ ဟဒယဝတ္ထုကို အမြဲမှီသော စိတ်နှင့် လုံးဝမမှီသောစိတ်တို့ကိုလည်း ဖော်ပြခဲ့ပါ။** (၂၀၀၃၊ စမန ၇၄၊ ၉၁)

**အဖြေ – သဗ္ဗာကုသလယောဂီစေတသိက်များမှာ –**

| | |
|---|---|
| သဗ္ဗစိတ္တသာဓာရဏစေတသိက် (ဖဿ,ဝေ,သဉ်,စေ,ဧ,ဇီ,မန) | = ၇ ပါး၊ |
| ဝိတက်, ဝိစာရ, ဝီရိယဟူသောပကိဏ်းစေတသိက် | = ၃ ပါး၊ |
| မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စဟူသော သဗ္ဗာကုသလသာဓာရဏစေတသိက် | = ၄ ပါး၊ |
| ပေါင်း – သဗ္ဗာကုသလယောဂီစေတသိက် | = ၁၄ ပါး ဖြစ်၏။ |

– **ဟဒယဝတ္ထုကို အမြဲမှီသောစိတ်တို့မှာ** – ဒေါသမူစိတ် ၂ ပါး၊ မနောဓာတ် ၃ ပါး၊ သန္တီရဏစိတ် ၃ ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ရူပါဝစရစိတ် ၁၅ ပါး၊ သောတာပတ္တိမဂ်စိတ် ၁ ပါး၊ ပေါင်းစိတ် ၃၃ ပါးဖြစ်၏။

– **ဟဒယဝတ္ထုကို လုံးဝမမှီသောစိတ်တို့မှာ –**

ဒွေပဥ္စဝိညာဏ် ၁၀ ပါးနှင့် အရူပဝိပါက်စိတ် ၄ ပါး၊ ပေါင်းစိတ် ၁၄ ပါးဖြစ်၏။

**၇၆။ ''ခံစားမှု ကိုယ်စီရှိကြသည်''ဟူသောစကား၌ ''ခံစားမှု''ဟူသည် မည်သည့် တရားကို ခေါ်ပါသနည်း၊ ထိုတရားသည် အဘယ်နည်းအားဖြင့် ဘယ်နှစ်ပါးပြား သနည်း၊ ပြည့်စုံစွာ ဖော်ပြပါ။** (၂၀၀၄၊ စမန ၈၁၊ ၈၅)

**အဖြေ** – ''ခံစားမှုကိုယ်စီရှိကြသည်'' ဟူသောစကား၌ –

''ခံစားမှု''ဟူသည် ''ဝေဒနာစေတသိက်''ဖြစ်ပါသည်။

– ဝေဒနာသည် အာရမ္မဏာနုဘဝနနည်း၊ ဣန္ဒြိယဘေဒနည်းအသီးသီးဖြင့် ကွဲပြားကြပုံကို ပြည့်စုံစွာဖော်ပြရသော် –

( စာမျက်နှာ ၁၁၆ နံပါတ် ၇၃ တွင် ဖော်ပြထားသည်)

**၇၇။ ဟိတ်နှင့်တကွဖြစ်သောတရားတို့ကို (သဟိတ်စိတ် ၇၁ ပါး/ ၁၀၃ ပါး) တို့ကို ဇာတိဘေဒ (ဇာတ်အပြား)၊ ဘူမိဘေဒ (ဘုံအပြား)တို့ဖြင့် ဝေဖန်ပြပါ။**

(၂၀၀၄၊ စမန ၅၀၊ စိတ်ဖယား)

**အဖြေ – သဟိတ်စိတ် ၇၁ ပါး/၁၀၃ ပါးတို့ကို ဇာတိဘေဒအားဖြင့် ဝေဖန်ရသော်–**

| **စိတ်အမည်** | | **စိတ်အကျဉ်း** | **စိတ်အကျယ်** |
|---|---|---|---|
| အကုသိုလ်စိတ် | = | ၁၂ ပါး | ၁၂ ပါး |
| ကုသိုလ်စိတ် | = | ၂၁ ပါး | ၃၇ ပါး |

| | | | |
|---|---|---|---|
| ဝိပါက်စိတ် | = | ၂၁ ပါး | ၃၇ ပါး |
| ကြိယာစိတ် | = | ၁၇ ပါး | ၁၇ ပါး |
| ပေါင်းစိတ် | = | ၇၁ ပါး | ၁၀၃ ပါး ဖြစ်ပါသည်။ |

**– သဟိတ်စိတ် ၇၁ ပါး/၁၀၃ ပါးတို့ကို ဘူမိဘေဒအားဖြင့် ဝေဖန်ရသော် –**

| **စိတ်အမည်** | | **စိတ်အကျဉ်း** | **စိတ်အကျယ်** |
|---|---|---|---|
| ကာမာဝစရစိတ် | = | ၃၆ ပါး | ၃၆ ပါး |
| ရူပါဝစရစိတ် | = | ၁၅ ပါး | ၁၅ ပါး |
| အရူပါဝစရစိတ် | = | ၁၂ ပါး | ၁၂ ပါး |
| လောကုတ္တရာစိတ် | = | ၈ ပါး | ၄၀ ပါး |
| ပေါင်း – သဟိတ်စိတ် | = | ၇၁ ပါး | ၁၀၃ ပါး ဖြစ်ပါသည်။ |

**၇၈။ လူတိုင်းမှာ တာဝန်(ကိစ္စ)ကိုယ်စီနဲ့'' ဟူသည်နှင့်အညီ စိတ်တိုင်းမှာလည်း တာဝန်ကိုယ်စီရှိကြရာ အခြေအမြစ်မရှိသောစိတ်တို့ကို ၎င်းတို့ပြုလုပ်သော တာဝန်နှင့် တကွ ဖော်ပြပါ။** (၂၀၀၄၊ စမန ၈၃၊ ၈၄)

**အဖြေ – အခြေအမြစ်မရှိသောစိတ် (အဟိတ်စိတ် ၁၈ ပါး)တို့ကို ၎င်းတို့ပြုလုပ်သော တာဝန်နှင့်တကွ ဖော်ပြရသော် –**

| **အဟိတ်စိတ်** | | **ပြုလုပ်သောတာဝန်** |
|---|---|---|
| (၁) စက္ခုဝိညာဏ်ဒွေ | ...... | ဒဿနကိစ္စ (မြင်သိခြင်းကိစ္စ) |
| (၂) သောတဝိညာဏ်ဒွေ | ...... | သဝနကိစ္စ (ကြားသိခြင်းကိစ္စ) |
| (၃) ဃာနဝိညာဏ်ဒွေ | ...... | ဃာယနကိစ္စ (နံသိခြင်းကိစ္စ) |
| (၄) ဇိဝှာဝိညာဏ်ဒွေ | ...... | သာယနကိစ္စ (စားသိခြင်းကိစ္စ) |
| (၅) ကာယဝိညာဏ်ဒွေ | ...... | ဖုသနကိစ္စ (ထိသိခြင်းကိစ္စ) |
| (၆) သမ္ပဋိစ္ဆန်းဒွေ | ...... | သမ္ပဋိစ္ဆန်းကိစ္စ (အာရုံလက်ခံကိစ္စ) |
| (၇) ဥပေက္ခာသန္တီရဏဒွေ | ...... | ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ သန္တီရဏကိစ္စ၊ တဒါရုံကိစ္စ၊ (ကိစ္စ ၅ ပါး) |
| (၈) သောမနဿသန္တီရဏ | ...... | သန္တီရဏကိစ္စ၊ တဒါရုံကိစ္စ၊ (ကိစ္စ ၂ ပါး) |
| (၉) ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ...... | အာဝဇ္ဇန်းကိစ္စ (အာရုံစုံစမ်းကိစ္စ) |
| (၁၀) မနောဒွါရာဝဇ္ဇန်းစိတ် | ...... | အာဝဇ္ဇန်းကိစ္စ၊ ဝုဋ္ဌောကိစ္စ (ကိစ္စ ၂ ပါး) |
| (၁၁) ဟသိတုပ္ပါဒ်စိတ် | ...... | ဇောကိစ္စ တို့ဖြစ်ပါသည်။ |

**၇၉။ စာဖြေရှင်မောင်တို့မယ်တို့ ယခုရောက်ရှိနေသောဘုံကို မည်သည့်ဘုံဟုခေါ်ပါသနည်း၊ ထိုဘုံ၌ရရှိနိုင်သော ထဏ္ဍုရုပ်နှင့် ဝိညာဏဓာတ်တို့ကို ဖော်ပြပါ။**

(၂၀၀၄၊ စမန ၉၀၊ ၉၁)

**အဖြေ – စာဖြေရှင်မောင်မယ်တို့ ယခုရောက်ရှိနေသောဘုံသည် –** ကာမဘုံ၌သာအကျုံးဝင်သော ကာမသုဂတိဘုံခေါ် လူ့ဘုံဖြစ်ပါသည်။

**– ဤဘုံ၌ ရရှိနိုင်သော ဝတ္ထုရုပ်များနှင့် ဝိညာဏဓာတ်တို့မှာ –**

| ဝတ္ထု | | ဝိညာဏဓာတ် |
|---|---|---|
| (၁) စက္ခုဝတ္ထု (စက္ခုပသာဒ) | ....... | (၁) စက္ခုဝိညာဏဓာတ် |
| (၂) သောတဝတ္ထု (သောတပသာဒ) | ....... | (၂) သောတဝိညာဏဓာတ် |
| (၃) ဃာနဝတ္ထု (ဃာနပသာဒ) | ....... | (၃) ဃာနဝိညာဏဓာတ် |
| (၄) ဇိဝှာဝတ္ထု (ဇိဝှာပသာဒ) | ....... | (၄) ဇိဝှာဝိညာဏဓာတ် |
| (၅) ကာယဝတ္ထု (ကာယပသာဒ) | ....... | (၅) ကာယဝိညာဏဓာတ် |
| (၆) ဟဒယဝတ္ထု ....... | | (၆) မနောဓာတ် |
| | | (၇) မနောဝိညာဏဓာတ်တို့ဖြစ်သည်။ |

**၈၀။ လူတို့နေရာ အိမ်ဂေဟာကို လက်သမားဆရာသည် တံခါးပေါက်ဖောက်သကဲ့သို့ တဏှာယောက်ျားလက်သမားသည် ခန္ဓာအိမ်အား တံခါးပေါက်မည်မျှဖောက်ခဲ့ကြောင်းကို ထင်ရှားပေါ်လွင်စေရန် သရုပ်သကန်ဖြင့် အဟုတ်အမှန် ထုတ်ပြခဲ့ပါ။**

(၂၀၀၅၊ စမန ၈၅၊ အခြေပြုသင်္ဂြိုဟ် ၁၄၆)

**အဖြေ** – လူတို့နေရာ အိမ်ဂေဟာကို လက်သမားဆရာသည် တံခါးပေါက်ဖောက်သကဲ့သို့ **တဏှာယောက်ျားလက်သမားသည် ခန္ဓာအိမ်အား တံခါးပေါက် ၆ ပေါက်**ဖောက်ခဲ့ပါသည်။

''ပကတိတံခါးပေါက်သည် လူတို့ဝင်ရောက်ကြောင်းဖြစ်သကဲ့သို့ ခန္ဓာအိမ်၏ စက္ခုပသာဒ အစရှိသော တံခါးပေါက်များလည်း စက္ခုဒွါရိကဝီထိစိတ်စသည်တို့၏ (ဝင်ရောက်သည့်ပမာ) ဖြစ်လာခြင်းဖြစ်သည်''

**ဒွါရ ၆ ပါးကို သရုပ်သကန်ဖြင့် အဟုတ်အမှန်ထုတ်ပြရသော် –**

(၁) စက္ခုဒွါရ – စက္ခုပသာဒရုပ်၊
(၂) သောတဒွါရ – သောတပသာဒရုပ်၊
(၃) ဃာနဒွါရ – ဃာနပသာဒရုပ်၊
(၄) ဇိဝှာဒွါရ – ဇိဝှာပသာဒရုပ်၊
(၅) ကာယဒွါရ – ကာယပသာဒရုပ်၊
(၆) မနောဒွါရ – ဘဝင်စိတ် ၁၉ ပါးတို့ ဖြစ်ပါသည်။

**၈၁။ ''အလုပ်မှန်သမျှ ဂုဏ်ရှိစွ''ဆိုသည့်အတိုင်း အလုပ်မှန်သမျှ ဂုဏ်ရှိသည်ဖြစ်ရာ အလုပ်အများဆုံးလုပ်သောစိတ်ကို ဖော်ပြ၍ ၎င်းစိတ်ကို ဝေဒနာ, ဟိတ်, ဒွါရ, အာရုံ, ဝတ္ထုရုပ်တို့ဖြင့် ဝေဖန်ခဲ့ပါ။** (၂၀၀၅၊ စမန ၈၅၊ ၈၇၊ ၈၈၊ ၈၉)

**အဖြေ** – ''အလုပ်မှန်သမျှ ဂုဏ်ရှိစွ''ဆိုသည့်အတိုင်း အလုပ်မှန်သမျှ ဂုဏ်ရှိသည်ဖြစ်ရာ **အလုပ်အများဆုံးလုပ်သောစိတ်သည်** ''ဥပေက္ခာသန္တီရဏစိတ် ၂ ပါး'' ဖြစ်၏။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ သန္တီရဏကိစ္စ၊ တဒါရုံကိစ္စ ဟူသော ကိစ္စ ၅ ပါးကို ပြုလုပ်ရပါသည်။

– ဥပေက္ခာသန္တီရဏစိတ်တို့၏ ဝေဒနာ = ဥပေက္ခာဝေဒနာ၊
ဥပေက္ခာသန္တီရဏစိတ်တို့၏ဖြစ်ရာ ဟိတ် = အဟိတ်၊ ဟိတ် မရှိပါ။
ဥပေက္ခာသန္တီရဏစိတ်တို့၏ဖြစ်ရာ ဒွါရ = ၆ ဒွါရည္ဌ ရုံခါဖြစ်သည်။
ဥပေက္ခာသန္တီရဏစိတ်တို့၏ အာရုံ = ကာမစိတ် ၅၄ ပါး၊ ၎င်းစိတ်တို့နှင့်ယှဉ်သော စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးဟူသော ကာမအာရုံ ၆ ပါး၊
ဥပေက္ခာသန္တီရဏစိတ်တို့၏မှီရာ ဝတ္ထု = ယဒယဝတ္ထု (မြဲ)

**၈၂။ ''အာရုံတွေ သိပ်မများနဲ့''ဟု ပြောဆိုကြရာ အာရုံများ/မများသိနိုင်ရန် အာရုံတရားများကို ရေတွက်ပြပြီးလျှင်၊ ''ငှက်ပျံရင်းသေ၊ လူကြုံရင်းသေ''ဟူသောစကားအရ လူမှန်သမျှကြုံစည်မှုနှင့် မကင်းနိုင်ရကား ၎င်းကြံစည်မှုနှင့်တကွဖြစ်သောစိတ်တို့ကိုလည်း ရေတွက်ပြပါ။** (၂၀၀၅၊ စမန ၈၇၊ ၇၂)

**အဖြေ** – **''အာရုံတွေ သိပ်မများနဲ့''ဟု ပြောဆိုကြရာ အာရုံတရားများကို ရေတွက်ပြရသော်** – (၁) **ရူပါရုံ** – အဆင်း (ဝဏ္ဏရုပ်)
(၂) **သဒ္ဒါရုံ** – အသံ (သဒ္ဒရုပ်)
(၃) **ဂန္ဓာရုံ** – အနံ့ (ဂန္ဓရုပ်)
(၄) **ရသာရုံ** – အရသာ (ရသရုပ်)
(၅) **ဖောဋ္ဌဗ္ဗာရုံ** – အထိအတွေ့ (ပထဝီ၊ တေဇော၊ ဝါယော)
(၆) **ဓမ္မာရုံ** – မနောဒွါရည္ဌသာထင်နိုင်သော သိမ်မွေ့သည့်အာရုံ

(ပသာဒရုပ် ၅ ပါး၊ သုခုမရုပ် ၁၆ ပါး၊ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ နိဗ္ဗာန်၊ ပညတ်) တို့ ဖြစ်ပါသည်။

– **''ငှက်ပျံရင်းသေ လူကြုံရင်းသေ'' ဟူသောစကားအရ ကြံစည်မှု – ဝိတက်နှင့်တကွဖြစ်သောစိတ်တို့မှာ** –

''ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော ကာမစိတ် ၄၄ ပါး၊ ပထမဈာန်စိတ် ၁၁ ပါး၊ ပေါင်းစိတ် ၅၅ ပါး''ဖြစ်ပါသည်။

**၈၃။ ''ဝတ္ထုအာရုံ ကာမဂုဏ်''ဟုဆိုကြရာ ဝတ္ထု ၆ ပါး၊ အာရုံ ၆ ပါး၊ ကာမဂုဏ်တရား (ကာမစိတ် ၅၄ ပါး) တို့ကို ရေတွက်ပြပြီးလျှင်၊ စေတသိက်အနည်းဆုံးယှဉ်သော စိတ်ကိုလည်း ဖော်ပြခဲ့ပါ။** (၂၀၀၆၊ စမန ၉၀၊ ၈၇၊ ၂၃၊ ၇၂)

**အဖြေ** – ''ဝတ္ထုအာရုံ ကာမဂုဏ်''ဟု ဆိုကြရာ ဝတ္ထု ၆ ပါး၊ အာရုံ ၆ ပါး၊ ကာမဂုဏ်

တရား (ကာမစိတ် ၅၄ ပါး) တို့မှာ –

| **ထတ္တု ၆ ပါး** | **အာရုံ ၆ ပါး** | **ကာမစိတ် ၅၄ ပါး** |
|---|---|---|
| (၁) စက္ခုထတ္တု | (၁) ရူပါရုံ | (၁) အကုသိုလ်စိတ် ၁၂ ပါး၊ |
| (၂) သောတထတ္တု | (၂) သဒ္ဒါရုံ | (၂) အဟိတ်စိတ် ၁၈ ပါး၊ |
| (၃) ဃာနထတ္တု | (၃) ဂန္ဓာရုံ | (၃) ကာမသောဘနစိတ် ၂၄ ပါး၊ |
| (၄) ဇိဝှာထတ္တု | (၄) ရသာရုံ | ပေါင်း–ကာမစိတ် = ၅၄ ပါး |
| (၅) ကာယထတ္တု | (၅) ဖောဋ္ဌဗ္ဗာရုံ | ဖြစ်ပါသည်။ |
| (၆) ဟဒယထတ္တု | (၆) ဓမ္မာရုံ | |

– **စေတသိက်အနည်းဆုံးယှဉ်သောစိတ်မှာ** ဒွေပဥ္စဝိညာဏ် ၁၀ ပါး ဖြစ်ပါသည်၊ သဗ္ဗာစိတ္တသာဓာရဏစေတသိက် ၇ ပါးသာယှဉ်ပါသည်။

**၈၄။ ''ကာမနတ်နား အဟိတ်တရား''ဖြစ်ပါလျက် ဘုရားရှင်ကိုယ်တော်မြတ်ကိုမှ ဖြစ်ရသောစိတ်ကို ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ထတ္တုတို့ဖြင့် ဝေဖန်ပြခဲ့ပါ။**

(၂၀၀၆၊ စမန ၂၉၊ ၈၂၊ ၈၃၊ ၈၇၊ ၈၈၊ ၉၁)

**အဖြေ** – ''ကာမနတ်နား အဟိတ်တရား''ဖြစ်ပါလျက် ဘုရားရှင်ကိုယ်တော်မြတ်ကိုမှ ဖြစ်ရသောစိတ်သည် ''**သောမနဿသဟဂုတ် ဟတိတုပ္ပါဒ်စိတ်**'' ဖြစ်၏။

– ဟသိတုပ္ပါဒ်စိတ်၏ဝေဒနာ = သောမနဿဝေဒနာ
ဟသိတုပ္ပါဒ်စိတ်၏ ဟိတ် = အဟိတ် (ဟိတ်မရှိပါ)
ဟသိတုပ္ပါဒ်စိတ်၏ ကိစ္စ = ဇောကိစ္စကိုဆောင်ရွက်၏။
ဟသိတုပ္ပါဒ်စိတ်၏ ဒွါရ = ၆ ဒွါရ၌ ရုံခါဖြစ်၏။
ဟသိတုပ္ပါဒ်စိတ်၏ အာရုံ = ကာမစိတ် ၅၄ ပါး၊ ၎င်းစိတ်တို့နှင့်ယှဉ်သော စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးဟူသော ကာမအာရုံ ၆ ပါး၊
ဟသိတုပ္ပါဒ်စိတ်၏ ထတ္တု = ဟဒယထတ္တုရုပ် (မှီ) တို့ဖြစ်သည်။

**၈၅။ ''ဇောစိတ်ယာဉ်ပျံ လွန်လျင်မြန်''ဟုဆိုထားရာ ''ဇော''အမည်ရသော စိတ်တို့ကို ရေတွက်ပြပြီးလျှင်၊ ကြံစည်မှုမှန်သမျှ၌ သုံးသပ်၍ ရနိုင်/မရနိုင် အကြောင်းသွင်း၍ ရှင်းလင်းခဲ့ပါ။** (၂၀၀၆၊ စမန ၈၄၊ ၇၂)

**အဖြေ – ''ဇောစိတ်ယာဉ်ပျံ လွန်လျင်မြန်''ဟုဆိုထားရာ ''ဇော''အမည်ရသော စိတ်တို့ကား –**

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂ ပါး၊ |
| ကုသိုလ်စိတ် | = | ၂၁ ပါး (အကျဉ်း)/၃၇ ပါး(အကျယ်) |
| ကြိယာစိတ်(အာဝဇ္ဇန်းဒွေကြဉ်) | = | ၁၈ ပါး၊ |
| ဖိုလ်စိတ် | = | ၄ ပါး (အကျဉ်း)/၂၀ ပါး (အကျယ်) |
| စုစုပေါင်း ဇောစိတ် | = | ၅၅ ပါး (အကျဉ်း)/ ၈၇ ပါး (အကျယ်) |

– **ကြံစည်မှုမှန်သမျှ၌ သုံးသပ်၍ ရနိုင်ပါသည်၊** အကြောင်းမှာ –

ကြံစည်မှု (ဝိတက်)/ယှဉ်သောစိတ် = ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သောကာမစိတ် ၄၄ ပါး၊
ပထမစျာန် ၁၁ ပါး၊ ပေါင်းစိတ် ၅၅ ပါး၊

သုံးသပ်မှု (ဝိစာရ) ယှဉ်သောစိတ်= ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သောကာမစိတ် ၄၄ ပါး၊ ပထမစျာန်စိတ် ၁၁ ပါး၊ ဒုတိယစျာန်စိတ် ၁၁ ပါး၊ ပေါင်းစိတ် ၆၆ ပါး၊

ဝိတက်ယှဉ်သောစိတ်အားလုံး၌ ဝိစာရယှဉ်သဖြင့် ကြံစည်မှုမှန်သမျှ၌ သုံးသပ်မှု ရနိုင်ပါသည်။

**၈၆။ ''ကိစ္စများမြောင် လူတို့ဘောင်''ဟူသည်နှင့်အညီ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် မွေးဖွားလာသည့်အချိန်မှ သေသည့်အချိန်အထိ မလွဲမသွေလုပ်ဆောင်ရမည့် ကိစ္စများကို ဆိုင်ရာဌာနနှင့် တွဲစပ်ဖော်ပြပါ။** (၂၀၀၇၊ စမန ၈၃၊ ၈၅)

**အဖြေ** – (စာမျက်နှာ ၁၀၃ မေးခွန်း ၄၂ ၏အဖြေအတိုင်းဖြစ်သည်)

**၈၇။ တဏှာယောက်ျားဆောက်လုပ်ခဲ့သော ခန္ဓာအိမ်၏တံခါးပေါက် (ဒွါရ) သို့ (က) ရံခါဝင်ထွက်ခွင့်ရသောစိတ်၊ (ခ) လုံးဝဝင်ထွက်ခွင့်မရသောစိတ်တို့ကို ဖော်ပြပါ။** (၂၀၀၇၊ စမန ၈၇)

**အဖြေ** – တဏှာယောက်ျားဆောက်လုပ်ခဲ့သော ခန္ဓာအိမ်၏တံခါးပေါက် (ဒွါရ)သို့ –

(က) ရံခါဝင်ထွက်ခွင့်ရသောစိတ် = ဥပေက္ခာသန္တီရဏစိတ် ၂ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ပေါင်း – ၁၀ ပါးဖြစ်ပါသည်။

(ခ) လုံးဝဝင်ထွက်ခွင့်မရသောစိတ် = မဟဂ္ဂုတ်စိတ် ၉ ပါး ဖြစ်ပါသည်။

**၈၈။ ''ကြည့်သောသူမြင်၏'' ဟုဆိုရာဝယ် မြင်မှုကိစ္စကို အဘယ်စိတ်က ဆောင်ရွက်ပေးပါသနည်း၊ ဖြေဆို၍ ယင်းစိတ်၏အာရုံကိုလည်း သိသာရုံ ဖော်ပြပါ။** (၂၀၀၇၊ စမန ၈၃၊ ၈၈)

**အဖြေ** – မြင်သိမှုကိစ္စကို ဆောင်ရွက်သောစိတ်သည် ''**စက္ခုဝိညာဏ်ဒွေ**'' ဖြစ်ပါသည်။

– **ယင်းစိတ်တို့၏အာရုံများမှာ** –

(၁) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်၏အာရုံ = ပစ္စုပ္ပန်အနိဋ္ဌရူပါရုံ၊

(၂) အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်၏အာရုံ = ပစ္စုပ္ပန်ဣဋ္ဌရူပါရုံ၊

**၈၉။ ''ဒုက္ခမျိုးစေ့ဖြစ်သော သုခကို ငါရှောင်ရှားမည်''၌ ပါဝင်သော ''ဒုက္ခ၊ သုခ''တို့ကို အကျိုးဝိပါက်စိတ်နှင့် တွဲစပ်ပြပါ။** (၂၀၀၇၊ စမန ၈၁)

**အဖြေ** – ''ဒုက္ခမျိုးစေ့ဖြစ်သော သုခကို ငါရှောင်ရှားမည်''၌ ပါဝင်သော ''ဒုက္ခ၊သုခ'' တို့ကို အကျိုးဝိပါက်စိတ်နှင့် တွဲစပ်ပြရသော် –

**ဝေဒနာ = ခံစားမှု → အကျိုးဝိပါက်စိတ်**

ဒုက္ခ (ကိုယ်ဆင်းရဲမှု) → အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်

သုခ (ကိုယ်ချမ်းသာမှု) → အဟိတ်ကုသလဝိပါက် သုခသဟဂုတ်ကာယဝိညာဏ်

**၉၀။ လောကတွင် ''မနောဓာတ်ဖြင့် အတတ်ဟောသည်''ဟုဆိုရာ၌ မနောဓာတ် အမည်ရသောစိတ်တို့ကို ရေတွက်ပြပြီးလျှင်၊ ယင်းမနောဓာတ်များသည် အဘယ်ကို အာရုံပြုသနည်း။ ဖြေဆိုခဲ့ပါ။** (၂၀၀၇၊ စမန ၈၈)

**အဖြေ – မနောဓာတ်အမည်ရသောစိတ်တို့မှာ –**

''ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် သမ္ပဋိစ္ဆိန်းစိတ် ၂ ပါး၊ ပေါင်းစိတ် ၃ ပါးဖြစ်သည်။ မနောဓာတ်တို့သည် ပစ္စုပ္ပန်ပဉ္စာရုံကို အာရုံပြုကြ၏။

**၉၁။ ဝေဒနာတို့ကို ခံစားမှု – အနုဘဝနနည်း၊ အစိုးရမှု – ဣန္ဒြိယဘေဒနည်းအားဖြင့် ခွဲခြားပြ၍၊ (က) ဟိတ်မရှိသောစိတ် (ခ) ဟိတ်တစ်ပါးတည်းသာ ရှိသောစိတ်၊ (ဂ) ဟိတ်နှစ်ပါးရှိသောစိတ်၊ (ဃ) ဟိတ်သုံးပါးရှိသောစိတ်တို့ကိုလည်း သင်္ချာမျှ ဖော်ပြပါ။** (၂၀၀၈၊ စမန ၈၁၊ ၈၂)

**အဖြေ** – ဝေဒနာတို့ကိုခံစားမှု၊ အနုဘဝနနည်း၊ အစိုးရမှု–ဣန္ဒြိယဘေဒနည်းအားဖြင့် ခွဲခြားခြင်း–

| **ခံစားမှု – အနုဘဝနနည်း** | **အစိုးရမှု – ဣန္ဒြိယဘေဒနည်း** |
|---|---|
| (၁) သုခဝေဒနာ | (၁) သောမနဿဝေဒနာ |
| (၂) ဒုက္ခဝေဒနာ | (၂) ဒေါမနဿဝေဒနာ |
| (၃) ဥပေက္ခာဘာဝနာ | (၃) သုခဝေဒနာ |
| ဟူ၍ ၃ ပါး ကွဲပြား၏။ | (၄) ဒုက္ခဝေဒနာ |
| | (၅) ဥပေက္ခာဝေဒနာဟူ၍ ၅ ပါး ကွဲပြား၏။ |

(က) ဟိတ်မရှိသောစိတ် = အဟိတ်စိတ် ၁၈ ပါး

(ခ) ဧကဟိတ်စိတ် = မောဟမူစိတ် ၂ ပါး (မောဟဟိတ် ၁ ပါးသာရှိ၏)

(ဂ) ဒွိဟိတ်စိတ် = ၂၂ ပါး (လောဘမူစိတ် ၈၊ ဒေါသမူစိတ် ၂၊ ကာမသောဘနဉာဏဝိပ္ပယုတ်စိတ် ၁၂ ပါး)

(ဃ) တိဟိတ်စိတ်အကျဉ်း = ၄၇ ပါး (ကာမသောဘန ဉာဏသမ္ပယုတ်စိတ် ၁၂ ပါး၊ မဟဂ္ဂုတ်စိတ် ၂၇ ပါး၊ လောကုတ္တရာစိတ် ၈ ပါး)

တိဟိတ်စိတ်အကျယ် = ၇၉ ပါးရှိပါသည်။

**၉၂။ ''အလုပ်လုပ်မှ လူကြီး၊ အလုပ်မလုပ်လျှင် လူအို'' ဟုဆိုကြရာ အလုပ်အများဆုံး လုပ်သောစုံတွဲကို ဖော်ပြ၍၊ ထိုစိတ်ကို ဒွါရ, အာရုံ, ဝတ္ထုတို့ဖြင့် ခွဲဝေပြပါ။** (၂၀၀၈၊ စမန ၈၅၊ ၈၈၊ ၉၀)

**အဖြေ** – အလုပ်အများဆုံးလုပ်သောစုံတွဲမှာ ''ဥပေက္ခာသန္တီရဏစိတ် ၂ ပါး'' ဖြစ်ပါသည်။

– ထိုစိတ်တို့၏ ဒွါရ = ၆ ဒွါရ၌ရံခါဖြစ်ပြီး ရံခါလွတ်သည်။

ထိုစိတ်တို့၏ အာရုံ = ကာမစိတ် ၅၄ ပါး၊ ၎င်းစိတ်တို့နှင့်ယှဉ်သောစေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးဟူသော ကာမအာရုံ ၆ ပါးကို အာရုံပြု၏။

ထိုစိတ်တို့၏မှီရာ ဝတ္ထု = ဟဒယဝတ္ထု (မှီ)

**၉၃။ ''တံခါးမရှိ ဓားမရှိ'' ဟုဆိုကြရာ တံခါးမရှိသော (ဒွါရမှလွတ်သော) စိတ်တို့ကို ဖော်ပြ၍ နိဗ္ဗာန်ကိုသာအာရုံပြုသော စိတ်ကိုလည်း ရေးပြပါ။**

(၂၀၀၈၊ စမန ၈၆၊ ၉၁)

**အဖြေ** – ''တံခါးမရှိ ဓားမရှိ'' ဟုဆိုကြရာ တံခါးမရှိသော (ဒွါရမှလွတ်သော) စိတ်တို့မှာ–

| | | |
|---|---|---|
| ဥပေက္ခာသန္တီရဏစိတ် | = | ၂ ပါး၊ |
| မဟာဝိပါက်စိတ် | = | ၈ ပါး၊ |
| မဟဂ္ဂုတ်ဝိပါက်စိတ် | = | ၉ ပါး၊ |
| ပေါင်း – ဒွါရဝိမုတ်စိတ် | = | ၁၉ ပါး ဖြစ်ပါသည်။ |

– နိဗ္ဗာန်ကိုသာအာရုံပြုသောစိတ် = လောကုတ္တရာစိတ်အကျဉ်း ၈ ပါး, အကျယ် ၄၀ ပါး ဖြစ်ပါသည်။

**၉၄။ မနောဓာတ်အမည်ရသောစိတ်တို့ကို ရေးသားပြ၍၊ နှလုံးသားမရှိသော ဟဒယဝတ္ထုကိုမမှီသောစိတ်ကိုလည်း ရေးပြပါ။** (၂၀၀၈၊ စမန ၉၁)

**အဖြေ** – မနောဓာတ်အမည်ရသောစိတ် ၃ ပါးရှိရာ ၎င်းတို့မှာ –

ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁ ပါး + သမ္ပဋိစ္ဆန်းစိတ် ၂ ပါး = ၃ ပါး။

– နှလုံးသားမရှိသော ဟဒယဝတ္ထုကိုမမှီသော စိတ်တို့မှာ –

ဒွေပဉ္စဝိညာဏ် ၁၀ ပါး + အရူပဝိပါက်စိတ် ၄ ပါး = ၁၄ ပါးဖြစ်၏။

**၉၅။ ''ဘဝပြောင်းဖို့ ဟိတ်အကြောင်းကောင်းဖို့လိုတယ်''ဟုဆိုကြရာ လိုအပ်သော အကြောင်းဟိတ်ကို ဖော်ပြ၍ ကေဟိတ်စိတ်တို့ကိုလည်း ရေးသားပြပါ။**

(၂၀၀၉၊ စမန ၈၂)

အဖြေ – ''ဘဝပြောင်းဖို့ ဟိတ်အကြောင်းကောင်းဖို့လိုတယ်''ဆိုရာ –

လိုအပ်သောအကြောင်းဟိတ် = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် ဟူသော ကုသိုလ်ဟိတ် ၃ ပါး။

– ကေဟိတ်စိတ်မှာ = မောဟမူစိတ် ၂ ပါး၊ (မောဟဟိတ် ၁ ခုသာရှိ၏)

**၉၆။ ခန္ဓာအိမ်၌ ရနိုင်သော တံခါးပေါက်ဒွါရတို့တွင် မနောဒွါရမည်သောစိတ်ကို ဖော်ပြ၍ မနောဒွါရ၌ဖြစ်သော စိတ်တို့ကိုလည်း ဖော်ပြပါ။**

(၂၀၀၉၊ စမန ၈၃၊ ၈၆)

**အဖြေ** – မနောဒွါရမည်သောစိတ် = ဥပေက္ခာသန္တီရဏစိတ် = ၂ ပါး

+ မဟာဝိပါက်စိတ် = ၈ ပါး၊
+ မဟဂ္ဂုတ်ဝိပါက်စိတ် = ၉ ပါး၊

ပေါင်း – ဘဝင်စိတ် ၁၉ ပါးဖြစ်ပါသည်။

– မနောဒွါရ၌ဖြစ်သောစိတ် = မနောဒွါရာဝဇ္ဇန်းစိတ် = ၁ ပါး၊
+ ဇောစိတ် = ၅၅ ပါး၊
+ တဒါရုံစိတ် = ၁၁ ပါး၊

ပေါင်း – စိတ် = ၆၇ ပါး ဖြစ်ပါသည်။

**၉၇။ ''အာရုံတွေ ထွေပြား များလှသည်''ဟု ဆိုကြရာ အထွေပြားဆုံး အများဆုံး အာရုံ၏အပြားကို ရေတွက်ပြပါ။** (၂၀၀၉၊ စမန ၈၇)

**အဖြေ** – အထွေပြားဆုံး အများဆုံးအာရုံသည် **ဓမ္မာရုံ** ဖြစ်ပါသည်။

ဓမ္မာရုံ၏အပြားကိုရေတွက်ပြရသော် – ပသာဒရုပ် ၅ ပါး၊ သုခုမရုပ် ၁၆ ပါး၊ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ နိဗ္ဗာန်၊ ပညတ်ဟု ဆိုအပ်သော တရား ၆ မျိုး ဖြစ်ပါသည်။

**၉၈။ ''ဤကောင်းမှုသည် နိဗ္ဗာန်၏အထောက်အပံ့ဖြစ်ပါစေ''ဟု ပေးလှူကြရာ၌ ၎င်းနိဗ္ဗာန်ကို ကေန်၊ အနေကန်၊ အာရုံပြုနိုင်သော တရားတို့ကို ဖော်ပြပါ။** (၂၀၀၉၊ စမန ၈၉၊ ၉၀)

အဖြေ – နိဗ္ဗာန်ကို ကေန်အာရုံပြုနိုင်သောတရား = မဂ်စိတ် ၄ ပါး၊ + ဖိုလ်စိတ် ၄ ပါးဟူသော လောကုတ္တရာစိတ် ၈ ပါး၊

နိဗ္ဗာန်ကို အနေကန်အာရုံပြုနိုင်သောတရား = မနောဒွါရာဝဇ္ဇန်းစိတ် = ၁ ပါး
+ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် = ၄ ပါး၊
+ မဟာကြိယာဉာဏသမ္ပယုတ်စိတ် = ၄ ပါး၊
+ အဘိညာဏ်စိတ် = ၂ ပါး၊

ပေါင်း – နိဗ္ဗာန်အနေကန်စိတ် = ၁၁ ပါး၊

**၉၉။ လောက၌ အမိုရှိမှ ကြီးပွားသည်ဟု ဆိုကြသော်လည်း နှလုံးသားကို မမှီဘဲ ဖြစ်သောစိတ်ကို ထုတ်ပြ၍ စိတ်ဓာတ်ကျသည်ဟု ဆိုကြရာတွင် စိတ်ဓာတ်များစွာ မှ ဝိညာဏဓာတ်မဖက် သက်သက်သောစိတ်ဓာတ်ကိုလည်း အသေးစိတ် ရေတွက်ပြပါ။** (၂၀၀၉၊ စမန ၉၀၊ ၉၁)

**အဖြေ** – နှလုံးသား (ဟဒယဝတ္ထု)ကို မမှီဘဲဖြစ်ကြသောစိတ်တို့မှာ –

ဒွေပဉ္စဝိညာဏ် ၁၀ ပါး + အရူပဝိပါက်စိတ် ၄ ပါး = ၁၄ ပါးဖြစ်၏။

– ဝိညာဏဓာတ်မဖက် သက်သက်သောစိတ်ဓာတ်ကို ရေတွက်ပြရသော်

(၁) စက္ခုဝိညာဏဓာတ် = စက္ခုဝိညာဏ်ဒွေ၊

(၂) သောတဝိညာဏဓာတ် = သောတဝိညာဏ်ဒွေး၊
(၃) ဃာနဝိညာဏဓာတ် = ဃာနဝိညာဏ်ဒွေး၊
(၄) ဇိဝှာဝိညာဏဓာတ် = ဇိဝှာဝိညာဏ်ဒွေး၊
(၅) ကာယဝိညာဏဓာတ် = ကာယဝိညာဏ်ဒွေး၊
(၆) မနောဓာတ် = ပဉ္စဒွါရာဝဇ္ဇန်း ၁ + သမ္ပဋိစ္ဆိုန်းဒွေး။

ပေါင်း – သက်သက်သောစိတ်ဓာတ် ၁၃ ပါး ဖြစ်ပါသည်။

**၁၀၀။ ''ကိစ္စများမြောင် လူတို့ဘောင်''ဟူသော စကားအရ ကိစ္စအများဆုံးရှိသောစိတ် နှင့်ထိုစိတ်တို့၏ကိစ္စတို့ကို ဌာနနှင့်တကွ တွဲစပ်ပြပါ။** (၂၀၁၀၊ စမန ၈၅)

**အဖြေ** – ကိစ္စအများဆုံးရှိသောစိတ်မှာ ဥပေက္ခာသန္တီရဏစိတ် ၂ ပါးဖြစ်၏။

ၫင်းတို့ကား – (၁) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်၊
(၂) အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တို့ဖြစ်၏။

ထိုစိတ်တို့၏ကိစ္စတို့ကို ဌာနနှင့်တကွ တွဲစပ်ပြရသော် –

| စိတ် | ကိစ္စ | | ဌာန |
|---|---|---|---|
| ဥပေက္ခာသန္တီရဏစိတ် – | (၁) ပဋိသန္ဓေကိစ္စ | ... | ပဋိသန္ဓေဌာန |
| ၂ ပါး | (၂) ဘဝင်ကိစ္စ | ... | ဘဝင်ဌာန |
| | (၃) စုတိကိစ္စ | ... | စုတိဌာန |
| | (၄) သန္တီရဏကိစ္စ | ... | သန္တီရဏဌာန |
| | (၅) တဒါရုံကိစ္စ | ... | တဒါရုံဌာန |

**၁၀၁။ ''မမြင်ရရာ ကိလေသာ သူ့ဟာသူငြိမ်းသည်''ဟု ဆိုသည့်စကား မှန်/မမှန် ရှင်းပြပါ။ ၎င်းမြင်သိစိတ်နှင့်အတူဖြစ်ပေါ်လာသော စိတ်တို့ကိုလည်း ဒွါရသင်္ဂဟနည်း အရ ဖော်ပြပါ။** (၂၀၁၀၊ စမန ၃၉၊ ၄၀၊၄၅၊ ၈၆)

**အဖြေ – ''မမြင်ရရာ ကိလေသာ သူ့ဟာသူငြိမ်းသည်''ဟု ဆိုသည့်စကားသည် မမှန်ပါ။**

မမှန်ကြောင်းရှင်းပြရသော် လူတွင် တံခါးပေါက် (ဒွါရ) ၆ ပေါက်ရှိရာ ကာမဂုဏ် အာရုံများသည် စက္ခုဒွါရမှသာမဟုတ်၊ ကျန်ဒွါရ ၅ ပါးမှလည်း ဝင်ရောက်နိုင်ကြပါသည်။ ထို့ကြောင့် ပုထုဇဉ်တို့၏စိတ်တွင် နိုးကြားထကြွနေကြသော နီဝရဏခေါ် ပရိယုဋ္ဌာနကိလေ သာများဖြစ်ပေါ်နေသဖြင့် ကိလေသာများကို နှိမ်နင်းဖို့အတွက် ဘာဝနာရှုပွားခြင်းဖြင့် သမ္မာသမာဓိထူထောင်ရန် မြတ်စွာဘုရားတိုက်တွန်းတော်မူသည်။

သမ္မာသမာဓိ (ဈာန်သမာဓိ)ထူထောင်နိုင်သောအခါ ပရိယုဋ္ဌာနကိလေသာကင်းစင်သွား သဖြင့် စိတ်ဖြူစင်သွားသော်လည်း ကိလေသာများ မချုပ်ငြိမ်းပါ။ ဝိပဿနာရှုပွား၍ မဂ်ဉာဏ် လေးပါးကို ထူထောင်နိုင်သောအခါမှ ကိလေသာအားလုံးကို ပယ်သတ်နိုင်သဖြင့် ကိလေသာ

ချုပ်ငြိမ်းသွားပါသည်။ မမြင်ရရုံဖြင့် ကိလေသာမငြိမ်းပါ။

**– မြင်သိစိတ်နှင့်အတူဖြစ်ပေါ်လာသောစိတ်တို့ကို ဒွါရသင်္ဂဟအရ ဖော်ပြရသော် –**

စက္ခုဒွါရ၌ အာရုံထင်လျှင် မြင်သိစိတ်နှင့်အတူတကွစိတ် ၄၆ ပါးဖြစ်၏။

၎င်းတို့မှာ–ပဉ္စဒွါရာဝဇ္ဇန်း ၁၊ စက္ခုဝိညာဏ် ၂၊ သမ္ပဋိစ္ဆန်းစိတ် ၂၊ သန္တီရဏစိတ် ၃၊ ဝုဋ္ဌောခေါ်မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇော ၂၉၊ တဒါရုံ ၈၊ ပေါင်းစိတ် ၄၆ ပါးဖြစ်ပါသည်။

**၁၀၂။ အာရုံတွေက များလိုက်တာ ဟူရာဝယ် အကျယ်ပြန့်ဆုံးအာရုံ၏အပြားတို့ကို ဖော်ထုတ်၍၊ ပညတ်နှင့်ပရမတ် ကွဲဖို့လိုသည်ဟူသောစကားအရ နောက်ဆုံးပရမတ်တရားကို အာရုံပြုသည့်တရားနှင့် ယှဉ်တွဲဖော်ပြပါ။**

(၂၀၁၀၊ စမန ၈၇၊ ၈၉၊ ၉၀)

**အဖြေ** – အကျယ်ပြန့်ဆုံးအာရုံသည် **ဓမ္မာရုံ** ဖြစ်ပါသည်။

ဓမ္မာရုံ၏အပြားမှာ – ပသာဒရုပ် ၅ ပါး၊ သုခုမရုပ် ၁၆ ပါး၊ စိတ် ၈၉ ပါး၊
စေတသိက် ၅၂ ပါး၊ နိဗ္ဗာန်၊ ပညတ်ဟူသော တရား ၆ မျိုးဖြစ်ပါသည်။

– ပညတ်နှင့်ပရမတ် ကွဲဖို့လိုသည် ဟူသောစကားအရ –
နောက်ဆုံးပရမတ်တရားသည် **နိဗ္ဗာန်** ဖြစ်၏။

နိဗ္ဗာန်ကိုအာရုံပြုသည့်တရားမှာ–

(၁) လောကုတ္တရာစိတ်အကျဉ်း ၈ ပါး, အကျယ် ၄၀ ပါးဖြင့် ကေန်အာရုံပြု၏။

(၂) မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄၊ အဘိညာဏ်စိတ် ၂၊ ပေါင်း စိတ် ၁၁ ပါးဖြင့် နိဗ္ဗာန်ကို အနေကန် အာရုံပြုသည်။

**၁၀၃။ အပါယ်ဘုံနှင့် ရူပဘုံတို့၌ ရနိုင်သော ဝတ္ထုအမျိုးအစားတို့ကို ညွှန်ပြ၍၊ နှလုံးသားခေါ် ဟဒယဝတ္ထု ရံခါရံခါမှီသော တရားတို့ကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။**

(၂၀၁၀၊ စမန ၉၀၊ ၉၁)

**အဖြေ – အပါယ်ဘုံ၌ ရနိုင်သောဝတ္ထုအမျိုးအစားတို့မှာ –**

စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထု ဟူ၍ ဝတ္ထုရုပ် ၆ ပါးဖြစ်ပါသည်။

**– ရူပဘုံ၌ရနိုင်သော ဝတ္ထုအမျိုးအစားတို့မှာ–**

စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဟဒယဝတ္ထု ဟူသည့် ဝတ္ထုရုပ် ၃ ပါးဖြစ်၏။

**– နှလုံးသားခေါ် ဟဒယဝတ္ထုကို ရံခါရံခါမှီသောတရားတို့မှာ –**

ဒေါသမူဒွေးကြဉ်သော အကုသိုလ်စိတ် ၁၀ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အရူပကုသိုလ်စိတ် ၄ ပါး၊ အရူပကြိယာစိတ် ၄ ပါး၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် ၇ ပါး၊ မနောဒွါရာဝဇ္ဇန်း ၁ ပါးဟူ၍ စုစုပေါင်း စိတ် ၄၂ ပါးနှင့် ယှဉ်ဖက်စေတသိက်များ ဖြစ်ပါသည်။

**၁၀၄။ တစ်ကိစ္စ–တစ်ဒွါရ၌ ဖြစ်နိုင်သောစိတ်တို့ကို ၎င်းတို့၏ဖြစ်ရာကိစ္စ၊ ဖြစ်ရာဒွါရ အားလျော်စွာ ထိုက်သင့်သလို တွဲစပ်ဖြေဆိုပါ။** (၂၀၁၁၊ စမန ၈၃၊ ၈၄၊ ၈၆)

**အဖြေ** – တစ်ကိစ္စ–တစ်ဒွါရ၌ ဖြစ်နိုင်သောစိတ်တို့ကို ၎င်းတို့၏ဖြစ်ရာကိစ္စ၊ ဖြစ်ရာဒွါရ အားလျော်စွာ ထိုက်သင့်သလို တွဲစပ်ဖြေဆိုရသော် –

| **တစ်ကိစ္စ–တစ်ဒွါရ၌ဖြစ်သောစိတ်** | . . . | **ဖြစ်ရာကိစ္စ** | . . . . . | **ဖြစ်ရာဒွါရ** |
|---|---|---|---|---|
| စက္ခုဝိညာဏ်ဒွေ | . . . . . | ဒဿနကိစ္စ | . . . . . | စက္ခုဒွါရ |
| သောတဝိညာဏ်ဒွေ | . . . . . | သဝနကိစ္စ | . . . . . | သောတဒွါရ |
| ဃာနဝိညာဏ်ဒွေ | . . . . . | ဃာယနကိစ္စ | . . . . . | ဃာနဒွါရ |
| ဇိဝှာဝိညာဏ်ဒွေ | . . . . . | သာယနကိစ္စ | . . . . . | ဇိဝှာဒွါရ |
| ကာယဝိညာဏ်ဒွေ | . . . . . | ဖုသနကိစ္စ | . . . . . | ကာယဒွါရ |
| အပ္ပနာဇောစိတ် | . . . . . | ဇောကိစ္စ | . . . . . | မနောဒွါရ |

**၁၀၅။ လူ့ခန္ဓာအိမ်ရှိ တံခါးခြောက်ပေါက်သို့ ရုပ်နှင့်နာမ် မလွဲရအောင် ခွဲခြားဝေဖန်မှု ပြုပြီး၍ လူ့ခန္ဓာအိမ်တံခါးခြောက်ပေါက်မှ လွတ်မြောက်သွားသော ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂ ပါး၏ လုပ်ဆောင်နိုင်သောကိစ္စ၊ လိုက်စားနိုင်သောအာရုံ၊ မှီရာဝတ္ထုတို့ကိုဖြေဆိုပါ။** (၂၀၁၁၊ စမန ၈၅၊ ၈၆)

**အဖြေ** – လူ့ခန္ဓာအိမ်ရှိ တံခါးခြောက်ပေါက်ကို ရုပ်နှင့်နာမ်မလွဲရအောင် ခွဲခြားဝေဖန်ရသော် –

| **ဒွါရ ၆ ပါး** | = | **တရားကိုယ်** | . . . . . | **ရုပ်ဒွါရ/နာမ်ဒွါရ** |
|---|---|---|---|---|
| (၁) စက္ခုဒွါရ | = | စက္ခုပသာဒရုပ် | . . . . . | ရုပ်ဒွါရ |
| (၂) သောတဒွါရ | = | သောတပသာဒရုပ် | . . . . . | ရုပ်ဒွါရ |
| (၃) ဃာနဒွါရ | = | ဃာနပသာဒရုပ် | . . . . . | ရုပ်ဒွါရ |
| (၄) ဇိဝှာဒွါရ | = | ဇိဝှာပသာဒရုပ် | . . . . . | ရုပ်ဒွါရ |
| (၅) ကာယဒွါရ | = | ကာယပသာဒရုပ် | . . . . . | ရုပ်ဒွါရ |
| (၆) မနောဒွါရ | = | ဘဝင်စိတ် ၁၉ ပါး | . . . . . | နာမ်ဒွါရ |

– လူ့ခန္ဓာအိမ်တံခါး ၆ ပေါက်မှ လွတ်မြောက်သွားသော ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂ ပါး၏လုပ်ဆောင်သောကိစ္စ၊ လိုက်စားသောအာရုံ၊ မှီရာဝတ္ထုတို့မှာ–

(၁) လုပ်ဆောင်သောကိစ္စ – ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊

(၂) လိုက်စားသောအာရုံ – ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တစ်ပါးပါး။

(၃) မှီရာဝတ္ထု – ဟဒယဝတ္ထုဖြစ်ပါသည်။

**၁၀၆။ ဈာန်အဘိညာဉ်ဟူသောစကား၌ အဘယ်တရားတို့ကို အဘိညာဉ်ဟု ခေါ်ဆိုသည်ကို တိကျစွာဖော်ပြ၍ အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ရှိသော သုံးပါးသောဝတ္ထုတို့**

**ကို ၄ ပါးသော ဝိညာဏဓာတ်တို့နှင့် တွဲစပ်ပြပါ။**

(၂၀၁၁၊ စမန ၄၄၊ ၉၀၊ ၉၁၊ အခြေပြုသင်္ဂြိုဟ် ၅၇၇)

**အဖြေ – ဈာန်အဘိညာဉ်ဟူသောစကား၌ အဘိညာဉ်ဟုခေါ်ဆိုသောတရားမှာ –**

ရူပါဝစရ ပဉ္စမဈာန်ကုသိုလ်စိတ်၊ ရူပါဝစရ ပဉ္စမဈာန်ကြိယာစိတ်အသီးသီးနှင့်ယှဉ်သော အလွန်အကျူးအထူးသိတတ်သည့်ဉာဏ်(ပညာ)ကို ''အဘိညာဉ်''ဟုခေါ်၏။ ထိုဉာဏ်နှင့်ယှဉ်သည့် ပဉ္စမဈာန်စိတ်ကိုလည်း အတူဖြစ်ဖက်နည်းအရ ''အဘိညာဉ်''ဟုပင်ခေါ်ပါသည်။

– အသည့သတ်ကြဉ်သော ရူပ ၁၅ ဘုံ၌မှီသော သုံးပါးသောဝတ္ထုတို့ကို–

၄ ပါးသော ဝိညာဏဓာတ်တို့နှင့် တွဲစပ်ပြရသော် –

| **ဝတ္ထု ၃ ပါး** | **ဝိညာဏဓာတ် ၄ ပါး** |
|---|---|
| (၁) စက္ခုဝတ္ထုကို | စက္ခုဝိညာဏဓာတ် မှီ၏၊ |
| (၂) သောတဝတ္ထုကို | သောတဝိညာဏဓာတ် မှီ၏၊ |
| (၃) ဟဒယဝတ္ထုကို | မနောဓာတ်၊ မနောဝိညာဏဓာတ် မှီ၏။ |

**၁၀၇။ စိတ်တိုင်းသည် နှလုံးသားဟုဆိုအပ်သော ဟဒယဝတ္ထုကိုမှီ၍ ဖြစ်နိုင်/မဖြစ်နိုင် ဓမ္မာသရူပတ္တအားဖြင့် ဝေဖန်ခွဲခြားပြပါ။** (၂၀၁၁၊ စမန ၉၀၊၉၁)

**အဖြေ – စိတ်တိုင်းသည် နှလုံးသားဟုဆိုအပ်သော ဟဒယဝတ္ထုကို မှီ၍ မဖြစ်နိုင်ပါ။**

ဒွေပဉ္စဝိညာဏ် ၁၀ သည် ပဉ္စဝတ္ထုကိုသာမှီ၍ ဟဒယဝတ္ထုကို မမှီကြပါ။

အရူပဝိပါက်စိတ် ၄ ပါးသည် ဘာဝနာ၏အစွမ်းကြောင့် ဝတ္ထုရုပ်ကို မမှီဘဲဖြစ်၏။ ထို့ကြောင့် ဒွေပဉ္စဝိညာဏ် ၁၀ + အရူပဝိပါက်စိတ် ၄၊ ပေါင်း စိတ် ၁၄ ပါးသည် ဟဒယဝတ္ထုကို မမှီကြပါ။

**– ဟဒယဝတ္ထုကို ရံခါမှီ၍ ရံခါမမှီသော စိတ် ၄၂ ပါးရှိပါသည်။**

၎င်းတို့မှာ ဒေါသမူဒွေးကြဉ်သော အကုသိုလ်စိတ် ၁၀ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အရူပကုသိုလ်စိတ် ၄ ပါး၊ အရူပကြိယာစိတ် ၄ ပါး၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ်အကျဉ်း ၇ ပါး၊ မနောဒွါရာဝဇ္ဇန်း စိတ် ၁ ပါး တို့ဖြစ်ပါသည်။

**– ဟဒယဝတ္ထုကို အမြဲမှီ၍ ဖြစ်ကြသောစိတ် ၃၃ ပါးရှိပါသည်။**

၎င်းတို့မှာ ဒေါသမူစိတ် ၂ ပါး၊ မနောဓာတ် ၃ ပါး၊ သန္တီရဏစိတ် ၃ ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ရူပါဝစရစိတ် ၁၅ ပါး၊ သောတာပတ္တိမဂ် စိတ် ၁ ပါးတို့ ဖြစ်ပါသည်။

**၁၀၈။ ကိစ္စ ၁၄ ပါးနှင့် ဌာန ၁၀ ပါးတို့ကို တွဲစပ်ပြ၍၊ လူ့ဘဝ၏အစဖြစ်သော ပဋိသန္ဓေနေမှုကိစ္စနှင့် အဆုံးဖြစ်သော စုတိကိစ္စတို့တပ်ရာ စိတ်ချင်းတူ/မတူ အဘိဓမ္မာ သရုပ်သဘောနှီးနှောဝေဖန်ပြပါ။** (၂၀၁၂၊ စမန ၈၃၊ ၈၄၊ ၈၅)

**အဖြေ – ကိစ္စ ၁၄ ပါးနှင့် ဌာန ၁၀ ပါးကို တွဲစပ်ပြပုံ –**

(စာမျက်နှာ ၁၀၃ နံပါတ် ၄၂ တွင် ဖြေပြထားပါသည်။)

**– ပဋိသန္ဓေနေမှုကိစ္စနှင့် အဆုံးဖြစ်သော စုတိကိစ္စတို့ကို တပ်ရာစိတ်ချင်းတူ/မတူ အဘိဓမ္မာသရုပ်သဘော နှီးနှောဝေဖန်ရသော် –**

(၁) ပဋိသန္ဓေကိစ္စတပ်သောစိတ်များသည် ဥပေက္ခာသန္တီရဏစိတ် ၂ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါး၊ ပေါင်းစိတ် ၁၉ ပါး ဖြစ်ပါသည်။

(၂) စုတိကိစ္စတပ်သောစိတ်များသည် ဥပေက္ခာသန္တီရဏစိတ် ၂ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါး၊ ပေါင်းစိတ် ၁၉ ပါးပင်ဖြစ်ပါသည်။

(၃) ထို့ကြောင့် ပဋိသန္ဓေကိစ္စတပ်သောစိတ်သရုပ်များနှင့် စုတိကိစ္စတပ်သော စိတ်သရုပ်များ တူညီကြ၏။

(၄) ထို့အပြင် ဘဝတစ်ခုဖြစ်အောင် အကျိုးပေးသည့်ကံတစ်ခုတည်းက ထိုဘဝ၏ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်များနှင့် စုတိစိတ်တို့ကို ဖြစ်စေပါသည်။ ကံတစ်ခုတည်း၏ အကျိုးဝိပါက် စိတ်ချင်းတူသောကြောင့် ပဋိသန္ဓေစိတ်နှင့် စုတိစိတ်တို့စိတ်ချင်း တူကြ၏။

အထက်ပါအကြောင်းတို့ကြောင့် ပဋိသန္ဓေနေမှုကိစ္စနှင့် စုတိကိစ္စတို့တပ်ရာ စိတ်ချင်းတူကြပါသည်။

**၁၀၉။ မနောဒွါရ၌ဖြစ်သောစိတ်တို့ကို ဖော်ပြ၍၊ ၎င်းမနောဒွါရိကစိတ်တို့၏ အာရုံနှင့် ကာလတို့ကိုလည်း ပြည့်စုံစွာဖြေဆိုပါ။** (၂၀၁၂၊ စမန ၈၆၊ ၈၈)

**အဖြေ – မနောဒွါရ၌ဖြစ်သောစိတ်တို့မှာ –**

| | | |
|---|---|---|
| မနောဒွါရဝဇ္ဇန်းစိတ် | = | ၁ ပါး၊ |
| ဇောစိတ် | = | ၅၅ ပါး၊ |
| တဒါရုံစိတ် | = | ၁၁ ပါး၊ |
| မနောဒွါရိကစိတ်ပေါင်း | = | ၆၇ ပါး၊ |

– ၎င်းမနောဒွါရိကစိတ် ၆၇ ပါးတို့သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ကာလဝိမုတ်ဖြစ်သော အာရုံ ၆ ပါးစလုံးကို အာရုံပြုကြ၏။ အာရုံ ၆ ပါးတွင် စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါး၊ ပညတ်၊ နိဗ္ဗာန်တို့ အားလုံးပါဝင်ကြပါသည်။

**၁၁၀။ အရူပစိတ်ချင်းတူပါလျက် ပြုရာအာရုံချင်းမတူပုံကို ခွဲခြားပြ၍၊ ရူပဘုံသားပြဟ္မာများ၌ ရနိုင်သောထဏ္ဍုရုပ်နှင့် မရနိုင်သောထဏ္ဍုရုပ်တို့ကိုလည်းဖော်ပြပါ။**

(၂၀၁၂၊ စမန ၈၉၊ ၉၀)

**အဖြေ – အရူပစိတ်ချင်းတူပါလျက် ပြုရာအာရုံချင်းမတူပုံကို ခွဲခြားပြရသော် –**

(၁) အာကာသာနဉ္စာယတန စိတ် ၃ ပါးသည် အာကာသဟူသည့်ကောင်းကင်ပညတ်ကို အာရုံပြုကြ၏။

(၂) ဝိညာဏဉ္စာယတနစိတ် ၃ ပါးသည် အာကာသာနဉ္စာယတနကုသိုလ်၊ ကြိယာစိတ်တို့ကို အာရုံပြုကြ၏။

(၃) အာကိဉ္စညာယတနစိတ် ၃ ပါးသည် ဘာမျှမရှိခြင်းဟူသည့် နတ္ထိဘောပညတ်ကို အာရုံပြုကြ၏။

(၄) နေဝသညာ နာသညာယတနစိတ် ၃ ပါးသည် အာကိဉ္စညာယနကုသိုလ်, ကြိယာစိတ်တို့ကို အာရုံပြုကြ၏။

**– ရူပဘုံသားပြဟ္မာများ၌ ရနိုင်သောတတ္တုရုပ်တို့မှာ –**

စက္ခုဝတ္ထု, သောတဝတ္ထု, ဟဒယဝတ္ထုရုပ်တို့ ဖြစ်ကြ၏။

**– ရူပပြဟ္မာများ၌ မရနိုင်သော ဝတ္ထုရုပ်များမှာ –**

ဃာနဝတ္ထု, ဇိဝှာဝတ္ထု, ကာယဝတ္ထုရုပ်တို့ဖြစ်ကြ၏။

**၁၁၁။ မနောဒွါရာဝဇ္ဇန်းဟူသော ဝုဋ္ဌောစိတ်ကို ခံစားမှုဝေဒနာ, ဖြစ်ရာဒွါရ, လိုက်စားရာအာရုံ, မှီရာဝတ္ထုရုပ်တို့ဖြင့် ဝေဖန်ပြပါ။** (၂၀၁၂၊ စမန ၈၂၊ ၈၅၊ ၈၉၊ ၉၁)

**အဖြေ** – မနောဒွါရာဝဇ္ဇန်းဟူသော ဝုဋ္ဌောစိတ်၏–

(၁) ခံစားမှုဝေဒနာ = ဥပေက္ခာဝေဒနာ၊

(၂) ဖြစ်ရာဌာန = အာဝဇ္ဇန်းဌာန၊

(၃) လိုက်စားရာအာရုံ = စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါး၊ ပညတ်၊ နိဗ္ဗာန်ဟူသော အလုံးစုံသောအာရုံ ၆ ပါး၊

(၄) မှီရာဝတ္ထုရုပ် = ဟဒယဝတ္ထုရုပ်တို့ဖြစ်ပါသည်။

# အဘိဓမ္မာ (ပထမဆင့်)
# ဝီထိပိုင်း

(၁၉၈၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၃၂ နှစ် အမေးအဖြေများ)

**၁။ ဝိညာဏ် ၆ မျိုးနှင့် ဝီထိ ၆ မျိုးတို့ကို ပြည့်စုံစွာရေးပါ။**

**အဖြေ – ဝိညာဏ် ၆ မျိုးမှာ –** (၁၉၈၁၊ စမန ၉၂၊ ၉၃)

(၁) စက္ခုဝိညာဏ် = စက္ခုဝိညာဏ်ဒွေ
(၂) သောတဝိညာဏ် = သောတဝိညာဏ်ဒွေ
(၃) ဃာနဝိညာဏ် = ဃာနဝိညာဏ်ဒွေ
(၄) ဇိဝှာဝိညာဏ် = ဇိဝှာဝိညာဏ်ဒွေ
(၅) ကာယဝိညာဏ် = ကာယဝိညာဏ်ဒွေ
(၆) မနောဝိညာဏ် = ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော စိတ်အကျဉ်း ၇၉ ပါး၊ စိတ်အကျယ် ၁၁၁ ပါးတို့ ဖြစ်ပါသည်။

**– ဝီထိ ၆ မျိုးမှာ –**

(၁) စက္ခုဒွါရဝီထိ = စက္ခုဝိညာဏဝီထိ
(၂) သောတဒွါရဝီထိ = သောတဝိညာဏဝီထိ
(၃) ဃာနဒွါရဝီထိ = ဃာနဝိညာဏဝီထိ
(၄) ဇိဝှာဒွါရဝီထိ = ဇိဝှာဝိညာဏဝီထိ
(၅) ကာယဒွါရဝီထိ = ကာယဝိညာဏဝီထိ
(၆) မနောဒွါရဝီထိ = မနောဝိညာဏဝီထိ တို့ဖြစ်ပါသည်။

**၂။ အောက်ပါအခါတို့၌ မည်သည့်ဇောသည် အကြိမ်မည်မျှစီ စောပါသနည်း။**

**(က) ရိုးရိုးအခါ၊ (ခ) သေခါနီးအခါ၊**

**(ဂ) မဂ်ကိုရသောအခါ (ဃ) ပထမဦးစွာဈာန်ကိုရသောအခါ၊**

**(င) နိရောဓသမာပတ် ဝင်စားသောအခါ။** (၁၉၈၂၊ စမန ၁၁၄)

**အဖြေ** – အောက်ပါအခါတို့၌ ဖြစ်နိုင်သောဇောနှင့် ဖြစ်သောအကြိမ်တို့မှာ –

(က) ရိုးရိုးအခါ . . . . . ဇော ၇ ကြိမ်စောလေ့ရှိ၏၊
(ခ) သေခါနီးအခါ . . . . . မရဏာသန္နဇော ၅ ကြိမ်စော၏၊
(ဂ) မဂ်ကိုရသောအခါ . . . . . မဂ်ဇော ၁ ကြိမ်ဖြစ်၏။
(ဃ) ပထမဦးစွာဈာန်ရသည့်အခါ . . . . . ဈာန်ဇောသည် ၁ ကြိမ် ဖြစ်၏။
(င) နိရောဓသမာပတ် ဝင်စားသောအခါ . . . နေဝသညာနာသညာယတနဇော ၂ ကြိမ်ဖြစ်ပြီး ဇောစိတ်မဖြစ်တော့ပါ။

**၃။ အောက်ပါပုဂ္ဂိုလ်တို့၌ မရနိုင်သောဇောစိတ်တို့ကိုရေးပါ။**

**(က) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ (ခ) သုဂတိအဟိတ်ပုဂ္ဂိုလ်**

**(ဂ) ဒွိဟိတ်ပုဂ္ဂိုလ် (ဃ) တိဟိတ်ပုဂ္ဂိုလ်**

(၁၉၈၁၊ စမန ၁၁၇၊ ၁၁၈၊ အခြေပြုသင်္ဂြိုဟ် ၂၄၁၊ ၂၄၃၊ ၂၄၄)

**အဖြေ** – အောက်ပါပုဂ္ဂိုလ်တို့၌ မရနိုင်သောဇောစိတ်တို့မှာ–

(က) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် – ကာမကြိယာဇော ၉ ပါးနှင့် အပ္ပနာဇော ၂၆ ပါး တို့ကို တစ်ဘဝလုံးမရနိုင်ပါ။

(ခ) သုဂတိအဟိတ်ပုဂ္ဂိုလ် – ကာမကြိယာဇော ၉ ပါးနှင့် အပ္ပနာဇော ၂၆ ပါး တို့ကို တစ်ဘဝလုံးမရနိုင်ပါ။

(ဂ) ဒွိဟိတ်ပုဂ္ဂိုလ် – ကာမကြိယာဇော ၉ ပါးနှင့် အပ္ပနာဇော ၂၆ ပါး တို့ကို တစ်ဘဝလုံး မရနိုင်ပါ။

(ဃ) တိဟိတ်ပုဂ္ဂိုလ် – တိဟိတ်ပုထုဇဉ် ၁ + တိဟိတ်အရိယာ ၈ ပါးဟူ၍ တိဟိတ်ပုဂ္ဂိုလ် ၉ ဦးရှိ၏။ ထိုပုဂ္ဂိုလ်တို့တွင်

တိဟိတ်ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ် ၃ ဦးတို့သည် ကြိယာဇော ၁၈ ပါးကိုမရထိုက်၊ တိဟိတ်ပုထုဇဉ်၌ မဂ်ဇော ၄ ပါးနှင့်ဖိုလ်ဇော ၄ ပါးတို့ကိုလည်းမရထိုက်၊ ရဟန္တာပုဂ္ဂိုလ်၌ ကုသိုလ်ဇော ၂၁ ပါးနှင့် အကုသိုလ်ဇော ၁၂ ပါးတို့ကို မရထိုက်။ မဂ်ပုဂ္ဂိုလ် ၄ ဦး၌ မိမိ၏မဂ်ဇောမှအပ ကျန်ဇော ၅၄ ပါးတို့ကို မရထိုက်။ ဖိုလ်ပုဂ္ဂိုလ် ၄ ဦး၌ မိမိနှင့်ဆိုင်သော ဖိုလ်ဇောမှအပ အခြားဖိုလ်ဇောများကို မရထိုက်။

**၄။ ကောင်းမြတ်သောဘောဇဉ်ကို စားသုံးနေသောအခါ စားသုံးသူ၏သန္တာန်၌ ဖြစ်သင့်သောစိတ်အစဉ်ကို ပိုင်းခြားဖော်ပြပါ။** (၁၉၈၂၊ စမန ၉၆၊ ၉၇)

**အဖြေ** – ကောင်းမြတ်သောဘောဇဉ်ကို စားသုံးနေသောအခါ စားသုံးသူ၏သန္တာန်၌ ဖြစ်သင့်သောစိတ်အစဉ်မှာ –

''တီ–န–ဒ–ပ–ဇိ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ'' –ဘဝင်–

တီ = အတီတဘဝင် ၁ ကြိမ်၊ (လွန်သွားသောဘဝင်စိတ်)

န = ဘဝင်္ဂစလန ၁ ကြိမ်၊ (လှုပ်သွားသောဘဝင်စိတ်)

ဒ = ဘဝင်္ဂုပစ္ဆေဒ ၁ ကြိမ်၊ (ဘဝင်အစဉ်ပြတ်)

ပ = ပဉ္စဒွါရာဝဇ္ဇန်း ၁ ကြိမ်၊ (အာရုံကိုဆင်ခြင်နှလုံးသွင်း)

ဇိ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ် (စားသိစိတ်)

သံ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ် (အာရုံလက်ခံ)

ဏ = အဟိတ်ကုသလဝိပါက် သောမနဿသန္တီရဏစိတ် (အာရုံကိုစုံစမ်း)

ဝု = ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းစိတ် (အာရုံကောင်းမကောင်းဆုံးဖြတ်)

ဇ = ကာမဇော ၇ ကြိမ် (သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် လောဘမူစိတ်)

(ယောနိသောမနသိကာရဖြစ်လျှင် မဟာကုသိုလ်ဇောစိတ်)

ဒါ = တဒါရုံ ၂ ကြိမ် (သောမနဿတဒါရုံ ၅ ပါးမှတစ်ပါးပါး)

ဘဝင် = ဘဝင်စိတ်အစဉ်။

**၅။ ''ပုခက်နှင့်ခေါင်းကြား''ဟု ဆိုအပ်သော လူ့တစ်ဘဝတာအတွင်း ရိုးရိုးလူသားတို့ သန္တာန်တွင် ဖြစ်သောဇောစိတ်တို့ကို ပိုင်းခြားဖော်ပြပါ။** (၁၉၈၂၊ စမန ၁၁၇)

**အဖြေ** – ''ပုခက်နှင့်ခေါင်းကြား''ဟုဆိုအပ်သော လူ့တစ်ဘဝတာအတွင်း၌ ရိုးရိုးလူသားတို့ သန္တာန်တွင်ဖြစ်သော ဇောစိတ်တို့မှာ –

| | | |
|---|---|---|
| (၁) အကုသိုလ်ဇောစိတ် | = | ၁၂ ပါး၊ |
| (၂) ကာမကုသိုလ်ဇောစိတ် | = | ၈ ပါး၊ |
| (၃) သေခါနီးမရဏာသန္နဇောစိတ် | = | ၅ ပါး၊ |
| ပေါင်း – ဇောစိတ် | = | ၂၅ ပါး၊ |

ရိုးရိုးလူသားဆို၍ ဈာန်, မဂ်, ဖိုလ်ဟူသည့်တရားထူးမရသူဟု ယူဆရ၏။

ဈာန်ရလျှင် မဟဂ္ဂုတ်ကုသိုလ်ဈာန်ဇော ၉ ပါးဖြစ်နိုင်၏။

မဂ်ဖိုလ်ရလျှင် မဂ်ဇော ၄ ပါးနှင့် ဖိုလ်ဇော ၄ ပါးတို့ဖြစ်နိုင်၏။

**၆။ အကယ်၍ လူတစ်ယောက်သည် ရဟန္တာဖြစ်သွားသည်ဆိုလျှင် ပုထုဇဉ်ဘဝက မည်သည့်စိတ်များကိုပယ်၍ မည်သည့်စိတ်သစ်များကို ထပ်မံရရှိပါသနည်း။**

(၁၉၈၂၊ စမန၊ ၁၁၇၊ ၁၁၈)

**အဖြေ** – လူတစ်ယောက်က ရဟန္တာဖြစ်သွားသည်ဆိုလျှင်

(က) ပုထုဇဉ်ဘဝက ဖြစ်ခဲ့သောစိတ်များအနက် ပယ်သောစိတ်များမှာ –

အကုသိုလ်စိတ် ၁၂ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ပါး = ပေါင်းစိတ် ၂၉ ပါးပယ်၏။

(ခ) ထပ်မံရရှိသောစိတ်သစ်များမှာ –

| | | |
|---|---|---|
| သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် | = | ၁ ပါး၊ |
| မဟာကြိယာစိတ် | = | ၈ ပါး၊ |
| မဟဂ္ဂုတ်ကြိယာစိတ် | = | ၉ ပါး၊ |
| အရဟတ္တဖိုလ်စိတ် | = | ၁ ပါး၊ |
| ပေါင်း စိတ်သစ် | = | ၁၉ ပါးဖြစ်ပါသည်။ |

**၇။ အဘိဓမ္မာသင်္ဂြိုဟ်ကျမ်း၌လာရှိသော ဝိသယပ္ပဝတ္တိ ၉ မျိုးကို ရေတွက်ပြပါ။**

(၁၉၈၃၊ စမန ၉၄၊ ၉၅)

**အဖြေ** – အဘိဓမ္မာသင်္ဂြိုဟ်ကျမ်းလာ ဝိသယပ္ပဝတ္တိ ၉ မျိုးကို ရေတွက်ပြရသော်–

**ဝိသယပ္ပဝတ္တိဆက္ကအရ –**

**(က) ပဉ္စဒွါရ၌ အာရုံထင်ပုံ ၄ မျိုးမှာ –**

(၁) အတိမဟန္တာရုံ – အာရုံထင်သည်မှ အလွန်များသော စိတ္တက္ခဏရှိသောအာရုံ၊

(၂) မဟန္တာရုံ – အာရုံထင်သည်မှ သင့်ရုံများသောစိတ္တက္ခဏရှိသောအာရုံ၊

(၃) ပရိတ္တာရုံ – အာရုံထင်သည်မှ နည်းသောစိတ္တက္ခဏရှိသောအာရုံ၊

(၄) အတိပရိတ္တာရုံ – အာရုံထင်သည်မှ အလွန်နည်းသောစိတ္တက္ခဏရှိသောအာရုံ၊

**(ခ) မနောဒွါရ၌ အာရုံထင်ပုံ ၂ မျိုးမှာ –**

(၅) ဝိဘူတာရုံ – ထင်ရှားသောအာရုံ၊

(၆) အဝိဘူတာရုံ – မထင်ရှားသောအာရုံ၊

**(ဂ) ဝီထိမုတ်စိတ်တို့၏ဝိသယပ္ပဝတ္တိများကား –**

ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့၌ အခြားမဲ့ အတိတ်ဘဝ၏ မရဏာသန္န နိမိတ်ဖြစ်သော ကံနိမိတ် သို့မဟုတ် ကမ္မနိမိတ် သို့မဟုတ် ဂတိနိမိတ်ဟူသော အာရုံထင်ပုံ ၃ မျိုးတည်း။

**ဝိသယပ္ပဝတ္တိ ၉ မျိုးဖြစ်ပုံ**

ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိဆက္ကနှင့် ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိ ၃ ပါးတို့ကိုပေါင်း လျှင် ဝိသယပ္ပဝတ္တိ ၉ မျိုးဖြစ်ပါသည်။

**၈။ ယခုခေတ် ပုထုဇဉ်လူသားတို့အား လှပသောမိမိချစ်သူကိုမြင်သောအခါနှင့် ရုပ်ဆိုး သောမုန်းသူကို မြင်သောအခါတို့၌ ဖြစ်ပေါ်နိုင်သောအကျိုးစိတ်များကို ခွဲခြားဖော် ပြပါ။** (၁၉၈၃၊ စမန ၉၆၊ ၃၀၊ ၃၁)

**အဖြေ – ယခုခေတ်ပုထုဇဉ်လူသားတို့အား လှပသောမိမိချစ်သူကိုမြင်သောအခါ ဖြစ်ပေါ်နိုင်သောအကျိုးစိတ်တို့မှာ –**

(၁) အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်၊

(၂) အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ်၊

(၃) အဟိတ်ကုသလဝိပါက် သောမနဿသဟဂုတ် သန္တီရဏစိတ်၊

(၄) သောမနဿတဒါရုံ ၅ ပါးမှ တစ်ပါးပါးသည် တဒါရုံစိတ်အဖြစ်ဖြစ်၏။

**– ရုပ်ဆိုးသောမုန်းသူကိုမြင်သောအခါ ဖြစ်ပေါ်နိုင်သောအကျိုးစိတ်တို့မှာ–**

(၁) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်၊

(၂) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ်၊

(၃) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (သန္တီရဏကိစ္စ)

(၄) အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (တဒါရုံကိစ္စ)တို့ဖြစ်၏။

**၉။ ယခုခေတ်ပုထုဇဉ်လူသားများနှင့် ဘုရားရဟန္တာပုဂ္ဂိုလ်များ စိတ်နေစိတ်ထားကွာခြား ပုံကို ပုဂ္ဂလဘေဒအရ ရှင်းပြပါ။** (၁၉၈၃၊ စမန ၁၁၇၊ ၁၁၈)

**အဖြေ** – ယခုခေတ်ပုထုဇဉ်လူသားများနှင့် ဘုရားရဟန္တာပုဂ္ဂိုလ်များ စိတ်နေစိတ်ထားကွာခြားပုံမှာ –

(၁) ပုထုဇဉ်လူသား၌ အကုသိုလ်စိတ် ၁၂ ပါးဖြစ်၏။ အကုသိုလ်စိတ်ဖြင့် ကာမဂုဏ်၌ ပျော်ပါး၏။ ဘုရား၊ ရဟန္တာများ၌ အကုသိုလ်စိတ်များ မဖြစ်ပါ။

(၂) ပုထုဇဉ်လူသား၌ သောမနဿဟသိတုပ္ပါဒ်စိတ်မဖြစ်ပါ။
ဘုရားရဟန္တာများ၌ သောမနဿဟသိတုပ္ပါဒ်စိတ်ဖြင့် တစ်ခါတစ်ရံပြုံးကြ၏။

(၃) ပုထုဇဉ်လူသား၌ ကုသိုလ်ကောင်းမှုပြုသည့်အခါ မဟာကုသိုလ်စိတ် ၈ ပါးဖြစ်၏။ ဘုရားရဟန္တာများ၌ မဟာကုသိုလ်စိတ် ၈ ပါးလုံးဝမဖြစ်တော့ဘဲ မဟာကြိယာစိတ် ၈ ပါးဖြစ်၏။

(၄) ပုထုဇဉ်လူသားက သမထဘာဝနာအားထုတ်လျှင် မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ပါး ဖြစ်နိုင်၏။ ဘုရားရဟန္တာများ၌ မဟဂ္ဂုတ်ကုသိုလ် ၉ ပါးမဖြစ်ဘဲ မဟဂ္ဂုတ်ကြိယာစိတ် ၉ ပါးဖြစ်၏။

(၅) ပုထုဇဉ်လူသားက ဖလသမာပတ်မဝင်စားနိုင်၊ နိဗ္ဗာန်ချမ်းသာကို မခံစားနိုင်ပါ။ ဘုရားရဟန္တာများသည် အရဟတ္တဖလသမာပတ်ကိုဝင်စားပြီး နိဗ္ဗာန်ချမ်းသာကို အလိုရှိသလောက် ခံစားနိုင်ကြသည်။

| **ပုထုဇဉ်လူသား၌ဖြစ်နိုင်သောစိတ်** | | **ဘုရားရဟန္တာ၌ဖြစ်နိုင်သောစိတ်** | |
|---|---|---|---|
| အကုသိုလ်စိတ် | = ၁၂ ပါး၊ | အဟိတ်စိတ် | = ၁၈ ပါး၊ |
| ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | = ၁၇ ပါး၊ | မဟာဝိပါကိစိတ် | = ၈ ပါး၊ |
| မဟာကုသိုလ်စိတ် | = ၈ ပါး၊ | မဟာကြိယာစိတ် | = ၈ ပါး၊ |
| မဟာဝိပါက်စိတ် | = ၈ ပါး၊ | မဟဂ္ဂုတ်ကြိယာစိတ် | = ၉ ပါး၊ |
| မဟဂ္ဂုတ်ကုသိုလ်စိတ် | = ၉ ပါး၊ | အရဟတ္တဖိုလ်စိတ် | = ၁ ပါး၊ |
| ဖြစ်နိုင်သောစိတ်ပေါင်း | = ၅၄ ပါး၊ | ဖြစ်နိုင်သောစိတ်ပေါင်း | = ၄၄ ပါး၊ |

**၁၀။ ရုပ်တစ်ခုကို အသေးစိတ်လေ့လာလျှင် ခဏငယ်ပေါင်းမည်မျှပါဝင်သနည်း၊ တစ်ခုစီ ရေတွက်ပြပါ။** (၁၉၈၄၊ စမန ၉၂)

**အဖြေ** – ရုပ်တစ်ခုကို အသေးစိတ်လေ့လာလျှင်–

ဥပါဒ်အခိုက်၌ ခဏငယ် ၁ ချက်

ဋီအခိုက်၌ ခဏငယ် ၄၉ ချက်

ဘင်အခိုက်၌ ခဏငယ် ၁ ချက်

ရုပ်တစ်ခု၏သက်တမ်းကာလသည် ခဏငယ် ၅၁ ချက် (ဝါ) စိတ္တက္ခဏ ၁၇ ချက် ဖြစ်၏။

**၁၁။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုအမည်ရသော ကာမဇောများ၏ တရားကိုယ်**

**ဖြစ်သော စိတ်သရုပ်ကို ထုတ်ပြဖြေဆိုပါ။** (၁၉၈၄၊ စမန၊ ၁၀၆၊ ၁၀၈၊ ၁၁၁)

**အဖြေ** – ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုအမည်ရသော ကာမဇောများ၏ တရားကိုယ်ဖြစ်သော စိတ်သရုပ်သည် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ပါးနှင့် မဟာကြိယာဉာဏသမ္ပယုတ်တစိတ် ၄ ပါးတို့ ဖြစ်၏။ ၎င်းတို့မှာ –

(၁) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်၊
(၂) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်၊
(၃) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်၊
(၄) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်၊
(၅) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကြိယာစိတ်၊
(၆) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကြိယာစိတ်၊
(၇) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကြိယာစိတ်၊
(၈) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကြိယာစိတ် တို့ဖြစ်၏။

သောမနဿသဟဂုတ် ဈာန်ဇော, မဂ်ဇော, ဖိုလ်ဇော ရှေ့၌ဖြစ်ကြသော ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုစိတ်များသည် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ်/မဟာကြိယာစိတ်များ ဖြစ်ကြ၏။

ဥပေက္ခာသဟဂုတ် ဈာန်ဇော, မဂ်ဇော, ဖိုလ်ဇော ရှေ့၌ဖြစ်ကြသော ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုစိတ်များသည် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်မဟာကုသိုလ်/မဟာကြိယာစိတ်များ ဖြစ်ကြ၏။

**၁၂။ မဟာလူသား အရိယာပုဂ္ဂိုလ်များသာ အသီးသီးကိုယ်ပိုင်ရထိုက်သော ဇောစိတ်များကို ဖော်ပြပါ။** (၁၉၈၄၊ စမန ၁၀၂)

**အဖြေ** – မဟာလူသား အရိယာပုဂ္ဂိုလ်များသာ အသီးသီးကိုယ်ပိုင်ရထိုက်သော ဇောစိတ်များသည် ဖိုလ်ဇောများဖြစ်ပါသည်။

(၁) သောတာပန်အရိယာများသည် သောတာပတ္တိဖိုလ်ကို အလိုရှိသလောက် ဝင်စားနိုင်ကြ၏။
(၂) သကဒါဂါမ်အရိယာများသည် သကဒါဂါမိဖိုလ်ကို အလိုရှိသလောက် ဝင်စားနိုင်ကြ၏၊
(၃) အနာဂါမ်အရိယာများသည် အနာဂါမိဖိုလ်ကို အလိုရှိသလောက် ဝင်စားနိုင်ကြ၏။
(၄) ရဟန္တာများသည် အရဟတ္တဖိုလ်ကို အလိုရှိသလောက် ဝင်စားနိုင်ကြ၏။

**၁၃။ စိတ်သည် တစ်ခုတည်းဖြစ်ရိုးမရှိဘဲ ဝီထိအလိုက်ဖြစ်လျက်ရှိရာ လူတစ်ဦးအား တစ်နေ့တာအတွင်း၌ဖြစ်နိုင်သော ဝိညာဏဝီထိတို့ကို ဖော်ပြပါ။**

(၁၉၈၅၊ စမန ၉၃)

**အဖြေ** – လူတစ်ဦးအား တစ်နေ့တာအတွင်းဖြစ်နိုင်သော ဝိညာဏဝီထိတို့မှာ –

(၁) စက္ခုဝိညာဏဝီထိ – စက္ခုဒွါရ၌ရူပါရုံထင်လျှင် ဖြစ်သောဝီထိ၊
(၂) သောတဝိညာဏဝီထိ – သောတဒွါရ၌ သဒ္ဒါရုံထင်လျှင် ဖြစ်သောဝီထိ၊
(၃) ဃာနဝိညာဏဝီထိ – ဃာနဒွါရ၌ ဂန္ဓာရုံထင်လျှင် ဖြစ်သောဝီထိ၊
(၄) ဇိဝှာဝိညာဏဝီထိ – ဇိဝှာဒွါရ၌ ရသာရုံထင်လျှင် ဖြစ်သောဝီထိ၊
(၅) ကာယဝိညာဏဝီထိ – ကာယဒွါရ၌ ဖောဋ္ဌဗ္ဗာအာရုံထင်လျှင် ဖြစ်သောဝီထိ၊
(၆) မနောဝိညာဏဝီထိ – မနောဒွါရ၌ ပဥ္စာရုံ ဓမ္မာရုံထင်လျှင် ဖြစ်သောဝီထိ၊

**၁၄။ လူတစ်ဦးသည် ခွေးတစ်ကောင်ကို ဆွဲသွားစဉ် နှစ်သက်ဖွယ်အာရုံတစ်ခုကို အတူတကွ တွေ့မြင်၍ စွဲလမ်းနှစ်သက်ရာ၌ ၎င်းတို့အား မည်သည့် အကျိုးဝိပါက် စိတ်များ ဖြစ်မည်နည်း။ လူ၌ဖြစ်သောဝိပါက်စိတ်နှင့် ခွေး၌ဖြစ်သောဝိပါက်စိတ်တို့ ထူးခြားမှုရှိ–မရှိ ဖော်ပြပါ။** (၁၉၈၅၊ စမန ၉၆၊ ၉၇၊ ၁၁၇)

**အဖြေ** – လူနှင့်ခွေးတို့ နှစ်သက်ဖွယ်အာရုံတစ်ခုကို အတူတကွ တွေ့မြင်၍ စွဲလမ်းနှစ်သက်ရာ၌

(က) **လူ၌ဖြစ်ကုန်သော အကျိုးဝိပါက်စိတ်များမှာ** –

အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်၊
အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ်၊
အဟိတ်ကုသလဝိပါက် သောမနဿသဟဂုတ် သန္တီရဏစိတ် (သန္တီရဏကိစ္စ)
သောမနဿတဒါရုံ ၅ ပါးမှ တစ်ပါးပါးက တဒါရုံကိစ္စဆောင်ရွက်၏။

(ခ) **ခွေး၌ဖြစ်သော အကျိုးဝိပါက်စိတ်များမှာ**–

အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်၊
အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ်၊
အဟိတ်ကုသလဝိပါက် သောမနဿသဟဂုတ် သန္တီရဏစိတ် (သန္တီရဏကိစ္စ)၊
အဟိတ်ကုသလဝိပါက် သောမနဿသဟဂုတ် သန္တီရဏစိတ်က တဒါရုံစိတ်အဖြစ် ဖြစ်ပါသည်။

(ဂ) **လူ၌ဖြစ်သောဝိပါက်စိတ်နှင့် ခွေး၌ဖြစ်သော ဝိပါက်စိတ်တို့ ထူးခြားမှုရှိပါသည်။**

လူ၌ အကုသလဝိပါက်စိတ် ၇ ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ၈ ပါးနှင့် မဟာဝိပါက်စိတ် ၈ ပါးတို့ ဖြစ်နိုင်သည်။
ခွေး၌ အကုသလဝိပါက်စိတ် ၇ ပါးနှင့် အဟိတ်ကုသလဝိပါက်စိတ် ၈ ပါးသာ ဖြစ်နိုင်သည်၊ မဟာဝိပါက်စိတ် ၈ ပါး မဖြစ်နိုင်ပါ။

**၁၅။ ကာမဓာ – ကာမဓာဟုဆိုရာ၌ အဘိဓမ္မာသင်္ဂြိုဟ်နည်းအရ ရနိုင်သမျှကာမဓာတို့ကိုဖော်ပြပြီးလျှင် ယင်းဓာတို့၏ အကုသိုလ်–ကုသိုလ်–ကြိယာဇာတ် အလိုက် စောနိုင်သမျှသော ဇောအကြိမ်တို့ကိုလည်း ဝေဖန်ဖော်ပြခဲ့ပါ။**

(၁၉၈၅၊ စမန ၈၄၊ ၁၁၄)

**အဖြေ** – အဘိဓမ္မာသင်္ဂြိုဟ်နည်းအရ ရနိုင်သမျှ ကာမဇောတို့ကို ဖော်ပြရသော်–

| | | |
|---|---|---|
| အကုသိုလ်ဇောစိတ် | = | ၁၂ ပါး၊ |
| မဟာကုသိုလ်ဇောစိတ် | = | ၈ ပါး၊ |
| ဟသိတုပ္ပါဒ်ဇောစိတ် | = | ၁ ပါး၊ |
| မဟာကြိယာဇောစိတ် | = | ၈ ပါး၊ |
| ကာမဇောစိတ်ပေါင်း | = | ၂၉ ပါး ဖြစ်ပါသည်။ |

ယင်းဇောတို့၏ အကုသိုလ်–ကုသိုလ်–ကြိယာဇာတ်အလိုက် ဇောနိုင်သမျှသော ဇောအကြိမ်တို့ကို ဝေဖန်ရသော် –

| ဇာတ်အမျိုးအစား | ဇောစိတ် | ဇောနိုင်သမျှဇောအကြိမ် |
|---|---|---|
| အကုသိုလ်ဇာတ် | အကုသိုလ်ဇောစိတ် ၁၂ ပါး | သာမန်အခါ(၇)ကြိမ်၊ မွေးဖွားခါစနှင့် မေ့မြောနေသည့်အခါတို့တွင် ၆ကြိမ်/၅ကြိမ်၊ မရဏာသန္နဇော ၅ ကြိမ်၊ |
| ကုသိုလ်ဇာတ် | မဟာကုသိုလ်ဇောစိတ် ၈ ပါး | သာမန်အခါ(၇)ကြိမ်၊ မွေးဖွားခါစနှင့် မေ့မြောနေသည့်အခါတို့တွင် ၆ကြိမ်/၅ကြိမ်၊ မရဏာသန္နဇော ၅ ကြိမ်၊ ဈာန်အဂ်ါဆင်ခြင်သည့် ပစ္စဝေက္ခဏာဇော ၄/၅ ကြိမ်၊ အပ္ပနာဇောအနီး ဥပစာရသမာဓိဇော ၄/၃ကြိမ် |
| ကြိယာဇာတ် | ဟသိတုပ္ပါဒ်စိတ် မဟာကြိယာဇောစိတ် ၈ ပါး | သာမန်အခါ (၇)ကြိမ် မရဏာသန္နဇော ၅ ကြိမ်၊ ဈာန်အဂ်ါဆင်ခြင်သည့်ပစ္စဝေက္ခဏာဇော ၄/၅ ကြိမ်၊ အပ္ပနာဇောအနီး ဥပစာရသမာဓိဇော ၄/၃ ကြိမ် |

**၁၆။ မည်မျှအားထုတ်စေကာမူ မြေလျှိုးမိုးပျံနိုင်သော ဈာန်–အဘိညာဉ်အဆင့်သို့ မရောက်နိုင်သည့် လူစားမျိုးကို ဖော်ပြပြီးလျှင် ထိုပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်ပေါ်နိုင်သော စိတ်တို့ကိုလည်း ရေတွက်ဖော်ပြပါ။** (၁၉၈၅၊ စမန ၁၁၆၊ ၁၁၇)

**အဖြေ** – မည်မျှအားထုတ်စေကာမူ မြေလျှိုးမိုးပျံနိုင်သော ဈာန်–အဘိညာဉ်အဆင့်သို့ မရောက်နိုင်သည့် လူစားမျိုးမှာ **အဟိတ်ပုဂ္ဂိုလ်**နှင့် **ဒွိဟိတ်ပုဂ္ဂိုလ်**တို့ဖြစ်သည်။

အဟိတ်ပုဂ္ဂိုလ် – အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသူ၊

ဒွိဟိတ်ပုဂ္ဂိုလ် – မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄ ပါးဖြင့် ပဋိသန္ဓေနေသူများ၊

**– ဤပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်ပေါ်နိုင်သောစိတ်တို့မှာ –**

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂ ပါး၊ |
| ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် | = | ၁၇ ပါး၊ |
| မဟာကုသိုလ်စိတ် | = | ၈ ပါး၊ |
| မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် | = | ၄ ပါး၊ |
| ပေါင်း – စိတ် | = | ၄၁ ပါးဖြစ်ပါသည်။ |

**၁၇။ ဝီထိစိတ်တို့၌ ဝိသယပ္ပဝတ္တိ ၆ မျိုးကို ထုတ်ပြ၍ ဝီထိပိုင်းဟူ၍ခေါ်ဆိုရခြင်း၏ အကြောင်းကိုလည်း အဘိဓမ္မာသဘာဝဆိုက်အောင် ရေးသားဖြေဆိုခဲ့ပါ။**

(၁၉၈၆၊ စမန ၉၄၊ ၉၅၊ ၉၂)

**အဖြေ** – ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိ ၆ မျိုးမှာ

(က) **ပဉ္စဒွါရ၌ ဝိသယပ္ပဝတ္တိ (အာရုံထင်လာခြင်း) ၄ မျိုး**

(၁) အတိမဟန္တာရုံ – အာရုံထင်သည်မှ အလွန်များသောစိတ္တက္ခဏရှိသောအာရုံ၊

(၂) မဟန္တာရုံ – အာရုံထင်သည်မှ သင့်ရုံများသော စိတ္တက္ခဏရှိသောအာရုံ၊

(၃) ပရိတ္တာရုံ – အာရုံထင်သည်မှ နည်းသောစိတ္တက္ခဏရှိသောအာရုံ

(၄) အတိပရိတ္တာရုံ – အာရုံထင်သည်မှ အလွန်နည်းသောစိတ္တက္ခဏရှိသောအာရုံ။

(ခ) **မနောဒွါရ၌ ဝိသယပ္ပဝတ္တိ (အာရုံထင်လာပုံ) ၂ မျိုး**

(၅) ဝိဘူတာရုံ – ထင်ရှားသောအာရုံ၊

(၆) အဝိဘူတာရုံ – မထင်ရှားသောအာရုံတို့ဖြစ်ပါသည်။

**– ဝီထိပိုင်းဟူ၍ ခေါ်ဆိုရခြင်းအကြောင်း**

''ဝီထိ''သဒ္ဒါသည် ''အစဉ်အတန်း'' အနက်ကို ဟော၏၊ စက္ခုဒွါရ(မျက်စိ)၌ အာရုံထင်လျှင် ထိုအာရုံကို သိပြီးခံစားရန် ''ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ'' ဟူ၍ စိတ်အစဉ်အတန်း (ဝီထိ)ဖြစ်၏။ ဒွါရ (၆) ပါး၌ အာရုံ ၆ ပါးတို့ အသီးသီးထင်လာသောအခါ ဖြစ်ပေါ်သော စိတ်အစဉ်အတန်း (ဝါ) စိတ်ဖြစ်စဉ်များကို ဖော်ပြသည့် အပိုင်းအခန်းဖြစ်၍ ''ဝီထိပိုင်း''ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။

**၁၈။ လူသားတစ်ဦး၌ အာရုံအားလျော်စွာ ဝီထိစိတ်, ဘဝင်စိတ်တို့ဖြစ်လျက်ရှိရာ ၎င်းဝီထိစိတ်၊ ဘဝင်စိတ်တို့၏ကွဲပြားမှုကို အဘိဓမ္မာနည်းလမ်းအရ ရှင်းလင်းဖြေဆိုခဲ့ပါ။** (၁၉၈၆၊ စမန ၉၂၊ ၉၅၊ ၉၆)

**အဖြေ** – လူသားတစ်ဦး၌ အာရုံအားလျော်စွာ ဝီထိစိတ်, ဘဝင်စိတ်တို့ဖြစ်လျက်ရှိရာ **၎င်းဝီထိစိတ်၊ ဘဝင်စိတ်တို့၏ကွဲပြားမှုကို အဘိဓမ္မာနည်းလမ်းအရ ရှင်းလင်းပုံ–**

လူသားဌ်ရှိသောဒွါရ ၆ ပါးအနက် ဒွါရတစ်ပါးပါးတွင် အာရုံတစ်ခုလာတိုက်၍ ထင်လာသောအခါ ထိုအာရုံကိုသိရန် ''ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ'' စသည်ဖြင့် စိတ်အစဉ်အတန်း (ဝီထိ) ဖြစ်၏။ ထိုစိတ်အစဉ် (ဝီထိ) ၌ ပါဝင်သောစိတ်ကို ဝီထိစိတ်ဟု ခေါ်၏။ ဝီထိစိတ်သည် ဒွါရ၌ထင်လာသောအာရုံကို အာရုံပြု၏။

လူသား၏သန္တာန်၌ ဝီထိစိတ်မဖြစ်သည့်အခါ ဘဝင်စိတ်အစဉ်သာလျှင် ဖြစ်နေ၏။ ဘဝင်စိတ်ဖြစ်နေသည့်အခါ ဘာကိုမျှ ထူးထူးထွေထွေမသိ၊ လွန်ခဲ့သော အခြားမဲ့အတိတ်ဘဝက စုတေခါနီးအခါ မရဏာသန္နဇောယူခဲ့သည့် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တစ်ပါးပါးကို ဘဝင်စိတ်က အာရုံပြု၏။ အိပ်ပျော်နေသည့်အခါ ဘဝင်စိတ်ချည်းဖြစ်နေ၏။

ထိုဘဝင်တို့၏အကြားအကြား၌ ဒွါရတစ်ခုခုတွင် ထင်လာသောအာရုံကို အာရုံပြု၍ ဝီထိစိတ်အစဉ်ဖြစ်၏၊ ထိုဝီထိအစဉ်ကုန်သောအခါ ဘဝင်စိတ်အစဉ်သည် ဖြစ်မြဲဖြစ်လေတော့သည်။

**၁၉။ လူက သောမနဿဖြင့် ပဋိသန္ဓေနေသူ၊ စောသောဇောက ဒေါသဇောစောသည့်အတွက် ထိုဒေါသဇောနောင် တဒါရုံမဖြစ်နိုင်၊ ယင်းသို့အခက်အခဲကြုံလာပါက မည်ကဲ့သို့ပြုလုပ်ရမည်ဟု ဆရာတို့ကနည်းလမ်းပေးခဲ့သနည်း။ ဖြေဆိုခဲ့ပါ။**

(၁၉၈၆၊ စမန ၁၁၅)

**အဖြေ** – သောမနဿသဟဂုတ် မဟာဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့သောသူ၌ တစ်သက်တာပတ်လုံး သောမနဿဘဝင်သာဖြစ်ရမည်။ ထိုသူ၌ ဒေါသဇောစောသည့်အတွက် ထိုဒေါသဇောနောင်တဒါရုံမဖြစ်နိုင်သောအခါ ဘဝင်စိတ်ဖြစ်ရမည်။ သို့သော် ဒေါမနဿဝေဒနာနှင့် သောမနဿဝေဒနာတို့သည် မီးနှင့်ရေပမာ ဆန့်ကျင်ဘက်ဖြစ်ကြသဖြင့် တစ်ခုကိုတစ်ခု အနန္တရပစ္စည်းမတပ်နိုင်ပါ။ ထို့ကြောင့် ကျနေကျ သောမနဿဘဝင် မဖြစ်နိုင်ပါ။

ဤသို့သောအခါမျိုးတွင် ရှေ့ကဒေါမနဿဇောနှင့်လည်းလျော်ညီ၊ နောက်က သောမနဿဘဝင်နှင့်လည်းလျော်ညီသည့် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၁ ပါးသည် သန္တီရဏကိစ္စမတပ်ဘဲ အပိုအာဂန္တုက ဘဝင်ကိစ္စတပ်၍ ၁ ကြိမ်ဖြစ်၏။ ဤဘဝင်သည် ပဋိသန္ဓေစိတ်နှင့်တူစွာ ရိုးရိုးကျနေကျ အာဝါသိက (အိမ်ရှင်) သောမနဿဘဝင်မဟုတ်၊ ယခုမှ လတ်တလောဖြစ်လာရသည့် ဥပေက္ခာဘဝင်ဖြစ်၍ ''**အာဂန္တုကဘဝင်**'' (ဧည့်သည်ဘဝင်)ဟု အမည်ရ၏။ ဤဝီထိကိုလည်း အာဂန္တုကဝီထိဟုခေါ်၏။

ငင်းအာဂန္တုကဘဝင်သည် ယခုဒေါမနဿဇောယူသည့်အာရုံကို မယူနိုင်၊ ရှေးကအလေ့အလာများသော ကာမအာရုံတစ်ပါးပါးကို အာရုံပြု၏။

**၂၀။ အောက်ပါ (က), (ခ), (ဂ), (ဃ), (င) တို့၌ ရနိုင်သော ဇောစိတ်များကို ထုတ်ပြခဲ့ပါ။**

**(က) ၂ကြိမ်၊ ၃ ကြိမ် စောသောဇော၊ (ခ) ၃ ကြိမ်၊ ၄ ကြိမ်စောသောဇော၊**

**(ဂ) ၄ ကြိမ်၊ ၅ ကြိမ် စောသောဇော၊ (ဃ) ၅ ကြိမ်စောသောဇော၊**
**(င) ၆ ကြိမ်၊ ၇ ကြိမ် စောသောဇော။** (၁၉၈၆၊ စမန ၁၁၄)

**အဖြေ** – (က) **၂ ကြိမ်၊ ၃ ကြိမ်စောသောဇော – မဂ်ဝီထိ၌ဖြစ်သောဖိုလ်ဇော၊**
မဂ်ဇော ၁ ကြိမ်ဖြစ်ပြီးနောက် မန္ဒပညာပုဂ္ဂိုလ်၌ ဖိုလ်ဇော ၂ ကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်၌ ဖိုလ်ဇော ၃ ကြိမ်ဖြစ်ပါသည်။

(ခ) **၃ ကြိမ်၊ ၄ ကြိမ်ဖြစ်သောဇော – အပ္ပနာဇောရှေ့၌ဖြစ်သော ဥပစာရသမာဓိဇော၊**
အပ္ပနာဇောဝါရဝီထိများ၌ ဈာန်ဇော သို့မဟုတ် မဂ်ဇော ဖိုလ်ဇော၏ရှေ့၌ မဟာကုသိုလ်/ကြိယာဉာဏသမ္ပယုတ်စိတ်သည် ဥပစာရသမာဓိဇောအဖြစ် တိက္ခပညာပုဂ္ဂိုလ်၌ ဥပစာ၊ အနုလုံ၊ ဂေါတြဘု/ဝေါဒါန်အဖြစ် ၃ ကြိမ်၊ မန္ဒပညာပုဂ္ဂိုလ်၌ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု/ဝေါဒါန်အဖြစ် ၄ ကြိမ်ဖြစ်ပါသည်။

(ဂ) **၄ ကြိမ်၊ ၅ ကြိမ်စောသောဇော – ပစ္စဝေက္ခဏာဝီထိ၌ဖြစ်သောကာမဇော၊**
ဈာန်အရာ၌ ဝသီဘော်နိုင်နင်းသော ပုဂ္ဂိုလ်တို့အား ဈာန်အင်္ဂါကို အလျင်အမြန် ဆင်ခြင်သည့် ပစ္စဝေက္ခဏာဇောတို့သည် ၄ ကြိမ် သို့မဟုတ် ၅ ကြိမ်စောကြ၏။

(ဃ) **၅ ကြိမ်စောသောဇော – မရဏာသန္နဇော။**
သေခါနီးအခါ၌ ဟဒယဝတ္ထုအားနည်းသဖြင့် မရဏာသန္နဇောသည် ၅ ကြိမ်သာစော၏။

(င) **၆ ကြိမ်၊ ၇ ကြိမ်စောသောဇော – သာမန်အခါ၌ဖြစ်သည့်ကာမဇော၊**
ကာမဇောတို့သည် သာမန်အခါ၌ ၇ ကြိမ်စောလေ့ရှိကြ၏။ မွေးဖွားခါစ အလွန်အားနည်းသောအခါနှင့် မေ့မြောနေသောအခါတို့တွင် ဟဒယဝတ္ထု၏အားနည်းမှုကြောင့် ၆ ကြိမ် သို့မဟုတ် ၅ ကြိမ်သာစောကြ၏။

**၂၁။ လူတိုင်းသည် စက္ကန့်မစဲ တဖွဲဖွဲသေလျက်ရှိသည်ဟုဆိုလျှင် ထိုအဆိုကို စိတ်သက်–ရုပ်သက် တွက်ချက်ဖော်ပြ၍ ထောက်ခံဖြေဆိုပါ။** (၁၉၈၇၊ စမန ၉၂၊ ၅၃၊ ၁၄၈)

**အဖြေ** – လက်ဖျစ်တစ်တွက် မျက်စိတစ်မှိတ်ကာလ၌ စိတ်ကုဋေတစ်သိန်းကျော် ရှေ့ဆင့်နောက်ဆင့် ဖြစ်ပျက်သွားကြသဖြင့် စိတ်တစ်ခု၏အသက်သည် ၁ စက္ကန့်၏ကုဋေ ၁ သိန်း ပုံ ၁ ပုံခန့်သာရှိ၏။ ထို့ကြောင့် စိတ်၏အသက်ကို စိတ်၏ဖြစ်–တည်–ပျက် ဖြစ်စဉ်ဖြင့် တိုင်းတာ၏။

**စိတ် ၁ ခု၏အသက်** = စိတ်၏ဥပါဒ်ခဏ+ဌီခဏ+ဘင်ခဏဟူသော
= ခဏငယ် ၃ ချက်၊ = စိတ္တက္ခဏ ၁ ချက်။

ထို့ကြောင့် စိတ်၏အသက်သည် ''ခဏငယ် ၃ ချက်'' (ဝါ) ''စိတ္တက္ခဏ ၁ ချက်''ဖြစ်၏။

**ရုပ်ကလာပ် ၁ ခု၏အသက်** = စိတ္တက္ခဏ ၁၇ ချက် (စိတ်အသက်၏ ၁၇ ဆ)
= ၁၇ × ၃ = ခဏငယ် ၅၁ ချက်ဖြစ်၏။

ရုပ်၏ဥပါဒ်ခဏနှင့် ဘင်ခဏတို့သည် ခဏငယ် ၁ ချက်စီသာကြာ၏။ သို့အတွက်
ရုပ်၏ဌီခဏ = ခဏငယ် ၅၁ ချက် – ခဏငယ် ၂ ချက် = ခဏငယ် ၄၉ ချက်၊

လက်ဖျစ်တစ်တွက် မျက်စိတစ်မှိတ်ကာလ၌ ရုပ်ကလာပ်ပေါင်း(ကုဋေ ၁ သိန်း ÷ ၁၇) = ကုဋေ ၅၈၀၀ ကျော် ရှေ့ဆင့်နောက်ဆင့်ဖြစ်ပျက်သွားကြ၏။

စိတ်သည် စိတ္တက္ခဏတိုင်းဖြစ်၍ စိတ္တက္ခဏတိုင်းချုပ်သဖြင့် ဇီဝိတိန္ဒြေခေါ်သော နာမ် အသက်သည်လည်း စိတ္တက္ခဏတိုင်း ချုပ်နေ၏။

ကမ္မဇရုပ်ကလာပ်တွင်ပါသော ဇီဝိတရုပ်(ရုပ်အသက်)သည် လက်တစ်ဖျစ်ကာလ တွင်အကြိမ် ၅၈၀၀ ကျော် ချုပ်လျက်ပျက်နေ၏။

**ဇီဝိတိန္ဒြေ (နာမ်အသက်) နှင့် ဇီဝိတရုပ် (ရုပ်အသက်) တို့၏ချုပ်ခြင်းသည် သေခြင်းဖြစ်သဖြင့် လူတိုင်းသည် စက္ကန့်မစဲ တဖွဲဖွဲသေလျက်ရှိသည်ဟု ဆိုခြင်းသည် မှန်ကန်ပါသည်။**

**၂၂။ ဝီထိစိတ်ဖြစ်တိုင်း တဒါရုံကျနိုင်ပါသလော၊ မည်သည့်အခြေအနေမျိုးနှင့်ပြည့်စုံမှ တဒါရုံကျနိုင်ပါသနည်း၊ တိကျစွာဖြေဆိုပါ။** (၁၉၈၇၊ စမန ၁၁၄)

**အဖြေ** – ဝီထိစိတ်ဖြစ်တိုင်း တဒါရုံမကျနိုင်ပါ၊ တဒါရုံကျရန် ပြည့်စုံရမည့်အခြေအနေမျိုးမှာ – **''ကာမပုဂ္ဂိုလ်၊ ကာမဇောနှင့်ကာမအာရုံတို့ ၃ ချက်ပေါင်းဆုံမှ တဒါရုံဖြစ်၏''**

(၁) ကာမဘုံမှ ကာမပုဂ္ဂိုလ်တို့၌သာ တဒါရုံဖြစ်နိုင်၏၊ ပြဟ္မာများတွင် တဒါရုံမဖြစ်ပါ။

(၂) ကာမဇောစောသည့်ဝီထိများ၌သာ တဒါရုံဖြစ်နိုင်၏၊ အပ္ပနာဇောဝါရဝီထိများ၌ တဒါရုံမဖြစ်ပါ။

(၃) ကာမအာရုံကို ယူသောအခါ၌သာတဒါရုံဖြစ်၏၊ ကာမအာရုံမဟုတ်လျှင် တဒါရုံမဖြစ်ပါ။

(၄) ကာမအာရုံသည်လည်း အလွန်ထင်ရှားအားကြီးသည့် အတိမဟန္တာရုံ သို့မဟုတ် မနောဒွါရအတွက် ဝိဘူတာရုံဖြစ်မှသာ တဒါရုံဖြစ်ပါသည်။

ယေဘုယျအားဖြင့် ဥပေက္ခာဇောနှင့် ဒေါမနဿဇောတို့၏နောက်၌ ဥပေက္ခာတဒါရုံဖြစ်ပြီး လျှင် သောမနဿဇောတို့၏နောက်၌ သောမနဿတဒါရုံဖြစ်၏။

**၂၃။ ကာမဇောတို့သည် အဘယ်အခါများ၌ ၄ ကြိမ်၊ ၅ ကြိမ်၊ ၆ ကြိမ်၊ ၇ ကြိမ် စောကြပါသနည်း၊ အကြောင်းအလိုက် အသီးသီးဖြေဆိုပါ။** (၁၉၈၇၊ စမန ၁၁၄)

**အဖြေ** – ကာမဇောတို့သည် ၄ ကြိမ်၊ ၅ ကြိမ်၊ ၆ ကြိမ်၊ ၇ ကြိမ် စောကြသည့်အခါ များကို အကြောင်းအလိုက် ဖော်ပြရသော် –

(က) ဈာန်, မဂ်, ဖိုလ် အပ္ပနာဇောဝါရဝီထိများ၌ မဟာကုသိုလ်/ မဟာကြိယာဉာဏ သမ္ပယုတ်စိတ်သည် **ဥပစာရသမာဓိဇောအဖြစ် မန္ဒပညာပုဂ္ဂိုလ်၌ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ/ဝေါဒါန်ဟူ၍ ၄ ကြိမ်စော**ပါသည်။

(ခ) ဈာန်အရာ၌ ဝသီဘော်နိုင်နင်းသော ပုဂ္ဂိုလ်တို့အား **ဈာန်အင်္ဂါကို အလျင်အမြန်ဆင်ခြင်သည့် ပစ္စဝေက္ခဏာဇောတို့သည် ၄ ကြိမ် သို့မဟုတ် ၅ ကြိမ်** စောကြ၏။

(ဂ) သေခါနီးအခါ၌ ဟဒယဝတ္ထုအားနည်းသဖြင့် **မရဏာသန္နဇောသည် ၅ ကြိမ် စော၏။**

(ဃ) **ကာမဇောတို့သည် သာမန်အခါ၌ ၇ ကြိမ်စောလေ့ရှိကြ၏။ မွေးဖွားခါစ အလွန်အားနည်းသောအခါနှင့် မေ့မြောနေသောအခါတို့တွင် ဟဒယဝတ္ထု၏ အားနည်းမှုကြောင့် ၆ ကြိမ် သို့မဟုတ် ၅ ကြိမ်သာ စောကြ၏။** (ဤစာအုပ် စမန ၁၄၂ နံပါတ် ၂၀ အဖြေနှင့် တိုက်ကြည့်ပါ)

**၂၄။ မေးခွန်းစာရွက်ကို ကြည့်မြင်နိုက် စာဖြေသူ၌ ဖြစ်ပေါ်လျက်ရှိသော ဝီထိစိတ် အစဉ်ကို ရေးသားဖော်ပြပါ။** (၁၉၈၈၊ စမန ၉၆၊ ၉၇)

**အဖြေ – မေးခွန်းစာရွက်ကို ကြည့်မြင်နိုက် စာဖြေသူ၌ဖြစ်ပေါ်လျက်ရှိသော ဝီထိစိတ် အစဉ်မှာ**

''တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ''–ဘဝင်–

တီ = အတီတဘဝင် ၁ ကြိမ် (လွန်သွားသောဘဝင်စိတ်)

န = ဘဝင်္ဂစလန ၁ ကြိမ် (လှုပ်သွားသောဘဝင်)

ဒ = ဘဝင်္ဂုပစ္ဆေဒ ၁ ကြိမ် (ဘဝင်အစဉ်ပြတ်၏)

ပ = ပဉ္စဒွါရာဝဇ္ဇန်း ၁ ကြိမ် (အာရုံဆင်ခြင်နှလုံးသွင်း) ဝီထိစိတ်စဖြစ်၏။

စ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် ၁ ကြိမ် (မြင်သိစိတ်မြင်၏)

သံ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ် (အာရုံလက်ခံစိတ်)

ဏ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (အာရုံကိုစုံစမ်း၏)

ဝု = ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းစိတ် (အာရုံကောင်းမကောင်းဆုံးဖြတ်၏)

ဇော = ကာမဇော ၇ ကြိမ် (ယောနိသောမနသိကာရဖြစ်လျှင် မဟာကုသိုလ်ဇော၊ အယောနိသောမနသိကာရဖြစ်လျှင် အကုသိုလ်ဇော) (အာရုံအရသာခံစား)

ဒါ = တဒါရုံ (တဒါရုံ ၁၁ ပါးတွင်တစ်ပါးပါး) (ဇောနောက်လိုက်ပြီး အာရုံဆက်ခံစား)

**၂၅။ ဝိပယပ္ပဝတ္တိ ၆ မျိုးကို ပဉ္စဒွါရ–မနောဒွါရခွဲခြား၍ ဖော်ပြပါ။**

(၁၉၈၈၊ စမန ၉၄၊ ၉၅)

**အဖြေ** – ဤစာအုပ် စာမျက်နှာ ၁၄၀ နံပါတ် ၁၇ တွင် ဖြေပြထားပါသည်။

**၂၆။ ပုဂ္ဂိုလ် ၁၂ ယောက်ကို ရေတွက်ဖော်ပြ၍၊ ရဟန္တာပုဂ္ဂိုလ်များသည် မြတ်စွာဘုရား ကို ရှိခိုးရာဝယ် ကုသိုလ်ရကြပါသလား၊ ဖြေဆိုပြပါ။** (၁၉၈၈၊ စမန ၁၁၆၊ ၁၁၈)

**အဖြေ** – ပုဂ္ဂိုလ် ၁၂ ယောက်ဟူသည်မှာ ပုထုဇဉ်ပုဂ္ဂိုလ် ၄ ဦး၊ မဂ္ဂဋ္ဌာန်ခေါ် မဂ်ပုဂ္ဂိုလ် ၄ ဦး၊ ဖလဋ္ဌာန်ခေါ် ဖိုလ်ပုဂ္ဂိုလ် ၄ ပါး၊ ပေါင်း – ၁၂ ဦးဖြစ်ပါသည်။

**(က) ပုထုဇဉ်ပုဂ္ဂိုလ် ၄ ဦးမှာ**

(၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် = အပါယ်ဘုံသားများ၊

(၂) သုဂတိအဟိတ်ပုဂ္ဂိုလ် = လူစဉ်မမှီ နတ်စဉ်မမှီသူများ၊

(၃) ဒွိဟိတ်ပုဂ္ဂိုလ် = မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်နှင့် ပဋိသန္ဓေနေသောလူနတ်များ၊
(၄) တိဟိတ်ပုဂ္ဂိုလ် = မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်နှင့်ပဋိသန္ဓေနေသော လူ, နတ်, ဗြဟ္မာများ

**(ခ) မဂ္ဂဋ္ဌာန်ခေါ် မဂ်ပုဂ္ဂိုလ် ၄ ဦးမှာ**

(၅) သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ် = သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊
(၆) သကဒါဂါမိမဂ္ဂဋ္ဌပုဂ္ဂိုလ် = သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊
(၇) အနာဂါမိမဂ္ဂဋ္ဌပုဂ္ဂိုလ် = အနာဂါမိမဂ်ပုဂ္ဂိုလ်၊
(၈) အရဟတ္တမဂ္ဂဋ္ဌပုဂ္ဂိုလ် = အရဟတ္တမဂ်ပုဂ္ဂိုလ်၊

**(ဂ) ဖလဋ္ဌာန်ခေါ် ဖိုလ်ပုဂ္ဂိုလ် ၄ ဦးမှာ**

(၉) သောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ် = သောတာပန်၊
(၁၀) သကဒါဂါမိဖလဋ္ဌပုဂ္ဂိုလ် = သကဒါဂါမ်၊
(၁၁) အနာဂါမိဖလဋ္ဌပုဂ္ဂိုလ် = အနာဂါမ်၊
(၁၂) အရဟတ္တဖလဋ္ဌပုဂ္ဂိုလ် = ရဟန္တာ တို့ဖြစ်ပါသည်။

– ရဟန္တာပုဂ္ဂိုလ်များသည် မြတ်စွာဘုရားကို ရှိခိုးရာဝယ် မဟာကုသိုလ်စိတ်မဖြစ်ဘဲ မဟာကြိယာစိတ်များသာ ဖြစ်ပေါ်သည်။ ကြိယာစိတ်များသည် ဖြစ်သင့်၍ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်သွားကြသည့်အခါ ကံသတ္တိများကို မချန်ရစ်ခဲ့ပါ။ ကြိယာစိတ်များသည် ကံသတ္တိမရှိသည့် အဗျာကတတရားများ ဖြစ်ကြ၏။ ကုသိုလ်ကံမဖြစ်ပေါ်သည့်အတွက် ရဟန္တာများက မြတ်စွာဘုရားကိုရှိခိုးရာဝယ် ကုသိုလ်မရကြပါ။

**၂၇။ စိတ်တစ်ခုကို အဘိဓမ္မာနည်းအရ အသေးစိတ်လေ့လာပါက ရနိုင်သောအချက်သုံးချက်ကို တစ်ခုစီရေတွက်ပြပြီးလျှင် အဝိဘူတာရုံဝီထိ၌ ဖြစ်ခွင့်ရှိသောဝီထိစိတ်တို့ကိုလည်း အမည်ဖော်ပြပါ။** (၁၉၈၉၊ စမန ၉၂၊ အခြေပြုသင်္ဂြိုဟ် ၂၁၃)

**အဖြေ – စိတ်တစ်ခုကို အဘိဓမ္မာနည်းအရ အသေးစိတ်လေ့လာပါက** ရနိုင်သောအချက်သုံးချက်မှာ စိတ်တစ်ခုစီ၌ ဥပါဒ်–ဌီ–ဘင် (ဖြစ်–တည်–ပျက်)ဟု အခိုက်အတန့် ၃ မျိုးရှိခြင်းပင် ဖြစ်၏။

ဥပါဒ် = ဖြစ်ပေါ်လာမှု၊
ဌီ = ဖြစ်ပြီးနောက်တည်နေမှု၊
ဘင် = တည်ပြီးနောက်ပျက်စီးချုပ်ကွယ်မှု။

အတိုဆုံးအချိန်ကာလကို ''ခဏ'' ဟုခေါ်၏။ စိတ်၏ ဥပါဒ်ခိုက်ကာလကလေးကို 'ဥပါဒ်ခဏ' ဟုခေါ်၏၊ စိတ်၏တည်နေခိုက်ကာလကလေးကို ''ဌီခဏ''ဟု ခေါ်၏၊ စိတ်၏ ချုပ်ပျက်နေခိုက် ကာလကလေးကို ''ဘင်ခဏ''ဟုခေါ်၏။

ဤ''ဥပါဒ်ခဏ'', ''ဌီခဏ'', ''ဘင်ခဏ''ဟူသော ခဏငယ် ၃ ချက်ကို ခဏကြီး ၁ ချက် (ဝါ) စိတ္တက္ခဏ ၁ ချက်ဟုခေါ်၏။

ထို့ကြောင့် **စိတ်တစ်ခု၏အသက် = ခဏငယ် ၃ ချက် (ဝါ) စိတ္တက္ခဏ ၁ ချက်** ဖြစ်၏။

**– အဝိဘူတာရုံဝီထိ၌ ဖြစ်ခွင့်ရှိသော ဝီထိစိတ်တို့မှာ –**

အခြေပြုသင်္ဂြိုဟ်ကျမ်းအရ အဝိဘူတာရုံဝီထိဖြစ်ပုံမှာ –

''န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ''–ဘဝင်–

(ဆိုရိုး) မထင်ရှားသောအာရုံတစ်ပါးသည် မနောဒွါရ၌ထင်လာသည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော(၇)ကြိမ်ဖြစ်ပြီးလျှင် ဘဝင်ဖြစ်ထိုက်သမျှဖြစ်၏။

ထို့ကြောင့် ဝီထိစိတ်သည် မ = ဉပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်

ဇ = ကာမဇောစိတ် ၂၉ ပါးမှ တစ်ပါးပါးဖြစ်ပါသည်။

ကာမဇော ၂၉ ပါးတွင် အကုသိုလ်စိတ် ၁၂ ပါး၊ ဟသိတုပ္ပါဒ်စိတ်၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါးတို့ ပါဝင်ကြ၏။

✳ [**စာဖြေသူအထူးမှတ်ရန်** – အခြေပြုသင်္ဂြိုဟ်ကျမ်းအရ **ဝိဘူတာရုံဝီထိဖြစ်ပုံမှာ –** (ဆိုရိုး) ထင်ရှားသောအာရုံတစ်ပါးသည် မနောဒွါရ၌ထင်လာသည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော (၇)ကြိမ်, တဒါရုံ ၂ ကြိမ်ဖြစ်ပြီးလျှင် ဘဝင်စိတ် ဖြစ်ထိုက်သမျှဖြစ်၏။ ဝီထိပုံ – ''န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ''–ဘဝင်–

ထို့ကြောင့် ဝီထိစိတ်သည် မ = မနောဒွါရာဝဇ္ဇန်းစိတ်၊

ဇ = ကာမဇောစိတ် ၂၉ ပါးမှတစ်ပါးပါး၊

ဒါ = တဒါရုံစိတ် ၁၁ ပါးမှတစ်ပါးပါးဖြစ်၏။)

အခြေပြုသင်္ဂြိုဟ်တွင် ကာမဇော မနောဒွါရဝီထိသည် ဝိဘူတာရုံ၊ အဝိဘူတာရုံဟူ၍ ၂ မျိုးသာရှိသည်။ ဤအတိုင်း ဖြေပါ။]

**၂၈။ စိတ်၏စွမ်းအင်အထူးကို ရရှိထားကြသော ဈာနလာဘီပုဂ္ဂိုလ်များ အစဦးစွာဖြစ်စဉ် အခါဝယ် ပါဝင်ခဲ့သော ကာမဇောတို့၏အမည်နှင့် စိတ်သရုပ်တို့ကို အသီးသီးဖြေဆိုပါ။**

(၁၉၈၉၊ စမန ၁၀၆)

**အဖြေ** – စိတ်၏စွမ်းအင်အထူးကို ရရှိထားကြသော ဈာနလာဘီပုဂ္ဂိုလ်၏အစဦးစွာ ဈာန်ဝီထိပုံမှာ –

(မန္ဒပညာ) ''န–ဒ–မ–ပ–ဉ–နု–ဂေါ–ဈာန်''–ဘဝင်–

(တိက္ခပညာ) ''န–ဒ–မ–ဉ–နု–ဂေါ–ဈာန်''–ဘဝင်–ဘဝင်–

ဤဝီထိတို့တွင် ပ–ဉ–နု–ဂေါတို့သည် ဉပစာရသမာဓိဇောအမည်ရသည့် ကာမဇောများ ဖြစ်ကြ၏။

ပ = ပရိကမ် – အပ္ပနာဇော (ဈာန်ဇော) ဖြစ်ရန် ပြုပြင်စီရင်တတ်သောစိတ်၊

ဥ = ဥပစာ – အပ္ပနာဇောအနီး၌ဖြစ်သောစိတ်၊

နု = အနုလုံ – အောက်ပရိကမ်ဇောအားလည်းကောင်း၊ အထက်အပ္ပနာဇောအား လည်းကောင်း လျော်စွာဖြစ်သောစိတ်၊

ဂေါ = ဂေါတြဘု – ကာမအနွယ်ကိုဖြတ်၍ မဟဂ္ဂုတ်အနွယ်ကိုဖြစ်စေသောစိတ်၊

(မန္ဒပညာ) ဉာဏ်နှံ့သူ၌ – ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘုဟု ဥပစာရသမာဓိဇော ၄ ကြိမ်ဖြစ်၏၊

(တိက္ခပညာ) ဉာဏ်ထက်သူ၌ – ဥပစာ, အနုလုံ, ဂေါတြဘုဟု ဥပစာရသမာဓိဇော ၃ ကြိမ်ဖြစ်၏။

**ဝင်းကာမဇောသရုပ်မှာ –**

ပုထုဇဉ်နှင့်သေက္ခပုဂ္ဂိုလ်တို့၌ – မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊

ရဟန္တာပုဂ္ဂိုလ်၌ – မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ပါးတို့ ဖြစ်ကြ၏။

**၂၉။ (က) ချစ်သူကို မြင်သောအခါ (ခ) မုန်းသူကိုမြင်သောအခါတို့၌ ဖြစ်သော စက္ခုဝိညာဏ်(မြင်စိတ်)ချင်း ခြားနားပုံကို ရှင်းပြပြီးလျှင် လူ့လောကတွင် ''ဒေါသမ ရှိသောပုဂ္ဂိုလ်များ'' ရှိကောင်းပါက ထုတ်ပြပါ။** (၁၉၈၉၊ စမန ၃၀၊ ၃၁၊ ၁၁၈)

**အဖြေ** – (က) ချစ်သူကိုမြင်သောအခါ – အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် (မြင်သိစိတ်) ဖြစ်၏။

(ခ) မုန်းသူကိုမြင်သောအခါ – အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် ဖြစ်၏။

ချစ်သူကိုမြင်သောအခါ၌ မိမိ၏ကုသိုလ်ကံကြောင့် ဣဋ္ဌာရုံကိုမြင်ရသဖြင့် ကုသလဝိပါက် စက္ခုဝိညာဏ်(မြင်သိစိတ်)ဖြစ်၏။ မုန်းသူကိုမြင်သောအခါ၌ မိမိ၏အကုသိုလ်ကံကြောင့် အနိဋ္ဌာရုံမြင်ရသဖြင့် အကုသလဝိပါက်စက္ခုဝိညာဏ်ဖြစ်၏။ ထို့ကြောင့် ခြားနားခြင်းဖြစ်ပေါ် ပါသည်။

– လူ့လောကတွင် ''ဒေါသမရှိသောပုဂ္ဂိုလ်များ'' ရှိကောင်းပါသည်။

ထိုပုဂ္ဂိုလ်များသည် အနာဂါမ်ပုဂ္ဂိုလ်များနှင့် ရဟန္တာပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

**၃၀။ သင်္ကြိုဟ်ကျမ်းလာ ဝီထိ၏အဓိပ္ပါယ်ကို အဘိဓမ္မာစကားဖြင့် ရှင်းပြ၍၊ ပဉ္စဒွါရဝီထိ စိတ်၏ဝိသယပ္ပဝတ္တိများကိုလည်း ဆိုင်ရာလေးဝါရဖြင့် တွဲစပ်ပြပါ။**

(၁၉၉၀၊ စမန ၉၂၊ ၉၄၊ ၉၈၊ ၉၉၊ ၁၀၀)

**အဖြေ** – သင်္ကြိုဟ်ကျမ်းလာ ဝီထိ၏အဓိပ္ပါယ်ကို အဘိဓမ္မာစကားဖြင့် ရှင်းပြရသော် –

စက္ခုဒွါရ၌ ရူပါရုံလာတိုက်၍ အာရုံထင်လာသောအခါ ထိုအာရုံကိုမြင်သိဖို့အတွက် ''ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ''ဟူ၍ စိတ်အစဉ်အတန်း ဖြစ်ပေါ်၏။

ဤသို့ ဒွါရနှင့်အာရုံထိတိုက်၍ အာရုံထင်လာသောအခါ ထိုအာရုံကို သိဖို့ရန် ဖြစ်ပေါ်လာ

သော စိတ်အစဉ်အတန်း (ဝါ) စိတ်ဖြစ်စဉ်ကို ''ဝီထိ''ဟုခေါ်ပါသည်။

**– ပဥ္စဒွါရဝီထိစိတ်၏ဝိသယပွတ္တိများကို ဆိုင်ရာ ၄ ဝါရဖြင့် တွဲစပ်ပြရသော် –**

| **ပဥ္စဒွါရဝီထိစိတ်၏ဝိသယပွတ္တိ** | – | **ဆိုင်ရာ ၄ ဝါရ** |
|---|---|---|
| (၁) အတိမဟန္တာရုံ | – | တဒါလမ္ဗဏဝါရ |
| (၂) မဟန္တာရုံ | – | ဇဝနဝါရ |
| (၃) ပရိတ္တာရုံ | – | ဝုဋ္ဌောဝါရ |
| (၄) အတိပရိတ္တာရုံ | – | မောဃဝါရ |

**၃၁။ လောကတွင် ''စိတ်ရှည်သည် စိတ်တိုသည်''ဟု ပြောကြရာ၌ စိတ်၏သက်တမ်းသည် အဘိဓမ္မာသဘောအားဖြင့် မည်မျှရှည်လျားသည်ကို တွက်ချက်ပြ၍၊ ထိတ်လန့်ဖွယ်ရာအသံကို ကြားရသောအခါ သင့်သန္တာန်၌ ဖြစ်ပေါ်လာနိုင်သည့် ဝီထိစိတ်အစဉ်ကိုလည်း မှန်ကန်စွာရေးပြပါ။** (၁၉၉၀၊ စမန ၉၂၊ ၉၆၊ ၉၇)

**အဖြေ – စိတ်၏သက်တမ်းသည် အဘိဓမ္မာသဘောအားဖြင့် –**

စိတ်တစ်ခု၏ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏဟူသည့် ခဏငယ်သုံးချက် (ဝါ) စိတ္တက္ခဏ တစ်ချက် ဖြစ်ပါသည်။

စိတ်၏သက်တမ်း = ခဏငယ် ၃ ချက် (ဝါ) စိတ္တက္ခဏ ၁ ချက်

**– ထိတ်လန့်ဖွယ်ရာအသံကိုကြားရသောအခါ ဖြစ်ပေါ်လာသည့်ဝီထိစိတ်အစဉ်မှာ**

''တီ–န–ဒ–ပ–သော–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ''–ဘဝင်–

| | | |
|---|---|---|
| ပ | = | ပဥ္စဒွါရာဝဇ္ဇန်းစိတ် – အာရုံကိုဆင်ခြင်နှလုံးသွင်း၏၊ ဝီထိစိတ်စဖြစ်၏။ |
| သော | = | အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ် (ကြားသိစိတ်) |
| သံ | = | အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ် (အာရုံလက်ခံ) |
| ဏ | = | အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (အာရုံစုံစမ်း) |
| ဝု | = | ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းစိတ် (အာရုံကောင်းမကောင်းဆုံးဖြတ်) |
| ဇ | = | ဇော(၇)ကြိမ် – ဒေါမနဿသဟဂုတ် အသင်္ခါရိက ဒေါသမူစိတ် (၇)ကြိမ်၊ |
| ဒါ | = | တဒါရုံ – အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် (အာရုံဆက်ခံစား) |

**၃၂။ ကမ္မဋ္ဌာန်းတရားကို အစဦးဆုံးအားထုတ်သော (အာဒိကမ္မိက)ပုဂ္ဂိုလ်သန္တာန်၌ အဘယ်ဇောစိတ်များဖြစ်ပေါ်လာနိုင်ပါသနည်း ရှင်းပြ၍၊ ဤလောကဝယ် ဈာန်မဂ်ဖိုလ်မရထိုက်သောပုဂ္ဂိုလ်များကိုလည်းအကြောင်းနှင့်တကွ ဖော်ထုတ်ပြပါ။**

(၁၉၉၀၊ စမန ၁၀၆၊ ၁၀၉၊ ၁၁၁၊ ၁၁၇)

**အဖြေ** – ကမ္မဋ္ဌာန်းတရားကို အစဦးဆုံးအားထုတ်သော (အာဒိကမ္မိက)ပုဂ္ဂိုလ်သန္တာန်၌ ဖြစ်ပေါ်လာနိုင်သောဇောစိတ်များမှာ **– မဟဂ္ဂုတ်အပ္ပနာဇောဝါရဝီထိ၌ –**

မန္ဒပညာပုဂ္ဂိုလ် – ပရိကမ်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟူသည့် ဥပစာရသမာဓိဇော

ခေါ်သောမဟာကုသိုလ်ဉာဏသမ္ပယုတ် ဇောစိတ် ၄ ကြိမ်၊ ဈာန်ဇော
၁ ကြိမ်ဖြစ်၏။

တိက္ခပညာပုဂ္ဂိုလ် – ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟူသည့် မဟာကုသိုလ် ဉာဏသမ္ပယုတ်
ဇောစိတ် ၃ ကြိမ်နှင့် ဈာန်ဇော ၁ ကြိမ်ဖြစ်၏။

**– မဂ္ဂအပ္ပနာဇောဝါရဝီထိ၌ –**

မန္ဒပညာပုဂ္ဂိုလ် – ပရိကမ်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟူသည့် ဥပစာရသမာဓိဇော
ခေါ်သောမဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောစိတ် ၄ ကြိမ်၊ သောတာ
ပတ္တိမဂ်ဇော ၁ ကြိမ်၊ ဖိုလ်ဇော ၂ ကြိမ်ဖြစ်၏။

တိက္ခပညာပုဂ္ဂိုလ် – ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟူသည့် မဟာကုသိုလ် ဉာဏသမ္ပယုတ်
ဇောစိတ် ၃ ကြိမ်၊ သောတာပတ္တိမဂ်ဇော ၁ ကြိမ်၊ သောတာ
ပတ္တိဖိုလ်ဇော ၃ ကြိမ်ဖြစ်၏။

**ဤလောကဝယ် ဈာန်, မဂ်, ဖိုလ်မရထိုက်သောပုဂ္ဂိုလ်များမှာ –**

(၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ (၂) သုဂတိအဟိတ်ပုဂ္ဂိုလ်၊

(၃) ဒွိဟိတ်ပုဂ္ဂိုလ်တို့ဖြစ်ပါသည်။

အကြောင်းမှာ ဤပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်၌ အမောဟဟိတ်မပါသဖြင့် ပဋိသန္ဓေဉာဏ်ပညာမရှိသောကြောင့်ဖြစ်ပါသည်။ ပဋိသန္ဓေဉာဏ်ပညာပါသော တိဟိတ်ပုဂ္ဂိုလ်များ၌သာ ဈာန်, မဂ်, ဖိုလ်တို့ ဖြစ်နိုင်သည်။

**၃၃။ ဝီထိပိုင်းလာ ''ဝိသယပ္ပဝတ္တိ''ဟူသောစကား၏အဓိပ္ပါယ်ကို ရှင်းပြ၍၊ ယင်းဝိသယပ္ပဝတ္တိခြောက်ပါးသရုပ်ကိုလည်း ဖော်ထုတ်ရေးသားခဲ့ပါ။**

(၁၉၉၁၊ စမန ၉၄၊ ၉၅)

**အဖြေ – ဝီထိပိုင်းလာ ''ဝိသယပ္ပဝတ္တိ''ဟူသော စကား၏အဓိပ္ပါယ်မှာ –**

ဝိသယပ္ပဝတ္တိ = (ဝိသယ = အာရုံ + ပဝတ္တိ = ဖြစ်ခြင်း, ထင်လာခြင်း)
= ဒွါရတို့၌ အာရုံဖြစ်ခြင်း, ထင်လာခြင်းပင်တည်း။

ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိမှာ ဝီထိမုတ်စိတ်တို့၌ အခြားမဲ့အတိတ်ဘဝ၏ မရဏာသန္နနိမိတ်ဖြစ်သည့် ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ်တို့ ထင်လာခြင်းဖြစ်ပါသည်။

**ဝိသယပ္ပဝတ္တိ ၆ ပါး သရုပ်ကို ဖော်ထုတ်ရေးသားပြရသော်–**

(ဤစာအုပ် စာမျက်နှာ ၁၄၀ နံပါတ် ၁၇ တွင်ဖြေဆိုထားပါသည်၊ ကြည့်ပါ။)

**၃၄။ လူသားတို့၌ဖြစ်သော ဘဝင်စိတ်နှင့် ဝီထိစိတ်ဖြစ်ပုံကို ခွဲခြားပြ၍၊ စာဖြေသူ၏ မနောဒွါရ၌ ထင်ရှားသောအာရုံတစ်ခုထင်မြင်လာသောအခါ ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကိုလည်း မှန်ကန်အောင်ရေးသားခဲ့ပါ။**

(၁၉၉၁၊ စမန ၈၁၊ ၉၅၊ ဤစာအုပ် စမန ၁၄၆)

**အဖြေ – လူသားတို့၌ဖြစ်သော ဘဝင်စိတ်နှင့် ဝီထိစိတ်ဖြစ်ပုံကို ခွဲခြားပြရသော် –**

**ဘဝင်စိတ်သည်** ဤလက်ရှိဘဝကိုဖြစ်စေသော ဇနကကံ၏အကျိုးဝိပါက်စိတ်ဖြစ်သည်။ ဤဘဝကိုဖြစ်စေသော ဇနကကံက သောမနဿသဟဂုတ် အသင်္ခါရိက မဟာကုသိုလ်ကံ ဖြစ်လျှင် ၎င်းကံ၏အကျိုးဝိပါက်ဖြစ်သော သောမနဿသဟဂုတ် အသင်္ခါရိက မဟာဝိပါက် စိတ်သည် ပဋိသန္ဓေစိတ်မှ စုတိစိတ်အထိ တစ်ခုပြီးတစ်ခု အဆက်မပြတ်ဖြစ်နေလိမ့်မည်။ ပဋိသန္ဓေစိတ်နှင့် စုတိစိတ်အကြားရှိ ဇနကကံ၏အကျိုးဝိပါက်စိတ်များကို ''**ဘဝင်စိတ်များ**'' ဟု ခေါ်၏။

ဘဝင်စိတ်သည် အခြားမဲ့အတိတ်ဘဝ၏ မရဏာသန္နဇောယူခဲ့သည့် ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ်ဟူသော မရဏာသန္နနိမိတ်တစ်ပါးပါးကို အာရုံပြုပြီးလျှင် ဟဒယဝတ္ထုကို မှီ၍ ဖြစ်ပေါ်၏။

ဘဝင်စိတ်သည် လက်ရှိဘဝ၌ဖြစ်နေသော ရုပ်နာမ်ခန္ဓာအစဉ်တို့ကို အသက်ထက်ဆုံး မပြတ်မလပ်ရအောင်ဖြစ်စေခြင်းဟူသော ဘဝင်ကိစ္စကို ဆောင်ရွက်၏။ လက်ရှိဘဝ၏မနော ဒွါရ အဖြစ်လည်းဆောင်ရွက်၏။

ဘဝင်စိတ်သည် ဒွါရဝိမုတ်, ဝီထိဝိမုတ်ဖြစ်သည့်အတွက် ဘဝင်စိတ်ဖြစ်နေမှန်းကို ကျွန်ုပ်တို့မသိရပါ။ အိပ်ပျော်နေသည့်အခါနှင့် ဘာအာရုံကိုမျှမသိရသော နိုးနေသည့်ကာလ တို့၌ ဘဝင်စိတ်များဖြစ်ပေါ်ပြီး ဝီထိစိတ်များမဖြစ်ချေ။

ဘဝင်စိတ်တို့၏အကြားအကြား၌ ဒွါရတစ်ခုခုတွင် ဆိုင်ရာအာရုံထိတိုက်၍ အာရုံထင်လာ သောအခါ ထိုအာရုံကိုသိရန် ''ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ''စသည်ဖြင့် **ဝီထိစိတ်**အစဉ်ဖြစ်၏။ ဤစိတ်ဖြစ်စဉ်ဟူသော ဝီထိ၌ပါဝင် သောစိတ်များကို ''ဝီထိစိတ်များ''ဟုခေါ်ပါသည်။

**ဝီထိစိတ်များသည်** ဒွါရ၌ထင်ဆဲအာရုံကို အာရုံပြုကြ၏။ ပဉ္စဝိညာဏ်ဝီထိစိတ်တို့က ပဉ္စဝတ္ထုအသီးသီးကိုမှီကြ၏၊ မနောဝိညာဏ်ဝီထိစိတ်တို့က ဟဒယဝတ္ထုကို မှီကြ၏။ ဝီထိ ပြီးဆုံးသောအခါ ဘဝင်စိတ်များက ဖြစ်နေကျအတိုင်းဆက်ဖြစ်၏။ ဒွါရ ၆ ပါးတို့တွင် အာရုံအသီးသီးထင်လာသောအခါ၌ ဝီထိစိတ်များဖြစ်ပြန်၏။ ဝီထိပြီးဆုံးသောအခါ ဘဝင်စိတ် ဆက်ဖြစ်၏။

ဤသို့လျှင် ဘဝင်စိတ်များနှင့် ဝီထိစိတ်များသည် တစ်သက်တာပတ်လုံး ဖြစ်ပျက်နေကြ၏။

**– မနောဒွါရ၌ ထင်ရှားသောအာရုံတစ်ခု ထင်မြင်လာသောအခါ ဝိဘူတာရုံဝီထိဖြစ်ပြီး ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်မှာ –**

'' န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ'' –ဘဝင်–

န = ဘဝင်္ဂစလန – လှုပ်သွားသောဘဝင်၊

ဒ = ဘဝင်္ဂုပစ္ဆေဒ – ပြတ်စဲသောဘဝင်၊

မ = မနောဒွါရာဝဇ္ဇန်းစိတ် – အာရုံကိုနှလုံးသွင်းဆင်ခြင်ပြီး ကောင်းမကောင်း ဆုံးဖြတ်၏။

ဓ = ကာမဇော ၂၉ ပါးမှတစ်ပါးပါးသည် (၇)ကြိမ် – အာရုံ၏အရသာကို ခံစား၏။

ဒါ = တဒါရုံ စိတ် ၁၁ ပါးမှ တစ်ပါးပါးသည် ၂ ကြိမ် – အာရုံ၏အရသာကို ဆက်ခံစား၏။

**၃၅။ ဇောနောင်တဒါရုံကျနိုင်သောအင်္ဂါရပ်များကို ဖော်ပြ၍၊ သုံးဆယ့်တစ်ဘုံတွင် စိတ်, စေတသိက်အလျင်းမရှိသော ဘုံကိုလည်း ညွှန်ပြခဲ့ပါ။**

(၁၉၉၁၊ စမန ၁၁၄၊ ၁၂၁)

**အဖြေ – ဇောနောင်တဒါရုံကျနိုင်သောအင်္ဂါရပ်များမှာ –**

(၁) ကာမပုဂ္ဂိုလ်၊ (၂) ကာမဇော၊ (၃) အတိမဟန္တာရုံနှင့်ဝိဘူတာရုံဖြစ်သော ကာမအာရုံ၊ ဤသုံးချက်ပေါင်းဆုံမှ တဒါရုံဖြစ်နိုင်ပါသည်။ (စမန ၁၄၃ နံပါတ် ၂၂ အဖြေကြည့်ပါ)

**– ၃၁ ဘုံတွင် စိတ်,စေတသိက်အလျင်းမရှိသောဘုံသည် အသညသတ်ဘုံဖြစ်ပါသည်။**

**၃၆။ ဝီထိမုတ်စိတ်တို့၏ဝိသယပ္ပဝတ္တိများကို ဖော်ပြ၍၊ စာဖြေသူ၏စိတ်ဝိညာဉ်နှင့် ဆက်စပ်လျက်ဖြစ်ပေါ်လာနိုင်သော ဝီထိ ၆ မျိုးတို့၏အမည်နာမများကိုလည်း ဖြေဆိုပါ။**

(၁၉၉၂၊ စမန ၉၅၊ ၉၃)

**အဖြေ – ဝီထိမုတ်စိတ်တို့၏ဝိသယပ္ပဝတ္တိများမှာ –**

ဝီထိမုတ်စိတ်များဖြစ်ကြသော ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့၌ အခြားမဲ့သည့် အတိတ်ဘဝ၏မရဏာသန္နနိမိတ်ဖြစ်သော

(၁) ကံနိမိတ် (၂) ကမ္မနိမိတ် (၃) ဂတိနိမိတ်

အာရုံထင်ခြင်း ၃ မျိုးကို ဝီထိမုတ်စိတ်တို့၏ဝိသယပ္ပဝတ္တိ ၃ ပါးဟု ခေါ်ပါသည်။

– စာဖြေသူ၏စိတ်ဝိညာဉ်နှင့် ဆက်စပ်လျက်ဖြစ်ပေါ်လာနိုင်သော ဝီထိ ၆ မျိုး၏အမည် များမှာ –

(၁) စက္ခုဝိညာဏဝီထိ
(၂) သောတဝိညာဏဝီထိ
(၃) ဃာနဝိညာဏဝီထိ
(၄) ဇိဝှာဝိညာဏဝီထိ
(၅) ကာယဝိညာဏဝီထိ
(၆) မနောဝိညာဏဝီထိ တို့ဖြစ်ပါသည်။

**၃၇။ ဤမေးခွန်းလွှာကိုကြည့်ရှုနေခိုက် စာဖြေသူ၏သန္တာန်ဝယ် ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို တိကျမှန်ကန်စွာရေးသားဖြေဆို၍ ဝီထိစိတ်လုံးဝမဖြစ်သော ဝီထိ၏အမည်ကိုလည်း ညွှန်ပြပါ။**

(၁၉၉၂၊ စမန ၉၆၊ ၉၇၊ ၉၉)

**အဖြေ** – ဤမေးခွန်းလွှာကိုကြည့်ရှုနေခိုက် စာဖြေသူ၏သန္တာန်ဝယ် ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်မှာ **–**

''တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဓ–ဓ–ဓ–ဓ–ဓ–ဓ–ဓ–ဒါ–ဒါ''–ဘဝင်–

တီ = အတီတဘဝင် = လွန်လေပြီးသောဘဝင်စိတ်၊

န = ဘဝင်္ဂစလန = လှုပ်သွားသောဘဝင်စိတ်

ဒ = ဘဝင်္ဂုပစ္ဆေဒ = ပြတ်စဲသောဘဝင်စိတ်

ပ = ပဉ္စဒွါရာဝဇ္ဇန်း = အာရုံကိုဆင်ခြင်နှလုံးသွင်းသောစိတ်၊ ဝီထိစိတ်စ၏။

စ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် = မြင်သိစိတ်၊

သံ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်း = အာရုံလက်ခံစိတ်

ဏ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ = အာရုံစုံစမ်းစိတ်၊

ဝု = ဝုဋ္ဌောခေါ် မနောဒွါရဝဇ္ဇန်းစိတ် = အာရုံကောင်းမကောင်းဆုံးဖြတ်၊

ဇ = ဇော ၇ ကြိမ် – ဥပေက္ခာသဟဂုတ်ဉာဏသမ္ပယုတ်အသင်္ခါရိကမဟာကုသိုလ်စိတ်

ဒါ = တဒါရုံ ၂ ကြိမ် – ဥပေက္ခာသဟဂုတ်ဉာဏသမ္ပယုတ်အသင်္ခါရိကမဟာ ဝိပါက်စိတ်။

**– ဝီထိစိတ်လုံးဝမဖြစ်သောဝီထိသည် အတိပရိတ္တာရုံဝီထိဖြစ်ပါသည်။**

**၃၈။ အရိယာပုဂ္ဂိုလ်တို့၏ကိုယ်ပိုင်စိတ်တို့ကို ဆိုင်ရာပုဂ္ဂိုလ်နှင့်တွဲစပ်ဖော်ပြ၍ နိရောဓသမာပတ်ဝင်စားခါနီးမှာ စောသည့်ဇောနှင့် စောသည့်အရေအတွက်အကြိမ်ကိုလည်း ဖြေဆိုပါ။** (၁၉၉၂၊ စမန ၉၆၊ ၉၇၊ ၁၁၃)

**အဖြေ** – အရိယာပုဂ္ဂိုလ်တို့၏ကိုယ်ပိုင်စိတ်တို့ကို ဆိုင်ရာပုဂ္ဂိုလ်နှင့်တွဲစပ်ပြရသော်–

| **အရိယာပုဂ္ဂိုလ်** | | **ကိုယ်ပိုင်စိတ်** |
|---|---|---|
| (၁) သောတာပတ္တိမဂ်ပုဂ္ဂိုလ် | – | သောတာပတ္တိမဂ်စိတ်၊ |
| (၂) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် | – | သောတာပတ္တိဖိုလ်စိတ်၊ |
| (၃) သကဒါဂါမိမဂ်ပုဂ္ဂိုလ် | – | သကဒါဂါမိမဂ်စိတ်၊ |
| (၄) သကဒါဂါမိဖိုလ်ပုဂ္ဂိုလ် | – | သကဒါဂါမိဖိုလ်စိတ်၊ |
| (၅) အနာဂါမိမဂ်ပုဂ္ဂိုလ် | – | အနာဂါမိမဂ်စိတ်၊ |
| (၆) အနာဂါမိဖိုလ်ပုဂ္ဂိုလ် | – | အနာဂါမိဖိုလ်စိတ်၊ |
| (၇) အရဟတ္တမဂ်ပုဂ္ဂိုလ် | – | အရဟတ္တမဂ်စိတ်၊ |
| (၈) အရဟတ္တဖိုလ်ပုဂ္ဂိုလ် | – | အရဟတ္တဖိုလ်စိတ်၊ |

**– နိရောဓသမာပတ်ဝင်စားခါနီးမှာ စောသည့်ဇောနှင့်စောသည့်အကြိမ်တို့မှာ –**

အနာဂါမ်ဖြစ်လျှင် – နေဝသညာ နာသညာယတနကုသိုလ်ဇောစိတ် – ၂ ကြိမ်စော၏။

ရဟန္တာဖြစ်လျှင် – နေဝသညာ နာသညာယတနကြိယာဇောစိတ် – ၂ ကြိမ်စော၏။

**၃၉။ ဝီထိစိတ်တို့၏အာရုံဖြစ်သော ဝိသယပ္ပဝတ္တိများကို အဓိပ္ပါယ်များနှင့်တကွဖော်ပြ၍ ဝီထိစိတ်တိုင်း တဒါရုံမဖြစ်ခြင်းအကြောင်းကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။**

(၁၉၉၃၊ စမန ၉၄၊ ၉၅၊ ၁၁၄)

**အဖြေ – ဝီထိစိတ်တို့၏အာရုံဖြစ်သော ဝိသယပ္ပဝတ္တိများနှင့် အဓိပ္ပါယ်တို့မှာ –**

**(က) ပဉ္စဒွါရဝီထိစိတ်တို့၏ ပဉ္စဒွါရဝိသယပ္ပဝတ္တိများနှင့်အဓိပ္ပါယ်**

(၁) အတိမဟန္တာရုံ – အလွန်ထင်ရှားအားကြီးသောအာရုံ ၅ ပါး၊ အာရုံထင်သည်မှ အလွန်များသောစိတ္တက္ခဏရှိသောအာရုံ။

(၂) မဟန္တာရုံ – သင့်ရုံထင်ရှားအားကြီးသောအာရုံ၊ အာရုံထင်သည်မှ သင့်ရုံများသော စိတ္တက္ခဏရှိသောအာရုံ။

(၃) ပရိတ္တာရုံ – မထင်ရှားအားနည်းသောအာရုံ၊ အာရုံထင်သည်မှ နည်းသောစိတ္တက္ခဏ ရှိသောအာရုံ။

(၄) အတိပရိတ္တာရုံ – အလွန်မထင်ရှားအားနည်းသောအာရုံ၊ အာရုံထင်သည်မှ အလွန် နည်းသော စိတ္တက္ခဏရှိသောအာရုံ။

**(ခ) မနောဒွါရဝိသယပ္ပဝတ္တိများနှင့်အဓိပ္ပါယ်များ**

(၅) ဝိဘူတာရုံ – မနောဒွါရ၌ထင်ထင်ရှားရှားဖြစ်သောအာရုံ၊

(၆) အဝိဘူတာရုံ – မနောဒွါရ၌မထင်မရှားဖြစ်သောအာရုံ၊

– **ဝီထိစိတ်တိုင်း တဒါရုံမဖြစ်ခြင်းအကြောင်းမှာ** – တဒါကျနိုင်သောအင်္ဂါ ၃ ရပ်နှင့် ပြည့်စုံမှ တဒါရုံဖြစ်နိုင်ခြင်းကြောင့်ဖြစ်၏။ ၎င်းအင်္ဂါ ၃ ရပ်မှာ –

(၁) ကာမပုဂ္ဂိုလ်ဖြစ်ခြင်း၊ (၂) ကာမဇောစောသောအခါဖြစ်ခြင်း

(၃) အတိမဟန္တာရုံ/ဝိဘူတာရုံဖြစ်သော ကာမအာရုံဖြစ်ခြင်းတို့တည်း။

ဤအင်္ဂါ ၃ ပါးမပြည့်စုံလျှင် တဒါရုံမဖြစ်ပါ။

**၄၀။ ယခုခေတ်အသက်ရာကျော်ရှည်သော ပုဂ္ဂိုလ်တို့၏စိတ်နှင့်ရုပ်တို့သည် ထိုပုဂ္ဂိုလ်၏ အသက်နှင့်အမျှ ရှည်ပါသလော၊ ယင်းတို့၏သက်တမ်းကို ဝီထိသဘောအရ ဖြေဆိုခဲ့ပါ။** (၁၉၉၃၊ စမန ၉၂၊ ၁၄၈၊ ၁၄၉)

**အဖြေ** – ယခုခေတ်အသက်ရာကျော်ပုဂ္ဂိုလ်တို့၏စိတ်နှင့်ရုပ်တို့သည် ထိုပုဂ္ဂိုလ်တို့၏ အသက် နှင့်အမျှ မရှည်ကြပါ။ စိတ်နှင့်ရုပ်တို့၏သက်တမ်းသည် ဝီထိသဘောအရ–

(၁) **စိတ်၏အသက်** = စိတ္တက္ခဏ ၁ ချက်
= စိတ်၏ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏဟူသောခဏငယ် ၃ ချက်။

(၂) **ရုပ်၏အသက်** = စိတ္တက္ခဏ ၁၇ ချက် (စိတ်အသက်၏ ၁၇ ဆ)
= ခဏငယ် ၅၁ ချက် ( ၁၇ × ၃ = ၅၁ ချက်)

ဝိညတ်ရုပ် ၂ ပါး၊ လက္ခဏာရုပ် ၄ ပါး၊ ပရိစ္ဆေဒရုပ်တို့ကိုကြဉ်သော ရုပ် ၂၁ ပါး တို့၏ သက်တမ်းသည်သာ စိတ္တက္ခဏ ၁၇ ချက်ရှိပါသည်။

ဝိညတ်ရုပ် ၂ ပါး၏အသက် = စိတ္တက္ခဏ ၁ ချက် = ခဏငယ် ၃ ချက်၊

ဥပစယရုပ်, သန္တတိရုပ်တို့၏အသက် = စိတ်၏ဥပါဒ်ခဏ ၁ ချက်။

ဇရတာရုပ်၏အသက် = ခဏငယ် ၄၉ ချက်၊

အနိစ္စတာရုပ်၏အသက် = စိတ်၏ဘင်ခဏ ၁ ချက်တို့ဖြစ်ပါသည်။

**၄၁။ စာဖြေရှင်သည် ဤမေးခွန်းလွှာကို မိမိလက်ဖြင့်ထိတွေ့လိုက်စဉ် စိတ်သန္တာန်၌ ဖြစ်ပေါ်လာသောဝီထိစိတ်အစဉ်ကို မမှားအောင်ရေးပြ၍ ဝီထိစိတ်မဖြစ်သော ပုဂ္ဂိုလ်ကိုလည်း ညွှန်ပြခဲ့ပါ။** (၁၉၉၃၊ စမန ၉၆၊ ၉၇)

**အဖြေ** – စာဖြေရှင်သည် ဤမေးခွန်းလွှာကို မိမိလက်ဖြင့်ထိတွေ့လိုက်စဉ် စိတ်သန္တာန်၌ ဖြစ်ပေါ်လာသောဝီထိစိတ်အစဉ်မှာ –

''တီ–န–ဒ–ပ–ကာ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ'' –ဘဝင်–

တီ = အတီတဘဝင် = လွန်လေပြီးသောဘဝင်စိတ်၊

န = ဘဝင်္ဂစလန = လှုပ်သွားသောဘဝင်စိတ်၊

ဒ = ဘဝင်္ဂုပစ္ဆေဒ = ပြတ်စဲသောဘဝင်စိတ်၊

ပ = ပဉ္စဒွါရာဝဇ္ဇန်း = အာရုံကိုဆင်ခြင်နှလုံးသွင်းသောစိတ်၊ ဝီထိစိတ်စတင်၏။

ကာ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် ကာယဝိညာဏ် = ထိသိစိတ်၊

သံ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ် = အာရုံလက်ခံ၊

ဏ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် = အာရုံစုံစမ်း၊

ဝု = ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းစိတ် = အာရုံကောင်းမကောင်းဆုံးဖြတ်၊

ဇ = ဇော ၇ ကြိမ်၊ သင့်တင့်စွာနှလုံးသွင်းလျှင် မဟာကုသိုလ်ဇောစိတ် ၇ ကြိမ်ဖြစ်၏။ သင့်တင့်လျောက်ပတ်စွာနှလုံးမသွင်းလျှင် အကုသိုလ်ဇောစိတ် ၇ ကြိမ်ဖြစ်၏။

ဒါ = တဒါရုံ ၂ ကြိမ်၊ ဥပေက္ခာတဒါရုံစိတ် ၅ ပါးအနက် ၁ ပါးပါးသည် ၂ ကြိမ် ဖြစ်၏။

**– ဝီထိစိတ်မဖြစ်သောပုဂ္ဂိုလ်များမှာ –**

(၁) ရုပ်သာရှိပြီး နာမ်မရှိသော အသညသတ်ဗြဟ္မာများ (သုဂတိအဟိတ်ပုဂ္ဂိုလ်)၊

(၂) အိပ်ပျော်နေသော ပုဂ္ဂိုလ်၊ သတိလစ်၍ မေ့မျောနေသောပုဂ္ဂိုလ်များ၌ ဘဝင်စိတ်များသာဖြစ်နေ၏။ ဝီထိစိတ်မဖြစ်ပါ။

(၃) နိရောဓသမာပတ်ဝင်စားနေသောပုဂ္ဂိုလ်များ (စိတ်စေတသိက်ချုပ်ငြိမ်းနေ၏)။

**၄၂။ ရဟန္တာပုဂ္ဂိုလ်တို့သည် အဘယ်ကြောင့်ကုသိုလ်မရ၊ ငရဲမကြီးပါသနည်း၊ အကြောင်းပြဖြေဆို၍၊ ယင်းပုဂ္ဂိုလ်တို့ ရရှိအပ်သောဝီထိစိတ်တို့ကိုလည်း ရေတွက်ပြပါ။**

(၁၉၉၃၊ စမန ၁၁၂၊ ၁၁၈)

**အဖြေ** – ရဟန္တာတို့သည် မဂ်ဉာဏ် ၄ ပါးဖြင့် ကိလေသာအားလုံးကို ပယ်ပြီးဖြစ်၍ မကောင်းမှုဒုစရိုက်များကို မပြုလုပ်တော့ပါ။ အကုသိုလ်စိတ် ၁၂ ပါးလည်း မဖြစ်တော့ပါ။ ထို့ကြောင့် ငရဲမကြီးတော့ပါ။

ကုသိုလ်ကောင်းမှုများကိုကား ပြုသင့်ပြုထိုက်၍ ပြုလုပ်ကြပါသည်။ သို့သော် အဝိဇ္ဇာ အနုသယမရှိသဖြင့် ကုသိုလ်စိတ်မဖြစ်တော့ဘဲ ကြိယာစိတ်များသာ ဖြစ်သည်။ ကြိယာစိတ်များသည် ပြုကာမျှသဘောဖြစ်၍ ဖြစ်ပြီးလျှင်ချုပ်ငြိမ်းသွားကြ၏၊ ကံအစွမ်းသတ္တိမကျန်ရစ်ပါ။

ကံသတ္တိလည်းမရှိပါ။ ထို့ကြောင့် ရဟန္တာတို့ ကုသိုလ်ပြုလျှင် ကုသိုလ်မရပါ။

ရဟန္တာပုဂ္ဂိုလ်တို့ရရှိအပ်သော ဝီထိစိတ်တို့မှာ –

| | | |
|---|---|---|
| အဟိတ်စိတ် | = | ၁၈ ပါး၊ |
| မဟာဝိပါက်စိတ် | = | ၈ ပါး၊ |
| မဟာကြိယာစိတ် | = | ၈ ပါး၊ |
| မဟဂ္ဂုတ်ကြိယာစိတ် | = | ၉ ပါး၊ |
| အရဟတ္တဖိုလ်စိတ် | = | ၁ ပါး၊ |
| ပေါင်း – စိတ် | = | ၄၄ ပါး ဖြစ်ပါသည်။ |

(ဈာန်မရလျှင် မဟဂ္ဂုတ်ကြိယာစိတ်များကို မရပါ)

**၄၃။ တရားတော်သံကို ရှိသေစွာ နာယူနေသူသန္တာန်၌ဖြစ်သော ဝီထိစိတ်အစဉ်ကို သိသာရုံဖော်ပြ၍ ယင်းဝီထိစိတ်တို့၏တာဝန်အသီးသီးဆောင်ရွက်ပုံကိုလည်း အဘိဓမ္မာအမြင်ဖြင့် ရှင်းပြပါ။** (၁၉၉၄၊ စမန ၉၆၊ ၉၇၊ ၈၃)

**အဖြေ** – တရားတော်သံကို ရှိသေစွာ နာယူနေသူသန္တာန်၌ဖြစ်သော ဝီထိစိတ်အစဉ်မှာ–

''တီ–န–ဒ–ပ–သော–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ'' –ဘဝင်–

တီ = အတီတဘဝင် – အာရုံနှင့်ပြိုင်ဥပါဒ်၏၊
န = ဘဝင်္ဂစလန – အာရုံထင်လာသဖြင့်ဘဝင်လှုပ်၏၊
ဒ = ဘဝင်္ဂုပစ္ဆေဒ – ဘဝင်အစဉ်ပြတ်၏။ } ဝီထိမုတ်စိတ်

ပ = ပဉ္စဒွါရာဝဇ္ဇန်း – အာရုံကိုနှလုံးသွင်းဆင်ခြင်၏ – အာဝဇ္ဇန်းကိစ္စပြု၊ ဝီထိစိတ်စ၏၊

သော = အဟိတ်ကုသလဝိပါက် ဥပေက္ခာသောတဝိညာဏ်–သဝနကိစ္စ–ကြားသိတာဝန်ပြု၏။

သံ = အဟိတ်ကုသလဝိပါက် ဥပေက္ခာ သမ္ပဋိစ္ဆိုန်းစိတ် – အာရုံလက်ခံသည့် သမ္ပဋိစ္ဆိုန်းတာဝန်ဆောင်ရွက်၏၊

ဏ = အဟိတ်ကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ် – အာရုံစုံစမ်းသည့်သန္တီရဏ တာဝန်ကိုဆောင်ရွက်၏။

ဝု = ဝုဋ္ဌောခေါ်မနောဒွါရာဝဇ္ဇန်းစိတ်၊ အာရုံကောင်းမကောင်းဆုံးဖြတ်သည့် ဝုဋ္ဌောတာဝန်ကို ဆောင်ရွက်၏

ဇ = ဇော ၇ ကြိမ်၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကမဟာကုသိုလ်စိတ်၊ အာရုံအရသာခံစားသည့် ဇောကိစ္စကိုဆောင်ရွက်၏။

ဒါ = တဒါရုံ ၂ ကြိမ်၊ သောမနဿတဒါရုံ ၅ ပါးမှတစ်ပါးပါး၊ အာရုံအရသာဆက်ခံစားသည့် တဒါရုံကိစ္စကိုဆောင်ရွက်၏။

**၄၄။ ကြို့တင်ပြင်ဆင်မှု(ပရိကံ)ရှိမှ ရည်မှန်းချက်ပန်းတိုင်သို့ အလွယ်တကူ ရောက်နိုင်ကြရာ ပရိကံအရကို အရှင်အနုရုဒ္ဓါအလိုကျ ဖော်ပြ၍၊ ပရိကံသည် ဥပေက္ခာကုသိုလ်**

**ဖြစ်ခဲ့သော် ယင်း၏နောက်၌ဖြစ်ပေါ်လာနိုင်သော ဈာန်–မဂ်–ဖိုလ်တို့ကိုလည်း ရေတွက်ပြပါ။**
(၁၉၉၄၊ စမန ၁၀၆၊ ၁၀၈၊ ၁၁၁၊ ၁၁၂)

**အဖြေ** – ကြိုတင်ပြင်ဆင်မှု(ပရိကံ)ရှိမှ ရည်မှန်းချက်ပန်းတိုင်သို့ အလွယ်တကူ ရောက်နိုင်ကြရာ ပရိကံအရကို အရှင်အနုရုဒ္ဓါအလိုကျ ဖော်ပြရသော်–

အပ္ပနာဇောဝါရဝီထိများ၌ ဈာန်, မဂ်, ဖိုလ်ဇောများဖြစ်ပေါ်ရန်အတွက် မဟာကုသိုလ်/ မဟာကြိယာဉာဏသမ္ပယုတ်စိတ်သည် ဥပစာရသမာဓိဇောအဖြစ်

မန္ဒပညာ(ဉာဏ်နုံ့သူ)၌ – ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု ဟု ၄ ကြိမ်၊

တိက္ခပညာ(ဉာဏ်ထက်သူ)၌ – ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ၃ ကြိမ် ကြိုတင်ဖြစ်ပေးကြရ၏။

**ပရိကံ** = အပ္ပနာဇော (ဈာန်, မဂ်, ဖိုလ်)ဖြစ်ရန် ပြုပြင်စီရင်တတ်သောစိတ်၊

ဥပစာ = အပ္ပနာဇောအနီး၌ဖြစ်သောစိတ်

အနုလုံ = အောက်ပရိကံဇောအားလည်းကောင်း၊ အထက်အပ္ပနာဇောအား လည်းကောင်း လျော်စွာဖြစ်သောစိတ်၊

ဂေါတြဘု = ကာမအနွယ်ကိုဖြတ်၍ မဟဂ္ဂုတ်အနွယ်ကိုဖြစ်စေသောစိတ်၊ (သို့) ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ဖြစ်စေသောစိတ်။

ထို့ကြောင့် ပရိကံအရသည် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ ပါးတို့ ဖြစ်ပါသည်။

– ပရိကံသည် ဥပေက္ခာကုသိုလ်ဖြစ်ခဲ့သော် ယင်း၏နောက်၌ ဖြစ်ပေါ်လာနိုင်သော ဈာန်–မဂ်–ဖိုလ်ဇောတို့ကို ရေတွက်ပြရသော် –

| | | |
|---|---|---|
| ရူပါဝစရပဉ္စမဈာန်ကုသိုလ်စိတ် | = | ၁ ပါး၊ |
| အရူပါဝစရ ပ–ဒု–တ–စတုတ္ထဈာန်ကုသိုလ်စိတ် | = | ၄ ပါး |
| လောကုတ္တရာဥပေက္ခာမဂ်စိတ် | = | ၄ ပါး၊ |
| လောကုတ္တရာဥပေက္ခာ ဖိုလ်စိတ် | = | ၄ ပါး၊ |
| စုစုပေါင်း – ဇောစိတ် | = | ၁၃ ပါးဖြစ်ပါသည်။ |

**၄၅။ စက်ဆုပ်ဖွယ်မစင်ကို တွေ့မြင်ရသောခွေးကလေး၏သန္တာန်၌ဖြစ်သော ဝီထိစိတ်၊ ဝီထိမုတ်စိတ်တို့ကို တိကျစွာညွှန်းပြ၍၊ ယင်းခွေးကလေးသေခါနီး၌ ဇောစိတ်အကြိမ်မည်မျှ ဖြစ်သည်ကိုလည်း အကြောင်းပြဖြေပါ။**
(၁၉၉၄ စမန ၉၆၊ ၉၇၊ ၉၅၊ ၁၁၄)

**အဖြေ** – စက်ဆုပ်ဖွယ်မစင်ကိုတွေ့မြင်ရသောခွေးကလေး၏သန္တာန်၌ဖြစ်သော **ဝီထိစိတ်တို့မှာ** – အနိဋ္ဌအာရုံဖြစ်သဖြင့်

ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁ = အာရုံကိုဆင်ခြင်သည့်အာဝဇ္ဇန်းကိစ္စပြု၊

အကုသလဝိပါက် ဥပေက္ခာစက္ခုဝိညာဏ် ၁ = အာရုံကိုမြင်သည့်ဒဿနကိစ္စပြု၊

အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ၁ = အာရုံလက်ခံသည့်ကိစ္စဆောင်ရွက်၊
အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁ – အာရုံကိုစုံစမ်း–သန္တီရဏကိစ္စ၊
ဝုဋ္ဌောခေါ် ဥပေက္ခာ မနောဒွါရာဝဇ္ဇန်းစိတ် ၁ – ဝုဋ္ဌောကိစ္စဆောင်ရွက်၏။
အကုသိုလ်ဇောစိတ် (ဒေါသမူ/လောဘမူ) ၇ ကြိမ် – ဇောကိစ္စဆောင်ရွက်၏။
အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ် ၂ ကြိမ် – တဒါရုံကိစ္စဆောင်ရွက်၏။

**ဝီထိမုတ်စိတ်တို့မှာ–**

| | |
|---|---|
| အတီတဘဝင်စိတ် | ၁ ကြိမ် |
| ဘဝင်္ဂစလန | ၁ ကြိမ် |
| ဘဝင်္ဂုပစ္ဆေဒ | ၁ ကြိမ်တို့ဖြစ်ပါသည်။ |

ဝီထိမဖြစ်မီနှင့် ဝီထိဖြစ်ပြီးသည့်နောက် ဘဝင်စိတ်များသာဖြစ်၏။ ခွေး၏ဘဝင်စိတ်သည် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြစ်၏။

**– ခွေးကလေးသေခါနီး၌ မရဏာသန္နဇောစိတ် ၅ ကြိမ်ဖြစ်မည်။**

**၄၆။ ရူပပြဟ္မာဘုံ၌ဖြစ်ခွင့်ရှိသော ဝီထိစိတ်သရုပ်ကိုဖော်ထုတ်ပြ၍ အရိယာပုဂ္ဂိုလ်များ မဖြစ်ရာဘုံဌာနကိုလည်း ရေးပါ။** (၁၉၉၄၊ စမန ၁၁၅၊ ၁၂၂)

**အဖြေ** – ရူပပြဟ္မာဘုံ၌ ဃာနဝိညာဏ်ဒွေ၊ ဇိဝှာဝိညာဏ်ဒွေ၊ ကာယဝိညာဏ်ဒွေဟူသော စိတ် ၆ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ဒေါသမူစိတ် ၂ ပါး၊ အရူပဝိပါက်စိတ် ၄ ပါး၊ ပေါင်း – စိတ် ၂၀ ပါးကြဉ်သော စိတ် ၆၉ ပါးဖြစ်၏။ ၎င်းတို့အနက် ရူပဝိပါက်စိတ် ၅ ပါးသည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့ကိုသာ ဆောင်ရွက်သဖြင့် ဝီထိများတွင် မပါဝင်ချေ။ ထို့ကြောင့် ရူပဘုံ၌ဝီထိစိတ်အရေအတွက် = ၆၉ – ၅ = ၆၄ ပါး၊ ၎င်းတို့မှာ –

| | | |
|---|---|---|
| ဒေါသမူဒွေကြဉ်သောအကုသိုလ်စိတ် | = | ၁၀ ပါး၊ |
| ဃာနာဒိ ၆ ပါးကြဉ်သောအဟိတ်စိတ် | = | ၁၂ ပါး၊ |
| မဟာကုသိုလ်၈ + မဟာကြိယာ ၈ | = | ၁၆ ပါး၊ |
| မဟဂ္ဂုတ်ကုသိုလ် ၉ + မဟဂ္ဂုတ်ကြိယာ ၉ | = | ၁၈ ပါး၊ |
| ရူပဘုံဝီထိစိတ် | = | ၆၄ ပါး ဖြစ်ပါသည်။ |

**– အရိယာများမဖြစ်ရာ ဘုံဌာနများမှာ – အပါယ် ၄ ဘုံနှင့် အသညသတ်ဘုံတို့ဖြစ်၏။**

**၄၇။ တေးသီချင်းနားထောင်သူ၏သန္တာန်ဝယ် ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို သိသာရုံမျှဖော်ပြ၍ ယင်းတေးသီချင်းသံ၏ (က) ပရမတ်အမည် (ခ) သက်တမ်း တို့ကိုရေးသားပြပါ။** (၁၉၉၅၊ စမန ၉၆၊ ၉၇၊ ၈၇၊ ၉၂)

**အဖြေ** – တေးသီချင်းနားထောင်သူ၏သန္တာန်ဝယ် ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်ကို သိသာရုံမျှဖော်ပြရသော် –

''တီ–န–ဒ–ပ–သော–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ'' –ဘဝင်–

ပ = ပဉ္စဒွါရာဝဇ္ဇန်း ၁ ကြိမ် (အာရုံကိုဆင်ခြင်နှလုံးသွင်း)၊
သော = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ် ၁ ကြိမ်၊
သံ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသမ္ပဋိစ္ဆိုန်းစိတ် (အာရုံလက်ခံ)၊
ဏ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (အာရုံစုံစမ်း)၊
ဝု = ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းစိတ် – အာရုံကောင်းမကောင်းဆုံးဖြတ်၏။
ဇ = ဇော ၇ ကြိမ်၊သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကလောဘမူစိတ်၊
ဒါ = တဒါရုံ ၂ ကြိမ်၊ အဟိတ်ကုသလဝိပါက် သောမနဿသဟဂုတ် သန္တီရဏစိတ်၊ အာရုံဆက်ခံစား၏။

– **ယင်းတေးသီချင်းသံ၏ (က) ပရမတ်အမည်** – သဒ္ဒရုပ် = သဒ္ဒါရုံ၊
**ယင်းတေးသီချင်းသံ၏ (ခ) သက်တမ်း** = စိတ္တက္ခဏ ၁၇ ချက်၊
= ခဏငယ် ၅၁ ချက်၊

**၄၈။ ''မဂ်ပေါက် ဖိုလ်ဝင်'' ဟူသော စကားမှန်ကန်ပုံကို ရှင်းပြ၍၊ နိရောဓသမာပတ် ဝင်စားသူနှင့် သေသူ ကွာခြားပုံကိုလည်း ရှင်းပြပါ။** (၁၉၉၅၊ စမန ၁၁၁၊ ၁၁၃)

**အဖြေ** – ''မဂ်ပေါက် ဖိုလ်ဝင်'' ဟူသော စကားမှန်ကန်ပုံကို ရှင်းပြရသော် –

မန္ဒပညာပုဂ္ဂိုလ်၏မဂ်ဝီထိပုံ –
''န–ဒ–မ–ပ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်''–ဘဝင်–
တိက္ခပညာပုဂ္ဂိုလ်၏မဂ်ဝီထိပုံ
''န–ဒ–မ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–ဖိုလ်''–ဘဝင်–

ထို့ကြောင့် ဝိပဿနာရှုပွား၍ မဂ်ဝီထိဖြစ်ရန် ပေါက်မြောက်လာသောအခါ မဂ်ဇောတစ်ကြိမ်ဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် ဖိုလ်ဇော ၂ ကြိမ် သို့မဟုတ် ၃ ကြိမ်ဖြစ်၏။ သို့အတွက် ''မဂ်ပေါက် ဖိုလ်ဝင်''ဟူသောစကားမှန်ကန်ပါသည်။

– **နိရောဓသမာပတ်ဝင်စားသူနှင့် သေသူကွာခြားပုံကိုရှင်းပြရသော်–**

| **နိရောဓသမာပတ်ဝင်စားသူ** | **သေသူ** |
|---|---|
| (၁) စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ မဖြစ်ဘဲ ချုပ်ငြိမ်းနေကြ၏။ | (၁) စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ၊ ကမ္မဇရုပ်များ၊ အာဟာရဇရုပ်များချုပ်ငြိမ်း၏။ |
| (၂) ကမ္မဇရုပ်များ၊ဥတုဇရုပ်များ၊အာဟာရဇရုပ်များ ဆက်လက်ဖြစ်ကြ၏။ | (၂) ဥတုဇရုပ်သာ ကြွင်းကျန်ရစ်ပြီး ဆက်လက်ဖြစ်ပေါ်၏။ |
| (၃) သမာပတ်ဝင်စားရန် အဓိဋ္ဌာန်ထားသည့်အချိန်စေ့သည့်အခါ စိတ်၊စေတသိက်၊ စိတ္တဇရုပ်များ ပြန်ဖြစ်လာကြပြီး နဂိုလူအတိုင်း ပြန်ဖြစ်သည်။ | (၃) ပြန်လည်အသက်ရှင်လာခြင်း မရှိတော့ပါ။ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ ပြန်မဖြစ်တော့ပါ။ |

**၄၉။ လူတန်းစားညီမျှရေးသည် တရားသဘောအရ အရာရာမဖြစ်နိုင်ကြောင်းကို မွေးရာပါဆွံ့အသူနှင့် တိဟိတ်ပဋိသန္ဓေနေ ပကတိလူကောင်းတို့ကို ပမာထား၍ ပုဂ္ဂလဘေဒအတိုင်း ရှင်းလင်းပြပြီးလျှင် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ကို ယင်းတို့ပိုင်ဆိုင်ရာစိတ် အသီးသီးနှင့် တွဲလျက်ဖော်ပြပါ။** (၁၉၉၅၊ စမန ၁၁၇၊ ၁၁၈)

**အဖြေ** – လူတန်းစားညီမျှရေးသည် တရားသဘောအရ အရာရာမဖြစ်နိုင်ကြောင်းကို မွေးရာပါဆွံ့အသူနှင့် တိဟိတ်ပဋိသန္ဓေနေ ပကတိလူကောင်းတို့ကို ပမာထား၍ ပုဂ္ဂလဘေဒ အတိုင်းရှင်းပြရသော်–

(၁) မွေးရာပါဆွံ့အသူ၏ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြစ်သဖြင့် ကုသိုလ်ဟိတ်စသောကောင်းသောဟိတ်များ မပါရှိချေ။ ပဋိသန္ဓေဉာဏ်ပညာမပါရှိသဖြင့် အသိဉာဏ်အလွန်နိမ့်ပြီး မည်မျှကြိုးစားအားထုတ်စေကာမူ ဈာန်, မဂ်, ဖိုလ်တို့ကို မရနိုင်ချေ။

(၂) တိဟိတ်ပဋိသန္ဓေနေ ပကတိလူကောင်း၏ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့ သည် မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်ဖြစ်သဖြင့် အလောဘ, အဒေါသ, အမောဟဟိတ် သုံးပါးလုံးယှဉ်ပါသည်။ ပဋိသန္ဓေဉာဏ်ပညာပါရှိ၍ ဉာဏ်ပညာထက်မြက်ပြီး ကြိုးစားအား ထုတ်လျှင် ဈာန်,မဂ်,ဖိုလ်တို့ကို ရရှိနိုင်သည်။

(၃) ပုဂ္ဂလဘေဒအရ ဆွံ့အသူ (ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်)၌ ဖြစ်သောစိတ်မှာ–

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂ ပါး၊ |
| ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | = | ၁၇ ပါး၊ |
| မဟာကုသိုလ်စိတ် | = | ၈ ပါး၊ |
| ဖြစ်နိုင်သောစိတ်ပေါင်း | = | ၃၇ ပါးဖြစ်သည်။ |

(၄) တိဟိတ်ပုဂ္ဂိုလ် ပကတိလူကောင်း၌ ဖြစ်နိုင်သောစိတ်များမှာ –

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂ ပါး၊ |
| ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ် | = | ၁၇ ပါး၊ |
| မဟာကုသိုလ်စိတ် | = | ၈ ပါး၊ |
| မဟာဝိပါက်စိတ် | = | ၈ ပါး၊ |
| ဖြစ်နိုင်သောစိတ်ပေါင်း | = | ၄၅ ပါး။ |

ကြိုးစားအားထုတ်လျှင် မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ပါးနှင့် လောကုတ္တရာစိတ် ၈ ပါးတို့လည်း ထပ်မံဖြစ်ပေါ်နိုင်ပါသည်။

ဤသို့ဖြစ်နိုင်သောစိတ်ချင်းမတူသောကြောင့် လူတန်းစားညီမျှရေးသည် တရားသဘောအရ အရာရာမဖြစ်နိုင်ပါ။

**မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ကို ယင်းတို့ပိုင်ဆိုင်ရာစိတ်အသီးသီးနှင့်တွဲစပ်ဖော်ပြရသော်–**

| မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် | | ကိုယ်ပိုင်စိတ် |
|---|---|---|
| (၁) သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် | – | သောတာပတ္တိမဂ်စိတ် |
| (၂) သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် | – | သကဒါဂါမိမဂ်စိတ် |
| (၃) အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် | – | အနာဂါမိမဂ်စိတ် |
| (၄) အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် | – | အရဟတ္တမဂ်စိတ်၊ တို့ဖြစ်ပါသည်။ |

**၅၀။ ''ချစ်ခြင်းအစ မျက်စိက'' ဟူသောစကားနှင့် ''အချစ်မှာ မျက်စိမရှိ''ဟူသော စကားနှစ်ရပ်လုံးတို့၏ဆန့်ကျင်မှုမရှိပုံကို သင်္ဂဟသဘောသွားနှင့် ရှင်းလင်းဖြေဆိုပါ။**

(၁၉၉၆၊ စမန ၉၆၊ ၉၇)

**အဖြေ** – ''ချစ်ခြင်းအစ မျက်စိက'' ဟူသောစကားနှင့် ''အချစ်မှာ မျက်စိမရှိ''ဟူသော စကားနှစ်ရပ်လုံးတို့၏ ဆန့်ကျင်မှုမရှိပုံကို သင်္ဂဟသဘောသွားနှင့် ရှင်းလင်းရသော်–

(၁) ချစ်သူ၏အဆင်း(ရူပါရုံ)နှင့် မြင်သူ၏မျက်စိ (စက္ခုပသာဒ)ထိတိုက်၍ မျက်စိတွင် အာရုံထင်လာသောအခါ အောက်ပါ စက္ခုဒွါရဝီထိစိတ်အစဉ် ဖြစ်ပါသည်။

''တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ''–ဘဝင်–

ပ = ပဉ္စဒွါရာဝဇ္ဇန်းစိတ် – ထင်လာသောအာရုံကိုဆင်ခြင်နှလုံးသွင်း၏။

စ = စက္ခုဝိညာဏ် – အာရုံကိုမြင်၏။

သံ = သမ္ပဋိစ္ဆိုန်းစိတ် – အာရုံကိုလက်ခံယူ၏၊

ဏ = သန္တီရဏစိတ် – အာရုံကောင်းမကောင်းစုံစမ်း၏။

ဝု = ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းစိတ် –အာရုံကောင်းမကောင်း ဆုံးဖြတ်၏။

ဇ = ဇော ၇ ကြိမ် – အာရုံကိုနှစ်သက်ခံစားသောလောဘမူစိတ် (၇)ကြိမ်ဖြစ်၏။

ဒါ = တဒါရုံ ၂ ကြိမ် – အာရုံ၏အရသာကို ဆက်ခံစား၏။

ဝုဋ္ဌောက အာရုံသည် လှပ၍နှစ်သက်ဖွယ်ကောင်းသည်ဟု ဆုံးဖြတ်လျှင် သောမနဿ သဟဂုတ် လောဘမူစိတ် – စိတ်ချမ်းသာမှုနှင့်တကွ လောဘစေတသိက်က ခံစားပြီး လိုချင်တပ်မက်ခြင်းဖြစ်၏။

ဤနှစ်သက်လိုချင်တပ်ခြင်းသဘောရှိသော ''လောဘစေတသိက်''သည် ''ချစ်ခြင်း''၏ တရားကိုယ်ပင်တည်း။ ထို့ကြောင့် ''ချစ်ခြင်းအစ မျက်စိက''ဟူသောစကားသည် သင်္ဂဟ သဘောသွားအရ မှန်ကန်ပါသည်။

(၂) တစ်ဖန် ''အချစ်'' ဟုခေါ်သော ''လောဘစေတသိက်''တွင် မျက်စိမရှိသဖြင့် ''အချစ်မှာ မျက်စိမရှိ''ဟူသောစကားသည်လည်း သင်္ဂဟသဘောသွားအရ မှန်ပေ၏။

ထို့ကြောင့် ''ချစ်ခြင်းအစ မျက်စိက'' နှင့် ''အချစ်မှာ မျက်စိမရှိ'' ဟူသောစကားနှစ်ရပ်လုံး မှန်ကန်ပါသည်၊ ဆန့်ကျင်မှုမရှိပါ။

**၅၁။ ဝမ်းမြောက်မှု(သောမနဿ)ဖြင့် အမိဝမ်းတွင်း ကိန်းအောင်(ပဋိသန္ဓေနေ)ခဲ့သူ၏**

**အဆုံးစွန်သော ဒေါသ၏အခြားမဲ့၌ (က) ဖြစ်သင့်သောစိတ်၊ (ခ) ထိုစိတ်၏အခြားနာမည်တစ်မျိုး၊ (ဂ) ဖြစ်ရာအခါ၊ (ဃ) အာရုံတို့ကို မှန်ကန်စွာဖြေဆိုပါ။**

(၁၉၉၆၊ စမန ၁၁၅)

**အဖြေ** – ဝမ်းမြောက်မှု (သောမနဿ) ဖြင့် အမိဝမ်းတွင်း ကိန်းအောင်း(ပဋိသန္ဓေနေ)ခဲ့သူ၏ အဆုံးစွန်သော ဒေါသ၏အခြားမဲ့၌–

(က) **ဖြစ်သင့်သောစိတ်** = ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်၊

(ခ) **ထိုစိတ်၏အခြားနာမည်တစ်မျိုး** = အာဂန္တုကဘဝင်စိတ် (ဧည့်သည်ဘဝင်စိတ်)

(ဂ) **ဖြစ်ရာအခါ** = အဆုံးစွန်သော ဒေါသဇော၏အခြားမဲ့၌ တဒါရုံလည်းဖြစ်ခွင့်မရ၊ ဖြစ်နေကျ သောမနဿဘဝင်စိတ်လည်း မကျသာဘဲ အခက်အခဲ ကြုံသည့်အခါ၊ (ဒေါမနဿဇောစိတ်နှင့် သောမနဿဘဝင်စိတ်တို့သည် မီးနှင့်ရေပမာ ဆန့်ကျင်ဘက်ဖြစ်ကြသဖြင့် တစ်ခုကိုတစ်ခု အနန္တရပစ္စည်း မတပ်နိုင်ပါ)

(ဃ) **ယူသောအာရုံ** = အာဂန္တုကဘဝင်သည် ရှေးကအလေ့အလာများသော ကာမအာရုံတစ်ပါးပါးကို အာရုံပြု၏၊ ဒေါမနဿဇော၏အာရုံကို မယူနိုင်ပါ။

**၅၂။ သဗ္ဗညုတဉာဏ်တော်ရှင်၏ (က) ရေမီးအစုံတန်ခိုးပြတော်မူရာအခါ၊ (ခ) နိရောဓသမာပတ်ဝင်စားတော်မူရာအခါ၊ (ဂ) နိရောဓသမာပတ်မှ ထတော်မူရာအခါ တို့၌ဖြစ်သင့်သော ''ဇော'' စိတ်တို့၏အမည်များကို ဖြစ်ခွင့်ရှိသောအကြိမ်နှင့်တကွ တွဲစပ်ဖြေဆိုပြပါ။** (၁၉၉၆၊ စမန ၁၁၄)

**အဖြေ – သဗ္ဗညုတဉာဏ်တော်ရှင်၏ အောက်ပါအခါတို့၌ ဖြစ်သင့်သောဇောစိတ်တို့မှာ–**

(က) **ရေမီးအစုံတန်ခိုးပြတော်မူရာအခါ** – ပစ္စဝေက္ခဏာဇော (မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇောစိတ်) ၄ ကြိမ်ဖြစ်၏၊

(ခ) **နိရောဓသမာပတ်ဝင်စားတော်မူရာအခါ** – နေဝသညာနာသညာယတနကြိယာဇောစိတ် ၂ ကြိမ်ဖြစ်ပြီး စိတ်ချုပ်၏၊ ဇောစိတ်မဖြစ်တော့ပါ။

(ဂ) **နိရောဓသမာပတ်မှထတော်မူရာအခါ** – အရဟတ္တဖိုလ်ဇော ၁ ကြိမ်ဖြစ်၏။

**၅၃။ ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုတိုက်မိကြရာဝယ် (က) မည်သည့်အခါ၌ထင်ခြင်းသို့ရောက်ပါသနည်း၊ (ခ) မည်မျှအသက်ရှည်ပါသနည်း၊ (ဂ) မည်သည့်အခါ ချုပ်ပါသနည်း၊ သင်္ဂဟနှင့်အညီ ဖြေဆိုပါ။** (၁၉၉၇၊ စမန ၉၆၊ ၉၄၊ ၉၅)

**အဖြေ** – ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုတိုက်မိကြရာဝယ်–

(၁) **အတိမဟန္တာရုံဖြစ်လျှင်**

(က) တိုက်မိပြီး (ဥပါဒ်ပြီး) စိတ္တက္ခဏ ၁ ချက်လွန်သောအခါ ဒွါရ၌အာရုံထင်၏။

(ခ) အာရုံထင်ပြီးနောက် စိတ္တက္ခဏ ၁၆ ချက် အသက်ရှည်၏။

(ဂ) အာရုံ၏အသက် (ရုပ်အသက်)ဖြစ်သည့် စိတ္တက္ခဏ ၁၇ ချက်ပြီးမြောက်သည့်အခါ အာရုံချုပ်၏။ အတိမဟန္တာရုံဝီထိကိုဖြစ်စေ၏။

(အတိမဟန္တာရုံဝီထိတွင် အတီတဘဝင်ဥပါဒ်ခိုက်၌ ရူပါရုံဥပါဒ်၏၊ စိတ္တက္ခဏ ၁ ချက်လွန်၍ ဘဝင်္ဂစလနဥပါဒ်သည့်အခါ အာရုံထင်လာပြီး၊ စိတ္တက္ခဏ ၁၆ ချက် အသက်ရှည်၏။ ဒုတိယတဒါရုံချုပ်သည့်အခါ ရုပ်အသက်– စိတ္တက္ခဏ ၁၇ ချက်စေ့ မြောက်သဖြင့် အာရုံချုပ်၏၊ တဒါလမ္ဗဏဝါရဝီထိဖြစ်၏။)

(၂) **ရူပါရုံသည် မဟန္တာရုံဖြစ်လျှင် –**

(က) အာရုံနှင့်ဒွါရတိုက်မိပြီး (ဥပါဒ်ပြီး) စိတ္တက္ခဏ ၂ ချက် သို့မဟုတ် ၃ ချက်အလွန်တွင် ဒွါရ၌အာရုံထင်လာ၏။

(ခ) အာရုံထင်လာပြီးနောက် စိတ္တက္ခဏ ၁၅ ချက် သို့မဟုတ် ၁၄ ချက်အသက်ရှည်၏။

(ဂ) မဟန္တာရုံဝီထိ၏ဇောနောင်ပထမဘဝင် သို့မဟုတ် သတ္တမဇောနှင့်ပြိုင်၍ အာရုံချုပ်၏။ ရုပ်သက်စေ့၍ချုပ်၏။ ဇဝနဒွါရဝီထိဖြစ်၏။

(၃) **ရူပါရုံသည် ပရိတ္တာရုံဖြစ်လျှင် –**

(က) အာရုံနှင့်ဒွါရတိုက်ပြီး (ဥပါဒ်ပြီး) စိတ္တက္ခဏ ၄ ချက်မှ ၉ ချက်အလွန်တွင် ဒွါရ၌အာရုံထင်လာ၏။

(ခ) အာရုံထင်ပြီးနောက် စိတ္တက္ခဏ ၁၃ ချက်မှ ၈ ချက်အထိ အသက်ရှည်၏။

(ဂ) စိတ္တက္ခဏ ၁၇ ချက် ရုပ်သက်စေ့သောအခါ ဝုဋ္ဌောနောင်ဘဝင် သို့မဟုတ် ဝုဋ္ဌောနှင့် ပြိုင်၍ ချုပ်၏။ ဝုဋ္ဌောဝါရဝီထိကို ဖြစ်စေ၏။

(၄) **ရူပါရုံသည် အတိပရိတ္တာရုံဖြစ်လျှင် –**

(က) အာရုံနှင့်ဒွါရတိုက်မိပြီး (ဥပါဒ်ပြီး) စိတ္တက္ခဏ ၁၀ ချက်မှ ၁၅ ချက်အလွန်တွင် ဒွါရ၌ အာရုံထင်လာ၏။

(ခ) အာရုံထင်ပြီးနောက် စိတ္တက္ခဏ ၇ ချက်မှ ၂ ချက်အထိ အသက်ရှည်၏။

(ဂ) စိတ္တက္ခဏ ၁၇ ချက် ရုပ်သက်စေ့သောအခါ အာရုံချုပ်၏၊ မောဃဝါရဝီထိဖြစ်၍ ဝီထိစိတ်မဖြစ်ပါ။

**၅၄။ ဓမ္မကထိကဆရာတော်တရားသံကို ကြားနာနေသော ပုဒ္ဓဘာသာဝင်တစ်ဦးသန္တာန်၌ ဖြစ်ပေါ်လာသောစိတ်တို့၏ဖြစ်စဉ်ကို ဖော်ပြပါ။** (၁၉၉၇၊ စမန ၉၆၊ ၉၇)

**အဖြေ** – ဓမ္မကထိကဆရာတော်တရားသံကို ကြားနာနေသော ပုဒ္ဓဘာသာဝင်တစ်ဦးသန္တာန်၌ ဖြစ်ပေါ်လာသောစိတ်တို့၏ဖြစ်စဉ်မှာ –

''တီ–န–ဒ–ပ–သော–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ''–ဘဝင်–

တီ = အတီတဘဝင် – အာရုံနှင့်ပြိုင်ဥပါဒ်၏။ }
န = ဘဝင်္ဂစလန – တရားသံထင်၍ ဘဝင်လှုပ်၏၊ } ဝီထိမုတ်စိတ်များ။
ဒ = ဘဝင်္ဂုပစ္ဆေဒ – ဘဝင်အစဉ်ပြတ်၏။ }

ပ = ပဉ္စဒွါရာဝဇ္ဇန်းစိတ် – အာရုံကို ဆင်ခြင်နှလုံးသွင်း၏၊ ဝီထိစိတ် စတင်၏။

သော = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဏ် – တရားသံကြား၏။

သံ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆန်းစိတ် –အာရုံလက်ခံ၏။

ဏ = အဟိတ်ကုသလဝိပါက် ဥပေက္ခာ/သောမနဿသန္တီရဏစိတ်–အာရုံစုံစမ်း၏။

ဝု = ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းစိတ် – အာရုံကောင်းမကောင်း ဆုံးဖြတ်၏။

ဇ = ဇော ၇ ကြိမ်– သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ် – အာရုံကိုခံစား၏။

ဒါ = တဒါရုံ ၂ ကြိမ် – အဟိတ်ကုသလဝိပါက် သောမနဿသန္တီရဏနှင့် သောမနဿမဟာဝိပါက်စိတ် ၄ ပါးဟူသော သောမနဿတဒါရုံ ၅ ပါးမှ တစ်ပါးပါးသည် တဒါရုံအဖြစ် အာရုံဆက်ခံစား၏။ သောတဒွါရိက တဒါလမ္ဗဏဝါရဝီထိဖြစ်ပါသည်။

**၅၅။ ''ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု''– အမည်ရသောစိတ်တို့ကို ဖော်ပြပြီး၊ သောမနဿဖြင့် ပဋိသန္ဓေပုဂ္ဂိုလ်၏ဒေါသဇောနောင် (က) ဖြစ်သင့်သောစိတ် (ခ) ထိုစိတ်၏အမည် (ဂ) ထိုစိတ်၏အာရုံတို့ကိုလည်း ဖြေဆိုပါ။**

(၁၉၉၇၊ စမန ၁၀၆၊ ၁၀၇၊ ၁၁၅)

**အဖြေ – ''ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု''– အမည်ရသောစိတ်တို့မှာ –**

| | |
|---|---|
| သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ် | = ၂ ပါး၊ |
| ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ် | = ၂ ပါး၊ |
| သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာကြိယာစိတ် | = ၂ ပါး၊ |
| ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် မဟာကြိယာစိတ် | = ၂ ပါး၊ |
| ပေါင်း – စိတ် | = ၈ ပါးဖြစ်၏။ |

**– သောမနဿဖြင့် ပဋိသန္ဓေပုဂ္ဂိုလ်၏ဒေါသဇောနောင် –**

(က) ဖြစ်သင့်သောစိတ် = ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်၊

(ခ) ထိုစိတ်၏အမည် = အာဂန္တုကဘဝင်စိတ်၊

(ဂ) ထိုစိတ်၏အာရုံ = ရှေးကအလေ့အလာများသောကာမအာရုံ။

**၅၆။ တဒါရုံကျနိုင်သောအင်္ဂါရပ်တို့ကို တင်ပြပြီး၊ ဘုရားရှင်၏ယမကပြာဋိဟာကို ပြရာအခါ၌ အဘယ်ဇောများ အကြိမ်မည်မျှစောကြသည်ကိုလည်း ရေးသားပြပါ။**

(၁၉၉၇၊ စမန ၁၀၄)

**အဖြေ – တဒါရုံကျနိုင်သောအင်္ဂါရပ်တို့မှာ –**

(က) ကာမပုဂ္ဂိုလ်ဖြစ်ခြင်း၊ (ခ) ကာမဇောစောသောအခါဖြစ်ခြင်း၊

(ဂ) အတိမဟန္တာရုံ/ဝိဘူတာရုံဖြစ်သော ကာမအာရုံဖြစ်ခြင်းတို့ဖြစ်၏။

**– ဘုရားရှင်၏ယမကပြာဋိဟာကိုပြရာအခါ၌ –**

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကမဟာကြိယာစိတ်က
ပစ္စဝေက္ခဏာဇောအဖြစ် ၄ ကြိမ်စောပါသည်။

**၅၇။ အလွန်ကြီးမားသည့်အာရုံ၌ဖြစ်သော ဝီထိစိတ္တုပ္ပါဒ်တို့ကို ရေတွက်ပြ၍၊ ထက်မြက်လျင်မြန် အသိဉာဏ်ပညာရှိသော ပုဂ္ဂိုလ်၏အစဆုံးရအပ်သော ဈာနဝီထိဖြစ်ပုံကိုလည်း တင်ဆက်ပြပါ။** (၁၉၉၈၊ စမန ၉၆၊ ၁၀၆)

**အဖြေ – အလွန်ကြီးမားသည့်အာရုံ (အတိမဟန္တာရုံ) ၌ဖြစ်သော၊ ဝီထိစိတ္တုပ္ပါဒ်တို့မှာ –**

''ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ ပဉ္စဝိညာဏ်စိတ် ၁ ပါး၊ သမ္ပဋိစ္ဆိုန်းစိတ် ၁ ပါး၊ သန္တီရဏစိတ် ၁ ပါး၊ ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ ကာမဇောစိတ် ၇ ကြိမ်၊ တဒါရုံဇောစိတ် ၂ ကြိမ်၊

စုစုပေါင်း – ဝီထိစိတ္တုပ္ပါဒ် ၁၄ ပါး ဖြစ်ပါသည်။

အတိမဟန္တာရုံဝီထိပုံစံမှာ –

''တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ''–ဘဝင်–ဖြစ်၏။

**– ထက်မြက်လျင်မြန် အသိဉာဏ်ရှိသောပုဂ္ဂိုလ် (တိက္ခပညာပုဂ္ဂိုလ်)၏ အစဆုံးရအပ်သော ဈာနဝီထိဖြစ်ပုံမှာ –**

'' န–ဒ–မ–ဥ–နု–ဂေါ–ဈာန်''–ဘဝင်–

န – ဘဝင်္ဂစလန – မနောဒွါရ၌အာရုံထင်၍ဘဝင်လှုပ်၏၊

ဒ – ဘဝင်္ဂုပစ္ဆေဒ – ဘဝင်စိတ်အစဉ်ပြတ်၏။

ဥ – ဥပစာ (မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်) ၁ ကြိမ်၊

နု – အနုလုံ (မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်) ၁ ကြိမ်၊

ဂေါ – ဂေါတြဘု (မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်) ၁ ကြိမ်၊

ဈာန်– မဟဂ္ဂုတ်ဈာန်ဇော ၁ ကြိမ် ဖြစ်၏။

ဘဝင်– ဘဝင်စိတ်အစဉ်ဖြစ်၏။ တိဟိတ်ဘဝင်များ ဖြစ်၏။

**၅၈။ ကိုးကွယ်ရာသခင်ဘုရားရှင်ကို ဖူးမြင်သောအခါ ဖြစ်နိုင်သော တဒါရုံစိတ်တို့ကို ဖော်ပြ၍ အစဆုံးကမ္မဋ္ဌာန်းအားထုတ်မှုရှိသော ယောဂီပုဂ္ဂိုလ်၏ရှေးဦးစွာသောအပ္ပနာ၌ စောနိုင်သောဇောတို့ကို အကြိမ်နှင့်တကွ ဖော်ပြပါ။**

(၁၉၉၈၊ စမန ၈၊ ၁၀၆၊ ၁၁၁)

**အဖြေ** – ကိုးကွယ်ရာသခင်ဘုရားရှင်ကို ဖူးမြင်သောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်လျှင် သောမနဿတဒါရုံ ၅ ပါးမှတစ်ပါးပါးဖြစ်မည်၊ ဝမ်းမြောက်ဝမ်းသာမဖြစ်လျှင် မဟာဝိပါက် ဥပေက္ခာတဒါရုံ ၄ ပါးမှ တစ်ပါးပါးဖြစ်မည်။ ဖြစ်နိုင်သောတဒါရုံတို့မှာ–

အဟိတ်ကုသလဝိပါက် သောမနဿသန္တီရဏစိတ် = ၁ ပါး၊

သောမနဿသဟဂုတ် မဟာဝိပါက်စိတ် = ၄ ပါး၊

ဥပေက္ခာသဟဂုတ် မဟာဝိပါက်စိတ် = ၄ ပါး၊
စုစုပေါင်း – တဒါရုံစိတ် = ၉ ပါး ဖြစ်သည်။

– အစဆုံးကမ္မဋ္ဌာန်းအားထုတ်မှုရှိသော ယောဂီပုဂ္ဂိုလ်၏ရှေးဦးစွာအပ္ပနာ၌ စောနိုင်သော ဇောတို့ကို အကြိမ်နှင့်တကွ ဖော်ပြရသော် –

သမထကမ္မဋ္ဌာန်းအားထုတ်လျှင် – မဟဂ္ဂုတ်ဈာန်ဇော = ၁ ကြိမ်ဖြစ်၏။
ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်လျှင်– သောတာပတ္တိမဂ်ဇော= ၁ ကြိမ်နှင့်
သောတာပတ္တိဖိုလ်ဇော = ၂ ကြိမ်/၃ကြိမ်ဖြစ်၏။

**၅၉။ ''လူချင်းတူသော်လည်း အသက်ရှူခြင်းကွာသည်''ဟု ပြောဆိုကြရာ ထိုစကားမှန်ကန်ပုံကို ဒွိဟိတ်, တိဟိတ်ပုဂ္ဂိုလ်တို့ကို ပမာပြုကာ ပုဂ္ဂလဘေဒလာသည့်အတိုင်း ရှင်းပြ၍ ရူပဗြဟ္မာကြီးများ စိတ်ဆိုးမှုရှိ–မရှိကိုလည်း ရှင်းပြပါ။**

(၁၉၉၈၊ စမန ၁၁၇၊ ၁၁၅)

**အဖြေ** – လူချင်းတူသော်လည်း အသက်ရှူခြင်းကွာသည်''ဟု ပြောဆိုကြရာ ထိုစကားမှန်ကန်ပုံကို ဒွိဟိတ်, တိဟိတ်ပုဂ္ဂိုလ်တို့ကို ပမာပြုကာ ပုဂ္ဂလဘေဒအရ ရှင်းပြရသော်–

**(က) ဒွိဟိတ်ပုဂ္ဂိုလ်ရနိုင်သောစိတ်များမှာ –**

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂ ပါး၊ |
| ဟသိတုပ္ပါဒ်ကြဉ်သောအဟိတ်စိတ် | = | ၁၇ ပါး၊ |
| မဟာကုသိုလ်စိတ် | = | ၈ ပါး၊ |
| မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် | = | ၄ ပါး၊ |
| ပေါင်း – စိတ် | = | ၄၁ ပါး ဖြစ်သည်။ |

**(ခ) တိဟိတ်ပုဂ္ဂိုလ်ရနိုင်သောစိတ်များမှာ –**

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂ ပါး၊ |
| ဟတိတုပ္ပါဒ်ကြဉ်သောအဟိတ်စိတ် | = | ၁၇ ပါး၊ |
| မဟာကုသိုလ်စိတ် | = | ၈ ပါး၊ |
| မဟာဝိပါက်စိတ် | = | ၈ ပါး၊ |
| ပေါင်း – စိတ် | = | ၄၅ ပါးဖြစ်သည်။ |

ဒွိဟိတ်ပုဂ္ဂိုလ်သည် ပဋိသန္ဓေစိတ်၌ အမောဟ(ပညာ)ဟိတ်မပါသည့်အတွက် မည်မျှပင် ကြိုးစားအားထုတ်စေကာမူ ဈာန်, မဂ်, ဖိုလ်တို့ကို မရနိုင်ပါ။ တိဟိတ်ပုဂ္ဂိုလ်နှင့်နှိုင်းယှဉ်လျှင် ဉာဏ်နုံ့၏။

တိဟိတ်ပုဂ္ဂိုလ်သည် ပဋိသန္ဓေစိတ်ကတည်းက အမောဟဟိတ် (ဉာဏ်ပညာ) ပါလာသူဖြစ်၍ ဒွိဟိတ်ပုဂ္ဂိုလ်ထက် ဉာဏ်ပိုကောင်း၍ ကြိုးစားအားထုတ်လျှင် ဈာန်, မဂ်, ဖိုလ်များကိုလည်း ရနိုင်ပါသည်။

**– ရူပဗြဟ္မာများတွင် စိတ်ဆိုးမှုမရှိပါ။**

ပုဂ္ဂလဘေဒအရ ရူပပြဟ္မာများတွင် ဒေါသမူစိတ် ၂ ပါးကြဉ်သော အကုသိုလ်စိတ် ၁၀ ပါးနှင့် ကုသိုလ်စိတ်များဖြစ်နိုင်သဖြင့် ဒေါသမူစိတ်မဖြစ်နိုင်ပါ။ ထို့ကြောင့် စိတ်ဆိုးမှုမရှိပါ။

ပြဟ္မာတို့၏ခန္ဓာကိုယ်ရုပ်သည် အလွန်နူးညံ့သိမ်မွေ့သောကြောင့် စိတ်ဆိုး၍ ဒေါသမူစိတ်ဖြစ်လျှင် လောင်ကျွမ်း၍ သေဆုံးကြပါသည်။ ထို့ကြောင့် စိတ်ဆိုးမှုမရှိပါ။

**၆၀။ ဝီထိအဓိပ္ပါယ်ကိုရေး၍ ထင်ထင်ရှားရှားဖြစ်ပေါ်လာသောအာရုံ(ဝိဘူတာရုံ)ဝယ် ပါဝင်သောဝီထိစိတ်တို့ကိုလည်း ရေးသားပြပါ။** (၁၉၉၉၊ စမန ၉၂၊ ၁၀၂၊ ၁၀၄)

**အဖြေ – ''ဝီထိ'' သဒ္ဒါ၏အဓိပ္ပါယ်သည်** ''အစဉ်အတန်း''ဖြစ်၏။ လူတို့၏သွားရာခရီးစဉ်သည် ရွာစဉ်ကိုမကျော်မူဘဲ တစ်ရွာပြီးတစ်ရွာ အစဉ်အတိုင်းဖြတ်သွားသကဲ့သို့ ထို့အတူ စိတ်တို့၏ဖြစ်စဉ်သည် ဖြစ်သင့်သောအစဉ်ကို မကျော်မူဘဲ စိတ်တစ်ခုပြီးတစ်ခု အစဉ်အတိုင်း ဖြစ်ရ၏။

ဒွါရ ၆ ပါး၌ ထင်လာသောအာရုံတစ်ခုစီကို သိရှိရန်အတွက် ''ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌောခေါ်မနောဒွါရာဝဇ္ဇန်း၊ ဇော၊ တဒါရုံ'' စသည်ဖြင့် ဖြစ်ပေါ်လာသော စိတ်အစဉ်အတန်းတစ်ခုစီကို ''ဝီထိ'' ဟုခေါ်ပါသည်။

**– ထင်ထင်ရှားရှားဖြစ်ပေါ်လာသောအာရုံ(ဝိဘူတာရုံ)၌ ပါဝင်သော ဝီထိစိတ်တို့မှာ –**

**ဝီထိပုံ** = ''န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ''–ဘဝင်–

| | | | |
|---|---|---|---|
| မ = မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁ ပါး၊ | |
| ဇ = ကာမာဝစရဇောစိတ် | = | ၂၉ ပါး၊ | |
| ဒါ = တဒါရုံစိတ် | = | ၁၁ ပါး၊ | |
| ပေါင်း – စိတ် | = | ၄၁ ပါး | ဖြစ်ပါသည်။ |

**၆၁။ ကောင်းသောအာရုံကို တွေ့ရသောအခါ၌ဖြစ်သော စိတ်တို့ကို ဖော်ပြ၍၊ တဒါရုံကျခွင့်ရှိသော ဝီထိစိတ်တို့ကိုလည်း ဖော်ပြပါ။** (၁၉၉၉၊ စမန ၉၆၊ ၉၇၊ ၁၁၄)

**အဖြေ – ကောင်းသောအာရုံကို တွေ့ရာအခါ၌ဖြစ်သောစိတ်တို့မှာ–**

အဟိတ်ကုသလဝိပါက် ပဉ္စဝိညာဏ် ၅ ပါး၊
အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုန်း ၁ နှင့်
အဟိတ်ကုသလဝိပါက် သန္တီရဏစိတ် ၂ = ၈ ပါး၊
တဒါရုံအဖြစ် မဟာဝိပါက်စိတ် = ၈ ပါး၊
(သန္တီရဏစိတ် ၂ ကိုရေတွက်ပြီး)
ပေါင်း – ဝိပါက်စိတ် = ၁၆ ပါး၊

ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်းစိတ်တို့လည်း ဖြစ်၏။

**ဇောစိတ်များမှာ** – ပုထုဇဉ်နှင့်သေက္ခပုဂ္ဂိုလ်များအတွက် –

အယောနိသောမနသိကာရဖြစ်လျှင် လောဘမူစိတ် = ၈ ပါး၊

| | | |
|---|---|---|
| ယောနိသောမနသိကာရဖြစ်လျှင်မဟာကုသိုလ်စိတ် | | = ၈ ပါး၊ |
| ရဟန္တာပုဂ္ဂိုလ်ဖြစ်လျှင် မဟာကြိယာဇောစိတ် | | = ၈ ပါး၊ |
| ॥ | ဟသိတုပ္ပါဒ်စိတ် | = ၁ ပါး၊ |
| | ပေါင်း – ဇောစိတ် | = ၂၉ ပါး။ |

ဝိပါက်စိတ် ၁၆ ပါး + အာဝဇ္ဇန်း ၂ ပါး + ဇောစိတ် ၂၉ ပါး = စုစုပေါင်းဖြစ်နိုင်သောစိတ် ၄၇ ပါးဖြစ်နိုင်၏။

**– တဒါရုံကျခွင့်ရှိသောဝီထိစိတ်တို့မှာ –**

(က) ကာမသတ္တဝါ (ခ) ကာမဇော (ဂ) ကာမအာရုံ ၃ ချက်စုံညီသော အတိမဟန္တာရုံဝီထိနှင့် ဝိဘူတာရုံဝီထိစိတ်တို့ ဖြစ်ပါသည်။

**၆၂။ ဘုရားရဟန္တာများ ဒါနစသောကောင်းမှုပြုလုပ်သော် ကုသိုလ်ရ,မရ အချက်ကျကျ ဆုံးဖြတ်ပြ၍၊ စိတ်မရှိသောပုဂ္ဂိုလ်များရှိပါက ဖော်ပြပါ။** (၁၉၉၉၊ စမန ၁၁၈)

**အဖြေ** – ဘုရားရဟန္တာများ ဒါနစသောကောင်းမှုပြုလုပ်သော် ကုသိုလ်ရ,မရဆုံးဖြတ်ရန်–

ဘုရားရဟန္တာတို့၌ ဖြစ်နိုင်သောစိတ်များမှာ ပုဂ္ဂလဘေဒအရ –

| | | |
|---|---|---|
| အဟိတ်စိတ် | = | ၁၈ ပါး၊ |
| မဟာဝိပါက်စိတ် | = | ၈ ပါး၊ |
| မဟာကြိယာစိတ် | = | ၈ ပါး၊ |
| မဟဂ္ဂုတ်ကြိယာစိတ် | = | ၉ ပါး၊ |
| အရဟတ္တဖိုလ်စိတ် | = | ၁ ပါး၊ |
| ပေါင်း – စိတ် | = | ၄၄ ပါး ဖြစ်ပါသည်။ |

ထို့ကြောင့် ရဟန္တာတို့တွင် မဟာကုသိုလ်စိတ်ဖြစ်ခွင့်မရှိပါ။

ဘုရားရဟန္တာများက ဒါနစသောကောင်းမှုပြုလုပ်သော် အဝိဇ္ဇာအနုသယမရှိသဖြင့် မဟာကုသိုလ်စိတ်မဖြစ်ဘဲ မဟာကြိယာစိတ်များသာ ဖြစ်ပါသည်။

မဟာကြိယာစိတ်များသည် အဗျာကတတရားဖြစ်၍ ကံသတ္တိမရှိပါ။ ပြုကာမျှသဘောမျှ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်သွားသောအခါ ကံသတ္တိများမကျန်ရစ်ပါ။

ထို့ကြောင့် ဘုရားရဟန္တာများ ဒါနစသောကောင်းမှုပြုလုပ်သော် ကုသိုလ်မရပါ။

(ဤစာအုပ် စာမျက်မှာ ၁၅၄ နံပါတ် ၄၂ အဖြေနှင့်ယှဉ်ကြည့်ပါ)

**– စိတ်မရှိသော ပုဂ္ဂိုလ်များရှိပါသည်။**

အသညသတ်ဘုံမှ အသညသတ်ပြဟ္မာများတွင် ရုပ်သာရှိပြီး စိတ်မရှိပါ။

**၆၃။ မေးခွန်းလွှာကိုကြည့်ရှုနေသော စာဖြေသူ၏သန္တာန်၌ဖြစ်သော စိတ်အစဉ်ကိုဖော်ပြ၍ ပဉ္စဒွါရ၌ဖြစ်ခွင့်ရှိသော ဝီထိ ၄ မျိုးကိုလည်း ဆိုင်ရာဝါရနှင့် တွဲစပ်ဖော်ပြပါ။**

(၂၀၀၀၊ စမန ၉၆၊ ၉၇)

**အဖြေ – မေးခွန်းလွှာကိုကြည့်ရှုနေသူ၏သန္တာန်၌ဖြစ်သော စိတ်အစဉ်မှာ –**

(ကျမ်းစာအုပ် စာမျက်နှာ ၁၅၁ နံပါတ် ၃၇ တွင် ဖြေဆိုထားပါသည်)

**– ဝီထိ ၄ မျိုးကို ဆိုင်ရာဝါရနှင့် တွဲစပ်ဖော်ပြရသော် –**

| | | |
|---|---|---|
| (၁) အတိမဟန္တာရုံဝီထိ | = | တဒါလမ္ဗဏဝါရဝီထိ |
| (၂) မဟန္တာရုံဝီထိ | = | ဇဝနဝါရဝီထိ |
| (၃) ပရိတ္တာရုံဝီထိ | = | ဝုဋ္ဌောဝါရဝီထိ |
| (၄) အတိပရိတ္တာရုံဝီထိ | = | မောဃဝါရဝီထိ။ |

**၆၄။ ရဟန္တာအရှင်မြတ်များ၌ ဖြစ်ခွင့်ရှိသော ဥပစာရသမာဓိဇော, အပ္ပနာသမာဓိဇောများကို ဖော်ပြ၍ မဟာကြိယာဉာဏသမ္ပယုတ်ဇော ၄ ခုနောင်ဖြစ်ခွင့်ရှိသော တဒါရုံကိုလည်း ဝေဒနာအားလျော်စွာ ဖော်ပြပေးခဲ့ပါ။**

(၂၀၀၀၊ စမန ၁၁၆၊ ၁၁၇၊ ၁၁၄)

**အဖြေ – ရဟန္တာအရှင်မြတ်များ၌ ဖြစ်ခွင့်ရှိသော –**

| | |
|---|---|
| **ဥပစာရသမာဓိဇော** | = မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ပါး |
| **အပ္ပနာသမာဓိဇော** | = မဟဂ္ဂုတ်ကြိယာဇော ၉ ပါးနှင့် အရဟတ္တဖိုလ်ဇော ၁ ပါးတို့ဖြစ်ပါသည်။ |

**– မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၄ ခုနောင် ဖြစ်ခွင့်ရှိသော တဒါရုံကို ဝေဒနာအားလျော်စွာ ဖော်ပြရသော် –**

(က) မဟာကြိယာ ဉာဏသမ္ပယုတ် ဥပေက္ခာဇော ၂ ပါးနောင် – ဥပေက္ခာသန္တီရဏစိတ် ၂ ပါးနှင့် ဥပေက္ခာမဟာဝိပါက်စိတ် ၄ ပါးဟူ၍ ဥပေက္ခာတဒါရုံ ၆ ပါး ဖြစ်နိုင်၏။

(ခ) မဟာကြိယာ ဉာဏသမ္ပယုတ် သောမနဿဇော ၂ ပါးနောင် – သောမနဿသန္တီရဏစိတ် ၁ ပါးနှင့် သောမနဿမဟာဝိပါက်စိတ် ၄ ပါးဟူ၍ သောမနဿတဒါရုံ ၅ ပါးဖြစ်နိုင်၏။

**၆၅။ အပ္ပနာဇောများနောင် တဒါရုံဖြစ်ခွင့် ရှိ, မရှိ အကြောင်းပြဆုံးဖြတ်ပြီးလျှင်၊ နိရောဓသမာပတ်ဝင်စားခါနီး၌ ဖြစ်သောဇော, ထိုသမာပတ်မှ ထရာအခါ၌ ဖြစ်သောဇောစိတ်များကို ဖြစ်ရာအကြိမ်နှင့်တကွဖော်ပြပါ။**

(၂၀၀၀၊ စမန ၁၁၄၊ ၁၁၃)

**အဖြေ – အပ္ပနာဇောများနောင် တဒါရုံဖြစ်ခွင့်မရှိပါ။**

အကြောင်းကား တဒါရုံကျနိုင်သောအင်္ဂါရပ်တို့မှာ– (၁) ကာမပုဂ္ဂိုလ်ဖြစ်ခြင်း၊

(၂) ကာမဇောစောသောအခါဖြစ်ခြင်း၊

(၃) အတိမဟန္တာရုံ/ဝိဘူတာရုံဖြစ်သော ကာမအာရုံရှိခြင်း တို့ဖြစ်သည်။

**– နိရောဓသမာပတ်ဝင်စားခါနီး၌ဖြစ်သောဇောမှာ –**

(က) အနာဂါမ်ဖြစ်လျှင် – နေဝသညာ နာသညာယတန ကုသိုလ်ဇော ၂ ကြိမ်ဖြစ်၏။

(ခ) ရဟန္တာဖြစ်လျှင် – နေဝသညာ နာသညာယတန ကြိယာဇော ၂ ကြိမ်ဖြစ်၏။

**– နိရောဓသမာပတ်မှထရာ၌ဖြစ်သောဇောမှာ –**

(က) အနာဂါမ်ဖြစ်လျှင် – အနာဂါမိဖိုလ်ဇော ၁ ကြိမ် ဖြစ်၏။

(ခ) ရဟန္တာဖြစ်လျှင် – အရဟတ္တဖိုလ်ဇော ၁ ကြိမ် ဖြစ်၏။

**၆၆။ ကြောင်တစ်ကောင်၏သန္တာန်၌ ရနိုင်သောဝီထိစိတ်တို့ကို ဖော်ပြ၍ အရူပဗြဟ္မာများ၌ ရယ်ရွှင်မှုရှိမရှိကိုလည်း ရှင်းပြပါ။** (၂၀၀၀၊ စမန ၁၀၇)

**အဖြေ – ကြောင်တစ်ကောင်၏သန္တာန်၌ ရနိုင်သောဝီထိစိတ်တို့မှာ –**

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂ ပါး၊ |
| ဟသိတုပ္ပါဒ်ကြဉ်သောအဟိတ်စိတ် | = | ၁၇ ပါး၊ |
| မဟာကုသိုလ်စိတ် | = | ၈ ပါး၊ |
| ပေါင်း – ဝီထိစိတ် | = | ၃၇ ပါးဖြစ်ပါသည်။ |

**– အရူပဗြဟ္မာများ၌ ရယ်ရွှင်မှုမရှိပါ။**

အကြောင်းမှာ အရူပဗြဟ္မာများသည် ရုပ်ကိုရွံမုန်းသော ရူပဝိရာဂဘာဝနာ၏အစွမ်းကြောင့် ရုပ်မရှိဘဲ နာမ်တရားများသာရှိ၏။ ရယ်ရွှင်စရာ ရူပကာယမရှိသောကြောင့် ရူပဗြဟ္မာများတွင် ရယ်ရွှင်မှုမရှိခြင်းဖြစ်ပါသည်။

**၆၇။ ဝီထိစိတ်တို့တွင် မပါဝင်သောစိတ်တို့ကို ဖော်ပြ၍၊ ထိုစိတ်တို့၏အာရုံတို့၌ ဖြစ်ခြင်း (ဝိသယပ္ပဝတ္တိ) တို့ကိုလည်း ဖော်ပြပါ။** (၂၀၀၁၊ စမန ၉၅)

**အဖြေ – ဝီထိစိတ်တို့တွင် မပါဝင်သောဝီထိမုတ်စိတ်တို့မှာ –**

| | | |
|---|---|---|
| ဥပေက္ခာသန္တီရဏစိတ် | = | ၂ ပါး၊ |
| မဟာဝိပါက်စိတ် | = | ၈ ပါး၊ |
| မဟဂ္ဂုတ်ဝိပါက်စိတ် | = | ၉ ပါး၊ |
| ပေါင်း – ဝီထိမုတ်စိတ် | = | ၁၉ ပါး ဖြစ်ပါသည်။ |

ဤစိတ်တို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့ကို ဆောင်ရွက်နေသောအခါ ဝီထိစိတ်တို့တွင် မပါဝင်ချေ။

**– ဤစိတ်တို့၏အာရုံ၌ဖြစ်ခြင်း = ဝီထိမုတ်စိတ်တို့၏ဝိသယပ္ပဝတ္တိမှာ –**

အခြားမဲ့သည့် အတိတ်ဘဝ၏မရဏာသန္န နိမိတ်ဖြစ်သော

(၁) ကံနိမိတ် (၂) ကမ္မနိမိတ် (၃) ဂတိနိမိတ်

ဟူသော နိမိတ် ၃ ပါးတို့က ဝီထိမုတ်စိတ် ၁၉ ပါးတို့၌ အာရုံထင်လာခြင်းဖြစ်ပေ၏။

**၆၈။ ပရိကမ္မစသည်လေးလီတို့၏အရကောက် ပရမတ်တရားတို့ကို ဖော်ပြ၍ သမာရိုးကျဖြစ်ရိုးဖြစ်စဉ် အာဝါသိကဘဝင်မဟုတ်ဘဲ လတ်တလောဖြစ်ပေါ်လာသော အာဂန္တုကဘဝင်အရကိုလည်း အာရုံနှင့်တကွတွဲစပ်ဖော်ပြပါ။**

(၂၀၀၁၊ စမန ၁၀၆၊ ၁၁၅)

**အဖြေ – ပရိကမ္မစသည်လေးလီ (ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု)တို့၏အရကောက် ပရမတ်တရားတို့မှာ –**

''မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ပါးနှင့်

မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ ပေါင်းစိတ် ၈ ပါးဖြစ်ပါသည်။

– သမားရိုးကျဖြစ်ရိုးဖြစ်စဉ် အာဝါသိကဘဝင်မဟုတ်ဘဲ လတ်တလောဖြစ်ပေါ်လာသော **အာဂန္တုကဘဝင်အရမှာ –**

''ဥပေက္ခာသန္တီရဏစိတ် ၂ ပါး'' ဖြစ်ပါသည်။

**အာဂန္တုကဘဝင်၏အာရုံသည် –**

''ရှေးကအလေ့အလာများသော ကာမအာရုံတစ်ပါးပါး''ဖြစ်ပါသည်။

**၆၉။ ''နိရောဓသမာပတ္တိ''ဝယ် နိရောဓ–ချုပ်ဟူသည် အဘယ်တရားတို့မဖြစ်ခြင်းကို ''ချုပ်''ဟု ဆိုပါသနည်း ရေး၍၊ ''အသညသတ္တ''၌ အသည–ဟုဆိုသဖြင့် သညာသာမရှိဟု မှတ်ရပါမည်လော ရှင်းလင်းပြပါ။** (၂၀၀၁၊ စမန ၁၁၃၊ ၁၂၁)

**အဖြေ** – ''နိရောဓသမာပတ္တိ''ဝယ် နိရောဓ–ချုပ်ဟူသည်မှာ –

''စိတ်, စေတသိက်, စိတ္တဇရုပ်တို့ ချုပ်ခြင်း, မဖြစ်ခြင်း''ကို ဆိုပါသည်။

– ''အသညသတ္တ''၌ အသည–ဟုဆိုသဖြင့် သညာသာမရှိဟုမမှတ်ရပါ။

သညာစေတသိက်သည် သဗ္ဗစိတ္တသာဓာရဏစေတသိက်ဖြစ်သဖြင့် စိတ်အားလုံးနှင့်ယှဉ်ဖြစ်ပါသည်၊ စိတ်ဖြစ်တိုင်း သညာပါတစ်ပါတည်းဖြစ်ရသည်။ သညာမရှိလျှင် ယှဉ်ဖက်စိတ်စေတသိက်များလည်း မရှိပါ။

ထို့ကြောင့် အသည–အရ ''နာမ်တရားမရှိ''ဟု မှတ်ယူရမည်။

တစ်ဖန် ''အသညသတ္တ''ဘဝကိုရရန် သညာဝိရာဂဘာဝနာ (ဝါ) ရူပဝိရာဂဘာဝနာကို ရှုပွားရာ၌ သညာဟု ခေါင်းတပ်ထားသော်လည်း သညာတစ်ခုကိုသာမက နာမ်တရားအားလုံးကိုပယ်စွန့်နိုင်ရန် ဦးတည်ချက်, ရည်ရွယ်ချက်ဖြင့် ဘာဝနာရှုပွားပါသည်။ ဤသို့ရှုပွားသော ဘာဝနာ၏အစွမ်းကြောင့် အသညသတ်ပြဟ္မာတို့တွင် နာမ်တရားအားလုံးမရှိဘဲ ရုပ်တရားသာ ရှိခြင်းဖြစ်ပါသည်။

**၇၀။ သေးငယ်သောအာရုံ၌ ဖြစ်သောဝီထိနှင့် မဖြစ်သောဝီထိစိတ်တို့ကို ခွဲခြားပြ၍ မိမိစိတ်ကို ရှေးရှုဆောင်ခြင်း၏အစွမ်းဖြင့်ဖြစ်သော ဇောစိတ်တို့ကိုလည်း ဖော်ထုတ်ပြပါ။** (၂၀၀၂၊ စမန ၉၈၊ ၈၄)

**အဖြေ – သေးငယ်သောအာရုံ(ပရိတ္တာရုံ)၌ ဖြစ်သောဝီထိစိတ်တို့မှာ –**

ပရိတ္တာရုံဝီထိ –

(က) ''တီ–တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဝု–ဘ–ဘ–ဘ–ဘ''–ဘဝင်

(ခ) ''တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု''–ဘဝင်

''ပဥ္စဒွါရာဝဇ္ဇန်း ၁၊ ပဥ္စဝိညာဏ် ၁၊ သမ္ပဋိစ္ဆိန်း ၁၊ သန္တီရဏ ၁၊

ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်း ၃ ကြိမ် သို့မဟုတ် ၂ ကြိမ်'' ဖြစ်ပါသည်။

**ပရိတ္တာရုံဝီထိ၌ မဖြစ်သောဝီထိစိတ်တို့မှာ –**

''ဇောစိတ်နှင့် တဒါရုံစိတ်''တို့ဖြစ်ပါသည်။

**မိမိစိတ်ကို ရွေးရှုဆောင်ခြင်း၏အစွမ်းဖြင့်ဖြစ်သော (အပ္ပနာဇော) စိတ်တို့မှာ–**

| | |
|---|---|
| မဟဂ္ဂုတ်ကုသိုလ်စိတ် | = ၉ ပါး၊ |
| မဟဂ္ဂုတ်ကြိယာစိတ် | = ၉ ပါး၊ |
| လောကုတ္တရာစိတ် | = ၈ ပါး(အကျဉ်း)/၄၀ ပါး(အကျယ်) |
| ပေါင်း–အပ္ပနာဇော | = ၂၆ ပါး(အကျဉ်း)/၅၈ ပါး(အကျယ်) |

**၇၁။ စင်စစ်အလိုမရှိထိုက်သောအာရုံကို တွေ့မြင်တာချင်းတူပါလျက် နှလုံးသွင်းချင်းမတူပုံကို ပုဂ္ဂိုလ်အလိုက်ခွဲခြားပြ၍၊ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်တန်ခိုးပြရာအခါ၌ စောသောဇောစိတ်တို့ကိုလည်း အကြိမ်နှင့်တကွ ရေးပြပါ။**

(၂၀၀၂၊ စမန ၁၁၃၊ ၁၁၄)

**အဖြေ** – စင်စစ်အလိုမရှိထိုက်သော အာရုံကို တွေ့တာချင်းတူပါလျက် နှလုံးသွင်းချင်းမတူကြပါ။ ဥပမာ မစင်ပုံကိုမြင်တွေ့လျှင် လူတို့က ရွံရှာစက်ဆုပ်ကြသော်လည်း ခွေးတို့က လိုချင်နှစ်သက်ကြ၏။

စင်စစ်အလိုမရှိထိုက်သော အနိဋ္ဌာရုံကို တွေ့တာချင်းတူပါလျက် နှလုံးသွင်းချင်းမတူပုံကို ပုဂ္ဂိုလ်အလိုက်ခွဲခြားပြရသော်–

ပုထုဇဉ်နှင့်သေက္ခပုဂ္ဂိုလ်တို့က ယောနိသောမနသိကာရ–သင့်တင့်စွာနှလုံးသွင်းတတ်လျှင် ကာမကုသိုလ်ဇောစိတ်ဖြစ်၏။

အယောနိသောမနသိကာရ–သင့်တင့်စွာနှလုံးမသွင်းလျှင် အကုသိုလ်ဇောစိတ်ဖြစ်၏။

**ရဟန္တာပုဂ္ဂိုလ်ဖြစ်အံ့** – သင့်တင့်စွာနှလုံးသွင်းတတ်သဖြင့် ကာမကြိယာဇောဖြစ်၏။

– **သဗ္ဗညုတဉာဏ်ရှင်ဘုရားသခင် တန်ခိုးပြရာအခါ၌** ဈာန်အင်္ဂါများကို လျင်မြန်စွာဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၌ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်သည် ပစ္စဝေက္ခဏာဇောအဖြစ် ၄ ကြိမ်စောပါသည်။

**၇၂။ တစ်ဘဝလုံးအတွက် ဈာန်မဂ်ဖိုလ်ရဖို့ရန် မျှော်လင့်ချက်မရှိသောပုဂ္ဂိုလ်တို့ကိုထုတ်ပြ၍ သညာမရှိသော သတ္တဝါဟုဆိုကြရာ သညာသာမရှိဟု မှတ်ရပါမည်လော အဘယ်သို့ မှတ်ရပါမည်နည်း ရှင်းပြပါ။** (၂၀၀၂၊ စမန ၁၁၆၊ ၁၁၇)

**အဖြေ** – တစ်ဘဝလုံးအတွက် ဈာန်မဂ်ဖိုလ်ရဖို့ရန်မျှော်လင့်ချက်မရှိသောပုဂ္ဂိုလ်တို့မှာ
(၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ (၂) သုဂတိအဟိတ်ပုဂ္ဂိုလ်
(၃) ဒွိဟိတ်ပုဂ္ဂိုလ်တို့ဖြစ်ပါသည်။

**– သညာမရှိသောသတ္တဝါဟု ဆိုကြရာတွင် သညာသာမရှိဟုမမှတ်ရပါ။**

သညာမရှိလျှင် ယှဉ်ဖက်စိတ်စေတသိက်များလည်း မရှိနိုင်ပါ။ သညာသည် စိတ်အားလုံးတွင်ယှဉ်သည့် သဗ္ဗစိတ္တသာဓာရဏစေတသိက်တစ်ပါးဖြစ်ပါသည်။ စိတ်စေတသိက်တို့သည် တစ်ပေါင်းတည်းယှဉ်ဖြစ်ရပါသည်။ ထို့ကြောင့် သညာမရှိလျှင် နာမ်တရားအားလုံးမရှိပါ။ ထို့ကြောင့် သညာမရှိသောသတ္တဝါဟု ခေါ်ဆိုသောအသညသတ်ပြဟ္မာတို့တွင် နာမ်အားလုံးမရှိဘဲ ရုပ်ချည်းသာရှိသည်ဟု မှတ်ယူရပါမည်။

**၇၃။ ဝီထိမုတ်စိတ်တို့အတွက် ပြားသောဝိသယပ္ပဝတ္တိတို့ကို ရေးသားပြ၍ စိတ္တက္ခဏာ ၁၇ ချက်တွင် ပါဝင်ပါလျက် ဝီထိစိတ်အရေအတွက်တွင် မပါဝင်သောစိတ်တို့ အမည်တို့ကိုလည်း ရေးသားပြပါ။** (၂၀၀၃၊ စမန ၉၅၊ ၉၆–၉၉)

**အဖြေ** – ဝီထိမုတ်စိတ်သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့ကို ဆောင်ရွက်ကြသော ဥပေက္ခာသန္တီရဏစိတ် ၂ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါးတို့ဖြစ်ကြပါသည်။

ဤဝီထိမုတ်စိတ်တို့သည် လွန်ခဲ့သောအခြားမဲ့ဘဝဟောင်း၌ စုတေခါနီးအချိန်တွင် မရဏာသန္နဇောယူခဲ့သည့် ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ်တစ်ခုခုကို အာရုံပြုကြ၏။

ဤဝီထိမုတ်စိတ်တို့၌ ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ်တို့၏အာရုံထင်ခြင်းကို ဝီထိမုတ်စိတ်တို့၏ဝိသယပ္ပဝတ္တိ ၃ ပါးဟု ခေါ်ပါသည်။

**– စိတ္တက္ခဏာ ၁၇ ချက်တွင်ပါဝင်ပါလျက် ဝီထိစိတ်အရေအတွက်တွင် မပါဝင်သောစိတ်တို့၏ အမည်များမှာ–**

အတီတဘဝင်စိတ်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒတို့နှင့်
မဟန္တာရုံဝီထိတွင်ဇောနောင်ဘဝင်စိတ်၊
ပရိတ္တာရုံဝီထိတွင် ဝုဋ္ဌောနောင်ဘဝင်စိတ်များနှင့်
အတိပရိတ္တာရုံဝီထိတွင် ဘဝင်္ဂစလနနောင် ဘဝင်စိတ်များဖြစ်ပါသည်။

**၇၄။ သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သူအား ဒေါသဇောစောနေသည့်အတွက် ထိုဇောနောင် တဒါရုံဖြစ်ခွင့်မရဘဲ အခက်အခဲကြုံရာအခါဝယ် မည်ကဲ့သို့ပြုလုပ်ရမည်ကို ဖြေရှင်းပြ၍ သမာပတ်များအတွင်း၌ ဈာန်ဇောဖိုလ်ဇောများ မည်မျှဖြစ်ပါသနည်း၊ ရှင်းပြပါ။** (၂၀၀၃၊ စမန ၁၁၅၊ ၁၀၈၊ ၁၁၂၊ ၁၁၄)

**အဖြေ** – သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သူအား ဒေါသဇောစောနေသည့်အတွက် ထိုဇောနောင် တဒါရုံဖြစ်ခွင့်မရဘဲ အခက်အခဲကြုံရာအခါဝယ်–

ဥပေက္ခာသန္တီရဏစိတ် ၂ ပါးအနက် တစ်ပါးပါးသည် ရှေးကအလေ့အလာများခဲ့သည့်

ကာမအာရုံတစ်ပါးပါးကို အာရုံပြုလျက် အာဂန္တုကဘဝင်စိတ်အဖြစ် တစ်ကြိမ်ဖြစ်ပါသည်။ ထိုညှော်သည့်ဘဝင်စိတ်၏နောက်၌ ဖြစ်နေကျဖြစ်သော သောမနဿဘဝင်စိတ် ဆက်ဖြစ်ပါသည်။

**– သမာပတ်များအတွင်း၌ ဈာန်ဇောဖိုလ်ဇောများဖြစ်သည့်အကြိမ်များမှာ–**

**ဈာန်သမာပတ်၌** ဈာန်ဇောများသည် အဓိဋ္ဌာန်ထားသည့်ကာလပတ်လုံး ၇–ရက်အထိ အကြိမ်များစွာ ဆက်တိုက်ဖြစ်နိုင်ပါသည်။

**ဖလသမာပတ်၌** ဖိုလ်ဇောများသည် အဓိဋ္ဌာန်ထားသည့်ကာလပတ်လုံး ၇ –ရက်တိုင်အောင် အကြိမ်များစွာ ဆက်တိုက်ဖြစ်နိုင်ပါသည်။

**နိရောဓသမာပတ်၌** မည်သည့်စိတ်စေတသိက်များမှမဖြစ်သည့်အတွက် ဈာန်ဇောဖိုလ်ဇောများလည်း မဖြစ်ကြပါ။

**၇၅။ ''မဂ်စိတ်ဖြစ်ငြား တဖွားဖွား''ဟူသောစကားမှန်/မမှန်စိစစ်ဝေဖန်ပြ၍၊ ရူပဘုံ၌ မရနိုင်သောစိတ်တို့ကိုလည်း တိကျစွာရေးပြပါ။** (၂၀၀၃၊ စမန ၁၁၁၊ ၁၁၅)

**အဖြေ – ''မဂ်စိတ်ဖြစ်ငြား တဖွားဖွား''ဟူသောစကားသည် မမှန်ပါ။**

အကြောင်းမှာ မဂ္ဂဝီထိများတွင် မဂ်စိတ်တို့သည် တစ်ကြိမ်သာဖြစ်ရိုးရှိပါသည်။ ဆီမီးသည် မီးစာကိုလောင်၊ အမှောင်ပယ်ခွင်း၊ အလင်းရောင်လွှမ်း၊ ဆီကုန်ခမ်းစေမှု၊ ဤကိစ္စ ၄ ခုကို တစ်ပြိုင်တည်းပြုနိုင်သကဲ့သို့ ထို့အတူ မဂ်စိတ်သည်လည်း ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ဖြစ်ပေါ်လာစေခြင်းဟူသော ကိစ္စ ၄ ခုကို တစ်ပြိုင်နက်တည်းပြီးစေ၏။

**– ရူပဘုံ၌ မရနိုင်သောစိတ်တို့မှာ** – ဃာနဝိညာဏ်ဒွေ၊ ဇိဝှာဝိညာဏ်ဒွေ၊ ကာယဝိညာဏ်ဒွေဟူသော စိတ် ၆ ပါး၊ ဒေါသမူစိတ် ၂ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ အရူပါဝစရဝိပါက်စိတ် ၄ ပါး၊ ပေါင်း–စိတ် ၂၀ ပါးတို့ဖြစ်ပါသည်။

**၇၆။ ရူပါရုံကို စက္ခုပသာဒနှင့် စက္ခုဝိညာဏ်တို့တွင် အဘယ်ကမြင်သည်ကို ဆုံးဖြတ်ပြ၍ ဝီထိစိတ်လုံးဝမဖြစ်သော ဝီထိကိုလည်း ဝါရအမည်နှင့် တွဲစပ်ဖော်ပြပါ။**

(၂၀၀၄၊ စမန၊ ၁၅၀၊ ၁၅၁၊ ၁၀၀)

**အဖြေ – ရူပါရုံကို စက္ခုဝိညာဏ်က မြင်ပါသည်၊ စက္ခုပသာဒက မမြင်ပါ။**

အကြောင်းမှာ ရူပါရုံသည် မျက်စိဖြင့်မြင်ကောင်းသော သနိဒဿနရုပ်ဖြစ်ပါသည်။ စက္ခုပသာဒသည် ရုပ်တရားဖြစ်၍ ရုပ်အားလုံးသည် အာရုံများကို မယူနိုင်ကြသော အနာရမ္မဏတရားဖြစ်ပါသည်။

**– ဝီထိစိတ်လုံးဝမဖြစ်သောဝီထိသည် ''အတိပရိတ္တာရုံဝီထိ''ဖြစ်ပါသည်။** ဝီထိစိတ်မဖြစ်သည့် အတွက် ''မောဃဝါရ''ဟူ၍လည်း အမည်ရ၏။

**၇၇။ ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ ဥပစာရသမာဓိဇောအဖြစ်ဖြင့် စောခွင့်ရှိသောဇော၊ စောခွင့်မရှိသောဇောတို့ကို ခွဲခြားပြ၍၊ စောခွင့်ရှိသောဇောနောင် နှောင်းနိုင်သော**

**အပ္ပနာဇောတို့ကို အတိအကျဖော်ပြပါ။** (၂၀၀၄၊ စမန ၁၁၁၊ ၁၁၈)

**အဖြေ** – ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ ဥပစာရသမာဓိဇောအဖြစ်ဖြင့် –

စောခွင့်ရှိသောဇောသည် – မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ ပါးဖြစ်သည်။

စောခွင့်မရှိသောဇောသည် – မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၄ ပါး၊

မဟာကုသိုလ်စိတ် ၈ ပါး၊ အကုသိုလ်စိတ် ၁၂ ပါး၊

ဟသိတုပ္ပါဒ်စိတ် ၁ ပါး၊ ပေါင်း ၂၅ ပါးဖြစ်သည်။

– ရဟန္တာသန္တာန်၌ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်ဟူသည့် ဥပစာရသမာဓိဇောနောင် နှောင်းနိုင်သောအပ္ပနာဇောတို့မှာ – မဟဂ္ဂုတ်ကြိယာစျာန်ဇော = ၉ ပါး၊

| | |
|---|---|
| အရဟတ္တဖိုလ်ဇော | = ၁ ပါး၊ (အကျဉ်း / ၅ ပါး (အကျယ်) |
| ပေါင်း – အပ္ပနာဇော | = ၁၀ ပါး (အကျဉ်း / ၁၄ ပါး (အကျယ်) ဖြစ်၏။ |

**၇၈။ နိရောဓသမာပတ်ဝင်စားခြင်း, နိရောဓသမာပတ်မှထခြင်းဟူသော စကားနှစ်ရပ် အဓိပ္ပါယ်ကို သိသာအောင်ရှင်းပြ၍၊ ကောင်းဆိုးနှစ်တန် ဇောအဖန်ဖန်မဖြစ်သော ပုဂ္ဂိုလ်ကိုလည်း ဖော်ပြပါ။** (၂၀၀၄၊ စမန ၁၁၃၊ ၁၁၈)

**အဖြေ – နိရောဓသမာပတ်ဝင်စားခြင်းဟူသော စကား၏အဓိပ္ပါယ်မှာ –**

စိတ်, စေတသိက်များ, စိတ္တဇရုပ်များက အဓိဋ္ဌာန်ထားသည့်ကာလပတ်လုံး ကောင်းစွာချုပ်ငြိမ်းနေခြင်း ဖြစ်ပါသည်။

**နိရောဓသမာပတ်မှထခြင်းဟူသော စကား၏အဓိပ္ပါယ်မှာ –**

အဓိဋ္ဌာန်ထားသော ကာလစေ့မြောက်၍ အနာဂါမ်ဖြစ်လျှင် အနာဂါမိဖိုလ်ဇော ၁ ကြိမ်၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်လျှင် အရဟတ္တဖိုလ်ဇော ၁ ကြိမ်ဖြစ်ပြီးနောက် ဘဝင်ကျပြီး နိရောဓသမာပတ်မှထခြင်းဖြစ်၏။

**– ကောင်းဆိုးနှစ်တန် ဇောအဖန်ဖန်မဖြစ်သောပုဂ္ဂိုလ်သည် ရဟန္တာပုဂ္ဂိုလ်ဖြစ်၏။**

ရဟန္တာသည် မဂ်ဉာဏ် ၄ ပါးဖြင့် ကိလေသာအားလုံးကို အနုသယနှင့်တကွ ပယ်သတ်ပြီးဖြစ်၍ အကုသိုလ်ဇောများနှင့် ကုသိုလ်ဇောများ လုံးဝမဖြစ်တော့ပါ။

**၇၉။ အာရုံ ၅ ပါးသည် ၅ ဒွါရ၌ထင်ရာတွင် ဥပါဒ်လျှင် ဥပါဒ်ချင်းထင်သည်ဟုဆိုလျှင် မှန်, မမှန်ရှင်းလင်းပြ၍၊ ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌော ၂ ကြိမ်၊ ၃ ကြိမ် ဖြစ်ရခြင်း အကြောင်းကိုလည်း ရေးသားပြပါ။** (၂၀၀၅၊ စမန ၉၄၊ ၉၅၊ ၉၈၊ ၉၉)

**အဖြေ – အာရုံ ၅ ပါးသည် ဒွါရ ၅ ပါး၌ထင်ရာတွင် ဥပါဒ်လျှင် ဥပါဒ်ချင်းထင်သည်ဟု ဆိုလျှင် မမှန်ပါ။** အကြောင်းမှာ အာရုံသည် ဒွါရ၌ဥပါဒ်ပြီးနောက် –

အတိမဟန္တာရုံဖြစ်လျှင် – စိတ္တက္ခဏ ၁ ချက်လွန်ပြီးမှ အာရုံထင်၏။

မဟန္တာရုံဖြစ်လျှင် – စိတ္တက္ခဏ ၂ ချက် သို့မဟုတ် ၃ ချက်လွန်ပြီးမှ အာရုံထင်၏။

ပရိတ္တာရုံဖြစ်လျှင် – စိတ္တက္ခဏ ၄ ချက်မှ ၉ ချက်လွန်ပြီးမှ အာရုံထင်၏။

အတိပရိတ္တာရုံဖြစ်လျှင် – စိတ္တက္ခဏ ၁၀ ချက်မှ ၁၅ ချက်လွန်ပြီးမှ အာရုံထင်ပါသည်။

– ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌော ၂ ကြိမ်၊ ၃ ကြိမ် ဖြစ်ရခြင်းအကြောင်းမှာ –

(က) ''တီ–တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဝု–ဘဝင်–ဘ–ဘ–ဘ''–ဘဝင်–

(ခ) '''တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု''–ဘဝင်–

ပရိတ္တာရုံသည် အားနည်းသောကြောင့် ဒွါရ၌ဥပါဒ်ပြီးနောက် စိတ္တက္ခဏ (ဝါ) အတီတဘဝင် ၄ ချက်မှ ၉ ချက်အထိ လွန်သောအခါမှ အာရုံထင်၏။

အတီတဘဝင် ၄ ချက်မှ ၈ ချက်အထိရှိသောဝီထိများ၌– ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌောအထိ ဝီထိစိတ်ဖြစ်ပြီးသည့်နောက် ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းသည် အာရုံမထင်ရှားသဖြင့် အာရုံကိုကောင်းမကောင်း မဆုံးဖြတ်နိုင်ပါ။

အာရုံကို ကောင်းမကောင်းမဆုံးဖြတ်နိုင်သည့်အတွက် အာရုံအရသာခံစားသည့် ဇောစိတ်မဖြစ်နိုင်ပါ။ သာမန်အခြေ၌ ဇောစိတ် ၇ ကြိမ်စောရိုးရှိသဖြင့် ဇော ၇ ကြိမ်စောရန် အာရုံ၏သက်တမ်းမရှိသည့်အတွက်ကြောင့်လည်း ဇောစိတ်မဖြစ်ပါ။

ဇောမဖြစ်နိုင်သည့်အခါ ဇောအစား ဝုဋ္ဌော ၂ ကြိမ်ထပ်မံဖြစ်သည့်အတွက် ဝုဋ္ဌော ၃ ကြိမ် ဖြစ်၏။

အတီတဘဝင် ၉ ချက်ရှိသည့် ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌော ၃ ကြိမ်ဖြစ်ရန် အာရုံ၏သက်တမ်းမရှိတော့သဖြင့် ဝုဋ္ဌော ၂ ကြိမ်သာ ဖြစ်ရ၏။ ဝုဋ္ဌော ၂ ကြိမ်ထက်လျော့၍ကား ဇောကိစ္စကို မဆောင်ရွက်နိုင်ချေ။

ဤအကြောင်းကြောင့် ဝုဋ္ဌော ၂ ကြိမ်၊ ၃ ကြိမ် ဖြစ်ရခြင်းဖြစ်ပေ၏။

**၈၀။ ကာမဇောဝါရနှင့် အပ္ပနာဇောဝါရတို့၏အထူးကို ရေး၍၊ လတ်တလောဖြစ်လာရသောဘဝင်(အာဂန္တုကဘဝင်)သည် အဘယ်အခါမျိုး၌ ဖြစ်ပေါ်လာရသည်ကိုလည်း ရေးသားပြပါ။** (၂၀၀၅၊ စမန ၁၁၄၊ ၁၁၅)

**အဖြေ – ကာမဇောဝါရနှင့် အပ္ပနာဇောဝါရတို့၏အထူးကား –**

| **ကာမဇောဝါရ** | **အပ္ပနာဇောဝါရ** |
|---|---|
| (၁) ဒွါရ(၆)ပါးလုံး၌ ဖြစ်ပေါ်နိုင်၏။ | (၁) မနောဒွါရ၌သာ ဖြစ်နိုင်၏။ |
| (၂) ပဉ္စဒွါရဝိသယပ္ပဝတ္တိ ၄ ပါးနှင့် မနောဒွါရဝိသယပ္ပဝတ္တိ ၂ ပါးဖြစ်၏။ | (၂) မနောဒွါရ ဝိဘူတာရုံ ၁ မျိုးသာ ဖြစ်၏။ |
| (၃) အတီတဘဝင် ၁ ချက်မှ ၁၅ ချက် အထိ ဖြစ်နိုင်၏ | (၃) အတီတဘဝင်ဖြစ်ခြင်းမရှိချေ။ |
| (၄) အဟိတ်၊ဒွိဟိတ်၊တိဟိတ် ဘဝင်စိတ် ၃ မျိုးလုံး ဖြစ်နိုင်၏။ | (၄) တိဟိတ်ဘဝင် ၁ မျိုးသာဖြစ်၏။ |
| (၅) လောကီအာရုံ ၆ ပါးလုံးထင်နိုင်၏ | (၅) ပညတ်အာရုံ၊ မဟဂ္ဂုတ်အာရုံနှင့် |

| | |
|---|---|
| | နိဗ္ဗာန်အာရုံတို့သာထင်နိုင်၏။ |
| (၆) အတိမဟန္တာရုံနှင့်ဝိဘူတာရုံတို့၌ တဒါရုံဖြစ်၏။ | (၆) တဒါရုံဖြစ်ခြင်းမရှိပေ။ |

**– လတ်တလောဖြစ်ပေါ်ရသောဘဝင် (အာဂန္တုကဘဝင်) ဖြစ်ပေါ်လာရသည့်အခါမျိုးကား –**

သောမနဿဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်၏ ဒေါမနဿဇောအဆုံး၌ တဒါရုံဖြစ်ခွင့်မရ၍ ဘဝင်ကျရမည့်အခါမျိုးဖြစ်ပါသည်။

ထိုအခါ၌ ဒေါမနဿဇောနှင့် သောမနဿဘဝင်တို့သည် မီးနှင့်ရေပမာ ဆန့်ကျင်ဘက်ဖြစ်ကြသဖြင့် တစ်ခုကိုတစ်ခု အနန္တရပစ္စည်းမတပ်နိုင်သဖြင့် ဖြစ်နေကျသောမနဿဘဝင်စိတ်မဖြစ်နိုင်ပါ။ ဥပေက္ခာဝေဒနာက ဒေါမနဿဝေဒနာနှင့်ရော သောမနဿဝေဒနာနှင့်ပါ လိုက်လျောညီထွေ ယှဉ်တွဲနိုင်သဖြင့် ဥပေက္ခာသန္တီရဏစိတ် ၁ ပါးက အာဂန္တုကဘဝင်အဖြစ် ရှေးအလေ့အလာများသောကာမအာရုံတစ်ပါးပါးကို အာရုံပြု၍ ၁ ကြိမ်ဖြစ်ပေးရ၏။

**၈၁။ ''အကုသိုလ်တစ်သက် မဂ်တစ်ချက်''ဟူသောစကားမှန်,မမှန် အဘိဓမ္မာအမြင်ဖြင့် ရှင်းပြ၍၊ အရိယာပုဂ္ဂိုလ်တို့၏သန္တာန်၌သာဖြစ်သော စိတ်တို့ကိုလည်း ရေးသားပြပါ။**

(၂၀၀၅၊ စမန ၁၁၁၊ ၁၁၂၊ ၁၁၆)

**အဖြေ** – ''အကုသိုလ်တစ်သက် မဂ်တစ်ချက်''ဟူသောစကားမှန်,မမှန် အဘိဓမ္မာအမြင်ဖြင့်ရှင်းပြရသော် ''မမှန်''ဟုလည်း ဆိုနိုင်၏၊ ''မှန်သည်''ဟုလည်း ဆိုနိုင်၏။

အကြောင်းကား ''အကုသိုလ်တစ်သက်''ဆိုသည့်အတိုင်း တစ်သက်တာပတ်လုံး အကုသိုလ်စိတ်ဖြင့်နေထိုင်သူ၌ မဂ်စိတ်ဖြစ်ခွင့်မရနိုင်ပါ။ ထို့ကြောင့် အထက်ပါစကား ''မမှန်''ပါ။

ထိုသို့မဟုတ်ဘဲ အကုသိုလ်စိတ်ဖြင့် တစ်သက်တာနီးပါးနေထိုင်လာပြီးနောက် သီလ–သမာဓိ–ပညာကျင့်စဉ်ကို အားထုတ်ရသဖြင့် သောတာပတ္တိမဂ် ၁ ချက်ဖြစ်လျှင်ကား အထက်ပါစကားမှန်ပါသည်။

အကြောင်းမှာ သောတာပတ္တိမဂ်သည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့ကို အမြစ်ပြတ်ပယ်သတ်ပြီး၊ ကျန်ကိလေသာများ၏အပါယ်ကျနိုင်သောသတ္တိတို့ကိုလည်း ပယ်သတ်လိုက်သဖြင့် ထိုပုဂ္ဂိုလ်သည် သောတာပန်အရိယာဖြစ်ကာ အပါယ်တံခါးပိတ်၍ နိဗ္ဗာန်ချမ်းသာကို အလိုရှိသမျှ ခံစားနိုင်၏။ ဝိပဿနာအလုပ်ဆက်မလုပ်လျှင်လည်း အနှေးနှင့်အမြန် ဘဝတစ်ခုတွင် ရဟန္တာဖြစ်ပြီး နိဗ္ဗာန်စံဝင်ရမည် ဖြစ်သောကြောင့်တည်း။

**– အရိယာပုဂ္ဂိုလ်တို့၏သန္တာန်၌သာ ဖြစ်သောစိတ်တို့သည် –**

လောကုတ္တရာစိတ်အကျဉ်း ၈ ပါး၊ အကျယ် ၄၀ ပါး ဖြစ်ပါသည်။

သောတာပတ္တိမဂ်ပုဂ္ဂိုလ်များ၌ သောတာပတ္တိမဂ်စိတ် ၁ ပါး(ကျဉ်း)/၅ ပါး(ကျယ်)ဖြစ်၏။

သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်များ၌ သောတာပတ္တိဖိုလ်စိတ် ၁ ပါး(ကျဉ်း)/၅ ပါး(ကျယ်)ဖြစ်၏။

သကဒါဂါမိမဂ်ပုဂ္ဂိုလ်များ၌ သကဒါဂါမိမဂ်စိတ် ၁ ပါး(ကျဉ်း)/၅ ပါး(ကျယ်)ဖြစ်၏။

သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်များ၌ သကဒါဂါမိဖိုလ်စိတ် ၁ ပါး(ကျဉ်း)/၅ ပါး(ကျယ်)ဖြစ်၏။

အနာဂါမိမဂ်ပုဂ္ဂိုလ်များ၌ အနာဂါမိမဂ်စိတ် ၁ ပါး(ကျဉ်း)/၅ ပါး(ကျယ်)ဖြစ်၏။

အနာဂါမိဖိုလ်ပုဂ္ဂိုလ်များ၌ အနာဂါမိဖိုလ်စိတ် ၁ ပါး(ကျဉ်း)/၅ ပါး(ကျယ်)ဖြစ်၏။

အရဟတ္တမဂ်ပုဂ္ဂိုလ်များ၌ အရဟတ္တမဂ်စိတ် ၁ ပါး(ကျဉ်း)/၅ ပါး(ကျယ်)ဖြစ်၏။

အရဟတ္တဖိုလ်ပုဂ္ဂိုလ် (ရဟန္တာ)များ၌ အရဟတ္တဖိုလ်စိတ် ၁ ပါး(ကျဉ်း)/၅ ပါး(ကျယ်)ဖြစ်၏။

ဟသိတုပ္ပါဒ်စိတ်၊ မဟာကြိယာစိတ် ၈ ပါး၊ မဟဂ္ဂုတ်ကြိယာစိတ် ၉ ပါးတို့လည်း အရဟန္တာပုဂ္ဂိုလ်များ၌သာ ဖြစ်နိုင်ကြ၏။

**၈၂။ အဘိဓမ္မာနည်းအရ ပဋိသန္ဓေအခါ, ပဝတ္တိအခါဟု ခွဲခြားပြောဆိုနေကြရာ ထိုအခါနှစ်ပါးကွဲပြားအောင် မမွေးဖွားမီအချိန်ထိကိုသာရှု၍ ခွဲခြားပြပြီးလျှင် ရူပါရုံ အချောအလှကို မြင်ခြင်းသည် စက္ခုပသာဒ, စက္ခုဝိညာဏ်တို့တွင် အဘယ်ဖြင့်မြင်သည်ကိုလည်း ဆုံးဖြတ်ပြပါ။** (၂၀၀၅၊ စမန ၁၅၆၊ ၈၃)

**အဖြေ** – အဘိဓမ္မာနည်းအရ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့ကို မမွေးဖွားမီအချိန်ထိကိုသာ ရှု၍ ခွဲခြားပြရသော် –

**ပဋိသန္ဓေအခါ**= ပဋိသန္ဓေစိတ်၏ဉပါဒ်ခဏကာလ၊

**ပဝတ္တိအခါ** = ပဋိသန္ဓေစိတ်၏ဌီခဏမှစ၍ မမွေးဖွားမီအချိန်အထိအမိဝမ်းတွင်း နေသမျှကာလ၊

– **ရူပါရုံအချောအလှကို မြင်ခြင်းသည်** စက္ခုဝိညာဏ်ဖြင့်မြင်ပါသည်၊ စက္ခုပသာဒဖြင့် မမြင်ပါ။ အကြောင်းမှာ စက္ခုဝိညာဏ်ကသာ ဒဿနကိစ္စဟူသော ရူပါရုံကိုမြင်ခြင်းကိစ္စကို ဆောင်ရွက်နိုင်၏။ စက္ခုပသာဒသည် ရုပ်တရားဖြစ်၍ ရုပ်အားလုံးသည် အနာရမ္မဏတရား ဖြစ်သဖြင့် အာရုံကိုမယူနိုင်ကြသောကြောင့် ဖြစ်ပါသည်။

**၈၃။ တဒါရုံအင်္ဂါများညီပါလျက် တဒါရုံကျခွင့်မရှိသောဝီထိကို အမည်မှုဖော်ပြ၍ အိပ်မက်မက်သကဲ့သို့ မထင်မရှားဖြစ်ပေါ်လာသောအာရုံဝယ် ပါဝင်သောစိတ်အစဉ် တို့ကိုလည်း ဆိုရိုးကျ ရှေ့စိတ်နောက်စိတ်စီစဉ်ပြပါ။** (၂၀၀၅၊ စမန ၁၁၅၊ ၁၅၀)

**အဖြေ** – တဒါရုံအင်္ဂါများညီပါလျက် တဒါရုံကျခွင့်မရှိသောဝီထိသည် ''အာဂန္တုကဝီထိ'' ဖြစ်ပါသည်။ သောမနဿပဋိသန္ဓေနေသောပုဂ္ဂိုလ်၌ ဒေါမနဿဇောစောသော အတိမဟန္တာရုံဝီထိနှင့် ဝိဘူတာရုံဝီထိမျိုးဖြစ်ပါသည်။

– အိပ်မက်မက်နေသကဲ့သို့ မထင်မရှားဖြစ်ပေါ်လာသောအာရုံ (အဝိဘူတာရုံ) ဝယ် ပါဝင်သောစိတ်အစဉ်မှာ –

''န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ''–ဘဝင်–

န = ဘဝင်္ဂစလန – လှုပ်သွားသောဘဝင်စိတ်၊

ဒ = ဘဝင်္ဂုပစ္ဆေဒ – ပြတ်စဲသောဘဝင်စိတ်၊ ဘဝင်အစဉ်ပြတ်၏။

မ = မနောဒွါရာဝဇ္ဇန်းစိတ် – အာရုံကို ဆင်ခြင်နှလုံးသွင်း၍ ဆုံးဖြတ်သောစိတ်။

ဇ = ကာမဇော ၇ ကြိမ် – အာရုံအရသာကို ခံစားသောစိတ်တို့ဖြစ်ပါသည်။

**၈၄။ ကြိုတင်ပြင်ဆင်မှု (ပရိကံ) ရှိမှသာ ကိစ္စအားလုံးအောင်မြင်နိုင်သည်ဟုဆိုကြရာ ထိုပရိကံအရကို အရှင်အနုရုဒ္ဓါအလိုကျ တိကျစွာဖော်ပြ၍၊ သတ်မှတ်ချက်မရှိဘဲ စောချင်သလောက်စောခွင့်ရှိသော ''ဇော'' တို့ကိုလည်း ဥပမာဆောင်ကာ ထင်ရှား အောင်ပြဆောင်ပါ။** (၂၀၀၆၊ စမန ၁၀၆၊ ၁၀၈၊ ၁၁၁၊ ၁၁၂)

**အဖြေ** – ကြိုတင်ပြင်ဆင်မှု (ပရိကံ) ရှိမှသာ ကိစ္စအားလုံးအောင်မြင်နိုင်သည်ဟုဆိုကြရာ ထိုပရိကံအရကို အရှင်အနုရုဒ္ဓါအလိုကျ တိကျစွာဖော်ပြရသော်–

စျာန်, မဂ်, ဖိုလ်ဇောတို့ဖြစ်ပေါ်ရန်အတွက် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ပါး သို့မဟုတ် ရဟန္တာ၌ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ပါးမှ တစ်ပါးပါးသည် ဥပစာရ သမာဓိဇောအဖြစ်

မန္ဒပညာ (ဉာဏ်နုံ့သူ)၌ – ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ၄ ကြိမ်၊

တိက္ခပညာ(ဉာဏ်ထက်သူ)၌ – ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ၃ ကြိမ်၊ ကြိုတင်ဖြစ် ပေးရ၏။

ပရိကံ = အပ္ပနာဇော (စျာန်,မဂ်,ဖိုလ်)ဖြစ်ရန် ပြုပြင်စီရင်တတ်သောစိတ်၊

ဥပစာ = အပ္ပနာဇောအနီး၌ ဖြစ်သောစိတ်၊

အနုလုံ = အောက်ပရိကံဇောအားလည်းကောင်း၊ အထက်အပ္ပနာဇောအားလည်းကောင်း၊ လျော်စွာဖြစ်သောစိတ်၊

ဂေါတြဘု = ကာမအနွယ်ကိုဖြတ်၍ မဟဂ္ဂုတ်အနွယ်ကို ဖြစ်စေသောစိတ် သို့မဟုတ် ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ဖြစ်စေသောစိတ်။

ထို့ကြောင့် ပရိကံအရသည် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ ပါးတို့ဖြစ်ပါသည်။

**– သတ်မှတ်ချက်မရှိဘဲ စောချင်သလောက် စောခွင့်ရှိသော ''ဇော''တို့သည် –**

မဟဂ္ဂုတ်စျာနသမာပတ္တိဇောနှင့် လောကုတ္တရာဖလသမာပတ္တိဇောတို့ ဖြစ်ပါသည်။

စျာန်သို့ကောင်းစွာရောက်ခြင်း, စျာန်ဇောချည်းထပ်ကာထပ်ကာ များစွာဖြစ်နေခြင်းကို ''စျာနသမာပတ္တိ''(စျာန်ဝင်စားခြင်း)ဟုခေါ်၏။ ဖိုလ်ဇောချည်း ထပ်ကာထပ်ကာ များစွာ ဖြစ်နေခြင်းကို ''ဖလသမာပတ္တိ''(ဖိုလ်ဝင်စားခြင်း)ဟု ခေါ်၏။

ဤစျာန်သမာပတ်, ဖလသမာပတ်များအတွင်း၌ စျာန်ဇော, ဖိုလ်ဇောများသည် ''မည်မျှ ဖြစ်သင့်၏''ဟု သတ်မှတ်ဖွယ်မရှိ၊ မြစ်ရေအလျဉ်, ဘဝင်အယဉ်ကဲ့သို့ အကန့်အသတ်မရှိဘဲ များစွာသောဇောစိတ်တို့ကိုလည်း ရအပ်၏။

**၈၅။ စာဖြေသူတို့ လက်ထဲသို့ရောက်ရှိလာသောမေးခွန်းလွှာကို သေချာစေ့ငု ကြည့်ရှုနေ ခိုက် ဖြစ်ပေါ်လာသောစိတ်အစဉ်တို့ကို ဆိုရိုးကျဝီထိချပြပြီးလျှင် ''လုံထမ်းလာတာ ကိုမြင်နိုင်တယ်၊ ကံထမ်းလာတာကို မမြင်နိုင်ဘူး''ဟု ဆိုရိုးစကား မှန်/မမှန် ရှင်းပြခဲ့ပါ။** (၂၀၀၇၊ စမန ၉၆၊ ၉၇၊ ၁၂၉)

**အဖြေ** – အဘိဓမ္မာမေးခွန်းလွှာကို သေချာစေ့ငှ ကြည့်ရှုနေခိုက် ဖြစ်ပေါ်လာသောစိတ် အစဉ်မှာ–

(ဤစာအုပ် စာမျက်နှာ ၁၄၄ နံပါတ် ၂၄၊ စမန ၁၅၁ နံပါတ် ၃၇ တို့မှာ ဖြေပြပြီး)

– **''လုံ့ထမ်းလာတာကို မြင်နိုင်တယ်၊ ကံထမ်းလာတာကို မမြင်နိုင်ဘူး''**ဟူသော စကားသည် မှန်ပါသည်။ အကြောင်းမှာ ''လုံ့''ဟူသောရူပါရုံသည် စက္ခုဒွါရတွင် ထင်လာနိုင်သဖြင့် စက္ခုဒွါရိကစိတ်အစဉ်ဖြင့် မြင်နိုင်ပါသည်။

ကုသိုလ်ကောင်းမှုနှင့် အကုသိုလ်မကောင်းမှုတို့ကို ပြုလုပ်စဉ် စိတ်အစဉ်တွင်ကျန်ရစ်သော နာနက္ခဏိကကံခေါ် ကံသတ္တိသည် စက္ခုဒွါရတွင် မထင်နိုင်သဖြင့် မမြင်နိုင်ပါ။ ထို့ကြောင့် လုံ့ထမ်းလာတာကို မြင်နိုင်သော်လည်း ကံထမ်းလာသည်ကို (မည်သည့်ကံအကျိုးပေးမည်ကို) မမြင်နိုင်ပါ။

**၈၆။ အဘိဓမ္မာစာမေးပွဲနီး၍ စာကျက်နေစဉ် အိပ်ပျော်သွားရာ အိပ်ပျော်နေခိုက် မည်သည့်စိတ်သည် မည်သည့်ဒွါရ မည်သည့်အာရုံကို အာရုံပြု၍ ဖြစ်သည်ကို ဖြေဆိုပြီးလျှင်၊ တစ်ကြိမ်သာစောသောဇောတို့ကိုလည်း ကုန်စင်အောင်ထုတ်ပြပါ။**

(၂၀၀၇၊ စမန ၈၆၊ ၉၀၊ ၁၀၆၊ ၁၀၈၊ ၁၁၁၊ ၁၁၃)

**အဖြေ** – အဘိဓမ္မာစာမေးပွဲနီး၍ စာကျက်နေစဉ် အိပ်ပျော်သွားရာ အိပ်ပျော်နေခိုက် ဖြစ်သောစိတ်သည် ''ဘဝင်စိတ်''ဖြစ်ပါသည်။

ဘဝင်စိတ်သည် ဒွါရဝိမုတ်စိတ်ဖြစ်၍ မည်သည့်ဒွါရတွင်မှ မဖြစ်ပါ။

ဘဝင်စိတ် အာရုံပြုသောအာရုံသည် အခြားမဲ့အတိတ်ဘဝက မရဏာသန္နဇောယူခဲ့သော ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃ ပါးတွင် တစ်ပါးပါးဖြစ်ပါသည်။

**– တစ်ကြိမ်သာစောသောဇောတို့သည် –**

(၁) အာဒိကမ္မကပုဂ္ဂိုလ်၏ ပထမအကြိမ်ဈာန်ရသောဈာနဝီထိ၌ မဟဂ္ဂုတ်ဈာန်ဇော ၁ ကြိမ် စော၏။

(၂) မဂ္ဂဝီထိများ၌ လောကုတ္တရာမဂ်စိတ် ၄ ပါးသည် ၁ ကြိမ်စီသာ စော၏။

(၃) အဘိညာဉ်ဝီထိ၌ အဘိညဉ်ဇောသည် ၁ ကြိမ်သာစော၏။

(၄) နိရောဓသမာပတ္တိဝီထိ၌ နိရောဓသမာပတ်မှ ထသည့်အခါ–

အနာဂါမ်ဖြစ်လျှင် အနာဂါမိဖိုလ်ဇော ၁ ကြိမ်စော၏၊

ရဟန္တာဖြစ်လျှင် အရဟတ္တဖိုလ်ဇော ၁ ကြိမ်စော၏။

**၈၇။ အပါယ်ဘုံသားတို့၏သန္တာန်၌ ကုသိုလ်ဖြစ်ခွင့်ရှိမရှိကို စိစစ်ဝေဖန်ပြီးလျှင် ''အထက်မှာဘဝဂ်၊ အောက်မှာအဝီစိ''ဟူရာဝယ် ဘဝဂ်၌ရနိုင်သော ဝီထိစိတ်တို့ကို ရေတွက်ပြခဲ့ပါ။** (၂၀၀၇၊ စမန ၁၁၇၊ ၁၁၈)

**အဖြေ** – အပါယ်ဘုံသားတို့၏သန္တာန်၌ ကုသိုလ်ဖြစ်ခွင့်ရှိပါသည်။

ပုဂ္ဂလဘေဒပုဂ္ဂိုလ်စိတ်ရ၌ အပါယ်ဘုံသားတို့၌ ဖြစ်နိုင်သောစိတ်သည် –

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂ ပါး၊ |
| ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် | = | ၁၇ ပါး၊ |
| မဟာကုသိုလ်စိတ် | = | ၈ ပါး၊ |
| ပေါင်း – စိတ် | = | ၃၇ ပါး။ |

ဟု ဖော်ပြထားသဖြင့် မဟာကုသိုလ်စိတ်ဖြစ်ခွင့်ရှိပါသည်။ အပါယ်ဘုံသို့ အရှင်မဟာမောဂ္ဂလာန် လှည့်လည်သကဲ့သို့ ရဟန္တာပုဂ္ဂိုလ်ကို ဖူးမြင်ရလျှင် ကုသိုလ်စိတ်ဖြစ်လိမ့်မည်။

– အထက်ဘဝဂ်ဟူသော နေဝသညာ နာသညာယတနဘုံ၌ ရနိုင်သောဝီထိစိတ်တို့မှာ–

| | | |
|---|---|---|
| ဒေါသမူဒွေကြဉ်သော အကုသိုလ်စိတ် | = | ၁၀ ပါး၊ |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | ၁ ပါး၊ |
| မဟာကုသိုလ် ၈ + မဟာကြိယာ ၈ ပါး | = | ၁၆ ပါး၊ |
| အရူပကုသိုလ် ၄ + အရူပကြိယာ ၄ ပါး | = | ၈ ပါး၊ |
| အရူပဝိပါက် ၄ မှ နေဝသညာနာသညာဝိပါက် | = | ၁ ပါး၊ |
| သောတာပတ္တိမဂ်ကြဉ်လောကုတ္တရာစိတ် | = | ၇ ပါး၊ |
| စုစုပေါင်း – ရနိုင်သောဝီထိစိတ် | = | ၄၃ ပါး ဖြစ်ပါသည်။ |

**၈၈။ စိတ်သက်နှင့်ရုပ်သက်တို့ကို ဖော်ပြ၍၊ (က) နာမ်နှင့်အသက်တူသောရုပ်၊ (ခ) နာမ်တရားထက် အသက်တိုသောရုပ်၊ (ဂ) နာမ်တရားထက် အသက်ရှည်သော ရုပ်တို့ကိုလည်း အသီးသီးခွဲခြားပြပါ။**

(၂၀၀၈၊ စမန ၉၂၊ ၁၄၉၊ ၁၄၅၊ ၁၄၇၊ ၁၄၈)

**အဖြေ – စိတ်သက်** = စိတ္တက္ခဏ ၁ ချက် = ခဏငယ် ၃ ချက်၊

**ရုပ်သက်** = စိတ္တက္ခဏ ၁၇ ချက် = ခဏငယ် ၅၁ ချက်၊

(က) **နာမ်နှင့်အသက်တူသောရုပ်** = ဝိညတ်ရုပ် ၂ ပါး၊
စိတ္တက္ခဏ ၁ ချက်စီ သက်တမ်းရှိ၏။

(ခ) **နာမ်တရားထက်အသက်တိုသောရုပ်** = လက္ခဏာရုပ်များဖြစ်ကြသော ဥပစယ, သန္တတိ, အနိစ္စတာရုပ်တို့သည် ခဏငယ် ၁ ချက်စီ သက်တမ်းရှိကြ၏။

(ဂ) **နာမ်တရားထက်သက်တမ်းရှည်သောရုပ်များမှာ–**

ဇရတာရုပ် – သက်တမ်း = ခဏငယ် ၄၉ ချက်။

ဝိညတ်ရုပ် ၂ ပါး၊ လက္ခဏာရုပ် ၄ ပါးနှင့်ပရိစ္ဆေဒရုပ်တို့မှ ကြွင်းသောရုပ် ၂၁ ပါး [ဘူတရုပ် ၄ ပါး၊ ပသာဒရုပ် ၅ ပါး၊ ဂေါစရရုပ် ၇ ပါး (၄ ပါးရေတွက်)၊ ဘာဝရုပ် ၂ ပါး၊ ဟဒယဝတ္ထု၊ ဇီဝိတရုပ်၊ သြဇာရုပ်၊ လဟုတာဒိရုပ် ၃ ပါး]
ဤရုပ်တို့၏သက်တမ်း = စိတ္တက္ခဏ ၁၇ ချက်စီရှိကြ၏။

**၈၉။ တဒါရုံအင်္ဂါတို့ကို ဖော်ပြ၍၊ တဒါရုံကျခွင့်မရှိသော ဝီထိအမည်တို့ကိုလည်း ရေးပြပါ။** (၂၀၀၈၊ စမန ၁၁၄၊ ၉၈၊ ၉၉၊ ၁၀၉၊ ၁၁၂၊ ၁၁၅)

**အဖြေ – တဒါရုံဖြစ်ရန် ပြည့်စုံရမည့် အင်္ဂါ ၃ ပါးမှာ –**

(၁) ကာမပုဂ္ဂိုလ်ဖြစ်ခြင်း (၂) ကာမဇောစောသောအခါဖြစ်ခြင်း၊

(၃) အတိမဟန္တာရုံ သို့မဟုတ် ဝိဘူတာရုံဖြစ်သော ကာမအာရုံဖြစ်ခြင်းတို့တည်း။

**– တဒါရုံကျခွင့်မရှိသော ဝီထိအမည်တို့မှာ –**

(၁) မဟန္တာရုံဝီထိ၊ (၂) ပရိတ္တာရုံဝီထိ (၃) အတိပရိတ္တာရုံဝီထိ၊

(၄) အဝိဘူတာရုံဝီထိ၊ (၅) အာဂန္တုကဝီထိ (၆) ဈာနသမာပတ္တိဝီထိ၊

(၇) ဖလသမာပတ္တိဝီထိ တို့ဖြစ်ပါသည်။

**၉၀။ နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်၏ (က) နိရောဓသမာပတ်ဝင်စားခါနီး၊ (ခ) ဝင်စားဆဲ၊ (ဂ) ဝင်စားပြီးသောအခါတို့၌ဖြစ်သော ပရမတ္ထဓမ္မတို့ကိုဖော်ပြ၍၊ ၃၁ ဘုံထိပ်ဆုံးဘုံနန်းဝယ် စံမြန်းသည့် ရဟန္တာပုဂ္ဂိုလ်ကြီး၏သန္တာန်၌ ရထိုက်သော ဝီထိစိတ်များကိုလည်း ဖော်ပြပါ။** (၂၀၀၈၊ စမန ၁၁၅၊ ၁၁၈)

**အဖြေ** – နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်၏ –

(က) **နိရောဓသမာပတ်ဝင်စားခါနီး၌ဖြစ်သော ပရမတ္ထဓမ္မတို့မှာ –**

အနာဂါမ်ပုဂ္ဂိုလ်ဖြစ်လျှင် – နေဝသညာ နာသညာယတန ကုသိုလ်ဇော ၂ ကြိမ်ဖြစ်၏။

ရဟန္တာပုဂ္ဂိုလ်ဖြစ်လျှင် – နေဝသညာ နာသညာယတန ကြိယာဇော ၂ ကြိမ်ဖြစ်၏။

(ခ) **ဝင်စားဆဲ၌** – စိတ်, စေတသိက်များ, စိတ္တဇရုပ်များ ချုပ်ငြိမ်းနေကြ၏။

(ဂ) **ဝင်စားပြီးသောအခါ၌** – အနာဂါမ်ဖြစ်လျှင် အနာဂါမိဖိုလ်ဇော ၁ ကြိမ်ဖြစ်၏။
ရဟန္တာဖြစ်လျှင် အရဟတ္တဖိုလ်ဇော ၁ ကြိမ်ဖြစ်၏။

– ၃၁ ဘုံထိပ်ဆုံးဘုံနန်း (နေဝသညာ နာသညာယတနဘုံ)ဝယ် စံမြန်းသည့်ရဟန္တာပုဂ္ဂိုလ်ကြီး၏သန္တာန်၌ ရထိုက်သော၊ ဝီထိစိတ်များမှာ –

| | |
|---|---|
| မနောဒွါရာဝဇ္ဇန်းစိတ် | = ၁ ပါး၊ |
| မဟာကြိယာစိတ် | = ၈ ပါး၊ |
| အရူပကြိယာစိတ် | = ၄ ပါး၊ |
| အရဟတ္တဖိုလ်စိတ် | = ၁ ပါး၊ |
| ဝီထိစိတ်ပေါင်း | = ၁၄ ပါးဖြစ်ပါသည်။ |

**၉၁။ ပဉ္စဒွါရ၊ မနောဒွါရ၊ ဒွါရဝိမုတ်စိတ်တို့၌ ဖြစ်သောအာရုံတို့၏ နာမည်ချင်းမတူ ထူးခြားကွဲပြားဟန်ကို ရေးသား၍၊ ဝီထိမည်သော်လည်း ဝီထိစိတ်မဖြစ်သော ဝီထိကိုလည်း တိကျစွာဖော်ပြပါ။** (၂၀၀၉၊ စမန ၉၄၊ ၉၅၊ ၁၀၀၊ ၉၀)

**အဖြေ** –

| ပဉ္စဒွါရ၌ ဖြစ်သောအာရုံ | မနောဒွါရ၌ ဖြစ်သောအာရုံ | ဒွါရဝိမုတ်စိတ်တို့၌ ဖြစ်သောအာရုံ |
|---|---|---|
| (၁) အတိမဟန္တာရုံ<br>(၂) မဟန္တာရုံ<br>(၃) ပရိတ္တာရုံ<br>(၄) အတိပရိတ္တာရုံ<br>(ပစ္စုပ္ပန်ပဉ္စရုံ) | ကာမဇောဝါရတွင်<br>(၁) ဝိဘူတာရုံ<br>(၂) အဝိဘူတာရုံ<br>အပ္ပနာဇောဝါရတွင်<br>ပညတ်၊ မဟဂ္ဂုတ်အာရုံ<br>နိဗ္ဗာန်အာရုံ | (၁) ကံနိမိတ်<br>(၂) ကမ္မနိမိတ်<br>(၃) ဂတိနိမိတ်<br>(အခြားမဲ့အတိတ်ဘဝ<br>၏မရဏာသန္နနိမိတ်) |

**– ဝီထိမည်သော်လည်း ဝီထိစိတ်မဖြစ်သောဝီထိမှာ –**

အတိပရိတ္တာရုံဝီထိ (မောဃဝါရဝီထိ) ဖြစ်ပါသည်။

**၉၂။ ''မဂ်စိတ်ပေါ်ပြီး၊ တဖွားဖွား''ဟူသောစကား မှန်/မမှန် အဘိဓမ္မာအမြင်ဖြင့်ရှင်းလင်းပြ၍၊ တစ်ကြိမ်တစ်ခါသာစောနိုင်သော ဇောများကိုလည်း ရေးသားပြပါ။**

(၂၀၀၉၊ စမန ၁၁၁၊ ၂၅၂၊ ၁၀၆၊ ၁၀၈၊ ၁၁၁၊ ၁၁၃)

**အဖြေ** – ''မဂ်စိတ်ပေါ်ပြီး၊ တဖွားဖွား''ဟူသောစကားသည် မမှန်ပါ။

မဂ္ဂဝီထိများတွင် မဂ်စိတ်တို့သည် ၁ ကြိမ်သာဖြစ်ရိုးရှိ၏။ ဆီမီးသည် မီးစာကိုလောင်၊ အမှောင်ပယ်ခွင်း၊ အလင်းရောင်လွှမ်း၊ ဆီကုန်ခန်းစေမှု၊ ဤကိစ္စ ၄ ခုကို တစ်ပြိုင်နက်တည်း ပြုနိုင်သကဲ့သို့၊ ထို့အတူ မဂ်စိတ်သည်လည်း ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ဖြစ်ပေါ်လာစေခြင်းဟူသော ကိစ္စ ၄ ခုတို့ကို တစ်ပြိုင်နက်တည်းပြီးစေ၏။ (နံပါတ် ၇၅ နှင့်တူ၏)

– တစ်ကြိမ်တစ်ခါသာ စောနိုင်သော ဇောများမှာ–

(ဤစာအုပ် စာမျက်နှာ ၁၇၉ နံပါတ် ၈၆ တွင် ဖြေထားသည်)

**၉၃။ တစ်ဘဝတွင် ဝီထိမဖြစ်သောအခါများကို ဖြေဆို၍၊ ဝီထိစိတ်ဖြစ်ရာ ကာလနှင့်ဖြစ်ပုံအခြင်းအရာကိုလည်း ရေးပြပါ။** (၂၀၀၉၊ စမန ၈၆၊ ၁၀၃၊ ၁၁၃၊ ၉၂)

**အဖြေ – တစ်ဘဝတွင် ဝီထိမဖြစ်သောအခါများမှာ –**

(၁) ပဋိသန္ဓေကိစ္စတပ်၍ ပဋိသန္ဓေစိတ်ဖြစ်သည့်အခါ၊

(၂) ဘဝင်ကိစ္စတပ်၍ ဘဝင်စိတ်များဖြစ်နေသည့်အခါ၊

(၃) စုတိကိစ္စတပ်၍ စုတိစိတ်ဖြစ်နေသည့်အခါ၊

(၄) နိရောဓသမာပတ်ဝင်စားနေသောအခါ၊

(၅) အတိပရိတ္တာရုံဝီထိ၌ မောဃဝါရဝီထိဖြစ်နေသည့်အခါတို့တည်း။

– **ဝီထိစိတ်ဖြစ်ရာကာလမှာ** – ပဝတ္တိအခါ ဒွါရ ၆ ပါး၌ အာရုံ ၆ ပါးတို့ အသီးသီး ထိတိုက်၍ အာရုံထင်သောအခါကာလ၌ ဝီထိစိတ်ဖြစ်ပါသည်။

**– ဝီထိစိတ်ဖြစ်ပုံအခြင်းအရာမှာ –** စက္ခုဒွါရစသည်၌ ရူပါရုံစသည် ထိတိုက်၍ အာရုံထင်လာသောအခါ ထိုအာရုံကို သိရှိခံစားနိုင်ရန်အတွက် အာဝဇ္ဇန်းကိစ္စ၊ ဒဿနကိစ္စ၊ သဝနကိစ္စ၊ ဃာယနကိစ္စ၊ ဖုသနကိစ္စ၊ သမ္ပဋိစ္ဆိုန်းကိစ္စ၊ သန္တီရဏကိစ္စ၊ ဝုဋ္ဌောကိစ္စ၊ ဇောကိစ္စ၊ တဒါရုံကိစ္စ အသီးသီးကိုဆောင်ရွက်လျက် ''ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်းစိတ်၊ သန္တီရဏစိတ်၊ ဝုဋ္ဌော ခေါ် မနောဒွါရာဝဇ္ဇန်းစိတ်၊ ဇောစိတ် ၇ ကြိမ်၊ တဒါရုံ ၂ ကြိမ်''ဟူသော စိတ်အစဉ်အတန်းဖြစ်ခြင်းကို ဝီထိဖြစ်ပေါ်သည်ဟု ခေါ်ပါသည်။

**၉၄။ အစာအတွက် လျှာမထွက်ကြနဲ့ဟုဆိုရာ လျှာဖြင့်အစားအစာကို အရသာခံစားနေခိုက် ဖြစ်ပေါ်လာသောစိတ်အစဉ်ကို ဆိုးရိုးကျ ဝီထိချပြပြီးလျှင်၊ မဂ်ပေါက်–ဖိုလ်ဝင် နိဗ္ဗာန်မြင်ဟူသောဆိုရိုးစကား မှန်မမှန်ကိုလည်း ရှင်းလင်းဖြေပြပါ။**

(၂၀၁၀၊ စမန ၉၆၊ ၉၇၊ ၁၁၁)

**အဖြေ** – အစာအတွက် လျှာမထွက်ကြနဲ့ – ဟုဆိုရာ လျှာဖြင့် အစားအစာကို အရသာခံစားနေခိုက် ဖြစ်ပေါ်လာသောဝီထိစိတ်အစဉ်မှာ–

''တီ–န–ဒ–ပ–ဇိ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ''–ဘဝင်–

တီ = အတီတဘဝင် – အာရုံနှင့်ပြိုင်ဉပါဒ်၏။ } ဝီထိမုတ်စိတ်များ

န = ဘဝင်္ဂစလန – အာရုံထင်၍ ဘဝင်လှုပ်၏။ } ဝီထိမုတ်စိတ်များ

ဒ = ဘဝင်္ဂုပစ္ဆေဒ – ဘဝင်အစဉ်ပြတ်၏။ } ဝီထိမုတ်စိတ်များ

ပ = ပဉ္စဒွါရာဝဇ္ဇန်းစိတ် – အာရုံကိုဆင်ခြင်နှလုံးသွင်း၏၊ ဝီထိစိတ် စတင်၏။

ဇိ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ်–အရသာသိ၏။

သံ = အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ်–အာရုံလက်ခံ၏။

ဏ = အဟိတ်ကုသလဝိပါက် ဥပေက္ခာ သောမနဿသန္တီရဏစိတ်–အာရုံစုံစမ်း၏။

ဝု = ဝုဋ္ဌောခေါ်မနောဒွါရာဝဇ္ဇန်းစိတ် – အာရုံကောင်းမကောင်းဆုံးဖြတ်၏။

ဇ = ဇော ၇ ကြိမ်–သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ် – အရသာအာရုံကို ခံစား၏။

ဒါ = တဒါရုံ ၂ ကြိမ် – အဟိတ်ကုသလဝိပါက် ဥပေက္ခာ/သောမနဿသန္တီရဏစိတ် – အာရုံဆက်ခံစား၏။ ဒုတိယတဒါရုံ၏ဘဝင်နှင့်အာရုံတို့ ပြိုင်ချုပ်၏။

အထက်ပါဝီထိသည် ဇိဝှာဒွါရိက တဒါလမ္ဗဏဝါရဝီထိ ဖြစ်ပါသည်။

**– မဂ်ပေါက် – ဖိုလ်ဝင် နိဗ္ဗာန်မြင်ဟူသော ဆိုရိုးစကားသည် မှန်ကန်ပါသည်။**

ရှင်းလင်းပြရသော် ဝိပဿနာရှုပွားး၍ မဂ္ဂဝီထိဖြစ်သည့်အခါ–

(မန္ဒပညာ) ''န–ဒ–မ–ပ–ဉ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်''–ဘဝင်–

(တိက္ခပညာ) ''န–ဒ–မ–ဉ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–ဖိုလ်''–ဘဝင်

မဂ်တစ်ကြိမ်ဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် ဖိုလ်စိတ် ၂ ကြိမ် သို့မဟုတ် ၃ ကြိမ် ဖြစ်ပါသည်။ ထို့ကြောင့် မဂ်သို့ပေါက်မြောက်သည်နှင့်တစ်ပြိုင်နက် ဖိုလ်စိတ်များက အခြားမလပ်ဖြစ်သည့်

အတွက် ''မဂ်ပေါက်–ဖိုလ်ဝင်'' စကားသည် မှန်ကန်၏။

ထို့အပြင် မဂ်စိတ်နှင့်ဖိုလ်စိတ်တို့သည် နိဗ္ဗာန်ကိုအာရုံပြုကြသဖြင့် နိဗ္ဗာန်ကိုပါ တစ်ပြိုင်တည်းမြင်ရ၏။ သို့အတွက် ''မဂ်ပေါက်–ဖိုလ်ဝင် နိဗ္ဗာန်မြင်''ဟူသော ဆိုရိုးစကားသည် မှန်ကန်ပါသည်။

**၉၅။ လောကကြီး၌ အတုအယောင် အခုတစ်ထောင်လောက်ပေါ်များသလို ပရမတ္ထနယ်ပယ်၌လည်း ဇောအစစ်မဟုတ်ပါဘဲ ဇောအတုဝင်ရောက်လုပ်နေသော ဇောတု, ဇောယောင်နှင့် နိရောဓသမာပတ်မှ ထရာအခါ၌ဖြစ်သော လောကုတ္တရာစိတ်တို့ကို အကြိမ်နှင့်တကွ ဖြေဆိုပါ။** (၂၀၁၀၊ စမန ၉၈၊ ၁၀၃)

**အဖြေ** – လောကကြီး၌ အတုအယောင်ပေါ်များသလို ပရမတ္ထနယ်ပယ်၌လည်း ဇောအစစ်မဟုတ်ဘဲ ဇောအတုဝင်ရောက်လုပ်နေသော ဇောတုဇောယောင်မှာ–

ပရိတ္တာရုံဝီထိ၌ အာရုံမထင်ရှားသည်ကတစ်ကြောင်း၊ ဇော(၇)ကြိမ်ဖြစ်ရန် အာရုံ၏သက်တမ်းမရှိသောကြောင့်လည်းကောင်း၊ ဇောမဖြစ်နိုင်သောအခါ ''ဝုဋ္ဌော''သည် ဇောအစား ၂ ကြိမ်၊ ၃ ကြိမ်ဖြစ်၏၊ ဤကား ပရမတ္ထနယ်ပယ်၌ ဇောတုဇောယောင်ဖြစ်ခြင်း ပင်တည်း။

**ပရိတ္တာရုံဝီထိ** – ''တီ–တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဝု–ဘ–ဘ–ဘ–ဘဝင်''–

''တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု''–ဘဝင်

ပရိတ္တာရုံဝီထိသည် အားနည်းသည့်အတွက် ဒွါရတွင် အာရုံဉပါဒ်ပြီးနောက် အတီတဘဝင် ၄ ချက်မှ ၉ ချက်အထိ လွန်ပြီးမှ ထင်၏၊ အာရုံထင်ပြီးနောက် စိတ္တက္ခဏ ၉ ချက်မှ ၁၃ ချက်အထိ အာရုံ၏သက်တမ်းရှိသည့်အခါ ဝုဋ္ဌော ၃ ကြိမ်၊ အာရုံ၏သက်တမ်းက စိတ္တက္ခဏ ၈ ချက်သာကျန်ရှိသည့်အခါ ဝုဋ္ဌော ၂ ကြိမ်ဟူ၍ ဇောတုဇောယောင်အဖြစ် ဖြစ်ပါသည်။

**– နိရောဓသမာပတ်မှ ထရာအခါ၌ဖြစ်သော လောကုတ္တရာစိတ်တို့ကား–**

အနာဂါမ်ဖြစ်လျှင် – အနာဂါမိဖိုလ်ဇော ၁ ကြိမ် ဖြစ်၏။

ရဟန္တာဖြစ်လျှင် – အရဟတ္တဖိုလ်ဇော ၁ ကြိမ် ဖြစ်၏။

**၉၆။ ယုန်ကလေးနားရွက်ထောင် ပညာရှိယောင်ယောင် – ဟူသောစကား၌ အဟိတ်တိရစ္ဆာန်ဖြစ်သော ယုန်ကလေး၌ ပဋိသန္ဓေပညာ ရှိနိုင်/မရှိနိုင် စီစစ်ဝေဖန်ပြီး၊ သူ့နေရာရောက်မှ သူ့အမြင်မြင်တာပါဟူသော စကားအရ သောတာပန်ပုဂ္ဂိုလ်၏စိတ်သည် ရဟန္တာပုဂ္ဂိုလ်၏စိတ်နေသဘောထားကဲ့သို့ ဖြစ်နိုင်ခွင့်ရှိ/မရှိ ဆုံးဖြတ်ပြပါ။**

(၂၀၁၀၊ စမန ၁၁၇၊ ၁၁၈)

**အဖြေ** – ယုန်ကလေးနားရွက်ထောင် ပညာရှိယောင်ယောင်ဟူသော စကားရှိပါသော်လည်း အဟိတ်တိရစ္ဆာန်ဖြစ်သော ယုန်ကလေး၌ ပဋိသန္ဓေပညာမရှိနိုင်ပါ။

အကြောင်းမှာ ယုန်ကလေးသည် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဖြစ်ပြီး အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏအဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေသည့်အတွက် ပဋိသန္ဓေပညာမရှိပါ။

– သူ့နေရာရောက်မှ သူ့အမြင်မြင်တာပါ–ဟူသောစကားအရ သောတာပန်ပုဂ္ဂိုလ်၏စိတ်သည် ရဟန္တာပုဂ္ဂိုလ်၏စိတ်နေသဘောထားကဲ့သို့ ဖြစ်နိုင်ခွင့်မရှိပါ။

ဆုံးဖြတ်ပြရသော် သောတာပန်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့၌ ဖြစ်နိုင်သောစိတ်ချင်းသည် ပုဂ္ဂလဘေဒအရ မတူကြပါ။

| **သောတာပန်ပုဂ္ဂိုလ်၌ဖြစ်သောစိတ်** | **ရဟန္တာပုဂ္ဂိုလ်၌ဖြစ်သောစိတ်** |
|---|---|
| (၁) လောဘမူဒိဋ္ဌိသံ၄, ဝိစိကိစ္ဆာကြဉ်သော အကုသိုလ်စိတ် = ၇ ပါး၊ | (၁) အကုသိုလ်စိတ် မဖြစ်ပါ။ |
| (၂) ဟသိတုပ္ပါဒ်ကြဉ်အဟိတ်စိတ်= ၁၇ ပါး၊ | (၂) အဟိတ်စိတ် = ၁၈ ပါး၊ |
| (၃) မဟာကုသိုလ်စိတ် = ၈ ပါး၊ | (၃) မဟာကြိယာစိတ် = ၈ ပါး၊ |
| (၄) မဟာဝိပါက်စိတ် = ၈ ပါး၊ | (၄) မဟာဝိပါက်စိတ် = ၈ ပါး၊ |
| (၅) သောတာပတ္တိဖိုလ်စိတ် = ၁ ပါး၊ | (၅) အရဟတ္တဖိုလ်စိတ် = ၁ ပါး၊ |
| စိတ်ပေါင်း = ၄၁ ပါး၊ | စိတ်ပေါင်း = ၃၅ ပါး၊ |
| (၆)ဈာန်ရလျှင် မဟဂ္ဂုတ်ကုသိုလ်ဈာန် ၉ ပါး တိုး၏ | (၆) ဈာန်ရလျှင် မဟဂ္ဂုတ်ကြိယာဈာန် ၉ ပါး တိုး၏။ |

(၁) သောတာပန်တွင် လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါး, ဒေါသမူစိတ် ၂ ပါး, မောဟမူဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁ ပါးဖြစ်နိုင်သေးသည်။ ကာမဂုဏ်ခံစား၍ စိတ်ဆိုးစိတ်ပျက်, စိတ်ပူပန်၍ ကြောက်ရွံ့ထိတ်လန့်တတ်သေး၏။ ဥဒ္ဓစ္စရှိ၍ စိတ်ပျံ့လွင့်တတ်သေး၏။

(၂) ရဟန္တာ၌ လောဘ, ဒေါသ, မောဟလုံးဝမရှိသဖြင့် ကာမဂုဏ်ကို မလိုချင်မတပ်မက်, မခံစားချေ။ စိတ်ဆိုး, စိတ်ပျက်, စိတ်ပူပန်ခြင်းမရှိ၊ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိ၊ စိတ်ပျံ့လွင့်ခြင်းလည်းမရှိပါ။

(၃) သောတာပန်သည် မဟာကုသိုလ်စိတ်ဖြင့် ကုသိုလ်ပြုလုပ်သဖြင့် ကုသိုလ်ကံသစ်များကို ရရှိသည်၊ သံသရာဆက်လက်ကျင်လည်ရမည်။

(၄) ရဟန္တာပုဂ္ဂိုလ်က ကုသိုလ်ကောင်းမှုပြုလုပ်လျှင် ကုသိုလ်စိတ်မဖြစ်ဘဲ မဟာကြိယာစိတ်ဖြင့်ပြုလုပ်၍ ကံအသစ်များကို မဆည်းပူးချေ။ လက်ရှိဘဝသည် နောက်ဆုံးဘဝဖြစ်၍ သံသရာမကျင်လည်ရတော့ပါ။ စုတေလျှင် ပရိနိဗ္ဗာန်စံဝင်ရတော့မည်။

(၅) သောတာပန်သည် သောတာပတ္တိဖိုလ်ကိုသာ ဝင်စားနိုင်သည်၊ ရဟန္တာက အရဟတ္တဖိုလ်ကိုဝင်စားသည်။

သို့ဖြစ်၍ သောတာပန်ပုဂ္ဂိုလ်၏စိတ်သည် ရဟန္တာပုဂ္ဂိုလ်၏စိတ်နေသဘောထားကဲ့သို့ ဖြစ်နိုင်ခွင့်မရှိပါ။

**၉၇။ ဝီထိအဓိပ္ပါယ်ကို သေချာကျနစွာရှင်းလင်းပြ၍ အာရုံတို့၏ဖြစ်ခြင်း (ဝိသယပ္ပဝတ္တိ) ၆ မျိုးကိုလည်း ဒွါရအားဖြင့်ခွဲဝေပြပါ။** (၂၀၁၁၊ စမန ၉၂၊ ၉၄၊ ၉၅)

**အဖြေ** – ''ဝီထိ''သဒ္ဒါသည် ''အစဉ်အတန်း''ကိုဟော၏။ ဒွါရ ၆ ပါးတို့၌ ထင်လာသော အာရုံတစ်ခုစီကို သိရှိရန်အတွက် ''ပဉ္စဒွါရာဝဇ္ဇန်း''၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ''စသည်ဖြင့် ဖြစ်ပေါ်လာသည့် စိတ်အစဉ်အတန်းတစ်ခုစီကို ''ဝီထိ'' ဟုခေါ်ပါသည်။

**– ဝိသယပ္ပဝတ္တိ ၆ မျိုးကို ဒွါရအားဖြင့် ခွဲဝေပြရသော် –**

**ပဉ္စဒွါရ**၌ ဝိသယပ္ပဝတ္တိ ၄ မျိုးမှာ–

(၁) အတိမဟန္တာရုံ – အာရုံထင်ပြီး အလွန်များသော စိတ္တက္ခဏရှိသောအာရုံ။

(၂) မဟန္တာရုံ – အာရုံထင်ပြီး များသောစိတ္တက္ခဏရှိသောအာရုံ။

(၃) ပရိတ္တာရုံ – အာရုံထင်ပြီး နည်းသောစိတ္တက္ခဏရှိသောအာရုံ။

(၄) အတိပရိတ္တာရုံ – အာရုံထင်ပြီး အလွန်နည်းသောစိတ္တက္ခဏရှိသောအာရုံ။

မနောဒွါရ၌ ဝိသယပ္ပဝတ္တိ ၂ မျိုးမှာ

(၅) ဝိဘူတာရုံ – ထင်ရှားသောအာရုံ၊

(၆) အဝိဘူတာရုံ – မထင်ရှားသောအာရုံ တို့ဖြစ်ပါသည်။

**၉၈။ ''စိတ်တွေက တယ်လှုပ်ရှားသကိုး''ဟု ညည်းညူရာဝယ် ''လှုပ်ရှား''ဟူသော စကားရပ်၌ ဖြစ်နိုင်သောစိတ်ကို ဝီထိစဉ်အတွင်းမှ ရွေးချယ်ပြ၍ ဝီထိအခြေခံ ပရိကံဟု ဆိုကြရာ ထိုပရကံကိုမည်သော တရားကိုလည်း ဖော်ပြပါ။**

(၂၀၁၁၊ စမန ၉၆၊ ၁၀၆၊ ၁၁၁၊ ၁၁၂)

**အဖြေ** – ''စိတ်တွေက တယ်လှုပ်ရှားသကိုး''ဟု ညည်းညူရာဝယ် ''လှုပ်ရှား''ဟူသော စကားရပ်၌ ဖြစ်နိုင်သောစိတ်ကို ဝီထိစဉ်အတွင်းမှရွေးချယ်ပြရသော်–

ဒွါရတစ်ခုခု၌ အာရုံထင်လာသောအခါ ဘဝင်စိတ်နှစ်ကြိမ်လှုပ်ရှားပြီး ဘဝင်အစဉ်ပြတ်ရ၏။ ထိုလှုပ်ရှားသွားသော ဘဝင်နှစ်ကြိမ်ဖြစ်သည့် ''ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ''တို့ကို ဝီထိစဉ်မှ လှုပ်ရှားသွားသောစိတ်များဟု ဆိုနိုင်၏။

သို့သော် ဘဝင်စိတ်လှုပ်ရှားသွားသည်ကို ကျွန်ုပ်တို့မသိနိုင်ပါ။

''စိတ်တွေက တယ်လှုပ်ရှားသကိုး''ဟု ညည်းညူရသည်မှာ ဝီထိစိတ်တွင်ပါဝင်သည့် ဇောစိတ်က လှုပ်ရှားခြင်းကြောင့်ဖြစ်သည်။

လှုပ်ရှားပျံ့လွင့်သောဇောစိတ်မှာ ''ဥပေက္ခာသဟဂုတ် မောဟမူဥဒ္ဓစ္စသမ္ပယုတ်စိတ်'' ဖြစ်ပါသည်။

စိတ်ကိုလှုပ်ရှားပျံ့လွင့်စေသော ''ဥဒ္ဓစ္စ''သည် အကုသိုလ်စိတ် ၁၂ ပါးလုံး၌ ယှဉ်သည် ဖြစ်ရာ ''အကုသိုလ်ဇောစိတ် ၁၂ ပါး''လုံးပင် စိတ်ကိုလှုပ်ရှားစေသည်ဟုလည်း ဆိုနိုင်ပါသည်။

– **''ဝီထိအခြေခံ ပရိကံ'' ဟုဆိုကြရာ** ထိုပရိကံသည် ဈာန်,မဂ်,ဖိုလ် အပ္ပနာဇော ဝါရဝီထိများဖြစ်ပေါ်ရန် ''ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ''ဟူသည့် ဥပစာရသမာဓိဇော

အဖြစ် ဆောင်ရွက်ကြသော–

''မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ ပါးနှင့် မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ပါး'' တို့ဖြစ်ပါသည်။

**၉၉။ အာဂန္တုကမည်သော ဘဝင်စိတ်ကို တိကျစွာဖော်ပြ၍၊ ထိုစိတ်သည် အဘယ်ကို အာရုံပြုသည်ကိုလည်း ရေးသားပြပါ။** (၂၀၀၁၊ စမန ၁၁၅)

**အဖြေ** – အာဂန္တုကမည်သော ဘဝင်စိတ်ကို တိကျစွာဖော်ပြရန်–

သောမနဿသဟဂုတ် မဟာဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်၌ သောမနဿ ဘဝင်စိတ်သာ တစ်သက်လုံးဖြစ်ရပေမည်။ ထိုပုဂ္ဂိုလ်က ဒေါမနဿဇောစော၍ တဒါရုံဖြစ်ခွင့်မရသည့်အခါ ကျနေကျသောမနဿဘဝင်စိတ်သည် မဖြစ်နိုင်ပါ။ အကြောင်းမှာ ဒေါမနဿဝေဒနာနှင့် သောမနဿဝေဒနာတို့သည် မီးနှင့်ရေပမာ ဆန့်ကျင်ဘက်ဖြစ်ကြသဖြင့် တစ်ခုကိုတစ်ခုအနန္တရပစ္စည်း မတပ်နိုင်သောကြောင့်ဖြစ်၏။

ဤသို့သောအခါမျိုးတွင် ရှေ့ကဒေါမနဿဇောနှင့်လည်းလျော်ညီ၊ နောက်က သောမနဿဘဝင်နှင့်လည်းလျော်ညီသည့် ''ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်''သည် သန္တီရဏကိစ္စမတပ်ဘဲ အပိုအာဂန္တုက ဘဝင်ကိစ္စတပ်၍ ၁ ကြိမ်ဖြစ်၏။ ဤဘဝင်သည် ပဋိသန္ဓေစိတ်နှင့်တူစွာ ရိုးရိုးကျနေကျ အာဝါသိက (အိမ်ရှင်) သောမနဿဘဝင်မဟုတ်၊ ယခုမှ လတ်တလော ဖြစ်လာရသည့် ဥပေက္ခာဘဝင်ဖြစ်၍ ''**အာဂန္တုကဘဝင်**'' (ဧည့်သည်ဘဝင်)ဟု အမည်ရ၏။

ထို့ကြောင့် အာဂန္တုကမည်သောဘဝင်စိတ်သည် ''ဥပေက္ခာသန္တီရဏစိတ် ၂ ပါး''ဖြစ်၏။

**ထိုအာဂန္တုကဘဝင်စိတ်၏အာရုံသည်** ရှေးကအလေ့အလာများသော ကာမအာရုံတစ်ပါးပါးဖြစ်ပါသည်။

**၁၀၀။ ပဋိသန္ဓေတည်စနှင့် တည်ပြီးနောက် အမိဝမ်း၌ ကိန်းအောင်းနေဆဲ ခဏတို့၏ အမည်ကို ရေးသားပြ၍ ဝီထိစိတ်အစဉ်ကုန်သောအခါ ကျရောက်လာမည့်တရားတို့ကိုလည်း ဖြေဆိုပါ။** (၂၀၁၂၊ စမန ၁၃၄)

**အဖြေ** – ပဋိသန္ဓေတည်စ၊ ပဋိသန္ဓေစိတ်ဉပါဒ်ခိုက်ကို ''**ပဋိသန္ဓေအခါ**''ဟု ခေါ်ပါသည်။

ပဋိသန္ဓေစိတ်ဉပါဒ်ပြီးနောက် ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ အမိဝမ်း၌ ကိန်းအောင်း နေဆဲကာလကို ''**ပဝတ္တိအခါ**''ဟု ခေါ်ပါသည်။

– ဝီထိစိတ်အစဉ်ကုန်သောအခါ ကျရောက်လာမည့်တရားတို့သည် ''ဘဝင်စိတ်များ''

ဖြစ်ပါသည်။ ဘဝင်စိတ်တို့သည် လက်ရှိဘဝ၌ဖြစ်နေသော ရုပ်နာမ်ခန္ဓာအစဉ်တို့ကို အသက်ထက်ဆုံး မပြတ်မလတ်ရအောင် (အသက်ရှင်နေအောင်) ဖြစ်စေခြင်းကိစ္စကို ဆောင်ရွက်ပါသည်။

**၁၀၁။ ပဉ္စဒွါရ၌ဖြစ်သောဝီထိစိတ်တို့ကို ရေးသားပြ၍၊ ဝီထိမည်ပါလျက် ဝီထိစိတ်မဖြစ်သော ဝီထိ၏အမည်ကိုလည်း ရေးပြပါ။** (၂၀၁၂၊ စမန ၁၀၁၊ ၉၉၊ ၁၀၀)

**အဖြေ** – ပဉ္စဒွါရ၌ ထိုက်သည့်အားလျော်စွာဖြစ်ကြသော ဝီထိစိတ်တို့ကို အမျိုးအစား

အားဖြင့်ရေတွက်လျှင် အတိမဟန္တာရုံဝီထိ၌ ''ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ''ဟူ၍ စိတ်(၇)မျိုးရ၏။

စိတ္တုပ္ပါဒ်အရေအတွက်အားဖြင့်ရေတွက်လျှင် အတိမဟန္တာရုံဝီထိ၌ ''ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ပဉ္စဝိညာဏ် ၁၊ သမ္ပဋိစ္ဆိုန်း ၁၊ သန္တီရဏ ၁၊ ဝုဋ္ဌော ၁၊ ဇော ၇၊ တဒါရုံ ၂''ဟူ၍ ၁၄ ပါးဖြစ်၏။

ပါဝင်နိုင်သောဝီထိစိတ်များကိုရေတွက်လျှင် – ''ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌောခေါ်မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇော ၂၉၊ တဒါရုံ (မဟာဝိပါက်)၈'' ဟူ၍ စုစုပေါင်း ကာမစိတ် ၅၄ ပါးဖြစ်ပါသည်။

– ဝီထိမည်ပါလျက် ဝီထိစိတ်မဖြစ်သောဝီထိ၏အမည် = အတိပရိတ္တာရုံဝီထိဖြစ်၏၊
မောဃဝါရဝီထိဟုလည်းခေါ်၏။

## ၁၀၂။ သမာပတ်ဝင်စားချိန်အတွင်း၌ ဖြစ်သောတရား မဖြစ်သောတရားတို့ကို ခွဲခြားပြ၍ အရိယာပုဂ္ဂိုလ်တို့၏သန္တာန်၌သာဖြစ်သော ဇောတို့ကိုလည်းရေးသားပြပါ။

(၂၀၁၂၊ စမန ၁၀၆၊ ၁၀၇၊ ၁၁၂၊ ၁၁၃)

**အဖြေ** – သမာပတ်ဝင်စားချိန်အတွင်း၌ ဖြစ်သောတရား မဖြစ်သောတရားတို့ကို ခွဲခြားပြရသော် –

| ဝင်စားနေသောသမာပတ် | ဖြစ်သောတရား | မဖြစ်သောတရား |
|---|---|---|
| (၁) မဟဂ္ဂုတ်စျာန် သမာပတ် | ဝင်စားနေသောမဟဂ္ဂုတ်စျာန် စိတ်နှင့်ယှဉ်ဖက်စေတသိက်များ | ကျန်အခြားစိတ် စေတသိက်များ |
| (၂) ဖလသမာပတ် | ဝင်စားနေသောဖိုလ်စိတ် နှင့်ယှဉ်ဖက်စေတသိက်များ | ကျန်အခြား စိတ် စေတသိက်များ |
| (၃) နိရောဓသမာပတ် | ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် | စိတ်၊စေတသိက်များ၊ စိတ္တဇရုပ်များ။ |

– အရိယာပုဂ္ဂိုလ်တို့၏သန္တာန်၌သာဖြစ်သောဇောတို့မှာ–

| | |
|---|---|
| ဟသိတုပ္ပါဒ်စိတ်၊ မဟာကြိယာစိတ် ၈ ပါး | = ၉ ပါး၊ |
| မဟဂ္ဂုတ်ကြိယာစိတ် | = ၉ ပါး၊ |
| လောကုတ္တရာမဂ်စိတ် | = ၄ ပါး(ကျဉ်း)/၂၀ ပါး(အကျယ်) |
| လောကုတ္တရာဖိုလ်စိတ် | = ၄ ပါး(ကျဉ်း)/၂၀ ပါး(အကျယ်) |
| စုစုပေါင်း – စိတ် | = ၂၆ ပါး(ကျဉ်း)/၅၈ ပါး(အကျယ်) |

# အဘိဓမ္မာ (ပထမဆင့်)
# ဝီထိမှတ်ပိုင်း

(၁၉၈၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၃၂ နှစ် အမေးအဖြေများ)

**၁။ တိုးချည်–ဆုတ်ချည် အတည်တကျ သက်တမ်းကာလ သတ်မှတ်မရသော ပုဂ္ဂိုလ်များကို ဖော်ပြပါ။** (၁၉၈၁၊ စမန ၁၂၅၊ ၁၂၆၊ အခြေပြုသင်ရိုးဟ် ၂၇၀၊ ၂၇၂)

**အဖြေ** – တိုးချည်–ဆုတ်ချည် အတည်တကျသက်တမ်းကာလ သတ်မှတ်မရသောပုဂ္ဂိုလ်များမှာ –

(၁) ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ် ၄ ဘုံမှ အပါယ်ဘုံသားများ၊

(၂) လူပုဂ္ဂိုလ်များ၊

(၃) မြေပေါ်တွင် နေထိုင်ကြသော ဝိနိပါတိကအသူရာခေါ် နတ်သေးနတ်မွှားများ၊ ဘုမ္မဇိုဝ်း, ရုက္ခဇိုဝ်းခေါ် နတ်ကြီးများ၊

ဘုမ္မသိတခေါ် ဘုမ္မဇိုဝ်းနတ်တို့ကို မှီခိုကြရသောနတ်များဖြစ်ကြသည်။

(တောစောင့်နတ်, တောင်စောင့်နတ်, အိမ်စောင့်နတ်, သစ်ပင်စောင့်နတ်, မြေစောင့်နတ်, သမုဒ္ဒရာစောင့်နတ် စသည်နတ်တို့ကို ဘုမ္မဇိုဝ်းနတ်ဟု ခေါ်ပါသည်)။

အထက်ပါပုဂ္ဂိုလ်များသည် သက်တမ်းမမြဲကြပါ၊ အချို့က တစ်နံနက်, တစ်ရက်, တစ်ခဏမျှ အသက်ရှည်၍၊ အချို့က နှစ်ပေါင်းအသင်္ချေအသက်ရှည်၏။

လူတို့၏သက်တမ်းသည် အသင်္ချေယျတမ်းမှသည် ၁၀ နှစ်တမ်း၊ ၁၀ နှစ်တမ်းမှသည် အသင်္ချေယျတမ်းဟူ၍ ဆုတ်ချည်တက်ချည်ရှိ၏။

**၂။ ဘဝတစ်လျှောက်လုံး၌ ဘုံအားဖြင့်လည်းကောင်း၊ ဇာတ်အားဖြင့်လည်းကောင်း၊ ယှဉ်ဘက်တရားအားဖြင့်လည်းကောင်း၊ သင်္ခါရအားဖြင့်လည်းကောင်း၊ အာရုံအားဖြင့်လည်းကောင်း၊ တူညီသောစိတ်များကိုရေးပါ။** (၁၉၈၁၊ စမန ၈၄)

**အဖြေ – ဘဝတစ်လျှောက်လုံး၌ ဘုံ, ဇာတ်, ယှဉ်ဘက်တရား, သင်္ခါရ, အာရုံအားဖြင့် တူညီသောစိတ်များသည် – ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်များဖြစ်ကြ၏။**

၃၁ ဘုံလုံး၌ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့ကို ဆောင်ရွက်ကြသောစိတ်များသည် **''ဥပေက္ခာသန္တီရဏစိတ် ၂ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါး''** တို့ဖြစ်ပါသည်။

ဥပမာ လူ သို့မဟုတ် နတ်တစ်ပါးသည် ''သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ်''ဖြင့် ပဋိသန္ဓေနေလျှင် သူ၏ဘဝတစ်လျှောက်လုံး ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည် ''သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ်''ပင် ဖြစ်ကြသည်။

ပဋိသန္ဓေစိတ်က အခြားမဲ့အတိတ်ဘဝ၏မရဏာသန္နမိတ်ဖြစ်သော ကံနိမိတ် သို့မဟုတ်

ကမ္မနိမိတ် သို့မဟုတ် ဂတိနိမိတ်ကို အာရုံပြုလျှင် ဘဝင်စိတ်များအားလုံးနှင့် စုတိစိတ်တို့ကလည်း ထိုမရဏာသန္နနိမိတ်ကိုပင် အာရုံပြုကြ၏။

**၃။ ထမင်းရည်ချောင်းစီး အလှူကြီးပေးသော တိဟိတ်ဥက္ကဋ္ဌကုသိုလ်ရှင်၏ ဒါနကုသိုလ်ကံသည် မည်သည့်အကျိုးများကို ပေးပါသနည်း။** (၁၉၈၁၊ စမန ၁၃၉)

**အဖြေ** – ထမင်းရည်ချောင်းစီး အလှူကြီးပေးသော **တိဟိတ်ဥက္ကဋ္ဌကုသိုလ်ရှင်၏ ဒါနကုသိုလ် ကံ (ဝါ) မဟာကုသိုလ် ဉာဏသမ္ပယုတ် တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ ၄ ပါးသည် –**

(၁) **ပဋိသန္ဓေအခါ၌** ကာမသုဂတိ ၇ ဘုံတွင် မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄ ပါးဟူသော ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါးကို ဖြစ်စေ၏။

(၂) ပဝတ္တိအခါ၌ကား **ကာမသုဂတိ ၇ ဘုံ**တွင် အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ပေါင်း ၁၆ ပါးကို ဖြစ်စေ၏။

**အပါယ် ၄ ဘုံ**၌ အဟိတ်ကုသလဝိပါက်စိတ် ၈ ပါးကို ဖြစ်စေ၏။

**အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ**တွင် ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်ကြဉ်သော အဟိတ်ကုသလဝိပါက်စိတ် ၅ ပါးကို ဖြစ်စေ၏။

ဤကား ကြီးကျယ်သည့် တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၏အကျိုးဖြစ်သော နာမ်တရားများတည်း၊ ကံအထောက်အပံ့ဖြစ်သည့် စည်းစိမ်ဂုဏ်သိန်, ဘုံဗိမာန်များကိုလည်း ဘဝများစွာ ရရှိမည်ဖြစ်၏။

**၄။ အောက်ပါပုဂ္ဂိုလ်တို့ သေသောအခါ မည်သည့်ပဋိသန္ဓေ (မည်သည့်ဘဝ)သို့ ရောက်နိုင်ကြပါသနည်း။**

**(က) ဒွိဟိတ်လူသားများ၊ (ခ) တိဟိတ်လူသားများ၊ (ဂ) နတ်များ၊**

**(ဃ) ရူပဘုံသားဗြဟ္မာများ၊ (င) အရူပဘုံသားဗြဟ္မာများ။**

(၁၉၈၁၊ စမန ၁၄၄)

**အဖြေ** – (က) **ဒွိဟိတ်လူသားများသေသောအခါ ရောက်နိုင်သောပဋိသန္ဓေများမှာ–**

ကာမဒွိဟိတ်စုတိ ၄ ပါးနောင်–အဟိတ်ပဋိသန္ဓေ ၂ ပါး၊ ကာမဒွိဟိတ်ပဋိသန္ဓေ ၄ ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါးဟူ၍ ကာမပဋိသန္ဓေ ၁၀ ပါးသို့ ရောက်နိုင်၏။

(ခ) **တိဟိတ်လူသားများ သေသောအခါ ရောက်နိုင်သောပဋိသန္ဓေများမှာ–**

ကာမတိဟိတ်စုတိ ၄ ပါးနောင် – အဟိတ်ပဋိသန္ဓေ ၂ ပါး၊ ကာမဒွိဟိတ်ပဋိသန္ဓေ ၄ ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါး၊ ရူပပဋိသန္ဓေ ၆ ပါး၊ အရူပပဋိသန္ဓေ ၄ ပါးဟူ၍ ပဋိသန္ဓေ ၂၀ သို့ရောက်နိုင်ပါသည်။

(ဂ) **နတ်များတွင် ဒွိဟိတ်ပုဂ္ဂိုလ်များနှင့် တိဟိတ်ပုဂ္ဂိုလ်များရှိကြပါသည်။**

– **ဒွိဟိတ်နတ်များသေဆုံးသောအခါ** – အဟိတ်ပဋိသန္ဓေ ၂ ပါး၊ ကာမဒွိဟိတ်ပဋိသန္ဓေ ၄ ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါးဟူ၍ ကာမပဋိသန္ဓေ ၁၀ ပါးသို့ရောက်နိုင်၏။

– **တိဟိတ်နတ်များသေဆုံးသောအခါ** – အဟိတ်ပဋိသန္ဓေ ၂ ပါး၊ ကာမဒွိဟိတ်ပဋိသန္ဓေ ၄ ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါး၊ ရူပပဋိသန္ဓေ ၆ ပါး၊ အရူပပဋိသန္ဓေ ၄ ပါး၊ ပေါင်း ပဋိသန္ဓေ ၂၀ သို့ ရောက်နိုင်ပါသည်။

(ဃ) **ရူပဘုံများတွင် တိဟိတ်ပုဂ္ဂိုလ်များနှင့် အသညသတ်ပြဟ္မာခေါ် သုဂတိအဟိတ်ပုဂ္ဂိုလ်များရှိကြပါသည်။**

– **အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံများမှ စုတိနောင်** ကာမဒွိဟိတ်ပဋိသန္ဓေ ၄ ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါး၊ ရူပပဋိသန္ဓေ ၆ ပါး၊ အရူပပဋိသန္ဓေ ၄ ပါးဟူ၍ ပဋိသန္ဓေ ၁၈ ပါးသို့ ရောက်နိုင်ကြ၏။

– **အသညသတ်စုတိနောင်** ကာမဒွိဟိတ်ပဋိသန္ဓေ ၄ ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါးဟူ၍ ပဋိသန္ဓေ ၈ ပါးသို့ရောက်နိုင်ကြ၏။

(င) **အရူပဘုံသားပြဟ္မာများ စုတေပြီးနောက် ရောက်နိုင်သောပဋိသန္ဓေများမှာ** –

(၁) အာကာသာနဉ္စာယတနစုတိနောင် အရူပပဋိသန္ဓေ ၄ ပါးနှင့် ကာမတိဟိတ် ပဋိသန္ဓေ ၄ ပါးဟူ၍ ပဋိသန္ဓေ ၈ ပါးဖြစ်နိုင်၏။

(၂) ဝိညာဏဉ္စာယတနစုတိနောင် အာကာသာနဉ္စာယတနကြဉ်သော အရူပပဋိသန္ဓေ ၃ ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါးဟူ၍ ပဋိသန္ဓေ ၇ ပါးဖြစ်နိုင်၏။

(၃) အာကိဉ္စညာယတနစုတိနောင် အာကိဉ္စညာယတန၊ နေဝသညာနာသညာယတနဟူသော အရူပပဋိသန္ဓေ ၂ ပါးနှင့် ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါးဟူ၍ ပဋိသန္ဓေ ၆ ပါး ဖြစ်နိုင်၏။

(၄) နေဝသညာနာသညာယတနစုတိနောင် နေဝသညာနာသညာယတနပဋိသန္ဓေ ၁ ပါးနှင့် ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါးဟူ၍ ပဋိသန္ဓေ ၅ ပါး ဖြစ်နိုင်၏။

**၅။ ၃၁ ဘုံတွင် ပုထုဇဉ်တို့သာနေထိုင်ရသောဘုံ–အရိယာပုဂ္ဂိုလ်တို့သာ နေထိုင်ရသော ဘုံ နှင့် ပုထုဇဉ်နှင့်အရိယာရောရာ နေထိုင်ကြရသောဘုံတို့ကို သတ်မှတ်ဖော်ပြပါ။**

(၁၉၈၂၊ စမန ၁၂၂)

**အဖြေ – ၃၁ ဘုံတွင် ပုထုဇဉ်တို့သာနေထိုင်ရသောဘုံတို့မှာ –**

အပါယ် ၄ ဘုံနှင့် အသညသတ်ရူပပြဟ္မာဘုံတို့ ဖြစ်ပါသည်။

– **အရိယာပုဂ္ဂိုလ်တို့သာ နေထိုင်ရသောဘုံတို့မှာ** – သုဒ္ဓါဝါသ ၅ ဘုံတို့ဖြစ်ပါသည်။

– **ပုထုဇဉ်နှင့်အရိယာ ရောရာ နေထိုင်ကြရသောဘုံများမှာ –**

လူ့ဘုံ၊ နတ်ပြည် ၆ ထပ်၊ အရူပပြဟ္မာ ၄ ဘုံ၊

အသညသတ်ဘုံနှင့် သုဒ္ဓါဝါသ ၅ ဘုံတို့မှကြွင်းသော ရူပပြဟ္မာ ၁၀ ပုံ၊ စုစုပေါင်း ၂၀ ဘုံဖြစ်ပါသည်။

**၆။ လူမှန်သမျှ ဘဝအခြေခံပဋိသန္ဓေစိတ်ချင်း တူ–မတူ သုံးသပ်ဝေဖန်ဖော်ပြပြီး လျှင် မည်သည့်ပဋိသန္ဓေစိတ်အခြေခံရှိသူများသာ အထွတ်အထိပ်သို့ ရောက်တတ်**

**ပါသနည်း၊ ရှင်းလင်းဖော်ပြပါ။** (၁၉၈၂၊ စမန ၁၂၃)

**အဖြေ – လူမှန်သမျှ ဘဝအခြေခံ ပဋိသန္ဓေစိတ်ချင်း မတူကြပါ။**

(၁) အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်နှင့် ပဋိသန္ဓေနေသော သုဂတိ အဟိတ်ပုဂ္ဂိုလ်၊

(၂) မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄ ပါးနှင့် ပဋိသန္ဓေနေကြသော ဒွိဟိတ်ပုဂ္ဂိုလ်၊

(၃) မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄ ပါးနှင့် ပဋိသန္ဓေနေကြသော တိဟိတ်ပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ် ၃ မျိုးကွဲပြားကြပါသည်။

**– ထိုပုဂ္ဂိုလ် ၃ မျိုးတွင် မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄ ပါးနှင့် ပဋိသန္ဓေနေကြသော တိဟိတ်ပုဂ္ဂိုလ်များသာ အထွတ်အထိပ်သို့ ရောက်တတ်ကြပါသည်။**

**အကြောင်းမှာ–**

(၁) **သုဂတိအဟိတ်ပုဂ္ဂိုလ်လူသားများသည်** ပဋိသန္ဓေအားဖြင့် အဗျာကတဟိတ်များ မပါရှိချေ။ မျက်စိကန်းသူ၊ နားပင်းသူ၊ ဃာနပသာဒချို့ယွင်းသူ၊ ထစ် အ ၍စကားမပီသူ၊ အလွန်ဉာဏ်ထိုင်း၍ဆွံ့အသူစသည့် အလွန်ဉာဏ်ထိုင်း၍ လူစင်မမီသောသူများ ဖြစ်ကြ၏။ လက်ရှိဘဝတွင် မည်မျှကြိုးစားအားထုတ်စေကာမူ ဈာန်, မဂ်, ဖိုလ် မရနိုင်ကြပါ။

(၂) **ဒွိဟိတ်ပုဂ္ဂိုလ်လူသားများသည်** မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်နှင့် ပဋိသန္ဓေနေကြသဖြင့် ပဋိသန္ဓေစိတ်တွင် အမောဟဟိတ်ခေါ် ဉာဏ်ပညာမပါချေ။ သို့အတွက် တိဟိတ်ပုဂ္ဂိုလ်လောက် ဉာဏ်ပညာမထက်မြတ်ဘဲ လက်ရှိဘဝတွင် မည်မျှအားထုတ်စေကာမူ ဈာန်, မဂ်, ဖိုလ် မရနိုင်ကြပါ။

(၃) **တိဟိတ်ပုဂ္ဂိုလ်လူသားများသည်** မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်နှင့် ပဋိသန္ဓေနေကြသဖြင့် ပဋိသန္ဓေအားဖြင့် ဉာဏ်ပါလာသူများဖြစ်ကြ၏။ တိဟိတ်ပုဂ္ဂိုလ်များသည် ဒွိဟိတ်ပုဂ္ဂိုလ်များထက် ဉာဏ်ပညာထက်မြက်ကြသဖြင့် လောကီရေးရာ၌ ပို၍ထူးချွန်ကြ၏။ သီလ– သမာဓိ–ပညာ သိက္ခာ ၃ ပါးကျင့်စဉ်တရားကို မှန်ကန်စွာကြိုးစားအားထုတ်လျှင် ဈာန်, မဂ်, ဖိုလ်များရရှိပြီး အရိယာပုဂ္ဂိုလ်များဖြစ်နိုင်ကြ၏။ ထို့ကြောင့် တိဟိတ်ပုဂ္ဂိုလ်များသာ အထွတ်အထိပ်သို့ ရောက်တတ်ကြပါသည်။

**၇။ လူသားတို့ သေခါနီးဆဲဆဲအခါ ကမ္မနိမိတ်များထင်လာတတ်ရာ–**

**(က) လူ့ဘဝမှ လူ့ဘဝသို့ ပြန်ဖြစ်မည့်သူ၊**

**(ခ) လူ့ဘဝမှ နတ်ရွာဘဝသို့ ရောက်မည့်သူ၊**

**(ဂ) လူ့ဘဝမှ အပါယ် ၄ ဘုံသို့ ကျရောက်မည့်သူတို့အား မည်သည့်ကမ္မနိမိတ်မျိုး ထင်လာတတ်ကြောင်း သင်္ဂြိုဟ်နှင့်အညီ ရေးသားဖော်ပြပါ။**(၁၉၈၂၊ စမန ၁၄၁)

**အဖြေ** – လူသားတို့ သေခါနီးဆဲဆဲအခါ ကမ္မနိမိတ်များထင်လာတတ်ရာ–

''ကမ္မနိမိတ်''ဟူသည်မှာ စုတေလျှင် နောက်ဘဝဖြစ်အောင်အကျိုးပေးခွင့်ရသောကံကို ပြုလုပ်စဉ်အခါ၌ မြင်ခဲ့ရ, ကြားခဲ့ရသောအာရုံတို့ ထင်လာခြင်းဖြစ်၏။ ပစ္စုပ္ပန်ကမ္မနိမိတ်သည်

ပဋိသန္ဓေဖြစ်ရန် ပစ္စုပ္ပန်ဘဝ၌ထင်လာနိုင်၏။ အတိတ်ကမ္မနိမိတ်သည် မနောဒွါရ၌သာထင်၏။

(က) **လူ့ဘဝမှ လူ့ဘဝသို့ပြန်ဖြစ်မည့်သူအား ထင်သောကမ္မနိမိတ်သည်** ဒါန–သီလ – ဘာဝနာဟူသည့် ကောင်းမှုတစ်မျိုးမျိုးကို နောင်စုတေသည့်အခါ လူ့ဘဝပြန်ဖြစ်ရန် ရည်မှန်းလျက်၊ ဆုတောင်းလျက် ကုသိုလ်ပြုနေပုံ ထင်လာခြင်းဖြစ်၏။ ဘုရားဆင်းတုအား ပန်း, ရေချမ်း, ဆွမ်းကပ်လှူနေပုံ၊ ရဟန်း ၁ ပါးအား ဆွမ်းလောင်းလှူနေပုံ၊ ဓမ္မကထိက ဆရာတော်တရားဟောသည်ကို နာနေပုံ စသည်တို့ဖြစ်ပါသည်။

(ခ) **လူ့ဘဝမှ နတ်ရွာသုဂတိသို့ ရောက်မည့်သူအား ထင်သောကမ္မနိမိတ်သည်** ဒါန– သီလ–ဘာဝနာဟူသည့် ကောင်းမှုတစ်မျိုးမျိုးကို နောင်စုတေသည့်အခါ နတ်ဘဝရရန် ရည်မှန်းလျက်၊ ဆုတောင်းလျက် ကုသိုလ်ပြုနေပုံထင်လာခြင်းဖြစ်၏။ ဥပမာ ရွှေတိဂုံ ဘုရားအား ဘုရားရှိခိုးနေသည့်ပုံနှင့် နတ်ဘဝဆုတောင်းပုံတို့ ထင်မြင်လာခြင်းမျိုးဖြစ်၏။

(ဂ) **လူ့ဘဝမှ အပါယ်၄ဘုံသို့ ကျရောက်မည့်သူအား ထင်သောနိမိတ်သည်** အကျိုးပေး ခွင့်ရသောအကုသိုလ်ကံကို ပြုလုပ်ခဲ့ပုံ သို့မဟုတ် ပြုလုပ်နေပုံ ထင်မြင်လာခြင်းဖြစ်၏။ ဥပမာ–ငါးတစ်ကောင်ကို ဓါးနှင့်လှီးဖြတ်နေပုံ၊ သူတစ်ပါး၏ပိုက်ဆံအိပ်ကို ခိုးယူနေပုံ စသည်တို့ထင်လာခြင်းဖြစ်၏။

**၈။ ''ဖြဟ္မာဖြစ်၍ တဝင်းဝင်း–ဝက်စားကျင်းမှာ တရှုတ်ရှုတ်''ဟူသောဆိုရိုးစကား အရ ဗြဟ္မာဘဝမှ ဝက်ဘဝသို့ တိုက်ရိုက်ရောက်နိုင်–မရောက်နိုင် သင်္ဂြိုဟ်ကျမ်းကို သုံးသပ်၍ ဆုံးဖြတ်ပါ။** (၁၉၈၂၊ စမန ၁၄၄)

**အဖြေ –''ဗြဟ္မာဖြစ်၍ တဝင်းဝင်း–ဝက်စကျင်းမှာ တရှုတ်ရှုတ်''ဟူသောဆိုရိုး စကားအရဗြဟ္မာဘဝမှ ဝက်ဘဝသို့ တိုက်ရိုက်မရောက်နိုင်ပါ။**

အကြောင်းမှာ – သင်္ဂြိုဟ်ကျမ်းအရ ရူပဘုံမှဗြဟ္မာတစ်ဦးသေဆုံးသောအခါ အဟိတ် ပဋိသန္ဓေ ၂ ပါးမဖြစ်နိုင်ပါ။

(၁) အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံမှ စုတေနောင် ကာမဒွိဟိတ်ပဋိသန္ဓေ ၄ ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါး၊ ရူပပဋိသန္ဓေ ၆ ပါး၊ အရူပပဋိသန္ဓေ ၄ ပါးဟူ၍ ပဋိသန္ဓေ ၁၈ ပါး ဖြစ်နိုင်၏။

(၂) အသညသတ်ဗြဟ္မာစုတိနောင် ကာမဒွိဟိတ် ပဋိသန္ဓေ ၄ ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါးဟူ၍ ပဋိသန္ဓေ ၈ ပါးဖြစ်နိုင်၏။

(၃) အရူပဗြဟ္မာများ၏စုတိနောင် အဟိတ်ပဋိသန္ဓေ ၂ ပါး၊ ကာမဒွိဟိတ်ပဋိသန္ဓေ ၄ ပါး ကြဉ်သော ကြွင်းသည့်ပဋိသန္ဓေများသာ ဖြစ်နိုင်၏။

သို့အတွက် ရူပဗြဟ္မာဘဝမှစုတေလျှင် ယုတ်စွအဆုံး ဒွိဟိတ်လူသားဖြစ်နိုင်၏၊ အရူပ ဗြဟ္မာဘဝမှစုတေလျှင် ယုတ်စွအဆုံး တိဟိတ်လူသားဖြစ်နိုင်၏။ အဟိတ်ပဋိသန္ဓေ ၂ ပါး မဖြစ်နိုင်သဖြင့် အပါယ်ဘဝဖြစ်သည့် ဝက်ဘဝသို့ တိုက်ရိုက်မရောက်နိုင်ပါ။

**၉။ ရုပ်တရားဟူ၍လုံးဝမရှိ၊ နာမ်တရားသက်သက်ရှိသောဘုံဘဝမျိုးရှိနိုင်ပါသလော၊ ရှိလျှင် ယင်းဘုံဘဝမျိုးကို မည်သို့ရရှိနိုင်ပါသနည်း။**

(၁၉၈၃၊ စမန ၁၅၆၊ ၁၄၀၊ ၁၄၁)

**အဖြေ –** ရုပ်တရားဟူ၍ လုံးဝမရှိ၊ နာမ်တရားသက်သက်ရှိသော ဘုံဘဝမျိုးရှိနိုင်ပါသည်။ အာကာသာနဉ္စာယတနဘုံ၊ ဝိညာနဉ္စာယတနဘုံ၊ အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသညာယတနဘုံဟူသော အရူပ ၄ ဘုံ ဖြစ်ပါသည်။

ဤဘုံဘဝမျိုးကို ရလို, ရောက်လိုသူသည် အရူပါဝစရကုသိုလ်စျာန် ၄ ပါးကို ရရှိအောင် အားထုတ်ရမည်။ ရရှိသောအရူပစျာန်ကို သေသည်အထိ ထိန်းထားနိုင်လျှင် သေလွန်သည့်အခါ အရူပါဝစရကုသိုလ်ကံက အရူပဘုံဘဝကို ဖြစ်စေပါသည်။

**၁၀။ မွေးကတည်းက ကန်းလာသောသူတို့၏ပဋိသန္ဓေစိတ်သည် ကုသိုလ်၏အကျိုးလော၊ အကုသိုလ်၏အကျိုးလော၊ စိစစ်ပြပါ။** (၁၉၈၃၊ စမန ၁၂၁၊ ၁၃၉)

**အဖြေ** – မွေးကတည်းက ကန်းလာသောသူတို့၏ပဋိသန္ဓေစိတ်သည် –

''ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်'' ဖြစ်ပါသည်။ ဤစိတ်သည် ကုသိုလ်၏အကျိုးဖြစ်ပါသည်။ မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ဒွိဟိတ်ဩမကကံ ၄ ပါးက ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဟူသော ကာမသုဂတိအဟိတ်ပဋိသန္ဓေကို ဖြစ်စေပါသည်။

**၁၁။ နှုတ်ကြောင့်အကုသိုလ်ဖြစ်ရသော ဝစီကံ ၄ ပါးကို ရေတွက်ပြပါ။**

(၁၉၈၃၊ စမန ၁၃၅)

**အဖြေ –** နှုတ်ကြောင့် အကုသိုလ်ဖြစ်ရသော ဝစီကံ ၄ ပါးမှာ –

(၁) *မုသာဝါဒ* – မဟုတ်မမှန်လိမ်ညာ၍ ပြောဆိုခြင်း၊

(၂) *ပိသုဏာဝါစာ* – ချောပစ်ကုန်းတိုက်သောစကားကို ပြောခြင်း၊

(၃) *ဖရုသဝါစာ* – ကြမ်းတမ်းယုတ်မာစွာပြောခြင်း၊ ဆဲဆိုခြင်း၊

(၄) *သမ္ဖပ္ပလာပ* – အကျိုးမရှိသောစကား, အတင်းအဖျင်းစကားကို ပြောခြင်းတည်း။

**၁၂။ ဘဝအစ၌ ပဋိသန္ဓေစိတ်ဖြစ်၍ ဘဝအဆုံး၌ စုတိစိတ်ဖြစ်၏၊ ယင်းပဋိသန္ဓေနှင့် စုတိအကြား ဘဝတစ်သက်တာဝယ် မည်သည့်စိတ်များ မည်သို့မည်ပုံဖြစ်နေသည်ကို ဥပမာပြ၍ ဖြေဆိုပါ။** (၁၉၈၃၊ စမန ၁၆၉–၁၇၀၊ အခြေပြုသင်ရိုးဟ် ၃၂၈–၃၂၉)

**အဖြေ** – ပဋိသန္ဓေစိတ်ချုပ်သည်၏အခြားမဲ့၌ **ဘဝင်စိတ်အစဉ်**ဖြစ်၏၊ ထိုဘဝင်စိတ်များသည် ပဋိသန္ဓေစိတ်နှင့် အမျိုးတူ၍ ပဋိသန္ဓေယူသောအာရုံကိုပင် ယူကြ၏။ ပဋိသန္ဓေစိတ်နှင့် ဘဝင်စိတ်သည် တစ်မျိုးတည်းဖြစ်သောကြောင့် သဒိသူပစာနည်းဖြင့် ဘဝင်စိတ်ကို ''ထိုပဋိသန္ဓေစိတ်''ဟု ဆိုသည်။

ဥပမာ ခြောက်ပါးဆေးကို ဘုဉ်းပေးလေ့ရှိသောဘုန်းတော်ကြီးသည် မနေ့ကစားပြီးနောက် ယနေ့တစ်ဖန် ''မနေ့ကဆေးကို ကပ်စမ်းပါဦး''ဟု ဆိုပြန်ရာ၊ မနေ့တုန်းကဆေးမှာ စားပြီးဖြစ်ရကား ထိုဆေးနှင့်တူသော ခြောက်ပါးဆေးကိုပင် ''မနေ့ကဆေး''ဟု ခေါ်သကဲ့သို့တည်း။

ဘဝင်အစဉ်ဖြစ်နေခိုက် ဒွါရခြောက်ပါးအနက် တစ်ပါးပါးတွင် ဆိုင်ရာအာရုံလာတိုက်၍ အာရုံထင်လျှင် **ဝီထိစိတ်အစဉ်**ဖြစ်၏။ ဝီထိစိတ်ပြတ်သည့်အခါ ဘဝင်စိတ်ဆက်ဖြစ်၏။

ဘဝင်စိတ်ဆက်မဖြစ်လျှင် ဘဝပြတ်၍ စုတေရတော့၏။ ထို့ကြောင့် ဘဝင်စိတ်ကို ''ဘဝ၏ အကြောင်းဖြစ်သော (ဘဝမပြတ်အောင်ဆက်စပ်ပေးသော)စိတ်''ဟု ဆိုရ၏။ ထိုဘဝင်စိတ်များသည် အကြိမ်ပေါင်းများစွာ ဆက်၍ မြစ်ရေအယဉ်စီးသကဲ့သို့ ဖြစ်လေသည်။

**၁၃။ ယနေ့ပြုလုပ်သော ကုသိုလ်ကံ–အကုသိုလ်ကံသည် ယခုဘဝမှာသာပင် ချက်ချင်းလက်ငင်း အကျိုးပေးပါသလော၊ ကံတို့၏အကျိုးပေးရာကာလကို ဖော်ပြပါ။**

(၁၉၈၃၊ စမန ၁၃၃)

**အဖြေ** – ယနေ့ပြုလုပ်သော ကုသိုလ်ကံ – အကုသိုလ်ကံသည် ယခုဘဝတွင်လည်း အကျိုးပေး၏၊ နောက်ဘဝအဆက်ဆက် နောက်ဆုံး ရဟန္တာဖြစ်သည့်ဘဝတိုင်အောင် အကျိုးပေးနိုင်ပါသည်။

**ပါကကာလ ကမ္မစတုက္ကခေါ် ကံတို့၏အကျိုးပေးရာကာလမှာ –**

(၁) *ဒိဋ္ဌဓမ္မ ဝေဒနီယကံ* – မျက်မှောက်ဘဝ၌ အကျိုးပေးသောပထမဇောစေတနာ၊

(၂) *ဥပပဇ္ဇ ဝေဒနီယကံ* – အခြားမဲ့သော ဒုတိယဘဝ၌ အကျိုးပေးသည့်သတ္တမဇော စေတနာ၊

(၃) *အပရာပရိယ ဝေဒနီယကံ* – တတိယဘဝမှစ၍ အနာဂတ်ရဟန္တာဘဝတိုင်အောင် အကျိုးပေးတတ်သော အလယ်ဇော ၅ ချက် စေတနာများ၊

(၄) *အဟောသိကံ* – ဆိုင်ရာကာလအားလျော်စွာ အကျိုးပေးခွင့်မရကြသဖြင့် သုဉ်းသွားကြသော အထက်ပါကံ ၃ ပါးတို့ ဖြစ်ပါသည်။

**၁၄။ အလိုရမ္မက် လောဘအတွက်ကြောင့်ဖြစ်ရသော အကုသိုလ်ဒုစရိုက်တရားများကို တစ်ပါးစီ ရေတွက်ပြပါ။** (၁၉၈၃၊ စမန ၁၃၅)

**အဖြေ** – အလိုရမ္မက် လောဘအတွက်ကြောင့်ဖြစ်ရသော အကုသိုလ်ဒုစရိုက်တရားများမှာ – (၁) *အဒိန္နာဒါန* – သူတစ်ပါးဥစ္စာကို ခိုးဝှက်, တိုက်ခိုက်, လိမ်ညာယူခြင်း၊

(၂) *ကာမေသုမိစ္ဆာစာရ* – ကာမဂုဏ်၌ ကဲ့ရဲ့ထိုက်စွာ ယုတ်ယုတ်မာမာကျင့်ခြင်း၊

(၃) *မုသာဝါဒ* – မဟုတ်မမှန် လိမ်ညာ၍ပြောခြင်း၊

(၄) *ပိသုဏာဝါစာ* – ချောပစ်ကုန်းတိုက်သောစကားကို ပြောခြင်း၊

(၅) *သမ္ဖပ္ပလာပ* – အကျိုးမရှိသောစကား, အတင်းအဖျင်းစကားကို ပြောခြင်း၊

(၆) *အဘိဇ္ဈာ* – သူတစ်ပါး၏ဥစ္စာကို မတရားယူရန် ကြံစည်ခြင်း၊

(၇) *မိစ္ဆာဒိဋ္ဌိ* – အယူမှားခြင်းတို့ ဖြစ်ပါသည်။

**၁၅။ သံသရာစက်ရဟတ်၏ အဆက်မပြတ်လည်နေပုံကို ဝီထိမုတ်ပိုင်းနိဂုံးလာ ကျမ်းဆရာ၏အာဘော်ကျအောင် အကျဉ်းချုပ်ဖော်ပြပါ။**

(၁၉၈၄၊ အခြေပြုသင်္ဂြိုဟ် ၃၃၀)

**အဖြေ** – ''ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ-ဘဝင်-ဝီထိ-စုတိစိတ်များ ဆက်ကာဆက်ကာဖြစ်

ကြသကဲ့သို့ နောက်နောက်ဘဝတို့၌လည်း ဤနည်းအတိုင်း (နိဗ္ဗာန်မရမခြင်း)ဖြစ်ပြန်လေ၏''

သေခြင်းသည် ယာယီဖြစ်ရပ်တစ်ခု၏ ယာယီပြီးဆုံးခြင်းဖြစ်၏။ တစ်နေရာ၌ နေကွယ်သည်နှင့် တစ်ပြိုင်နက် အခြားတစ်နေရာ၌ နေထွက်သကဲ့သို့ ဘဝတစ်ခု၏ပြီးဆုံးခြင်းသည် အခြားမလပ်ဘဲ နောက်ဘဝသစ်ကို ဖြစ်ပေါ်စေ၏။ ဘဝတစ်ခု၏ရုပ်နာမ်များချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့၏အထောက်အပံ့ဖြင့် ဇနကကံတစ်ခုက ဘဝသစ်၏ ရုပ်နာမ်များကို အခြားမလပ်ဘဲ ဆက်လက်ဖြစ်ပေါ်စေ၏။

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့၏အထောက်အပံ့ကို ရနေသမျှကာလပတ်လုံး ကုသိုလ်ကံ, အကုသိုလ်ကံတို့သည် ဘုံအမျိုးမျိုး၌ ဘဝသစ်ကို ဆက်လက်ဖြစ်ပေါ်စေမည်ဖြစ်၍ သတ္တဝါတို့သည် သံသရာရေယဉ်ကြောတွင် လွင့်မျောနေကြမည်ဖြစ်ပေ၏။

**၁၆။ ၃၁ ဘုံကို သင်သိပါသလား၊ တခြားဘုံတို့သည်လည်း ဤလူ့ဘုံကဲ့သို့ချည်း ရုပ်နာမ်နှစ်ပါးစုံဖြစ်ပါသလော။ ထူးခြားမှုရှိလျှင် ရှိသည့်အလျောက်ဝေဖန်ဖော်ပြခဲ့ပါ။** (၁၉၈၅၊ စမန ၁၁၉၊ ၁၄၀)

**အဖြေ –** ၃၁ ဘုံကို သိပါသည်။ အပါယ် ၄ ဘုံ၊ လူ့ဘုံ၊ နတ်ပြည် ၆ ဘုံ၊ ဗြဟ္မာဘုံ ၂၀ ဟူ၍ ၃၁ ဘုံရှိပါသည်။

– တခြားဘုံတို့သည် ဤလူ့ဘုံကဲ့သို့ချည်း ရုပ်နာမ်နှစ်ပါးစုံ မဖြစ်ပါ။

**အသညသတ်ဘုံ**၌ နာမ်မရှိဘဲ ရုပ်ချည်းသာရှိပါသည်။ ပဥ္စမဈာန်ကုသိုလ်ကံသည် ရုပ်ကို မမုန်းဘဲ စိတ်သညာကိုမုန်းလျက် ''သညာဝိရာဂဘာဝနာ''အဖြစ်သို့ ရောက်အောင် ဘာဝနာပွားများသောပုဂ္ဂိုလ်အား အသညသတ်ဘုံ၌ ရုပ်ပဋိသန္ဓေကို ဖြစ်စေ၏။

**အရူပ ၄ဘုံ**တွင် ရုပ်မရှိဘဲ နာမ်ချည်းသက်သက်ရှိကြ၏။ အရူပဗြဟ္မာများသည် နာမ်ကို မမုန်းဘဲ ရုပ်ကိုမုန်းလျက် ရုပ်၌တပ်မက်ခြင်းကင်းသော ဘာဝနာများကို အောင်မြင်စွာ ရှုပွားခဲ့သည့် ဘာဝနာ၏အစွမ်းကြောင့် ရုပ်မရှိဘဲ နာမ်သာရှိကြ၏။

**၁၇။ အောက်ပါပုဂ္ဂိုလ်တို့၏ပဋိသန္ဓေစိတ်ချင်းတူညီမှု ရှိမရှိကို ဝေဖန်စိစစ်ဖော်ပြပါ။**

**(က) ဆင်မင်း၏ပဋိသန္ဓေစိတ်၊ (ခ) နဂါးမင်း၏ပဋိသန္ဓေစိတ်၊**

**(ဂ) ပဋိသန္ဓေအားဖြင့် ကန်းသောသူ၏ပဋိသန္ဓေစိတ်၊**

**(ဃ) ဉာဏ်ထိုင်းလွန်းသောသူ၏ပဋိသန္ဓေစိတ်၊**

**(င) မဟောသဓာပညာရှိ၏ပဋိသန္ဓေစိတ်။** (၁၉၈၅၊ စမန ၁၂၃)

**အဖြေ –** (က) ဆင်းမင်း၏ပဋိသန္ဓေစိတ်သည် အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်၊

(ခ) နဂါးမင်း၏ပဋိသန္ဓေစိတ်သည်လည်း အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်၊

(ဂ) ပဋိသန္ဓေအားဖြင့်ကန်းသောသူ၏ပဋိသန္ဓေစိတ်သည် အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်ဖြစ်၏။

(ဃ) ဉာဏ်ထိုင်းလွန်းသောသူ၏ပဋိသန္ဓေစိတ်သည် ဉာဏဝိပ္ပယုတ် မဟာဝိပါက်စိတ်ဖြစ်၏၊

(င) မဟောသဓာပညာရှိ၏ပဋိသန္ဓေစိတ်သည် ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ်ဖြစ်၏။

သို့အတွက် ဆင်မင်းနှင့် နဂါးမင်းတို့သာလျှင် ပဋိသန္ဓေစိတ်ချင်းတူကြ၏။ ၎င်းတို့၏ပဋိသန္ဓေစိတ်သည် ကျန်ပုဂ္ဂိုလ် ၃ ဦး၏ပဋိသန္ဓေစိတ်များနှင့် မတူကြပါ။

ကျန်ပုဂ္ဂိုလ်အသီးသီးတို့၏ပဋိသန္ဓေစိတ်တို့သည်လည်း သီးခြားစီဖြစ်၍ အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ ပဋိသန္ဓေစိတ်ချင်း မတူကြပါ။

**၁၈။ ဘုရားတည် ကျောင်းဆောက် ရှင်ပြု ပဉ္စင်းခံစသည်ကို ပြုလုပ်သောကုသိုလ်ကံသည် မည်သည့်ဘုံဘဝ၌ မည်သည့်အကျိုးဝိပါက်တို့ကို ဖြစ်ပေါ်ရရှိစေနိုင်ပါသနည်း။ အဘိဓမ္မာသင်္ဂြိုဟ် ကမ္မစတုက္ကပိုင်းအရ ဝေဖန်စိစစ်ဖော်ပြပါ။** (၁၉၈၅၊ စမန ၁၃၈၊ ၁၃၉)

**အဖြေ** – ဘုရားတည် ကျောင်းဆောက် ရှင်ပြု ပဉ္စင်းခံစသည်ကို ပြုလုပ်ရာ၌ ကံ-ကံ၏အကျိုးကို မသိမြင်လျှင် ကာမဒွိဟိတ်ကုသိုလ်ကံ ၄ ပါး၊ ကံ-ကံ၏အကျိုးကိုသိမြင်လျှင် ကာမတိဟိတ်ကုသိုလ်ကံ ၄ ပါးဖြစ်၏။

တစ်ဖန် စေတနာသုံးတန်ပြဋ္ဌာန်းမှုရှိမရှိအပေါ်မူတည်၍ –

(၁) ကာမဒွိဟိတ်ဩမကကံ ၄ ပါး၊ (၂) ကာမဒွိဟိတ်ဥက္ကဋ္ဌကံ ၄ ပါး၊

(၃) ကာမတိဟိတ်ဩမကကံ ၄ ပါး၊ (၄) ကာမတိဟိတ်ဥက္ကဋ္ဌကံ ၄ ပါးတို့ ဖြစ်ကြ၏။

(၁) ကာမဒွိဟိတ်ဩမကကံ ၄ ပါးသည် အညံ့ဆုံးကုသိုလ်ကံဖြစ်၍ ၎င်းကံအကျိုးပေးလျှင် လူ့ဘုံ၊ အောက်စတုမဟာရာဇ်ဘုံတို့၌ ပဋိသန္ဓေအားဖြင့် မျက်စိကန်းသူ၊ နားပင်းသူ၊ ဆွံ့အသူစသည့် လူစင်မမီ၊ နတ်စင်မမီသည့် အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်နှင့် ပဋိသန္ဓေနေသည့် အဟိတ်ပုဂ္ဂိုလ်များကို ဖြစ်စေ၏။

(၂) (၃) ကာမဒွိဟိတ်ဥက္ကဋ္ဌကံ ၄ ပါးနှင့် ကာမတိဟိတ်ဩမကကံ ၄ ပါးတို့သည် စွမ်းအားတူလောက်ရှိကြပြီး လူ့ဘုံနှင့်နတ်ပြည် ၆ ထပ်တွင် မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်နှင့် ပဋိသန္ဓေနေကြသည့် ဒွိဟိတ်ပုဂ္ဂိုလ်များကို ဖြစ်စေ၏။

(၄) ကာမတိဟိတ်ဥက္ကဋ္ဌကံသည်ကား လူ့ဘုံနှင့်နတ်ပြည် ၆ ထပ်ဟူသော ကာမသုဂတိ ၇ ဘုံတွင် မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်နှင့် ပဋိသန္ဓေနေကြသည့် တိဟိတ်ပုဂ္ဂိုလ်များကို ဖြစ်စေ၏။ ဤပုဂ္ဂိုလ်တို့သည် ဉာဏ်ထက်မြက်ပြီး သိက္ခာသုံးပါးကျင့်စဉ်တရားကို ကြိုးစားအားထုတ်လျှင် အရိယာပုဂ္ဂိုလ်များ ဖြစ်နိုင်ကြ၏။

**၁၉။ လူ့သဘာဝအရ မျက်နှာကြီးပုဂ္ဂိုလ်များကို အထူးတလည်နေရာများ သီးသန့်ပေးရသကဲ့သို့ အဘိဓမ္မာနည်းအရ အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်ကြီးများအတွက်သာ အထူးသီးသန့်ပေးရသော ဘုံဌာန ၅ မျိုးကို ထုတ်ပြ၍၊ အရိယာပုဂ္ဂိုလ်တို့ မဖြစ်သောဘုံဌာနများကိုလည်း ထုတ်ပြခဲ့ပါ။** (၁၉၈၆၊ စမန ၁၂၁၊ ၁၂၂)

**အဖြေ – အနာဂါမ်, ရဟန္တာများအတွက်သာ အထူးသီးသန့်ပေးရသော ဘုံဌာန ၅ မျိုးမှာ –** အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌဘုံဟူသော သုဒ္ဓါဝါသ ၅ ဘုံဖြစ်ပါသည်။

**– အရိယာပုဂ္ဂိုလ်တို့ မဖြစ်သောဘုံဌာနများမှာ –** အပါယ် ၄ ဘုံနှင့် အသညသတ်ဘုံတို့

ဖြစ်ပါသည်။

**၂၀။ လောဘရမ္မက်, ဒေါသအတွက်ကြောင့် ဖြစ်ရသော အကုသိုလ်ဒုစရိုက်များကို တစ်ပါးစီရေတွက်ပြပါ။** (၁၉၈၆၊ စမန ၁၃၅)

**အဖြေ** – လောဘရမ္မက်, ဒေါသအတွက်ကြောင့် ဖြစ်ရသောအကုသိုလ်ဒုစရိုက် ၁၀ ပါးမှာ – (၁) *ပါဏာတိပါတ* – သူ့အသက်သတ်မှု၊

(၂) *အဒိန္နာဒါန* – သူ့ဥစ္စာကို ခိုးဝှက်, တိုက်ခိုက်, လုယ်ပတ်ယူမှု၊

(၃) *ကာမေသုမိစ္ဆာစာရ* – ကာမဂုဏ်၌ ကဲ့ရဲ့ထိုက်စွာ ယုတ်ယုတ်မာမာကျင့်မှု၊

(၄) *မုသာဝါဒ* – မဟုတ်မမှန် လိမ်ညာ၍ပြောဆိုမှု၊

(၅) *ပိသုဏာဝါစာ* – ချောပစ်ကုန်းတိုက်စကားကို ပြောဆိုမှု၊

(၆) *ဖရုသဝါစာ* – ကြမ်းတမ်းသောစကားကို ပြောဆိုမှု၊

(၇) *သမ္ဖပ္ပလာပ* – အကျိုးမရှိသည့်အတင်းအဖျင်းစကားကို ပြောဆိုမှု၊

(၈) *အဘိဇ္ဈာ* – သူတစ်ပါး၏ဥစ္စာကို မတရားရယူရန်ကြံစည်မှု၊

(၉) *ဗျာပါဒ* – သူတစ်ပါး၏အသက်နှင့်စည်းစိမ်ကို ဖျက်ဆီးရန်ကြံစည်မှု၊

(၁၀) *မိစ္ဆာဒိဋ္ဌိ* – ကံ-ကံ၏အကျိုးကို မယုံကြည်ဘဲ အယူမှားမှုတို့ ဖြစ်ပါသည်။

**၂၁။ ဘယ်ဘဝကသေလျှင် ဘယ်ဘဝရောက်သည်ဟု အဘိဓမ္မာနည်းလမ်းအရ ညွှန်ပြလျက်ရှိရာ အရူပဗြဟ္မာကြီးစုတေက ရူပဗြဟ္မာကြီးဖြစ်မဖြစ်ကို စုတိပဋိသန္ဓိက္ကမပိုင်းအရ သုံးသပ်ပြခဲ့ပါ။** (၁၉၈၆၊ စမန ၁၄၄)

**အဖြေ** – အဘိဓမ္မာ စုတိပဋိသန္ဓိက္ကမပိုင်းအရ အရူပြဗြဟ္မာကြီးစုတေက ဖြစ်နိုင်သောပဋိသန္ဓေမှာ – (၁) အာကာသာနဉ္စာယတနစုတိနောင် အရူပပဋိသန္ဓေ ၄ ပါးနှင့် ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါးဖြစ်နိုင်၏။

(၂) ဝိညာဏဉ္စာယတနစုတိနောင် အာကာသာနဉ္စာယတနကြဉ်သော အရူပပဋိသန္ဓေ ၃ ပါးနှင့် ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါး ဖြစ်နိုင်၏။

(၃) အာကိဉ္စညာယတနစုတိနောင် အာကိဉ္စညာယတန၊ နေဝသညာနာသညာယတနဟူသော အရူပပဋိသန္ဓေ ၂ ပါးနှင့် ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါး ဖြစ်နိုင်၏။

(၄) နေဝသညာ နာသညာယတနစုတိနောင် နေဝသညာ နာသညာယတနပဋိသန္ဓေ ၁ ပါးနှင့် ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါး ဖြစ်နိုင်၏။

သို့ဖြစ်၍ အရူပြဗြဟ္မာကြီးစုတေက ရူပဗြဟ္မာကြီး မဖြစ်နိုင်ပါ။

**၂၂။ ထွေပြားဆန်းကြယ်သော သတ္တလောကကြီးဝယ် နာမ်မရှိသောသတ္တဝါ၊ နာမ်သာရှိ၍ ရုပ်မရှိသောသတ္တဝါ၊ ရုပ်ရောနာမ်ပါ နှစ်ပါးစုံရှိသောသတ္တဝါတို့ကို အဘိဓမ္မာကျမ်းလာအရ ဖော်ပြခဲ့ပါ။** (၁၉၈၇၊ စမန ၁၂၁၊ ၁၂၂)

**အဖြေ** – ထွေပြားဆန်းကြယ်သော သတ္တလောကကြီးဝယ် သတ္တဝါများနေထိုင်ရာဘုံ ၃၁

ဘုံရှိပါသည်။ ဤဘုံများအနက် (၁) **အသညသတ်ဘုံ၌** နေထိုင်သော **အသညသတ်ပြဟ္မာ** များသည် ရုပ်ခန္ဓာကိုယ်သာရှိပြီး **နာမ်မရှိသောသတ္တဝါများ** ဖြစ်ကြသည်။

(၂) **အရူပ ၄ ဘုံ**တွင် နေထိုင်ကြသော **အရူပပြဟ္မာများသည် နာမ်သာရှိ၍ ရုပ်မရှိသော သတ္တဝါများ** ဖြစ်ကြပါသည်။

(၃) အပါယ် ၄ဘုံ၊ လူ့ဘုံ၊ နတ်ပြည် ၆ ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၊ **ပေါင်း ၂၆ ဘုံ၌** နေထိုင်ကြသောသတ္တဝါများသည် **ရုပ်ရောနာမ်ပါနှစ်ပါးစုံရှိသောသတ္တဝါများ** ဖြစ်ကြပါသည်။

**၂၃။ ၃၁ ဘုံရှိသော်လည်း လက်ရှိအခြေအနေအရ အသင်စာဖြေပုဂ္ဂိုလ်နှင့်သက်ဆိုင် (လားရောက်ခွင့်ရှိ)သော ဘုံများကိုသာ ရေတွက်ဖော်ပြပါ။** (၁၉၈၇၊ စမန ၁၄၄)

အဖြေ – စာဖြေပုဂ္ဂိုလ်ကျွန်ုပ်သည် လက်ရှိအခြေအနေအရ ဈာန်မရသေးသဖြင့် အပါယ် ၄ ဘုံ၊ လူ့ဘုံ၊ နတ်ပြည် ၆ ဘုံဟူသော ကာမ ၁၁ ဘုံနှင့်သာ သက်ဆိုင်ပါသည်။ ကွယ်လွန်လျှင် ဤဘုံများအနက် တစ်ဘုံဘုံသို့ လားရောက်နိုင်ပါသည်။

သမထဘာဝနာပွားများအားထုတ်သဖြင့် ရူပါဝစရကုသိုလ်ဈာန် ၅ ပါး၊ အရူပါဝစရကုသိုလ်ဈာန် ၄ ပါးတို့ကိုရရှိလျှင် ၃၁ ဘုံလုံးနှင့်သက်ဆိုင်ပါမည်၊ ဈာန်ဖြင့်ကွယ်လွန်လျှင် ရူပ ၁၆ ဘုံနှင့် အရူပ ၄ ဘုံသို့လည်း လားရောက်နိုင်သောကြောင့်ဖြစ်ပါသည်။

**၂၄။ အဘယ်ပုဂ္ဂိုလ်မျိုးသည် ဉာဏ်ရည်အဆင့် အလွန်မြင့်မား၍၊ အဘယ်ပုဂ္ဂိုလ်မျိုးသည်ဉာဏ်ရည်အဆင့် အလွန်နိမ့်ကျပါသနည်း။ ပဋိသန္ဓေစိတ်ဖြင့် တိုင်းတာဆုံးဖြတ်ပါ။** (၁၉၈၇၊ စမန ၁၂၃၊ ၁၂၄)

**အဖြေ** – အပါယ်ဘုံသားများသည် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေကြသည့်အတွက် အဟိတ်ပုဂ္ဂိုလ်များဖြစ်ကြပါသည်။

လူ့ဘုံနှင့်အောက်စတုမဟာရာဇ်ဘုံတို့၌ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေကြသည့် ပုဂ္ဂိုလ်များသည်လည်း အဟိတ်ပုဂ္ဂိုလ်များ ဖြစ်ကြ၏။

အသညသတ်ပြဟ္မာများသည် ဇီဝိတနဝကကလာပ်ရုပ်ဖြင့် ပဋိသန္ဓေနေကြသဖြင့် နာမ်မရှိ၊ ဟိတ်မရှိသောကြောင့် အဟိတ်ပုဂ္ဂိုလ်များဖြစ်ကြသည်။

အထက်ပါ အဟိတ်ပုဂ္ဂိုလ်များသည် အဟိတ်ပဋိသန္ဓေနေသူများဖြစ်၍ သောဘနဟိတ်နှင့် ကမ္မဇပညာမပါရှိကြပါ။ ထို့ကြောင့် ဉာဏ်ရည်အဆင့်အလွန်နိမ့်ကျကြပါသည်။

မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်ဖြင့် ပဋိသန္ဓေနေကြသော လူများ, နတ်များသည်လည်းကောင်း၊ ရူပါဝစရဝိပါက်စိတ်, အရူပါဝစရဝိပါက်စိတ်အသီးသီးဖြင့် ပဋိသန္ဓေနေကြသော ရူပပြဟ္မာများနှင့် အရူပပြဟ္မာများသည်လည်းကောင်း၊ တိဟိတ်ပုဂ္ဂိုလ်များဖြစ်ကြပြီးလျှင် ကမ္မဇပညာပါရှိသူများဖြစ်ကြသည်။ ထို့ကြောင့် ဤတိဟိတ်ပုဂ္ဂိုလ်များသည် ဉာဏ်ရည်အဆင့် အလွန်မြင့်မားကြပါသည်။

**၂၅။ ကောင်းမှု–မကောင်းမှုပြုသူများအတွက် လက်တွေ့ဘဝ၌ပင် အကျိုးရစေသည့်**

**ကောင်းသောကံ၊ မကောင်းသောကံတို့ကို မည်သို့ခေါ်ဆိုပါသနည်း။ ဖော်ပြပြီးလျှင် ယခုစာမေးပွဲဖြေဆိုသောအလုပ်သည် ယင်းကံနှင့် သက်ဆိုင်ခြင်းရှိ–မရှိ ဖြေဆိုပါ။**

(၁၉၈၇၊ စမန ၁၃၃)

**အဖြေ** – လက်တွေ့ဘဝ၌ပင် အကျိုးရစေသည့် ကောင်းသောကံ, မကောင်းသောကံတို့ကို ''**ဒိဋ္ဌဓမ္မ ဝေဒနီယကံ**''ဟု ခေါ်ဆိုပါသည်။ ဒိဋ္ဌဓမ္မ ဝေဒနီယကံသည် မျက်မှောက်ဘဝ၌ အကျိုးပေးသောကံ ဖြစ်ပါသည်။

**ယခုစာမေးပွဲ ဖြေဆိုသောအလုပ်သည်** ကောင်းမှုကံအလုပ်ဖြစ်၍ ဒိဋ္ဌဓမ္မဝေဒနီယကံနှင့် သက်ဆိုင်ခြင်းရှိပါသည်။

ကောင်းမှုအလုပ်ကိုပြုလုပ်သောအခါ မဟာကုသိုလ်ဇော ၇ ကြိမ် စောပါသည်။ မကောင်းမှုလုပ်သောအခါ အကုသိုလ်ဇော ၇ ကြိမ် စောပါသည်။ ပဌမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်ပါသည်။ သတ္တမဇောစေတနာသည် ဥပပဇ္ဇ ဝေဒနီယကံ ဖြစ်ပါသည်၊ အလယ်ဇော ၅ ချက်နှင့် ယှဉ်သောစေတနာတို့သည် အပရာပရိယ ဝေဒနီယကံဖြစ်ပါသည်။ သို့အတွက် ကောင်းမှု, မကောင်းမှုပြုတိုင်း အဆိုပါ ကံသုံးမျိုးစလုံးဖြစ်ပါသည်။

သို့ဖြစ်၍ ယခုစာမေးပွဲဖြေဆိုသောအလုပ်သည် ဒိဋ္ဌဓမ္မ ဝေဒနီယကံနှင့် သက်ဆိုင်ခြင်းရှိပါသည်။

**၂၆။ အလှည့်ကျအကျိုးပေးသောကံလေးမျိုးကို အစဉ်ကျကျ ဖော်ပြ၍၊ ကဋတ္တာကံ၏ သဘောကို သိသာရုံဖြေဆိုခဲ့ပါ။** (၁၉၈၈၊ စမန ၁၃၃၊ ၁၃၂)

အဖြေ – အလှည့်ကျအကျိုးပေးသော ကံလေးမျိုးမှာ–

(၁) **ဂရုကကံ**– တပါးကံတို့မတားမြစ်နိုင်ဘဲ စုတေပြီးအခြားမဲ့၌ အကျိုးပေးမြဲဖြစ်သော အလွန်အားကြီးသောကံ၊

(၂) **အာသန္နကံ** – စုတေခါနီးပြုအပ်သောကံ သို့မဟုတ် ရှေးကပြုခဲ့ပြီး၍ သေခါနီးအချိန်၌ အောက်မေ့အမှတ်ရသောကံ၊

(၃) **အာစိဏ္ဏကံ** – နေ့စဉ်မပြတ် ဝတ်ထား၍ပြုလုပ်သောကံ၊

(၄) ကဋတ္တာကံ – အထက်ပါကံသုံးပါးသို့ မရောက်တတ်ဘဲ သာမန်ပြုသောကံတို့ဖြစ်၏။

– **ကဋတ္တာကံ၏သဘောမှာ** ကဋတ္တာကံသည် ဂရုကကံ, အာသန္နကံ, အာစိဏ္ဏကံတို့လောက် အားမကြီးသောကံဖြစ်၏။ ဤဘဝတွင် သာမန်ပြုအပ်သောကံများနှင့် အတိတ်ဘဝများကပြုခဲ့သောကံများ ဖြစ်သည်။ စုတိချိန်၌ ဂရုကကံ, အာသန္နကံ, အာစိဏ္ဏကံတို့မရှိလျှင် သို့မဟုတ် အကျိုးပေးခွင့်မရလျှင် ကဋတ္တာကံ အကျိုးပေး၏။

**၂၇။ ခါးပိုက်နှိုက်ခေါင်းဆောင်က ''ဤရွှေဆွဲကြိုးကို ခိုးဖြတ်ခဲ့''ဟုခိုင်း၍ တပည့်ဖြစ်သူက ခိုးခဲ့ရာဝယ် ခေါင်းဆောင်၌ဖြစ်သောခိုးမှုသည် ကာယကံလော–ဝစီကံလော အကြောင်းပြဖြေဆိုပါ။** (၁၉၈၈၊ စမန ၁၃၄၊ ၁၃၅)

**အဖြေ** – ခါးပိုက်နှိုက်ခေါင်းဆောင်က ''ဤရွှေဆွဲကြိုးကို ခိုးဖြတ်ခဲ့''ဟုခိုင်း၍ တပည့်ဖြစ်

သူက ခိုးခဲ့ရာဝယ် **ခေါင်းဆောင်၌ဖြစ်သောခိုးမှုသည် ကာယကံ ဖြစ်ပါသည်။**

အကြောင်းမှာ သူတစ်ပါး၏ဥစ္စာကိုခိုးယူခြင်းသည် ကိုယ်ထိလက်ရောက် ကာယကံဖြင့် ကျူးလွန်သဖြင့် ကာယကံ ၃ ပါး (ဝါ) ကာယဒုစရိုက် ၃ ပါးတွင် ပါဝင်ပါသည်။

တစ်နည်းအားဖြင့် အဒိန္နာဒါန = သူ့ဥစ္စာကိုခိုးဝှက်ယူမှုကို ''ကာယကံ''ဟု သတ်မှတ်၏။ ''ကာယကံ''သည် ကိုယ်၌အဖြစ်များသောအမှု ဖြစ်၏၊ တစ်ခါတစ်ရံ နှုတ်ဖြင့်စေခိုင်း၍ ကျူးလွန်သည်ဖြစ်စေကာမူ ခိုးမှု–အဒိန္နာဒါနကို ကာယကံဟုသာ သတ်မှတ်ပါသည်။

ထို့ကြောင့် ခါးပိုက်နှိုက်ခေါင်းဆောင်သည် ရွှေဆွဲကြိုးကို ခိုးဖြတ်ရန် နှုတ်ဖြင့်စေခိုင်းသော်လည်း ထိုပုဂ္ဂိုလ်၌ဖြစ်သောခိုးမှုသည် ကာယကံ ဖြစ်ပါသည်။

**၂၈။ (က) ဆွမ်းလောင်းသူ၊ (ခ) မိဘရိုသေသူ၊ (ဂ) အမှုဝေသူ၊ (ဃ) တံမြက်လှည်းသူ၊ (င) တရားနာယူသူတို့၌ဖြစ်သော ပုညကြိယဝတ္ထုတို့ကို အသီးသီးယှဉ်တွဲဖော်ပြပါ။**

(၁၉၈၈၊ စမန ၁၃၆)

အဖြေ – (က) **ဆွမ်းလောင်းသူ**၌ဖြစ်သော ပုညကြိယဝတ္ထုသည် ''**ဒါန**'' ဖြစ်ပါသည်။

(ခ) **မိဘရိုသေသူ**၌ဖြစ်သော ပုညကြိယဝတ္ထုသည် ''**အပစာယန**'' ဖြစ်ပါသည်။

(ဂ) **အမှုဝေသူ၌**ဖြစ်သော ပုညကြိယဝတ္ထုသည် ''**ပတ္တိဒါန**'' ဖြစ်ပါသည်။

(ဃ) **တံမြက်လှည်းသူ**၌ဖြစ်သော ပုညကြိယဝတ္ထုသည် ''**ဝေယျာဝစ္စ**'' ဖြစ်ပါသည်။

(င) **တရားနာသူ**၌ဖြစ်သော ပုညကြိယဝတ္ထုသည် ''**ဓမ္မဿဝန**'' ဖြစ်ပါသည်။

**၂၉။ ၃၁–ဘုံသံသရာဝယ် အရိယာပုဂ္ဂိုလ်များဖြစ်ခြင်းမရှိသောဘုံများကိုသာ ဖော်ပြပြီးလျှင် ''တစ်ဘဝအတွင်း၌ တူမြဲတရားသုံးပါး''ကိုလည်း ရေတွက်ပြပါ။**

(၁၉၈၉၊ စမန ၁၂၂၊ ၁၃၉)

**အဖြေ – ၃၁ ဘုံသံသရာဝယ် အရိယာပုဂ္ဂိုလ်များဖြစ်ခြင်းမရှိသော ဘုံများမှာ – အပါယ် ၄ ဘုံနှင့် အသညသတ်ဘုံ**တို့ ဖြစ်ပါသည်။

– ''**တစ်ဘဝအတွင်း၌ တူမြဲတရားသုံးပါး**''တို့မှာ–

ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့ဖြစ်ပါသည်။

**၃၀။ အကျိုးပေးရာကာလအားဖြင့် ကံလေးပါးတို့ကို ဖြေဆိုပြီးလျှင်၊ ရှင်ဒေဝဒတ် မြေမျိုးခံရခြင်းသည် မည်သည့်ကံဖြစ်သည်ကိုလည်း ရှင်းလင်းပြပါ။**

(၁၉၈၉၊ စမန ၁၃၃)

**အဖြေ – အကျိုးပေးရာကာလအားဖြင့် ကံလေးပါးတို့မှာ–**

(၁) *ဒိဋ္ဌဓမ္မ ဝေဒနီယကံ* = မျက်မှောက်ဘဝ၌ အကျိုးပေးသောကံ၊

(၂) *ဥပပဇ္ဇ ဝေဒနီယကံ* = အခြားမဲ့ဒုတိယဘဝ၌ အကျိုးပေးသောကံ၊

(၃) *အပရာပရိယ ဝေဒနီယကံ* = တတိယဘဝမှစ၍ နိဗ္ဗာန်မရမီအတွင်း၌ အကျိုးပေးသောကံ။

(၄) *အဟောသိကံ* = အကျိုးပေးခွင့်မရ၍ သုဉ်းသွားကြသောကံများဖြစ်ပါသည်။

– ရှင်ဒေဝဒတ်မြေမြိုခံရခြင်းသည် ပဉ္စာနန္တရိယကံနှစ်ပါးကိုကျူးလွန်သည့် **ဂရုကကံ** ဖြစ်ပါသည်။ မြတ်စွာဘုရားသွေးစိမ်းတည်အောင်ပြုခြင်း, သံဃာကိုသင်းခွဲခြင်းသည် အဆိုးဆုံး ပဉ္စာနန္တရိယကံများ ဖြစ်ပါသည်။ ပဉ္စာနန္တရိယကံများကို ဂရုကကံများဟု သတ်မှတ်ပါသည်။ ဤဂရုကကံတို့က အကျိုးပေးခံရသဖြင့် လက်ရှိဘဝတွင် မြေမြိုခံရပါသည်။

ထို့ကြောင့် မြေမြိုခံရရန်အကျိုးပေးသောကံသည် **ဂရုကကံ** ဖြစ်သည်။ ဤကံက လက်ရှိဘဝတွင် အကျိုးပေးသဖြင့် အဘိဓမ္မာ ပါကကာလကမ္မစတုက္ကအရ **ဒိဋ္ဌဓမ္မ ဝေဒနီယကံ**ဟုလည်း ခေါ်ပါသည်။

**၃၁။ သူတစ်ပါးပျက်စီးရာ ပျက်စီးကြောင်းကို စိတ်အားဖြင့် ပြစ်မှားနေသူသည် (က) မည်သည့်ဒုစရိုက်ကို ကျူးလွန်ရာရောက်ပါသနည်း။ (ခ) ယင်းသို့ ဒုစရိုက်မဖြစ်ဘဲ သုစရိုက်ဖြစ်လာရန် မည်သို့ပြုသင့်ပါသနည်း။ အသီးသီးဖြေဆိုပါ။**

(၁၉၈၉၊ စမန ၁၃၅၊ ၁၃၆)

**အဖြေ** – သူတစ်ပါးပျက်စီးရာပျက်စီးကြောင်းကို စိတ်အားဖြင့် ပြစ်မှားနေသူသည် –

(က) ဗျာပါဒခေါ် မနောဒုစရိုက်ကို ကျူးလွန်ရာရောက်ပါသည်။

(ခ) ယင်းသို့ ဒုစရိုက်မဖြစ်ဘဲ သုစရိုက်ဖြစ်လာရန် သူတစ်ပါးပျက်စီးရာပျက်စီးကြောင်းကို စိတ်အားဖြင့် ပြစ်မှားနေမှုကို ရှောင်ကြဉ်သင့်ပါသည်။ ရှောင်ကြဉ်လိုက်လျှင် ''အဗျာပါဒ'' သုစရိုက်ဖြစ်ပြီး ကုသိုလ်ကောင်းမှုဖြစ်ပေါ်လာပါသည်။

ဗျာပါဒဒုစရိုက်သည် အပါယ်ချနိုင်သောမကောင်းမှုဖြစ်သည်ကို သိနားလည်၍ ထိုမကောင်းမှုပြုလုပ်ရန် ဟိရီ, ဩတ္တပ္ပ = ရှက်ကြောက်လာအောင်ဆင်ခြင်ပြီး ရှောင်ကြဉ်သင့်ပါသည်။ ပို၍ကောင်းသည်မှာ ထိုသူအား မေတ္တာပေးပို့ခြင်းဖြစ်ပါသည်။ ဗျာပါဒ၏ တရားကိုယ်သည် ''ဒေါသ''ဖြစ်၍ မေတ္တာ၏တရားကိုယ်သည် ''အဒေါသ''ဖြစ်သဖြင့် အဒေါသက ဒေါသကို နှိမ်နင်းနိုင်ပါသည်။ ပိုမိုကြီးကျယ်သောကုသိုလ်ကိုရရှိမည့်အပြင် လက်ငင်းစိတ်ချမ်းသာလာနိုင်ပါသည်။

**၃၂။ ဘဝတစ်ခု၏ (က) ပထမစိတ်နှင့် (ခ) နောက်ဆုံးစိတ်တို့ကို အဘိဓမ္မာဝေါဟာရဖြင့် ဖော်ပြပြီးလျှင် (ဂ) ထိုစိတ်တို့၏အာရုံကိုလည်း ပြည့်စုံအောင်ဖော်ပြပါ။**

(၁၉၈၉၊ စမန ၁၄၀၊ ၁၄၂)

**အဖြေ** – (က) **ဘဝတစ်ခု၏ပထမစိတ်**သည် **ပဋိသန္ဓေစိတ်** ဖြစ်ပါသည်။

(ခ) ဘဝတစ်ခု၏နောက်ဆုံးစိတ်သည် **စုတိစိတ်** ဖြစ်ပါသည်။

(ဂ) ထိုစိတ်တို့၏အာရုံသည် အခြားမဲ့အတိတ်ဘဝ၏ မရဏာသန္နနိမိတ်ဖြစ်သော ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးအနက် တစ်ပါးပါးသောအာရုံဖြစ်ပါသည်။

အခြားမဲ့အတိတ်ဘဝ၏သေခါနီးအချိန်၌ နောက်ဘဝဖြစ်ရန်အကျိုးပေးခွင့်ရသောကံ၏

အစွမ်းကြောင့် ထိုကံနိမိတ်သော်လည်းကောင်း၊ ထိုကံပြုစဉ်၌ မြင်ခဲ့ရ, ကြားခဲ့ရသည့် အာရုံဟူသော **ကမ္မနိမိတ်**သော်လည်းကောင်း၊ ထိုကံကြောင့် လားရောက်ရမည့်ဘဝနှင့်ဆိုင်သော **ဂတိနိမိတ်**သော်လည်းကောင်း၊ မရဏာသန္နနိမိတ်အဖြစ် ထင်လာ၏။ ထိုမရဏာသန္နနိမိတ်ကို အာရုံယူ၍ မရဏာသန္နဝီထိဖြစ်ပြီးလျှင် ထိုမရဏာသန္နဇောယူသည့် မရဏာသန္ននိမိတ်ကိုပင် နောက်ဘဝ၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်နှင့် စုတိစိတ်တို့က ယူကြပါသည်။

**၃၃။ သုံးဆယ့်တစ်ဘုံတွင် ပုထုဇဉ်မရှိသောဘုံ၊ အရိယာမရှိသောဘုံ၊ နှစ်မျိုးလုံးရှိသောဘုံတို့ကို ခွဲခြားပြ၍၊ စတုမဟာရာဇ်နတ်တို့၏ သက်တမ်းကိုလည်း လူတို့အရေအတွက်ဖြင့် ဖော်ပြခဲ့ပါ။** (၁၉၉၀၊ စမန ၁၂၂၊ ၁၂၆)

**အဖြေ** – (က) **၃၁ ဘုံတွင် ပုထုဇဉ်မရှိသောဘုံသည် သုဒ္ဓါဝါသ ၅ ဘုံ** ဖြစ်ပါသည်။

သုဒ္ဓါဝါသ ၅ ဘုံမှာ အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌဘုံတို့ ဖြစ်ပါသည်။

(ခ) **အရိယာမရှိသောဘုံတို့မှာ အပါယ် ၄ ဘုံနှင့် အသညသတ်ဘုံ** တို့ဖြစ်ပါသည်။

အပါယ် ၄ ဘုံမှာ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတို့ ဖြစ်ပါသည်။

(ဂ) **ပုထုဇဉ်နှင့်အရိယာနှစ်မျိုးလုံးရှိသောဘုံတို့မှာ–**

ကာမသုဂတိ(၇)ဘုံ၊ (အသညသတ်နှင့်သုဒ္ဓါဝါသ ၅ ဘုံကြဉ်သော) ရူပ ၁၀ ဘုံ၊ အရူပ ၄ ဘုံ၊ ပေါင်း ၂၁ ဘုံဖြစ်ပါသည်။

– **စတုမဟာရာဇ်နတ်တို့၏သက်တမ်းသည် လူတို့၏နှစ် ၉ သန်း**ဖြစ်ပါသည်။

**၃၄။ ဤလောကတွင် သတ္တဝါတို့ကိုဖြစ်ပေါ်စေတတ်သော ပဋိသန္ဓေလေးမျိုးကို ထုတ်ပြ၍၊ စာဖြေသူသည် အဘယ်ပဋိသန္ဓေဖြင့် လူ့ဘဝရောက်လာသည်ကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။** (၁၉၉၀၊ စမန ၁၂၂)

**အဖြေ – လောကတွင် သတ္တဝါတို့ကိုဖြစ်ပေါ်စေတတ်သော ပဋိသန္ဓေ ၄ မျိုးမှာ–**

(၁) *အပါယ်ပဋိသန္ဓေ* = အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်၊

(၂) *ကာမသုဂတိပဋိသန္ဓေ* = (က) ကာမသုဂတိအဟိတ်ပဋိသန္ဓေ = ကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်၊

(ခ) ကာမသုဂတိသဟိတ်ပဋိသန္ဓေ = မဟာဝိပါက် ၈ ပါး၊

(၃) *ရူပပဋိသန္ဓေ* = ရူပဝိပါက်စိတ် ၅ ပါး + ဇီဝိတနဝကကလာပ်ရုပ်ပဋိသန္ဓေ ၁ ပါး၊

(၄) *အရူပပဋိသန္ဓေ* = အရူပဝိပါက်စိတ် ၄ ပါးတို့ ဖြစ်ပါသည်။

– စာဖြေသူသည် ကာမသုဂတိပဋိသန္ဓေတွင် အကျုံးဝင်သော မဟာဝိပါက် ၈ ပါးအနက် တစ်ပါးပါးဖြင့် ပဋိသန္ဓေတည်၍ လူ့ဘဝသို့ရောက်လာပါသည်။

**၃၅။ နေ့စဉ်မပြတ်ဝတ်ထား၍ ဘုရားရှိခိုးခြင်းသည် မည်သည့်ကံဖြစ်ပါသနည်း။ ဖြေဆို၍ တစ်စုံတစ်ယောက်အား သူတစ်ပါးစည်းစိမ်ကို ယူလိုမှုနှင့် ပျက်စီးအောင်**

**ကြဲစည်မှုတို့ဖြစ်ပွားအောင် ခိုင်းစေတတ်သော မူလတရားခံတို့ကိုလည်း ထုတ်ဖော်ပြခဲ့ပါ။** (၁၉၉၀၊ စမန ၁၃၂၊ ၁၃၅)

**အဖြေ** – နေ့စဉ်မပြတ်ဝတ်ထား၍ ဘုရားရှိခိုးခြင်းသည် ''ကုသိုလ် အာစိဏ္ဏကံ'' ဖြစ်ပါသည်။

– သူတစ်ပါး၏စည်းစိမ်ကို မတရားယူလိုမှု (အဘိဇ္ဈာ) ဖြစ်ပွားအောင်ခိုင်းစေတတ်သော မူလတရားခံသည် ''လောဘ'' ဖြစ်ပါသည်။

– သူတပါးပျက်စီးအောင်ကြံစည်မှု (ဗျာပါဒ)ကို ဖြစ်ပွားအောင်ခိုင်းစေတတ်သော မူလတရားခံသည် ''ဒေါသ''ဖြစ်ပါသည်။

**၃၆။ ရထားစက်ဘီးကဲ့သို့ ဘဝသံသရာအစဉ်မပြတ် လည်ပတ်ပုံကို ရှင်းပြ၍၊ ဘဝသံသရာအစဉ်ပြတ်၍ အလည်ရပ်အောင် အဘိဓမ္မာနည်းဖြင့် မည်သို့ထိန်းအုပ်ရမည်ကိုလည်း နည်းညွှန်ခဲ့ပါ။** (၁၉၉၀၊ အခြေသဂြိုဟ် ၃၃၀–၃၃၁)

**အဖြေ** – ဤပစ္စုပ္ပန်ဘဝ၌ ဇနကကံတစ်ခု၏အကျိုးဖြစ်သော ဝိပါက်စိတ်များအနက်

ပထမဝိပါက်စိတ်သည် ပဋိသန္ဓေစိတ်အဖြစ် ဘဝကိုစတင်ပေး၏။ ပဋိသန္ဓေစိတ်ချုပ်ပြီးသည်နှင့်တစ်ပြိုင်နက် ဇနကကံ၏အကျိုးဖြစ်သော ဝိပါက်စိတ်များသည် ဘဝင်စိတ်များအဖြစ် တစ်လုံးပြီးတစ်လုံး အဆက်မပြတ်ဖြစ်ပျက်သွားကြ၏။

ဘဝင်စိတ်တို့၏အကြားအကြား၌ ဒွါရ ၆ ပါးအနက် ဒွါရတစ်ခုခုတွင် အာရုံထိတိုက်၍ ထင်လာသည့်အခါ ဝီထိစိတ်အစဉ်ဖြစ်၏။ ဤဝီထိစိတ်အစဉ်ဖြင့် အာရုံကိုသိရှိရပြီး ကောင်းမှု–မကောင်းမှုပြုလုပ်ကြ၏။ ထိုပြုလုပ်မှုကြောင့် ကုသိုလ်ကံ, အကုသိုလ်ကံတို့ဖြစ်ပေါ်ပြီး စိတ်အစဉ်တွင် လိုက်ပါကြ၏။ ဝီထိစိတ်ပြတ်သည့်အခါ ဘဝင်စိတ်အစဉ်ဆက်ဖြစ်၏။ ဘဝင်ဆက်မဖြစ်လျှင် ဘဝပြတ်၍ စုတေရမည်ဖြစ်၏။ ထို့ကြောင့် ဘဝင်ကို ''ဘဝ၏အကြောင်းဖြစ်သော (ဘဝမပြတ်အောင် ဆက်စပ်ပေးသော) စိတ်''ဟု ဆိုရ၏။ ထိုဘဝင်စိတ်များသည် အကြိမ်ပေါင်းများစွာ ဆက်၍မြစ်ရေအယဉ်စီးသကဲ့သို့ ဖြစ်လေ၏။

ဇနကကံ၏အစွမ်းကုန်လုနီး၍ သေခါနီးချိန်တွင် စိတ်အစဉ်တွင်လိုက်ပါနေသည့်ကုသိုလ်ကံ, အကုသိုလ်ကံ ကုဋေသိန်းပေါင်းများစွာမှ ကံတစ်ခုသည် နောက်ဘဝဖြစ်အောင် အကျိုးပေးခွင့်ရ၍ ထိုကံ၏အစွမ်းကြောင့် မရဏာသန္နဇောနိမိတ်သည် ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ် အသွင်တစ်မျိုးမျိုးဖြင့် ထင်ပေါ်လာ၏။ ထိုနိမိတ်ကိုအာရုံပြု၍ မရဏာသန္နဝီထိဖြစ်ပြီးလျှင် စုတိစိတ်ကျ၍ သေဆုံး၏။

ဤဘဝ၏ဇနကကံအစွမ်းကုန်၍ စုတိစိတ်ချုပ်ပြီးနောက် အခြားမလပ်ဘဲ နောက်ဘဝဖြစ်ရန် အကျိုးပေးခွင့်ရသော ဇနကကံအသစ်က ပဋိသန္ဓေစိတ်၊ ထို့နောက် ဘဝင်စိတ်အစဉ်၊ နောက်ဆုံး၌စုတိစိတ်ကို ဖြစ်စေပြန်၏။ ဘဝင်စိတ်အစဉ်၏အကြားအကြား၌ ဝီထိစိတ်များဖြစ်ပေါ်၍ ကံသစ်များကိုလည်းပြုလုပ်ကြပြန်၏။

**စုတိစိတ်ချုပ်ပြီးနောက်၌လည်း (ရဟန္တာမဖြစ်သေး၍ ဘဝဇာတ်မသိမ်းသေးလျှင်) ပဋိသန္ဓေ–ဘဝင်–ဝီထိ–စုတိ ဟူသောစိတ်တို့သည် ရထား၌တပ်ဆင်ထားသည့် စက်ဘီး၏လည်ပုံကဲ့သို့ ဆက်ကာဆက်ကာ ခြာခြာရစ်ပတ် မပြတ်ဖြစ်ပြန်တော့၏။**

**ဤသို့လျှင် ရထားစက်ဘီးကဲ့သို့ ဘဝသံသရာ အစဉ်မပြတ် လည်ပတ်နေ၏။**

**– ဘဝသံသရာအစဉ်ပြတ်၍ အလည်ရပ်အောင် အဘိဓမ္မာနည်းဖြင့် ထိန်းအုပ်ပုံမှာ**

**တိဟိတ်ပဋိသန္ဓေနှင့် ပင်ကိုယ်ဉာဏ်ရှိသူသည် သီလကိုဖြူစင်အောင်စောင့်ထိန်း၍ သမထဘာဝနာပွားများလျက် သမ္မာသမာဓိကို ထူထောင်ပြီးလျှင် ခဏမစဲဖြစ်ပျက်နေကြသော ရုပ်နာမ်သင်္ခါရတို့ကို လက္ခဏာရေးသုံးပါးတင်ကာ ဝိပဿနာတွင်တွင် ရှုပွားသဖြင့် ဝိပဿနာဉာဏ်ဆယ်တန်, မဂ်ဉာဏ်လေးဆင့်, အရဟတ္တမဂ်ဉာဏ်ဖြင့် တဏှာအစေးအဖွဲ့ကို အကြွင်းမဲ့ပယ်သတ်လိုက်သည့်အခါ သင်္ခါရခပ်သိမ်း, ပြတ်ငြိမ်းရာမှန် အေးနိဗ္ဗာန်သို့ ကေန်ထုတ်ခြောက် ရောက်ရလေတော့၏။**

**၃၇။ ကာမသုဂတိပဋိသန္ဓေစိတ်များကိုဖော်ပြ၍၊ နွား, ခွေးစသော တိရစ္ဆာန်တို့သည် အဘယ်ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေခဲ့ကြသည်ကိုလည်း ရှင်းလင်းခဲ့ပါ။**

(၁၉၉၁၊ စမန ၁၂၂)

**အဖြေ – ကာမသုဂတိပဋိသန္ဓေစိတ်များမှာ–**

အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁ ပါး၊ မဟာဝိပါက်စိတ် ၈ ပါးဟူ၍ ကာမသုဂတိပဋိသန္ဓေစိတ် ၉ ပါးရှိပါသည်။

နွား, ခွေး စသော တိရစ္ဆာန်တို့သည် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေခဲ့ကြပါသည်။

**၃၈။ ၃၁–ဘုံတွင် သက်တမ်းမမြဲသော ပုဂ္ဂိုလ်များနှင့် သက်တမ်းအရှည်ဆုံး ပုဂ္ဂိုလ်ကို သက်တမ်းနှင့်တကွ ဖော်ပြရေးသားခဲ့ပါ။** (၁၉၉၁၊ စမန ၁၂၅၊ ၁၂၆)

အဖြေ – ၃၁–ဘုံတွင် သက်တမ်းမမြဲသောပုဂ္ဂိုလ်များမှာ–

(၁) ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟူသော အပါယ်ဘုံသားများ၊

(၂) လူပုဂ္ဂိုလ်များ၊

(၃) အောက်စတုမဟာရာဇ်နတ်များဖြစ်ကြသော ရုက္ခဇိုဝ်း၊ အာကာသဇိုဝ်း၊ ဘုမ္မဇိုဝ်းများ၊ ဝိနိပါတိကအသူရာများနှင့် ဘုမ္မသိတနတ်များဖြစ်ပါသည်။

– သက်တမ်းအရှည်ဆုံးပုဂ္ဂိုလ်မှာ နေဝသညာ နာသညာယတနပြဟ္မာဖြစ်ပြီး၊ သက်တမ်းမှာ ကမ္ဘာပေါင်း ၈၄၀၀၀ ရှည်ကြာပါသည်။

**၃၉။ ဘုံဌာနအလိုက် အကျိုးပေးခွင့်ရသောကံလေးပါးကို ထုတ်ဖော်ရေးသား၍၊ သန့်ရှင်းသော စေတနာ, သဒ္ဓါတရားဖြင့် ဤမေးခွန်းကို ဖြေဆိုနေသောစာဖြေပုဂ္ဂိုလ်၏ကာမာဝစရကုသိုလ်သည် အဘယ်ဘုံဌာန၌ ပဋိသန္ဓေအကျိုးကို ပေးနိုင်ပါသနည်း၊ ရှင်းလင်းရေးသားခဲ့ပါ။** (၁၉၉၁၊ စမန ၁၃၃၊ ၁၃၄၊ ၁၃၉)

**အဖြေ** – ဘုံဌာနအလိုက် အကျိုးပေးရသော ကံ ၄ ပါးမှာ–

(၁) အကုသိုလ်ကံ – အပါယ် ၄ ဘုံ၌ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ဖြစ်စေ၏။

(၂) ကာမကုသိုလ်ကံ – ကာမသုဂတိ(၇)ဘုံ၌ ပဋိသန္ဓေနှင့် ပဝတ္တိအကျိုးတို့ကို ဖြစ်စေ၏။

(၃) ရူပါဝစရကုသိုလ်ကံ– ရူပ ၁၆ ဘုံ၌ ပဋိသန္ဓေနှင့် ပဝတ္တိအကျိုးတို့ကို ဖြစ်စေ၏။

(၄) အရူပါဝစရကုသိုလ်ကံ – အရူပ ၄ ဘုံ၌ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ဖြစ်စေ၏။

– သန့်ရှင်းသောစေတနာ, သဒ္ဓါတရားဖြင့် ဤမေးခွန်းကိုဖြေဆိုနေသောစာဖြေပုဂ္ဂိုလ်၏ ကာမာဝစရကုသိုလ်သည် ကာမသုဂတိ(၇)ဘုံ၌ မဟာဝိပါက်စိတ် ၈ ပါးဟူသော ပဋိသန္ဓေအကျိုးကို ပေးနိုင်ပါသည်။

**၄၀။ သတ္တဝါတို့ သေဆုံးခြင်း၏အကြောင်းတရားလေးပါးကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြရေးသား၍၊ လူတစ်ယောက်သေဆုံးသည်ဆိုရာ၌ အဘိဓမ္မာသဘောအားဖြင့် အဘယ်သို့ဖြစ်ပျက်သည်ကို သေဆုံးသည်ဟု ခေါ်ဆိုပါသနည်း၊သင်္ဂြိုဟ်ကျမ်းကိုထောက်၍ ဖြေဆိုခဲ့ပါ။**

(၁၉၉၁၊ စမန ၁၄၁၊ အခြေပြုသင်္ဂြိုဟ် ၃၁၀–၃၁၆)

**အဖြေ** – သတ္တဝါတို့ သေခြင်း၏အကြောင်းတရား ၄ ပါးမှာ–

(၁) *အာယုက္ခယမရဏ* – သက်တမ်းကုန်၍သေခြင်း၊

(၂) *ကမ္မက္ခယမရဏ* – ကံကုန်၍သေခြင်း၊

(၃) *ဥဘယက္ခမရဏ* – သက်တမ်းနှင့်ကံနှစ်ပါးစုံကုန်၍ သေခြင်း၊

(၄) *ဥပစ္ဆေဒကမရဏ* – သက်တမ်းနှင့်ကံ နှစ်ပါးစုံမကုန်သေးဘဲလျက် ဥပဃာတကကံဖြတ်၍ လတ်တလောသေခြင်းတို့ ဖြစ်ပါသည်။

– လူတစ်ဦးသေဆုံးခါနီးအချိန်တွင် ထိုသူ၏သန္တာန်၌ ကံများစွာရှိရာဝယ် အခြားမဲ့နောက်ဘဝတွင် ပဋိသန္ဓေအကျိုးကိုပေးဖို့ရာအခွင့်သာသော ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံတစ်ပါးသည် ကံအများထဲမှ ထွက်ပြူလာသကဲ့သို့ ထင်ပေါ်လာ၏။ ဤကံ၏အစွမ်းဖြင့် ကံနိမိတ် သို့မဟုတ် ကမ္မနိမိတ် သို့မဟုတ် ဂတိနိမိတ်သည် မရဏာသန္နနိမိတ်အဖြစ် ထင်ပေါ်လာ၏။

မရဏာသန္နနိမိတ်ကို အာရုံယူ၍ မရဏာသန္နတစ်ဝီထိဖြစ်၏။ ထိုမရဏာသန္နဝီထိဖြစ်ပြီးနောက် စုတိစိတ်ဖြစ်နိုင်၏၊ သို့မဟုတ် မရဏာသန္နဝီထိနောင် ဘဝင်အနည်းငယ်ကျပြီးနောက် စုတိစိတ်ဖြစ်နိုင်၏။ ထိုစုတိစိတ်သည် ပစ္စုပ္ပန်ဘဝအတွက် အဆုံးသတ်စိတ်တည်း။ စုတိစိတ်ချုပ်သောအခါ သတ္တဝါသေဆုံးသည်ဟုဆိုရ၏။ ပစ္စုပ္ပန်ဘဝမှ ပြောင်းရွှေ့လျောကျခြင်းကို ပါဠိလို ''စုတိ''၊ မြန်မာလို ''စုတေသည်၊သေသည်''ဟု ခေါ်ပါသည်။

လူတစ်ယောက်သေဆုံးရာ၌ အဘိဓမ္မာသဘောအားဖြင့် –

(၁) ဇီဝိတရုပ် (ရုပ်အသက်) နှင့် ဇီဝိတိန္ဒြေ (နာမ်အသက်)တို့ ပြိုင်တူချုပ်၏။

(၂) ဥသ္မာခေါ် ကိုယ်အပူငွေ့ချုပ်ငြိမ်း၏။

(၃) ဝိပါက်စိတ် (ဝိညာဏ်) ချုပ်ငြိမ်း၏။

**၄၁။ သူတစ်ပါးသားပျိုသမီးပျိုနှင့် လူမှုရေးဖောက်ပြန်ခြင်းသည် မည်သည့်အကုသိုလ်ကံဖြစ်ပါသနည်း၊ ဖြေဆို၍ ယင်းကံ၏ ပဋိသန္ဓေအကျိုးပေးရာဘုံဌာနကိုလည်း ဖော်ပြပါ။** (၁၉၉၂၊ စမန ၁၃၅၊ ၁၃၃)

**အဖြေ** – သူတစ်ပါးသားပျိုသမီးပျိုနှင့် လူမှုရေးဖောက်ပြန်ခြင်းသည်–

**ကာမေသုမိစ္ဆာစာရအကုသိုလ်ကံ** ဖြစ်ပါသည်။

– ယင်းကံ၏ပဋိသန္ဓေအကျိုးပေးရာဘုံဌာနသည် **အပါယ် ၄ ဘုံ** ဖြစ်ပါသည်။

**၄၂။ ဒါနပြုရုံ၊ သီလဆောက်တည်ရုံမျှဖြင့် မရရှိနိုင်ဘဲ ဘာဝနာတရားပွားများအားထုတ်မှသာ ရရှိနိုင်သည့် ကုသိုလ်ကံများကို ရေတွက်ပြ၍၊ မဟာဗြဟ္မာကြီးဖြစ်လိုသူသည် မည်သည့်တရားကို ပွားများရပါမည်နည်း၊ သင်္ဂြိုဟ်ကျမ်းထောက်ရှု၍ ဖြေဆိုပါ။** (၁၉၉၂၊ စမန ၁၃၇၊ ၁၃၉)

**အဖြေ** – ဘာဝနာတရားပွားများအားထုတ်မှသာ ရရှိနိုင်သည့် ကုသိုလ်ကံများမှာ–

ရူပါဝစရကုသိုလ်ကံ ၅ ပါးနှင့် အရူပါဝစရကုသိုလ်ကံ ၄ ပါး၊ ပေါင်း–မဟဂ္ဂုတ်ကုသိုလ် ၉ ပါးဖြစ်ပါသည်။

မှတ်ချက် – ဝိပဿနာဘာဝနာကိုပါ အောင်မြင်စွာရှုပွားနိုင်လျှင် မဂ်စိတ် ၄ ပါးဟူသည့် လောကုတ္တရာကုသိုလ်ကံ ၄ ပါးကိုလည်း ရရှိနိုင်ပါသည်။

– မဟာဗြဟ္မာကြီးဖြစ်လိုသူသည် ပထဝီကသိုဏ်းစသည့် သမထဘာဝနာကို အမြတ်စား ရူပါဝစရပထမဈာန်ရအောင် ပွားများရပါမည်။

**၄၃။ သက်ရှိသတ္တဝါအားလုံးတို့၏ ဘဝနိဒါန်းစတင်ချိန်ကဖြစ်သောစိတ်၊ ဘဝနိဂုံးအဆုံးသတ်ချိန်၌ဖြစ်သောစိတ်နှင့် ဘဝ၏အင်္ဂါရပ်တစ်ခုဖြစ်သောစိတ်တို့ကို သိသာရုံမျှ ဖော်ညွှန်းပြ၍၊ ''ပဋိသန္ဓေ''ဟူသောစကားကို အဘိဓမ္မာသဘောအရ ရှင်းလင်းပြပါ။** (၁၉၉၂၊ ဤစာအုပ် ၂၀၂၊ အခြေပြုသင်္ဂြိုဟ် ၂၆၈)

**အဖြေ** – သက်ရှိသတ္တဝါအားလုံးတို့၏ –

ဘဝနိဒါန်းစတင်ချိန်ကဖြစ်သောစိတ်သည် **ပဋိသန္ဓေစိတ်**၊

ဘဝနိဂုံးအဆုံးသတ်ချိန်၌ဖြစ်သောစိတ်သည် **စုတိစိတ်**၊

ဘဝ၏အင်္ဂါရပ်တစ်ခုဖြစ်သောစိတ်သည် **ဘဝင်စိတ်** တို့ဖြစ်ပါသည်။

– ''**ပဋိသန္ဓေ**''ဟူသောစကားကို အဘိဓမ္မာသဘောအရ ရှင်းလင်းပြရသော်–

ဘဝဟောင်းအပြတ်တွင် ဆက်စပ်သောအားဖြင့် ထိုထိုဘဝ ၌ စိတ်စေတသိက်နှင့် ကမ္မဇရုပ်များ၏ အစဆုံးဖြစ်ခြင်းကို ''ပဋိသန္ဓေနေခြင်း''ဟုခေါ်၏။ ပဋိသန္ဓေသည် အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို ဆက်စပ်ပေးသောသဘောဖြစ်၏။

**၄၄။ သတ္တဝါများသေခါနီးကာလ၌ ထင်လာတတ်သည့်နိမိတ် ၃ မျိုးကို ဖော်ပြ၍၊ လူသားများသေလျှင် ရောက်နိုင်သည့်ဘုံဘဝတို့ကိုလည်း ဖြေဆိုပါ။**

(၁၉၉၂၊ စမန ၁၇)

**အဖြေ** – သတ္တဝါများသေခါနီးကာလ၌ ထင်လာတတ်သောနိမိတ် ၃ မျိုးမှာ–

''**ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်**''တို့ဖြစ်ပါသည်။

– လူသားအဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့သေလျှင် – ကာမ ၁၁ ဘုံသို့ ရောက်နိုင်ကြ၏။

– လူသားတိဟိတ်ပုဂ္ဂိုလ်သေလျှင် – ၃၁ ဘုံလုံးသို့ ရောက်နိုင်၏။

အပါယ်ဘုံသား၊ လူ၊ နတ်၊ ဗြဟ္မာများဖြစ်နိုင်ကြ၏။

**၄၅။ သုံးဆယ့်တစ်ဘုံတွင် အနာဂါမ်, ရဟန္တာတို့သာ သီးသန့်ရရှိအပ်သည့်ဘုံကို ကောက်ပြ၍၊ မွေးရာပါ ဆွဲအသူများ၏ပဋိသန္ဓေစိတ်ကိုလည်း ညွှန်ပြခဲ့ပါ။**

(၁၉၉၃၊ စမန ၁၂၂၊ ၁၂၃)

**အဖြေ – ၃၁ ဘုံတွင် အနာဂါမ်, ရဟန္တာတို့သာ သီးသန့်ရရှိအပ်သည့်ဘုံမှာ–**

(၁) အဝိဟာဘုံ၊ (၂) အတပ္ပါဘုံ၊ (၃) သုဒဿာဘုံ၊ (၄) သုဒဿီဘုံ၊

(၅) အကနိဋ္ဌဘုံဟူသော သုဒ္ဓါဝါသ ၅ ဘုံဖြစ်ပါသည်။

– **မွေးရာပါဆွံ့အသူများ၏ပဋိသန္ဓေစိတ်သည်–**

အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ဖြစ်ပါသည်။

**၄၆။ စာဖြေသူသည် မည်သည့်ဘုံသားဖြစ်ပါသနည်း။ သက်တမ်းပမာဏ မည်မျှရှိပါသနည်း။ ပြည့်စုံအောင်ဖြေဆို၍ သိကြားမင်းသက်တမ်းကိုလည်း လူသားတို့၏ နှစ်အရေအတွက်ဖြင့် ဖော်ပြပါ။** (၁၉၉၃၊ စမန ၁၂၀၊ ၁၂၅၊ ၁၂၆)

**အဖြေ – စာဖြေသူသည်** ကာမသုဂတိ(၇)ဘုံတွင်ပါဝင်သော **လူ့ဘုံသား**ဖြစ်ပါသည်။

လူတို့၏သက်တမ်းသည် မမြဲပါ။ အသင်္ချေယျတမ်းမှသည် ၁၀ နှစ်တမ်း၊ ၁၀နှစ်တမ်းမှသည် အသင်္ချေယျတမ်းဟူ၍ ဆုတ်ချည်တက်ချည်ရှိ၏။

ဂေါတမမြတ်စွာဘုရားပွင့်ချိန်က လူတို့၏သက်တမ်းသည် နှစ် ၁၀၀ ရှိပြီး၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ် ၁၀၀ လျှင် ၁ နှစ်သက်တမ်းဆုတ်သွားသဖြင့် ယခုအခါ ဘုရားပရိနိဗ္ဗာန်စံပြီး နှစ် ၂၆၀၀ ရှိလာပြီဖြစ်၍ လူတို့၏သက်တမ်းသည် ၁၀၀–၂၆=**၇၄နှစ်** ရှိသည်ဟု ဆိုနိုင်ပါသည်။

သိကြားမင်း၏သက်တမ်းသည် လူတို့၏နှစ်အရေအတွက်အားဖြင့် နှစ် ၃၆ သန်းရှိပါသည်။

**၄၇။ လောကတွင် ''ကံကောင်းထောက်မ ချမ်းသာရ၊ ကံဆိုးမိုးမှောင် ဆင်းရဲခေါင်'' ဟူသော ဆိုရိုးစကားတို့သည် မည်သည့်ကံကို ဆိုလိုပါသနည်း၊ ရှင်းလင်းရေးသား၍ မကောင်းမှုဒုစရိုက်များ ကျူးလွန်အောင် အားပေးသောအရင်းခံတရားများကို လည်း ထုတ်ဆောင်ရေးသားခဲ့ပါ။** (၁၉၉၃၊ စမန ၁၃၀၊ ၁၃၅)

**အဖြေ** – လောကတွင် ''**ကံကောင်းထောက်မ ချမ်းသာရ**'' ဆိုရိုးစကားသည်–

ကောင်းသော **ဥပတ္ထမ္ဘကကံ**ထောက်ကူဖေးမသဖြင့် ဇနကကံ၏အကျိုးကြောင့် ချမ်းသာ

ရရှိခြင်းကို ဆိုပါသည်။

ဥပတ္ထမ္ဘကကံဟူသည်မှာ အတိတ်ဘဝများမှလိုက်ပါလာသောကုသိုလ်ကံများ၊ ယခုဘဝတွင် ပြုလုပ်သောကုသိုလ်ကံများဖြစ်ပြီး အကျိုးပေးခွင့်ရ၍ အကျိုးပေးကြခြင်းဖြင့် ဇနကကံကို ကူညီထောက်ပံ့ကြပါသည်။ ဥပတ္ထမ္ဘကကုသိုလ်များ၏အကျိုးကြောင့် ကောင်းကျိုးချမ်းသာကို ရရှိလာပါသည်။

တဖန်လောက၌ "**ကံဆိုးမိုးမှောင် ဆင်းရဲခေါင်**" ဆိုရိုးစကားသည်–

မကောင်းသော **ဥပပီဠကကံ** အကျိုးပေးသဖြင့် ဇနကကံ၏ကောင်းကျိုးမရ၍ မိုးမှောင်ကျသလို ဆင်းရဲဒုက္ခခေါင်ခိုက်လာခြင်းကိုဆိုလို၏။ ဥပပီဠကကံဟူသည်မှာ အတိတ်ဘဝများမှ လိုက်ပါလာသော အကုသိုလ်ကံများ၊ ယခုဘဝတွင်ပြုလုပ်သောအကုသိုလ်ကံများဖြစ်ပြီး အကျိုးပေးခွင့်ရ၍ အကျိုးပေးကြခြင်းဖြင့် ဇနကကံကိုအားနည်းအောင် ဖိနှိပ်ကြ၏။ ဥပပီဠက–အကုသိုလ်ကံများ၏ဆိုးကျိုးကြောင့် ဆင်းရဲဒုက္ခဖြစ်ရပါသည်။

**မကောင်းမှု ဒုစရိုက်ကျူးလွန်ရန် အားပေးသောအရင်းခံတရားများမှာ**–လောဘ,ဒေါသ, မောဟတို့ဖြစ်ပါသည်။

**၄၈။ ယာမာနတ်တို့၏ ပဋိသန္ဓေစိတ်ကို ဖော်ပြ၍၊ ပရိတ္တာဘာပြဟ္မာ၏သက်တမ်းနှင့် အတိတ်ကုသိုလ်ကံတို့ကို ဖြေဆိုပါ။** (၁၉၉၄၊ စမန ၁၂၃၊ ၁၂၇)

**အဖြေ – ယာမာနတ်တို့၏ ပဋိသန္ဓေစိတ်သည်** မဟာဝိပါက် ၈ ပါးတွင် တစ်ပါးပါးဖြစ်ပါသည်။

ဒွိဟိတ်ပုဂ္ဂိုလ်များက မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄ ပါးဖြင့် ပဋိသန္ဓေနေကြ၏၊ တိဟိတ်ပုဂ္ဂိုလ်များက မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄ ပါးဖြင့် ပဋိသန္ဓေနေကြ၏။

ပရိတ္တာဘာပြဟ္မာ၏သက်တမ်းသည် ၂ ကမ္ဘာဖြစ်ပါသည်။

ပရိတ္တာဘာပြဟ္မာ၏အတိတ်ကုသိုလ်ကံသည် ပရိတ္တဖြစ်သော ရူပါဝစရဒုတိယဈာန်ကုသိုလ်ကံ (စတုက္ကနည်း) သို့မဟုတ် ရူပါဝစရတတိယဈာန်ကုသိုလ်ကံ (ပဥ္စကနည်း)ဖြစ်၏။

**၄၉။ ဝစီကံမည်ခြင်းအကြောင်းကို ရေး၍ အသက်သတ်မှု၊ လိမ်ညာမှု၊ အယူမှားမှု များသည် မည်သည့်အကြောင်းရင်းမူလတရားကြောင့် ဖြစ်ရသနည်း၊ ညွှန်ပြပါ။** (၁၉၉၄၊ စမန ၁၃၄၊ ၁၃၅)

**အဖြေ – ဝစီကံမည်ခြင်းအကြောင်းမှာ** ဝစီဝိညတ်ရုပ်ဟုခေါ်သော နှုတ်လှုပ်ရှားမှု အမှုအရာအထူးဖြင့် အများအားဖြင့်ပြုလုပ်သည့်အမှုဖြစ်သောကြောင့် ဝစီကံမည်ပါသည်။

အသက်သတ်မှု၏အကြောင်းရင်းမူလတရားသည် ဒေါသတရားဖြစ်၏။

လိမ်ညာမှု၏အကြောင်းရင်းမူလတရားသည် လောဘသို့မဟုတ် ဒေါသဖြစ်ပါသည်။

အယူမှားမှု၏အကြောင်းရင်းမူလတရားသည် လောဘဖြစ်ပါသည်။

**၅၀။ ရုပ်ပဋိသန္ဓေနေသူ၊ နာမ်ပဋိသန္ဓေနေသူ၊ ရုပ်နာမ်အစုံပဋိသန္ဓေနေသူများကို**

**သိသာရုံမျှ ခွဲခြားဖော်ပြ၍၊ အိမ်ဦးမွေးထားသောကြောင်ကလေးသေလျှင် ရောက်နိုင်ခွင့်ရှိသောဘုံများကိုလည်း ရေးပါ။** (၁၉၉၄၊ စမန ၁၂၅၊ ၁၄၄)

**အဖြေ – ရုပ်ပဋိသန္ဓေနေသူ** = အသညသတ်ပြဟ္မာ၊

**နာမ်ပဋိသန္ဓေနေသူ** = အရူပ ၄ ဘုံမှပြဟ္မာများ၊

ရုပ်နာမ်အစုံပဋိသန္ဓေနေသူ – ကာမ ၁၁ ဘုံနှင့် အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံမှ ပုဂ္ဂိုလ်များဖြစ်ကြသည်။

အိမ်မွေးကြောင်ကလေးသေလျှင် ရောက်နိုင်ခွင့်ရှိသောဘုံများမှာ ကာမ ၁၁ ဘုံဖြစ်ပါသည်။

**၅၁။ သုံးဆယ့်တစ်ဘုံဌာနဝယ် (က) ပုထုဇဉ်တို့၏ သီးသန့်ဘုံဌာန၊ (ခ) အရိယာတို့၏သီးသန့်ဘုံဌာန၊ (ဂ) အသက်အရှည်ဆုံးပြဟ္မာ၊ (ဃ) ယင်းပြဟ္မာ၏သက်တမ်းတို့ကို ဖော်ပြပါ။** (၁၉၉၅၊ စမန ၁၂၂၊ ၁၂၇)

**အဖြေ** – သုံးဆယ့်တစ်ဘုံဝယ်

(က) ပုထုဇဉ်တို့၏ သီးသန့်ဘုံဌာန = အပါယ် ၄ ဘုံ၊ အသညသတ်ဘုံ၊

(ခ) အရိယာတို့၏သီးသန့်ဘုံဌာန = သုဒ္ဓါဝါသ ၅ ဘုံ၊

(ဂ) အသက်အရှည်ဆုံးပြဟ္မာ = နေဝသညာ နာသညာယတနပြဟ္မာ၊

(ဃ) ယင်းပြဟ္မာ၏သက်တမ်း = ကမ္ဘာပေါင်း ၈၄၀၀၀ တို့ဖြစ်ပါသည်။

**၅၂။ စိတ်ဝိညာဉ်မဲ့ပြဟ္မာကြီးတို့၏ဘဝနိဒါန်းအစ ပဋိသန္ဓေဓမ္မကို ဖော်ပြ၍ မိမိပြုလုပ်သော ကုသိုလ်ကောင်းမှုများသည် ယခုမျက်မှောက်ဘဝ၌ပင် အကျိုးပေးနိုင်ပုံကိုလည်း ''ပါကကာလကံ''အပြားကို သုံးသပ်၍ဖြေဆိုပါ။** (၁၉၉၅၊ စမန ၁၂၃၊ ၁၃၃)

**အဖြေ** – စိတ်ဝိညာဉ်မဲ့ပြဟ္မာကြီး (အသညသတ်) ပြဟ္မာတို့၏ဘဝနိဒါန်းအစ ပဋိသန္ဓေဓမ္မသည် **ဇီဝိတနဝကကလာပ်ရုပ်ပဋိသန္ဓေ** ဖြစ်ပါသည်။

**– မိမိပြုလုပ်သောကုသိုလ်ကောင်းမှုများသည် ယခုမျက်မှောက်ဘဝ၌ပင် အကျိုးပေးနိုင်ပုံကို** ''ပါကကာလကံ''အပြားကို သုံးသပ်ပြရသော် –

(၁) *ဒိဋ္ဌဓမ္မ ဝေဒနီယကံ* = မျက်မှောက်ဘဝ၌ အကျိုးပေးသောကံ (ပဌမဇောစေတနာ)

(၂) *ဥပပဇ္ဇ ဝေဒနီယကံ* = အခြားမဲ့ဒုတိယဘဝ၌ အကျိုးပေးသောကံ (သတ္တမဇောစေတနာ)

(၃) *အပရာပရိယ ဝေဒနီယကံ* = တတိယဘဝမှစ၍ ရဟန္တာဖြစ်သည့်ဘဝတိုင်အောင် အကျိုးပေးသောကံ (အလယ်ဇော ၅ ချက်စေတနာများ)

(၄) *အဟောသိကံ* = အကျိုးပေးခွင့်မရ၍ သုဉ်သွားကြသောကံများဖြစ်ကြ၏။

ထို့ကြောင့် မိမိပြုလုပ်သောကုသိုလ်ကံသည် ယခုဘဝ၌လည်း အကျိုးပေး၏။ ဒုတိယ၊ တတိယဘဝတို့၌လည်း အကျိုးပေး၏၊ ရဟန္တာဖြစ်သည့်ဘဝတိုင်အောင် အကျိုးပေးမည်ဖြစ်၏။

**၅၃။ ဤကမ္ဘာမြေပြင်ဝယ် စစ်ပွဲကြီးများပေါ်ပေါက်ခြင်း, မိစ္ဆာအယူထွန်းကားခြင်းတို့၏အကြောင်းရင်းဇစ်မြစ်ကို ရှာဖွေပြ၍၊ ရုပ်ခန္ဓာမဲ့ပြဟ္မာကြီးများ၏ပဋိသန္ဓေစိတ်ဝိညာဉ်သည် အဘယ်ကို အာရုံပြုပါသနည်း။ တိကျစွာဖြေပါ။**

(၁၉၉၅၊ စမန ၁၃၅၊ ၁၄၃)

**အဖြေ** – ဤကမ္ဘာမြေပြင်ဝယ် စစ်ပွဲကြီးများပေါ်ပေါက်ခြင်း၏အကြောင်းရင်းဇစ်မြစ်မှာ **လောဘ, ဒေါသ, မောဟတရား**တို့ကြောင့်ဖြစ်၏။

– မိစ္ဆာအယူထွန်းကားခြင်း၏အကြောင်းရင်းဇစ်မြစ်မှာ **လောဘ, မောဟတရား**တို့ကြောင့်ဖြစ်၏။

– ရုပ်ခန္ဓာမဲ့ပြဟ္မာကြီးများ၏ပဋိသန္ဓေစိတ်ဝိညာဉ်သည် **ကမ္မနိမိတ်**ကို အာရုံပြု၏၊ ထိုကမ္မနိမိတ်သည် အရူပါဝစရစျာန်စိတ်က အာရုံပြုသော ပညတ်အာရုံ သို့မဟုတ် မဟဂ္ဂုတ်စိတ်အာရုံဖြစ်၏။ တိကျစွာဖော်ပြရသော် –

| စဉ် | အရူပပြဟ္မာ၏ပဋိသန္ဓေစိတ် | ကမ္မနိမိတ်အာရုံ |
|---|---|---|
| ၁ | အာကာသာနဉ္စာယတနဝိပါက်စိတ် | ကောင်းကင်ပညတ် (အာကာသ) |
| ၂ | ဝိညာဏဉ္စာယတနဝိပါက်စိတ် | အာကာသာနဉ္စာယတနစိတ် |
| ၃ | အာကိဉ္စညာယတနဝိပါက်စိတ် | နတ္ထိဘာဝပညတ် |
| ၄ | နေဝသညာနာသညာယတနဝိပါက်စိတ် | အာကိဉ္စညာယတနစိတ် |

**၅၄။ လူရာမဝင် လူစဉ်မမီသူတို့၏ဘဝအစ ဦးစွာဖြစ်သောစိတ်ကို ဖော်ပြ၍၊ သက်တမ်းကာလ အတည်တကျသတ်မှတ်မရနိုင်သော ဘုံသားများကိုလည်း ဖော်ပြပါ။**

(၁၉၉၆၊ စမန ၁၂၃၊ ၁၂၅၊ ၁၂၆)

**အဖြေ – လူရာမဝင် လူစဉ်မမီသူတို့၏ဘဝအစ ဦးစွာဖြစ်သောစိတ်သည် –** အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဟူသော ပဋိသန္ဓေစိတ်ဖြစ်၏။

**– သက်တမ်းကာလအတည်တကျ သတ်မှတ်၍မရသော ဘုံသားများမှာ –**

(၁) အပါယ် ၄ ဘုံမှ ငရဲသား, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်များ၊

(၂) လူ့ဘုံသားများ၊

(၃) အောက်စတုမဟာရာဇ်နတ်များဖြစ်ကြသော ဘုမ္မဇိုဝ်း၊ ရုက္ခဇိုဝ်း၊ အာကာသဇိုဝ်းနတ်များ၊ ဘုမ္မသိတနတ်များ၊ ဝိနိပါတိကအသူရာများတို့ ဖြစ်၏။

**၅၅။ နှစ်ဦးအခါဝယ် ဘိုးဘွားများအား ခေါင်းလျှော်ပေးခြင်းစသည့်ပြုလုပ်မှုများသည် မည်သည့်ကောင်းမှုကုသိုလ်ကံဖြစ်သည်ကို ဖြေဆို၍၊ ယင်းကံ၏အကျိုးပေးရာဘုံကိုလည်း အခါအားလျော်စွာ အသီးသီးသတ်မှတ်ပြပါ။**

(၁၉၉၆၊ စမန ၁၃၆၊ ၁၃၉)

**အဖြေ** – နှစ်ဦးအခါ ဘိုးဘွားများအား ခေါင်းလျှော်ပေးခြင်းစသည့်ပြုလုပ်မှုသည် အပစာ

ယနကုသိုလ်, ဝေယျာဝစ္စကုသိုလ်ဖြစ်၍ **မဟာကုသိုလ်စေတနာ ၈ ပါး**ဟူသော **မဟာကုသိုလ်ကံ ၈ ပါး**ဖြစ်ပါသည်။

– **မဟာကုသိုလ်ကံ ၈ ပါး**သည် **ပဋိသန္ဓေအခါ၌** ကာမသုဂတိ ၇ ဘုံ၌ မဟာဝိပါက် ၈ ပါးကိုဖြစ်စေ၏။ **ပဝတ္တိအခါတွင် ကာမသုဂတိ ၇ ဘုံ၌** မဟာဝိပါက် ၈ ပါးနှင့် အဟိတ်ကုသလဝိပါက် ၈ ပါး၊ **အပါယ် ၄ ဘုံ**၌ အဟိတ်ကုသလဝိပါက် ၈ ပါး၊ အသညသတ်ကြဉ်သော **ရူပ ၁၅ ဘုံ**၌ ဃာနဒိတ္တယ ၃ ပါးကြဉ်သော အဟိတ်ကုသလဝိပါက် ၅ ပါးကို ဖြစ်စေ၏။

**၅၆။ ပဋိသန္ဓေ၊ ဘဝင်၊ စုတိဟူသော အဘိဓမ္မာဝေါဟာရတို့၏သဘောသွားကို ရှင်းလင်းပြ၍၊ ''ယခုဘဝသေပြီး နောက်ဘဝမရှိ''ဟု အယူသီးတို့၏ဝါဒကိုလည်း သင်္ဂဟနှင့်အညီ ပယ်ချပြပါ။** (၁၉၉၆၊ အခြေပြုသင်္ဂြိုဟ် ၃၂၉၊ ၃၃၀)

**အဖြေ – ''ပဋိသန္ဓေ''** ဟူသော အဘိဓမ္မာဝေါဟာရ၏သဘောသွားကို ရှင်းပြရသော်

ဘဝဟောင်းအပြတ်တွင် ဆက်စပ်သောအားဖြင့် ထိုထိုဘဝ၌ စိတ်စေတသိက်နှင့် ကမ္မဇရုပ်များ၏အစအဦးဆုံးဖြစ်ခြင်းကို ''ပဋိသန္ဓေနေခြင်း''ဟုခေါ်၏။ ပဋိသန္ဓေသည် အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို ဆက်စပ်ပေးသောသဘောဖြစ်၏။

''**ဘဝင်**''ဟူသော အဘိဓမ္မာဝေါဟာရ၏သဘောသွားကို ရှင်းပြရသော် –

ပဋိသန္ဓေစိတ်ချုပ်ပြီးသောအခါနှင့် ဝီထိစိတ်ပြတ်သည့်အခါ ဘဝင်စိတ်ဆက်၍ မဖြစ်လျှင် ဘဝပြတ်၍စုတေရတော့၏။ ထို့ကြောင့် ဘဝင်ကို ''ဘဝ၏အကြောင်းဖြစ်သောစိတ် (ဘဝမပြတ်အောင် ဆက်စပ်ပေးသောစိတ်)ဟုဆိုရသည်။ ထိုဘဝင်စိတ်များသည် အကြိမ်ပေါင်းများစွာ ဆက်၍ မြစ်ရေအယဉ်စီးသကဲ့သို့ ဖြစ်လေသည်။

''**စုတိ**''ဟူသော အဘိဓမ္မာဝေါဟာရ၏သဘောသွားကို ရှင်းပြရသော် –

ဘဝအဆုံး၌ ရရှိပြီးသောဘဝမှရွေ့လျောပျက်စီးသေဆုံးခြင်းသဘောဖြင့် ပဋိသန္ဓေစိတ်နှင့် အလားတူသောစိတ်သည်ပင်လျှင် စုတိစိတ်အဖြစ် ဖြစ်၍ချုပ်၏။

– ''**ယခုဘဝသေပြီး နောက်ဘဝမရှိ**''ဟု အယူသီးတို့၏ဝါဒကို သင်္ဂဟနှင့်အညီပယ်ချပြရသော်

(၁) စုတိစိတ်ချုပ်ပြီးသည့်နောက်၌ (ရဟန္တာမဖြစ်သေး၍ ဘဝဇာတ်မသိမ်းသေးလျှင်) ပဋိသန္ဓေ–ဘဝင်–စုတိဟူသောစိတ်တို့သည် ရထား၌တပ်ထားသောစက်ဘီး၏လည်ပုံကဲ့သို့ ဆက်ကာဆက်ကာ ခြာခြာရစ်ပတ် မပြတ်ဖြစ်ပြန်တော့၏။

(၂) ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ–ဘဝင်–ဝီထိ–စုတိစိတ်များ ဆက်ကာဆက်ကာဖြစ်ကြသကဲ့သို့ နောက်ဘဝ၌လည်း ဤနည်းအတိုင်း (နိဗ္ဗာန်မရမခြင်း) ဖြစ်ပြန်လေတော့၏။

(၃) ဤသို့ သံသရာစက်လည်၍ တစ်ဘဝပြီးတစ်ဘဝ ပဋိသန္ဓေ–ဘဝင်–ဝီထိ–စုတိစိတ်အစဉ်တို့ အဆက်မပြတ်ဖြစ်နေသည့်အတွက် ''ယခုဘဝသေပြီး နောက်ဘဝမရှိ''ဟု အယူသည်းသူတို့၏ဝါဒသည် မမှန်ကန်သဖြင့် ပယ်ချအပ်ပေ၏။

**၅၇။ ပုဂ္ဂိုလ်သတ္တဝါမှန်သမျှ တွေ့ကြုံရမည့်သေခြင်းလေးမျိုးကို အဓိပ္ပါယ်ပါအောင် ဖြေဆို၍၊** (၁၉၉၆၊ စမန ၁၄၁)

**အဖြေ – ပုဂ္ဂိုလ်သတ္တဝါမှန်သမျှ တွေ့ကြုံရမည့်သေခြင်း ၄ မျိုးမှာ –**

(၁) *အာယုက္ခယမရဏ* – သက်တမ်းကုန်၍ သေခြင်း၊

(၂) *ကမ္မက္ခယမရဏ* – ကံကုန်၍ သေခြင်း၊

(၃) *ဥဘယက္ခယမရဏ* – သက်တမ်းနှင့်ကံနှစ်ပါးစုံကုန်၍ သေခြင်း၊

(၄) *ဥပစ္ဆေဒကမရဏ* – သက်တမ်းနှင့်ကံနှစ်ပါးစုံမကုန်သေးဘဲလျက် ဥပဃာတကကံဖြတ်၍ လတ်တလောသေခြင်းတို့ ဖြစ်ပါသည်။

**၅၈။ သတ္တဝါတို့ ကံအရ အမှန်တကယ်တည်ရှိနေသော ၃၁ ဘုံကို အကျဉ်းချုပ်ရေတွက်ပြ၍၊ (က) ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်များ မရနိုင်သောဘုံ၊ (ခ) အရိယာပုဂ္ဂိုလ်များ မရနိုင်သောဘုံ၊ (ဂ) အရိယာပုထုဇဉ်ပုဂ္ဂိုလ်နှစ်မျိုးလုံး မရနိုင်သောဘုံတို့ကို ခွဲခြမ်းဖြေဆိုပါ။** (၁၉၉၇၊ စမန ၁၁၉၊ ၁၂၂)

**အဖြေ – သတ္တဝါတို့ ကံအရ အမှန်တကယ်တည်ရှိနေသော ၃၁ ဘုံကို** အကျဉ်းချုပ်ရေတွက်ပြရသော် – ကာမ ၁၁ ဘုံ၊ ရူပ ၁၆ ဘုံ၊ အရူပ ၄ ဘုံ၊ ပေါင်း ၃၁ ဘုံဖြစ်ပါသည်။

(က) ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်များ မရနိုင်သောဘုံ –

(၁) အဝိဟာဘုံ၊ (၂) အတပ္ပါဘုံ၊ (၃) သုဒဿာဘုံ၊ (၄) သုဒဿီဘုံ၊ အကနိဋ္ဌဘုံ ဟူသော သုဒ္ဓါဝါသ ၅ ဘုံဖြစ်ပါသည်။

(ခ) အရိယာပုဂ္ဂိုလ်များမရနိုင်သောဘုံတို့မှာ –

(၁) အပါယ် ၄ ဘုံ၊ (၂) အသညသတ်ဘုံဟူ၍ ပေါင်း ၅ ဘုံဖြစ်ပါသည်။

(ဂ) အရိယာ–ပုထုဇဉ် ပုဂ္ဂိုလ်နှစ်မျိုးလုံးမရနိုင်သောဘုံတို့ မရှိပါ။

**၅၉။ ကမ္မဒွါရ၏အစွမ်းဖြင့်ဖြစ်သော အကုသိုလ်ကံ ၃ မျိုးကို ရေးသားပြီး ထိုကံတို့၏ အကြောင်းတရားနှင့် အကျိုးပေးရာဘုံတို့ကိုလည်း ပဋိသန္ဓေ၊ ပဝတ္တိအားဖြင့်ပြည့်စုံစွာဖော်ပြပါ။** (၁၉၉၇၊ စမန ၁၃၄၊ ၁၃၅၊ ၁၃၈)

**အဖြေ – ကမ္မဒွါရ၏အစွမ်းဖြင့်ဖြစ်သော အကုသိုလ်ကံ ၃ မျိုးမှာ –**

(၁) ကာယဒွါရ၌အဖြစ်များသော အကုသိုလ်ကာယကံ ၃ ပါး = ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ။

(၂) ဝစီဒွါရ၌အဖြစ်များသော အကုသိုလ်ဝစီကံ ၄ ပါး = မုသာဝါဒ၊ ဖရုသဝါစာ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပ။

(၃) မနောဒွါရ၌အဖြစ်များသော အကုသိုလ်မနောကံ ၃ ပါး = အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။

**– ထိုအကုသိုလ်ကံတို့၏အကြောင်းတရားများမှာ –**

(၁) ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ ကံ ၃ ပါးတို့၏အကြောင်းတရားများမှာ – ဒေါသ၊ မောဟတို့ဖြစ်သည်။

(၂) ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိတို့၏အကြောင်းတရားများမှာ – လောဘ၊ မောဟတို့ဖြစ်ပါသည်။

(၃) အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ, သမ္ဖပ္ပလာပတို့၏အကြောင်းတရားများမှာ – ရံခါ လောဘ၊ မောဟတို့ကြောင့်ဖြစ်ပြီး ရံခါ ဒေါသ၊ မောဟတို့ကြောင့်ဖြစ်ပါသည်။

**– အထက်ပါအကုသိုလ်ကံ ၁၀ ပါးတို့၏ အကျိုးပေးရာဘုံတို့မှာ –**

(က) ပဋိသန္ဓေအခါ၌ အပါယ် ၄ ဘုံတွင် အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်ဖြင့်ပဋိသန္ဓေ အကျိုးကို ပေးပါသည်။

(ခ) ပဝတ္တိအခါ၌ ကာမ ၁၁ ဘုံတွင် အကုသလဝိပါက် ၇ ပါးကို ဖြစ်စေ၏၊ အသညသတ်ကြဉ်သည့် ရူပ ၁၅ ဘုံတွင် ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ် ကြဉ်သော အကုသလဝိပါက်စိတ် ၄ ပါးကို ဖြစ်စေ၏။

**၆၀။ ဘုရားတည်၊ ကျောင်းဆောက်၊ ရှင်ပြု၊ ရဟန်းခံစသည်ကိုပြုလုပ်သဖြင့် ရရှိသော ကုသိုလ်ကံသည် မည်သည့်ဘဝ၌ မည်သည့်အကျိုးဝိပါက်များကို ရရှိစေနိုင်သနည်း။**

(၁၉၉၇၊ စမန ၁၃၆၊ ၁၃၉)

**အဖြေ** – ဘုရားတည်၊ ကျောင်းဆောက်၊ ရှင်ပြု၊ ရဟန်းခံစသည်ကို ပြုလုပ်သဖြင့် ရရှိသော ကုသိုလ်ကံတို့သည် မဟာကုသိုလ်စေတနာ ၈ ပါးဟူသော မဟာကုသိုလ်ကံ ၈ ပါး ဖြစ်ပါသည်။

ဤမဟာကုသိုလ်ကံ ၈ ပါးတွင် မဟာကုသိုလ်ဒွိဟိတ်ကံ ၄ ပါးနှင့် တိဟိတ်ကံ ၄ ပါးတို့ ပါဝင်ကြသည်။ တစ်ဖန်ကုသိုလ်ကောင်းမှုပြုရာ၌ ကောင်းသောစေတနာသုံးတန်ပြဋ္ဌာန်လျှင် ဥက္ကဋ္ဌကုသိုလ်ကံဖြစ်ပြီး၊ မပြဋ္ဌာန်းလျှင် ဩမကကုသိုလ်ကံဖြစ်သည်။ ထို့ကြောင့်

(၁) မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ဒွိဟိတ်ဩမကကံ ၄ ပါး၊

(၂) မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ဒွိဟိတ်ဥက္ကဋ္ဌကံ ၄ ပါး၊

(၃) မဟာကုသိုလ်ဉာဏသမ္ပယုတ် တိဟိတ်ဩမကကံ ၄ ပါး၊

(၄) မဟာကုသိုလ်ဉာဏသမ္ပယုတ် တိဟိတ်ဥက္ကဋ္ဌကံ ၄ ပါးဟု ကွဲပြားသည်။

(၁) မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ဒွိဟိတ်ဩမကကံ ၄ ပါးသည် ပဋိသန္ဓေအခါ၌ လူဘုံ၊ စတုမဟာရာဇ်ဘုံတွင် အဟိတ်ကုသလဝိပါက်ဥပေက္ခာသန္တီရဏပဋိသန္ဓေစိတ်ဟူသော ကာမသုဂတိအဟိတ်ပဋိသန္ဓေကို ဖြစ်စေ၏။

– ပဝတ္တိအခါ၌ ကာမ ၁၁ ဘုံတွင် အဟိတ်ကုသလဝိပါက်စိတ် ၈ ပါးကို ဖြစ်စေ၏၊ အသညသတ်ကြဉ်သည့်ရူပ ၁၅ ဘုံတွင် ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်ကြဉ်သော အဟိတ်ကုသလဝိပါက် ၅ ပါးကို ဖြစ်စေ၏။

(၂) (၃) မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ဒွိဟိတ်ဥက္ကဋ္ဌကံ ၄ ပါးနှင့် မဟာကုသိုလ်ဉာဏသမ္ပယုတ် တိဟိတ်ဩမကကံ ၄ ပါးတို့သည် ပဋိသန္ဓေအခါ၌ ကာမသုဂတိ ၇ ဘုံတွင် မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄ ပါးဟူသော ကာမသုဂတိဒွိဟိတ်ပဋိသန္ဓေ ၄ ပါးကိုဖြစ်စေ၏။

– ပဝတ္တိအခါ၌ ကာမသုဂတိ ၇ ဘုံတွင် အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး၊ ပေါင်း ၁၂ ပါးကိုဖြစ်စေ၏။ အပါယ် ၄ ဘုံ၌ အဟိတ်ကုသလ

ဝိပါက်စိတ် ၈ ပါးကို ဖြစ်စေ၏။ အသညသတ်ကြဉ်သည့် ရူပ ၁၅ ဘုံတွင် ဃာနာဒိတ္တယ ၃ ပါးကြဉ်သော အဟိတ်ကုသလဝိပါက်စိတ် ၅ ပါးကိုဖြစ်စေ၏။

(၄) မဟာကုသိုလ်ဉာဏသမ္ပယုတ် တိဟိတ်ဥက္ကဋ္ဌကံ ၄ ပါးသည် ပဋိသန္ဓေအခါဝယ် ကာမသုဂတိ ၇ ဘုံ၌ မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄ ပါးဟူသော ကာမသုဂတိတိဟိတ်ပဋိသန္ဓေ ၄ ပါးကို ဖြစ်စေ၏။

– ပဝတ္တိအခါ၌ ကာမသုဂတိ ၇ ဘုံတွင် အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ပေါင်း ၁၆ ပါးကိုဖြစ်စေ၏။ အပါယ် ၄ ဘုံ၌ အဟိတ်ကုသလဝိပါက်စိတ် ၈ ပါးကို ဖြစ်စေ၏။ အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံတွင် ဃာနာဒိတ္တယ ၃ ပါးကြဉ်သော အဟိတ်ကုသလဝိပါက်စိတ် ၅ ပါးကိုဖြစ်စေ၏။

**၆၁။ ကာမ ၁၁ ဘုံကို ကောင်းသောလားရာဘုံ၊ မကောင်းသောလားရာဘုံအားဖြင့် စင်ကြယ်ဌာန သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနေနိုင်သော အရိယာတို့ကိုလည်း ဖော်ပြပါ။**

(၁၉၉၈၊ စမန ၁၁၉၊ ၁၂၂)

**အဖြေ – ကာမ ၁၁ ဘုံတွင်** – ကောင်းသောလားရာဘုံ = ကာမသုဂတိ ၇ ဘုံ

= လူ့ပြည်နှင့် နတ်ပြည် ၆ ထပ်။

မကောင်းသောလားရာဘုံ = အပါယ် ၄ ဘုံ၊

= ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ။

**– စင်ကြယ်ဌာန သုဒ္ဓါဝါသ ၅ ဘုံ၌** ပဋိသန္ဓေနေနိုင်သော အရိယာတို့မှာ – အနာဂါမ်ခေါ် အနာဂါမိဖိုလ်ပုဂ္ဂိုလ်၊ အရဟတ္တမဂ်ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ် (ရဟန္တာ)ဟူ၍ အရိယာပုဂ္ဂိုလ် ၃ မျိုးဖြစ်ပါသည်။

**၆၂။ သက်တမ်းမမြဲသော ကာမပုဂ္ဂိုလ်တို့ကို ဖြေဆို၍ ဘဝတစ်ခု၌ တူမြဲတရားတို့ကိုလည်းဖော်ပြပါ။** (၁၉၉၈၊ စမန ၁၂၅၊ ၁၂၆၊ ၁၃၉)

**အဖြေ – သက်တမ်းမမြဲသော ကာမပုဂ္ဂိုလ်များမှာ –**

(၁) အပါယ်ဘုံသားများ (ငရဲသား၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်များ)

(၂) လူ့ဘုံမှ ပုဂ္ဂိုလ်များ၊

(၃) အောက်စတုမဟာရာဇ်နတ်များဖြစ်ကြသော ဘုမ္မဇိုဝ်၊ ရုက္ခဇိုဝ်၊ အာကာသဇိုဝ်းနတ်များ၊ ဘုမ္မသိတနတ်များ၊ ဝိနိပါတိကအသူရာများ ဖြစ်ကြ၏။

**– ဘဝတစ်ခု၌တူမြဲတရား ၃ ပါးမှာ –** ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့ဖြစ်ကြ၏။ ပဋိသန္ဓေစိတ်က သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကမဟာဝိပါက်စိတ်ဖြစ်လျှင် ဘဝင်စိတ်နှင့် စုတိစိတ်တို့သည်လည်း သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ်ပင်ဖြစ်ကြ၏။ ယှဉ်ဖက်စေတသိက်များ၊ ယူသောအာရုံတို့လည်း တူညီကြပြီး ဟဒယဝတ္ထုကိုမှီ၍သာ ဖြစ်ကြ၏။

**၆၃။ ဒါနကုသိုလ်ကံသည် နောင်သံသရာတွင်သာမက ယခုဘဝမှာပင် အကျိုးပေးနိုင်ပုံကို ရှင်းပြ၍၊ မကောင်းမှုအကုသိုလ်ကံသုံးမျိုးတို့တွင် နောက်ဆုံးကံ၏အဓိပ္ပါယ်ကိုလည်း စိတ်ဝယ်စွဲအောင် ရေးသားပြပါ။** (၁၉၉၈၊ စမန ၁၃၃၊ ၁၃၅)

**အဖြေ – ဒါနကုသိုလ်ကံသည် နောင်သံသရာတွင်သာမက ယခုဘဝမှာပင် အကျိုးပေးနိုင်ပုံသည်** အောက်ပါအဘိဓမ္မာလာ ပါကကာလကမ္မစတုက္ကဖြင့် ထင်ရှားပါသည်။

(၁) *ဒိဋ္ဌဓမ္မဝေဒနီယကံ* = မျက်မှောက်ဘဝ၌ အကျိုးပေးသောကံ၊

(၂) *ဥပပဇ္ဇဝေဒနီယကံ* = အခြားမဲ့ဒုတိယဘဝ၌ အကျိုးပေးသောကံ၊

(၃) *အပရာပရိယဝေဒနီယကံ* = တတိယဘဝမှစ၍ နိဗ္ဗာန်မရမီအတွင်း၌ အကျိုးပေးသောကံ၊

(၄) *အဟောသိကံ* = အကျိုးပေးခွင့်မရ၍ သုဉ်းသွားကြသောကံများဖြစ်၏။

**– မကောင်းမှုအကုသိုလ်ကံ ၃ မျိုးတွင် နောက်ဆုံးမနောကံ၏အဓိပ္ပါယ်မှာ –**

(၁) *အဘိဇ္ဈာ* = သူတစ်ပါးစည်းစိမ်ဥစ္စာကို မတရားရယူရန်ကြံစည်မှု (လောဘ)၊

(၂) *ဗျာပါဒ* = သူတစ်ပါးပျက်စီးသေကြေဖို့ရန် ကြံစည်မှု (ဒေါသ)၊

(၃) *မိစ္ဆာဒိဋ္ဌိ* = အယူမှားမှု၊ ကံ-ကံ၏အကျိုးကိုမယုံကြည်မှု (ဒိဋ္ဌိ)တို့ ဖြစ်ပါသည်။

**၆၄။ အသညသတ်ဘုံသို့ရောက်ရန် နည်းလမ်းကို စည်းကမ်းတကျရေးသားပြ၍ ဘဝင်စိတ်ဖြစ်ပုံကိုလည်း ဥပမာဆောင်ကာ ထင်အောင်ပြခဲ့ပါ။**

(၁၉၉၈၊ စမန ၁၄၀၊ အခြေပြုသင်္ဂြိုဟ် ၃၀၅)

**အဖြေ – အသညသတ်ဘုံသို့ရောက်ရန် နည်းလမ်းမှာ –** ပထမ သမထဘာဝနာပွားများ၍ ရူပါဝစရပဉ္စမဈာန်ကို ရအောင်ကြိုးစားအားထုတ်ရမည်။ ထို့နောက် ယောဂီပုဂ္ဂိုလ်သည် ''အမှတ်သညာရှိနေ (စိတ်စေတသိက်ရှိနေ) သောကြောင့်သာ စားချင်၊ သောက်ချင်၊ လိုချင်မှု၊ ဒေါသဖြစ်မှု၊ မာနဖြစ်မှုတွေဖြစ်ရသည်၊ ရုပ်ခန္ဓာချည်းနေလျှင် အပြစ်တစ်စုံတစ်ရာမရှိဘဲ အေးမြချမ်းသာဖွယ်ရှိသည်''ဟု သညာစေတသိက်နှင့်တကွ စိတ်စေတသိက်အားလုံးအပေါ်မှာ များစွာအပြစ်မြင်လျက် ပဉ္စမဈာန်ကိုပင် ထပ်ကာထပ်ကာဝင်စား၏၊ ထိုအခါထိုပဉ္စမဈာန်သည် သညာနှင့်တကွ စိတ်စေတသိက်အားလုံးကို စက်ဆုပ်သော ''သညာဝိရာဂဘာဝနာ''အဖြစ်သို့ ရောက်၏။ ထိုပုဂ္ဂိုလ်စုတေလျှင် သူ့အလိုဆန္ဒအတိုင်း သညာနှင့်တကွ စိတ်စေတသိက်မရှိသော အသညသတ်ဘုံသို့ရောက်၏။

**– ဘဝင်စိတ်ဖြစ်ပုံမှာ –** ပဋိသန္ဓေချုပ်ပြီးသောအခါနှင့် ဝီထိစိတ်ပြတ်သည့်အခါတို့တွင် ဘဝင်စိတ်အစဉ်ဖြစ်ရ၏၊ ဘဝင်စိတ်မဖြစ်လျှင် ဘဝပြတ်၍ စုတေရ၏။ ထို့ကြောင့် ဘဝင်ကို ''ဘဝ၏အကြောင်းဖြစ်သောစိတ် (ဘဝမပြတ်အောင် ဆက်စပ်ပေးသောစိတ်)ဟုဆိုရသည်။ ထိုဘဝင်စိတ်များသည် အကြိမ်ပေါင်းများစွာဆက်၍ မြစ်ရေအယဉ်စီးသကဲ့သို့ ဖြစ်လေ၏။

**၆၅။ လူစဉ်မီသူနှင့် လူစဉ်မမီသူတို့သည် ဘဝအစ ပထမဦးဆုံးဖြစ်သော စိတ်ချင်းတူ/မတူ စိစစ်ဝေဖန်၍၊ တစ်ဘဝလုံးနာမ်တရားများမဖြစ်သော ဗြဟ္မာများကို**

**လည်း ညွှန်ပြပါ။** (၁၉၉၈၊ စမန ၁၂၃၊ ၁၂၂)

**အဖြေ – လူစဉ်မီသူနှင့် လူစဉ်မမီသူတို့သည် ဘဝအစ ပထမဦးဆုံးဖြစ်သော စိတ်ချင်း မတူကြပါ။**

– လူစဉ်မီသူ၏ဘဝအစ ပထမဦးဆုံးဖြစ်သော ပဋိသန္ဓေစိတ်သည် –

မဟာဝိပါက်စိတ် ၈ ပါးတွင် တစ်ပါးပါးဖြစ်၏။ သဟိတ်ကာမပဋိသန္ဓေဖြစ်၏။

– လူစဉ်မမီသူ၏ဘဝအစ ပထမဦးဆုံးဖြစ်သော ပဋိသန္ဓေစိတ်သည် –

အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြစ်၏။ အဟိတ်ကာမပဋိသန္ဓေဖြစ်၏။ ထို့ကြောင့် ဘဝအစပထမဦးဆုံးဖြစ်သော စိတ်ချင်းမတူကြပါ။

**– တစ်ဘဝလုံးနာမ်တရားများမဖြစ်သောပြဿနာများမှာ အသညသတ်ပြဿနာများဖြစ်ပါသည်။**

**၆၆။ နှုတ်ဖြင့် သူတစ်ပါးအား သတ်ခိုင်းသော ပါဏာတိပါတကံကို ''ဝစီကံအကုသိုလ်'' ဟုခေါ်နိုင်၊ မခေါ်နိုင်ဝေဖန်ပြ၍၊ ရွှေယုန်နှင့် ရွှေကျား သက်ကယ်ရိတ်သွား အစရှိ သည်ဖြင့်ပြောဆိုသော ပြိန်ဖျင်းသောစကားများသည် မည်သည့်အကြောင်းမူလ တို့ကြောင့်ဖြစ်သည်ကိုလည်း ရေးသားပြပါ။** (၁၉၉၈၊ စမန ၁၃၄၊ ၁၃၅)

**အဖြေ – နှုတ်ဖြင့် သူတစ်ပါးအား သတ်ခိုင်းသော ပါဏာတိပါတကံကို** ''ဝစီကံအကုသိုလ်'' ဟု မခေါ်နိုင်ပါ၊ ''ကာယကံအကုသိုလ်''ဟု ခေါ်ရပါမည်။

အကြောင်းကား ''ဝစီကံ''ဟူသည်မှာ ဝစီဒွါရ၌ ဝစီဝိညတ်ဟုခေါ်သော နှုတ်အမူအရာ အထူးဖြင့် အများအားဖြင့် ပြုလုပ်သောအမှုဖြစ်သည့်အတွက်ကြောင့် ''ဝစီကံ''မည်ပါ သည်။

''ကာယကံ''ဟူသည်မှာ ကာယဒွါရ၌ ကာယဝိညတ်ခေါ် ကိုယ်အမူအရာအထူးဖြင့် အများ အားဖြင့်ပြုလုပ်သောအမှုဖြစ်သည့်အတွက်ကြောင့် ''ကာယကံ''မည်ပါသည်။

''ပါဏာတိပါတကံ''သည် ကာယဒွါရ၌ ကာယဝိညတ်ရုပ်ဖြင့် အများအားဖြင့် ပြုလုပ်သော ကြောင့် ''ကာယကံ''ဟု သတ်မှတ်သည်။ ပါဏာတိပါတသည် ကာယဒုစရိုက် ၃ ပါးတွင် ပါဝင်သည်။ ထို့ကြောင့် နှုတ်ဖြင့်သူတစ်ပါးအားသတ်ခိုင်းသော ပါဏာတိပါတကံသည် ကာယ ကံဖြစ်သည့်အတွက် ''ကာယကံအကုသိုလ်''ဟု ခေါ်ဆိုရပါသည်။

**– ရွှေယုန်နှင့် ရွှေကျား သက်ကယ်ရိတ်သွား အစရှိသဖြင့် ပြောဆိုသောပြိန်ဖျင်းသည့်စကား** များသည် ပြိန်ဖျင်းသောစကားများဖြစ်သဖြင့် ''သမ္ဖပ္ပလာပ ဝစီဒုစရိုက်''ဖြစ်၏။ ဤစကား သည် ရံခါ လောဘ, မောဟ၊ ရံခါ ဒေါသ, မောဟ၊ အကြောင်းရင်းမူလကြောင့် ဖြစ်ပါသည်။

**၆၇။ ကောင်းမှုကုသိုလ်ပြုပြီးနောက် မိမိရောက်အပ်ရအပ်သော ကုသိုလ်အဖို့ကို ပေး ဝေခြင်းမျိုးသည် မည်သည့်ကောင်းမှုကုသိုလ်ကံ ဖြစ်သည်ကိုဖြေဆို၍ ယင်းကံ၏ အကျိုးပေးရာဘုံတို့ကိုလည်း အခါအားလျော်စွာ အသီးသီးသတ်မှတ်ပြပါ။**
(၁၉၉၉၊ စမန ၁၃၆၊ ၁၃၉)

**အဖြေ** – ကောင်းမှုကုသိုလ်ပြုပြီးနောက် မိမိရောက်အပ်ရအပ်သောကုသိုလ်အဖို့ကို ပေးဝေခြင်းမျိုးသည် ''**ပတ္တိဒါန**''ခေါ် ကာမကုသိုလ်ကံဖြစ်ပါသည်။

– ယင်းကာမကုသိုလ်ကံသည် ပဋိသန္ဓေအခါ၌ ကာမသုဂတိ ၇ ဘုံတွင် အကျိုးပေး၍၊ ပဝတ္တိအခါတွင် ကာမ ၁၁ ဘုံနှင့် အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံတို့တွင် အကျိုးပေးပါသည်။

**၆၈။ ''သူငါအစ များလှသောင်းသောင်း သတ္တဝါအပေါင်းဖြစ်ရခြင်းသည် ပြဟ္မာပိသာနိုးကြီးများဖန်ဆင်း၍ ဖြစ်လာရသည်''ဟုဆိုက လက်ခံသင့်/မသင့်ရှင်းရှင်းလင်းလင်းအဖြေသွင်း၍၊ ရူပဗြဟ္မာကြီးများစုတေက အဟိတ်တိရစ္ဆာန်များတိုက်ရိုက်ဖြစ်နိုင်/မဖြစ်နိုင်ကိုလည်း သေချာကျနဖြေဆိုပြပါ။**

(၁၉၉၈၊ စမန ၁၃၃၊ ၁၃၄၊ ၁၄၄)

**အဖြေ** – ''သူငါအစ များလှသောင်းသောင်း သတ္တဝါအပေါင်းဖြစ်ရခြင်းသည် ပြဟ္မာပိသာနိုးကြီးများဖန်ဆင်း၍ ဖြစ်လာရသည်''ဟုဆိုက လက်မခံသင့်ပါ။ အကြောင်းမှာ ထိုသို့ဖန်ဆင်းတတ်သောပြဟ္မာပိသာနိုးတို့ရှိသည်၊ ထိုသို့ ဖန်ဆင်းခြင်းကြောင့် သတ္တဝါများဖြစ်လာသည်ဟု အထောက်အထားများ မရှိပါ။

ထို့အပြင် ပြဟ္မာပိသာနိုးများ ဖန်ဆင်း၍ သတ္တဝါများဖြစ်လာသည်ဆိုလျှင် သတ္တဝါတို့၏ အတိတ်ဘဝများ, အနာဂတ်ဘဝများမရှိနိုင်ချေ။ သို့သော် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဖြင့် အတိတ်ဘဝများကို သိမြင်နိုင်၏၊ အနာဂတံသအဘိညာဉ်ဖြင့် အနာဂတ်ဘဝများကို သိမြင်နိုင်၏။

အမှန်အားဖြင့် အဘိဓမ္မာ ပါကဋ္ဌာန ကမ္မစတုက္ကအရ အကုသိုလ်ကံ, ကုသိုလ်ကံများ အကျိုးပေးခြင်းကြောင့် သတ္တဝါများ ဖြစ်ပေါ်လာကြ၏။ ဖြစ်ပုံကား–

(၁) **အကုသိုလ်ကံ** – အပါယ် ၄ ဘုံ၌ ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးတို့ကို ဖြစ်စေခြင်းဖြင့် အပါယ်ဘုံသား ဘဝများကို ဖြစ်စေ၏။

(၂) **ကာမကုသိုလ်ကံ** – ကာမသုဂတိ ၇ ဘုံ၌ ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးတို့ကို ဖြစ်စေခြင်းဖြင့် လူ, နတ်ဘဝများကို ဖြစ်စေ၏။

(၃) **ရူပကုသိုလ်ကံ** – ရူပဗြဟ္မာ ၁၆ ဘုံတွင် ရူပဗြဟ္မာဘဝများကို ဖြစ်စေ၏။

(၄) **အရူပကုသိုလ်ကံ** – အရူပဗြဟ္မာ ၄ ဘုံ၌ အရူပဗြဟ္မာဘဝများကို ဖြစ်စေ၏။

ထို့ကြောင့် ပြဟ္မာပိသာနိုးများဖန်ဆင်း၍ သတ္တဝါများဖြစ်လာသည်ဟုဆိုလျှင် မမှန်ပါ။

– **ရူပဗြဟ္မာများစုတေလျှင် အဟိတ်တိရစ္ဆာန်များ တိုက်ရိုက်မဖြစ်နိုင်ပါ။** အကြောင်းမှာ – အဘိဓမ္မာတွင် စုတိနောင် ပဋိသန္ဓေဖြစ်ရာတွင် – ရူပဘုံမှ ရူပဗြဟ္မာတစ်ဦးသေဆုံးသောအခါ အဟိတ်ပဋိသန္ဓေ ၂ ပါးကြဉ်သော ကာမဒွိဟိတ်ပဋိသန္ဓေ ၄ ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါး၊ ရူပပဋိသန္ဓေ ၆ ပါး၊ အရူပပဋိသန္ဓေ ၄ ပါးဟူ၍ ပဋိသန္ဓေ ၁၈ ပါးဖြစ်နိုင်၏။ ထို့ကြောင့် အဟိတ်ပဋိသန္ဓေနေသော တိရစ္ဆာန်ဘဝသို့ တိုက်ရိုက်မရောက်နိုင်ပါ။

**၆၉။ (က) အရိယာသာရသောဘုံ၊ (ခ) ပုထုဇဉ်သာရသောဘုံ၊ (ဂ) နှစ်ပါးစုံရသော ဘုံတို့ကိုဖော်ပြ၍၊ သက်တမ်းမမြဲသူများကိုလည်း မမြဲရခြင်းအကြောင်းရင်းနှင့် ဖြေဆိုပါ။** (၂၀၀၀၊ စမန ၁၂၂၊ ၁၂၅၊ ၁၂၆)

**အဖြေ** – (က) အရိယာသာရသောဘုံ = သုဒ္ဓါဝါသ ၅ ဘုံ၊

(ခ) ပုထုဇဉ်သာရသောဘုံ = အပါယ် ၄ ဘုံနှင့် အသညသတ်ဘုံ၊

(ဂ) နှစ်ပါးစုံရသောဘုံ = ကာမသုဂတိ ၇ ဘုံ၊ သုဒ္ဓါဝါသ ၅ ဘုံနှင့် အသညသတ်ဘုံကြဉ်သော ရူပပြဟ္မာ ၁၀ ဘုံ၊ အရူပ ၄ ဘုံ၊ ပေါင်း ၂၁ ဘုံ။

**– သက်တမ်းမမြဲသူများမှာ –**

(က) အပါယ် ၄ ဘုံမှ အပါယ်ဘုံသားများ၊ (ခ) လူ့ဘုံသားများ၊

(ဂ) အောက်စတုမဟာရာဇ်နတ်များဖြစ်ကြသော ဘုမ္မဇိုဝ်း၊ ရုက္ခဇိုဝ်း၊ အာကာသဇိုဝ်းနတ်များ၊ ဘုမ္မသိတနတ်များ၊ ဝိနိပါတိကအသူရာများဖြစ်ပါသည်။

သက်တမ်းမမြဲသူများ၏သက်တမ်းမမြဲရခြင်းအကြောင်းရင်းမှာ မိမိတို့ပြုထားသော အကုသိုလ်ကံ, ကုသိုလ်ကံတို့၏စွမ်းအားချင်း မတူကြသောကြောင့်ဖြစ်၏။ တချို့မှာ တစ်ရက်, တစ်နံနက်, တစ်ခဏမျှသာ အသက်ရှည်ကြ၏၊ အချို့မှာ နှစ်ပေါင်းအသင်္ချေတိုင်အောင် အသက်ရှည်၏။ မိမိတို့၏ကံများအပေါ်အခြေခံ၍ သက်တမ်းကွာခြားကြ၏။

အဘိဓမ္မာတွင် လူတို့၏သက်တမ်းသည် အသင်္ချေယျတမ်းမှသည် ၁၀ နှစ်တမ်း၊ ၁၀ နှစ်တမ်းမှသည် အသင်္ချေယျတမ်းဟူ၍ ဆုတ်ချည်တက်ချည်ရှိသည်ဟု ဖော်ပြထား၏။

**၇၀။ (က) လောဘကြောင့်ဖြစ်သောဒုစရိုက်၊ (ခ) ဒေါသကြောင့်ဖြစ်သောဒုစရိုက်၊ (ဂ) နှစ်ပါးစုံကြောင့်ဖြစ်သော ဒုစရိုက်တို့ကိုဖော်ပြ၍၊ ''ထာဝရဘုရားဖန်ဆင်းမှုကြောင့် သတ္တဝါများဖြစ်လာရသည်''ဟူသောဝါဒကို အဘိဓမ္မာအမြင်ဖြင့် သုံးသပ်ဖြေရှင်းပါ။** (၂၀၀၀၊ စမန ၁၃၅၊ ၁၃၃၊ ၁၃၄)

**အဖြေ** – (က) လောဘကြောင့်ဖြစ်သောဒုစရိုက်များမှာ ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိတို့ဖြစ်၏။

(ခ) ဒေါသကြောင့်ဖြစ်သော ဒုစရိုက်များမှာ ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒတို့ဖြစ်ကြ၏။

(ဂ) နှစ်ပါးစုံကြောင့်ဖြစ်သော ဒုစရိုက်များမှာ အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပတို့ ဖြစ်ပါသည်။

**– ''ထာဝရဘုရားဖန်ဆင်းမှုကြောင့် သတ္တဝါများဖြစ်လာရသည်''ဟူသောဝါဒသည်** အဘိဓမ္မာအမြင်ဖြင့် မမှန်ကန်ပါ။

(စာမျက်နှာ ၂၁၈ နံပါတ် ၆၈ ပထမပိုင်းအတိုင်းဖြေပါ၊ ပြဟ္မာပိဿနိုးအစား ထာဝရဘုရားထည့်ပါ။)

**၇၁။ ''လူသေ လူသာဖြစ်''ဟူသောဝါဒသည် မှန်/မမှန်ခိုင်လုံသောအကြောင်းပြချက်**

**ဖြင့် ဆုံးဖြတ်ဖြေဆိုပါ။** (၂၀၀၀၊ စမန ၁၄၄)

**အဖြေ – ''လူသေ လူသာဖြစ်''ဟူသောဝါဒသည် မမှန်ပါ။**

အကြောင်းမှာ လူသေလျှင် လူသာမက အခြားဘဝများလည်း ဖြစ်နိုင်သောကြောင့်တည်း။ အဘိဓမ္မာတွင် လူသေလျှင် အောက်ပါအတိုင်း ဘဝအမျိုးမျိုးဖြစ်နိုင်သည်ကို ဖော်ပြပါသည်။

(၁) တိဟိတ်လူသားများသေဆုံးပြီးနောက် အဟိတ်ပဋိသန္ဓေ ၂ ပါး၊ ကာမဒွိဟိတ်ပဋိသန္ဓေ ၄ ပါး၊ ရူပပဋိသန္ဓေ ၆ ပါး၊ အရူပပဋိသန္ဓေ ၄ ပါးဟူ၍ ပဋိသန္ဓေ ၂၀ ဖြစ်နိုင်သည်။

(၂) ဒွိဟိတ်လူသားများသေလျှင် ကာမပဋိသန္ဓေ ၁၀ ပါး ဖြစ်နိုင်သည်။

(၃) အဟိတ်လူသားများသေလျှင် ကာမပဋိသန္ဓေ ၁၀ ပါး ဖြစ်နိုင်သည်။

ထို့ကြောင့် လူသေလျှင် အပါယ် ၄ ဘုံအနက် တစ်ဘုံဘုံတွင်လည်း ဖြစ်နိုင်သည်။ လူ သို့မဟုတ် နတ်လည်းဖြစ်နိုင်သည်၊ ရူပဗြဟ္မာ သို့မဟုတ် အရူပဗြဟ္မာလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် လူသေလျှင် လူသာဖြစ်သည်ဟူသောဝါဒ မမှန်ကန်ပါ။

**၇၂။ အနာဂါမ်, ရဟန္တာတို့အတွက် နေရာဌာနသီးသန့်ထားသောဘုံတို့ကို ခွဲခြားပြ၍၊ ဈာန်မရတာချင်းတူပါလျက် ဘဝအစပထမဦးဆုံးဖြစ်သော ပဋိသန္ဓေစိတ်ချင်း မတူပုံကိုလည်း ရှင်းပြပါ။** (၂၀၀၀၊ စမန ၁၂၂၊ ၁၂၃)

**အဖြေ – အနာဂါမ်, ရဟန္တာတို့အတွက် နေရာဌာနသီးသန့်ထားသောဘုံတို့မှာ –**

အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌဘုံဟူသော သုဒ္ဓါဝါသ ၅ ဘုံ ဖြစ်ပါသည်။

**– ဈာန်မရတာချင်းတူပါလျက် ဘဝအစ ပထမဦးဆုံးဖြစ်သောပဋိသန္ဓေစိတ်ချင်းမတူပုံမှာ** အဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ် ၃ မျိုးကွဲပြားသောကြောင့် ဖြစ်ပါသည်။

(၁) အဟိတ်ပုဂ္ဂိုလ်များသည် အဟိတ်ကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေ၍ ကမ္မဇပညာမပါရှိသဖြင့် မည်မျှပင်ကြိုးစားအားထုတ်စေကာမူ ဈာန်မရနိုင်ပါ။

(၂) ဒွိဟိတ်ပုဂ္ဂိုလ်များသည် မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄ ပါးတွင် တစ်ပါးပါးဖြင့်ပဋိသန္ဓေ နေကြ၍၊ ကမ္မဇပညာမပါသဖြင့် မည်မျှပင်ကြိုးစားအားထုတ်စေကာမူ ဈာန်မရနိုင်ပါ။

(၃) တိဟိတ်ပုဂ္ဂိုလ်များသည် မဟာဝိပါက်ဉာဏသမ္ပယုတ် ၄ ပါးတွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေကြ၍၊ ကမ္မဇပညာပါ၍ နည်းလမ်းမှန်ကန်စွာကြိုးစားအားထုတ်လျှင် ဈာန်ရနိုင်ကြ၏။ မကြိုးစား, အားမထုတ်လျှင်ဖြစ်စေ၊ နည်းမှားဖြင့် အားထုတ်လျှင်ဖြစ်စေ ဈာန်မရနိုင်ပါ။

ထို့ကြောင့် ဈာန်မရတာချင်းတူပါလျက် ဘဝအစပထမဦးဆုံးဖြစ်သော ပဋိသန္ဓေစိတ်ချင်း မတူညီကြပုံကို တွေ့ရပါသည်။

**၇၃။ ကောင်းကံ, ဆိုးကံထိုနှစ်တန်တွင် အဘယ်ကံပို၍များသည်ကို အကျိုးပေးရာဘုံဌာန**

**နှင့်စပ်၍ ပြားသောကံ ၄ မျိုးကိုရှုကာ ဖြေဆို၍၊ ကိုယ်အမူအရာ နှုတ်အမူအရာ မပါဘဲ စိတ်ဖြင့်သာကျူးလွန်မိသော အကုသိုလ်ကံတို့ကိုလည်း ထုတ်ပြပါ။**

(၂၀၀၁၊ စမန ၁၃၃၊ ၁၃၄)

**အဖြေ – အကျိုးပေးရာဘုံဌာနနှင့်စပ်၍ ပြားသောကံ ၄ မျိုးမှာ –**

(၁) *အကုသိုလ်ကံ* = အကုသိုလ်စေတနာ ၁၂ ပါး၊ အပါယ် ၄ ဘုံ၌ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ဖြစ်စေ၏။

(၂) *ကာမာဝစရကုသိုလ်ကံ* = မဟာကုသိုလ်စေတနာ ၈ ပါး၊ ကာမသုဂတိ ၇ ဘုံ၌ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကိုဖြစ်စေ၏။

(၃) *ရူပါဝစရကုသိုလ်ကံ* = ရူပါဝစရကုသိုလ်စေတနာ ၅ ပါး၊ ရူပ ၁၆ ဘုံတွင် ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ဖြစ်စေ၏။

(၄) *အရူပါဝစရကုသိုလ်ကံ* = အရူပါဝစရကုသိုလ်စေတနာ ၄ ပါး၊ အရူပ ၄ ဘုံတွင် ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကိုဖြစ်စေ၏။

သို့ဖြစ်၍ အကုသိုလ်ကံသည် ၁၂ ပါးရှိ၍ ကုသိုလ်ကံသည် (၈ + ၅ + ၄) = ၁၇ ပါးရှိ၏။ ထို့ကြောင့် ကောင်းကံနှင့် ဆိုးကံထိုနှစ်တန်တွင် ကောင်းကံက ပို၍များပါသည်။

– ကိုယ်အမူအရာ, နှုတ်အမူအရာမပါဘဲ စိတ်ဖြင့်သာ ကျူးလွန်သောအကုသိုလ်ကံတို့မှာ

(၁) *အဘိဇ္ဈာ* – သူတစ်ပါး၏စည်းစိမ်ဥစ္စာကို မတရားရယူရန်ကြံစည်မှု၊

(၂) *ဗျာပါဒ* – သူတစ်ပါး၏အသက်နှင့်စည်းစိမ်သေကြေပျက်စီးရန် ကြံစည်မှု၊

(၃) *မိစ္ဆာဒိဋ္ဌိ* – အယူမှားမှု၊ ကံ-ကံ၏အကျိုးမရှိဟု လွဲမှားစွာ ယုံကြည်မှုတို့ ဖြစ်ပါသည်။

**၇၄။ တရားနာခြင်းစသည်သည် ဘာဝနာဟုတ်–မဟုတ် စစ်တမ်းထုတ်၍၊ ဒါန, သီလ မပါ ဘာဝနာတစ်မျိုးသာပါသောကံတို့ကိုလည်း ရေးသားပြပါ။**

(၂၀၀၁၊ စမန ၁၃၆၊ ၁၃၄)

**အဖြေ** – တရားနာခြင်း (ဓမ္မဿဝန) သည် တရားနာကြောင်းစေတနာဖြစ်သဖြင့် ကုသိုလ်တရားကို ပွားစေတတ်၏၊ ထို့ကြောင့် ဘာဝနာကုသိုလ်ဖြစ်၏။ ထို့အပြင် ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌုဇုကမ္မတို့ကို ဘာဝနာ၌သွင်း၍ ရေတွက်ရသဖြင့် တရားနာခြင်းစသည်သည် ဘာဝနာဟုတ်ပါသည်။

**– ဒါန, သီလမပါ ဘာဝနာတစ်မျိုးသာပါသောကံတို့မှာ** – ဓမ္မဿဿန, ဓမ္မဒေသနာနှင့်တကွ ရူပါဝစရကုသိုလ်စေတနာ ၅ ပါးဟူသော ရူပါဝစရကုသိုလ်ကံ ၅ ပါး၊ အရူပါဝစရ စေတနာ ၄ ပါးဟူသော အရူပါဝစရကုသိုလ်ကံ ၄ ပါး တို့ဖြစ်ပါသည်။

**၇၅။ အသညသတ်ဘုံသို့ရောက်ဖို့ရန် အဘယ်ကို အဘယ်သို့ အားထုတ်ရမည်ကို ရေး၍၊ ရဟန္တာမဖြစ်သေး၍ ဘဝဇာတ်မသိမ်းသောပုဂ္ဂိုလ်တို့အတွက် သံသရာစက်လည်ပုံကိုလည်း ဥပမာဆောင်ကာ ထင်အောင်ပြပါ။**

(၂၀၀၁၊ စမန ၁၄၀၊ အဖြေပြုသင်္ဂြိုဟ် ၃၃၀)

**အဖြေ – အသည္သတ်ဘုံသို့ ရောက်ဖို့ရန် အားထုတ်ပုံမှာ –**

(စာမျက်နှာ ၂၁၆ နံပါတ် ၆၄ တွင် ဖြေပြထားပါသည်။)

**– သံသရာစက်လည်ပုံမှာ –**

အတိတ်ဘဝ၏ စုတိစိတ်ချုပ်ပြီးသည်နှင့်တစ်ပြိုင်နက် ပစ္စုပ္ပန်ဘဝကို အကျိုးပေးခွင့်ရသော ဇနကကံသည် ၎င်း၏အကျိုးဝိပါက်စိတ်ကို ယှဉ်ဖက်စေတသိက်များ, ကမ္မဇရုပ်များနှင့်တကွ တစ်လုံးပြီးတစ်လုံး အဆက်မပြတ်ဖြစ်စေ၏။ ထိုထိုဘဝ၌ ပထမဝိပါက်စိတ်, ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်တို့ ဖြစ်ခြင်းကို ''**ပဋိသန္ဓေနေခြင်း**''ဟုခေါ်၏။ ထိုဝိပါက်စိတ်သည် အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို ဆက်စပ်ပေးသဖြင့် ပဋိသန္ဓေစိတ်ဟု အမည်ရ၏။

ပဋိသန္ဓေစိတ်ချုပ်ပြီးသည်နှင့်တစ်ပြိုင်နက် အခြားမလပ်ဘဲ နောက်ဝိပါက်စိတ်တို့သည် ဘဝမပြတ်အောင် ဆက်စပ်ပေးသောဘဝင်စိတ်အဖြစ် ယှဉ်ဖက်စေတသိက်များ, ကမ္မဇရုပ်များနှင့်တကွ ဖြစ်၏။ ဘဝင်စိတ်များသည် အကြိမ်များစွာ ဆက်စပ်၍ မြစ်ရေအယဉ်စီးသကဲ့သို့ ဖြစ်၏။ ဘဝင်စိတ်တို့၏အကြားအကြား၌ ဒွါရတစ်ခုခုတွင် အာရုံထင်လာလျှင် ဝီထိစိတ်အစဉ်ဖြစ်၏။ ဝီထိစိတ်ပြတ်သည့်အခါ ဘဝင်စိတ်ဆက်ဖြစ်၏။

ဘဝအဆုံး၌ ပစ္စုပ္ပန်ဘဝမှ ရွေ့လျောပျက်စီးသေဆုံးခြင်းသဘောဖြင့် ပဋိသန္ဓေစိတ်, ဘဝင်စိတ်တို့နှင့် အလားတူသော ဝိပါက်စိတ်သည်ပင်လျှင် စုတိစိတ်အဖြစ် ဖြစ်၍ချုပ်၏။

**စုတိစိတ်ချုပ်ပြီးနောက်၌လည်း (ရဟန္တာမဖြစ်သေး၍ ဘဝဇာတ်မသိမ်းသေးလျှင်) ပဋိသန္ဓေ–ဘဝင်–ဝီထိ–စုတိဟူသောစိတ်တို့သည် ရထား၌တပ်ဆင်ထားသော စက်ဘီး၏လည်ပုံကဲ့သို့ ဆက်ကာဆက်ကာ ခြာခြာရစ်ပတ် မပြတ်ဖြစ်ပြန်တော့၏။**

**ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ–ဘဝင်–ဝီထိ–စုတိစိတ်တို့သည် ဆက်ကာဆက်ကာဖြစ်ကြသကဲ့သို့ နောက်နောက်ဘဝတို့၌လည်း ဤအတိုင်းပင် (နိဗ္ဗာန်မရမခြင်း) ဆက်ကာဆက်ကာ ဖြစ်ပြန်လေ၏။ ဤသို့ဖြစ်ခြင်းကို သံသရာစက်လည်သည်ဟုဆိုရ၏။**

**ရ၆။ ကုသိုလ်ကောင်းမှုပြုခွင့် များစွာမရသောဘုံတို့ကို ဖော်ပြ၍ ''သုဒ္ဓါဝါသဘုံ၌ အရိယာများသာနေကြသည် – အရိယာများသည် သုဒ္ဓါဝါသဘုံ၌သာ ဖြစ်ကြသည်'' ဟူသော အများပြောစကားကို တရားသဘောသွားနှင့် ညှိပြပါ။**

(၂၀၀၂၊ စမန ၁၁၉)

**အဖြေ** – ကုသိုလ်ကောင်းမှုပြုခွင့် များစွာမရသောဘုံတို့သည် အပါယ် ၄ ဘုံခေါ်သော ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတို့ ဖြစ်ပါသည်။

– **''သုဒ္ဓါဝါသဘုံ၌ အရိယာများသာ နေကြသည်''ဟူသောစကားသည် မှန်ပါသည်။** အဘယ်ကြောင့်ဆိုသော် သုဒ္ဓါဝါသငါးဘုံ၌ ရူပပဉ္စမဈာန်ရကြသော အနာဂါမ်များ၊ အရဟတ္တမဂ်ပုဂ္ဂိုလ်များနှင့် အရဟတ္တဖိုလ်ပုဂ္ဂိုလ်များ (ရဟန္တာများ) သာ ရှိသောကြောင့်တည်း။

– **''အရိယာများသည် သုဒ္ဓါဝါသဘုံ၌သာ ဖြစ်ကြသည်'' ဟူသောစကားမှာ မမှန်ပါ။**

– အကြောင်းမှာ ကာမသုဂတိ ၇ ဘုံတွင် အရိယာပုဂ္ဂိုလ် ၈ ဦးစလုံး ဖြစ်နိုင်ကြ၏။

– အသညသတ်နှင့် သုဒ္ဓဝါသ ၅ ဘုံကြဉ်သော ရူပဗြဟ္မာဘဝဘုံ၌လည်း အရိယာပုဂ္ဂိုလ် ၈ ဦးစလုံးဖြစ်နိုင်ကြ၏။

– အရူပ ၄ ဘုံ၌ သောတာပတ္တိမဂ်ပုဂ္ဂိုလ်ကြဉ်သော အရိယာပုဂ္ဂိုလ် ၇ ဦးတို့ရှိနိုင်ကြသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့က ရှုခဲ့ပြီးသော ဘာဝနာ၏အစွမ်းဖြင့် အထက်မဂ်ဖိုလ်တို့ကို ရနိုင်ကြ၏။

**၇၇။ မနောကံ၏အဓိပ္ပါယ်ကို ရေးပြ၍ ''မုသားမပါ လက်ာမချော''ဟု ပြောဆိုကြရာ ထိုမုသားပြောဆိုခြင်းသည် ချစ်–မုန်းနှစ်ထွေ အဘယ်အကြောင်းရင်းတွေကြောင့် ပြောကြသည်ကိုလည်း ရေးသားပြပါ။** (၂၀၀၂၊ စမန ၁၁၉)

**အဖြေ – မနောကံ၏အဓိပ္ပါယ်မှာ** – ကိုယ်လည်းမလှုပ်, နှုတ်လည်းမပါ, စိတ်တည်းဟူသော မနောဒွါရ၌သာ အဖြစ်များသောအမှု၊ စိတ်ကူးကြံစည်၍ ပြုလုပ်သောအမှုကို မနောကံ ဟုခေါ်၏။

– ''မုသားမပါ လက်ာမချော''ဟု ပြောဆိုကြရာ ထိုမုသားပြောဆိုခြင်းသည် ချစ် (လောဘ) မုန်း (ဒေါသ) အကြောင်းအရင်းနှစ်ပါးလုံးကြောင့် ပြောဆိုကြပါသည်။ မုသားပြောဆိုခြင်း (မုသာဝါဒ)ကို ရံခါ လိုချင်မှု–လောဘကြောင့် ပြောဆိုတတ်ကြသည်။ ရံခါ မုန်းတီးမှု – ဒေါသကြောင့်လည်း ပြောဆိုတတ်ကြသည်။

**၇၈။ ''အလှူပေးခြင်းသည် မွဲရုံသာရှိသည်''ဟု မှားယွင်းစွာယူခြင်းသည် မည်သည့် အကုသိုလ်ကံမျိုးဖြစ်သည်ကို ရေးသား၍၊ ယင်း၏အကျိုးပေးရာဘုံဌာနတို့ကိုလည်း အခါအားလျော်စွာ အသီးသီးသတ်မှတ်ပြပါ။** (၂၀၀၂၊ စမန ၁၃၅၊ ၁၃၈)

**အဖြေ** – ''အလှူပေးခြင်းသည် မွဲရုံသာရှိသည်''ဟု မှားယွင်းစွာယူခြင်းသည် ''မိစ္ဆာဒိဋ္ဌိ'' အကုသိုလ်ကံမျိုးဖြစ်ပါသည်။

– ယင်းအကုသိုလ်ကံ၏အကျိုးပေးရာဘုံဌာနတို့မှာ –

**ပဋိသန္ဓေအခါ၌** – အပါယ် ၄ ဘုံတွင် အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်ဟူသော အပါယ်ပဋိသန္ဓေကို ဖြစ်စေ၏။

**ပဝတ္တိအခါ၌** – ကာမ ၁၁ ဘုံတွင် အကုသလဝိပါက်စိတ် ၇ ပါးကို ဖြစ်စေ၏။ အသညသတ်ကြဉ်သည့် ရူပ ၁၅ ဘုံတွင် ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်ကြဉ်သည့် အကုသလဝိပါက်စိတ် ၄ ပါးကို ဖြစ်စေ၏။

**၇၉။ ''ကောင်းမှုပြုလုပ်က ကောင်းကျိုးရ၏''ဟု ပြောဆိုကြရာ အမှန်တကယ် မိမိနှင့်တူသော ကောင်းကျိုးကိုသာပေးသော ကုသိုလ်ကံကို ရွေးချယ်ပြ၍၊ တူမြဲတရား ၃ ပါးတို့၏သဘောအဓိပ္ပါယ်ကိုလည်း မနောစိတ်ဝယ် စွဲအောင်ရေးသားပြပါ။** (၂၀၀၂၊ အခြေပြုသင်္ဂြိုဟ် ၃၀၇၊ ၃၂၉၊ ၃၃၀)

**အဖြေ – အမှန်တကယ်မိမိနှင့်တူသော ကောင်းကျိုးကိုသာပေးသော ကုသိုလ်ကံသည်**

ရူပါဝစရကုသိုလ်ကံ ၅ ပါး၊ အရူပါဝစရကုသိုလ်ကံ ၄ ပါးဟူသော မဟဂ္ဂုတ်ကုသိုလ်ကံ ၉ ပါးဖြစ်ပါသည်။

''ပထမဈာန်ကုသိုလ်ကံက ပထမဈာန်ဝိပါက်အကျိုးကိုပေး၏'' စသည်ဖြင့် နေဝသညာနာသညာယတနကုသိုလ်တိုင်အောင် မိမိနှင့်တူသောအကျိုးကိုသာ ပေး၏။

– **တူမြဲတရား ၃ ပါး**မှာ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့ ဖြစ်ကြ၏။

၎င်းတို့၏သဘောအဓိပ္ပါယ်မှာ –

– **ပဋိသန္ဓေစိတ်**သည် ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်းသဘောဖြစ်၏။ ဘဝဟောင်းအပြတ်တွင် ဆက်စပ်ပေးသောအားဖြင့် ပဋိသန္ဓေစိတ်၊ ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်များဖြစ်ခြင်းကို ''ပဋိသန္ဓေနေခြင်း'' ဟု ခေါ်၏။

– **ဘဝင်စိတ်**သည် ဘဝမပြတ်အောင် ဆက်စပ်စောင့်ရှောက်ပေးသောစိတ် (ဝါ) ဘဝ၏ အကြောင်းဖြစ်သော စိတ်တည်း။ ပဋိသန္ဓေစိတ်ချုပ်ပြီးသောအခါနှင့် ဝီထိစိတ်ပြတ်သောအခါတို့၌ ဘဝင်စိတ်သည် အကြိမ်များစွာ မြစ်ရေအယဉ်စီးသကဲ့သို့ ဖြစ်ရ၏။ ဘဝင်စိတ်ဆက်၍ မဖြစ်လျှင် ဘဝပြတ်ပြီး စုတေရ၏။

– **စုတိစိတ်**သည် ဘဝအဆုံး၌ ရရှိပြီးသောဘဝမှ ရွေ့လျောပျက်စီးသေဆုံးခြင်းသဘောဖြစ်၏။ စုတိစိတ်ချုပ်ငြိမ်းသည်နှင့်တစ်ပြိုင်နက် သတ္တဝါသေဆုံး၏။

**၈၀။ ရုပ်ဖြင့်သာပဋိသန္ဓေနေ၍ ရုပ်ဖြင့်ပင် သေသောပုဂ္ဂိုလ်ကို ဖော်ပြ၍၊ အကျိုးပေးရာကာလနှင့် စပ်၍ပြားသောကံ ၄ မျိုးကိုလည်း ကာလများနှင့်တွဲစပ်ပြပါ။**

(၂၀၀၃၊ စမန ၁၄၀၊ ၁၃၃)

**အဖြေ – ရုပ်ဖြင့်သာပဋိသန္ဓေနေ၍ ရုပ်ဖြင့်ပင် သေသောပုဂ္ဂိုလ်သည် –**

အသညသတ်ဗြဟ္မာဖြစ်ပါသည်။ အသညသတ်ဗြဟ္မာသည် ဇီဝိတနဝကကလာပ်ရုပ်ဖြင့် ပဋိသန္ဓေနေ၍ ဇီဝိတနဝကကလာပ်ရုပ်ဖြင့်ပင် စုတေပါသည်။

**– အကျိုးပေးရာကာလနှင့်စပ်၍ ပြားသောကံ ၄ မျိုးမှာ –**

(၁) *ဒိဋ္ဌဓမ္မဝေဒနီယကံ* – မျက်မှောက်ဘဝ၌အကျိုးပေးသော ပထမဇောစေတနာ၊

(၂) *ဥပပဇ္ဇဝေဒနီယကံ* – အခြားမဲ့သောဒုတိယဘဝ၌အကျိုးပေးသည့် သတ္တမဇောစေတနာ၊

(၃) *အပရာပရိယဝေဒနီယကံ* – တတိယဘဝမှစ၍ အနာဂတ်ရဟန္တာဘဝတိုင်အောင် အကျိုးပေးသောအလယ်ဇော ၅ ချက် စေတနာများ၊

(၄) *အဟောသိကံ* – ဆိုင်ရာကာလအားလျော်စွာ အကျိုးပေးခွင့်မရကြသဖြင့် သုဉ်းသောကြသည့် အကျိုးလုံးဝမပေးသော အထက်ပါကံ ၃ ပါးတို့တည်း။

**၈၁။ ကာယကမ္မအမည်ရခြင်းအကြောင်းကို ရေး၍၊ ကာယနှင့်ကမ္မအရတို့ကိုလည်း ခွဲခြားပြပါ။**

(၂၀၀၃၊ အခြေပြုသင်္ဂြိုဟ် ၂၈၈)

**အဖြေ – ''ကာယကမ္မ''** အမည်ရခြင်းအကြောင်းမှာ ကာယဝိညတ်ရုပ်နှင့် ပြုလုပ်သဖြင့် ကိုယ်၌ အဖြစ်များသော အမှုအလုပ် (ဝါ) ကံဖြစ်သဖြင့် ''ကာယကမ္မ''ဟု အမည်ရပါသည်။

– **''ကာယ''** = ကိုယ် (ဝါ) ကာယဝိညာဏ်ရုပ်၊
– **''ကမ္မ''** = ကံ (ဝါ) အမှု, အလုပ်။

**၈၂။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၏ပဝတ္တိအကျိုး, ပဋိသန္ဓေကျိုးတို့ကို ဖော်ပြ၍၊ အသညသတ်ဘုံသို့ ရောက်ရန်နည်းကိုလည်း ရေးသားပြပါ။**

(၂၀၀၃၊ စမန ၁၃၉၊ သင်္ဂြိုဟ် ၁၀၅)

**အဖြေ – တိဟိတ်ဥက္ကဋ္ဌမဟာကုသိုလ်ကံ ၄ ပါးသည်** ပဋိသန္ဓေအခါ၌ ကာမသုဂတိ ၇ ဘုံတွင် မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄ ပါးဟူသော ကာမတိဟိတ် ပဋိသန္ဓေ ၄ ပါး ကိုဖြစ်စေ၏၊ ဤကား တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၏ ပဋိသန္ဓေကျိုးတည်း။

– **တိဟိတ်ဥက္ကဋ္ဌမဟာကုသိုလ်ကံ ၄ ပါးသည် ပဝတ္တိအခါ၌ကား** ကာမသုဂတိ ၇ ဘုံတွင် အဟိတ်ကုသလဝိပါက် ၈ ပါး၊ မဟာဝိပါက် ၈ ပါး၊ ပေါင်း ၁၆ ပါးကို ဖြစ်စေ၏၊ အပါယ် ၄ ဘုံ၌ အဟိတ်ကုသလဝိပါက်စိတ် ၈ ပါးကိုဖြစ်စေ၏၊ အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံတွင် ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်ကြဉ်သော အဟိတ်ကုသလ ဝိပါက်စိတ် ၅ ပါးကိုဖြစ်စေ၏။ ဤကား ပဝတ္တိကျိုးတည်း။

– **အသညသတ်ဘုံသို့ရောက်ရန်နည်းလမ်းမှာ –**

(စာမျက်နှာ ၂၁၆ နံပါတ် ၆၄ တွင် ဖြေဆိုထားပါသည်။)

**၈၃။ စုတေခါနီး၌ ဖြူစင်သောစိတ်, ညစ်နွမ်းသောစိတ်နှစ်မျိုးတွင် အဘယ်စိတ်ဖြစ်သည်ကို ရေးသားပြ၍၊ ရဟန္တာမဖြစ်သေး၍ ဘဝဇာတ်မသိမ်းသေးလျှင် အဘယ်စိတ်တို့သည် အဘယ်ကဲ့သို့ဖြစ်သည်ကိုလည်း ရေးသားပြပါ။**

(၂၀၀၃၊ စမန ၁၄၀၊ အခြေပြုသင်္ဂြိုဟ် ၃၁၃၊ ၃၂၀)

**အဖြေ** – စုတေခါနီး၌ နောက်ဘဝဖြစ်အောင် အကျိုးပေးခွင့်ရသောကံ၏အစွမ်းကြောင့် ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ်သုံးမျိုးအနက် တစ်မျိုးမျိုးသည် ဒွါရတစ်ခု၌ ထင်လာ၏၊ ထိုနိမိတ်ကို အာရုံယူ၍ မရဏာသန္နဝီထိဖြစ်၏။

ထိုကဲ့သို့ ထင်လာတိုင်းသောအာရုံတစ်ပါးပါးကို အာရုံပြု၍ စိတ်အစဉ်ဖြစ်ပုံမှာ – ကုသိုလ်ကံအကျိုးပေးတော့မည်ဖြစ်လျှင် ကောင်းသောအာရုံထင်လာသောကြောင့် ထိုအာရုံကို အာရုံပြုလျက် ဖြူစင်ကြည်လင်သောကုသိုလ်စိတ်အစဉ် ဖြစ်ပါသည်။

အကယ်၍ အကုသိုလ်ကံက အကျိုးပေးတော့မည်ဆိုလျှင် မကောင်းသောအာရုံထင်လာသောကြောင့် ထိုအာရုံကို အာရုံပြုလျက် ညစ်နွမ်းသောမကြည်လင်သော အကုသိုလ်စိတ်အစဉ်ဖြစ်ပါသည်။

– **ရဟန္တာမဖြစ်သေးလျှင် ဘဝဇာတ်မသိမ်းသေးလျှင်** စုတေပြီးနောက် ''ပဋိသန္ဓေ–ဘဝင်–ဝီထိ–စုတိဟူသော စိတ်တို့သည် ရထား၌တပ်ဆင်ထားအပ်သောစက်ဘီး၏လည်ပုံကဲ့သို့ ဆက်ကာဆက်ကာ ခြာခြာရစ်ပတ် မပြတ်ဖြစ်ပြန်တော့သည်။

ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေစိတ်–ဘဝင်စိတ်–ဝီထိစိတ်–စုတိစိတ်တို့သည် ဆက်ကာ

ဆက်ကာ ဖြစ်ကြသကဲ့သို့ နောက်နောက်ဘဝတို့၌လည်း ဤနည်းအတိုင်းပင် နိဗ္ဗာန်မရမခြင်း ဆက်ဖြစ်ပါသည်။

**၈၄။ ကုသိုလ်ကောင်းမှုပြုခွင့်များစွာမရသောဘုံသားများကို ဖော်ပြ၍ သန္ဓေကန်းသူ၊ မကန်းသူတို့ လူချင်းတူပါလျက် ဘဝအစပဋိသန္ဓေစိတ်ချင်းမတူပုံကိုလည်း ရေးသားပြပါ။** (၂၀၀၄၊ အခြေပြုသင်္ဂြိုဟ် ၂၆၀၊ စမန ၁၃၉)

**အဖြေ – ကုသိုလ်ကောင်းမှုပြုခွင့်များစွာမရသောဘုံသားများမှာ –** အပါယ် ၄ ဘုံသားများဖြစ်ကြသော ငရဲသားများ၊ တိရစ္ဆာန်များ၊ ပြိတ္တာများ၊ အသုရကာယ်များ ဖြစ်ကြပါသည်။

(အပါယ်ဘုံ = အပါယဘူမိ။ အပါယ = အပ + အာယ။ အာယ = ကုသိုလ်ကောင်းမှု + အပ = ကင်းသည်။ ကုသိုလ်ကောင်းမှုကင်းသော (ဝါ) ကုသိုလ်ကောင်းမှုပြုခွင့်များစွာမရသော ဘုံကို ''အပါယ်ဘုံ''ဟု ခေါ်သည်။)

**– သန္ဓေကန်းသူ၊ မကန်းသူတို့ လူချင်းတူပါလျက် ဘဝအစပဋိသန္ဓေစိတ်ချင်းမတူပုံမှာ**

**သန္ဓေကန်းသူသည်** ဒွိဟိတ်ဩမကကုသိုလ်ကံအကျိုးပေးခြင်းကြောင့် ဘဝအစပဋိသန္ဓေအခါ၌ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေစိတ်ဖြစ်လာပါသည်။

**– သန္ဓေမကန်းသူသည်** ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ သို့မဟုတ် တိဟိတ်ဩမကကုသိုလ်ကံ အကျိုးပေးလျှင် ဘဝအစပဋိသန္ဓေအခါ၌ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄ ပါးတွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေစိတ်ဖြစ်လာပါသည်။

**– သန္ဓေမကန်းသူသည်** တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံအကျိုးပေး၍ လူဖြစ်လာလျှင် ဘဝအစပဋိသန္ဓေကာလ၌ မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄ ပါးမှ တစ်ပါးပါးဖြင့် ပဋိသန္ဓေစိတ်ဖြစ်လာပါသည်။

**၈၅။ ကိုယ်လည်းမလှုပ် နှုတ်လည်းမပါ စိတ်၌သာအဖြစ်များသောအမှုတို့ကို ဖော်ပြ၍၊ ဒါနအရပရမတ္ထတရားကိုယ်ကိုလည်း ကောက်ပြပါ။**

(၂၀၀၄၊ အခြေပြုသင်္ဂြိုဟ် ၂၈၉၊ ၂၉၂၊ ၂၉၃၊ စမန ၁၃၅၊ ၁၃၆)

**အဖြေ – ကိုယ်လည်းမလှုပ် နှုတ်လည်းမပါ စိတ်၌သာအဖြစ်များသောအမှုတို့သည် –**

မနောကံ ၃ ပါးဖြစ်ပါသည်။ မနောကံ ၃ ပါးသည် မနောဒုစရိုက် ၃ ပါးနှင့် မနောသုစရိုက် ၃ ပါးတို့ဖြစ်ကြ၏။ မဟဂ္ဂုတ်ကုသိုလ်ကံ ၉ ပါးသည်လည်း မနောကံတို့ဖြစ်ကြ၏။

– မနောဒုစရိုက်ဖြစ်သော မနောကံ ၃ ပါးမှာ –

(၁) *အဘိဇ္ဈာ* = သူတစ်ပါး၏စည်းစိမ်ဥစ္စာကို မတရားရယူရန်ကြံစည်မှု၊

(၂) *ဗျာပါဒ* = သူတစ်ပါး၏အသက်စည်းစိမ်ကို သေကြေဖျက်ဆီးရန်ကြံစည်မှု၊

(၃) *မိစ္ဆာဒိဋ္ဌိ* = အယူမှားမှု၊ ကံ-ကံ၏အကျိုးကို မယုံကြည်မှု။

– မနောသုစရိုက်ဖြစ်သော မနောကံ ၃ ပါးမှာ –

(၁) *အနဘိဇ္ဈာ* = သူတစ်ပါး၏စည်းစိမ်ဥစ္စာကို မတရားရယူရန် မကြံစည်ဘဲ ရှောင်ကြဉ်မှု၊

(၂) *အဗျာပါဒ* = သူတစ်ပါး၏အသက်စည်းစိမ်ကို သေကြေဖျက်ဆီးရန် မကြံစည်ဘဲ ရှောင်ကြဉ်မှု၊

(၃) *သမ္မာဒိဋ္ဌိ* = အယူမှန်ခြင်း၊ ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်းတို့ ဖြစ်ပါသည်။

– ရူပါဝစရကုသိုလ်ကံ ၅ ပါးနှင့် အရူပါဝစရကုသိုလ်ကံ ၄ ပါးဟူသော **မဟဂ္ဂုတ်ကုသိုလ်ကံ ၉ ပါး**တို့သည်လည်း မနောကံများဖြစ်ပါသည်။

– ဒါနအရ ပရမတ္ထတရားကိုယ်သည် မဟာကုသိုလ်စိတ် ၈ ပါးဖြစ်ပါသည်။

(မဟာကုသိုလ်စိတ် ၈ ပါးသည်ပင် ကာယကံစသော, ဒါနစသည့်အနေအားဖြင့် ဖြစ်ရ၏။)

**၈၆။ ကုသိုလ်ပြုစဉ် ကံကျိုးမြင်၍ ဉာဏ်ယှဉ်သောကုသိုလ်ကို ပဋိသန္ဓေကျိုးနှင့် တွဲစပ် ကာဖော်ပြ၍ မိမိနှင့်တူသောအကျိုးကိုသာ ပေးတတ်သောကံကိုလည်း တိကျစွာ ဖော်ပြပါ။** (၂၀၀၄၊ စမန ၁၃၉၊ ၁၄၀)

**အဖြေ – ကုသိုလ်ပြုစဉ် ကံကျိုးမြင်၍ ဉာဏ်ယှဉ်သောကုသိုလ်** (တိဟိတ်ဥက္ကဋ္ဌမဟာကုသိုလ်)၏ ပဋိသန္ဓေကျိုးသည် ကာမသုဂတိ ၇ ဘုံ၌ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄ ပါးဟူသော ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါး ဖြစ်ပါသည်။

– **မိမိနှင့်တူသောအကျိုးကိုသာ ပေးတတ်သောကံသည်** ရူပါဝစရကုသိုလ်ကံ ၅ ပါးနှင့် အရူပါဝစရကုသိုလ်ကံ ၄ ပါးဟူသော မဟဂ္ဂုတ်ကုသိုလ်ကံ ၉ ပါးဖြစ်ပါသည်။

**၈၇။ စုတေခါနီး၌ ဖြူစင်သောစိတ်, ညစ်နွမ်းသောစိတ်တို့တွင် အဘယ်စိတ်ဖြစ်သည် ကိုအကြောင်းနှင့်တကွ ခွဲခြားပြ၍ သေပြီးနောက် ၇ ရက် အိမ်၌တွယ်ကပ်နေသည်ဟု ဆိုကြရာ ထိုစကားမှန်–မမှန် စိစစ်ဝေဖန်ပြပါ။** (၂၀၀၄၊ စမန ၁၄၁၊ ၁၄၂)

**အဖြေ** – (ပထမပိုင်းမေးခွန်းနှင့် အဖြေသည် စာမျက်နှာ ၂၂၅ နံပါတ် ၈၃ မေးခွန်းအဖြေနှင့်တူ၏။)

**– သေပြီးနောက် ၇ ရက် အိမ်၌တွယ်ကပ်နေသည်ဟု ဆိုသောစကားသည် မမှန်ပါ။**

အကြောင်းမှာ ဘဝဟောင်း၏စုတိစိတ်ချုပ်၍ သေဆုံးသည်နှင့်တစ်ပြိုင်နက် ကာလမခြားဘဲ ဘဝဟောင်းနှင့် ဘဝသစ်တို့ကို ဆက်စပ်ပေးတတ်သော ပဋိသန္ဓေစိတ်သည် ယှဉ်ဖက်စေတသိက်များ, ကမ္မဇရုပ်များနှင့်အတူတကွ ဘဝသစ်၌ဖြစ်၏။ ပဋိသန္ဓေစိတ်, စေတသိက်များနှင့် ကမ္မဇရုပ်များဖြစ်ခြင်းသည် ဘဝသစ်၏ခန္ဓာငါးပါးဖြစ်ခြင်းဖြစ်သဖြင့် ဘဝသစ်စတင်ဖြစ်ခြင်းပင်တည်း။ ထို့ကြောင့် သေပြီးနောက် ၇ ရက်အိမ်၌ တွယ်ကပ်နေသည်ဟု ဆိုခြင်းသည် မမှန်ကန်ပါ။

**၈၈။ သုဒ္ဓါဝါသဘုံ၌ ရနိုင်သောပုဂ္ဂိုလ်, မရနိုင်သောပုဂ္ဂိုလ်တို့ကို ခွဲခြားပြ၍၊ သက်တမ်း မမြဲသူများကိုလည်း ရေးသားပြပါ။** (၂၀၀၅၊ စမန ၁၂၂၊ ၁၂၅)

**အဖြေ – သုဒ္ဓါဝါသဘုံ၌ ရနိုင်သောပုဂ္ဂိုလ်များမှာ –** ပဥ္စမဈာန်ရကြသော အနာဂါမိဖိုလ်ပုဂ္ဂိုလ် (အနာဂါမ်), အရဟတ္တမဂ်ပုဂ္ဂိုလ်, အရဟတ္တဖိုလ်ပုဂ္ဂိုလ် (ရဟန္တာ)တို့ ဖြစ်ကြသည်။

– **သုဒ္ဓါဝါသဘုံ၌ မရနိုင်သောပုဂ္ဂိုလ်များမှာ –** ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိဒွိဟိတ်ပုဂ္ဂိုလ်၊ သုဂတိတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၊ သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊ သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၊ အနာဂါမိမဂ်ပုဂ္ဂိုလ်၊ ပဉ္စမဈာန် မရသောအနာဂါမိဖိုလ်ပုဂ္ဂိုလ်၊ ပဉ္စမဈာန်မရသောအရဟတ္တမဂ်ပုဂ္ဂိုလ်၊ ပဉ္စမဈာန်မရသော အရဟတ္တဖိုလ်ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

– **သက်တမ်းမမြဲသူများမှာ** – (ဤစာအုပ် စာမျက်နှာ ၂၁၅ နံပါတ် ၆၂ ၌ ဖြေဆိုထား၏)

## ၈၉။ ''ကိုယ့်ကာယကံ ကိုယ့်ထံပြန်'' ဟူသောဆိုရိုးစကားအရ ကိုယ့်ထံပြန်လာသော ''ကာယကံ''များကို အကြောင်းနှင့်တကွ ရေးသားပြပါ။

(၂၀၀၅၊ အခြေပြုသင်္ဂြိုဟ် ၂၈၈၊ ၂၉၀၊ ၂၉၂၊ ၂၉၃)

**အဖြေ – ''ကာယကံ''**ဟူသည်မှာ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရဟူသော အကုသိုလ်ကာယကံ ၃ ပါးနှင့်၊ ပါဏာတိပါတဝိရတိ, အဒိန္နာဒါနဝိရတိ, ကာမေသုမိစ္ဆာစာရဝိရတိဟူသော ကုသိုလ်ကာယကံ ၃ ပါးဟူ၍ ပေါင်း ၆ ပါးရှိသည်။

– **အကုသိုလ်ကာယကံ ၃ ပါးတွင်** ပါဏာတိပါတ၏တရားကိုယ်သည် ဒေါသနှင့်ယှဉ်သော စေတနာဖြစ်ရကား ''ဒေါသမူလရှိသောယှဉ်ဖက်စိတ်ကြောင့်ဖြစ်၏''ဟု အနက်ရ၏။ သို့အတွက် ပါဏာတိပါတအမှုကို ကျူးလွန်စဉ် မိမိ၌ဖြစ်သည့်ဒေါသမူစိတ်သည် ကိုယ့်ထံပြန်လာသော ကာယကံဖြစ်၏။

အလားတူပင် အဒိန္နဒါနအမှုကို လောဘမူစိတ် သို့မဟုတ် ဒေါသမူစိတ်ဖြင့် ကျူးလွန်ရာ ထိုသို့ကျူးလွန်စဉ် မိမိ၌ဖြစ်သော လောဘမူစိတ်, ဒေါသမူစိတ်သည် ကိုယ့်ထံပြန်လာသော ကာယကံဖြစ်၏။

ကာမေသုမိစ္ဆာစာရအမှုကို လောဘမူစိတ်နှင့် ကျူးလွန်ရာ ထိုသို့ကျူးလွန်စဉ် မိမိ၌ဖြစ်သော လောဘမူစိတ်စသည် ကိုယ့်ထံပြန်လာသောကာယကံဖြစ်၏။

– **ကုသိုလ်ကာယကံ ၃ ပါးသည်** စိတ်တို့၏ ဖြစ်ခြင်းအားဖြင့် အရင်းစစ်လျှင် မဟာကုသိုလ်စိတ် ၈ ပါးပင်ဖြစ်၏။ သို့အတွက် ကုသိုလ်ကာယကံ ၃ ပါးကို ပြုလုပ်နေသောအခါ၌ ကိုယ့်ထံပြန်လာသောကာယကံသည် မဟာကုသိုလ်စိတ် ၈ ပါးဖြစ်၏။

## ၉၀။ ဒါန, သီလမဖက် ဘာဝနာသက်သက်ကြောင့်သာရနိုင်သော ''ကံ''တို့ကို ရွေးချယ်ပြ၍၊ စိတ်ပျံ့လွင့်နေ၍ အကုသိုလ်ပြုမိသောအရှုံးသည် အပါယ်ဘုံရောက်နိုင်၊ မရောက်နိုင်စိစစ်ဝေဖန်ပြပါ။

(၂၀၀၅၊ စမန ၁၃၈)

**အဖြေ – ဒါန, သီလမဖက် ဘာဝနာသက်သက်ကြောင့်သာရနိုင်သော ''ကံ''တို့သည်** ရူပါဝစရကုသိုလ်ကံ ၅ ပါးနှင့် အရူပါဝစရကုသိုလ်ကံ ၄ ပါးဟူသည့် မဟဂ္ဂုတ်ကုသိုလ်ကံ ၉ ပါးဖြစ်ပါသည်။

– **စိတ်ပျံ့လွင့်နေ၍ အကုသိုလ်ပြုမိသောအရှုံးသည် အပါယ်ဘုံသို့ မရောက်နိုင်ပါ။** အကြောင်းမှာ – အကုသိုလ်အကျိုးပေးပုံ၌ ''ဥဒ္ဓစ္စကြဉ်သောအကုသိုလ်ကံ ၁၁ ပါးသည်

ပဋိသန္ဓေအခါ၌ အပါယ် ၄ ဘုံတွင် အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်ဟူသည့် အပါယ်ပ ဋိသန္ဓေကိုဖြစ်စေ၏''ဟု ဆိုသဖြင့် ဥဒ္ဓစ္စသမ္ပယုတ်အကုသိုလ်ကံသည် အပါယ်ဘုံ၌ ပဋိသန္ဓေ မဖြစ်စေပါ။

စိတ်ပျံ့လွင့်နေ၍ အကုသိုလ်ပြုမိသောအရှူးသည် ဥဒ္ဓစ္စသမ္ပယုတ်အကုသိုလ်ကံကိုသာ ပြုမိခြင်းဖြစ်၍ အပါယ်ဘုံသို့ မလားရောက်နိုင်ပါ။

**၉၁။ သေခြင်းလေးမျိုးကို ရေးသားပြ၍၊ စုတေခါနီး၌ ဖြူစင်သောစိတ်, ညစ်နွမ်းသော စိတ်တို့တွင် အဘယ်စိတ်ဖြစ်ပါမည်နည်း။** (၂၀၀၅၊ စမန ၁၄၁၊ သင်္ဂြိုဟ် ၁၁၃)

**အဖြေ – သေခြင်းလေးမျိုးမှာ** – (၁) *အာယုက္ခယမရဏ* = သက်တမ်းကုန်၍သေခြင်း၊

(၂) *ကမ္မက္ခယမရဏ* = ကံကုန်၍သေခြင်း၊

(၃) *ဥဘယက္ခယမရဏ* = သက်တမ်းနှင့်ကံ နှစ်ပါးစုံကုန်၍ သေခြင်း၊

(၄) *ဥပစ္ဆေဒကမရဏ* = သက်တမ်းနှင့်ကံ နှစ်ပါးစုံမကုန်သေးဘဲလျက် ဥပဃာတကကံဖြတ်၍ လတ်တလောသေခြင်းတို့ဖြစ်၏။

**– စုတေခါနီး၌ဖြူစင်သောစိတ် ညစ်နွမ်းသောစိတ်ဖြစ်ပုံ –**

(ဤစာအုပ် စာမျက်နှာ ၂၂၅ နံပါတ် ၈၃ တွင် ဖြေဆိုထားပါသည်။)

**၉၂။ ကောင်းမှုရှင်နှင့် မကောင်းမှုရှင်တို့ လားရောက်ရခြင်းမတူပုံကို ကာမ ၁၁ ဘုံကို ရှုကာခွဲခြားပြ၍၊ ရှေးရှေးဘဝကပြုလုပ်ခဲ့သော ကံကြွင်းကံကျန်များသည် ဤဘဝ တွင် အကျိုးပေးကြရာ ထိုကံ၏အမည်များကိုလည်း ကာလနှင့်စပ်၍ပြားသောကံ လေးမျိုးမှ ရွေးချယ်ပြပါ။** (၂၀၀၆၊ စမန ၁၃၈၊ ၁၁၃)

**အဖြေ – ကာမ ၁၁ ဘုံဝယ် ကောင်းမှုရှင်နှင့် မကောင်းမှုရှင်တို့ လားရောက်ရခြင်းမတူပုံမှာ**

ကောင်းမှုရှင်တို့သည် ဤဘဝမှစုတေလျှင် လူ့ဘုံနှင့်နတ်ပြည် ၆ ထပ်ဟူသော ကာမသုဂတိ ၇ ဘုံသို့ လားရောက်ကြရမည်။

မကောင်းမှုရှင်တို့သည် ဤလက်ရှိဘဝမှစုတေလျှင် အပါယ် ၄ ဘုံ၌ ကာမဒုဂ္ဂတိပဋိသန္ဓေဖြင့် လားရောက်ကြရမည်။

**– ရှေးရှေးဘဝကပြုလုပ်ခဲ့သော ကံကြွင်းကံကျန်များအနက် ဤဘဝတွင် အကျိုးပေး ကြသောကံတို့မှာ –**

(၁) အခြားမဲ့အတိတ်ဘဝပြုခဲ့ပြီး ယခုဘဝ၌အကျိုးပေးနိုင်သော သတ္တမဇောကုသိုလ်စေတနာများ (ဥပပဇ္ဇဝေဒနီယကံများ)

(၂) ဒုတိယအတိတ်ဘဝမှစ၍ ရှေးရှေးအတိတ်ဘဝများစွာက ပြုလုပ်ခဲ့ပြီး ယခုဘဝတွင် အကျိုးပေးနိုင်ကြသော အလယ်ဇော ၅ ချက် ကုသိုလ်အကုသိုလ်စေတနာများ (အပရာပရိယဝေဒနီယကံများ) တို့ဖြစ်ပါသည်။

**၉၃။ ကိုယ်လည်းမလှုပ် နှုတ်လည်းမပါ စိတ်၌သာ အဖြစ်များသော ''ကံ''တို့ကို ကောင်းကံ, ဆိုးကံအားဖြင့် ခွဲခြားဖြေဆိုပါ။** (၂၀၀၆၊ စမန ၁၃၅၊ ၁၃၆)

**အဖြေ** – ကိုယ်လည်းမလှုပ် နှုတ်လည်းမပါ စိတ်၌သာ အဖြစ်များသော ''ကံ''တို့သည် မနောကံများဖြစ်ကြ၏။ မနောကံများတွင် ဆိုးကံများမှာ အကုသိုလ်မနောကံ ၃ ပါးဖြစ်၍ ကောင်းကံများမှာ ကုသိုလ်မနောကံ ၃ ပါးနှင့် မဟဂ္ဂုတ်ကုသိုလ်ကံ ၉ ပါးတို့ ဖြစ်ပါသည်။

– **အကုသိုလ်မနောကံ ၃ ပါး** (မနောဒုစရိုက် ၃ ပါး) မှာ –
(ဤစာအုပ် စာမျက်နှာ ၂၂၆ နံပါတ် ၈၅ တွင် ကြည့်ပါ။)

– **အကုသိုလ်မနောကံ ၃ ပါး** (မနောသုစရိုက် ၃ ပါး) မှာ –
(ဤစာအုပ် စာမျက်နှာ ၂၂၆–၂၂၇ နံပါတ် ၈၅ တွင် ကြည့်ပါ။)

– **မဟဂ္ဂုတ်ကုသိုလ်ကံ ၉ ပါး**မှာ ရူပါဝစရကုသိုလ်ကံ ၅ ပါးနှင့် အရူပါဝစရကုသိုလ်ကံ ၄ ပါးတို့ ဖြစ်ပါသည်။

**၉၄။ ပညာရှိသူတော်ကောင်းဖြစ်လာအောင် တွန်းအားပေးပို့လိုက်သော ''ကံ''ကို ပဋိသန္ဓေကျိုး, ပဝတ္တိကျိုးတို့နှင့်တွဲစပ်ကာ ဖော်ပြပါ။**

(၂၀၀၆၊ စမန ၁၃၈–၁၃၉)

**အဖြေ – ပညာရှိသူတော်ကောင်းဖြစ်လာအောင် တွန်းအားပေးပို့လိုက်သော ''ကံ'' သည်** မဟာကုသိုလ်တိဟိတ်ဥက္ကဋ္ဌကံ ၄ ပါးဖြစ်ပါသည်။

– မဟာကုသိုလ်ဉာဏသမ္ပယုတ် တိဟိတ်ဥက္ကဋ္ဌကံ ၄ ပါးသည် ပဋိသန္ဓေအခါဝယ် ကာမသုဂတိ ၇ ဘုံ၌ မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄ ပါးဟူသော ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါးကို ဖြစ်စေ၏။

– ပဝတ္တိအခါ၌ကား ကာမသုဂတိ ၇ ဘုံတွင် အဟိတ်ကုသလဝိပါက်စိတ် ၈ ပါးနှင့် မဟာဝိပါက်စိတ် ၈ ပါးဟူသော ဝိပါက်စိတ် ၁၆ ပါးကို ဖြစ်စေ၏၊ အပါယ် ၄ ဘုံ၌ အဟိတ်ကုသလဝိပါက်စိတ် ၈ ပါးကို ဖြစ်စေ၏၊ အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံတွင် ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်ကြဉ်သော အဟိတ်ကုသလဝိပါက်စိတ် ၅ ပါးကို ဖြစ်စေပါသည်။

**၉၅။ ပဋိသန္ဓေစိတ်သည် ကံကိုအာရုံပြုလျှင် အဘယ်ကံကိုသာ အာရုံပြုပါသနည်း ဖြေဆို၍၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့၏တရားကိုယ်အရကောက်ကိုလည်း ဖော်ပြပါ။** (၂၀၀၆၊ အခြေပြုသင်္ဂြိုဟ် ၃၁၀–၃၁၃)

**အဖြေ – ပဋိသန္ဓေစိတ်သည် ကံကိုအာရုံပြုလျှင် စုတိပြီးအခြားမဲ့၌ ဘဝသစ်၏ ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးကိုဖြစ်စေမည့်ကံကို အာရုံပြုပါသည်။** ဤကံသည် စုတေခါနီးချိန်၌ မရဏာသန္နနိမိတ်အဖြစ်ထင်လာ၍ မရဏာသန္နဝီထိကို ဖြစ်စေ၏၊ ထိုဝီထိ၏ မရဏာသန္နဇောသည် ဤကံနိမိတ်ကို အာရုံယူ၍ စုတိစိတ်ကျပြီးနောက် အခြားမလပ် ဖြစ်သော ပဋိသန္ဓေစိတ်သည်လည်း ဤမရဏာသန္နဇောယူသည့် ကံနိမိတ်ကိုပင် အာရုံပြုပါသည်။

– **ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့၏တရားကိုယ်အရကောက်တို့မှာ –**

(၁) **ကံအာရုံ (ဝါ) ကံနိမိတ်** – လက်ရှိဘဝမှစုတေ၍ အခြားမဲ့သည့်ဘဝသစ်၌ ပဋိသန္ဓေကျိုးကို ပေးဖို့ရာ အခွင့်သာသောကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံ၊

ဤကံသည် စုတေခါနီးချိန်တွင် ကံအများထဲမှ ရွေးရှုထွက်ပြူလာသကဲ့သို့ မရဏာသန္နနိမိတ်အဖြစ် မနောဒွါရ၌ထင်လာ၏။

(၂) **ကမ္မနိမိတ်** – ဘဝသစ်၌ ပဋိသန္ဓေကျိုးကိုပေးဖို့ရာ အခွင့်သာသောကံကို ပြုစဉ်တုန်းက တွေ့ကြုံရသမျှ အာရုံများတည်း။ ထိုအာရုံများသည် ရူပါရုံ, သဒ္ဒါရုံစသည်ဖြင့် အာရုံ ၆ ပါးလုံးပင် ထိုက်သလို ရှိနိုင်၏။ ဥပမာ – ရွှေတိဂုံဘုရားဖူးရာ၌ ရွှေတိဂုံစေတီ၊ ပန်း၊ ဆီမီးစသည်၊ တရားနာရာ၌ ဓမ္မကထိက၊ တရားဟောသံ၊ ကြေးစည်သံ စသည်တို့တည်း။

(၃) **ဂတိနိမိတ်** – လားရောက်ရတော့မည့်ဂတိ၌ တွေ့ကြုံရလတံ့သော အာရုံဟူသမျှကို ဂတိနိမိတ်ဟု ခေါ်၏။ လူ့ဘုံလားရလျှင် အမိဝမ်းရေ၊ နတ်ဘုံလားရလျှင် နတ်ဗိမာန်, နတ်သားနတ်သမီး၊ ငရဲသွားရလျှင် ငရဲဘုံ, ငရဲမီးလျှံ, ငရဲခွေး၊ ပြိတ္တာဖြစ်လတံ့မူ တောတောင်မြစ်ကမ်းစသည်တို့တည်း။

**၉၆။ ရန်ကုန်ရွှေမြို့တော်ကြီး၌ မည်သည့်ပုဂ္ဂိုလ်များနေထိုင်ကြသည်ကို စစ်တမ်းထုတ်ပြပြီးလျှင်၊ သိပ္ပံပညာရှင်များက ''လူသည် မျောက်သတ္တဝါမှ ဆင်းသက်လာသည်''ဟု ဆိုလာရာ ယင်းအယူအဆကို အဘိဓမ္မာရှုထောင့်မှ သုံးသပ်ဝေဖန်ခဲ့ပါ။**

(၂၀၀၇၊ စမန ၁၂၂၊ ၁၁၆)

**အဖြေ** – ရန်ကုန်ရွှေမြို့တော်ကြီး၌ မည်သည့်ပုဂ္ဂိုလ်များနေထိုင်ကြသည်ကို စစ်တမ်းထုတ်လျှင် လူ့ဘုံတွင် ရှိနိုင်သော ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ကြဉ်သည့် ပုဂ္ဂိုလ် ၁၁ မျိုးကို တွေ့မြင်နိုင်၏။ ထိုပုဂ္ဂိုလ်တို့မှာ –

(၁) **ပုထုဇဉ်ပုဂ္ဂိုလ် ၃ မျိုး** – သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်။

(၂) **မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄ မျိုး** – သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊ အနာဂါမိမဂ်ပုဂ္ဂိုလ်၊ အရဟတ္တမဂ်ပုဂ္ဂိုလ်၊

(၃) **ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄ မျိုး** – သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့တည်း။

**– ''လူသည် မျောက်သတ္တဝါမှ ဆင်းသက်လာသည်''ဟူသောအယူအဆကို အဘိဓမ္မာရှုထောင့်မှ သုံးသပ်ဝေဖန်သော် –**

မျောက်သတ္တဝါသည် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသော ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဖြစ်သည်။ ကမ္မဇဉာဏ်မရှိသည့်အတွက် အသိဉာဏ်အလွန်နိမ့်ကျ၏။

လူသည် သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်၊ မဂ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ်တို့ဖြစ်ကြ၏။ သုဂတိအဟိတ်ပုဂ္ဂိုလ်သည် အဟိတ်ကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေ၏။ ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄ ပါးဖြင့် ပဋိသန္ဓေနေ၍ တိဟိတ်ပုဂ္ဂိုလ်တို့သည် မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄ ပါးဖြင့် ပဋိသန္ဓေနေကြ၏။

တိဟိတ်လူသားတို့သည် ကမ္မဇဉာဏ်ပညာပါ၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရသည့်အထိ ဉာဏ်ပညာထက်မြက်ကြ၏။

ထို့ကြောင့် မျောက်နှင့်လူတို့သည် ပဋိသန္ဓေစိတ်ချင်းလည်းမတူ၊ ဉာဏ်အရည်အသွေးက လည်း အလွန်ကွာခြားကြသည့်အတွက် ''လူသည် မျောက်သတ္တဝါမှ ဆင်းသက်လာသည်'' ဟူသော အယူအဆသည် မဖြစ်နိုင်ပါ၊ မမှန်ကန်ပါဟု ဝေဖန်သုံးသပ်ရပါမည်။

အဘိဓမ္မာသဘောအရ အကုသိုလ်ကံက မျောက်ဘဝကို ဖန်တီးသည်၊ ကာမကုသိုလ်ကံက လူ့ဘဝကို ဖန်တီးသည်။ ကံသာလျှင် သတ္တဝါအားလုံးကို ဖန်တီးသည်။ ထို့ကြောင့် မျောက်မှ လူမဆင်းသက်လာနိုင်ပါ။

**၉၇။ ''အယူမှားလျှင် သံသရာမှောက်''ဟု ဆိုကြရာ အယူမှားခြင်း၏ဖြစ်ကြောင်းကို ထုတ်ပြပြီးလျှင်၊ အလိုရမ္မက် , အမျက်ဒေါသနှစ်ဝကြောင့်ဖြစ်ရသော အကုသိုလ်ဒုစရိုက် ဆိုးများကို အသီးသီးရေတွက်ပြပါ။** (၂၀၀၇၊ အခြေပြုသင်္ဂြိုဟ် ၂၉၀၊ ၂၉၁)

**အဖြေ – အယူမှားခြင်း – မိစ္ဆာဒိဋ္ဌိသည်** လောဘမူလရှိသောစိတ်ကြောင့်ဖြစ်၏။ ထို့ကြောင့် အယူမှားခြင်း၏ဖြစ်ကြောင်းမူလသည် လောဘမူလဖြစ်ပါသည်။

**– အလိုရမ္မက်, အမျက်ဒေါသနှစ်ဝကြောင့်ဖြစ်ရသော အကုသိုလ်ဒုစရိုက်ဆိုးများသည် –**
အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပတို့ဖြစ်ပါသည်။

**၉၈။ တစ်သက်နှင့်တစ်ကိုယ်မှာ စိတ်လုံးဝဖြစ်ခွင့်မရှိသော ပုဂ္ဂိုလ်ရှိ/မရှိဆုံးဖြတ်ပြီးလျှင်၊ ရှိခဲ့လျှင်လည်း ထိုဘုံသို့ရောက်အောင် မည်သည့်တရားကို အားထုတ်ရပါမည်နည်း။ ဖြေဆိုကာ ၃၁ ဘုံတွင် ပုထုဇဉ်တို့ မကျင်လည်ဖူးသောဘုံများကို စနစ်တကျ ဖော်ပြခဲ့ပါ။** (၂၀၀၇၊ စမန ၁၂၂၊ ၁၂၁)

**အဖြေ** – တစ်သက်နှင့်တစ်ကိုယ်မှာ စိတ်လုံးဝဖြစ်ခွင့်မရှိသောပုဂ္ဂိုလ်ရှိပါသည်၊ အသညသတ် ပြဟ္မာဖြစ်ပါသည်။ အသညသတ်ပြဟ္မာသည် ရုပ်သာရှိပြီး နာမ်မရှိချေ။

**– အသညသတ်ဘုံသို့ ရောက်အောင် တရားအားထုတ်နည်းမှာ –**
(ဤစာအုပ်စာမျက်နှာ ၂၁၆ နံပါတ် ၆၄ တွင် ဖြေဆိုထားပါသည်)

– ၃၁ ဘုံတွင် ပုထုဇဉ်တို့မကျင်လည်ဖူးသောဘုံများမှာ သုဒ္ဓါဝါသ ၅ ဘုံဖြစ်ပါသည်။
၎င်းတို့မှာ – (၁) အဝိဟာဘုံ၊ (၂) အတပ္ပါဘုံ၊ (၃) သုဒဿာဘုံ၊ (၄) သုဒဿီဘုံ၊ (၅) အကနိဋ္ဌဘုံတို့ဖြစ်ပါသည်။

**၉၉။ ဘဝမဆုံးသေးသော လူပုဂ္ဂိုလ်များ သေခါနီးဆဲဆဲအခါ၌ ဂတိနိမိတ်များထင်လာ တတ်ရာ အောက်ပါပုဂ္ဂိုလ်များ မည်သို့သောဂတိနိမိတ်များထင်လာတတ်ပါသနည်း။ (က) လူ့ဘဝ၌ ပြန်ဖြစ်မည့်သူ၊ (ခ) နတ်ရွာနတ်ပြည်သို့ ရောက်မည့်သူ၊ (ဂ) အပါယ်လေးပါးသို့ ကျရောက်မည့်သူ။** (၂၀၀၇၊ စမန ၁၄၃၊ သင်္ဂြိုဟ် ၃၁၂)

**အဖြေ** – (က) လူ့ဘဝ၌ ပြန်ဖြစ်မည့်သူ – အမိဝမ်းရေသည် ဂတိနိမိတ်အဖြစ်ထင်၏။
(ခ) နတ်ရွာနတ်ပြည်သို့ ရောက်မည့်သူ – နတ်ဗိမာန်၊ နတ်သား, နတ်သမီး၊
(ဂ) အပါယ်လေးပါးသို့ ကျရောက်မည့်သူ – ငရဲသွားရလျှင် ငရဲဘုံ၊ ငရဲမီးလျှံ၊ ပြိတ္တာ,

အသူရကာယ်ဖြစ်လတ့်မှု တောတောင်, မြစ်ကမ်းစသည်တို့သည် ဂတိနိမိတ်အဖြစ် ထင်လာတတ်ပါသည်။

**၁၀၀။ သက်တမ်းမမြဲသောပုဂ္ဂိုလ်များကို ဖော်ပြ၍၊ ရုပ်သာပဋိသန္ဓေရှိသောပုဂ္ဂိုလ်ကို လည်းရေးပြပါ။** (၂၀၀၈၊ စမန ၁၂၅၊ ၁၂၆၊ ၁၂၃)

**အဖြေ** – သက်တမ်းမမြဲသောပုဂ္ဂိုလ်များမှာ – (ဤစာအုပ် စာမျက်နှာ ၂၁၅ နံပါတ် ၆၂ ကြည့်ပါ။)

– ရုပ်သာပဋိသန္ဓေရှိသောပုဂ္ဂိုလ်မှာ အသညသတ်ပြဟ္မာဖြစ်ပါသည်။ အတိတ်ဘဝက ရူပပဥ္စမစျာန်ကို သညာဝိရာဂဘာဝနာမြောက်အောင် ဘာဝနာရှုပွားခဲ့သဖြင့် ပစ္စုပ္ပန်ဘဝ၌ ဇီဝိတနဝကရုပ်ဖြင့် ပဋိသန္ဓေနေ၍ ဇီဝိတနဝကရုပ်ကလာပ်ဖြင့်ပင် စုတေလိမ့်မည်။

**၁၀၁။ ကာယကံမည်ခြင်း၏အကြောင်းကိုရေး၍၊ ဒုစရိုက် ၁၀ ပါးတွင် မပါဝင်သောကြောင့် အရက်သေစာသောက်စားခြင်းသည် အပြစ်မရှိဟုဆိုလျှင် သင်လက်ခံမည်လော၊ အကြောင်းပြဖြေဆိုပါ။** (၂၀၀၈၊ အခြေပြုသင်္ဂြိုဟ် ၂၈၊ စမန ၁၃၄)

**အဖြေ** – ကာယကံမည်ခြင်း၏အကြောင်းမှာ ကာယဝိညတ်ရုပ် (ကိုယ်အမူအရာအထူး)ဖြင့် ပြုလုပ်သဖြင့် ကိုယ်၌အဖြစ်များသောအမှုအလုပ် (ကမ္မ)ဖြစ်သောကြောင့် ကာယကမ္မ = ကာယကံမည်ပါသည်။

– ဒုစရိုက် ၁၀ ပါးတွင် မပါဝင်သောကြောင့် အရက်သေစာသောက်စားခြင်းသည် အပြစ်မရှိဟုဆိုလျှင် ကျွန်ုပ်လက်မခံနိုင်ပါ။ အကြောင်းမှာ အရက်သေစာသောက်စားခြင်းသည် ရသာရုံကို မှားယွင်းစွာခံစားခြင်းဖြစ်၍ ကာမဂုဏ်အာရုံငါးပါးကို မှားယွင်းယုတ်မာစွာခံစားခြင်းဟူသည့် ကာမေသုမိစ္ဆာစာရဒုစရိုက်တွင် အကျုံးဝင်ပါသည်။ ပဥ္စသီလဆောက်တည်ရာတွင် ရှောင်ကြဉ်အပ်သော သိက္ခာပုဒ်တစ်ခုလည်း ဖြစ်ပါသည်။ အရက်သေစာသောက်စားသဖြင့် ယစ်မူးသွားသောအခါ ဆင်ခြင်တုံတရားကင်းလွတ်သွားသဖြင့် မကောင်းမှုအမျိုးမျိုးကို ကျူးလွန်မိတော့သည်။ ထို့ကြောင့် အပြစ်ရှိပါသည်။ ဤအကြောင်းတို့ကြောင့် အရက်သေစာသောက်စားခြင်းသည် အပြစ်မရှိဟုဆိုလျှင် မှားယွင်းသဖြင့် လက်မခံနိုင်ပါ။

**၁၀၂။ အဘိဓမ္မာနည်းအရ အကုသိုလ်ကံ ၁၂ ပါးတို့တွင် (က) ပဝတ္တိအကျိုးကိုသာ ပေးစွမ်းနိုင်သောအကုသိုလ်ကံ၊ (ခ) ပဋိသန္ဓေ–ပဝတ္တိအကျိုးနှစ်မျိုးလုံးကို ပေးစွမ်းနိုင်သော အကုသိုလ်ကံတို့ကို ခွဲခြားပြ၍၊ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၏ (က) ပဋိသန္ဓေအကျိုး (ခ) ပဝတ္တိအကျိုးတို့ကိုလည်း တိကျစွာဖော်ပြပါ။** (၂၀၀၈၊ စမန ၁၃၈၊၁၃၉)

**အဖြေ – အဘိဓမ္မာနည်းအရ အကုသိုလ်ကံ ၁၂ ပါးတို့တွင်** –

(က) ပဝတ္တိအကျိုးကိုသာပေးစွမ်းနိုင်သောအကုသိုလ်ကံသည် မောဟမူဥဒ္ဓစ္စသမ္ပယုတ်စိတ်နှင့် ယှဉ်သောစေတနာဖြစ်ပါသည်။

(ခ) ပဋိသန္ဓေ–ပဝတ္တိအကျိုးနှစ်မျိုးလုံးကို ပေးစွမ်းနိုင်သောအကုသိုလ်ကံတို့မှာ – မောဟမူဥဒ္ဓစ္စသမ္ပယုတ်စိတ်စေတနာကြဉ်သော အကုသိုလ်စေတနာ ၁၁ ပါး ဖြစ်ပါသည်။

– တစ်နည်းအားဖြင့် လောဘမူစိတ် ၈ ပါးနှင့်ယှဉ်သည့် စေတနာ ၈ ပါး၊ ဒေါသမူစိတ် ၂ ပါးနှင့် ယှဉ်သည့်စေတနာ ၂ ပါး၊ မောဟမူဝိစိကိစ္ဆာသမ္ပယုတ်စိတ်နှင့်ယှဉ်သည့် စေတနာ ၁ ပါး၊ ပေါင်း – အကုသိုလ်စေတနာ ၁၁ ပါးဖြစ်ပါသည်။

**– တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ ၄ ပါး၏**

(က) ပဋိသန္ဓေအကျိုး = ကာမသုဂတိ ၇ ဘုံ၌ မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄ ပါးဟူသော ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါး၊

(ခ) ပဝတ္တိအကျိုး = ကာမသုဂတိ ၇ ဘုံတွင် အဟိတ်ကုသလဝိပါက် ၈ ပါးနှင့် မဟာဝိပါက် ၈ ပါးဟူသော ဝိပါက်စိတ် ၁၆ ပါး၊

– အပါယ် ၄ ဘုံတွင် အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး၊

– အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံတွင် ဃာနာဒိတ္တယ ၃ ပါးကြဉ်သော အဟိတ်ကုသလဝိပါက် ၅ ပါးတို့ဖြစ်ပါသည်။

**၁၀၃။ ကမ္ဘာပေါ်ရှိ ပုထုဇဉ်လူသားပုဂ္ဂိုလ်အမျိုးအစားတို့ကို အဘိဓမ္မာအမြင်ဖြင့်ဖော်ပြ၍၊ ဘဝတစ်ခု၌ အစဦးဖြစ်ပေါ်သောစိတ်၏ (က) အကြောင်းတရား၊ (ခ) အရင်းခံတရား၊ (ဂ) အခြေအရံတရားများကို ဖော်ပြပါ။**

(၂၀၀၈၊ စမန ၁၁၆၊ အခြေပြုသင်္ဂြိုဟ် ၃၁၇–၃၁၈)

**အဖြေ** – ကမ္ဘာပေါ်ရှိ ပုထုဇဉ်လူသားပုဂ္ဂိုလ်အမျိုးအစားတို့ကို အဘိဓမ္မာအမြင်ဖြင့်ဖော်ပြရသော် –

(၁) သုဂတိအဟိတ်ပုဂ္ဂိုလ် = လူစဉ်မမှီ, နတ်စဉ်မမှီသူများ၊

(၂) ဒွိဟိတ်ပုဂ္ဂိုလ် = မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄ ပါးနှင့် ပဋိသန္ဓေနေသူများ၊

(၃) တိဟိတ်ပုဂ္ဂိုလ် = မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄ ပါးနှင့် ပဋိသန္ဓေနေသူများ၊

ပေါင်း – ပုထုဇဉ်လူသား ၃ မျိုးတည်း။

– ဘဝတစ်ခု၌ အစဦးဖြစ်ပေါ်သော ပဋိသန္ဓေစိတ်၏

(က) အကြောင်းတရား = ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံဟူသော သင်္ခါရ၊

(ခ) အရင်းခံတရား = တဏှာနုသယ (လောဘ)

(ဂ) အခြေအရံတရား = အဝိဇ္ဇာနုသယ (မောဟ)

**၁၀၄။ ''ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျ''ဟုဆိုရာ၌ သတ္တဝါတို့၏ကံအရ အမှန်တကယ်တည်ရှိနေသော ၃၁ ဘုံကို အကျဉ်းချုံးရေတွက်ပြ၍၊ (က) အပါယ်ဘုံ၌ဖြစ်နိုင်သောပုဂ္ဂိုလ်သတ္တဝါ၊ (ခ) လူ့ဘုံ၌ဖြစ်နိုင်သောပုဂ္ဂိုလ်သတ္တဝါတို့ကိုလည်း အသီးသီးခွဲခြားဖော်ပြပါ။** (၂၀၀၉၊ စမန ၁၂၀–၁၂၂၊ ၁၁၆)

**အဖြေ – သတ္တဝါတို့၏ကံအရ အမှန်တကယ်တည်ရှိနေသော ၃၁ ဘုံကို** အကျဉ်းချုံးရေတွက်ပြရသော် – အပါယ် ၄ ဘုံ၊ လူ့ဘုံ၊ နတ်ပြည် ၆ ဘုံ၊ ရူပဗြဟ္မာ ၁၆ ဘုံ၊ အရူပဗြဟ္မာ ၄ ဘုံ၊ စုစုပေါင်း ၃၁ ဘုံဖြစ်ပါသည်။

**(က) အပါယ်ဘုံ၌ဖြစ်နိုင်သောပုဂ္ဂိုလ်သတ္တဝါများမှာ –**

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်များဖြစ်ကြသော ငရဲသားများ၊ တိရစ္ဆာန်များ၊ ပြိတ္တာများနှင့် အသူရကာယ်များဖြစ်ကြသည်။

**(ခ) လူ့ဘုံ၌ဖြစ်နိုင်သောပုဂ္ဂိုလ်သတ္တဝါတို့မှာ –**

သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄ ဦး၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄ ဦး၊ စုစုပေါင်း ပုဂ္ဂိုလ် ၁၁ မျိုးဖြစ်ပါသည်။

**၁၀၅။ သက်တမ်းအတိအကျ ရေတွက်မရသောကာမပုဂ္ဂိုလ်တို့ကိုဖော်ပြ၍၊ ကမ္ဘာလောက၌ မကောင်းမှုဒုစရိုက်များဖြစ်ပေါ်လာကြရာ (က) လူသတ်ဝါဒ၊ (ခ) လိမ်လည်သူ၊ (ဂ) အယူဝါဒမှားယွင်းမှုတို့၏အခြေခံအကြောင်းတရားတို့ကိုလည်း ဖော်ပြပါ။** (၂၀၀၉၊ စမန ၁၂၅–၁၂၆၊ အခြေပြုသင်ရိုးဟ် ၂၉၀–၂၉၁)

**အဖြေ – သက်တမ်းအတိအကျ ရေတွက်မရသောကာမပုဂ္ဂိုလ်တို့မှာ –**

(၁) အပါယ် ၄ ဘုံသားများဖြစ်ကြသော ငရဲသားများ၊ တိရစ္ဆာန်များ၊ ပြိတ္တာများ၊ အသူရကာယ်များ၊

(၂) လူ့ဘုံသားများဖြစ်ကြသော လူပုဂ္ဂိုလ်များ၊

(၃) အောက်စတုမဟာရာဇ်နတ်များဖြစ်ကြသော ဘုမ္မဇိုဝ်းနတ်များ၊ ရုက္ခဇိုဝ်းနတ်များ၊ အာကာသဇိုဝ်းနတ်များ၊ ဘုမ္မသိတနတ်များ၊ ဝိနိပါတိကအသူရာများဖြစ်ကြ၏။

(က) လူသတ်ဝါဒ၏အခြေခံအကြောင်းတရား = ဒေါသမူလရှိသောစိတ်၊

(ခ) လိမ်လည်မှု၏အခြေခံအကြောင်းတရား = လောဘမူစိတ်, ဒေါသမူစိတ်၊

(ဂ) အယူဝါဒမှားယွင်းမှု၏အခြေခံအကြောင်း = လောဘမူလရှိသောစိတ်။

**၁၀၆။ ''ကံသာအမိ၊ ကံသာအဖ''ဟုဆိုကြရာ ဗုဒ္ဓဘာသာဝင်သူတော်စင်တိုင်း သိထိုက်သောကံတို့ကို (က) အကျိုးပေးအစဉ် (ခ) အကျိုးပေးရာဘုံဌာနအားဖြင့် ခွဲခြားဖြေဆိုပါ။** (၂၀၀၉၊ စမန ၁၃၁–၁၃၂၊ ၁၃၃–၁၃၄)

**အဖြေ – (က) အကျိုးပေးအစဉ်အားဖြင့် ကံ ၄ မျိုးကွဲပြားပုံမှာ –**

(၁) *ဂရုကကံ* = တစ်ပါးသောကံတို့ မတားမြစ်နိုင်လောက်အောင်ကြီးလေးသောကံ၊
အကုသိုလ်အရာ၌ ပဉ္စာနန္တရိယကံ၊ နိယတမိစ္ဆာဒိဋ္ဌိကံတို့တည်း၊
ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကုသိုလ်ကံ၊ မဂ်ကုသိုလ်ကံတို့တည်း။

(၂) *အာသန္နကံ* = စုတေခါနီးပြုအပ်သောကံ သို့မဟုတ် ရှေးကပြုခဲ့ပြီး၍ သေခါနီးချိန်တွင် အောက်မေ့အမှတ်ရသောကံ။

(၃) *အာစိဏ္ဏကံ* = နေ့စဉ်မပြတ်ဝတ်ထား၍ အလေ့အကျင့်ဖြစ်အောင်ပြုလုပ်သောကံ၊
ကုသိုလ်ရေး၌ ဘုရားရှိခိုး၊ ရေ–ပန်း–ဆွမ်းလှူ၊ အကုသိုလ်အရာ၌ မုဆိုး၊ တံငါ။

(၄) *ကဋတ္တာကံ* = အထက်ပါကံသုံးပါးအဖြစ်သို့မရောက်တတ်ဘဲ သာမန်ပြုလုပ်သောကံများနှင့် ရှေးရှေးဘဝကပြုခဲ့သောကံများတည်း။

**(ခ) အကျိုးပေးရာဘုံဌာနအားဖြင့် ကံ ၄ မျိုးကွဲပြားပုံမှာ –**

(၁) *အကုသိုလ်ကံ* = အကုသိုလ်စေတနာ ၁၂ ပါး၊ အပါယ် ၄ ဘုံ၌ ပဋိသန္ဓေအကျိုး, ပဝတ္တိ အကျိုးတို့ကိုဖြစ်စေ၏။ ကာယကံ, ဝစီကံ, မနောကံဟု သုံးမျိုးကွဲပြား၏။

(၂) *ကာမကုသိုလ်ကံ* = မဟာကုသိုလ်စေတနာ ၈ ပါး၊ ကာမသုဂတိ ၇ ဘုံ၌ ပဋိသန္ဓေ အကျိုး, ပဝတ္တိအကျိုးတို့ကို ဖြစ်စေ၏။ ကာယကံ, ဝစီကံ, မနောကံ အားဖြင့် သုံးမျိုး၊ ဒါန, သီလ, ဘာဝနာအားဖြင့် သုံးမျိုးကွဲပြား၏။

(၃) *ရူပကုသိုလ်ကံ* = ရူပကုသိုလ်စေတနာ ၅ ပါး၊ ရူပ ၁၆ ဘုံ၌ ပဋိသန္ဓေအကျိုး နှင့် ပဝတ္တိအကျိုးတို့ကို ဖြစ်စေ၏။ မနောကံ ၁ မျိုးသာရှိ၏။

(၃) *အရူပကုသိုလ်ကံ* = အရူပကုသိုလ်စေတနာ ၄ ပါး၊ အရူပ ၄ ဘုံ၌ ပဋိသန္ဓေအကျိုး နှင့် ပဝတ္တိအကျိုးတို့ကို ဖြစ်စေ၏။ မနောကံ ၁ မျိုးသာရှိ၏။

**၁၀၇။ လူသားတစ်ယောက်အတွက် ဘဝအဆုံးနိဂုံးဖြစ်သော သေခြင်း ၄ မျိုးကို ဖော်ပြ၍၊ လူတို့ သေခါနီးကာလ၌ အာရုံနိမိတ်ထင်ခြင်းသည် အကြီးအကျယ်ဝေဒနာ ခံစားရမှုကြောင့်ဖြစ်သည်ဟုဆိုက မှန်/မမှန် အဘိဓမ္မာသဘောဖြင့် နီးနှောဝေဖန် ပြပါ။** (၂၀၀၉၊ စမန ၁၄၁၊ အခြေပြုသင်ဂြိုဟ် ၃၁၀–၃၁၂)

**အဖြေ – လူသားတစ်ယောက် ဘဝအဆုံး နိဂုံးဖြစ်သော သေခြင်း ၄ မျိုးမှာ –**

(ဤစာအုပ် စာမျက်နှာ ၂၂၉ နံပါတ် ၉၁ တွင် ဖြေဆိုထားသည်)

**– သေခါနီး၌ အာရုံနိမိတ်ထင်ခြင်းသည်** အကြီးအကျယ်ဝေဒနာခံစားရမှုကြောင့် ဖြစ်သည်ဟု ဆိုက မမှန်ကန်ပါ။ အဘိဓမ္မာသဘောဖြင့် နီးနှောဝေဖန်ပြရသော် –

လူတို့သေခါနီးကာလ၌ လူတို့၏သန္တာန်၌ ကံအများရှိရာဝယ် စုတေပြီးနောက် အခြားမဲ့သော ဘဝသစ်၌ ပဋိသန္ဓေအကျိုးကိုပေးဖို့ရာ အခွင့်သာသော ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံတစ်ပါးသည် ကံအများထဲမှ ထွက်ပြူလာသကဲ့သို့ သေမည့်သူ၏မနောဒွါရ တွင် ထင်ပေါ်လာ၏။ ဤထင်လာသော **ကံအာရုံ**ကို မရဏာသန္နနိမိတ်ဟု ခေါ်၏။

တစ်ခါတစ်ရံတွင် ကံအာရုံမထင်ပေါ်ဘဲ ထိုကံပြုစဉ်တုန်းက တွေ့ကြုံမြင်သိ, ကြားသိရသမျှ အာရုံတို့သည် **ကမ္မနိမိတ်**အဖြစ် ထင်ပေါ်လာ၏။ ထိုအာရုံများကား ရူပါရုံ, သဒ္ဒါရုံ စသည်ဖြင့် အာရုံ ၆ ပါးလုံးပင် ထိုက်သလိုရှိနိုင်၏။

တစ်ခါတစ်ရံတွင် ကံအာရုံနှင့် ကမ္မနိမိတ်တို့မထင်ပေါ်ဘဲ လားရောက်ရမည့်ဂတိ၌ တွေ့ကြုံ ရလတ့ံသော အာရုံဟူသမျှသည် **ဂတိနိမိတ်**အဖြစ် ဒွါရ ၆ ပါးအနက် တစ်ပါးပါးသောဒွါရ ၌ ရှေးရှုထင်ပေါ်လာ၏။

ဤသို့ ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ်တစ်ပါးပါးက မရဏာသန္နနိမိတ်အဖြစ် ထင်ပေါ် လာခြင်းသည် စုတေပြီး အခြားမဲ့ဘဝသစ်၌ ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးတို့ကိုပေးဖို့ရာ အခွင့်သာသောကံ၏အစွမ်းကြောင့်သာဖြစ်ပါသည်။ အကြီးအကျယ်ဝေဒနာခံစားရမှုကြောင့် နိမိတ်ထင်ခြင်းမဟုတ်ပါကြောင်း ဝေဖန်အပ်ပါသည်။

**၁၀၈။ ''သုံးဆယ့်တစ်ဘုံ အလုံးစုံကို ရေတွက်ပြ၍၊ (က) ပုထုဇဉ်မပါ အရိယာသာရှိ သောဘုံ (ခ) အရိယာမပါ ပုထုဇဉ်သာရှိသောဘုံတို့ကိုလည်း ဖြေဆိုပါ။**

(၂၀၁၀၊ စမန ၁၁၉၊ ၁၂၂)

**အဖြေ – ''သုံးဆယ့်တစ်ဘုံ အလုံးစုံကို ရေတွက်ပြရသော် –**

အပါယ် ၄ ဘုံ၊ လူ့ဘုံ၊ နတ်ပြည် ၆ ဘုံ၊ ရူပဗြဟ္မာ ၁၆ ဘုံ၊ အရူပဗြဟ္မာ ၄ ဘုံ၊ စုစုပေါင်း ၃၁ ဘုံဖြစ်ပါသည်။

(က) **ပုထုဇဉ်မပါ အရိယာသာရှိသောဘုံမှာ** သုဒ္ဓါဝါသ ၅ ဘုံဖြစ်ပါသည်။ ယင်း ၅ ဘုံမှာ အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌဘုံတို့ ဖြစ်ပါသည်။

(ခ) **အရိယာမပါပုထုဇဉ်သာရှိသောဘုံတို့မှာ** အပါယ် ၄ ဘုံနှင့် အသညသတ်ဘုံဟူ၍ ပေါင်း ၅ ဘုံဖြစ်ပါသည်။

**၁၀၉။ အတိတ်ကံက အရိပ်သဏ္ဍာန်လို လိုက်နေတယ်ဟူသောစကား၌ ကံဟူသမျှ ပြုစဉ်ခဏ၌သာ အရိပ်သဏ္ဍာန်လို အကျိုးပေးပါသလော၊ အကျိုးပေးရာကာလ၏ အစွမ်းဖြင့် ခွဲခြားဖြေဆို၍၊ စေတနာတိုင်း ကံမည်/မမည် အကျိုးပေးရာဌာန၏ အစွမ်းဖြင့် ဖြေဆိုပါ။** (၂၀၁၀၊ စမန ၁၃၃၊ ၁၃၄)

**အဖြေ – ''အတိတ်ကံက အရိပ်သဏ္ဍာန်လို လိုက်နေတယ်**''ဟူသော စကား၌ ကံဟူသမျှ ပြုစဉ်ခဏ၌သာ အရိပ်သဏ္ဍာန်လို အကျိုးပေးသည်မဟုတ်ပါ။

**– အကျိုးပေးရာ ကာလ၏အစွမ်းအားဖြင့် ခွဲခြားဖြေဆိုရသော် –**

(ဤစာအုပ် စာမျက်နှာ ၂၂၄ နံပါတ် ၈၀ တွင် ဖြေဆိုထားပါသည်)

**– စေတနာတိုင်း ကံမမည်ပါ။** စေတနာသည် သဗ္ဗစိတ္တသာဓာရဏစေတသိက်ဖြစ်သဖြင့် စိတ်အားလုံးနှင့် ယှဉ်ပါသည်။ ကြိယာစိတ်နှင့် ဝိပါက်စိတ်တို့သည် ကံသတ္တိမရှိကြသဖြင့် ကြိယာစိတ်နှင့် ဝိပါက်စိတ်တို့တွင်ရှိသော စေတနာတို့သည် ကံမမည်ကြပါ။

တစ်ဖန် ပါကဌာနကမ္မစတုက္က၌ အကုသိုလ်စေတနာ ၁၂ ပါး၊ မဟာကုသိုလ်စေတနာ ၈ ပါး၊ ရူပါဝစရကုသိုလ်စေတနာ ၅ ပါး၊ အရူပါဝစရကုသိုလ်စေတနာ ၄ ပါးတို့သည် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးတို့ကိုဖြစ်စေသဖြင့် ကံသတ္တိရှိကြ၏။ လောကုတ္တရာ ကုသိုလ်စေတနာ ၄ ပါးမှာ ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးတို့ကို မဖြစ်စေနိုင်သဖြင့် ကံသတ္တိမရှိဟု ဆိုရ၏။ ထို့ကြောင့် လောကုတ္တရာကုသိုလ်စေတနာ ၄ ပါးသည်လည်း ကံမမည်ပါ။

**၁၁၀။ ''ဒေါသရှေ့ထား အမှားများစွာ''ဟူသောစကားနှင့်အညီ ဒေါသတစ်ခုကြောင့် ဖြစ်ပေါ်လာနိုင်သောမကောင်းကျိုးများကို ဖော်ပြ၍၊ တူသောအကျိုးကိုပေးသောကံ၊ တူ/မတူအကျိုးနှစ်မျိုးစုံကို ပေးသောကံတို့ကို ခွဲခြားဖြေဆိုပါ။**

(၂၀၁၀၊ စမန ၁၃၅၊ ၁၃၈)

**အဖြေ** – ''ဒေါသရှေ့ထား အမှားများစွာ''ဟူသောစကားနှင့်အညီ

ဒေါသမူစိတ်ဖြင့် ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒဒုစရိုက်တို့ကို ကျူးလွန်၏။

ဒေါသမူစိတ်ဖြင့်ရော လောဘမူစိတ်ဖြင့်ပါ အဒိန္နာဒါန, မုသာဝါဒ, ပိသုဏာဝါစာ, သမ္ဖပ္ပလာပ ဒုစရိုက်များကို ကျူးလွန်၏။

ထို့ကြောင့် ဒေါသအကြောင်းခံ၍ ဒေါသမူစိတ်ဖြင့် ကာယဒုစရိုက်, ဝစီဒုစရိုက် , မနောဒုစရိုက် စုစုပေါင်း ၇ ပါးအထိ ကျူးလွန်နိုင်၏။ ထိုသို့ကျူးလွန်ခြင်းကြောင့် အကုသိုလ်ကံများဖြစ်ပေါ်၏။

ဤအကုသိုလ်ကံတို့သည် ပဋိသန္ဓေအခါတွင် အပါယ် ၄ ဘုံ၌ အကုသလဝိပါက် ဉပေက္ခာသန္တီရဏစိတ်ဟူသော အပါယ်ပဋိသန္ဓေအကျိုးကို ဖြစ်စေ၏။ ပဝတ္တိအခါ၌မူ ကာမ ၁၁ ဘုံတွင် အကုသလဝိပါက်စိတ် ၇ ပါးကိုဖြစ်စေ၏၊ အသညသတ်ကြဉ်သည့် ရူပ ၁၅ ဘုံတွင် ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်ကြဉ်သော အကုသလဝိပါက်စိတ် ၄ ပါးကို ဖြစ်စေ၏။

– တူသောအကျိုးကို ပေးသောကံများ = မဟဂ္ဂုတ်ကုသိုလ်ကံ ၉ ပါး၊ လောကုတ္တရာကုသိုလ်ကံ ၄ ပါး၊

– တူ/မတူအကျိုးနှစ်မျိုးစုံကိုပေးသောကံ = အကုသိုလ်ကံ ၁၂ ပါး၊ မဟာကုသိုလ်ကံ ၈ ပါး။

**၁၁၁။ ပြဟ္မာဗိသနိုး တန်ခိုးကြီးမား ထာဝရဘုရား၏ဖန်ဆင်းမှုကြောင့် သတ္တဝါတွေဖြစ်ပေါ်လာရသည်ဟူသော စကားမှန်/မမှန် အဘိဓမ္မာအမြင်ဖြင့် ဝေဖန်ပြ၍၊ သံသရာစက်ရဟတ် အဆက်မပြတ် လည်ပတ်ပုံကိုလည်း ဖြေဆိုပါ။**

(၂၀၁၀၊ စမန ၁၁၀၊ ၁၃၃)

**အဖြေ** – ပြဟ္မာဗိသနိုး တန်ခိုးကြီးမား ထာဝရဘုရား၏ဖန်ဆင်းမှုကြောင့် သတ္တဝါတွေဖြစ်ပေါ်လာရသည်ဟူသောစကား မမှန်ပါ။

(ဤစာအုပ် စာမျက်နှာ ၂၁၈ နံပါတ် ၆၈ တွင် ဖြေထားပါသည်။)

– သံသရာစက်ရဟတ် မပြတ်လည်ပတ်ပုံမှာ –

(ဤစာအုပ် စာမျက်နှာ ၂၂၂ နံပါတ် ၇၅ တွင် ဖြေထားပါသည်။)

**၁၁၂။ ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံသို့ရောက်ရန် ပွားများရမည့်တရားနှင့် ထိုပြဟ္မာတို့ နေရာဌာန၊ သက်တမ်းကိုဖော်ပြ၍ ''အကျိုးပေးခွင့် မရသင့်၊ ရသင့်လေပြန်၊ ကျိုးမသန်၊ ရပြန်အကျိုး မဖွံ့ဖြိုး''ဟူသောစကားရပ်၌ ဖြစ်သင့်သောကံကိုလည်း တိကျစွာဖော်ပြပါ။** (၂၀၁၁၊ စမန ၁၄၀၊ ၁၂၁၊ ၁၃၀)

**အဖြေ** – **ဝေဟပ္ဖိုလ်ဘုံသို့ရောက်ရန်** ရူပါဝစရပဉ္စမစျာန်ကုသိုလ်စိတ်ကို ကောင်းစွာရရှိသည့်အထိ သမထဘာဝနာရှုပွားရမည်။

**အသညသတ်ဘုံသို့ရောက်ရန်** ရူပါဝစရပဉ္စမစျာန်ကုသိုလ်စိတ်ကို ရရှိပြီးသည့်နောက် ''အမှတ်သညာရှိနေသောကြောင့်သာ စားချင်, သောက်ချင်, လိုချင်မှု, ဒေါသဖြစ်မှုတွေဖြစ်ရသည်၊ ရုပ်ခန္ဓာချည်းနေလျှင် အပြစ်တစ်စုံတစ်ရာမရှိဘဲ အေးမြချမ်းသာလိမ့်မည်''ဟု သညာနှင့်တကွ စိတ်စေတသိက်အားလုံးအပေါ်မှာ များစွာအပြစ်မြင်လျက် ပဉ္စမစျာန်ကို

ထပ်ကာထပ်ကာဝင်စား၏။ ထိုအခါ ထိုပဥ္စမဈာန်သည် သညာနှင့်တကွ စိတ်စေတသိက် အားလုံးကို စက်ဆုပ်သော ''သညာဝိရာဂဘာဝနာ'' အဖြစ်သို့ ရောက်၏။ ထိုပုဂ္ဂိုလ်စုတေလျှင် အသညသတ်ဘုံ၌ ဖြစ်ရ၏။ (စာမျက်နှာ ၂၁၆ နံပါတ် ၆၄ ၌ ဖြေပြထား၏။)

ဝေဟပ္ဖိုလ်ဘုံနှင့် အသညသတ်ဘုံတို့၏နေရာဌာန = ရူပစတုတ္ထဈာန်ပြဟ္မာဘုံ

ထိုပြဟ္မာတို့၏သက်တမ်း = ကမ္ဘာ ၅၀၀

''အကျိုးပေးခွင့်၊ မရသင့်၊ ရသင့်လေပြန်၊ ကျိုးမသန်၊ ရပြန်အကျိုး၊ မဖွံ့ဖြိုး''ဟူသော စကားရပ်၌ ဖြစ်သင့်သောကံ = ဥပပီဠကကံ ဖြစ်ပါသည်။

**၁၁၃။ ''ကံသုံးပါးတို့တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှားမိသည်ရှိသော်''ဟု ဆိုကြရာ ထိုကံသုံးပါးဖြစ်ပေါ်လာခြင်း၏အခြေခံအကြောင်းတရားတို့ကို ဖော်ပြ၍ တရားဟောခြင်း (တရားကိုပေးခြင်း)သည် ဒါနကုသိုလ်ဟုတ်မဟုတ် စစ်တမ်းထုတ်ပြပါ။**

(၂၀၁၁၊ စမန ၁၃၄၊ ၁၃၅)

**အဖြေ – ''ကံသုံးပါးတို့တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှားမိသည်ရှိသော်''ဟု ဆိုကြရာ၌ ကံသုံးပါးတို့မှာ –**

(၁) **ကာယကံ** = ကိုယ်လှုပ်ရှားမှု – ကာယဝိညတ်ဖြင့် အများအားဖြင့် ပြုလုပ်သောအမှု၊
= ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ။

(၂) **ဝစီကံ** = နှုတ်လှုပ်ရှားမှု – ဝစီဝိညတ်ဖြင့် အများအားဖြင့် ပြုလုပ်သောအမှု၊
= မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ။

(၃) **မနောကံ** = ကိုယ်လည်းမလှုပ်, နှုတ်လည်းမပါ, စိတ်၌သာ အဖြစ်များသောအမှု၊
= အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။

ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒတို့ကို ဒေါသ, မောဟယှဉ်သည့် ဒေါသမူစိတ်ဖြင့် ပြစ်မှားကျူးလွန်၏။

ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိတို့ကို လောဘ, မောဟယှဉ်သည့် လောဘမူစိတ်ဖြင့် ပြစ်မှားကျူးလွန်၏။

အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ, သမ္ဖပ္ပလာပတို့ကို ဒေါသမူစိတ်, လောဘမူစိတ်တို့ဖြင့် ပြစ်မှားကျူးလွန်၏။

ထို့ကြောင့် ကံသုံးပါးဖြစ်ပေါ်လာခြင်း၏အခြေခံအကြောင်းတရားတို့သည် ဒေါသ, လောဘ, မောဟတို့ဖြစ်ပါသည်။

**– တရားဟောခြင်း (တရားကိုပေးခြင်း)သည် ဒါနကုသိုလ်မဟုတ်ပါ။**

တရားဟောခြင်းသည် ''ဓမ္မဒေသနာ''ဟု ခေါ်သော ပုညကြိယဝတ္ထုဖြစ်ပြီး ဘာဝနာကုသိုလ်တွင် ပါဝင်သည်။ တရားဟောခြင်းသည် ကုသိုလ်တရားတို့ကို အဖန်ဖန်အထပ်ထပ် တိုးပွားစေတတ်သောကြောင့် ဘာဝနာကုသိုလ်မျိုးဖြစ်ပါသည်။ ထို့ကြောင့် တရားဟောခြင်းသည် ဒါနကုသိုလ်မဟုတ်ပါ၊ ဘာဝနာကုသိုလ် ဖြစ်ပါသည်။

**၁၁၄။ လူသားတို့ သေဆုံးရခြင်း၏အကြောင်းတရားများကို အချိန်ရောက်မှသေခြင်း (ကာလမရဏ)၊ အချိန်မရောက်ခင်သေခြင်း (အကာလမရဏ)အားဖြင့် ခွဲခြားပြ၍၊ စုတေခါနီးအခါ ထင်လာသောအာရုံနိမိတ်များထဲမှ ဂတိနိမိတ်ထင်လာပုံကို သိသာရုံမျှ ဖော်ပြပါ။** (၂၀၁၁၊ စမန ၁၄၁၊ အခြေပြုသင်္ဂြိုဟ် ၁၁၂)

**အဖြေ – အချိန်ရောက်မှသေခြင်း (ကာလမရဏ)၏ အကြောင်းတရားများမှာ –**

(၁) *အာယုက္ခယမရဏ* = သက်တမ်းကုန်၍သေခြင်း၊

(၂) *ကမ္မက္ခယမရဏ* = ကံကုန်၍သေခြင်း၊

(၃) *ဥဘယက္ခယမရဏ* = သက်တမ်းနှင့်ကံ နှစ်ပါးစုံကုန်၍ သေခြင်းတို့ဖြစ်၏။

**– အချိန်မရောက်ခင်သေခြင်း (အကာလမရဏ)၏ အကြောင်းတရားများမှာ –**

(၄) *ဥပစ္ဆေဒကမရဏ* = သက်တမ်းနှင့်ကံ နှစ်ပါးစုံမကုန်သေးဘဲလျက် ဥပဃာတကကံ ဖြတ်၍ လတ်တလောသေခြင်းဖြစ်၏။

**– စုတေခါနီးအခါ ဂတိနိမိတ်ထင်လာပုံမှာ –**

စုတေပြီးနောက် လားရောက်ရမည့်ဘဝဂတိ၌ တွေ့ကြုံလတ္တံ့သော အာရုံဟူသမျှကို ''**ဂတိနိမိတ်**''ဟုခေါ်၏။ ထိုဂတိနိမိတ်သည် ဥပလဘိတဗ္ဗအာရုံ၊ ဥပဘောဂအာရုံဟူ၍ နှစ်မျိုးကွဲပြား၏။

**ဥပလဘိတဗ္ဗအာရုံ** – တိုက်ရိုက်ရောက်ထိုက်သောဂတိနှင့် ဆိုင်သောအာရုံ၊

ဥပမာ – လူ့ဘုံသွားလျှင် အမိဝမ်းရေ၊ ငရဲသွားလျှင် ငရဲဘုံ၊ ပြိတ္တာဘဝသွားလျှင် တောတောင်, မြစ်ကမ်းစသည်၊ နတ်ပြည်သွားလျှင် နတ်ဗိမာန်စသည်တို့တည်း။

**ဥပဘောဂအာရုံ** – ထိုထိုဂတိ၌ တွေ့ကြုံရမည့်အသုံးအဆောင်အခြံအရံ၊

ဥပမာ – ငရဲခွေး, လင်းတ, ငရဲမီးလျှံ, ငရဲထိန်း၊ နတ်ပြည်သွားလျှင် နတ်သမီး, နတ်သား, ဥယျာဉ်, ပဒေသာပင်စသည်တို့တည်း။

**၁၁၅။ ''လောက်လန်းသဖွယ် ဝိညာဉ်တွယ်''ဟူသောစကားမှန်၊ မမှန်ရှင်းပြ၍ တစ်ဘဝ၌ ဖြစ်ကြသောပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့၏အဓိပ္ပါယ်ကိုလည်း အသီးသီးရှင်းပြပါ။** (၂၀၁၁၊ အခြေပြုသင်္ဂြိုဟ် ၁၀၆၊ ၁၂၈–၁၃၀)

**အဖြေ – ''လောက်လန်းသဖွယ် ဝိညာဉ်တွယ်''ဟူသောစကားသည် မမှန်ပါ။**

အကြောင်းမှာ – အဘိဓမ္မာတွင် လောက်လန်းသတ္တဝါကဲ့သို့ ဝိညာဉ်ကောင်ဟူ၍ မရှိပါ။ ဝိညာဉ် = ဝိညာဏ်ဟူသောစိတ်သည် အကောင်အထည်မရှိဘဲ ဖြစ်ပြီးသည်နှင့် တစ်ပြိုင်နက်ချုပ်ပျက်ကွယ်ပျောက်သွားသောကြောင့် မဆွဲတွယ်, မမှီတွယ်တတ်ပါ။

ပဋိသန္ဓေဝိညာဉ် = ပဋိသန္ဓေစိတ်သည် ဘဝဟောင်း၌ ဥပါဒ်၍ ဋီအခိုက်၌ ဘဝသစ်သို့ကူးပြောင်းသွားသည် မဟုတ်ပါ။ သတ္တဝါတစ်ဦးသည် စုတိစိတ်ချုပ်ငြိမ်း၍ သေဆုံးပြီးနောက် ဘဝသစ်ဖြစ်ရန် အကျိုးပေးခွင့်ရသောကံ၏အစွမ်းကြောင့် ပဋိသန္ဓေစိတ်သည် အခြားမလပ်ဘဲ ဘဝသစ်၌ဖြစ်၏။ သို့ဖြစ်၍ ''လောက်လန်းသဖွယ် ဝိညာဉ်တွယ်''ဟူသောစကားသည်

မမှန်ပါ။

– ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့၏အဓိပ္ပါယ်ကိုအသီးသီးရှင်းပြရသော် –
(ဤစာအုပ် စာမျက်နှာ ၂၂၄ နံပါတ် ၇၉ တွင် ဖြေဆိုထား၏)

**၁၁၆။ သုံးဆယ့်တစ်ဘုံတွင်ပါဝင်သော ဒုဂ္ဂတိ (မကောင်းသောလားရာဘုံ)တို့ကို တိကျစွာဖော်ပြ၍၊ အပါယ်ဘုံ, အသညသတ်ဘုံတို့၌ ရနိုင်သောပုဂ္ဂိုလ်/မရနိုင်သော ပုဂ္ဂိုလ်တို့ကိုလည်း ခွဲခြားဖြေဆိုပါ။** (၂၀၁၂၊ အခြေပြုသင်္ဂြိုဟ် ၂၆၀၊ ၂၆၁၊ စမန ၁၂၂)

**အဖြေ – ၃၁ ဘုံတွင် ပါဝင်သော ဒုဂ္ဂတိ – မကောင်းသောလားရာဘုံတို့မှာ –**

(၁) **ငရဲဘုံ** = ချမ်းသာသုခရခွင့်မရှိဘဲ အမြဲဆင်းရဲနေရသောဘုံ၊

သိဉ္ဇိုဝ်းငရဲ၊ ကာဠသုတ်ငရဲ၊ သံဃာတငရဲ၊ ရောရုဝငရဲ၊ မဟာရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ အဝီစိငရဲဟူ၍ ရှစ်ထပ်ရှိ၏၊ ကမ္ဘာမြေပြင်အောက်၌ ယူဇနာ ၁၅၀၀၀ ကွာဝေးသောအရပ်မှစ၍ ယူဇနာ ၁၅၀၀၀ စီကွာဝေးလျက် အထက်အောက်တည်နေ၏။

(၂) **တိရစ္ဆာန်ဘုံ** – မတ်မတ်မသွား, အထက်မရှည်, အလျားရှည်၍ အလျားလိုက်သွားသော သတ္တဝါ၊ ခွေး၊ ကြောင်၊ ကျွဲ၊ နွား၊ ကြက်၊ ငှက်၊ ဘဲ၊ မြွေ၊ ကင်းစသည့် တိရစ္ဆာန်တို့ ပေါင်းစုနေရာအရပ်။

(၃) **ပြိတ္တာဘုံ** – အိမ်ကြိုအိမ်ကြား၌ သလိပ်, သရွဲ, ထမင်းလုံးစသည် ကောက်စားရ၊ မြစ်ချောင်းကမ်းနား၌ သားငါးရှာစားရ၊ တောကြီးတောင်ကြီး၌ နေပူ, မီးလောင်, သတ်ဖြတ်ခံနေရသော တဏ္ဍေ, မှင်စာ, ဘီလူး, သားရဲ, သားဘက်, အစိမ်းစသော ပြိတ္တာခေါ် သတ္တဝါတို့နေရာအရပ်။

(၄) **အသူရကာယ်ဘုံ** – ပြိတ္တာအကြီးစားဖြစ်သော အသူရာအပေါင်း၏နေရာအရပ်။

သမုဒ္ဒရာကမ်းခြေ, မြစ်ကမ်းခြေစသည့်၌ နေတတ်ကြ၏၊ ရေမသောက်ရ, အစာမစားရ, ရေထဲဆင်းလျှင် ရေပျောက်၍ သဲပူသာပေါ်၏၊ ဘုံသီးခြားမရှိပါ။

– **အပါယ်ဘုံ၌ ရနိုင်သောပုဂ္ဂိုလ်မှာ** ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တစ်မျိုးသာဖြစ်၏။

မရနိုင်သောပုဂ္ဂိုလ်တို့မှာ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်နှင့် အရိယာ ၈ ဦးဟူသော ပုဂ္ဂိုလ် ၁၁ ဦးဖြစ်၏။

– အသညသတ်ဘုံ၌ ရနိုင်သောပုဂ္ဂိုလ်မှာ – သုဂတိအဟိတ်ပုဂ္ဂိုလ်တစ်မျိုးသာဖြစ်၏။

မရနိုင်သောပုဂ္ဂိုလ်တို့မှာ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်၊ မဂ်ပုဂ္ဂိုလ် ၄ ဦး၊ ဖိုလ်ပုဂ္ဂိုလ် ၄ ဦးဟူသော ပုဂ္ဂိုလ် ၁၁ ဦးဖြစ်၏။

**၁၁၇။ သုဒ္ဓါဝါသငါးဘုံကို သက်တမ်းနှင့်တကွ တွဲစပ်ပြ၍၊ စိတ်ပျံ့လွင့်နေသော ပုဂ္ဂိုလ် အပါယ်ကျနိုင်/မကျနိုင်ကိုလည်း အဘိဓမ္မာအမြင်ဖြင့် ရှင်းလင်းပြပါ။**

(၂၀၁၂၊ စမန ၁၂၁၊ ၁၂၇၊ ၁၃၈)

**အဖြေ – သုဒ္ဓါဝါသငါးဘုံကို သက်တမ်းနှင့်တကွ တွဲစပ်ပြရသော် –**

(၁) အဝိဟာဘုံ – သက်တမ်း = ကမ္ဘာ ၁၀၀၀၊

(၂) အတပ္ပါဘုံ – သက်တမ်း = ကမ္ဘာ ၂၀၀၀၊
(၃) သုဒဿာဘုံ – သက်တမ်း = ကမ္ဘာ ၄၀၀၀၊
(၄) သုဒဿီဘုံ – သက်တမ်း = ကမ္ဘာ ၈၀၀၀၊
(၅) အကနိဋ္ဌဘုံ – သက်တမ်း = ကမ္ဘာ ၁၆၀၀၀၊
– စိတ်ပျံ့လွင့်နေသောပုဂ္ဂိုလ်သည် အပါယ်မကျနိုင်ပါ။ အကြောင်းမှာ –
(ဤစာအုပ် စာမျက်နှာ ၂၂၈ နံပါတ် ၉၀ ၌ ဖြေဆိုထားၿ၏)

**၁၁၈။ ရုပ်ခန္ဓာချည်းနေလျှင် အပြစ်တစ်စုံတစ်ရာမရှိဘဲ အေးမြငြိမ်းချမ်းဖွယ်ရှိသည်ဟု သညာနှင့်တကွ စိတ်, စေတသိက်အားလုံးတို့အပေါ်၌ စက်ဆုပ်အောင် (သညာဝိရာဂ ဘာဝနာ) အဘယ်စျာန်ကိုပွားများရမည်၊ အဘယ်ဘုံသို့ရောက်နိုင်သည်ကို တင်ပြ၍၊ ကံ၏အာရုံ (ကမ္မနိမိတ်) အမျိုးအစားကိုလည်း အဓိပ္ပါယ်နှင့်တကွ ရှင်းပြပါ။**

(၂၀၁၂၊ အခြေပြုသင်္ဂြိုဟ် ၃၀၅–၃၀၆၊ စမန ၃၁၁)

**အဖြေ** – ရုပ်ခန္ဓာချည်းနေလျှင် အပြစ်တစ်စုံတစ်ရာမရှိဘဲ အေးမြငြိမ်းချမ်းဖွယ်ရှိသည်ဟု သညာနှင့်တကွ စိတ်, စေတသိက်အားလုံးတို့အပေါ်၌ စက်ဆုပ်အောင် (သညာဝိရာဂဘာဝနာ) ရူပါဝစရပဉ္စမစျာန်ကို ပွားများရမည်၊ စုတေသည့်အခါ အသညသတ်ဘုံသို့ ရောက်နိုင်ပါသည်။ (စာမျက်နှာ ၂၃၈ နံပါတ် ၁၁၂ အဖြေကိုကြည့်ပါ)

**– ကံ၏အာရုံ (ကမ္မနိမိတ်) အမျိုးအစားကို အဓိပ္ပါယ်နှင့် ရှင်းပြရသော် –**

စုတေပြီး အခြားမဲ့သောဘဝသစ်၌ ပဋိသန္ဓေအကျိုးဖြစ်အောင် အကျိုးပေးခွင့်ရသောကံ၏ အစွမ်းကြောင့် ကမ္မနိမိတ်သည် မရဏာသန္နနိမိတ်အဖြစ် ထင်ပေါ်လာတတ်၏။ ထိုကံကိုပြု စဉ်တုန်းက တွေ့ကြုံရသမျှအာရုံကို **ကမ္မနိမိတ်**ဟုခေါ်၏။ ထိုအာရုံများကား ရူပါရုံ, သဒ္ဒါရုံ စသည်ဖြင့် အာရုံ ၆ ပါးလုံးပင် ထိုက်သလိုဖြစ်နိုင်၏။

ကမ္မနိမိတ်သည် ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်, ဥပကရဏဘူတကမ္မနိမိတ်ဟူ၍ နှစ်မျိုးကွဲပြား၏။ အဆိုပါကံနှင့် ဆက်စပ်၍ တိုက်ရိုက်ရဖူးသော ပဓာနအာရုံကို ''ဥပလဒ္ဓ''အာရုံဟုခေါ်၏။ ကံပြီးမြောက်ဖို့ရာ အခြံအရံမျှဖြစ်သောအာရုံ အပဓာနအာရုံကို ''ဥပကရဏ''အာရုံဟုခေါ်၏။

**ဥပမာ – ကျောင်းဆောက်လှူရာ၌** ကျောင်းသည် ဥပလဒ္ဓအာရုံ၊ ဆွမ်း, သင်္ကန်းစသော အခြံအရံအလှူပစ္စည်းများသည် ဥပကရဏအာရုံဖြစ်၏။

**ဘုရားကိုပန်းလှူရာ၌** ဘုရားသည် ဥပလဒ္ဓအာရုံ၊ ပန်းသည် ဥပကရဏအာရုံဖြစ်၏။

**သားငါးသတ်ရာ၌** သားငါးသည် ဥပလဒ္ဓအာရုံ၊ ဓား, လှံ, လက်နက်တို့သည် ဥပကရဏ အာရုံဖြစ်၏။

# အဘိဓမ္မာ (ဒုတိယဆင့်)
# ရုပ်ပိုင်း

(၁၉၈၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၃၂ နှစ် စာမေးပွဲအမေးအဖြေများ)

**၁။ ဗုဒ္ဓအဘိဓမ္မာ၌ ရုပ်ပေါင်းမည်မျှရှိပါသနည်း၊ ထိုရုပ်တို့တွင် အမည်နှစ်မျိုးအားဖြင့် ခေါ်ဝေါ်ထားသောရုပ်ကား အဘယ်ရုပ်ဖြစ်ပါသနည်း။** (၁၉၈၁၊ စမန ၁၄၅၊ ၁၄၉)

**အဖြေ – ဗုဒ္ဓအဘိဓမ္မာ၌ ရုပ်ပေါင်း ၂၈ ပါးရှိပါသည်။** ဘူတရုပ် ၄ ပါးနှင့် ဥပါဒါရုပ် ၂၄ ပါးတို့ဖြစ်ကြပါသည်။

**– ရုပ် ၂၈ ပါးတွင် အမည်နှစ်မျိုးအားဖြင့် ခေါ်ဝေါ်ထားသောရုပ်ကား –**

''ဥပစယရုပ်'', ''သန္တတိရုပ်''ဟူ၍ အမည်နှစ်မျိုးဖြင့် ခေါ်ဝေါ်ထားသော ''ဇာတိရုပ်'' ဖြစ်ပါသည်။ ရုပ်အစစ်တို့၏ ဥပါဒ်အခိုက်၌ရှိသောရုပ်တည်း။

*ဥပစယရုပ်* – ပဋိသန္ဓေဥပါဒ်မှစ၍ တစ်ဘဝတာအတွက် ရထိုက်သမျှရုပ်များပြည့်စုံသည့်တိုင်အောင် နိပ္ဖန္နရုပ်တို့၏ ဥပါဒ်အခိုက်၌ရှိသော ရုပ်တို့တည်း။

*သန္တတိရုပ်* – တစ်ဘဝတာအတွက် ရထိုက်သမျှရုပ်များပြည့်စုံပြီးသည့်နောက်ပိုင်းတွင် နိပ္ဖန္နရုပ်တို့၏ ဥပါဒ်အခိုက်၌ရှိသော ရုပ်တို့တည်း။

**၂။ ''ရေထဲ၌ မီးရှိသည်၊ မီးထဲ၌ ရေရှိသည်''ဟူသော သိပ္ပံပညာရှင်တို့၏ဝါဒသည် ဗုဒ္ဓအဘိဓမ္မာ၌အကျုံးဝင်ခြင်းရှိ/မရှိ၊ ရူပဝိဘာဂအခန်းကို အခြေခံကာ ဖြေဆိုပါ။** (၁၉၈၁၊ စမန ၁၅၁–၁၅၂)

**အဖြေ – ''ရေထဲ၌ မီးရှိသည်၊ မီးထဲ၌ ရေရှိသည်''ဟူသော သိပ္ပံပညာရှင်တို့၏ဝါဒသည် ဗုဒ္ဓအဘိဓမ္မာ၌ အကျုံးဝင်ပါသည်။** အကြောင်းမှာ – အဘိဓမ္မာရူပဝိဘာဂအခန်း၌ အမြဲတစ်ပေါင်းဖြစ်၍ ခွဲခြမ်းစိတ်ဖြာ၍မရသော ရုပ် ၈ ပါးရှိပါသည်။ ၎င်းတို့မှာ – ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟုခေါ်သော **အဝိနိဗ္ဘောဂရုပ် ၈ ပါး** ဖြစ်ပါသည်။ ၎င်းတို့ကို တစ်ခုစီကွဲပြားသွားအောင် ခွဲခြမ်း၍မရပါ။

ဥပမာ မြေကြီးသည် ပထဝီဓာတ်လွန်ကဲသော အဝိနိဗ္ဘောဂရုပ် ၈ ပါးအပေါင်းအစုဖြစ်၏။ ရေသည် အာပေါဓာတ်လွန်ကဲသော အဝိနိဗ္ဘောဂရုပ် ၈ ပါးအပေါင်းအစုဖြစ်၏။ ထို့ကြောင့် ရေတွင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟူ၍ ရုပ် ၈ မျိုးလုံး ပါဝင်၏၊ တေဇောသည် မီးဓာတ်ဖြစ်သည့်အတွက် **''ရေတွင် မီးရှိသည်''**ဟု ဆိုနိုင်၏။

အလားတူပင် မီးတောက်မီးလျှံသည်လည်း အဝိနိဗ္ဘောဂရုပ် ၈ ခု၏အဖွဲ့အစုပင်ဖြစ်၏၊ တေဇောဓာတ်လွန်ကဲ၍ ပထဝီ၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာတို့လည်း ပါဝင်ကြ၏။ အာပေါသည် ရေဓာတ်ဖြစ်သည့်အတွက် **''မီးတွင် ရေရှိသည်''**ဟု ဆိုနိုင်၏။

ထို့ကြောင့် ''**ရေထဲ၌ မီးရှိသည်၊ မီးထဲ၌ ရေရှိသည်**''ဟူသော သိပ္ပံပညာရှင်တို့၏ဝါဒသည် ဗုဒ္ဓအဘိဓမ္မာ၌ အကျုံးဝင်ပါသည်။

**၃။ ဗုဒ္ဓမြတ်စွာက နိဗ္ဗာန်၏ဂုဏ်ပုဒ်ကို မည်ကဲ့သို့ချီးကျူးထုတ်ဆိုထားတော်မူပါသနည်း။**

(၁၉၈၁၊ အခြေပြုသင်္ဂြိုဟ် ၄၀၃)

**အဖြေ – ဗုဒ္ဓမြတ်စွာက နိဗ္ဗာန်၏ဂုဏ်ပုဒ်ကို ချီးကျူးထုတ်ဆိုထားသည်မှာ**

နိဗ္ဗာန်သည် – ***အစ္စုတံ*** – စုတေရွေ့လျော, သေရခြင်းသဘောလည်းမရှိချေ၊

***အစ္စန္တံ*** – စုတိဟူသော အဆုံးအပိုင်းအခြားကို လွန်လေပြီးသောတရားဖြစ်၏၊

***အသင်္ခတံ*** – ကံ, စိတ်, ဥတု, အာဟာရစသောအကြောင်းတရားတို့ မပြုအပ်သောတရားတည်း၊

***အနုတ္တရံ*** – မိမိထက် မြတ်သောတရားမရှိ၊ အမြတ်ဆုံးတရားဖြစ်၏။

***ပဒံ*** – ရောက်သင့်ရောက်ရန်, လျှော်ကန်သင့်မြတ်, ထင်ရှားရှိသော နိဗ္ဗာနဓာတ်ဖြစ်တော်မူပါပေ၏ဟူ၍ မုနိထွတ်တင် ဘုရားရှင်တို့ ဟောကြားတော်မူကြကုန်၏။

**၄။ ''ရုပ်ရုပ်ချင်း စကားပြောသည်၊ ငါ့ဦးနှောက်က သိသည်''စသည်ဖြင့် ပြောဆိုသော စကားများသည် ဗုဒ္ဓအဘိဓမ္မာနှင့် ညီညွတ်ခြင်းရှိ/မရှိ သင်္ဂြိုဟ်နှင့် ညှိ၍ စိစစ်ဆုံးဖြတ်ပါ။**

(၁၉၈၂၊ စမန ၁၄၅၊ ၁၅၀၊ ၁၅၅)

**အဖြေ** – ''**ရုပ်ရုပ်ချင်း စကားပြောသည်၊ ငါ့ဦးနှောက်က သိသည်**''စသည်ဖြင့် ပြောဆိုသော စကားများသည် ဗုဒ္ဓအဘိဓမ္မာနှင့် ညီညွတ်ခြင်းမရှိပါ။

အဘိဓမ္မာသင်္ဂြိုဟ်အရ ''ရုပ်''ဟူသည်မှာ အပူအအေးစသည့်ဆန့်ကျင်ဘက်အကြောင်းကြောင့် ဖောက်ပြန်ပြောင်းလဲတတ်သော သဘောတရားဖြစ်၏။ အမှန်တကယ်ရှိသောရုပ်တရားတို့မှာ ကြီးကျယ်ထင်ရှားသဖြင့် ''မဟာဘုတ်''အမည်ရသော ပထဝီ, အာပေါ, တေဇော, ဝါယော ခေါ် ဘူတရုပ် ၄ ပါးနှင့် ဘူတရုပ်တို့ကိုမှီ၍ဖြစ်သော ဥပါဒါရုပ်ခေါ် အမှီရုပ် ၂၄ ပါးတို့ဖြစ်ကြ၏။

ပထဝီသည် ခက်မာခြင်း, ပျော့ခြင်းသဘောလက္ခဏာရှိ၏၊ အာပေါသည် ဖွဲ့စည်းခြင်း, ယိုစီးခြင်း သဘောလက္ခဏာရှိ၏၊ တေဇောသည် ပူခြင်း, အေးခြင်းလက္ခဏာရှိ၏၊ ဝါယောသည် ထောက်ကန်ခြင်း, တွန်းကန်ခြင်းသဘောလက္ခဏာရှိ၏၊

ရုပ်အားလုံးသည် **အနာရမ္မဏ** – အာရုံများကို မယူနိုင်, မသိနိုင်ကြပါ။

ထို့ကြောင့် ဦးနှောက်သည် ရုပ်သာဖြစ်၍ ''ငါ့ဦးနှောက်က သိသည်''ဆိုခြင်းမှာ ဗုဒ္ဓအဘိဓမ္မာ အဆိုအမိန့်နှင့် မညီညွတ်ပါ။

ရုပ် ၂၈ ပါးလုံးပင် အာရုံများကို မယူနိုင်, မသိနိုင်သဖြင့် စကားလည်းမပြောနိုင်ကြပါ။ စိတ်က စိတ္တဇဝစီဝိညတ်ရုပ်ကို ဖြစ်စေပြီး ဤဝစီဝိညတ်ခေါ် နှုတ်အမူအရာ အထူးဖြင့် **စကားသံဟူသည့် ဝစီဝိညတ္တိသဒ္ဒဒသကရုပ်ကလာပ်** ဖြစ်ပေါ်လာသည်။ ထို့ကြောင့် **စိတ်ဖြင့် ဝစီဝိညတ္တိသဒ္ဒဒသကရုပ်ကလာပ်များကိုဖြစ်စေပြီး စကားပြောဆိုကြပါသည်။**

ထို့ကြောင့် ''**ရုပ်ရုပ်ချင်း စကားပြောသည်၊ ငါ့ဦးနှောက်က သိသည်**''စသည်ဖြင့် ပြောဆိုသော စကားများသည် ဗုဒ္ဓအဘိဓမ္မာနှင့် ညီညွတ်ခြင်း မရှိပါ။

**၅။ အလှအပစိုက်ထားသောဂမုံးပင်များ၌ အသက်ဝင်လာသည်၊ အသက်ရှိသည်ဟူ**

**သော အယူအဆသည် မှန်–မမှန် ကျမ်းနှင့်ညှိ၍ စိစစ်ပါ။**
(၁၉၈၂၊ စမန ၁၄၈၊ ၁၅၀၊ ၁၅၆)

**အဖြေ** – အလုအပစိုက်ထားသော ဂမုံးပင်များ၌ အသက်ဝင်လာသည်၊ အသက်ရှိသည်ဟူသော အယူအဆသည် အဘိဓမ္မာသင်္ဂြိုဟ်ကျမ်းအဆိုအရ မမှန်ကန်ပါ။

အဘိဓမ္မာအဆိုအရ သက်ရှိသတ္တဝါတို့၏ခန္ဓာကိုယ်ပြင်ပဖြစ်သော ဗဟိဒ္ဓသန္တာန်၌ ဥတုဇ သုဒ္ဓဋ္ဌကကလာပ်နှင့် ဥတုဇသဒ္ဒနဝကကလာပ် ၂ စည်းကိုသာရအပ်၏။

ထို့ကြောင့် ဂမုံးပင်စသော သစ်ပင်အားလုံး၌ ဥတုဇသုဒ္ဓဋ္ဌကကလာပ်တစ်မျိုးသာရအပ်၏။ လေတိုက်၍ သစ်ကိုင်းများကြိတ်ခတ်သံ, တုံးခေါက်သံတို့မှာ ဥတုဇသဒ္ဒနဝကကလာပ်ချည်းသာ ဖြစ်ကြ၏။

သို့ဖြစ်၍ ဂမုံးပင်စသည့်သစ်ပင်အားလုံး၌ ''ရုပ်အသက်''ဟုခေါ်ဆိုသော ''ဇီဝိတရုပ်'' မရှိချေ။ '**နာမ်အသက်**'ဟုခေါ်ဆိုရသော ''**ဇီဝိတိန္ဒြေစေတသိက်**''လည်း မပါရှိချေ။

သို့အတွက် အလုအပစိုက်ထားသော ဂမုံးပင်များ၌ အသက်ဝင်လာသည်၊ အသက်ရှိသည်ဟူသော အယူအဆသည် ကျမ်းဂန်နှင့် ညှိ၍စိစစ်လျှင် မမှန်ကန်ပါ။

**၆။ ရန်သူ၏လက်ချက်ကြောင့် မျက်စိနှစ်လုံးဆုံးရှုံးရရှာသောယောက်ျား၌ ဖြစ်ခွင့်ရှိသော ကမ္မဇရုပ်စုများကို ကောက်ပြပါ။** (၁၉၈၂၊ စမန ၁၅၄–၁၅၆)

**အဖြေ** – ရန်သူ၏လက်ချက်ကြောင့် မျက်စိနှစ်လုံးဆုံးရှုံးရရှာသောယောက်ျား၌ ဖြစ်ခွင့်ရှိသော ကမ္မဇရုပ်စုများမှာ စက္ခုဒသကကလာပ်နှင့် ဣတ္ထိဘာဝဒသကကလာပ်ကြဉ်သော ဇီဝိတနဝကကလာပ်၊ သောတဒသကကလာပ်၊ ဃာနဒသကကလာပ်၊ ဇိဝှာဒသကကလာပ်၊ ကာယဒသကကလာပ်၊ ပုမ္ဘာဝဒသကကလာပ်၊ ဟဒယဒသကကလာပ်ဟူသော ကမ္မဇရုပ်ကလာပ် ၇ စည်းဖြစ်ပါသည်။

**၇။ အသံဖြစ်ကြောင်း သမုဋ္ဌာန်တို့တွင် အောက်ပါအသံများသည် မည်သည့်သမုဋ္ဌာန်ကြောင့် ဖြစ်ပါသနည်း။ (က) မိုးချုန်းသံ၊ (ခ) စာကျက်သံ။** (၁၉၈၃၊ စမန ၁၅၆၊ ၁၅၅)

**အဖြေ** – (က) မိုးချုန်းသံသည် ဥတုဇသဒ္ဒနဝကကလာပ်ဖြစ်သဖြင့် ဥတုသမုဋ္ဌာန်ဖြစ်ပါသည်။ (ခ) စာကျက်သံသည် စိတ္တဇဝစီဝိညတ္တိ သဒ္ဒဒသကကလာပ်ဖြစ်သဖြင့် စိတ်သမုဋ္ဌာန် ဖြစ်ပါသည်။

**၈။ အဏုမြူတစ်ခုတွင် အပါအဝင်ဖြစ်သော ကလာပ်စည်းတစ်ခုအတွင်းရှိ ရုပ် ၈ ပါးကို အသီးသီးခွဲခြားဖော်ပြပါ။** (၁၉၈၃၊ စမန ၁၅၅၊ ၁၅၁၊ ၁၄၄၊ ၁၄၇၊ ၁၄၈)

**အဖြေ** – အဏုမြူတစ်ခုတွင် အပါအဝင်ဖြစ်သော ကလာပ်စည်းတစ်ခုအတွင်းရှိ ရုပ် ၈ ပါးမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာတို့ဖြစ်ပါသည်။

| | |
|---|---|
| (၁) ပထဝီ = ခက်မာခြင်း, ပျော့ခြင်းသဘော၊ | (၃) တေဇော=ပူခြင်း,အေးခြင်းသဘော၊ |
| (၂) အာပေါ = ဖွဲ့စည်းခြင်း,ယိုစီးခြင်းသဘော၊ | (၄) ဝါယော = ထောက်ကန်, တွန်းကန်ခြင်းသဘော၊ |

(၅) ဝဏ္ဏ = အဆင်း (ရူပါရုံ)၊
(၆) ဂန္ဓ = အနံ့ (ဂန္ဓာရုံ)
(၇) ရသ = အရသာ (ရသာရုံ)
(၈) သြဇာ = အာဟာရရုပ်တို့ ဖြစ်ကြ၏။

**၉။ လူ့ဘဝအစ ပဋိသန္ဓေကာလ၌ မရကောင်းသောရုပ်များကို ရေတွက်ဖော်ပြပါ။**
(၁၉၈၃၊ စမန ၁၅၇၊ ၁၄၈၊ ၁၄၉)

**အဖြေ – လူ့ဘဝအစ ပဋိသန္ဓေကာလ၌ မရကောင်းသောရုပ်များမှာ –**
သဒ္ဒရုပ်၊ ဝိကာရရုပ် ၅ ပါး၊ ဇရတာရုပ်၊ အနိစ္စတာရုပ်ဟူသော ရုပ် ၈ ပါးတည်း။
(၁) သဒ္ဒရုပ် = အသံ၊
(၂–၆) ဝိကာရရုပ် ၅ ပါး = ကာယဝိညတ်ရုပ်၊ ဝစီဝိညတ်ရုပ်၊ လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ်၊
(၇) ဇရတာရုပ် = နိပ္ဖန္နရုပ်တို့၏ 'ဌီ'အခိုက်၌ ရှိသောရုပ်၊
(၈) အနိစ္စတာရုပ် = နိပ္ဖန္နရုပ်တို့၏ ချုပ်ပျက်ခြင်း 'ဘင်'အခိုက်၌ ရှိသောရုပ်တို့တည်း။

**၁၀။ ''စိတ်ကြောင့် ရုပ်ဖြစ်သည်''ဆိုလျှင် (က) အဘယ်စိတ်က (ခ) အဘယ်ရုပ်ကို (ဂ) အဘယ်ကာလ၌ဖြစ်စေပါသနည်း၊ ဗုဒ္ဓအဘိဓမ္မာအရ ခွဲခြားဖြေဆိုပါ။**
(၁၉၈၄၊ စမန ၁၅၂၊ ၁၅၃)

**အဖြေ** – (က) ဒွေပဉ္စဝိညာဏ် ၁၀ ပါး၊ အရူပဝိပါက် ၄ ပါး၊ ရဟန္တာတို့၏စုတိစိတ်၊ အားလုံးသော ပဋိသန္ဓေစိတ်ကြဉ်သည့် စိတ် ၇၅ ပါးတို့သည် –
(ခ) စိတ္တဇရုပ် ၁၅ ပါး (အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ပရိစ္ဆေဒရုပ်၊ သဒ္ဒရုပ်၊ ဝိညတ်ရုပ် ၂ ပါး၊ လဟုတာဒိရုပ် ၃ ပါး) ကို၊
(ဂ) ပဋိသန္ဓေနောင် ပထမဘဝင်စိတ်ဥပါဒ်မှစ၍ စိတ်ဥပါဒ်တိုင်း ဥပါဒ်တိုင်းဖြစ်စေပါသည်။

**၁၁။ ရုပ်တို့ကို ရုပ်ကလာပ်အဖြစ်ဖွဲ့စည်းရာတွင် လိုအပ်သောအင်္ဂါရပ်များကို ဖော်ပြပါ။**
(၁၉၈၄၊ စမန ၁၅၄)

**အဖြေ** – ရုပ်တို့ကို ရုပ်ကလာပ်အဖြစ်ဖွဲ့စည်းရာတွင် လိုအပ်သောအင်္ဂါရပ်များမှာ –
(၁) *ဧကုပ္ပါဒ* – ပါဝင်သောရုပ်တို့က အတူတကွဖြစ်ခြင်း၊
(၂) *ဧကနိရောဓ* – ပါဝင်သောရုပ်များ အတူတကွချုပ်ပျက်ခြင်း၊
(၃) *ဧကနိဿယ* – တူသောမှီရာ (မဟာဘုတ် ၄ ပါး) ရှိခြင်း၊
(၄) *သဟဝုတ္တိ* – ခွဲခြား၍မရအောင် ပေါင်းရောနေခြင်းတို့ဖြစ်၏။

**၁၂။ လူသားများ ပဋိသန္ဓေတည်နေခိုက် ဥပါဒ်ခဏ၌ ရနိုင်ကောင်းသောရုပ်ပေါင်း ၃၀ ကို ရေတွက်ပြပါ။**
(၁၉၈၄၊ စမန ၁၅၇၊ ၁၅၄–၁၅၅)

**အဖြေ** – လူသားများ (ဂဗ္ဘသေယျကသတ္တဝါ) ပဋိသန္ဓေတည်နေခိုက် ဥပါဒ်ခဏ၌ ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ်ဟူသော ''ကလာပ် ၃

စည်း, ရုပ် ၃၀''ဖြစ်ပါသည်။ ရုပ် ၃၀ ကို ရေတွက်ပြရသော်

(၁) ကာယဒကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ ကာယပသာဒရုပ်၊

(၂) ဘာဝဒကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ ဘာဝရုပ် (ဣတ္ထိဘာဝရုပ် သို့မဟုတ် ပုမ္ဘာဝရုပ်)

(၃) ဝတ္ထုဒကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ ဟဒယဝတ္ထုရုပ်၊

စုစုပေါင်း ရုပ် ၃၀ ဖြစ်ပါသည်။

**၁၃။ ရုပ် ၂၈ ပါးတို့တွင် ပရမတ်ရုပ် – ပညတ်ရုပ်တို့ကို အကျဉ်းမျှခွဲခြားဖော်ပြပြီးလျှင် ယင်းသို့ကွဲပြားစေခြင်း၏သဘောလက္ခဏာများကိုလည်း ဖော်ပြပါ။**

(၁၉၈၅၊ စမန ၁၄၉၊ ၁၅၀)

**အဖြေ** – ရုပ် ၂၈ ပါးတို့တွင် ပရမတ်ရုပ် – ပညတ်ရုပ်တို့ကို အကျဉ်းမျှခွဲခြားဖော်ပြရလျှင်

(က) **ပရမတ်ရုပ် ၁၈ ပါးရှိရာ ၎င်းတို့မှာ** – ဘူတရုပ် ၄ ပါး၊ ပသာဒရုပ် ၅ ပါး၊ ဂေါစရရုပ် ၄ ပါး၊ ဘာဝရုပ် ၂ ပါး၊ ဟဒယဝတ္ထုရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်တို့ဖြစ်ပါသည်။

(ခ) **ပညတ်ရုပ် ၁၀ ပါး ရှိရာ ၎င်းတို့မှာ** – ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ် ၂ ပါး၊ ဝိကာရရုပ် ၃ ပါး၊ လက္ခဏာရုပ် ၄ ပါးတို့ဖြစ်ပါသည်။

– ယင်းသို့ကွဲပြားစေခြင်း၏သဘောလက္ခဏာများမှာ –

(၁) ပရမတ်ရုပ်တို့သည် ကံ, စိတ်, ဥတု, အာဟာရဟူသောအကြောင်း ၄ ပါးတို့က ဖြစ်စေကြသဖြင့် ''**နိပ္ဖန္နရုပ်များ**''ဟုလည်း အမည်ရကြ၏။ ပညတ်ရုပ်တို့သည် အကြောင်း ၄ ပါးတို့ မဖြစ်စေ, မပြီးစေသည့်အတွက် ''**အနိပ္ဖန္နရုပ်များ**''ဟု အမည်ရကြ၏။

(၂) ပရမတ်ရုပ်တို့သည် ခက်မာခြင်းစသည့်သဘောတရားလက္ခဏာကိုယ်စီရှိကြသဖြင့် ''**သဘာဝရုပ်များ**''ဟုလည်း အမည်ရ၏။ ပညတ်ရုပ်တို့သည် သဘောလက္ခဏာကိုယ်စီ မရှိသဖြင့် ''**အသဘာဝရုပ်**'' မည်၏။

(၃) ပရမတ်ရုပ်များသည် ဥပါဒ်, ဇရာ, အနိစ္စတာဟူသော သင်္ခတလက္ခဏာတို့နှင့်တကွ ဖြစ်သောကြောင့် ''**သလက္ခဏရုပ်**''ဟုလည်း အမည်ရ၏။ ပညတ်ရုပ်များသည် သင်္ခတလက္ခဏာတို့နှင့်တကွ မဖြစ်သောကြောင့် ''**အလက္ခဏရုပ်**''ဟု အမည်ရ၏။

(၄) ပရမတ်ရုပ်များသည် အပူအအေးစသည့်ဆန့်ကျင်ဘက်အကြောင်းများကြောင့် ဖောက်ပြန်ပြောင်းလဲတတ်သည့်အတွက် ''**ရူပရုပ်**''ဟု အမည်ရ၏။ ပညတ်ရုပ်များက မဖောက်ပြန်ခြင်းကြောင့် ''**အရူပရုပ်**''ဟု အမည်ရကြ၏။

(၅) ပရမတ်ရုပ်များသည် အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာယာဉ်သို့တင်ကာ သုံးသပ်ထိုက်သောကြောင့် ''**သမ္မသနရုပ်**''ဟု အမည်ရကြ၏။ ပညတ်ရုပ်များကမူ ဝိပဿနာမရှုအပ်သောကြောင့် ''**အသမ္မသနရုပ်**''ဟု အမည်ရကြ၏။

**၁၄။ နောင်ဘဝသစ်ကို ဖြစ်ပေါ်လာအောင် တည်ဆောက်နိုင်စွမ်းသောအကြောင်းကံတို့ကို ဖော်ပြပြီးလျှင် နောင်ဘဝသစ်တွင် ထိုကံက မည်သည့်အချိန်မှစ၍ ရုပ်**

**တရားတို့ကို ဖြစ်ပေါ်စေနိုင်ပါသနည်း။** (၁၉၈၅၊ စမန ၁၅၂)

**အဖြေ** – နောင်ဘဝသစ်ကို ဖြစ်ပေါ်လာအောင် တည်ဆောက်နိုင်စွမ်းသောအကြောင်း

ကံတို့မှာ – ကမ္မပထမြောက်သော အကုသိုလ်ကံ ၁၂ ပါး၊ မဟာကုသိုလ်ကံ ၈ ပါး၊ ရူပကုသိုလ်ကံ ၅ ပါးနှင့် အရူပကုသိုလ်ကံ ၄ ပါး၊ ပေါင်း – ကံ ၂၉ ပါးဖြစ်ပါသည်။

**– ဤကံတို့အနက် အရူပကုသိုလ် ၄ ပါးကြဉ်သော ကံ ၂၅ ပါးတို့သည် နောင်ဘဝသစ်တွင် ပဋိသန္ဓေစိတ်ဥပါဒ်ခဏမှစ၍ ကမ္မဇရုပ်တို့ကို ဖြစ်စေ၏၊** ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ ခဏငယ်တိုင်း ခဏမစဲ ကမ္မဇရုပ်တို့ကို ဖြစ်စေပါသည်။

**၁၅။ လူသားတစ်ဦး၏ပဋိသန္ဓေတွင် နာမ်ပါ/မပါ၊ ပဋိသန္ဓေတည်စခဏ၌ ရုပ်အတုံးအခဲချည်းသာဟုတ်/မဟုတ် ဗုဒ္ဓအဘိဓမ္မာပညာဖြင့် နက်နဲစွာဆင်ခြင်၍ ဝေဖန်ဖော်ပြခဲ့ပါ။** (၁၉၈၅၊ စမန ၁၄၂၊ ၁၄၃)

**အဖြေ – လူသားတစ်ဦး၏ပဋိသန္ဓေတွင် နာမ်ပါဖြစ်ပါသည်၊ ပဋိသန္ဓေတည်စခဏ၌ ရုပ်အတုံးအခဲချည်းသာ ဖြစ်သည်မဟုတ်ပါ။ ဗုဒ္ဓအဘိဓမ္မာပညာဖြင့် ဝေဖန်ပြရသော်** ကာမကုသိုလ်ကံတစ်ခုက လူသားတစ်ဦး၏ပဋိသန္ဓေကိုဖြစ်စေရာတွင် ပဋိသန္ဓေတည်စခဏ၌ ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ်ဟူသော ကလာပ် ၃ စည်း ရုပ် ၃၀ တို့ကို ကလလရေကြည်အဖြစ် ဖြစ်စေ၏။ ထိုပဋိသန္ဓေတည်စခဏ၌ပင်လျှင် ပဋိသန္ဓေစိတ်အမည်ရသော မဟာဝိပါက်စိတ်နှင့်ယှဉ်ဖက်စေတသိက်များကိုလည်း ထိုအကျိုးပေးသောကံက တစ်ပြိုင်နက် ဖြစ်စေပါသည်။ ဝတ္ထုဒသကကလာပ်တွင်ပါသော ဟဒယဝတ္ထုကိုမှီ၍ ပဋိသန္ဓေစိတ်စေတသိက်တို့ ဖြစ်ပေါ်ကြသည်။

သို့ဖြစ်၍ လူသားတစ်ဦး၏ပဋိသန္ဓေတွင် ရုပ်နာမ်နှစ်ပါးလုံး ခန္ဓာငါးပါးအဖြစ် ဖြစ်ပေါ်ကြပါသည်။ ရုပ်အတုံးအခဲချည်းမဟုတ်ဘဲ နာမ်လည်း တစ်ပြိုင်တည်းဖြစ်ပါသည်။

**၁၆။ လူသားတိုင်း လူသားတိုင်း ဝန်းကျင်ခက်နွယ်၊ နောင်ကြိုးတွယ်လျက်၊ ပြုံးရယ်မဲ့ငို၊ ချစ်မုန်းပိုတတ်ကြ၏၊ လူသားတို့အတွက် ပြုံးရယ်မှုကို ဖြစ်စေတတ်သော ဇောစိတ်များကို ဗုဒ္ဓအဘိဓမ္မာနည်းအရ ထုတ်ပြခဲ့ပါ။** (၁၉၈၆၊ စမန ၁၅၂)

**အဖြေ – လူသားတို့အတွက် ပြုံးရယ်မှုကိုဖြစ်စေတတ်သောဇောစိတ်များမှာ –**

(၁) လောဘမူသောမနဿဇောစိတ် ၄ ပါးနှင့် မဟာကုသိုလ်သောမနဿဇောစိတ် ၄ ပါးတို့သည် ပုထုဇဉ်လူသားတို့၏ ပြုံးရယ်မှုကို ဖြစ်စေတတ်ပါသည်။

(၂) လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ် သောမနဿဇော ၂ ပါးနှင့် မဟာကုသိုလ်သောမနဿဇောစိတ် ၄ ပါးတို့သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော သေက္ခပုဂ္ဂိုလ်တို့၏ ပြုံးရယ်မှုကိုဖြစ်စေတတ်ပါသည်။

(၃) ဟသိတုပ္ပါဒ်ဇောစိတ်နှင့် မဟာကြိယာသောမနဿဇောစိတ် ၄ ပါးတို့သည် မြတ်စွာဘုရားနှင့် ရဟန္တာများ၏ပြုံးရယ်မှုကို ဖြစ်စေတတ်ပါသည်။

**၁၇။ ရုပ်ဖြစ်စဉ်အရ သတ္တဝါအမျိုးအစားများကိုထုတ်ပြ၍ ယနေ့သိပ္ပံခေတ်၌ ပညာ**

**ရှင်တို့မသိကြသေးသော သတ္တဝါများကိုလည်း ထုတ်ပြခဲ့ပါ။**

(၁၉၈၆၊ စမန ၁၅၆)

**အဖြေ – ရုပ်ဖြစ်စဉ်အရ သတ္တဝါအမျိုးအစားများမှာ –**

(၁) **သံသေဒဇသတ္တဝါ** – ပဒုမ္မာကြာတိုက်, သစ်ခေါင်း, သစ်သီး, ရွှံ့ညွန်, ရေပုပ်, အညစ်အကြေးစသည်တို့၌ဖြစ်သောသတ္တဝါ (ပဒုမဝတီ၊ ဝေဠုဝတီ၊ ခြင်၊ ယင်၊ ပိုးလောက်)

(၂) **ဩပပါတိက (ဝါ) ဥပပတ်သတ္တဝါ** – ဘဝဟောင်းမှစုတိပြီးသည်နှင့် တစ်ပြိုင်နက် ကောင်းကင်မှ ဘွားကနဲကျလာသကဲ့သို့ ခန္ဓာကိုယ်အထင်အရှားဖြစ်သောသတ္တဝါ (ကမ္ဘာဦး လူ၊ နတ်၊ ပြိတ္တာများ)

(၃) **ဂဗ္ဘသေယျကသတ္တဝါ** – အမိဝမ်းတွင်း၌ ကိန်းအောင်း၍ ပဋိသန္ဓေနေသောသတ္တဝါ၊ ဂဗ္ဘသေယျကသတ္တဝါနှစ်မျိုးကွဲပြားသည်။ ၎င်းတို့မှာ –

(က) ဇလာဗုဇသတ္တဝါ – သားအိမ်၌ ပဋိသန္ဓေနေသူ (လူ၊ ကြောင်၊ ခွေး)

(ခ) အဏ္ဍဇသတ္တဝါ – ဥခွံတွင်း၌ ပဋိသန္ဓေနေသူ (ကြက်၊ ငှက်၊ ဘဲ)

– ယနေ့သိပ္ပံခေတ်၌ ပညာရှင်တို့ မသိကြသေးသော သတ္တဝါများမှာ **ဩပပါတိကသတ္တဝါ** (ဝါ) **ဥပပတ်သတ္တဝါ**တို့ ဖြစ်ပါသည်။

**၁၈။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ နေ့စဉ်တောင့်တလျက်ရှိသော နိဗ္ဗာန်ဟူသောစကား၏ အဓိပ္ပါယ်ကို ဘုရားရှင်က မည်ကဲ့သို့ ဟောခဲ့ပါသနည်း၊ ရုပ်ပိုင်းလာဂါထာအရ ကျမ်းဆရာ၏အာဘော်ကျအောင် အကျဉ်းချုပ်ဖြေဆိုခဲ့ပါ။**

(၁၉၈၆၊ စမန ၁၅၉၊ အခြေပြုသင်္ဂြိုဟ် ၃၉၉)

**အဖြေ – ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ နေ့စဉ်တောင့်တလျက်ရှိသော နိဗ္ဗာန်ဟူသော စကား၏အဓိပ္ပါယ်ကို ဘုရားရှင်ဟောခဲ့ပုံမှာ –**

''သောတာပတ္တိမဂ်ဉာဏ်စသည့် လောကုတ္တရာမဂ်ဉာဏ်လေးပါးဖြင့် မျက်မှောက်ပြုထိုက်သော မဂ်ဖိုလ်တရားတို့၏အာရုံဖြစ်သော နိဗ္ဗာန်သည် ဝါနဟုဆိုအပ်သောတဏှာမှ ထွက်မြောက်တတ်သည့်အဖြစ်ကြောင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်၏။''

''လောဘ၏ချုပ်ငြိမ်းခြင်း၊ ဒေါသ၏ချုပ်ငြိမ်းခြင်း၊ မောဟ၏ချုပ်ငြိမ်းခြင်းတို့ကို နိဗ္ဗာန်ဟု ခေါ်ပါသည်။ (သံယုတ် ၃၈၊ ၁)

**၁၉။ ပြုံးရယ်ခြင်းသည် လူသားတို့၏ထူးခြားသောမြတ်နိုးဖွယ် အမူအရာတစ်ခုဖြစ်ခဲ့ရာ ထိုအမူအရာကောင်းဖြစ်ပေါ်လာအောင် မည်သည့်စိတ်များက ပြုလုပ်ပေးပါသနည်း၊ စိစစ်ပြခဲ့ပါ။** (၁၉၈၇၊ စမန ၁၅၂)

**အဖြေ** – ပြုံးရယ်ခြင်းဟူသည့် မြတ်နိုးဖွယ် အမူအရာကောင်းဖြစ်ပေါ်လာအောင် ပြုလုပ်ပေးကြသောစိတ်များမှာ ကာမသောမနဿဇောစိတ် ၁၃ ပါးဖြစ်ပါသည်။ ဤဇောစိတ်တို့မှာ လောဘမူသောမနဿဇောစိတ် ၄ ပါး၊ မဟာကုသိုလ်သောမနဿဇောစိတ် ၄ ပါး၊ မဟာကြိယာသောမနဿဇော ၄ ပါး၊ ဟသိတုပ္ပါဒ်သောမနဿဇောစိတ်တို့ဖြစ်ပါသည်။ ၎င်းတို့အနက်

(၁) လောဘမူသောမနဿဇောစိတ် ၄ ပါးနှင့် မဟာကုသိုလ်သောမနဿဇောစိတ် ၄ ပါး တို့သည် ပုထုဇဉ်တို့၏ပြုံးရယ်ခြင်းကို ဖြစ်စေ၏။

(၂) လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ် သောမနဿဇောစိတ် ၂ ပါးနှင့် မဟာကုသိုလ်သောမနဿဇောစိတ် ၄ ပါးတို့သည် သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့၏ပြုံးရယ်ခြင်းကို ဖြစ်စေ၏။

(၃) ဟသိတုပ္ပါဒ်သောမနဿဇောစိတ်နှင့် မဟာကုသိုလ်သောမနဿဇောစိတ် ၄ ပါးတို့သည် ဘုရား, ရဟန္တာတို့၏ ပြုံးရယ်ခြင်းကို ဖြစ်စေ၏။

**၂၀။ လူသေသောအခါ လူ၌ဖြစ်သောရုပ်လေးပါးတို့၏နောက်ဆုံးချုပ်ပျက်ပုံကို အဘိဓမ္မာကျမ်းလာအတိုင်း ဖြေဆိုပါ။** (၁၉၈၇၊ စမန ၁၅၇၊ ၁၅၈)

**အဖြေ** – လူသေသောအခါ လူ၌ဖြစ်သောရုပ်လေးပါးတို့၏နောက်ဆုံးချုပ်ပျက်ပုံကို အဘိဓမ္မာကျမ်းလာအရဖြေဆိုရသော် –

(၁) ဘဝတစ်ခုတွင် ကမ္မဇရုပ်နှင့် ဇီဝိတိန္ဒြေစေတသိက်တို့သည် အတူဖြစ်၍၊ အတူချုပ်ကြရ၏။ ထို့ကြောင့် **ကမ္မဇရုပ်တို့သည်** စုတိစိတ်အထက် နောက်ပြန်ရေတွက်လျှင် ၁၇ ချက်မြောက်သောစိတ်၏ဥပါဒ်အခိုက်၌ နောက်ဆုံးဖြစ်၏။ ထိုနောက်ဆုံးဖြစ်သောကမ္မဇရုပ်သည် စုတိစိတ်ချုပ်သည့်အခါ စိတ္တက္ခဏ ၁၇ ချက်ရုပ်သက်စေ့သဖြင့် စုတိစိတ်နှင့်ပြိုင်၍ ချုပ်၏။ သို့ဖြစ်၍ စုတိစိတ်ချုပ်ငြိမ်းချိန်၌ ကမ္မဇရုပ်လည်း ချုပ်ငြိမ်းလေပြီ။

(၂) ရဟန္တာတို့၏စုတိစိတ်မှတစ်ပါး အားလုံးသောသတ္တဝါတို့၏စုတိစိတ်သည် ရုပ်ကိုဖြစ်စေနိုင်သဖြင့် စုတိစိတ်၏ဥပါဒ်ခဏ၌ **စိတ္တဇရုပ်**နောက်ဆုံးဖြစ်၏။ ဤစိတ္တဇရုပ်သည် စုတိစိတ်ချုပ်ငြိမ်းချိန်၌ စိတ္တက္ခဏ ၁ ချက် ရုပ်သက်ရခဲ့ပြီး၍ နောက်ထပ် စိတ္တက္ခဏ ၁၆ ချက်သက်တမ်းကျန်သေး၏။ ထို့ကြောင့် စုတိစိတ်ချုပ်ပြီးနောက် စိတ္တက္ခဏ ၁၆ ချက် ကြာသောအခါ စိတ္တဇရုပ်လည်း အားလုံးချုပ်ငြိမ်းလေပြီ။

(၃) ဗဟိဒ္ဓစားမျိုးအပ်သော အစာအာဟာရလည်းရှိစေ၊ အဇ္ဈတ္တအာဟာရနှင့်ပေါင်းမိသည်လည်းဖြစ်စေ၊ ဝိညာဏ်အထောက်အပံ့ရသည်လည်းဖြစ်စေ၊ ဤအကြောင်းသုံးချက်ညီညွတ်လျှင် အာဟာရဇရုပ်ဖြစ်၏။ သို့ဖြစ်၍ **အာဟာရဇရုပ်**သည် စုတိစိတ်၏ဘင်ခဏတိုင်အောင် ဖြစ်၏။ ဤနောက်ဆုံးဖြစ်သော အာဟာရဇရုပ်သည် စုတိစိတ်ချုပ်ငြိမ်းချိန်တွင် ခဏငယ်တစ်ချက်သာရုပ်သက်ရသေးသဖြင့် နောက်ခဏငယ် ၅၀ ချက်ကြာသောအခါ အာဟာရဇရုပ်လည်း အကုန်ချုပ်ငြိမ်းလေပြီ။

(၄) ရုပ်ကလာပ်တစ်ခုစီတွင် ပါရှိသော တေဇောဓာတ်သည် ရုပ်ကလာပ်၏ဌီအချိန်မှစ၍ ခဏငယ်တိုင်းဥတုဇရုပ်သစ်ကို ဖြစ်စေ၏။ ထို့ကြောင့် **ဥတုဇရုပ်များသည်** စုတိပြီးနောက်၌လည်း ဆက်ကာဆက်ကာဖြစ်ပျက်သွားကြ၏။ ထို့ကြောင့် အလောင်းကောင်သည် ဥတုဇရုပ်များသာဖြစ်၏။ အလောင်းကောင်ပုပ်ပွ, ဆွေးမြေ့၍ မြေမှုန့်များဖြစ်သည့်တိုင်အောင် ဥတုဇရုပ်ကလာပ်တို့သည် ဆက်ကာဆက်ကာဖြစ်ပျက်နေကြလိမ့်မည်။

**၂၁။ နိဗ္ဗာန်သည် သေပြီးမှ ရအပ်သောတရားမျိုးဖြစ်ပါသလော၊ သင်္ဂဟကျမ်းလာနိဗ္ဗာန်**

**၂ မျိုးကိုကိုးကားလျက် ကျေနပ်ဖွယ်ဖြစ်အောင် ဖြေဆိုပါ။**

(၁၉၈၇၊ အခြေပြုသင်္ဂြိုဟ် ၄၀၀–၄၀၁)

**အဖြေ – နိဗ္ဗာန်သည်သေပြီးမှ ရအပ်သောတရားမျိုး မဟုတ်ပါ။**

နိဗ္ဗာန်သည် တစ်မျိုးတည်းသာရှိပါသော်လည်း မှတ်သားကြောင်း ပရိယာယ်အားဖြင့် သဥပါဒိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသနိဗ္ဗာန်ဟူ၍ နှစ်ပါးအပြားရှိ၏။

မဂ်ဉာဏ်လေးပါးဖြင့် ကိလေသာအားလုံးကို ပယ်ပြီးသောအခါ ခန္ဓာအစဉ်၌ ကိလေသာကုန်သွားသော်လည်း ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်များကြွင်းကျန်ရစ်၏။ ဤသို့ ကိလေသာကုန်စင်၍ ကြွင်းကျန်ရစ်သော ဝိပါက်နာမ်ခန္ဓာ, ကမ္မဇရုပ်တို့ဖြင့် မှတ်အပ်သောနိဗ္ဗာနဓာတ်ကို **''သဥပါဒိသေသနိဗ္ဗာနဓာတ်''**ဟုခေါ်၏။ ဤကား ရဟန္တာတို့ ရရှိခံစားအပ်သောနိဗ္ဗာန်တည်း။

ရဟန္တာတို့ ပရိနိဗ္ဗာန်စံသွားသောအခါ ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်တို့ မရှိတော့ပြီ။ ထိုသို့ ''ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်တို့ချုပ်ငြိမ်းပြီးနောက် ရအပ်သောနိဗ္ဗာန်''ကို ''**အနုပါဒိသေသနိဗ္ဗာနဓာတ်**''ဟုခေါ်၏။

ဤသို့ သင်္ဂဟကျမ်းလာ နိဗ္ဗာန် ၂ မျိုးကို ထောက်ရှု၍ ရဟန္တာ, အရိယာတို့ သက်ရှိထင်ရှားရှိနေသည့်အခါ၌ပင် နိဗ္ဗာန်အမြိုက်ချမ်းသာကို ခံစားနိုင်ကြသဖြင့် နိဗ္ဗာန်သည် သေပြီးမှ ရအပ်သောတရားမျိုးမဟုတ်ကြောင်း ထင်ရှားပါသည်။

**၂၂။ မိန်းမ–ယောက်ျားကွဲပြားစေသောရုပ်များကို ဖော်ပြ၍၊ ရုပ် ၂၈ ပါးတွင် ရုပ်တစ်မျိုးတည်းကအမည်နှစ်မျိုးဖြင့် ပါဝင်နေသောရုပ်ကို ကျမ်းလာအတိုင်းဖော်ပြပါ။**

(၁၉၈၈၊ စမန ၁၄၇၊ ၁၄၉)

**အဖြေ** – မိန်းမ–ယောက်ျားကွဲပြားစေသောရုပ်များမှာ – **ဣတ္ထိဘာဝရုပ်**နှင့် **ပုမ္ဘာဝရုပ်** (ဝါ) **ပုရိသဘာဝရုပ်**တို့ ဖြစ်ပါသည်။

**ဣတ္ထိဘာဝရုပ်**သည် အမသတ္တဝါ၏တစ်ကိုယ်လုံး၌ပျံ့နှံ့၍တည်၏၊ အမသတ္တဝါဖြစ်ဖို့ရန် အကြောင်းခံဖြစ်သောရုပ်တည်း။

**ပုရိသဘာဝရုပ်**သည် အထီးသတ္တဝါ၏တစ်ကိုယ်လုံး၌ပျံ့နှံ့၍တည်၏၊ အထီးသတ္တဝါဖြစ်ဖို့ရန် အကြောင်းခံဖြစ်သောရုပ်တည်း။

– ရုပ် ၂၈ ပါးတွင် ရုပ်တစ်မျိုးတည်းက အမည်နှစ်မျိုးဖြင့် ပါဝင်သောရုပ်သည် **''ဇာတိရုပ်''** ဖြစ်၏။ **''ဇာတိရုပ်''**သည် ရုပ် ၂၈ ပါးတွင် **''ဥပစယရုပ်''**နှင့် **''သန္တတိရုပ်''**ဟူသောအမည်နှစ်မျိုးဖြင့် ပါရှိ၏။

**၂၃။ သက်ရှိသတ္တဝါများ သွားလာလှုပ်ရှား စကားဆိုနိုင်အောင် ပြုလုပ်ပေးသောစိတ်များကို ရေးသားပြပါ။** (၁၉၈၈၊ စမန ၁၅၂)

**အဖြေ** – သက်ရှိသတ္တဝါများ သွားလာလှုပ်ရှား စကားဆိုနိုင်အောင် ပြုလုပ်ပေးသောစိတ်များမှာ – မနောဒွါရာဝဇ္ဇန်းစိတ်၊ ကာမဇော ၂၉ ပါး၊ အဘိညာဉ်စိတ် ၂ ပါး၊ ပေါင်းစိတ် ၃၂ ပါးဖြစ်၏။

ကာမဇော ၂၉ ပါး = အကုသိုလ်စိတ် ၁၂ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ ဟသိတုပ္ပါဒ်စိတ်။

အဘိညာဏ်စိတ် ၂ ပါး = ကုသိုလ်အဘိညာဏ်စိတ်၊ ကြိယာအဘိညာဏ်စိတ်။

ဤစိတ် ၃၂ ပါးတို့သည် စိတ္တဇရုပ်ကိုဖြစ်စေခြင်း၊ ဣရိယာပုထ်ကို ထောက်ပံ့ခြင်းတို့ အပြင် ဝိညတ်ရုပ်နှစ်ပါးကိုလည်း ဖြစ်စေကြသဖြင့် သတ္တဝါတို့အား သွားလာလှုပ်ရှား၍ စကားဆိုနိုင်စေကြ၏။

**၂၄။ အာဟာရပြည့်ဝမှ လူကျန်းမာသည်ဟုဆိုကြရာ အစားအစာတွင်ပါဝင်သော အာဟာရဓာတ်တို့သည် ဘယ်အခါမှစ၍ လူကိုအားဖြစ်စေပါသနည်း၊ အဘိဓမ္မာနည်းကျ ဖြေဆိုပြပါ။** (၁၉၈၈၊ စမန ၁၅၇)

**အဖြေ** – အာဟာရဇရုပ်တို့သည် ဂဗ္ဘသေယျကသတ္တဝါတို့အား တစ်သတ္တာဟ, နှစ်သတ္တာဟ လွန်၍ မိခင်စားမျိုသည့် အစာအာဟာရမှုဖြစ်သော ဗဟိဒ္ဓဩဇာသည် ကလေးကိုယ်အင်္ဂါ အတွင်းပျံ့နှံ့သည့်အခါ ကိုယ်တွင်းအဇ္ဈတ္တဩဇာနှင့် ပေါင်းမိပြီးဋ္ဌီအခါမှစ၍ ခဏမစဲဖြစ်ကြ၏။ ထိုအခါမှစ၍ လူကို အားဖြစ်စေသောအာဟာရဓာတ်ကို ရရှိ၏။

မွေးဖွားပြီးနောက် ကလေးအစာစားနိုင်သောအခါ ဝမ်းတွင်း၌ ပါစကတေဇောဓာတ်ဖြင့် အစာကိုချေချက်ပြီးနောက် ဗဟိဒ္ဓဩဇာသည် သွေးနှင့်အတူ ကိုယ်တွင်း၌ပျံ့နှံ့၍ အဇ္ဈတ္တဩဇာ နှင့် ပေါင်းမိပြီး ဋ္ဌီအခါမှစ၍ ခဏမစဲ အာဟာရဇရုပ်ကို ဖြစ်စေ၏။ ထိုအခါမှစ၍ အာဟာရဓာတ်တို့သည် လူကို အားဖြစ်စေပါသည်။ လူကြီးများ၌လည်း ဤအတူပင်ဖြစ်၏။

**၂၅။ လူသားတစ်ဦး၏ဘဝတွင် အစဆုံးဖြစ်သောရုပ်နှင့် နောက်ဆုံးဖြစ်သောရုပ်တို့ကို ရုပ်ဖြစ်စဉ်နှင့် ရုပ်လေးမျိုးနောက်ဆုံးချုပ်ပုံကို မြော်ချင့်၍ ဖော်ပြခဲ့ပါ။** (၁၉၈၈၊ စမန ၁၅၇၊ ၁၅၈)

**အဖြေ** – ရုပ်ဖြစ်စဉ်အရ လူသားတစ်ဦး၏ဘဝတွင် အစဆုံးဖြစ်သောရုပ်သည် ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ်ဟူသော ကမ္မဇရုပ်ကလာပ် ၃ စည်း, ရုပ် ၃၀ ဖြစ်ပါသည်။ ပဋိသန္ဓေအကျိုးကိုပေးခွင့်ရသောကံသည် ပဋိသန္ဓေစိတ် ဥပါဒ်ခဏ၌ လူသားတွင် ဤကမ္မဇရုပ်ကလာပ်သုံးစည်းကို ဖြစ်စေပါသည်။

လူသားတစ်ဦး၏ဘဝတွင် နောက်ဆုံးဖြစ်သောရုပ်သည် ဥတုဇရုပ်ဖြစ်ပါသည်။ ရုပ်ကလာပ်တိုင်းတွင်ပါသော တေဇောဓာတ်မှ ဋ္ဌီခဏမှစ၍ ဥတုဇရုပ်ကလာပ်များသည် ခဏမစဲ ဆက်ကာဆက်ကာ ဖြစ်နေသဖြင့် စုတေပြီးသည့်နောက်၌လည်း ဥတုဇရုပ်ကလာပ်များ ဆက်ဖြစ်နေပါသည်။ (ရုပ်လေးမျိုးနောက်ဆုံးချုပ်ပုံကို နံပါတ် ၂၀ တွင် ဖြေထား၏)

**၂၆။ ရေကို အဘိဓမ္မာအမြင်ဖြင့် သုံးသပ်ကြည့်လျှင် ပရမတ်ရုပ်ပေါင်း အသောင်းမက ပါဝင်လျက်ရှိပါသည်။ သို့ရာတွင် အမြဲထာဝရ ခွဲမရသောရုပ်များကိုသာ တစ်ခုစီရေတွက်ပြပါ။** (၁၉၈၉၊ စမန ၁၄၉၊ ၁၄၅၊ ၁၄၇၊ ၁၄၈)

**အဖြေ** – ရေကို အဘိဓမ္မာအမြင်ဖြင့် သုံးသပ်ကြည့်လျှင် အမြဲထာဝရခွဲမရသော အဝိနိဗ္ဘော

ရုပ်ကလာပ်များကို မြင်တွေ့ရသည်။ အဝိနိဗ္ဘောဂရုပ်ကလာပ်တွင် ပါဝင်သောရုပ် ၈ ပါး မှာ – (၁) *ပထဝီ* = ခက်မာခြင်း, ပျော့ခြင်းသဘော၊

(၂) *အာပေါ* = ဖွဲ့စည်းခြင်း, ယိုစီးခြင်းသဘော၊

(၃) *တေဇော* = ပူခြင်း, အေးခြင်းသဘော၊

(၄) *ဝါယော* = ထောက်ကန်ခြင်း, တွန်းကန်ခြင်းသဘော၊

(၅) *ဝဏ္ဏ* = ရူပါရုံ (အဆင်း)၊

(၆) *ဂန္ဓ* = ဂန္ဓာရုံ (အနံ့)၊

(၇) *ရသ* = ရသာရုံ (အရသာ)၊

(၈) *ဩဇာ* = အာဟာရရုပ်တို့ဖြစ်ပါသည်။

**၂၇။ ''တေဇောမနိုင် ဆေးမကိုင်နှင့်''ဟု ဆေးပညာဆိုရိုးစကားရှိခဲ့ရာ၊ တေဇောအကြောင်း ကို သင်သိသမျှဖြေဆိုပြီးလျှင် စိတ်ကြောင့်သာဖြစ်သောရုပ်ကိုလည်း ညွှန်ပြခဲ့ပါ။**

(၁၉၈၉၊ စမန ၁၄၅၊ ၁၄၉၊ ၁၅၃၊ ၁၅၆)

**အဖြေ – တေဇောအကြောင်း သိကောင်းစရာကို ဖြေဆိုပြရလျှင် –**

(၁) တေဇောသည် ပူခြင်း, အေးခြင်းသဘောရှိသော ပရမတ်ရုပ်, သဘာဝရုပ်တစ်ပါး ဖြစ်၏။

(၂) တေဇောသည် ဘူတရုပ် (ဝါ) မဟာဘုတ် ၄ ပါးတွင် ပါဝင်၍ အဝိနိဗ္ဘောဂရုပ် ၈ ပါး အဖွဲ့အစုတွင်လည်း ပါဝင်၏။

(၃) တေဇောသည် အတူဖြစ်ဖက်ရုပ်များကို ရင့်ကျက်စေတတ်, ထက်မြက်စေတတ်, ကျက်စေတတ်, နူးညံ့စေတတ်၏။

(၄) တေဇောသည် ဥဏှတေဇော, သီတတေဇောဟု နှစ်မျိုးရှိ၏၊ တေဇောကို ''မီးဓာတ်'' သို့မဟုတ် ''အငွေ့ဓာတ်''ဟုခေါ်၏။ မိမိသဘောကိုဆောင်နိုင်သဖြင့် ''ဓာတ်''ဟုအမည် ရ၏။ ''မီး''သည် တေဇောဓာတ်လွန်ကဲသော အဝိနိဗ္ဘောဂရုပ်ကလာပ်များဖြစ်၏။

(၅) တေဇောသည် ရုပ်ကလာပ်အားလုံးတွင် ပါဝင်၍ ရုပ်ကလာပ်တစ်ခုဥပါဒ်ပြီးနောက် ဌီခဏသို့ရောက်သော် တေဇောဓာတ်သည် ဥတုဇရုပ်ကို ခဏမစဲဖြစ်စေ၏၊ ရုပ်ကိုဖြစ်စေ သော ကံ, စိတ်, ဥတု, အာဟာရအကြောင်း ၄ ပါးတွင် ဥတုသည် တေဇောဓာတ်ပင် ဖြစ်၏။

(၆) ဘဝတစ်ခုတွင် ပဋိသန္ဓေအကျိုးပေးသောကံက ကမ္မဇရုပ်ကလာပ်များကိုဖြစ်စေပြီး နောက် ထိုရုပ်ကလာပ်တို့တွင်ပါရှိသည့် တေဇောက ဌီသို့ရောက်လျှင် ဥတုဇရုပ်ကိုခဏ မစဲ ဖြစ်စေ၏။ ထို့ကြောင့် ဥတုဇရုပ်သည် ပဋိသန္ဓေစိတ်ဌီခဏမှစ၍ ခဏမစဲ တစ်သက် လုံး ဖြစ်နေ၏။

(၇) ခန္ဓာကိုယ်ပြင်ပ ဗဟိဒ္ဓလောက၌ သစ်ပင်, တော, တောင်, မြေ, ရေ, လေ, မီး စသည်တို့သည် တေဇောကြောင့်ဖြစ်သော ဥတုဇသုဒ္ဓဋ္ဌကကလာပ်ချည်း ဖြစ်ကြ၏။

(၈) ခန္ဓာကိုယ်တွင် ဥဏှတေဇောလွန်ကဲလျှင် အပူပြင်းထန်၍ ဖျားနာ၏၊ သီတဥတုလွန်ကဲလျှင်လည်း အအေးဓာတ်လွန်ကဲ၍ ဖျားနာ၏။ အပူအအေးညီမျှနေမှ ကျန်းမာသည့်အတွက် ''တေဇောမနိုင် ဆေးမကိုင်နှင့်''ဟု ဆေးပညာဆိုရိုးစကားရှိခဲ့သည်။

(၉) တေဇောဓာတ်သည် သိပ္ပံပညာရှင်တို့သိရှိထားသော **''အပူစွမ်းအင်''**နှင့် သဘောတူသဖြင့် လူမှုရေးတွင် အလွန်အရေးပါသော စွမ်းအင်တစ်ရပ်, ဓာတ်တစ်ပါးဖြစ်ပါသည်။

**– စိတ်ကြောင့်ဖြစ်သောရုပ် (စိတ္တဇကေန်ရုပ်)သည် ကာယဝိညတ်ရုပ်နှင့် ဝစီဝိညတ်ရုပ်** တို့ဖြစ်ပါသည်။

## ၂၈။ ရုပ်ဖြစ်စဉ် အဘိဓမ္မာသဘောအရ သစ်ပင်တစ်ပင်ရှင်သန်နေခြင်းကို ကလာပ်စည်းအားဖြင့် ဖြေဆိုပြပါ။

(၁၉၈၉၊ စမန ၁၅၇)

**အဖြေ** – ရုပ်ဖြစ်စဉ် အဘိဓမ္မာသဘောအရ သစ်ပင်တစ်ပင်ရှင်သန်နေခြင်းကို ကလာပ်စည်းအားဖြင့် ဖြေဆိုရသော် –

သစ်ပင်သည် သက်ရှိသတ္တဝါတို့၏ခန္ဓာကိုယ်ပြင်ပ ဗဟိဒ္ဓလောက၌ တည်ရှိ၏။ ထို့ကြောင့် သစ်ပင်သည် ဥတုဇသုဒ္ဓဋ္ဌကကလာပ်များဖြင့် ဖွဲ့စည်းထားသည်၊ လေတိုက်သောအခါ သစ်ရွက်သစ်ခက်များ ကြိတ်ခတ်သောအသံသည် ဥတုဇသဒ္ဒနဝကရုပ်ကလာပ်များဖြစ်ကြသည်။

ရုပ်ဖြစ်စဉ် အဘိဓမ္မာသဘောအရ သစ်ပင်ကိုဖွဲ့စည်းထားသည့် ဥတုဇသုဒ္ဓဋ္ဌကကလာပ်တိုင်းတွင် ပါရှိသောတေဇောသည် ဌီခဏမှစ၍ ဥတုဇသုဒ္ဓဋ္ဌကကလာပ်သစ်များကို ခဏမစဲဖြစ်စေပါသည်။ အသစ်ဖြစ်လာသော ဥတုဇသုဒ္ဓဋ္ဌကကလာပ်အသီးသီး၌ပါရှိသည့် တေဇောက တစ်ဖန် ဌီခဏမှစ၍ ခဏမစဲပင် ဥတုဇသုဒ္ဓဋ္ဌကကလာပ်သစ်များကို ဖြစ်ပေါ်စေပြန်သည်။

ရုပ်ကလာပ်တို့၏ဥပါဒ်ခိုက်ဖြစ်သော ဥပစယရုပ်တို့ အဆက်မပြတ်ဖြစ်ပေါ်နေခြင်းကြောင့် သစ်ပင်သည် ရှင်သန်ကြီးထွားလာပြီးလျှင် ရုပ်များပြည့်စုံလာသည့်အခါ သန္တတိရုပ်များဖြင့် ဆက်လက်ရှင်သန်နေနိုင်သည်။ ရုပ်ကလာပ်သစ်များ အစဉ်မပြတ်ဖြစ်ခြင်းဟူသော ဇာတိရုပ်များဖြင့် သစ်ပင်သည် ရှင်သန်ရပ်တည်နေနိုင်ပါသည်။

## ၂၉။ ရုပ် ၂၈ ပါးတို့တွင် ရူပရုပ်၏အကျဉ်းသရုပ်ကို ဖော်ပြ၍ သင့်ခန္ဓာကိုယ်၌ ရုပ်တရားများကို တိုးပွား၊ စည်ပင်၊ ရင့်ရော်၊ ပျက်စီးခြင်းသည် အဘယ်ရုပ်တို့၏သဘောလက္ခဏာများဖြစ်ပါသနည်း၊ ရုပ်အမည်မျှ ရေးသားဖော်ပြခဲ့ပါ။

(၁၉၉၀၊ စမန ၁၄၉)

**အဖြေ** – နိပ္ဖန္နရုပ် (ဝါ) သဘာဝရုပ် ၁၈ ပါးတို့သည် အပူ, အအေးစသော ဆန့်ကျင်ဘက်အကြောင်းများကြောင့် ဖောက်ပြန်ပြောင်းလဲတတ်သည့်အတွက် **''ရူပရုပ်''**ဟူ၍ အမည်တွင်၏။

**– ရူပရုပ်၏အကျဉ်းသရုပ်မှာ** – ဘူတရုပ် ၄ ပါး၊ ပသာဒရုပ် ၅ ပါး၊ ဂေါစရရုပ် ၄ ပါး၊ ဘာဝရုပ် ၂ ပါး၊ ဟဒယဝတ္ထုရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်တို့ ဖြစ်ပါသည်။

**– ကျွန်ုပ်၏ခန္ဓာကိုယ်၌**

**ရုပ်တရားများ၏တိုးပွားခြင်းသည်** – ဥပစယရုပ်၏လက္ခဏာ၊
**ရုပ်တရားများစည်ပင်ခြင်းသည်** – သန္တတိရုပ်၏လက္ခဏာ၊
**ရုပ်တရားများရင့်ရော်ခြင်းသည်** – ဇရတာရုပ်၏လက္ခဏာ၊
**ရုပ်တရားများပျက်စီးခြင်းသည်** – အနိစ္စတာရုပ်၏လက္ခဏာ ဖြစ်ကြပါသည်။

**၃၀။ အကြောင်းအကျိုးအားဖြင့် ဆက်သွယ်နေသော ဤလောက၌ ရုပ်ဝတ္ထုများကို ဖြစ်ပေါ်စေတတ်သော အကြောင်းတရားများကို ဖော်ပြ၍၊ စကားပြောသံ၊ ဓာတ်စက်သီချင်းသံတို့သည် မည်သည့်သဒ္ဒရုပ်များဖြစ်ကြသည်ကိုလည်း ရှင်းလင်းဖြေဆိုခဲ့ပါ။**
(၁၉၉၀၊ စမန ၁၅၂၊ ၁၅၅)

**အဖြေ** – ရုပ်ဝတ္ထုများကို ဖြစ်ပေါ်စေတတ်သောအကြောင်းတရားများမှာ – ကံ, စိတ်, ဥတု, အာဟာရတို့ ဖြစ်ကြ၏။

**စကားပြောသံသည်** စိတ္တဇသဒ္ဒရုပ်ဖြစ်၏၊ ဝစီဝိညတ္တိသဒ္ဒဒသကကလာပ်ဖြစ်၏။

**ဓာတ်စက်သီချင်းသံသည်** ဥတုဇသဒ္ဒရုပ်ဖြစ်၏၊ သဒ္ဒနဝကကလာပ်ဖြစ်၏။

**၃၁။ ရူပဗြဟ္မာများ၌ လူသားတို့ကဲ့သို့ ဗြဟ္မာယောက်ျား, ဗြဟ္မာမိန်းမဟူ၍ လိင်အားဖြင့် ခွဲခြားမှုရှိပါသလား၊ အကြောင်းပြဖြေဆို၍၊ ရူပဘုံ၌ ရထိုက်သောရုပ်များကိုလည်း ရေတွက်ပြပါ။** (၁၉၉၀၊ စမန ၁၅၆၊ သင်္ဂြိုဟ် ၃၉၄)

**အဖြေ** – ရူပဗြဟ္မာများ၌ လူသားတို့ကဲ့သို့ ဗြဟ္မာယောက်ျား, ဗြဟ္မာမိန်းမဟူ၍ လိင်အားဖြင့် ခွဲခြားမှုမရှိပါ။ အကြောင်းမှာ ရူပဈာန်ကိုအားထုတ်ရာ၌ ကာမဂုဏ်ချမ်းသာကို ပယ်စွန့်ထားရ၏၊ ဃာနပသာဒရှိခြင်းကြောင့် နမ်းရှုချင်စိတ်ဖြစ်၏၊ ဇိဝှာပသာဒရှိခြင်းကြောင့် စားသောက်ချင်စိတ်ဖြစ်၏၊ ကာယပသာဒရှိခြင်းကြောင့် တို့ချင်ထိချင်စိတ်ဖြစ်၏၊ ဘာဝရုပ်ရှိခြင်းကြောင့် မေထုန်အမှုကို ပြုလို၏။ ဤသို့ ကာမဂုဏ်ကိုစက်ဆုပ်ရွံရှာသော ကာမဝိရာဂဘာဝနာ၏အစွမ်းကြောင့် ရူပဗြဟ္မာတို့တွင် ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ ဘာဝရုပ် ၂ ပါးဟူသော ရုပ် ၅ ပါးတို့ မရှိချေ။

ရူပဘုံကလည်း ကာမဂုဏ်ကို စက်ဆုပ်သောဗြဟ္မာတို့၏နေရာတည်း။ ဘာဝရုပ် ၂ ပါးကို ပယ်ထားသောကြောင့် ဗြဟ္မာယောက်ျား, ဗြဟ္မာမိန်းမဟူ၍ ခွဲခြားမှုမရှိပါ။

**– ရူပဘုံ၌ရထိုက်သောရုပ်များမှာ – အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌**

ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ ဘာဝရုပ် ၂ ပါး၊ ပေါင်း ရုပ် ၅ ပါးကြဉ်သော ရုပ် ၂၃ ပါးတို့ကိုသာ ရထိုက်၏။

**– အသညသတ်ဘုံ၌** – အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ ပရိစ္ဆေဒရုပ်၊ လဟုတာဒိရုပ် ၃ ပါး၊ လက္ခဏရုပ် ၄ ပါး၊ ပေါင်း – ရုပ် ၁၇ ပါးကိုသာ ရအပ်၏။

**၃၂။ ရူပဗြဟ္မာများ၏ခန္ဓာကိုယ်၌ ရုပ်ပေါင်းမည်မျှရှိသနည်း၊ အကျဉ်းမျှဖော်ပြ၍ ရုပ် ၂၈ ပါးကို အတွင်းရုပ်/အပြင်ရုပ်၊ အနီးရုပ်/အဝေးရုပ်အားဖြင့် ဝေဖန်ရေးသား**

**ခဲ့ပါ။** (၁၉၉၁၊ စမန ၁၅၆၊ ၁၅၀၊ ၁၅၁)

**အဖြေ – ရုပ်ပြဟ္မာများ၏ခန္ဓာကိုယ်၌** ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ ဘာဝရုပ် ၂ ပါး၊ ပေါင်း ရုပ် ၅ ပါးကြဉ် သော ရုပ် ၂၃ ပါးရှိပါသည်။

– ရုပ် ၂၈ ပါးကို အတွင်းရုပ်/အပြင်ရုပ်၊ အနီးရုပ်/အဝေးရုပ်အားဖြင့် ဝေဖန်ရသော်

**– ပသာဒရုပ် ၅ ပါး**သည် ခန္ဓာကိုယ်၌ ကျေးဇူးအများဆုံးဖြစ်သောကြောင့် **အတွင်းရုပ်** (အဇ္ဈတ္တိကရုပ်)မည်ပါသည်၊ ကြွင်းသောရုပ် ၂၃ ပါးသည် **အပြင်ရုပ်** (ဗာဟိယရုပ်)မည်ပါသည်။

**– ပသာဒရုပ် ၅ ပါးနှင့် ဂေါစရရုပ် ၇ ပါး၊** ပေါင်း ရုပ် ၁၂ ပါးသည် ဉာဏ်စက္ခုဖြင့် ယူရာ၌ သိလွယ်သောကြောင့် **အနီးရုပ်** (သန္တိကေရုပ်)မည်ပါသည်၊ ကြွင်းသောရုပ် ၁၆ ပါးသည် ဉာဏ်စက္ခုဖြင့်ယူရာ၌ အသိခက်သောကြောင့် **အဝေးရုပ်** (ဒူရေရုပ်)မည်ပါသည်။

**၃၃။ ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတရားလေးပါးကိုဖော်ပြ၍ ရုပ် ၂၈ ပါးတို့တွင် ဘယ်အကြောင်းကြောင့်မှမဖြစ်သော ရုပ်လေးပါးသရုပ်ကိုလည်း ဖော်ထုတ်ရေးသားခဲ့ပါ။** (၁၉၉၁၊ စမန ၁၅၂၊ ၁၅၄)

**အဖြေ –** ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတရားလေးပါးမှာ –

ကံ, စိတ်, ဥတု, အာဟာရတို့ဖြစ်ကြ၏။

– ရုပ် ၂၈ ပါးတွင် ဘယ်အကြောင်းကြောင့်မှ မဖြစ်သောရုပ် ၄ ပါးမှာ –

ဥပစယရုပ်, သန္တတိရုပ်, ဇရတာရုပ်, အနိစ္စတာရုပ်ဟူသော လက္ခဏာရုပ် ၄ ပါးဖြစ်၏။

**၃၄။ ဗုဒ္ဓဘာသာဝင်ဖြစ်သူတိုင်း တောင့်တသောနိဗ္ဗာန်ဟူသည် အဘယ်အရာပါနည်း၊ ယင်းနိဗ္ဗာန်၏သဘောလက္ခဏာများကိုပါ ဖော်ပြ၍၊ ဘုရား, ရဟန္တာပုဂ္ဂိုလ်သာ ရောက်ရှိနိုင်သော နိဗ္ဗာန်အမည်များကိုလည်း ညွှန်ပြပါ။**

(၁၉၉၁၊ စမန ၁၅၉၊ အခြေပြုသင်္ဂြိုဟ် ၃၉၉)

**အဖြေ – ဗုဒ္ဓဘာသာဝင်တိုင်း တောင့်တသောနိဗ္ဗာန်ဟူသည်မှာ –**

(ဤစာအုပ် စာမျက်နှာ ၂၄၉ နံပါတ် ၁၈ တွင်ဖြေထား၏)

**– နိဗ္ဗာန်၏သဘောလက္ခဏာသည်** ''သန္တိလက္ခဏာ'' (ငြိမ်းအေးခြင်း) ဖြစ်၏၊

စိုးရိမ်ပူပန်မှု, ပူဆွေးငိုကြွေးမှု, ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲမှုလုံးဝကင်းရှင်းသော ထာဝရ ငြိမ်းချမ်းခြင်းပင်တည်း။

**– ဘုရား, ရဟန္တာတို့သာ ရောက်ရှိနိုင်သောနိဗ္ဗာန်အမည်များမှာ –**

''**သဉပါဒိသေသနိဗ္ဗာန်**'' = ပရိနိဗ္ဗာန်မစံခင် အာရုံပြုအပ်သောနိဗ္ဗာန်၊

''**အနုပါဒိသေသနိဗ္ဗာန်**'' = ပရိနိဗ္ဗာန်စံသည့်အခါ ရအပ်သောနိဗ္ဗာန်။

**၃၅။ ရုပ် ၂၈ ပါးကို အစစ်အတုခွဲခြားပြ၍၊ ဤစာဖြေခန်းအတွင်းဝယ် စာဖြေသူများ မျက်စိဖြင့်မြင်တွေ့ရသည့် ရုပ်တို့ကိုလည်း ညွှန်ပြပါ။**

(၁၉၉၂၊ စမန ၁၄၅–၁၄၉၊ ၁၅၁)

**အဖြေ** – ရုပ် ၂၈ ပါးတွင် ရုပ်အစစ် ၁၈ ပါးနှင့် ရုပ်အတု ၁၀ ပါးရှိပါသည်။

**ရုပ်အစစ် ၁၈ ပါးမှာ** – ဘူတရုပ် ၄ ပါး၊ ပသာဒရုပ် ၅ ပါး၊ ဂေါစရရုပ် ၄ ပါး၊ ဘာဝရုပ် ၂ ပါး၊ ဟဒယဝတ္ထုရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်တို့ဖြစ်ပါသည်။

**ရုပ်အတု ၁၀ ပါးမှာ** – ပရိစ္ဆေဒရုပ် ၁ ပါး၊ ဝိညတ်ရုပ် ၂ ပါး၊ ဝိကာရရုပ် (လဟုတာဒိရုပ်) ၃ ပါး၊ လက္ခဏရုပ် ၄ ပါးတို့ ဖြစ်ပါသည်။

ဤစာဖြေခန်းအတွင်းဝယ် စာဖြေသူများမျက်စိဖြင့် မြင်တွေ့ရသည့်ရုပ်တို့သည် "**သနိဒဿနရုပ်**" အမည်ရသော **ဏ္ဏာယတနုံ** (ရူပါရုံ) တစ်မျိုးသာဖြစ်ပါသည်။

**၃၆။ သတ္တဝါများအား ရယ်မောခြင်းကိုဖြစ်စေတတ်သောစိတ်များကို အကျဉ်းသရုပ်မျှ ဖော်ပြ၍၊ လူသားများသည် မည်သည့်စိတ်ဖြင့် ရယ်မောကြသည်ကိုလည်း ရှင်းလင်းပြပါ။** (၁၉၉၂၊ စမန ၁၅၂)

**အဖြေ – သတ္တဝါများအား ရယ်မောခြင်းကိုဖြစ်စေတတ်သောစိတ်များမှာ –**

လောဘမူသောမနဿစိတ် ၄ ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁ ပါး၊ မဟာကုသိုလ်သောမနဿစိတ် ၄ ပါး၊ မဟာကြိယာသောမနဿစိတ် ၄ ပါး၊ ပေါင်း – စိတ် ၁၃ ပါးဖြစ်ပါသည်။

**– လူသားများရယ်မောကြသည့်စိတ်များမှာ –**

ပုထုဇဉ်လူသားများသည် လောဘမူသောမနဿစိတ် ၄ ပါး၊ မဟာကုသိုလ်သောမနဿစိတ် ၄ ပါး၊ ပေါင်း – စိတ် ၈ ပါးဖြင့် ရယ်မောကြ၏။

– သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့သည် လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ် သောမနဿစိတ် ၂ ပါး၊ မဟာကုသိုလ်သောမနဿစိတ် ၄ ပါး၊ ပေါင်း စိတ် ၆ ပါးဖြင့် ရယ်မောကြ၏။

– ရဟန္တာများသည် ဟသိတုပ္ပါဒ်စိတ် ၁ ပါး၊ မဟာကြိယာသောမနဿစိတ် ၄ ပါး၊ ပေါင်း – စိတ် ၅ ပါးဖြင့် ပြုံးရယ်ကြ၏။

**၃၇။ လူ့ခန္ဓာကိုယ်ရှိ ရုပ်ဝတ္ထုများအနက် လူနှင့်အတူ သေသောရုပ်၊ လူသေပြီးမှ သေသောရုပ်၊ လူပင်သေသော်လည်း မသေဘဲနှင့် ဆက်လက်ဖြစ်နေဆဲရုပ်တို့ကို ထုတ်ဆောင်ပြ၍၊ ရုပ်ကလာပ်ဖွဲ့စည်းရာ၌ မပါဝင်သောရုပ်တို့ကိုလည်း မပါဝင်ခြင်းအကြောင်းနှင့်တကွ ဖြေဆိုပါ။** (၁၉၉၂၊ စမန ၁၅၇–၁၅၈၊ ၁၅၄)

**အဖြေ – လူ့ခန္ဓာကိုယ်ရှိ ရုပ်ဝတ္ထုများအနက် –**

လူနှင့်အတူသေသောရုပ် = ကမ္မဇရုပ်၊

လူသေပြီးမှသေသောရုပ် = စိတ္တဇရုပ်နှင့် အာဟာရဇရုပ်၊

လူပင်သေသော်လည်း ဆက်လက်ဖြစ်နေဆဲရုပ် = ဥတုဇရုပ်တို့ဖြစ်သည်။

**– ရုပ်ကလာပ်ဖွဲ့စည်းရာ၌ မပါဝင်သောရုပ်တို့မှာ –**

ပရိစ္ဆေဒရုပ်နှင့် လက္ခဏရုပ် ၄ ပါး၊ ပေါင်း – ရုပ် ၅ ပါးဖြစ်သည်။

**– အကြောင်းမှာ –** ပရိစ္ဆေဒရုပ်သည် အာကာသဓာတ်ဖြစ်၍ ရုပ်ကလာပ်တို့၏ အပိုင်းအခြား ရုပ်သာဖြစ်၏၊ ရုပ်ကလာပ်တွင် မပါဝင်ချေ။

လက္ခဏရုပ် ၄ ပါးသည် ရုပ်အစစ်တို့၏ဥပါဒ်အခိုက်၊ ဋ္ဌီအခိုက်၊ ဘင်အခိုက်တို့ကို

မှတ်သားပြသည့်လက္ခဏာမျှသာဖြစ်၍ သီးသန့်ရုပ်အစစ်မဟုတ်သောကြောင့် ရုပ်ကလာပ်တို့၏ဖွဲ့စည်းရာတွင် မပါဝင်ချေ။

**၃၈။ ရုပ်အားလုံးကို ''သပစ္စယ၊ သာသဝ၊ သင်္ခတ''ဟုခေါ်ဆိုရခြင်းအကြောင်းကို ရှင်းပြ၍၊ အလွန်နူးညံ့သိမ်မွေ့သဖြင့် တွေ့ထိစမ်းသပ်မရနိုင်သောရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။** (၁၉၉၃၊ စမန ၁၅၀)

**အဖြေ – ရုပ်အားလုံးကို ''သပစ္စယ၊ သာသဝ၊ သင်္ခတ''ဟုခေါ်ဆိုရခြင်းအကြောင်းမှာ –** ရုပ်အားလုံးသည် ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်း ၄ ပါးက ဖြစ်စေပြီး အကြောင်းတရားနှင့်ဆက်သွယ်သည့်အတွက် ''**သပစ္စယ**''ဟုခေါ်ဆိုရ၏။

ရုပ်အားလုံးသည် အာသဝေါတရား ၄ ပါးနှင့်တကွ ကိလေသာတို့၏အာရုံများဖြစ်ကြသဖြင့် ''**သာသဝ**''ဟုအမည်ရ၏။ ရုပ်အားလုံးသည် ကံ, စိတ်, ဥတု, အာဟာဟူသော အကြောင်း ၄ ပါးတို့က ပြုစီမံပေးကြသဖြင့် ''**သင်္ခတ**''ဟု အမည်ရ၏။

အလွန်နူးညံ့သိမ်မွေ့သဖြင့် တွေ့ထိစမ်းသပ်မရနိုင်သော ရုပ်သည် အာပေါနှင့်တကွ သုခုမရုပ် ၁၆ ပါးဖြစ်ပါသည်။

**၃၉။ သတ္တဝါတို့အား ပဋိသန္ဓေအခါ ရုပ်လေးပါးအစဉ်ဖြစ်ပုံကို ဖော်ပြ၍၊ လူသေအလောင်းကောင်၌ ရုပ်ကြွင်းမည်မျှရှိသည်ကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။** (၁၉၉၃၊ စမန ၁၅၃၊ ၁၅၈)

**အဖြေ – သတ္တဝါတို့အား ပဋိသန္ဓေအခါ ရုပ်လေးပါးအစဉ်ဖြစ်ပုံမှာ –**

(၁) **ကမ္မဇရုပ်တို့သည်** ပဋိသန္ဓေစိတ်၏ဥပါဒ်အခိုက်မှစ၍ ခဏငယ်တိုင်း ခဏငယ်တိုင်း ဖြစ်ကြ၏။

(၂) **စိတ္တဇရုပ်တို့သည်** ပဋိသန္ဓေစိတ်နောင် ပထမဘဝင်စိတ်၏ဥပါဒ်အခိုက်မှစ၍ စိတ်ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဖြစ်ကြ၏။

(၃) **ဥတုဇရုပ်တို့သည်** ပဋိသန္ဓေစိတ်၏ဌီအခိုက်မှစ၍ ခဏငယ်တိုင်း ခဏမစဲဖြစ်ကြ၏။ ရုပ်ကလာပ်တိုင်းတွင် တေဇောဓာတ်ပါရှိရာ ထိုတေဇောသည် ဌီအခါမှစ၍ ခဏငယ်တိုင်း ဥတုဇရုပ်ကို ဖြစ်စေ၏။

(၄) **အာဟာရဇရုပ်တို့သည်** ဂဗ္ဘသေယျက သတ္တဝါတို့အား တစ်သတ္တာဟ, နှစ်သတ္တာဟလွန်၍ မိခင်စားမျိုသည့်အာဟာရမှဖြစ်သော ဗဟိဒ္ဓဩဇာသည် ကလေးကိုယ်အင်္ဂါအတွင်းပျံ့နှံ့သည့်အခါ ကိုယ်တွင်း အဇ္ဈတ္တဩဇာနှင့်ပေါင်းမိပြီး ဌီအခါမှစ၍ ခဏမစဲဖြစ်ကြ၏။

– **လူသေအလောင်းကောင်သည် ဥတုဇရုပ်ကလာပ်များ၏** အစုအဝေးသာဖြစ်၏။ ဥတုဇရုပ်ကလာပ်များသည် ဥတုဇသုဒ္ဓဋ္ဌကကလာပ်များဖြစ်၍ **လူသေကောင်၌ ရုပ်ကြွင်းအဖြစ် အဝိနိဗ္ဘောဂရုပ် ၈ ပါးသာကျန်ရှိ၏။** အဝိနိဗ္ဘောဂရုပ် ၈ ပါးမှာ ဘူတရုပ် ၄ ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာတို့ ဖြစ်ပါသည်။

**၄၀။ လူတို့၏ခန္ဓာကိုယ်၌ ''အသက်ဝိညာဏ်''ဟုခေါ်ဆိုရသောရုပ်အမည်ကို ညွှန်ပြ၍ ယင်းအသက်သည် ခန္ဓာကိုယ်တွင် မည်သည့်နေရာ၌ တည်ရှိနေသည်ကိုလည်း**

**ထုတ်ဖော်ညွှန်ကြားခဲ့ပါ။** (၁၉၉၃၊ စမန ၁၄၈၊ ၁၅၄–၁၅၅)

**အဖြေ** – လူတို့၏ခန္ဓာကိုယ်၌ **''အသက်ဝိညာဏ်''**ဟုခေါ်ဆိုရသောရုပ်အမည်သည် **''ဇီဝိတရုပ်''**ဖြစ်ပါသည်။

ယင်းဇီဝိတရုပ်သည် ကမ္မဇရုပ်ကလာပ် ၉ စည်းတွင်ပါဝင်သဖြင့် ခန္ဓာကိုယ်တစ်ဝန်းလုံး၌ ကမ္မဇရုပ်ရှိသည့်နေရာတိုင်းတွင် ''ဇီဝိတရုပ်''ရှိပါသည်။

ကမ္မဇရုပ်ကလာပ် ၉ စည်းမှာ – (၁) ဇီဝိတနဝကကလာပ်၊ (၂) စက္ခုဒသကကလာပ်၊ (၃) သောတဒသကကလာပ်၊ (၄) ဃာနဒသကကလာပ်၊ (၅) ဇိဝှာဒသကကလာပ်၊ (၆) ကာယဒသကကလာပ်၊ (၇) ဣတ္ထိဘာဝဒသကကလာပ်၊ (၈) ပုမ္ဘာဝဒသကကလာပ်၊ (၉) ဟဒယဒသကကလာပ်တို့ဖြစ်ပါသည်။ ကာယဒသကကလာပ်နှင့် ဘာဝဒသကကလာပ်တို့သည် တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်ရှိ၏။

**၄၁။ အရူပရုပ်တို့ကို ရေတွက်ပြ၍၊ သင့်ခန္ဓာကိုယ်၏ပေါ့ပါးနူးညံ့လျက် စာဖြေရန်အဆင်သင့်ဖြစ်နေမှုတို့သည် အဘယ်ရုပ်တို့၏သဘောလက္ခဏာဖြစ်ပါသနည်း၊ အမည်မျှဖော်ပြပါ။** (၁၉၉၄၊ စမန ၁၄၇၊ ၁၄၈)

**အဖြေ – အရူပရုပ်တို့မှာ** – ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်ရုပ်၊ ဝစီဝိညတ်ရုပ်၊ ရူပဿလဟုတာရုပ်၊ ရူပဿမုဒုတာရုပ်၊ ရူပဿကမ္မညတာရုပ်၊ ဥပစယရုပ်၊ သန္တတိရုပ်၊ ဇရတာရုပ်၊ အနိစ္စတာရုပ်ဟူ၍ အရူပရုပ် ၁၀ ပါးဖြစ်ပါသည်။ (အနိပ္ဖန္နရုပ်များနှင့် တူပါသည်။)

– ကျွန်ုပ်ခန္ဓာကိုယ်၏**ပေါ့ပါးမှု**သည် **ရူပဿလဟုတာရုပ်**၏သဘောလက္ခဏာဖြစ်၏၊
– ကျွန်ုပ်ခန္ဓာကိုယ်၏**နူးညံ့မှု**သည် **ရူပဿမုဒုတာရုပ်**၏သဘောလက္ခဏာဖြစ်၏၊
– ကျွန်ုပ်ခန္ဓာကိုယ်၏**စာဖြေရန်အဆင်သင့်ဖြစ်နေမှု**သည် **ရူပဿကမ္မညတာရုပ်**၏သဘောလက္ခဏာဖြစ်ပါသည်။

**၄၂။ သက်ရှိသက်မဲ့အရာဝတ္ထုတိုင်း၌ ရုပ်ကလာပ်တို့အဆက်မပြတ်ဖြစ်လျက်ရှိရာ ရုပ်ကလာပ်တစ်ခုဟုသတ်မှတ်နိုင်ရန် လိုအပ်သောအင်္ဂါလက္ခဏာများကို ရေး၍၊ မေးခွန်းလွှာစာရွက်၌ ရနိုင်သောရုပ်ကလာပ်ကိုလည်း တိကျစွာဖော်ပြပါ။** (၁၉၉၄၊ စမန ၁၅၄၊ ၁၅၅)

**အဖြေ – ရုပ်ကလာပ်တစ်ခုဟုသတ်မှတ်နိုင်ရန် လိုအပ်သောအင်္ဂါလက္ခဏာများမှာ –**
(၁) *ဧကုပ္ပါဒ* = ပါဝင်သောရုပ်များက အတူတကွ တစ်ပြိုင်နက်ဖြစ်ခြင်း၊
(၂) *ဧကနိရောဓ* = ပါဝင်သောရုပ်များက အတူတကွ တစ်ပြိုင်နက်ချုပ်ပျက်ခြင်း၊
(၃) *ဧကနိဿယ* = ပါဝင်သောရုပ်များ၏တူသောမှီရာရှိခြင်း၊
(၄) *သဟဝုတ္တိ* = ပါဝင်သောရုပ်များက ခွဲခြား၍မရအောင် ပေါင်းရောနေခြင်းတို့ဖြစ်၏။

**– မေးခွန်းလွှာစာရွက်၌ ရနိုင်သောရုပ်ကလာပ်သည် ဥတုဇသုဒ္ဓဋ္ဌကကလာပ်**ဖြစ်ပါသည်။
**– မေးခွန်းလွှာကို ကိုင်တွယ်၍မြည်သောအသံသည် ဥတုဇသဒ္ဒနဝကကလာပ်**ဖြစ်ပါသည်။

**၄၃။ အသညသတ်ပြဟ္မာဘုံ၌ ရနိုင်သောရုပ်တို့ကို ရေတွက်ပြ၍ ဂုဏ်အားဖြင့်ရအပ်သော နိဗ္ဗာန်၏အမည်သုံးမျိုးကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။**

(၁၉၉၄၊ စမန ၁၅၆၊ ၁၆၀)

**အဖြေ – အသညသတ်ပြဟ္မာဘုံ၌ ရနိုင်သောရုပ်တို့ကို ရေတွက်ပြရသော် –**

အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ ပရိစ္ဆေဒရုပ်၊ လဟုတာဒိရုပ် ၃ ပါး၊ လက္ခဏရုပ် ၄ ပါးဟူ၍ စုစုပေါင်း ရုပ် ၁၇ ပါးကို ရအပ်၏။

**– ဂုဏ်အားဖြင့်ရအပ်သော နိဗ္ဗာန်၏အမည်များနှင့်အကြောင်းတို့မှာ –**

(၁) **သုညတနိဗ္ဗာန်** – နိဗ္ဗာန်တွင် ရုပ်နာမ်, ကိလေသာတို့ ဆိတ်သုဉ်းကင်းငြိမ်းနေသောကြောင့်တည်း။

(၂) **အနိမိတ္တနိဗ္ဗာန်** – နိဗ္ဗာန်တွင် ပုံသဏ္ဌာန်နိမိတ်မရှိသောကြောင့်တည်း။

(၃) **အပ္ပဏိဟိတနိဗ္ဗာန်** – နိဗ္ဗာန်သည် တဏှာမှလည်းကောင်း၊ တဏှာ၏ပူပူဆာဆာတောင့်တခြင်းများမှလည်းကောင်း လုံးဝကင်းရှင်းသောကြောင့်တည်း။

**၄၄။ (က) အတွင်းလူနှင့်တူသောရုပ်၊ (ခ) မြင်တွေ့နိုင်သောရုပ်တို့ကို ဖော်ပြ၍၊ ရုပ်ကိုဖြစ်စေနိုင်သောကံတို့ကိုလည်း ဖော်ပြပါ။** (၁၉၉၅၊ စမန ၁၅၀၊ ၁၅၁၊ ၁၅၂)

**အဖြေ – (က) အတွင်းလူနှင့်တူသောရုပ်** (အဇ္ဈတ္တရုပ်) မှာ – စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ ဟူသော **ပသာဒရုပ် ၅ ပါး** ဖြစ်၏။

**(ခ) မြင်တွေ့နိုင်သောရုပ်** (သနိဒဿနရုပ်) မှာ – **ဏ္ဏရုံ**ခေါ် ရူပါရုံဖြစ်ပါသည်။

**– ရုပ်ကိုဖြစ်စေနိုင်သောကံတို့မှာ –**

| | | |
|---|---|---|
| ကမ္မပထမြောက်သော အကုသိုလ်ကံ | = | ၁၂ ပါး၊ |
| ကမ္မပထမြောက်သော မဟာကုသိုလ်ကံ | = | ၈ ပါး၊ |
| ကမ္မပထမြောက်သော ရူပါဝစရကုသိုလ်ကံ | = | ၅ ပါး၊ |
| စုစုပေါင်း – ကံ | = | ၂၅ ပါးဖြစ်ပါသည်။ |

**၄၅။ အသံဖြစ်ပေါ်လာခြင်း၏အကြောင်းကို ရေးသား၍၊ သစ်ပင်တောတောင်ရေမြေဟူသမျှ သက်မဲ့ဝတ္ထုဖြစ်ကြောင်းကိုလည်း ယင်းတို့၌ရရှိနိုင်သောကလာပ်စည်းများနှင့်တကွ အကြောင်းသွင်းကာရှင်းပြပါ။** (၁၉၉၅၊ စမန ၁၅၅၊ ၁၅၆)

**အဖြေ – အသံဖြစ်ပေါ်လာခြင်း၏အကြောင်းတရားမှာ စိတ်နှင့်ဥတုတို့ဖြစ်ပါသည်။**

**စိတ်သည်** ဝစီဝိညတ်ရုပ်ကိုဖြစ်စေပြီး နှုတ်အမူအရာအထူးဖြင့် စကားသံစသည့် နှုတ်မှထွက်သည့်အသံမျိုးစုံကို ဖြစ်ပေါ်စေသည်။ စကားသံစသည့် နှုတ်မှထွက်သောအသံကို ဖြစ်စေသည့် ရုပ်ကလာပ်မှာ စိတ္တဇဝစီဝိညတ္တိ သဒ္ဒဒသကကလာပ်ဖြစ်ပါသည်။

**ဥတု**သည် ဥတုဇသဒ္ဒနဝကကလာပ်ကို ဖြစ်စေပြီး အသံဖြစ်ပေါ်စေပါသည်။

**– သစ်ပင်တောတောင်, ရေမြေဟူသမျှသည် ဥတုဇသုဒ္ဓဋ္ဌကကလာပ်များဖြင့်သာဖွဲ့စည်းထား**ပါသည်။ ဥတုဇသုဒ္ဓဋ္ဌကကလာပ်တွင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟူသော ရုပ် ၈ ပါးသာပါရှိပြီး ဇီဝိတရုပ်ဟုခေါ်သောရုပ်အသက်မပါရှိချေ။ သစ်ခက် သစ်ရွက်တို့ ကြိတ်ခတ်သည့်အသံ, တုံးခေါက်သံ, ပုံတီးသံ စသည်တို့လည်း ဥတုဇသဒ္ဒနဝကကလာပ်ဖြစ်ပြီး အဝိနိဗ္ဘောဂရုပ် ၈ ပါးနှင့် သဒ္ဒရုပ် (အသံ)တို့သာ ပါဝင်ကြ၏။

ထို့ကြောင့် သစ်ပင်, တောတောင်, ရေမြေဟူသမျှသည် သက်မဲ့ဝတ္ထုများသာဖြစ်ကြပါသည်။

**၄၆။ စာဖြေသူတို့၏ပဋိသန္ဓေအခိုက်၌ ဖြစ်ပေါ်ခဲ့သောရုပ်ကလာပ်စည်းတို့ကို ရေတွက်ပြ၍၊ စိတ်ကြောင့်ဖြစ်သောရုပ်များ၏အစဆုံးဖြစ်ချိန်ကိုလည်း ညွှန်ပြပါ။**

(၁၉၉၅၊ စမန ၁၅၇)

**အဖြေ – စာဖြေသူတို့၏ပဋိသန္ဓေအခိုက်၌ ဖြစ်ပေါ်ခဲ့သောရုပ်ကလာပ်စည်းတို့မှာ** ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ်ဟူသော ကမ္မဇရုပ်ကလာပ် ၃ စည်းနှင့် ရုပ် ၃၀ တို့ဖြစ်ပါသည်။

**– စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များ၏အစဆုံးဖြစ်ချိန်မှာ –** ပဋိသန္ဓေနောင် ပထမဘဝင်စိတ်၏ဥပါဒ်ခဏဖြစ်ပါသည်။

**၄၇။ အဘယ်သို့ဖြစ်သွားသည်ကို ''စုတေသည်၊ သေသည်''ဟုခေါ်သည်ကိုလည်း ဖြေဆိုပါ။**

(၁၉၉၆၊ စမန ၁၄၃၊ အခြေပြုသင်္ဂြိုဟ် ၃၉၁)

**အဖြေ** – ဘဝတစ်ခု၏အဆုံး၌ ရရှိပြီးသောဘဝမှ ရွေ့လျောပျက်စီးသေဆုံးခြင်းသဘောဖြင့် စုတိစိတ်ချုပ်သောအခါ ကမ္မဇရုပ်များလည်း တစ်ပြိုင်နက်ချုပ်၏။ ထိုအခါ –

(၁) ကမ္မဇရုပ်များတွင်ပါသော ''ဇီဝိတရုပ်'' ခေါ် ''ရုပ်သက်'' နှင့် စိတ်စေတသိက်များတွင်ပါသော ''ဇီဝိတိန္ဒြေစေတသိက်'' ခေါ် ''နာမ်သက်''တို့ တစ်ပြိုင်နက်အပြီးသတ်ချုပ်၏။

(၂) ဥသ္မာဟုခေါ်သော ကိုယ်ငွေ့တေဇောလည်း ချုပ်၏။

(၃) ဝိညာဏ်ဟုခေါ်သော ဝိပါက်စိတ်လည်း အပြီးသတ်ချုပ်၏။

ဤသို့ တစ်ပြိုင်နက်ဖြစ်ခြင်းကို ''စုတေသည်၊ သေသည်''ဟုခေါ်ပါသည်။

**၄၈။ အတုအယောင်များရောပန်းစားနေသကဲ့သို့ ပရမတ္ထတရားများလည်း အတုအယောင်ရှိမရှိကို အဘိဓမ္မာအမြင်ဖြင့် စစ်တမ်းထုတ်ပြပါ။** (၁၉၉၆၊ စမန ၁၄၉၊ ၁၅၀)

**အဖြေ** – ပရမတ်တရားများသည် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့ဖြစ်ကြသည်။ ထိုတွင် ရုပ်တရားသည် သရုပ်အားဖြင့် ၂၈ ပါး ရှိသော်လည်း

(၁) **ရုပ်အစစ် =** ဘူတရုပ် ၄ ပါး၊ ပသာဒရုပ် ၅ ပါး၊ ဂေါစရရုပ် ၄ ပါး၊ ဘာဝရုပ် ၂ ပါး၊ ဟဒယဝတ္ထုရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပေါင်း ရုပ် ၁၈ ပါး၊

(၂) **ရုပ်အတု** = ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ် ၂ ပါး၊ ဝိကာရရုပ် ၃ ပါး၊ လက္ခဏာရုပ် ၄ ပါး၊ ပေါင်း ၁၀ ပါး ဟူ၍ ရုပ်အစစ်, ရုပ်အတုဟူ၍ ခွဲခြားပါသည်။

**အကြောင်းမှာ –**

(၁) ရုပ်အစစ်တို့သည် ကံ, စိတ်, ဥတု, အာဟာရဟူသောအကြောင်း ၄ ပါးကြောင့်ဖြစ်သဖြင့် **နိပ္ဖန္နရုပ်**ဟု ခေါ်၏၊ ရုပ်အတုတို့မှာ ထိုအကြောင်း ၄ ပါးကြောင့် မဖြစ်သဖြင့် **အနိပ္ဖန္နရုပ်**ဟုခေါ်၏။

(၂) ရုပ်အစစ်တို့သည် ခက်မာခြင်းစသည့် သဘောလက္ခဏာကိုယ်စီရှိသဖြင့် **သဘာဝရုပ်**ဟုခေါ်၏။ ရုပ်အတုတို့မှာ သဘောလက္ခဏာကိုယ်စီမရှိသဖြင့် **အသဘာဝရုပ်**ဟုခေါ်၏။

(၃) ရုပ်အစစ်တို့သည် ဥပါဒ်, ဇရာ, အနိစ္စတာဟူသော သင်္ခတလက္ခဏာတို့နှင့်တကွဖြစ်

သောကြောင့် **သလက္ခဏရုပ်**ဟုခေါ်၏။ ရုပ်အတုတို့သည် သင်္ခတလက္ခဏာမရှိသောကြောင့် **အလက္ခဏရုပ်**မည်၏။

(၄) ရုပ်အစစ်တို့သည် အပူ, အအေးစသည့်ဆန့်ကျင်ဘက်အကြောင်းကြောင့် ဖောက်ပြန်ပြောင်းလဲတတ်သည့်အတွက် "**ရူပရုပ်**"ဟုခေါ်၏။ ရုပ်အတုတို့က အပူ, အအေးစသည့်ဆန့်ကျင့်ဘက်အကြောင်းကြောင့် မဖောက်ပြန်သည့်အတွက် "**အရူပရုပ်**"ဟုအမည်ရ၏။

(၅) ရုပ်အစစ်တို့သည် အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာယာဉ်သုံးပါးသို့တင်ကာ ဝိပဿနာရှုအပ်သဖြင့် "**သမ္မသနရုပ်**"မည်၏။ ရုပ်အတုတို့မှာ ဝိပဿနာမရှုအပ်သဖြင့် "**အသမ္မသနရုပ်**"မည်၏။

ထို့ကြောင့် ပရမတ္ထတရားများလည်း အတုအယောင်ရှိပါသည်။

## ၄၉။ စိတ်ဟူသောအကြောင်းတရားက ရုပ်တရားများကို ဖြစ်ပေါ်စေပုံကို မှန်ကန်စွာဖြေဆို၍၊ စက်ရဟတ်ပမာ ရုပ်တရားများ လည်ပတ်ဖြစ်ပေါ်နေပုံကိုလည်း ဖြေဆိုပါ။

(၁၉၉၆၊ စမန ၁၅၂၊ ၁၅၇၊ ၁၅၈)

**အဖြေ – ရုပ်တရားများကိုဖြစ်ပေါ်စေသော စိတ်ဟူသောအကြောင်းတရားမှာ –**

ဒွေပဉ္စဝိညာဏ် ၁၀ ပါး၊ အရူပဝိပါက်စိတ် ၄ ပါး၊ ရဟန္တာစုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်ကြဉ်သော စိတ် ၇၅ ပါးဖြစ်ပါသည်။

ဤစိတ်တို့သည် ပဋိသန္ဓေနောင် ပထမဘဝင်စိတ်၏ဥပါဒ်ခဏမှစ၍ စုတိစိတ်တိုင်အောင် စိတ်ဥပါဒ်တိုင်း ဥပါဒ်တိုင်း စိတ္တဇရုပ်များကိုဖြစ်စေပါသည်။

စိတ္တဇရုပ် ၁၅ ပါးမှာ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ပရိစ္ဆေဒရုပ်၊ သဒ္ဒရုပ်၊ ဝိညတ်ရုပ် ၂ ပါး၊ ဝိကာရရုပ် ၃ ပါးတို့ဖြစ်ပါသည်။

**– စက်ရဟတ်ပမာ ရုပ်တရားများလည်ပတ်ဖြစ်ပေါ်နေပုံမှာ –**

(၁) **ကမ္မဇရုပ်များသည်** ပစ္စုပ္ပန်ဘဝအစဖြစ်သော ပဋိသန္ဓေစိတ်၏ဥပါဒ်ခဏမှစ၍ စုတိစိတ်အထက် ၁၇ ချက်မြောက်စိတ်ဥပါဒ်တိုင်အောင် ခဏငယ်တိုင်း ခဏမစဲဖြစ်၏၊ စုတိစိတ်ချုပ်သည့်အခါ ကမ္မဇရုပ်အားလုံးချုပ်၏။

(၂) **စိတ္တဇရုပ်များသည်** ပဋိသန္ဓေနောင် ပထမဘဝင်စိတ်၏ဥပါဒ်ခဏမှစ၍ စုတိစိတ်၏ ဥပါဒ်ခဏတိုင်အောင် စိတ်ဥပါဒ်တိုင်း ဥပါဒ်တိုင်းဖြစ်၏၊ စုတိပြီးနောက် ခဏငယ် ၄၈ ချက် (ဝါ) စိတက္ခဏ ၁၆ ချက်၌ စိတ္တဇရုပ်အားလုံးချုပ်၏။

(၃) **ဥတုဇရုပ်များသည်** ပဋိသန္ဓေစိတ်ဌီခဏမှစ၍ တစ်သက်ပတ်လုံး ခဏငယ်တိုင်း ခဏမစဲဖြစ်ကြ၏၊ စုတိစိတ်ချုပ်ပြီးနောက်၌လည်း ဆက်ဖြစ်၏။

(၄) **အာဟာရဇရုပ်များသည်** ဂဗ္ဘသေယျကသတ္တဝါတို့အား တစ်သတ္တာဟ, နှစ်သတ္တာဟလွန်၍ မိခင်စားမျိုသောအစာအာဟာရမှဖြစ်သော ဗဟိဒ္ဓဩဇာသည် ကလေးကိုယ်အင်္ဂါအတွင်းပျံ့နှံ့သည့်အခါ ကိုယ်တွင်းအဇ္ဈတ္တဩဇာနှင့်ပေါင်းမိပြီး ဌီအခါမှစ၍ စုတိစိတ်ဘင်ခဏတိုင်အောင် ခဏငယ်တိုင်း ခဏမစဲဖြစ်၏။ စုတိပြီးနောက် ခဏငယ် ၅၀ လွန်သော် အာဟာရဇရုပ်အားလုံး ချုပ်လေပြီ။

ပစ္စုပ္ပန်ဘဝမှစုတိစိတ်ချုပ်၍သေဆုံးပြီးနောက် ရဟန္တာမဖြစ်သေးသမျှကာလပတ်လုံး

နောက်နောက်ဘဝများ၌ ကံ, စိတ်, ဥတု, အာဟာရအကြောင်း ၄ ပါးကြောင့် ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်များသည် စုတေသောသတ္တဝါတို့၏ဘဝသစ်သန္တာန်၌ ပဋိသန္ဓေ၏ ဥပါဒ်မှစ၍ ပြဆိုခဲ့သည့်အတိုင်း ဆက်ကာဆက်ကာ ဖြစ်ပျက်ကြပြန်၏။ ဤသို့လျှင် စက်ရဟတ်ပမာ ရုပ်တရားများလည်ပတ်ဖြစ်ပေါ်နေကြပါသည်။

**၅၀။ အရိယာသူတော်စင်တို့ ရအပ်ရောက်အပ်သောနိဗ္ဗာန်၏အမည်ကို ပရိနိဗ္ဗာန် မစံမီ ရအပ်သောနိဗ္ဗာန်၊ ပရိနိဗ္ဗာန်စံပြီးမှ ရအပ်သောနိဗ္ဗာန်အားဖြင့် ခွဲခြားပြ၍၊ ပရမတ္ထတရားသည် လေးပါးထက် အယုတ်အလွန်ရှိမရှိကိုလည်း အကြောင်းသွင်း၍ ရှင်းပြပါ။** (၁၉၉၆၊ စမန ၁၆၁၊ အခြေပြုသင်္ဂြိုဟ် ၃၉၉၊ ၄၊ ၅)

**အဖြေ – အရိယာသူတော်စင်တို့ ရအပ်ရောက်အပ်သောနိဗ္ဗာန်၏အမည်တို့မှာ –**

**''သဉပါဒိသေသနိဗ္ဗာန်''** = ပရိနိဗ္ဗာန်မစံခင် ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်ကြွင်းကျန်လျက် မျက်မှောက်ပြုလျက်ရအပ်သောနိဗ္ဗာန်၊

**''အနုပါဒိသေသနိဗ္ဗာန်''** = ခန္ဓာအကြွင်းအကျန်မရှိ ပရိနိဗ္ဗာန်စံပြီးမှ ရအပ်သောနိဗ္ဗာန်တို့ ဖြစ်ပါသည်။

**– ပရမတ္ထတရားသည် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူသောလေးပါးထက် အယုတ်အလွန်မရှိပါ။ အကြောင်းကား–**

(၁) အဘိဓမ္မာသင်္ဂြိုဟ်ကျမ်းနိဒါန်း၌ ''အဘိဓမ္မာ၏အနက်တို့သည် ပရမတ္ထအားဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူ၍ ခပ်သိမ်းသောအပြားအားဖြင့် လေးပါးပြားကုန်၏''ဟု ဖော်ပြထား၏။

(၂) တစ်နည်း– လူ, နတ်, ဗြဟ္မာ, သတ္တဝါအထွေထွေ, မြေ, ရေ, တော,တောင် စသည့်ဖြင့် အထည်ဝတ္ထုပညတ်စုတွေ မည်မျှပင်များနေကြသော်လည်း လိုရင်းအချုပ်အသားတင်ကို စိစစ်၍ ထုတ်လိုက်လျှင် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့မှတစ်ပါး ရှာမရချေ။ ထို့ကြောင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူသောတရား ၄ ပါးကို ''ပရမတ္ထ''ဟုဆိုထိုက်လေသည်''ဟူ၍ အဘိဓမ္မာသင်္ဂြိုဟ်ကျမ်းနိဒါန်းတွင် ဖော်ပြထားပါသည်။

(၃) မြတ်စွာဘုရားတို့သည် ပရမတ္ထတရားဟူသည်မှာ ''စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်'' ဟူ၍ ၄ ပါးသာရှိသည့်အတွက် ဤ ၄ ပါးကိုသာဟောကြားကြကုန်၏။ ဤ ပရမတ္ထတရား ၄ ပါးဖြင့် နိဗ္ဗာန်နှင့်တကွ ရုပ်နာမ်ဖြစ်ရပ်အလုံးစုံကိုရှင်းပြနိုင်၏။

ထို့ကြောင့် ပရမတ္ထတရားသည် လေပါးထက်အယုတ်အလွန်မရှိပါ။

**၅၁။ အနိပ္ဖန္နရုပ်တို့၏အခြားရနိုင်သောအမည်များကိုရေးသား၍ (က)ဇာတိရုပ်၊ (ခ)အကြောင်းတရားလေးပါးကြောင့်ဖြစ်သောရုပ်၊ (ဂ)အကြောင်းတရားလေးပါးကြောင့်မဖြစ်သောရုပ်တို့ကိုလည်းထုတ်ပြပါ။** (၁၉၉၇၊ စမန ၁၄၉၊ ၁၅၀၊ ၁၅၃၊ ၁၅၄)

**အဖြေ – အနိပ္ဖန္နရုပ်တို့၏အခြားရနိုင်သောအမည်များမှာ–**

''အသဘာဝရုပ်၊ အလက္ခဏရုပ်၊ အရူပရုပ်၊ အသမ္မသနရုပ်''တို့ဖြစ်ပါသည်။

(က) **ဇာတိရုပ်** = ဥပစာယရုပ်နှင့်သန္တတိရုပ်နှစ်ပါးကိုပေါင်း၍ ဇာတိရုပ်ဟုခေါ်၏။

= အနိပ္ဖန္နရုပ်အစစ်တို့၏ဥပါဒ်အခိုက်၌ရှိသောရုပ်ကို မှတ်သားပြ၏။

(ခ) **အကြောင်းတရား ၄ ပါးကြောင့်ဖြစ်သောရုပ်** = နိပ္ဖန္နရုပ် ၁၈ ပါး၊
''ဘူတရုပ် ၄ ပါး၊ ပသာဒရုပ် ၅ ပါး၊ ဂေါစရရုပ် ၄ ပါး၊ ဘာဝရုပ် ၂ ပါး၊
ဟဒယဝတ္ထုရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်'' ဟူသော ရုပ် ၁၈ ပါးတည်း။
တစ်နည်း – ကံ,စိတ်,ဥတု,အာဟာရဟူသော အကြောင်း ၄ ပါးက
ဖြစ်စေသောရုပ် = စတုဇရုပ် ၉ ပါး၊ = အဝိနိဗ္ဘောဂရုပ် ၈ ပါး + ပရိစ္ဆေဒရုပ်။

(ဂ) **အကြောင်းတရား ၄ ပါးကြောင့်မဖြစ်သောရုပ်** = အနိပ္ဖန္နရုပ် ၁၀ ပါး။
''ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ် ၂ ပါး၊ ဝိကာရရုပ် ၃ ပါး၊ လက္ခဏာရုပ် ၄ ပါး'' ဟူသော
ရုပ် ၁၀ ပါးတည်း။
တစ်နည်း – မည်သည့်အကြောင်းကမျှမဖြစ်စေသောရုပ် = နကုတောစိရုပ် ၄ ပါး
= လက္ခဏာရုပ် ၄ ပါး။

**၅၂။ ဂဗ္ဘသေယျက လူသတ္တဝါများ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ ရနိုင်သောရုပ်ကလာပ်တို့ကိုဖြေဆို၍၊ အသညသတ်ကြဉ်သောရူပ ၁၅ ဘုံ၌ ရုပ်ဖြစ်ကြောင်းတရားများနှင့် ရုပ်တရားတို့ကို သင်္ဂဟနှင့်အညီ ဖြေဆိုပါ။**

(၁၉၉၇၊ စမန ၁၅၇၊ ၁၅၅၊ ၁၅၆)

**အဖြေ – ဂဗ္ဘသေယျက လူသတ္တဝါများ ပဋိသန္ဓေအခါ ရနိုင်သောရုပ်ကလာပ်တို့မှာ–**
''ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်''တို့ဖြစ်ပါသည်။

**– ပဝတ္တိအခါတို့၌ ရနိုင်သောရုပ်ကလာပ်များမှာ –**
''ကမ္မဇရုပ်ကလာပ် ၉ စည်း၊ စိတ္တဇရုပ်ကလာပ် ၆ စည်း၊ ဥတုဇကလာပ် ၄ စည်း၊
အာဟာရဇကလာပ် ၂ စည်း၊ ပေါင်း ၂၁ စည်း''တို့သည် လူသတ္တဝါများ၌ဖြစ်နိုင်၏။

**– အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ ရုပ်ဖြစ်ကြောင်းတရားများမှာ–**
''ကံ၊ စိတ်၊ ဥတု''တို့ဖြစ်ပါသည်။ (ရူပပြဟ္မာများက အစာမစားပါ)

**– ထိုရူပ ၁၅ ဘုံ၌ ရနိုင်သောရုပ်တရားများမှာ** – ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒ,
ဘာဝရုပ် ၂ ပါး၊ ပေါင်း ရုပ် ၅ ပါးကြဉ်သော ကျန်ရုပ် ၂၃ ပါးဖြစ်ကြ၏။
**တစ်နည်း** – ဘူတရုပ် ၄ ပါး၊ စက္ခုပသာဒ၊ သောတပသာဒ၊ ဂေါစရရုပ် (ဝဏ္ဏ, သဒ္ဒ,
ဂန္ဓ, ရသ) ၄ ပါး၊ ဟဒယဝတ္ထုရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ်
၂ ပါး၊ ဝိကာရရုပ် ၃ ပါး၊ လက္ခဏာရုပ် ၄ ပါး၊ ပေါင်းရုပ် ၂၃ ပါးဖြစ်ပါသည်။

**၅၃။ ပဋိသန္ဓေအခါ မရနိုင်သောရုပ်တရားများကို ရေးသားဖြေဆို၍၊ အဘယ်အရာကို အဘယ်ကြောင့် နိဗ္ဗာန်ဟုခေါ်ပါသနည်း၊ သင်္ဂဟအလိုကျဖြေဆိုပါ။**

(၁၉၉၇၊ စမန ၁၅၇၊ အခြေပြုသင်ရိုးဟောင်း ၃၉၉၊ ၄၀၀)

**အဖြေ – ပဋိသန္ဓေအခါ မရနိုင်သောရုပ်တရားများမှာ –**
''သဒ္ဒရုပ်၊ ဝိကာရရုပ် ၅ ပါး၊ ဇရတာရုပ်၊ အနိစ္စတာရုပ်'' ဟူသော ရုပ် ၈ ပါးဖြစ်ပါသည်။

**ဝိကာရရုပ် ၅ ပါးမှာ** – ကာယဝိညတ်ရုပ်၊ ဝစီဝိညတ်ရုပ်၊ ရူပဿလဟုတာရုပ်၊ ရူပဿမုဒုတာရုပ်၊ ရူပဿကမ္မညတာရုပ်''တို့ဖြစ်ပါသည်။

– **သောတာပတ္တိမဂ်ဉာဏ်စသည့် လောကုတ္တရာမဂ်ဉာဏ်လေးပါးဖြင့် မျက်မှောက်ပြုထိုက်သော၊** မင်ဖိုလ်တရား (မဂ်စိတ်ဖိုလ်စိတ်)တို့၏အာရုံဖြစ်သော ''သန္တိလက္ခဏ'' (ထာဝရငြိမ်းအေး ခြင်း)သဘောလက္ခဏာရှိသောတရားကို **နိဗ္ဗာန်**ဟုခေါ်ပါသည်။ (သင်္ဂဟအလိုကျ)

**တစ်နည်း** – လောဘ၏ချုပ်ငြိမ်းခြင်း၊ ဒေါသ၏ချုပ်ငြိမ်းခြင်း၊ မောဟ၏ချုပ်ငြိမ်းခြင်းကို နိဗ္ဗာန်ဟုခေါ်ပါသည်။ (သံယုတ် ၃၈၊ ၁)

– **နိဗ္ဗာန်ဟုခေါ်ရခြင်းအကြောင်းမှာ** – နိဗ္ဗာန်သည် 'ဝါန'ဟုဆိုအပ်သော'တဏှာ'မှထွက် မြောက်တတ်သည့်အဖြစ်ကြောင့် နိဝါတ = နိဗ္ဗာန်ဟုခေါ်ဆိုအပ်၏။

[ နိဝါန = တဏှာစက်ကွင်းမှ လွတ်ကင်းထွက်မြောက်ခြင်း]

**၅၄။ ရုပ်ကိုပယ်လို့ရ၏ဟု ပြောဆိုကြသော ရုပ်ဝါဒီတို့၏စကားကို လက်ခံသင့်မသင့် ရှင်းပြ၍၊ လောကလူသားအသုံးများသည့် ''ကံတရားပေါ့''ဟူသောစကားအပြော ကို တရားသဘောသို့သွင်းပြပါ။** (၁၉၉၈၊ စမန ၁၅ဝ၊ အခြေပြုသင်္ဂြိုဟ် ၃၄၉)

**အဖြေ – ရုပ်ကိုပယ်လို့ရ၏ဟု ပြောဆိုကြသော ရုပ်ဝါဒီတို့၏စကားကို လက်မခံသင့်ပါ။**

**အကြောင်းမှာ**– ရုပ်တရားအားလုံးသည် အကုသိုလ်ကိလေသာကဲ့သို့ သီလ–သမာဓိ– ပညာဖြင့် တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန် ပယ်ဖို့ရာမဟုတ်သောကြောင့် ရုပ်ဟူသမျှ ''အပ္ပဟာတဗ္ဗ''ချည်းသာတည်း၊ ပဟာတဗ္ဗရုပ်ဟူ၍မရှိပါဟု အဘိဓမ္မာတွင် ဆိုထားပါသည်။

– **လောကလူသားအသုံးများသည့် ''ကံတရားပေါ့''ဟူသောစကားအပြောကို တရား သဘောသို့ သွင်းပြရသော်** ''ကံတရားပေါ့''ဟူသောစကားသည် မြတ်စွာဘုရားဟော ကြားထားသည့် 'သဗ္ဗေသတ္တာ ကမ္မဿကာ၊ ကမ္မံသတ္တေ ဝိဘဇ္ဇတိ''ကို ရည်ညွှန်းပါသည်။

အဓိပ္ပါယ်မှာ – ''သတ္တဝါများသည် မိမိတို့ပြုလုပ်ထားသည့် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြ၏၊ ထိုကံတို့က သတ္တဝါတို့ကို အမျိုးမျိုးအဖုံဖုံပြုပြင်စီရင်ပေးကြ၏''

သို့အတွက် သတ္တဝါအားလုံးသည် မိမိပြုထားသည့်ကံစီမံသည့်အတိုင်းဖြစ်ကြရသဖြင့် ''ကံတရားပေါ့''ဟု ပြောဆိုတတ်ကြပါသည်။

အကုသိုလ်ကံ ၁၂ ပါး၊ မဟာကုသိုလ်ကံ ၈ ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉ ပါး၊ ပေါင်း ကံ ၂၉ ပါးတို့သည် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးတို့ကို ဖြစ်စေကြသဖြင့် ကုသိုလ်ကံတို့က ကောင်းသောအကျိုးကိုပေး၍ အကုသိုလ်ကံတို့က မကောင်းကျိုးကို ပေးကြမည်ဖြစ်ပါသည်။

**၅၅။ ဘာအကြောင်းကြောင့်မှုမဖြစ်သော အကြောင်းမဲ့ရုပ်တရားတို့ကို အကြောင်းနှင့် တကွဖြေဆို၍ မည်သည့်အဖွဲ့အစည်း၊ အစိတ်အပိုင်းထဲမှ မပါဝင်ဘဲ တစ်သီးပုဂ္ဂလ နေသောရုပ်တရားတို့ကို ဖော်ပြပါ။** (၁၉၉၈၊ စမန ၁၅၄၊ ၁၄၉)

**အဖြေ – ဘာအကြောင်းကြောင့်မှုမဖြစ်သော အကြောင်းမဲ့ရုပ်တရား = နကုတောစိရုပ် ၄ ပါး** = ဥပစယရုပ်, သန္တတိရုပ်, ဇရတာရုပ်, အနိစ္စတာရုပ်ဟူသော လက္ခဏရုပ်

၄ ပါး ဖြစ်ပါသည်။

ဤလက္ခဏာရုပ် ၄ ပါးသည် နိပ္ဖန္နရုပ်တို့၏ဥပါဒ်အခိုက်၊ ဌီအခိုက်၊ ဘင်အခိုက်တို့ကို မှတ်သားပြသည့် လက္ခဏာရုပ်များသာဖြစ်၍ ကံ, စိတ်, ဥတု, အာဟာရတို့က ဖြစ်စေခြင်း မဟုတ်ပါ၊ အခြားမည်သည့်အကြောင်းကမျှ ဖြစ်စေသည်လည်းမဟုတ်ပါ။ ထို့ကြောင့် ''နကုတောစိ''ဘာအကြောင်းကြောင့်မျှမဖြစ်သော အကြောင်းမဲ့ရုပ်များဟု ခေါ်ပါသည်။

**– မည်သည့်အဖွဲ့အစည်း၊ အစိတ်အပိုင်းထဲမှ မပါဝင်ဘဲ တစ်သီးပုဂ္ဂလနေသော** ရုပ်တရားတို့မှာ – (၁) ပရိစ္ဆေဒရုပ် (အာကာသဓာတ်) = ၁ ပါး၊

(၂) လက္ခဏာရုပ် (နကုတောစိရုပ်) = ၄ ပါး၊ ပေါင်း ၅ ပါးဖြစ်၏။

**လက္ခရုပ် ၄ ပါးတို့မှာ –**

(၁) ***ဥပစယရုပ်*** = ပဋိသန္ဓေတည်စမှ တစ်ဘဝအတွက် ရထိုက်သမျှရုပ်များပြည့်စုံသည့် တိုင်အောင် နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်း (ဝါ) ဥပါဒ်အခိုက်၌ ရှိသော ရုပ်တို့တည်း၊

(၂) ***သန္တတိရုပ်*** = တစ်ဘဝအတွက်ရထိုက်သမျှရုပ်များပြည့်စုံပြီးနောက် နိပ္ဖန္နရုပ်တို့၏ ဆက်ဖြစ်ခြင်း (ဝါ) ဥပါဒ်အခိုက်၌ရှိသောရုပ်တို့တည်း၊

(၃) ***ဇရတာရုပ်*** = နိပ္ဖန္နရုပ်တို့၏ရင့်ရော်ခြင်း (ဝါ) ဌီအခိုက်၌ရှိသောရုပ်တို့တည်း။

(၄) ***အနိစ္စတာရုပ်*** = နိပ္ဖန္နရုပ်တို့၏ချုပ်ပျက်ခြင်း (ဝါ) ဘင်အခိုက်၌ရှိသောရုပ်တို့တည်း။

ဥပစယရုပ်, သန္တတိရုပ်တို့ကိုပေါင်း၍ ''ဇာတိရုပ်''ဟုခေါ်၏။

**၅၆။ ဆုံဝယ်တပ်နွား၊ ရဟပ်များသို့ မနေမနားသွားနေရသော ဤရုပ်သံသရာကြီး လည်ပတ်နေပုံကို ရေးသားပြ၍၊ သညာမရှိသောပြဟ္မာတို့သန္တာန်ဝယ် ပဋိသန္ဓေအ ခါရနိုင်သောရုပ်ကလာပ်တို့ကိုလည်း ဖော်ပြပါ။** (၁၉၉၈၊ စမန ၁၅၇၊ ၁၅၈)

**အဖြေ –ဆုံဝယ်တပ်နွား၊ ရဟပ်များသို့ မနေမနားသွားနေရသော ဤရုပ်သံသရာ ကြီးလည်ပတ်နေပုံမှာ** – (ဤစာအုပ်စာမျက်နှာ ၂၆၂ နံပါတ် ၄၉ ဒုတိယပိုင်း၌ ဖြေထား၏)

**– သညာမရှိသောပြဟ္မာဝယ် ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်တို့မှာ –** ''ကမ္မဇဇီဝိတနဝကကလာပ်''ဖြစ်ပါသည်။

**၅၇။ ထိတွေ့စမ်းသပ်၍ရကောင်းသောအာရုံ (ဖောဋ္ဌဗ္ဗာရုံ)တွင် ပါဝင်သောရုပ်တရား အစုကိုဖော်ပြ၍၊ စာဖြေပုဂ္ဂိုလ်တို့ရုပ်မြင်သံကြားကြည့်ရှုရာ၌ မြင်မှု,ကြားမှုတို့သည် ''မိမိတို့ထံမှောက်သို့ရောက်မှ အာရုံကိုယူနိုင်ကြရသည်''ဟုဆိုလျှင် သင်အဘယ်သို့ ချေပမည်ကို အဖြေပြပါ။** (၁၉၉၉၊ စမန ၁၄၇၊ ၁၅၁)

**အဖြေ – ထိတွေ့စမ်းသပ်၍ရကောင်းသောအာရုံ (ဖောဋ္ဌဗ္ဗာရုံ) တွင် ပါဝင်သော ရုပ်တရားအစုမှာ–** ''ပထဝီ၊ တေဇော၊ ဝါယော''တို့ဖြစ်ပါသည်။

**– ရုပ်မြင်သံကြားကြည့်ရှုရာ၌ မြင်မှု, ကြားမှုတို့သည် ''မိမိတို့ထံမှောက်သို့ရောက်မှ အာရုံကိုယူနိုင်ကြရသည်''ဟုဆိုလျှင် မမှန်ပါ။** အကြောင်းမှာ–

စက္ခုပသာဒနှင့်သောတပသာဒတို့သည် ရူပါရုံ, သဒ္ဒါရုံတို့ကို အဝေးမှယူနိုင်ကြ၏၊ အာရုံတို့က ၎င်းတို့နှင့် လာရောက်ထိတိုက်ရန်မလိုချေ။ ဥပမာ ပန်းကိုမြင်ရာ၌ ပန်းသည်မျက်စိ (စက္ခုပသာဒ)နှင့် လာထိတိုက်ရန်မလိုချေ။ လူတစ်ယောက်ပြောဆိုသည့်အသံကို အဝေးမှပင်ကြားနိုင်၏၊ ထိုလူက နား(သောတပသာဒ)နှင့်ကပ်၍ ပြောရန်မလိုချေ။

သို့အတွက် စက္ခုပသာဒနှင့်သောတပသာဒတို့ကို **အသမ္ပတ္တဂါဟကရုပ်**ဟု အဘိဓမ္မာရူပဝိဘာဂအခန်းတွင် ဖော်ပြထား၏။

ထို့ကြောင့် မြင်မှု, ကြားမှုတို့သည် ''မိမိတို့ထံမှောက်သို့ရောက်မှ အာရုံကိုယူနိုင်ကြရသည်'' ဟုဆိုလျှင် မမှန်ကန်ပါ။

## ၅၈။ ရုပ်ကို မဖြစ်စေနိုင်သောစိတ်နှင့် ရုပ်ကိုသာဖြစ်စေနိုင်သောစိတ်တို့ကို တိကျစွာ ရေးသားပြပါ။ (၁၉၉၉၊ စမန ၁၅၂၊ ၁၅၃)

**အဖြေ – ရုပ်ကိုမဖြစ်စေနိုင်သောစိတ်တို့မှာ–**

''ဒွေပဉ္စဝိညာဏ် ၁၀ ပါး၊ အရူပဝိပါက် ၄ ပါး၊ ရဟန္တာတို့၏စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်တို့ ဖြစ်ပါသည်။

**– ရုပ်ကိုသာဖြစ်စေနိုင်သောစိတ်တို့မှာ (ဝါ) စိတ္တဇရုပ်သက်သက်ကိုသာဖြစ်စေနိုင်သောစိတ်တို့မှာ** – ''မနောဓာတ် ၃ ပါး၊ တဒါရုံစိတ် ၁၁ ပါး (မဟာဝိပါက်စိတ် ၈ ပါးနှင့် သန္တီရဏစိတ် ၃ ပါး)၊ ရူပါဝစရဝိပါက်စိတ် ၅ ပါး၊ ပေါင်းစိတ် ၁၉ ပါး ဖြစ်ပါသည်။

## ၅၉။ ရုပ်လေးပါးတို့ဖြစ်ပုံကို ဥပမာဆောင်ကာ ထင်အောင်ပြ၍၊ ရုပ်ဖြစ်ရာဋ္ဌာနနှင့် ရုပ်ဖြစ်ပုံကိုလည်း သေချာကျန အဖြေပြပါ။ (၁၉၉၉၊ စမန ၁၅၇၊ ၁၅၈)

**အဖြေ – ရုပ်လေးပါးတို့ဖြစ်ပုံကို ဥပမာဆောင်ကာ ထင်အောင်ပြရလျှင်–**

(၁) ကမ္မဇရုပ်များသည် ပဋိသန္ဓေစိတ်၏ဥပါဒ်ခဏမှစ၍ ခဏငယ်တိုင်း ခဏငယ်တိုင်း ဖြစ်ကြ၏။

(၂) စိတ္တဇရုပ်များသည် ပဋိသန္ဓေနောင် ပထမဘဝင်စိတ်၏ဥပါဒ်ခဏမှစ၍ စိတ်ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဖြစ်ကြ၏။

(၃) ဥတုဇရုပ်များသည် ပဋိသန္ဓေစိတ်၏ဌီကာလမှစ၍ ခဏငယ်တိုင်း ခဏမစဲဖြစ်ကြ၏။

(၄) အာဟာရဇရုပ်များသည် ဂဗ္ဘသေယျကသတ္တဝါတို့အား တစ်သတ္တာဟ, နှစ်သတ္တာဟလွန်၍ မိခင်စားမျိုသည့်အစာအာဟာရမှဖြစ်သော ဗဟိဒ္ဓသြဇာသည် ကလေးကိုယ်အင်္ဂါအတွင်း ပျံ့နှံ့သည့်အခါ ကိုယ်တွင်းအဇ္ဈတ္တသြဇာနှင့် ပေါင်းမိပြီး ဌီအခါမှစ၍ ခဏငယ်တိုင်းခဏမစဲ ဖြစ်၏။

မွေးဖွားပြီးနောက် အစာစားနိုင်သည့်အခါ ဝမ်းတွင်း၌ပါစကတေဇောဓာတ်ဖြင့် အစာကို ချေဖျက်ပြီးနောက် ဗဟိဒ္ဓသြဇာသည် သွေးနှင့်အတူကိုယ်တွင်းပျံ့နှံ့၍ အဇ္ဈတ္တသြဇာနှင့်ပေါင်းမိပြီး ဌီအခါမှစ၍ အာဟာရဇရုပ်ကို ခဏငယ်တိုင်း ခဏမစဲဖြစ်စေ၏။

ဤသို့လျှင် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းလေးပါးကြောင့်ဖြစ်သော ရုပ်လေးပါးတို့သည် ခဏမစဲဖြစ်ပြီးနောက် စိတ္တခဏ ၁၇ ချက်ရုပ်သက်စေ့သည့်အခါ ခဏမစဲပင်

ချုပ်ပျက်ကြ၏။ ရုပ်လေးပါးတို့ အစဉ်မပြတ် လျင်မြန်စွာဖြစ်ပျက်နေကြသည်မှာ **ဆီမီးလျှံမြစ်ရေအယဉ်နှင့်တူ၏။**

ရှေးရှေးမီးလျှံချုပ်ငြိမ်းပြီးနောက် အခြားမလပ်ဘဲ နောက်နောက်မီးလျှံဖြစ်နေသကဲ့သို့၊ ပထမမြင်ရသောမြစ်ရေစီးသွားပြီးနောက် အခြားမလပ်ဘဲ နောက်နောက်မြစ်ရေစီးဝင်လာသကဲ့သို့၊ ထို့အတူ အကြောင်းလေးပါးကြောင့်ဖြစ်ကြသော ရုပ်များသည် အစဉ်မပြတ်အလွန်လျင်မြန်စွာဖြစ်ပျက်နေကြ၏။ ဤရုပ်ကိုယ်သည် မပြောင်းလဲဘဲ တစ်ခုတည်းတည်မြဲနေသည်ဟု ထင်ရသော်လည်း ရုပ်များက အစဉ်မပြတ် ဖြစ်ပျက်နေကြပါတကား။

**– ရုပ်ဖြစ်ရာဌာနနှင့် ရုပ်ဖြစ်ပုံတို့မှာ –**

(၁) ကာမ ၁၁ ဘုံ၌ ကံ,စိတ်,ဥတု,အာဟာရဟူသော အကြောင်း ၄ ပါးကြောင့် အထက်တွင်ဆိုခဲ့သည့်အတိုင်း ရုပ်များဖြစ်ကြပါသည်။

(၂) အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ ကံ,စိတ်,ဥတုဟူသော အကြောင်း ၃ ပါးကြောင့် အထက်တွင်ဆိုခဲ့သည့်အတိုင်း ရုပ်များဖြစ်ကြပါသည်။

(၃) အသညသတ်ဘုံ၌ ကံနှင့်ဥတုဟူသောအကြောင်း ၂ ပါးကြောင့် အထက်တွင်ဆိုခဲ့သည့်အတိုင်းရုပ်များဖြစ်ကြပါသည်။

**၆၀။ ရုပ်အတုနှင့် ရုပ်အစစ်တို့ကို ခွဲခြားဝေဖန်ပြပြီးလျှင် ခွဲခြား၍မရကောင်းသောရုပ်တို့ကိုလည်းဖော်ပြပါ။** (၂၀၀၀၊ စမန ၁၄၉၊ ၁၅၀၊ ၁၅၁)

**အဖြေ – ရုပ်အတုနှင့် ရုပ်အစစ်တို့ကို ခွဲခြားဝေဖန်ပြရသော်–**

(ဤစာအုပ် စာမျက်နှာ ၂၆၁ နံပါတ် ၄၈ တွင်ဖြေပြထားပါသည်)

**– ခွဲခြား၍မရကောင်းသောရုပ်တို့မှာ –** ''ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ''ဟူသော အဝိနိဗ္ဘောဂရုပ် ၈ ပါးဖြစ်ပါသည်။

**၆၁။ မည်သည့်အကြောင်းကြောင့်မျှ မဖြစ်ကြသောရုပ်တို့ကို အကြောင်းပြဖော်ပြပြီးလျှင်၊ ရုပ်သံသရာစက်လည်နေပုံကိုလည်း ဖော်ပြပါ။**

(၂၀၀၀၊ စမန ၁၅၄၊ ၁၅၇၊ ၁၅၈)

**အဖြေ** – မည်သည့်အကြောင်းကြောင့်မျှ မဖြစ်ကြသောရုပ်တို့သည် လက္ခဏာရုပ် ၄ ပါးဖြစ်ပါသည်။

(ဤစာအုပ် စာမျက်နှာ ၂၆၅ နံပါတ် ၅၅ ပထမပိုင်းတွင်ဖြေဆိုထား၏)

**– ရုပ်သံသရာစက်လည်နေပုံမှာ –**

(ဤစာအုပ် စာမျက်နှာ ၂၆၂ နံပါတ် ၄၉ ဒုတိယပိုင်းတွင် ဖြေဆိုထား၏)

**၆၂။ အသညသတ်ဘုံ၌ (က) ပဋိသန္ဓေအခါရသည့်ရုပ်၊ (ခ) ပဝတ္တိအခါရသောရုပ်တို့ကို ဖော်ပြပါ။** (၂၀၀၀၊ စမန ၁၅၄၊ ၁၅၆)

**အဖြေ** – (က) အသညသတ်ဘုံ၌ အသညသတ်ပြဟ္မာတို့သည် ဇီဝိတနဝကကလာပ်ဖြင့် ပဋိသန္ဓေနေ၏၊ ဇီဝိတနဝကကလာပ်ဖြစ်လျှင် ပရိစ္ဆေဒရုပ်နှင့် ဥပစယရုပ်တို့လည်း ဖြစ်ပေါ်သည်။ ထို့ကြောင့် **အသညသတ်ဘုံ၌ ပဋိသန္ဓေအခါ ရသောရုပ်မှာ–**

''ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ဇီဝိတရုပ်၊ ပရိစ္ဆေဒရုပ်၊ ဥပစယရုပ်''ဟူ၍ ရုပ် ၁၁ ပါးဖြစ်ပါသည်။

(ခ) **အသည်းသတ်ဘုံ၌ ပဝတ္တိအခါ၌ ရသောရုပ်မှာ –**

''အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ ပရိစ္ဆေဒရုပ်၊ ရူပဿလဟုတာရုပ်၊ ရူပဿမုဒုတာရုပ်၊ ရူပဿကမ္မညတာရုပ်၊ ဥပစယရုပ်၊ သန္တတိရုပ်၊ ဇရတာရုပ်၊ အနိစ္စတာရုပ်ဟူသော ရုပ် ၁၇ ပါး''ဖြစ်ပါသည်။

**၆၃။ ''ရုပ်တရားများသည် အာရုံကို ယူစွမ်းနိုင်၏'' ဟု ဆိုလာလျှင် လက်ခံသင့်– မသင့်ရှင်းလင်းပြ၍၊ တစ်ခုစီခွဲမရဘဲ အမြဲတမ်းစည်းလုံးညီညွတ်သောရုပ်တရား တို့ကိုလည်း ဖော်ပြပါ။** (၂၀၀၁၊ စမန ၁၅၀၊ ၁၅၁၊ အခြေပြုသင်္ဂြိုဟ် ၃၄၈–၉)

**အဖြေ – ''ရုပ်တရားများသည် အာရုံကို ယူစွမ်းနိုင်၏''ဟုဆိုလာလျှင် လက်မခံသင့်ပါ။** အကြောင်းမှာ –အဘိဓမ္မာရူပဝိဘာဂပိုင်း၌ –

ရုပ်အားလုံးသည် ''အဟေတုကချည်း''ဖြစ်၍ ဟိတ်မယှဉ်ကြပါ။

ရုပ်အားလုံးသည် ''ကာမာဝစရချည်း''သာဖြစ်၍ တဏှာ၏အာရုံပြုရာ, ကျင်လည်ရာဖြစ်၏။

ရုပ်အားလုံးသည် ''အနာရမ္မဏချည်း''သာဖြစ်၍ စိတ်စေတသိက်တို့ကဲ့သို့ အာရုံကိုမယူနိုင်ကြပါ။ ဤသို့စသည်ဖြင့် ဖော်ပြထား၏။

သို့ဖြစ်၍ ''ရုပ်တရားများသည် အာရုံကို ယူစွမ်းနိုင်၏''ဟုဆိုလာလျှင် မမှန်ကန်သည့်အတွက် လက်မခံသင့်ပါ။

– **တစ်ခုစီခွဲမရဘဲ အမြဲတမ်း စည်းလုံးညီညွတ်သောရုပ်တရားတို့မှာ –**

''အဝိနိဗ္ဘောဂရုပ် ၈ ပါး'' = ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာရုပ် တို့ဖြစ်ပါသည်။

**၆၄။ ''အသံကောင်းတာ ကံကြောင့်ပါ''ဟုဆိုသောစကား မှန်–မမှန် အဟုတ်သိအောင် ယုတ္တိဆောင်ကာ စစ်တမ်းထုတ်၍၊ သစ်ပင်, တော, တောင်စသည်၌ရနိုင်သောကလာပ်အဖွဲ့အစည်းကိုလည်း ရေးသားပြပါ။**

(၂၀၀၁၊ စမန ၁၅၃၊ ၁၅၆)

**အဖြေ** – ''အသံကောင်းတာ ကံကြောင့်ပါ''ဟုဆိုသောစကားသည် မမှန်ပါ။

အကြောင်းမှာ – ''အသံ''ဟူသော သဒ္ဒရုပ်သည် စိတ်နှင့်ဥတုတို့က ဖြစ်စေသောဒွိဇရုပ်ဖြစ်၏။ ကံကြောင့်ဖြစ်သောရုပ် မဟုတ်သောကြောင့်ဖြစ်ပါသည်။

– သစ်ပင်, တော, တောင်စသည်၌ ရနိုင်သောကလာပ်အဖွဲ့အစည်းသည် ''ဥတုဇသုဒ္ဓဋ္ဌကကလာပ်''ဖြစ်ပါသည်။ လေတိုက်၍ သစ်ခက်သစ်ရွက်များကြိတ်ခတ်သံပေါ်လာလျှင် ''ဥတုဇသဒ္ဒနဝကကလာပ်''လည်း ဖြစ်ပေါ်ပါသည်။

**၆၅။ ကမ္ဘာဦးလူများနှင့် နတ်ပြဟ္မာတို့ ပဋိသန္ဓေအခါ ရနိုင်သောရုပ်ကလာပ်တို့ကို အလွန်ဆုံးအပိုင်းအခြား, အောက်ထစ်ဆုံးအပိုင်းအခြားအားဖြင့် ခွဲခြားပြ၍၊ နိဗ္ဗာန်ကိုလည်း သဘာဝ, ကရဏအားဖြင့် ခွဲခြားပြပါ။**

(၂၀၀၁၊ စမန ၁၅၆၊ ၁၅၇၊ အခြေပြုသင်္ဂြိုဟ် ၃၈၃၊ ၃၈၄၊ ၄၀၀၊ ၄၀၁)

**အဖြေ – ကမ္ဘာဦးလူများနှင့်နတ်ပြဟ္မာတို့သည် ဥပပတ်ပဋိသန္ဓေနေကြ၏။**

သုဂတိဘုံ၌ ဥပပတ်ပုဂ္ဂိုလ်တို့တွင် ကမ္ဘာဦးလူများသည် ယောက်ျားလည်းမဟုတ်၊ မိန်းမလည်းမဟုတ်သဖြင့် ဘာဝဒသကကလာပ်ချို့၏၊ အခြားသော သုဂတိဘုံသားဥပပတ်များကား ရသင့်သည့်ရုပ်ကလာပ်များ မချို့တဲ့ကြချေ။ ထို့ကြောင့် အလွန်ဆုံးအပိုင်းအခြား, အောက်ထစ်ဆုံးအပိုင်းအခြားအားဖြင့် ခွဲခြားပြရန်မလိုချေ။

(၁) **ကမ္ဘာဦးလူများ၌** ပဋိသန္ဓေအခါတွင် ဘာဝဒသကကလာပ် ၂ စည်းကြဉ်သော ကမ္မဇကလာပ်(၇)စည်း = စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဇိဝှာဒသက၊ ကာယဒသက၊ ဝတ္ထုဒသက၊ ဇီဝိတနဝကကလာပ်တို့ဖြစ်၏။

(၂) **နတ်တို့၌** ပဋိသန္ဓေအခါတွင် စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဇိဝှာဒသက၊ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသကဟူသည့် ကမ္မဇဒသကကလာပ်(၇)စည်းဖြစ်၏။

(၃) **အသညသတ်ကြဉ်ရူပပြဟ္မာတို့၌** ပဋိသန္ဓေအခါတွင် စက္ခုဒသက၊ သောတဒသက၊ ဝတ္ထုဒသက၊ ဇီဝိတနဝကကလာပ်ဟူသော ကမ္မဇကလာပ် ၄ စည်းဖြစ်၏။

(၄) **အသညသတ်ပြဟ္မာ၌** ပဋိသန္ဓေအခါတွင် ဇီဝိတနဝကကလာပ် ၁ စည်းဖြစ်၏။

(၅) **အရူပပြဟ္မာများ၌** ပဋိသန္ဓေအခါတွင် မည်သည့်ရုပ်ကလာပ်မျှမဖြစ်ချေ။

– **နိဗ္ဗာန်သည် သဘာဝအားဖြင့်** သန္တိလက္ခဏ = ငြိမ်းအေးခြင်းလက္ခဏာတစ်မျိုးတည်းသာရှိ၏။

– **နိဗ္ဗာန်သည် ကရဏအားဖြင့်** (မှတ်သားကြောင်းပရိယာယ်အားဖြင့်) သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်ဟူ၍ ၂ မျိုးပြားပါသည်။

**၆၆။ လက္ခဏာယာဉ်သုံးတန်တင်ကာ ဝိပဿနာရှုကောင်းသောရုပ်အပေါင်းကိုအရေအတွက်မျှပြ၍ ''ဒီအနံ့လေးရဖူးပါတယ်''ဟု ပြောဆိုကြရာ ထိုရနံ့ကို မိမိထံမှောက်သို့မရောက်ခင်ကတည်းက အာရုံရခြင်းမျိုးပါလော၊ အဘယ်သို့ပါနည်း၊ ရှင်းပြပါ။**

(၂၀၀၂၊ စမန ၁၄၉၊ ၁၅၁)

**အဖြေ – လက္ခဏာယာဉ်သုံးတန်တင်ကာ ဝိပဿနာရှုကောင်းသောရုပ်အပေါင်းမှာ–**

နိပ္ဖန္နရုပ်, သဘာဝရုပ်, သမ္မသနရုပ်ဟုအမည်ရသော ရုပ်အစစ် ၁၈ ပါးဖြစ်ပါသည်။

– **''ဒီအနံ့လေး ရဖူးပါတယ်''**ဟု ပြောဆိုကြရာ ထိုရနံ့ကို မိမိထံမှောက်သို့ မရောက်ခင်ကတည်းက အာရုံရခြင်းမျိုးမဟုတ်ပါ။

အကြောင်းမှာ ဃာနပသာဒရုပ်သည် မိမိထံသို့ ဂန္ဓာရုံ (အနံ့) ရောက်လာမှ ထိတွေ့လာမှ အာရုံကိုယူနိုင်သော **သမ္ပတ္တဂါဟကရုပ်** ဖြစ်သောကြောင့်တည်း။

**၆၇။ ရယ်ရွှင်ခြင်းကို ဖြစ်စေနိုင်သောစိတ်တို့ကို ရေးသားပြ၍ ကောင်းကင်ခေါ်မှတ်အာကာသဓာတ်သည် အကြောင်းမဲ့တရားဖြစ်သည်ဟုဆိုလျှင် သင်အဘယ်သို့ချေပမည်နည်း။** (၂၀၀၂၊ စမန ၁၅၂၊ ၁၅၃)

**အဖြေ** – ရယ်ရွှင်ခြင်းကို ဖြစ်စေနိုင်သော စိတ် ၁၃ ပါးရှိရာ ၎င်းတို့မှာ–

လောဘမူသောမနသဓာတ် = ၄ ပါး၊
မဟာကုသိုလ်သောမနဿစိတ် = ၄ ပါး၊
မဟာကြိယာသောမနဿစိတ် = ၄ ပါး၊
ဟသိတုပ္ပါဒ်သောမနဿစိတ် = ၁ ပါးတို့ဖြစ်ပါသည်။

– **ကောင်းကင်ခေါ်မှတ် အာကာသဓာတ်သည် အကြောင်းမဲ့တရားဖြစ်သည်ဟု ဆိုလျှင် မမှန်ပါ။** အကြောင်းမှာ အာကာသဓာတ်ခေါ်ပရိစ္ဆေဒရုပ်သည် ကံ, စိတ်, ဥတု, အာဟာရဟူ သည့် အကြောင်း ၄ ပါးက ဖြစ်စေသော စတုဇရုပ်ဖြစ်သောကြောင့်တည်း။

**၆၈။ မိဘတို့သည် သားသမီးတို့အပေါ်ဝယ် ကလလရေကြည်တည်စမှစ၍ မေတ္တာထားကြသည်ဆိုရာ ထိုကလလရေကြည်၏အရကို တိကျစွာကောက်ပြ၍၊ ''ပရမတ္ထတရားတို့သည် ၄ ပါးထက်အပိုအလိုရှိသည်''ဟု ဆိုလာလျှင် အဘယ်သို့ ရှင်းလင်းမည်နည်း၊ ဖြေဆိုပါ။**

(၂၀၀၂၊ စမန၊ ၁၅၇၊ အခြေပြုသင်္ဂြိုဟ် ၄၊၅)

**အဖြေ – ကလလရေကြည်၏အရသည်** ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်ဟူသော ကမ္မဇဒသကကလာပ် ၃ စည်းဖြစ်ပါသည်။

– **''ပရမတ္ထတရားတို့သည် ၄ ပါးထက် အပိုအလိုရှိသည်''ဟု ဆိုလျှင် မမှန်ကန်ပါ။**
အကြောင်းမှာ – (ဤစာအုပ် စာမျက်နှာ ၂၆၃ နံပါတ် ၅၀ တွင် ဖြေဆိုထား၏)

**၆၉။ ရုပ်တစ်ခုတည်းကို နှစ်မျိုးခွဲ၍ဟောထားရာ ထိုရုပ်တို့ကို အမည်တို့ကိုရေးသား၍ ရုပ်ကို မဖြစ်စေနိုင်သော စိတ်တို့ကိုလည်းဖော်ပြပါ။**

(၂၀၀၃၊ စမန ၁၄၉၊ ၁၅၂၊ ၁၅၈)

**အဖြေ – ရုပ်တစ်ခုတည်းကို နှစ်မျိုးခွဲ၍ဟောထားရာ ထိုရုပ်တို့၏အမည်တို့မှာ –**
''**ဇာတိရုပ်**''တစ်ခုတည်းကို ''**ဥပစယရုပ်၊ သန္တတိရုပ်**''ဟူ၍ ၂ မျိုးဟောထားပါသည်။

– **ရုပ်ကို မဖြစ်စေနိုင်သောစိတ်တို့မှာ–**
''ဒွေပဥ္စဝိညာဏ် ၁၀ ပါး၊ အရူပဝိပါက်စိတ် ၄ ပါး၊ ရဟန္တာတို့၏စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်''တို့ဖြစ်ပါသည်။

**၇၀။ အဖွဲ့အစည်းစာရင်းထဲ မပါဝင်သောရုပ်တို့ကို အကြောင်းပြကာဖြေဆို၍၊ ဘုရား, ရဟန္တာများ အဘယ်စိတ်များဖြင့် ပြုံးတော်မူကြပါသနည်း။**

(၂၀၀၃၊ စမန ၁၄၈၊ ၁၄၉၊ ၁၅၂)

**အဖြေ – အဖွဲ့အစည်း (ရုပ်ကလာပ်)စာရင်းထဲ မပါဝင်သောရုပ်တို့မှာ –**
''ပရိစ္ဆေဒရုပ် (အာကာသဓာတ်)နှင့် လက္ခဏရုပ် ၄ ပါး၊ ပေါင်းရုပ် ၅ ပါး''ဖြစ်၏။
ဤရုပ်တို့သည် ရုပ်ကလာပ်အဖွဲ့အစည်းစာရင်းထဲ မပါဝင်သည့်အကြောင်းမှာ–

(၁) ပရိစ္ဆေဒရုပ်သည် ရုပ်ကလာပ်များကို ပိုင်းခြားပေးသောရုပ်၊ ရုပ်ကလာပ်တစ်ခုစီ၏ ပတ်လည်ဝန်းကျင်ရှိ ဟင်းလင်းလဟာနယ် (အာကာသဓာတ်)ဖြစ်၍ ရုပ်ကလာပ်ထဲတွင် မပါဝင်ပါ။

(၂) လက္ခဏာရုပ် ၄ ပါးအနက် ဥပစယရုပ်နှင့်သန္တတိရုပ်တို့သည် နိပ္ဖန္နရုပ်အစစ်တို့၏ ဥပါဒ်ခိုက်ကို မှတ်သားပြသည့်ရုပ်ဖြစ်ပါသည်။ ထို့အတူ ဇရတာရုပ်နှင့် အနိစ္စတာရုပ်တို့သည် နိပ္ဖန္နရုပ်အစစ်တို့၏ဌီအခိုက်နှင့် ဘင်ခဏတို့ကို မှတ်သားပြသည့် လက္ခဏာရုပ်တို့ဖြစ်ကြပါသည်။ သီခြားတည်ရှိသောရုပ်အစစ်များမဟုတ်သည့်အတွက် ရုပ်ကလာပ်အဖွဲ့အစည်းစာရင်းထဲ မပါဝင်ကြခြင်းဖြစ်ပါသည်။

– **ဘုရား, ရဟန္တာများပြုံးတော်မူကြသောစိတ်များမှာ–**

''သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်နှင့် မဟာကြိယာသောမနဿစိတ် ၄ ပါး''တို့ ဖြစ်ပါသည်။

**၇၁။ ကာမဂုဏ်ကို စက်ဆုပ်သောဗြဟ္မာတို့၏နေရာ၌ မရနိုင်သောရုပ်ကလာပ်တို့ကို ရေးသားပြ၍၊ ဘုရား, ရဟန္တာတို့ ပရိနိဗ္ဗာန်စံသည့်အခါ ရအပ်သောနိဗ္ဗာန်၏အမည်ကိုလည်းဖော်ပြပါ။** (၂၀၀၃၊ စမန ၁၅၆၊ ၁၅၄၊ ၁၅၅၊ ၁၆၁)

**အဖြေ – ကာမဂုဏ်ကို စက်ဆုပ်ကြသောဗြဟ္မာတို့၏နေရာ၌ မရနိုင်သောရုပ်ကလာပ်များမှာ–**

– **အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌** – ဃာနဒသကကလာပ်၊ ဇိဝှာဒသကကလာပ်၊ ကာယဒသကကလာပ်၊ ဣတ္ထိဘာဝဒသကကလာပ်၊ ပုမ္ဘာဝဒသကကလာပ်ဟူသော ကမ္မဇကလာပ် ၅ စည်းနှင့် အာဟာရဇကလာပ် ၂ စည်း၊ ပေါင်းကလာပ် ၇ စည်းတို့ကို မရနိုင်ပါ။

– **အသညသတ်ဗြဟ္မာဘုံ၌** – ဇီဝိတနဝကကလာပ်ကြဉ်သော ကမ္မဇကလာပ် ၈ စည်း၊ သဒ္ဒနဝကကလာပ်နှင့်သဒ္ဒလဟုတာဒိဒွါဒသကကလာပ်ဟူသော ဥတုဇကလာပ် ၂ စည်း၊ စိတ္တဇကလာပ် ၆ စည်း၊ အာဟာရဇကလာပ် ၂ စည်း၊ ပေါင်းကလာပ် ၁၈ စည်းကို မရနိုင်ပါ။

– **ဘုရား, ရဟန္တာတို့ ပရိနိဗ္ဗာန်စံသည့်အခါ ရအပ်သောနိဗ္ဗာန်၏အမည်သည်** ''အနုပါဒိသေသနိဗ္ဗာန်''ဖြစ်ပါသည်။

**၇၂။ မခွဲမခွါ အမြဲသာတွဲကာနေသောရုပ်တို့ကိုဖော်ပြ၍ ''ကံသာမူလ ပဓာန'' ဟုဆိုကြရာ ထိုကံဟူသောအများပြောစကားကို တရားသဘောအရ တိကျစွာ ကောက်ပြပါ။** (၂၀၀၄၊ စမန ၁၅၁၊ ၁၃၃၊ ၁၃၄)

**အဖြေ – မခွဲမခွါ အမြဲသာတွဲကာနေသောရုပ်တို့မှာ–**

''ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ''ဟူသော အဝိနိဗ္ဘောဂရုပ် (၈)ပါးဖြစ်ပါသည်။

– **''ကံသာမူလ ပဓာန''ဟု ဆိုကြရာ ထိုကံဟူသောအများပြောစကားကို တရားသဘောအရ တိကျစွာကောက်ပြရသော်** အကုသိုလ်, ကုသိုလ်စေတနာကံ ၂၉ ပါးကိုယူရပါမည်၊ ၎င်းတို့မှာ–

(၁) အကုသိုလ်ကံ ၁၂ ပါး = အကုသိုလ် စေတနာ ၁၂ ပါး – အဓိကအားဖြင့် အပါယ်

၄ ဘုံတွင် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးကို ဖြစ်စေ၏။

(၂) ကာမကုသိုလ်ကံ ၈ ပါး = မဟာကုသိုလ်စေတနာ ၈ ပါး – အဓိကအားဖြင့် လူ့ဘုံနှင့်နတ်ပြည် ၆ ဘုံတွင် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးကိုဖြစ်စေ၏။

(၃) ရူပကုသိုလ်ကံ ၅ ပါး = ရူပကုသိုလ်စေတနာ ၅ ပါး – အဓိကအားဖြင့် ရူပ ၁၆ ဘုံတွင် ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ဖြစ်စေ၏။

(၄) အရူပကုသိုလ်ကံ ၄ ပါး = အရူပကုသိုလ်စေတနာ ၄ ပါး – အဓိကအားဖြင့် အရူပ ၄ ဘုံတွင် ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ဖြစ်စေ၏။

လူ့ဘုံလောက၌ ကောင်းကျိုး, မကောင်းကျိုးရခြင်းသည်လည်းကောင်း၊ သေလွန်သည့်အခါ သုဂတိဘုံ, ဒုဂ္ဂတိဘုံရောက်ရခြင်းသည်လည်းကောင်း၊ မိမိ၏ကုသိုလ်ကံ, အကုသိုလ်ကံသာလျှင် ပဓာနအဓိကဖြစ်၍ ''ကံသာမူလ ပဓာန''ဟု ပြောဆိုကြပါသည်။

**၇၃။ ဘာအကြောင်းကြောင့်မျှမဖြစ်သော အကြောင်းမဲ့ရုပ်တို့ကို အကြောင်းနှင့်တကွ ဖြေဆို၍ မည်သည့်အဖွဲ့အစည်း၊ အစိတ်အပိုင်းထဲမှ မပါဝင်ဘဲ တစ်သီးပုဂ္ဂလနေသောရုပ်တရားတို့ကို ဖော်ပြပါ။** (၂၀၀၄၊ စမန ၁၄၉)

**အဖြေ – အကြောင်းမဲ့ရုပ်တို့သည်** – ဥပစယရုပ်၊ သန္တတိရုပ်၊ ဇရတာရုပ်၊ အနိစ္စတာရုပ်ဟူသော လက္ခဏာရုပ် ၄ ပါး ဖြစ်ပါသည်။ အကြောင်းမှာ –

လက္ခဏာရုပ်တို့သည် ဖြစ်ဆဲ, ရင့်ဆဲ, ပျက်ဆဲရုပ်တို့၏ဓမ္မတာဖြစ်သောကြောင့် မည်သည့်အကြောင်းကြောင့်ဖြစ်သည်ဟု မဆိုနိုင်ပါ။ ဖြစ်ခြင်း(ဥပစယ–သန္တတိ)လက္ခဏာသည် ဖြစ်ဆဲရုပ်၏သဘောတံတွာဓမ္မတာတည်း၊ ရင့်ခြင်း (ဇရတာ)လက္ခဏာသည် တည်ဆဲရုပ်၏ သဘောတံတွာဓမ္မတာတည်း။ ပျက်ခြင်း (အနိစ္စတာ)လက္ခဏာသည် ပျက်ဆဲရုပ်၏ သဘောတံတွာဓမ္မတာပင်တည်း။ ထို့ကြောင့် လက္ခဏာရုပ်တို့ကိုဖြစ်စေသော အကြောင်းမရှိခြင်းဖြစ်ပါသည်။

– မည်သည့်အဖွဲ့အစည်း, အစိတ်အပိုင်းထဲမှာ မပါဝင်ဘဲ တစ်သီးပုဂ္ဂလနေသောရုပ်တရားတို့မှာ – ပရိစ္ဆေဒရုပ်နှင့် လက္ခဏာရုပ် ၄ ပါးတို့ဖြစ်ပါသည်။

**၇၄။ နှလုံးသည် စိတ်ကြောင့်ဖြစ်သည်ဟုဆိုလျှင် လက်ခံသင့်မသင့် စိစစ်ပြ၍၊ အဖွဲ့အစည်းအစိတ်အပိုင်းတွင် မပါဝင်သောရုပ်တို့ကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။** (၂၀၀၄၊ စမန၊ ၁၅၅)

**အဖြေ – နှလုံး (ဟဒယဝတ္ထုရုပ်) သည် စိတ်ကြောင့်ဖြစ်သည်ဟုဆိုလျှင် လက်မခံသင့်ပါ။**

အကြောင်းမှာ ဟဒယဝတ္ထုရုပ်သည် ဝတ္ထုဒသကကလာပ်အဖြစ် ကံကသာဖြစ်စေ၍ ကမ္မဇရုပ်သာဖြစ်၏၊ စိတ္တဇရုပ်မဟုတ်သဖြင့် စိတ်က မဖြစ်စေသောကြောင့်တည်း။

– အဖွဲ့အစည်းအစိတ်အပိုင်းတွင် မပါဝင်သောရုပ်များမှာ–

ပရိစ္ဆေဒရုပ်နှင့် လက္ခဏာရုပ် ၄ ပါးတို့ ဖြစ်ပါသည်။

**၇၅။ အဘယ်ကိုကလလရေကြည်ခေါ်သည်ကိုဖော်ပြ၍၊ ရုပ်တို့၏ဖြစ်ပျက်ပုံကို ဌာန, ကာလအားဖြင့် ခွဲခြားပြပါ။** (၂၀၀၄၊ စမန ၁၅၆၊ ၁၅၇၊ ၁၅၈)

**အဖြေ – ကလလရေကြည်ဟူသည်မှာ** ပဋိသန္ဓေအကျိုးပေးခွင့်ရသောကံက ပဋိသန္ဓေ

အခါ၌ဖြစ်စေသော ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ် ဟူသည့် ကမ္မဇကလာပ်သုံးစည်း (ရုပ် ၃၀) တို့၏ အပေါင်းအစုဖြစ်သည်။

**– ရုပ်တို့၏ဖြစ်ပျက်ပုံကို ဌာန, ကာလအားဖြင့် ခွဲခြားပြရသော် –**

(၁) ကာမဘုံဝယ် ရုပ် ၂၈ ပါးလုံးကို ပဝတ္တိအခါဝယ် ထိုက်သလိုရနိုင်၏။

(၂) ရူပ ၁၅ ဘုံ၌ ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒ, ဘာဝရုပ် ၂ပါး, ပေါင်းရုပ် ၅ ပါးကို မရထိုက်။ ကျန်ရုပ် ၂၃ ပါးကိုသာ ပဝတ္တိအခါ၌ ရထိုက်၏။

**– အသညသတ်ဘုံ၌** အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ ပရိစ္ဆေဒရုပ်၊ လဟုတာဒိရုပ် ၃ ပါး၊ လက္ခဏာရုပ် ၄ ပါး၊ ပေါင်းရုပ် ၁၇ ပါးသာ ရအပ်၏။

(၃) အရူပဘုံ၌ ရုပ်တစ်ပါးမျှ မရအပ်ပေ။

**– ပဋိသန္ဓေအခါ၌ ရုပ်ဖြစ်စဉ်**

(၁) သံသေဒဇနှင့်ဥပပတ်သတ္တဝါတို့အား ပဋိသန္ဓေအခါ၌ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှာဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကတည်းဟူသော ကလာပ် (၇)စည်းတို့သည် ဥက္ကဋ္ဌနည်းအစွမ်းဖြင့် တစ်ပြိုင်နက်တည်း ထင်ရှားစွာဖြစ်ပေါ်ကြ၏။ အကုသိုလ်ကံကြောင့် အာယတနချို့တဲ့သူတို့၌ စက္ခုဒသက, သောတဒသက, ဘာဝဒသကတို့ ချို့ကောင်း၏။

(၂) ဂဗ္ဘသေယျကသတ္တဝါတို့အား ပဋိသန္ဓေကလလရေကြည်တည်သောအခါ၌ ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကဟူသော ''ကလာပ် ၃ စည်း၊ ရုပ် ၃၀''အပေါင်းအစုသည် တစ်ပြိုင်နက်ထင်ရှားစွာဖြစ်၏။ တစ်ခါတစ်ရံ အကုသိုလ်ကံနှိပ်စက်သဖြင့် ဘာဝဒသကချို့တဲ့တတ်၏။

**– စတုဇရုပ်ဖြစ်ပျက်စဉ်**

(၁) ကမ္မဇရုပ်များသည် ပဋိသန္ဓေစိတ်ဥပါဒ်ခဏမှစ၍ စုတိစိတ်အထက် ၁၇ ချက်မြောက်စိတ်တိုင်အောင် ခဏငယ်တိုင်း ခဏမစဲဖြစ်၏။ စုတိစိတ်ချုပ်သည့်အခါ ကမ္မဇရုပ်များလည်း တစ်ပြိုင်တည်းချုပ်၏။

(၂) စိတ္တဇရုပ်များသည် ပဋိသန္ဓေနောင် ပထမဘဝင်စိတ်၏ဥပါဒ်ခဏမှစ၍ စုတိစိတ်၏ဥပါဒ်ခဏတိုင်အောင် စိတ်ဥပါဒ်တိုင်းဥပါဒ်တိုင်းဖြစ်၏၊ စုတိပြီးနောက် ခဏငယ် ၄၈ ချက်လွန်သော် စိတ္တဇရုပ်အားလုံး ချုပ်၏။

(၃) ဥတုဇရုပ်များသည် ပဋိသန္ဓေစိတ်ဌီခဏမှစ၍ တစ်သက်ပတ်လုံး ခဏငယ်တိုင်း ခဏမစဲဖြစ်ကြ၏၊ စုတိစိတ်ချုပ်ပြီးသည့်နောက်၌လည်း ဆက်ဖြစ်ကြ၏။

(၄) အာဟာရဇရုပ်များသည် ဂဗ္ဘသေယျကသတ္တဝါတို့အား တစ်သတ္တာဟ, နှစ်သတ္တာဟလွန်၍ မိခင်စားမျိုသော အစာအာဟာရမှဖြစ်သော ဗဟိဒ္ဓဩဇာသည် ကလေးကိုယ်အင်္ဂါအတွင်း၌ ပျံ့နှံ့သည့်အခါ ကိုယ်တွင်းအဇ္ဈတ္တဩဇာနှင့်ပေါင်းမိပြီး ဌီအခါမှစ၍ စုတိစိတ်၏ဘင်ခဏတိုင်အောင် ခဏငယ်တိုင်း ခဏမစဲဖြစ်၏။ စုတိစိတ်ချုပ်ပြီးနောက် ခဏငယ် ၅၀ ချက်လွန်သော် အာဟာရဇရုပ်အားလုံးချုပ်၏။

**ဂ၆။ အာပေါဓာတ်ကို ထိတွေ့လို့ရ–မရ ဆုံးဖြတ်ပြ၍ ''မီး၌ရေရှိသည်၊ ရေ၌မီးရှိသည်''**

**ဟုဆိုကြရာ ရေနှင့်မီး ဘာကိုရွေးမလဲ၊ ခွဲခြား၍ ရ–မရ ရဲရဲကြီးဆုံးဖြတ်ဝေဖန်ပြပါ။**

(၂၀၀၅၊ စမန ၁၄၅၊ ၁၅၀၊ ၁၅၂)

**အဖြေ – အာပေါဓာတ်ကို ထိတွေ့လို့မရပါ။** အကြောင်းမှာ အာပေါဓာတ်သည် အလွန်သိမ်မွေ့သည့်အတွက် သုခုမရုပ်တစ်ခုဖြစ်ပြီး ထိတွေ့၍မရကောင်းသောကြောင့် ဖောဋ္ဌဗ္ဗာရုံအဖြစ်မှ ကြဉ်ထားရသောကြောင့်ဖြစ်ပါသည်။

**– ''မီး၌ရေရှိသည်၊ ရေ၌မီးရှိသည်''ဟု ဆိုကြရာ ရေနှင့်မီးကို ခွဲခြား၍မရပါ။**

အကြောင်းမှာ– မီးသည် အဝိနိဗ္ဘောဂရုပ် ၈ ပါး အပေါင်းအစုဖြစ်သဖြင့် မီးတွင်တေဇောရော, အာပေါပါ ပါရှိကြ၏။ အာပေါသည် ရေဓာတ်ဖြစ်၍ မီးတွင် ရေရှိသည်ဟုဆို၏။ သို့သော် မီးတွင် တေဇောဓာတ်သည် အာပေါဓာတ်ထက် များစွာလွန်ကဲပိုမိုသဖြင့် တေဇော၏သဘောလက္ခဏာဖြစ်သော မီးတောက်မီးလျှံနှင့် ပူခြင်းသဘောထင်ရှား၏။

ရေသည်လည်း အဝိနိဗ္ဘောဂရုပ် ၈ ပါးအစုပင်ဖြစ်သဖြင့် ရေတွင်အာပေါရော, တေဇောပါ ပါဝင်၏။ တေဇောသည် မီးဓာတ်ဖြစ်သဖြင့် ရေတွင်မီးရှိသည်ဟု ဆိုနိုင်၏။ သို့သော် ရေတွင် အာပေါဓာတ်သည် တေဇောဓာတ်ထက် များစွာလွန်ကဲပိုမိုသဖြင့် အာပေါ၏ သဘောလက္ခဏာဖြစ်သော ဖွဲ့စည်းခြင်း, ယိုစီးခြင်းထင်ရှား၍ အရည်အဖြစ်တည်ရှိ၏။

ထို့ကြောင့် ရေနှင့်မီးတို့ကို ခွဲခြား၍ မရပါ။

**၇၇။ ကံကြောင့်သာဖြစ်သော ရုပ်တို့ကို ဖော်ပြ၍၊သီချင်းသံနှင့်ခေါင်းလောင်းသံတို့သည် အဘယ်ကြောင့်ဖြစ်သည်ကိုလည်း ခွဲခြားပြပါ။**

(၂၀၀၅၊ စမန ၁၅၃၊ ၁၅၅)

**အဖြေ – ကံကြောင့်သာဖြစ်သောရုပ်တို့သည်** – ''စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ ဣတ္ထိဘာဝရုပ်၊ ပုရိသဘာဝရုပ်၊ ဟဒယဝတ္ထုရုပ်၊ ဇီဝိတရုပ်''ဟူ၍ ကမ္မဇကေန်ရုပ် ၉ ပါးတို့ဖြစ်ပါသည်။

– **သီချင်းသံသည်** စိတ်ကြောင့်ဖြစ်သော စိတ္တဇဝစီဝိညတ္တိသဒ္ဒသကကလာပ်ဖြစ်ပါသည်။

– **ခေါင်းလောင်းသံသည်** ဥတုကြောင့်ဖြစ်သော ဥတုဇသဒ္ဒနဝကကလာပ်ဖြစ်ပါသည်။

**၇၈။ ပဒုမ္မာကြာတိုက်၌ ပဋိသန္ဓေနေသော ပဒုမဝတီမိဖုရား၏သန္တာန်၌ အနည်းဆုံးရနိုင်သောရုပ်ကလာပ်တို့ကို ရေးသားပြ၍ နိဗ္ဗာန်မည်ခြင်းအကြောင်းကိုလည်းရေးသားပြပါ။**

(၂၀၀၅၊ စမန ၁၅၆၊ ၁၅၇၊ အခြေပြုသင်္ဂြိုဟ် ၃၉၉၊၄၀၀)

**အဖြေ – ပဒုမဝတီမိဖုရားသည် ပဒုမ္မာကြာတိုက်၌ ပဋိသန္ဓေနေသူဖြစ်သဖြင့်** သံသေဒဇသတ္တဝါဖြစ်ပါသည်။ ထို့ကြောင့် ပဋိသန္ဓေအခါ၌ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှာဒသက, ကာယဒသက, ဣတ္ထိဘာဝဒသက, ဝတ္ထုဒသကဟူသော ကမ္မဇကလာပ် ၇ စည်းတို့သည် ဥက္ကဋ္ဌနည်းအစွမ်းဖြင့် တစ်ပြိုင်နက်ထင်ရှားစွာဖြစ်ပေါ်ကြ၏။

သံသေဒဇပဋိသန္ဓေတွင် အကုသိုလ်ကံကြောင့် အာယတနချို့တဲ့သူ၌ စက္ခုဒသက, သောတဒသက, ဘာဝဒသကတို့ ချို့ကောင်း၏၊ ချို့ခဲ့သော် ကြွင်းသော ကမ္မဇဒသကကလာပ် ၄ စည်းသာဖြစ်လိမ့်မည်။ ပဒုမဝတီမိဖုရားသည် အင်္ဂါစုံသူဖြစ်သဖြင့် သူမ၏သန္တာန်၌ အနည်း

ဆုံးရနိုင်သောရုပ်ကလာပ်တို့သည် အထက်ပါ ကမ္မဇဒသကကလာပ်(၇)စည်းပင်ဖြစ်သည်။
ပဝတ္တိအခါ၌ စိတ္တဇရုပ်ကလာပ်, ဥတုဇရုပ်ကလာပ်, အာဟာရဇရုပ်ကလာပ်တို့လည်း ဖြစ်ပေါ်လိမ့်မည်။

**– နိဗ္ဗာန်မည်ခြင်းအကြောင်းမှာ –**

(ဤစာအုပ် စာမျက်နှာ ၂၆၄ နံပါတ် ၅၃ တွင် ဖြေဆိုထားပါသည်)

**၅၉။ ပျိုမျစ်နုနယ်သော ခန္ဓာ၏မမြဲမှု, ရင့်ရော်မှုတို့သည် မည်သည့်ရုပ်တို့၏ သဘောလက္ခဏာများဖြစ်သည်ကို အမည်မျှရေးသား၍၊ အာရုံကို ယူတတ်သောရုပ်တို့ကိုလည်း ရောက်/မရောက်၏အစွမ်းဖြင့် ခွဲဝေပြပါ။**

(၂၀၀၆၊ စမန ၁၄၉၊ ၁၅၁၊ အခြေပြုသင်္ဂြိုဟ် ၃၅၄၊ ၃၅၅)

**အဖြေ** – ပျိုမျစ်နုနယ်သောခန္ဓာ၏မမြဲမှုသည် **အနိစ္စတာ**ရုပ်၏သဘောလက္ခဏာဖြစ်၏။
ပျိုမျစ်နုနယ်သောခန္ဓာ၏ရင့်ရော်မှုသည် **ဇရတာရုပ်**၏သဘောလက္ခဏာဖြစ်၏။

– အာရုံကိုယူတတ်သောရုပ်တို့သည် ပသာဒရုပ် ၅ ပါးဖြစ်ပါသည်။ ၎င်းတို့အနက်–

စက္ခုပသာဒနှင့်သောတပသာဒတို့သည် ရူပါရုံနှင့်သဒ္ဒါရုံတို့ လာသည်ဖြစ်စေ မလာသည်ဖြစ်စေ မိမိတို့ထံသို့ မရောက်မထိမငြိမကပ်သောအာရုံကိုသာယူ၏။ ထို့ကြောင့် စက္ခုပသာဒနှင့်သောတပသာဒတို့ကို "**အသမ္ပတ္တဂါဟကရုပ်**"ဟုခေါ်သည်။

ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒတို့ကား မိမိတို့ထံ၌ ထိမိကပ်မိသော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံအသီးသီးတို့ကိုသာ ယူသည်။ နှာခေါင်းပိတ်ထားသဖြင့် နှာခေါင်းအတွင်းသို့ ဂန္ဓာရုံမရောက်လျှင် အနံ့မရနိုင်ပါ၊ အစာသည်လည်း လျှာ၏ဇိဝှာပသာဒနှင့် မထိတွေ့လျှင် အရသာမသိပါ။ အထိအတွေ့သည်လည်း ကိုယ်နှင့်ထိမှ သိနိုင်၏။ ထို့ကြောင့် ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒတို့ကို "**သမ္ပတ္တဂါဟကရုပ်**"ဟုခေါ်သည်။

**၆၀။ အဆီအနှစ်များသောအစာသည် (က)အဘယ်ရုပ်ကို (ခ) အဘယ်အချိန်၌ (ဂ)အဘယ်သို့ဖြစ်စေသည်ကို ဖြေဆို၍၊ အလောင်းကောင်၌ကြွင်းကျန်သောရုပ်ကလာပ်တို့ကိုလည်း ရေးသားပြပါ။** (၂၀၀၆၊ စမန ၁၅၇၊ ၁၅၅၊ ၁၅၈)

**အဖြေ – အဆီအနှစ်များသောအစာကို** ကာမဘုံ ဂဗ္ဘသေယျကသတ္တဝါစားသောက်ပြီးနောက် ဝမ်းထဲ၌ ပါစကတေဇောဓာတ်ခြေချက်ပြီးလျှင် ထိုအစာတွင်ပါသော ဗဟိဒ္ဓဩဇာသည် သွေးနှင့်အတူ ကိုယ်တွင်း၌ပျံ့နှံ့၍ ကိုယ်တွင်းရှိအဇ္ဈတ္တဩဇာနှင့်ပေါင်းမိပြီးနောက် ဌီအခါမှစ၍ အာဟာရဇအဋ္ဌကကလာပ်ရုပ်ကို ခဏငယ်တိုင်း ခဏမစဲ ဖြစ်စေပါသည်။ သို့ဖြစ်၍–

အဆီအနှစ်များသောအစာသည် (က) အာဟာရဇအဋ္ဌကကလာပ်ရုပ်ကို (ခ)ပဝတ္တိအခါ၌ (ဂ) ဗဟိဒ္ဓဩဇာနှင့်အဇ္ဈတ္တဩဇာတို့ပေါင်းမိပြီးနောက် ဌီခဏမှစ၍ ခဏငယ်တိုင်း ခဏမစဲ ဖြစ်စေပါသည်။

– **အလောင်းကောင်၌ ကြွင်းကျန်သောရုပ်ကလာပ်တို့သည်** ဥတုဇသုဒ္ဓဋ္ဌကကလာပ်များဖြစ်ပါသည်။ ထိခိုက်လှုပ်ရှားမိ၍ အသံဖြစ်ပေါ်လျှင် ဥတုဇသဒ္ဒနဝကကလာပ်ရုပ်ဖြစ်ပေါ်ပါသည်။ ဤဥတုဇရုပ်ကလာပ်တို့၌ ပါရှိသော တေဇောဓာတ်သည် ဌီခဏမှစ၍ ခဏမစဲ ဥတုဇရုပ်

ကလာပ်သစ်များကို ဖြစ်စေ၏။ အလောင်းပုပ်ပွဆွေးမြေ့၍ မြေမှုန့်များဖြစ်သည့်တိုင်အောင် ဥတုဇရုပ်ကလာပ်တို့သည် ဆက်ကာဆက်ကာဖြစ်ပျက်နေကြလိမ့်မည်။

**၈၁။ ''အဖွဲ့အစည်း''တစ်ခုခုတွင် ပါဝင်လိုသော ရုပ်၏ပြည့်စုံရမည့် လက္ခဏာများကို ရေးသားပြ၍၊ ရူပ ၁၅ ဘုံ၌ မရနိုင်သောရုပ်တို့ကိုလည်း တိကျစွာဖော်ပြပါ။**
(၂၀၀၆၊ စမန ၁၅၄၊ ၁၅၆)

**အဖြေ – ''အဖွဲ့အစည်း'' တစ်ခုခုတွင် ပါဝင်လိုသောရုပ်၏ပြည့်စုံရမည့်အင်္ဂါလက္ခဏာများမှာ –** (ဤစာအုပ် စာမျက်နှာ ၂၅၉ နံပါတ် ၄၂ တွင် ဖြေဆိုထားပါသည်)

**– ရူပ ၁၅ ဘုံ၌ မရနိုင်သောရုပ်တို့မှာ –** ဃာနပသာဒရုပ်၊ ဇိဝှာပသာဒရုပ်၊ ကာယပသာဒရုပ်၊ ဣတ္ထိဘာဝရုပ်၊ ပုရိသဘာဝရုပ်ဟူသော ရုပ် ၅ ပါးဖြစ်ပါသည်။

**၈၂။ ''တေဇောမပိုင် ဆေးမကိုင်နဲ့'' ဟူသောစကား၌ ''တေဇော''ဟူသည် အဘယ်နည်း၊ ဖြေဆို၍ ယောဂီအများသိထားဖို့ရန် ဝိပဿနာမရှုကောင်းသော ရုပ်တို့ကိုလည်း ထောက်ပြခဲ့ပါ။** (၂၀၀၇၊ စမန ၁၅၄၊ ၁၅၆၊ ၁၄၅)

**အဖြေ – ''တေဇောမပိုင် ဆေးမကိုင်နဲ့''ဟူသောစကား၌ ''တေဇော''သည်** ရုပ်ကလာပ်တိုင်းတွင် ပါဝင်သော ဘူတရုပ် ၄ ပါးမှတစ်ပါးဖြစ်ပါသည်။ ရုပ်ကလာပ်တိုင်းတွင်ပါဝင်သော တေဇောသည် ဌီခဏမှစ၍ ဥတုဇရုပ်ကလာပ်များကို ခဏမစဲဖြစ်စေပါသည်။ တေဇောတွင် ပူခြင်း, အေးခြင်းသဘောရှိပြီး၊ ဥဏှဥတု (အပူတေဇောဓာတ်)နှင့် သီတဥတု (အအေးတေဇောဓာတ်) တို့နှစ်မျိုးရှိရာ အပူ, အအေးညီမျှပါမှ ကျန်းမာမည်ဖြစ်သည်။ သို့အတွက် ကျန်းမာအောင်ဆေးကုသူသည် တေဇောဓာတ်ကို သိနားလည်ရမည်။

**– ဝိပဿနာမရှုကောင်းသောရုပ်များမှာ –**

| | |
|---|---|
| ပရိစ္ဆေဒရုပ်ခေါ်အာကာသဓာတ် | = ၁ ပါး၊ |
| ကာယဝိညတ်,ဝစီဝိညတ်ဟူသောဝိညတ်ရုပ် | = ၂ ပါး၊ |
| ရူပဿလဟုတာ, ရူပဿမုဒုတာ, ရူပဿကမ္မညတာဟူသောရုပ် | = ၃ ပါး၊ |
| ဥပစယ, သန္တတိ, ဇရတာရုပ်, အနိစ္စတာရုပ်ဟူသောလက္ခဏရုပ် | = ၄ ပါး၊ |
| စုစုပေါင်း = အနိပ္ဖန္နရုပ် (ဝါ) အသဘာဝရုပ် | = ၁၀ ပါး ဖြစ်ပါသည်။ |

**၈၃။ ''စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နု''ဟူသောစကားအရ ရုပ်ကို ဖြစ်စေနိုင်သောစိတ်များကို ရေတွက်ပြပြီးလျှင်၊ စာဖြေသူတို့သန္တာန်၌ ပဋိသန္ဓေနေခိုက် ရနိုင်သော ရုပ်ကလာပ်များကိုလည်း ဖော်ပြခဲ့ပါ။** (၂၀၀၇၊ စမန ၁၅၂၊ ၁၅၇)

**အဖြေ – ''စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နု''ဟူသော စကားအရ ရုပ်ကိုဖြစ်စေနိုင်သော၊ စိတ်များမှာ–**(ဒွေပဥ္စဝိညာဏ် ၁၀ ပါး၊ အရူပဝိပါက် ၄ ပါး၊ ရဟန္တာတို့၏ စုတိစိတ်နှင့်အလုံးစုံသောပဋိသန္ဓေစိတ်ကြဉ်သော) စိတ် ၇၅ ပါးတို့ဖြစ်ပါသည်။

**– စာဖြေသူတို့၏သန္တာန်၌ ပဋိသန္ဓေနေခိုက် ရနိုင်သောရုပ်ကလာပ်များမှာ –** ''ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်''ဟူသော ကလာပ် ၃ စည်းဖြစ်ပါသည်။

**၈၄။ ရုပ်လေးပါးဖြစ်ပုံကို ဥပမာဆောင်၍ ထင်ရှားအောင်ဖော်ပြပြီးလျှင် ရူပဘုံ၌ ပဝတ္တိအခါရနိုင်သောရုပ်များကိုလည်း ရေတွက်ခဲ့ပါ။** (၂၀၀၇၊ စမန ၁၅၇၊ ၁၅၆)

**အဖြေ – ရုပ်လေးပါးဖြစ်ပုံကို ဥပမာဆောင်၍ ထင်ရှားအောင်ဖော်ပြရလျှင်–**

(ဤစာအုပ် စာမျက်နှာ ၂၆၈၊ နံပါတ် ၅၉ ၌ ဖြေဆိုထားပါသည်)

**– ရူပဘုံ၌ ပဝတ္တိအခါရနိုင်သောရုပ်များကို ရေတွက်ပြရသော်–**

**အသညသတ်ကြဉ်သောရူပ ၁၅ ဘုံ၌** ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒ, ဘာဝရုပ် ၂ ပါး၊ ပေါင်း ရုပ် ၅ ပါးကို မရထိုက်၊ ကျန်ရုပ် ၂၃ ပါးတို့သည် ပဝတ္တိအခါတွင် ရနိုင်ကြ၏။

**အသညသတ်ဘုံ၌မူ** ပဝတ္တိအခါတွင် အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ ပရိစ္ဆေဒရုပ်၊ လဟုတာဒိရုပ် ၃ ပါး၊ လက္ခဏာရုပ် ၄ ပါး၊ ပေါင်းရုပ် ၁၇ ပါးကိုသာ ရနိုင်၏။

**၈၅။ အာဟာရပြည့်ဝမှ လူကျန်းမာသည်ဟုဆိုရာ အစားအစာတွင်ပါဝင်သော အာဟာရဓာတ်တို့သည် အဘယ်အခါမှစ၍ လူကို အားဖြစ်စေပါသနည်း၊ ဖြေဆို၍ (က)ရုပ်ကိုမဖြစ်စေနိုင်သောစိတ်၊ (ခ) ရုပ်ကိုသာဖြစ်စေနိုင်သောစိတ်တို့ကိုလည်းရေးပြခဲ့ပါ။**

(၂၀၀၈၊ စမန ၁၅၇၊ ၁၅၂၊ ၁၅၃)

**အဖြေ – အာဟာရပြည့်ဝမှ လူကျန်းမာသည်ဟုဆိုရာ အစားအစာတွင်ပါဝင်သော အာဟာရဓာတ်တို့သည်** ဝမ်းတွင်း၌ ပါစကတေဇောဓာတ်ဖြင့် အစာကိုခြေချက်ပြီးနောက် အစားအစာတွင်ပါဝင်သော ဗဟိဒ္ဓဩဇာဓာတ်သည် သွေးနှင့်အတူ ကိုယ်တွင်းပျံ့နှံ့ကာ အဇ္ဈတ္တ ဩဇာနှင့်ပေါင်းမိပြီးနောက် ဌီခဏမှစ၍ အာဟာရဇရုပ်ကလာပ်ကို ခဏမစဲဖြစ်စေ၏။ ထိုအာဟာရဇရုပ်ကလာပ်များဖြစ်နေခြင်းသည် အာဟာရဓာတ်ကို ရရှိနေခြင်းမည်ပါသည်။

(က) **ရုပ်ကိုမဖြစ်စေနိုင်သောစိတ်တို့မှာ** – ဒွေပဉ္စဝိညာဏ် ၁၀ ပါး၊ အရူပဝိပါက် ၄ ပါး၊ ရဟန္တာတို့၏စုတိစိတ်နှင့် အားလုံးသောပဋိသန္ဓေစိတ်တို့ ဖြစ်ပါသည်။

(ခ) **ရုပ်ကိုသာဖြစ်နိုင်သောစိတ်တို့မှာ** – မနောဓာတ် ၃ ပါး၊ တဒါရုံစိတ် ၁၁ ပါး၊ ရူပါဝစရဝိပါက်စိတ် ၅ ပါး၊ ပေါင်းစိတ် ၁၉ ပါးတို့ဖြစ်ပါသည်။ ဤစိတ်တို့သည် စိတ္တဇရုပ်ကိုသာ ဖြစ်စေနိုင်ကြ၏။

**၈၆။ လူတစ်ယောက် အမှန်တကယ် သေ,မသေသိနိုင်ရန် မည်သည့်အရာတို့ဖြင့် တိုင်းတာဆုံးဖြတ်ရမည်နည်း၊ အဘိဓမ္မာဒေသနာတော်နည်းအရ ဖြေဆိုပြ၍၊ လူ့ခန္ဓာကိုယ်ရှိဝတ္ထုများအနက် (က) လူနှင့်သေသောရုပ် (ခ) လူသေပြီးမှသေသောရုပ် (ဂ) လူပင်သေသော်လည်းမသေဘဲ ဆက်လက်ဖြစ်နေဆဲသောရုပ်တို့ကိုလည်း ထုတ်ပြခဲ့ပါ။**

(၂၀၀၈၊ စမန ၁၄၃၊ ၁၅၇၊ ၁၅၈)

**အဖြေ** – လူတစ်ယောက် အမှန်တကယ် သေ,မသေသိနိုင်ရန် တိုင်းတာဆုံးဖြတ်ရမည့်အရာတို့မှာ –

(က) ဇီဝိတရုပ်ခေါ်ရုပ်အသက်နှင့် ဇီဝိတိန္ဒြေခေါ်နာမ်အသက်တို့ တစ်ပြိုင်နက်ချုပ်ခြင်း၊

(၂) ဥသ္မာခေါ် ကိုယ်အပူငွေ့(တေဇောဓာတ်) ချုပ်ငြိမ်းခြင်း၊

(၃) ဝိညာဏ်ခေါ် ဝိပါက်စိတ်ချုပ်ငြိမ်းခြင်း၊

ဤသုံးပါးသောတရားတို့တစ်ပြိုင်နက်ချုပ်ငြိမ်းလျှင် သေသည်ဟု သတ်မှတ်၏၊ မချုပ်ငြိမ်းသေးလျှင် မသေသေးဟုသတ်မှတ်၏။

**– လူခန္ဓာကိုယ်ရှိ ဝတ္ထုများအနက်**

(က) လူနှင့်အတူသေသောရုပ် = ကမ္မဇရုပ်၊

(ခ) လူသေပြီးမှသေသောရုပ် = စိတ္တဇရုပ်နှင့်အာဟာရဇရုပ်၊

(ဂ) လူပင်သေသော်လည်း မသေဘဲဆက်လက်ဖြစ်နေဆဲရုပ် = ဥတုဇရုပ်တို့ဖြစ်ပါသည်။

**၈၇။ ဗုဒ္ဓဘာသာတို့၏ရည်မှန်းချက်ပန်းတိုင်ဖြစ်သော နိဗ္ဗာန်မည်ပုံနှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏နိဗ္ဗာန်ကိုမှန်းဆ၍ သိနိုင်ပုံကိုလည်း ရေးပြခဲ့ပါ။**

(၂၀၀၈၊ အခြေပြုသင်္ဂြိုဟ် ၃၉၉၊ ၄၀၀၊ စမန ၁၅၈၊ ၁၅၉)

**အဖြေ – ဗုဒ္ဓဘာသာတို့၏ရည်မှန်းချက်ပန်းတိုင်ဖြစ်သောနိဗ္ဗာန်မည်ပုံမှာ–**

(ဤစာအုပ် စာမျက်နှာ ၂၆၄ နံပါတ် ၅၃ တွင် ဖြေဆိုထား၏)

**– ပုထုဇဉ်ပုဂ္ဂိုလ်တို့၏နိဗ္ဗာန်ကိုမှန်းဆ၍ သိနိုင်ပုံမှာ –**

လောဘ, ဒေါသ, မောဟဦးဆောင်သော ကိလေသာ ၁၀ ပါးသည် ဆင်းရဲခြင်းအားလုံး၏ အကြောင်းရင်းအမှန်ဖြစ်ပေ၏။ မဂ်ဉာဏ်လေးပါးဖြင့် ဤကိလေသာအားလုံးကို အမြစ်ပြတ်ပယ်သတ်လိုက်သည့်အခါ ဆင်းရဲခြင်း၏အကြောင်းတရားအားလုံး ကင်းရှင်းသွားလေပြီ။ ဆင်းရဲခြင်း၏အကြောင်းတရားကင်းရှင်းသွားသောအခါ အကျိုးတရားဖြစ်သည့် ဆင်းရဲခြင်းဟူသမျှသည်လည်း မရှိတော့ချေ။

ထိုအခါ စိတ်အစဉ်တွင် အေးချမ်းခြင်း–သီတိ၊ ငြိမ်းချမ်းခြင်း–သန္တိသဘောတို့သည် ဖြစ်ပေါ်လာကြ၏။ ဤသီတိ, သန္တိသဘောသည် နိဗ္ဗာန်ဖြစ်သည်ကို မှန်းဆ၍သိနိုင်ပါသည်။ နိဗ္ဗာန်သည် ထာဝရငြိမ်းအေးချမ်းသာသော ''**သန္တိသုခ**''လက္ခဏာရှိသည်ကိုလည်း သိနားလည်နိုင်၏။

တစ်ဖန် ''လောဘ, ဒေါသ, မောဟ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ''ဟူသော မီး ၁၁ ပါးသည် အပူလောင်ဆုံးမီးများဖြစ်သည်ကို ကာမာဝစရဉာဏ်ဖြင့် သိမြင်နိုင်၏။ ဤမီး ၁၁ ပါးလုံးဝချုပ်ငြိမ်းသည့် နိဗ္ဗာန်သည် ထာဝရငြိမ်းအေးချမ်းသာမည်ကိုလည်း မှန်းဆသိမြင်နိုင်ပေ၏။

သဗ္ဗညုတဉာဏ်ပိုင်ရှင်အစစ်ဖြစ်တော်မူသော မှန်ကန်အကျိုးရှိသည့် သဘာဝအမှန်တရားကိုသာ ဟောကြားတော်မူသော မြတ်စွာဘုရားရှင်က ကိုယ်တွေ့သိမြင်ပြီး ဟောကြားထားသည့် နိဗ္ဗာန်တရား၊ မဂ်ဉာဏ်လေးပါးဖြင့်ကိုယ်တိုင် မျက်မှောက်ပြုနိုင်သော နိဗ္ဗာန်တရားသည် အစစ်အမှန်ပရမတ်တရားဖြစ်၍ အမှန်တည်ရှိပြီး ထာဝရငြိမ်းအေးခြင်းသဘောဖြစ်သည်ကို သံသယကင်းရှင်းစွာ ယုံကြည်အပ်ပေ၏။

**၈၈။ ''ရယ်သောသူသည် အသက်ရှည်၏''ဟု ဆိုကြရာ ရယ်ရွှင်မှုကိုဖြစ်စေနိုင်သောစိတ်တို့ကိုဖော်ပြ၍ ''တေဇောမပိုင် ဆေးမကိုင်နှင့်''ဟူသော ဆိုရိုးစကားအရ တေဇောခေတ်**

**ဟူသည့် အဘာယ်ကိုဆိုလိုပါသနည်း။ ဖြေဆိုပါ။** (၂၀၀၉၊ စမန ၁၅၂)

**အဖြေ – ''ရယ်သောသူသည် အသက်ရှည်၏''ဟု ဆိုကြရာ ရယ်ရွှင်မှုကို ဖြစ်စေနိုင်သော စိတ်တို့မှာ–**

| | |
|---|---|
| လောဘမူသောမနဿစိတ် | = ၄ ပါး၊ |
| မဟာကုသိုလ်သောမနဿစိတ် | = ၄ ပါး၊ |
| ဟသိတုပ္ပါဒ်သောမနဿစိတ် | = ၁ ပါး၊ |
| မဟာကြိယာသောမနဿစိတ် | = ၄ ပါး၊ |
| ပေါင်း – ကာမသောမနဿစိတ် | = ၁၃ ပါးတို့ဖြစ်ပါသည်။ |

**– ''တေဇောမပိုင် ဆေးမကိုင်နှင့်''ဟူသော ဆိုရိုးအရ တေဇောဓာတ်ဟူသည်မှာ –**
(ဤစာအုပ် စာမျက်နှာ ၂၇၇ နံပါတ် ၈၂ တွင် ဖြေဆိုထားပါသည်)

**၈၉။ စိတ်ဟူသောအကြောင်းတရားက ရုပ်ကိုဖြစ်စေနိုင်ရာ (က) ဖြစ်စေနိုင်သောစိတ် (ခ) မဖြစ်စေနိုင်သောစိတ်တို့ကို ခွဲခြားပြ၍ မည်သည့်အကြောင်းတရားကြောင့်မျှ မဖြစ်သောရုပ်တို့ကိုလည်း အကြောင်းနှင့်တကွဖြေဆိုပါ။**

(၂၀၀၉၊ စမန ၁၅၂၊ ၁၅၄၊ အခြေပြုသင်္ဂြိုဟ် ၃၇၀)

**အဖြေ** – (က) **ရုပ်ကိုဖြစ်စေနိုင်သောစိတ်တို့မှာ** – (ဒွေပဥ္စဝိညာဏ် ၁၀ ပါး၊ အရူပဝိပါက် စိတ် ၄ ပါး၊ ရဟန္တာတို့၏စုတိစိတ်၊ အလုံးစုံသောပဋိသန္ဓေစိတ်တို့ကိုကြဉ်သော) စိတ် ၇၅ ပါး ဖြစ်ပါသည်။

(ခ) **ရုပ်ကိုမဖြစ်စေနိုင်သောစိတ်တို့မှာ–** ဒွေပဥ္စဝိညာဏ် ၁၀ ပါး၊ အရူပဝိပါက်စိတ် ၄ ပါး၊ ရဟန္တာတို့၏စုတိစိတ်၊ အလုံးစုံသောပဋိသန္ဓေစိတ်တို့ဖြစ်ပါသည်။

(ဂ) **မည်သည့်အကြောင်းတရားကြောင့်မျှ မဖြစ်သောရုပ်တို့မှာ–** နကုတောစိရုပ် ၄ ပါးဟု အမည်ရသော ဥပစယရုပ်၊ သန္တတိရုပ်၊ ဇရတာရုပ်၊ အနိစ္စတာရုပ်ဟူသောလက္ခဏာ ရုပ် ၄ ပါးဖြစ်ပါသည်။

**အကြောင်းမှာ** လက္ခဏာရုပ်တို့သည် ဖြစ်ဆဲ, ရင့်ဆဲ, ပျက်ဆဲရုပ်တို့၏ဓမ္မတာဖြစ်သော ကြောင့် မည်သည့်အကြောင်းကြောင့် ဖြစ်သည်ဟုမဆိုနိုင်ပါ။ ဖြစ်ခြင်း (ဥပစာယ–သန္တတိ) လက္ခဏာသည် ဖြစ်ဆဲရုပ်၏သဘောတံထွာ ဓမ္မတာတည်း။ ရင့်ခြင်း(ဇရတာ), ပျက်ခြင်း (အနိစ္စတာ)လက္ခဏာတို့သည် တည်ဆဲရုပ်, ပျက်ဆဲရုပ်တို့၏ သဘောတံထွာ ဓမ္မတာအသီးသီး ဖြစ်ကြ၏။ ထို့ကြောင့် လက္ခဏာရုပ် ၄ ပါးသည် မည်သည့်အကြောင်းတရားကြောင့်မျှ မဖြစ်ပါ။

**၉၀။ ပဋိသန္ဓေအခါ၌ဖြစ်သော သတ္တဝါသုံးမျိုးတို့ကိုဖော်ပြ၍ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ရည်မှန်းချက်ပန်းတိုင်ဖြစ်သော နိဗ္ဗာန်တွင် မည်ကဲ့သို့ဂုဏ်ကျေးဇူးများရှိပါသနည်း။ အဘိဓမ္မာအလိုကျတင်ပြဆွေးနွေးပါ။**

(၂၀၀၉၊ အခြေပြုသင်္ဂြိုဟ် ၃၈၃၊ ၄၀၃၊ စမန ၁၅၆)

**အဖြေ – ပဋိသန္ဓေအခါ၌ဖြစ်သော သတ္တဝါသုံးမျိုးမှာ –**

(၁) **သံသေဒဇသတ္တဝါ** – ငြိကပ်တွယ်တာရာအရပ်၌ ဖြစ်သောသတ္တဝါ၊ ပဒုမ္မာကြာပန်း၌ သန္ဓေတည်သော ပဒုမဝတီမိဖုရား၊ ဝါးပင်၌ပဋိသန္ဓေတည်သောဝေဠုဝတီမိဖုရား၊ ရေပုတ်, ငါးပုတ်၌သန္ဓေတည်သောပိုးလောက်များ၊
(၂) **ဩပပါတိကသတ္တဝါ** – ကောင်းကင်မှဘွားကနဲကျလာသကဲ့သို့ ကိုယ်ခန္ဓာ အထင်အရှား ဖြစ်သော သတ္တဝါ၊ ကမ္ဘာဦးလူများနှင့်နတ်ပြဟ္မာများ၊
(၃) **ဂဗ္ဘသေယျကသတ္တဝါ** – အမိဝမ်းတွင်း၌ကိန်းအောင်း၍ ပဋိသန္ဓေနေသောသတ္တဝါ၊
(က) ဇလာဗုဇသတ္တဝါ – သားအိမ်၌ ပဋိသန္ဓေနေသူ (လူ၊ ကြောင်၊ ခွေး)
(ခ) အဏ္ဍဇသတ္တဝါ – ဥခွံတွင်း၌ ပဋိသန္ဓေနေသူ (ကြက်၊ ငှက်၊ ဘဲ)
– **နိဗ္ဗာန်၏ဂုဏ်ကျေးဇူးများမှာ**– (ဤစာအုပ် စမန ၂၄၄၊ နံပါတ် ၃ ၌ ဖော်ပြထား၏)

**၉၁။ ''တရားရှာ ကိုယ်မှာတွေ့''ဟူသောလောကဆိုရိုးစကား မှန်/မမှန် အဘိဓမ္မာစံ ဖြင့်ပြောဆို၍ ပရမတ်အစစ်–ဓာတ်အနှစ်ဟူသော စကားအရ ပရမတ်အစစ်ဖြစ် သောတရားများကိုလည်း ဖော်ပြပါ။** (၂၀၁၀၊ စမန ၁၄၉)

**အဖြေ – ''တရားရှာ ကိုယ်မှာတွေ့'' ဟူသော လောကဆိုရိုးစကားသည် မှန်ပါသည်။**

ရုပ်ကိုယ်သည် ပရမတ်ရုပ် ၂၈ ပါးနှင့်ဖွဲ့စည်းထား၏၊ ထိုရုပ်များအနက်–

''ဘူတရုပ် ၄ ပါး၊ ပသာဒရုပ် ၅ ပါး၊ ဂေါစရရုပ် ၄ ပါး၊ ဘာဝရုပ် ၂ ပါး၊ ဟဒယဝတ္ထုရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်''ဟူသော ရုပ် ၁၈ ပါးတို့သည် ကံ, စိတ်, ဥတု, အာဟာရ– အကြောင်း ၄ ပါးတို့ဖြစ်စေသည့်အတွက် ''**နိပ္ဖန္နရုပ်**''–ရုပ်အစစ်များဖြစ်ကြ၏။ ဥပါဒ်, ဇရာ, အနိစ္စတာဟူသော သင်္ခတလက္ခဏာတို့နှင့်တကွဖြစ်သောကြောင့် ''**သလက္ခဏရုပ်**'' များလည်းဖြစ်ပါသည်။ အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာယာဉ်သုံးပါးတင်ကာ သုံးသပ်ထိုက်သော ဝိပဿနာရှုထိုက်သောကြောင့် ''**သမ္မသနရုပ်**''ဟူ၍လည်း အမည် တွင်၏။

''ကိုယ်ခန္ဓာ''ဟူသော ခန္ဓာငါးပါးသည်လည်း ရုပ်နာမ်တရားအစစ် ပရမတ်အနှစ်များဖြစ်၏။ ဘဝသံသရာကျင်လည်စေသောရုပ်နာမ်တရားများဖြစ်၍ ဝိပဿနာရှုထိုက်သောတရားများ ဖြစ်ပါသည်။

သို့အတွက် ''တရားရှာ ကိုယ်မှာတွေ့''ဟူသောဆိုရိုးစကား မှန်ပါသည်။

–**''ပရမတ်အစစ်–ဓာတ်အနှစ်'' ဟူသောစကားအရ ပရမတ်အစစ်ဖြစ်သော တရားများမှာ** –

**စိတ်** = စိတ်အကျဉ်း ၈၉ ပါး၊ စိတ်အကျယ် ၁၂၁ ပါး၊

**စေတသိက်** = စေတသိက် ၅၂ ပါး

**ရုပ်** = ရုပ် ၂၈ ပါး (နိပ္ဖန္နရုပ် ၁၈ ပါး + အနိပ္ဖန္နရုပ် ၁၀ ပါး)

**နိဗ္ဗာန်** = နိဗ္ဗာန် ၁ ပါး တို့ဖြစ်ပါသည်။

**၉၂။ စိတ်ကြောင့် ရုပ်ဖြစ်သည်ဟုဆိုလျှင် (က) အဘယ်စိတ်က (ခ) အဘယ်ရုပ်ကို (ဂ) အဘယ်မှစ၍ (ဃ) အဘယ်ခဏ၌ ဖြစ်ပါသနည်း၊ ဗုဒ္ဓအဘိဓမ္မာအရ အသီးသီး ခွဲခြားဖြေဆိုပါ။** (၂၀၁၀၊ စမန ၁၅၂၊ ၁၅၃၊ ၁၅၇)

**အဖြေ – စိတ်ကြောင့်ရုပ်ဖြစ်ပုံမှာ –**

(က) ဒွေပဉ္စဝိညာဏ် ၁၀ ပါး၊ အရူပဝိပါက်စိတ် ၄ ပါး၊ ရဟန္တာတို့၏စုတိစိတ်၊ အလုံးစုံသော ပဋိသန္ဓေစိတ်ကြဉ်သော စိတ် ၇၅ ပါးသည်

(ခ) အဝိညတ္တိ ဂရုပ် ၈ ပါး၊ သဒ္ဒရုပ်၊ ဝိညတ်ရုပ် ၂ ပါး၊ လဟုတာဒိရုပ် ၃ ပါး၊ ပရိစ္ဆေဒ ရုပ်ဟူသော စိတ္တဇရုပ် ၁၅ ပါးကို

(ဂ) ပဋိသန္ဓေနောင် ပထမဘဝင်စိတ်ဥပါဒ် ခဏမှစ၍

(ဃ) စိတ်တို့၏ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဖြစ်စေပါသည်။

**၉၃။ အဘယ်ကြောင့် အဘယ်တရားကို ဗုဒ္ဓဘာသာဝင်တို့၏ ဦးတည်ချက်နိဗ္ဗာန်ဟု ခေါ်ပါသနည်း၊ ဖြေဆို၍ ယင်းနိဗ္ဗာန်၏ဂုဏ်ထူးဝိသေသတို့ကိုလည်း ဖော်ထုတ်ပြပါ။** (၂၀၁၀၊ အခြေပြုသင်္ဂြိုဟ် ၃၉၉၊ ၄၀၃)

**အဖြေ** – သောတာပတ္တိမဂ်ဉာဏ်စသည့် လောကုတ္တရာမဂ်ဉာဏ် ၄ ပါးဖြင့် မျက်မှောက်ပြု ထိုက်သောမဂ်ဖိုလ်တရားတို့၏အာရုံဖြစ်သော နိဗ္ဗာန်သည် ဝါနဟုဆိုအပ်သောတဏှာမှ ထွက်မြောက်တတ်သည့်အဖြစ်ကြောင့် နိဝါန = နိဗ္ဗာန်ဟူ၍ ခေါ်ဆိုပါသည်။

– **နိဗ္ဗာန်၏ဂုဏ်ထူးဝိသေသတို့မှာ** – နိဗ္ဗာန်သည်

(၁) **အစ္စုတံ** – စုတေရွေ့လျော, သေရခြင်းသဘောလည်းမရှိချေ။

(၂) **အစ္စန္တံ** – စုတိဟူသောအဆုံးအပိုင်းအခြားကို လွန်ပြီးသောတရားဖြစ်၏။

(၃) **အသင်္ခတံ** – ကံ, စိတ်, ဥတု, အာဟာရစသော အကြောင်းတရားတို့ မပြုအပ်သော တရားတည်း။

(၄) **အနုတ္တရံ** – မိမိထက် ပိုမြတ်သောတရားမရှိ၊ အမြတ်ဆုံးတရားဖြစ်၏။

(၅) **ပဒံ** = ရောက်သင့်ရောက်ရန်, လျော်ကန်သင့်မြတ်, ထင်ရှားရှိသော နိဗ္ဗာနဓာတ်ဖြစ်တော်မူပါပေ၏ဟူ၍ မုနိထွတ်တင် ဘုရားရှင်တို့ ဟောကြားတော်မူကြကုန်၏။

**၉၄။ ရုပ်ဖြစ်ကြောင်းတရားလေးပါးတွင် ပါဝင်သောစိတ်အရ မယူရသောစိတ်တို့ကို ရေးပြ၍၊ ရုပ်ကိုဖြစ်စေသောရုပ်တို့ကိုလည်းဖော်ပြပါ။** (၂၀၁၁၊ စမန ၁၅၂၊ ၁၅၇)

**အဖြေ – ရုပ်ဖြစ်ကြောင်းတရားလေးပါးတွင် ပါဝင်သောစိတ်အရ မယူရသောစိတ်တို့မှာ**– ဒွေပဉ္စဝိညာဏ် ၁၀ ပါး၊ အရူပဝိပါက်စိတ် ၄ ပါး၊ ရဟန္တာတို့၏စုတိစိတ်၊ အလုံးစုံသော ပဋိသန္ဓေစိတ်တို့ဖြစ်ပါသည်။

**– ရုပ်ကိုဖြစ်စေသောရုပ်တို့မှာ** – ဥတုခေါ်တေဇောဓာတ်နှင့် အာဟာရရုပ် (သြဇာ)တို့ဖြစ်၏။

**၉၅။ သုဒ္ဓဋ္ဌကကလာပ်အမျိုးအစားတို့ကို ရေးပြ၍ ''ကလာပ်မဝင် ရုပ်ငါးအင်''ကို လည်းဖော်ပြပါ။** (၂၀၁၁၊ စမန ၁၅၅၊ ၁၅၄)

**အဖြေ** – သုဒ္ဓဋ္ဌကကလာပ်အမျိုးအစားတို့မှာ – စိတ္တဇသုဒ္ဓဋ္ဌကကလာပ်၊ ဥတုဇသုဒ္ဓဋ္ဌက ကလာပ်၊ အာဟာရဇသုဒ္ဓဋ္ဌကကလာပ်တို့ဖြစ်ပါသည်။

''**ကလာပ်မဝင် ရုပ်ငါးအင်**''မှာ– ပရိစ္ဆေဒရုပ်ခေါ် အာကာသဓာတ်နှင့် လက္ခဏာရုပ်

၄ ပါးတို့ဖြစ်ပါသည်။ လက္ခဏာရုပ် ၄ ပါးမှာ ဥပစယရုပ်၊ သန္တတိရုပ်၊ ဇရတာရုပ်နှင့် အနိစ္စတာရုပ် တို့ ဖြစ်ပါသည်။

**၉၆။ ရုပ်လေးပါးတို့၏ဖြစ်စဉ် ချုပ်စဉ်တို့ကို သိသာရုံမျှရေးသားပြ၍ နိဗ္ဗာန်အပြားကိုလည်း သဘာဝ, အာကာရအားဖြင့် ခွဲခြားရေးသားပြပါ။**

(၂၀၁၁၊ စမန ၁၅၇၊ ၁၅၈၊ အခြေပြုသင်္ဂြိုဟ် ၄၀၀–၄၀၃)

**အဖြေ – ရုပ်လေးပါးတို့၏ဖြစ်စဉ်/ချုပ်စဉ်တို့မှာ** – (ဤစာအုပ် စမန ၂၇၃၊ နံပါတ် ၇၅ ၌ ဖြေထား၏။)

**– နိဗ္ဗာန်အပြားကို သဘာဝ, အာကာရအားဖြင့် ခွဲခြားပြရသော် –**

**နိဗ္ဗာန်သည် သဘာဝလက္ခဏာအရ** သန္တိလက္ခဏာ – ငြိမ်းအေးခြင်ဟူသည့် မိမိလက္ခဏာအားဖြင့် တစ်မျိုးတည်းသာရှိ၏။

**နိဗ္ဗာန်သည် ကာရဏာပရိယာယ** = အကြောင်းပရိယာယ် (ဝါ) ကရဏူပစာရအားဖြင့် နှစ်ပါးပြား၏။

(၁) **သဉပါဒိသေသနိဗ္ဗာန်** = ကိလေသာကင်းစင်သော်လည်း ဝိပါက်နာမ်ခန္ဓာနှင့်ကမ္မဇရုပ်များ ကြွင်းကျန်ရစ်သည့်နိဗ္ဗာနဓာတ် (ဝါ) ကိလေသာတို့မှ ကြွင်းကျန်ရစ်သော ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်တို့ဖြင့် မှတ်အပ်သောနိဗ္ဗာန်။ ရဟန္တာများအသက်ရှင်စဉ် ရအပ်သော နိဗ္ဗာန် ဖြစ်သည်။

(၂) **အနုပါဒိသေသနိဗ္ဗာန်** = ကိလေသာတို့မှကြွင်းကျန်ရစ်သောဝိပါက်နာမ်ခန္ဓာနှင့်ကမ္မဇရုပ်များမရှိသော နိဗ္ဗာနဓာတ် (ဝါ) ဝိပါက်နာမက္ခန္ဓာနှင့်ကမ္မဇရုပ်များချုပ်ငြိမ်းပြီးနောက် (ပရိနိဗ္ဗာန်စံသည့်အခါ) ရအပ်သောနိဗ္ဗာန်။ ရဟန္တာတို့ ပရိနိဗ္ဗာန်စံသည့်အခါ ရအပ်သော နိဗ္ဗာန်ဟူလို။

**တစ်နည်း – နိဗ္ဗာန် ၃ မျိုး** – သုညတာကာရ, အနိမိတ္တာကာရ, အပ္ပဏိဟိတာကာရ အားဖြင့်လည်း နိဗ္ဗာန် ၃ မျိုးပြားပြန်သည်။

(၁) **သုညတနိဗ္ဗာန်** – ရာဂ, ဒေါသ, မောဟတို့နှင့်တကွ ရုပ်ခန္ဓာနာမ်ခန္ဓာတို့မှဆိတ်သုဉ်း, ကင်းဆိတ်နေပုံအခြင်းအရာအာကာရကိုစွဲမှတ်၍ ''သုညတနိဗ္ဗာန်''ဟုလည်းခေါ်၏။

(၂) **အနိမိတ္တနိဗ္ဗာန်** – နိဗ္ဗာန်ကို ပုံသဏ္ဍာန်နိမိတ်ကင်းဆိတ်ခြင်း, မရှိခြင်း အခြင်းအရာ အာကာရကိုစွဲမှတ်၍ ''အနိမိတ္တနိဗ္ဗာန်''ဟုလည်းခေါ်၏။

(၃) **အပ္ပဏိဟိတနိဗ္ဗာန်** – နိဗ္ဗာန်ကို တဏှာဖြင့် မတောင့်တအပ်၊ နိဗ္ဗာန်၌ တောင့်တတတ်သော တဏှာလည်းမရှိ၊ ဤသို့ ပူပူဆာဆာ တဏှာဖြင့်လည်းမတောင့်တအပ်၊ ပူပူဆာဆာ တောင့်တတတ်သော တဏှာလည်းမရှိပုံ အခြင်းအရာအာကာရကိုစွဲမှတ်၍ ''အပ္ပဏိဟိတနိဗ္ဗာန်''ဟုလည်းခေါ်၏။

**၉၇။ ရုပ် ၂၈ ပါးကို (က) အမည် ၂ မျိုး (ခ) အမည် ၁၁ မျိုးတို့ဖြင့် အကျဉ်းချုပ်ရေတွက်ပြ၍ ဘယ်သူခွဲခွဲ တို့မကွဲ အမြဲစည်းလုံးမည်–ဟုဆိုရလောက်အောင် မခွဲမခွါအမြဲသာ တွဲယှဉ်နေသောရုပ်တို့ကိုလည်း ရေးသားပြပါ။**(၂၀၁၂၊ စမန ၁၄၅၊ ၁၄၆–၁၄၉)

(က) **ရုပ်အမည် ၂ မျိုးမှာ** – ရုပ် ၂၈ ပါးကို **ဘူတရုပ်** ၄ ပါး၊ **ဥပါဒါရုပ်** ၂၄ ပါးဟူ၍လည်းကောင်း၊ **နိပ္ဖန္နရုပ်** ၁၈ ပါး၊ **အနိပ္ဖန္နရုပ်** ၁၀ ပါးဟူ၍လည်းကောင်း ၂ မျိုးခွဲခြားပါသည်။

(ခ) **ရုပ် ၂၈ ပါးကို အမည် ၁၁ မျိုးနည်းဖြင့် အကျဉ်းချုပ်ရေတွက်ပြရသော်–**

(၁) **မဟာဘုတ် ၄ ပါး** – ကြီးကျယ်ထင်ရှားသောရုပ် (ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော)

(၂) **ပသာဒရုပ် ၅ ပါး** – အကြည်ဓာတ် (စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ)

(၃) **ဂေါစရရုပ် ၇ ပါး** – အဆင်း, အသံ, အနံ့, အရသာ, အထိအတွေ့ (အာရုံငါးပါး)

(၄) **ဘာဝရုပ် ၂ ပါး** – ဣတ္ထိဘာဝရုပ်၊ ပုရိသဘာဝရုပ်၊

(၅) **ဟဒယဝတ္ထုရုပ်** – နှလုံးသွေး၌ပျံ့နှံ့သောရုပ်၊

(၆) **ဇီဝိတရုပ်** – ရုပ်အသက်၊

(၇) **အာဟာရရုပ်** – ဩဇာ၊

(၈) **ပရိစ္ဆေဒရုပ်** – ရုပ်ကလာပ်တို့ကို ပိုင်းခြားတတ်သောအာကာသဓာတ်၊

(၉) **ဝိညတ်ရုပ် ၂ ပါး** – ကာယဝိညတ်၊ ဝစီဝိညတ်၊

(၁၀) **ဝိကာရရုပ် ၅ ပါး** – ထူးထွေခြားနားသော ရုပ်အစစ်တို့၏အမူအရာ ၅ မျိုး၊

(၁၁) **လက္ခဏရုပ် ၄ ပါး** – ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာရုပ်တို့တည်း။

**၉၈။ စိတ်ကြောင့်ဖြစ်သောရုပ်အစုတွင် မပါဝင်သောစိတ်တို့ကို ရေးသားပြ၍ ဝိညတ်စသည်တို့နှင့် မရောမယှက် သက်သက်သီးသန့်ဖြစ်သော ရုပ်တို့ကိုလည်းဖော်ထုတ်ပြပါ။** (၂၀၁၂၊ စမန ၁၅၂၊ ၁၅၄)

**အဖြေ – စိတ်ကြောင့်ဖြစ်သော ရုပ်အစုတွင် မပါဝင်သောစိတ်တို့မှာ –** ဒွေပဉ္စဝိညာဏ် ၁၀ ပါး၊ အရူပဝိပါက်စိတ် ၄ ပါး၊ ရဟန္တာတို့၏စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်တို့ ဖြစ်ပါသည်။

– ဝိညတ်စသည်တို့နှင့် မရောမယှက် သက်သက်သီးသန့်ဖြစ်သောရုပ်တို့မှာ– ပရိစ္ဆေဒရုပ်ခေါ် အာကာသဓာတ်နှင့် လက္ခဏရုပ် ၄ ပါး၊ ပေါင်း ၅ ပါးဖြစ်ပါသည်။ လက္ခဏရုပ် ၄ ပါးမှာ ဥပစယရုပ်၊ သန္တတိရုပ်၊ ဇရတာရုပ်၊ အနိစ္စတာရုပ်တို့ဖြစ်သည်။

**၉၉။ ကလလရေကြည် အမည်ရသော ကလာပ်စည်းတို့၏အမည်တို့ကို ရေးသားပြ၍ ကမ္ဘာဦးလူသားများ ချို့တဲ့သောရုပ်ကလာပ်ကိုလည်း ဖော်ထုတ်ပြပါ။** (၂၀၁၂၊ စမန ၁၅၇၊ ၁၅၆)

**အဖြေ – ကလလရေကြည်အမည်ရသော ကလာပ်စည်းတို့မှာ** – ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်တို့ဖြစ်ပါသည်။

– **ကမ္ဘာဦးလူသားများသည်** ဥပပါတ်ပဋိသန္ဓေနေ၍ စက္ခုဒသက,သောတဒသက, ဃာနဒသက, ဇိဝှာဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကဟူသော ဒသကကလာပ် ၇ စည်းတို့ ဥက္ကဋ္ဌနည်းအစွမ်းဖြင့် တစ်ပြိုင်တည်းထင်ရှားစွာဖြစ်ပေါ်၏။ သို့ရာတွင်

အကုသိုလ်ကံကြောင့် အာယတနချို့တဲ့သူတို့၌ စက္ခုဒသက, သောတဒသက, ဘာဝဒသက ကလာပ်တို့ချို့တဲ့ကောင်း၏။

**၁၀၀။ သညာမရှိသောဘုံ၌ ရထိုက်သမျှရုပ်တို့ကို ဖော်ထုတ်ပြ၍ ရုပ်တို့၏ဖြစ်ပျက်ပုံကို အဘယ်ဌာန, အဘယ်အပြားတို့ဖြင့် သိထိုက်သည်ကိုလည်း ဖြေဆိုပါ။**

(၂၀၁၂၊ စမန ၁၅၆၊ ၁၅၇၊ ၁၅၈)

**အဖြေ** – သညာမရှိသော အသညသတ်ဘုံ၌ ရထိုက်သမျှရုပ်တို့မှာ– အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ ပရိစ္ဆေဒရုပ်၊ ရူပဿလဟုတာ၊ ရူပဿမုဒုတာ၊ ရူပဿကမ္မညတာနှင့် လက္ခဏာရုပ် ၄ ပါးဟူသော ရုပ် ၁၇ ပါးကို ရအပ်၏။ လက္ခဏာရုပ် ၄ ပါးမှာ ဥပစယရုပ်၊ သန္တတိရုပ်၊ ဇရတာရုပ်၊ အနိစ္စတာရုပ်တို့ဖြစ်ပါသည်။

– ရုပ်တို့၏ဖြစ်ပျက်ပုံကို ဌာန, ကာလအားဖြင့် ကွဲပြားကြပုံမှာ–

(ဤစာအုပ် စာမျက်နှာ ၂၇၃ နံပါတ် ၇၅ တွင် ဖြေပြထားပါသည်)

# အဘိဓမ္မာ (ပထမဆင့်)
# သမုစ္စည်းပိုင်း

(၁၉၈၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၃၂ နှစ် အမေးအဖြေများ)

**၁။ ဥပါဒါန်တရား ၄ ပါးဖော်ပြ၍ ငါ့အယူသာမှန်သည်၊ ရှေးအယူတွေ မမှန်ဟု တစ်ယူသန်စွဲလမ်းခြင်းသည် မည်သည့်ဥပါဒါန်မျိုးဖြစ်ကြောင်း ဖော်ပြခဲ့ပါ။**

(၁၉၈၁၊ စမန ၁၆၃၊ ၁၆၄)

**အဖြေ – ဥပါဒါန်တရား ၄ ပါးတို့မှာ –**

(၁) **ကာမုပါဒါန်** – ကာမဂုဏ်၌ ပြင်းပြစွာစွဲလမ်းတပ်မက်သောတဏှာလောဘ၊

(၂) **ဒိဋ္ဌုပါဒါန်** – သီလဗ္ဗတပရာမာသ, အတ္တဝါဒဒိဋ္ဌိနှစ်မျိုးမှအပ ကျန်အယူမှား–ဒိဋ္ဌိအမျိုးမျိုး

(၃) **သီလဗ္ဗတုပါဒါန်** – သီလဗ္ဗတပရာမာသ– နွား, ခွေးစသည်တို့၏အလေ့အကျင့်ကိုကျင့်လျှင် ကိလေသာမှလည်းစင်ကြယ်၏၊ သံသရာမှလည်းလွတ်မြောက်၏ဟု မှားယွင်းစွာ သုံးသပ်စွဲလမ်းတတ်သော ဒိဋ္ဌိစေတသိက်။

(၄) **အတ္တဝါဒုပါဒါန်** – ''အတ္တရှိ၏''ဟု ပြောဆိုစွဲလမ်းမှု–ဒိဋ္ဌိ တို့ဖြစ်ပါသည်။

– ''**ငါ့အယူသာမှန်သည်၊ ရှေးအယူအဆတွေ မမှန်ဟု တစ်ယူသန်စွဲလမ်းခြင်းသည်**'' မှားယွင်းစွာစွဲလမ်းတတ်သောဒိဋ္ဌိစေတသိက်ဖြစ်သဖြင့် ''**ဒိဋ္ဌုပါဒါန်**'' မျိုးဖြစ်ပါသည်။

**၂။ လူတို့၌ အမြဲတမ်းကိန်းဝပ်တည်နေသော အနုသယတရားများကို ဖော်ပြ၍ ထိုအနုသယတို့၏ တရားကိုယ်များကိုလည်း ကောက်ပြခဲ့ပါ။**

(၁၉၈၁၊ စမန ၁၆၅)

**အဖြေ – လူတို့၌ အမြဲတမ်းကိန်းဝပ်တည်နေသော အနုသယတရားများမှာ–**

(၁) ***ကာမရာဂါနုသယ*** – ဝတ္ထုအာရုံကာမဂုဏ်ကို လိုချင်တပ်မက်သောတဏှာ၊ တရားကိုယ်မှာ လောဘမူစိတ် ၈ ပါး၌ရှိသော လောဘစေတသိက်။

(၂) ***ဘဝရာဂါနုသယ*** – ရူပဈာန်, အရူပဈာန်နှင့် ထိုဈာန်ကုသိုလ်ကံတို့၏အကျိုးဖြစ်သော ဗြဟ္မာဘဝကို လိုချင်တပ်မက်သောလောဘ၊ တရားကိုယ်မှာ လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါး၌ရှိသော လောဘစေတသိက်။

(၃) ***ပဋိဃာနုသယ*** – အမျက်ဒေါသ၊ တရားကိုယ် = ဒေါသမူစိတ် ၂ ပါး၌ရှိသော ဒေါသစေတသိက်။

(၄) ***မာနာနုသယ*** – ထောင်လွှားဝင့်ကြွားမှု၊ တရားကိုယ် = လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါး၌ရှိသော မာနစေတသိက်။

(၅) ***ဒိဋ္ဌာနုသယ*** – အယူမှားခြင်း၊ တရားကိုယ်=လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါး၌ ရှိသော ဒိဋ္ဌိစေတသိက်၊

(၆) ***ဝိစိကိစ္ဆာနုသယ*** – ဘုရား, တရား, သံဃာစသည့်ကုသိုလ်ရေး၌ ယုံမှားသံသယ၊ တရားကိုယ် = မောဟမူ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၌ရှိသော ဝိစိကိစ္ဆာစေတသိက်၊

(၇) **အဝိဇ္ဇာနုသယ** – အာရုံ၏သဘောမှန်ကို မသိတွေဝေခြင်း၊ တရားကိုယ်= အကုသိုလ်စိတ် ၁၂ ပါး၌ရှိသော မောဟစေတသိက်။

**၃။ ဣန္ဒြေရှိသည်–ဣန္ဒြေမဲ့သည်ဟု ဆိုကြရာ၌ ဣန္ဒြေ ၂၂ ပါးတို့တွင် ရိုးရိုးလူတစ်ဦးအားရှိနိုင်သောဣန္ဒြေများကို ရေတွက်ဖော်ပြပါ။** (၁၉၈၁၊ စမန ၁၆၉၊ ၁၇၀)

**အဖြေ – ဣန္ဒြေ ၂၂ ပါးတို့တွင် ရိုးရိုးလူတစ်ဦးအား ရှိနိုင်သောဣန္ဒြေများမှာ –**

*(၁) စက္ခုန္ဒြေ၊ (၂) သောတိန္ဒြေ၊ (၃) ဃာနိန္ဒြေ၊ (၄)ဇိဝှိန္ဒြေ၊ (၅) ကာယိန္ဒြေ၊*

*(၆) ဣတ္ထိန္ဒြေ (မိန်းမအတွက်သာ)/ ပုရိသိန္ဒြေ (ယောက်ျားအတွက်သာ)၊ (၇) ဇီဝိတိန္ဒြေ၊ (၈) မနိန္ဒြေ၊ (၉) သုခိန္ဒြေ၊ (၁၀) ဒုက္ခိန္ဒြေ၊ (၁၁) သောမနဿိန္ဒြေ၊ (၁၂) ဒေါမနဿိန္ဒြေ၊ (၁၃) ဥပေက္ခိန္ဒြေ၊ (၁၄) သဒ္ဓိန္ဒြေ၊ (၁၅) ဝီရိယိန္ဒြေ၊ (၁၆) သတိန္ဒြေ၊ (၁၇) သမာဓိန္ဒြေ၊ (၁၈) ပညိန္ဒြေ တို့ဖြစ်ပါသည်။*

**၄။ ယခုလက်ရှိလူသားများ၌ အစဉ်မပြတ်ကိန်းဝပ်တည်ရှိနေသော အနုသယတရားကိုယ်များကို အဘိဓမ္မာနည်းပညာအရ ရှာဖွေစိစစ်ဖော်ပြပါ။**

(၁၉၈၂၊ စမန ၁၆၅)

**အဖြေ** – ( ဤစာအုပ် စာမျက်နှာ ၂၈၆ နံပါတ် ၂ မေးခွန်းအဖြေနှင့်တူပါသည်)

**၅။ သိပ္ပံခေတ်ပေါ်စက်ရုပ်များကဲ့သို့ လူသားသည်လည်း စက်ရုပ်တစ်မျိုးသာဖြစ်ကြောင်းကို သိသာထင်ရှားစေရန် လူ၌ ဖွဲ့စည်းတည်ဖြစ်နေသောဓာတ် ၁၈ ပါးကို ခွဲခြားဖော်ပြပါ။** (၁၉၈၂၊ စမန ၁၇၉)

**အဖြေ** – လူ၌ ဖွဲ့စည်းတည်ဖြစ်နေသော**ဓာတ် ၁၈ ပါး**ကို ဒွါရ ၆ ပုံ၊ အာရုံ ၆ တန်၊ ဝိညာဏ် ၆ သွယ်အဖြစ် ခွဲခြားထား၏။ ဒွါရဟူသည့်အခံဓာတ်၌ အာရုံဟူသည့်အတိုက်ဓာတ်ထိတိုက်သည့်အခါ ဝိညာဏဓာတ်ဟူသော အပွင့်ဓာတ်ဖြစ်ပေါ်၏။

(က) **ဒွါရ ၆ ပုံခေါ်သော အခံဓာတ် ၆ ပါးမှာ–**

*(၁) **စက္ခုဓာတ်** = စက္ခုပသာဒ*

*(၂) **သောတဓာတ်** = သောတပသာဒ*

*(၃) **ဃာနဓာတ်** = ဃာနပသာဒ*

*(၄) **ဇိဝှာဓာတ်** = ဇိဝှာပသာဒ*

*(၅) **ကာယဓာတ်** = ကာယပသာဒ*

*(၆) **မနောဓာတ်** = ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်းဒွေ။*

(ခ) **အာရုံ (၆) တန်ခေါ်သောအတိုက်ဓာတ် ၆ ပါးမှာ –**

*(၇) **ရူပဓာတ်** = ရူပါရုံ*

*(၈) **သဒ္ဒဓာတ်** = သဒ္ဒါရုံ*

*(၉) **ဂန္ဓဓာတ်** = ဂန္ဓာရုံ*

*(၁၀) **ရသဓာတ်** = ရသာရုံ*

*(၁၁) **ဖောဋ္ဌဗ္ဗဓာတ်** = ဖောဋ္ဌဗ္ဗာရုံ*

*(၁၂) **ဓမ္မဓာတ်** = သုခုမရုပ် ၁၆ ပါး၊ စေတသိက် ၅၂ ပါး၊ နိဗ္ဗာန်။*

(ဂ) **ဝိညာဏ် ၆ သွယ်ခေါ်သော အဖွင့်ဓာတ် ၆ ပါးမှာ –**

*(၁၃) **စက္ခုဝိညာဏဓာတ်** – စက္ခုဝိညာဏ်ဒွေ၊*

*(၁၄) **သောတဝိညာဏဓာတ်** = သောတဝိညာဏ်ဒွေ၊*

*(၁၅) **ဃာနဝိညာဏဓာတ်** – ဃာနဝိညာဏ်ဒွေ၊*

*(၁၆) **ဇိဝှာဝိညာဏဓာတ်** = ဇိဝှာဝိညာဏ်ဒွေ၊*

*(၁၇) **ကာယဝိညာဏဓာတ်** – ကာယဝိညာဏ်ဒွေ၊*

*(၁၈) **မနောဝိညာဏဓာတ်** = ဒွေပဉ္စဝိညာဏ် ၁၀ နှင့် မနောဓာတ် ၃ ပါးကြဉ်သော ကြွင်းသည့်စိတ် ၇၆ ပါးတို့ဖြစ်ပါသည်။*

**၇။ အောက်ပါတရားများကို ဖြေဆိုပါ။**

**(က) ဒုစရိုက်သမားတို့၏လက်သုံးဖြစ်သော မဂ္ဂင် ၄ ပါး၊**

**(ခ) ရှက်ကြောက်ကင်းငြားအကြမ်းဖက်သမားများ၏ ဗလစွမ်းအင်နှစ်ပါး။**

(၁၉၈၃၊ စမန ၁၆၉၊ ၁၇၁)

**အဖြေ** – (က) **ဒုစရိုက်သမားတို့၏လက်သုံးဖြစ်သောမဂ္ဂင် ၄ ပါးမှာ –**

(၁) ***မိစ္ဆာဒိဋ္ဌိ*** = မှားယွင်းစွာသိမြင်မှု (ဒိဋ္ဌိစေတသိက်)

(၂) ***မိစ္ဆာသင်္ကပ္ပ*** = မှားယွင်းစွာကြံစည်မှု ( အကုသိုလ်စိတ် ၁၂ ပါး၌ရှိသော ဝိတက်)

(၃) ***မိစ္ဆာဝါယာမ*** = မှားယွင်းစွာအားထုတ်မှု (အကုသိုလ်စိတ် ၁၂ ပါး၌ရှိသော ဝီရိယ)

(၄) ***မိစ္ဆာသမာဓိ*** = မှားယွင်းစွာတည်ကြည်မှု (ဝိစိကိစ္ဆာကြဉ် အကုသိုလ်စိတ် ၁၁ ပါး၌ ရှိသော ဧကဂ္ဂတာ စေတသိက်)

(ခ) **ရှက်ကြောက်ကင်းငြား အကြမ်းဖက်သမားများ၏ဗလစွမ်းအင် ၂ ပါးမှာ –**

(၁) ***အဟိရိက*** = မကောင်းမှုပြုလုပ်ရန် မရှက်မှု၊

(၂) ***အနောတ္တပ္ပ*** = မကောင်းမှုပြုလုပ်ရန် မကြောက်ရွံ့မှုတို့ဖြစ်ပါသည်။

**၈။ လူမှုဒုက္ခမှလွတ်ကင်းရန် သမ္မပ္ပဓာန် ဖွဲ့သန်သန်ဖြင့် အလုပ်လုပ်နေသော လူကောင်းလူတော်တစ်ယောက်၏လုပ်ငန်းလေးရပ်ကို ဖြေဆိုပါ။**

(၁၉၈၃၊ စမန ၁၇၃)

**အဖြေ** – လူမှုဒုက္ခမှလွတ်ကင်းရန် သမ္မပ္ပဓာန်ဖွဲ့သန်သန်ဖြင့် အလုပ်လုပ်နေသော လူကောင်း၊ လူတော်၏လုပ်ငန်း ၄ ရပ်မှာ –

(၁) ဖြစ်ပြီးသောအကုသိုလ်တရားတို့ကို ပယ်ဖျောက်နိုင်ခြင်းငှာ အားထုတ်ခြင်း၊

(၂) မဖြစ်သေးသောအကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ အားထုတ်ခြင်း၊

(၃) မဖြစ်သေးသောကုသိုလ်တရားတို့ကို ဖြစ်ထွန်းစေခြင်းငှာ အားထုတ်ခြင်း။

(၄) ဖြစ်ပြီးသောကုသိုလ်တရားတို့ကို ခိုင်ခန့်တိုးပွားစေခြင်းငှာ အားထုတ်ခြင်းတို့တည်း။

**၉။ လောက၌ အမှန်တရားကို ရှာဖွေစုံစမ်းနေကြသောသူများသည် အဘယ်တရား မျိုးကိုတွေ့မှ အမှန်တရားကိုတွေ့သည်ဟု ဆိုနိုင်ပါသနည်း။ အဘိဓမ္မာသင်္ဂြိုဟ်အရ**

**ဖော်ပြပါ။** (၁၉၈၂၊ စမန ၁၈၀)

**အဖြေ – လောက၌ အမှန်တရားကို ရှာဖွေစုံစမ်းနေကြသောသူများသည်** ''အရိယသစ္စာ ၄ ပါး''ကိုတွေ့ပါမှ အမှန်တရားကိုတွေ့သည်ဟုဆိုနိုင်ပါသည်။ ဒုက္ခဟူ၍ ဟောအပ်သောတရားတို့သည် ကေန်အမှန် ဒုက္ခဖြစ်၏၊ သမုဒယဟုဟောအပ်သော တဏှာသည်လည်း ကေန်အမှန် ဒုက္ခ၏အကြောင်းဖြစ်၏။ ဤသို့စသည်ဖြင့် အရိယသစ္စာ ၄ ပါးကို ကောင်းစွာ ထိုးထွင်း၍သိမြင်သောသူသည် အရိယာပုဂ္ဂိုလ်ဖြစ်၍ မအိုရာ, မနာရာ, အတုမရှိ ငြိမ်းအေးသော နိဗ္ဗာန်အမြိုက်ချမ်းသာကို လက်ငင်းမျက်မှောက်ရပေတော့၏။ ထို အရိယာသစ္စာ ၄ ပါးကား –

**၉။ အရိယာတို့သာသိမြင်နိုင်သော သစ္စာ ၄ ပါးအစစ်အမှန်တရား၏တရားကိုယ် အစစ် တရားနှစ်ကို ဖော်ပြပါ။** (၁၉၈၃၊ စမန ၁၈၀)

**အဖြေ – အရိယာသစ္စာ ၄ ပါး၏ တရားကိုယ်အစစ် တရားအနှစ်တို့မှာ –**

(၁) ဒုက္ခသစ္စာ၏တရားကိုယ် = လောကီစိတ် ၈၁ ပါး၊ လောဘကြဉ်သောစေတသိက် ၅၁ ပါး၊ ရုပ် ၂၈ ပါး။

(၂) သမုဒယသစ္စာ၏တရားကိုယ် = တဏှာ (လောဘ)၊

(၃) နိရောဓသစ္စာ၏တရားကိုယ် = နိဗ္ဗာန်၊
(၄) မဂ္ဂသစ္စာ၏တရားကိုယ် = မဂ်စိတ်နှင့်ယှဉ်သောမဂ္ဂင် ၈ ပါး
(ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ) တို့ဖြစ်ပါသည်။

**၁၀။ ''ပညာမျက်စိကို ဖုံးလွှမ်းတတ်သောတရားသရုပ်''ကို အစဉ်ကျကျထုတ်ပြ၍ ကိလေသာ ၁၀ ပါးကိုလည်း ရေတွက်ပြပါ။** (၁၉၈၄၊ စမန ၁၆၄)

**အဖြေ – ပညာမျက်စိကို ဖုံးလွှမ်းတတ်သော တရားသရုပ်မှာ –**

(၁) ***ကာမစ္ဆန္ဒနီဝရဏ*** = ကာမဂုဏ်ကို လိုချင်တပ်မက်သောတဏှာလောဘ၊
(၂) ***ဗျာပါဒနီဝရဏ*** = စိတ်ဆိုး, စိတ်ပျက်, စိတ်ပူပန်ခြင်း အမျက်ဒေါသ၊
(၃) ***ထိနမိဒ္ဓနီဝရဏ*** = စိတ်စေတသိက်လေးလံထိုင်းမှိုင်းခြင်းသဘော (ထိန, မိဒ္ဓ)
(၄) ***ဥဒ္ဓစ္စ, ကုက္ကုစ္စနီဝရဏ*** = စိတ်ပျံ့လွင့်ခြင်း, နောင်တတစ်ဖန်ပူပန်ခြင်းသဘော (ဥဒ္ဓစ္စစေတသိက်၊ ကုက္ကုစ္စစေတသိက်)
(၅) ***ဝိစိကိစ္ဆာနီဝရဏ*** = ဘုရား, တရား, သံဃာ, ကံတရားစသည့်ကုသိုလ်ရေး၌ယုံမှား သံသယဖြစ်ခြင်းသဘော (ဝိစိကိစ္ဆာစေတသိက်)
(၆) ***အဝိဇ္ဇာနီဝရဏ*** = အာရုံ၏သဘောအမှန်ကိုမသိခြင်း, တွေဝေခြင်းသဘော(မောဟ) တို့တည်း။

**၁၁။ စားဖွယ်သောက်ဖွယ်၌ပါသောသြဇာသည်သာ အာဟာရဖြစ်လေသလော၊ အကယ်၍ တခြားအာဟာရများရှိခဲ့လျှင် ဖော်ပြ၍၊ ထိုအာဟာရတို့၏တရားကိုယ်နှင့် စွမ်းဆောင်ချက်တို့ကိုလည်း အသီးသီးရေးပြပါ။** (၁၉၈၄၊ စမန ၁၇၂)

**အဖြေ** – စားဖွယ်သောက်ဖွယ်၌ပါသော သြဇာသည်သာ အာဟာရဖြစ်သည်မဟုတ်ပါ။ **နာမ်အာဟာရ ၃ ပါး**လည်း ရှိပါသေးသည်။
ငင်းတို့၏တရားကိုယ်နှင့်စွမ်းဆောင်ချက်တို့မှာ–
(၁) ***ဖဿာဟာရ*** = စိတ်အားလုံးတို့၌ယှဉ်သောဖဿစေတသိက်၊ ဝေဒနာကိုဖြစ်စေခြင်း, ထောက်ပံ့ခြင်းဟူသောအကျိုးကိုဆောင်၏။
(၂) ***မနောသဉ္စေတနာဟာရ*** = စိတ်အားလုံးတို့၌ယှဉ်သောစေတနာ၊ ပဋိသန္ဓေဝိညာဏ် စသော ဝိပါက်စိတ်စေတသိက်များနှင့် ကမ္မဇရုပ်များကို ဖြစ်စေသည့်အကျိုးကို ဆောင်၏။
(၃) ***ဝိညာဏာဟာရ*** = စိတ်အားလုံး၊ အတူဖြစ်ဘက်စေတသိက်နာမ်နှင့်ရုပ်တရားကို ဆောင်၏။

**၁၂။ လုပ်အားတန်ဖိုး မချစ်မြတ်နိုးသော လူပျင်းတစ်သိုက်၌ မရထိုက်သောတရား သရုပ်ကို အစဉ်ကျကျ ထုတ်ပြပါ။** (၁၉၈၉၊ စမန ၁၇၃)

**အဖြေ – လုပ်အားတန်ဖိုး မချစ်မြတ်နိုးသော လူပျင်းတစ်သိုက်၌ မရထိုက်သော တရားသရုပ်မှာ –**

(၁) ဖြစ်ပြီးသောအကုသိုလ်တရားတို့ကို ပယ်ဖျောက်နိုင်ခြင်းငှာအားမထုတ်သဖြင့် အကုသိုလ်

ဒုစရိုက်များ ဆက်လက်ဖြစ်ပွားနေမည်။
(၂) မဖြစ်သေးသောအကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ အားမထုတ်သဖြင့် အကုသိုလ် ဒုစရိုက်တရားသစ်များလည်း ဖြစ်ပေါ်မည်။
(၃) မဖြစ်သေးသောကုသိုလ်တရားတို့ကို ဖြစ်ထွန်းစေခြင်းငှာအားမထုတ်သဖြင့် ကုသိုလ်တရား များမဖြစ်ပေါ်ပါ။
(၄) ဖြစ်ပြီးသောကုသိုလ်တရားတို့ကို ခိုင်ခန့်တိုးပွားစေခြင်းငှာ အားမထုတ်သဖြင့် ဈာန်, မဂ်, ဖိုလ်တရားများကို မရနိုင်ဘဲ လက်လွတ်ကြရမည်။

**၁၃။ သတ္တဝါတို့ကို တုပ်နှောင်ရစ်ပတ်ထုံးဖွဲ့တတ်သော တရားများမည်မျှရှိပါသနည်း။**
(၁၉၈၅၊ စမန ၁၆၃၊ ၁၆၅၊ ၁၆၆)

**အဖြေ – သတ္တဝါတို့ကို တုပ်နှောင်ရစ်ပတ်ထုံးဖွဲ့တတ်သောတရားတို့သည်** ကာယဂန္ထ ၄ ပါးနှင့် သံယောဇဉ် ၁၀ ပါးတို့ဖြစ်ကြသည်။

– သတ္တဝါတို့ကို ဝဋ်ဆင်းရဲမှမလွတ်ရအောင် သံကွင်းချင်းဆက်သလို ထုံးနှောင်ဖွဲ့ယှက် တတ်သော **ကာယဂန္ထ ၄ ပါးမှာ –**

(၁) ***အဘိဇ္ဈာကာယဂန္ထ*** = အာရုံကိုရှေးရှုကြံစည်ခြင်း, လိုချင်ခြင်းလောဘအားလုံးတည်း။
(၂) ***ဗျာပါဒကာယဂန္ထ*** = စိတ်ဖောက်ပြန်ပျက်စီးခြင်း, စိတ်ဆိုးခြင်းဒေါသတည်း။
(၃) ***သီလဗ္ဗတပရာမာသကာယဂန္ထ*** = ''နွား, ခွေး စသည်တို့၏အလေ့အကျင့်ကိုကျင့်လျှင် ကိလေသာမှလည်း စင်ကြယ်၏၊ သံသရာမှလည်း လွတ်မြောက်၏'' ဟု စွဲယူသောအယူမှား ဒိဋ္ဌိ၊
(၄) ***ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ*** = မိစ္ဆာအယူမှားတစ်မျိုးကိုကျင့်သုံး၍ ''ဤငါ၏ အယူအကျင့်သာမှန်၏၊ တစ်ပါးသူတို့၏အယူအကျင့်များသည် အမှားတည်း''ဟုစွဲယူသော ဒိဋ္ဌိ၊

**– သတ္တဝါတို့ကို သံသရာမှမလွတ်ရအောင်ကြိုးဖြင့်ချည်နှောင်ရစ်ပတ်သလို တုပ်နှောင် ရစ်ပတ်ထုံးဖွဲ့တတ်သော သုတ္တန်သံယောဇဉ် ၁၀ ပါးမှာ –**

(၁) ***ကာမရာဂသံယောဇဉ်*** – ဝတ္ထုအာရုံ, ကာမဂုဏ်ကို လိုချင်တပ်မက်သောတဏှာလောဘ၊
(၂) ***ရူပရာဂသံယောဇဉ်*** = ရူပဈာန်နှင့်ရူပကုသိုလ်ကံ၏အကျိုးဝိပါက်ကို လိုချင်တပ်မက် သော လောဘ
(၃) ***အရူပရာဂသံယောဇဉ်*** = အရူပဈာန်နှင့်အရူပကုသိုလ်ကံ၏အကျိုးကို လိုချင်တပ်မက် သောလောဘ
(၄) ***ပဋိဃသံယောဇဉ်*** = စိတ်ဆိုး, စိတ်ပျက်, စိတ်ပူပန်ခြင်းဒေါသ၊
(၅) ***မာနသံယောဇဉ်*** = ထောင်လွှားဝင့်ကြွားမှု – မာန၊
(၆) ***ဒိဋ္ဌိသံယောဇဉ်*** = သီလဗ္ဗတပရာမာသဒိဋ္ဌိမှတစ်ပါး အယူမှားအမျိုးမျိုး – ဒိဋ္ဌိ၊
(၇) ***သီလဗ္ဗတပရာမာသသံယောဇဉ်*** = ''နွား, ခွေးအကျင့်တို့ဖြင့် ကိလေသာမှလည်း စင်ကြယ်၏၊ သံသရာမှလည်းလွတ်မြောက်၏''ဟု မှားယွင်းစွာစွဲလမ်းသောဒိဋ္ဌိ၊

(၈) ***ဝိစိကိစ္ဆာသံယောဇဉ်*** = ဘုရား, တရား, သံဃာစသည့်ကုသိုလ်ရေး၌ ယုံမှားသံသယဖြစ်မှု – ဝိစိကိစ္ဆာ၊

(၉) ***ဥဒ္ဓစ္စသံယောဇဉ်*** = အာရုံအမျိုးမျိုးသို့စိတ်ပျံ့လွင့်မှုသဘော– ဥဒ္ဓစ္စ၊

(၁၀) ***အဝိဇ္ဇာသံယောဇဉ်*** = အာရုံ၏သဘောမှန်ကို မသိတွေဝေမှု – မောဟ တို့ဖြစ်ပါသည်။

**၁၄။ မဖြတ်နိုင်လောက်အောင်ဆေးလိပ်စွဲခြင်း၊ ကွမ်းစွဲခြင်း၊ မူးယစ်ဆေးဝါးစွဲခြင်းတို့သည် မည်သည့်ဥပါဒါန်မျိုးဖြစ်ပါသနည်း၊ ဖော်ပြပြီးလျှင် သင်သိသမျှ ဥပါဒါန်တို့ကိုလည်း ဖြေဆိုပါ။** (၁၉၈၅၊ စမန ၁၆၃၊ ၁၆၄)

**အဖြေ – မဖြတ်နိုင်လောက်အောင်ဆေးလိပ်စွဲခြင်း၊ ကွမ်းစွဲခြင်း၊ မူးယစ်ဆေးဝါးစွဲခြင်းတို့သည်** ကာမုပါဒါန်မျိုးဖြစ်ပါသည်။ ဥပါဒါန် ၄ ပါးရှိရာ ၎င်းတို့မှာ –

(၁) ***ကာမုပါဒါန်*** – ကာမဂုဏ်၌ ပြင်းစွာစွဲလမ်းတပ်မက်သော လောဘဟူသမျှတည်း။

(၂) ***ဒိဋ္ဌုပါဒါန်*** – သီလဗ္ဗတပရာမာသ, အတ္တဝါဒ ဒိဋ္ဌိ ၂ မျိုးမှအပ ကျန်အယူမှားဒိဋ္ဌိအမျိုးမျိုး။

(၃) ***သီလဗ္ဗတုပါဒါန်*** – သီလဗ္ဗတပရာမာသ – နွား, ခွေးအကျင့်မျိုး၌ ပြင်းထန်ခိုင်မြဲစွာစွဲလမ်းသောဒိဋ္ဌိ၊

(၄) ***အတ္တဝါဒုပါဒါန်*** = ''အတ္တရှိ၏''ဟုစွဲလမ်းသော အတ္တစွဲအယူမှားအမျိုးမျိုး – ဒိဋ္ဌိတို့ဖြစ်ပါသည်။

**၁၅။ ''မိန်းမကောင်းက္ခန္ဓာ ရွှေပေးလို့မရ''ဟူ၍ မြန်မာဝေလေ့စကားပုံရှိရာ အဘိဓမ္မာနည်းအရ မိန်းကလေးများရကောင်းသောက္ခန္ဓာတို့ကို – (က) ရုပ်က္ခန္ဓာ၊ (ခ) နာမ်က္ခန္ဓာ၊ (ဂ) ရုပ်နာမ်က္ခန္ဓာအားဖြင့် အသီးသီးခွဲခြားပြပါ။** (၁၉၈၅၊ စမန၊ ၁၆၉၊ ၁၇၀)

**အဖြေ** –'' မိန်းမကောင်းက္ခန္ဓာ ရွှေပေးလို့မရ''ဟု မြန်မာဝေလေ့စကားပုံရှိရာ အဘိဓမ္မာနည်းအရ **မိန်းကလေးများရကောင်းသောက္ခန္ဓာတို့မှာ –**

| (က) **ရုပ်က္ခန္ဓာ** | (ခ) **နာမ်က္ခန္ဓာ** | |
|---|---|---|
| (၁) *စက္ခုက္ခန္ဓာ* | (၁) *မနိက္ခန္ဓာ* | (၂) *သုခိက္ခန္ဓာ* |
| (၂) *သောတိက္ခန္ဓာ* | (၃) *ဒုက္ခိက္ခန္ဓာ* | (၄) *သောမနဿိက္ခန္ဓာ* |
| (၃) *ဃာနိက္ခန္ဓာ* | (၅) *ဒေါမနဿိက္ခန္ဓာ* | (၆) *ဥပေက္ခိက္ခန္ဓာ* |
| (၄) *ဇိဝှိက္ခန္ဓာ* | (၇) *သဒ္ဓိက္ခန္ဓာ* | (၈) *ဝီရိယိက္ခန္ဓာ* |
| (၅) *ကာယိက္ခန္ဓာ* | (၉) *သတိက္ခန္ဓာ* | (၁၀) *သမာဓိက္ခန္ဓာ* |
| (၆) *က္ခတ္ထိက္ခန္ဓာ* | | (၁၁) *ပညိက္ခန္ဓာ* တို့ဖြစ်သည်။ |

(ဂ) **ရုပ်နာမ်က္ခန္ဓာမှာ** – *ဇီဝိတိက္ခန္ဓာ* = ဇီဝိတရုပ်နှင့်ဇီဝိတိက္ခန္ဓာစေတသိက်ဖြစ်၏။

စုစုပေါင်း – က္ခန္ဓာ ၁၈ ပါးဖြစ်ပါသည်။ ( ၆ + ၁၁ + ၁ = ၁၈)

**၁၆။ အရိယာမဂ်ဟူသော ဗောဓိဉာဏ်၏ အဆောက်အဦအသင်းအပင်းဖြစ်သော တရားတို့ကို ဖော်ပြပြီးလျှင် ထိုတရားများ၌ပါဝင်သော ကေဂ္ဂတာ (သမာဓိ) တရား**

**၏ဖြစ်ရာဌာနများကိုလည်း ဖြေဆိုပါ။** (၁၉၈၅၊ စမန ၁၇၄)

**အဖြေ – အရိယာမဂ်ဟူသော ဗောဓိဉာဏ်၏အဆောက်အဦးအသင်းအပင်းတရားတို့မှာ–**

(၁) ***သတိသမ္ဗောဇ္ဈင်*** – အမှတ်ရမှု–သတိစေတသိက်၊
(၂) ***ဓမ္မဝိစယသမ္ဗောဇ္ဈင်*** – ဆိုင်ရာတရားများကိုစိစစ်တတ်သည့် ပညာစေတသိက်၊
(၃) ***ဝီရိယသမ္ဗောဇ္ဈင်*** – ကြိုးစားအားထုတ်မှု – ဝီရိယစေတသိက်၊
(၄) ***ပီတိသမ္ဗောဇ္ဈင်*** – နှစ်သက်ရွှင်လန်းမှု – ပီတိစေတသိက်၊
(၅) ***ပဿဒ္ဓိသမ္ဗောဇ္ဈင်*** – ငြိမ်းအေးမှု – ပဿဒ္ဓိစေတသိက်၊
(၆) ***သမာဓိသမ္ဗောဇ္ဈင်*** – တည်ကြည်မှု – ဧကဂ္ဂတာစေတသိက်၊
(၇) ***ဥပေက္ခာသမ္ဗောဇ္ဈင်*** – လျစ်လျူရှုမှု – တတြမဇ္ဈတ္တတာစေတသိက်တို့ဖြစ်ပါသည်။

ထိုတရားများ၌ပါဝင်သော ဧကဂ္ဂတာ (သမာဓိ) တရား၏ဖြစ်ရာဌာနများမှာ–
မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အပ္ပနာဇော ၂၆ ပါး၊
စုစုပေါင်း – ဇောစိတ် ၄၂ ပါး ဖြစ်ပါသည်။ ကျန်ဗောဇ္ဈင်စေတသိက်များလည်း ဤဇောစိတ် ၄၂ ပါးနှင့်ယှဉ်ကြသော စေတသိက်များဖြစ်ပါသည်။

**၁၇။ သတ္တဝါတို့အား သံသရာဝဋ်အတွင်းမှ မလွတ်ကင်းရအောင် အတင်းဖွဲ့နှောင်ရစ်ပတ်တွယ်တာစေတတ်သောတရားများကို သိသမျှထုတ်ပြ၍၊ ယင်းတရားတို့၏ ပရမတ်အလို တရားကိုယ်များကိုလည်း ဖော်ပြပါ။**

(၁၉၈၆၊ စမန ၁၆၃၊ ၁၆၅၊ ၁၆၆)

**အဖြေ** – (ဤစာအုပ် စာမျက်နှာ ၂၉၁–၂၉၂ နံပါတ် ၁၃ တွင် ဖြေဆိုထားပါသည်။)

**၁၈။ လူလိမ္မာ လူတော်လူကောင်းဖြစ်စေရန် အဘယ်လမ်းကြောင်းပေါ်လျှောက်လှမ်းရမည်ကိုဖော်ပြ၍၊ ရဟန္တာပုဂ္ဂိုလ်သန္တာန်၌သာဖြစ်သော ဣန္ဒြေကိုလည်း ညွှန်ပြပါ။** (၁၉၈၆၊ စမန ၁၇၄၊ ၁၇၅)

**အဖြေ – လူလိမ္မာ၊လူတော်လူကောင်းဖြစ်စေရန်** အင်္ဂါ ၈ ပါးနှင့်ပြည့်စုံသော မဂ္ဂင်လမ်းကြောင်းပေါ်လျှောက်လှမ်းရပါမည်။ မဂ္ဂင် ၈ ပါးမှာ–

(၁) ***သမ္မာဒိဋ္ဌိ*** = ကောင်းစွာသိမြင်မှု၊ မဟာကုသိုလ် ၈, မဟာကြိယာ ၈, အပ္ပနာဇော ၂၆, ပေါင်းဇောစိတ် ၄၂ ပါး၌ယှဉ်သောပညာ၊
(၂) ***သမ္မာသင်္ကပ္ပ*** = ကောင်းစွာကြံစည်မှု၊ အထက်ပါ စိတ် ၄၂ ပါးနှင့်ယှဉ်သောဝိတက်စေတသိက်၊
(၃) ***သမ္မာဝါစာ*** = ကောင်းစွာပြောဆိုမှု၊ မဟာကုသိုလ် ၈၊ လောကုတ္တရာစိတ် ၈၊ ပေါင်း စိတ် ၁၆ ပါးနှင့်ယှဉ်သော သမ္မာဝါစာစေတသိက်၊
(၄) ***သမ္မာကမ္မန္တ*** = ကောင်းစွာပြုလုပ်မှု၊ အထက်ပါစိတ် ၁၆ ပါးနှင့်ယှဉ်သော သမ္မာကမ္မန္တ၊
(၅) ***သမ္မာအာဇီဝ*** = ကောင်းစွာအသက်မွေးမှု၊ အထက်ပါစိတ် ၁၆ ပါးနှင့်ယှဉ်သော သမ္မာအာဇီဝ၊

(၆) ***သမ္မာဝါယာမ*** = ကောင်းစွာအားထုတ်မှု၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အပ္ပနာဇော ၂၆ ပါး၊ ပေါင်းဇောစိတ် ၄၂ ပါးနှင့်ယှဉ်သော ဝီရိယစေတသိက်၊

(၇) ***သမ္မာသတိ*** = ကောင်းစွာအောက်မေ့အမှတ်ရမှု၊ အထက်ပါဇောစိတ် ၄၂ နှင့်ယှဉ်သော သတိစေတသိက်၊

(၈) ***သမ္မာသမာဓိ*** = ကောင်းစွာတည်ကြည်မှု၊ အထက်ပါဇောစိတ် ၄၂ ပါးနှင့်ယှဉ်သော ဧကဂ္ဂတာစေတသိက်။

အထက်ပါ မဂ္ဂင် ၈ ပါးကို သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူ၍ ကျင့်စဉ်သုံးပါး အဖြစ်ပိုင်းခြားနိုင်၏။ သီလကျင့်စဉ်ကို ကောင်းမွန်လုံခြုံစွာ စောင့်ထိန်းနိုင်လျှင်ပင် လူလိမ္မာ လူသူတော်ကောင်းဖြစ်နေလေပြီ၊ သမာဓိကျင့်စဉ်, ပညာကျင့်စဉ်တို့ကို ပွားများအားထုတ်နိုင် လျှင် ပို၍မြင့်မြတ်သော လူသူတော်ကောင်းဖြစ်လာလိမ့်မည်။ တစ်မဂ်တစ်ဖိုလ်ရ၍ သောတာ ပန်ဖြစ်လာလျှင် အလွန်မြင့်မြတ်သောအရိယာသူတော်စင်ဖြစ်လာလိမ့်မည်။

**၁၉။ ''သတိမမူ ဂူမမြင်၊ သတိမူတော့ မြူကိုမြင်သည်''ဟူသောစကားအရ မြူ မှန်သမျှမြင်နိုင်ရန် အဘယ်တရားများကို နှလုံးသွင်းရမည်နည်း၊ ညွှန်ပြပါ။**

(၁၉၈၆၊ စမန ၁၇၂၊ ၁၇၃)

**အဖြေ – ''သတိမမူ ဂူမမြင်၊ သတိမူတော့ မြူကိုမြင်သည်''ဟူသောစကားအရ** မြူမှန်သမျှ မြင်နိုင်ရန် မဟာသတိပဋ္ဌာန် ၄ ပါးကို အောက်ပါအတိုင်း နှလုံးသွင်းရှုပွား ရမည်။

(၁) ***ကာယာနုပဿနာသတိပဋ္ဌာန်*** = ဆံပင်, မွေးညှင်းစသည့် ၃၂ ကောဋ္ဌာသ၌ အသုဘ အခြင်းအရာထင်အောင် အဖန်ဖန်ရှုမှတ်သော သတိအထူး။ (ဤသို့ရှုပွားသဖြင့် ပဌမဈာန် ရလျှင် ဖြူစင်သောစိတ်အစဉ်မှ အလွန်စူးရှတောက်ပသောအလင်းရောင် ဖြာထွက်ပါသည်။ ဤအလင်းရောင်အကူအညီဖြင့် မြူကိုရော၊ ပရမတ်ရုပ်နာမ်တရားများကိုရော ရှုမြင်နိုင်ပါ သည်။)

(၂) ***ဝေဒနာနုပဿနာသတိပဋ္ဌာန်*** = ဝေဒနာဉပါဒါနက္ခန္ဓာ၏ဖြစ်ပျက်ခြင်းကို ဒုက္ခလက္ခဏာ ဦးမူ၍ ဝိပဿနာတင်ရှုသော သတိအထူး။

(၃) ***စိတ္တာနုပဿနာသတိပဋ္ဌာန်*** = လောကီစိတ်များ၏ဖြစ်ပျက်နေပုံကို အနိစ္စလက္ခဏာဦးမူ၍ ဝိပဿနာတင်ရှုသော သတိအထူး။

(၄) ***ဓမ္မာနုပဿနာသတိပဋ္ဌာန်*** = သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဟူသည့် တရားဓမ္မများကို အနတ္တလက္ခဏာဦးမူ၍ ဝိပဿနာတင်ရှုသောသတိအထူးတို့ဖြစ်ပါသည်။

– သတိပဋ္ဌာန် ၄ ပါးလုံး၏တရားကိုယ်သည် မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အပ္ပနာ ဇော ၂၆ ပါး၊ ပေါင်း – ဇောစိတ် ၄၂ ပါးတို့နှင့်ယှဉ်သော သတိစေတသိက်ဖြစ်၏။

– မိမိဆိုင်ရာအာရုံ၌ လွှန်လွန်ကဲကဲ စွဲမြဲစွာတည်သောသတိအထူးကို ''**သတိပဋ္ဌာန်**'' ဟုခေါ်ပါသည်။

**၂၀။ ဗောဓိမည်ငြား မြတ်တရား၏အစိတ်အပိုင်းဖြစ်သောတရားများကို ထုတ်ပြ၍**

**သက်ပွနှင့်ပီတိတို့မဖြစ်သော လောကုတ္တရာစိတ်များကိုလည်း ဖော်ပြပါ။**

(၁၉၈၆၊ စမန ၁၇၄၊ ၄၆၊ ၄၇)

**အဖြေ – ဗောဓိ (မဂ်ဉာဏ်) မည်ပြား မြတ်တရား၏အစိတ်အပိုင်းဖြစ်သော ဗောဇ္ဈင်တရား** များမှာ –

(ဤစာအုပ် စာမျက်နှာ ၂၉၃ နံပါတ် ၁၆ ၌ဖော်ပြထားပါသည်)

**– သက်ပွ (ဝိတက်)နှင့် ပီတိတို့မဖြစ်သော လောကုတ္တရာစိတ်များမှာ –**

(၁) သက်ပွ (ဝိတက်)သည် လောကုတ္တရာဒုတိယဈာန်စိတ် ၈ ပါး၊ တတိယဈာန်စိတ် ၈ ပါး၊ စတုတ္ထဈာန်စိတ် ၈ ပါး၊ ပဉ္စမဈာန်စိတ် ၈ ပါး၊ ပေါင်းစိတ် ၃၂ ပါး၌ မဖြစ်ပါ။

(၂) ပီတိသည် လောကုတ္တရာ စတုတ္ထဈာန်စိတ် ၈ ပါး၊ ပဉ္စမဈာန်စိတ် ၈ ပါး၊ ပေါင်းစိတ် ၁၆ ပါး၌ မဖြစ်ပါ။

**၂၁။ မွန်မြတ်သန့်ရှင်း အပြစ်ကင်းသောအလုပ်များကို မလုပ်မိစေရန်နှင့် ကောင်းသောအကျိုးအာနိသင်များကို မရနိုင်စေရန် တားဆီးပိတ်ပင်တတ်သောတရားများကို ထုတ်ပြ၍ ''လိုတာမရ၊ ရတာမလို၊ မျက်ထားညိုကြာ'' စိတ်ညစ်နွမ်းပူပန်နေသူ၌ ဖြစ်ပေါ်နေသော တရားများကိုလည်း ဖော်ပြပါ။**

(၁၉၈၇၊ စမန ၁၆၇၊ ၁၆၄)

**အဖြေ – မွန်မြတ်သန့်ရှင်း အပြစ်ကင်းသောအလုပ်များကို မလုပ်မိစေရန်နှင့်** ကောင်းသောအကျိုးအာနိသင်များကို မရရှိစေရန် တားဆီးပိတ်ပင်တတ်သောတရားများမှာ – အကုသိုလ်ဟိတ် ၃ ပါးနှင့် နီဝရဏတရား ၆ ပါးတို့ဖြစ်ပါသည်။

**– အကုသိုလ်ဟိတ် ၃ ပါးမှာ** လောဘ, ဒေါသ, မောဟတို့ဖြစ်ပါသည်။

**– နီဝရဏတရား ၆ ပါးမှာ –**

(၁) ***ကာမစ္ဆန္ဒနီဝရဏ*** = ကာမဂုဏ်ကို လိုချင်တပ်မက်သော တဏှာလောဘ၊

(၂) ***ဗျာပါဒနီဝရဏ*** = စိတ်ဆိုး, စိတ်ပျက်, စိတ်ပူပန်ခြင်းအမျက်ဒေါသ၊

(၃) ***ထိန,မိဒ္ဓနီဝရဏ*** = စိတ်စေတသိက်တို့ကို လေးလံထိုင်းမှိုင်း, ငိုက်မျဉ်းစေခြင်း၊ (ထိနစေတသိက်နှင့်မိဒ္ဓစေတသိက်)

(၄) ***ဥဒ္ဓစ္စ, ကုက္ကုစ္စနီဝရဏ*** = စိတ်ပျံ့လွင့်ခြင်း၊ နောင်တတစ်ဖန်ပူပန်ခြင်းသဘော၊ (ဥဒ္ဓစ္စစေတသိက်၊ ကုက္ကုစ္စစေတသိက်)

(၅) ***ဝိစိကိစ္ဆာနီဝရဏ*** = ဘုရား, တရား, သံဃာစသည့်ကုသိုလ်ရေး၌ ယုံမှားသံသယဖြစ်ခြင်းသဘော (ဝိစိကိစ္ဆာစေတသိက်)

(၆) ***အဝိဇ္ဇာနီဝရဏ*** = တရားသဘောမှန်ကိုမသိခြင်း၊ တွေဝေခြင်းသဘော (မောဟ စေတသိက်) တို့ဖြစ်ပါသည်။

– **''လိုတာမရ၊ ရတာမလို၊ မျက်ထားညိုကြာ''**စိတ်ညစ်နွမ်းပူပန်နေသူ၌ လောဘမူစိတ်၊ ဒေါသမူစိတ်တို့ ဖြစ်ပေါ်နေပါသည်။

**၂၂။ အာရုံတစ်ပါး စိတ်မသွားဘဲ မိမိပြုလုပ်သောအမှုကိစ္စ၌သာ စူးစူးစိုက်စိုက်အာရုံ**

**ဆိုက်ရောက်နေသူကို ''သည်လူစျာန်ဝင်နေသည်''ဟု လောက၌ ပြောတတ်ကြရာ အမှန်တကယ် ''စျာန်ဝင်ခြင်း'' ဟုတ်မဟုတ် အဘိဓမ္မာသဘော စစ်ကြောဝေဖန်ပြပြီး ထိုစျာန်အစစ်၏အင်္ဂါတို့ကိုလည်း ကုန်စင်အောင် ညွှန်ပြခဲ့ပါ။**

(၁၉၈၇၊ စမန ၁၆၈၊ ၁၆၉)

**အဖြေ** – အာရုံတစ်ပါး စိတ်မသွားဘဲ မိမိပြုလုပ်သောအမှုကိစ္စ၌သာ စူးစူးစိုက်စိုက်အာရုံဆိုက်ရောက်နေသူကို ''သည်လူစျာန်ဝင်နေသည်''ဟု လောက၌ပြောတတ်ကြရာ အမှန်တကယ်စျာန်ဝင်ခြင်းမဟုတ်ပါ။ အဘိဓမ္မာသဘော စောကြောဝေဖန်ပြရသော် –

**''စျာန်''** ဟူသည်မှာ ခွန်အားပြည့်နေသောစျာန်အင်္ဂါများ (ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ)တို့၏ အပေါင်းအစုဖြစ်သည်။ စျာန်အင်္ဂါများက စွမ်းအားပြည့်နေသည့်အခါ နီဝရဏများမဖြစ်ပေါ်အောင် ကောင်းစွာပိတ်ပင်တားဆီးထားသဖြင့် စိတ်လုံးဝကြည်လင်ကာ စူးရှတောက်ပသောအလင်းရောင်ကို ဖြစ်ပေါ်စေပါသည်။ ပီတိ, သုခတို့က စွမ်းအားပြည့်နေသဖြင့် ကာမဂုဏ်ချမ်းသာထက် သာလွန်သောချမ်းသာမည်သည်လည်း ဖြစ်ပေါ်နေ၏။ ကသိုဏ်း ၁၀ ပါး, အာနာပါနဿတိစသည့် သမထကမ္မဋ္ဌာန်းတစ်ပါးပါးကို ရှုပွားသဖြင့် ပဋိဘာဂနိမိတ်ဖြစ်ပေါ်၍ ပဋိဘာဂနိမိတ်တွင် စိတ် ၁ နာရီ၊ ၂ နာရီစသည်ဖြင့် စူးစိုက်မြုပ်ဝင်နေပါမှ စျာန်ရသည်မည်ပါသည်။

စျာန်ဝင်နေသူ၏စိတ်သည် ပဋိဘာဂနိမိတ်၌သာ စူးစိုက်မြုပ်ဝင်နေသဖြင့် စိတ်သည်အခြားအာရုံကို မယူနိုင်ပါ။ သိလည်းမသိပါ။ အခြားအမှုကိစ္စကိုလည်း မဆောင်ရွက်နိုင်ပါ။ ထို့ကြောင့် မိမိပြုလုပ်သောအမှုကိစ္စ၌သာ စူးစူးစိုက်စိုက်အာရုံဆိုက်ရောက်နေသူကို ''စျာန်ဝင်နေသည်'' ဟု မဆိုနိုင်ပါ။

**– စျာန်အစစ်၏အင်္ဂါတို့မှာ –**

(၁) ***ဝိတက်စျာနင်*** = ယှဉ်ဖက်စိတ်စေတသိက်တို့ကို အာရုံသို့တင်ပေးခြင်းသဘော (ဝိတက်)
(၂) ***ဝိစာရစျာနင်*** = အာရုံကို ထပ်ခါထပ်ခါယူခြင်း, သုံးသပ်ခြင်းသဘော (ဝိစာရစေတသိက်)
(၃) ***ပီတိစျာနင်*** = အာရုံကို နှစ်သက်ဝမ်းမြောက်ခြင်းသဘော (ပီတိစေတသိက်)
(၄) ***သောမနဿ သုခစျာနင်*** = စိတ်၌ချမ်းသာသောခံစားခြင်းသဘော (သောမနဿဝေဒနာ)
(၅) ***ဥပေက္ခာစျာနင်*** = မကောင်းမဆိုး, ရိုးရိုးခံစားမှုသဘော (ဥပေက္ခာဝေဒနာ)
(၆) ***ဧကဂ္ဂတာစျာနင်*** = အာရုံတစ်ခု၌ ယှဉ်ဖက်စေတသိက်တို့ကို စုစည်းကာစူးစိုက်ရှုစေသည့်သဘော (ဧကဂ္ဂတာ စေတသိက်) တို့ဖြစ်ပါသည်။

**၂၃။ ပြည်တွင်း–ပြည်ပရန်နှင့် ကိုယ်တွင်း–ကိုယ်ပရန်များကို မတုန်မလှုပ်နောက်မဆုတ်ဘဲ ခိုင်ခိုင်မြဲမြဲ ရပ်တည်ကာ တိုက်ဖျက်ချေမှုန်း သုတ်သင်နိုင်ရန် မည်သည့်တရားများဆောင်ထားရမည်ကို အဘိဓမ္မာလာသည့်အတိုင်း အဓိပ္ပါယ်နှင့်တကွ ဖော်ပြပါ။**

(၁၉၈၇၊ စမန ၁၇၀)

**အဖြေ – ကိုယ်တွင်းကိုယ်ပရန်များကို မတုန်မလှုပ်နောက်မဆုတ်ဘဲ ခိုင်ခိုင်မြဲမြဲ ရပ်တည်ကာ** တိုက်ဖျက်ချေမှုန်းသုတ်သင်နိုင်ရန် အောက်ပါ **ဗိုလ်တရား**များကို ဆောင်ထားရမည်။

(၁) ***သဒ္ဓါဗိုလ်*** = ကုသိုလ်အာရုံ၌ ယှဉ်ဖက်တရားတို့ကို ကြည်လင်စွာကြည်ညိုလေးမြတ်ကြရန် ဦးဆောင်သောတရား (သဒ္ဓါစေတသိက်)
(၂) ***ဝီရိယဗိုလ်*** = ယှဉ်ဖက်တရားတို့ မဆုတ်နစ်အောင် ထောက်ပံ့အားပေးသောတရား (ဝီရိယစေတသိက်)
(၃) ***သတိဗိုလ်*** = ကုသိုလ်အာရုံကို ယှဉ်ဖက်တရားတို့ အောက်မေ့အမှတ်ရအောင် ဦးဆောင် သောတရား (သတိစေတသိက်)
(၄) ***သမာဓိဗိုလ်*** = တစ်ခုတည်းသောအာရုံ၌ ယှဉ်ဖက်တရားတို့တည်ကြည်ငြိမ်ဝပ်အောင် ဦးဆောင်သောတရား (ဧကဂ္ဂတာစေတသိက်)
(၅) ***ပညာဗိုလ်*** = အာရုံ၏သဘောမှန်ကို ထိုးထွင်း၍သိမှု၌ ဦးဆောင်သောတရား (ပညာ စေတသိက်)
(၆) ***ဟိရိဗိုလ်*** = မကောင်းမှုပြုရန် ရှက်ရွံ့ခြင်းသဘော (ဟိရီစေတသိက်)
(၇) ***ဩတ္တပ္ပဗိုလ်*** = မကောင်းမှုပြုရန် ကြောက်လန့်ခြင်းသဘော (ဩတ္တပ္ပစေတသိက်) တို့တည်း။

**၂၄။ မကောင်းမှုကိုပယ်ရှောင်၊ ကောင်းမှုကိုသယ်ဆောင်လျက် ဤလူ့ဘောင်ဝယ်တစ်ဆင့် ထက်တစ်ဆင့်တိုးတက်မြင့်မား ကြီးပွားချမ်းသာလိုသူတိုင်း အလိုရှိအပ်သောတရားဓမ္မ များကို အတိအကျညွှန်ပြ၍ မဂ်ပေါက်–ဗိုလ်ဝင် နိဗ္ဗာန်ရောက်ကြောင်း မတိမ်းစောင်း သည့်လမ်းကောင်းအစစ်ကိုလည်း ညွှန်ပြပါ။** (၁၉၈၇၊ စမန ၁၇၃၊ ၁၇၁)

**အဖြေ** – မကောင်းမှုကိုပယ်ရှောင်၊ ကောင်းမှုကိုသယ်ဆောင်လျက် ဤလူ့ဘောင်ဝယ် တစ်ဆင့်ထက်တစ်ဆင့် တိုးတက်မြင့်မား **ကြီးပွားချမ်းသာလိုသူတိုင်း အလိုရှိအပ်သော တရားဓမ္မများမှာ** –

သမ္မပ္ပဓာန် ၄ ပါးနှင့် အဓိပတိတရား ၄ ပါးတို့ဖြစ်ပါသည်။

**– သမ္မပ္ပဓာန်တရား ၄ ပါးမှာ –**

(၁) ဖြစ်ပြီးသောအကုသိုလ်တရားတို့ကို ပယ်ဖျောက်နိုင်ခြင်းငှာအားထုတ်ခြင်း၊
(၂) မဖြစ်သေးသောအကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာအားထုတ်ခြင်း။
(၃) မဖြစ်သေးသောကုသိုလ်တရားတို့ကို ဖြစ်ထွန်းစေခြင်းငှာအားထုတ်ခြင်း။
(၄) ဖြစ်ပြီးသောကုသိုလ်တရားတို့ကို ခိုင်ခံ့တိုးပွားစေခြင်းငှာအားထုတ်ခြင်းတို့ဖြစ်သည်။

**– အဓိပတိတရား ၄ ပါးမှာ–**

(၁) ***ဆန္ဒာဓိပတိ*** – အကြီးအကဲဖြစ်သောဆန္ဒ – လိုချင်ခါမျှသဘော၊
(၂) ***ဝီရိယာဓိပတိ*** – အကြီးအကဲဖြစ်သောဝီရိယ – ကြိုးစားအားထုတ်မှု၊
(၃) ***စိတ္တာဓိပတိ*** – အကြီးအကဲဖြစ်သောစိတ် – ဒွိဟိတ်, တိဟိတ်စိတ်၊
(၄) ***ဝီမံသာဓိပတိ*** – အကြီးအကဲဖြစ်သောပညာ – မှန်ကန်စွာထိုးထွင်းသိမြင်မှု၊

ဆန္ဒ – ဝီရိယ – စိတ်– ပညာတစ်ပါးပါးက အကြီးအကဲဖြစ်၍ အစွမ်းထက်မြက်လာ လျှင် မအောင်မြင်နိုင်သော အမှုကိစ္စမရှိပါ။ မုချအောင်မြင်မည်ဖြစ်၏။

**– မဂ်ပေါက်–ဗိုလ်ဝင် နိဗ္ဗာန်ရောက်ကြောင်း** မတိမ်းစောင်းသည့်လမ်းကောင်းအစစ်မှာ

မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားဖြစ်ပါသည်။ (စာမျက်နှာ ၂၉၃၊ နံပါတ် ၁၇ တွင် ဖြေဆိုထားပါသည်)

**၂၅။ မဟာသမုဒ္ဒရာရှိ ဝဲဂယက်ကြီးများကဲ့သို့ သတ္တဝါများအား ဝဋ်ဆင်းရဲ၌ ဆွဲသွင်းနှစ်မြုပ်တတ်သောတရားများကို ဖော်ပြ၍ အတ္တဝါဒုပါဒါန်တရား၏တရား ကိုယ်ကိုလည်းဖြေဆိုပါ။** (၁၉၈၈၊ စမန ၁၆၂၊ ၁၆၃)

**အဖြေ – မဟာသမုဒ္ဒရာရှိ ဝဲဂယက်ကြီးများကဲ့သို့ သတ္တဝါများအား ဝဋ်ဆင်းရဲ၌ ဆွဲသွင်း နှစ်မြုပ်တတ်သောတရားများမှာ –**

(၁) ***ကာမောဃ*** = ဝတ္ထုအာရုံကာမဂုဏ်ကို လိုချင်တပ်မက်သည့် တဏှာလောဘ၊

(၂) ***ဘဝေါဃ*** = ရူပဈာန်, အရူပဈာန်နှင့်ထိုဈာန်ကုသိုလ်ကံ၏အကျိုးဝိပါက်ကို လိုချင်တပ်မက်သောတဏှာလောဘ၊

(၃) ***ဒိဋ္ဌောဃ*** = အယူလွဲမှားမှု – မိစ္ဆာဒိဋ္ဌိ၊

(၄) ***အဝိဇ္ဇောဃ*** = အာရုံအမှန်သဘော, တရားအမှန်သဘောကိုမသိမှု–မောဟတို့ဖြစ်ပါသည်။

**– *အတ္တဝါဒုပါဒါန်တရား၏တရားကိုယ်မှာ*** – လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါး၌ ရှိသော ဒိဋ္ဌိစေတသိက်ဖြစ်ပါသည်။

**၂၆။ လူမှာရှိသောရုပ်က္ခန္ဓြေများကို တရားကိုယ်နှင့်တကွ ဖော်ပြပါ။** (၁၉၈၈၊ စမန ၁၆၉၊ ၁၇၀)

**အဖြေ – လူမှာရှိသောရုပ်က္ခန္ဓြေများမှာ –**

(၁) ***စက္ခုန္ဓြေ*** = စက္ခုပသာဒ၊ မြင်သိမှု၌အစိုးရ၏။

(၂) ***သောတိန္ဓြေ*** = သောတပသာဒ၊ ကြားသိမှု၌အစိုးရ၏။

(၃) ***ဃာနိန္ဓြေ*** = ဃာနပသာဒ၊ နံသိမှု၌အစိုးရ၏။

(၄) ***ဇိဝှိန္ဓြေ*** = ဇိဝှာပသာဒ၊ စားသိမှု၌အစိုးရ၏။

(၅) ***ကာယိန္ဓြေ*** = ကာယပသာဒ၊ ထိသိမှု၌အစိုးရ၏။

(၆) ***ဣတ္ထိန္ဓြေ*** = ဣတ္ထိဘာဝရုပ်၊ အမသဘာဝဖြစ်မှု၌အစိုးရ၏။

(၇) ***ပုရိသိန္ဓြေ*** = ပုရိသဘာဝရုပ်၊ အထီးသဘာဝဖြစ်မှု၌အစိုးရ၏။

(၈) ***ဇီဝိတိန္ဓြေ*** = ဇီဝိတရုပ်နှင့် ဇီဝိတိန္ဓြေစေတသိက်၊ အတူဖြစ်ဖက်တရားများ အသက်ရှည် တည်တံ့အောင်စောင့်ရှောက်မှု၌ အစိုးရ၏။

**၂၇။ ကိုယ်ခန္ဓာဖွံ့ဖြိုးရေးအတွက် ကလေးများကိုအာဟာရတိုက်ကျွေးကြရာ အစားအစာကိုသာ အာဟာရဟုဆိုပါသလား၊ အခြားအာဟာရများရှိသေးကထုတ်ပြ၍၊ ကုသိုလ်တရားတိုးပွားအောင် ကြိုးစားမှုသည် အဘယ်တရားဖြစ်ပါသနည်း၊ တိကျစွာဖြေပါ။** (၁၉၈၈၊ စမန ၁၇၂၊ ၁၇၃)

**အဖြေ – အစားအစာကိုသာ အာဟာရဟုဆိုသည်မဟုတ်ပါ၊ နာမ်အာဟာရ ၃ ပါးရှိပါသည်။ အာဟာရအားလုံး ၄ ပါး**ရှိရာ ၎င်းတို့မှာ –

(၁) *ကဗဠီကာရာဟာရ* = ဩဇာရုပ်၊ အာဟာရဇအဋ္ဌကကလာပ်ကိုဖြစ်စေ၏၊ ဆောင်၏။

(၂) *ဖဿာဟာရ* = စိတ်အားလုံး၌ယှဉ်သောဖဿစေတသိက်၊ ဝေဒနာကို ဖြစ်စေ၏၊ ဆောင်၏။

(၃) ***မနောသဉ္စေတနာဟာရ*** = စိတ်အားလုံး၌ယှဉ်သောစေတနာ၊ ပဋိသန္ဓေဝိညာဏ်, ဘဝင်စိတ်စသောဝိပါက်စိတ်စေတသိက်များနှင့် ကမ္မဇရုပ်များကိုဖြစ်စေ၏။

(၄) ***ဝိညာဏာဟာရ*** = စိတ်အားလုံး၊ အတူဖြစ်ဖက်စေတသိက်များနှင့်ရုပ်တရားများကို ဖြစ်စေ၏၊ ဆောင်၏။

– ကုသိုလ်တရားတိုးပွားအောင်ကြိုးစားမှုသည် သမ္မပ္ပဓာန် ၄ ပါးဟုအမည်ရသော ဝီရိယဖြစ်၏။

**သမ္မပ္ပဓာန် ၄ ပါးမှာ –**

(၁) ဖြစ်ပြီးသောအကုသိုလ်တရားတို့ကို ပယ်ဖျောက်နိုင်ခြင်းငှာ အားထုတ်မှု–ဝီရိယ၊

(၂) မဖြစ်သေးသောအကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ အားထုတ်မှု–ဝီရိယ၊

(၃) မဖြစ်သေးသောကုသိုလ်တရားတို့ကို ဖြစ်ထွန်းစေခြင်းငှာအားထုတ်မှု–ဝီရိယ၊

(၄) ဖြစ်ပြီးသောကုသိုလ်တရားတို့ကို ခိုင်ခန့်တိုးပွားစေခြင်းငှာ အားထုတ်မှု–ဝီရိယဖြစ်၏။

**၂၈။ သိပ္ပံနည်းဖြင့် ရေကိုဓါတ်ခွဲလျှင် ဓာတ် ၂ မျိုးရသကဲ့သို့ အဘိဓမ္မာနည်းဖြင့် ရေကိုဓာတ်ခွဲကြည့်လျှင် ဓာတ်ဘယ်နှစ်မျိုးရနိုင်သနည်း၊ ရနိုင်သောဓာတ်အမည်များကို ဖော်ပြပါ။** (၁၉၈၈၊ စမန ၁၅၁၊ ၁၅၂၊ ၁၄၅)

**အဖြေ – အဘိဓမ္မာနည်းဖြင့် ရေကိုဓာတ်ခွဲလျှင် အဝိနိဗ္ဘောဂရုပ် ၈ ပါးကို ရပါသည်။ ၎င်းတို့မှာ –**

(၁) ***ပထဝီ*** = ခက်မာခြင်း, ပျော့ခြင်းသဘော၊

(၂) ***အာပေါ*** = ဖွဲ့စည်းခြင်း, ယိုစီးခြင်းသဘော၊

(၃) ***တေဇော*** = ပူခြင်း, အေးခြင်းသဘော၊

(၄) ***ဝါယော*** = ထောက်ကန်ခြင်း, တွန်းကန်ခြင်းသဘော၊

(၅) ***ဝဏ္ဏ*** = အဆင်း – ရူပါရုံ၊

(၆) ***ဂန္ဓ*** = အနံ့– ဂန္ဓာရုံ၊

(၇) ***ရသ*** = အရသာ – ရသာရုံ၊

(၈) ***ဩဇာ*** = အာဟာရရုပ်တို့ဖြစ်ပါသည်။

**၂၉။ သံသရာဝဋ်အတွင်းမှ မလွတ်ကင်းရအောင် ဖွဲ့နှောင်ယှဉ်စပ်တတ်သောတရားများကို အဘိဓမ္မာနည်းအရထုတ်ပြပြီးလျှင် ''လူ့အသက်''ဟုဆိုနိုင်သော ဣန္ဒြေကိုလည်း ဖြေဆိုပါ။** (၁၉၈၉၊ စမန ၁၆၃၊ ၁၇၀)

**အဖြေ – သံသရာဝဋ်အတွင်းမှ မလွတ်ကင်းရအောင် ဖွဲ့နှောင်ယှဉ်စပ်တတ်သောတရားများမှာ –**

(၁) ***ကာမယောဂ*** = ဝတ္ထုအာရုံကာမဂုဏ်ကို လိုချင်တပ်မက်သောတဏှာလောဘ။

(၂) ***ဘဝယောဂ*** = ရူပဈာန်, အရူပဈာန်နှင့် ထိုဈာန်ကုသိုလ်ကံ၏အကျိုးဝိပါက်ကို လိုချင်တပ်မက်သောတဏှာလောဘ၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါးရှိ လောဘ၊

(၃) ***ဒိဋ္ဌိယောဂ*** = အယူလွဲမှားမှု – မိစ္ဆာဒိဋ္ဌိ၊ လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါးရှိ

ဒိဋ္ဌိ၊

(၄) ***အဝိဇ္ဇာယောဂ*** = တရားအမှန်သဘောကိုမသိမှု၊ အကုသိုလ်စိတ် ၁၂ ပါး၌ရှိသော မောဟတို့တည်း။

– **''လူ့အသက်'' ဟုခေါ်ဆိုနိုင်သော ကလာပ်ပ္ပည်** ''ဇီဝိတိန္ဒြေ''ဖြစ်ပါသည်။ ၎င်း၏ တရားကိုယ်မှာ ဇီဝိတရုပ်နှင့် ဇီဝိတိန္ဒြေစေတသိက်တို့ဖြစ်သည်။

**၃၀။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ရန်အတွက် အကြီးအမှူးဦးစီးခေါင်းဆောင် ဖြစ်သောတရားများကို ရေးသားပြီးလျှင် ''အာဟာရ''၏အဓိပ္ပါယ်ကိုလည်း ရှင်းပြပါ။** (၁၉၈၉၊ စမန ၁၇၁၊ ၁၇၂)

**အဖြေ – ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ရန်အတွက် အကြီးအမှူးဦးစီးခေါင်း ဆောင်ဖြစ်သောတရားများမှာ –**

(၁) ***ဆန္ဒာဓိပတိ*** = အကြီးအမှူးဖြစ်သောဆန္ဒ – လိုချင်ကာမျှသဘော၊

(၂) ***ဝီရိယာဓိပတိ*** = အကြီးအမှူးဖြစ်သောဝီရိယ – ကြိုးစားအားထုတ်မှုသဘော၊

(၃) ***စိတ္တာဓိပတိ*** = အကြီးအမှူးဖြစ်သောဒွိဟိတ်စိတ်, တိဟိတ်စိတ် ၅၂ ပါး၊

(၄) ***ဝီမံသာဓိပတိ*** = အကြီးအမှူးဖြစ်သောပညာ၊ တိဟိတ်ဇော ၃၄ ပါးရှိ ပညာတို့တည်း။

– **''အာဟာရ''၏အဓိပ္ပါယ်မှာ** – အစာအာဟာရသည် ခန္ဓာကိုယ်အားမပျက်မစီးကြီးပွား ခိုင်ခံ့အောင် ရှက်ဆောင်ထောက်ပံ့သကဲ့သို့ ထို့အတူ မိမိဆိုင်ရာအကျိုးကို လွန်စွာဖြစ်စေနိုင် ဆောင်ရွက်ပေးနိုင်သောတရားကို ''အာဟာရ''ဟုခေါ်ပါသည်။

**၃၁။ ခေတ်ကာလ ဘဝအခြေအနေ မည်သို့ပင်ပြောင်းလဲစေကာမူ တိမ်းစောင်းခြင်း မရှိ၊ တည့်မတ်မှန်ကန်သောတရားများကို ထုတ်ပြပြီးလျှင် နိဗ္ဗာန်၏ဓာတ်အမည် ကိုလည်း ညွှန်ပြပါ။** (၁၉၈၉၊ စမန ၁၈၀၊ ၁၆၁)

**အဖြေ – ခေတ်ကာလ ဘဝအခြေအနေ မည်သို့ပင်ပြောင်းလဲစေကာမူ တိမ်းစောင်းခြင်းမရှိ** တည့်မတ်မှန်ကန်သောတရားများမှာ –

(၁) ***ဒုက္ခအရိယသစ္စာ*** = ဒုက္ခသစ္စာ = ဆင်းရဲခြင်းအမှန်တရား၊

(၂) ***ဒုက္ခသမုဒယ အရိယသစ္စာ*** = သမုဒယသစ္စာ = ဒုက္ခကိုဖြစ်စေသော အကြောင်းရင်း အမှန်တရား။

(၃) ***ဒုက္ခနိရောဓအရိယသစ္စာ*** = ဒုက္ခချုပ်ငြိမ်းရာအမှန်တရား (နိဗ္ဗာန်)၊

(၄) ***ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ*** = မဂ္ဂသစ္စာ = ဒုက္ခချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သောအမှန်တရား။

– **နိဗ္ဗာန်၏ဓာတ်အမည်မှာ** – ''သဉပါဒိသေသနိဗ္ဗာနဓာတ်''နှင့် ''အနုပါဒိသေသနိဗ္ဗာနဓာတ်''တို့ ဖြစ်ပါသည်။

နိဗ္ဗာန်သည် ဓာတ် ၁၈ ပါး ခွဲခြားရာတွင် ''ဓမ္မဓာတ်''၌ ပါဝင်၏။

**၃၂။ သတ္တဝါတို့၏သန္တာန်၌ အစဉ်အမြဲကိန်းအောင်းလျက်ရှိနေသော တရားအစုတို့**

**ကိုဖော်ပြ၍၊ သီလဗ္ဗတပရာမာသ၏အဓိပ္ပါယ်ကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။**
(၁၉၉၀၊ စမန ၁၆၅၊ ၁၆၆)

**အဖြေ – သတ္တဝါတို့၏သန္တာန်၌ အစဉ်အမြဲကိန်းအောင်းလျက်ရှိနေသော တရားအစုမှာ –** (ဤစာအုပ်စာမျက်နှာ ၂၈၆၊ နံပါတ် ၂ တွင် ဖြေပြထားပါသည်။)

**– *သီလဗ္ဗတပရာမာသ၏အဓိပ္ပါယ်မှာ* –** ''နွားအကျင့်, ခွေးအကျင့်တို့ဖြင့် ကိလေသာမှလည်းစင်ကြယ်၏၊ သံသရာမှလည်းလွတ်မြောက်၏'' ဟု မှားယွင်းစွာစွဲလမ်းသောဒိဋ္ဌိဖြစ်၏။

**၃၃။ အမှန်လေးချက် သစ္စာနက်ကို သိမြင်စေကြောင်းတရားအပေါင်းကို တရားကိုယ်များနှင့်တကွ ယှဉ်တွဲဖော်ပြပါ။** (၁၉၉၀၊ စမန ၁၇၄)

**အဖြေ – အမှန်လေးချက် သစ္စာနက်ကို သိမြင်စေကြောင်းတရားအပေါင်းသည်** မဂ်ဉာဏ်၏အစိတ်အစိတ်အင်္ဂါဖြစ်သည့် **ဗောဓိပက္ခိယတရား ၇ ပါး**တည်း၊ ၎င်းတို့မှာ– (ဤစာအုပ် စာမျက်နှာ ၂၉၃ နံပါတ် ၁၆ တွင် ဖြေဆိုထားပါသည်။)

**၃၄။ သတ္တဝါတို့အား ကောင်းမှု, မကောင်းမှုကံတို့ကို ကျူးလွန်မိအောင် အားပေးလှုံ့ဆော် စေတတ်သော အကြောင်းတရားကို ထုတ်ပြ၍ အောက်ပါတို့၏တရားကိုယ်များကိုလည်း ကောက်ပြခဲ့ပါ။ (က) အနညာတညဿာမီတိန္ဒြေ၊ (ခ) အညာတာဝိန္ဒြေ။** (၁၉၉၀၊ စမန ၁၆၇၊ ၁၇၀)

**အဖြေ – သတ္တဝါတို့အား ကောင်းမှုကံတို့ကို ပြုကျင့်မိအောင် အားပေးလှုံ့ဆော်စေတတ်သော** အကြောင်းတရားတို့မှာ – အလောဘဟိတ်, အဒေါသဟိတ်, အမောဟိတ် ဟူသော ကုသိုလ်ဟိတ် ၃ ပါးတို့ ဖြစ်ပါသည်။

သတ္တဝါတို့အားမကောင်းမှုကံတို့ကိုကျူးလွန်မိအောင်အားပေးလှုံ့ဆော်စေတတ်သော အကြောင်းတရားတို့မှာ – လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်ဟူသော အကုသိုလ်ဟိတ် ၃ ပါးတို့ ဖြစ်ပါသည်။

**– အောက်ပါတို့၏တရားကိုယ်များမှာ –**

(က) အနညာတညဿာမီတိန္ဒြေ = သောတာပတ္တိမဂ်စိတ်၌ရှိသောပညာ၊

(ခ) အညာတာဝိန္ဒြေ = အရဟတ္တဖိုလ်၌ရှိသောပညာ တို့ဖြစ်ပါသည်။

**၃၅။ မြတ်စွာဟောကြားအပ်သောတရားအပေါင်းတို့တွင် ''သစ္စာလေးပါးမှလွတ်သောတရားမည်သည်မရှိ''ဟူ၍ ဆိုရိုးစကားရှိရာ သစ္စာမမည်သောတရားများရှိကောင်းပါသလော၊ အကြောင်းပြဖြေဆိုပါ။**
(၁၉၉၀၊ စမန ၁၈၀၊ အခြေပြုသင်္ဂြိုဟ် ၄၆၂–၄၆၄)

**အဖြေ – မြတ်စွာဟောကြားတော်မူသော သစ္စာ ၄ ပါး၏တရားကိုယ်တရားများမှာ–**

(၁) ဒုက္ခသစ္စာ၏တရားကိုယ် = လောကီစိတ် ၈၁ ပါး၊ လောဘကြဉ်သောလောကီစေတသိက် ၅၁ ပါး၊ ရုပ် ၂၈ ပါး။

(၂) သမုဒယသစ္စာ၏တရားကိုယ် = လောဘ(တဏှာ)၊

(၃) နိရောဓသစ္စာ၏တရားကိုယ် = နိဗ္ဗာန်၊

(၄) မဂ္ဂသစ္စာ၏တရားကိုယ် = မဂ်စိတ် ၄ ပါး၌ယှဉ်သောမဂ္ဂင် ၈ ပါးတို့ဖြစ်သည်။

သို့ဖြစ်၍ တရားကိုယ်အားလုံးကိုပေါင်းသော် – လောကီစိတ် ၈၁ ပါး၊ လောကီစေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးနှင့်မဂ်စိတ် ၄ ပါးအသီးသီး၌ယှဉ်သော မဂ္ဂင် ၈ ပါးရ၏။ ဤတရားတို့ကား သစ္စာမည်သောတရားတို့တည်း။

ကြွင်းကျန်ရစ်သော (တစ်နည်း) သစ္စာ ၄ ပါးတွင် မပါဝင်သော (ဝါ) သစ္စာမမည်သော တရားများကျန်ရှိသေး၏။

မဂ်စိတ် ၄ ပါး၌ စေတသိက် ၃၆ ပါးစီယှဉ်ကြသဖြင့် မဂ္ဂင် ၈ ပါးကိုနှုတ်သော် စေတသိက် ၂၈ ပါးစီကျန်ပါသည်။

ထို့ကြောင့် မဂ်စိတ် ၄ ပါးနှင့်ယှဉ်ဖက်စေတသိက် ၂၈ ပါးစီကျန်ပါသည်။

သို့ဖြစ်၍ သောတာပတ္တိမဂ်စိတ္တုပ္ပါဒ် ၂၉ ပါး၊ သကဒါဂါမိမဂ်စိတ္တုပ္ပါဒ် ၂၉ ပါး၊ သကဒါဂါမိမဂ်စိတ္တုပ္ပါဒ် ၂၉ ပါး၊ အနာဂါမိမဂ်စိတ္တုပ္ပါဒ် ၂၉ ပါး၊ အရဟတ္တမဂ်စိတ္တုပ္ပါဒ် ၂၉ တို့သည် သစ္စဝိမုတ်ချည်းဖြစ်ကြ၏။

ဤ ၂၉ ပါး လေးလီကို (စိတ်ချင်းစေတသိက်ချင်း) သဘောတူပေါင်း၍ မဂ်စိတ္တုပ္ပါဒ် ၂၉ ပါးဟု သာမညဆိုပါသည်။

ထို့အတူပင် ကြွင်းကျန်ရစ်သည့် ဖိုလ်စိတ် ၄ ပါးနှင့် ယှဉ်ဖက်စေတသိက် ၃၆ ပါးစီကို ပေါင်းသော် သောတ္တာပတ္တိဖိုလ်စိတ္တုပါဒ် ၃၇ ပါး၊ သကဒါဂါမိဖိုလ်စိတ္တုပ္ပါဒ် ၃၇ ပါး၊ အနာဂါမိဖိုလ်စိတ္တုပါဒ် ၃၇ ပါး၊ အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်တို့ကိုရ၏။ ဤတရားတို့သည်လည်း သစ္စဝိမုတ်တရားများဖြစ်ကြ၏။

ဤ ၃၇ ပါး ၄ လီကိုလည်း (စိတ်ချင်း စေတသိက်ချင်း) သဘောတူပေါင်း၍ ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ပါးဟု သာမညဆိုပါသည်။

သို့ဖြစ်၍ **မဂ်စိတ္တုပ္ပါဒ် ၂၉ ပါး, ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ပါးတို့ကို သစ္စဝိမုတ် = သစ္စာမမည်သော တရားများဟု ဆိုနိုင်ပါသည်။**

**သို့သော် သုတ္တန်နည်းအရ** ''သစ္စာ ၄ ပါးမှ လွတ်သောတရားမည်သည်မရှိ'' ဟူသော အဋ္ဌကထာများစကားအရ ပရမတ္ထတရားအားလုံးကို သစ္စာ ၄ ပါး၌ ထိုက်သလိုသွင်းယူရ၏။ ဖိုလ်စိတ်အသီးသီး၌ယှဉ်သော မဂ္ဂင် ၈ ပါးကို မဂ္ဂင်ချင်းတူသောကြောင့် (သဒိသူပစာရနည်းအားဖြင့်) မဂ္ဂသစ္စာ၌သွင်းယူရာ၏။ ကြွင်းကျန်သော မဂ်စိတ္တုပ္ပါဒ် ၂၉ ပါး, ဖိုလ်စိတ္တုပ္ပါဒ် ၂၉ ပါးတို့ကို (သဗ္ဗေသင်္ခါရာဒုက္ခာ = ရုပ်နာမ်တရားအားလုံးသည် ဆင်းရဲတည်း–အရ) သင်္ခါရတရားတွင် ပါဝင်သဖြင့် ဒုက္ခသစ္စာတွင်း၌ သွင်းယူရာ၏။ ထို့ကြောင့် ''သစ္စာ ၄ ပါးမှ လွတ်သောတရားမည်သည်မရှိ''ဟု ဆိုပါသည်။

**၃၆။ ''ဥပါဒါန်ကြောင့် ဥပါဒ်ရောက်''ဟူသောစကားအရ သတ္တဝါတို့အလွန်စွဲလမ်းတတ်သောတရားလေးပါးကို ထုတ်ဖော်ပြ၍၊ တိရစ္ဆာန်တို့၏အလေ့အကျင့်ဖြင့် နိဗ္ဗာန်ရောက်အောင် ကျင့်ကြံသောပုဂ္ဂိုလ်အား အဘယ်ဥပါဒါန်ဖြစ်သည်ကို ရှင်းပြပါ။**
(၁၉၉၀၊ စမန ၁၆၃၊ ၁၆၄)

**အဖြေ** – ''ဥပါဒါန်ကြောင့် ဥပါဒ်ရောက်''ဟူသောစကားအရ သတ္တဝါတို့အလွန်စွဲလမ်းတတ်

သောတရား ၄ ပါးမှာ –

(ဤစာအုပ် စာမျက်နှာ ၂၉၂၊ နံပါတ် ၁၄ တွင်ဖြေဆိုထားပါသည်)

**– တိရစ္ဆာန်တို့၏အလေ့အကျင့်ဖြင့် နိဗ္ဗာန်ရောက်အောင်ကျင့်ကြံသောပုဂ္ဂိုလ်အား –** သီလဗ္ဗတုပါဒါန်ဖြစ်ပါသည်။ အကြောင်းမှာ သီလဗ္ဗတုပါဒါန်သည် သီလဗ္ဗတပရာမာသဒိဋ္ဌိဖြင့် ''နွားအကျင့်, ခွေးအကျင့်တို့ဖြင့် ကိလေသာမှလည်းစင်ကြယ်၏၊ သံသရာမှလည်း လွတ်မြောက်၏'' ဟု စွဲယူသောကြောင့်တည်း။

**၃၇။ သတ္တဝါတို့၏စိတ်ကို ညစ်နွမ်း, ပူလောင်စေတတ်သောတရားစုကိုထုတ်ပြ၍ ''ဣဒံသစ္စာဘိနိဝေသကာယဂန္ထ၏တရားကိုယ်ကိုလည်း ကောက်ပြခဲ့ပါ။**

(၁၉၉၁၊ စမန ၁၆၆၊ ၁၆၇)

**အဖြေ – သတ္တဝါတို့၏စိတ်ကို ညစ်နွမ်းပူလောင်စေတတ်သောတရားစုမှာ – ကိလေသာ ၁၀ ပါး** ဖြစ်၏။

(၁) ***လောဘ*** – ကာမဂုဏ်နှင့်စျာန်ချမ်းသာကိုလိုချင်တပ်မက်သောလောဘ၊

(၂) ***ဒေါသ*** – စိတ်ဆိုးစိတ်ပျက်, ကြမ်းတမ်းခက်ထန်ခြင်း, အဖျက်ဆီးတတ်ဆုံးတရား၊

(၃) ***မောဟ*** – တရားအမှန်သဘောကိုမသိခြင်း, အမြင်မှား၍တွေဝေခြင်းအဝိဇ္ဇာ။

(၄) ***မာန*** – ထောင်လွှားခြင်း, ဝင့်ကြွားခြင်းသဘော၊

(၅) ***ဒိဋ္ဌိ*** – ကံ–ကံ၏အကျိုးမရှိစသည့်အယူမှားခြင်းသဘော၊

(၆) ***ဝိစိကိစ္ဆာ*** – ဘုရား, တရား, သံဃာ စသည့်ကုသိုလ်ရေး၌ ယုံမှားသံသယဖြစ်ခြင်းသဘော၊

(၇) ***ထိန*** – စိတ်လေးလံထိုင်းမှိုင်းခြင်း, ပျင်းရိခြင်းသဘော၊

(၈) ***ဥဒ္ဓစ္စ*** – စိတ်ကိုပျံ့လွင့်စေခြင်းသဘော၊

(၉) ***အဟိရိက*** – မကောင်းမှုပြုရန် မရှက်ခြင်းသဘော၊

(၁၀) ***အနောတ္တပ္ပ*** – မကောင်းမှုပြုရန် မကြောက်လန့်ခြင်းသဘော တို့ဖြစ်ပါသည်။

**– ဣဒံသစ္စာဘိနိဝေသကာယဂန္ထ၏တရားကိုယ်မှာ** – လောဘမူဒိဋ္ဌိဂုတသမ္ပယုတ်စိတ် ၄ ပါး၌ယှဉ်သော ဒိဋ္ဌိစေတသိက်ဖြစ်၏။

မိစ္ဆာအယူမှားတစ်မျိုးကိုမှတ်ယူကျင့်သုံးပြီးလျှင် ''ဤငါ၏အယူအကျင့်သာမှန်၏၊ တစ်ပါးသူတို့၏အယူအကျင့်အားလုံးသည် အမှားတည်း'' ဟု ပြင်းထန်စွာစွဲယူသောဒိဋ္ဌိဖြစ်၏။

**၃၈။ အရိယာတို့သာသိစေအပ်သော စင်စစ်ကေန်မှန်သောတရားများကို တရားကိုယ်များနှင့်တကွ ထုတ်ဖော်ပြ၍၊ ခန္ဓာမဖွဲ့ရသောတရားကိုလည်း ညွှန်ပြခဲ့ပါ။**

(၁၉၉၁၊ စမန ၁၈၀၊ ၁၇၇)

**အဖြေ – အရိယာတို့သာသိစေအပ်သော စင်စစ်ကေန်မှန်သောတရားများနှင့်တရားကိုယ်များမှာ –**

(၁) ***ဒုက္ခအရိယသစ္စာ*** – လောကီစိတ် ၈၁ ပါး၊ လောဘကြဉ်သော လောကီစေတသိက် ၅၁ ပါး၊ ရုပ် ၂၈ ပါးတို့သည် တရားကိုယ်ဖြစ်၏။

(၂) ***ဒုက္ခသမုဒယအရိယသစ္စာ*** – တဏှာ (လောဘ)သည် တရားကိုယ်ဖြစ်၏။

(၃) ***ဒုက္ခနိရောဓအရိယသစ္စာ*** – နိဗ္ဗာန်သည် တရားကိုယ်ဖြစ်၏။
(၄) ***ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ*** – မဂ်စိတ် ၄ ပါး၌ယှဉ်သော မဂ္ဂင် ၈ ပါး တို့သည် တရားကိုယ်ဖြစ်ကြ၏။
– **ခန္ဓာမဖွဲ့ရသောတရားသည်** ''နိဗ္ဗာန်'' ဖြစ်ပါသည်။

**၃၉။ လူသားအားလုံးတို့သည် အချုပ်အားဖြင့် ရုပ်၊ နာမ်ပရမတ္ထမျှသာဖြစ်၏၊ ယင်းပရမတ္ထတို့တွင်မိမိတို့၏မှတ်ခြင်းလက္ခဏာဖြင့် အထူးထင်ရှား၍ အထည်ကိုယ် ဝတ္ထုရကောင်းသောရုပ်, နာမ်တို့ကို ရွေးချယ်စိစစ်ပြပြီး၊ နိဗ္ဗာန်သည် အထည် ကိုယ်ရဝတ္ထုဓမ္မဟုတ်မဟုတ် စစ်တမ်းထုတ်ပြပါ။**

(၁၉၉၂၊ စမန ၁၆၂၊ အခြေပြုသင်္ဂြိုဟ် ၃၉၉၊ ၄၀၀)

**အဖြေ – လူသားအားလုံး၌ရှိသောပရမတ္ထတို့တွင် မိမိတို့၏မှတ်ခြင်းလက္ခဏာဖြင့် အထူးထင်ရှား၍ အထည်ကိုယ်ရကောင်းသော ရုပ်နာမ်တရားတို့မှာ –**
''စိတ် ၁ ပါး၊ စေတသိက် ၅၂ ပါး၊ နိပ္ဖန္နရုပ် ၁၈ ပါး''၊ ပေါင်း – ပရမတ္ထတရား ၇၁ ပါး ဖြစ်ပါသည်။
– **နိဗ္ဗာန်သည် အထည်ကိုယ်ရ ဝတ္ထုဓမ္မဟုတ်ပါသည်။** အကြောင်းမှာ နိဗ္ဗာန်သည် ''ငြိမ်းအေးခြင်း'' ဟူသော ''သန္တိလက္ခဏာ''ရှိပြီးလျှင် မဂ်ဉာဏ် ၄ ပါး, ဖိုလ်ဉာဏ် ၄ ပါးတို့ဖြင့် ထင်ထင်ရှားရှား မျက်မှောက်ပြုနိုင်သောတရားဖြစ်ပေ၏။ နိဗ္ဗာန်သည် လောကုတ္တရာစိတ် အကျဉ်း ၈ ပါး, အကျယ် ၄၀ ပါးတို့၏အာရုံပေတည်း။

**၄၀။ ''အာသဝေါကုန်ရာနိဗ္ဗာန်ရောက်အောင် ဆောင်ရွက်နိုင်ပါစေသတည်း'' ဟူသောဆုတောင်း၌ ကုန်စေလိုသောအာသဝတို့နှင့် ယင်းတို့၏အလေ့ဘာသာ ဓမ္မတာတို့ကိုလည်း ဖြေဆိုပါ။** (၁၉၉၂၊ စမန ၁၆၂)

**အဖြေ** – ''အာသဝေါကုန်ရာနိဗ္ဗာန်ရောက်အောင် ဆောင်ရွက်နိုင်သည်ဖြစ်ပါစေသတည်း'' ဟူသော ဆုတောင်း၌ ကုန်စေလိုသောအာသဝတို့နှင့် အလေ့ဘာသာဓမ္မတာတို့မှာ –
(၁) ***ကာမာသဝ*** = ဝတ္ထုအာရုံကာမဂုဏ်ကို လိုချင်တပ်မက်သောတဏှာ (လောဘ)
(၂) ***ဘဝါသဝ*** = ရူပဈာန်, အရူပဈာန်နှင့် ထိုဈာန်ကုသိုလ်ကံတို့၏အကျိုးဝိပါက်ကို လိုချင်တပ်မက်သောတဏှာ (လောဘ)၊
(၃) ***ဒိဋ္ဌာသဝ*** = အယူလွဲမှားမှု – မိစ္ဆာဒိဋ္ဌိ၊
(၄) ***အဝိဇ္ဇာသဝ*** = အာရုံ၏သဘောမှန်, တရားသဘောမှန်တို့ကို မသိတွေဝေမှု–မောဟ တို့ဖြစ်၏။

စိမ်ရည်အိုးထဲ၌ ကြာမြင့်စွာစိမ်ထားသောစိမ်ရည်အရက်ကဲ့သို့ အနာမတဂ္ဂသံသရာဝယ် သတ္တဝါတို့၏ခန္ဓာအစဉ်တည်းဟူသော စိမ်ရည်အိုး၌ ကြာရှည်စွာစိမ်ထားသည်ဖြစ်၍ အာနိသင် ပြင်းပြသော အာသဝတရား ၄ ပါးတို့သည် မိမိတို့ကိန်းရာပုထုဇဉ်သတ္တဝါအား လွန်စွာတွေ ဝေယစ်မူးစေပါသည်။

**၄၁။ ဘဝကြီးငယ်သို့သွားရောက်ကြောင်းခရီးလမ်းဖြစ်သည့် မဂ္ဂင်တရားစု၌ ဒုဂ္ဂတိ**

**ဘဝသို့လားရောက်ကြောင်းခရီးလမ်းဖြစ်သည့် မဂ္ဂင်တရားတို့ကို ရွေးကောက်ပြ၍ မဂ္ဂင်မရအပ်သော စိတ်ကိုလည်း ညွှန်ပြပါ။** (၁၉၉၂၊ စမန ၁၆၉)

**အဖြေ – ဘဝကြီးငယ်သို့သွားရောက်ကြောင်းခရီးလမ်းဖြစ်သည့် မဂ္ဂင်တရားစု၌ ဒုဂ္ဂတိဘဝသို့ လားရောက်ကြောင်းခရီးလမ်းဖြစ်သည့် မဂ္ဂင်တရားတို့မှာ –**

(၁) **မိစ္ဆာဒိဋ္ဌိမဂ္ဂင်** = မှားယွင်းစွာသိမြင်မှု၊ လောဘမူဒိဋ္ဌိသမ္ပယုတ်စိတ် ၄ ပါး၌ရှိသောဒိဋ္ဌိ၊

(၂) **မိစ္ဆာသင်္ကပ္ပမဂ္ဂင်** = မှားယွင်းစွာကြံစည်မှု၊ အကုသိုလ်စိတ် ၁၂ ပါး၌ရှိသောဝိတက်၊

(၃) **မိစ္ဆာဝါယာမမဂ္ဂင်** = မှားယွင်းစွာအားထုတ်မှု၊ အကုသိုလ်စိတ် ၁၂ ပါး၌ရှိသောဝီရိယ၊

(၄) **မိစ္ဆာသမာဓိမဂ္ဂင်** = မှားယွင်းစွာတည်ကြည်မှု၊ ဝိစိကိစ္ဆာကြဉ်သော အကုသိုလ်စိတ် ၁၁ ပါး၌ယှဉ်သော ဧကဂ္ဂတာစေတသိက်တို့ဖြစ်ပါသည်။

– **မဂ္ဂင်မရအပ်သောစိတ်တို့မှာ** – ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၊ အဟိတ်စိတ် ၁၈ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါး၊ ပေါင်း – စိတ် ၃၆ ပါးဖြစ်ပါ သည်။

**၄၂။ ဈာန်, မဂ်, ဖိုလ်ကို တားမြစ်ပိတ်ပင်တတ်သောတရားအစုကို ထုတ်ဖော်ပြ၍ ကိလေသာမမည်သောအကုသိုလ်တရားတို့ကိုလည်း ကောက်ပြခဲ့ပါ။** (၁၉၉၃၊ စမန ၁၆၄၊ ၁၆၇)

**အဖြေ – ဈာန်, မဂ်, ဖိုလ်ကိုတားမြစ်ပိတ်ပင်တတ်သောတရားအစုမှာ –** (ဤစာအုပ်စာမျက်နှာ ၂၉၀၊ နံပါတ် ၁၀ နီဝရဏ ၆ ပါးကို ဖြေပါ။)

– **ကိလေသာမမည်သောအကုသိုလ်တရားတို့မှာ** – ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, မိဒ္ဓစေတသိက်တို့ ဖြစ်ပါသည်။

**၄၃။ သတ္တဝါတို့၏အကျိုးကို ထောက်ပံ့ဆောင်ရွက်နိုင်သော အာဟာရတရားကို အဓိပ္ပါယ်နှင့်တကွဖြေဆို၍၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ မရရှိနိုင်သော ဣန္ဒြေအမည်များကိုလည်း ထုတ်ဖော်ရေးသားခဲ့ပါ။** (၁၉၉၃၊ စမန ၁၇၂၊ ၁၇၀)

**အဖြေ – သတ္တဝါတို့၏အကျိုးကို ထောက်ပံ့ဆောင်ရွက်နိုင်သော အာဟာရတရားနှင့် အဓိပ္ပါယ်တို့မှာ –**

(၁) ***ကဗဠီကာရာဟာရ*** = ဩဇာရုပ်၊ ဩဇာနှင့်တကွရုပ် ၈ ပါးအစုဖြစ်သော ဩဇဋ္ဌမကရုပ်ကလာပ်ကိုဖြစ်စေ၏၊ ဆောင်၏။

(၂) ***ဖဿာဟာရ*** = စိတ်အားလုံး၌ယှဉ်သော ဖဿစေတသိက်၊ ဝေဒနာကိုဖြစ်စေခြင်း, ထောက်ပံ့ခြင်းအကျိုးကိုဆောင်၏။

(၃) ***မနောသဉ္စေတနာဟာရ*** = စိတ်အားလုံး၌ယှဉ်သောစေတနာ၊ ပဋိသန္ဓေဝိညာဏ်စသော ဝိပါက်စိတ်များကိုဖြစ်စေသောအကျိုးကိုဆောင်၏။

(၄) ***ဝိညာဏာဟာရ*** = စိတ်အားလုံး၊ အတူဖြစ်ဖက်စေတသိက်များနှင့်စိတ္တဇရုပ်များကို ဆောင်၏။

**– ပုထုဇဉ်ပုဂ္ဂိုလ်တို့မရနိုင်သောဣန္ဒြေအမည်များမှာ –**

(၁) ***အနညာတညဿာမီတိန္ဒြေ*** = သောတာပတ္တိမဂ်စိတ်၌ရှိသောပညာ၊

(၂) ***အညီန္ဒြေ*** = အထက်မဂ် ၃ ပါးမှ အောက်ဖိုလ် ၃ ပါးတို့၌ရှိသောပညာ၊
(၃) ***အညာတာဝိန္ဒြေ*** = အရဟတ္တဖိုလ်၌ရှိသောပညာတို့ ဖြစ်ပါသည်။

**၄၄။ ''ကြံတိုင်းအောင် ဆောင်တိုင်းမြောက်၍ လိုရာဆန္ဒပြည့်ပါစေ''ဟူသော ဆုတောင်းမေတ္တာစကားသည် မည်သည့်ဗောဓိပက္ခိယတရားများကို ဆိုလိုပါသနည်း။။ ပြည့်စုံအောင်ဖြေကြား၍၊ နိဗ္ဗာန်ရောက်ကြောင်းလမ်းကောင်းများကိုလည်း ညွှန်ပြပါ။** (၁၉၉၃၊ စမန ၁၇၃၊ ၁၇၄၊ ၁၇၅)

**အဖြေ – ''ကြံတိုင်းအောင် ဆောင်တိုင်းမြောက်၍ လိုရာဆန္ဒပြည့်ဝပါစေ''** ဟူသော ဆုတောင်းမေတ္တာစကားသည် **ဣဒ္ဓိပါဒ် ၄ ပါး**ဟူသော ဗောဓိပက္ခိယတရားများကို ဆိုလိုပါသည်။ ၎င်းတို့မှာ–

(၁) ***ဆန္ဒိဒ္ဓိပါဒ်*** = လိုချင်ကာမျှသဘော၊ ကုသိုလ်စိတ် ၂၁ ပါး၌ရှိသောဆန္ဒ၊
(၂) ***ဝီရိယိဒ္ဓိပါဒ်*** = ကြိုးစားအားထုတ်မှုသဘော၊ ကုသိုလ်စိတ် ၂၁ ပါး၌ရှိသော ဝီရိယ၊
(၃) ***စိတ္တိဒ္ဓိပါဒ်*** = မဟာကုသိုလ်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၄ ပါး၊ မဂ်စိတ် ၄ ပါး၊
(၄) ***ဝီမံသိဒ္ဓိပါဒ်*** = ဉာဏသမ္ပယုတ်ကုသိုလ်စိတ် ၁၇ ပါး၌ရှိသောပညာတို့ဖြစ်၏။

**– နိဗ္ဗာန်ရောက်ကြောင်းလမ်းကောင်းများမှာ** သမ္မာမဂ္ဂင် ၈ ပါးတည်း။ ၎င်းတို့မှာ –
(၁) သမ္မာဒိဋ္ဌိမဂ္ဂင်၊ (၂) သမ္မာသင်္ကပ္ပမဂ္ဂင်၊ (၃) သမ္မာဝါစာမဂ္ဂင်၊
(၄) သမ္မာကမ္မန္တမဂ္ဂင်၊ (၅) သမ္မာအာဇီဝမဂ္ဂင်၊ (၆) သမ္မာဝါယမမဂ္ဂင်၊
(၇) သမ္မာသတိမဂ္ဂင်၊ (၈) သမ္မာသမာဓိမဂ္ဂင် တို့ဖြစ်ပါသည်။
(စာမျက်နှာ ၃၀၉ နံပါတ် ၅၃ တွင် ပို၍ပြည့်စုံစွာ ဖြေပြထားသည်)

**၄၅။ လောကီနယ်တွင် ခက်ခဲသောအလုပ်ကိစ္စကို ဈာန်ဝင်စား၍လုပ်မှ ပြီးမြောက်သည်ဟုဆိုကြရာ မည်သည့်ဈာန်များဖြစ်သည်ကို ခွဲခြားပြ၍၊ ဒုဂ္ဂတိဘုံ၌နသို့ရောက်စေသော လမ်းကြောင်းကိုလည်း တရားကိုယ်နှင့်တကွဖြေဆိုပါ။**
(၁၉၉၄၊ စမန ၁၆၉၊ ၁၇၀)

**အဖြေ** – လောကီနယ်တွင် ခက်ခဲသောအလုပ်ကိစ္စကို ဈာန်ဝင်စား၍လုပ်မှ ပြီးမြောက်သည်ဟုဆိုကြရာ ထိုဈာန်သည် ကုသိုလ်–အကုသိုလ်စိတ်များ၌ယှဉ်ကြသော **ဈာနင် ၇ ပါး** ဟူသည့် ဈာန်တရားများဖြစ်ပါသည်။ ဈာနင်တရား ၇ ပါးမှာ –

(၁) ***ဝိတက်ဈာနင်*** = ယှဉ်ဖက်စိတ်စေတသိက်တို့ကို အာရုံသို့တင်ပေးသည့် ဝိတက်စေတသိက်၊
(၂) ***ဝိစာရဈာနင်*** = အာရုံကိုထပ်ခါထပ်ခါယူခြင်း, သုံးသပ်ခြင်းသဘော၊ ဝိစာရစေတသိက်၊
(၃) ***ပီတိဈာနင်*** = အာရုံကိုနှစ်သက်ဝမ်းမြောက်ခြင်းသဘော – ပီတိစေတသိက်၊
(၄) ***ဧကဂ္ဂတာဈာနင်*** = အာရုံတစ်ခု၌ ယှဉ်ဖက်စေတသိက်တို့ကို စုစည်းကာ စူးစိုက်ရှုစေသည့်သဘော–ဧကဂ္ဂတာစေတသိက်၊
(၅) ***သောမနဿဈာနင်*** = စိတ်၌ချမ်းသာသောခံစားမှု – သောမနဿဝေဒနာ၊
(၆) ***ဒေါမနဿဈာနင်*** = စိတ်၌ဆင်းရဲခံစားမှု – ဒေါမနဿဝေဒနာ၊

(၇) ***ဥပေက္ခာစျာန်** = မကောင်းမဆိုး, ရိုးရိုးခံစားမှု – ဥပေက္ခာဝေဒနာ။

**– ဒုဂ္ဂတိဘုံဌာနသို့ရောက်စေသောလမ်းကြောင်းမှာ – မိစ္ဆာမဂ္ဂင် ၄ ပါးဖြစ်ပါသည်။**

မိစ္ဆာမဂ္ဂင် ၄ ပါးကို တရားကိုယ်နှင့်တကွ ဖြေဆိုရသော် –

(ဤစာအုပ်စာမျက်နှာ ၃၀၅ နံပါတ် ၄၁ တွင်ဖြေဆိုထားပါသည်။)

**၄၆။ ပျော်ရွှင်မှုကိစ္စများ၌သာ ဖွဲ့ကောင်းသူ၏လုံ့လဝီရိယသည် ဝီရိယိဒ္ဓိပါဒ်ထိုက်မထိုက် ရှင်းပြဖြေဆို၍ မဂ္ဂင်မထိုက်သောဗောဇ္ဈင်များကိုလည်း ဖော်ပြပါ။**

(၁၉၉၄၊ စမန ၁၇၃၊ ၁၇၄)

**အဖြေ – ပျော်ရွှင်မှုကိစ္စများ၌သာ ဖွဲ့ကောင်းသူ၏လုံ့လဝီရိယသည် ဝီရိယိဒ္ဓိပါဒ် မထိုက်ပါ။**

ရှင်းပြရသော် ဣဒ္ဓိပါဒ်ဟူသည်မှာ ဈာန်, မဂ်, ဖိုလ်တရားထူးတို့ကို ပြီးစီးထမြောက်စေသော အခြေခံအကြောင်းတရားများဖြစ်၏။

ဝီရိယိဒ္ဓိပါဒ်ဟူသည်မှာ ကြိုးစားအားထုတ်မှု – ဝီရိယဖြစ်ပြီးလျှင် ကုသိုလ်စိတ် ၂၁ ပါး၌ယှဉ်သော ဝီရိယစေတသိက်ဖြစ်၏။

သို့အတွက် ပျော်ရွှင်မှုကိစ္စများ၌သာ ဖွဲ့ကောင်းသူ၏လုံ့လဝီရိယသည် အကုသိုလ်စိတ်နှင့်ယှဉ်သောဝီရိယသာဖြစ်၍ ကုသိုလ်စိတ်၌ယှဉ်သော ဝီရိယမဟုတ်သဖြင့် ဝီရိယိဒ္ဓိပါဒ်မထိုက်ခြင်း ဖြစ်ပါသည်။

**– မဂ္ဂင်မထိုက်သော ဗောဇ္ဈင်တရားများမှာ** – ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ဖြစ်ပါသည်။

**၄၇။ သတ္တဝါတို့အား သံသရာဝဋ်အတွင်းမှမလွတ်နိုင်အောင် လှောင်မိုးနှစ်မြှုပ်တတ်သောတရားစုကို တရားကိုယ်နှင့်ယှဉ်တွဲပြ၍ သံသရာခရီးအစမှလိုက်ပါလာပြီး နောက်ဆုံးမဂ်ဖြင့် ပယ်ချမှကွာသောအနုသယဓာတ်များကိုလည်း ထုတ်ပြပါ။**

(၁၉၉၄၊ စမန ၁၆၂၊ ၁၆၃၊ ၁၆၅)

**အဖြေ – သတ္တဝါတို့အား သံသရာဝဋ်အတွင်းမှမလွတ်နိုင်အောင် လှောင်မိုးနှစ်မြှုပ်တတ်သောတရားစု တရားကိုယ်နှင့်ယှဉ်တွဲပြရသော် –**

(၁) ***ကာမောဃ*** = ဝတ္ထုအာရုံကာမဂုဏ်ကို လိုချင်တက်မက်သောတဏှာ၊ လောဘမူစိတ် ၈ ပါး၌ယှဉ်သော လောဘစေတသိက်။

(၂) ***ဘဝေါဃ*** = ရူပဈာန်, အရူပဈာန်နှင့် ထိုဈာန်ကုသိုလ်ကံတို့၏အကျိုးဝိပါက်ကို လိုချင်တပ်မက်သောတဏှာ၊ လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါး၌ယှဉ်သောလောဘ။

(၃) ***ဒိဋ္ဌောဃ*** = အယူလွဲမှားမှု – မိစ္ဆာဒိဋ္ဌိ၊ လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါး၌ယှဉ်သော ဒိဋ္ဌိ၊

(၄) ***အဝိဇ္ဇောဃ*** = အာရုံ၏သဘောမှန်, တရားသဘောမှန်ကိုမသိမှု၊ အကုသိုလ်စိတ် ၁၂ ပါး၌ယှဉ်သော မောဟတို့ ဖြစ်ပါသည်။

**– သံသရာခရီးအစမှ လိုက်ပါလာပြီး နောက်ဆုံးမဂ်ဖြင့် ပယ်ချမှကွာသော အနုသယဓာတ်**

**များမှာ** –

(၁) ဘဝရာဂါနုသယ (၂) မာနာနုသယ (၃) အဝိဇ္ဇာနုသယတို့ဖြစ်ပါသည်။

**၄၈။ ''ပရမတ်အစစ် ဓာတ်အနှစ်''ဟူသောစကားအရ ကိုယ်စီကိုယ်င ကိုယ်ပိုင် လက္ခဏာရှိကြသော ပရမတ်အစစ်တရားတို့ကိုကောက်ပြ၍ မတူမတန် မာန်ထန် သူ၏သန္တာန်၌ သံယောဇဉ်ရှိနိုင်, မရှိနိုင်ကိုလည်း ရှင်းလင်းဖြေဆိုပါ။**

(၁၉၉၅၊ စမန ၁၆၂၊ ၁၆၅)

**အဖြေ** – ''ပရမတ်အစစ် ဓာတ်အနှစ်'' ဟူသောစကားအရ ကိုယ်စီကိုယ်င ကိုယ်ပိုင် လက္ခဏာရှိကြသော **ပရမတ်အစစ်တရားတို့မှာ** – ''စိတ် ၁ ပါး၊ စေတသိက် ၅၂ ပါး၊ နိပ္ဖန္နရုပ် ၁၈ ပါး၊ နိဗ္ဗာန်''ဟူ၍ စုစုပေါင်း ၇၂ ပါးဖြစ်ပါသည်။

– **မတူမတန် မာနထန်သူ၏သန္တာန်၌** သံယောဇဉ်ရှိနိုင်ပါသည်။

သုတ္တန်နည်းသံယောဇဉ် ၁၀ ပါးတွင်လည်းကောင်း၊ အဘိဓမ္မာနည်းသံယောဇဉ် ၁၀ ပါးတွင်လည်းကောင်း၊ မာနသံယောဇဉ် ပါဝင်ပါသည်။

မာနသံယောဇဉ် = ထောင်လွှား၊ ဝင့်ကြွားမှု– မာန၊ လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါး၌ရှိသော မာနစေတသိက်။

မာနသံယောဇဉ်ရှိသည့်အတွက် မာနထန်သူ၏သန္တာန်၌ သံယောဇဉ်ရှိနိုင်ပါသည်။

**၄၉။ ''မိန်းမကောင်းတို့က္ခန္ဓေ ရွှေပေးလို့မရ''ဟူ၍ မြန်မာဓလေ့စကားပုံရှိရာ အဘိဓမ္မာနည်းအရ ပုထုဇဉ်မိန်းကလေး၌ ရနိုင်သောက္ခန္ဓေတို့ကို (က) ရုပ်က္ခန္ဓေ (ခ) နာမ်က္ခန္ဓေ (ဂ) ရုပ်နာမ်က္ခန္ဓေအားဖြင့် အသီးသီးခွဲခြားပြပါ။**

(၁၉၉၅၊ စမန ၁၆၉၊ ၁၇၀)

အဖြေ – (ဤစာအုပ် စာမျက်နှာ ၂၉၂ နံပါတ် ၁၅ တွင် ဖြေဆိုထားပါသည်။)

**၅၀။ လောကသံသရာ ဘဝနှစ်ဖြာတွင် အထက်တန်းကျကျနေနိုင်ရေးအတွက် လှံ့လပြုရမည့် လမ်းလေးသွယ်ကို ဖြေဆို၍ အဘိဓမ္မာပညာရှင်တို့ ဖြေဆိုနေသော စာမေးပွဲအဆင့်ဆင့်၌ ဗိုလ်စွဲလိုလျှင် မည်သည့်တရားများနှင့်ပြည်စုံအောင် ပြုလုပ်ရမည်ကိုလည်း အဘိဓမ္မာပညာရှင်ပီပီဖြေဆိုပါ။** (၁၉၉၅၊ စမန ၁၇၃၊ ၁၇၀)

**အဖြေ** – လောကသံသရာ ဘဝနှစ်ဖြာတွင် အထက်တန်းကျကျနေနိုင်ရေးအတွက် လှံ့လပြုရမည့် လမ်းလေးသွယ်မှာ – (စာမျက်နှာ ၂၉၇ နံပါတ် ၂၄ သမ္မပ္ပဓာန် ၄ ပါးကိုဖြေပါ)

– အဘိဓမ္မာပညာရှင်တို့ ဖြေဆိုနေသောစာမေးပွဲအဆင့်ဆင့်၌ ဗိုလ်စွဲလိုလျှင် ပြည့်စုံရမည့် တရားများမှာ –

(ဤစာအုပ် စာမျက်နှာ ၂၉၇ နံပါတ် ၂၃ ဗိုလ် ၇ ပါးကိုဖြေဆိုပါ)

**၅၁။ နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရခြင်းအကြောင်းတို့ကိုရေး၍ မဂ်စိတ်၌ယှဉ်သော မဂ္ဂင် ၈ ပါးနှင့် ဖိုလ်စိတ်၌ယှဉ်သော မဂ္ဂင် ၈ ပါးတို့၏ထူးခြားချက်ကိုလည်း ဖော်ပြပါ။**

(၁၉၉၅၊ စမန ၁၇၇၊ ၁၇၈၊ ဤစာအုပ် ၃၈၀–၃၈၁)

**အဖြေ – နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရခြင်းအကြောင်းမှာ** – နိဗ္ဗာန်သည်
(၁) အတိတ်–ပစ္စုပ္ပန်–အနာဂတ်ကာလသုံးပါးမှလွတ်သဖြင့် ကာလဝိမုတ်ဖြစ်၏။
(၂) အဇ္ဈတ္တ, ဗဟိဒ္ဓဟု နှစ်မျိုးမကွဲဘဲ ခန္ဓာကိုယ်ပြင်ပ၌တည်သောကြောင့် ဗဟိဒ္ဓတစ်မျိုးသာဖြစ်၏။
(၃) ဩဠာရိက, သုခုမဟု နှစ်မျိုးမကွဲဘဲ သိမ်မွေ့သောကြောင့် သုခုမတစ်မျိုးသာဖြစ်၏။
(၄) ဟီန, ပဏီတဟုနှစ်မျိုးမကွဲပြားဘဲ မြတ်သောကြောင့် ပဏီတတစ်မျိုးသာဖြစ်၏။
(၅) ဒူရေ, သန္တိကေဟုနှစ်မျိုးမကွဲပြားဘဲ ဉာဏ်နှင့်ဝေးသောကြောင့် ဒူရေတစ်မျိုးသာဖြစ်၏။

ဤသို့ဆိုင်ရာအသီးသီး၌ နှစ်မျိုးမရ၊ တစ်မျိုးစီသာရသော နိဗ္ဗာန်ကို ''ဘေဒါဘာဝ = အကွဲအပြားမရှိ''ဟု ဆိုရ၏။ ဗဟိဒ္ဓ, သုခုမ, ပဏီတ, ဒူရဟူသော ၄ မျိုးကား အချင်းချင်း ကွဲပြားကြသည်မဟုတ်။ ဗဟိဒ္ဓနိဗ္ဗာန်သည်ပင် သုခုမလည်းဖြစ်၏။ ပဏီတလည်းဖြစ်၏၊ ဒူရလည်းဖြစ်၏။

ဤသို့လျှင် နိဗ္ဗာန်၌အကွဲအပြားမရှိသဖြင့် နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ထိုက်ချေ။

**– မဂ်စိတ်နှင့်ယှဉ်သော မဂ္ဂင် ၈ ပါးနှင့် ဖိုလ်စိတ်နှင့်ယှဉ်သော မဂ္ဂင် ၈ ပါးတို့၏ ထူးခြားချက်မှာ –**

မဂ်စိတ်၌ယှဉ်သော မဂ္ဂင် ၈ ပါးသည် '**မဂ္ဂသစ္စာ**' ထိုက်၏။

ဖိုလ်စိတ်၌ယှဉ်သော မဂ္ဂင် ၈ ပါးသည် မဂ္ဂသစ္စာမထိုက်ဘဲ '**သစ္စဝိမုတ်**'ဖြစ်၏။

**၅၂။ ကိလေသာမမည်သောအကုသိုလ်တရားတို့ကို ကောက်ပြ၍ ''မဂ္ဂင်တရားတို့သည် သတ္တဝါတို့ကို အပါယ်သို့လည်း ပို့ဆောင်နိုင်သည်''ဟူသော စကားမှန်,မမှန် စိစစ်ပြပါ။**
(၁၉၉၆၊ စမန ၁၆၆၊ ၁၆၇၊ ၁၆၉)

**အဖြေ – ကိလေသာမမည်သောအကုသိုလ်တရားတို့မှာ** – (၁) ဣဿာ (၂) မစ္ဆရိယ (၃) ကုက္ကုစ္စ (၄) မိဒ္ဓစေတသိက် တို့ဖြစ်ပါသည်။

– မဂ္ဂင်တရားတို့သည် သတ္တဝါတို့ကို အပါယ်သို့လည်း ပို့ဆောင်နိုင်သည်'' ဟူသော စကားမှန်ပါသည်။

''မဂ္ဂင်တရား'' ၁၂ ပါးရှိရာ သမ္မာမဂ္ဂင် ၈ ပါးသည် သုဂတိဘုံများနှင့် နိဗ္ဗာန်သို့ပို့ဆောင်နိုင်ပြီးလျှင် မိစ္ဆာမဂ္ဂင် ၄ ပါးသည် အပါယ်သို့ ပို့ဆောင်ပါသည်။ **မိစ္ဆာမဂ္ဂင် ၄ ပါးမှာ** – (ဤစာအုပ် စာမျက်နှာ ၃၀၅၊ နံပါတ် ၄၁ တွင် ဖြေဆိုထား၏)

**၅၃။ ဈာန်, မဂ်, ဖိုလ်ရဖို့ရန် အခြေခံနည်းလမ်းကောင်းတို့ကို ရေး၍ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းများကိုလည်း ညွှန်ပြပါ။**
(၁၉၉၆၊ စမန ၁၇၃၊ ၁၇၄၊ ၁၇၅)

**အဖြေ – ဈာန်, မဂ်, ဖိုလ်ရဖို့ရန် အခြေခံနည်းလမ်းကောင်းတို့မှာ** –
(၁) ***ဆန္ဒိဒ္ဓိပါဒ်*** = လိုချင်ကာမျှသဘော။ ကုသိုလ်စိတ် ၂၁ ပါး၌ရှိသော ဆန္ဒစေတသိက်၊
(၂) ***ဝီရိယိဒ္ဓိပါဒ်*** = ကြိုးစားအားထုတ်မှုသဘော။ ကုသိုလ်စိတ် ၂၁ ပါး၌ရှိသော ဝီရိယစေတသိက်။

(၃) ***စိတ္တိဒ္ဓိပါဒ်*** = ကုသိုလ်စိတ် ၂၁ ပါး။
(၄) ***ဝီမံသိဒ္ဓိပါဒ်*** = မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄ ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉ ပါး၊ မဂ်ကုသိုလ် ၄ ပါး ဟူသော ကုသိုလ်စိတ် ၁၇ ပါး၌ရှိသော ပညာတို့ဖြစ်ပါသည်။

**– နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းများမှာ –**

(၁) ***သမ္မာဒိဋ္ဌိ*** = ကောင်းစွာသိမြင်မှု (ပညာစေတသိက်)
(၂) ***သမ္မာသင်္ကပ္ပ*** = ကောင်းစွာကြံစည်မှု (ဝိတက်စေတသိက်)
(၃) ***သမ္မာဝါစာ*** = ကောင်းစွာပြောဆိုမှု (သမ္မာဝါစာ)
(၄) ***သမ္မာကမ္မန္တ*** = ကောင်းစွာပြုလုပ်မှု (သမ္မာကမ္မန္တ)
(၅) ***သမ္မာအာဇီဝ*** = ကောင်းစွာအသက်မွေးမှု (သမ္မာအာဇီဝ)
(၆) ***သမ္မာဝါယာမ*** = ကောင်းစွာအားထုတ်မှု (ဝီရိယစေတသိက်)
(၇) ***သမ္မာသတိ*** = ကောင်းစွာအောက်မေ့အမှတ်ရမှု (သတိစေတသိက်)
(၈) ***သမ္မာသမာဓိ*** = ကောင်းစွာတည်ကြည်မှု (ဧကဂ္ဂတာစေတသိက်)တို့ဖြစ်သည်။

**၅၄။ အောက်ပါတို့ကို ခွဲခြားဖြေဆိုပါ။**
**(က) သေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သောဣန္ဒြေ၊**
**(ခ) အသေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သောဣန္ဒြေ၊** (၁၉၉၆၊ စမန ၁၇၀)

**အဖြေ** – (က) **သေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သောဣန္ဒြေတို့မှာ –**

(၁) ***အနညာတညဿာမီတိန္ဒြေ*** = သောတာပတ္တိမဂ်စိတ်၌ရှိသောပညာ၊
(၂) ***အညိန္ဒြေ*** = အထက်မဂ် ၃ ပါး၊ အောက်ဖိုလ် ၃ ပါးတို့၌ရှိသောပညာ။

**(ခ) အသေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သောဣန္ဒြေမှာ –**

(၁) **အညာတာဝိန္ဒြေ** = အရဟတ္တဖိုလ်၌ရှိသောပညာ ဖြစ်ပါသည်။

**၅၅။ သမုစ္စည်းပိုင်း၌ပြဆိုအပ်သော ၇၂ ပါးသောတရားတို့ကို ရေတွက်ပြ၍ မကောင်းမှု ဒုစရိုက်လွန်ကျူးရန် တွန်းအားပေးသောအကြောင်းတရားတို့ကိုလည်း တရားကိုယ်နှင့်တကွဖော်ပြပါ။** (၁၉၉၇၊ စမန ၁၆၂၊ ၁၆၇)

**အဖြေ – သမုစ္စည်းပိုင်း၌ပြဆိုအပ်သော ''ဝတ္ထုဓမ္မာ''ခေါ် သီးခြားအထည်ကိုယ်, လက္ခဏာတို့ရှိကြသော ပရမတ်တရားအစစ် ၇၂ ပါးမှာ –**

''စိတ် ၁ ပါး၊ စေတသိက် ၅၂ ပါး၊ နိပ္ဖန္နရုပ် ၁၈ ပါး၊ နိဗ္ဗာန် ၁ ပါး''၊ ပေါင်း ၇၂ ပါး ဖြစ်ပါသည်။

**– မကောင်းဒုစရိုက်လွန်ကျူးရန် တွန်းအားပေးသောအကြောင်းတရားတို့မှာ–**

(၁) ***လောဘဟိတ်*** = လောဘမူစိတ် ၈ ပါး၌ရှိသော လောဘစေတသိက်၊
(၂) ***ဒေါသဟိတ်*** = ဒေါသမူစိတ် ၂ ပါး၌ရှိသော ဒေါသစေတသိက်၊
(၃) ***မောဟဟိတ်*** = အကုသိုလ်စိတ် ၁၂ ပါး၌ရှိသော မောဟစေတသိက်တို့ဖြစ်ပါသည်။

**၅၆။ ကာမဘုံသား သတ္တဝါများ၏ဘဝကို မလှုပ်ရှားနိုင်အောင် ချည်နှောင်ထားသော သံယောဇဉ်ကြိုး ၅ မျိုးကို ဖော်ပြ၍၊ သူခိုးဓားပြတို့၌ ဖြစ်လေ့ဖြစ်ထရှိသော**

**ဗလစွမ်းအားတို့ကိုလည်း တရားကိုယ်နှင့်တကွရေးခဲ့ပါ။**

(၁၉၉၇၊ စမန ၁၆၅၊ ၁၆၆)

**အဖြေ** – ကာမဘုံသား သတ္တဝါများ၏ဘဝကို မလှုပ်ရှားနိုင်အောင် ချည်နှောင်ထားသော သံယောဇဉ်ကြိုး ၅ မျိုးမှာ–

(၁) ***ကာမရာဂသံယောဇဉ်*** – ဝတ္ထုအာရုံ ကာမဂုဏ်ကို လိုချင်နှစ်သက်တပ်မက်သော လောဘ၊

(၂) ***ပဋိဃသံယောဇဉ်*** – စိတ်ဆိုး, စိတ်ပျက်, စိတ်ပူပန်ခြင်းဒေါသ၊

(၃) ***ဒိဋ္ဌိသံယောဇဉ်*** – သီလဗ္ဗတပရာမာသဒိဋ္ဌိမှတစ်ပါး ကျန်အယူမှားဒိဋ္ဌိအမျိုးမျိုး၊

(၄) ***သီလဗ္ဗတပရာမာသသံယောဇဉ်*** – ''နွားအကျင့်, ခွေးအကျင့်ဖြင့် သံသရာမှလွတ်မြောက်၏'' ဟုအယူမှားမှု ဒိဋ္ဌိစေတသိက်။

(၅) ***ဝိစိကိစ္ဆာသံယောဇဉ်*** = ကုသိုလ်ရေး၌ယုံမှားသံသယဖြစ်မှု – ဝိစိကိစ္ဆာဟူသော ''**ဩရမ္ဘာဂိယသံယောဇဉ် ၅ ပါး**''ဖြစ်ပါသည်။

**– သူခိုးဓားပြတို့၌ဖြစ်လေ့ဖြစ်ထရှိသော ဗလစွမ်းအင်များနှင့်တရားကိုယ်များမှာ –**

(၁) ***ဝီရိယဗိုလ်*** = အကုသိုလ်စိတ် ၁၂ ပါး၌ရှိသော ဝီရိယစေတသိက်၊

(၂) ***သမာဓိဗိုလ်*** = ဝိစိကိစ္ဆာကြဉ်သော အကုသိုလ်စိတ် ၁၁ ပါး၌ရှိသော ဧကဂ္ဂတာစေတသိက်၊

(၃) ***အဟိရိကဗိုလ်*** = အကုသိုလ်စိတ် ၁၂ ပါး၌ရှိသော အဟိရိကစေတသိက်၊

(၄) ***အနောတ္တပ္ပဗိုလ်*** = အကုသိုလ်စိတ် ၁၂ ပါး၌ယှဉ်သော အနောတ္တပ္ပစေတသိက်တို့ ဖြစ်ပါသည်။

**၅၇။ ဒုစရိုက်သမားတစ်ဦး၏ဒုစရိုက်လုပ်ငန်းအပေါ်၌ စိတ်စူးစိုက်နေစဉ် ငြိမ်သက်တည်ကြည်မှုကို ''သမာဓိ''ဟုခေါ်နိုင်၊ မခေါ်နိုင် တရားကိုယ်ကောက်၍ဆုံးဖြတ်ပြီးလျှင် ဈာန်ရအရိယာပုဂ္ဂိုလ်များ မဖြစ်နိုင်သော ဗောဓိပက္ခိယတရားများကိုလည်း ထင်ရှားပေါ်လွင်အောင် ဖော်ပြပါ။**

(၁၉၉၇၊ စမန ၁၇၃၊ အခြေပြုသင်္ဂြိုဟ် ၄၂၄၊ ၄၂၅၊ ၄၄၁၊ ၄၃၉)

**အဖြေ** – ဒုစရိုက်သမားတစ်ဦး၏ ဒုစရိုက်လုပ်ငန်းအပေါ်၌ စိတ်စူးစိုက်နေစဉ် ငြိမ်သက်တည်ကြည်မှုကို ''သမာဓိ''ဟုခေါ်နိုင်ပါသည်။ အကြောင်းမှာ –

''သမာဓိ''၏တရားကိုယ်သည် ဧကဂ္ဂတာစေတသိက်ဖြစ်သည်။ ဧကဂ္ဂတာသည် ''**ဈာနင်တရား**'' တစ်ပါးဖြစ်ပြီး၊ ဈာနင်အနေဖြင့် ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော စိတ် ၇၉ ပါး၌ ယှဉ်ပါသည်။

ဆိုင်ရာအာရုံကို ရိုးရိုးအာရုံပြုပုံထက် လွန်ကဲ၍ စူးစူးစိုက်စိုက်ရှုတတ်သော ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာဟူသည့် တရားအပေါင်းကို ''ဈာန=ဈာန်''ဟုခေါ်ပါသည်။ ထိုဈာန်၏အစိတ်အစိတ် အင်္ဂါကို ''ဈာန်အင်္ဂါ = ဈာနင်''ဟုခေါ်ပါသည်။

သို့ဖြစ်၍ ဒုစရိုက်လုပ်ငန်းအပေါ်၌ စိတ်စူးစိုက်နေစဉ် ငြိမ်သက်တည်ကြည်မှု (ဝါ) ဧကဂ္ဂတာစေတသိက်ကို ဈာနင်ထိုက်သောကြောင့် ''သမာဓိ''ဟုခေါ်နိုင်ပါသည်။

**– ဈာန်ရအရိယာပုဂ္ဂိုလ်များအားလုံး၌ မဖြစ်နိုင်သော ဗောဓိပက္ခိယတရားများမှာ–**

(၁) ဆန္ဒိဒ္ဓိပါဒ် (၂) ဝီရိယိဒ္ဓိပါဒ် (၃) စိတ္တိဒ္ဓိပါဒ် (၄) ဝီမံသိဒ္ဓိပါဒ် ဟူသော ''**ဣဒ္ဓိပါဒ် တရား ၄ ပါး**''ဖြစ်ပါသည်။

အကြောင်းမှာ ''ဣဒ္ဓိပါဒ် ၄ ပါး''သည် ပြီးစီးထမြောက်သော စျာန်, မဂ်, ဖိုလ်အကျိုးတို့၏ အခြေခံအကြောင်းတရားများဖြစ်ကြသည်။ ထို့ကြောင့် စျာန်, မဂ်, ဖိုလ် အကျိုးတို့ကို ရရှိပြီးကြသော စျာန်ရအရိယာများသည် ဣဒ္ဓိပါဒ် ၄ ပါးကို ထပ်မံပွါးများရန် မလိုချေ။

ထို့အပြင် ''**သမ္မပ္ပဓာန်တရား ၄ ပါး**''ဖြစ်သည့်

(၁) ဖြစ်ပြီးသောအကုသိုလ်တရားတို့ကို ပယ်ဖျောက်နိုင်ခြင်းငှာအားထုတ်ခြင်း၊
(၂) မဖြစ်သေးသောအကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာအားထုတ်ခြင်း၊
(၃) မဖြစ်သေးသောကုသိုလ်တရားတို့ကို ဖြစ်ပွားစေခြင်းငှာအားထုတ်ခြင်း။
(၄) ဖြစ်ပြီးသောကုသိုလ်တရားတို့ကို ခိုင်ခံ့တိုးပွားစေခြင်းငှာအားထုတ်ခြင်းတို့သည် ရဟန္တာများနှင့်မသက်ဆိုင်ချေ။

**ထို့ကြောင့် ရဟန္တာများထဲ၌ ''သမ္မပ္ပဓာန်တရား ၄ ပါး''နှင့် ''ဣဒ္ဓိပါဒ်တရား ၄ ပါး''တို့ မဖြစ်နိုင်ပါ။**

**၅၈။ ဒိဋ္ဌိစေတသိက်တစ်ပါးတည်းကိုပင် ''သီလဗ္ဗတပရာမာသ''စသော အမည် အသီးသီးဖြင့် ဆိုရခြင်းအကြောင်းကို ဖော်ပြ၍ အောက်ပါတရားတို့၏သရုပ်ကို လည်း ဖြေဆိုပါ။**

**(က) နိဗ္ဗာန်ရရေးကို တားမြစ်ပိတ်ပင်တတ်သောတရား၊**

**(ခ) နိဗ္ဗာန်ရောက်ကြောင်းတရား။** (၁၉၉၈၊ စမန ၁၆၄၊ ၁၇၄၊ ၁၇၅)

**အဖြေ** – ဒိဋ္ဌိစေတသိက်တစ်ပါးတည်းကိုပင် ''သီလဗ္ဗတပရာမာသ''စသောအမည်အသီးသီး ဖြင့်ဆိုရခြင်းအကြောင်းမှာ–

(၁) ***သီလဗ္ဗတပရာမာသဒိဋ္ဌိ***သည် ''နွားအကျင့်, ခွေးအကျင့်တို့ဖြင့် ကိလေသာမှလည်း စင်ကြယ်၏၊ သံသရာမှလည်းလွတ်မြောက်၏''ဟု စွဲယူ၏။

(၂) ***ဣဒံသစ္စာဘိနိဝေသဒိဋ္ဌိ***သည် ''ဤငါ၏အယူသာ အမှန်၊ အခြားအယူအားလုံးသည် အမှားချည်း''ဟု စွဲမြဲစွာယူ၏။

(၃) ***အတ္တဝါဒုပါဒါနဒိဋ္ဌိ***သည် ''အတ္တရှိ၏''ဟု ပြင်းထန်စွာစွဲယူ၏။

ဤသို့ စွဲယူပုံအခြင်းအရာကွဲပြားသောကြောင့် တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက်တစ်ခု တည်းကိုပင် နာမည်အမျိုးမျိုးတပ်၍ ဆိုခြင်းဖြစ်ပါသည်။

(က) **နိဗ္ဗာန်ကို တားမြစ်ပိတ်ပင်တတ်သောတရားတို့မှာ** –

(ဤစာအုပ် စာမျက်နှာ ၂၉၀၊ နံပါတ် ၁၀ နီဝရဏ ၆ ပါးကို ဖြေဆိုပါ)

(ခ) **နိဗ္ဗာန်ရောက်ကြောင်းတရားကား** မဂ္ဂင် ၈ ပါးဖြစ်ပါသည်။ မဂ္ဂင် ၈ ပါးမှာ –

(ဤစာအုပ် စာမျက်နှာ ၃၁၀၊ နံပါတ် ၅၃ မဂ္ဂင် ၈ ပါးကို ဖြေဆိုပါ)

**၅၉။ ပုထုဇဉ်နှင့် မသက်ဆိုင်သောဣန္ဒြေများကို တရားကိုယ်နှင့်တကွဖော်ပြ၍ ''သတိမမူ ဂူမမြင်၊ သတိမူလျှင် မြူကိုပင်မြင်သည်''ဟူသော ဆိုရိုးစကားနှင့်**

**အညီ သတိကောင်းစေရန် အားထုတ်ရမည့်တရားများကိုလည်း ဖြေဆိုပါ။**

(၁၉၉၈၊ စမန ၁၇၀၊ ၁၇၂၊ ၁၇၃)

**အဖြေ – ပုထုဇဉ်နှင့်မသက်ဆိုင်သော ဣန္ဒြေများကိုတရားကိုယ်နှင့်တကွ ဖော်ပြရသော် –**

(၁) ***အနညာတညဿာမီတိန္ဒြေ*** = သောတာပတ္တိမဂ်စိတ်၌ရှိသောပညာ၊

(၂) ***အညိန္ဒြေ*** = အထက်မဂ် ၃ ပါး, အောက်ဖိုလ် ၃ ပါးတို့၌ရှိသောပညာ၊

(၃) ***အညာတာဝိန္ဒြေ*** = အရဟတ္တဖိုလ်၌ရှိသောပညာ တို့ဖြစ်ပါသည်။

''သတိမမူ ဂူမမြင်၊ သတိမူလျှင် မြူကိုပင်မြင်သည်''ဟူသော ဆိုရိုးစကားနှင့်အညီ သတိကောင်းစေရန် အားထုတ်ရမည့်တရားများမှာ –

(၁) ***ကာယာနုပဿနာသတိပဋ္ဌာန်*** = ဆံပင်, မွေးညှင်းစသည့် ၃၂ ကောဋ္ဌာသ၌ အသုဘ အခြင်း အရာထင်အောင် အဖန်ဖန်ရှုမှတ်သောသတိအထူး၊

(၂) ***ဝေဒနာနုပဿနာသတိပဋ္ဌာန်*** = ဝေဒနာဥပါဒါနက္ခန္ဓာ၏ဖြစ်ပျက်ခြင်းကို ဒုက္ခလက္ခဏာ ဦးမူ၍ ဝိပဿနာတင်ရှုသော သတိအထူး၊

(၃) ***စိတ္တာနုပဿနာသတိပဋ္ဌာန်*** = လောကီစိတ်တို့၏ဖြစ်ပျက်နေပုံကို အနိစ္စလက္ခဏာဦးမူ၍ ဝိပဿနာတင်ရှုသော သတိအထူး၊

(၄) ***ဓမ္မာနုပဿနာသတိပဋ္ဌာန်*** = သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဟူသည့် တရားဓမ္မများကို အနတ္တလက္ခဏာဦးမူ၍ ဝိပဿနာတင်ရှုသောသတိအထူးတို့ ဖြစ်ပါသည်။

သတိပဋ္ဌာန် ၄ ပါးလုံး၏တရားကိုယ်သည် မဟာကုသိုလ် ၈, မဟာကြိယာ ၈, အပ္ပနာဇော ၂၆ ပါး၊ ပေါင်း – ဇောစိတ် ၄၂ ပါးတို့နှင့်ယှဉ်သော သတိစေတသိက်ဖြစ်၏။ မိမိဆိုင်ရာ အာရုံ၌ လွန်လွန်ကဲကဲစွဲမြဲစွာတည်သော သတိအထူးကို ''သတိပဋ္ဌာန်''ဟု ခေါ်၏။

**၆၀။ ဓာတ် ၁၈ ပါးပြားရခြင်းအကြောင်းကိုလည်း ဖြေဆို၍၊ သစ္စာမဖွဲ့သင့်သော ပရမတ္ထတရားများကို ဖော်ပြပါ။** (၁၉၉၈၊ စမန ၁၇၈၊ ၁၇၉)

**အဖြေ** – ဓာတ် ၁၈ ပါးပြားရခြင်းအကြောင်းမှာ – ဒွါရ (၆)ပုံ၊ အာရုံ (၆)တန်၊ ဝိညာဏ် (၆)သွယ်ကွဲပြားခြင်းကြောင့် ဓာတ် ၁၈ ပါးပြားရပါသည်။ မိမိသဘောကိုဆောင်တတ်သော တရားကို ''ဓာတ်''ဟုခေါ်ပါသည်။ ဓာတ် ၁၈ ပါးကွဲပြားပုံကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

(ဤစာအုပ် စာမျက်နှာ ၂၈၇၊ နံပါတ် ၅ တွင် ဖြေဆိုထားပါသည်။)

**– သစ္စာမဖွဲ့သင့်သော ပရမတ္ထတရားများမှာ** – မဂ်စိတ်လွတ်ပါဒ် ၂၉ ပါးနှင့် ဖိုလ်စိတ်လွတ်ပါဒ် ၃၇ ပါးတို့ဖြစ်ပါသည်။ (စာမျက်နှာ ၃၀၂ နံပါတ် ၃၅ ၌ရှင်းပြထားပါသည်။)

**၆၁။ ဆန့်ကျင်ဘက်ရန်များကို မတုန်မလှုပ် နောက်မဆုတ်ဘဲ ခိုင်ခိုင်မြဲမြဲရပ်တည်ကာ တိုက်ဖျက်ချေမှုန်းသုတ်သင်နိုင်ရန် မည်သည့်တရားများကို ဆောင်ထားရမည်ကိုရေး၍ ၎င်းတရားတို့၏အဓိပ္ပါယ်ကိုလည်း ဖြေဆိုပါ။**

(၁၉၉၉၊ စမန ၁၇၀၊ ၁၇၁)

**အဖြေ** – ဆန့်ကျင်ဘက်ရန်များကို မတုန်မလှုပ် နောက်မဆုတ်ဘဲ ခိုင်ခိုင်မြဲမြဲရပ်တည်ကာ တိုက်ဖျက်ချေမှုန်းသုတ်သင်နိုင်ရန် ဆောင်ထားရမည့်တရားများနှင့်အဓိပ္ပါယ်တို့မှာ–

(၁) ***သဒ္ဓါဗိုလ်*** = ရတနာသုံးပါးစသည့်ကုသိုလ်ရေး၌ ယှဉ်ဖက်တရားတို့ကြည်လင်လေးမြတ်ကြရန် ဦးဆောင်သောတရား၊

(၂) ***ဝီရိယဗိုလ်*** = ဒါန, သီလ, ဘာဝနာ, ကုသိုလ်ရေး၌ ကြိုးစားအားထုတ်မှု၊ ယှဉ်ဖက်တရားတို့မဆုတ်နစ်အောင် ထောက်ခံအားပေးသောတရား၊

(၃) ***သတိဗိုလ်*** = ကုသိုလ်အာရုံတွင် ယှဉ်ဖက်စိတ်စေတသိက်တို့ အောက်မေ့အမှတ်ရအောင် ဦးဆောင်သောတရား။

(၄) ***သမာဓိဗိုလ်*** = တစ်ခုသောကုသိုလ်အာရုံ၌ ယှဉ်ဖက်တရားတို့အား စူးစိုက်ရှုစေ၍ တည်ကြည်ငြိမ်ဝပ်အောင် ဦးဆောင်သောတရား၊

(၅) ***ပညာဗိုလ်*** = အာရုံ၏သဘောမှန်နှင့်တရားသဘောမှန်တို့ကို ထိုးထွင်း၍သိမှု၌ ဦးဆောင်သောတရား၊

(၆) ***ဟိရီဗိုလ်*** = မကောင်းမှုဒုစရိုက်များကိုပြုရန် ရှက်ရွံ့ခြင်းသဘော၊

(၇) ***ဩတ္တပ္ပဗိုလ်*** = မကောင်းမှုဒုစရိုက်များကိုပြုရန် ကြောက်လန့်ခြင်းသဘောတို့ဖြစ်ပါသည်။

**၆၂။ သတ္တဝါတို့အား ကောင်းမှု, မကောင်းမှုကံတို့ကို ကျူးလွန်မိအောင် အားပေးလှုံ့ဆော်တတ်သောအကြောင်း (ဟိတ်တရား) တို့ကို ထုတ်ပြ၍၊ အောက်ပါတို့၏ တရားကိုယ်များကိုလည်း ကောက်ပြပါ။ (က) အနညာတညသာမိတိန္ဒြေ၊ (ခ) အညတာဝိန္ဒြေ။** (၁၉၉၉၊ စမန ၁၆၇၊ ၁၇၀)

**အဖြေ** – (ဤစာအုပ် စာမျက်နှာ ၃၀၁ နံပါတ် ၃၄ မေးခွန်း, အဖြေတို့တူပါသည်)

**၆၃။ ကြံတိုင်းအောင် ဆောင်တိုင်းအောင် ဆောင်တိုင်းမြောက်ရန်အတွက် အကြီးအမှူးဦးစီးခေါင်းဆောင်ဖြစ်သောတရားများကို ရေးသားပြီးလျှင် ''အာဟာရ'' မည်သောတရားတို့ကိုလည်း ရေးခဲ့ပါ။** (၁၉၉၉၊ စမန ၁၇၁၊ ၁၇၂)

**အဖြေ – ကြံတိုင်းအောင်ဆောင်တိုင်းမြောက်ရန်အတွက် အကြီးအမှူးဦးစီးခေါင်းဆောင်ဖြစ်သော တရားတို့မှာ** – (ဤစာအုပ် စာမျက်နှာ ၃၀၀ နံပါတ် ၃၀ ၌ဖြေပြထားပါသည်)

– ''အာဟာရ''မည် တရားတို့မှာ – (စာမျက်နှာ ၃၀၅ နံပါတ် ၄၃ ၌ဖြေပြထား၏)

**၆၄။ ''ပရမတ်အစစ် ဓာတ်အနှစ်''ဟူသောစကားအရ ကိုယ်ပိုင်လက္ခဏာရှိကြသော ပရမတ်အစစ်တရားတို့ကို ကောက်ပြ၍၊ ကိလေသာမမည်သော အကုသိုလ်တရားများကိုလည်း ဖော်ပြပါ။** (၂၀၀၀၊ စမန ၁၆၂၊ ၁၆၆၊ ၁၆၇)

**အဖြေ** – ''ပရမတ်အစစ် ဓာတ်အနှစ်''ဟူသောစကားအရ ကိုယ်ပိုင်လက္ခဏာရှိကြသော ပရမတ်အစစ်တရားတို့မှာ – ''စိတ် ၁ ပါး၊ စေတသိက် ၅၂ ပါး၊ နိပ္ဖန္နရုပ် ၁၈ ပါး၊ နိဗ္ဗာန်''ဟူသော တရား ၇၂ ပါးဖြစ်ပါသည်။

– **ကိလေသာမမည်သောအကုသိုလ်တရားတို့မှာ** – (၁) ဣဿာ (၂) မစ္ဆရိယ (၃) ကုက္ကုစ္စ (၄) မိဒ္ဓ စေတသိက်တို့ဖြစ်ပါသည်။

**၆၅။ အောက်ပါတရားများကို ကောက်ပြပါ။**
**(က) ဒုစရိုက်သမားတို့၏လက်သုံးဖြစ်သော မဂ္ဂင်လေးပါး၊**
**(ခ) ရှက်ကြောက်ကင်းငြား အကြမ်းဖက်သမားများ၏ စွမ်းအင်နှစ်မျိုး။**
(၂၀၀၀၊ စမန ၁၆၉၊ ၁၇၁)

**အဖြေ – (က) ဒုစရိုက်သမားတို့၏လက်သုံးဖြစ်သော မဂ္ဂင်လေးပါးမှာ–**
(ဤစာအုပ် စာမျက်နှာ ၂၈၈ နံပါတ် ၇ မိစ္ဆာမဂ္ဂင် ၄ ပါးကိုဖြေပါ)
**(ခ) ရှက်ကြောက်ကင်းငြား အကြမ်းဖက်သမားများ၏စွမ်းအင်နှစ်မျိုးမှာ –**
(၁) အဟိရိကဗိုလ် = မကောင်းမှုပြုလုပ်ရန် မရှက်ခြင်း၌ ဦးဆောင်သောတရား၊
(၂) အနောတ္တပ္ပဗိုလ် = မကောင်းမှုပြုလုပ်ရန် မကြောက်လန့်ခြင်း၌ ဦးဆောင်သောတရား တို့ဖြစ်၏။

**၆၆။ လောကသံသရာ ဘဝနှစ်ဖြာတွင် အထက်တန်းကျကျနေနိုင်ရေးအတွက် လုံ့လပြုရမည့်နည်းလမ်းလေးသွယ်ကို ဖြေဆို၍၊ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းများကို ဖော်ပြပါ။** (၂၀၀၀၊ စမန ၁၇၃၊ ၁၇၄၊ ၁၇၅)

**အဖြေ** – လောကသံသရာ ဘဝနှစ်ဖြာတွင် အထက်တန်းကျကျနေနိုင်ရေးအတွက် **လုံ့လပြုရမည့်နည်းလမ်းလေးသွယ်မှာ –**
(ဤစာအုပ် စာမျက်နှာ ၂၉၇ နံပါတ် ၂၄ **သမ္မပ္ပဓာန် ၄ ပါး**ကို ဖြေပါ)
**– နိဗ္ဗာန်ရောက်ကြောင်းနည်းလမ်းကောင်းများမှာ –**
(ဤစာအုပ် စာမျက်နှာ ၃၁၀ နံပါတ် ၅၃ တွင် မဂ္ဂင် ၈ ပါးကို ဖြေဆိုပါ)

**၆၇။ ယခုခေတ်၌ မဖြတ်နိုင်လောက်အောင်ဆေးလိပ်စွဲခြင်း၊ ကွမ်းစွဲခြင်းတို့သည် မည်သည့်ဥပါဒါန်ဖြစ်သည်ကိုရေး၍၊ ယောဂီပုဂ္ဂိုလ်တို့သန္တာန်၌ ဈာန်တရားများ ဖြစ်ပေါ်ခွင့်မရအောင် တားဆီးပိတ်ပင်တတ်သော ကိလေသာများကိုလည်း ဖြေဆိုပါ။** (၂၀၀၁၊ စမန ၁၆၃၊ ၁၆၄၊ ၁၆၇)

**အဖြေ – ယခုခေတ်၌ မဖြတ်နိုင်လောက်အောင်ဆေးလိပ်စွဲခြင်း၊ ကွမ်းစွဲခြင်းတို့သည် ကာမုပါဒါန်**မျိုးဖြစ်ပါသည်။ ကာမုပါဒါန်သည် လောဘအကုသိုလ်တရားဖြစ်၍ အပါယ်သို့ ကျစေနိုင်ပါသည်။

*ကာမုပါဒါန်* = ကာမဂုဏ်၌ပြင်းပြစွာ စွဲလမ်းတပ်မက်သောတဏှာလောဘ၊
လောဘမူစိတ် ၈ ပါး၌ရှိသော လောဘစေတသိက်ဖြစ်သည်။

**– ယောဂီပုဂ္ဂိုလ်တို့သန္တာန်၌ ဈာန်တရားများဖြစ်ပေါ်ခွင့်မရအောင် တားဆီးပိတ်ပင်တတ်သောကိလေသာများသည်** နီဝရဏထိုက်သော ကိလေသာများဖြစ်သည်။ ၎င်းတို့မှာ–
(၁) ***လောဘကိလေသာ*** = ကာမဂုဏ်ကိုလိုချင်တပ်မက်သောတဏှာလောဘ၊
(၂) ***ဒေါသကိလေသာ*** = စိတ်ဆိုးစိတ်ပျက်ခြင်း, စိတ်ပူပန်ခြင်းအမျက်ဒေါသ၊
(၃) ***မောဟကိလေသာ*** = အာရုံ၏သဘောမှန်, တရားသဘောမှန်ကို မသိခြင်း အဝိဇ္ဇာ၊
(၄) ***ထိန ကိလေသာ*** = စိတ်လေးလံထိုင်းမှိုင်းခြင်း, ပျင်းရိခြင်းသဘော၊

(၅) ***ဥဒ္ဓစ္စကိလေသာ*** = စိတ်ပျံ့လွင့်ခြင်းသဘော၊
(၆) ***ဝိစိကိစ္ဆာကိလေသာ*** = ဘုရား, တရား, သံဃာစသည့်ကုသိုလ်ရေး၌ ယုံမှားသံသယဖြစ်ခြင်းသဘောတို့ဖြစ်ပါသည်။

**၆၈။ ပုထုဇဉ်မိန်းကလေး၌ ရနိုင်သောကလာပ်တို့ကို (က) ရုပ်ကလာပ် (ခ) နာမ်ကလာပ် အားဖြင့် ခွဲခြားပြပါ။** (၂၀၀၁၊ စမန ၁၆၉၊ ၁၇၀)

**အဖြေ** – (ဤစာအုပ် စာမျက်နှာ ၂၉၂ နံပါတ် ၁၅ ၌ဖြေဆိုထား၏)

**၆၉။ နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ခြင်းအကြောင်းတို့ကိုရေး၍၊ မဂ်စိတ်၌ယှဉ်သောမဂ္ဂင် ၈ ပါးနှင့်ဖိုလ်စိတ်၌ယှဉ်သော မဂ္ဂင် ၈ ပါးတို့၏ထူးခြားချက်ကိုလည်း ဖြေဆိုပါ။** (၂၀၀၁၊ စမန ၁၇၇၊ ၁၇၈)

**အဖြေ** – (ဤမေးခွန်းသည် နံပါတ် ၅၁ မေးခွန်းနှင့်ထပ်တူဖြစ်သည်။ စာမျက်နှာ ၃၀၈ တွင် ဖြေဆိုထားပါသည်။)

**၇၀။ လူသားအားလုံးတို့သည် အချုပ်အားဖြင့် ရုပ်နာမ်ပရမတ္ထမျှသာဖြစ်၍ ယင်းပရမတ္ထတို့တွင် မိမိဆိုင်ရာလက္ခဏာဖြင့် အထည်ကိုယ်ဝတ္ထုရကောင်းသော ရုပ်နာမ်တို့ကို ရွေးချယ်စိစစ်ပြ၍၊ ဥပါဒါန်တို့၏အမည်နှင့်တရားကိုယ်များကိုလည်း ယှဉ်တွဲပြပါ။** (၂၀၀၂၊ စမန ၁၆၂၊ ၁၆၃၊ ၁၆၄)

**အဖြေ – လူသားတို့၌ မိမိဆိုင်ရာလက္ခဏာဖြင့် အထည်ကိုယ်ရကောင်းသောရုပ်နာမ်တို့မှာ–**

စိတ် ၁ ပါး၊ စေတသိက် ၅၂ ပါး၊ နိပ္ဖန္နရုပ် ၁၈ ပါး၊ ပေါင်း – ရုပ်နာမ် ၇၁ ပါးဖြစ်၏။

**– ဥပါဒါန်တို့၏အမည်နှင့်တရားကိုယ်များမှာ –**

(၁) **ကာမုပါဒါန်** = လောဘမူစိတ် ၈ ပါး၌ရှိသော လောဘစေတသိက်၊
(၂) **ဒိဋ္ဌုပါဒါန်** = လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါး၌ရှိသောဒိဋ္ဌိစေတသိက်၊
(၃) **သီလဗ္ဗတုပါဒါန်** = လောဘမူဒိဋ္ဌိသမ္ပယုတ်စိတ် ၄ ပါး၌ရှိသောဒိဋ္ဌိစေတသိက်၊
(၄) **အတ္တဝါဒုပါဒါန်** = လောဘမူဒိဋ္ဌိသမ္ပယုတ်စိတ် ၄ ပါး၌ရှိသောဒိဋ္ဌိတို့ဖြစ်ပါသည်။

**၇၁။ (က) သုတ္တန်နည်းမှာသာပါ၍ အဘိဓမ္မာနည်း၌မပါသော သံယောဇဉ်တရားကိုယ်၊ (ခ) အဘိဓမ္မာနည်းမှာသာပါ၍ သုတ္တန်နည်း၌မပါသော သံယောဇဉ်တရားကိုယ်၊ (ဂ) ၂ နည်းစလုံးမှာပါသော သံယောဇဉ်တရားကိုယ်တို့ကို အဘိဓမ္မာပညာရှင်ပီပီ စိစစ်ပြပါ။** (၂၀၀၂၊ စမန ၁၆၅၊ ၁၆၆)

**အဖြေ** – (က) သုတ္တန်နည်းမှာသာပါ၍ အဘိဓမ္မာနည်း၌မပါသော သံယောဇဉ်တရားကိုယ်မှာ– ''ဥဒ္ဓစ္စစေတသိက်''ဖြစ်၏။

(ခ) အဘိဓမ္မာနည်းမှာသာပါ၍ သုတ္တန်နည်း၌မပါသော သံယောဇဉ်တရားကိုယ်မှာ– ''ဣဿာစေတသိက်နှင့်မစ္ဆရိယစေတသိက်''တို့ဖြစ်ပါသည်။

(ဂ) ၂ နည်းလုံးမှာပါသော သံယောဇဉ်တရားကိုယ်တို့မှာ –

''လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, မောဟစေတသိက်''တို့ဖြစ်ပါသည်။

**၇၂။ ဘဝကြီးငယ်သို့သွားရောက်ကြောင်းခရီးလမ်းဖြစ်သည့် မဂ္ဂင်တရားစု၌ ဒုဂ္ဂတိဘဝသို့လားရောက်ကြောင်း ခရီးလမ်းဖြစ်သည့်တရားစုတို့ကို ရွေးချယ်ပြ၍ မဂ္ဂင်မရအပ်သောစိတ်တို့ကိုလည်း ဖြေဆိုပါ။** (၂၀၀၂၊ စမန ၁၆၉)

**အဖြေ** – (ဤစာအုပ်စာမျက်နှာ ၃၀၄ နံပါတ် ၄၁ မေးခွန်းနှင့်အဖြေတူပါသည်။)

**၇၃။ လောကသံသရာ ဘဝနစ်ဖြာတွင် အထက်တန်းကျကျ နေနိုင်ရေးအတွက် လုံ့လပြုရမည့်နည်းလမ်းလေးသွယ်ကို ဖြေဆို၍ သစ္စာလေးပါးကို (က)အကြောင်းသစ္စာ၊ (ခ) အကျိုးသစ္စာအားဖြင့် ခွဲခြားပြပါ။** (၂၀၀၂၊ စမန ၁၇၃၊ ၁၈၀)

**အဖြေ – လောကသံသရာ ဘဝနစ်ဖြာတွင် အထက်တန်းကျကျ နေနိုင်ရေးအတွက် လုံ့လပြုရမည့် နည်းလမ်း ၄ သွယ်မှာ** – (ဤစာအုပ်စာမျက်နှာ ၂၉၇ နံပါတ် ၂၄ သမ္မပ္ပဓာန် ၄ ပါးကိုဖြေပါ။ )

– **သစ္စာ၄ပါးတွင်(က) အကြောင်းသစ္စာတို့မှာ** – (၁) သမုဒယသစ္စာ၊ (၂) မဂ္ဂသစ္စာ၊
(ခ) အကျိုးသစ္စာတို့မှာ – (၁) ဒုက္ခသစ္စာ၊ (၂) နိရောဓသစ္စာ တို့ဖြစ်ပါသည်။

**၇၄။ ယောဂီပုဂ္ဂိုလ်တို့သန္တာန်၌ ဈာန်တရားများဖြစ်ပေါ်ခွင့်မရအောင် တားဆီးပိတ်ပင်တတ်သောကိလေသာများကို ဖော်ပြ၍ ''ဣန္ဒြေရှိသည်၊ ဣန္ဒြေမဲ့သည်''ဟုဆိုကြရာ၌ ပုထုဇဉ်လူသားတစ်ဦးသန္တာန်၌ရှိသော ဣန္ဒြေတို့ကိုလည်း ရေတွက်ပြပါ။**
(၂၀၀၃၊ စမန ၁၆၇၊ ၁၆၉၊ ၁၇၀)

**အဖြေ** – ယောဂီသန္တာန်၌ ဈာန်တရားများဖြစ်ပေါ်ခွင့်မရအောင် တားဆီးပိတ်ပင်တတ်သောကိလေသာများမှာ – (ဤစာအုပ်စာမျက်နှာ ၃၁၅ နံပါတ် ၆၇ နီဝရဏထိုက်သောကိလေသာများဖြေပါ။)

– ပုထုဇဉ်လူသားတစ်ဦးသန္တာန်၌ ရှိနိုင်သော ဣန္ဒြေတို့မှာ –

| | | |
|---|---|---|
| (၁) စက္ခုန္ဒြေ၊ | (၂) သောတိန္ဒြေ၊ | (၃) ဃာနိန္ဒြေ |
| (၄) ဇိဝှိန္ဒြေ၊ | (၅) ကာယိန္ဒြေ၊ | (၆) ဣတ္ထိန္ဒြေ / ပုရိသိန္ဒြေ |
| (၇) ဇီဝိတိန္ဒြေ | (၈) မနိန္ဒြေ | (၉) သုခိန္ဒြေ |
| (၁၀) ဒုက္ခိန္ဒြေ | (၁၁) သောမနဿိန္ဒြေ | (၁၂) ဒေါမနဿိန္ဒြေ |
| (၁၃) ဥပေက္ခိန္ဒြေ | (၁၄) သဒ္ဓိန္ဒြေ | (၁၅) ဝီရိယိန္ဒြေ |
| (၁၆) သတိန္ဒြေ | (၁၇) သမာဓိန္ဒြေ | (၁၈) ပညိန္ဒြေတို့ဖြစ်သည်။ |

**၇၅။ ''သတိမမူ ဂူမမြင်၊ သတိမူတော့ မြူကိုမြင်သည်''ဟူသောစကားအရမြူနှင့်တူသောအာရုံများကို မြင်နိုင်ရန် အဘယ်တရားများကို နှလုံးသွင်းရမည်ကို ဖြေဆိုပါ။** (၂၀၀၃၊ စမန ၁၇၂)

**အဖြေ** – (ဤစာအုပ်စာမျက်နှာ ၂၉၄ နံပါတ် ၁၉ အတိုင်းဖြေဆိုပါ)

**၇၆။ ဓာတ် ၁၈ ပါးပြားရခြင်းအကြောင်းကို ဖြေဆို၍ ၎င်းဓာတ် ၁၈ ပါးကိုလည်း**

**(က) ရုပ်ဓာတ်၊ (ခ) နာမ်ဓာတ်၊ (ဂ) ရုပ်နာမ်နှစ်ပါးဆိုင်သောဓာတ်အားဖြင့် ခွဲခြားပြခဲ့ပါ။**
(၂၀၀၃၊ စမန ၁၇၉)

**အဖြေ – ဓာတ် ၁၈ ပါးကွဲပြားရခြင်းအကြောင်းမှာ** – ဒွါရ (၆)ပုံ၊ အာရုံ (၆)တန်၊ ဝိညာဏ် (၆)သွယ်ကွဲပြားသောကြောင့်ဖြစ်ပါသည်။

– ဓာတ် ၁၈ ပါးကို ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ရုပ်နာမ်ဓာတ်ဟု ခွဲခြားပြရသော် –

(က) **ရုပ်ဓာတ်များမှာ** – (၁) စက္ခုဓာတ်၊ (၂) သောတဓာတ်၊ (၃) ဃာနဓာတ် (၄) ဇိဝှာဓာတ် (၅) ကာယဓာတ်၊ (၆) ရူပဓာတ်၊ (၇) သဒ္ဒဓာတ်၊ (၈) ဂန္ဓဓာတ် (၉) ရသဓာတ်၊ (၁၀) ဖောဋ္ဌဗ္ဗဓာတ်တို့ဖြစ်ပါသည်။

(ခ) **နာမ်ဓာတ်များမှာ** – (၁) စက္ခုဝိညာဏဓာတ်၊ (၂) သောတဝိညာဏဓာတ်၊ (၃) ဃာနဝိညာဏဓာတ်၊ (၄) ဇိဝှာဝိညာဏဓာတ်၊ (၅) ကာယဝိညာဏဓာတ်၊ (၆) မနောဓာတ်၊ (၇) မနောဝိညာဏဓာတ်တို့ဖြစ်ပါသည်။

(ဂ) **ရုပ်နာမ်နှစ်ပါးဆိုင်သောဓာတ်မှာ** – ''ဓမ္မဓာတ်'' ဖြစ်ပါသည်။

**၇၇။ ''ပရမတ်အစစ် ဓာတ်အနှစ်''ဟူသောစကားအရ ကိုယ်စီကိုယ်ငှ ကိုယ်ပိုင်လက္ခဏာရှိကြသော ပရမတ်အစစ်တရားများကို ရေတွက်ပြ၍၊ ဈာနင် ၇ ပါးကို လည်းကုသိုလ်, အကုသိုလ်, အဗျာကတဈာနင်အားဖြင့် ခွဲခြားပြပါ။**
(၂၀၀၄၊ စမန ၁၆၂၊ ၁၀၈၊ ၁၆၉)

**အဖြေ** – ''ပရမတ်အစစ် ဓာတ်အနှစ်''ဟူသောစကားအရ ကိုယ်စီကိုယ်ငှ ကိုယ်ပိုင်လက္ခဏာရှိကြသော ပရမတ်အစစ်တရားများမှာ – စိတ် ၁ ပါး၊ စေတသိက် ၅၂ ပါး၊ နိပ္ဖန္နရုပ် ၁၈ ပါး၊ နိဗ္ဗာန်ဟူ၍ ၇၂ ပါးဖြစ်ပါသည်။

– ဈာနင် (၇) ပါးကို ကုသိုလ်, အကုသိုလ်, အဗျာကတဈာနင်ဟူ၍ ခွဲပြရသော်–

| **(က) ကုသိုလ်ဈာနင်** | **(ခ) အကုသိုလ်ဈာနင်** | **(ဂ) အဗျာကတာဈာနင်** |
|---|---|---|
| *(၁) ဝိတက်ဈာနင်* | *(၁) ဝိတက်ဈာနင်* | *(၁) ဝိတက်ဈာနင်* |
| *(၂) ဝိစာရဈာနင်* | *(၂) ဝိစာရဈာနင်* | *(၂) ဝိစာရဈာနင်* |
| *(၃) ပီတိဈာနင်* | *(၃) ပီတိဈာနင်* | *(၃) ပီတိဈာနင်* |
| *(၄) ဧကဂ္ဂတာဈာနင်* | *(၄) ဧကဂ္ဂတာဈာနင်* | *(၄) ဧကဂ္ဂတာဈာနင်* |
| *(၅) သောမနဿဈာနင်* | *(၅) သောမနဿဈာနင်* | *(၅) သောမနဿဈာနင်* |
| *(၆) ဥပေက္ခာဈာနင်* | *(၆) ဒေါမန ဿဈာနင်* | *(၆) ဥပေက္ခာဈာနင်* |
| | *(၇) ဥပေက္ခာဈာနင်* | |

ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, သောမနဿ, ဥပေက္ခာတို့သည် ကုသိုလ်စိတ်နှင့်ယှဉ်သည့်အခိုက် ကုသိုလ်ဈာနင်ဖြစ်၍၊ အကုသိုလ်စိတ်နှင့်ယှဉ်သည့်အခိုက် အကုသိုလ်ဈာနင်ဖြစ်ပြီးလျှင်၊ ဝိပါက်စိတ်, ကြိယာစိတ်တို့နှင့်ယှဉ်သည့်အခိုက်၌မူ အဗျာကတဈာနင်ဖြစ်၏။ ဒေါမနဿဈာနင်သည် ဒေါသမူစိတ် ၂ ပါး၌သာ ယှဉ်ပါသည်။

**၇၈။ အောက်ပါတရားများကို ဖြေဆိုပါ။**

**(က) ဒုစရိုက်သမားတို့၏လက်သုံးဖြစ်သော မဂ္ဂင်လေးပါး၊**
**(ခ) ရှက်ကြောက်ကင်းငြား အကြမ်းဖက်သမားများ၏စွမ်းအင်နှစ်ပါး။**

(၂၀၀၄၊ စမန ၁၆၉၊ ၁၇၁)

**အဖြေ** – (ဤစာအုပ်စာမျက်နှာ ၃၁၅ နံပါတ် ၆၅ နှင့် မေးခွန်းရော အဖြေရောတူသည်)

**၇၉။ (က) သေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သောက္ခန္ဓော၊**
**(ခ) အသေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သောက္ခန္ဓောတို့ကို အဘိဓမ္မာပညာ ရှင်ပီပီခွဲခြားဖြေဆိုပါ။** (၂၀၀၄၊ စမန ၁၇၀)

**အဖြေ** – (ဤစာအုပ် စာမျက်နှာ ၃၁၀ နံပါတ် ၅၄ နှင့် မေးခွန်းတူ အဖြေတူပါသည်)

**၈၀။ နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရခြင်းအကြောင်းကို ဖြေဆို၍ မဂ်စိတ်နှင့်ယှဉ်သောမဂ္ဂင် ၈ ပါးနှင့် ဖိုလ်စိတ်၌ယှဉ်သော မဂ္ဂင် ၈ ပါးတို့၏ထူးခြားချက်ကိုလည်း ဖြေဆိုပါ။**

(၂၀၀၄၊ စမန ၁၇၇၊ ၁၇၈၊ ဤစာအုပ် ၃၀၉)

**အဖြေ** – (ဤစာအုပ်စာမျက်နှာ ၃၀၈ နံပါတ် ၅၁ နှင့် မေးခွန်းတူ၊ အဖြေတူပါသည်)

**၈၁။ သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ဆက်စပ်ထုံးဖွဲ့တတ်သောတရားအစုကို ဖြေဆို၍၊ အသက်လိပ်ပြာ၊ ဝိညာဏ်ကောင်ရှိသည်ဟု ယခုတိုင် အချို့သောပုဂ္ဂိုလ်များစွဲလမ်းယူဆနေခြင်းသည် မည်သည့်ဥပါဒါန်မျိုးဖြစ်သည်ကိုလည်း ဖြေဆိုပါ။**

(၂၀၀၅၊ စမန ၁၆၃)

**အဖြေ – သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ဆက်စပ်ထုံးဖွဲ့တတ်သောတရားအစုမှာ –**

(၁) *အဘိဇ္ဈာကာယဂန္ထ* = အာရုံတစ်ခုခုကို ရှေးရှုကြံစည်ခြင်း, လိုချင်ခြင်းသဘော(လောဘ)၊
(၂) *ဗျာပါဒကာယဂန္ထ* = စိတ်၏ဖောက်ပြန်ပျက်စီးဖြင်း, လိုချင်ခြင်းသဘော(လောဘ)၊
(၃) *သီလဗ္ဗတပရာမာသကာယဂန္ထ* = နွား, ခွေးစသည်တို့၏အကျင့်ကိုကျင့်လျှင် ကိလေသာမှလည်း စင်ကြယ်၏၊ သံသရာမှလည်းလွတ်မြောက်၏''ဟု မှားယွင်းစွာ စွဲလမ်းသောဒိဋ္ဌိ၊
(၄) *ဣဒံသစ္စာဘိနိဝေသကာယဂန္ထ* = မိစ္ဆာအယူတစ်မျိုးကို မှတ်ယူကျင့်သုံးပြီးလျှင် ဤငါ၏ အယူအကျင့်သာမှန်၏၊ တစ်ပါးသူတို့၏အယူအကျင့်အားလုံးသည် အမှားတည်း''ဟု စွဲလမ်းသောဒိဋ္ဌိတို့ ဖြစ်ကြပါသည်။

– **အသက်လိပ်ပြာဝိညာဏ်ကောင်ရှိသည်ဟု စွဲလမ်းယူဆနေခြင်းသည် ''အတ္တဝါဒုပါဒါန်''** ဖြစ်ပါသည်။

**၈၂။ က္ခန္ဓော ၂၂ ပါးတို့တွင် ပညာစေတသိက်ကို အရကောက်ရသောက္ခန္ဓောတို့ကို ဖြေဆို၍၊ လောကီလောကုတ္တရာနှစ်မျိုးပါဝင်သော က္ခန္ဓောများကိုလည်း ဖြေဆိုပါ။**

(၂၀၀၅၊ စမန ၁၇၀၊ ၁၆၉)

**အဖြေ** – က္ခန္ဓော ၂၂ ပါးတို့တွင် ပညာစေတသိက်ကို အရကောက်သော က္ခန္ဓောတို့မှာ–

(၁) *ပညိန္ဒြေ* = တိဟိတ်စိတ် ၄၇ ပါး၌ယှဉ်သောပညာစေတသိက်၊
(၂) *အနညာတညဿာမီတိန္ဒြေ* = သောတာပတ္တိမဂ်၌ရှိသောပညာစေတသိက်၊

(၃) အညီခန္ဓ = အထက်မဂ် ၃ ပါး၊ အောက်ဖိုလ် ၃ ပါးတို့၌ရှိသောပညာစေတသိက်၊
(၄) အညာတာဝိန္ဒြေ = အရဟတ္တဖိုလ်၌ရှိသောပညာစေတသိက်တို့တည်း။

**– လောကီလောကုတ္တရာနှစ်မျိုးပါဝင်သောဣန္ဒြေများမှာ –**

(၁) ဇီဝိတိန္ဒြေ၊ (၂) မနိန္ဒြေ၊ (၃) သောမနဿိန္ဒြေ၊ (၄) ဥပေက္ခိန္ဒြေ၊ (၅) သဒ္ဓိန္ဒြေ၊ (၆) ဝီရိယိန္ဒြေ၊ (၇) သတိန္ဒြေ၊ (၈) သမာဓိန္ဒြေ၊ (၉) ပညိန္ဒြေ တို့ဖြစ်ပါသည်။

**၈၃။ ကြီးပွားတိုးတက်လိုသူတိုင်း ဆောင်ရမည့်တရားအစုကို ဖြေဆို၍၊ ဗောဓိပက္ခိယတရား ၃၇ ပါးတို့ကို နာမည်အပြားအားဖြင့်ရေတွက်ပြပါ။**

(၂၀၀၅၊ စမန ၁၇၃၊ ၁၇၂)

**အဖြေ** – ကြီးပွားတိုးတက်လိုသူတိုင်း ဆောင်ရမည့်တရားအစုမှာ –
(ဤစာအုပ်စာမျက်နှာ ၂၉၇ နံပါတ် ၂၄ မှ သမ္မပ္ပဓာန်တရား ၄ ပါးကိုဖြေပါ)
– ဗောဓိပက္ခိယတရား ၃၇ ပါးတို့ကို နာမည်အပြားအားဖြင့် ရေတွက်ပြရသော် –

(၁) သတိပဋ္ဌာန်တရား ၄ ပါး၊ (၂) သမ္မပ္ပဓာန်တရား ၄ ပါး
(၃) ဣဒ္ဓိပါဒ်တရား ၄ ပါး၊ (၄) ဣန္ဒြေတရား ၅ ပါး
(၅) ဗိုလ်တရား ၅ ပါး၊ (၆) ဗောဇ္ဈင်တရား ၇ ပါး
(၇) မဂ္ဂင်တရား ၈ ပါး၊ ပေါင်း–ဗောဓိပက္ခိယ ၃၇ ပါးဖြစ်ပါသည်။

**၈၄။ အမုန်းတရားကို သံယောဇဉ်ဟုဆိုနိုင်/မဆိုနိုင် အဘိဓမ္မာအမြင်ဖြင့်ဆုံးဖြတ်၍၊ သုတ္တန်နည်း သံယောဇဉ် ၁၀ ပါးနှင့် အဘိဓမ္မာနည်း သံယောဇဉ် ၁၀ ပါးတို့၏ ထူးခြားဟန်ကိုလည်း ဖြေဆိုခဲ့ပါ။** (၂၀၀၆၊ စမန ၁၆၅၊ ၁၆၆)

**အဖြေ** – အမုန်းတရားကို သံယောဇဉ်ဟု ဆိုနိုင်ပါသည်။ အဘိဓမ္မာအမြင်အားဖြင့် သံယောဇဉ် ၁၀ ပါးတွင် အမုန်းတရား–ဒေါသသည် ''ပဋိဃသံယောဇဉ်'' အဖြစ်ပါဝင်နေသောကြောင့် အမုန်းတရားကို သံယောဇဉ်ဟုဆိုနိုင်ပါသည်။

**– သုတ္တန်နည်းသံယောဇဉ် ၁၀ ပါးနှင့် အဘိဓမ္မာနည်း သံယောဇဉ် ၁၀ ပါးတို့၏ ထူးခြားဟန်မှာ –**

အဘိဓမ္မာနည်း၌တရားကိုယ်သည် သုတ္တန်နည်းထက် ဣဿာနှင့်မစ္ဆရိယ ၂ ပါးပို၍ ဥဒ္ဓစ္စ တစ်ပါးလျော့၏။ ရူပရာဂသံယောဇဉ်နှင့် အရူပရာဂသံယောဇဉ်တို့ကိုပေါင်း၍ ဘဝရာဂ သံယောဇဉ်ဟု ဆိုထား၏။

သုတ္တန်နည်းတရားကိုယ်များမှာ – လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ မောဟ ဟူ၍ ၇ ပါးဖြစ်၏။

အဘိဓမ္မာနည်းတရားကိုယ်များမှာ – လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဣဿာ၊ မစ္ဆရိယ၊ မောဟဟူ၍ ၈ ပါးဖြစ်၏။

**၈၅။ မူးယစ်ဆေးဝါးကို မဖြတ်နိုင်လောက်အောင် စွဲလမ်းနေခြင်းသည် မည်သည့် ဥပါဒါန်မျိုးဖြစ်ပါသနည်း၊ ဖြေဆို၍၊ ဒိဋ္ဌိစေတသိက်တစ်ခုတည်းကိုပင်လျှင် ''သီလဗ္ဗတပရာမာသ၊ ကင်္ခါဒိသစ္စာဘိနိဝေသ၊ အတ္တဝါဒုပါဒါန်''ဟု အမည်အမျိုးမျိုး**

**တပ်၍ဟောရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။** (၂၀၀၆၊ စမန ၁၆၃၊ ၁၆၄)

**အဖြေ** – မူးယစ်ဆေးဝါးကို မဖြတ်နိုင်လောက်အောင်စွဲလမ်းနေခြင်းသည် လောဘဖြင့် ကာမဂုဏ်ကို မှားယွင်းစွာစွဲလမ်းနေခြင်းမျိုးဖြစ်၍ ''**ကာမုပါဒါန်**''မျိုးဖြစ်ပါသည်။

– ဒိဋ္ဌိစေတသိက်တစ်ခုတည်းကိုပင်လျှင် ''သီလဗ္ဗတပရာမာသ၊ ဣဒံသစ္စာဘိနိဝေသ၊ အတ္တဝါဒုပါဒါန်''ဟု အမည်အမျိုးမျိုးတပ်၍ ဟောရခြင်းအကြောင်းမှာ –

(၁) *သီလဗ္ဗတပရာမာသဒိဋ္ဌိ*သည် ''နွားအကျင့်၊ ခွေးအကျင့်တို့ဖြင့် ကိလေသာမှလည်း စင်ကြယ်၏၊ သံသရာမှလည်း လွတ်မြောက်၏''ဟု မှားယွင်းစွာ စွဲယူ၏။

(၂) *ဣဒံသစ္စာဘိနိဝေသဒိဋ္ဌိ*သည် ''ဤငါ၏အယူသာအမှန်၊ အခြားအယူအားလုံးသည် အမှားချည်း''ဟု စွဲမြဲစွာယူ၏။

(၃) *အတ္တဝါဒုပါဒါနဒိဋ္ဌိ*သည် ''အတ္တရှိ၏''ဟု မှားယွင်းပြင်းပြစွာစွဲယူ၏။

– ဤသို့စွဲယူပုံအခြင်းအရာကွဲပြားသောကြောင့် တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက်တစ်ခုတည်းကိုပင် နာမည်သုံးမျိုးတပ်၍ ဟောတော်မူ၏။

**၈၆။ လုပ်အားတန်ဘိုး ချစ်မြတ်နိုးသောပုဂ္ဂိုလ်တို့ ပယ်ထိုက်သောတရားနှင့် တိုးပွားစေထိုက်သော တရားတို့ကို သမ္မပ္ပဓာန်ရှုမျှော်လျက် ဖြေဆိုပြီးလျှင်၊ ''အဘိဓမ္မာစာမေးပွဲ''ကို အဆင့်တိုင်း၌ ဖိုလ်စွဲလိုလျှင် ပြည့်စုံရမည့်တရားတို့ကိုလည်း ဖော်ပြခဲ့ပါ။** (၂၀၀၆၊ စမန ၁၇၃၊ ၁၇၀)

**အဖြေ – လုပ်အားတန်ဖိုး ချစ်မြတ်နိုးသောပုဂ္ဂိုလ်တို့ ပယ်ထိုက်သောတရားနှင့် တိုးပွားစေထိုက်သောတရားတို့ကို သမ္မပ္ပဓာန်ရှုမျှော်လျက် ဖြေဆိုရသော် –**

(၁) ဖြစ်ပြီးသောအကုသိုလ်တရားတို့ကို ပယ်ဖျောက်နိုင်ခြင်းငှာ အားထုတ်ခြင်း၊

(၂) မဖြစ်သေးသောအကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာအားထုတ်ခြင်း၊

(၃) မဖြစ်သေးသောကုသိုလ်တရားတို့ကို ဖြစ်ထွန်းစေခြင်းငှာအားထုတ်ခြင်း၊

(၄) ဖြစ်ပြီးသောကုသိုလ်တရားတို့ကို ခိုင်ခံ့တိုးပွားစေခြင်းငှာ အားထုတ်ခြင်းတို့ဖြစ်သည်။

ပယ်ထိုက်သောအကုသိုလ်တရားတို့မှာ ဒုစရိုက် ၁၀ ပါး၊ ကိလေသာ ၁၀ ပါး၊ အာသဝ ၄ ပါး၊ ဥပါဒါန် ၄ ပါး၊ အနုသယ (၇) ပါး၊ သံယောဇဉ် ၁၀ ပါးစသည်တို့ဖြစ်၏။

တိုးပွားစေထိုက်သောတရားတို့မှာ သုစရိုက် ၁၀ ပါး၊ မဂ္ဂင် ၈ ပါး၊ ဖိုလ် ၅ ပါး၊ ဣန္ဒြေ ၅ ပါး၊ သီလ၊ သမာဓိ၊ ပညာစသည်တို့ဖြစ်ကြ၏။

– **''အဘိဓမ္မာစာမေးပွဲ''ကို အဆင့်တိုင်း၌ ဖိုလ်စွဲလိုလျှင် ပြည့်စုံရမည့်တရားတို့မှာ–**
(ဤစာအုပ် စာမျက်နှာ ၃၁၄ နံပါတ် ၆၁ ဖိုလ် ၇ ပါးကိုဖြေဆိုပါ)

**၈၇။ ကိုယ်ပိုင်လက္ခဏာရှိကုန်သောတရားတို့ကို သီသာရုံဖော်ပြ၍ သုတ္တန်နည်း၊ အဘိဓမ္မာနည်းနှစ်မျိုးလုံးတွင် အကျုံးဝင်သော သံယောဇဉ်တရားများကိုလည်း ရေးသားဖြေဆိုပါ။** (၂၀၀၇၊ စမန ၁၆၅၊ ၁၆၆)

**အဖြေ** – ကိုယ်ပိုင်လက္ခဏာရှိကုန်သော ''**ဝတ္ထုဓမ္မ**''အမည်ရသည့်တရားတို့မှာ – ''စိတ် ၁ ပါး၊ စေတသိက် ၅၂ ပါး၊ နိပ္ဖန္နရုပ် ၁၈ ပါး၊ နိဗ္ဗာန်''ဟူ၍ ၇၂ ပါးဖြစ်ပါသည်။

**– သုတ္တန်နည်း – အဘိဓမ္မာနည်းနှစ်မျိုးလုံးတွင် အကျုံးဝင်သောသံယောဇဉ်များမှာ–**

(၁) *ကာမရာဂသံယောဇဉ်* = ဝတ္ထုအာရုံကာမဂုဏ်ကို လိုချင်တပ်မက်သောလောဘ၊

(၂) *ရူပရာဂသံယောဇဉ်* = ရူပဈာန်နှင့်ရူပကုသိုလ်ကံ၏အကျိုးကိုလိုချင်တပ်မက်သော လောဘ၊

(၃) *အရူပရာဂသံယောဇဉ်* = အရူပဈာန်နှင့် အရူပကုသိုလ်ကံ၏အကျိုးဝိပါက်ကို လိုချင်တပ်မက်သောလောဘ၊

(အဘိဓမ္မာနည်းတွင် ရူပရာဂသံယောဇဉ်နှင့် အရူပရာဂသံယောဇဉ်တို့ကို ပေါင်း၍ ဘဝရာဂသံယောဇဉ်ဟုဆို၏။)

(၄) *ပဋိဃသံယောဇဉ်* = စိတ်ဆိုး, စိတ်ပျက်, စိတ်ပူပန်ခြင်း – ဒေါသ၊

(၅) *မာနသံယောဇဉ်* = ထောင်လွှားဝင့်ကြွားမှု – မာန၊

(၆) *ဒိဋ္ဌိသံယောဇဉ်* = သီလဗ္ဗတပရာမာသဒိဋ္ဌိမှတစ်ပါး ကျန်အယူမှားများ – ဒိဋ္ဌိ၊

(၇) *သီလဗ္ဗတပရာမာသသံယောဇဉ်* = ''နွားအကျင့်, ခွေးအကျင့်တို့ဖြင့် ကိလေသာမှလည်း စင်ကြယ်၏၊ သံသရာမှလည်းလွတ်မြောက်၏'' ဟု မှားယွင်းစွာစွဲလမ်းမှု – ဒိဋ္ဌိ၊

(၈) *ဝိစိကိစ္ဆာသံယောဇဉ်* = ဘုရား, တရား, သံဃာစသည့်ကုသိုလ်ရေး၌ ယုံမှားသံသယဖြစ်မှု – ဝိစိကိစ္ဆာ၊

(၉) *အဝိဇ္ဇာသံယောဇဉ်* = အာရုံ၏သဘောမှန်, တရားမှန်ကို မသိမှု – မောဟတို့ဖြစ်ပါသည်။

**၈၈။ ''မိန်းကလေးတို့၏က္ခန္ဓ – ရွှေပေးလို့မရ၊ ရဟန်းတို့၏က္ခန္ဓ – စိန်ကျွေးလည်းမရ''ဟု လောဘသားများပြောဆိုနေကြရာ အဘယ်က္ခန္ဓတို့ကို ရည်ရွယ်သည်ကိုဖြေဆို၍၊ က္ခန္ဓ ၂၂ ပါးတို့ကိုလည်း ရုပ်က္ခန္ဓ၊ နာမ်က္ခန္ဓ၊ ရုပ်နာမ်က္ခန္ဓအားဖြင့် ခွဲခြားဖြေဆိုပါ။** (၂၀၀၇၊ စမန ၁၆၉၊ ၁၇၀)

**အဖြေ** – ''မိန်းကလေးတို့၏က္ခန္ဓ ရွှေပေးလို့မရ''ဟူသည်မှာ ''**ဣတ္ထိန္ဒြေ**''ကို ဆိုလို၏။ ''ရဟန်းတို့၏က္ခန္ဓ စိန်ကျွေးလည်းမရ''ဟူသည်မှာ ''**ပုရိသိန္ဒြေ**''ကိုဆိုလိုပါသည်။

**– က္ခန္ဓ ၂၂ ပါးတို့ကို ရုပ်က္ခန္ဓ, နာမ်က္ခန္ဓ, ရုပ်နာမ်က္ခန္ဓအားဖြင့် ခွဲခြားပြရသော် –**

| **ရုပ်က္ခန္ဓ** | **နာမ်က္ခန္ဓ** | |
|---|---|---|
| *(၁) စက္ခုန္ဒြေ* | *(၁) မနိန္ဒြေ* | *(၈) ဝီရိယိန္ဒြေ* |
| *(၂) သောတိန္ဒြေ* | *(၂) သုခိန္ဒြေ* | *(၉) သတိန္ဒြေ* |
| *(၃) ဃာနိန္ဒြေ* | *(၃) ဒုက္ခိန္ဒြေ* | *(၁၀) သမာဓိန္ဒြေ* |
| *(၄) ဇိဝှိန္ဒြေ* | *(၄) သောမနဿိန္ဒြေ* | *(၁၁) ပညိန္ဒြေ* |
| *(၅) ကာယိန္ဒြေ* | *(၅) ဒေါမနဿိန္ဒြေ* | *(၁၂) အနညာတညဿာမီတိန္ဒြေ* |
| *(၆) ဣတ္ထိန္ဒြေ* | *(၆) ဥပေက္ခိန္ဒြေ* | *(၁၃) အညိန္ဒြေ* |
| *(၇) ပုရိသိန္ဒြေ* | *(၇) သဒ္ဓိန္ဒြေ* | *(၁၄) အညာတာဝိန္ဒြေ* |

**ရုပ်နာမ်က္ခန္ဓ** မှာ (၁) **ဇီဝိတိန္ဒြေ** ၁ ပါးတို့ဖြစ်ပါသည်။

**၈၉။ ၃၁ဘုံ ဘဝဇာတ်ခုံဝယ် ဇာတ်ဆရာအလိုကျ က–ပြရသော သံသရာဇာတ်ကောင် များပီပီ သံသရာခရီးကြမ်းမှလွတ်ရာဖြစ်သော သတိပဋ္ဌာန်တရားများကို ဖော်ပြ၍၊ နိဗ္ဗာန်ကို ခန္ဓာအဖွဲ့အဝင်တွင် ပါဝင်ခွင့်မပေးရခြင်းအကြောင်းကိုလည်း ဖြေဆို ပြပါ။** (၂၀၀၇၊ စမန ၁၇၂၊ ၁၇၇)

**အဖြေ – သံသရာခရီးကြမ်းမှ လွတ်ရာဖြစ်သောသတိပဋ္ဌာန်တရားများမှာ –**
(ဤစာအုပ် စာမျက်နှာ ၃၁၃ နံပါတ် ၅၉ သတိပဋ္ဌာန် ၄ ပါးကို ဖြေဆိုပါ)

**– နိဗ္ဗာန်ကို ခန္ဓာအဖွဲ့အဝင်တွင် ပါဝင်ခွင့်မပေးရခြင်းအကြောင်းမှာ–**
(ဤစာအုပ်စာမျက်နှာ ၃၀၈ နံပါတ် ၅၁ တွင် ဖြေဆိုထားပါသည်။)

**၉၀။ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်နိုင်သည်ဟု ဆိုသော်လည်း မဖြတ်နိုင်လောက်အောင်စွဲလမ်းနေသူအား ဖြစ်နိုင်သောဥပါဒါန်ကို ဖော်ပြ၍၊ ဈာန်ရသောတရားများကို ဖြစ်ခွင့်မရအောင် ပိတ်ပင်တားမြစ်တတ် သော တရားများကိုလည်း ရေးသားဖြေဆိုပါ။** (၂၀၀၈၊ စမန၊ ၁၆၃၊ ၁၆၄)

**အဖြေ –** ဆေးလိပ်မဖြတ်နိုင်လောက်အောင်စွဲလမ်းနေသူအား ဖြစ်နိုင်သောဥပါဒါန်သည် ''**ကာမုပါဒါန်**''ဖြစ်၏။

– ဈာန်ရသောတရားများကို ဖြစ်ခွင့်မရအောင် ပိတ်ပင်တားမြစ်တတ်သောတရားများမှာ–
(ဤစာအုပ်စာမျက်နှာ ၂၉၅ နံပါတ် ၂၁ နီဝရဏ ၆ ပါးကိုဖြေဆိုပါ)

**၉၁။ မကောင်းမှုအကုသိုလ်ပြုလုပ်နေသော ဒုစရိုက်သမားတို့၏လက်သုံးဖြစ်သော မဂ္ဂင်တရားများကိုဖော်ပြ၍၊ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ မြဲမြဲနိုင်ခံ့သော သဘောတရား၏အမည်ကိုလည်း ဖြေဆိုပါ။** (၂၀၀၈၊ စမန ၁၆၉၊ ၁၇၀)

**အဖြေ –** မကောင်းမှုပြုနေသူ – ဒုစရိုက်သမားတို့၏လက်သုံးမဂ္ဂင်တရားများမှာ–
(ဤစာအုပ် စာမျက်နှာ ၃၀၅ နံပါတ် ၄၁ မိစ္ဆာမဂ္ဂင် ၄ ပါးကို ဖြေဆိုပါ)

**– မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ မြဲမြဲနိုင်ခံ့သောသဘောတရားမှာ ''ဗိုလ်တရား''** ဖြစ်ပါသည်။

**၉၂။ သူတော်ကောင်းများ အရိုးကျေကျေအရေခန်းခန်း မဆုတ်မနစ် ဖွဲလုံ့လဖြင့် ပြင်းထန်စွာအားထုတ်အပ်သောတရားများကို ဖြေဆို၍၊ ဒုက္ခသစ္စာမထိုက်သော တေဘူမကတရားကိုလည်း ရေးသားပါ။** (၂၀၀၈၊ စမန ၁၇၃၊ ၁၈၀)

**အဖြေ –** သူတော်ကောင်းများ အရိုးကျေကျေအရေခန်းခန်း အားထုတ်အပ်သော တရားများ မှာ – (ဤစာအုပ် စာမျက်နှာ ၂၉၇ နံပါတ် ၂၄ သမ္မပ္ပဓာန် ၄ ပါးကို ဖြေဆိုပါ)

– ဒုက္ခသစ္စာမထိုက်သော တေဘူမကတရားမှာ ''**လောဘစေတသိက်**''ဖြစ်ပါသည်။

**၉၃။ မဟာသမုဒ္ဒရာရှိ ဝဲဂယက်ကြီးများကဲ့သို့ သတ္တဝါများအား နစ်မြုပ်စေတတ် သောတရားများကိုဖြေဆို၍၊ သံယောဇဉ်အရတွင် မပါဝင်သောအကုသိုလ်စေတ သိက်များကိုလည်း အမည်မျှသာဖော်ပြပါ။**
(၂၀၀၉၊ စမန ၁၆၂၊ ၁၆၃၊ ၁၆၅၊ ၁၆၆)

**အဖြေ** – မဟာသမုဒ္ဒရာရှိ ဝဲဂယက်ကြီးများကဲ့သို့ သတ္တဝါများအား နစ်မြုပ်စေတတ်သော တရားများမှာ – (ဤစာအုပ် စာမျက်နှာ ၃၀၇ နံပါတ် ၄၇ ဩဃ ၄ ပါးကိုဖြေဆိုပါ)

– သံယောဇဉ်အရတွင် မပါဝင်သော အကုသိုလ်စေတသိက်များမှာ–

''အဟိရိက၊ အနောတ္တပ္ပ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ''စေတသိက်များဖြစ်ပါသည်။

**၉၄။ ဣန္ဒြေ ၂၂ ပါးတို့တွင် သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သာရနိုင်သော ဣန္ဒြေကို တိကျစွာညွှန်ပြ၍၊ အကြီးအမှူး အရှင်သခင်ဖြစ်သောတရားတို့၏စိတ်အစဉ်၌ ဖြစ်ပုံဖြစ်ဟန်ကိုလည်း သိသာရုံမျှဖြေဆိုပါ။** (၂၀၀၉၊ စမန ၁၇၀၊ ၁၇၁)

**အဖြေ** – ဣန္ဒြေ ၂၂ ပါးတို့တွင် သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သာ ရနိုင်သော ဣန္ဒြေတရားမှာ–

''*အနညာတညဿာမီတိန္ဒြေ*''ဖြစ်ပါသည်။

– **အကြီးအမှူးအရှင်သခင်ဖြစ်သောတရားတို့သည်** ''*ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိ*''တည်းဟူသော အဓိပတိတရား ၄ ပါးဖြစ်ပါသည်။ အဓိပတိတရားဟူသည်မှာ မိမိနှင့်အတူဖြစ်ဖက် စိတ်စေတသိက်တရားအားလုံးတို့၏အကြီးအကဲ အရှင်သခင်ဖြစ်၏။ အရှင်သခင်ဖြစ်သော အဓိပတိတရားတို့၏စိတ်အစဉ်၌ဖြစ်ပုံဖြစ်ဟန်မှာ အဓိပတိတရားသည် ယှဉ်ဖက်စိတ်စေတသိက်အားလုံးကို လွှမ်းမိုး၏၊ ယှဉ်ဖက်စိတ်စေတသိက် အားလုံးကို မိမိအလိုသို့လိုက်ပါစေ၏။

**၉၅။ ဗောဓိပက္ခိယသင်္ဂဟ၌ ပညာစေတသိက်၏ဖြစ်ရာဌာနတို့ကို ဖြေဆို၍၊ သက်ပွ နှင့် ပီတိတရားတို့၏လောကုတ္တရာစိတ်တို့၌ဖြစ်ပုံမဖြစ်ပုံတို့ကိုလည်း စုံလင်အောင် ဖြေဆိုပါ။** (၂၀၀၉၊ စမန ၁၇၆၊ ၇၆)

**အဖြေ – ဗောဓိပက္ခိယသင်္ဂဟ၌ ပညာစေတသိက်၏ဖြစ်ရာဌာနတို့မှာ –**

(၁) ဣဒ္ဓိပါဒ် ၄ ပါးတို့တွင် ဝီမံသိဒ္ဓိပါဒ်အဖြစ်လည်းကောင်း။

(၂) ဣန္ဒြေ ၅ ပါးတွင် ပညိန္ဒြေအဖြစ်လည်းကောင်း၊

(၃) ဗိုလ် ၅ ပါးတွင် ပညာဗိုလ်အဖြစ်လည်းကောင်း၊

(၄) ဗောဇ္ဈင် ၇ ပါးတွင် ဓမ္မဝိစယသမ္ဗောဇ္ဈင်အဖြစ်လည်းကောင်း၊

(၅) မဂ္ဂင် ၈ ပါးတွင် သမ္မာဒိဋ္ဌိမဂ္ဂင်အဖြစ်လည်းကောင်း၊ ပါဝင်ပါသည်။

– **သက်ပွ (ဝိတက်)နှင့် ပီတိတရားတို့၏လောကုတ္တရာစိတ်များ၌ ဖြစ်ပုံမဖြစ်ပုံမှာ–**

**သက်ပွ** (ဝိတက်)သည် လောကုတ္တရာပဌမစျာန်စိတ် ၈ ပါး၌ဖြစ်ပြီး၊ ကြွင်းသည့် လောကုတ္တရာ ဒုတိယစျာန်စိတ် ၈ ပါး၊ တတိယစျာန်စိတ် ၈ ပါး၊ စတုတ္ထစျာန်စိတ် ၈ ပါး၊ ပဥ္စမစျာန် ၈ ပါး (ပေါင်း ၃၂ ပါး) တို့၌ မဖြစ်ပါ။

**ပီတိ**သည် လောကုတ္တရာပဌမစျာန်စိတ် ၈ ပါး၊ ဒုတိယစျာန်စိတ် ၈ ပါး၊ တတိယစျာန်စိတ် ၈ ပါး (ပေါင်း ၂၄ ပါး) တို့၌ဖြစ်ပြီးလျှင် ကြွင်းသည့်လောကုတ္တရာစတုတ္ထစျာန်စိတ် ၈ ပါး၊ ပဥ္စမစျာန်စိတ် ၈ ပါး (ပေါင်း ၁၆ ပါး) တို့၌ မဖြစ်ပါ။

**၉၆။ သတ္တဝါတို့ကို သံသရာဝဋ်အတွင်းမှ မလွတ်ကင်းရအောင် ဖွဲ့နှောင်ယှဉ်စပ်တတ် သောတရားအစုတို့ကို အဘိဓမ္မာနည်းအရထုတ်ပြ၍၊ သတ္တဝါတို့၏သန္တာန်၌ အစဉ်**

**အမြဲကိန်းအောင်းလျက်ရှိသောတရားအစုတို့ကိုလည်း ဖော်ပြပါ။**

(၂၀၁၀၊ စမန ၁၆၃၊ ၁၆၄–၁၆၅)

**အဖြေ –** သတ္တဝါတို့ကို သံသရာဝဋ်အတွင်းမှ မလွတ်ကင်းရအောင် ဖွဲ့နှောင်ယှဉ်စပ်တတ်သောတရားအစုမှာ – ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂတို့တည်း။

သတ္တဝါတို့၏သန္တာန်၌အမြဲကိန်းအောင်းလျက်ရှိသောတရားအစုတို့မှာ –

(ဤစာအုပ် စာမျက်နှာ ၂၈၆ နံပါတ် ၂ မှ အနုသယ ၇ ပါးကို ဖြေဆိုပါ)

**၉၇။ ထိုထိုများစွာသတ္တဝါတို့အား ကောင်းမှု–မကောင်းမှုကံများ ပြုလုပ်ကျူးလွန်မိအောင် အားပေးလှုံ့ဆော်တတ်သောအကြောင်းရင်းများကိုထုတ်ပြ၍၊ ဈာန်, မဂ်, ဖိုလ်ရရန် အခြေခံဖြစ်သောနည်းလမ်းကောင်းများကိုလည်း တရားကိုယ်နှင့်တကွဖော်ပြပါ။** (၂၀၁၀၊ စမန ၁၆၅၊ ၁၇၃)

**အဖြေ – ထိုထိုများစွာ သတ္တဝါတို့အား ကောင်းမှုကံများပြုလုပ်မိအောင် အားပေးလှုံ့ဆော်တတ်သော အကြောင်းရင်းတရားများမှာ** – (၁) အလောဘဟိတ် (၂) အဒေါသဟိတ် (၃) အမောဟဟိတ် ဟူသော ''ကုသိုလ်ဟိတ် ၃ ပါး'' တို့ဖြစ်ပါသည်။

– ထိုထိုများစွာ သတ္တဝါတို့အား မကောင်းမှုကံကျူးလွန်မိအောင် အားပေးလှုံ့ဆော်တတ်သော အကြောင်းရင်းတရားများမှာ– (၁) လောဘဟိတ် (၂) ဒေါသဟိတ် (၃) မောဟဟိတ် ဟူသော ''အကုသိုလ်ဟိတ် ၃ ပါး'' တို့ဖြစ်ပါသည်။

**– ဈာန်, မဂ်, ဖိုလ်ရရန် အခြေခံဖြစ်သော နည်းလမ်းကောင်းနှင့် တရားကိုယ်များမှာ –**

(၁) *ဆန္ဒိဒ္ဓိပါဒ်* = ကုသိုလ်စိတ် ၂၁ ပါး၌ယှဉ်သော ဆန္ဒစေတသိက်၊

(၂) *ဝီရိယိဒ္ဓိပါဒ်* = ကုသိုလ်စိတ် ၂၁ ပါး၌ယှဉ်သော ဝီရိယစေတသိက်၊

(၃) *စိတ္တိဒ္ဓိပါဒ်* = မဟာကုသိုလ်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ပါး၊ လောကုတ္တရာကုသိုလ်စိတ် ၄ ပါးဟူသည့် ကုသိုလ်စိတ် ၂၁ ပါး၊

(၄) *ဝီမံသိဒ္ဓိပါဒ်* = မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ပါး၊ လောကုတ္တရာကုသိုလ်စိတ် ၄ ပါးဟူသည့် ကုသိုလ်စိတ် ၁၇ ပါး၌ရှိသောပညာတို့ဖြစ်ပါသည်။

**၉၈။ ဗောဓိပက္ခိယသင်္ဂဟ၌ ကေဂ္ဂတာစေတသိက်၏ဖြစ်ရာဌာနတို့ကို အသီးသီးရေတွက်ပြ၍၊ လူ့ခန္ဓာကိုယ်အဖွဲ့အစည်းအတွင်း၌ နိဗ္ဗာန်ပါဝင်မှုရှိပါသလော၊ အဘိဓမ္မာအမြင့်ဖြင့် ရှင်းလင်းဖြေဆိုပါ။** (၂၀၁၀၊ စမန ၁၇၆၊ ၁၇၇၊ ၁၇၈)

**အဖြေ – ဗောဓိပက္ခိယသင်္ဂဟ၌ ကေဂ္ဂတာစေတသိက်၏ဖြစ်ရာဌာနများမှာ–**

(၁) ဣန္ဒြေ ၅ ပါး၌ သမာဓိန္ဒြေအဖြစ်လည်းကောင်း၊

(၂) ဗိုလ် ၅ ပါး၌ သမာဓိဗိုလ်အဖြစ်လည်းကောင်း၊

(၃) ဗောဇ္ဈင် ၇ ပါး၌ သမာဓိသမ္ဗောဇ္ဈင် အဖြစ်လည်းကောင်း၊

(၄) မဂ္ဂင် ၈ ပါး၌ သမ္မာသမာဓိမဂ္ဂင်အဖြစ်လည်းကောင်း ပါဝင်ပါသည်။

**– လူ့ခန္ဓာကိုယ်အဖွဲ့အစည်း (ခန္ဓာငါးပါး) အတွင်း၌ နိဗ္ဗာန်ပါဝင်မှုမရှိပါ။ အဘိဓမ္မာအမြင်ဖြင့် ရှင်းပြရသော် –**

(၁) နိဗ္ဗာန်သည် ကာလသုံးပါးမှလွတ်သဖြင့် ကာလဝိမုတ်ဖြစ်၏။
(၂) အဇ္ဈတ္တ, ဗဟိဒ္ဓဟု ၂ မျိုးမကွဲပြားဘဲ ခန္ဓာကိုယ်ပြင်ပ၌တည်သောကြောင့် ဗဟိဒ္ဓတရား ဖြစ်၏။
(၃) ဩဠာရိက, သုခုမဟု ၂ မျိုးမကွဲပြားဘဲ သိမ်မွေ့သောကြောင့် သုခုမတစ်မျိုးသာဖြစ်၏။
(၄) ဟီန, ပဏီတဟု ၂ မျိုးမကွဲပြားဘဲ မြတ်သောကြောင့် ပဏီတတစ်မျိုးသာဖြစ်၏။
(၅) ဒူရေ, သန္တိကေဟု ၂ မျိုးမကွဲပြားဘဲ ဉာဏ်နှင့်ဝေးသောကြောင့် ဒူရေတစ်မျိုးသာ ဖြစ်၏။

ဤသို့ ဆိုင်ရာဌာနအသီးသီး၌ ၂ မျိုးမရ၊ တစ်မျိုးစီသာရသောကြောင့် နိဗ္ဗာန်ကို 'ဘေဒါဘာဝ = အကွဲအပြားမရှိ''ဟု ဆိုရ၏။ ဗဟိဒ္ဓ, သုခုမ, ပဏီတ, ဒူရဟူသော ၄ မျိုးကား အချင်းချင်းကွဲပြားကြသည်မဟုတ်၊ ခန္ဓာကိုယ်ပြင်ပ၌တည်သော ဗဟိဒ္ဓနိဗ္ဗာန်သည်ပင် သုခုမလည်းဖြစ်၏၊ ပဏီတလည်းဖြစ်၏၊ ဒူရလည်းဖြစ်၏။ ဤသို့လျှင် နိဗ္ဗာန်၌အကွဲအပြားမရှိ၊ ခန္ဓာကိုယ်ပြင်ပတရားဖြစ်၍ လူခန္ဓာကိုယ်အဖွဲ့အစည်း (ခန္ဓာငါးပါး) အတွင်း၌ နိဗ္ဗာန်မပါဝင်ပါ။

**၉၉။ ''အမုန်းသံယောဇဉ်သည် အချစ်သံယောဇဉ်ထက် ခိုင်မြဲ၏''ဟု ဆိုရာ အမုန်းသံယောဇဉ်၊ အချစ်သံယောဇဉ်တို့၏အမည်မှန်ကို တရားကိုယ်နှင့်တကွ ယှဉ်တွဲဖော်ပြ၍ သံယောဇဉ်သာမည်၍ ကိလေသာမမည်သောတရားတို့ကိုလည်း သိသာရုံမျှ ထုတ်ပြပါ။** (၂၀၁၁၊ စမန ၁၆၇၊ ၁၆၆၊ ၁၆၅)

**အဖြေ – အမုန်းသံယောဇဉ်၊ အချစ်သံယောဇဉ်တို့၏အမည်မှန်နှင့်တရားကိုယ်တို့မှာ–**

| **သံယောဇဉ်** | **အမည်မှန်** | **တရားကိုယ်** |
|---|---|---|
| အမုန်းသံယောဇဉ် | = ပဋိဃသံယောဇဉ် | – ဒေါသစေတသိက် |
| အချစ်သံယောဇဉ် | = ကာမရာဂသံယောဇဉ် | – လောဘစေတသိက် |

– သံယောဇဉ်သာမည်၍ ကိလေသာမမည်သောတရားတို့မှာ – ''ဣဿာနှင့်မစ္ဆရိယ'' စေတသိက်တို့ဖြစ်ပါသည်။

**၁၀၀။ ''မဂ္ဂင်ဖောင်ကြီး အမြန်စီး၍ နိဗ္ဗာန်ခရီးသွားကြမည်''ဟု ကြွေးကြော်သံရှိသော်လည်း နိဗ္ဗာန်မသွား၊ အပါယ်လားစေသောမဂ္ဂင်တို့ကို ဖော်ပြ၍၊ က္ခန္ဓေ ၂၂ ပါးတို့တွင် နာမ်သက်သက်က္ခန္ဓေများကိုလည်း စနစ်တကျရေတွက်ပြပါ။** (၂၀၁၁၊ စမန ၁၆၉၊ ၁၇၀)

**အဖြေ – နိဗ္ဗာန်မသွား၊ အပါယ်လားစေသော မဂ္ဂင်တို့မှာ မိစ္ဆာမဂ္ဂင် ၄ ပါးတို့ဖြစ်သည်၊ ၎င်းတို့မှာ** – (ဤစာအုပ် စာမျက်နှာ ၂၈၈ နံပါတ် ၇ တွင် ဖြေဆိုထား၏။)

**– က္ခန္ဓေ ၂၂ ပါးတို့တွင် နာမ်သက်သက် က္ခန္ဓေများမှာ –**

| | |
|---|---|
| *(၁) မနိန္ဒြေ* | *(၅) ဒေါမနဿိန္ဒြေ* |
| *(၂) သုခိန္ဒြေ* | *(၆) ဥပေက္ခိန္ဒြေ* |
| *(၃) ဒုက္ခိန္ဒြေ* | *(၇) သဒ္ဓိန္ဒြေ* |
| *(၄) သောမနဿိန္ဒြေ* | *(၈) ဝီရိယိန္ဒြေ* |

*(၉) သတိန္ဒြေ* *(၁၂) အနညာတညဿာမီတိန္ဒြေ*
*(၁၀) သမာဓိန္ဒြေ* *(၁၃) အညိန္ဒြေ*
*(၁၁) ပညိန္ဒြေ* *(၁၄) အညာတာဝိန္ဒြေ* တို့ဖြစ်ပါသည်။

**၁၀၁။ မဂ္ဂင်, ဣန္ဒြေ, ဗိုလ်အဖြစ်သို့ရောက်သော စေတသိက်၊ မရောက်သော စေတသိက် တို့ကို ခွဲခြားဖြေဆို၍၊ လောကီစိတ်တို့၌ ဗောဓိပက္ခိယတရားများကို တရားကိုယ် ကောက်ထိုက်မကောက်ထိုက်ကိုလည်း အဘိဓမ္မာပညာရှင်ပီပီ ရှင်းပြပါ။**

(၂၀၁၁၊ စမန ၁၆၉၊ ၁၇၀၊ ၁၇၁)

**အဖြေ – မဂ္ဂင်အဖြစ်သို့ရောက်သောစေတသိက်တို့မှာ** – မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာ စိတ် ၈ ပါး၊ အပ္ပနာဇော ၂၆ ပါး၊ ဝိစိကိစ္ဆာကြဉ်သောအကုသိုလ်စိတ် ၁၁ ပါး၊ စုစုပေါင်းစိတ် ၅၃ ပါး၌ယှဉ်သော စေတသိက်တို့ဖြစ်ပါသည်။

ကြွင်းသောစိတ် ၃၆ ပါး၌ယှဉ်သော စေတသိက်တို့သည် မဂ္ဂင်အဖြစ်သို့ မရောက်ကြပါ။

**– ဣန္ဒြေ, ဗိုလ်အဖြစ်သို့ရောက်သောစေတသိက်တို့မှာ** – ဝီရိယမယှဉ်သောစိတ် ၁၆ ပါးနှင့် ဝိစိကိစ္ဆာသမ္ပယုတ်မောဟမူစိတ်တို့ကိုကြဉ်သော စိတ် ၇၂ ပါးနှင့်ယှဉ်သည့် စေတသိက်တို့ ဖြစ်ပါသည်။

ဝီရိယမယှဉ်သော စိတ် ၁၆ ပါးနှင့် ဝိစိကိစ္ဆာသမ္ပယုတ်မောဟမူစိတ်ဟူသည့် စိတ် ၁၇ ပါးနှင့်ယှဉ်သည့်စေတသိက်တို့သည် ဣန္ဒြေ, ဗိုလ်အဖြစ်သို့ မရောက်ကြပါ။ (ဝီရိယမယှဉ်သောစိတ် ၁၆ ပါးမှာ ဒွေပဉ္စဝိညာဏ် ၁၀၊ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃ ပါးတို့ဖြစ်ပါသည်။)

**– လောကီစိတ်တို့၌ ဗောဓိပက္ခိယတရားများကို တရားကိုယ်ကောက်ထိုက်ပါသည်။**

အကြောင်းမှာ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ပါးနှင့် မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ပါးတို့သည် စိတ္တုပ္ပါဒ်တွင် ပါဝင်သောကြောင့် ဖြစ်ပါသည်။

**၁၀၂။ 'ပရမတ်အစစ် ခတ်အနှစ်' ဟူသောစကားအရ ကိုယ်ပိုင်လက္ခဏာရှိသော ပရမတ်အစစ်တရားတို့ကို ကုန်စင်အောင်ဖော်ပြ၍၊ ဒိဋ္ဌိစေတသိက်တစ်ပါးတည်း ကိုပင် သီလဗ္ဗတပရာမာသစသောအမည်အမျိုးမျိုးဖြင့် ဟောရခြင်းအကြောင်းကို လည်းဖြေဆိုပါ။** (၂၀၁၂၊ စမန ၁၆၂၊ ၁၆၄)

**အဖြေ** – 'ပရမတ်အစစ် ခတ်အနှစ်' ဟူသောစကားအရ ကိုယ်ပိုင်လက္ခဏာရှိသော ပရမတ်တရားတို့မှာ – ''စိတ် ၁ ပါး၊ စေတသိက် ၅၂ ပါး၊ နိပ္ဖန္နရုပ် ၁၈ ပါး၊ နိဗ္ဗာန်''ဟူသော တရား ၇၂ ပါးဖြစ်ပါသည်။

**– ဒိဋ္ဌိစေတသိက်တစ်ပါးတည်းကိုပင် သီလဗ္ဗတပရာမာသစသောအမည်အမျိုးမျိုးဖြင့် ဟောရခြင်းအကြောင်းမှာ** – (ဤစာအုပ်စာမျက်နှာ ၃၁၂ နံပါတ် ၅၈ တွင် ဖြေပြထားပါသည်)

**၁၀၃။ သတ္တဝါတို့၏အကျိုးကို ထောက်ပံ့ဆောင်ရွက်ပေးနိုင်သော အာဟာရလေးပါး တို့၏အသီးအသီးဆောင်ရွက်ပုံကို စုံလင်အောင်ဖြေဆို၍၊ အဓိပတိရထိုက်သော**

**စိတ်/ မရထိုက်သောစိတ်တို့ကိုလည်း တိကျစွာကောက်ပြပါ။**

(၂၀၀၂၊ စမန ၁၇၂၊ ၁၇၁၊ ဟိတ်ဇယား)

**အဖြေ – သတ္တဝါတို့၏အကျိုးကို ထောက်ပံ့ဆောင်ရွက်ပေးနိုင်သော အာဟာရလေးပါးတို့၏** အသီးအသီးဆောင်ရွက်ပုံမှာ –(ဤစာအုပ် စာမျက်နှာ ၃၀၅ နံပါတ် ၄၃ တွင်ဖြေပြထား၏)

– **အဓိပတိရထိုက်သောစိတ်**တို့မှာ ဒွိဟိတ်ဇောစိတ် ၁၈ ပါး၊ တိဟိတ်ဇောစိတ် ၃၄ ပါး၊ ပေါင်း ဇောစိတ် ၅၂ ပါးဖြစ်သည်။

– အဓိပတိမရထိုက်သောစိတ်တို့မှာ ကြွင်းသည့်စိတ် ၃၇ ပါးဖြစ်သော မောဟမူစိတ် ၂ ပါး၊ အဟိတ်ကြိယာစိတ် ၃ ပါး၊ လောကီဝိပါက်စိတ် ၃၂ ပါးတို့ဖြစ်ပါသည်။

**၁၀၄။ လောကသံသရာ ဘဝနှစ်ဖြာတွင် အထက်တန်းကျကျနေနိုင်ရေးအတွက် လုံ့လပြုရမည့်နည်းလမ်းကောင်းများကို အဘိဓမ္မာအမြင်ဖြင့် ရှာဖွေတင်ပြ၍ ဥပါဒါနက္ခန္ဓာငါးပါးတရားကိုယ်ကောက်ရမည့်တရားများကိုလည်း တိကျစွာဖော်ပြပါ။**

(၂၀၁၂၊ စမန ၁၇၃၊ ၁၇၇)

**အဖြေ** – လောကသံသရာ ဘဝနှစ်ဖြာတွင် အထက်တန်းကျကျနေနိုင်ရေးအတွက် လုံ့လပြုရမည့်နည်းလမ်းများမှာ သမ္မပ္ပဓာန် ၄ ပါးကို ပြည့်စုံအောင် ဖြည့်ကျင့်ရမည်၊ ဖြည့်ကျင့်ပုံမှာ –

(၁) ဖြစ်ပြီးသောအကုသိုလ်တရားများ (အာသဝေါ ၄ ပါး၊ ကိလေသာ ၁၀ ပါး၊ သံယောဇဉ် ၁၀ ပါး၊စသည်)ကို ပယ်ဖျောက်နိုင်ခြင်းငှာကြိုးစားခြင်း၊

(၂) မဖြစ်သေးသောအကုသိုလ်တရားများ (ဒုစရိုက် ၁၀ ပါး၊ ကိလေသာ ၁၀ ပါးစသည်) ကို မဖြစ်စေခြင်းငှာ အားထုတ်ခြင်း၊

(၃) မဖြစ်သေးသောကုသိုလ်တရားများ (ဗောဓိပက္ခိယ ၃၇ ပါး၊ သီလ–သမာဓိ–ပညာ) ကိုဖြစ်ထွန်းစေခြင်းငှာ အားထုတ်ခြင်း၊

(၄) ဖြစ်ပြီးသော ကုသိုလ်တရားများကို ခိုင်ခံ့တိုးပွားစေခြင်းငှာ အားထုတ်ခြင်းတို့ဖြစ်ပါသည်။

– **ဥပါဒါနက္ခန္ဓာငါးပါးတရားကိုယ်ကောက်ရမည့်တရားများမှာ–**

(၁) *ရူပုပါဒါနက္ခန္ဓာ* – ရုပ် ၂၈ ပါးတို့၏အပေါင်းအစု၊

(၂) *ဝေဒနုပါဒါနက္ခန္ဓာ* – လောကီစိတ် ၈၁ ပါးနှင့်ယှဉ်သောဝေဒနာတို့၏အပေါင်းအစု၊

(၃) *သညုပါဒါနက္ခန္ဓာ* – လောကီစိတ် ၈၁ ပါးနှင့်ယှဉ်သော သညာတို့၏အပေါင်းအစု၊

(၄) *သင်္ခါရုပါဒါနက္ခန္ဓာ* – ဝေဒနာ, သညာတို့မှအပ ကြွင်းသောလောကီစေတသိက် ၅၀ တို့၏ အပေါင်းအစု၊

(၅) *ဝိညာဏုပါဒါနက္ခန္ဓာ* – လောကီစိတ် ၈၁ ပါးတို့၏အပေါင်းအစု ဖြစ်ပါသည်။

# အဘိဓမ္မာ (တတိယဆင့်)

# ပစ္စည်းပိုင်း

(၁၉၈၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၃၂ နှစ် အမေးအဖြေများ)

**၁။ ပဋိစ္စသမုပ္ပါဒ်တရားတော်၌ အဝိဇ္ဇာကြောင့် သင်္ခါရ၏စသည်ဖြင့် ကြောင်းကျိုးဆက်စပ်ဖော်ပြရာတွင် အဝိဇ္ဇာ၏အကြောင်းမပါခဲ့၊ အဘယ်တရားသည် အဝိဇ္ဇာ၏အကြောင်းဖြစ်ပါသနည်း။** (၁၉၈၁၊ စမန ၁၉၄၄၊ အခြေပြုသင်္ဂြိုဟ် ၄၉၇)

**အဖြေ – အဝိဇ္ဇာ၏အကြောင်းကား** ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ ဟူသော အာသဝေါတရား ၄ ပါးတည်း။

''ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ''ဟု ဟောတော်မူသဖြင့် ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏ = အိုခြင်းသေခြင်းဖြစ်၏။ သောက = စိုးရိမ်ပူပန်ခြင်း၊ ဒုက္ခ=ကိုယ်ဆင်းရဲခြင်း၊ ဒေါမနဿ = စိတ်ဆင်းရဲခြင်း၊ ဥပါယာသ = ပြင်းစွာပူဆွေးခြင်းတို့လည်း ဖြစ်ပေါ်၏။ သောကစသည်ဖြစ်ပေါ်လျှင် ဒေါသမူ စိတ်နှင့်တကွ အဝိဇ္ဇာဖြစ်၏။

အာသဝေါတရား ၄ ပါးကြောင့်လည်း သောက ပရိဒေဝ ဒုက္ခ ဒေါမနဿစသည်တို့ဖြစ်ပေါ်ကြ၏။ နေ့စဉ် လူများစွာသေနေကြသည်ကိုကြားရသော်လည်း သောက, ပရိဒေဝ စသည်မဖြစ်၊ မိမိ၏ချစ်ကျွမ်းသူတစ်ဦးသေလျှင် သောက, ပရိဒေဝစသည် လွန်ကဲစွာဖြစ်၏၊ ဤကား ချစ်ခင်မှု = တဏှာလောဘဟူသော ကာမာသဝကြောင့် သောကစသည်ဖြစ်ခြင်း ပင်တည်း။

ခမ်းနားကြီးကျယ်သည့်ဘုံဗိမာန်များတွင် ကာလကြာရှည်စွာ စံမြန်းနေကြရသော နတ်ဗြဟ္မာ များသည် ဘဝါသဝဟူသည့် တဏှာလောဘဖြင့် နှစ်သက်အားရနေကြ၏။ မြတ်စွာဘုရား ဟောကြားသည့် အနိစ္စတရားစသည်ကိုကြားရသည့်အခါ တုန်လှုပ်ကြောက်လန့်၍ ဒေါသမူ စိတ်ဖြစ်ကြ၏

''ဤရုပ်ကိုယ်သည် ငါတည်း၊ ငါ၏ရုပ်တည်း''ဟု အယူမှားဒိဋ္ဌာသဝဖြင့် စွဲလမ်းနေသူသည် ရုပ်ဖောက်ပြန်သောအခါ သောက စသည်ဖြစ်ရ၏။

သဘောမှန်ကိုမသိသည့် မောဟဟူသောအဝိဇ္ဇာသဝကြောင့် သတ္တဝါတို့သည် သောကစ သည်ဖြစ်ကြ၏။ ငိုကြွေးခြင်းသည် အဝိဇ္ဇာမကင်းသူတို့၌သာ ဖြစ်လေ့ရှိ၏။ ကိုယ်ဆင်းရဲခြင်း– ဒုက္ခဖြစ်သည့်အခါ စိတ်မချမ်းသာခြင်း–ဒေါမနဿနှင့်တကွ ဒေါသမူစိတ်ဖြစ်၏။

သို့ဖြစ်၍ အာသဝေါ ၄ ပါးကြောင့် သောက, ပရိဒေဝစသည်ဖြစ်ပေါ်ပြီး၊ သောက, ပရိဒေဝစသည်ဖြစ်လျှင် ဒေါမနဿနှင့်တကွ ဒေါသမူစိတ်ဖြစ်၏။ ဒေါသမူစိတ်, လောဘ မူစိတ်, မောဟမူစိတ်တို့ဖြစ်လျှင် အဝိဇ္ဇာတစ်ပေါင်းတည်းပါဝင်လာ၏။ ထို့အတွက် အာသဝေါ ၄ ပါးကြောင့် အဝိဇ္ဇာဖြစ်ပေါ်ပါသည်။

**၂။ ရုပ်က နာမ်အား ပုရေဇာတပစ္စည်းဖြင့်ကျေးဇူးပြုရာတွင် မည်သည့်ရုပ်က မည်သည့်**

**နာမ်အား ကျေးဇူးပြုပါသနည်း။** (၁၉၈၁၊ စမန ၂၁၆၊ ၂၁၇)

**အဖြေ** – ရုပ်က နာမ်အား ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြုရာတွင်–

(၁) စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒ, ဟဒယဝတ္ထု ဟူသော ဝတ္ထုရုပ် ၆ ပါးတို့သည် ပဝတ္တိအခါ၌ ဝိညာဏဓာတ် ၇ ပါးတို့အားလည်းကောင်း၊

(၂) ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံ ၅ ပါးသည် ပဉ္စဝိညာဏ်စိတ် စေတသိက်များအားလည်းကောင်း၊ ပုရေဇာတပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

**၃။ အောက်ပါတို့သည် မည်သည့်ပညတ်များဖြစ်ကြောင်း ဖော်ပြပါ။**
**(က) ကမ္ဘာ (ခ) ရုပ်နာမ် ၂ ပါးရှိသောပုဂ္ဂိုလ် (ဂ) လူ၏အသံ (ဃ) တရားသံ (င) မင်းသား။** (၁၉၈၁၊ စမန၊ ၂၂၂)

**အဖြေ** – (က) ကမ္ဘာ= အဝိဇ္ဇမာနပညတ်၊

(ခ) ရုပ်နာမ်နှစ်ပါးရှိသောပုဂ္ဂိုလ်= ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊

(ဂ) လူ၏အသံ=အဝိဇ္ဇမာနေန ဝိဇ္ဇာမာနပညတ်။

(ဃ) တရားသံ = ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။

(င) မင်းသား = အဝိဇ္ဇမာနေန အဝိဇ္ဇာမာနပညတ်။

**၄။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးတို့တွင် ''တစ်နွယ်ငင်လျှင် တစ်စင်ပါသည်''ဆိုသည့် အတိုင်း အဝိဇ္ဇာကိုယူလျှင် အခြားမည်သည့်တရားများ ပါဝင်လာပါသနည်း။**

(၁၉၈၂၊ စမန ၁၉၃၊ အခြေပြုသင်္ဂြိုဟ် ၄၈၇)

**အဖြေ** – ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးတို့တွင် ''တစ်နွယ်ငယ်လျှင် တစ်စင်ပါသည်''ဆိုသည့် အတိုင်း အဝိဇ္ဇာကိုယူလျှင် တဏှာနှင့်ဥပါဒါန်တို့သည် အဝိနာဘာဝ (မကင်းစကောင်းသော) နည်းအားဖြင့် ပါဝင်လာကြသည်။ အကြောင်းမှာ အဝိဇ္ဇာသည် ကိလေသာ ၁၀ ပါး၌ပါဝင် သော ကိလေသဝဋ္ဋတရားဖြစ်၏။ တဏှာနှင့်ဥပါဒါန် (တဏှာ၊ ဒိဋ္ဌိ) တို့လည်း ကိလေသဝဋ္ဋ တရားများဖြစ်ကြ၏။ ထိုသို့ ကိလေသဝဋ္ဋတရားချင်းတူနေခြင်းကြောင့် အဝိဇ္ဇာကို ယူလိုက် သောအခါ တဏှာနှင့်ဥပါဒါန်တို့လည်း ''တစ်နွယ်ငင်–တစ်စင်ပါ''(ဝါ) ''အဝိနာဘာဝ နည်း''အရ ပါဝင်လာကြသည်။ တဏှာဟူသော 'လောဘ'၊ ဥပါဒါန်ဟူသော 'လောဘ, ဒိဋ္ဌိ'၊ အဝိဇ္ဇာဟူသော 'မောဟ'တို့သည် လောဘမူဒိဋ္ဌိသမ္ပယုတ်စိတ်၌ တစ်ပေါင်းတည်း ယှဉ်ဖြစ်ကြ ပါသည်။

**၅။ အညမညပစ္စည်းဟုဆိုရာတွင် နေ့စဉ်ပြုမူလှုပ်ရှားနေသောအခါ၌ အပြန်အလှန် အညမညဖြစ်နိုင်သည့် တရားများကို ဖော်ပြပါ။** (၁၉၈၂၊ စမန ၂၀၂)

**အဖြေ** – နေ့စဉ်ပြုမူလှုပ်ရှားနေသောအခါ၌ အပြန်အလှန် အညမညဖြစ်နိုင်သည့်တရားများ မှာ –

(၁) နာမ်ခန္ဓာလေးပါးဟူသော စိတ်စေတသိက်တို့သည် တစ်ပါးကိုတစ်ပါးက အပြန်အလှန် ကျေးဇူးပြုကြ၏။

(၂) မဟာဘုတ်လေးပါးသည် တစ်ပါးကိုတစ်ပါးက အပြန်အလှန်ကျေးဇူးပြုကြ၏။
(၃) ပဋိသန္ဓေစိတ် ဥပါဒ်ခဏ၌ နာမ်နှင့်ရုပ်တို့သည် အပြန်အလှန်ကျေးဇူးပြုကြ၏။

**၆။ အဘိဓမ္မာသင်္ဂြိုဟ်ကိုသင်ယူလျှင် အနည်းဆုံးပညတ်နှင့်ပရမတ်ကွဲဖို့လိုပါသည်။ သို့ဖြစ်၍ ''ရုပ်–ဝေဒနာ–မြေ–တောင်''တို့၌ သိသာရုံမျှ ပညတ်–ပရမတ်ခွဲခြားပြပါ။** (၁၉၈၂၊ စမန ၂၂၂)

**အဖြေ** – ''ရုပ်''သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသဖြင့် ပရမတ်တရားဖြစ်၏။
''ဝေဒနာ''သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသဖြင့် ပရမတ်တရားဖြစ်၏။
''မြေ''သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသဖြင့် ပညတ်တရားဖြစ်၏။
''တောင်''သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသဖြင့် ပညတ်တရားဖြစ်၏။

**၇။ ကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းအားဖြင့် အောက်ပါအကျိုးတရားများ၏အကြောင်းတရားများကို ဆက်နွယ်ပြပါ။**
**(က) တပ်မက်ခင်မင်လိုချင်မှု၊ (ခ) အငမ်းမရစွဲလမ်းမှု၊ (ဂ) စိုးရိမ်ပူဆွေးငိုကြွေးမှု**
(၁၉၈၃၊ စမန ၁၈၆၊ ၁၈၈)

**အဖြေ** – (က) ဝေဒနာပစ္စယာ တဏှာ
ခံစားမှု–ဝေဒနာဟူသောအကြောင်းကြောင့် တပ်မက်ခင်မင်လိုချင်မှု–တဏှာဟူသော အကျိုးတရားဖြစ်ပါသည်။

(ခ) တဏှာပစ္စယာ ဥပါဒါနံ
တပ်မက်ခင်မင်လိုချင်မှုတဏှာဟူသောအကြောင်းကြောင့် အငမ်းမရစွဲလမ်းမှု–ဥပါဒါန်ဟူသည့် အကျိုးတရားဖြစ်ပါသည်။

(ဂ) ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ
ပဋိသန္ဓေနေခြင်း–ဇာတိဟူသောအကြောင်းကြောင့် စိုးရိမ်ပူဆွေးငိုကြွေးမှု–သောက, ပရိဒေဝစသည့်အကျိုးတရားများ ဖြစ်ကြပါသည်။

**၈။ ကောင်းဆိုးနှစ်တန် စေတနာကံက ပေးစွမ်းနိုင်သောအကျိုးတရားများကို ပဋ္ဌာန်းနည်းအရ ပစ္စယသတ္တိနှင့်တကွ ဖော်ပြပါ။** (၁၉၈၃၊ စမန ၁၈၄)

**အဖြေ** – ကောင်းဆိုးနှစ်တန် စေတနာကံက ပေးစွမ်းနိုင်သောအကျိုးတရားများမှာ–
(၁) အကုသိုလ်စေတနာကံ ၁၂ ပါးသည် အပါယ်ပဋိသန္ဓေနှင့်တကွ အကုသလဝိပါက်ဝိညာဏ် ၇ ပါးကို ကမ္မပစ္စယသတ္တိဖြင့် ဖြစ်စေ၏။
(၂) ကာမာဝစရကုသိုလ်စေတနာကံ ၈ ပါးသည် ကာမသုဂတိပဋိသန္ဓေနှင့်တကွ အဟိတ်ကုသလဝိပါက်ဝိညာဏ် ၈ ပါးနှင့် မဟာဝိပါက်ဝိညာဏ် ၈ ပါးတို့ကို ကမ္မပစ္စယသတ္တိဖြင့် ဖြစ်စေ၏။
(၃) ရူပါဝစရကုသိုလ်စေတနာကံ ၅ ပါးသည် ရူပပဋိသန္ဓေနှင့်တကွ ရူပါဝစရဝိပါက်ဝိညာဏ် ၅ ပါးကို ကမ္မပစ္စယသတ္တိဖြင့် ဖြစ်စေ၏။
(၄) အရူပါဝစရကုသိုလ်စေတနာကံ ၄ ပါးသည် အရူပပဋိသန္ဓေနှင့်တကွ အရူပါဝစရဝိပါက်

ဝိညာဏ် ၄ ပါးကို ကမ္မပစ္စယသတ္တိဖြင့် ဖြစ်စေ၏။

**၉။ ပညတ်သည် သဒ္ဒပညတ်–အတ္ထပညတ်ဟူ၍ နှစ်မျိုးရှိရာ သဒ္ဒပညတ် ၆ မျိုးကို ပြည့်စုံစွာဖော်ပြပါ။** (၁၉၈၃၊ စမန ၂၂၂)

**အဖြေ – သဒ္ဒပညတ် ၆ မျိုးကို ပြည့်စုံစွာဖော်ပြရသော်–**

(၁) ***ဝိဇ္ဇမာနပညတ်*** – ပညတ်အပ်သော အနက်ဒြပ်အတ္ထပညတ်က ထင်ရှားရှိ၏။
ပုံစံ – ရူပ၊ စိတ္တ၊ စေတသိက၊ ဝေဒနာ၊ သညာ။

(၂) ***အဝိဇ္ဇမာနပညတ်*** – ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအနက်ဒြပ်အတ္ထပညတ်ကို သိစေကြောင်းဖြစ်သည့်သဒ္ဒပညတ်။
ပုံစံ– ပဗ္ဗတ(တောင်)၊ ဂေဟ(အိမ်)၊ ကျောင်း၊ လိုဏ်ဂူ။

(၃) ***ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်*** – ပရမတ္ထအားဖြင့်ထင်ရှားရှိသော အနက်ဒြပ်အတ္ထပညတ်နှင့် ထင်ရှားမရှိသည့် အနက်ဒြပ်အတ္ထပညတ်ကို ရောစပ်၍သိစေအပ်သော သဒ္ဒပညတ်။
ပုံစံ – ဆဠာဘိည = ၆ ပါးသောအဘိညာဏ်ရှိသူ၊
တေဝိဇ္ဇာ = ဝိဇ္ဇာဉာဏ် ၃ ပါးနှင့်ပြည့်စုံသူ။

(၄) ***အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်*** = ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအနက်ဒြပ်အတ္ထပညတ်နှင့် ထင်ရှားရှိသည့်အနက်ဒြပ်အတ္ထပညတ်ကို ရောစပ်၍ သိစေကြောင်းဖြစ်သော သဒ္ဒပညတ်။ ပုံစံ – ဣတ္ထိသဒ္ဒ = မိန်းမအသံ၊
ပုရိသရူပ = ယောကျ်ားအဆင်း။

(၅) ***ဝိဇ္ဇမာနေန ဝိဇ္ဇာမာနပညတ်*** = ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ဒြပ်အတ္ထပညတ် နှစ်ခုကိုတွဲစပ်၍ သိစေကြောင်းဖြစ်သေည့် သဒ္ဒပညတ်။
ပုံစံ – စက္ခုဝိညာဏ၊ သောတပသာဒ၊ ရူပတဏှာ။

(၆) ***အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်*** – ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဒြပ်အတ္ထပညတ်နှစ်ခုကို တွဲစပ်၍ သိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်။
ပုံစံ – ရာဇပုတ္တ(ဘုရင့်သား)၊ သေဋ္ဌိပုတ္တ (သူဌေးသား)၊ ရုပ်ရှင်မင်းသမီး၊

**၁၀။ လူသားမှန်သမျှ အိုခြင်း–သေခြင်းမကင်းကြလေရာ ထိုအိုခြင်းသေခြင်းတို့၏လက်ရင်းတရားခံကို ပဋိစ္စသမုပ္ပါဒ်နည်းအရဖော်ပြ၍ ထိုလက်ရင်းတရားခံ၏ အကျိုးဆက်တရားများကိုလည်း ကုန်စင်အောင်ရေးပြပါ။** (၁၉၈၄၊ စမန ၁၈၈)

**အဖြေ** – *ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ* ပဋိသန္ဓေနေခြင်း–ဇာတိဟူသောအကြောင်းကြောင့် အိုခြင်းသေခြင်း–ဇရာမရဏ၊ စိုးရိမ်ပူပန်ခြင်း–သောက၊ ငိုကြွေးခြင်း–ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း – ဒုက္ခ၊ စိတ်ဆင်းရဲခြင်း–ဒေါမနဿ၊ ပြင်းစွာပူဆွေးခြင်း–ဥပါယာသတို့ဖြစ်ပေါ်ကြ၏။

**၁၁။ ''စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့–ကိုယ်နု''ဟု ဆိုရိုးစကားရှိလေရာ စိတ်သည် ကိုယ်အား ကျေးဇူးပြုနိုင်ပါမည်လော၊ ပြုနိုင်လျှင် ပဋ္ဌာန်းနည်းအရ**

**ရှင်းလင်းဖော်ပြပါ။** (၁၉၈၄၊ စမန ၂၁၆)

**အဖြေ** – ''စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့–ကိုယ်နု''ဟု ဆိုရိုးစကား ရှိလေရာ၊ စိတ်သည် ကိုယ်အား ကျေးဇူးပြုနိုင်ပါသည်။ ပဋ္ဌာန်းနည်းအရရှင်းပြရသော်–

(၁) စိတ်စေတသိက်တို့သည် စိတ်ကဖြစ်စေသောစိတ္တဇရုပ်အား သဟဇာတပစ္စယသတ္တိ၊ နိဿယပစ္စယသတ္တိ၊ အတ္ထိပစ္စယသတ္တိ၊ အဝိဂတပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကြ၏။

(၂) နောက်နောက်ဖြစ်ကြသောစိတ်စေတသိက်များသည် ရှေ့ရှေ့၌ဖြစ်ကုန်သောဝတ္ထုရုပ်အစု (ရူပကာယ)အား ပစ္ဆာဇာတပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

(၃) ဝိညာဏာဟာရနှင့်တကွ နာမ်အာဟာရတို့သည် အတူတကွဖြစ်ကုန်သောနာမ်ရုပ်တို့အား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

(၄) မနိန္ဒြေနှင့်တကွ နာမ်ဣန္ဒြေ ၈ ပါးတို့သည် အတူတကွဖြစ်ကြသောနာမ်ရုပ်တို့အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

**၁၂။ ပတ်ဝန်းကျင်သန့်ရှင်းရေးသည် အလွန်လိုအပ်သည်ဖြစ်လေရာ သန့်ရှင်းသောအိမ်၊ သန့်ရှင်းသောစာသင်ကျောင်းသည် ကုသိုလ်စသောတရားများအား ကျေးဇူးပြုနိုင်ပါသလော၊ ပြုနိုင်လျှင် ပြုရာသန္တာန်၊ ပြုတတ်သောသတ္တိတို့ကို တိကျစွာရေးပြပါ။**

(၁၉၈၄၊ စမန ၂၁၇)

**အဖြေ** – သန့်ရှင်းသောအိမ်၊ သန့်ရှင်းသောစာသင်ကျောင်းတို့သည် ကုသိုလ်စသောတရားများအား ကျေးဇူးပြုနိုင်ပါသည်။

အကြောင်းမှာ သန့်ရှင်းသောအိမ်၊ သန့်ရှင်းသောစာသင်ကျောင်းတို့သည် ပကတူပနိဿယပစ္စည်းများဖြစ်ကြ၏။ ၎င်းတို့သည် အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်တို့၌ နောင်ဖြစ်ပေါ်လာကြမည့် ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာတို့အား ထိုက်သည့်အားလျော်စွာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

**၁၃။ သင်ယခုဖြေဆိုနေသော ''အဘိဓမ္မာစာမေးပွဲ''ဟူသည် ဝိဇ္ဇမာနစသည်တို့တွင် မည်သည့်ပညတ်မျိုးဖြစ်ပါသနည်း၊ ရှင်းလင်းချက်နှင့်တကွ ဖြေဆိုပါ။**

(၁၉၈၄၊ စမန ၂၆၀)

**အဖြေ** – ''အဘိဓမ္မာစာမေးပွဲ''သည် ဝိဇ္ဇမာနစသည်တို့တွင် ''**ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်**'' မျိုးဖြစ်ပါသည်။

အကြောင်းမှာ ပရမတ္ထအားဖြင့် ထင်ရှားရှိသောအနက်ဒြပ်အတ္ထပညတ်(အဘိဓမ္မာ)နှင့် ပရမတ္ထအားဖြင့်ထင်ရှားမရှိသောအနက်ဒြပ်အတ္ထပညတ်(စာမေးပွဲ)တို့ကို တွဲစပ်၍ သိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်ဖြစ်သောကြောင့်တည်း။

**၁၄။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်လျှင် အဘယ်တရားကြောင့် အဝိဇ္ဇာဖြစ်ပါသနည်း၊ ဖြေဆိုပြီးလျှင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် အဆက်မပြတ်လည်ပတ်နေရခြင်း၏ အကြောင်းရင်းတရားများကိုလည်းဖော်ပြပါ။**

(၁၉၈၅၊ စမန ၁၉၄၊ ၁၉၀၊ ၁၉၁၊ ၁၉၃)

**အဖြေ – အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်လျှင်** ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ ဟူသော အာသဝေါတရား ၄ ပါးကြောင့် အဝိဇ္ဇာဖြစ်ပါသည်။

**– ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် အဆက်မပြတ်လည်ပတ်နေရခြင်း၏အကြောင်းရင်း တရားများမှာ –**

(၁) **အာသဝေါတရား ၄ ပါးကြောင့် အဝိဇ္ဇာအဆက်မပြတ်ဖြစ်၍ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်** အဆက်မပြတ်လည်ပတ်နေသည်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာကို ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ''ဟု ဟောကြားထားရာ တဏှာ, ဥပါဒါန်တို့ဖြစ်သည့်အခါ အဝိဇ္ဇာနှင့်တကွ အာသဝေါ တရား ၄ ပါးဖြစ်၏။

ဇာတိကြောင့်လည်းကောင်း၊ အာသဝေါတရား ၄ ပါးကြောင့်လည်းကောင်း၊ သောက , ပရိဒေဝ စသည်တို့ ဖြစ်ကြ၏။ သောကပရိဒေဝစသည်တို့ဖြစ်လျှင် ဒေါသမူစိတ်နှင့်အတူ အဝိဇ္ဇာဖြစ်၏။ ရှေးရှေးအဝိဇ္ဇာကြောင့်လည်း နောက်နောက်အဝိဇ္ဇာဖြစ်၏။ အဝိဇ္ဇာဖြစ်လျှင် ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ''စသည်ဖြင့် အထက်ပါအတိုင်း ပဋိစ္စသမုပ္ပါဒ်လည်ပတ်ပြန်၏။ အဝိဇ္ဇာအဆက်မပြတ်ဖြစ်နေခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်လည်း အဆက်မပြတ် လည်ပတ်နေ၏။

(၂) အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကမ္မဘဝဟူသော **အတိတ်ဘဝအကြောင်း ၅ ပါး** ပါးကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော **ပစ္စုပ္ပန်ဘဝအကျိုး ၅ ပါး**ဖြစ်သည်။ ဤ**ပစ္စုပ္ပန်ဘဝအကျိုး ၅ ပါး**ကြောင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကမ္မဘဝဟူသည့် ပစ္စုပ္ပန်ဘဝအကြောင်း ၅ ပါးဖြစ်ပြန်သည်။ ဤပစ္စုပ္ပန် ဘဝအကြောင်း ၅ ပါးကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသည့် **အနာဂတ်ဘဝ အကျိုး ၅ ပါး**ဖြစ်ပြန်သည်။ ဤနည်းဖြင့်လည်း ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သည် မပြတ်လည်ပတ်နေသည်။

(၃) တစ်ဖန် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဟူသော **ကိလေသဝဋ္ဋ**ကြောင့် ကမ္မဘဝ, သင်္ခါရဟူ သည့် **ကမ္မဝဋ္ဋ**ဖြစ်ပေါ်သည်။ ကမ္မဝဋ္ဋကြောင့် ဥပပတ္တိဘဝ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာမရဏဟူသော **ဝိပါကဝဋ္ဋ**ဖြစ်ပေါ်သည်။ ဝိပါကဝဋ္ဋဖြစ်လျှင် ကိလေသဝဋ္ဋတစ်ဖန်ဖြစ်ပြန်သည်။ ဤသို့ **ဝဋ္ဋသုံးပါးအနေဖြင့်လည်း** ပဋိစ္စသမုပ္ပါဒ်စက်ရ ဟတ်သည် မပြတ်လည်ပတ်နေပါသည်။

**၁၅။ ''ပဋ္ဌာန်းဆက်''ဟူသောစကားကို သင်အဘယ်သို့နားလည်ပါသနည်း။ ရှင်းပြ ပြီးလျှင် သဟဇာတသဘောနှင့် အညမညသဘောတို့၏ထူးခြားပုံကိုလည်း ဖြေဆို ပါ။** (၁၉၈၅၊ စမန ၁၉၅၊ ၂၀၁၊ ၂၀၂)

**အဖြေ – ''ပဋ္ဌာန်းဆက်''**ဟူသော စကားသည် ပဋ္ဌာန်းပစ္စည်း(အကြောင်းတရား)က

ဖြစ်သင့်သော ပစ္စယုပ္ပန်(အကျိုးတရား)ကို ဖြစ်ပေါ်အောင်, တည်တံ့အောင်, အားရှိအောင် ဆိုင်ရာ ပဋ္ဌာန်းပစ္စည်း၏သတ္တိဖြင့် ကျေးဇူးပြုခြင်းဖြစ်သည်ဟု နားလည်ပါသည်။

– **သဟဇာတသဘော** – ပစ္စည်း–အကြောင်းတရားဖြစ်လာသည်နှင့်တစ်ပြိုင်နက် ပစ္စယုပ္ပန်အကျိုးတရားကိုပါ အတူတကွဖြစ်ပေါ်လာအောင် ကျေးဇူးပြုခြင်းဖြစ်၏။ ဆီမီးတောက်သည်နှင့်တစ်ပြိုင်နက် အလင်းရောင်ကိုအတူတကွ ဖြစ်စေသကဲ့သို့တည်း။

– **အညမညသဘော** –ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့က အချင်းချင်း အပြန်အလှန် ကျေးဇူးပြုခြင်းသဘောဖြစ်၏။ သစ်သားသုံးချောင်းကို ထိပ်ချင်းစု၍ ပီရမစ်ပုံထောင်ထားသည့်အခါ မပြိုလဲအောင် အပြန်အလှန် ကျေးဇူးပြုနေသကဲ့သို့တည်း။

**၁၆။ ''ပညတ်''ဆိုသည်မှာ အဘယ်နည်း။ အများနားလည်အောင် ရှင်းပြပြီးလျှင် အောက်ပါတို့ကိုလည်း ပညတ်အမျိုးအစားခွဲခြားရှင်းလင်းပြပါ။ (က) အဆိုတော်သီချင်းသံ၊ (ခ) သဘော်သားကား။** (၁၉၈၅၊ စမန ၂၁၉၊ ၂၂၂)

**အဖြေ** – ''**ပညတ်**''ဟူသည်မှာ အမြင်အတွေ့အားဖြင့်ရှိသည်ဟုထင်ရသော်လည်း ဉာဏ်ဖြင့် ခွဲခြမ်းစိစစ်လျှင် ပျောက်ကွယ်သွားသောအရာဖြစ်၏။ အတ္ထပညတ်, သဒ္ဒပညတ်ဟူ၍ ပညတ် ၂ မျိုးရှိ၏။

(၁) **အတ္ထပညတ်**သည် သူတစ်ပါးကို နားလည်အောင် ပြောပြအပ်, သိစေအပ်သောအကြောင်းအရာ, အနက်ဒြပ်များဖြစ်ကြ၏။ ထိုအနက်ဒြပ်သည် စိတ်၌ထင်လာသမျှသော အကောင်အထည်ဝတ္ထုများတည်း။ သက်ရှိသတ္တဝါများ, သက်မဲ့အရာများအားလုံးနှင့် ၎င်းတို့ကို သိစေအပ်သော အမည်များသည် အတ္ထပညတ်များဖြစ်ကြ၏။

(၂) **သဒ္ဒပညတ်**သည် စကားသံဖြစ်၏၊ မြန်မာစကားသံ, အင်္ဂလိပ်စကားသံ, ထိုထိုစကားသံဟူသမျှသည် မိမိတို့၏ဘာသာအလျောက် ဆိုလိုရာအနက်ဒြပ်, အထည်ဝတ္ထုကို သူတစ်ပါးတို့အား သိစေသည်ချည်းဖြစ်၏။ ဤသို့ပြောဆိုခြင်းဖြင့် သိစေတတ်သောကြောင့် စကားသံကို သဒ္ဒပညတ်ဟုခေါ်၏။

ဥပမာ ''လူ'' ဟုပြောဆိုသောစကားသံသည် လူ၏ပုံသဏ္ဍာန်အသွင်အပြင်, အကောင်အထည်တို့ကို သူတစ်ပါးတို့အား သိစေ၏။ ထို့ကြောင့် ''လူ''ဟူသော စကားသံသည် ''သဒ္ဒပညတ်''ဖြစ်၏။ ''လူ''ဟူသောစကားသံဖြင့် သူတစ်ပါးတို့အား သိစေအပ်သော လူ၏ပုံသဏ္ဍာန်, အသွင်အပြင်, အကောင်အထည်တို့သည် ''အတ္ထပညတ်''ဖြစ်၏။

(က) **အဆိုတော်သီချင်းသံ** – အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။

ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအနက်ဒြပ်အတ္ထပညတ် (အဆိုတော်)နှင့် ထင်ရှားရှိသည့် အနက်ဒြပ်အတ္ထပညတ် (အသံ)တို့ကို တွဲစပ်၍သိစေကြောင်းဖြစ်သော သဒ္ဒပညတ်ဖြစ်သောကြောင့်တည်း။

(ခ) **သဘော်သားကား** – အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊

ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအနက်ဒြပ်အတ္ထပညတ်နှစ်ခု(သဘော်သား+ကား) တို့ကို

တွဲစပ်၍ သိစေကြောင်းဖြစ်သော သဒ္ဒပညတ်ဖြစ်သောကြောင့်တည်း။

**၁၇။ အလုံးစုံသောဆင်းရဲဒုက္ခအပေါင်းတို့ဖြစ်ပေါ်ရခြင်းအကြောင်းများကိုဖော်ပြ၍ ''ဝဋ်အမြဲ ငရဲအပ''ဆိုရိုးစကားအရ မရှုမလှ ဆင်းရဲဒုက္ခခံနေရသူ၌ ဝဋ်သုံးပါးတို့တွင် အဘယ်ဝဋ်ဖြစ်သည်ကို ရှင်းပြပါ။** (၁၉၈၆၊ စမန ၁၉၃)

**အဖြေ – အလုံးစုံသောဆင်းရဲဒုက္ခအပေါင်းတို့ ဖြစ်ပေါ်ရခြင်းအကြောင်းများမှာ အဝိဇ္ဇာနှင့်တဏှာ**ဟူသော ပဋိစ္စသမုပ္ပါဒ်ဝဋ်မြစ် ၂ ပါးဖြစ်ပါသည်။

အဝိဇ္ဇာဟူသောဝဋ်မြစ်ကြောင့် ''အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ''ဟူသော အတိတ်အကြောင်းမှ ပစ္စုပ္ပန်အကျိုးအထိ ပဋိစ္စသမုပ္ပါဒ်ရှေ့ပိုင်း စက်ဖြစ်ပေါ်ပါသည်။

တဏှာဟူသောဝဋ်မြစ်ကြောင့် ''တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ''ဟူသော ပစ္စုပ္ပန်အကြောင်းမှ အနာဂတ်အကျိုးအထိ ပဋိစ္စသမုပ္ပါဒ်နောက်ပိုင်းစက်ဖြစ်ပေါ်ပါသည်။

လူနတ်ဗြဟ္မာသတ္တဝါအားလုံးသည် ဖော်ပြပါ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးအဖြစ် တစ်ဘဝပြီးတစ်ဘဝသံသရာကျင်လည်နေကြရ၏။ ဤအင်္ဂါ ၁၂ ပါးတို့သည်လည်း ရုပ်နာမ်တရားများသာဖြစ်၍ ခဏမစဲဖြစ်ပျက်နေကြသဖြင့် ဆင်းရဲဒုက္ခအစုကြီးသာ ဖြစ်ပေ၏။ ထို့ကြောင့် အလုံးစုံသောဆင်းရဲဒုက္ခအပေါင်းသည် အဝိဇ္ဇာ, တဏှာတို့ကြောင့် ဖြစ်ပေါ်ရပါသည်။

– ''**ဝဋ်အမြဲ ငရဲအပ'' ဆိုရိုးစကားအရ မရှုမလှဆင်းရဲဒုက္ခခံနေရသူသည်** ဝဋ်သုံးပါးတို့တွင် ''**ဝိပါကဝဋ်**''၌အမြဲဆင်းရဲခံနေရခြင်းဖြစ်ပါသည်။ အင်္ဂုလိမာလကဲ့သို့ လူများစွာကိုသတ်ထားသဖြင့် ငရဲမကျသော်လည်း, ပရိနိဗ္ဗာန်မစံမီ ဝဋ်ဆင်းရဲများကို အမြဲခံစားရ၏။

**၁၈။ ကျေးဇူးပြုပုံနည်းအားဖြင့် ပဋ္ဌာန်းပစ္စည်းဘယ်နှစ်မျိုးရှိသည်ကို ရှင်းပြ၍ လုပသောရူပါရုံသည် မြင်သိစိတ်အား အဘယ်ပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူးပြုသည်ကိုလည်း ညွှန်ပြပါ။** (၁၉၈၆၊ စမန ၁၉၄၊ ၁၉၅၊ ၁၉၆)

**အဖြေ – ကျေးဇူးပြုပုံပြုနည်းအားဖြင့် ပဋ္ဌာန်းပစ္စည်း ၂၄ မျိုးရှိပါသည်။** ၎င်းတို့မှာ–

''ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း၊ အဓိပတိပစ္စည်း၊ အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း၊ သဟဇာတပစ္စည်း၊ အညမညပစ္စည်း၊ နိဿယပစ္စည်း၊ ဥပနိဿယပစ္စည်း၊ ပုရေဇာတပစ္စည်း၊ ပစ္ဆာဇာတပစ္စည်း၊ အာသေဝနပစ္စည်း၊ ကမ္မပစ္စည်း၊ ဝိပါကပစ္စည်း၊ အာဟာရပစ္စည်း၊ ဣန္ဒြိယပစ္စည်း၊ ဈာနပစ္စည်း၊ မဂ္ဂပစ္စည်း၊ သမ္ပယုတ္တပစ္စည်း၊ ဝိပ္ပယုတ္တပစ္စည်း၊ အတ္ထိပစ္စည်း၊ နတ္ထိပစ္စည်း ဝိဂတပစ္စည်း၊ အဝိဂတပစ္စည်းတို့ဖြစ်ကြ၏။

ဟေတုပစ္စည်းသည် ရှေသောက်မြစ်သဖွယ်ကျေးဇူးပြုသောဟိတ် ၆ ပါးဖြစ်၏။

အာရမ္မဏပစ္စည်းသည် ဆွဲတွယ်ထောက်တည်ရန်အာရုံအဖြစ် ကျေးဇူးပြုသော အာရုံ ၆ ပါးတည်း စသည်ဖြင့် ကွဲပြားကြပါသည်။

**– လုပသောရူပါရုံသည် မြင်သိစိတ်အား** အာရမ္မဏပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ''ရူပါရုံသည် မြင်သိစိတ်နှင့်ယှဉ်ဖက်စေတသိက်တို့ကို ၎င်းအားဆွဲတွယ်ထောက်တည်၍ ဖြစ်ပေါ်လာအောင် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏''

**၁၉။ ''ရုပ်နာမ်နှစ်ပါး၊ မကွဲပြား၊ မှတ်သားလူ့အန္ဓ''ဟူသောစကားအရ အန္ဓ(အကန်း) မဖြစ်စေရန် ရုပ်နှင့်နာမ်ကွဲပြားအောင်ခွဲခြားပြ၍ သဒ္ဓပညတ်၊ အတ္ထပညတ်နှစ်ပါးသိရှိရပုံအခြင်းအရာကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။** (၁၉၈၆၊ စမန ၁၆၊ ၁၇၊ ၂)

**အဖြေ – ရုပ်နှင့်နာမ်တို့ကို ကွဲပြားအောင်ခွဲခြားပြရသော် –**

''**ရုပ်**''ဟူသည်မှာ အပူ, အအေးစသည့်ဆန့်ကျင်ဘက်အကြောင်းများကြောင့် ပုံသဏ္ဍာန်, အရောင်, အခြေအနေစသည်ပြောင်းလဲသွားသော (ဝါ) ဖောက်ပြန်တတ်သော သဘောတရားဖြစ်၏။

ပထဝီ, အာပေါ, တေဇော, ဝါယောဟူသည့် ထင်ရှားသောရုပ် (ဘူတရုပ်) ၄ ပါးနှင့် ၎င်းတို့ကိုမှီ၍ဖြစ်သော အမှီရုပ် (ဥပါဒါရုပ်) ၂၄ ပါးရှိပါသည်။

''**နာမ်**''ဟူသည်မှာ အာရုံကိုသိတတ်ပြီး အာရုံကိုသိရန် အာရုံဆီသို့ ကိုင်းညွတ်နေသော သဘောတရားဖြစ်၏။ နာမ်တွင် စိတ်နှင့်စေတသိက်တို့ ပါဝင်ကြ၏။

''**စိတ်**''သည် အာရုံကိုသိတတ်သောသဘောတရားဖြစ်၏။

''**စေတသိက်**''သည် စိတ်၌မှီတွယ်၍ စိတ်ကိုခြယ်လှယ်သော သဘောတရားဖြစ်၏။

စိတ်သည် အာရုံကိုသိတတ်သောသဘောအားဖြင့် တစ်မျိုးတည်းသာရှိ၏။ စေတသိက်ကမူ ဖဿ, ဝေဒနာ, သညာစသည်ဖြင့် ၅၂ မျိုးရှိ၏။ စိတ်နှင့်စေတသိက်တို့သည် တစ်စုတစ်ပေါင်းတည်း အတူဖြစ်,အတူချုပ်ကြ၏။ စိတ်နှင့်စေတသိက်အမျိုးမျိုးပေါင်းစုခြင်းဖြင့် စိတ်အမျိုးပေါင်း အကျဉ်း ၈၉ မျိုး၊ အကျယ် ၁၂၁ မျိုးရှိပါသည်။ ဤစိတ်စေတသိက်အပေါင်းကို နာမ်တရားဟုခေါ်၏။

အဘိဓမ္မာ၌ စိတ် ၈၉ ပါး, စေတသိက် ၅၂ ပါး၊ နိဗ္ဗာန်တို့ကို ရုပ်မဟုတ်သောနာမ်တရားဟု သတ်မှတ်၏။

**– အတ္ထပညတ်, သဒ္ဒပညတ်နှစ်ပါးကို သိရှိရပုံအခြင်းအရာမှာ–**

(ဤစာအုပ် စာမျက်နှာ ၃၃၅ နံပါတ် ၁၆ တွင် ဖြေပြထားပါသည်။)

**၂၀။ သတ္တဝါမှန်သမျှ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သဘောတို့ အဆက်မပြတ်လည်ပတ်ဖြစ်နေကြသည့်အတိုင်း လူချမ်းသာတစ်ဦးနှင့်ဆင်းရဲသားတစ်ဦးတို့သန္တာန်၌ မျက်မှောက်ကာလ(ပစ္စုပ္ပန်အခွန့်)ဝယ် ပဋိစ္စသမုပ္ပါဒ်တရားများဖြစ်ပေါ်နေပုံကို သိသာရုံ ကြောင်းကျိုးဆက်ကာ တင်ပြပါ။** (၁၉၈၇၊ စမန ၁၈၄၊ ၁၈၅၊ ၁၈၆)

**အဖြေ** – သတ္တဝါမှန်သမျှ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သဘောတို့ အဆက်မပြတ်လည်ပတ်ဖြစ်နေကြသည့်အတိုင်း လူချမ်းသာတစ်ဦးနှင့် ဆင်းရဲသားတစ်ဦးတို့သန္တာန်၌ မျက်မှောက်ကာလဝယ် ပဋိစ္စသမုပ္ပါဒ်တရားများဖြစ်ပေါ်နေပုံမှာ–

(၁) *ဝိညာဏပစ္စယာ နာမရူပံ*

ဝိညာဏ်ဟူသောအကြောင်းကြောင့် နာမ်ရုပ်ဖြစ်၏။ ဝိညာဏ်အရဝယ် ရှေးရှေးဘဝကပြုခဲ့သော ကမ္မဝိညာဏ်နှင့် ပစ္စုပ္ပန်ဘဝ၌ဖြစ်သောဝိပါက်ဝိညာဏ်များကို ကောက်ယူရမည်။ ကမ္မဝိညာဏ်ဟူသည်မှာ စေတနာကံနှင့်ယှဉ်သောစိတ်ကို ခေါ်သည်။ ဝိပါက်ဝိညာဏ်မှာ လူချမ်းသာနှင့်ဆင်းရဲသားတို့၌ ကာမဝိပါက်စိတ် ၂၃ ပါးဖြစ်မည်၊ လူချမ်းသာ၌ဆင်းရဲသားနှင့်

နိုင်းစာလျှင် ကုသလဝိပါက်စိတ် အဖြစ်များပြီး အကုသလဝိပါက်စိတ် အဖြစ်နည်းမည်။

'နာမ' အရ ဝိပါက်ဝိညာဏ်နှင့်ယှဉ်သည့်စေတသိက်များ (စေတသိက်နာမ်ခန္ဓာသုံးပါး)ကို ကောက်၍ 'ရူပ' အရ ကမ္မဇရုပ် ၁၈ ပါး (ရူပက္ခန္ဓာ)ကို ကောက်ရမည်။

(၂) *နာမရူပပစ္စယာ သဠာယတနံ*

နာမ်ရုပ်ကို အကြောင်းပြု၍ သဠာယတနဖြစ်၏။ ''နာမရူပ''အဖြစ် ဆိုခဲ့ပြီးသောနာမ်ရုပ်ကိုယူရမည်။ ''သဠာယတန''၌ အာယတန ၆ ပါးဖြစ်သည့် စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှာယတန, ကာယာယတန, မနာယတန (ကာမဝိပါက်စိတ် ၂၃ ပါး)တို့ကို ယူရမည်။

(၃) *သဠာယတနပစ္စယာ ဖဿော*

ဆိုခဲ့ပြီးသောသဠာယတနကြောင့် စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှာသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿဟူသည့် သမ္ဖဿ ၆ ပါးဖြစ်၏။ ကာမဝိပါက်စိတ် ၂၃ ပါးနှင့်ယှဉ်သည့် ဖဿ ၂၃ ပါးပင်တည်း။

(၅) *ဖဿပစ္စယာ ဝေဒနာ*

ကာမဝိပါက်စိတ် ၂၃ ပါးတွင်ယှဉ်သည့် ဖဿ ၂၃ ပါးကို အကြောင်းပြု၍ ကာမဝိပါက်စိတ် ၂၃ ပါးတွင်ယှဉ်သည့် ဝေဒနာ ၂၃ ပါးဖြစ်ပေ၏။ စက္ခုသမ္ဖဿကြောင့် စက္ခုသမ္ဖဿဇာ ဝေဒနာဖြစ်၏၊ သောတသမ္ဖဿကြောင့် သောတသမ္ဖဿဇာဝေဒနာဖြစ်၏။ ပ ။ မနောသမ္ဖဿကြောင့် မနောသမ္ဖဿဇာဝေဒနာဖြစ်၏။

(၆) *ဝေဒနာပစ္စယာ တဏှာ*

ကာမဝိပါက်စိတ် ၂၃ ပါးနှင့်ယှဉ်သော ဝေဒနာ ၂၃ ပါးဟူသောအကြောင်းကြောင့် လောဘမူစိတ် ၈ ပါးနှင့်ယှဉ်သော လောဘတဏှာတို့ဖြစ်ပေ၏။ စက္ခုသမ္ဖဿဇာဝေဒနာစသည့် ဝေဒနာ ၆ ပါးကြောင့် ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာတို့ဖြစ်ပေ၏။ အာရုံ ၆ ပါးကို တပ်မက်သောတဏှာတို့တည်း။

(၇) *တဏှာပစ္စယာ ဥပါဒါနံ*

ရူပတဏှာစသည့်တဏှာ ၆ ပါးဟူသောအကြောင်းကြောင့် ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်ဟူသော ဥပါဒါန် ၄ ပါးဖြစ်ပေ၏။

(၈) *ဥပါဒါနပစ္စယာ ဘဝေါ*

ဥပါဒါန် ၄ ပါးဟူသောအကြောင်းကြောင့် ဘဝဖြစ်သည်။ ဘဝအရ 'ကမ္မဘဝ'နှင့် 'ဥပပတ္တိဘဝ'တို့ကို ကောက်ရသည်။

'ကမ္မဘဝ'သည် အကုသိုလ်စေတနာ ၁၂ ပါး၊ မဟာကုသိုလ်စေတနာ ၈ ပါး၊ မဟဂ္ဂုတ် ကုသိုလ်စေတနာ ၉ ပါး၊ ပေါင်း–စေတနာကံ ၂၉ ပါး၊ လက်ရှိဘဝတွင်ပြုလုပ်သော ကံများဖြစ်သည်။

'ဥပပတ္တိဘဝ'သည် စေတနာကံ ၂၉ ပါးတို့၏အကျိုးဖြစ်သော လောကီဝိပါက်စိတ် ၃၂ ပါး၊ ၎င်းတို့နှင့်ယှဉ်သည့်စေတသိက် ၃၅ ပါး၊ ကမ္မဇရုပ် ၁၈ ပါးတို့ဖြစ်သည်၊ အနာဂတ်ဘဝ တွင်ဖြစ်မည်။

**၂၁။ ကုသိုလ်တရားပွားများပြုလုပ်အားထုတ်နေသောပုဂ္ဂိုလ်၏ကောင်းမှုတရားများသည် ထိုသူအား ကိုယ်ရောစိတ်ပါ နှစ်ဖြာအကျိုး ပွားတိုးစေရန် ပဋ္ဌာန်းပစ္စည်း မည်မျှကျေးဇူး ပြုသည်ကိုဖော်ပြ၍ လိုရင်းအချုပ် ပဋ္ဌာန်းပစ္စည်းသရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။**

(၁၉၈၇၊ စမန ၁၉၉၊ ၂၀၁၊ ၂၀၄၊ ၂၀၈၊ ၂၀၉)

**အဖြေ** – ကုသိုလ်တရားပွားများအားထုတ်နေသောပုဂ္ဂိုလ်၏ကောင်းမှုတရားများသည် ထိုသူအား ကိုယ်ရောစိတ်ပါ နှစ်ဖြာအကျိုး တိုးပွားစေရန်–အနန္တရပစ္စည်း, သမနန္တရပစ္စည်း, ဥပနိဿယပစ္စည်း, အာသေဝနပစ္စည်း, ကမ္မပစ္စည်းဟူသည့် ပဋ္ဌာန်း ၅ ပစ္စည်းဖြင့် ကျေးဇူး ပြုပါသည်။

**– လိုရင်းအချုပ်ပဋ္ဌာန်းပစ္စည်းသရုပ်တို့မှာ** – (၁) အာရမ္မဏပစ္စည်း၊ (၂) ဥပနိဿယ ပစ္စည်း၊ (၃) ကမ္မပစ္စည်း၊ (၄) အတ္ထိပစ္စည်းတို့ဖြစ်ပါသည်။

**၂၂။ ''ပရမတ် = ပညတ်၊ ထိုနှစ်ရပ်တွင် ပရမတ်သာလိုရင်း၊ ပညတ်မှာအနှစ်ကင်းလို့ လိုရင်းမဟုတ်''ဟု ပြောတတ်ကြရာ လောကီ၌ ''ပညတ်''လည်းအရေးကြီးပုံကို အဘိဓမ္မာဆရာအလိုကျ သိသာရုံရှင်းလင်းပြဆိုပြီး၊ ''အဆင်းလှသူ''ဟူသောစကား ၌ မည်သည့်ပညတ်ဖြစ်သည်ကိုလည်း ညွှန်ပြခဲ့ပါ။**

(၁၉၈၇၊ စမန ၂၁၉၊ သင်္ဂြိုဟ် ၅၂၉၊ ၅၃၅)

**အဖြေ** – လောကီ၌ ''**ပညတ်**''လည်းအရေးကြီးပုံကို အဘိဓမ္မာဆရာအလိုကျ သိသာရုံရှင်း ပြရသော်–

လောက၌ တွေ့မြင်နေရသော သက်ရှိသက်မဲ့အရာအားလုံးသည် ပညတ်တရားများဖြစ်ကြ၏။ သူတစ်ပါးကိုနားလည်အောင် ပြောပြအပ်, သိစေအပ်သောအကြောင်းအရာ, အနက်ဒြပ်များကို''**အတ္ထပညတ်**''ဟုခေါ်၏။ သက်ရှိသတ္တဝါများနှင့်သက်မဲ့အရာအားလုံးသည် အတ္ထပညတ်ဖြစ်၏။

ကမ္ဘာတည်ပြီးနောက် လူနှင့်သတ္တဝါအမျိုးမျိုးပေါ်ပေါက်လာသောအခါ ထိုထိုအကြောင်း အရာ, အနက်ဒြပ်များ (အတ္ထပညတ်)သာရှိသေး၏။ ထိုထိုအကြောင်းအရာကို ပြောဆိုဖို့ရာ စကားမရှိသေး၊ ထိုအခါ ဉာဏ်ပညာကြီးသူတို့က ''မြေ၊ လူ၊ သစ်ပင်၊ အိမ်''စသည့်စကား လုံးများ(နာမပညတ် = သဒ္ဒပညတ်) ကို တီထွင်ကြ၏။ ထိုအခါမှစ၍ ''မြေ၊ လူ''စသည် ပြောလိုက်လျှင် မည်သည့်အရာကိုရည်ညွှန်းကြောင်းသိရ၏။

ဤသို့ဖြင့် မြန်မာစကား, ကုလားစကား, တရုတ်စကား,စသည်ဖြင့် ဘာသာစကားများ ဖြစ်ပေါ်လာသည်။ ထိုထိုလူမျိုးဘာသာအလိုက် ပြောဆိုအပ်သောစကားဟူသမျှသည် ''**သဒ္ဒပညတ်**''ချည်းဖြစ်ကြ၏။ ဤသို့လျှင် ထိုထိုလူမျိုးဘာသာအလိုက်စကားသံ (နာမပညတ်၊ ဝါ၊ သဒ္ဒပညတ်)ကို လောကသင်္ကေတအနေသို့ကျရောက်အောင် ဉာဏ်ပညာ ကြီးသူတို့က တီထွင်ဖန်ဆင်းထားကြသည်။ ဤစကားသံများဖြင့် လူအချင်းချင်း နေ့စဉ်နေ့ တိုင်း ဆက်ဆံပြောဆိုနိုင်ကြ၏။

ဘာသာစကားများကို အများလက်ခံထားသည့်အတိုင်း မှန်ကန်စွာပြောဆိုခြင်းသည် မုသား မဖြစ်ဘဲ သမုတိသစ္စာဖြစ်ပါသည်။

– "**အဆင်းလှသူ**"သည် "ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်"(သဒ္ဒပညတ်)ဖြစ်ပါသည်။

**၂၃။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ရပ်ဝယ် အဝိဇ္ဇာနှင့်သင်္ခါရဟူသော အတိတ်အကြောင်း ၂ ပါးသာ ထင်ရှားတွေ့ရပါလျက် အတိတ်အကြောင်းငါးပါးဟုပြောဆိုနိုင်အောင် အဘယ်တရားများကို သွင်းယူပါသနည်း။ ဖြေဆို၍ ကမ္မဝဋ်အရကိုလည်းကောက်ပြပါ။**

(၁၉၈၈၊ စမန ၁၉၁၊ ၁၉၃)

**အဖြေ** – ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ရပ်ဝယ် အဝိဇ္ဇာနှင့်သင်္ခါရဟူသော အတိတ်အကြောင်း ၂ ပါးသာရှိသော်လည်း အဝိဇ္ဇာ (မောဟ) သည် ကိလေသဝဋ်တရားဖြစ်၏။ တဏှာနှင့် ဥပါဒါန်တို့သည်လည်း ကိလေသဝဋ်တရားများဖြစ်ကြ၏။ ထိုသို့ ကိလေသဝဋ်တရားချင်းတူနေခြင်းကြောင့် အဝိဇ္ဇာကိုယူလိုက်သောအခါ တဏှာနှင့်ဥပါဒါန်တို့သည်လည်း မကင်းစကောင်းသောနည်းဖြင့် ပါဝင်လာကြ၏။ တဏှာဟူသော 'လောဘ'၊ ဥပါဒါန်ဟူသော 'လောဘနှင့်ဒိဋ္ဌိ'၊ အဝိဇ္ဇာဟူသော 'မောဟ'တို့သည် လောဘမူစိတ်၌တစ်ပေါင်းတည်းယှဉ်ဖြစ်ကြသည်။

တစ်ဖန် သင်္ခါရသည် ကမ္မဝဋ်တရားဖြစ်၏၊ ကမ္မဘဝသည်လည်း ကမ္မဝဋ်တရားဖြစ်၏၊ ထိုသို့ ကမ္မဝဋ်တရားချင်းတူသောကြောင့် သင်္ခါရကိုယူလိုက်သောအခါ ကမ္မဘဝကိုလည်း အဝိနာဘာဝ (မကင်းစကောင်းသော) နည်းအားဖြင့် ယူပြီးဖြစ်တော့၏။ စေတနာနှင့်ယှဉ်သော စိတ်စေတသိက်တို့သည် သင်္ခါရမည်၏၊ စေတနာဟူသမျှသည် ကမ္မဘဝမည်၏။

သို့ဖြစ်၍ အတိတ်ဘဝ၌ "အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ"ဟူသော အကြောင်း ၅ ပါးကိုရ၏။

– **ကမ္မဝဋ်** = ကမ္မဘဝ, သင်္ခါရ (ဤတရားများဖြစ်ကြ၏)

**၂၄။ ရေဒီယိုမှသီချင်းသံသည် နားဆင်သူ၏စိတ်အစဉ်အား အဘယ်ပဌာန်းပစ္စည်းဖြင့် ကျေးဇူးပြုပါသနည်း။ ဖော်ပြလျက် ၂၄ ပစ္စည်းကိုအကျဉ်းချုပ်က ရရှိသောပစ္စည်းတို့ကိုလည်း ဖော်ပြပါ။** (၁၉၈၈၊ စမန ၁၉၆၊ ၂၀၅၊ ၂၁၃၊ ၂၁၉)

**အဖြေ** – ရေဒီယိုမှသီချင်းသံသည် နားဆင်သူ၏စိတ်အစဉ်အား–

(၁) အာရမ္မဏပစ္စည်း၊ (၂) ပုရေဇာတပစ္စည်း၊
(၃) အတ္ထိပစ္စည်း၊ (၄) အဝိဂတပစ္စည်းတို့ဖြင့် ကျေးဇူးပြုပါသည်။

– ပဌာန်း ၂၄ ပစ္စည်းတို့ကို အကျဉ်းချုပ်က ရရှိသောပစ္စည်းတို့မှာ–

(၂) အာရမ္မဏပစ္စည်း၊ (၂) ဥပနိဿယပစ္စည်း၊
(၃) ကမ္မပစ္စည်း၊ (၄) အတ္ထိပစ္စည်းတို့ဖြစ်ပါသည်။

**၂၅။ အတ္ထပညတ်ခေါ်ခြင်းအကြောင်းကို သိသာရုံဖြေဆို၍ အောက်ပါတို့၏ပညတ်အမည်များကိုလည်း အသီးသီးဖော်ပြပါ။ (က) မာနကြီးသူ၊ (ခ) မြန်မာ့အသံ၊ (ဂ) ရုပ်ရှင်မင်းသမီး။**

(၁၉၈၈၊ စမန ၂၁၉၊ ၂၂၀၊ ၂၂၂)

**အဖြေ** – **အတ္ထပညတ်**သည် သူတစ်ပါးကိုနားလည်အောင် ပြောပြအပ်, သိစေအပ်သော အကြောင်းအရာ, အနက်ဒြပ်များဖြစ်ကြ၏။ ထိုအနက်ဒြပ်သည် စိတ်၌ထင်လာသမျှသော

အကောင်အထည်ဝတ္ထုများတည်း။ သက်ရှိသတ္တဝါများ, သက်မဲ့အရာများအားလုံးနှင့် ၎င်းတို့အားသိစေအပ်သောအမည်များသည် အတ္ထပညတ်များဖြစ်ကြ၏။ ဥပမာများမှာ–

(၁) **သဏ္ဌာနပညတ်** – မဟာဘုတ်တို့တွဲယှက်တည်နေပုံအစဉ်သဏ္ဌာန်ကိုစွဲ၍ သမုတ်ထားအပ်သော အမည်များသည် သဏ္ဌာနပညတ်မည်၏။ ပုံစံ – မြေကြီး (ဘူမိ)၊ တောင် (ပဗ္ဗတ)။

(၂) **သမူဟပညတ်** – သံ, သစ်စသည့်ပစ္စည်းအမျိုးမျိုးတို့ကို ပေါင်းစုထားသည့်အခြင်းအရာတို့ကို အာရုံပြု၍ သမုတ်ထားသောအမည်များဖြစ်၏။ ပုံစံ – အိမ်(ဂေဟ)၊ လှည်း(ရထ)၊ မော်တော်ကား။

(၃) **သဏ္ဍာနပညတ်** – မဟာဘုတ်များက အစဉ်အဆက်တွဲယှက်ကာ ပေါင်းစုတည်နေဟန်ပုံသဏ္ဍာန်ကိုစွဲ၍ သမုတ်ထားအပ်သောအမည်များတည်း။ ပုံစံ – ပန်းကန်ပြား၊ ဟင်းပန်းကန်၊ ဇွန်း၊ ကြွေကရား။

**– အောက်ပါပညတ်အမည်မျိုးမှာ–**

(က) မာနကြီးသူ – ဝိဇ္ဇမာနနေန အဝိဇ္ဇမာနပညတ် (သဒ္ဒပညတ်)

(ခ) မြန်မာ့အသံ – အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် (သဒ္ဒပညတ်)

(ဂ) ရုပ်ရှင်မင်းသမီး – အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် (သဒ္ဒပညတ်)

**၂၆။ လူဖြစ်လာရခြင်း(ဇာတိ)ကြောင့် တွေ့ကြုံရမည့်အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပါဒ်နည်းအရ ပြည့်စုံအောင်ဖော်ပြပြီးလျှင် ဝဋ်တရားသုံးပါးကိုလည်း ရေတွက်ပြပါ။**

(၁၉၈၉၊ စမန ၁၈၈၊ ၁၈၉၊ ၁၉၃)

**အဖြေ** – လူဖြစ်လာရခြင်း(ဇာတိ)ကြောင့် တွေ့ကြုံရမည့်အကျိုးတရားများမှာ– ပဋိစ္စသမုပ္ပါဒ်နည်းအရ

(က) အကျိုးရင်းတရား = ဇရာမရဏ (အိုခြင်း,သေခြင်း)

(ခ) အကျိုးဆက်တရားများ = သောက (စိုးရိမ်ပူပန်ခြင်း)၊ ပရိဒေဝ (ငိုကြွေးခြင်း)၊ ဒုက္ခ (ကိုယ်ဆင်းရဲခြင်း)၊ ဒေါမနဿ (စိတ်ဆင်းရဲခြင်း)၊ ဥပါယာသ(ပြင်းစွာပူဆွေးခြင်း)တို့ဖြစ်၏။

**– ဝဋ်တရားသုံးပါးမှာ–**

(၁) ကိလေသဝဋ် = အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။

(၂) ကမ္မဝဋ် = သင်္ခါရ၊ ကမ္မဘဝ၊

(၃) ဝိပါကဝဋ် = ဥပပတ္တိဘဝ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာမရဏ တို့ဖြစ်ကြ၏။

**၂၇။ ပဋ္ဌာန်း ၂၄ ပစ္စည်းတို့တွင် ပညတ်ပါဝင်သောပစ္စည်းများကိုသာ ထုတ်ပြ၍၊ ကျန်းမာအသက်ရှည်ရေးအတွက် အရေးကြီးသောပစ္စည်းသည် မည်သည့်ပစ္စည်း ဖြစ်ပါသနည်း၊ ပစ္စည်းအမည်ထုတ်ပြဖြေဆိုပါ။**(၁၉၈၉၊ စမန ၁၉၇၊ ၂၀၄–၂၀၅၊ ၂၀၉)

**အဖြေ – ပဋ္ဌာန်း ၂၄ ပစ္စည်းတို့တွင် ပညတ်ပါဝင်သောပစ္စည်းများမှာ–**

(၁) အာရမ္မဏပစ္စည်း၊ (၂) ဥပနိဿယပစ္စည်းတို့ဖြစ်ပါသည်။

– **ကျန်းမာအသက်ရှည်ရေးအတွက် အရေးကြီးသောပစ္စည်းသည်** အာဟာရပစ္စည်းဖြစ်၏။
မိဘတို့သည် သားသမီးများကိုဖြစ်ထွန်းစေပြီးနောက် စောင့်ရှောက်ထောက်ပံ့ထမ်းဆောင်ထားသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား ဖြစ်စေခြင်း၊ ထက်သန်အားကောင်းအောင် စောင့်ရှောက်ထောက်ပံ့ထမ်းဆောင်ခြင်းကိစ္စတို့ဖြင့် ကျေးဇူးပြုမှုကို အာဟာရပစ္စယသတ္တိဟု ခေါ်၏။

အာဟာရပစ္စည်းဖြစ်သည့် အာဟာရ (၄) ပါးမှာ ကဗဠီကာရာဟာရ, ဖဿာဟာရ, မနောသဉ္စေတနာဟာရ၊ ဝိညာဏာဟာရတို့ဖြစ်ကြသည်။

**၂၈။ (က)နာမ်တရား၊ (ခ) ရုပ်တရား၊ (ဂ) နာမ်တရားနှင့်ရုပ်တရား၊ ယင်းတို့အညမညဖြစ်နေပုံကို သိသာအောင်ရှင်းလင်းတင်ပြပါ။** (၁၉၈၉၊ စမန ၂၀၂)

**အဖြေ** – (က) **နာမ်တရားများအညမညဖြစ်နေပုံမှာ** – နာမ်ခန္ဓာ ၄ ပါးသည် (တစ်နည်း– စိတ် စေတသိက်တို့သည်) တစ်ပါးကိုတစ်ပါးက အတူတကွဖြစ်အောင် သဟဇာတပစ္စည်း, အညမညပစ္စည်း, နိဿယပစ္စည်း, အတ္ထိပစ္စည်း, အဝိဂတပစ္စည်းတို့၏သတ္တိအသီးသီးဖြင့် အပြန်အလှန်ကျေးဇူးပြုကြ၏။

(ခ) **ရုပ်တရားများ အညမညဖြစ်နေပုံ** – မဟာဘုတ် ၄ ပါးသည် တစ်ပါးကိုတစ်ပါးက အတူတကွဖြစ်အောင် အထက်ပါ ၅ ပစ္စည်းတို့၏သတ္တိအသီးသီးဖြင့် အပြန်အလှန် ကျေးဇူးပြုကြ၏။

(ဂ) **နာမ်တရားနှင့်ရုပ်တရားတို့အညမညဖြစ်နေပုံမှာ** – ပဋိသန္ဓေစိတ်ဉပါဒ်သည့်အခါ၌ ပဋိသန္ဓေစိတ်စေတသိက်များနှင့် ဟဒယဝတ္ထုတို့သည် အတူတကွဖြစ်အောင် အထက်ပါ ၅ ပစ္စည်းတို့၏သတ္တိအသီးသီးဖြင့် အပြန်အလှန်ကျေးဇူးပြုကြ၏။

**၂၉။ ပညတ်၏အဓိပ္ပါယ်ကိုရှင်းပြပြီးလျှင် အောက်ပါတို့ကို ဆိုင်ရာအတ္ထပညတ်အမည်ထူးများဖြင့်ဖြေဆိုပါ။ (က) သစ်ခွပန်းပင်၊ (ခ) ဆဋ္ဌလိုဏ်ဂူ။**

(၁၉၈၉၊ စမန ၂၁၉၊ ၂၂၀၊ ၂၂၁)

**အဖြေ – ပညတ်** – အတ္ထပညတ်, သဒ္ဒပညတ်တို့ကို စာမျက်နှာ ၃၃၅ နံပါတ် ၁၆ အတိုင်းဖြေပါ။

(က) သစ်ခွပန်းပင် = ဉပါဒါပညတ်၊ သဏ္ဌာနပညတ် (အတ္ထပညတ်)
= အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် (သဒ္ဒပညတ်)

(ခ) ဆဋ္ဌလိုဏ်ဂူ = အာကာသပညတ်၊ (အတ္ထပညတ်)
= အဝိဇ္ဇာမာနေန အဝိဇ္ဇမာနပညတ်၊ (သဒ္ဒပညတ်)

**၃၀။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်သည်ဟူသော ပဋိစ္စသမုပ္ပါဒ်နည်းအရ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်လျှင် အဝိဇ္ဇာသည် အဘယ်တရားကြောင့်ဖြစ်ပါသနည်း။ အကြောင်းပြဖြေဆို၍ ဘဝကိုလည်း ပြည့်စုံအောင် သရုပ်ခွဲပြပါ။**

(၁၉၉၀၊ စမန ၁၉၄၊ ၁၈၇)

**အဖြေ** – အကြောင်းတရားကြောင့် အကျိုးတရားဖြစ်သည်ဟူသော ပဋိစ္စသမုပ္ပါဒ်နည်းအရ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်လျှင် အဝိဇ္ဇာသည် "**အာသဝေါတရား ၄ ပါး**"ကြောင့်ဖြစ်၏။

(ဤစာအုပ် စာမျက်နှာ ၃၂၉ နံပါတ် ၁ အတိုင်း ဆက်၍ အကြောင်းပြဖြေပါ။)

– **ဘဝ**သည် ကမ္မဘဝ, ဥပပတ္တိဘဝဟူ၍ ၂ မျိုးရှိပါသည်။

'**ကမ္မဘဝ**'ဟူသည်မှာ အကုသိုလ်စိတ် ၁၂ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟဂ္ဂုတ် ကုသိုလ်စိတ် ၉ ပါးတို့၌ယှဉ်ကြသော အကုသိုလ်, ကုသိုလ်စေတနာကံ ၂၉ ပါးဖြစ်ပါသည်။

'**ဥပပတ္တိဘဝ**'ဟူသည်မှာ အထက်ပါစေတနာကံ ၂၉ ပါးတို့ကြောင့်ဖြစ်သော လောကီ ဝိပါက်စိတ် ၃၂ ပါး၊ ၎င်းစိတ်တို့၌ယှဉ်ကြသောစေတသိက် ၃၅ ပါးနှင့် ကမ္မဇရုပ် ၁၈ ပါးတို့ဖြစ်ကြ၏။

**၃၁။ ပဋိစ္စသမုပ္ပါဒ်လည်ပတ်ရာတွင် ဆက်စပ်မှုသုံးခုကို ဖြေဆိုပြီးလျှင် အကျိုးဖြစ်ပြီးမှ အကြောင်းဖြစ်ရသော ပဋ္ဌာန်းပစ္စည်းကိုလည်း ညွှန်ပြပါ။**

(၁၉၉၀၊ စမန ၂၉၂၊ ၂၀၇)

**အဖြေ – ပဋိစ္စသမုပ္ပါဒ်လည်ပတ်ရာတွင် ဆက်ဆက်မှု–အစပ်သုံးခုမှာ –**

(၁) သင်္ခါရနှင့်ဝိညာဏ်တို့၏အကြားရှိအစပ်သည် အတိတ်အကြောင်းများနှင့်ပစ္စုပ္ပန်အကျိုး တရားများ၏ဆက်စပ်မှု–အစပ်ဖြစ်၏။

(၂) ဝေဒနာနှင့်တဏှာတို့၏အကြားရှိအစပ်သည် ပစ္စုပ္ပန်အကျိုးတရားများနှင့် ပစ္စုပ္ပန်အ ကြောင်းတရားများ၏ဆက်စပ်မှု–အစပ်ဖြစ်၏။

(၃) ဘဝနှင့်ဇာတိအကြားတို့၏အကြားရှိအစပ်သည် ပစ္စုပ္ပန်အကြောင်းတရားများနှင့် အနာဂတ်အကျိုးတရားများ၏ဆက်စပ်မှုအစပ်ဖြစ်၏။

– **အကျိုးဖြစ်ပြီးမှ အကြောင်းဖြစ်ရသော ပဋ္ဌာန်းပစ္စည်းသည်** ''**ပစ္ဆာဇာတပစ္စည်း**''ဖြစ်၏။

**ပစ္ဆာဇာတပစ္စည်း၏ကျေးဇူးပြုပုံမှာ** – နောက်၌ဖြစ်ကြသော စိတ်စေတသိက်တို့သည် ရှေ့၌ဖြစ်နှင့်သော ဟဒယဝတ္ထု, စက္ခုဝတ္ထု, သောတဝတ္ထုစသည့်ရုပ်ဝတ္ထုအသီးသီးကို ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။''

**၃၂။ ပကတူပနိဿယပစ္စည်း၏သဘောသဘာဝကို အရှင်အနုရုဒ္ဓါဆရာ၏အလိုကျ ပြည့်စုံအောင်ရှင်းပြပြီးလျှင် အောက်ပါတို့သည် မည်သည့်သဒ္ဒပညတ်များဖြစ်ကြ သည်ကိုလည်း ဖြေဆိုပါ။ (က)ခေါင်းလောင်းသံ၊ (ခ) စာဖြေပုဂ္ဂိုလ်။**

(၁၉၉၀၊ စမန ၂၀၄၊ ၂၁၇၊ ၂၂၂)

**အဖြေ** – ကပတူပနိဿယပစ္စည်းသည် ဥပနိဿယပစ္စည်း ၃ မျိုးတွင် တစ်မျိုးဖြစ်၏။

ဥပနိဿယပစ္စည်းသည် ပစ္စယုပ္ပန်တရားတို့အား အားကြီးသောမှီရာအဖြစ်ဖြင့် ကျေးဇူး ပြု၏။

ပကတူပနိဿယပစ္စည်းသည် များပြားလှ၏၊ ရာဂအစရှိသော အကုသိုလ်တရားတို့သည် လည်းကောင်း၊ သဒ္ဓါအစရှိသောကုသိုလ်တရားတို့သည်လည်းကောင်း၊ ကာယိကသုခ, ကာယိကဒုက္ခတို့သည်လည်းကောင်း၊ ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ဘောဇဉ်များသည်လည်း ကောင်း၊ ကျောင်း, အိပ်ရာ, နေရာစသည်တို့သည်လည်းကောင်း၊ ပကတူပနိဿယပစ္စည်း များဖြစ်ကြ၏။

ဤကပတူပနိဿယပစ္စည်းများသည် အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်တို့၌ ထိုက်သည်အား လျော်စွာ ကုသိုလ်စသည့်တရားတို့အားလည်းကောင်း၊ ဗလဝဖြစ်သောကုသိုလ်ကံ, အကုသိုလ်ကံတို့သည် ဝိပါက်နာမက္ခန္ဓာတို့အားလည်းကောင်း ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

(က) ခေါင်းလောင်းသံ = အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊

(ခ) စာဖြေပုဂ္ဂိုလ် = အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊

**၃၃။ ''ပဋိစ္စသမုပ္ပါဒ်''ဟူသောစကား၏အဓိပ္ပါယ်ကို ရှင်းပြ၍၊ ယင်းပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးကို ကာလသုံးရပ်အစပ်သုံးဖြာဖြင့် ဝေဖန်ပြခဲ့ပါ။**

(၁၉၉၃၊ စမန ၁၈၃၊ ၁၉၁၊ ၁၉၂)

**အဖြေ** – ''ပဋိစ္စသမုပ္ပါဒ်'' ဟူသောစကား၏အဓိပ္ပါယ်မှာ ''အကြောင်းတရားတို့ကိုစွဲ၍ အကျိုးတရားတို့၏ဖြစ်ခြင်း''ဖြစ်ပါသည်။ အဝိဇ္ဇာ–စသောအကြောင်းပစ္စည်းတရားကို အစွဲပြု၍ သင်္ခါရ–စသည့် အကျိုးပစ္စယုပ္ပန်တရားတို့ဖြစ်ပေါ်လာပုံတို့ကို ဖော်ပြပါသည်။

**– ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးကို ကာလသုံးရပ်ဖြင့် ဝေဖန်ပြရသော်–**

(၁) အတိတ်ကာလ – အဝိဇ္ဇာ၊ သင်္ခါရ။

(၂) ပစ္စုပ္ပန်ကာလ – ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ

(၃) အနာဂတ်ကာလ – ဥပပတ္တိဘဝ၊ ဇာတိ၊ ဇရာမရဏ၊

**– ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးကို အစပ်သုံးဖြာဖြင့် ဝေဖန်ပြရသော်–**

(ဤစာအုပ်စာမျက်နှာ ၃၄၃ နံပါတ် ၃၁ တွင် ဖြေဆိုပြထားပါသည်။)

**၃၄။ သတ္တဝါတို့အား သံသရာဝဋ်မှ မလွတ်ရအောင် အစဉ်အမြဲအမြစ်တွယ်စေတတ်သော သံသရာဝဋ်မြစ်တရားနှစ်ပါးကို ထုတ်ဖော်ရေးသား၍ ပဋိသန္ဓေနေမှု(ဇာတိ) ကြောင့် ဖြစ်ပေါ်လာသောအကျိုးရင်းအကျိုးဆက်တရားအစုကို တစ်ခုမကျန် ရေးသားပြပါ။** (၁၉၉၃၊ စမန ၁၉၃၊ ၁၈၈)

**အဖြေ** – သတ္တဝါတို့အား သံသရာဝဋ်မှ မလွတ်ရအောင် အစဉ်အမြဲ အမြစ်တွယ်စေတတ်သော **သံသရာဝဋ်မြစ်တရားနှစ်ပါးမှာ** – ''**အဝိဇ္ဇာနှင့်တဏှာ**''တို့ဖြစ်ပါသည်။

**– ပဋိသန္ဓေနေမှု (ဇာတိ)ကြောင့် ဖြစ်ပေါ်လာသော အကျိုးရင်းတရားမှာ –** ဇရာမရဏ (အိုခြင်း,သေခြင်း) တို့ဖြစ်ပါသည်။

**အကျိုးဆက်တရားများမှာ** – သောက (စိုးရိမ်ပူပန်ခြင်း)၊ ပရိဒေဝ (ငိုကြွေးခြင်း)၊ ဒုက္ခ(ကိုယ်ဆင်းရဲခြင်း)၊ ဒေါမနဿ (စိတ်ဆင်းရဲခြင်း)၊ ဥပါယာသ (ပြင်းစွာပူဆွေးခြင်း) တို့ဖြစ်ပါသည်။

**၃၅။ ပဋ္ဌာန်းပစ္စည်းတို့တွင် နာမ်တရားနှင့်ရုပ်တရားတို့ အပြန်အလှန်ကျေးဇူးပြုတတ်သော ပစ္စည်းများကို ထုတ်ပြ ၍၊ အာသေဝန, ကမ္မပစ္စည်းတို့၏အနက်အဓိပ္ပါယ်ကိုလည်း နားလည်အောင်ဖြေဆိုရေးသားပါ။** (၁၉၉၃၊ စမန ၂၀၁၊ ၂၀၂၊ ၂၀၃၊ ၂၁၃၊ ၂၁၈)

**အဖြေ** – ပဋ္ဌာန်းပစ္စည်းတို့တွင် နာမ်တရားနှင့်ရုပ်တရားတို့ အပြန်အလှန် ကျေးဇူးပြုတတ်သောပစ္စည်းများမှာ – (၁) သဟဇာတပစ္စည်း၊ (၂) အညမညပစ္စည်း၊ (၃) နိဿယပစ္စည်း၊ (၄) အတ္ထိပစ္စည်း၊ (၅) အဝိဂတပစ္စည်းတို့ဖြစ်ပါသည်။

ပဋိသန္ဓေအခါ၌ နာမ်နှင့်ရုပ်တို့သည် အပြန်အလှန်ကျေးဇူးပြုကြသည်။

**– အာသေဝနပစ္စည်း၏အနက်အဓိပ္ပါယ်**

ရှေးရှေး၌ထုံအပ်သောနံ့သာသည် နောက်နောက်ထုံအပ်သည့်နံ့သာအား အဆင်းအနံ့လွန်စွာတိုးပွားစေလျက် ခိုင်မြဲစွာဖြစ်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ရှေးရှေး၌ ကျမ်းဂန်သင်ကြားခြင်းသည် နောက်နောက်၌ ကျမ်းဂန်သင်ကြားခြင်းကို လွယ်ကူထက်သန်အားရှိအောင် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ထို့အတူ နောက်နောက်ဇောတို့အား ထက်သန်အားရှိအောင် အထုံအဟုန်ပေးသည့်အနေဖြင့် ရှေ့ရှေ့ဇောတို့၏ကျေးဇူးပြုမှုကို အာသေဝနပစ္စယသတ္တိဟုခေါ်၏။

နောက်နောက်ဇောတို့အား ထက်သန်အားရှိအောင် အထုံအဟုန်ပေးသည့်အနေဖြင့် ကျေးဇူးပြုသော ရှေ့ရှေ့ဇောတို့သည် အာသေဝနပစ္စည်းများဖြစ်ကြ၏။

**– ကမ္မပစ္စည်း၏အနက်အဓိပ္ပါယ်**

ကောင်းစွာသိုမှီးသိမ်းဆည်းစီရင်ထားသောမျိုးစေ့သည် အညွှန့်အညောက်နှင့်တကွ အပင်သစ်ကို ဖြစ်စေသကဲ့သို့ ဝိပါက်နာမ်ခန္ဓာ (ဝိပါက်စိတ်စေတသိက်များ) နှင့် ကဋတ္တာရုပ် (ကမ္မဇရုပ်နှင့် ဥတုဇရုပ်) ဖြစ်ဖို့ရန် မျိုးစေ့အဖြစ်ဖြင့် ကျေးဇူးပြုမှုကို ကမ္မပစ္စယသတ္တိဟုခေါ်၏။

ကောင်းမှု, မကောင်းမှုပြုလုပ်စဉ်ဖြစ်ပေါ်သော စေတနာများနှင့် ထိုစေတနာများချုပ်သွားသောအခါ စိတ်အစဉ်တွင် ကျန်ရစ်သည့် နာနက္ခဏိကကံများသည် ကမ္မပစ္စည်းများဖြစ်ကြ၏။

**၃၆။ နိဗ္ဗာန်သည် နာမ်လောရုပ်လော၊ အကြောင်းပြဖြေဆို၍ အောက်ပါတို့၏သဒ္ဒပညတ်အမည်များကိုလည်း ညွှန်ပြခဲ့ပါ။ (က) ရုပ်ဝေဒနာ (ခ) ရေမြေတောတောင် (ဂ) ပညာရှိပုဂ္ဂိုလ် (ဃ) မိန်းမအသံ။** (၁၉၉၁ စမန ၂၁၉၊ ၂၂၂)

**အဖြေ – နိဗ္ဗာန်သည် နာမ်တရားဖြစ်ပါသည်။**

အကြောင်းမှာ နိဗ္ဗာန်သည် လောကုတ္တရာစိတ်တို့၏အာရုံဖြစ်သဖြင့် လောကုတ္တရာစိတ်များနှင့် ယှဉ်ဖက်စေတသိက်များကို နိဗ္ဗာန်ဆီသို့ ကိုင်းညွတ်လာစေခြင်းကြောင့်ဖြစ်ပါသည်။ သို့ဖြစ်၍ အခြေပြုသင်္ဂြိုဟ်တွင် စိတ်အားလုံး, စေတသိက်အားလုံးတို့ပါဝင်ကြသော နာမ်ခန္ဓာ ၄ ပါးနှင့် နိဗ္ဗာန်တို့ကို ရုပ်မဟုတ်သော 'နာမ်' ဟု သတ်မှတ်ပါသည်။

– (က) ရုပ်ဝေဒနာ = ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် (သဒ္ဒပညတ်)

(ခ) ရေမြေတောတောင် = အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် (သဒ္ဒပညတ်)

(ဂ) ပညာရှိပုဂ္ဂိုလ် = ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် ( သဒ္ဒပညတ်)

(ဃ) မိန်းမအသံ = အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် (သဒ္ဒပညတ်)

**၃၇။ ပဋ္ဌာန်းတွင် ပစ္စည်းကို အကြောင်း၊ ပစ္စယုပ္ပန်ကို အကျိုးဟုဆို၏။ ယင်းသို့ဖြစ်လျှင် နိဗ္ဗာန်သည် အကြောင်းလော၊ အကျိုးလော၊ အကယ်၍ အကြောင်းဖြစ်ခဲ့ပါမူ ဆိုင်ရာ**

**အကျိုးတို့အား အဘယ်ပစ္စည်းတို့ဖြင့် ကျေးဇူးပြုပါသနည်း၊ ဖြေဆိုခဲ့ပါ။**

(၁၉၈၂၊ စမန ၂၅၃၊ ၂၅၆)

**အဖြေ** – ပဋ္ဌာန်းတွင် ပစ္စည်းကို အကြောင်း၊ ပစ္စယုပ္ပန်ကို အကျိုးဟုခေါ်၏။ နိဗ္ဗာန်ကို အာရုံပြု၍ လောကုတ္တရာစိတ်စေတသိက်များဖြစ်ပေါ်ကြသဖြင့် နိဗ္ဗာန်သည် အကြောင်းပစ္စည်း တရားဖြစ်ပါသည်။

နိဗ္ဗာန်သည် အာရုံအဖြစ် လောကုတ္တရာစိတ်စေတသိက်များကို ကျေးဇူးပြုသဖြင့် အာရမ္မဏ ပစ္စည်းတွင်ပါဝင်၏၊ တစ်ဖန် အလေးဂရုပြုအပ်သောအာရုံဖြစ်သဖြင့် အာရမ္မဏာဓိပတိ ပစ္စည်း, အာရမ္မဏူပနိဿယပစ္စည်းလည်းဖြစ်၏။

ထို့ကြောင့် နိဗ္ဗာန်သည် လောကုတ္တရာစိတ်စေတသိက်တို့အား အာရမ္မဏပစ္စည်း၊ အာရမ္မဏာဓိပတိပစ္စည်း၊ အာရမ္မဏူပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြုပါသည်။

**၃၈။ သတ္တဝါတို့ အဘယ်ကြောင့်သေရသည်ကို ကြောင်းကျိုးဆက်စပ်ဖော်ပြသည့် ပဋိစ္စသမုပ္ပါဒ်ဟောစဉ်ဒေသနာဖြင့်ညှိ၍ ဖြေဆိုပြီးလျှင် ဘုံသုံးပါး၌ မပြတ်လည် နေသောပဋိစ္စသမုပ္ပါဒ်စက်ကြီး အပြီးတိုင်ရပ်သွားစေရန် အဓိကပယ်သတ်ရမည့် အခြေခံမူလဘူတကို ကောက်ပြခဲ့ပါ။**

(၁၉၉၂၊ စမန ၁၉၃–၁၉၄)

**အဖြေ** – ကြောင်းကျိုးဆက်စပ်ဖော်ပြသည့် ပဋိစ္စသမုပ္ပါဒ်ဟောစဉ်ဒေသနာတွင်–

''*ဇာတိပစ္စယာ ဇရာမရဏံ*'' ဟု ဟောတော်မူသဖြင့် ပဋိသန္ဓေနေခြင်း–ဇာတိဟူသော အကြောင်းကြောင့် သတ္တဝါတို့၏သေဆုံးခြင်း–မရဏသည် ဖြစ်ပေါ်ရပါသည်။

– ဘုံသုံးပါး၌ မပြတ်လည်ပတ်နေသော ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ဝဋ္ဋမြစ် (ဝါ) သံသရာဝဋ္ဋမြစ်နှစ်ပါးမှာ **အဝိဇ္ဇာနှင့်တဏှာ**တို့ဖြစ်ကြသည်။ ပဋိစ္စသမုပ္ပါဒ်စက်ကြီး အပြီးတိုင် ရပ်သွားစေရန် အဓိကပယ်သတ်ရမည့်အခြေခံမူလဘူတသည်''အဝိဇ္ဇာနှင့်တဏှာ''တို့ဖြစ်ပါ သည်။

သစ်ပင်တစ်ပင်၌ ရေသောက်မြစ်ပြတ်လျှင် တစ်ပင်လုံးပျက်စီးရသကဲ့သို့ ထို့အတူ သံသရာ တွင်စည်ပင်နေသော သတ္တဝါဟုခေါ်ဆိုအပ်သော ရုပ်နာမ်ခန္ဓာသစ်ပင်ကြီး၌ အဝိဇ္ဇာ, တဏှာ ဟူသည့် မူလဘူတရေသောက်မြစ်နှစ်ခုကို အရဟတ္တမဂ်ဉာဏ်ဖြင့် ပယ်သတ်လိုက်သည့်အခါ ရုပ်နာမ်သံသရာကြီးနှင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး အပြီးတိုင် ချုပ်ငြိမ်းလေတော့၏။

**၃၉။ ပညတ်သည် ပရမတ်ကဲ့သို့ ထင်ရှားမရှိပါဘဲလျက် အဘယ့်ကြောင့် စိတ်,စေတသိက် တို့၏အာရုံဖြစ်သည်ကို ဖြေဆို၍၊ လိုချင်စုံမက်နှစ်သက်ဖွယ်ကောင်းလှသော ဝင်းခြံ, တိုက်တာ, ဗိမ်ခံကားနှင့်၎င်းတို့၏ပိုင်ရှင် ယဉ်ချောစုတို့သည် မည်သည့်အတ္ထပညတ်များ ဖြစ်သည်ကို ပိုင်းခြားစိတ်ဖြာဖြေဆိုခဲ့ပါ။**

(၁၉၉၂၊ စမန ၁၀၅၊ ၂၅၃၊ ၂၅၇)

**အဖြေ** – ပညတ်သည် ပရမတ်ကဲ့သို့ ထင်ရှားမရှိပါဘဲလျက် စိတ်စေတသိက်အာရုံဖြစ်ခြင်း အကြောင်းမှာ ပညတ်သည် ဓမ္မာရုံတွင် ပါဝင်ပြီး မနောဒွါရ၌ထင်နိုင်ပြီးလျှင် မနောဒွါရိက စိတ်စေတသိက်များက အာရုံယူနိုင်ခြင်းကြောင့်ဖြစ်ပါသည်။ သို့အတွက် ပညတ်သည် ဓမ္မာရုံ ထိုက်သဖြင့် စိတ်,စေတသိက်တို့၏ အာရုံဖြစ်ပါသည်၊ ပညတ်သည် အာရမ္မဏပစ္စည်း,

ဥပနိဿယပစ္စည်းတိုက်ပါသည်။

– နှစ်သက်ဖွယ်ကောင်းလှသော ဝင်းခြံ, တိုက်တာ, ဖိမ်ခံကားနှင့် ပိုင်ရှင်ယဉ်ချောစုတို့၏ အတ္တပညတ်အမည်များမှာ–

(က) ဝင်းခြံ = သန္တာနပညတ်၊ သဏ္ဍာနပညတ်၊
တိုက်တာ = သမူဟပညတ်၊
ဖိမ်ခံကား = သမူဟပညတ်၊
ယဉ်ချောစု = သတ္တပညတ်၊ ဥပါဒါပညတ်၊ ပုဂ္ဂလပညတ်။

**၄၀။ လူသားတိုင်း မွေးသည်မှ သေသည်အထိ နေ့စဉ်ခံနေရသောဆင်းရဲဒုက္ခစုကြီးသည် အဘယ်အကြောင်းကြောင့်ဖြစ်ရပါသနည်း။ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ရှင်းပြ၍ ဝဋ်သုံးပါး သရုပ်ကိုလည်း အမိပ္ပါယ်နှင့်တကွ ဖော်ထုတ်ရေးခဲ့ပါ။** (၁၉၉၃၊ စမန ၁၉၃)

**အဖြေ** – လူသားတိုင်း မွေးသည်မှသေသည်အထိ နေ့စဉ်ခံစားနေရသော ဆင်းရဲဒုက္ခစု ကြီးသည် အဝိဇ္ဇာနှင့်တဏှာတည်းဟူသော ပဋိစ္စသမုပ္ပါဒ်ဝဋ်မြစ် ၂ ပါးကြောင့် ဖြစ်ရပါသည်။ (ဤစာအုပ်စာမျက်နှာ ၃၃၆ နံပါတ် ၁၇ ပထမပိုင်းအတိုင်းဆက်ဖြေပါ။)

– **ဝဋ်သုံးပါးသရုပ်မှာ**–

(၁) ကိလေသဝဋ် = အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊
(၂) ကမ္မဝဋ် = ကမ္မဘဝ၊ သင်္ခါရ၊
(၃) ဝိပါကဝဋ် = ဥပပတ္တိဘဝ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာမရဏ။

သတ္တဝါတို့၏သန္တာန်၌ ကိလေသဝဋ်ရှိလျှင် ကမ္မဝဋ်ကိုပြုလုပ်ကြမည်။ ကမ္မဝဋ်ရှိလျှင် ကိလေသဝဋ်၏အထောက်အပံ့ဖြင့် ဝိပါကဝဋ်ဖြစ်ပေါ်မည်။ ဝိပါကဝဋ်ဖြစ်ပေါ်လျှင် ဝေဒနာ, သောက, ပရိဒေဝစသည်တို့ဖြစ်ပေါ်လာသဖြင့် ကိလေသဝဋ်ဖြစ်လာပြန်သည်။ ဤသို့ဖြင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သည် ဝဋ်သုံးပါးအဖြစ် အစဉ်မပြတ်လည်ပတ်နေပေတော့သည်။

**၄၁။ ပဋ္ဌာန်းပစ္စည်းများကို ထိုက်သလိုသွင်းယူ၍ အကျဉ်းချုပ်လျှင် ပစ္စည်းပေါင်းမည်မျှ ရမည်နည်း။ ရေတွက်ပြ၍ ပစ္စည်းများ၏အကျဉ်းချုပ်တရားကိုယ်ကိုလည်း ကောက်ပြ ခဲ့ပါ။** (၁၉၉၃၊ စမန ၂၁၉၊ ၂၁၇)

**အဖြေ – ပဋ္ဌာန်းပစ္စည်းများကို ထိုက်သလိုသွင်းယူ၍ အကျဉ်းချုပ်လျှင်** ပစ္စည်း ၄ ပါး ရပါသည်။

(၁) အာရမ္မဏပစ္စည်း၊ (၂) ဥပနိဿယပစ္စည်း၊ (၃) ကမ္မပစ္စည်း၊ (၄) အတ္ထိပစ္စည်းတို့ ဖြစ်ပါသည်။

**– ပစ္စည်းများ၏အကျဉ်းချုပ်တရားကိုယ်မှာ–**

စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါး၊ နိဗ္ဗာန်နှင့်ပညတ်တရားတို့ဖြစ်ပါသည်။

**၄၂။ နာမ်နှင့်ရုပ်တို့ အချင်းချင်း ကျေးဇူးပြုကြပုံကို ရေးသားပြ၍ အာရမ္မဏပစ္စည်းသရုပ် ကိုလည်း မှန်ကန်အောင် ထုတ်ဆောင်ပြခဲ့ပါ။** (၁၉၉၃၊ စမန၊ ၂၀၂၊ ၁၉၆)

**အဖြေ – နာမ်နှင့်ရုပ်တို့ အချင်းချင်း အပြန်အလှန်ကျေးဇူးပြုပုံမှာ** – ပဋိသန္ဓေစိတ် ဥပါဒ်သည့်အခါ၌ နာမ်ခန္ဓာ(၄)ပါးနှင့် ကမ္မဇရုပ်(ဟဒယဝတ္ထုရုပ်)တို့သည် အချင်းချင်း အပြန်အလှန် ကျေးဇူးပြု ကြပါသည်။ ထိုသို့ အပြန်အလှန် ကျေးဇူးပြုရာ၌ (၁) သဟဇာတ ပစ္စည်း (၂)အညမညပစ္စည်း၊ (၃) နိဿယပစ္စည်း၊ (၄) အတ္ထိပစ္စည်း၊ (၅) အဝိဂတ ပစ္စည်းတို့၏သတ္တိဖြင့် ကျေးဇူးပြုပါသည်။

**– အာရမ္မဏပစ္စည်း၏ သရုပ်မှာ** – ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ဓမ္မာရုံ ဟူသောအာရုံ ၆ ပါးဖြစ်၍ တရားကိုယ်များမှာ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါး၊ နိဗ္ဗာန်နှင့် ပညတ်တို့ဖြစ်ပါသည်။

**၄၃။ ဤလောကတွင် ''ယောက်ျား,မိန်းမ''ဟူ၍ သတ်မှတ်ခေါ်ဆိုမှု ဖြစ်ပေါ်လာရခြင်း အကြောင်းကို ရှင်းလင်းရေးသား၍ ရုပ်,ဝေဒနာ,မြေ,တောင်တို့၏ ပညတ်အမည်များ ကိုလည်း ညွှန်ပြခဲ့ပါ။** (၁၉၉၃၊ စမန၊ ၂၁၉၊၂၂၀၊ သင်္ဂြိုဟ်၊ ၅၂၃)

**အဖြေ**– ဤလောကတွင် ''ယောက်ျား,မိန်းမ''ဟူ၍ သတ်မှတ်ခေါ်ဆိုမှု ဖြစ်ပေါ်လာ ရခြင်းအကြောင်းမှာ–လောက၌ရှိကြသော သက်ရှိသတ္တဝါများနှင့် သက်မဲ့အရာဝတ္ထုအားလုံး သည် ပညတ်တရားများဖြစ်ကြ၏။ ထိုပညတ်တရားတို့တွင် သူတစ်ပါးကို သိနားလည်အောင် ပြောပြအပ်, သိစေအပ်သော အကြောင်းအရာ အနက်ဒြပ်များကို အတ္ထပညတ်ဟု ခေါ်၏။ ထိုအနက်ဒြပ်သည် စိတ်၌ထင်လာသမျှသော အကောင်အထည်ဝတ္ထုများတည်း။

ထိုအနက်ဒြပ်များအနက် ''ယောက်ျား,မိန်းမ'' အနေဖြင့် စိတ်၌ထင်လာသော အနက် ဒြပ်များကို ရှေးပညာရှိများက ခန္ဓာငါးပါး အပေါင်းအစု ဖြစ်ကြသည့် သတ္တဝါများကို စွဲ၍''ယောက်ျား,မိန်းမ''ဟု အမည်သမုတ်ခဲ့ကြသဖြင့်''ယောက်ျား,မိန်းမ''ဟူသည့် သတ်မှတ် ခေါ်ဆိုမှုဖြစ်ပေါ်လာပါသည်။

''ယောကျာ်း,မိန်းမ''တို့သည် ''သတ္တပညတ်''များဖြစ်ကြ၏။

**– ရုပ်,ဝေဒနာ,မြေ,တောင်တို့၏ ပညတ်အမည်များမှာ –**

| | | အတ္ထပညတ် | သဒ္ဒပညတ် |
|---|---|---|---|
| ရုပ် | = | ဥပါဒါပညတ် | ဝိဇ္ဇမာနပညတ် |
| ဝေဒနာ | = | ဥပါဒါပညတ် | ဝိဇ္ဇမာနပညတ် |
| မြေ | = | သဏ္ဌာနပညတ် | အဝိဇ္ဇမာနပညတ် |
| တောင် | = | သဏ္ဌာနပညတ် | အဝိဇ္ဇမာနပညတ် |

**၄၄။ ပဋိစ္စသမုပ္ပါဒ်နည်းအရ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်ဟု ဆိုရာတွင် အမှတ်မရှိ ဝိညာဏ်ကြောင့် နာမ်ရုပ်အားလုံးဖြစ်ပါသလော၊ ရှင်းလင်းဖြေဆို၍ အစပ်သုံးပါးစပ် ထားပုံကိုလည်း ပိုင်းခြားပြပါ။** (၁၉၉၄၊ စမန ၁၈၄၊ ၁၈၅၊၁၉၂)

**အဖြေ** – ပဋိစ္စသမုပ္ပါဒ်နည်းအရ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်ဟု ဆိုရာ၌ အမှတ်မရှိ ဝိညာဏ်ကြောင့် နာမ်ရုပ်အားလုံးဖြစ်သည်မဟုတ်ပါ။ ရှင်းပြရသော်–

ဝိညာဏ်အဖြစ် ကမ္မဝိညာဏ်, ဝိပါက်ဝိညာဏ်ဟု ကောက်ယူရပါသည်။

ကမ္မဝိညာဏ်သည် အတိတ်ဘဝကပြုခဲ့သော သင်္ခါရနှင့်အနက်တူ၍ အကုသိုလ်, ကုသိုလ် စေတနာကံ ၂၉ ပါးကို ကောက်ယူရသည်။ ဤကမ္မဝိညာဏ်ကြောင့် ကမ္မဇရုပ် ၁၈ ပါးဟူသော ''ရုပ်''ကိုဖြစ်စေပါသည်။ ဝိပါက်ဝိညာဏ်အရ ပစ္စုပ္ပန်ဘဝ၌ သင်္ခါရကြောင့် ဖြစ်သော ဝိပါက်ဝိညာဏ် ၃၂ ပါးကို ကောက်ယူရသည်။ ဤဝိပါက်စိတ် ၃၂ ပါးနှင့်ယှဉ်သော စေတသိက် ၃၅ ပါးဟူသည့် ''နာမ်''ကို ကောက်ယူရသည်။

ထို့ကြောင့် ''ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်'' ဆိုရာ၌ ''ကမ္မဝိညာဏ်၊ ဝိပါက်ဝိညာဏ်တို့ကြောင့် ကမ္မဇရုပ် ၁၈ ပါးနှင့် စေတသိက်နာမ် ၃၅ ပါး''ဖြစ်သည်ဟု ဆိုလိုပါသည်။

– **အစပ်သုံးပါးစပ်ထားပုံမှာ**–(ဤစာအုပ်စာမျက်နှာ ၃၄၃ နံပါတ် ၃၁ တွင် ဖြေဆိုထား၏)

## ၄၅။ ပဋိစ္စသမုပ္ပါဒ်ဟူသည် အဘယ်တရားကို ခေါ်ဆိုပါသနည်း ဖြေဆို၍ ယင်းပဋိစ္စသမုပ္ပါဒ်စက်ကြီး မည်သို့လည်ပတ်နေသည်ကို ရှင်းလင်းဖြေဆိုပါ။

(စမန ၁၈၂၊ ၁၉၀–၁၉၂၊ ၁၉၃)

**အဖြေ** –ပဋိစ္စသမုပ္ပါဒ်ဟူသည်မှာ''*အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ၊ ပ၊ ဇာတိ ပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဉပါယာသာ သမ္ဘဝန္တိ*''ဟူ၍ အဝိဇ္ဇာစသည်ကို အကြောင်းပြု၍ သင်္ခါရစသည့် အကျိုးတရားဖြစ်သည်ကို ဖော်ပြသော အကြောင်းအကျိုးဆက်နွယ်မှုကို ဖော်ပြသော တရားဖြစ်ပါသည်။

– **ပဋိစ္စသမုပ္ပါဒ်စက်ကြီးလည်ပတ်နေပုံမှာ** –အဝိဇ္ဇာမှစဟောထားသော ပဋိစ္စသမုပ္ပါဒ်စက်ကြီးသည် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဉပါယာသတို့ဖြစ်သည့်အခါ ဒေါသစိတ်, လောဘစိတ်စသည်ဖြစ်၍ အဝိဇ္ဇာလည်းတစ်ပေါင်းတည်းဖြစ်ပါသည်။ အာသဝေါတရား ၄ ပါးကြောင့်လည်း အဝိဇ္ဇာဖြစ်ပါသည်။ အဝိဇ္ဇာဖြစ်လျှင် အဝိဇ္ဇာပစ္စယာ သင်္ခါရာ . . . စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်စက်ကြီးလည်ပတ်ပြန်သည်။

**တစ်နည်းကား** – အဝိဇ္ဇာ, သင်္ခါရ , တဏှာ, ဉပါဒါန်, ကမ္မဘဝဟူသော အတိတ်အကြောင်းငါးပါးကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသည့် ပစ္စုပ္ပန်အကျိုးငါးပါးဖြစ်သည်။ ဤပစ္စုပ္ပန်အကျိုးငါးပါးကြောင့် အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဉပါဒါန်, ကမ္မဘဝဟူသော ပစ္စုပ္ပန်အကြောင်းငါးပါးဖြစ်သည်။ ဤပစ္စုပ္ပန်အကြောင်းငါးပါးကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော အနာဂတ်အကျိုးငါးပါးဖြစ်သည်။ ဤသို့ အကြောင်းငါးပါး–အကျိုးငါးပါးအဖြစ်ဖြင့်လည်း ပဋိစ္စသမုပ္ပါဒ်စက်ကြီးလည်ပတ်နေပါသည်။

**တစ်နည်းကား** – အဝိဇ္ဇာ,တဏှာ,ဉပါဒါန်ဟူသောကိလေသဝဋ်ကြောင့် ကမ္မဘဝ, သင်္ခါရဟူသော ကမ္မဝဋ်ဖြစ်သည်။ ကမ္မဝဋ်ကြောင့် ဉပပတ္တိဘဝ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာ, ဇာတိ, ဇရာမရဏဟူသော ဝိပါကဝဋ်ဖြစ်သည်။ ဝိပါကဝဋ်ကြောင့် ကိလေသ ဝဋ်ဖြစ်ပြန်သည်။ဤဝဋ်သုံးပါးနည်းဖြင့်လည်း ပဋိစ္စသမုပ္ပါဒ်စက်ကြီးလည်ပတ်နေပါသည်။

## ၄၆။ ကာလသုံးပါး၌ဖြစ်သောတရား၊ ကာလသုံးပါးမှလွတ်သောတရားတို့ကိုခွဲခြားဖြေဆိုပြီးလျှင် ကားသံ, မြေနံ့, စက်ရုပ်တို့၏သဒ္ဒပညတ်များကိုလည်း တိကျစွာ ဖော်ပြပါ။

(၁၉၉၄၊ စမန ၁၇၅၊ ၁၇၇၊ ၂၂၂)

**အဖြေ – ကာလသုံးပါး၌ဖြစ်သောတရားသည်** စိတ်, စေတသိက်, ရုပ် (ခန္ဓာငါးပါး) တို့ဖြစ်ပါသည်။

– **ကာလသုံးပါးမှလွတ်သောတရားသည်** နိဗ္ဗာန်, ပညတ် (ကာလဝိမုတ်)တို့ဖြစ်သည်။

– **ကားသံ, မြေနှံ့, စက်ရုပ်တို့၏သဒ္ဒပညတ်အမည်များမှာ –**

(၁) ကားသံ = အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊

(၂) မြေနှံ့ = အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊

(၃) စက်ရုပ် = အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊

(**မှတ်ချက်** – အသံ=သဒ္ဒရုပ်၊ အနံ့= ဂန္ဓရုပ်တို့သည်ပရမတ်တရားများတည်း)

**၄၇။ သတ္တဝါမှန်သမျှ အိုခြင်းသေခြင်းမကင်းနိုင်ကြရာ ထိုအိုခြင်း,သေခြင်းတို့၏လက်ရင်းတရားခံကို ပဋိစ္စသမုပ္ပါဒ်နည်းအရညွှန်ပြ၍ထိုလက်ရင်းတရားခံ၏ အကျိုးဆက်တရားများကိုလည်း ဖြေဆိုပါ။** (၁၉၉၅၊ စမန ၁၈၈၊ ၁၈၉)

**အဖြေ** – ပဋိစ္စသမုပ္ပါဒ်အရ ''ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ''ဟူ၍ ''ပဋိသန္ဓေနေခြင်းကြောင့် အိုခြင်း, သေခြင်းစသည်တို့ဖြစ်သည်'' ဟုဟောတော်မူသဖြင့် ထိုအိုခြင်း, သေခြင်းတို့၏လက်ရင်းတရားခံသည် ''ဇာတိ''ဖြစ်၏

**– ထိုလက်ရင်းတရားခံ ''ဇာတိ''၏အကျိုးဆက်တရားများသည် ''သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတရား**''တို့ဖြစ်ပါသည်။

**၄၈။ ''စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နု''ဟု ဆိုရိုးစကားရှိရာ စိတ်သည် ကိုယ်အား မည်သို့မည်ပုံကျေးဇူးပြုသည်ကို ပဋ္ဌာန်းနည်းအရဖြေဆိုပါ။**

( ၁၉၉၅၊ စမန ၂၀၇၊ ၂၀၉၊ ၂၁၃၊ ၂၁၆)

**အဖြေ** – ''စိတ်ထောင်းတော့ကိုယ်ကြေ၊ စိတ်ပျိုတော့ကိုယ်နု''ဟုဆိုရိုးစကားရှိရာ ပဋ္ဌာန်းနည်းအရ စိတ်သည် ကိုယ်အားကျေးဇူးပြုပုံမှာ–

(၁) နောက်နောက်ဖြစ်ကြသောစိတ်စေတသိက်များသည် ရှေ့ရှေ့၌ဖြစ်ကုန်သောဝတ္ထုရုပ်အစု (ရူပကာယ)ကို ပစ္ဆာဇာတပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြု၏။ ဥပမာ–အာဟာရ၌ ချင်ခြင်းစေတနာက နောက်မှဖြစ်၍ ရှေ့၌ဖြစ်နှင့်သောဥင်းတခန္ဓာကိုယ်အား ကျေးဇူးပြုသကဲ့သို့တည်း။

(၂) စိတ်စေတသိက်တို့သည် မိမိတို့ဖြစ်လာသည်နှင့်တစ်ပြိုင်နက် စိတ္တဇရုပ်ကိုပါအတူတကွ ဖြစ်ပေါ်လာအောင် သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။ ဒေါသစိတ် စသည့်အကု သိုလ်စိတ်တို့က မကောင်းသောစိတ္တဇရုပ်များကိုဖြစ်စေခြင်းဖြင့် ကိုယ်ကိုဥပါဒ်ပြု၏၊ စိတ် ထောင်း၍ ကိုယ်ကြေခြင်းပင်တည်း။ ကုသိုလ်စိတ်စသည့် ကောင်းသောစိတ်တို့က ကောင်း သောစိတ္တဇရုပ်များကိုဖြစ်စေခြင်းဖြင့် ကိုယ်ကိုနုပျိုရွှင်လန်းစေ၏။

(၃) ဝိပါက်စိတ်စေတသိက်များ (ဝိပါက်နာမက္ခန္ဓာ)သည် အတူတကွဖြစ်သော စိတ္တဇရုပ်တို့ အား ဝိပါကပစ္စည်း၏အစွမ်းဖြင့်ကျေးဇူးပြု၏။

(၄) ရုပ်မဟုတ်သောနာမ်အာဟာရပစ္စည်း (ဖဿ, စေတနာ, ဝိညာဏ်)တို့သည် ၎င်းတို့နှင့် တစ်ပေါင်းတည်းယှဉ်ဖြစ်သောစိတ်စေတသိက်များနှင့် စိတ္တဇရုပ်များကို အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၅) စိတ်စေတသိက်တို့သည် အတူတကွဖြစ်သောကမ္မဇရုပ်နှင့် စိတ္တဇရုပ်တို့ကို နိဿယပစ္စည်း အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းတို့၏သတ္တိဖြင့်လည်း ကျေးဇူးပြုကြ၏။ ထို့ကြောင့်စိတ်သည် ကိုယ်အား ပစ္ဆာဇာတပစ္စည်း၊ သဟာဇာတပစ္စည်း၊ ဝိပါကပစ္စည်း၊ အာဟာရပစ္စည်း၊ နိဿယပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းတို့၏သတ္တိဖြင့် အထက်ပါအတိုင်း ကျေးဇူး ပြု၏။

## ၄၉။ နေ့နှင့်ညဖြစ်ပေါ်လာရခြင်း၏အကြောင်းတို့ကို ရေး ၍၊ အဘိဓမ္မာပညာရှင်တို့ဖြေဆို နေသော ''အဘိဓမ္မာစာမေးပွဲ''ဟူသည် ဝိဇ္ဇမာနပညတ် စသည်တို့တွင် မည်သည့် ပညတ်မျိုးဖြစ်သည်ကိုလည်း ရှင်းလင်းချက်နှင့်တကွ ဖြေဆိုပါ။

(၁၉၉၅၊ စမန၊ ၂၂၀၊ ၂၂၂)

**အဖြေ** –နေ,လ,နက္ခတ်တို့၏ အသွားအလာကိုစွဲ၍ နေစထွက်သည့်အချိန်မှ နေဝင်သည့် အချိန်အထိ မိုးလင်းနေသည့်အခါသမယကို ရှေးပညာရှိတို့သည် ''နေ့''ဟူသည့် ကာလပညတ်ကို သတ်မှတ်ခဲ့ကြ၏။ တဖန်နေဝင်သည့်အချိန်မှ နေထွက်သည့်အချိန်အထိ မိုးချုပ်မှောင်နေသော အခါသမယကို ရှေးပညာရှိတို့သည် ''ည''ဟူသည့်ကာလပညတ်ကို သတ်မှတ်ခဲ့ကြ၏။ ဤအကြောင်းကြောင့် ''နေ့ နှင့် ည'' ဖြစ်ပေါ်လာပါသည်။

–''**အဘိဓမ္မာစာမေးပွဲ**''သည် ''ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်'' ဖြစ်ပါသည်။

အကြောင်းမှာ ''အဘိဓမ္မာ''သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသဖြင့် ''ဝိဇ္ဇမာနပညတ်'' ဖြစ်သည်။ ''စာမေးပွဲ'' သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် ''အဝိဇ္ဇမာနပညတ်'' ဖြစ်သည်။ ၎င်းတို့ကို ပေါင်းစပ်သောအခါ ''ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်'' ဖြစ်လာပါသည်။

## ၅၀။ ကြောင်းကျိုးဆက်နွယ်မှုပြ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အားဖြင့် အောက်ပါအကျိုး တရားများ၏ အကြောင်းတရားများကို ဆက်နွယ်ဖော်ပြပါ။ (က) တပ်မက်ခင်မင် လိုချင်မှု၊ (ခ) စိုးရိမ်ပူဆွေး ငိုကြွေးမှု၊

(၁၉၉၆၊ စမန၊ ၁၈၆၊ ၁၈၈)

**အဖြေ** – ကြောင်းကျိုးဆက်နွယ်မှုပြ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ

(က) တပ်မက်ခင်မင်လိုချင်မှု (တဏှာ)၏ အကြောင်းတရားမှာ ''**ဝေဒနာ**'' ဖြစ်ပါသည်။

*ဝေဒနာပစ္စယာ တဏှာ* = ဝေဒနာဟူသောအကြောင်းကြောင့် တဏှာဖြစ်ပေါ်သည်။

(ခ)စိုးရိမ်ပူဆွေးမှု ငိုကြွေးမှု(သောက, ပရိဒေဝ)တို့၏ အကြောင်းတရားမှာ ''**ဇာတိ**''ဖြစ်၏။

*ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဉပါယာသာ သမ္ဘဝန္တိ*= ပဋိသန္ဓေနေခြင်း (ဇာတိ)ဟူသောအကြောင်းကြောင့် အိုခြင်းသေခြင်း၊ စိုးရိမ်ပူဆွေးခြင်း (သောက)၊ ငိုကြွေးခြင်း(ပရိဒေဝ)၊ ကိုယ်ဆင်းရဲခြင်း(ဒုက္ခ)၊ စိတ်ဆင်းရဲခြင်း(ဒေါမနဿ)၊ ပြင်းစွာပူဆွေးခြင်း (ဉပါယာသ)တို့ဖြစ်ပေါ်သည်။

**၅၁။ လူမှုနယ်ပယ်၌ စည်းစိမ်ဥစ္စာကြွယ်ဝသူကို ''လူချမ်းသာ'' ဟု ဆိုလေ့ရှိရာ ပဋိစ္စသမုပ္ပါဒ်နည်းအရ ''လူချမ်းသာ''ဟူ၍ရှိနိုင်–မရှိနိုင် အဘိဓမ္မာပညာရှင်ပီပီ စိစစ်ပြ၍ ''အဝိဇ္ဇာ''၏ အကြောင်းတရားကိုလည်း ဖြေဆိုပါ။** (၁၉၉၆၊ စမန ၁၉၂)

**အဖြေ** – လူမှုနယ်ပယ်၌ စည်းစိမ်ဥစ္စာကြွယ်ဝသူကို ''လူချမ်းသာ'' ဟု ဆိုလေ့ရှိရာ ပဋိစ္စသမုပ္ပါဒ်နည်းအရ **''လူချမ်းသာ''ဟူ၍ မရှိနိုင်ပါ။**

**အကြောင်းမှာ** ပဋိစ္စသမုပ္ပါဒ်နည်းအရ အဝိဇ္ဇာစသော အကြောင်းအဆက်ဆက်ကြောင့် ဖြစ်ပေါ်လာသော သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဥပပတ္တိဘဝ၊ ဇာတိ၊ ဇရာမရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဟူသည့် အကျိုးတရားအဆက်ဆက်တို့သည် အကြောင်းရော အကျိုးရော ရုပ်နာမ်တရားများသာ ဖြစ်၍ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရားတို့သာ ဖြစ်ကြပါသည်။ ဆင်းရဲအစုသာဖြစ်၍ အနတ္တတရားတို့သာဖြစ်ကြသဖြင့် ''လူချမ်းသာ''ဟူ၍ မရှိခြင်း ဖြစ်ပါသည်။

– **အဝိဇ္ဇာ၏ အကြောင်းတရားမှာ** ကာမာသဝ,ဘဝါသဝ,ဒိဋ္ဌာသဝ,အဝိဇ္ဇာသဝဟူသော **အာသဝေါတရား ၄ ပါး**တို့ ဖြစ်ပါသည်။ ဤအာသဝေါတရားများ (တဏှာ၊ ဒိဋ္ဌိ၊ အဝိဇ္ဇာ)တို့ ဖြစ်ပေါ်လျှင် အဝိဇ္ဇာလည်း တပါတည်းဖြစ်ပေါ်လာပါသည်။

**၅၂။ လူ့လောက၌ပြောဆိုနေကြသည့် အပေါင်းအသင်းမကောင်း၍ ပျက်စီးရသည်၊ အပေါင်းအသင်းကောင်း၍ တိုးတက်ကြီးပွားရသည်ဟူသော စကားကို မြတ်ဗုဒ္ဓ အဘိဓမ္မာနှင့် ညီမညီ စိစစ်ပြ၍၊ ပရမတ္ထဓမ္မများကို အနှစ်ချုပ်ပါက မည်မျှရှိသည်ကိုလည်း ဖြေဆိုပါ။** (၁၉၉၆၊ စမန ၂၁၇)

**အဖြေ** – လူ့လောက၌ပြောဆိုနေကြသည့် ''အပေါင်းအသင်းမကောင်း၍ ပျက်စီးရသည်၊ အပေါင်းအသင်းကောင်း၍ တိုးတက်ကြီးပွားရသည်ဟူသောစကားသည် မြတ်ဗုဒ္ဓအဘိဓမ္မာနှင့် ညီညွတ်ပါသည်။

အကြောင်းမှာ အဘိဓမ္မာပဋ္ဌာန်းဒေသနာတော်၌ ရာဂစသည့်အကုသိုလ်တရားများ၊ သဒ္ဓါစသည့်ကုသိုလ်တရားများ၊ ပုဂ္ဂိုလ်၊ ဘောဇဉ်၊ ကျောင်း၊ အိပ်ရာ၊ နေရာတို့သည် ပကတူပနိဿယပစ္စည်းများဖြစ်ကြ၏။ ထို့ကြောင့် ပုဂ္ဂိုလ်ဖြစ်ကြသော လူကောင်း, လူမိုက်တို့သည်လည်းကောင်း၊ ကုသိုလ်, အကုသိုလ်တရားများသည်လည်းကောင်း၊ ပကတူပနိဿယပစ္စည်းများထိုက်ကြ၏။

ဤပကတူပနိဿယပစ္စည်းများသည် အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်တို့၌ နောင်ဖြစ်ပေါ်လာကြမည့် ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာတို့အား ထိုက်သည့်အားလျော်စွာ ဥပနိဿယပစ္စယသတ္တိ – အားကြီးသောမှီရာသတ္တိဖြင့် ကျေးဇူးပြုကြ၏။

သို့အတွက် အပေါင်းအသင်းကောင်း(ပုဂ္ဂိုလ်)သည် ပေါင်းသင်းသူ၏သန္တာန် (ဗဟိဒ္ဓသန္တာန်)၌ ကုသိုလ်–တိုးတက်ကြီးပွားခြင်းဖြစ်ပေါ်အောင် အားကြီးသောမှီရာအဖြစ် ကျေးဇူးပြု၏။

မကောင်းသောအပေါင်းအသင်း(ပုဂ္ဂိုလ်)သည် ပေါင်းသင်းသူ၏သန္တာန်၌ အကုသိုလ်–ပျက်စီးဆုံးရှုံးခြင်းဖြစ်ပေါ်အောင် အားကြီးသောမှီရာ–ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါ

သည်။

– **ပရမတ္ထဓမ္မများမှာ** စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါး၊ နိဗ္ဗာန်ဟူ၍ရှိရာ စိတ်, စေတသိက်, နိဗ္ဗာန်တို့ကို ''**နာမ်**''ဟုခေါ်ဆိုနိုင်ခြင်းကြောင့် **အနှစ်ချုပ်လိုက်ပါက** ''**ရုပ်နာမ်**'' နှစ်ပါးသာရှိပါသည်။

**၅၃။ အောက်ပါတရားများကို ဖော်ပြပါ။**

**(က) ဇာတိ၏အကျိုးဆက်, အကျိုးရင်းတရား၊**

**(ခ) အို, နာ, သေ ဝဋ်ဒုက္ခမှကင်းဝေးရန် ပယ်သတ်ရမည့်တရား၊**

**(ဂ) ရဟန္တာမှတစ်ပါး အခြားပုဂ္ဂိုလ်များအား အနာဂတ်ဘဝ၌ မလွဲကေန်တွေ့ကြုံရမည့် တရား။** (၁၉၉၇ စမန ၁၈၈၊ ၁၈၉၊ ၁၉၄)

**အဖြေ** – (က) ဇာတိ၏အကျိုးဆက်တရား = သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ။

ဇာတိ၏အကျိုးရင်းတရား = ဇရာ, မရဏ။

(ခ) အို, နာ, သေ ဝဋ်ဒုက္ခမှကင်းဝေးရန်ပယ်သတ်ရမည့်တရား = အဝိဇ္ဇာ, တဏှာဟူသော ဝဋ်မြစ် ၂ ပါး။

(ဂ) ရဟန္တာမှတစ်ပါး အခြားပုဂ္ဂိုလ်များအား အနာဂတ်ဘဝ၌ မလွဲကေန် တွေ့ကြုံရမည့်တရား = (ဥပပတ္တိဘဝ) ဇာတိ၊ ဇရာ၊ မရဏ၊

တစ်နည်း = ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏ။

**၅၄။ နာမ်တရားသည် နာမ်, ရုပ်တရားနှစ်ပါးအား ကျေးဇူးပြုသောပစ္စည်းများကိုဖော်ပြ၍ ''အာရမ္မဏာဓိပတိပစ္စည်း'' ကျေးဇူးပြုပုံကိုလည်း ကြောင်း,ကျိုး ပေါ်လွင်အောင် ဖြေဆိုခဲ့ပါ။** (၁၉၉၇၊ စမန ၂၁၅–၂၁၆၊ ၂၁၇)

**အဖြေ** – နာမ်တရားသည် နာမ်, ရုပ်တရားနှစ်ပါးအား ကျေးဇူးပြုသောပစ္စည်းများမှာ= ဟေတုပစ္စည်း၊ ဈာနပစ္စည်း၊ မဂ္ဂပစ္စည်း၊ ကမ္မပစ္စည်း၊ ဝိပါကပစ္စည်း၊ ပေါင်း ၅ ပစ္စည်း ဖြစ်ပါသည်။

''**အာရမ္မဏာဓိပတိပစ္စည်း**''သည် အလေးဂရုပြုအပ်သော (အာရုံမပြုဘဲ မနေနိုင်လောက်အောင် စိတ်ကိုဆွဲဆောင်နိုင်သော) အာရုံဖြစ်၏။

အာရမ္မဏာဓိပတိပစ္စည်းသည် စိတ်စေတသိက်များဟူသောနာမ်တရားတို့အား အာရမ္မဏာဓိပတိပစ္စည်း၏သတ္တိဖြင့် ကျေးဇူးပြုပါသည်။

**၅၅။ ပညတ်နှစ်မျိုးကို အဓိပ္ပါယ်နှင့်တကွဖော်ပြ၍ အောက်ပါပညတ်များကိုလည်းအမည်ပေးခဲ့ပါ။ (က) ခန္ဓာ ၅ ပါးကိုအကြောင်းပြု၍ဖြစ်ပေါ်လာသောပညတ်၊ (ခ)ခြောက်ပါးသောအဘိညာဉ်ကိုရသူ၊ (ဂ) မင်း၏သားတော်။** (၁၉၉၇၊ စမန ၂၁၉၊ ၂၂၀၊ ၂၂၂)

**အဖြေ – ပညတ်နှစ်မျိုးသည်** (၁) အတ္ထပညတ် (၂) သဒ္ဒပညတ်တို့ဖြစ်ပါသည်။ ၎င်းတို့၏ အဓိပ္ပါယ်မှာ – (ဤစာအုပ်စာမျက်နှာ ၃၃၅ နံပါတ် ၁၆ တွင် ဖြေဆိုထားသည်)

– **အောက်ပါပညတ်များ၏အမည်များမှာ–**

(က) ခန္ဓာငါးပါးကိုအကြောင်းပြု၍ ဖြစ်ပေါ်လာသောပညတ် = သတ္တပညတ် (အတ္ထပညတ်)
(ခ) ခြောက်ပါးသောအဘိညဉ်ကိုရသူ = ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် (သဒ္ဒပညတ်)
(ဂ) မင်း၏သားတော် = အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် (သဒ္ဒပညတ်)။

**၅၆။ ''ပဋိစ္စသမုပ္ပါဒ်''အရ တရားကိုယ်ကောက်ပြ၍ အောက်ပါအကျိုးတရားများ၏ အကြောင်းတရားများကိုလည်း ပဋိစ္စသမုပ္ပါဒ်နည်းအရဖြေဆိုပါ။**
**(က) လှပသောရုပါရုံကို တပ်မက်ချစ်ခင်လိုချင်မှု၊**
**(ခ) လှပသောရုပါရုံကို မေ့ပျောက်မရအောင် စွဲလမ်းမှု။**

(၁၉၉၈၊ စမန ၁၈၄၊ ၁၈၆)

**အဖြေ** – **''ပဋိစ္စသမုပ္ပါဒ်''အရ တရားကိုယ်မှာ** – လောကီစိတ် ၈၁ ပါး၊ ယှဉ်ဖက်စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးတို့ဖြစ်ပါသည်။

– ပဋိစ္စသမုပ္ပါဒ်နည်းအရ အောက်ပါအကျိုးတရားများ၏အကြောင်းတရားများမှာ–
(က) လှပသောရူပါရုံကို တပ်မက်ချစ်ခင်လိုချင်မှု (တဏှာ) ၏အကြောင်းတရားသည် ဝေဒနာဖြစ်ပါသည်။ ''ဝေဒနာပစ္စယာ တဏှာ'' = ဝေဒနာဟူသောအကြောင်းကြောင့် တဏှာဖြစ်ပေါ်၏။
(ခ) လှပသောရူပါရုံကိုမေ့ပျောက်မရအောင်စွဲလမ်းမှု(ဥပါဒါန်)၏ အကြောင်းတရားသည် တဏှာဖြစ်၏။ ''တဏှာပစ္စယာ ဥပါဒါနံ'' = တဏှာဟူသောအကြောင်းကြောင့် ဥပါဒါန် ဖြစ်ပေါ်၏။

**၅၇။ အသက်ရှည်စွာ အနာမဲ့ရေးအတွက် အဓိကလိုအပ်သော ပစ္စည်းတရား,ပစ္စယုပ္ပန် တရားများကို ပဋ္ဌာန်းနည်းအရ ရှာဖွေရေးသားပြီးလျှင် လှပသောရူပါရုံသည် ကြည့်ရှုသူ၏မြင်သိစိတ်အား ကျေးဇူးပြုရာ၌ ပါဝင်သောပစ္စည်းတရားများကိုလည်းဖော်ပြပါ။**

(၁၉၉၈၊ စမန ၂၀၉၊ ၂၁၈၊ ၁၉၆၊ ၂၀၆၊ ၂၁၃)

**အဖြေ** – အသက်ရှည်စွာ အနာမဲ့ရေးအတွက် အဓိကလိုအပ်သောပစ္စည်းတရားသည်– **အာဟာရပစ္စည်း**ဖြစ်ပါသည်။ အာဟာရပစ္စည်းသည် ရုပ်အာဟာရနှင့် နာမ်အာဟာရဟူ၍ ၂ မျိုးရှိ၏။ ရုပ်အာဟာရသည် အဇ္ဈတ္တစတုဇဩဇာနှင့် စားသောက်မျိုသွင်းအပ်သည့် အစာအာဟာရ၌ပါသော ဗဟိဒ္ဓဩဇာတို့ဖြစ်ကြ၏။

နာမ်အာဟာရသည် ဖဿ, ဝေဒနာနှင့်ဝိညာဏ်တို့ဖြစ်ကြ၏။

(၁) အလုပ်အလွေးပြု၍ စားမျိုအပ်သောကဗဠီကာရာဟာရသည် ဤခန္ဓာကိုယ်–ရူပကာယ အား ကျန်းမာသန်စွမ်းအောင် စောင့်ရှောက်ထောက်ပံ့ထမ်းဆောင်ခြင်းဟူသည့် အာဟာ ရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။
(၂) ရုပ်မဟုတ်သောနာမ်အာဟာရ (ဖဿ, စေတနာ, ဝိညာဏ်) တို့သည် ၎င်းတို့နှင့်အတူ တကွ တစ်ပေါင်းတည်းဖြစ်ကုန်သော စိတ်စေတသိက်များနှင့် ထိုစိတ်စေတသိက်တို့ဖြစ်စေ သော စိတ္တဇရုပ်တို့ကို အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

– **လှပသောရူပါရုံသည် ကြည့်ရှုသူ၏မြင်သိစိတ်အား** ကျေးဇူးပြုရာ၌ ပါဝင်သောပစ္စည်းတရား

များမှာ – (၁) အာရမ္မဏပစ္စည်း၊ (၂) ပုရေဇာတပစ္စည်း၊ (၃) အတ္ထိပစ္စည်း၊ (၄) အဝိဂတပစ္စည်းတို့ဖြစ်ပါသည်။

**၅၈။ ''ရုပ်နာမ်နှစ်ပါး၊ ကွဲတုံငြား၊ မှတ်သားကလျာဏ''ဟူသည်နှင့်အညီ ကလျာဏပုထုဇဉ် စာရင်းဝင်ရန် ပရမတ္ထတရားများကို ရုပ်,နာမ်ခွဲပြပြီးလျှင်၊ အောက်ပါတို့တွင် (က)ကို အတ္ထပညတ်၊ (ခ)ကို သဒ္ဒပညတ်အမည်ပေးပါ။ (က) စံပယ်ပန်း၊ (ခ) ပညာဗိမာန်**

(၁၉၉၈၊ စမန ၂၁၉၊ ၂၂၀၊ ၂၂၂)

**အဖြေ** – ပရမတ္ထတရားများကို ရုပ်, နာမ်ခွဲပြရသော်–
စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါးနှင့် နိဗ္ဗာန်တို့သည် နာမ်တရားဖြစ်သည်၊
ရုပ် ၂၈ ပါးသည် ရုပ်တရား ဖြစ်ပါသည်။
(က) စပယ်ပန်း = သဏ္ဍာနပညတ် (အတ္ထပညတ်)
(ခ) ပညာဗိမာန် = ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် (သဒ္ဒပညတ်)။

**၅၉။ ဇာတိ၏အကျိုးရင်းနှင့်အကျိုးဆက်ကို ခွဲခြားဖော်ပြ၍၊ ပဋိစ္စသမုပ္ပါဒ်ကို အလွှာလေးပါးဖြင့် ခွဲပြပါ။** (၁၉၉၉၊ စမန ၁၈၈၊ ၁၉၂)

**အဖြေ** – ဇာတိ၏အကျိုးရင်း = ဇရာမရဏ။
ဇာတိ၏အကျိုးဆက် = သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ။

**– ပဋိစ္စသမုပ္ပါဒ်ကို အလွှာလေးပါးဖြင့်ခွဲပြရသော် –**

(၁) အတိတ်ဘဝအကြောင်း ၅ ပါး = အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ(တစ်လွှာ)
(၂) ပစ္စုပ္ပန်ဘဝအကျိုး ၅ ပါး = ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ (တစ်လွှာ)
(၃) ပစ္စုပ္ပန်ဘဝအကြောင်း ၅ ပါး = တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ (တစ်လွှာ)
(၄) အနာဂတ်ဘဝအကျိုး ၅ ပါး = ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ (တစ်လွှာ)၊ ပေါင်း – အလွှာလေးလွှာဖြစ်ပါသည်။

**၆၀။ လူသားတိုင်း မွေးသည်မှ သေသည်အထိ နေ့စဉ်ခံစားနေရသောဆင်းရဲဒုက္ခစုကြီး သည် အဘယ်အကြောင်းကြောင့်ဖြစ်ရသည်ကို ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ရှင်းပြ၍ ဝင့်သုံးပါးသရုပ်ကိုလည်းရေးခဲ့ပါ။** (၁၉၉၉၊ စမန ၁၉၃)

**အဖြေ**–(ဤစာအုပ် စာမျက်နှာ ၃၄၇ နံပါတ် ၄၀ နှင့် မေးခွန်းတူ အဖြေတူပါသည်။)

**၆၁။ ရေဒီယိုမှ သီချင်းသံသည် နားဆင်သူ၏ စိတ်အစဉ်အား အဘယ်ပဋ္ဌာန်းပစ္စည်းများ ဖြင့် ကျေးဇူးပြုသည်ကိုရေး၍၊ ကျန်းမာသက်ရှည်ရေးအတွက် အရေးကြီးသောပစ္စည်း သည် မည်သည့်ပစ္စည်း ဖြစ်ပါသနည်း၊ ဖြေဆိုပါ။**

(၁၉၉၉၊ စမန၊ ၁၉၆၊ ၂၀၆၊ ၂၁၃၊ ၂၀၉)

**အဖြေ** – ရေဒီယိုမှ သီချင်းသံသည် နားဆင်သူ၏ စိတ်အစဉ်အား (၁) အာရမ္မဏပစ္စည်း၊

(၂) ပုရေဇာတပစ္စည်း၊ (၃) အတ္ထိပစ္စည်း (၄) အဝိဂတပစ္စည်းတို့ဖြင့် ကျေးဇူးပြုပါသည်။
–ကျန်းမာအသက်ရှည်ရေးအတွက် အရေးကြီးသော ပစ္စည်းသည် **အာဟာရပစ္စည်း**ဖြစ်ပါသည်။

အာဟာရပစ္စည်းသည် ကာဗဠီကာရာဟာရ, ဖဿာဟာရ, မနောသဉ္စေတနာဟာရ, ဝိညာဏာဟာရတို့ ဖြစ်ကြသည်။

**၆၂။ ကြောင်းကျိုးဆက်နွယ်မှုပြ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းအားဖြင့် အောက်ပါအကျိုးတရားများ၏ အကြောင်းတရားများကို ဆက်နွယ်ဖော်ပြပါ။**

**(က) တပ်မက်ခင်မင်လိုချင်မှု၊ (ခ) အငမ်းမရစွဲလမ်းမှု၊ (ဂ) စိုးရိမ်ပူဆွေးငိုကြွေးမှု၊**

(၂၀၀၀၊ စမန ၁၈၆၊ ၁၈၈)

**အဖြေ** – (က) တပ်မက်ခင်မင်လိုချင်မှု၏အကြောင်းတရားသည် ဝေဒနာဖြစ်ပါသည်။

ဝေဒနာပစ္စယာ တဏှာ = ဝေဒနာဟူသောအကြောင်းကြောင့် တဏှာဖြစ်ပါသည်။

(ခ) အငမ်းမရစွဲလမ်းမှု (ဥပါဒါန်)၏ အကြောင်းတရားသည် ''တဏှာ''ဖြစ်၏။

*တဏှာပစ္စယာ ဥပါဒါနံ* = တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန်ဖြစ်ပါသည်။

(ဂ) စိုးရိမ်ပူဆွေးငိုကြွေးမှု၏အကြောင်းတရားသည် ဇာတိဖြစ်ပါသည်။

''ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ . . .'' = ပဋိသန္ဓေနေခြင်း (ဇာတိ) ဟူသောအကြောင်းကြောင့် အိုခြင်းသေခြင်း, စိုးရိမ်ပူဆွေးငိုကြွေးခြင်းတို့ဖြစ်ပါသည်။

**၆၃။ ဘုံသုံးပါး၌ မပြတ်လည်နေသောပဋိစ္စသမုပ္ပါဒ်စက်ကြီး အပြီးတိုင်ရပ်သွားစေရန် အဓိကဦးတည်ပယ်သတ်ရမည့် အခြေခံမူလဘူတတို့ကို ရေးသား၍ ''ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်''၏အင်္ဂါတို့ကိုလည်း ဖော်ပြပါ။** (၂၀၀၀၊ စမန၊ ၁၉၃၊၁၉၂)

**အဖြေ** – ဘုံသုံးပါး၌မပြတ်လည်ပတ်နေသောပဋိစ္စသမုပ္ပါဒ်စက်ကြီး အပြီးတိုင်ရပ်သွားစေရန် အဓိကဦးတည်ပယ်သတ်ရမည့်အခြေခံမူလဘူတတို့မှာ–''**အဝိဇ္ဇာနှင့် တဏှာ**''ဖြစ်၏။

–''ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်''၏ အင်္ဂါ ၁၂ ရပ်မှာ

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏတို့ဖြစ်ပါသည်။

**၆၄။ ပဋ္ဌာန်းပစ္စည်းများကို ထိုက်သလိုသွင်းယူ၍ အကျဉ်းချုပ်လျှင် ပစ္စည်းပေါင်းမည်မျှ ရှိသည်ကို ရေတွက်ပြ၍၊ ထိုပဋ္ဌာန်းပစ္စည်းအဖြစ်ဖြင့် ဟောအပ်သောတရား တို့ကိုလည်း ဖော်ပြပါ။** (၂၀၀၀၊စမန၊ ၂၁၉)

**အဖြေ** –ပဋ္ဌာန်းပစ္စည်းများကို ထိုက်သလိုသွင်းယူ၍ အကျဉ်းချုပ်လျှင် ပစ္စည်းပေါင်း ၄ ပါးရပါသည်။ ၎င်းတို့မှာ – (၁) အာရမ္မဏပစ္စည်း၊ (၂) ဥပနိဿယပစ္စည်း၊ (၃) ကမ္မပစ္စည်း၊ (၄) အတ္ထိပစ္စည်းတို့ဖြစ်ပါသည်။

– ပဋ္ဌာန်းပစ္စည်းအဖြစ်ဖြင့် ဟောအပ်သောတရားတို့မှာ–

စိတ် ၈၉ ပါး၊ စေတသိက် ၅၂၊ ရုပ် ၂၈ ပါး၊ နိဗ္ဗာန်၊ ပညတ်တို့ဖြစ်ပါသည်။

**၆၅။ ဤလောကၝ သတ္တဝါတစ်ယောက်ဖြစ်ပေါ်လာခြင်းသည် တန်ခိုးကြီးမားထာဝရ ဘုရားသခင်စသည်တို့ ဖန်ဆင်းလိုက်သောကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါသလော၊ ကြောင်းကျိုးဆက်နွယ်မှုပြ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရဖြေဆိုပါ။**

(၂၀၀၁၊စမန၊၁၈၃၊ ၁၉၂၊ ၁၉၃)

**အဖြေ** –ဤလောကၝ သတ္တဝါတစ်ယောက်ဖြစ်ပေါ်လာခြင်းသည် တန်ခိုးကြီးမား ထာဝရ ဘုရားသခင်စသည်တို့ ဖန်ဆင်းလိုက်သောကြောင့် ဖြစ်ပေါ်လာခြင်းမဟုတ်ပါ။

ကြောင်းကျိုးဆက်နွယ်မှုပြ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ သတ္တဝါတစ်ဦးသည် အဝိဇ္ဇာကြောင့် သင်္ခါရဟူသည့် ကံတရားကိုစီမံ၏။ သင်္ခါရဟူသောအကြောင်းကြောင့် ပစ္စုပ္ပန်ဘဝတွင် ပဋိသန္ဓေနှင့်ဝိပါက်ဝိညာဏ်များဖြစ်ပေါ်ကြ၏။ ဝိညာဏ်ဟူသောအကြောင်းကြောင့် စေတသိက် နာမ်ခန္ဓာသုံးပါး၊ ကမ္မဇရုပ် ၁၈ ပါးဟူသော နာမ်ရုပ်ဖြစ်လာ၏။ နာမ်ရုပ်အကြောင်းကြောင့် သဠာယတနခေါ် အတွင်းအာယတနခြောက်ပါးဖြစ်လာ၏၊ အာယတနအကြောင်းကြောင့် ဖဿဖြစ်၏၊ ဖဿအကြောင်းကြောင့် ဝေဒနာဖြစ်၏၊

ဝေဒနာအကြောင်းကြောင့် ဥပါဒါန်ဖြစ်၏၊ ဥပါဒါန်အကြောင်းကြောင့် ကမ္မဘဝဖြစ်၏၊ ကမ္မဘဝကြောင့် ဥပပတ္တိဘဝဟူသောအနာဂတ်ဘဝ၏ ပဋိသန္ဓေနေခြင်း ဇာတိဖြစ်၏၊ ဇာတိဟူသောအကြောင်းကြောင့် ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ တို့ဖြစ်၏။ ဇရာ, မရဏ, သောက, ပရိဒေဝစသည်တို့ကြောင့် အာသဝေါတရားများ ဖြစ်ပေါ်ကြ၏။ အာသဝေါတရားများကြောင့် အဝိဇ္ဇာတစ်ဖန်ဖြစ်ပြန်၏။

ဤသို့ အဝိဇ္ဇာ စသည့်အကြောင်းတို့ကြောင့် သင်္ခါရစသောအကျိုးတရားတို့ဖြစ်ခြင်းဟူသော ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်နွယ်မှုကြောင့်သာလျှင် သတ္တဝါများ တစ်ဘဝပြီး တစ်ဘဝဖြစ်ကြသည်။ ကိလေသာဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်အဖြစ်ဖြင့်လည်း ဘဝစက်လည် နေရသည်။ ထာဝရဘုရားသခင်စသည်တို့ ဖန်ဆင်းလိုက်သောကြောင့် ဖြစ်ပေါ်လာရခြင်း မဟုတ်ပါ။

**၆၆။ ဝဋ်သုံးပါးကိုရေတွက်ပြ၍ အဝိဇ္ဇာ၏အကြောင်းတရားကိုလည်းဖြေဆိုပါ။**

(၂၀၀၁၊ စမန ၁၉၃၊ ၁၉၄)

**အဖြေ** – ဝဋ်သုံးပါးမှာ – (၁) ကိလေသာဝဋ် = အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊
(၂) ကမ္မဝဋ် = သင်္ခါရ၊ ကမ္မဘဝ၊
(၃) ဝိပါကဝဋ်= (ဥပပတ္တိဘဝ) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ, မရဏတို့ဖြစ်သည်။

**– အဝိဇ္ဇာ၏ အကြောင်းတရားမှာ** ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝဟူသော အာသဝေါတရားလေးပါးဖြစ်ပါသည်။ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ဖြစ်သည့်အခါ ဒေါသမူစိတ်, မောဟမူစိတ်တို့ဖြစ်ပေါ်ပြီး အဝိဇ္ဇာလည်း တပေါင်းတည်းဖြစ်သည်။ ဖဿ, ဝေဒနာဖြစ်သည့်အခါ တဏှာ, ဥပါဒါန်တို့ဖြစ်ပေါ်၍ အဝိဇ္ဇာလည်း တပေါင်းတည်း ယှဉ်ဖြစ်ပါသည်။ သို့အတွက် အာသဝေါတရား (တဏှာ, ဒိဋ္ဌိ, မောဟ)တို့ကြောင့် အဝိဇ္ဇာဖြစ်ပါသည်။

**၆၇။ အဘယ်ကိုအစွဲပြု၍ နေ့နှင့်ညဖြစ်ပေါ်လာသည်ကိုရေး၍၊ သဒ္ဒပညတ်(၆)မျိုးကို လည်းရေတွက်ပြပါ။** (၂၀၀၁၊ စမန၊ ၂၂၀၊ ၂၂၂)

**အဖြေ – နေ့နှင့်ညဖြစ်ပေါ်လာပုံမှာ–**

(ဤစာအုပ် စာမျက်နှာ ၃၅၁ နံပါတ် ၄၉ တွင် ဖြေဆိုထား၏။)

– **သဒ္ဒပညတ်ခြောက်မျိုးမှာ** – (၁)ဝိဇ္ဇမာနပညတ်၊ (၂) အဝိဇ္ဇမာနပညတ်၊ (၃) ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊ (၄) အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊ (၅) ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊ (၆) အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်တို့တည်း။

**၆၈။ သတ္တဝါမှန်သမျှ အိုခြင်း,သေခြင်းမကင်းနိုင်ကြရာ ပဋိစ္စသမုပ္ပါဒ်နည်းအရ ထိုအိုခြင်း, သေခြင်းတို့၏လက်ရင်းတရားကို ပဋိစ္စသမုပ္ပါဒ်အရ ညွှန်ပြ၍၊ ထိုလက်ရင်းတရားခံ၏ အကျိုးဆက်တရားများကိုလည်း ဖြေဆိုပါ။** (၂၀၀၂၊ စမန၊ ၁၈၈)

**အဖြေ** – ပဋိစ္စသမုပ္ပါဒ်နည်းအရအိုခြင်း,သေခြင်းတို့၏လက်ရင်းတရားခံတရားသည် ''**ဇာတိ**'' (ပဋိသန္ဓေနေခြင်း) ဖြစ်ပါသည်။

– ထိုလက်ရင်းတရားခံတရား **''ဇာတိ''၏ အကျိုးဆက်တရားများမှာ** – သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသတရားတို့ဖြစ်ပါသည်။

**၆၉။ အဝွန့် ၃ ပါးကို တရားကိုယ်နှင့်တကွရေး၍၊ ဝဋ်မြစ်နှစ်ပါးကိုလည်း ဖြေဆိုပါ။** (၂၀၀၂၊ စမန၊ ၁၉၀၊၁၉၃)

**အဖြေ** – အဝွန့် ၃ ပါးမှာ–

(၁) အတိတ်အဝွန့် = အတိတ်ကာလ၌ဖြစ်ခဲ့သောတရား။
= အဝိဇ္ဇာ,သင်္ခါရ၊

(၂) ပစ္စုပ္ပန်အဝွန့် = ပစ္စုပ္ပန်ကာလ၌ဖြစ်သောတရား။
= ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ၊

(၃) အနာဂတ်အဝွန့် = အနာဂတ်ကာလ၌ဖြစ်မည့်တရား
= ဥပပတ္တိဘဝ,ဇာတိ,ဇရာမရဏ။

– **ဝဋ်မြစ်နှစ်ပါးမှာ – အဝိဇ္ဇာနှင့်တဏှာဖြစ်ပါသည်။**

**အဝိဇ္ဇာ**သည် ပဋိစ္စသမုပ္ပါဒ်၏ ရှေ့ပိုင်းတစ်စက်ဖြစ်သော ''အဝိဇ္ဇာ,သင်္ခါရ,ဝိညာဏ်, နာမ်ရုပ်, သဠာယတန,ဖဿ,ဝေဒနာ''၏ အရင်းမူလဖြစ်၏။

**တဏှာ**သည် ပဋိစ္စသမုပ္ပါဒ်၏ နောက်ပိုင်းတစ်စက်ဖြစ်သော ''တဏှာ,ဥပါဒါန်,ဘဝ,ဇာတိ, ဇရာမရဏ''၏ အရင်းမူလဖြစ်၏။

**၇၀။ နိဗ္ဗာန်တရားကို ရုပ်အထူးနာမ်အထူးဟု အချို့ပုဂ္ဂိုလ်တို့ပြောဟောနေကြရာ မည်သည့် စကားမှန်သည်ကို စိစစ်ပြ၍၊ အတ္ထပညတ်အပြားကိုလည်း သိသာရုံမျှ ရေတွက်ပြပါ။** (၂၀၀၂၊ စမန၊ ၂၁၉၊ ၂၂၀)

**အဖြေ** – နိဗ္ဗာန်တရားကို ရုပ်အထူးနာမ်အထူးဟု အချို့ပုဂ္ဂိုလ်တို့ပြောဟောနေကြရာ

''နာမ်အထူး'' ဟူသောစကားသည် မှန်၏။ နိဗ္ဗာန်တွင်ရုပ်တရားမရှိပါ။

အခြေပြုသင်္ဂြိုဟ်တွင် ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ,ဝိညာဏက္ခန္ဓာနှင့် နိဗ္ဗာန်တရားတို့ကို နာမ်တရားဟု သတ်မှတ်၏။ ဤသို့သတ်မှတ်သည့်အကြောင်းမှာ နိဗ္ဗာန်သည် လောကုတ္တရာစိတ်တို့၏ အာရုံဖြစ်သဖြင့် လောကုတ္တရာစိတ်များနှင့် ယှဉ်ဖက်စေတသိက်များကို နိဗ္ဗာန်ဆီသို့ ကိုင်းညွတ်လာစေခြင်းကြောင့်ဖြစ်ပါသည်။

**အတ္ထပညတ်အပြားကို သိသာရုံမျှ ရေတွက်ပြရသော်**–(၁)သဏ္ဌာနပညတ်၊ (၂) သမူဟပညတ်၊ (၃) သဏ္ဍာနပညတ်၊ (၄) သတ္တပညတ်၊ (၆) ဒိသာပညတ်၊ (၇) ကာလပညတ်၊ (၈) ဥတုပညတ်၊ (၉) အာကာသပညတ်၊ (၁၀) ကသိဏပညတ်၊ (၁၁) နိမိတ္တပညတ်၊ (၁၂) ဥပနိဓာနပညတ်စသည်တို့ ဖြစ်ပါသည်။

**၇၁။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်သည်ဟူသော ပဋိစ္စသမုပ္ပါဒ် နည်းအရ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်လျှင် အဝိဇ္ဇာသည် အဘယ်တရားကြောင့် ဖြစ်သည်ကိုရေး၍ ပဋိစ္စသမုပ္ပါဒ်လည်ရာတွင် ဆက်စပ်မှုသုံးခုကိုလည်း ဖြေဆိုပါ။**

(၂၀၀၃၊ စမန၊ ၁၉၄၊ ၁၉၂)

**အဖြေ** – ပဋိစ္စသမုပ္ပါဒ်နည်းအရ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်လျှင် အဝိဇ္ဇာသည် ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝဟူသော အာသဝေါတရား ၄ ပါးကြောင့် ဖြစ်ပါသည်။ (စာမျက်နှာ ၃၂၉ နံပါတ် ၁ မှာ ဖြေဆိုထားသည့်အတိုင်း ဆက်ဖြေနိုင်၏)

**– ပဋိစ္စသမုပ္ပါဒ်လည်ပတ်ရာတွင် ဆက်စပ်မှုသုံးခုမှာ –**

(ဤစာအုပ် စာမျက်နှာ ၃၄၃ နံပါတ် ၃၁ တွင် ဖြေဆိုထားပါသည်)

**၇၂။ ''စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျော့တော့ ကိုယ်နု''ဟု ဆိုရိုးစကားရှိလေရာ စိတ်သည် ဤရုပ်ကိုယ်အား မည်သည့်ပစ္စည်းဖြင့် ကျေးဇူးပြုပါသနည်း။ ပစ္စည်းပစ္စယုပ္ပန်နှင့်တကွ ဖော်ပြပါ။** (၂၀၀၃၊ စမန ၂၀၇၊ ၂၀၉၊ ၂၁၃၊ ၂၁၆)

(ဤစာအုပ်စာမျက်နှာ ၃၅၀ နံပါတ် ၄၈ တွင် ဖြေဆိုထားပါသည်)

**၇၃။ ရုပ်တရားသည် နာမ်တရားအား ကျေးဇူးပြုတတ်သောပစ္စည်းကို ဖော်ပြ၍၊ ပဋ္ဌာန်း ၂၄ ပစ္စည်းကို အကျဉ်းချုပ်လျှင် ပစ္စည်းပေါင်းမည်မျှရှိသည်ကိုလည်း ရေတွက်ပြပါ။**

(၂၀၀၃၊ စမန ၂၁၆–၂၁၇)

**အဖြေ – ရုပ်တရားက နာမ်တရားအား ကျေးဇူးပြုတတ်သော ပစ္စည်းသည် ပုရေဇာတပစ္စည်း** ဖြစ်၏။ စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, ဟဒယ ဝတ္ထုဟူသော ဝတ္ထုရုပ် ၆ ပါးတို့သည် ပဝတ္တိအခါ၌ ဝိညာဏဓာတ် ၇ ပါးတို့အားလည်း ကောင်း၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံ ၅ ပါး တို့သည် ပဉ္စဝိညာဏဝီထိစိတ်, စေတသိက်များအားလည်းကောင်း၊ ပုရေဇာတပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

**– ပဋ္ဌာန်း ၂၄ ပစ္စည်းကို အကျဉ်းချုပ်လျှင်** – (၁) အာရမ္မဏပစ္စည်း၊ (၂) ဥပနိဿယပစ္စည်း၊ (၃) ကမ္မပစ္စည်း နှင့် (၄) အတ္ထိပစ္စည်းဟူ၍ ပစ္စည်း ၄ ပါးရပါသည်။

**၎၄။ အောက်ပါတို့သည် မည်သည့်သဒ္ဒပညတ်များဖြစ်သည်ကို စိစစ်ပြပါ။**
**(က) ကမ္ဘာ၊ (ခ) ရုပ်နာမ်နှစ်ပါးရှိသောပုဂ္ဂိုလ်၊ (ဂ) လူ၏အသံ၊ (ဃ) တရားသံ၊ (င) လွှတ်တော်အဆောက်အဦး။** (၂၀၀၃၊ စမန ၂၂၂)

**အဖြေ** – (က) ကမ္ဘာ = အဝိဇ္ဇမာနပညတ်၊
(ပရမတ္ထအားဖြင့်ထင်ရှားမရှိသော အတ္ထပညတ်ဖြစ်၍)

(ခ) ရုပ်နာမ်နှစ်ပါးရှိသောပုဂ္ဂိုလ် = ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊
ပရမတ္ထအားဖြင့် ထင်ရှားရှိသောအနက်ဒြပ်အတ္ထ ပညတ် (ရုပ်နာမ်)နှင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဒြပ်အတ္ထပညတ် (ပုဂ္ဂိုလ်)ကို ရောစပ်၍သိစေအပ်သည့် သဒ္ဒပညတ်ဖြစ်သည်။

(ဂ) လူ၏အသံ = အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊
ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဒြပ်အတ္ထပညတ် (လူ)နှင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသည့်အနက်ဒြပ်အတ္ထပညတ် (အသံ)ကို ရောစပ်၍ သိစေအပ်သည့်သဒ္ဒပညတ်ဖြစ်သည်။

(ဃ) တရားသံ = ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊
ပရမတ္ထအားဖြင့် ထင်ရှားရှိကြသော အနက်ဒြပ်အတ္ထပညတ် (တရား=ဓမ္မ)နှင့် (အသံ=သဒ္ဒ) နှစ်ခုတို့ကို ရောစပ်၍ သိစေအပ်သည့်သဒ္ဒပညတ်ဖြစ်၏။

(င) လွှတ်တော်အဆောက်အဦး = အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊
ပရမတ္ထအားဖြင့် ထင်ရှားမရှိကြသော အနက်ဒြပ်အတ္ထပညတ် ၂ နှစ် (လွှတ်တော်နှင့် အဆောက်အဦး) တို့ကို ရောစပ်အပ်သည့် သဒ္ဒပညတ်ဖြစ်သည်။

**၎၅။ နိဗ္ဗာန်သည် အကြောင်း (ပစ္စည်း) တရားလော၊ အကျိုး (ပစ္စယုပ္ပန်) တရားလော၊ ပစ္စည်းပိုင်းအမြင်ဖြင့် ဖြေဆို၍၊ ဇာတိ၏ ''အကျိုး''တို့ကိုလည်း ခွဲခြားဖြေဆိုပါ။** (၂၀၀၄၊ စမန ၂၀၉၊ ၁၈၉)

**အဖြေ** – အဘိဓမ္မာပစ္စည်းပိုင်းအမြင်အားဖြင့် ''နိဗ္ဗာန်သည် အကြောင်း(ပစ္စည်း) တရားဖြစ်ပါသည်။ အကြောင်းမှာ နိဗ္ဗာန်သည် လောကုတ္တရာစိတ်တို့၏အာရုံ ဖြစ်သဖြင့် နိဗ္ဗာန်သည် လောကုတ္တရာစိတ်စေတသိက်တို့အား အာရမ္မဏပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုသောကြောင့်ဖြစ်ပါသည်။

**– ဇာတိ၏ ''အကျိုးရင်း''သည် ဇရာမရဏဖြစ်၏။**
အကြောင်းမှာ မည်သည့်ဘဝ၌မဆို ဇာတိရှိလျှင် ဇရာ,မရဏတို့ကေန်မုချရှိ၏ ဇာတိ, ဇရာ, မရဏတို့သည် ခန္ဓာငါးပါး(ရုပ်နာမ်တရား)တို့၏ ဥပါဒ်, ဌီ, ဘင်အခိုက်များကို အသီးသီးဖော်ပြကြ၏။ ရုပ်နာမ်တို့ ဥပါဒ်ပြီးလျှင် ဌီ, ဘင်တို့ မုချလိုက်လာရမည်။ ထို့အတူ ပဋိသန္ဓေနေခြင်း (ဇာတိ)ရှိလျှင် အိုခြင်း,သေခြင်း (ဇရာ,မရဏ)မုချရှိရမည်။ သို့ဖြစ်၍ ဇရာ,မရဏသည် ဇာတိ၏''အကျိုးရင်း'' (ဝါ) အရင်းခံအကျိုးဖြစ်၏။

**– ဇာတိ၏''အကျိုးဆက်''**သည် **သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ တို့ဖြစ်ကြ၏။**

သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတည်းဟူသော တရားငါးပါးကား ပြဟ္မာတို့၌ မဖြစ်ပေါ်ကြ၊ နတ်ပြည်၌ အချို့ရှိပြီး၊ အချို့မရှိ၊ လူ့ပြည်နှင့်အပါယ်ဘုံတို့၌ အမိဝမ်းကြာတိုက်တွင် ပဋိသန္ဓေတည်ဆဲ သေဆုံးသွားကြသောသတ္တဝါတို့တွင် ထိုတရားငါး ပါးတို့ဖြစ်ခွင့်မရ။ ထို့ကြောင့် ထိုတရားငါးပါးသည် ဇာတိ၏မုချအကျိုးမဟုတ်၊ ဇာတိနှင့် ဆက်သွယ်၍ဖြစ်တတ်သောအကျိုးဆက်သာဖြစ်ကြ၏။

**၇၆။ ကျန်းမာသက်ရှည်ရေးအတွက် အရေးကြီးသောပစ္စည်းသည် မည်သည့်ပစ္စည်းဖြစ် ပါသနည်း၊ ဖြေဆို၍အတ္တိပစ္စည်း ၅ မျိုးကိုလည်း ရေတွက်ပြပါ။**

(၂၀၀၄၊စမန ၂၀၉၊၂၁၉)

**အဖြေ – ကျန်းမာအသက်ရှည်ရေးအတွက် အရေးကြီးသောပစ္စည်းသည် အာဟာရပစ္စည်း** ဖြစ်ပါသည်။ အာဟာရပစ္စည်းသည် ရုပ်အာဟာရ,နာမ်အာဟာရဟူ၍ ၂ မျိုးရှိ၏။

(ဤစာအုပ်စာမျက်နှာ ၃၅၄ နံပါတ် ၅၇ မှာအတိုင်း ဆက်ဖြေပါ)

– **အတ္တိပစ္စည်း ၅ မျိုးမှာ**–သဟဇာတပစ္စည်းမျိုး၊ ပုရေဇာတပစ္စည်းမျိုး၊ ပစ္ဆာဇာတပစ္စည်းမျိုး၊ ကဗဠီကာရအာဟာရပစ္စည်းမျိုးနှင့် ရူပဇီဝိတိန္ဒြိယပစ္စည်းမျိုးတို့ဖြစ်ပါသည်။

ဤပစ္စည်းတို့သည် ထိုက်သည်အားလျော်စွာ နာမ်ရုပ်တို့အား အတ္တိပစ္စယသတ္တိဖြင့် ကျေးဇူး ပြုကြ၏။

**၇၇။ ''ရုပ်နာမ်နှစ်ပါး ကွဲတုံငြား မှတ်သားကလျာဏ'' ဟူသည်နှင့်အညီ ကလျာဏပုထုဇဉ် စာရင်းဝင်ရန် ပရမတ္ထတရားများကို ရုပ်နာမ်ခွဲပြပြီးလျှင်၊ ပညတ်နှစ်မျိုးကိုလည်း အဓိပ္ပါယ်နှင့်တကွဖြေဆိုပါ။** (၂၀၀၄၊ စမန ၂၁၉)

**အဖြေ – ပရမတ်တရားများကို ရုပ်နာမ်ခွဲပြရသော်**– စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါးနှင့် နိဗ္ဗာန်တို့သည် ''နာမ်တရား'' ဖြစ်ကြသည်။

ရုပ် ၂၈ ပါးသည် ''ရုပ်တရား'' ဖြစ်ပါသည်။

– **ပညတ်နှစ်မျိုးသည်** အတ္ထပညတ်နှင့် သဒ္ဒပညတ်တို့ဖြစ်ကြပါသည်။ ၎င်းတို့၏အဓိပ္ပါယ်မှာ–

(ဤစာအုပ်စာမျက်နှာ ၃၃၅ နံပါတ် ၁၆ တွင် ဖြေပြထားပါသည်)

**၇၈။ ဘဝသံသရာ၌ အဆက်မပြတ်လည်ပတ်၍ ဘုံသုံးပါး၌ဖြစ်တတ်ကုန်သော ဝဋ် ၃ ပါးတို့ကို သရုပ်ထုတ်လျက် ရေတွက်ပြပြီးလျှင်၊ ဝဋ်မြစ် ၂ ပါးကိုလည်းဖြေဆိုပါ။**

(၂၀၀၅၊ စမန ၁၉၃)

**အဖြေ** – ဘုံသုံးပါး၌ဖြစ်တတ်ကုန်သော ဝဋ်သုံးပါးသရုပ်မှာ–

(ဤစာအုပ်စာမျက်နှာ ၃၅၇ နံပါတ် ၆၉ တွင် ဖြေဆိုထား၏)

– **ဝဋ်မြစ် ၂ ပါးတို့မှာ** – (ဤစာအုပ် စာမျက်နှာ ၃၅၈ နံပါတ် ၆၉ တွင် ဖြေဆိုထား၏)

**၇၉။ မြတ်စွာဘုရားဟောကြားတော်မူအပ်သော ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်နှင့်ပဋ္ဌာန်း တရားတော်၏ထူးခြားပုံကို လူအများနားလည်အောင်ရှင်းပြ၍ အစွန့်သုံးပါးကိုလည်း**

**ရေတွက်ပြပါ။** (၂၀၀၅၊ စမန ၁၈၂၊ ၁၈၃၊ ၁၉၀)

**အဖြေ** – မြတ်စွာဘုရားဟောကြားတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ်တရားတော်နှင့် ပဋ္ဌာန်းတရားတော်၏ထူးခြားပုံမှာ–

**ပဋိစ္စသမုပ္ပါဒ်တရားတော်သည်** –

(၁) အကြောင်း – ပစ္စည်းတရားကိုအစွဲပြု၍ အကျိုး–ပစ္စုပ္ပန်ဖြစ်လာပုံကို ဖော်ပြ၏။ ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ''၌ ''အဝိဇ္ဇာ''ဟူသော ပစ္စည်းတရားကြောင့် 'သင်္ခါရ'ဟူသည့် ပစ္စယုပ္ပန်တရားဖြစ်သည်ကို ဖော်ပြ၏။

(၂) ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်နည်းသည် ပစ္စည်းနှင့်ပစ္စယုပ္ပန်တို့၏အကြောင်းအကျိုးဆက်နွယ်မှုကိုသာ ဖော်ပြ၏၊ မည်သည့်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူသော ပစ္စယသတ္တိထူးကို မဖော်ပြချေ။

(၃) သို့စေကာမူ ပဋိစ္စသမုပ္ပါဒ်တရားတော်သည် အကြောင်းအကျိုးဆက်နွယ်မှု(၁၁)ချက်မျှဖြင့် ၃၁ ဘုံ၌ သတ္တဝါများအားလုံး တစ်ဘဝပြီးတစ်ဘဝသံသရာကျင်လည်နေကြရသည်ကို အကြောင်းအကျိုးယုတ္တိတန်စွာ ရှင်းပြနိုင်သဖြင့် အလွန်အဖိုးတန်အကျိုးကြီးမားသော တရားတော်ဖြစ်ပါသည်။

(၄) သံသရာကျင်လည်ရာ၌ ချမ်းသာသုခမဖက်ဘဲ ဆင်းရဲတုံးချည်းသာဖြစ်သည့် ရုပ်နာမ်တရားများကသာ ဖြစ်ပျက်နေကြသည်ကို ဖော်ပြ၏။

**ပဋ္ဌာန်းတရားတော်သည်**

(၁) အကြောင်း–ပစ္စည်းတရားနှင့် အကျိုး–ပစ္စယုပ္ပန်တို့ကိုသာမက မည်သည့်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ကို ပစ္စယသတ္တိထူးကိုပါဖော်ပြသဖြင့် ထူးခြား၏။ ဥပမာ – ဟိတ် ၆ ပါးဟူသောပစ္စည်းတရားသည် ၎င်းတို့နှင့်တစ်ပေါင်းတည်းယှဉ်ဖြစ်သော စိတ်စေတသိက်များနှင့် စိတ္တဇရုပ်များဟူသော ပစ္စယုပ္ပန်တို့ကို ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဟေတုပစ္စယသတ္တိဟူသည်မှာ ''ရေသောက်မြစ်က သစ်ပင်ကို မြဲမြံခိုင်ခံ့ သန့်စွမ်းစွာ တည်နေအောင် ကျေးဇူးပြုသလို ဟိတ် ၆ ပါးသည် ပစ္စယုပ္ပန်တရားတို့ကို မြဲမြံခိုင်ခံ့ သန့်စွမ်းစွာဖြစ်ပေါ်၍ တည်နေအောင် ကျေးဇူးပြုကြ၏။

(၂) ထို့ကြောင့် ပဋ္ဌာန်းနည်းသည် ပစ္စည်းနှင့်ပစ္စယုပ္ပန်တို့၏ဆက်နွယ်ပုံကို ပစ္စယသတ္တိထူးနှင့် တကွ ရှင်းလင်းဖော်ပြသဖြင့် ထူးခြား၏။

(၃) ရုပ်နာမ်ဖြစ်ရပ်များ၏အကြောင်းတရားများကို ၂၄ မျိုးအထိ ၂၄ ပစ္စည်းတို့ဖြင့် ရှင်းပြသည်မှာလည်း မြတ်စွာဘုရားဉာဏ်တော်၏ထူးခြားအံ့ဩဖွယ်ကို ဖော်ပြ၏။

(၄) ပဋ္ဌာန်း ၂၄ ပစ္စည်းတို့၏ ပစ္စယသတ္တိများဖြင့် ၃၁ ဘုံတွင်ဖြစ်ပျက်နေသမျှသော ရုပ်–နာမ်–ပညတ်ဖြစ်ရပ်အလုံးစုံကို တိတိကျကျ ရှင်းပြနိုင်ခြင်းသည်လည်း အလွန်ထူးခြားလှပေ၏။

– **အဓွန့်သုံးပါးမှာ** = (၁) အတိတ်အဓွန့် = အဝိဇ္ဇာ, သင်္ခါရ၊

(၂) ပစ္စုပ္ပန်အဓွန့် = ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ၊

(၃) အနာဂတ်အခွန့် = ဥပပတ္တိဘဝ, ဇာတိ, ဇရာ, မရဏတို့ဖြစ်ပါသည်။

**၈၀။ နာမ်တရားအချင်းချင်း ကျေးဇူးပြုကြရာ၌ ကျေးဇူးပြုနိုင်သော ပစ္စည်းအမည်များကိုဖော်ပြ၍၊ ပညတ်နာမ်ရုပ်တရားအား ကျေးဇူးပြုနိုင်သော ပစ္စည်းအမည်များကိုလည်းဖော်ပြပါ။** (၂၀၀၅၊ စမန ၂၁၅၊ ၂၁၆)

**အဖြေ – နာမ်တရားအချင်းချင်းကျေးဇူးပြုကြရာ၌** ကျေးဇူးပြုနိုင်သောပစ္စည်းများမှာ–
(၁) အနန္တရပစ္စည်း၊ (၂) သမနန္တရပစ္စည်း၊ (၃) အာသေဝနပစ္စည်း၊ (၄) သမ္ပယုတ္တပစ္စည်း၊ (၅) နတ္ထိပစ္စည်း၊ (၆) ဝိဂတပစ္စည်းတို့ဖြစ်ပါသည်။

**– ပညတ်နာမ်ရုပ်တရားအား ကျေးဇူးပြုနိုင်သောပစ္စည်းအမည်များမှာ–**
(၁) အာရမ္မဏပစ္စည်း၊ (၂) ဥပနိဿယပစ္စည်းတို့ဖြစ်ပါသည်။

**၈၁။ လောက၌ လူချမ်းသာ၊ နတ်ချမ်းသာဟု ရှိနိုင်/မရှိနိုင် ပဋိစ္စသမုပ္ပါဒ်နည်းအရဆုံးဖြတ်ပြီးလျှင် အိုခြင်း, သေခြင်းတို့၏လက်ရင်းတရားခံဖြစ်သောတရားနှင့် ယင်းတရား၏ အကျိုးဆက်ဖြစ်သောတရားတို့ကိုလည်း ဖော်ပြပါ။**

(၂၀၀၆၊ စမန ၁၉၂၊ သင်္ဂြိုဟ် ၄၈၂)

**အဖြေ – ပဋိစ္စသမုပ္ပါဒ်နည်းအရ လောက၌ လူချမ်းသာ, နတ်ချမ်းသာဟု မရှိနိုင်ပါ။**

အကြောင်းမှာ ပဋိစ္စသမုပ္ပါဒ်နည်းအရ – အဝိဇ္ဇာစသောအကြောင်းအဆက်ဆက်ကြောင့်– ''သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိမရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ, အဝိဇ္ဇာ''တို့ဖြစ်ကြရာ ခဏမစဲဖြစ်ပျက်နေကြသော နာမ်ရုပ်တရားသာဖြစ်ကြ၏။ ခဏမစဲဖြစ်ပျက်နေကြသော နာမ်ရုပ်တရားတို့သည် အနိစ္စတရား, ဒုက္ခတရား, အနတ္တတရားတို့သာ အစစ်အမှန်ဖြစ်ကြ၏။

သို့အတွက် ''ဝေမေတဿ၊ ပ ၊ သမုဒယောဟောတိ''ဟူသောနိဂုံးစကား၌ ''ဤအဝိဇ္ဇာစသော အကြောင်းတရားတို့ကြောင့်သာ သုခနှင့်မရောမယှက်၊ သက်သက်ဒုက္ခတုံး, ဒုက္ခစု၏ ဖြစ်ခြင်းသည် လောက၌ထင်ရှား၏။ ဗြဟ္မာ, ဗိဿနိုး တန်ခိုးရှင်တို့၏ဖန်ဆင်းခြင်းကြောင့် ဖြစ်သည်မဟုတ်၊ လူ, နတ်, သတ္တဝါ, ငါ, သူ, ယောက်ျား, မိန်းမ၏ဖြစ်ခြင်းလည်းမဟုတ်၊ ဒုက္ခအစုသာဖြစ်ခြင်း''ဟု ဆိုထားပါသည်။

- **အိုခြင်း, သေခြင်းတို့၏လက်ရင်းတရားခံသည်** ''ဇာတိ''ဖြစ်ပါသည်။
- **ဇာတိ၏အကျိုးဆက်ဖြစ်သောတရားတို့မှာ** ''သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ''တို့ဖြစ်ပါသည်။

**၈၂။ ရဟန်းတစ်ပါးကို ချစ်ကြိုက်သောစိတ်ဖြင့် ဆွမ်းလောင်းလှူလျှင် ကုသိုလ်ရနိုင်, မရနိုင် အဘိဓမ္မာအမြင်ဖြင့် ဆုံးဖြတ်၍၊ ''စိတ်''ဆိုတာ ဖိုနှင့်မတို့၏ စပမ်းနှင့် အိုဇရီ ခေါ်ရုပ်နှစ်မျိုးပေါင်းမိခြင်းကြောင့် ဖြစ်ပေါ်လာသော ရုပ်တစ်မျိုးသာဖြစ်သည်ဟု အချို့ပြောဆိုနေကြသော အယူအဆသည် အဘိဓမ္မာနည်းအရ မှန်, မမှန်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။** (၂၀၀၆၊ စမန ၂၁၇၊ ၂၁၉)

**အဖြေ – ရဟန်းတစ်ပါးကို ချစ်ကြိုက်သောစိတ်ဖြင့် ဆွမ်းလောင်းလှူလျှင်** ကုသိုလ်ရနိုင်ပါသည်။

အကြောင်းမှာ – အဘိဓမ္မာအမြင်ဖြင့် ရာဂအစရှိသောအကုသိုလ်တရားသည် အဇ္ဈတ္တသန္တာန် (မိမိ), ဗဟိဒ္ဓသန္တာန် (သူတစ်ပါး) တို့၌ နောင်ဖြစ်ပေါ်လာကြမည့် ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာတို့အား ထိုက်သည့်အားလျော်စွာ ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသောကြောင့်တည်း။

ရဟန်းအား ချစ်ကြိုက်သောစိတ်ဖြင့် ဆွမ်းလောင်းလှူရာ၌ ၎င်းဆွမ်းကိုသုံးဆောင်ပြီး ရဟန်းချမ်းသာကျန်းမာပါစေဟူသောကုသိုလ်စေတနာကိုလည်း ဖြစ်ပေါ်စေသဖြင့် ကုသိုလ်ရပါသည်။

''စိတ်''ဆိုတာ ဖိုနှင့်မတို့၏စပမ်းနှင့်အိုဗရီခေါ် ရုပ်နှစ်မျိုးတို့ပေါင်းမိခြင်းကြောင့် ဖြစ်ပေါ်လာသောရုပ်တစ်မျိုးဖြစ်သည်ဟု ဆိုသောအယူအဆသည် မမှန်ပါ။

အကြောင်းကား အဘိဓမ္မာ၌ ''စိတ်, စေတသိက်, နိဗ္ဗာန်''တို့သည် ရုပ်မဟုတ်သောနာမ်တရားဖြစ်သည်ဟု ဆိုထားသောကြောင့်တည်း။

**၈၃။ အောက်ပါတို့၏ပညတ်အမည်များကို ဖော်ပြခဲ့ပါ။**

**(က) တိုက်ပုံအင်္ကျီ၊ (ခ) မြင်းလှည်း၊ (ဂ) ပုပ္ပါးတောင်၊ (ဃ) ဥမင်လိုဏ်ခေါင်း၊ (င) မင်းသမီး။** (၂၀၀၆၊ စမန ၂၂၀၊ ၂၂၂)

| **အဖြေ – အတ္ထပညတ်** | **သဒ္ဒပညတ်** |
|---|---|
| (က) တိုက်ပုံအင်္ကျီ = သဏ္ဌာနပညတ် | – အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊ |
| (ခ) မြင်းလှည်း = သမူဟပညတ် | – အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊ |
| (ဂ) ပုပ္ပါးတောင် = သန္တာနပညတ် | – အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊ |
| (ဃ) ဥမင်လိုဏ်ခေါင်း = အာကာသပညတ် | – အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊ |
| (င) မင်းသမီး = သတ္တပညတ် | – အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊ |

**၈၄။ အများသိနေကြသောနိဗ္ဗာန်သည် သင်္ခတ, အသင်္ခတတရားနှစ်မျိုးတွင် မည်သည့်အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို ပစ္စည်းပိုင်းအမြင်အရ ဖြေဆို၍ ပဋ္ဌာန်းသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်းနှစ်ခုတို့၏ထူးခြားဟန်ကိုလည်း ရေးသားပြပါ။**

(၂၀၀၇၊ အခြေပြုသင်ရိုးဟ် ၄၆၇၊ စမန ၁၈၂–၁၈၃)

**အဖြေ** – အများသိနေကြသော နိဗ္ဗာန်သည် သင်္ခတ, အသင်္ခတတရားနှစ်မျိုးတွင် ''အသင်္ခတတရား'' အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ အကြောင်းမှာ –

အဘိဓမ္မာပစ္စည်းပိုင်းတွင် ပစ္စယုပ္ပန်တရားကိုပြရာ၌ ''သင်္ခတဓမ္မာနံ''ဟုဆိုသောကြောင့် ''ပစ္စယုပ္ပန်'' မှန်လျှင် ကံ, အာရုံစသော အဝိဇ္ဇာ, သင်္ခါရစသောအကြောင်းတို့ ပြုစီရင်အပ်သည့် သင်္ခတတရားချည်းသာ (အသင်္ခတ, ပညတ်မပါ)ဟု မှတ်ယူရ၏။

တစ်ဖန် ပစ္စည်းတရားကိုပြရာ၌ ''ယေဓမ္မာ''ဟု သာမညဆိုသောကြောင့် ''ပစ္စည်းထဲ၌ သင်္ခတတရား, အသင်္ခတဖြစ်သောနိဗ္ဗာန်တရားနှင့် ပညတ်တရားများပါဝင်၏''ဟုမှတ်ယူရ၏။

ထို့ကြောင့် နိဗ္ဗာန်သည် ကံ, အဝိဇ္ဇာစသောအကြောင်းတရားတို့ပြုစီမံခြင်းမရှိသော အသင်္ခတတရားဖြစ်ပါသည်။

– ပဋိစ္စသမုပ္ပါဒ်နှင့် ပဋ္ဌာန်းနည်းတို့၏ထူးခြားဟန်မှာ–

(ဤစာအုပ်စာမျက်နှာ နံပါတ် ၇၉ တွင် ဖြေဆိုထား၏)

**၈၅။ လူ့ဘဝလူ့လောကအလယ်ဝယ် အမြဲထာဝရ ပျိုမြစ်နုနယ် အလှကြွယ်လျက် အသက်ရှည်ရှည်နေချင်ကြသော်လည်း အိုခြင်း, သေခြင်းနှင့်မကင်းနိုင်ကြသေးရာ အိုခြင်း,သေခြင်းတို့၏အကြောင်းရင်းတရားခံကိုရှာပြ၍ ထိုတရား၏နောက်ဆက်တွဲ အကျိုးရင်း, အကျိုးဆက်တို့ကိုလည်း ဖြေဆိုပြပါ။** (၂၀၀၇၊ စမန ၁၈၈)

**အဖြေ** – အိုခြင်း, သေခြင်းတို့၏အကြောင်းရင်းတရားခံမှာ ''ဇာတိ''ခေါ် ''ပဋိသန္ဓေနေခြင်း'' ဖြစ်ပါသည်။

ဇာတိ၏နောက်ဆက်တွဲအကျိုးရင်းတရားမှာ – ''ဇရာ, မရဏ''ဖြစ်ပါသည်။

ဇာတိ၏အကျိုးဆက်တရားမှာ–''သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ''တို့ ဖြစ်ပါသည်။

**၈၆။ မမုန်းဘဲဝေးနေကြရတဲ့ အဝေးနေချစ်သူထံ လက်ဆောင်ပစ္စည်းပေးလှူရာ၌ ကုသိုလ်ရ–မရ ပစ္စည်းပိုင်းအလို အကြောင်းပြဖြေဆို၍ နေနှင့်လ ရွှေနှင့်မြဟု ဆိုကြရာ ထိုနေနှင့်လတို့ဖြစ်ပေါ်လာရခြင်းအကြောင်းတို့ကိုလည်း ရေးသားပြပါ။**

(၂၀၀၇၊ စမန ၂၁၇၊ ဤစာအုပ် စမန ၃၅၁)

**အဖြေ – မမုန်းဘဲဝေးနေကြရတဲ့ အဝေးနေချစ်သူထံ လက်ဆောင်ပေးလှူရာ၌** ကုသိုလ်ရပါသည်။ အကြောင်းမှာ – အဘိဓမ္မာပစ္စည်းပိုင်းအလိုအရ ချစ်ခင်မှု–ရာဂအစ ရှိသောအကုသိုလ်တရားသည် အဇ္ဈတ္တသန္တာန် (မိမိ), ဗဟိဒ္ဓသန္တာန် (သူတစ်ပါး)တို့၌နောင်ဖြစ်ပေါ်လာကြမည့် ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာတို့အား ထိုက်သည့်အားလျော်စွာ ပကတူပဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသောကြောင့်တည်း။

ချစ်သူထံလက်ဆောင်ပစ္စည်းပေးလှူရာ၌ ချစ်သူချမ်းသာပျော်ရွှင်ပါစေဟူသည့် မေတ္တာစေတနာကိုလည်းဖြစ်ပေါ်စေသဖြင့် ကုသိုလ်ရပါသည်။

**– နေနှင့်လ, ရွှေနှင့်မြဟုဆိုကြရာ ထိုနေနှင့်လတို့ဖြစ်ပေါ်လာရခြင်းအကြောင်းမှာ–**

နေ, လ, နက္ခတ်တို့၏အသွားအလာကိုစွဲ၍ နေစထွက်သည့်အချိန်မှ နေဝင်သည့်အချိန်အထိ လင်းနေသည့်အခါသမယကို ရှေးပညာရှိတို့သည် ''နေ့''ဟူ၍လည်းကောင်း၊ နေဝင်သည့်အချိန်မှ နောက်နေ့နေထွက်သည့်အချိန်အထိ မှောင်နေသောအခါသမယကို ''ည'' ဟူ၍လည်းကောင်း၊ ကာလပညတ်များကို သတ်မှတ်ခဲ့ကြသည်။ ထိုအခါမှစ၍ နေ့နှင့်ည ဖြစ်ပေါ်လာသလို၊ နေ့အခါ လင်းရောင်ခြည်ပေးသည့်နေဝန်းကြီးကို ''နေ''ဟူ၍လည်းကောင်း၊ ညအခါ အမှောင်ထုကိုပယ်ခွင်းတတ်သည့် လဝန်းကြီးကို ''လ'' ဟူ၍လည်းကောင်း၊ ရှေးပညာရှိတို့က အတ္ထပညတ်များကို သတ်မှတ်ပေးခဲ့ကြသည်။ ထိုအခါမှစ၍ နေနှင့်လတို့ ဖြစ်ပေါ်လာပါသည်။

**၈၇။ ဗုဒ္ဓဘာသာဝင်မြန်မာများ ပြောဆိုလေ့ရှိသည့် ''ပဋ္ဌာန်းဆက်''ဟူသောစကား၏ အဓိပ္ပါယ်ကို ရှင်းပြပြီးလျှင်၊ ပဋိစ္စသမုပ္ပါဒ်နည်း၌ အင်္ဂါတို့ကိုလည်း ရေတွက်ပြခဲ့ပါ။**

(၂၀၀၈၊ စမန ၁၉၅၊ ၁၉၂)

**အဖြေ** – ဗုဒ္ဓဘာသာဝင်မြန်မာများ ပြောဆိုလေ့ရှိသည့် ''**ပဋ္ဌာန်းဆက်**''ဟူသော စကား၏ အဓိပ္ပါယ်မှာ ပဋ္ဌာန်းပစ္စည်း (အကြောင်းတရား)က ဖြစ်သင့်သောပစ္စယုပ္ပန် (အကျိုးတရား) ကို ဖြစ်ပေါ်အောင်, တည်တံ့အောင်, အားရှိအောင်ဆိုင်ရာ ပဋ္ဌာန်းပစ္စည်း၏သတ္တိဖြင့် ကျေးဇူးပြုခြင်းဖြစ်ပါသည်။ တူညီသောအကြောင်းတရားတို့ကြောင့် တူညီသောအကျိုးတရား တို့ ဆက်နွယ်ဖြစ်ပေါ်ခြင်းကိုပင် ''ပဋ္ဌာန်းဆက်''ရှိသည်ဟုပြောဆိုကြ၏။

**ပဋိစ္စသမုပ္ပါဒ်နည်း၌** အင်္ဂါ ၁၂ ပါးရှိရာ ၎င်းတို့မှာ (၁) အဝိဇ္ဇာ၊ (၂)သင်္ခါရ၊ (၃) ဝိညာဏ်၊ (၄) နာမ်ရုပ်၊ (၅) သဠာယတန၊ (၆) ဖဿ၊ (၇) ဝေဒနာ၊ (၈) တဏှာ၊ (၉) ဥပါဒါန်၊ (၁၀) ဘဝ၊ (၁၁) ဇာတိ၊ (၁၂) ဇရာမရဏတို့ ဖြစ်ကြသည်။

**၈၈။ အပေါင်းအသင်းမကောင်း၍ ပျက်စီးရသည်၊ အပေါင်းအသင်းကောင်း၍တိုးတက် ကြီးပွားရသည်ဆိုသောစကား မှန်/မမှန် အကြောင်းပြဖြေဆို၍၊ အဓိပတိပစ္စည်း၏ အမျိုးအစားများကိုလည်း ဖြေဆိုပါ။** (၂၀၀၈၊ စမန ၂၁၇၊ ၁၉၈)

**အဖြေ** – အပေါင်းအသင်းမကောင်း၍ ပျက်စီးရသည်၊ အပေါင်းအသင်းကောင်း၍ တိုးတက် ကြီးပွားရသည်ဆိုသောစကား မှန်ပါသည်။ အကြောင်းမှာ . . .

(ဤစာအုပ်စာမျက်နှာ ၃၅၂ နံပါတ် ၅၂ ၌ ဖြေဆိုထားပါသည်)

– **အဓိပတိပစ္စည်း၏အမျိုးအစားများမှာ** အာရမ္မဏာဓိပတိ, သဟဇာတဓိပတိဟူ၍ ၂ မျိုး ကွဲပြား၏။

**အာရမ္မဏာဓိပတိ**ဟူသည်မှာ အာရုံမပြုလျှင် မနေနိုင်လောက်အောင် စိတ်ကိုဆွဲဆောင် သော အလေးဂရုပြုအပ်သည့် အာရုံ ၆ ပါးဖြစ်၏။ အာရမ္မဏာဓိပတိပစ္စည်းသည် ၎င်းအား အလေးအမြတ်ပြု၍ ဖြစ်ပေါ်လာကြသော စိတ်စေတသိက်တို့အား အာရမ္မဏာ အဓိပတိပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

**သဟဇာတာဓိပတိပစ္စည်း**တို့သည် ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသတို့ဖြစ်ကြ၏။ ၎င်းတို့သည် အတူတကွဖြစ်ကြသောစိတ်စေတသိက်များနှင့် စိတ္တဇရုပ်တို့ကို သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

**၈၉။ အရှေ့အရပ်, အနောက်အရပ်စသည်ခေါ်ဝေါ်သတ်မှတ်ရခြင်း၏အကြောင်းကို ဖြေ ဆိုပြီးလျှင် သဒ္ဒပညတ်တို့တွင် မဟာပထဝီမြေကြီး၊ မြင်းမိုရ်တောင်တို့သည် မည်သည့် သဒ္ဒပညတ်အမျိုးအစားတွင် ပါဝင်ပါသနည်း၊ ဖြေဆိုပြပါ။**

(၂၀၀၈၊ စမန ၂၂၀၊ ၂၂၂)

**အဖြေ** – အရှေ့အရပ်, အနောက်အရပ်စသည်ခေါ်ဝေါ်သတ်မှတ်ရခြင်း၏အကြောင်းမှာ– နေ, လ, နက္ခတ်တို့၏အသွားအလာကိုစွဲ၍ နေစထွက်ရာအရပ်ကို 'ပုဗ္ဗဒိသာ'=အရှေ့အရပ်၊ နေဝင်ရာအရပ်ကို 'ပစ္ဆိမဒိသာ'= အနောက်အရပ်၊ နေထွက်ရာအရပ်ကိုမျက်နှာမူ၍ လက်

ယာဘက်အရပ်ကို ဒက္ခိဏဒိသာ = တောင်အရပ်၊ လက်ဝဲဘက်အရပ်ကို 'ဥတ္တရဒိသာ'= မြောက်အရပ်ဟူ၍ ရှေးပညာရှိများက ဒိသာပညတ်ခေါ် အတ္ထပညတ်များကိုသတ်မှတ်ပေးခဲ့ကြသည်။ ဤအကြောင်းကြောင့် အရှေ့အရပ်, အနောက်အရပ်စသည် ခေါ်ဝေါ်သတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။

– သဒ္ဒပညတ်တို့တွင် အောက်ပါတို့၏သဒ္ဒပညတ်အမျိုးအစားမှာ–

**မဟာပထဝီမြေကြီး** = ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊

**မြင်းမိုရ်တောင်** = အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။

**၉၀။ ''တစ်နွယ်ငင် တစ်စင်ပါ''ဟူသောစကားအရ အဝိဇ္ဇာကိုယူလျှင် မည်သည့်တရားများ ပါဝင်လာရသည်ကို အကြောင်းပြဖြေဆို၍၊ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏တရားကိုယ်ကိုလည်း ကောက်ပြပါ။** (၂၀၀၉၊ စမန ၁၉၁၊ ၁၈၃–၁၈၉)

**အဖြေ – ''တစ်နွယ်ငင် တစ်စင်ပါ''ဟူသောစကားအရ** အဝိဇ္ဇာကိုယူလျှင် တဏှာ, ဥပါဒါန်တို့ကိုလည်း အဝိနာဘာဝ(မကင်းစကောင်းသော) နည်းအားဖြင့်ယူရသည်။ အကြောင်းမှာ အဝိဇ္ဇာသည် ကိလေသာ ၁၀ ပါး၌ပါဝင်သောကိလေသဝဋ္ဋတရားဖြစ်၏။ တဏှာနှင့် ဥပါဒါန် (တဏှာ၊ ဒိဋ္ဌိ)တို့လည်း ကိလေသဝဋ္ဋတရားများဖြစ်ကြ၏။ ထိုသို့ ကိလေသဝဋ္ဋတရားချင်းတူနေခြင်းကြောင့် အဝိဇ္ဇာကိုယူလိုက်သောအခါ တဏှာနှင့်ဥပါဒါန်တို့လည်း ''တစ်နွယ်ငယ် တစ်စင်ပါ'' (ဝါ) ''အဝိနာဘာဝနည်း''အရ ပါဝင်လာကြသည်။

(ဤစာအုပ်စာမျက်နှာ ၃၃၀ နံပါတ် ၄ တွင်လည်း ဖြေဆိုထား၏။)

**– ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏တရားကိုယ်** (ပရမတ်တရား) များသည် – လောကီစိတ် ၈၁ ပါး၊ ယှဉ်ဖက်စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးတို့ဖြစ်၏။

**၉၁။ အရမ္မဏာဓိပတိပစ္စည်းတရားက ကျေးဇူးပြုရာ၌ ပါဝင်သောပရမတ္ထတို့ကိုဖြေဆို၍ နာမ်တရားသည် နာမ်တရားအားကျေးဇူးပြုတတ်သော ပစ္စည်းများကိုလည်းအမည်မှ ဖော်ပြပါ။** (၂၀၀၃၊ စမန ၂၁၇၊ ၂၁၅)

**အဖြေ** – အာရမ္မဏာဓိပတိပစ္စည်းသည် အာရုံမပြုလျှင် မနေနိုင်လောက်အောင် စိတ်ကိုဆွဲဆောင်သော အလေးဂရုပြုအပ်သည့်အာရုံ ၆ ပါးဖြစ်၏။ အာရမ္မဏာဓိပတိပစ္စည်းသည် ၎င်းအားအလေးအမြတ်ပြု၍ဖြစ်ပေါ်လာသော စိတ်စေတသိက်များကို အာရမ္မဏာဓိပတိပစ္စည်း၏သတ္တိဖြင့် ကျေးဇူးပြု၏။ သို့အတွက် အာရမ္မဏာဓိပတိပစ္စည်းတရားက ကျေးဇူးပြုရာ၌ ပါဝင်သောပရမတ္ထတရားတို့မှာ စိတ် ၈၉ ပါး၊ ယှဉ်ဖက်စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးနှင့် နိဗ္ဗာန်တို့ဖြစ်ပါသည်။

**– နာမ်တရားသည် နာမ်တရားအား ကျေးဇူးပြုတတ်သောပစ္စည်းများမှာ** – အနန္တရ, သမနန္တရ, အာသေဝန, သမ္ပယုတ္တ, နတ္ထိ, ဝိဂတပစ္စည်း ၆ ပါးတို့ဖြစ်ကြပါသည်။

**၉၂။ ပညတ်၏သဘောသွားကို အဘိဓမ္မာပညာရှင်ပီပီ နားလည်အောင်ရှင်းပြ၍ အောက်ပါတို့၏ ပညတ်အမည်တို့ကိုလည်း ဖြေဆိုပါ။ (က) ရဟာန်း၊ (ခ) တွန်းလှည်း၊ (ဂ) အသုဘကောင်။** (၂၀၀၉၊ စမန ၂၁၉၊ ၂၂၀၊ ၂၂၂)

**အဖြေ** – ပညတ်၏သဘောသွားကို နားလည်အောင်ရှင်းပြရလျှင် –

(ဤစာအုပ်စာမျက်နှာ ၃၃၅ နံပါတ် ၁၆ အတိုင်း ပညတ်, အတ္ထပညတ်, သဒ္ဒပညတ်တို့ကိုဖြေပါ။)

**– အောက်ပါတို့၏ ပညတ်အမည်များမှာ –**

| | **အတ္ထပညတ်** | **သဒ္ဒပညတ်** |
|---|---|---|
| (က) | ရဟန်း = သတ္တပညတ်၊ ဥပါဒါပညတ် | – အဝိဇ္ဇမာနပညတ်၊ |
| (ခ) | တွန်းလှည်း = သမူဟပညတ် | – ဝိဇ္ဇမာနေန အဝိဇ္ဇာမာနပညတ်၊ |
| (ဂ) | အသုဘကောင် = ဥပါဒါပညတ် | – အဝိဇ္ဇမာနေန အဝိဇ္ဇာမာနပညတ်။ |

(တွန်းခြင်း = ဝါယောဓါတ်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောအနက်ဒြပ်အတ္ထပညတ်ဖြစ်၏။

အသုဘ = ရွံစရာသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဒြပ်အတ္ထပညတ်ဖြစ်၏)

**၉၃။ ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ''တို့၌ သင်္ခါရနှစ်ခုတို့၏ တရားကိုယ်များကို အသီးသီးကောက်ပြ၍၊ တဏှာနှင့်ဥပါဒါန်တို့၏အထူးကိုလည်း သိသာရုံမျှ ခွဲခြားဖော်ပြပါ။** (၂၀၁၀၊ စမန၊ ၁၈၃၊ ၁၃၈၊ ၁၈၆၊ ၁၈၇)

**အဖြေ** – ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ''၌ သင်္ခါရသည် အကျိုးတရားဖြစ်၍ တရားကိုယ်မှာ အကုသိုလ်စေတနာ ၁၂ ပါး, မဟာကုသိုလ်စေတနာ ၈ ပါး, မဟဂ္ဂုတ်ကုသိုလ်စေတနာ ၉ ပါး၊ ပေါင်း– စေတနာ ၂၉ ပါးဖြစ်သည်။

''သင်္ခါရပစ္စယာ ဝိညာဏံ''၌ သင်္ခါရသည် အကြောင်းတရားဖြစ်၍ တရားကိုယ်မှာ ပဋိသန္ဓေအခါ၌ ဥဒ္ဓစ္စကြဉ်သောအကုသိုလ်စေတနာ ၁၁ ပါး၊ လောကီကုသိုလ်စေတနာ ၁၇ ပါး၊ ပေါင်း စေတနာ ၂၈ ပါးဖြစ်သည်။ ပဝတ္တိအခါ၌မူ အကုသိုလ်စေတနာ ၁၂ ပါးနှင့်လောကီကုသိုလ်စေတနာ ၁၇ ပါး၊ ပေါင်း စေတနာ ၂၉ ပါးဖြစ်သည်။ (အကြောင်းမှာ ပဋိသန္ဓေအခါ၌ အကုသိုလ်ဥဒ္ဓစ္စစေတနာကံသည် ပဋိသန္ဓေအကျိုးမပေးနိုင်သောကြောင့်တည်း။)

**– တဏှာနှင့်ဥပါဒါန်တို့၏အထူးမှာ** – တဏှာသည် လောဘဖြစ်၍ ဥပါဒါန်၏တရားကိုယ်သည် လောဘနှင့်ဒိဋ္ဌိဖြစ်သည် (ကာမုပါဒါန်သည် လောဘဖြစ်၍ ကျန်ဥပါဒါန် ၃ မျိုးဖြစ်သော ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တို့သည် ဒိဋ္ဌိဖြစ်ကြ၏။)

တဏှာနှင့်ကာမုပါဒါန်တို့၏ကွာခြားချက်မှာ –

(၁) အချင်းချင်းထောက်ဆ၍ ရှေးကျပြီး အားသေးသောလိုချင်တပ်မက်မှုသည် တဏှာဖြစ်၏၊ နောက်ကျ၍ အားကြီးသောတပ်မက်စွဲလမ်းမှုသည် ကာမုပါဒါန်ဖြစ်၏။

(၂) ကေစိဆရာတို့အလိုအရ တစ်စုံတစ်ခုသောအာရုံကို မရသေးခင် လိုချင်တပ်မက်မှုသည် တဏှာဖြစ်၏။ အာရုံကိုရပြီးနောက် စုံစုံမက်မက်နှစ်သက်စွဲလမ်းမှုသည် ကာမုပါဒါန်ဖြစ်၏။

(၃) တဏှာသည် အပ္ပိစ္ဆတာ (အလိုနည်းမှု) ၏ ဆန့်ကျင်ဘက်ဖြစ်၏။

ကာမုပါဒါန်သည် သန္တုဋ္ဌိတာ (တင်းတိမ်ရောင့်ရဲမှု)၏ ဆန့်ကျင်ဘက်ဖြစ်၏။

(၄) တဏှာသည် တောင့်တမှု, ရှာဖွေမှုဒုက္ခစု၏အကြောင်းရင်းဖြစ်၏။ ကာမုပါဒါန်သည်

ရရှိထားသောပစ္စည်းဥစ္စာကို ကြောင့်ကြရမှု, စောင့်ရှောက်ရမှုဒုက္ခစု၏အကြောင်းရင်းဖြစ်၏။
(၅) တဏှာသည် ဝေဒနာ၏အကျိုး၊ ဥပါဒါန်၏အကြောင်းဖြစ်၏။
ဥပါဒါန်သည် တဏှာ၏အကျိုး၊ ဘဝ၏အကြောင်းဖြစ်၏။

**၉၄။ ''ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ''ဟူ၍ အမှန်တကယ် ရှိနိုင်, မရှိနိုင် အဘိဓမ္မာ နည်းအရ စိစစ်တင်ပြ၍၊ ၂၄ ပါးသောပဋ္ဌာန်းပစ္စည်းတို့တွင် ပညတ်တရားပါဝင်သော ပစ္စည်းအမည်တို့ကိုလည်း သိသာရုံမျှဖော်ပြပါ။** (၂၀၁၀၊ စမန ၁၈၃၊ ၁၉၀၊ ၁၉၂)

**အဖြေ –** ''ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ''ဟူ၍ အမှန်တကယ်မရှိနိုင်ပါ။

အကြောင်းမှာ အဘိဓမ္မာနည်း၌ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်လည်ပတ်၍ ဘဝသံသရာကျင်လည်ရာတွင် အဝိဇ္ဇာစသောအကြောင်းအဆက်ဆက်ကြောင့် သင်္ခါရစသော အကျိုးအဆက်ဆက်ဖြစ်ပေါ်ရာတွင် ''အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ''ဟူသော အင်္ဂါ ၁၂ ပါး, ရုပ်နာမ်တရားတို့သာလျှင် ဖြစ်ပျက်နေကြ၏။ ''ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူ, ယောက်ျား, မိန်းမ''ဟူ၍မပါရှိပါ။ ရုပ်နာမ် တရားတို့သည် ခဏမစဲဖြစ်ပျက်နေကြသဖြင့် အနိစ္စတရား, ဒုက္ခတရား, အနတ္တတရားတို့ သာလျှင် အမှန်ဖြစ်ကြ၏။ ထို့ကြောင့် ချမ်းသာမဖက် ဒုက္ခတုံး, ဒုက္ခစုသာဖြစ်သည်ဟု နိဂုံးအုပ်ထား၏။ သို့ဖြစ်၍ ''ငါ, သူတစ်ပါး, ယောက်ျား, မိန်းမ''ဟူ၍ အမှန်တကယ်မရှိ နိုင်ပါ။

**– ၂၄ ပါးသော ပဋ္ဌာန်းပစ္စည်းတို့တွင် ပညတ်တရားပါဝင်သော ပစ္စည်းအမည်တို့မှာ–**
အာရမ္မဏပစ္စည်းနှင့် ဥပနိဿယပစ္စည်းတို့ ဖြစ်ကြ၏။

**၉၅။ နာမ်တရားသည် ရုပ်တရားအား ပစ္ဆာဇာတပစ္စည်းဖြင့်ကျေးဇူးပြုရာ၌ မည်သည့်နာမ်တရားသည် မည်သည့်ရုပ်တရားအား ကျေးဇူးပြုပါသနည်း၊ ဖြေဆို၍ ပဋ္ဌာန်း ၂၄ ပစ္စည်းတို့တွင် ပစ္စုပ္ပန်ကာလ၌သာဖြစ်သော ပစ္စည်းများကိုလည်း အစဉ်ကျကျရေတွက်ပြပါ။** (၂၀၁၀၊ စမန ၂၀၇၊ ၁၉၅၊ ၁၉၇၊ ၂၀၂၊၂၀၃၊ ၂၀၈၊ ၂၀၉၊ ၂၁၀၊ ၂၁၁၊ ၂၁၂)

**အဖြေ –** နာမ်တရားသည် ရုပ်တရားအား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုရာ၌–

နောက်နောက်ဖြစ်ကြသောစိတ်စေတသိက်များသည် ရှေ့ရှေ့၌ဖြစ်ကုန်သော ပသာဒရုပ် ၅ ပါးနှင့် ဟဒယဝတ္ထုရုပ်ဟူသော ဝတ္ထုရုပ်တို့အား ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

**– ပဋ္ဌာန်း ၂၄ ပစ္စည်းတို့တွင် ပစ္စုပ္ပန်ကာလ၌သာဖြစ်သောပစ္စည်းများမှာ–**
(၁) ဟေတုပစ္စည်း၊ (၂) အဓိပတိပစ္စည်း၊ (၃) သဟဇာတပစ္စည်း၊ (၄) အညမညပစ္စည်း၊ (၅) နိဿယပစ္စည်း၊ (၆) ကမ္မပစ္စည်း၊ (၇) ဝိပါကပစ္စည်း၊ (၈) အာဟာရပစ္စည်း၊ (၉) ဣန္ဒြိယပစ္စည်း၊ (၁၀)ဈာနပစ္စည်း၊ (၁၁) မဂ္ဂပစ္စည်း၊ (၁၂) သမ္ပယုတ္တပစ္စည်း၊ (၁၃) ဝိပ္ပယုတ္တပစ္စည်း၊ (၁၄) အတ္ထိပစ္စည်း၊ (၁၅) အဝိဂတပစ္စည်းတို့ဖြစ်ပါသည်။

**၉၆။ ပဋ္ဌာတစ်ပုဒ်၏အဖြေမှန်ကို တွေးကြံ၍မသိသူအား ''အဝိဇ္ဇာများလိုက်တာ''ဟုဆိုလျှင် သင့်/မသင့် အဘိဓမ္မာအမြင်ဖြင့် ရှင်းပြ၍၊ ''သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စ**

**ယာ နာမရူပံ''၌ ဝိညာဏနှစ်ခုအရကိုလည်း ခွဲခြားကောက်ပြပါ။**

(၂၀၁၁၊ စမန ၁၈၃၊ ၁၈၄၊ ၁၈၅)

**အဖြေ** – ပုစ္ဆာတစ်ပုဒ်၏အဖြေမှန်ကို တွေးကြံ၍မသိသူအား ''အဝိဇ္ဇာများလိုက်တာ''ဟုဆို လျှင် မသင့်ပါ။ အဘိဓမ္မာအမြင်ဖြင့် ရှင်းပြရသော်–

(၁) ဒုက္ခသစ္စာ၊ (၂) သမုဒယသစ္စာ၊ (၃) နိရောဓသစ္စာ၊ (၄) မဂ္ဂသစ္စာ၊

(၅) ပုဗ္ဗန္တခေါ် အတိတ်ခန္ဓာ, အာယတန, ဓာတ်အဖို့အစု၊

(၆) အပရန္တခေါ်အနာဂတ်ခန္ဓာ, အာယတန, ဓာတ်အဖို့အစု၊

(၇) ပုဗ္ဗန္တာပရန္တခေါ် လက်ရှိခန္ဓာ, အာယတန, ဓာတ်တို့၏ရှေ့နောက်အစွန်း ၂ ပါး၊

(၈) ပဋိစ္စသမုပ္ပါဒ်တရားဟူသော ၈ ဌာနတို့၌ မသိသော 'မောဟ' စေတသိက်ကိုသာ အဝိဇ္ဇာခေါ်ပါသည်။ ပုစ္ဆာတစ်ပုဒ်၏အဖြေမှန်ကို တွေးကြံ၍မသိသူအား 'အဝိဇ္ဇာများသည်' ဟု ဆိုလျှင် မမှန်သဖြင့် မသင့်ပါ။

– **''သင်္ခါရပစ္စယာ ဝိညာဏံ''**၌ 'ဝိညာဏ်'ဟူသည် 'ပဋိသန္ဓေဝိညာဏ်'နှင့် ပဝတ္တိအခါ၌ ဖြစ်ကြသော 'ဝိပါက်ဝိညာဏ်'များဖြစ်ကြ၏။ ထို့ကြောင့် 'ဝိညာဏ'၏အရကောက်တွင် လောကီဝိပါက်စိတ် ၃၂ ပါးကိုသာ ကောက်ယူရမည်။

**''ဝိညာဏပစ္စယာ နာမရူပံ''**၌ 'ဝိညာဏ်' အဖြစ် ရှေးဘဝကပြုခဲ့သော 'ကမ္မဝိညာဏ်' နှင့်ပစ္စုပ္ပန်ဘဝ၌ဖြစ်သော 'ဝိပါက်ဝိညာဏ်'တို့ကို ကောက်ယူရမည်။

''ကမ္မဝိညာဏ်''သည် စေတနာကံနှင့်ယှဉ်သည့်စိတ်ဖြစ်၍ 'သင်္ခါရ'အဖြစ်ကောက်ခဲ့သော အကုသိုလ်စေတနာ ၁၂ ပါးနှင့် လောကီကုသိုလ်စေတနာ ၁၇ ပါးကိုကောက်ယူရမည်။ အကြောင်းမှာ ဤစေတနာကံ ၂၉ ပါးကသာ 'ရူပံ' ဟူသော ကမ္မဇရုပ် ၁၈ ပါးကို ဖြစ်စေသောကြောင့်တည်း။

'ဝိပါက်ဝိညာဏ်'အရ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော လောကီဝိပါက်စိတ် ၃၂ ပါးပင်တည်း။

ထို့ကြောင့် 'ဝိညာဏ'၏အရကောက်တွင် အတိတ်ဘဝကပြုခဲ့သော အကုသိုလ်စေတနာကံ ၁၂ ပါးနှင့် လောကီကုသိုလ်စေတနာကံ ၁၇ ပါး၊ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော လောကီဝိပါက်စိတ် ၃၂ ပါးတို့ကို ကောက်ယူရမည်။

**၉၇။ အမိဝမ်း၌အဘယ်အကြောင်းတရားများကြောင့် အဘယ်သဘာဝတရားများပေါင်း စပ်ဖြစ်ပေါ်လာမှုကို ပဋိသန္ဓေနေသည်ဟုခေါ်ပါသနည်း၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာအရ ရှင်းပြ၍ သင်္ခါရနှင့်ကမ္မဘဝအထူးကိုလည်း သိသာခြားနားအောင်ဖြေဆိုပါ။**

(၂၀၁၁၊ စမန ၁၈၈၊ သင်္ဂြိုဟ် ၄၈၈–၄၈၉)

**အဖြေ – ပဋိစ္စသမုပ္ပါဒ်ဒေသနာအရ ''ဘဝပစ္စယာ ဇာတိ''** = 'ဘဝ'ဟူသော အကြောင်း ကြောင့် 'ဇာတိ'ဖြစ်သည်ဆိုရာဝယ် ဘဝအရ ကမ္မဘဝကို ယူရမည်။ ကမ္မဘဝသည် လောကီကုသိုလ်စိတ် ၁၇ ပါး, အကုသိုလ်စိတ် ၁၂ ပါးတို့၌ ယှဉ်ကြသည့် စေတနာကံ ၂၉ ပါးတို့ ဖြစ်ကြ၏။

'ဇာတိ'အရမူ လောကီဝိပါက်စိတ် ၃၂ ပါး၊ ၎င်းစိတ်တို့၌ယှဉ်ကြသော စေတသိက် ၃၅ ပါးနှင့် ကမ္မဇရုပ် ၁၈ ပါးဟူသော ဉပပတ္တိဘဝ၏ဖြစ်ခြင်းဥပါဒ်ကို ကောက်ယူရမည်။

ဤသို့ကောက်ယူသည့်အခါ ပဋိသန္ဓေ ၂၀ ပါးလုံး ပါဝင်သွားကြ၏။

ဤသို့လျှင် အမိဝမ်းတွင်း၌ ကမ္မဘဝဟူသော လောကီကုသိုလ်, အကုသိုလ်ကံ ၂၉ ပါး ဟူသည့် အကြောင်းတရားကြောင့် ဥပပတ္တိဘဝမည်သော လောကီဝိပါက်စိတ် ၃၂ ပါး, ၎င်းစိတ်တို့၌ယှဉ်ကြသည့် စေတသိက် ၃၅ ပါးနှင့် ကမ္မဇရုပ် ၁၈ ပါးဟူသော သဘာဝတရားများပေါင်းစပ်ဖြစ်ပေါ်လာမှုကို ပဋိသန္ဓေနေသည်ဟု ခေါ်ပါသည်။

## – သင်္ခါရနှင့်ကမ္မဘဝတို့၏အထူးမှာ

၁။ ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ''– အတိတ်ဘဝ၌ အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရဖြစ်၏။ သင်္ခါရသည် လောကီကုသိုလ်, အကုသိုလ်စေတနာကံ ၂၉ ပါးဖြစ်သည်။

''ဥပါဒါနပစ္စယာ ဘဝေါ'' – ပစ္စုပ္ပန်ဘဝ၌ ဥပါဒါန်ဟူသောအကြောင်းကြောင့် ကမ္မဘဝဖြစ်၏။ ကမ္မဘဝ၏အရကောက်မှာ လောကီကုသိုလ်, အကုသိုလ်စေတနာကံ ၂၉ ပါးဖြစ်၏။ ထို့ကြောင့် သင်္ခါရနှင့်ကမ္မဘဝတို့သည် အရကောက်ချင်းတူသော်လည်း အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝဟူ၍ ဘဝကာလချင်းကွဲပြားသဖြင့် ထူးခြားလေပြီ။

၂။ ''သင်္ခါရပစ္စယာ ဝိညာဏံ''၌ အတိတ်လောကီကုသိုလ်, အကုသိုလ်ကံ ၂၉ ပါးဟူသော သင်္ခါရသည် ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ပဋိသန္ဓေဝိညာဏ် ၁၉ ပါးနှင့် ပဝတ္တိဝိပါက်ဝိညာဏ် ၃၂ ပါးတို့ကို ဖြစ်စေ၏။

''ဘဝပစ္စယာ ဇာတိ''၌ ပစ္စုပ္ပန်လောကီကုသိုလ်, အကုသိုလ်ကံ ၂၉ ပါးဟူသောကမ္မဘဝသည် အနာဂါတ်ဘဝ၌ဖြစ်သော လောကီဝိပါက်စိတ် ၃၂ ပါး၊ ၎င်းစိတ်တို့၌ ယှဉ်ကြသော စေတသိက် ၃၅ ပါးနှင့် ကမ္မဇရုပ် ၁၈ ပါးတို့၏ဥပါဒ်ကို ဖြစ်စေ၏။

သို့အတွက် သင်္ခါရနှင့် ကမ္မဘဝတို့သည် အကျိုးသရုပ်နှင့်ကာလကွာခြားမှုတို့ကိုဖြစ်စေသဖြင့် တစ်ဖန်ထူးခြားပြန်၏။

*[ဤမျှဖြေလျှင် ပြည့်စုံလေပြီ။ အခြေပြုသင်္ဂြိုဟ်၌ ထပ်မံရှင်းပြသည်မှာ–*

*အတိတ်အကြောင်း ၅ ပါးနှင့် ပစ္စုပ္ပန်အကြောင်း ၅ ပါးတို့တွင် သင်္ခါရနှင့် ကမ္မဘဝတို့ကို အတူတကွထည့်ထားရာ ဘဝချင်း, ကာလချင်းတူနေပြန်ရကား အဘယ်သို့ထူးသနည်းဟု မေးဖွယ်ရှိလာ၏။ ပါဠိအထောက်အထားနှင့် အဖြေပေးထားသည်မှာ–*

*(၁) ကုသိုလ်, အကုသိုလ်ပြုရာ၌ ရှေးဦးဖြစ်သော ပုဗ္ဗစေတနာသည် သင်္ခါရမည်၏။ အထမြောက်သော မုဉ္စစေတနာသည် ကမ္မဘဝမည်၏။ ပုဗ္ဗစေတနာတည်းဟူသောသင်္ခါရကို တိုက်ရိုက်ယူသဖြင့် မုဉ္စစေတနာဟူသော ကမ္မဘဝကိုလည်း ယူပြီးဖြစ်၏။*

*(၂) တစ်နည်း – ဇော ၇ ကြိမ်တွင် ရှေ့ဇော ၆ ကြိမ်နှင့်ယှဉ်သောစေတနာတို့သည် သင်္ခါရမည်၏၊ သတ္တမဇောနှင့်ယှဉ်သောစေတနာသည် ကမ္မဘဝမည်၏။ ရှေ့ဇော ၆ ကြိမ်နှင့် ယှဉ်သော စေတနာတို့ကို သင်္ခါရအဖြစ်ယူလိုက်သဖြင့် သတ္တမဇောနှင့်ယှဉ်သည့် စေတနာ ကမ္မဘဝကိုလည်း ယူပြီးဖြစ်တော့၏။*

*(၃) တစ်နည်း – စေတနာနှင့်ယှဉ်သောစိတ်စေတသိက်များသည် သင်္ခါရမည်၏၊ စေတနာဟူသမျှသည် ကမ္မဘဝမည်၏၊ ဤတွင်လည်း စေတနာနှင့်ယှဉ်ဖက်စိတ်စေတသိက်များဟူသော သင်္ခါရကိုယူလိုက်သဖြင့် စေတနာတည်းဟူသော ကမ္မဘဝကိုလည်း ယူပြီးဖြစ်တော့*

*သည်။]*

**၉၈။ ပဋ္ဌာန်း ၂၄ ပစ္စည်းတို့ကို ပစ္စည်း၊ ပစ္စယုပ္ပန်အားလျော်စွာ သဘောတူရာပေါင်းစု ခွဲခြားလိုက်လျှင် ဖြစ်ပေါ်လာသည့် ပစ္စည်း ၆ မျိုးကို ဖော်ပြ၍၊ ရူပဇီဝိတိန္ဒြေပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မတို့ကိုလည်း ထုတ်ပြပါ။** (၂၀၁၁၊ စမန ၂၁၅–၂၁၆၊ ၂၁၈)

**အဖြေ** – ပဋ္ဌာန်း ၂၄ ပစ္စည်းတို့ကို ပစ္စည်း, ပစ္စယုပ္ပန်အားလျော်စွာ သဘောတူရာပေါင်းစု ခွဲခြားလိုက်လျှင် ဖြစ်ပေါ်လာသည့်ပစ္စည်း ၆ မျိုးမှာ–

(၁) **နာမ်သည် နာမ်အား ကျေးဇူးပြုသောပစ္စည်း ၆ ပါး၊**

နာမ်ဖြစ်၍ နာမ်အားသာလျှင် ကျေးဇူးပြုကြသောပစ္စည်းတို့သည် အနန္တရ၊ သမနန္တရ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတပစ္စည်းတို့ဖြစ်ကြ၏။

(၂) **နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုသောပစ္စည်း ၅ ပါး**

နာမ်ဖြစ်၍ နာမ်ရုပ်နှစ်ပါးအား ကျေးဇူးပြုကြသောပစ္စည်းတို့သည် ဟေတု၊ ဈာန၊ မဂ္ဂ၊ ကမ္မ၊ ဝိပါကပစ္စည်းတို့ဖြစ်ကြ၏။

(၃) **နာမ်သည် ရုပ်အားသာကျေးဇူးပြုသော ပစ္စည်း ၁ ပါး၊**

နာမ်ဖြစ်၍ ရုပ်အားသာလျှင် ကျေးဇူးပြုသောပစ္စည်းသည် ပစ္ဆာဇာတပစ္စည်းဖြစ်၏။

(၄) **ရုပ်သည် နာမ်အားသာလျှင် ကျေးဇူးပြုသော ပစ္စည်း ၁ ပါး၊**

ရုပ်ဖြစ်၍ နာမ်အားသာလျှင် ကျေးဇူးပြုသောပစ္စည်းသည် ပုရေဇာတပစ္စည်းဖြစ်၏။

(၅) **နာမ်, ရုပ်, ပညတ်တို့သည် နာမ်အားကျေးဇူးပြုသော ပစ္စည်း ၂ ပါး၊**

နာမ်, ရုပ်, ပညတ်ဖြစ်၍ နာမ်အားသာလျှင် ကျေးဇူးပြုသောပစ္စည်းတို့သည် အာရမ္မဏ နှင့် ဥပနိဿယပစ္စည်းတို့ဖြစ်ကြ၏။

(၆) **နာမ်ရုပ် ၂ ပါးက နာမ်ရုပ် ၂ ပါးအား ကျေးဇူးပြုသော ပစ္စည်း ၉ ပါး၊**

နာမ်ရုပ် ၂ ပါးစုံဖြစ်၍ နာမ်ရုပ် ၂ ပါးစုံအား ကျေးဇူးပြုသောပစ္စည်းတို့သည် အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့ဖြစ်ကြ၏။

– **ရူပဇီဝိတိန္ဒြေပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မတို့မှာ** – ကမ္မဇရုပ်များဖြစ်ပါသည်။

**၉၉။ ပညတ်၏သဘောသွားကို လေ့လာထားသူများဖြစ်သည့်အားလျော်စွာ ''အဆိုတော်၏ အသံ''ဟူသည် မည်သည့်သဒ္ဒပညတ်ဖြစ်ပါသနည်း။ ရှင်းပြ၍ အောက်ပါသဒ္ဒပညတ်တို့၏ အမည်တို့ကိုလည်း တိကျစွာဖော်ပြပါ။ (က) စေတနာ၊ (ခ) မြန်မာ၊ (ဂ) ဗေလုဝ။** (၂၀၁၁၊ စမန ၂၂၂)

**အဖြေ** – ''အဆိုတော်၏အသံ'' သည် ''အဝိဇ္ဇမာနေန ဝိဇ္ဇမာန'' သဒ္ဒပညတ်ဖြစ်ပါသည်။ အကြောင်းမှာ– ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဒြပ်အတ္ထပညတ်(အဆိုတော်)နှင့် ပရမတ္ထအားဖြင့်ထင်ရှားရှိသည့် အနက်ဒြပ်အတ္ထပညတ်(အသံ)တို့ကို တွဲစပ်၍သိစေကြောင်း ဖြစ်သော သဒ္ဒပညတ်ဖြစ်သောကြောင့်တည်း။

– **အောက်ပါသဒ္ဒပညတ်တို့၏အမည်များမှာ** –

(က) စေတနာ – ဝိဇ္ဇမာန သဒ္ဒပညတ်၊
(ခ) မြန်မာ – အဝိဇ္ဇမာန သဒ္ဒပညတ်၊
(ဂ) ဗေလုဝ – အဝိဇ္ဇမာန သဒ္ဒပညတ်၊

**၁၀၀။ ''မအိုချင်ရင် မမွေးနှင့်၊ မသေချင်ရင် မမွေးနှင့်'' ဟူသောစကား အဘိဓမ္မာသဘာဝ ကျ/မကျ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရစိစစ်ပြ၍ မြတ်စွာဘုရားရှင်သည် အဘယ်တရားတို့ကို 'ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်'ဟုဟောတော်မူသနည်း။**

(၂၀၁၂၊ စမန ၁၈၈၊ ၁၈၂)

**အဖြေ** – ''မအိုချင်ရင် မမွေးနှင့်၊ မသေချင်ရင် မမွေးနှင့်''ဟူသောစကားသည် အဘိဓမ္မာသဘာဝကျပါသည်။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ –

''ဇာတိပစ္စယာ ဇရာမရဏံ'' = ဇာတိ (ပဋိသန္ဓေနေခြင်း) ဟူသောအကြောင်းကြောင့် ဇရာမရဏ (အိုခြင်း, သေခြင်း) ဖြစ်ပေါ်၏။

ဇာတိသည် ဥပပတ္တိဘဝဟူသော လောကီဝိပါက်စိတ် ၃၂ ပါး၊ ယှဉ်ဖက်စေတသိက် ၃၅ ပါး၊ ကမ္မဇရုပ် ၁၈ ပါးတို့၏ဖြစ်ပေါ်ခြင်း (ဥပါဒ်)ဖြစ်၏။ တစ်နည်းအားဖြင့် ဝိပါက်နာမ်ခန္ဓာ ၄ ပါးနှင့် ကမ္မဇရုပ်တို့၏ဖြစ်ပေါ်ခြင်း (ဝါ) မွေးဖွားခြင်းပင်တည်း။

ပရမတ်ရုပ်နာမ်တရားတို့သည် 'ဥပါဒ်–ဌီ–ဘင်'(ဝါ) 'ဖြစ်–တည်–ပျက်'အစဉ်ဖြင့် အမြဲဖြစ်ပျက်နေကြ၏။ ဥပါဒ်ပြီးနောက် 'ဌီ' နှင့် 'ဘင်' တို့သည် မုချမသွေလိုက်ပါလာကြ၏။ 'ဥပါဒ်'ကို ဇာတိ၊ 'ဌီ'ကို ဇရာ၊ 'ဘင်'ကို မရဏဟုခေါ်ဆို၏။ ထို့ကြောင့် 'ဇာတိ'ဖြစ်ပြီးလျှင် 'ဇရာမရဏ'တို့ မုချမသွေလိုက်ပါလာသကဲ့သို့ လူတို့သည် မွေးဖွားပြီးလျှင် 'အိုခြင်း, သေခြင်း'တို့သည် မုချမသွေလိုက်ပါလာကြမည်ဖြစ်၏။

ထို့ကြောင့် ''မအိုချင်ရင် မမွေးနှင့်၊ မသေချင်ရင် မမွေးနှင့်''ဟူသော စကားသည် အဘိဓမ္မာသဘာဝကျပါသည်။

– မြတ်စွာဘုရားရှင်သည် လောကီစိတ် ၈၁–ပါး၊ ၎င်းတို့နှင့်ယှဉ်ဖြစ်သော စေတသိက် ၅၂ ပါး၊ ပရမတ်ရုပ် ၂၈ ပါးတို့ကို ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ပ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာသမ္ဘဝန္တိ''ဟူ၍ အကြောင်းအကျိုးဆက်စပ်ကာ **'ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်'**ဟူသောတရားကို ဟောတော်မူပါသည်။

**၁၀၁။ ဘုရားရှင်ကို ရှိခိုးပူဇော်သူတစ်ဦး၏သန္တာန်၌ဖြစ်သင့်သော ပစ္စည်းပစ္စယုပ္ပန်တရားတို့ကို ဖော်ပြ၍ သဟဇာတာဓိပတိပစ္စည်းအရတွင် ပါဝင်ခွင့်မရှိသောဇောတို့ကိုလည်း တိကျစွာကောက်ပြပါ။** (၂၀၁၂၊ စမန ၂၁၇၊ ၂၁၈)

**အဖြေ** – ဘုရားရှင်ကို ရှိခိုးပူဇော်သူ၏သန္တာန်၌ သဒ္ဓါ, သတိ, အလောဘ, အဒေါသ, အမောဟစသော ကုသိုလ်တရားများဖြစ်ပေါ်နေပါသည်။ ဤကုသိုလ်တရားများသည် ပကတူပနိဿယ ပစ္စည်းများဖြစ်ကြပြီးလျှင် အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်တို့၌ နောင်ဖြစ်

ပေါ်လာကြမည့် ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာဟူသည့် ပစ္စယုပ္ပန်တရားတို့အား ဥပနိဿယပစ္စယသတ္တိ – အားကြီးသောမှီရာသတ္တိဖြင့် ကျေးဇူးပြုကြ၏။

ထို့အပြင် ထိုကုသိုလ်တရားများသည် အနန္တရပစ္စည်း, သမနန္တရပစ္စည်း, အာသေဝန ပစ္စည်းများအဖြစ်လည်း နောက်နောက်ဖြစ်ကြသော ကုသိုလ်ပစ္စယုပ္ပန်တရားများကို အနန္တရ ပစ္စယသတ္တိ, သမနန္တရပစ္စယသတ္တိ, အာသေဝနပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကြ၏။

ထို့အပြင် ထိုကုသိုလ်တရားများသည် သဟဇာတပစ္စည်း, အညမညပစ္စည်း, နိဿယ ပစ္စည်း, အတ္ထိပစ္စည်း, အဝိဂတပစ္စည်းများအဖြစ် အချင်းချင်းဖြစ်သော ပစ္စယုပ္ပန်တရားများ ကို သဟဇာတပစ္စယသတ္တိ, အညမညပစ္စယသတ္တိ, နိဿယပစ္စယသတ္တိ, အတ္ထိပစ္စယသတ္တိ, အဝိဂတပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကြ၏။

တစ်ဖန် ကုသိုလ်ဟိတ်များသည် ဟေတုပစ္စည်းများအဖြင့် တစ်ပေါင်းတည်းဖြစ်ကြသော စိတ်စေတသိက်များအားလည်းကောင်း၊ ထိုစိတ်စေတသိက်တို့ဖြစ်စေသည့် စိတ္တဇရုပ်တရား များအားလည်းကောင်း၊ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

**– သဟဇာတာဓိပတိ၏ပစ္စည်းအရတွင်** ပါဝင်ခွင့်မရှိသောဇောတို့မှာ အားနည်းသော ဧကဟိတ်ဇော, အဟိတ်ဇောများဖြစ်ကြသည့် မောဟမူဇောစိတ် ၂ ပါးနှင့် ဟသိတုပ္ပါဒ်ဇော စိတ်တို့ဖြစ်ပါသည်။

**၁၀၂။ အချိန်ကာလအလိုက် အမည်အမျိုးမျိုးရသော ရုပ်စု၏ရသောအမည်နှင့်ကာလတို့ ကိုဖော်ပြ၍ ပဋ္ဌာန်း ၂၄ ပစ္စည်းတို့ကိုလည်း ပရမတ်အနေအားဖြင့် အကျဉ်းချုပ် ကောက်ပြပါ။** (၂၀၂၂၊ စမန ၂၂၀၊ ဤစာအုပ် ၃၅၆ နံပါတ် ၆၄)

**အဖြေ** – အချိန်ကာလအလိုက် အမည်အမျိုးမျိုးရသောရုပ်စု၏ရသောအမည်နှင့် ကာလတို့မှာ နေ၏ရှေးဦးစွာထွက်စအခါကို တစ်နေ့လုံးအတွက် ရှေးဦးစွာအခါဖြစ်၍ ''ပုဗ္ဗဏှ'' (နံနက်ပိုင်း)၊ နေ့လည်အခါကို ''မဇ္ဈန္ဟ'' နေ့လည်ပိုင်း၊ ညနေအခါကို ''အပရဏှ'' (ညနေပိုင်း) ဟူ၍ ကာလပညတ်များကို သတ်မှတ်ပါသည်။

**– ပဋ္ဌာန်း ၂၄ ပစ္စည်းတို့ကို ပရမတ်အနေအားဖြင့် အကျဉ်းချုပ်ကောက်ပြရသော် –** စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါး၊ နိဗ္ဗာန်၊ ပညတ်တို့ ဖြစ်ပါသည်။

**၁၀၃။ ပညတ်၏သဘောသွားကို လေ့လာထားသူများဖြစ်သည့်အားလျော်စွာ အောက်ပါ ဝေါဟာရတို့၌ ဖြစ်သင့်သောသဒ္ဒပညတ်အမည်တို့ကို အကြောင်းပြ၍ ပြည့်စုံစွာဖြေဆိုပါ။ (က) ကြက်တွန်သံ၊ (ခ) မင်းပုဂ္ဂိုလ်၊ (ဂ) လောဘ, ဒေါသ၊** (၂၀၁၂၊ စမန ၂၂၂)

**အဖြေ – (က) ''ကြက်တွန်သံ''**သည် ''အဝိဇ္ဇမာနေန ဝိဇ္ဇမာနသဒ္ဒပညတ်'' ဖြစ်၏။ အကြောင်းမှာ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဒြပ်အတ္ထပညတ်ဖြစ်သည့် (ကြက်) နှင့် ပရမတ္ထအားဖြင့်ထင်ရှားရှိသည့် အနက်ဒြပ်အတ္ထပညတ်(တွန်သံ)တို့ကို တွဲစပ်၍သိစေ ကြောင်းဖြစ်သော သဒ္ဒပညတ်ဖြစ်သောကြောင့်တည်း။

**(ခ) ''မင်းပုဂ္ဂိုလ်''**သည် ''ဝိဇ္ဇမာနေန အဝိဇ္ဇမာန သဒ္ဒပညတ်''ဖြစ်၏။

အကြောင်းမှာ ပရမတ္ထအားဖြင့် ထင်ရှားရှိသည့် အနက်ဒြပ်အတ္ထပညတ် (မဂ် = မဂ်စိတ်) နှင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအနက်ဒြပ်အတ္ထပညတ်(ပုဂ္ဂိုလ်)တို့ကို တွဲစပ်၍သိစေကြောင်းဖြစ်သော သဒ္ဒပညတ်ဖြစ်သောကြောင့်တည်း။

**(ဂ) ''လောဘ, ဒေါသ''**သည် ''ဝိဇ္ဇမာနေန ဝိဇ္ဇမာနသဒ္ဒပညတ်''ဖြစ်၏။

အကြောင်းမှာ ပရမတ္ထအားဖြင့်ထင်ရှားရှိသော အနက်ဒြပ်အတ္ထပညတ် ၂ ခု (လောဘနှင့် ဒေါသ) တို့ကို တွဲစပ်၍သိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်ဖြစ်သောကြောင့်တည်း။

# အဘိဓမ္မာ (တတိယဆင့်)
# ကမ္မဋ္ဌာန်းပိုင်း

(၁၉၈၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၃၂ နှစ် အမေးအဖြေများ)

**၁။ ''မသာတစ်ခေါက် ကျောင်းဆယ်ခေါက်''ဟူသောစကားအရ အသုဘကိုရှုပွားလျှင် မည်သို့သောကုသိုလ်စျာန်များ ရနိုင်ပါသနည်း။** (၁၉၈၁ စမန ၂၂၈)

**အဖြေ** –''မသာတစ်ခေါက် ကျောင်းဆယ်ခေါက်''ဟူသောစကားအရ အသုဘကိုရှုပွားလျှင် ရူပါဝစရပထမကုသိုလ်စျာန်ကို ရနိုင်ပါသည်။

**၂။ အောက်ပါပုဂ္ဂိုလ်များသည် သမထကမ္မဋ္ဌာန်းကို အားထုတ်လိုလျှင် မည်သည့် ကမ္မဋ္ဌာန်းမျိုးကို ရွေးချယ်အားထုတ်သင့်သနည်း၊ စရိုက်နှင့် ကမ္မဋ္ဌာန်းကိုက်ညီအောင်ဖော်ပြခဲ့ပါ။** (၁၉၈၁၊ စမန ၂၃၀၊ ၂၃၁)

**အဖြေ** – **(က) ဒေါသကြီးတတ်သူ**သည် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော အပ္ပမညာ ၄ ပါး၊ နီလ, ပီတ, လောဟိတ, ဩဒါတဟူသော အဆင်းကသိုဏ်း ၄ ပါး၊ ပေါင်း – ၈ ပါးသောကမ္မဋ္ဌာန်းအနက် တစ်ပါးပါးကို ရွေးချယ်အားထုတ်သင့်သည်။

**(ခ) တွေဝေငေးမောတတ်သူ**သည် အာနာပါနဿတိကမ္မဋ္ဌာန်းကို ရွေးချယ်အားထုတ်သင့်သည်။

**(ဂ) အတွေးအကြံများသူ**သည် အာနာပါနဿတိကမ္မဋ္ဌာန်းကို ရွေးချယ်အားထုတ်သင့်သည်။

**(ဃ) သဒ္ဓါတရားထက်သန်သူ**သည် ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိဟူသော ကမ္မဋ္ဌာန်း ၆ ပါးအနက် တစ်ပါးပါးကို ရွေးချယ်အားထုတ်သင့်သည်။

**(င) ပညာဉာဏ်ကြီးသူ**သည် မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်ဟူသော ကမ္မဋ္ဌာန်း ၄ ပါးအနက် တစ်ပါးပါးကို ရွေးချယ်အားထုတ်သင့်ပါသည်။

**၃။ ဗုဒ္ဓဘာသာနည်းအားဖြင့် ပထဝီကသိုဏ်းအစရှိသော သမထကမ္မဋ္ဌာန်း တစ်မျိုးမျိုးကို အားထုတ်သောသူအား အဆင့်ဆင့်နိမိတ်များပေါ်လာပုံနှင့် စျာန်ရပုံကို ဖော်ပြပါ။** (၁၉၈၁၊ စမန ၂၃၄ ၊ ၂၃၅)

**အဖြေ** – ဗုဒ္ဓဘာသာနည်းအားဖြင့် ပထဝီကသိုဏ်းအစရှိသော သမထကမ္မဋ္ဌာန်းတစ်မျိုးကို အားထုတ်သူအား ဘာဝနာသုံးဆင့်ရှုပွားသဖြင့် နိမိတ်သုံးမျိုးဖြစ်ပေါ်ပြီးနောက် ရူပါဝစရပထမစျာန်ကို ရပါသည်။

(၁) **ပရိကမ္မဘာဝနာနှင့်ပရိကမ္မနိမိတ်**

အားထုတ်သူယောဂီသည် မျက်စိပကတိအနေအထားဖြင့် ပထဝီကသိုဏ်းဝန်းကိုကြည့်

ရှု၍ ''ပထဝီ၊ ပထဝီ'' သို့မဟုတ် ''မြေ၊ မြေ'' ဟု စိတ်ဖြင့်ရွတ်ဆို၍ အဖန်ဖန်ရှုပွား၏။ ဤသို့မျက်စိဖွင့်၍ ယူအပ်သောအာရုံကို ''**ပရိကမ္မနိမိတ်**''ဟုခေါ်ပြီး၊ ဘာဝနာပွားများမှုကို ပရိကမ္မဘာဝနာဟုခေါ်၏။

## (၂) ပရိကမ္မဘာဝနာနှင့် ဥဂ္ဂဟနိမိတ်

စိတ်တဖြည်းဖြည်းတည်ငြိမ်လာ၍ သမာဓိမြင့်တက်လာသောအခါ မျက်စိကို တစ်ချက်တစ်ချက်မှိတ်ကြည့်၏။ မျက်စိမှိတ်လိုက်သည့်အခါ ကသိုဏ်းဝန်းကို မမြင်ရလျှင် မျက်စိပြန်ဖွင့်၍ ဘာဝနာဆက်ရှု၏။ မျက်စိပိတ်၍ ကသိုဏ်ဝန်းကို မျက်စိဖွင့်စဉ်က မြင်ရသကဲ့သို့မြင်ရလျှင်''**ဥဂ္ဂဟနိမိတ်**''ရပြီဖြစ်၏။ ဤနိမိတ်ကို ဆက်လက်ရှုပွားသော ဘာဝနာသည် ရှေးကထက် သမာဓိရင့်ကျက်တည်ကြည်လာသောလည်း ပရိကမ္မဘာဝနာဟုပင်ခေါ်၏။

## (၃) ဥပစာရဘာဝနာနှင့် ပဋိဘာဂနိမိတ်

ဥဂ္ဂဟနိမိတ်ကို ပရိကမ္မဘာဝနာဖြင့် ဆက်လက်ရှုပွားသောအခါ သမာဓိဆက်လက်မြင့်တက်လာသဖြင့် တစ်ချိန်၌ ထိုဥဂ္ဂဟနိမိတ်နှင့်ပုံ**သဏ္ဌာန်**, အရွယ်တူ၍ အလွန်ကြည်လင်တောက်ပသောအာရုံတစ်မျိုးသည် စိတ်တွင် ငြိမ်သက်စွဲမြဲစွာ တည်လာ၏။ ဤကား''ပဋိဘာဂနိမိတ်''တည်း။ ဤနိမိတ်ထင်ပေါ်လာသည့်အချိန်မှစ၍ ''**ဥပစရဘာဝနာ**''အဆင့်သို့ ရောက်ပြီး ဥပစာရသမာဓိကို ရရှိပြီဖြစ်၏။

## (၄) အပ္ပနာဘာဝနာနှင့်ပဋိဘာဂနိမိတ်

ယောဂီသည် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ''ပထဝီ၊ ပထဝီ'' ဟု ဆက်လက်ရှုပွား၏။ နိမိတ်စွဲမြဲစွာတည်လာသောအခါ ထိုနိမိတ်ကို ''တစ်လက်မကျယ်လာပါစေ၊ နောက်တစ်လက်မကျယ်လာပါစေ''စသည်ဖြင့် အရပ်မျက်နှာအားလုံးသို့ပြည့်သွားအောင် ချဲ့ပေး၏။ ထိုချဲ့ကားသော ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ''ပထဝီ၊ ပထဝီ''ဟုအကြိမ်ကြိမ်ရှုပွား၏။ ထိုနိမိတ်တွင် တစ်နာရီ, နှစ်နာရီစသည်ကြာအောင် စိတ်ငြိမ်ဝပ်စွာစူးစိုက်မြုပ်ဝင်နေသည့်အခါ **အပ္ပနာဘာဝနာ**သို့ရောက်ပြီး **ရူပါဝစရပထမဈာန်**ကို ရရှိပြီဖြစ်သည်။

## ၄။ သံသရာမှ ထွက်မြောက်ရန်အလို့ငှာ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်အား မည်သည့်အခါ ပုထုဇဉ်နယ်ကုန်ဆုံး၍ အရိယာနယ်အစသို့ရောက်သနည်း။

(၁၉၈၁၊စမန ၂၅၂)

**အဖြေ** – သံသရာမှထွက်မြောက်ရန်အလို့ငှာ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်အား မဂ်ဆိုက်သည့်ကာလတွင် အောက်ပါမဂ်ဝီထိဖြစ်၏။

**မန္ဒပညာပုဂ္ဂိုလ်၏မဂ်ဝီထိပုံ**

''န–ဒ–မ–ပ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်'' –ဘဝင်–

**တိက္ခပညာပုဂ္ဂိုလ်၏မဂ်ဝီထိပုံ**

''န–ဒ–မ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–ဖိုလ်'' –ဘဝင်–

မဂ်ဝီထိ၌ပါသော ပရိကမ်(ပ)၊ ဥပစာ(ဥ)၊ အနုလုံ(နု)စိတ်တို့နှင့် ယှဉ်သောဉာဏ်သည် အနုလောမဉာဏ်ဖြစ်ပြီး အမြင့်ဆုံးဝိပဿနာဉာဏ်ဖြစ်၏။ ဂေါတြဘုစိတ်(ဂေါ)သည်ကား

လက္ခဏာရေးသုံးပါးကို အာရုံမပြုဘဲနိဗ္ဗာန်ကိုအာရုံပြုသောကြောင့် ဂေါတြဘုဉာဏ်သည် ဝိပဿနာဉာဏ်များ၏ အထွတ်အထိပ်နှင့်တူ၏၊ ထို့ကြောင့် ''ဝိပဿနာဉာဏ်တွင် သွင်းယူရမည်'' ဟုဆို၏။

ဂေါတြဘုစိတ်ဖြစ်သည်အထိ ယောဂီပုဂ္ဂိုလ်သည်ပုထုဇဉ်အနွယ်၌ရှိသေး၏။ ဂေါတြဘုစိတ်ချုပ်၍ မဂ်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ယောဂီသည် အရိယာအနွယ်သို့ရောက်၏။ ထို့ကြောင့် **ဂေါတြဘုစိတ်သည် ''ပုထုဇဉ်အနွယ်ကို လွှမ်းမိုး(ကျော်လွန်)သောစိတ်'' (ဝါ)ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ဖြစ်စေသောစိတ်**ဟု အဓိပ္ပါယ်ရ၏။

သို့ဖြစ်၍ ယောဂီပုဂ္ဂိုလ်သည် **''ဂေါတြဘုစိတ်''**ဖြစ်သည့်အခါ ပုထုဇဉ်နယ်ကုန်ဆုံး၍ အရိယာနယ်အစသို့ ရောက်ပါသည်။

**၅။ သက်သက်လွတ်သည်ဖြစ်စေ၊ မလွတ်သည်ဖြစ်စေ၊ မိမိစားသောက်သော အစာအာဟာရကို စက်ဆုပ်ရွံရှာဖွယ်အဖြစ် ရှုဆင်ခြင်လျှင် မည်သည့်ကမ္မဋ္ဌာန်းမျိုးဖြစ်သနည်း၊ ဤကမ္မဋ္ဌာန်းမျိုးကို မည်သို့သော ပုဂ္ဂိုလ်မျိုးမှ ဆင်ခြင်ပွားများနိုင်ပါသနည်း။**

(၁၉၈၂၊ စမန ၂၂၉ သင်္ဂြိုဟ် ၅၄၉)

**အဖြေ** – သက်သက်လွတ်စားသည်ဖြစ်စေ၊ မလွတ်သည်ဖြစ်စေ၊ မိမိစားသောက်သော အစာအာဟာရကိုစက်ဆုပ်ရွံရှာဖွယ်အဖြစ် ရှုဆင်ခြင်လျှင် ''**အာဟာရေပဋိကူလသညာ**'' ကမ္မဋ္ဌာန်းမျိုး ဖြစ်ပါသည်။

''အာဟာရေပဋိကူလသညာ''ဟူသည်မှာ ''**အစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟုထင်မှတ်ခြင်း**''ဖြစ်ပါသည်။ထို့ကြောင့် ခဲဖွယ်ဘောဇဉ်စသောအစာအာဟာရ၌ စက်ဆုပ်ဖွယ်ဟု ထင်မှတ်လာအောင် ရှုတတ်သော ပညာစရိုက်ရှိသည့်ပုဂ္ဂိုလ်မျိုးမှ ဤကမ္မဋ္ဌာန်းမျိုးကို အောင်မြင်စွာ ဆင်ခြင်ပွားများနိုင်ပါသည်။

**၆။ ဗုဒ္ဓအဘိဓမ္မာ၌ ဈာန်ရအောင် အားထုတ်နိုင်သော နည်းလမ်းများရှိပါသလော၊ ရှိလျှင် အနည်းဆုံး ပထမဈာန်ကိုရအောင်အားထုတ်နိုင်သော ကမ္မဋ္ဌာန်းမျိုးကိုဖော်ပြပါ။** (၁၉၈၂၊ စနမ ၂၃၂)

**အဖြေ** – ဗုဒ္ဓအဘိဓမ္မာ၌ ဈာန်ရအောင် အားထုတ်နိုင်သောနည်းလမ်းများရှိပါသည်။ အနည်းဆုံး ပထမဈာန်ကိုရအောင် အားထုတ်နိုင်သောကမ္မဋ္ဌာန်းများမှာ – (၁) ကသိုဏ်း ၁၀ ပါး၊ (၂) အသုဘကမ္မဋ္ဌာန်း ၁၀ ပါး၊ (၃) အာနာပါနဿတိကမ္မဋ္ဌာန်း၊ (၄) ကာယဂတာသတိကမ္မဋ္ဌာန်း၊ (၅) မေတ္တာဘာဝနာ၊ ကရုဏာဘာဝနာ၊ မုဒိတာဘာဝနာ ဟူသော ဗြဟ္မဝိဟာရကမ္မဋ္ဌာန်း ၃ ပါး၊ စုစုပေါင်းကမ္မဋ္ဌာန်း ၂၅ ပါးဖြစ်သည်။

(ဥပေက္ခာဘာဝနာသည် ရူပါဝစရပဉ္စမဈာန် ၁ ပါးကို ရစေသည်၊ အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါးသည် အရူပါဝစရဈာန် ၄ ပါးကို ဖြစ်စေသည်။)

**၇။ အနိစ္စ–ဒုက္ခ–အနတ္တဟုဆိုရာတွင် အဘယ်ကြောင့် အနိစ္စ–ဒုက္ခ–အနတ္တ ဖြစ်သည်ကို အဘိဓမ္မာသင်္ဂြိုဟ်နည်းအရ ဖြေရှင်းရေးသားပါ။**

(၁၉၈၂၊ စမန ၂၃၈၊ သင်္ဂြိုဟ် ၅၈၀၊ ၅၈၁)

**အဖြေ** – အနိစ္စ–ဒုက္ခ–အနတ္တတို့သည် ရုပ်နာမ်(သင်္ခါရ)တရားတို့၏အမှတ်အသား လက္ခဏာ သုံးပါးဖြစ်ပါသည်။

(၁) **အနိစ္စလက္ခဏာ** – ပရမတ်ရုပ်နာမ်တရားများသည် လျင်မြန်စွာဖြစ်ပျက်နေကြသည်။ သမ္မာသမာဓိထူထောင်ပြီးသောယောဂီက ဝိပဿနာရှုသောအခါ ရုပ်နာမ်တရားများက လျင်မြန်စွာ ခဏမစဲဖြစ်ပျက်နေကြသည်ကို ရှုမြင်နိုင်ပါသည်။ ရုပ်နာမ်တရားတို့၏ မတည်မြဲခြင်း, ပျက်စီးတတ်ခြင်းသဘောကို ''အနိစ္စလက္ခဏာ''ဟုခေါ်ပါသည်။

(၂) **ဒုက္ခလက္ခဏာ** – ရုပ်နာမ်တရားတို့၏အဆက်မပြတ် ဖြစ်ပျက်နေခြင်း, ပျက်စီးကုန်ဆုံးခြင်းတို့ဖြင့် နှိပ်စက်ညှဉ်းပန်းအပ်သော ဆင်းရဲခြင်းအမှတ်အသားတည်း။

(၃) **အနတ္တလက္ခဏာ** – ရုပ်နာမ်တရားတို့သည် ဖြစ်မြဲဓမ္မတာအတိုင်း လျင်မြန်စွာဖြစ်ပျက်သွားခြင်း၊ မိမိအလိုသို့ မလိုက်ပါစေနိုင်ခြင်း၊ တည်မြဲသောဝိညာဉ်ကောင်, အသက်ကောင်ဇီဝ, အတ္တတို့မရှိခြင်း၊ ငါဟုမှတ်အပ်သည် ပုဂ္ဂိုလ်, သတ္တဝါ, အတ္တမရှိခြင်းအမှတ်အသားတည်း။

**၈။ လောကတွင်လူအမျိုးမျိုးရှိသည့်အနက်–**
**(က) ကာမဂုဏ်ခုံမင်သူ၊ (ခ) သည်းမခံတတ် စိတ်ဆတ်သူ၊**
**(ဂ) ကံတရားကို ယုံကြည်အားထားသူတို့အား စိတ်ဓာတ်တည်ကြည် ခိုင်မာရေးအတွက် သင့်လျော်သောကမ္မဋ္ဌာန်းလုပ်ငန်းများကိုဖော်ပြပါ။**

(၁၉၈၃၊ စမန ၂၃၀၊ ၂၃၁)

**အဖြေ** – **(က) ကာမဂုဏ်ခင်မင်သူ**သည် **ရာဂစရိုက်**ရှိသဖြင့် အသုဘကမ္မဋ္ဌာန်း ၁၀ ပါး၊ ကာယဂတာသတိကမ္မဋ္ဌာန်းဟူသော ကမ္မဋ္ဌာန်း ၁၁ ပါးနှင့် သင့်လျော်လျောက်ပတ်၏။

**(ခ) သည်းမခံတတ် စိတ်ဆတ်သူ**သည် **ဒေါသစရိုက်**ရှိသဖြင့် မေတ္တာဘာဝနာ, ကရုဏာဘာဝနာ, မုဒိတာဘာဝနာ, ဥပေက္ခာဘာဝနာဟူသော ဗြဟ္မဝိဟာရကမ္မဋ္ဌာန်း ၄ ပါး၊ နီလ, ပီတ, လောဟိတ, ဩဒါတဟူသော အဆင်းကသိုဏ်း ၄ ပါး၊ ပေါင်း ၈ ပါးသော ကမ္မဋ္ဌာန်းတို့နှင့် သင့်လျော်လျောက်ပတ်၏။

**(ဂ) ကံတရားကို ယုံကြည်အားထားသူ**သည် **သဒ္ဓါစရိုက်**ရှိသဖြင့် ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိဟူသော ကမ္မဋ္ဌာန်း ၆ ပါး နှင့်သင့်လျော်လျောက်ပတ်ပါသည်။

**၉။ အောက်ပါပုဂ္ဂိုလ်တို့သည် မည်သည့်အဘိညာဉ်ပိုင်ရှင်များ ဖြစ်ကြပါသနည်း။**
**(က) မိုးပျံမြေလျှိုးတန်ခိုးပြသူ၊ (ခ) ရှေးဖြစ်ဟောင်းအောက်မေ့နိုင်သူ၊**
**(ဂ) တစ်ဖက်သားစိတ်ဓာတ်သိတတ်သူ။** (၁၉၈၃၊ စမန ၂၃၇)

**အဖြေ** – **(က) မိုးပျံမြေလျှိုး တန်ခိုးပြသူ**သည် **ဣဒ္ဓိဝိဓအဘိညာဉ်**ပိုင်ရှင်ဖြစ်၏။

**(ခ) ရှေးဖြစ်ဟောင်းအောက်မေ့နိုင်သူ**သည် **ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်**ပိုင်ရှင်ဖြစ်ပါသည်။

**(ဂ) တစ်ဖက်သားစိတ်ဓာတ်သိတတ်သူ**သည် **ပရစိတ္တဝိဇာနနအဘိညာဉ်**ပိုင်ရှင်ဖြစ်၏။

**၁၀။ ''သိပယ်ဆိုက်ပွား လေးပါးအချက် တစ်ပြိုင်နက် မဂ်၏ကိစ္စတည်း''ဟူသော စကားကိုရှင်းလင်းဖော်ပြပါ။** (၁၉၈၃၊ စမန ၂၅၂၊ သင်္ဂြိုဟ် ၆၀၁)

**အဖြေ** –''သိပယ်ဆိုက်ပွား လေးပါးအချက် တစ်ပြိုင်နက် မဂ်၏ကိစ္စတည်း''ဟူသော စကားသည် ဝိပဿနာရှုပွား၍ မဂ်သို့ဆိုက်ရောက်သည့်အခါ မဂ်စိတ်က ကိစ္စ ၄ ချက်ကို တစ်ပြိုင်နက်ပြီးမြောက်အောင် ဆောင်ရွက်ခြင်းကို ဖော်ပြပါသည်။

''**သိ**''ဟူသည်မှာ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊

''**ပယ်**''ဟူသည်မှာ သမုဒယသစ္စာဖြစ်သည့် တဏှာကို ပယ်ခြင်း၊

''**ဆိုက်**''ဟူသည်မှာ နိရောဓသစ္စာဖြစ်သည့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊

''**ပွား**''ဟူသည်မှာ မဂ္ဂသစ္စာအမည်ရသည့် မဂ္ဂင်ရှစ်ပါးကို ပွားများပြည့်စုံစေခြင်း၊

အထက်ပါကိစ္စ ၄ ချက်ကို မဂ်စိတ်က တစ်ပြိုင်နက်ပြီးမြောက်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။ ဥပမာကား ''ဆီမီးသည် မီးစာကိုလောင်, အမှောင်ပယ်ရှင်း, အလင်းရောင်လွှမ်း, ဆီခန်းစေမှု, ကိစ္စ ၄ ခုကို တစ်ပြိုင်နက်ပြုသကဲ့သို့တည်း''။

**၁၁။ ရိုးရိုးသူတော်စင်နှင့် အရိယာသူတော်စင်တို့၏ နယ်ခြားမှတ်တိုင် သဖွယ်ဖြစ်သော စိတ်ကို ဖော်ပြ၍ ယင်းစိတ်၏အဓိပ္ပါယ်ကို ပြည့်စုံစွာ ရေးသားခဲ့ပါ။**

(၁၉၈၃၊ စမန ၂၅၂၊ သင်္ဂြိုဟ် ၆၀၀)

**အဖြေ** – ရိုးရိုးသူတော်စင်နှင့် အရိယာသူတော်စင်တို့၏ နယ်ခြားမှတ်တိုင်သဖွယ်ဖြစ်သော စိတ်သည် ''**ဂေါတြဘုစိတ်**''ဖြစ်ပါသည်။

ယင်းစိတ်၏အဓိပ္ပာယ်မှာ– ''ပုထုဇဉ်အနွယ်ကို လွှမ်းမိုး(ကျော်လွန်)သောစိတ်'' (ဝါ) ''ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကိုဖြစ်စေသောစိတ်''ဖြစ်ပါသည်။

ဂေါတြဘုစိတ်သည် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်ဖြစ်ပြီး လက္ခဏာရေးသုံးပါးကို အာရုံမပြုဘဲ နိဗ္ဗာန်ကိုအာရုံပြု၏။ ဂေါတြဘုသည် ''မဂ်စိတ်ရှေ့မှ နိဗ္ဗာန်ကိုညွှန်ပြသောကြောင့် ဖိုလ်ဇောတို့၏ရှေ့သွားဖြစ်သည့် အာဝဇ္ဇန်းနှင့်တူ၏''ဟု ပြောစမှတ်ပြုကြ၏။

ဝိပဿနာရှုသောယောဂီသည် ဂေါတြဘုစိတ်ဖြစ်သည်အထိ ပုထုဇဉ်သာဖြစ်သေး၏။ ဂေါတြဘုစိတ်ချုပ်၍ မဂ်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် အရိယာအနွယ်သို့ရောက်ပြီဖြစ်၍ ဂေါတြဘုစိတ်သည် ပုထုဇဉ်အနွယ်ကို လွှမ်းမိုး(ကျော်လွန်)သော စိတ်ပေတည်း။

**၁၂။ ဘာဝနာတို့တွင် အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာ ပွားများပုံပွားများနည်းကိုဖော်ပြ၍၊ ထိုသို့ပွားများလျှင် မည်သည့်အခါမျိုး၌ မည်သည့်သမာဓိများကို ရနိုင်ပါသနည်း၊ ဖြေဆိုပါ။** (၁၉၈၄၊ အခြေပြသင်္ဂြိုဟ် ၅၇၆၊ ၅၆၁၊ ၅၆၂)

**အဖြေ** – အမြတ်ဆုံးဘာဝနာဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပုံပွားများနည်းမှာ–

အရဟံဂုဏ်တော်ကို ပွားလိုလျှင် အရဟံဂုဏ်တော်ကိုအာရုံပြု၍ ''ဣတိပိသောဘဂဝါ အရဟံ''ဟု ပရိကမ်ပြုရမည်၊ ဂုဏ်တော်သည် ပရိကမ္မနိမိတ်မည်၏၊ ပွားများမှုသည် ပရိကမ္မဘာဝနာမည်၏၊ ပရိကမ္မဘာဝနာပွားများနေသောအခါ၌ ဖြစ်သောသမာဓိသည် ပရိကမ္မသမာဓိ မည်၏။

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို ပွားများလိုလျှင် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို အာရုံပြု၍ ''ဣတိပိ သောဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ''စသည်ဖြင့် ပွားများရမည်။ နောက်ဂုဏ်တော်များလည်း ဤနည်း အတိုင်းပင်တည်း။ ပွားများလိုသော ဂုဏ်တော်တစ်ပါးတည်းကိုပင် အဓိပ္ပါယ်သိလျက် ဂုဏ်တော်တွင်အာရုံစူးစိုက်၍ အထပ်ထပ်အဖန်ဖန်ရှုပွားရမည်။ ထိုဂုဏ်တော်အာရုံကို ကောင်းစွာယူမိသည်ရှိသော် (ဥဂ္ဂဟနိမိတ်ထင်လာသည်ရှိသော်) ထိုအခါ ပရိကမ္မဘာဝနာ သည် ကြည်လင်လှလေပြီ။

ထို့ထက်သမာဓိရလာသောအခါ နီဝရဏကိလေသာတို့ကင်းကွာသဖြင့် ဥပစာရဘာဝနာ အဆင့်အတန်းသို့ တက်လှမ်းမိလေပြီ၊ ဥပစာရဘာဝနာအဆင့်သို့ရောက်လာသော သမာဓိကို **ဥပစာရသမာဓိ**ဟုခေါ်၏။ ထိုအခါ စိတ်ကြည်လင်ငြိမ်ဝပ်ပြီး အလွန်စူးရှတောက်ပ သော အလင်းရောင်ထွက်၏။

ဗုဒ္ဓါနုဿတိဘာဝနာ၌ မူလစီးဖြန်းကတည်းက ဘုရားဂုဏ်တော်ကို စိတ်ဖြင့်မှန်း၍ စီးဖြန်းရသောကြောင့် ''ဘယ်အခိုက်မှာ ပရိကမ္မနိမိတ်၊ ဘယ်အခိုက်ကျတော့ ဥဂ္ဂဟနိမိတ်'' ဟု အထင်အရှားခွဲခြား၍မရ၊ **ဂုဏ်တော်မထင်ရှားသေးခင် ပရိကမ္မနိမိတ်, အတော်ထင်ရှား သည့်အခါ ဥဂ္ဂဟနိမိတ်, အလွန်ထင်ရှားလာသောအခါ ပဋိဘာဂနိမိတ်**ဟု ပရိယာယ်အားဖြင့် ရကောင်းသည်ဟုသာ ဆိုရ၏။

ဗုဒ္ဓါနုဿတိဘာဝနာ၌ ပဋိဘာဂနိမိတ်မထင်ရှားဘဲ ဂုဏ်တော်၏ကျယ်ဝန်းမှုကြောင့် အပ္ပနာဘာဝနာနှင့် အပ္ပနာသမာဓိအဆင့်သို့မရောက်ဘဲ **ဥပစာရဘာဝနာနှင့် ဥပစာရသမာဓိ အဆင့်သို့သာ ရောက်နိုင်ပါသည်။**

## ၁၃။ ယခုခေတ်တွင် ''အကြားအမြင်ရသည်''ဟု ပြောလေ့ရှိသူပေါ်များလှလေရာ ထိုသူတို့သည် ဒိဗ္ဗသောတ–ဒိဗ္ဗစက္ခုရသူများဖြစ်နိုင်–မဖြစ်နိုင် သင်္ဂြိုဟ်ကျမ်းလာ အဘိညာဉ်ဖြစ်ပုံပြစကားရပ်ကို ထောက်ဆ၍ ဆုံးဖြတ်ပြပါ။

(၁၉၈၄၊ စမန ၂၃၇၊ သင်္ဂြိုဟ် ၅၇၈)

**အဖြေ** – ယခုခေတ်တွင် ''**အကြားအမြင်ရသည်**''ဟု ပြောသူပေါ်များလှလေရာ သင်္ဂြိုဟ် ကျမ်းလာ အဘိညာဉ်ဖြစ်ပုံပြစကားရပ်ကို ထောက်ဆလျှင် ထိုသူတို့သည် ဒိဗ္ဗသောတ– ဒိဗ္ဗစက္ခုရသူများ မဖြစ်နိုင်ကြပါ။

သင်္ဂြိုဟ်ကျမ်းလာအဘိညာဉ်ဖြစ်ပုံပြစကားရပ်ကို ထောက်ဆလျှင် အဘိညာဉ်ရရှိရန် အတွက် **ကသိုဏ်း ၁၀ ပါးတွင် ရူပါဝစရဈာန် ၅ ပါး, အရူပါဝစရဈာန် ၄ ပါးတို့ကို ထူထောင်ပြီး မြတ်စွာဘုရားညွှန်ကြားသည့် နည်း ၁၄ ပါးဖြင့် အထူးကျွမ်းကျင်နိုင်နင်းအောင် လေ့ကျင့်ရမည်။** ထို့နောက် ရူပါဝစရပဉ္စမဈာန်ကို အခြေခံ၍ ဒိဗ္ဗသောတအဘိညာဉ်, ဒိဗ္ဗစက္ခုအဘိညာဉ်စသည်ကို ဖြစ်စေရမည်။

အဘိညာဉ်ဟူသည်မှာ ရူပါဝစရပဉ္စမဈာန်စိတ်နှင့်ယှဉ်သော အလွန်အကျူးအထူးသိသော ဉာဏ်ဖြစ်သည်။ ဒိဗ္ဗသောတအဘိညာဉ်သည် နတ်နားကဲ့သို့အလွန်ဝေးသောအသံ, အလွန် တိုးသောအသံတို့ကိုလည်း ကြားနိုင်သည်။ ဒိဗ္ဗစက္ခုအဘိညာဉ်သည် နတ်မျက်စိကဲ့သို့

အလွန်ဝေးသော အဆင်း, သေးငယ်သော အဆင်း, နတ်ပြည်ပြဟ္မာပြည်အထိ မြင်နိုင်သည်။

သို့ဖြစ်၍ ''အကြားအမြင်ရသည်''ဟုဆိုသော ထိုသူတို့သည် မည်သည့်စျာန်မျှမရကြသည့်အတွက် ဒိဗ္ဗသောတ–ဒိဗ္ဗစက္ခုရသူများ မဖြစ်နိုင်ကြပါ။

**၁၄။ သမထဘာဝနာ, ဝိပဿနာဘာဝနာတို့ကို အသက်မွေးဝမ်းကျောင်းအတွက် ပွားများသင့်ပါသလော၊ မည်သို့သောရည်မှန်းချက်ရှိသူသည်သာ ပွားများသင့်ပါသနည်း။ သင်္ကြိုဟ်ကျမ်းနှင့်ဖြေဆိုပါ။** (၁၉၈၄၊ အခြေပြုသင်္ဂြိုဟ် ၅၃၇၊ ၆၂၂)

**အဖြေ – သမထဘာဝနာ, ဝိပဿနာဘာဝနာတို့ကို** အသက်မွေးဝမ်းကျောင်းအတွက် မပွားများ သင့်ပါ။

''အကျိုးတရား, အလွန်များသဖြင့်, ဖြစ်ပွားစေအပ်, တရားမြတ်, မှတ်လေဘာဝနာ'' ဟူသောအဆိုအမိန့်နှင့်အညီ ကုသိုလ်ကံနှင့်ကုသိုလ်အကျိုးတရား မြောက်မြားစွာရရှိရန်အတွက် သမထဘာဝနာ, ဝိပဿနာဘာဝနာတို့ကို ပွားများအပ်၏။

သာသနာတော်ဝယ် ပဋိပတ်၏အရသာဖြစ်၍ သာယာဖွယ်ကောင်းသောတရားကား စျာန်, မဂ်, ဖိုလ်တည်း။ ဤစျာန်, မဂ်, ဖိုလ် တရားထူးတို့၏အရသာထူးကို ခံစားလိုသောအမျိုးကောင်းသား၊ အမျိုးကောင်းသမီးများသည် သမထဘာဝနာ, ဝိပဿနာဘာဝနာတို့ကို ပွားများသင့်ပါသည်။

**၁၅။ ယခုခေတ်၌ သိပ္ပံပညာထွန်းကားသောကမ္ဘာ့စက်မှုနိုင်ငံကြီးများမှာပင် အာနာပါန ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်သူများရှိရာ ထိုအာနာပါနကမ္မဋ္ဌာန်း၏ ပင်ရင်းတရားကိုယ်နှင့် ပွားများအားထုတ်ရန် သာမန်သင့်လျော်သောပုဂ္ဂိုလ်၊ အထူးသင့်လျော်သောပုဂ္ဂိုလ်များကိုလည်း ညွှန်ပြပါ။**

(၁၉၈၅၊ သင်္ဂြိုဟ် ၅၄၇၊ ၅၅၂၊ စမန ၂၃၁)

**အဖြေ – အာနာပါနကမ္မဋ္ဌာန်း (ဝါ) အာနာပါနဿတိ၏ပင်ရင်းတရားကိုယ်သည်** ထွက်သက်လေ, ဝင်သက်လေကို အောက်မေ့အမှတ်ရသော သတိတရားဖြစ်ပါသည်။

**– အာနာပါနကမ္မဋ္ဌာန်းကိုပွားများအားထုတ်ရန် သာမန်သင့်လျော်သောပုဂ္ဂိုလ်များမှာ –** မောဟစရိုက်, ဝိတက်စရိုက်ရှိသူများမှအပ ကျန်သည့်စရိုက်များရှိသူအားလုံး ဖြစ်ပါသည်။ အကြောင်းမှာ ကမ္မဋ္ဌာန်းမှန်လျှင် ရာဂ , ဒေါသစသောစရိုက်ဆိုးကိုပယ်ရှား၍ သဒ္ဓါ, ပညာကို တိုးပွားစေနိုင်သည်သာဖြစ်သဖြင့် မည်သည့်စရိုက်ရှိသူမဆို အလုံးစုံသော ပုဂ္ဂိုလ်အား အလုံးစုံသောကမ္မဋ္ဌာန်းများ အထိုက်အလျောက် လျောက်ပတ်သောကြောင့်တည်း။

**– အာနာပါနကမ္မဋ္ဌာန်းကိုပွားများအားထုတ်ရန် အထူးသင့်လျော်သောပုဂ္ဂိုလ်များမှာ –** မောဟစရိုက်, ဝိတက်စရိုက်ရှိသူများတည်း၊ အကြောင်းမှာ မောဟသမားသည် ဝိစိကိစ္ဆာ, ဥဒ္ဓစ္စအဖြစ်များ၍ စိတ်ပျံ့လွင့်တုန်လှုပ်၏၊ ဝိတက်သမားလည်း အကြံများသဖြင့် ပျံ့လွင့်၏။ အာနာပါနကမ္မဋ္ဌာန်းကား ထွက်သက်ဝင်သက်ကို အချက်ကျကျလိုက်၍ အာရုံပြုသဖြင့် တုန်လှုပ်ပျံ့လွင့်သောစိတ်ကို ချုပ်နိုင်, ဖမ်းနိုင်သောကြောင့်တည်း။

**၁၆။ ဝတ်မွတ်ခေါင်းပါးသူတို့ကို ကူညီသောပုဂ္ဂိုလ်တို့သန္တာန်၌ဖြစ်သောတရားကို အာရုံနှင့်တွဲဖက်ဖော်ပြ၍ ထိုတရားကို ဗုဒ္ဓဘာသာနည်းလမ်းတကျ ဆက်လက်အားထုတ်ပါက ရရှိနိုင်သောအကျိုးထူးတရားများကိုလည်း ဖြေဆိုပါ။**

(၁၉၈၅၊ အခြေပြုသင်္ဂြိုဟ် ၅၄၈၊ ၅၄၉)

**အဖြေ** – ဝတ်မွတ်ခေါင်းပါးသူတို့ကို ကူညီသောပုဂ္ဂိုလ်တို့သန္တာန်၌ ဖြစ်သောတရားသည် မေတ္တာတရားဖြစ်ပါသည်။ မေတ္တာသည် ချစ်ခင်မြတ်နိုးအပ်သောသတ္တဝါပညတ်ကိုသာ အာရုံပြုပါသည်။ မေတ္တာ၏တရားကိုယ်မှာ အဒေါသစေတသိက်ဖြစ်သည်။

မေတ္တာကို ဗုဒ္ဓဘာသာနည်းလမ်းတကျ ဆက်လက်အားထုတ်ပါက **ရူပါဝစရကုသိုလ်ဈာန်** ၅ ပါးတွင် **စတုတ္ထဈာန်**အထိ အကျိုးထူးတရားများကို ရရှိပါသည်။ မေတ္တာဘာဝနာဖြင့် နေခြင်းသည် ဗြဟ္မာတို့နေခြင်းနှင့်တူသောကြောင့် မေတ္တာတရားစသည်ကို ''**ဗြဟ္မဝိဟာရ**''ဟုခေါ်၏။ မေတ္တာစသည်ကိုပွားများလျှင် သတ္တဝါတို့အပေါ်မှာ ခြောက်သွေ့သွေ့ မဟုတ်ဘဲ စိုစိုပြေပြေရှိသဖြင့် မေတ္တာစသည်ကို ''**ဗြဟ္မစိုရ်တရား**''ဟုလည်းခေါ်ပါသည်။ ဤသို့ အကျိုးတရားများကို ရပါသည်။

**၁၇။ အောက်ပါပုဂ္ဂိုလ်တို့ကို ဗုဒ္ဓအဘိဓမ္မာဒေသနာနည်းအရ အမည်ပေးခဲ့ပါ။**
**(က) အပျော်အပါးလိုက်စားခြင်း, သူတစ်ပါးကို ပျက်စီးစေလိုခြင်း လုံးဝကင်းရှင်းသူ၊**
**(ခ) အပျော်အပါးလိုက်စားခြင်း, ခိုက်ရန်ဖြစ်ပွားခြင်း, တွေဝေမိန်းမောခြင်းအထူး နည်းပါးသူ၊**
**(ဂ)အယူမှားမှုသို့လောသို့လောတွေးတောမှုလုံးဝကင်းရှင်းသူ၊**
**(ဃ)အပျော်အပါးလိုက်စား,ခိုက်ရန်ပွား၍မိုက်မှားတွေဝေတတ်သူ။**

(၁၉၈၅၊ စမန ၂၅၃၊ ၂၅၄)

**အဖြေ** – (က) အပျော်အပါးလိုက်စားခြင်း, သူတစ်ပါးကို ပျက်စီးစေလိုခြင်း လုံးဝကင်းရှင်းသူသည် ကာမရာဂ, ဗျာပါဒကင်းရှင်းသူဖြစ်၍ ''**အနာဂါမိ်**''ဖြစ်နိုင်ပါသည်။

(ခ) အပျော်အပါးလိုက်စားခြင်း, ခိုက်ရန်ဖြစ်ပွားခြင်း, တွေဝေမိန်းမောခြင်းအထူးနည်းပါးသူသည် ကာမရာဂ, ဗျာပါဒ, မောဟတို့အထူးနည်းပါးသူဖြစ်၍ ''**သကဒါဂါမိ်**''ဖြစ်နိုင်ပါသည်။

(ဂ) အယူမှားမှု, သို့လောသို့လောတွေးတောမှု လုံးဝကင်းရှင်းသူသည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကင်းရှင်းသူဖြစ်၍ ''**သောတာပန်**''ဖြစ်နိုင်ပါသည်။

(ဃ) အပျော်အပါးလိုက်စားခြင်း, ခိုက်ရန်ပွား၍ မိုက်မှားတွေဝေတတ်သူသည် ရာဂ, ဗျာပါဒ, မောဟအားကြီးသူဖြစ်၍ ''**အန္ဓပုထုဇဉ်**''ဖြစ်ပါသည်။

**၁၈။ အောက်ဖော်ပြပါတို့နှင့်သင့်လျော်သော (ယောဂီ) ပုဂ္ဂိုလ်နှင့် ကမ္မဋ္ဌာန်းတို့ကို ညွှန်ပြပါ။ (က) ရွံဖွယ်အတိ ပိုးလောက်အတိ ထွက်လျက်ရှိသော လူသေကောင်၊ (ခ) ထိုင်းမှိုင်းတွေဝေနေသူ၊ (ဂ) ဉာဏ်ပညာအလွန်ထက်မြက်သူ၊**

(၁၉၈၆၊ စမန ၂၃၀၊ ၂၃၁)

(က) ရွံဖွယ်အတိ ပိုးလောက်အတိ ထွက်လျက်ရှိသောလူသေကောင်သည် **ရာဂစရိုက်**ရှိသော ယောဂီအတွက် **အသုဘကမ္မဋ္ဌာန်း**ရှုပွားရန် သင့်လျော်သည်။

(ခ) ထိုင်းမှိုင်းတွေဝေနေသူယောဂီသည် **မောဟစရိုက်**ရှိသူဖြစ်၍ **အာနာပါနဿတိကမ္မဋ္ဌာန်း** နှင့်သင့်လျော်သည်။

(ဂ) ဉာဏ်ပညာအလွန်ထက်မြက်သူယောဂီသည် **ပညာစရိုက်**ရှိသူဖြစ်၍ သိမ်မွေ့နက်နဲသော မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန် ဟူသော ကမ္မဋ္ဌာန်း ၄ ပါးနှင့် သင့်လျော်လျောက်ပတ်သည်။

**၁၉။ စျာန်ကိုနိုင်နင်းစွာဝင်စားနိုင်ပြီး အစွမ်းထက်လာစေရန် မည်ကဲ့သို့ပြုလုပ်ရမည်ကို ရှင်းပြ၍၊ အဘိညာဉ်ဟုအမည်ရသော တရားများကိုလည်း ညွှန်ပြပါ။**

(၁၉၈၆၊ စမန ၂၃၅၊ ၂၃၇)

**အဖြေ – စျာန်ကို နိုင်နင်းစွာဝင်စားနိုင်ပြီး အစွမ်းထက်လာစေရန် ဝသီဘော်** (ပါဠိလို–ဝသိတာ) ငါးတန်ဖြင့် ကျွမ်းကျင်လိမ္မာအောင် အဖန်ဖန်လေ့ကျင့်ရသည်။

(၁) ***အာဝဇ္ဇနဝသီဘော်*** – စျာန်အင်္ဂါများကို မနောဒွါရာဝဇ္ဇန်းစိတ်ဖြင့် လျင်မြန်စွာရှုဆင်ခြင်နိုင်သောစွမ်းရည်၊

(၂) ***သမာပဇ္ဇနဝသီဘော်*** – လျင်မြန်စွာစျာန်ဝင်စားနိုင်သောစွမ်းရည်၊

(၃) ***အဓိဋ္ဌာနဝသီဘော်*** – ဘဝင်စိတ်ကိုလွှမ်းမိုး၍ စျာန်စိတ်အစဉ်ကို အလိုရှိသမျှထိန်းထားနိုင်သောစွမ်းရည်၊

(၄) ***ဝုဋ္ဌာနဝသီဘော်*** – ရည်မှန်းထားသောကာလအပိုင်းအခြားကို မကျော်လွန်စေဘဲ စျာန်မှ ထနိုင်သောစွမ်းရည်၊

(၅) ***ပစ္စဝေက္ခဏာဝသီဘော်*** – စျာန်အင်္ဂါဆင်ခြင်သောဝီထိတို့ကို ဘဝင်များစွာမခြားစေဘဲ ဇောစိတ်ဖြင့် ရှုဆင်ခြင်နိုင်သောစွမ်းရည်တို့ ဖြစ်သည်။

**– အဘိညာဉ်ဟုအမည်ရသောတရားများမှာ –**

(၁) ***ဣဒ္ဓိဝိဓအဘိညာဉ်*** – မြေလျှိုးမိုးပျံခြင်းစသောတန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော အဘိညာဉ်၊

(၂) ***ဒိဗ္ဗသောတအဘိညာဉ်*** – နတ်နားကဲ့သို့ အလွန်ဝေးသောအသံ, အလွန်တိုးသော အသံတို့ကိုလည်းကြားနိုင်သော အဘိညာဉ်၊

(၃) ***ပရစိတ္တဝိဇာနနအဘိညာဉ်*** – သူတစ်ပါး၏စိတ်အကြံကို သိနိုင်သောအဘိညာဉ်၊

(၄) ***ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်*** – ရှေးရှေးဘဝ၌ဖြစ်ခဲ့သမျှအကြောင်းကို ပြန်ပြောင်း၍ အောက်မေ့နိုင်သော အဘိညာဉ်၊

(၅) ***ဒိဗ္ဗစက္ခုအဘိညာဉ်*** – နတ်မျက်စိကဲ့သို့ ဝေးသောအဆင်း, သေးငယ်သောအဆင်း ကိုလည်း မြင်နိုင်သော အဘိညာဉ်၊

(၆) ***ယထာဘူတဉာဏ်အဘိညာဉ်*** – ကံအားလျော်စွာ ထိုထိုဘုံ၌ဖြစ်ရသူများကို မြင်နိုင်သော အဘိညာဉ်၊

(၇) ***အနာဂတံသအဘိညာဉ်*** – နောင်အနာဂတ်၌ ဖြစ်လတ္တံ့သောအကြောင်းအရာများကို သိမြင်နိုင်သည့် အဘိညာဉ်တို့ဖြစ်ကြ၏။

**၂၀။ အဘယ်ဉာဏ်အမြင်သို့ရောက်သောအခါ ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာတရား ညစ်နွမ်းသွားကာ တရားမတက်ဘဲ ဆုတ်ယုတ်စေတတ်ပါသနည်း။ ဖြေဆို၍ ယင်းဝိပဿနာဉာဏ်ညစ်နွမ်းဆုတ်ယုတ်စေတတ်သောတရားများကိုလည်း ရှင်းလင်းဖော်ပြပါ။**

(၁၉၈၆၊ စမန ၂၄၈၊ ၂၄၉)

**အဖြေ – ဥဒယဗ္ဗယဉာဏ်အမြင်သို့ရောက်သောအခါ ဥပက္ကိလေသများဖြစ်ပေါ်သဖြင့်** ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာညစ်နွမ်းသွားကာ တရားမတက်ဘဲ ဆုတ်ယုတ်စေတတ်ပါသည်။

ယင်းဝိပဿနာဉာဏ်ညစ်နွမ်းဆုတ်ယုတ်စေတတ်သော ဥပက္ကိလေသတရားများမှာ –

(၁) ***ဩဘာသ*** = တောက်ပသောကိုယ်ရောင်ကိုယ်ဝါ၊

(၂) ***ပီတိ*** = လွန်စွာနှစ်သက်မှု၊

(၃) ***ပဿဒ္ဓိ*** = ကိုယ်စိတ်နှစ်ပါး ထူးထူးခြားခြားငြိမ်အေးမှု၊

(၄) ***အဓိမောက္ခ*** = စူးစိုက်စွာသက်ဝင်ယုံကြည်သော သဒ္ဓါစေတသိတ်၊

(၅) ***ပဂ္ဂဟ*** = နောက်မဆုတ်အောင် အားပေးချီးမြှောက်တတ်သော ဝီရိယ၊

(၆) ***သုခ*** = တစ်ကိုယ်လုံးချမ်းမြသည့် ဝေဒနာ၊

(၇) ***ဉာဏ*** = မိုးကြိုးစက်ကဲ့သို့ သွက်လက်လျင်မြန် အမြင်သန်သော ဝိပဿနာဉာဏ်၊

(၈) ***ဥပဋ္ဌာန*** = ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာတည်သော သတိစေတသိက်၊

(၉) ***ဥပေက္ခာ*** = ဗျာပါရမများဘဲ အသင့်ရှုစားနိုင်သော တတြမဇ္ဈတ္တတာစေတသိက်နှင့် အာဝဇ္ဇနုပေက္ခာ၊

(၁၀) ***နိကန္တိ*** = သိမ်မွေ့သောတဏှာတို့ဖြစ်သည်။

အဆိုပါကိုယ်ရောင်ကိုယ်ဝါ, ပီတိ, သုခစသည်ကို စွဲလမ်းသာယာမှု (တဏှာ)၊ မိမိ၌သာဖြစ်သည်ဟု အထင်ကြီးမှု (မာန)၊ ငါ–ငါ့ဟာဟုစွဲလမ်းမှု (ဒိဋ္ဌိ) တို့ဖြစ်ပေါ်လျှင် ဝိပဿနာညစ်နွမ်းပြီး တရားမတက်ဘဲဆုတ်ယုတ်၏။ ထိုတဏှာ, မာန, ဒိဋ္ဌိတို့သည် ဩဘာသ, ပီတိစသည်တို့ကိုစွဲ၍ဖြစ်သောကြောင့် လူမိုက်အားပေးဆိုသလို ထိုဩဘာသ, ပီတိစသည်တို့ကိုလည်း ဖလူပစာအားဖြင့် ဝိပဿနာ၏ညစ်နွမ်းကြောင်းဘေးရန် ဥပက္ကိလေသဟုဆိုရ၏။

**၂၁။ မြွေပောက်ပမာ၊ ခေါင်းထောင်ကာဖြင့်၊ မြည်စွာရှူးရှဲ၊ ထူးကဲဖက်ပြိုင်၊ ကြီးနိုင်ငယ်ညှဥ်း၊ ပြုမူတတ်ခြင်းရှိသူအား မည်ကဲ့သို့သောကမ္မဋ္ဌာန်းတရားများပေး၍ စိတ်နှလုံးနူးညံ့အောင်ပြုလုပ်ရမည်ကို ဖော်ပြပြီး၊ အိပ်မပျော်သူများနှင့် အထူးသင့်လျော်သော အိပ်ဆေးထက်ကောင်းသည့်ကမ္မဋ္ဌာန်းတရားကိုလည်း ညွှန်ကြားခဲ့ပါ။**

(၁၉၈၇၊ စမန ၂၃၀ ၊ သင်္ဂြိုဟ် ၅၅၁၊ ၅၅၂)

**အဖြေ** – မြွေဟောက်ပမာ၊ ခေါင်းထောင်ကာဖြင့်၊ မြည်စွာရှူးရှဲ၊ ထူးကဲဖက်ပြိုင်၊ ကြီးနိုင် ငယ်ညှဉ်းပြုမှုတတ်ခြင်းရှိသူသည် **ဒေါသစရိုက်ရှိသဖြင့်** မေတ္တာ, ကရုဏာ, မုဒိတာ, ဥပက္ခာ ဟူသော အပ္ပမညာ ၄ ပါး၊ နီလ, ပီတ, လောဟိတ, ဩဒါတဟူသော အဆင်းကသိုဏ်း ၄ ပါး၊ ပေါင်း ၈ ပါးသော ကမ္မဋ္ဌာန်းတို့နှင့် လျော်ကပ်၏။ ဤကမ္မဋ္ဌာန်းတစ်ပါးပါးကိုပေး၍ ရှုပွားစေခြင်းဖြင့် စိတ်နှလုံးနူးညံ့အောင် ပြုလုပ်နိုင်၏။

ဒေါသစရိုက်ရှိသူသည် ဆိုးဝါးသောအာရုံကို အာရုံပြုနေရလျှင် သာ၍ဒေါသတိုးပွယ်ရှိ၏။ ထို့ကြောင့် ဒေါသကင်းဖို့ရာ မေတ္တာစသော အပ္ပမညာ ၄ ပါး၊ နီလ, ပီတစသော အဆင်းကသိုဏ်း ၄ ပါးတို့ကို ရှုပွားအပ်၏။ နီလ, ပီတစသောအဆင်းများသည် သန့်ရှင်းကြည်လင်သဖြင့် အာရုံပြုရလျှင် ဝမ်းမြောက်ဝမ်းသာ သောမနဿဖြစ်လာ၏။

မေတ္တာစသည်များလည်း ထို့အတူပင်တည်း၊ မေတ္တာဘာဝနာ၏ တရားကိုယ်သည် အဒေါသ စေတသိက်ဖြစ်၍ ဒေါသကို နှိပ်ကွပ်ဖယ်ရှားနိုင်သည်။ သတ္တဝါတို့ကို ချစ်ခင်မြတ်နိုးသော စိတ်ဖြင့် ''သတ္တဝါများချမ်းသာပါစေ''ဟု မေတ္တာပွားနေလျှင် ကုသိုလ်စိတ်ဖြင့် မေတ္တာယှဉ်၍ နေထိုင်ရသဖြင့် အလွန်ချမ်းသာပါသည်၊ သမာဓိရလာ၍ ပီတိ, သုခတို့ အားရှိလာသော အခါ ပို၍ချမ်းသာလာပါသည်။ စျာန်သို့ရောက်လျှင် အသာလွန်ဆုံးလောကီချမ်းသာဖြင့် အေးငြိမ်းစွာနေနိုင်မည်ဖြစ်သည်။

အိပ်မပျော်သူများနှင့် အထူးသင့်လျော်သော ကမ္မဋ္ဌာန်းသည် အာနာပါနဿတိဖြစ်၏။

**၂၂။ မိမိစိတ်ကို နီဝရဏမြူမှေး အညစ်အကြေးတို့မှ ကင်းဝေးသန့်ရှင်းစင်ကြယ်ခြင်း ရှိစေရန် အဘယ်ကဲ့သို့ သမာဓိတရားများရရှိရန် လိုအပ်သည်ကိုဖော်ပြ၍ ''ဂေါတြဘု စိတ်'' ဟုခေါ်ဆိုရခြင်းအကြောင်းကိုလည်း အဘိဓမ္မာဆရာအလိုကျ ရှင်းလင်းဖော် ပြပါ။** (၁၉၈၇၊ စမန ၂၄၁၊ ၂၅၂၊ အခြေပြုသင်္ဂြိုဟ် ၅၆၈)

**အဖြေ** – **မိမိစိတ်ကို နီဝရဏမြူမှေးအညစ်အကြေးတို့မှ ကင်းဝေးသန့်ရှင်းစင်ကြယ်ခြင်း** ရှိစေရန် ဥပစာရသမာဓိ, အပ္ပနာသမာဓိ (စျာန်သမာဓိ)တရားများရရှိရန်လိုအပ်၏။ ကသိုဏ်း, အာနာပါနဿတိစသည့်ကမ္မဋ္ဌာန်းကို ရှုပွားသောအခါ ပဋိဘာဂနိမိတ်ထင်လာလျှင် ဘာဝနာ အစဉ်သည် ဥပစာရဘာဝနာသို့ရောက်ပြီး ဥပစာရသမာဓိကို ရရှိပြီဖြစ်၏။ ထိုအခါ စိတ် အစဉ်မှ နီဝရဏမြူမှေး အညစ်အကြေးတို့ ကင်းဝေးသန့်ရှင်းစင်ကြယ်သွားပါသည်။

ပဋိဘာဂနိမိတ်ကို အာရုံပြုလျက် ဆက်လက်အားထုတ်လျှင် ''အပ္ပနာဘာဝနာ''ခေါ်သော ရူပါဝစရစျာန်ဖြစ်ပေါ်၍ အပ္ပနာသမာဓိရရှိ၏။ ထိုအခါ စိတ်အစဉ်မှ နီဝရဏမြူမှေး အညစ်အ ကြေးတို့ ပို၍ကြာရှည်စွာ ကင်းဝေးသန့်ရှင်းစင်ကြယ်သွားပါသည်။

– **ဝိပဿနာရှုပွားရာတွင်** မဂ်ဝီထိဖြစ်ပေါ်သည့်အခါ ပရိကမ်, ဥပစာ, အနုလုံမည်သောစိတ်များ ဖြစ်ပြီးလျှင် **ဂေါတြဘုစိတ်**ဖြစ်၏၊ ဂေါတြဘုစိတ်သည် ပရိကမ်, ဥပစာ, အနုလုံတို့ကဲ့သို့ အနိစ္စ စသည့်လက္ခဏာတစ်ပါးပါးကို အာရုံမပြုဘဲ နိဗ္ဗာန်ကိုအာရုံပြု၏။ ထို့ကြောင့် ဤဂေါတြဘုကို ''မင်ရှေ့က နိဗ္ဗာန်ညွှန်ပြသောကြောင့် မင်ဇော, ဖိုလ်ဇောတို့၏ ရှေ့သွား ဖြစ်သော အာဝဇ္ဇန်းနှင့် တူသည်''ဟု ပြောစမှတ်ပြုကြ၏။

ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘုစိတ်တို့သည် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်တို့ဖြစ်ကြသဖြင့် ဂေါတြဘုစိတ်ဖြစ်သည်အထိ ယောဂီသည် ပုထုဇဉ်ဖြစ်၏။ ဂေါတြဘုစိတ်ချုပ်ပြီးသည်နှင့်တစ်ပြိုင်နက် မဂ်စိတ်ဖြစ်သောကြောင့် ယောဂီသည် အရိယာဖြစ်၏။ သို့ဖြစ်၍ **ဂေါတြဘုစိတ်သည် ပုထုဇဉ်အနွယ်ကို လွှမ်းမိုး(ကျော်လွန်)သောတရားပေတည်း၊ ဂေါတြဘုသည် ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ဖြစ်စေသောစိတ်တည်း။** ဤအကြောင်းကြောင့် ''ဂေါတြဘုစိတ်''ဟုခေါ်ဆိုရခြင်းဖြစ်သည်။

**၂၃။ သမာဓိတရားအလွန်အားကောင်းသောအရိယာပုဂ္ဂိုလ်များ ကာယိကဒုက္ခ–စေတသိကဒုက္ခတို့မှကင်းဝေးပြီး မျက်မှောက်ဘဝ၌ နိဗ္ဗာန်ချမ်းသာကို ၇ ရက်တိုင်တိုင် ခံစားနိုင်ရန် မည်သည့်သမာပတ်ကိုဝင်စားရမည်နည်း၊ ယင်းသမာပတ်ဝင်စားပုံအစီအစဉ်ကို ပြည့်စုံစွာဖော်ပြပါ။**

(၁၉၈၇၊ စမန ၁၁၂၊ အခြေပြုသင်္ဂြိုဟ် ၆၁၈၊ ၆၂၀)

**အဖြေ – သမာဓိတရားအလွန်အားကောင်းသော အရိယာပုဂ္ဂိုလ်များက** ကာယိကဒုက္ခ–စေတသိကဒုက္ခတို့မှ ကင်းဝေးပြီး မျက်မှောက်ဘဝ၌ နိဗ္ဗာန်ချမ်းသာကို ၇ ရက်တိုင်တိုင်ခံစားနိုင်ရန် ဖလသမာပတ်ကို ဝင်စားရမည်။

ယင်းသမာပတ်ဝင်စားပုံမှာ အရိယာပုဂ္ဂိုလ်သည် မိမိရအပ်ပြီးသောလောကီဈာန် (ဥပမာ–ရူပါဝစရစတုတ္ထဈာန်)ကို ထူထောင်၍ ဈာန်သမာပတ်ဝင်စားပြီးလျှင် ဈာန်မှထ၏။ ထို့နောက် ''၇ ရက်ပတ်လုံး ဖလသမာပတ်ဝင်စားနိုင်ပါစေ''ဟု အဓိဋ္ဌာန်ခြင်းစသည့် ပုဗ္ဗကိစ္စ ၄ ပါး ကိုပြု၏။ ထို့နောက် တေဘူမကရုပ်နာမ်တရားတို့ကို ဝိပဿနာရှု၍ ဉာဏ်စဉ်အဆင့်ဆင့်ကိုဖြစ်စေပြီးလျှင် ဖလသမာပတ်ဝင်စား၏။ ဖလသမာပတ်ဝီထိပုံစံမှာ–

မန္ဒပညာပုဂ္ဂိုလ်အတွက်

''န–ဒ–မ–ပ–ဥ–နု–ဝေါ–ဖိုလ်–ဖိုလ်–ဖိုလ်များစွာ'' – ဘဝင် –

တိက္ခပညာပုဂ္ဂိုလ်အတွက် ပရိကံ(ပ)ကိုနုတ်ပါ။

ဂေါဒါန်(ဝေါ)သည် ဂေါတြဘုအစားဖြစ်၍ ''ဖြူဖွေးကြည်လင်သန့်ရှင်းသေသာစိတ်''ဟု အဓိပ္ပာယ်ရ၏။

ဖိုလ်စိတ်များသည် အဓိဋ္ဌာန်ထားသည့်အတိုင်း ၇ ရက်ပတ်လုံး ဆက်တိုက်ဖြစ်၏။ အဓိဋ္ဌာန်စေ့သောအခါ ဘဝင်စိတ်ဖြစ်၍ ဖလသမာပတ်မှထွက်၏။

ဖလသမာပတ်ဝင်စားသောအခါ မည်သည့်အရိယာမဆို မိမိဆိုင်ရာဖိုလ်နှင့်သာဆက်ဆံ၏။ သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကိုသာ ဝင်စားနိုင်၏။ သကဒါဂါမ်ပုဂ္ဂိုလ်သည် သကဒါမိဖိုလ်ကို ဝင်စားနိုင်၏စသည်ဖြင့်သိပါ။ ဖလသမာပတ်ဝင်စားနေသောအခါ ဖလသမာပတ်မှမထမခြင်း ဖိုလ်စိတ်သာအကြိမ်များစွာ နိဗ္ဗာန်ကိုအာရုံပြုလျက်ထပ်ကာထပ်ကာဖြစ်သည်။

**၂၄။ စရိုက်ကြမ်းသည်ဟုပြောဆိုနေကြရာ ကြမ်းသောစရိုက်များကို အဘိဓမ္မာကျမ်းလာအရ ဖော်ပြ၍၊စိတ်ပျံ့လွင့်သူအတွက် သင့်လျော်သောကမ္မဋ္ဌာန်းကိုလည်း ညွှန်ခဲ့ပါ။**

(၁၉၈၈၊ စမန ၂၃၀၊ ၂၃၁၊ အခြေပြုသင်္ဂြိုဟ် ၅၄၀၊ ၅၅၂)

**အဖြေ – စရိုက်ကြမ်းသည်ဟု ပြောဆိုကြရာ** ကြမ်းသောစရိုက်များသည် အဘိဓမ္မာကျမ်းလာအရ ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက်, ဝိတက်စရိုက်ဟူသည့် မကောင်း သောစရိုက်များ ဖြစ်သည်။ ၎င်းတို့အနက် ဒေါသစရိုက်သည် အကြမ်းတမ်းအခက်ထန်ဆုံး ဖြစ်သည်။

စိတ်ပျံ့လွင့်သူသည် မောဟမူဥဒ္ဓစ္စသမ္ပယုတ်စိတ်အဖြစ်များသဖြင့် မောဟစရိုက် ရှိ၏။ ဝိတက်စရိုက်ရှိသူလည်း အကြံအစည်များသဖြင့် ပျံ့လွင့်၏။

စိတ်ပျံ့လွင့်သော မောဟစရိုက်, ဝိတက်စရိုက်ရှိသူတို့သည် အာနာပါနဿတိခေါ် အာနာပါနကမ္မဋ္ဌာန်းနှင့် သင့်လျော်လျောက်ပတ်၏။ အာနာပါနကမ္မဋ္ဌာန်းကား ထွက်သက်ဝင်သက်ကို အချက်ကျကျလိုက်၍ အာရုံပြုရသဖြင့် တုန်လှုပ်ပျံ့လွင့်သောစိတ်ကို ချုပ်နိုင်ဖမ်းနိုင်၏။ သို့အတွက် မောဟစရိုက်နှင့် ဝိတက်စရိုက်အသီးသီးရှိသူ ၂ မျိုးသည် အာနာပါနကမ္မဋ္ဌာန်းနှင့် အသင့်တော်ဆုံးဖြစ်၏။

**၂၅။ တရားအားထုတ်လျက်ရှိသော ယောဂီပုဂ္ဂိုလ်အား တရားသားတက်၍ ရင့်ကျက်လာသည့်အခါ ဖြစ်ပေါ်လာသော ဉပစာရဘာဝနာ၌ ရနိုင်သောကမ္မဋ္ဌာန်း တို့ကိုဖော်ပြပါ။**

(၁၉၈၈၊ စမန ၂၃၀၊ အခြေပြုသင်္ဂြိုဟ် ၅၇၅၊ ၅၇၆)

**အဖြေ – တရားအားထုတ်လျက်ရှိသောယောဂီပုဂ္ဂိုလ်အား** တရားသားတက်၍ ရင့်ကျက်လာသည့်အခါ ဖြစ်ပေါ်လာသောဉပစာရဘာဝနာ၌ ရနိုင်သောကမ္မဋ္ဌာန်းတို့မှာ ကမ္မဋ္ဌာန်း ၄၀ စလုံးပင်ဖြစ်သည်။

**(၁) ဉပစာရဘာဝနာအထိသာရနိုင်သော ကမ္မဋ္ဌာန်း ၁၀ ပါး**ရှိသည်။

၎င်းတို့မှာ (၁) ဗုဒ္ဓါနုဿတိ ၊ (၂) ဓမ္မာနုဿတိ၊ (၃) သံဃာနုဿတိ၊ (၄) သီလာနုဿတိ၊

(၅) စာဂါနုဿတိ၊ (၆) ဒေဝတာနုဿတိ၊ (၇) ဉပသမာနုဿတိ၊

(၈) မရဏာနုဿတိ၊ (၉) အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်း၊

(၁၀) စတုဓာတုဝဝတ္ထာနကမ္မဋ္ဌာန်းတို့ ဖြစ်ပါသည်။

**(၂) ဉပစာရဘာဝနာ၊အပ္ပနာဘာဝနာအထိရနိုင်သောကမ္မဋ္ဌာန်း ၃၀** ရှိသည်။

၎င်းတို့မှာ –

| စဉ် | ကမ္မဋ္ဌာန်း | ပေါင်း | ရနိုင်သောဈာန် |
|---|---|---|---|
| ၁ | ကသိုဏ်း ၁၀ ပါး၊ အာနာပါနဿတိ | ၁၁ | ရူပါဝစရဈာန် ၅ ပါး၊ |
| ၂ | အသုဘ ၁၀ ပါး၊ ကာယဂတာသတိ | ၁၁ | ရူပပထမဈာန် ၁ ပါး၊ |
| ၃ | မေတ္တာဘာဝနာ၊ကရုဏာဘာဝနာ၊မုဒိတာဘာဝနာ | ၃ | ပ–ဒု–တ–စ–ရူပဈာန် ၄ ပါး၊ |
| ၄ | ဉပေက္ခာဘာဝနာ | ၁ | ရူပပဥ္စမဈာန် ၁ ပါး |
| ၅ | အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါး | ၄ | အရူပါဝစရဈာန် ၄ ပါး၊ |

**၂၆။ ဂေါတြဘုစိတ်ဖြစ်ပုံကို အဘိဓမ္မာကျမ်းလာအရ ပြည့်စုံစွာဖော်ပြ၍ သောတာ**

**ပတ္တိမဂ်ရကပယ်နိုင်သောကိလေသာတို့ကိုလည်းပြဆိုပါ။**

(၁၉၈၈၊ စမန ၂၅၂၊၂၅၃၊သင်္ဂြိုဟ် ၆၀၀)

**အဖြေ – ဂေါတြဘုစိတ်ဖြစ်ပုံကို**အဘိဓမ္မာကျမ်းလာအရ ပြည့်စုံစွာဖော်ပြရသော် ဝိပဿနာ ရှုပွားရာတွင် မဂ်ဆိုက်သည့်ကာလ၌ အောက်ပါမဂ်ဝီထိဖြစ်၏။

**မန္ဒပညာပုဂ္ဂိုလ်၏မဂ်ဝီထိပုံ**

''န–ဒ–မ–ပ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်'' –ဘဝင်–

**တိက္ခပညာပုဂ္ဂိုလ်၏မဂ်ဝီထိပုံ**

''န–ဒ–မ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–ဖိုလ်'' –ဘဝင်–

မဂ်ဝီထိ၌ပါသော ပရိကမ်(ပ)၊ ဥပစာ(ဥ)၊ အနုလုံ(နု)စိတ်တို့နှင့်ယှဉ်သောဉာဏ်သည်''အနု လောမဉာဏ်''ဟုအမည်ရပြီး အမြင့်ဆုံးဝိပဿနာဉာဏ်ဖြစ်၏။ ဂေါတြဘုစိတ်(ဂေါ)သည်ကား လက္ခဏာရေးသုံးပါးကို အာရုံမပြုဘဲ နိဗ္ဗာန်ကိုအာရုံပြုသောကြောင့် ဂေါတြဘုဉာဏ်သည် ဝိပဿနာဉာဏ်တွင် မပါချေ။ သို့သော် ဝိပဿနာဉာဏ်တို့၏ အထွတ်အထိပ်နှင့် တူသော ကြောင့် ''ဝိပဿနာဉာဏ်တွင် သွင်းယူရ မည်''ဟုဆို၏။

ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘုစိတ်တို့သည် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်များ ဖြစ်ကြ၏။ သို့သော်ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကိုအာရုံပြုပြီး ''မဂ်ရှေ့က နိဗ္ဗာန်ကိုညွှန်ပြသော ကြောင့် မဂ်ဇောဖိုလ်ဇောတို့၏ ရှေ့သွားဖြစ်သော အာဝဇ္ဇန်းနှင့်တူ၏''ဟုပြောစမှတ်ပြုကြ၏။

ဂေါတြဘုစိတ်ဖြစ်သည့်အထိ ယောဂီပုဂ္ဂိုလ်သည် ပုထုဇဉ်သာဖြစ်သေး၏။ ဂေါတြဘုစိတ်ချုပ် ပြီးသည်နှင့်တစ်ပြိုင်နက် မဂ်စိတ်ဖြစ်ပေါ်၍ ယောဂီပုဂ္ဂိုလ်သည် အရိယာအနွယ်သို့ရောက်၏။ ထို့ကြောင့် ဂေါတြဘုစိတ်သည် ''ပုထုဇဉ်အနွယ်ကို လွှမ်းမိုး(ကျော်လွန်)သောတရား'' ပေတည်း၊ ''ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ဖြစ်စေသောစိတ်''ပေတည်း။ ဂေါတြဘုစိတ်သည် အရိယာအနွယ်သို့လည်းရောက်သည်မည်၏။ 'ရောက်'ဟူသည် ''ဖြစ် စေခြင်း''ပင်တည်း။

**သောတာပတ္တိမဂ်ရက ပယ်နိုင်သောကိလေသာတို့မှာ** ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့ဖြစ်ပါသည်။ ထိုကိလေသာတို့ကို အနုသယနှင့်တကွ အကြွင်းအကျန်မရှိအောင် ပယ်ပါသည်။

**၂၇။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့သည် ကျင့်သုံးအပ်သော ပြဟ္မစိုရ်တရားများဖြစ်ကြ ၏။ သို့ရာတွင် (က) မည်သို့သောပုဂ္ဂိုလ်များအတွက် အထူးသင့်လျော်သနည်း၊ (ခ) မည်မျှကျေးဇူးရနိုင်ပါသနည်း၊ အသီးသီးဖြေဆိုပါ။**

(၁၉၈၉၊ စမန ၂၃၀၊သင်္ဂြိုဟ် ၅၄၉)

**အဖြေ – (က) မေတ္တာ, ကရုဏာ, မုဒိတာဟူသောပြဟ္မစိုရ်တရားများနှင့်** အထူးသင့် လျော်သောပုဂ္ဂိုလ်များမှာ ဒေါသစရိုက်ရှိသည့်ပုဂ္ဂိုလ်များဖြစ်ပါသည်။

(ခ) မေတ္တာ, ကရုဏာ, မုဒိတာတို့ကိုပွားများသဖြင့် ရနိုင်သောကျေးဇူးအထူးတို့မှာ –

ပဉ္စကနည်းအရ **ရူပါဝစရပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်**တို့ကို ရနိုင်ပါသည်။

– မေတ္တာ, ကရုဏာ, မုဒိတာတစ်ပါးပါးကို ဈာန်အထိပွားများ၍ နေထိုင်ခြင်းသည်

ဖြူမှာတို့ နေခြင်းနှင့်တူသောကြောင့် ''**ဗြဟ္မာဝိဟာရ**''ဟုအမည်ရ၏။

– မေတ္တာစသည်ကို ပွားများနေလျှင် သတ္တဝါတို့အပေါ်မှာ ခြောက်ခြောက်သွေ့သွေ့မဟုတ်ဘဲ စိုစိုပြေပြေရှိ၏။ မြင့်မြတ်သော နေထိုင်ခြင်းဖြစ်၏။ ထို့ကြောင့် မေတ္တာ, ကရုဏာ, မုဒိတာ စသည်ကို ''**ဗြဟ္မစိုရ်တရား**''ဟုလည်း ခေါ်တွင်၏။

**၂၈။ မီးပွတ်ယောက်ျားကဲ့သို့ နေ့မအားညမအား တရားအားထုတ်သဖြင့် ပုထုဇဉ်မှ အရိယာသို့ကူးပြောင်းရာတွင် ''တံတားသဖွယ်'' ဆက်သွယ်ပေးသောစိတ်ကိုဖော်ပြပြီးလျှင် မဂ်ကိစ္စလေးချက်ကိုလည်း ဖြေဆိုပါ။**

(၁၉၈၉၊ စမန ၂၅၂၊ သင်္ဂြိုဟ် ၆၀၀၊ ၆၀၁)

**အဖြေ** – မီးပွတ်သောယောက်ျားကဲ့သို့ နေ့မအားညမအား တရားအားထုတ်သဖြင့် **ပုထုဇဉ်မှ အရိယာသို့ကူးပြောင်းရာတွင် ''တံတားသဖွယ်''ဆက်သွယ်ပေးသောစိတ်သည်** ''**ဂေါတြဘုစိတ်**''ဖြစ်ပါသည်။

ဂေါတြဘုစိတ်သည် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်ဖြစ်သော်လည်း လက္ခဏာရေးသုံးပါးကို အာရုံမပြုဘဲနိဗ္ဗာန်ကို ညွှန်ပြသောကြောင့် မဂ်ဇောဖိုလ်ဇောတို့၏ ရှေ့သွားဖြစ်သော အာဝဇ္ဇန်းနှင့်တူ၏။

ယောဂီသည် ဂေါတြဘုစိတ်ဖြစ်ခိုက်၌ ပုထုဇဉ်ဖြစ်သော်လည်း ဂေါတြဘုစိတ်ချုပ်၍ မဂ်စိတ် ဖြစ်သည်နှင့်တစ်ပြိုင်နက် အရိယာအနွယ်သို့ရောက်၏။ ထို့ကြောင့် ဂေါတြဘုစိတ်သည် ပုထုဇဉ်အနွယ်ကို လွှမ်းမိုး(ကျော်လွန်)သောစိတ် (ဝါ) ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ် ကိုဖြစ်စေသောစိတ်တည်း။ ထို့ကြောင့် ပုထုဇဉ်မှအရိယာသို့ကူးပြောင်းရာတွင် ''တံတား သဖွယ်'' ဆက်သွယ်ပေးသော စိတ်ဖြစ်၏။

**– မဂ်ကိစ္စလေးချက်မှာ –**

(၁) ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊

(၂) သမုဒယသစ္စာဟူသောကိလေသာကို ပယ်ခြင်း၊

(၃) နိရောဓသစ္စာဟူသောနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊

(၄) မဂ္ဂသစ္စာဟူသောမဂ္ဂင်ရှစ်ပါးကို ဖြစ်ပေါ်လာစေခြင်းတို့ဖြစ်ပါသည်။

ဆီမီးသည် မီးစာကိုလောင်,အမှောင်ပယ်ရှင်း, အလင်းရောင်လွှမ်း, ဆီခန်းစေမှု, ကိစ္စ ၄ ခုကို တစ်ပြိုင်နက်ပြုသကဲ့သို့ ထို့အတူ မဂ်စိတ်သည် အထက်ပါကိစ္စလေးချက်ကို တစ်ပြိုင်နက် ပြီးစေနိုင်၏။

**၂၉။ သကဒါဂါမိမဂ်နှင့် အနာဂါမိမဂ်တို့သည် (က) အဘယ်တရားများကို (ခ) အဘယ်နည်းဖြင့်ပယ်ပါသနည်း၊ အသီးသီးဖြေဆိုပါ။** (၁၉၈၉၊ အခြေပြုသင်္ဂြိုဟ် ၆၁၅၊ ၆၁၆)

**အဖြေ – သကဒါဂါမိမဂ်သည်** (က) ရာဂ, ဒေါသ, မောဟများကို

(ခ) နည်းပါးအောင်သာပြုနိုင်၏၊ မည်သည့်ကိလေသာကိုမျှ အကြွင်းမဲ့မပယ်နိုင်သေးပါ။

**အနာဂါမိမဂ်သည်** (က) ကာမရာဂနှင့် ဗျာပါဒ(ဒေါသ)တို့ကို
(ခ)အကြွင်းမရှိအောင် အမြစ်ပြတ်ပယ်ပါသည်။

**၃၀။ ကမ္မဋ္ဌာန်းပိုင်းလာ သမထနှင့် ဝိပဿနာတို့ကို အဓိပ္ပာယ်ကို ကွဲပြားခြားနားအောင် ရေးပြပြီးလျှင် ဗုဒ္ဓဘာသာဝင်တိုင်း အစဉ်အောက်မေ့ပွားများရမည့် တရားဆယ်ပါးကို လည်း ထုတ်ဖော်ရေးသားခဲ့ပါ။** (၁၉၉၀၊ အခြေပြုသင်ရိုးပြင်ဟ် ၅၃၈၊ စမန ၂၂၈–၉)

**အဖြေ – ''သမထ''**ဟူသည်မှာ နီဝရဏတရားတို့ကိုလည်းကောင်း၊ ဝိတက်, ဝိစာရစသော အောက်စျာန်အင်္ဂါများကိုလည်းကောင်း၊ ငြိမ်သက်စေနိုင်သော သမာဓိဖြစ်၏။

ကသိုဏ်းစသည့် သမထကမ္မဋ္ဌာန်းကိုပွားများ၍ သမာဓိထူထောင်ခြင်းကို ''သမထဘာဝနာ''ဟုခေါ်၏။ **သမထ၏တရားကိုယ်မှာ** လောကီကုသိုလ်, ကြိယာစိတ်တို့၌ရှိသော သမာဓိခေါ် ဧကဂ္ဂတာစေတသိက်ဖြစ်၏။

ရူပါဝစရပဌမစျာန်သမာဓိသည် နီဝရဏများကိုငြိမ်းစေပြီး စိတ်ဖြူစင်ခြင်း–စိတ္တဝိသုဒ္ဓိကိုဖြစ်စေသည်။ ဒုတိယစျာန်စသည်တို့က ဝိတက်စသည်တို့ကိုငြိမ်းစေခြင်းဖြင့် ဒုတိယစျာန်, တတိယစျာန်စသော အထက်ထက်စျာန်ကိုဖြစ်စေနိုင်သည်။ သမထဘာဝနာပွားများခြင်းဖြင့် မဟဂ္ဂုတ်စျာန် ၉ ပါးနှင့် လောကီအဘိညာဉ် ၅ ပါးတို့ကိုထူထောင်နိုင်သည်။

သမထဘာဝနာသည် သမ္မာသမာဓိနှင့် စိတ္တဝိသုဒ္ဓိတို့ကိုဖြစ်ပေါ်စေနိုင်ပြီး ဝိပဿနာရှုပွားနိုင်သောစိတ်စွမ်းရည်ကို ဖြစ်ပေါ်စေသည်။

''**ဝိပဿနာ**''ဟူသည်မှာ တေဘူမက(ဘုံသုံးပါး) ရုပ်နာမ်တရားကို အနိစ္စ, ဒုက္ခ, အနတ္တ, ဟု ရှုတတ်သော ဉာဏ်ပညာဖြစ်၏။

''*ဝိဝိဓေန အနိစ္စာဒိ အာကာရေန ပဿတီတိ ဝိပဿနာ*''

''အထူးထူးသော အနိစ္စအစရှိသောအခြင်းအရာဖြင့် ရှုတတ်၏။ ထို့ကြောင့် ဝိပဿနာမည်၏။''

**ဝိပဿနာ၏တရားကိုယ်သည်** မဟာကုသိုလ်, မဟာကြိယာစိတ်တို့၌ ယှဉ်သောပညာတည်း။

ဝိပဿနာဘာဝနာပွားများရန်အတွက် ခန္ဓာကိုယ်နှင့်စိတ်ကို သမာဓိယှဉ်သည့် ဉာဏ်ပညာဖြင့် ဖြိုခွဲ၍ ပရမတ်ရုပ်နာမ်တရားများကို ပိုင်းပိုင်းခြားခြားသိမြင်အောင် ရှုရသည်။ ပရမတ်ရုပ်နာမ်များ ခဏမစဲဖြစ်ပျက်နေသည်ကိုအာရုံယူ၍ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတို့ကို ပိုင်းခြားသတ်မှတ်ပြီးလျှင် တေဘူမကရုပ်နာမ်အဖြစ်အပျက်ကို အနိစ္စတစ်လှည့်, ဒုက္ခတစ်လှည့်, အနတ္တတစ်လှည့်တင်ရှုခြင်းကို ဝိပဿနာရှုသည်ဟု ခေါ်၏။

ဤသို့ဝိပဿနာရှုသဖြင့် ဝိပဿနာဉာဏ် ၁၀ ပါးကို ထူထောင်နိုင်သောအခါ မဂ်ဖိုလ်ဖြစ်ပေါ်ပြီး အရိယာအနွယ်သို့ရောက်သည်။ မဂ်ဉာဏ် ၄ ပါးဖြင့် ကိလေသာအားလုံးကို အကြွင်းမဲ့ပယ်သတ်နိုင်သောအခါ အမြတ်ဆုံးအလှူခံပုဂ္ဂိုလ်ဖြစ်သည့် ရဟန္တာဖြစ်သည်၊ ရဟန္တာဖြစ်ခြင်းသည် အမြင့်မြတ်ဆုံးဘဝ, အချမ်းသာဆုံးဘဝကို ရရှိခြင်းပင်တည်း။

– ဗုဒ္ဓဘာသာဝင်တိုင်း အစဉ်အောက်မေ့ပွားများရမည့်တရား ၁၀ ပါးသည် အနုဿတိ ၁၀ ပါးဖြစ်၏။ ၎င်းတို့မှာ–

(၁) ဗုဒ္ဓါနုဿတိ၊ (၂) ဓမ္မာနုဿတိ၊ (၃) သံဃာနုဿတိ၊ (၄) သီလာနုဿတိ၊ (၅) စာဂါနုဿတိ၊ (၆) ဒေဝတာနုဿတိ၊ (၇) ဥပသမာနုဿတိ၊ (၈) မရဏာနုဿတိ၊ (၉) ကာယဂတာသတိ၊ (၁၀) အာနာပါနဿတိတို့ဖြစ်ပါသည်။

**၃၁။ လောကတွင် လူတစ်ဦးထက်ထူး၍ အလွန်အကျူးသိတတ်မြင်တတ် ကြားတတ်သော သူကို "အကြားအမြင်ရပုဂ္ဂိုလ်"ဟုခေါ်ဆိုရာ အဘယ်သို့သောတရားထူးများကို ရရှိသော ကြောင့် အကြားအမြင်ရပုဂ္ဂိုလ်ဟုခေါ်ဆိုရပါသနည်း။ ဖြေဆို၍ ရရှိအပ်သောတရားထူးများ ကိုလည်း ဖော်ပြရေးသားခဲ့ပါ။** (၁၉၉၀၊ စမန ၂၃၆၊၂၃၇၊သင်္ဂြိုဟ် ၅၇၇၊ ၅၇၈)

**အဖြေ** – လူတကာထက်ထူး၍ အလွန်အကျူးသိတတ်မြင်တတ်ကြားတတ်သူကို "အကြား အမြင်ရပုဂ္ဂိုလ်"ဟုခေါ်ဆိုရာ **အဘိညာဉ်များကို ရရှိသောကြောင့် အကြားအမြင်ရ ပုဂ္ဂိုလ်ဟုခေါ်ဆိုရပါသည်။**

အဘိညာဉ်ဟူသည်မှာ ရူပါဝစရပဉ္စမစျာန်စိတ်နှင့်ယှဉ်သည့် အလွန်အကျူးအထူးသိတတ် သောဉာဏ်ကို "အဘိညာဉ်"ဟုခေါ်သည်။ ရရှိအပ်သောတရားထူးများမှာ –

(၁) ***ဣဒ္ဓိဝိဓအဘိညာဉ်*** = မြေလျှိုးမိုးပျံခြင်းစသည့်တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော အဘိညာဉ်

(၂) ***ဒိဗ္ဗသောတအဘိညာဉ်*** = နတ်နားကဲ့သို့ အလွန်ဝေးသောအသံ, တိုးသောအသံတို့ကို ကြားနိုင်ခြင်း

(၃) ***ပရစိတ္တဝိဇာနနအဘိညာဉ်*** = သူတစ်ပါး၏စိတ်အကြံကို သိနိုင်သောတရားထူး၊

(၄) ***ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်*** = ရှေးရှေးဘဝများ၌ ဖြစ်ခဲ့သမျှအကြောင်းကို

ပြန်ပြောင်းအောက်မေ့နိုင်သောအဘိညာဉ်၊ ( ၅ )

***ဒိဗ္ဗစက္ခုအဘိညာဉ်*** = နတ်မျက်စိကဲ့သို့ ဝေးသောအဆင်း, သေးငယ်သောအဆင်း တို့ကိုမြင်နိုင်သောအဘိညာဉ်

(၆) ***ယထာကမ္မူပဂအဘိညာဉ်*** = ကံအားလျော်စွာ ထိုထိုဘုံ၌ဖြစ်ရသူများကို မြင်နိုင်သော အဘိညာဉ်

(၇) ***အနာဂတံသအဘိညာဉ်*** = နောင်အနာဂတ်၌ ဖြစ်လတ္တံ့အကြောင်းအရာများကို သိမြင်နိုင်ခြင်း။

"အဘိညာဉ် ၅ ပါး"ကို ရေတွက်သည့်အခါ အမှတ် (၆)နှင့် (၇)အဘိညာဉ် ၂ ပါးကို ဒိဗ္ဗစက္ခုအဘိညာဉ်၌ သွင်း၍ ရေတွက်ရ၏။ "အဘိညာဉ် ၆ ပါး"ဟု ရေတွက်သောအခါ အမှတ်(၁) မှ (၅) အထိ လောကီအဘိညာဉ် ၅ ပါးနှင့် လောကုတ္တရာအဘိညာဉ်ဖြစ်သည့် အာသဝက္ခယအဘိညာဉ်ကို ပေါင်းယူရ၏။

(၈) ***အာသဝက္ခယအဘိညာဉ်*** = အာသဝေါတရားတို့ကို အကြွင်းမဲ့ပယ်သတ်နိုင်သော အရဟတ္တမဂ်ဉာဏ်။

အဆိုပါအဘိညာဉ် ၆ ပါးရရှိသည့်ရဟန္တာကို "**ဆဠာဘိညရဟန္တာ**"ဟုခေါ်၏။

**၃၂။ လောကီနယ်ပယ်တွင် လေ့ယာဉ်လှည်းယာဉ်တို့ဖြစ် လိုရာခရီးသို့ အရောက်သွားနိုင်**

**သကဲ့သို့ လောကုတ္တရာနယ်ပယ်တွင် နိဗ္ဗာန်ခရီးသို့ အဘယ်ယာဉ်ရထားတို့ဖြင့် အရောက်သွားနိုင်ကြမည်နည်း၊ ပြည့်စုံအောင်ဖြေဆို၍ ဝိပဿနာဉာဏ်စဉ်နှမ်းကြောင်း အန္တရာယ် ၁၀ ပါးကိုလည်း ထုတ်ဆောင်ရေးသားခဲ့ပါ။**

(၁၉၉၀၊ စမန ၂၃၈၊ ၂၃၉၊ သင်္ဂြိုဟ် ၅၈၁၊ ၅၈၂)

**အဖြေ** – လောကီနယ်ပယ်တွင် လေယာဉ်လှည်းယာဉ်တို့ဖြင့် လိုရာခရီးသို့အရောက်သွားနိုင်သကဲ့သို့ **လောကုတ္တရာနယ်ပယ်တွင် နိဗ္ဗာန်ခရီးသို့ လက္ခဏာယာဉ်သုံးပါးရထားတို့ဖြင့်အရောက်သွားနိုင်ပါသည်။** ဤလက္ခဏာရေးသုံးပါးကို ဥပစာရသမာဓိအခြေခံ၍ရှုပွားလျှင် **ဝိပဿနာယာနိက** = ဝိပဿနာယာဉ်ဖြင့် နိဗ္ဗာန်သို့သွားသည်မည်၏၊ ဈာန်သမာဓိအခြေခံ၍ရှုပွားလျှင် သမထယာနိက = သမထယာဉ်ဖြင့် နိဗ္ဗာန်သို့သွားသည်မည်၏။

(၁) ***အနိစ္စလက္ခဏာ*** = ရုပ်နာမ်တရားတို့၏မတည်မြဲခြင်း, ပျက်စီးတတ်ခြင်းအမှတ်အသား၊

(၂) ***ဒုက္ခလက္ခဏာ*** = ရုပ်နာမ်တရားတို့၏ခဏမစဲဖြစ်ပျက်နေခြင်းတို့ဖြင့် နှိပ်စက်ညှဉ်းပန်းအပ်သောဆင်းရဲခြင်းအမှတ်အသား၊

(၃) ***အနတ္တလက္ခဏာ*** = ရုပ်နာမ်တရားတို့သည် ဖြစ်မြဲဓမ္မတာတိုင်းဖြစ်ပျက်သွားခြင်း၊ မိမိ၏အလိုသို့မလိုက်ခြင်း၊ တည်မြဲသောဝိညာဉ်ကောင်, လိပ်ပြာကောင်, ဇီဝ, အတ္တတို့မရှိခြင်း၊ ငါဟု မှတ်အပ်သော ပုဂ္ဂိုလ်, သတ္တဝါ, အတ္တတို့မရှိခြင်းအမှတ်အသား။

ဤလက္ခဏာသုံးပါးကား ဝိပဿနာအာရုံများဖြစ်ကြ၏၊ သင်္ခါရတရားတို့ကို အနိစ္စဟု, ဒုက္ခဟု, အနတ္တဟုအဖန်ဖန်ရှုတတ်သော ဉာဏ်သုံးပါးကို **အနုပဿနာ ၃ ပါး**ဟုခေါ်၏။ ၎င်းတို့မှာ –

(၁) ***အနိစ္စာနုပဿနာ*** = ရုပ်နာမ်တို့ကို အနိစ္စတည်းဟု အဖန်ဖန်ရှုတတ်သောဉာဏ်၊

(၂) ***ဒုက္ခာနုပဿနာ*** = ရုပ်နာမ်တို့ကို ဒုက္ခတည်းဟု အဖန်ဖန်ရှုတတ်သောဉာဏ်၊

(၃) ***အနတ္တာနုပဿနာ*** = ရုပ်နာမ်တို့ကို အနတ္တတည်းဟု အဖန်ဖန်ရှုတတ်သောဉာဏ်။

အနုပဿနာသုံးပါးကို အဖန်ဖန်ရှုပွားခြင်းဖြင့် **ဝိပဿနာဉာဏ် ၁၀ ပါး**ဖြစ်ပေါ်သည်။ ၎င်းတို့မှာ–

(၁) ***သမ္မသနဉာဏ်*** = ရုပ်နာမ်တို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟုတင်ရှုတတ်သောဉာဏ်၊

(၂) ***ဥဒယဗ္ဗယဉာဏ်*** = ရုပ်နာမ်တို့၏ဖြစ်သည့်အခိုက်, ပျက်သည့်အခိုက်တို့ကို ရှုသိသောဉာဏ်၊

(၃) ***ဘင်္ဂဉာဏ်*** = ရုပ်နာမ်တရားတို့၏တရစပ်ပျက်နေခြင်းသဘောကို ရှုသိသောဉာဏ်၊

(၄) ***ဘယဉာဏ်*** = ရုပ်နာမ်သင်္ခါရတို့ကို ကြောက်လန့်ဖွယ်ရာဘေးဆိုးကြီးအဖြစ် ရှုသိသောဉာဏ်၊

(၅) ***အာဒီနဝဉာဏ်*** = ရုပ်နာမ်သင်္ခါရတို့၌ အပြစ်မြင်လာသောဉာဏ်၊

(၆) ***နိဗ္ဗိဒါဉာဏ်*** = ရုပ်နာမ်တရားတို့ကို ငြီးငွေ့ဖွယ်အဖြစ်ရှုသိသောဉာဏ်၊

(၇) ***မုစ္စိတုကမျတာဉာဏ်*** = ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့၏ အနှောင်အဖွဲ့မှ လွတ်မြောက်လိုသောဉာဏ်၊

(၈) ***ပဋိသင်္ခါဉာဏ်*** = ရုပ်နာမ်အနှောင်အဖွဲ့မှ လွတ်မြောက်ရေးအတွက် ခန္ဓာငါးပါး,

ရုပ်နာမ်တရားတို့ကိုတစ်ဖန်သိမ်းဆည်းတတ်သောဉာဏ်၊

(၉) ***သင်္ခါရုပေက္ခာဉာဏ်*** = ရုပ်နာမ်တို့၌ ကြောက်လန့်ခြင်း, နှစ်သက်ခြင်းမဖြစ်ဘဲ လျစ်လျူရှုတတ်သောဉာဏ်၊

(၁၀) ***အနုလောမဉာဏ်*** = မဂ်ဖြစ်ခြင်းငှာလျော်သောဉာဏ်။

အနုလောမဉာဏ်ဖြစ်ပြီးလျှင် ဂေါတြဘုဉာဏ်မှတစ်ဆင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ တိုးတက်ဖြစ်ပေါ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရပါတော့သည်။

**ဝိပဿနာညစ်နွမ်းကြောင်း အန္တရာယ် ၁၀ ပါးမှာ –**

(၁) ဩဘာသ၊ (၂) ပီတိ၊ (၃) ပဿဒ္ဓိ၊ (၄) အဓိမောက္ခ၊ (၅) ပဂ္ဂဟ (ဝီရိယ)၊ (၆) သုခ၊ (၇) ဉာဏ၊ (၈) ဥပဋ္ဌာန(သတိ)၊ (၉) ဥပေက္ခာ၊ (၁၀) နိကန္တိ တည်းဟူသော ဥပက္ကိလေသ ၁၀ ပါးတည်း။

ဤဥပက္ကိလေသ ၁၀ ပါးကား ''ဝိပဿနာညစ်နွမ်းကြောင်း ဘေးရန်အန္တရာယ်များ''တည်း။ ၎င်းတို့ကို အကြောင်းပြု၍ သာယာမှု=တဏှာ၊ အထင်ကြီးမှု=မာန၊ ငါဟုစွဲလမ်းမှု=ဒိဋ္ဌိတို့ ဖြစ်ပေါ်ကြ၏။ တဏှာ, မာန, ဒိဋ္ဌိတို့ကား ကိလေသာများဖြစ်၍ ဝိပဿနာကို ညစ်နွမ်းစေတတ်သော ဘေးရန်အစစ်တည်း။

**၃၃။ သမထကမ္မဋ္ဌာန်းအရ ကသိုဏ်းရှုပုံကို အကျဉ်းချုပ်ဖော်ပြ၍ အောက်ပါပုဂ္ဂိုလ်တို့နှင့် သင့်လျော်မည့်ကမ္မဋ္ဌာန်းကိုလည်း ညွှန်ပြခဲ့ပါ။**

**(က) ကာမဂုဏ်လိုက်စားမှုများသူ၊ (ခ) နေရာတိုင်း၌ဒေါသခက်ထန်သူ၊**

**(ဂ) ရတနာသုံးပါးကိုအလွန်ကြည်ညိုသူ။** (၁၉၉၁၊ စမန ၂၃၄၊ ၂၃၅ ၊ ၂၃၀၊ ၂၃၁)

**အဖြေ – သမထကမ္မဋ္ဌာန်းအရ ကသိုဏ်းရှုပုံအကျဉ်းချုပ်မှာ –**

ဤစာအုပ်စာမျက်နှာ ၃၇၆–၃၇၇ နံပါတ် ၃ အဆင့်(၁) (၂) (၃) (၄) တို့ကိုဆက်ဖြေပါ။

(က) **ကာမဂုဏ်လိုက်စားမှုများသူသည်** ရာဂစရိုက်ရှိသဖြင့် အသုဘကမ္မဋ္ဌာန်း ၁၀ ပါး ကာယဂတာသတိကမ္မဋ္ဌာန်း ၁ ပါး၊ ပေါင်း ၁၁ ပါးသောကမ္မဋ္ဌာန်းတို့နှင့် သင့်လျော်၏။

(ခ) **နေရာတိုင်းဒေါသခက်ထန်သူသည်** ဒေါသစရိုက်ရှိသဖြင့် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပက္ခာဟူသော အပ္ပမညာ ၄ ပါး ၊ နီလ, ပီတ, လောဟိတ, ဩဒါတဟူသော အဆင်းကသိုဏ်း ၄ ပါး၊ ပေါင်း ၈ ပါးသောကမ္မဋ္ဌာန်းနှင့် သင့်လျော်၏။

(ဂ) ရတနာသုံးပါးကို အလွန်ကြည်ညိုသူသည် သဒ္ဓါစရိုက်ရှိသဖြင့် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိဟူသောကမ္မဋ္ဌာန်း ၆ ပါးနှင့် သင့်လျော်၏။

**၃၄။ ယောဂီပုဂ္ဂိုလ်တိုင်း ခန္ဓာကိုယ်၌လည်းကောင်း ၊စားသောက်ရာ၌လည်းကောင်း၊ ရှုမှတ်ဆင်ခြင်ရသည့်ကမ္မဋ္ဌာန်းများကို ရေးပြ၍၊ ဒေဝတာနုဿတိ၏ အဓိပ္ပာယ်ကိုလည်း မှန်ကန်အောင်ရေးပြခဲ့ပါ။** (၁၉၉၁၊ စမန ၂၂၉၊၂၃၀)

**အဖြေ – ယောဂီပုဂ္ဂိုလ်တိုင်း ခန္ဓာကိုယ်၌ ရှုမှတ်ဆင်ခြင်ရမည့်ကမ္မဋ္ဌာန်းများမှာ –**

(၁) *ကာယဂတာသတိကမ္မဋ္ဌာန်း* – ဆံပင်, မွေးညှင်း စသည့် ၃၂ ကောဋ္ဌာသ၌အသုဘ

(ရွံစရာ)အခြင်းအရာထင်မြင်လာအောင် အဖန်ဖန်ရှုမှတ်ဆင်ခြင်ခြင်း၊
(၂) *အာနာပါနဿတိ* – ထွက်သက်လေ, ဝင်သက်လေတို့ကို အဖန်ဖန်ရှုမှတ်ဆင်ခြင်ခြင်း၊
(၃) *စတုဓာတုဝဝတ္ထာန်* – ခန္ဓာကိုယ်၌ပထဝီ, အာပေါ, တေဇော, ဝါယောဟူသည့် ဓာတ်ကြီး ၄ ပါးကို ပိုင်းပိုင်းခြားခြားသိမြင်အောင် အဖန်ဖန်ရှုမှတ်ဆင်ခြင်ခြင်း၊

**– ယောဂီပုဂ္ဂိုလ်တိုင်း စားသောက်ရာ၌ ရှုမှတ်ဆင်ခြင်ရမည့်ကမ္မဋ္ဌာန်းမှာ–**

(၁) *အာဟာရေပဋိကူလသညာ* – မိမိစားမျိုအပ်သောအစာအာဟာရ၌ စက်ဆုပ်ဖွယ်ဟု ထင်မြင်လာအောင်ဆင်ခြင်ရှုမှတ်တတ်သောသညာဖြစ်ပါသည်။

ဒေဝတာနုဿတိ = နတ်ပြဟ္မာများကိုသက်သေပြု၍ မိမိ၏သဒ္ဓါစသောကုသိုလ်တရားတို့ကို အဖန်ဖန်နှလုံးသွင်းဆင်ခြင်မှု။

**၃၅။ လောက၌ အဘယ်ပုဂ္ဂိုလ်မျိုးကို ရဟန္တာဟုခေါ်ဆိုအပ်ပါသနည်း၊ ရှင်းပြ၍ ရဟန္တာဖြစ်နည်းအရိယာကျင့်စဉ်ကို ''မင်္ဂလေးပါးပယ်စဉ်''ကိုမှီး၍ ရှင်းပြပါ။**

(၁၉၉၁၊ အခြေပြု သင်္ဂြိုဟ် ၆၁၄၊ ၆၁၆)

**အဖြေ** – ဝိပဿနာရှုပွား၍ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တို့ကို မှန်ကန်စွာရရှိသဖြင့် ကိလေသာအားလုံးမှ ကင်းရှင်းဝေးကွာသောပုဂ္ဂိုလ်ကို ''**ရဟန္တာ**''ဟုခေါ်၏။ ရဟန္တာသည် ဘုရား, ပစ္စေကဗုဒ္ဓါတို့နောက် အမြတ်ဆုံးပုဂ္ဂိုလ်နှင့် အမြတ်ဆုံးအလှူခံပုဂ္ဂိုလ်ဖြစ်၏။

**– ရဟန္တာဖြစ်နည်းအရိယာကျင့်စဉ်ကို ''မင်္ဂလေးပါးပယ်စဉ်''အရရှင်းပြရသော် –**

ယောဂီသည် ဝိပဿနာရှုပွားသဖြင့် မဂ် ၄ တန်ဖိုလ် ၄ တန်ကို ရရှိသောအခါ

(၁) **သောတာပတ္တိမဂ်သည်** ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ကိလေသာ ၂ ပါးကို အကြွင်းမရှိပယ်၏။ ကျန်သောကိလေသာများကိုကား အပါယဂမနီယသတ္တိ (အပါယ်ကျရောက်ဖို့ရန် ရုန့်ရင်းကြမ်းတမ်းသောသတ္တိ)လောက်ကိုသာ ပယ်သေး၏။ အကုသိုလ်စိတ်တို့တွင် လောဘမူဒိဋ္ဌိဂတသမ္ပယုတ် စိတ် ၄ ပါးနှင့် မောဟမူဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ပယ်၏။

(၂) **သကဒါဂါမိမဂ်သည်** ရာဂ, ဒေါသ, မောဟတို့ကို နည်းပါးအောင်သာပြုနိုင်၏။ မည်သည့် ကိလေသာကိုမျှ အကြွင်းမဲ့မပယ်သတ်ပါ။

(၃) **အနာဂါမိမဂ်သည်** ကာမရာဂ(ကာမဂုဏ်၌တပ်မက်သောတဏှာ)နှင့် ဗျာပါဒ(ဒေါသ)တို့ကို အကြွင်းမရှိအောင် လုံးဝပယ်၏။ ဒေါသမူစိတ် ၂ ပါးကိုလည်း အကြွင်းမဲ့ပယ်၏။

(၄) **အရဟတ္တမဂ်သည်** အောက်မဂ်များမပယ်သေး၍ ကျန်နေသောကိလေသာ (၇) ပါးကိုအကြွင်းမဲ့ပယ်၏။ စိတ်အားဖြင့် ရူပရာဂ, အရူပရာဂကိုပြုတတ်သော လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ် စိတ် ၄ ပါးနှင့် မောဟမူဥဒ္ဒစ္စသမ္ပယုတ်စိတ်တို့ကို ပယ်၏။

ထို့ကြောင့် ရဟန္တာတွင် ကိလေသာအားလုံး, သံယောဇဉ်အားလုံး, အကုသိုလ်စိတ်အားလုံးတို့မှ ကင်းရှင်းဝေးကွာလေပြီ။

**၃၆။ သာယာဖွယ်ကောင်းသည့် ဈာန်–မဂ်–ဖိုလ်ချမ်းသာ, ပဋိပတ်အရသာကိုခံစားလိုလျှင် ဘာဝနာနှစ်ရပ် အားထုတ်အပ်သည်ဟု အရှင်အနုရုဒ္ဓါက လမ်းညွှန်ခဲ့ပါသည်၊ ယင်း ဘာဝနာနှစ်ရပ်ဟူသည် အဘယ်တို့နည်း၊ ယင်းတို့၏အကျိုးသက်ရောက်မှု၊ မည်သို့**

**ခြားနားသည်ကိုလည်းဖြေဆိုပါ။** (၁၉၉၂၊ ဤစာအုပ် စမန ၃၉၁–၅၀၀)

**အဖြေ – သာယာဖွယ်ကောင်းသည့် ဈာန်–မဂ်–ဖိုလ်ချမ်းသာ ပဋိပတ်အရသာကို ခံစားလိုလျှင်**–အားထုတ်အပ်သည့်ဘာဝနာနှစ်ရပ်မှာ– သမထဘာဝနာနှင့်ဝိပဿနာ ဘာဝနာတို့ဖြစ်သည်။ (ဤစာအုပ်စာမျက်နှာ ၃၉၁ နံပါတ် ၃၀ ၌ သမထ, သမထဘာဝနာ, ဝိပဿနာ, ဝိပဿနာဘာဝနာတို့ကို ဖြေပါ။)

**ယင်းဘာဝနာနှစ်ရပ်တို့၏အကျိုးသက်ရောက်မှုမှာ –**

(၁) သမထဘာဝနာရှုပွားခြင်းဖြင့် မဟဂ္ဂုတ်ဈာန် ၉ ပါး, လောကီအဘိညာဉ် ၅ ပါး, သမ္မာသမာဓိ, စိတ္တဝိသုဒ္ဓိတို့ကိုရရှိသည်။

(၂) ဝိပဿနာဘာဝနာရှုပွားခြင်းဖြင့် မဂ်ဉာဏ် ၄ ပါး, ဖိုလ်ဉာဏ် ၄ ပါး,အရိယာပုဂ္ဂိုလ်အဖြစ်တို့ကိုရရှိပြီး အပါယ်တံခါးပိတ်ကာ နိဗ္ဗာန်အမြိုက်ချမ်းသာကို အလိုရှိသလောက်ခံစားနိုင်ကြသည်။

**၃၇။ ဗြဟ္မာတို့နေခြင်းနှင့်တူသောကြောင့် "ဗြဟ္မဝိဟာရ "အမည်ရသော ဘာဝနာတို့ကို ရှာဖွေပြ၍အဘယ်စရိုက်ဆိုးရှိသူသည် ယင်းဘာဝနာတို့နှင့် အထူးသင့်လျော်သည်ကိုလည်း ဖြေဆိုခဲ့ပါ။** (၁၉၉၂၊ စမန ၂၂၉၊ ၂၃၀)

**အဖြေ – ဗြဟ္မာတို့နေခြင်းနှင့်တူသောကြောင့် "ဗြဟ္မဝိဟာရ" အမည်ရသော ဘာဝနာတို့မှာ**

(၁) မေတ္တာဘာဝနာ၊ (၂) ကရုဏာဘာဝနာ၊ (၃) မုဒိတာဘာဝနာ၊ (၄) ဥပေက္ခာဘာဝနာတို့ဖြစ်ကြပါသည်။

– **ဒေါသစရိုက်ဆိုးရှိသူ**များသည် အထက်ပါဗြဟ္မဝိဟာရဘာဝနာတို့နှင့် အထူးသင့်လျော်ပါသည်။ ဗြဟ္မဝိဟာရတရားများသည် သန့်ရှင်းကြည်လင်သဖြင့် အာရုံပြုသူကို ဝမ်းမြောက်ဝမ်းသာသောမနသဖြစ်စေပါသည်။

**၃၈။ ယနေ့လောကတွင် အလှူဒါနပြုကြသူများသည် မိမိအလှူ၏မှတ်တမ်းတင် ရုပ်မြင်သံကြားသတင်းများကို အဖန်ဖန်ကြည့်ရှု၍သဒ္ဓါပွားပြီး သတိရနေခြင်းသည် မည်သည့် ဘာဝနာဖြစ်ပါသနည်း။ ယင်းဘာဝနာဖြင့် ဈာန်, မဂ်, ဖိုလ်ဟူသော အပ္ပနာအဆင့်သို့ ရောက်နိုင်,မရောက်နိုင်ကိုလည်း ဆုံးဖြတ်ပြပါ။**

(၁၉၉၂၊ စမန ၂၂၈၊ သင်္ဂြိုဟ် ၅၄၆၊ ၅၄၇)

**အဖြေ – မိမိအလှူ၏မှတ်တမ်းတင် ရုပ်မြင်သံကြားသတင်းကားများကို အဖန်ဖန်ကြည့်ရှု၍** သဒ္ဓါပွားပြီး သတိရနေခြင်းသည် "**စာဂါနုဿတိ**"ဘာဝနာဖြစ်ပါသည်။

– ယင်းဘာဝနာဖြင့် ဈာန်, မဂ်, ဖိုလ်ဟူသော အပ္ပနာအဆင့်သို့ မရောက်နိုင်ပါ။

အကြောင်းမှာ – စာဂါနုဿတိဘာဝနာ၌ သတိသည် အာရမ္မဏိက (အာရုံရှိသော) တရားတည်း၊ ထိုသတိ၏အာရုံဖြစ်သော ကမ္မဋ္ဌာန်းကား ရက်ရက်ရောရော သန့်ရှင်းစင်ကြယ်စွာလှူဒါန်းခဲ့သည့် ဒါန၏ဂုဏ်ဖြစ်သည်။ ဒါန၏ဂုဏ်ကျေးဇူးသည် ကျယ်ဝန်းများမြောင်ပြီး ပြတ်ပြတ်သားသားမမြင်သိနိုင်သည့်အတွက် စာဂါနုဿတိပွားများရာတွင် အပ္ပနာဘာဝနာနှင့် ဈာန်သမာဓိသို့မရောက်နိုင်ပါ။ ဥပစာရသမာဓိသို့သာ ရောက်နိုင်ပါသည်။

ဥပစာရသမာဓိရသောသူ၏စိတ်၌ နီဝရဏများကင်းစင်သဖြင့် စိတ္တဝိသုဒ္ဓိဖြစ်ပါသည်။ ထိုသူသည် ဥပစာရသမာဓိကိုအခြေခံ၍ ဝိပဿနာကို မှန်ကန်စွာရှုပွားတတ်လျှင် မဂ်ဖိုလ်ရနိုင်ပါသည်။ စာဂါနုဿတိဘာဝနာဖြင့်ကား ဥပစာရသမာဓိသာရနိုင်ပြီး ဈာန်–မဂ်–ဖိုလ်တို့ကို မရနိုင်ပါ။

**၃၉။ ဝိပဿနာဘာဝနာကို စတင်ပွားများသူ ယောဂီပုဂ္ဂိုလ်၌ မည်သည့်ဝိပဿနာဉာဏ် စတင်ဖြစ်ပါသနည်း။ ၎င်းဉာဏ်စဉ်တို့ အဆင့်ဆင့်မြင့်၍ ရင့်သည်ထက်ရင့်ကာ အမြင် သန်လာပုံကို ဝိပဿနာဉာဏ်ဆုံးသည့်တိုင်အောင် ဆက်လက်ဖြေဆိုပါ။**

(၁၉၉၂၊ စမန ၂၃၈၊၂၃၉)

**အဖြေ – ဝိပဿနာဘာဝနာကို စတင်ပွားများသူ ယောဂီပုဂ္ဂိုလ်၌ ''သမ္မသနဉာဏ်''** မည်သည့်ဝိပဿနာဉာဏ်စတင်ဖြစ်ပါသည်။ ၎င်းဉာဏ်စဉ်တို့ အဆင့်ဆင့်မြင့်၍ ရင့်သည် ထက်ရင့်ကာ အမြင်သန်လာပုံကို ဝိပဿနာဉာဏ်ဆုံးသည့်တိုင်အောင် ဖော်ပြရသော်–

(ဤစာအုပ်စာမျက်နှာ ၁၉၃–၁၉၄ နံပါတ် ၃၂ ဝိပဿနာဉာဏ် ၁၀ ပါးကို အဓိပ္ပာယ်နှင့် တကွရေးပါ။)

**၄၀။ ယောဂီပုဂ္ဂိုလ်များ အစာအာဟာရစားသုံးရာ၌ ရှုမှတ်ရမည့်ကမ္မဋ္ဌာန်းကို ရှုမှတ်ဆင ခြင်ပုံနှင့်တကွ ရေးသား၍ တပ်မက်စွဲလမ်းမှုအားကြီးသောပုဂ္ဂိုလ်အား သင့်လျော်မည့် ကမ္မဋ္ဌာန်းကိုလည်း ညွှန်ကြားခဲ့ပါ။** (၁၉၉၃၊ စမန ၂၂၉၊ သင်္ဂြိုဟ် ၅၄၉)

**အဖြေ – ယောဂီပုဂ္ဂိုလ်များ အစာအာဟာရစားသုံးရာ၌ ရှုမှတ်ရမည့်ကမ္မဋ္ဌာန်းသည် ''အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်း''**ဖြစ်ပါသည်။ ဆင်ခြင်ပုံမှာ–

သညာ၏အာရုံဖြစ်သော စားသောက်အပ်သည့်အစာအာဟာရသည် အပေါ်သွား၊ အောက် သွားတို့ဖြင့် အဖန်ဖန်ကြိတ်ဝါး၍ တံတွေး၊ သလိပ်၊ သည်းခြေရည်တို့နှင့် လူးလဲကာ ခွေးအန်ဖတ်နှင့်တူသဖြင့် ''ပဋိကူလ= ရွံစရာ၊ ရွံစရာ''ဟုဆင်ခြင်ရပါသည်။

တပ်မက်စွဲလမ်းမှုအားကြီးသောပုဂ္ဂိုလ်သည် ရာဂစရိုက်ရှိသူဖြစ်၍ အသုဘကမ္မဋ္ဌာန်း ၁၀ ပါး၊ ကာယဂတာသတိကမ္မဋ္ဌာန်း ၁ ပါး၊ ပေါင်း–ကမ္မဋ္ဌာန်း ၁၁ ပါးနှင့် သင့်လျော် လျောက်ပတ်ပါသည်။

**၄၁။ အသုဘကမ္မဋ္ဌာန်းကို ရှုခြင်းနှင့် မေတ္တာပို့သခြင်းသည် အဘယ်အရာက အကျိုးပို၍ ကြီးပါသနည်း။ အကြောင်းပြဖြေဆို၍ ပုဂ္ဂိုလ်မရွေးစီးဖြန်းနိုင်သော ကမ္မဋ္ဌာန်းတို့ကိုလည်း ထုတ်ဖော်ရေးသားခဲ့ပါ။** (၁၉၉၃၊ စမန ၂၂၈၊ ၂၂၉၊ ၂၃၁)

**အဖြေ – အသုဘကမ္မဋ္ဌာန်းကိုရှုခြင်းနှင့် မေတ္တာပို့သခြင်းတို့တွင် ''မေတ္တာပို့သခြင်း'' ကအကျိုးပို၍ကြီး**ပါသည်။ အကြောင်းက အသုဘကမ္မဋ္ဌာန်းကိုပွားများရာ၌ ပထမဈာန် သာရပြီး အထက်ဈာန်ကိုမရနိုင်ပါ၊ မေတ္တာဘာဝနာစီးဖြန်းခြင်းသည် ရူပါဝစရစတုတ္ထဈာန် အထိ ရနိုင်ခြင်းကြောင့် အကျိုးပို၍ကြီးပါသည်။

**– ပုဂ္ဂိုလ်မရွေး စီးဖြန်းနိုင်သောကမ္မဋ္ဌာန်း ၁၀ ပါးရှိ၏။** ၎င်းတို့မှာ–

ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ အာကာသက သိုဏ်း၊ အာလောကကသိုဏ်းနှင့် အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါးတို့ ဖြစ်ကြသည်။

**၄၂။ အယူ၏စင်ကြယ်မှုဖြစ်အောင် ပွားများအားထုတ်ရမည့် ကမ္မဋ္ဌာန်းကိုထုတ်ဖော်ပြ၍ သောတာပန်ပုဂ္ဂိုလ်၏ဂုဏ်ရည်များကိုလည်း စုံညီအောင်ရေးသားဖြေဆိုခဲ့ပါ။**

(၁၉၉၃၊ စမန ၂၄၂၊ ၂၄၃၊ ၂၅၃)

**အဖြေ – အယူစင်ကြယ်အောင်** (ဒိဋ္ဌိဝိသုဒ္ဓိရအောင်) ပွားများအားထုတ်ရမည့် ကမ္မဋ္ဌာန်းသည် ''**ရုပ်ကမ္မဋ္ဌာန်း**'' ခေါ် ''**စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်း** နှင့် ''**နာမ်ကမ္မဋ္ဌာန်း**'' ခေါ် (၆) ဒွါရဝီထိစိတ်စေတသိက်များကို ခွဲခြားစိတ်ဖြာခြင်းဖြစ်သည်။

စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို ရှုပွား၍ ဥပစာရသမာဓိသို့ရောက်သောအခါ ပသာဒရုပ်များ သည် ကြည်လင်တောက်ပသည့် ဖန်တုံးကဲ့သို့ ထင်ပေါ်လာ၏၊ ဤအကြည်တုံး၌ ဓာတ်ကြီး ၄ ပါး (ဘူတရုပ် ၄ ပါး)ကို ဉာဏ်ဖြင့်မြင်သိအောင် စူးစိုက်ရှုသည့်အခါ အကြည်တုံးသည် ရုပ်ကလာပ်မှုန်များအဖြစ်သို့ပြိုကွဲ၏။ ရုပ်ကလာပ်တစ်ခုစီတွင် ပါဝင်သော ပရမတ်ရုပ်များကို ဉာဏ်ဖြင့်စူးစိုက်ရှု၍၊ ပရမတ်ရုပ်တစ်ခုစီကို လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဖြင့် ပိုင်းပိုင်းခြားခြားသိအောင် ရှု၏။

ထို့နောက် ဒွါရ (၆)ပါးတွင် ဆိုင်ရာအာရုံအသီးသီးလာတိုက်သည့်အခါ ဖြစ်ပေါ်လာသော ဝီထိစိတ်များကို မြင်အောင်ရှု၏။ ဝီထိစိတ်တစ်လုံးစီတွင် ပါဝင်သောစိတ်စေတသိက်များကိုလည်းဉာဏ်ဖြင့်သိမြင်အောင်ရှုပြီးလျှင် စိတ်တစ်လုံးစီ၊ စေတသိက်တစ်လုံးစီကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြင့် ပိုင်းပိုင်းခြားခြားသိအောင်ရှု၏။

စိတ်တစ်လုံးစီ, စေတသိက်တစ်လုံးစီ, ပရမတ်ရုပ်တစ်ပါးစီကို ၎င်းတို့၏လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အသီးသီးဖြင့် ပိုင်းပိုင်းခြားခြားရှုမြင်သောဉာဏ်သည် ''**နာမရူပပရစ္ဆေဒဉာဏ်**'' ဟုအမည်ရ၏။ ဤဉာဏ်ဖြင့် ပုဂ္ဂိုလ်, သတ္တဝါ, ငါမရှိကြောင်းကို ထင်ထင်ရှားရှားသိမြင်သဖြင့် သက္ကာယဒိဋ္ဌိကိုပယ်၍ ''အယူ၏စင်ကြယ်မှု'' (ဒိဋ္ဌိဝိသုဒ္ဓိ)ဖြစ်ပေါ်သည်။

**– သောတာပန်ပုဂ္ဂိုလ်၏ဉာဏ်ရည်များမှာ –**

(၁)သောတပန်ပုဂ္ဂိုလ်သည် အရိယာမဂ်တည်းဟူသောရေအယာဉ်သို့ ရောက်သူဖြစ်၏၊ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာဟူသော ကိလေသာ ၂ ပါးကို ပယ်ပြီးသောအရိယာပုဂ္ဂိုလ်ဖြစ်၏။

(၂)ကျန်ကိလေသာများ၏အပါယ်ကျနိုင်သောသတ္တိများကိုလည်း ပယ်ပြီးဖြစ်၍ အပါယ်တံခါးပိတ်ခါ အပါယ်သို့လားရောက်ခြင်းမရှိတော့ပါ။အပါယ်ရောက်ကြောင်းတရားများကိုလည်း မပြုလုပ်တော့ပါ။

(၃)ကာမဘုံ၌ ၇ ကြိမ်ထက်ပို၍လည်း ပဋိသန္ဓေမနေတော့ပြီ၊ဗြဟ္မာဘုံ၌ကား (၇)ကြိမ်ထက်ပို၍ ပဋိသန္ဓေနေနိုင်၏

(၄)သောတာယတ္တိဖလသမာပတ်ကို ဝင်စားခြင်းဖြင့် နိဗ္ဗာန်ချမ်းသာကို အလိုရှိသလောက်ခံစားနိုင်၏။

(၅)သောတာပန်ဖြစ်ရခြင်းသည် ပုထုဇဉ်ဖြစ်ကြသည့် စကြဝတေးမင်း , သိကြားမင်းတို့ဖြစ်ရခြင်းထက် ပိုမြင့်မြတ်ပြီး ပိုကောင်းမွန်၏။

**၄၃။ ယောဂီသူတော်စင်များ အားထုတ်ကြသောကမ္မဋ္ဌာန်းအလုပ်ကို ဈာန်လမ်း, ဉာဏ်လမ်းဟုဆိုရာ၌ ထင်ရှားအောင်ခွဲခြားပြ၍ ယင်းတို့၏တရားကိုယ်များကို ညွှန်ပြပါ။**

(၁၉၉၄၊ စမန ၂၂၃–၂၂၆၊ အခြေပြုသင်္ဂြိုဟ် ၅၃၈)

**အဖြေ** – ဗုဒ္ဓဘာသာတွင် ယောဂီသူတော်စင်များ အားထုတ်ကြသောကမ္မဋ္ဌာန်းအလုပ်သည် (၁)သမထဘာဝနာရှုပွားခြင်းကမ္မဋ္ဌာန်းအလုပ်နှင့် (၂)ဝိပဿနာဘာဝနာရှုပွားခြင်းကမ္မဋ္ဌာန်း အလုပ်ဟူ၍ ၂ မျိုးရှိပါသည်။

(၁) **သမထကမ္မဋ္ဌာန်း**များကို ရှုပွားခြင်းဖြင့် ရူပါဝစရဈာန် ၅ ပါးနှင့် အရူပါဝစရဈာန် ၄ ပါးတို့ကို ရနိုင်ပါသည်။ ဈာန်ရလျှင် စိတ်မှနီဝရဏများကင်းစင်သွားသဖြင့်သမ္မာသမာဓိ နှင့်စိတ္တဝိသုဒ္ဓိတို့ကိုလည်းရရှိပါသည်။ စိတ္တဝိသုဒ္ဓိ = စိတ်စင်ကြယ်သွားသောအခါ စိတ်မှအလွန်စူးရှ တောက်ပသောအလင်းရောင်များထွက်ပေါ်ပြီး ဤအလင်းရောင် အကူအညီဖြင့် ပရမတ်စိတ်, စေတသိက်များနှင့် ပရမတ်ရုပ်တရားများကို ပိုင်းပိုင်းခြားခြား ရှုမြင်နိုင်ပြီး ဝိပဿနာဆက်ရှုနိုင်သည်။ သို့အတွက်ဈာန်သမာဓိခေါ်သမ္မာသမာဓိသည် ဝိပဿနာရှုပွားရန် မရှိမဖြစ်လိုအပ်သော ဘာဝနာလက်နက်ဖြစ်သည်။ သမာထဘာဝနာဖြင့် ဈာန်သမာဓိထူထောင်ခြင်းကို ''**ဈာန်လမ်း**''ဟုခေါ်ကြသည်။

**သမထဘာဝနာ(ဈာန်လမ်း)၏တရားကိုယ်**သည် လောကီကုသိုလ်စိတ်, ကြိယာစိတ်တို့နှင့် ယှဉ်သော သမာဓိခေါ် **ဧကဂ္ဂတာစေတသိက်**ဖြစ်ပါသည်။

(၂) **ဝိပဿနာကမ္မဋ္ဌာန်း**ကိုကြိုးစားရှုပွားလျှင် ဝိပဿနာဉာဏ် ၁၀ ပါး၊ မဂ်ဉာဏ် ၄ ပါး၊ ဖိုလ်ဉာဏ် ၄ ပါးတို့ကို ရရှိနိုင်ပြီးလျှင် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာများဖြစ်လာနိုင်ပါသည်။ အရိယာပုဂ္ဂိုလ်များသည် ဖလသမာပတ်ဝင်စားခြင်းဖြင့် အတုမရှိချမ်းသာသော နိဗ္ဗာန်အမြိုက်ချမ်းသာကို အလိုရှိသလောက်ခံစားနိုင်ကြသည်။ မကောင်းမှုများကိုလည်း မပြုလုပ်ကြတော့ဘဲ အပါယ်သို့လားရောက်ခြင်းလည်း မရှိတော့ပါ။

ဝိပဿနာရှုပွားခြင်းသည် ဉာဏ်ပညာထူထောင်သည့်အလုပ်ဖြစ်၍ ''**ဉာဏ်လမ်း**''ဟုခေါ် ကြသည်။

ဝိပဿနာဘာဝနာ(ဉာဏ်လမ်း)၏တရားကိုယ်သည် မဟာကုသိုလ်, မဟာကြိယာစိတ်တို့နှင့် ယှဉ်သော ''**ပညာစေတသိက်**''ဖြစ်ပါသည်။

ဥပစာရသမာဓိကိုအခြေခံ၍ ဝိပ ဿနာရှုခြင်းသည် ဝိပဿနာယာနိကလမ်းစဉ်ဖြစ်၏။ ဈာန်သမာဓိကိုအခြေခံ၍ဝိပဿနာရှုခြင်းသည် သမထယာနိကလမ်းစဉ်ဖြစ်၏။

**၄၄။ ယောဂီ၏ဩဒါတကသိုဏ်းရှုပွားမှုတွင် ဘာဝနာဘေဒကိုဖော်ပြ၍ ဒေဝတာနုဿတိ ပွားများနည်းကိုလည်း စနစ်တကျဖော်ညွှန်းခဲ့ပါ။**

(၁၉၉၄၊ အခြေပြုသင်္ဂြိုဟ် ၅၅၆၊ ၅၅၇၊ ၅၄၇)

**အဖြေ – ယောဂီ၏ဩဒါတကသိုဏ်းရှုပွားမှုတွင်** အဖြူရောင်ကသိုဏ်းဝန်းကို မျက်စိဖွင့်၍ ကြည့်ရှုလျက် ''ဩဒါတ, ဩဒါတ''စသည်ဖြင့် နှုတ်ကရွတ်၍ဖြစ်စေ၊ စိတ်ဖြင့်မှန်း ၍ဖြစ်စေ၊ ရှေးဦး စွာပွားများမှုကို ''**ပရိကမ္မဘာဝနာ**''ဟုခေါ်၏။ မြင်နေရသောကသိုဏ်း ဝန်းကို ''**ပရိကမ္မနိမိတ်**'' ဟုခေါ်၏။

အဖန်ဖန်ရှုပွား၍ သမာဓိမြင့်တက်ကာ စိတ်ကောင်းစွာတည်ငြိမ်လာသောအခါ မျက်စိကို

တစ်ခါတစ်ခါမှိတ်ကြည့်၏။ မျက်စိမှိတ်လျက် ကသိုဏ်းဝန်းကို မျက်စိဖွင့်၍မြင်ခဲ့ရသည့်အတိုင်း မြင်ရလျှင် ''**ဥဂ္ဂဟနိမိတ်**''ဖြစ်လာသည်ဟုဆို၏။ ဘာဝနာသည် အဆင့်မြင့်လာသော ပရိကမ္မဘာဝနာဖြစ်လာ၏။

ဥဂ္ဂဟနိမိတ်ကို မျက်စိမှိတ်လျက် အဖန်ဖန်ရှုပွားသဖြင့် ဈာန်၏အနီးဥပစာသို့ရောက်သော အခါ ဥဂ္ဂဟနိမိတ်သည် အလွန်ကြည်လင်တောက်ပသောနိမိတ်အဖြစ်သို့ပြောင်းလဲလာ၏။ ဤနိမိတ်ကို ''**ပဋိဘာဂနိမိတ်**''ဟုခေါ်၍ ဘာဝနာအစဉ်ကို ''**ဥပစာရဘာဝနာ**''ဟုခေါ်ရ၏။ အပ္ပနာဘာဝနာ၏ အနီးသို့ရောက်သော ဘာဝနာဖြစ်၏။

ပရိကမ္မဘာဝနာသည်ပင် တဖြည်းဖြည်းရင့်သည့်အခါ ဥပစာရဘာဝနာအမည်ရ၏။ ပဋိဘာဂနိမိတ်ကို အရပ်မျက်နှာအားလုံးသို့ကျယ်ပြန့်အောင်ချဲ့ပြီးနောက် ''ဩဒါတ, ဩဒါတ'' ဟုဆက်လက်ရှုပွားသဖြင့် ပဋိဘာဂနိမိတ်တွင် စွဲမြဲစွာသက်ဝင်တည်နေသောဈာန်တရားကို ''**အပ္ပနာဘာဝနာ**''ဟုခေါ်၏။ ရူပါဝစရပထမ ဈာန်ဖြစ်ပေါ်ပြီး ဥပစာရဘာဝနာထက် လွန်ကဲ၍ စွဲမြဲစွာအာရုံ၌သက်ဝင်တည် နေသောကြောင့် အပ္ပနာမည်၏။ **ပဋိဘာဂနိမိတ်ကို ဆက်လက်ရှုပွား၍ရူပါဝစရဈာန် ၅ ပါးရနိုင်၏။**

– **ဒေဝတာနုဿတိပွားများနည်းမှာ** – နတ်, ဗြဟ္မာတို့ကိုသက်သေပြု၍ မိမိ၏ကုသိုလ် ကောင်းမှုကို အဖန်ဖန်ဆင်ခြင်အောက်မေ့ရ၏။ ''သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပဟူသော သူတော်ကောင်းတရားနှင့်ပြည့်စုံသူတို့သည် ဤလူ့ပြည်မှစုတေကြလျှင် နတ်ပြည်, ဗြဟ္မာပြည်၌ဖြစ်ရကုန်၏၊ ငါ့မှာလည်း ထိုတရားများရှိပေသည်တကား''ဟု မိမိ၏ကုသိုလ်တရားတို့ကို အားရစွာ အဖန်ဖန်ဆင်ခြင်အောက်မေ့၏။ဘာဝနာအဆင့်မြင့်တက် လာသောအခါ ဥပစာရဘာဝနာနှင့် ဥပစာရသမာဓိသို့ရောက်၏။

**၄၅။ သဒ္ဓါတရားအားကောင်းသူများ ရှုပွားသင့်လှသောကမ္မဋ္ဌာန်းများကို ပြည့်စုံစွာ ထုတ်ပြပြီးလျှင် ဥဂ္ဂဟနိမိတ်ထင်ပုံကိုလည်းရေးသားဖြေဆိုပါ။**

(၁၉၉၄၊စမန ၂၃၁၊ ၂၃၃)

**အဖြေ** – သဒ္ဓါတရားအားကောင်းသူများ ရှုပွားသင့်လှသောကမ္မဋ္ဌာန်းများမှာ–
(၁)ဗုဒ္ဓါနုဿတိ၊ (၂)ဓမ္မာနုဿတိ၊ (၃)သံဃာနုဿတိ၊ (၄)သီလာနုဿတိ၊
(၅)စာဂါနုဿတိ၊ (၆)ဒေဝတာနုဿတိ တို့ဖြစ်ပါသည်။

– **ဥဂ္ဂဟနိမိတ်ထင်ပုံမှာ** – ပထဝီကသိုဏ်းစသည်ကို ရှုပွားသောအခါ ''ပထဝီ၊ ပထဝီ'' စသည်ဖြင့်နှုတ်ကရွတ်၍လည်းကောင်း, စိတ်ဖြင့်မှန်း၍လည်းကောင်း, ရှေးဦးစွာပွားများမှုကို ''**ပရိကမ္မဘာဝနာ**''ဟုခေါ်၏။ မြင်နေရသောကသိုဏ်းဝန်းကို ''**ပရိကမ္မနိမိတ်**''ဟုခေါ်၏။ အဖန်ဖန်ရှုပွား၍ ဘာဝနာတဖြည်းဖြည်းရင့်လာပြီး စိတ်ကောင်းစွာတည်ငြိမ်လာသောအခါ မျက်စိကိုတစ်ခါတစ်ခါမှိတ်ကြည့်၏။ မျက်စိမှိတ်လျက် ကသိုဏ်းဝန်းကို မျက်စိဖွင့်၍ မြင်ခဲ့ရသည့်အတိုင်း ထင်ရှားစွာမြင်ရလျှင် ''**ဥဂ္ဂဟနိမိတ်**'' ထင်လာပြီဟု ဆိုရ၏။ ဥဂ္ဂဟ နိမိတ်သည် ပရိကမ္မနိမိတ်နှင့်ချွတ်စွတ်တူ၏။

**၄၆။ အဘယ်ပုဂ္ဂိုလ်မျိုးကို အနာဂါမ်ဟုခေါ်ပါသနည်း၊ ဖြေဆိုပြီးလျှင် ဖလသမာပတ်နှင့်**

**နိရောဓသမာပတ်ဝင်စားနိုင်သောပုဂ္ဂိုလ်တို့ကိုလည်းဖော်ပြပါ။**

(၁၉၉၄၊ စမန ၂၅၄၊ ၁၁၃)

**အဖြေ – အနာဂါမ်ပုဂ္ဂိုလ်ဟူသည်မှာ** ကာမရာဂနှင့်ဗျာပါဒ(ဒေါသ)တို့ကို အနာဂါမိမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ပယ်သတ်ပြီးသောပုဂ္ဂိုလ်ဖြစ်၏။ အနာဂါမ်သည် ကာမဂုဏ်ကို ခံစားခြင်းမရှိ၊ အမျက်ဒေါသထွက်ခြင်းမရှိ၊ စိတ်ဆင်းရဲပူပန်ခြင်းလည်း မရှိတော့ချေ။ အနာဂါမိ ဖလသမာပတ်ကိုဝင်စား၍နိဗ္ဗာန်ချမ်းသာကို အလိုရှိသလောက်ခံစားနိုင်၏။ သေလွန်သောအခါ ကာမဘုံ၌ ပဋိသန္ဓေထပ်မံ နေခြင်းမရှိ၊ ဗြဟ္မာဘုံ၌ဖြစ်နိုင်၏။

**– ဖလသမာပတ်ဝင်စားနိုင်သောပုဂ္ဂိုလ်များမှာ** သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့ဖြစ်ကြ၏။

**– ဖလသမာပတ်ကိုရော နိရောဓသမာပတ်ကိုရော ဝင်စားနိုင်သောပုဂ္ဂိုလ်တို့မှာ–** ဈာန်သမာပတ် ၈ ပါး သို့မဟုတ် ၉ ပါးကိုရပြီးသော အနာဂါမ်နှင့်ရဟန္တာပုဂ္ဂိုလ်များဖြစ်ကြသည်။

**၄၇။ ''ကာမရောဂါ ကိုယ်တွင်းနာကား ကုရာနတ္ထိ ဆေးမရှိ''ဟုအဆိုရှိလေရာ မြတ်ဗုဒ္ဓအဘိဓမ္မာအရ ပျောက်ကင်းနိုင်သောနည်းလမ်းများကိုညွှန်ပြ၍ ပုဂ္ဂိုလ်မရွေးစီးဖြန်းနိုင်သောကမ္မဋ္ဌာန်းတို့ကိုလည်း ဖြေဆိုပါ။** (၁၉၉၅၊ စမန ၂၃၀၊၂၃၁)

**အဖြေ** – ''**ကာမရောဂါ ကိုယ်တွင်းနာကား ကုရာနတ္ထိ ဆေးမရှိ**''ဟုဆိုရာ၌ ကာမရောဂါ ကိုယ်တွင်းနာသူသည် ရာဂစရိုက်အားကြီးသူဖြစ်၍ ကာမဂုဏ်အလွန်အကျွံလိုက်စားကာ ကိုယ်တွင်းနာဖြစ်လာသည်ဟု ဆိုရပေမည်။ မြတ်ဗုဒ္ဓအဘိဓမ္မာအရ ထိုကာမရောဂါ ကိုယ်တွင်းနာပျောက်ရန်အတွက် ရာဂစရိုက်ရှိသူအား သင့်လျော်သော အသုဘကမ္မဋ္ဌာန်း ၁၀ ပါး၊ ကာယဂတာသတိကမ္မဋ္ဌာန်း ၁ ပါး၊ပေါင်းကမ္မဋ္ဌာန်း ၁၁ ပါးအနက်တစ်ပါးပါးကို ဘုရားရှင်ညွှန်ကြားသည့်အတိုင်းရှုပွားစေသင့်၏။ ဤကမ္မဋ္ဌာန်းတို့သည်ရူပါဝစရပထမဈာန်အထိပေါက်မြောက်စေပြီးလျှင် အသုဘသညာကို ရရှိစေပါသည်။ အသုဘသညာသည် တဏှာရာဂကို ကောင်းမွန်နိုင်နင်းစွာနှိမ်နင်းနိုင်သဖြင့် ''ကာမရောဂါ ကိုယ်တွင်းနာ'' ပျောက်ကင်းသွားမည်မုချတည်း။

**– ပုဂ္ဂိုလ်မရွေး စီးဖြန်းနိုင်သော ကမ္မဋ္ဌာန်း ၁၀ ပါး**ရှိရာ ၎င်းတို့မှာ– ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောကကသိုဏ်းနှင့် အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါးတို့ဖြစ်ပါသည်။

**၄၈။ အောက်ပါယောဂီတို့ အကျိုးရပုံချင်းခြားနားဟန်ကို စိစစ်ပြပါ။**
**(က) ထွက်လေဝင်လေရှုမှတ်နေသောယောဂီ၊ (ခ)အသုဘကမ္မဋ္ဌာန်းစီးဖြန်းနေသောယောဂီ (ဂ) မေတ္တာတရားပွားများနေသောယောဂီ။** (၁၉၉၅၊ စမန ၂၃၂၊ ၂၂၇၊ ၂၂၈ )

**အဖြေ** – (က)ထွက်လေဝင်လေ ရှုမှတ်နေသောယောဂီသည် ရူပါဝစရပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်အထိရနိုင်သည်။ ရူပါဝစရ ပဉ္စမဈာန်သည် ဝိပဿနာ ဘာဝနာဆက်လက်ရှုပွားရန် အကောင်းဆုံးအခြေခံပါဒကဈာန်ဖြစ်သည်။

အကြောင်းမှာ မြတ်စွာဘုရားသည် အာနာပါနဿတိပဥ္စမဈာန်ကိုအခြေခံ၍ ဝိပဿနာရှုပွားခဲ့ သောကြောင့်တည်း။

(ခ) **အသုဘကမ္မဋ္ဌာန်းစီးဖြန်းနေသောယောဂီ**သည် ရူပါဝစရပဌမဈာန်ကိုရရှိပြီး အသုဘသညာကိုလည်း ရရှိပါသည်။ အသုဘသညာသည် စိတ်တွင်အသောင်းကျန်းဆုံးဖြစ်သော ရာဂတဏှာခေါ် ရာဂဘီလူးကြီးကိုနှိမ်နင်းရန် အကောင်းဆုံးလက်နက်ဖြစ်သည်။

(ဂ) **မေတ္တာတရားပွားများနေသောယောဂီ**သည် ရူပါဝစရပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကို ရနိုင်သည်။မေတ္တာဈာန်ဝင်စား၍ ၅၂၈ သွယ်မေတ္တာပွားနေလျှင်ဗြဟ္မာတို့၏နေခြင်းကဲ့သို့ ချမ်းသာစွာနေနိုင်ပါသည်။

**၄၉။ မိုးပျံမြေလျှိုး တန်ခိုးပြသူသည် မည်သည့်အဘိညာဉ်ပိုင်ရှင်ဖြစ်သည်ကိုဖြေဆို၍၊ နိရောဓသမာပတ်ဝင်စားနေစဉ် သေနိုင်–မသေနိုင်ကိုလည်း ခိုင်လုံသောအကြောင်းပြချက်နှင့်ဆုံးဖြတ်ချက်ချပြပါ။** (၁၉၉၅၊ စမန၂၃၇၊ ၁၁၃)

**အဖြေ – မိုးပျံမြေလျှိုး တန်ခိုးပြသူသည် ''ဣဒ္ဓိဝိဓအဘိညာဉ်''**ပိုင်ရှင်ဖြစ်ပါသည်။

**– နိရောဓသမာပတ်ဝင်စားနေစဉ် မသေနိုင်ပါ။**

အကြောင်းမှာ– ဈာန်သမာပတ် ၈ ပါး သို့မဟုတ် ၉ ပါးရရှိသော အနာဂါမ်နှင့်ရဟန္တာများသာ နိရောဓသမာပတ်ဝင်စားနိုင်ကြ၏။ နိရောဓမဝင်စားမီ ပုဗ္ဗကိစ္စ ၄ ပါးကိုပြုလုပ်ရာ၌ မိမိတို့၏ကြွင်းကျန်နေသည့်အသက်ကာလကို ဆင်ခြင်ပြီးလျှင် (၇)ရက်ထက်ပို၍ သက်တမ်းကျန်ရှိပါမှ (၇)ရက်အထိနိရောဓသမာပတ်ဝင်စားရန်အဓိဋ္ဌာန်၏။ မိမိတို့၏ကျန်ရှိနေသောသက်တမ်းကာလထက်ပို၍ နိရောဓသမာပတ်မဝင်စားပါ။ ဤအကြောင်းကြောင့် နိရောဓသမာပတ်ဝင်စားနေရင်း ပျံလွန်သွားသောအနာဂါမ်၊ပရိနိဗ္ဗာန်စံသွားသောရဟန္တာဟူ၍ မရှိပါ။

**၅၀။ လောကတွင် လူအမျိုးမျိုးရှိသည့်အနက် (က)သည်းမခံတတ် စိတ်ဆတ်သူ၊ (ခ) ကံတရားကို ယုံကြည်အားထားသူတို့အား သင့်လျော်သောကမ္မဋ္ဌာန်း လုပ်ငန်းများကိုဖြေဆိုပါ။** (၁၉၉၆၊ စမန ၂၃၀၊ ၂၃၁)

**အဖြေ** – (က) **သည်းမခံတတ် စိတ်ဆတ်သူသည်** ဒေါသစရိုက်ရှိသူဖြစ်သဖြင့် နီလ, ပီတ, လောဟိတ, ဩဒါတဟူသော အဆင်းကသိုဏ်း ၄ ပါး၊ မေတ္တာဘာဝနာ, ကရုဏာဘာဝနာ, မုဒိတာဘာဝနာ, ဥပေက္ခာဘာဝနာဟူသောဗြဟ္မဝိဟာရကမ္မဋ္ဌာန်း ၄ ပါး၊ ပေါင်းကမ္မဋ္ဌာန်း ၈ ပါးနှင့် သင့်လျော်လျောက်ပတ်၏။ ဤကမ္မဋ္ဌာန်းတို့သည် သန့်ရှင်း ကြည်လင်ကြပြီး အာရုံပြုသူတို့အား စိတ်ရွှင်လန်းစေသဖြင့် ဒေါသစရိုက်ရှိသူနှင့် သင့်လျော်ခြင်းဖြစ်၏။

(ခ) **ကံတရားကို ယုံကြည်အားထားသူကား** သဒ္ဓါစရိုက်ရှိသဖြင့် ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိဟူသော ကမ္မဋ္ဌာန်း (၆) ပါးနှင့် သင့်လျော်လျောက်ပတ်၏။ ပင်ကိုက ကောင်းနေသောသဒ္ဓါတရားသည် ဘုရား, တရား, သံဃာစသည့် အာရုံများနှင့်ကြုံတွေ့လျှင် ပို၍ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသဖြင့် ဤကမ္မဋ္ဌာန်းတို့သည် သဒ္ဓါရှိသူနှင့် သင့်လျော်ခြင်းဖြစ်၏။

**၅၁။ ဝိပဿနာတရားအားထုတ်နေသောယောဂီ၌ မဂ်ရခါနီးဖြစ်နိုင်သောစိတ်များကိုရေး၍ ယင်းစိတ်များသည် မည်သည့်အာရုံကို အာရုံပြုသည်ကိုလည်း ဖြေဆိုပါ။**

(၁၉၉၆၊ စမန ၂၅၂၊ အခြေပြု သင်္ဂြိုဟ် ၅၉၈–၆၀၁)

**အဖြေ – ဝိပဿနာတရားအားထုတ်နေသောယောဂီ၌ မဂ်ရခါနီးဖြစ်နိုင်သောစိတ်များမှာ–**

**မန္ဒပညာပုဂ္ဂိုလ်၏မဂ္ဂဝီထိပုံ**

''န–ဒ–မ–ပ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်''–ဘဝင်–

**တိက္ခပညာပုဂ္ဂိုလ်၏မဂ္ဂဝီထိပုံ**

''န–ဒ–မ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–ဖိုလ်''–ဘဝင်–

မနောဒွါရ၌ လက္ခဏာရေးအာရုံထင်လာသောအခါ **ဘဝင်္ဂစလန** (န), **ဘဝင်္ဂုပစ္ဆေဒ**(ဒ)ဟု ဘဝင်စိတ်နှစ်ကြိမ်ဖြစ်ပြီး ဘဝင်အစဉ်ပြတ်၏။ ဤစိတ်တို့သည် ပဋိသန္ဓေစိတ်၏အာရုံဖြစ်သော ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ်တစ်မျိုးမျိုးကို အာရုံပြုကြ၏။

ထို့နောက် မနောဒွါရာဝဇ္ဇန်းစိတ် (မ) သည် မနောဒွါရ၌ထင်လာသော အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာသုံးပါးတွင် တစ်ပါးပါးကို အာရုံပြု၍ဖြစ်၏။

ထို့နောက် မန္ဒပညာပုဂ္ဂိုလ်တွင် **ပရိကမ်**(ပ), **ဥပစာ**(ဥ), **အနုလုံ**(နု)ဟု ဝိပဿနာစိတ် (၃)ကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်တွင် **ဥပစာ**(ဥ), **အနုလုံ**(နု)ဟု ဝိပဿနာစိတ်(၂)ကြိမ်တို့သည် အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတွင် ထိုထင်နေသောတစ်ပါးကိုပင် အာရုံပြုကြ၏၊ ဤစိတ်များသည် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်ဖြစ်၍ **ဥပစာရသမာဓိဇော**ဟု အမည်ရကြ၏။ ဤစိတ်တို့နှင့်ယှဉ်သောဉာဏ်ကို **အနုလောမဉာဏ်**ဟုခေါ်၏။

ထိုနောက် **ဂေါတြဘုစိတ်**(ဂေါ)သည် လက္ခဏာရေးသုံးပါးကို အာရုံမပြုဘဲနိဗ္ဗာန်ကိုအာရုံပြု၍ တစ်ကြိမ်ဖြစ်၏၊ ဤစိတ်သည် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်ပင်ဖြစ်သော်လည်း ''**မဂ်ရှေ့က နိဗ္ဗာန်ကိုညွှန်ပြသောကြောင့် မဂ်ဇောဖိုလ်ဇောတို့၏ရှေ့သွားဖြစ်သော အာဝဇ္ဇန်း စိတ်နှင့်တူ၏**''ဟု ဆိုစမှတ်ပြုကြ၏။

ဂေါတြဘုစိတ်ချုပ်သည်နှင့်တစ်ပြိုင်နက် **မဂ်စိတ်**နှင့်**ဖိုလ်စိတ်**တို့သည် နိဗ္ဗာန်ကိုအာရုံပြုလျက် အစဉ်အတိုင်းဖြစ်သွားကြ၏။

**၅၂။ ပုထုဇဉ်နှင့်အရိယာကွဲပြားသွားအောင် လူတန်းစားခွဲခြားသော ကာမဇော၏ (က)အမည်၊ (ခ)အာရုံ၊ (ဂ)လုပ်ဆောင်ချက်တို့ကို ဖြေဆိုပါ။**

(၁၉၉၆၊ စမန ၂၅၂၊ သင်္ဂြိုဟ် ၆၀၁)

**အဖြေ – ပုထုဇဉ်နှင့်အရိယာကွဲသွားအောင် လူတန်းစားခွဲခြားသောကာမဇော၏–**

(က) **အမည်** = ဂေါတြဘုစိတ်၊

(ခ) **အာရုံ** = နိဗ္ဗာန်၊

(ဂ) **လုပ်ဆောင်ချက်** = (၁)မဂ်စိတ်၏ရှေ့က နိဗ္ဗာန်ကို ညွှန်ပြသောကြောင့် မဂ်ဇောဖိုလ်ဇောတို့၏ ရှေ့သွားဖြစ်သော အာဝဇ္ဇန်းစိတ်နှင့်တူ၏ဟုဆိုစမှတ်ပြုကြ၏။

(၂) ယောဂီ၏ပုထုဇဉ်အနွယ်ကို လွှမ်းမိုး(ကျော်လွန်)သောတရား၊

တစ်နည်း – ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ဖြစ်စေသောစိတ်တည်း။

**၅၃။ ဝိတက်များ၍ အိပ်မပျော်သောသူအား သင့်လျော်သည့်ကမ္မဋ္ဌာန်းကို ညွှန်ကြား၍ မောဟစရိုက်၊ ဝိတက်စရိုက်ရှိသူတို့ ပွားများသင့်သောကသိုဏ်းဝန်း၏ ပမာဏကိုလည်း ဖော်ပြပါ။** (၁၉၉၃၊ စမန ၂၃၁၊ သင်္ဂြိုဟ် ၅၅၃၊ ၅၅၄)

**အဖြေ – ဝိတက်များ၍ အိပ်မပျော်သောသူများအား သင့်လျော်သည့်ကမ္မဋ္ဌာန်းသည်** ''အာနာပါနဿတိကမ္မဋ္ဌာန်း''ဖြစ်ပါသည်။

**– မောဟစရိုက်ရှိသူ ပွားများသင့်သော ကသိုဏ်းဝန်း၏ပမာဏ**သည် ''ကောက်စပါးနယ်ရာ တလင်းဝန်းမျှကျယ်အောင်''စီမံနိုင်၏။ ပင်ကိုက တွေဝေနေရာ ကျဉ်းသောကသိုဏ်းဝန်းကို အာရုံပြုရလျှင် သာ၍စိတ်ကျဉ်းကြပ်ဖွယ်ရှိသောကြောင့် ပြန့်ကျယ်သောကသိုဏ်းဝန်းနှင့် လျောက်ပတ်၏။

**– ဝိတက်စရိုက်ရှိသူ ပွားများသင့်သောကသိုဏ်းဝန်း၏ပမာဏ**သည် ''တစ်ထွာလက်လေးသစ်'' ခန့်ရှိသင့်၏။ ပင်ကိုက စိတ်ပျံ့လွင့်နေရာ ကျယ်သောကသိုဏ်းဝန်းကို အာရုံပြုရလျှင် ဝိတက်ကိုအားပေးရာရောက်သောကြောင့် ဝိတက်ကိုချုပ်တည်းဖို့ရာ ကျဉ်းသောကသိုဏ်းဝန်းနှင့်သာ လျောက်ပတ်၏။

**၅၄။ ပထမစျာန်ကိုရစေနိုင်သောကမ္မဋ္ဌာန်းများကို ဖော်ပြ၍ နိမိတ် ၃ ပါးနှင့်ဘာဝနာ ၃ ပါးကိုလည်း မမှားအောင်တွဲစပ်ပြပါ။** (၁၉၉၇၊ စမန ၂၃၂၊ ၂၃၄)

**အဖြေ – ပထမစျာန်ကို ရစေနိုင်သောကမ္မဋ္ဌာန်းများမှာ–**

''ကသိုဏ်း ၁၀ ပါး၊ အသုဘကမ္မဋ္ဌာန်း ၁၀ ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ မေတ္တာဘာဝနာ၊ ကရုဏာဘာဝနာ၊ မုဒိတာဘာဝနာ၊ ပေါင်း–ကမ္မဋ္ဌာန်း ၂၅ ပါးဖြစ်၏။

**– နိမိတ် ၃ ပါးနှင့် ဘာဝနာ ၃ ပါးတို့ကို တွဲစပ်ပြရသော်–**

(၁) ပရိကမ္မနိမိတ် = ပရိကမ္မဘာဝနာ၊

(၂) ဥဂ္ဂဟနိမိတ် = ရင့်ကျက်တိုးတက်လာသောပရိကမ္မဘာဝနာ၊

(၃) ပဋိဘာဂနိမိတ် = ဥပစာရဘာဝနာ၊

(၄) ပဋိဘာဂနိမိတ် = အပ္ပနာဘာဝနာ။

**၅၅။ မြတ်ဗုဒ္ဓဂုဏ်တော်များကို ပွားများသဖြင့် လက်ငင်းရနိုင်သောအကျိုးနှင့် ဖြစ်နိုင်သောဘာဝနာများကို ဖော်ပြပြီးလျှင်၊ ဝိပဿနာတရားအားထုတ်သည့် ယောဂီများစင်ကြယ်အောင်စောင့်ထိန်းရမည့် သီလလေးမျိုးကိုလည်း ဖြေဆိုပါ။**

(၁၉၉၇၊ စမန ၂၄၀၊ သင်္ဂြိုဟ် ၅၅၂၊ ၅၅၇ )

**အဖြေ – မြတ်ဗုဒ္ဓ၏ဂုဏ်တော်များကို ပွားများသဖြင့် လက်ငင်းရရှိနိုင်သောအကျိုးများမှာ–**

(၁) သဒ္ဓါ၊ သတိ၊ ပညာတို့တိုးပွားလာ၏၊ ပင်ကိုကသဒ္ဓါရှိသူသည် ''အတိုင်းထက်အလွန်တံခွန်နှင့်ဘုရား''ကဲ့သို့ သဒ္ဓါဖွံ့ထွားလာ၏။

(၂) ပီတိ, ပါမောဇ္ဇများစွာဖြစ်ပြီး ကုသိုလ်များစွာရ၏။

(၃) မြတ်စွာဘုရားနှင့် ရှိသေကျိုးနွံတုပ်ဝပ်မှု ပိုရှိလာ၏။

(၄) ခန္ဓာအိမ်၌ ဘုရားဂုဏ်တော်ကိန်းအောင်းလာသဖြင့် ဘေးကြီးဘေးငယ်တို့ကို ကာကွယ်နိုင်၏။

(၅) မကောင်းမှုများကိုပြုလုပ်ရန် ရှက်ကြောက်လာ၏၊ဟီရိ, ဩတ္တပ္ပတို့ဖြစ်၏။

**– မြတ်ဗုဒ္ဓဂုဏ်တော်ကိုပွားများသဖြင့် ဖြစ်နိုင်သောဘာဝနာများမှာ–**

(၁) ပရိကမ္မဘာဝနာနှင့် (၂)ဥပစာရဘာဝနာတိုင်အောင်သာရောက်နိုင်၏၊အပ္ပနာဘာဝနာသို့ မရောက်နိုင်ပါ။

**– ဝိပဿနာတရားအားထုတ်သည့် ယောဂီများ၏စင်ကြယ်အောင်စောင့်ထိန်းရမည့်သီလ လေးမျိုးတို့မှာ –**

(၁) ပါတိမောက္ခသံဝရသီလ – ဝိနည်းသိက္ခာတို့ကို သဒ္ဓါဖြင့် လုံခြုံစွာစောင့်ထိန်း၏၊လူပုဂ္ဂိုလ်တို့က ရှစ်ပါးဥပုသ်သီလကို စောင့်ထိန်း၏။

(၂) ဣန္ဒြိယသံဝရသီလ – ဣန္ဒြေ (၆) ပါး၌ ကိလေသာမဖြစ်အောင် ဝီရိယဖြင့်စောင့်ထိန်း၏။

(၃) အာဇီဝပါရိသုဒ္ဓိသီလ – အသက်မွေးမှုစင်ကြယ်အောင် ဝီရိယဖြင့်စောင့်ထိန်း၏။

(၄) ပစ္စယသန္နိဿိတသီလ – ပစ္စည်းလေးပါးသုံးဆောင်ရာ၌ ကိလေသာမဖြစ်အောင် ပညာဖြင့်ဆင်ခြင်၍စောင့်ထိန်း၏။

**၅၆။ ''ဝုဋ္ဌာနဂါမိနီဝိပဿနာ''အမည်ရနိုင်သောဉာဏ်တို့ကို ဖော်ပြ၍၊ ''ရဟန္တာပုဂ္ဂိုလ်များ ကေန်ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိနှင့် အနေကန်ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများကိုလည်း ရေးခဲ့ပါ။** (၁၉၉၇၊ အခြေပြုသင်္ဂြိုဟ် ၅၉၉၊ ၆၀၂၊ ၆၀၃)

**အဖြေ – ''ဝုဋ္ဌာနဂါမိနီဝိပဿနာ''အမည်ရနိုင်သောဉာဏ်တို့မှာ–**

(၁) အထွတ်အထိပ်သို့ရောက်သော သင်္ခါရုပေက္ခာဉာဏ်နှင့်

(၂) အနုလောမဉာဏ်တို့ဖြစ်ပါသည်။

**– ရဟန္တာပုဂ္ဂိုလ်များ ကေန်ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများမှာ –**

(၁) အရဟတ္တမဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊

(၂) အရဟတ္တဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊

(၃) နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ တို့ဖြစ်ပါသည်။

**– ရဟန္တာပုဂ္ဂိုလ်များ အနေကန်ဆင်ခြင်သောပစ္စဝေက္ခဏာဝီထိမှာ–**

(၄) အရဟန္တာမဂ်ပယ်ပြီးသောကိလေသာများကို ဆင်ခြင်သောပစ္စဝေက္ခဏာဝီထိဖြစ်ပါသည်။

**၅၇။ လူအမျိုးမျိုး စရိုက်အထွေထွေရှိကြလေရာ လူယဉ်ကျေးတို့အား ဖြစ်လေ့ဖြစ်ထရှိသော စရိုက်များကိုရေးသား၍ ဒေဝတာနုဿတိအမိပ္ပါယ်နှင့် ယင်းဒေဝတာနုဿတိပွားများအားထုတ်ရန် သာမန်သင့်လျော်သောပုဂ္ဂိုလ်နှင့် အထူးသင့်လျော်သော ပုဂ္ဂိုလ်များကို အသီးသီးဖော်ပြပါ။** (၁၉၉၈၊ အခြေပြုသင်္ဂြိုဟ် ၅၅၁၊ ၅၄၇၊ ၅၅၄)

**အဖြေ – လူယဉ်ကျေးတို့အား ဖြစ်လေ့ဖြစ်ထရှိသောစရိုက်များမှာ –**

(၁) သဒ္ဓါစရိုက်နှင့် (၂) ပညာစရိုက်ဟူသော ကောင်းသောစရိုက်များဖြစ်၏။

– ဒေဝတာနုဿတိအမိပ္ပါယ်မှာ – ''နတ်ဗြဟ္မာတို့ကို သက်သေပြု၍ မိမိ၏ကုသိုလ်ကောင်းမှုတို့ကို အဖန်ဖန်အောက်မေ့ဆင်ခြင်ခြင်း''ဖြစ်၏။

''သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟီရိ, ဩတ္တပ္ပဟူသော သူတော်ကောင်းတရားနှင့်

ပြည့်စုံသူတို့သည် ဤလူ့ပြည်မှစုတေကြလျှင် နတ်ပြည်ဗြဟ္မာပြည်၌ဖြစ်ကြရကုန်၏၊ ငါ့မှာလည်း ထိုတရားများရှိပေ၏သည်တကား''ဟု မိမိကုသိုလ်တရားတို့ကို အောက်မေ့အားရနေခြင်း''ဟု ဆိုလို၏။

– ဒေဝတာနုဿတိပွားများ အားထုတ်ရန် သာမန်သင့်လျော်သောပုဂ္ဂိုလ် = သဒ္ဓါစရိုက်မှ အပ အခြားစရိုက်ရှိသူ။

ဒေဝတာနုဿတိပွားများအားထုတ်ရန် အထူးသင့်လျော်သောပု ဂ္ဂိုလ် = သဒ္ဓါစရိုက်ရှိသောပုဂ္ဂိုလ်။

**၅၈။ အရူပစျာန်လေးပါးတို့၏အာရုံများကို အသီးသီးဖော်ပြပြီးလျှင် တစ်ပါးသူ၏စိတ်ဓာတ်ကိုသိသောသူသည် မည်သည့်အဘိညာဉ်ပိုင်ရှင်များဖြစ်သည်ကိုလည်းရေးသားပါ။**

(၁၉၉၈၊ စမန ၁၀၈၊ ၂၃၇၊ သင်္ဂြိုဟ် ၅၇၃၊ ၅၇၄၊ ၅၇၈)

**အဖြေ – အရူပစျာန်လေးပါးတို့၏အာရုံများမှာ–**

(၁) အာကာသာနဉ္စာယတနစျာန်၏အာရုံ = ကောင်းကင်ပညတ် (အာကာသ)

(၂) ဝိညာဏဉ္စာယတနစျာန်၏အာရုံ = အကာသာနဉ္စာယတနစိတ် (ပထမာရုပ္ပဝိညာဏ်)

(၃) အာကိဉ္စညာယတနစျာန်စိတ်၏အာရုံ = နတ္ထိဘောပညတ်၊

(၄) နေဝသညာ၊ နာသညာယတနစျာန်စိတ်၏အာရုံ = အာကိဉ္စညာယတနစိတ် (တတိယာရုပ္ပဝိညာဏ်)

– **တစ်ပါးသူ၏စိတ်ဓာတ်ကိုသိသောသူသည် ''ပရစိတ္တဝိဇာနနအဘိညာဉ်''** ပိုင်ရှင်ဖြစ်ပါသည်။

**၅၉။ ပစ္စယသန္နိဿိတသီလနှင့်ပြည့်စုံစေရန် ပွားများနည်းကို ရေးသား၍ ဥဒယဗ္ဗယဉာဏ်သို့ဆိုက်ရောက်သောယောဂီတစ်ယောက်အား တွေ့ကြုံတတ်သောအခက်အခဲနှင့် ယင်းအခက်အခဲမှလွန်မြောက်အောင် မည်ကဲ့သို့အားထုတ်ရမည်ကိုလည်းဖြေဆိုပါ။** (၁၉၉၈၊ အခြေပြုသင်္ဂြိုဟ် ၅၈၃၊ ၅၉၂–၅၉၅။ စမန ၂၄၈–၂၄၉)

**အဖြေ – ပစ္စယသန္နိဿိတသီလနှင့်ပြည့်စုံစေရန် ပွားများနည်းမှာ –**

''အသက်ရှည်ကြာ၊ ဘေးရောဂါတို့၊ ကိုယ်မှာမကပ်၊ ပရိယတ်နှင့်၊ ပဋိပတ်ရေး၊
မျှော်ထောက်တွေး၍၊ ဤဆေး, ဤဆွမ်း၊ ဤသင်္ကန်းနှင့်၊ ရှင်လန်းဖွယ်ကောင်း၊
ဤစံကျောင်းကို၊ မှီအောင်သုံးစွဲပါသတည်း'' ဟု ပစ္စည်းလေးပါးကို သုံးစွဲရသဖြင့်ရသင့် သော အကျိုးများကို ဆင်ခြင်၍သုံးစွဲလျှင် ဤသီလပြည့်စုံ၏။

**– ဥဒယဗ္ဗယဉာဏ်သို့ ဆိုက်ရောက်သောယောဂီ တွေ့ကြုံတတ်သောအခက်အခဲမှာ –**

ဝိပဿနာကို ညစ်နွမ်းစေတတ်သော ဥပက္ကိလေသ ၁၀ ပါးဖြစ်ပေါ်လာခြင်းပင်တည်း။ ၎င်းတို့မှာ –

(၁) သြဘာသ = ကိုယ်ရောင်ကိုယ်ဝါ၊ (၂) ပီတိ = နှစ်သက်မွေ့လျော်မှု၊ (၃) ပဿဒ္ဓိ = ငြိမ်းအေးမှု၊ (၄) အဓိမောက္ခ – သဒ္ဓါ၊ (၅) ပဂ္ဂဟ = ဝီရိယ၊ (၆) သုခ= ချမ်းသာမှု၊ (၇) ဉာဏ = ဝိပဿနာဉာဏ်၊ (၈) ဥပဋ္ဌာန = သတိ၊ (၉) ဥပေက္ခာ၊ (၁၀) နိကန္တိ

= သိမ်မွေ့ သောတဏှာတို့တည်း။

ဤဥပက္ကိလေသ ၁၀ ပါးကား '' **ဝိပဿနာဉာဏ်၏ ညစ်နွမ်းကြောင်းဘေးရန်အန္တရာယ်များ**''ဟုဆိုသည်။ ထိုတွင် ပထမ ဥပက္ကိလေသ ၉ ပါးသည် ဝိပဿနာစိတ်နှင့်ယှဉ်သည့် စေတသိက်များဖြစ်၍ အကုသိုလ်မဟုတ်၊ ဘေးရန်အစစ်မဟုတ်၊ နိကန္တိတစ်ခုသာ ဘေးရန်အစစ်တည်း။

သို့သော် ပရိယတ်မကျွမ်းကျင်သောယောဂီအချို့က ''ငါ့မှာ ရှေးက ဤကိုယ်ရောင်ကိုယ်ဝါမျိုးမရစဖူး၊ မဂ်စိတ်ဖိုလ်စိတ်က ဖြစ်စေခြင်းဖြစ်လိမ့်မည်၊ ငါသည် မဂ်ဖိုလ်ရပြီ''ဟုလည်းကောင်း၊

''ငါ၌ ရှေးက ဤသို့ ပီတိ, ပဿဒ္ဓိ, သုခတို့မဖြစ်စဘူး၊ ငါသည် မဂ်ဖိုလ်ရပြီ''ဟုငြင်း၊ ဤသို့အထင်ကြီးကာ ဝိပဿနာလမ်းလွဲ၍ သာယာမှု(တဏှာ)၊ အထင်ကြီးမှု (မာန)၊ ငါဟု စွဲလမ်းမှု (ဒိဋ္ဌိ) တို့ဖြစ်ကုန်၏။ ထိုတဏှာ, မာန, ဒိဋ္ဌိတို့ကား ဝိပဿနာကိုညစ်နွမ်းစေသော ဘေးရန်အစစ်တည်း။

ထိုတဏှာ, မာန, ဒိဋ္ဌိတို့သည် သြဘာသစသည်ကိုစွဲ၍ဖြစ်သောကြောင့် လူမိုက်အားပေးဆိုသလို သြဘာသစသည်တို့ကိုလည်း ဖလူပစာရအားဖြင့် ဝိပဿနာကိုညစ်နွမ်းစေကြောင်းဘေးရန်ဟုဆိုရ၏။

**ဤအခက်အခဲမှ လွန်မြောက်အောင်အားထုတ်နည်းမှာ** = ပရိယတ်ကျွမ်းကျင်အောင်လေ့လာ၍ ဥပက္ကိလေသတို့သည် တဏှာ, မာန, ဒိဋ္ဌိဟူသော ကိလေသာတို့၏တည်ရာဖြစ်၍ ဝိပဿနာဉာဏ်ကို ညစ်နွမ်းစေတတ်သောဘေးရန်များတည်း၊ ၎င်းတို့ကို နှစ်သက်စွဲလမ်းနေမှုသည် မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန်မဟုတ်၊ လမ်းမှား(အမဂ္ဂ)တည်း၊ ၎င်းတို့ကို လျစ်လျူရှု၍အားထုတ်မြဲဖြစ်သည့်ဝိပဿနာအလုပ်ကို ဆက်လက်အားထုတ်ခြင်းသည်သာ မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန် = မဂ္ဂဖြစ်၏။ ဤသို့ လမ်းမှန်နှင့်လမ်းမှားတို့ကို ထင်ထင်ရှားရှားခွဲခြားသိမြင်၍ လမ်းမှန်ကိုလိုက်လျှင် အခက်အခဲကို ကျော်လွန်၏။

ထိုကဲ့သို့ဝိပဿနာ၏ဘေးရန်ကို အမှန်အတိုင်းသိမ်းဆည်း၍ လမ်းမှန်နှင့်လမ်းမှားတို့ကို ပိုင်းခြားသိမြင်တတ်သောဉာဏ်သည် ''**မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**''ဟု အမည်ရ၏။

**၆၀။ မည်သို့သောပုဂ္ဂိုလ်မျိုးကို လောက၌ ''ရဟန္တာ''ဟုခေါ်ဆိုကြ၍၊ သောတာပန်, သကဒါဂါမိ, အနာဂါမိအရိယာများ အိမ်ထောင်သားမွေးခြင်းကိစ္စရှိမရှိ အဘိဓမ္မာပညာရှင်ပီပီ ခွဲခြားဖြေဆိုပါ။** (၁၉၉၈၊ အခြေပြုသင်္ဂြိုဟ် ၆၁၄–၆၁၆)

**အဖြေ – ''ရဟန္တာ''ဟူသည်မှာ** ဝိပဿနာရှုပွား၍ မဂ်ဉာဏ်လေးပါးဖြင့် ကိလေသာအားလုံး, သံယောဇဉ်အားလုံး, အာသဝေါတရားအားလုံးကို အမြစ်ပြတ်အကြွင်းမဲ့ ပယ်သတ်ပြီး၍ ကိလေသာအားလုံးမှ ဝေးကွာကင်းစင်သောပု ဂ္ဂိုလ်ဖြစ်သည်။ ဘုရား, ပစ္စေကဗုဒ္ဓါတို့မှလွဲ၍ အမြတ်ဆုံးပုဂ္ဂိုလ်နှင့် အမြတ်ဆုံးအလှူခံပုဂ္ဂိုလ်ဖြစ်၏။

အမှိုက်ကင်း, သန့်ရှင်း၍ မြေသြဇာကောင်းသောလယ်မြေသည် စိုက်ပျိုးကျဲချသမျှသော မျိုးစေ့တို့ကို ထွားကျိုင်းသန်မာသည့်အပင်အသီးတို့ကို ပွားများစေသကဲ့သို့၊ ထို့အတူ ကိလေသာအညစ်အကြေးကင်းဝေး၍ သန့်ရှင်းသောစိတ်အစဉ်ရှိသည့်ရဟန္တာအရှင်သည်

လျှုဒါန်းပူဇော်သမျှ၌ အကျိုးများစွာ ရစေနိုင်သောကြောင့် ''အမြတ်ဆုံးအလှူခံပုဂ္ဂိုလ်'' ဖြစ်ပေ၏။

– **သောတာပန်သည်** သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာဟူသော ကိလေသာ ၂ ပါးကို အကြွင်းမဲ့ပယ်၍ ကျန်ကိလေသာတို့၏ အပါယ်ကျရောက်ဖို့ရန် ရန့်ရင်းသော သတ္တိလောက်ကိုသာပယ်သေး၏။ ကာမရာဂစသည်ကျန်ရှိသေးသဖြင့် အိမ်ထောင်သားမွေး ခြင်းကိစ္စရှိပါသည်။ (ဂ)နှစ်အရွယ်ကပင် သောတာပန်ဖြစ်သော ဝိသာခါကျောင်းအမသည် အိမ်ထောင်ပြု၍ သားသမီး ၂၀ ကိုပင် ဖွားမြင်ခဲ့သည်။

– **သကဒါဂါမ်သည်** ရာဂ, ဒေါသ, မောဟစသည့် ကျန်ရစ်သည့်ကိလေသာများကို ပို၍အား နည်းအောင်သာပြုနိုင်၏။ ကာမရာဂစသည်ကျန်ရှိသေးသဖြင့် ကာမဂုဏ်ကို နည်းနည်းပါးပါး ခံစား၍ အိမ်ထောင်သားမွေးခြင်းကိစ္စများ ရှိနိုင်ပါသည်။

– **အနာဂါမ်သည်** အနာဂါမိမဂ်ဖြင့် ကာမရာဂနှင့်ဗျာပါဒ (ဒေါသ)တို့ကို အကြွင်းမရှိအောင် ပယ်သတ်ပြီးဖြစ်သဖြင့် ကာမဂုဏ်ခံစားခြင်းမရှိတော့ချေ။ ထို့ကြောင့် အိမ်ထောင်သားမွေး ခြင်းကိစ္စများမရှိတော့ချေ။ ကွယ်လွန်သည့်အခါ၌လည်း ကာမဘုံတွင်မဖြစ်တော့ဘဲ အိမ်ထောင် သားမွေးခြင်းကိစ္စမရှိသည့် ပြဟ္မာ့ဘုံ၌ဖြစ်ရ၏။

**၆၁။ ကမ္မဋ္ဌာန်းပိုင်းလာ သမထနှင့်ဝိပဿနာတို့၏အဓိပ္ပါယ်ကို ကွဲပြားခြားနား အောင် ရေးပြပြီးလျှင် ဗုဒ္ဓဘာသာဝင်တိုင်း အစဉ်အောက်မေ့ပွားများရမည့်တရား ဆယ်ပါးကိုလည်း ထုတ်ဖော်ရေးသားခဲ့ပါ။**

(၁၉၉၉၊ အခြေပြုသင်္ဂြိုဟ် ၅၃၈၊ စမန ၂၂၈)

**အဖြေ** – (ဤစာအုပ်စာမျက်နှာ ၃၉၁ နံ့ပါတ် ၃၀ နှင့် မေးခွန်းရောအဖြေပါ တူပါသည်)

**၆၂။ ဆင်းရဲငြိမ်းပါးသူတို့ကို ကူညီသောပုဂ္ဂိုလ်တို့သန္တာန်၌ဖြစ်သောတရားကိုအာရုံနှင့်တွဲဖက် ဖော်ပြ၍ ထိုတရားကို နည်းလမ်းတကျဆက်လက်အားထုတ်ပါက မည်သည့်စျာန်တရား များ ရနိုင်သည်ကိုလည်း ဖြေဆိုပါ။** (၁၉၉၉၊ စမန ၂၂၉)

**အဖြေ** – ဆင်းရဲငြိမ်းပါးသူတို့ကို ကူညီသောပုဂ္ဂိုလ်တို့သန္တာန်၌ ''**ကရုဏာတရား**'' ဖြစ်ပါသည်။ ကရုဏာတရားသည် ဆင်းရဲသောသတ္တဝါကို အာရုံယူ၏။

– ကရုဏာတရားကို ကရုဏာဘာဝနာအဖြစ် နည်းလမ်းတကျ ဆက်လက်အားထုတ်ပါက ရူပါဝစရပထမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်(ပဥ္စကနည်းအရ) တို့ကို ရနိုင်ပါသည်။

**၆၃။ ''ကာမရောဂါကိုယ်တွင်းနာကား၊ ကုရာနတ္ထိ၊ ဆေးမရှိ'' ဟုဆိုသော်လည်း မြတ်ဗုဒ္ဓ အလိုအားဖြင့်မူ ကာမရောဂါကို ပျောက်ကင်းစေနိုင်သောဆေးတို့ကို ဖော်ထုတ်ပြပါ။**

(၁၉၉၉၊ စမန ၂၃၀၊ ၂၃၁)

**အဖြေ** – (ဤစာအုပ်စာမျက်နှာ ၄၀၁ နံပါတ် ၄၇ အဖြေနှင့်တူပါသည်)

**၆၄။ တရားအားထုတ်လျက်ရှိသော ယောဂီပုဂ္ဂိုလ်အား တရားသားတက်၍ ရင့်ကျက်လာသည့်**

**အခါ အပ္ပနာဘာဝနာအထိ ရရှိစေနိုင်သောကမ္မဋ္ဌာန်းတို့ကို ဖြေဆိုပါ။**

(၁၉၉၉၊ စမန ၂၃၂)

**အဖြေ – တရားအားထုတ်သဖြင့် အပ္ပနာဘာဝနာအထိ ရရှိစေနိုင်သော ကမ္မဋ္ဌာန်းတို့မှာ–**
ကသိုဏ်း ၁၀ ပါး၊ အသုဘကမ္မဋ္ဌာန်း ၁၀ ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ မေတ္တာဘာဝနာ၊ ကရုဏာဘာဝနာ၊ မုဒိတာဘာဝနာ၊ ဥပေက္ခာဘာဝနာ၊ အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါး၊ ပေါင်း–ကမ္မဋ္ဌာန်း ၃၀ ဖြစ်ပါသည်။

**၆၅။ မိမိစားသောက်သောအစာအာဟာရကို စက်ဆုပ်ရွံရှာဖွယ်အဖြစ် ရှုဆင်ခြင်လျှင် မည်သည့်ကမ္မဋ္ဌာန်းဖြစ်သည်ကိုရေး၍၊ ယင်းကမ္မဋ္ဌာန်းကို မည်သို့သောပုဂ္ဂိုလ် များသာ ဆင်ခြင်ပွားများနိုင်သည်ကိုလည်း ဖြေဆိုပါ။** (၂၀၀၀၊ စမန ၂၂၉၊ ၂၃၁)

**အဖြေ –** မိမိစားသောက်သောအစာအာဟာရကို စက်ဆုပ်ရွံရှာဖွယ်အဖြစ် ရှုဆင်ခြင်လျှင် ''**အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်း**''ဖြစ်ပါသည်။
– ဤကမ္မဋ္ဌာန်းကို ပညာစရိုက်ရှိသောပုဂ္ဂိုလ်များသာ ဆင်ခြင်ပွားများနိုင်၏။ အကြောင်းမှာ သိမ်မွေ့နက်နဲသောကမ္မဋ္ဌာန်းဖြစ်သောကြောင့်တည်း။

**၆၆။ ပုဂ္ဂိုလ်မရွေးစီးဖြန်းနိုင်သောကမ္မဋ္ဌာန်းတို့ကို ရေး၍ထွက်လေဝင်လေကို ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်က ''ငါ သောတာပန်ဖြစ်ပြီ''ဟု ဆိုလာလျှင် လက်ခံနိုင်/မခံနိုင်အကြောင်း ပြချက်နှင့် ဆုံးဖြတ်ချက်ချပါ။** (၂၀၀၀၊ စမန ၂၃၁၊ ၂၂၉၊ ၂၃၇)

**အဖြေ – ပုဂ္ဂိုလ်မရွေးစီးဖြန်းနိုင်သောကမ္မဋ္ဌာန်းများမှာ** – ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောကကသိုဏ်း၊ အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါး၊ ပေါင်း – ကမ္မဋ္ဌာန်း ၁၀ ပါးဖြစ်ပါသည်။
– ထွက်လေဝင်လေကိုရှုမှတ်နေသောယောဂီပုဂ္ဂိုလ်က ''ငါ သောတာပန်ဖြစ်ပြီ''ဟုဆိုလာလျှင် လက်မခံနိုင်ပါ။ အကြောင်းမှာ ထွက်လေဝင်လေဟူသော အာနာပါနဿသတိကမ္မဋ္ဌာန်းကိုရှုပွားလျှင် ရူပါဝစရကုသိုလ်စျာန် ၅ ပါးသာ ရနိုင်ပါသည်။ စျာန်သမာဓိရရှိသည့်အခါ စိတ်ဖြူစင်မှု–စိတ္တဝိသုဒ္ဓိသာရသေးသည်။ ဒိဋ္ဌိဝိသုဒ္ဓိစသော ကျန်ဝိသုဒ္ဓိ ၅ ပါး ပြည့်စုံအောင် ဝိပဿနာရှုပွားနိုင်ကာ ဝိပဿနာဉာဏ် ၁၀ ပါးရပြီးနောက် မဂ်ဝီထိဖြစ်၍ သောတာပတ္တိမဂ်ဖိုလ်ရပါမှ သောတာပန်ဖြစ်မည်ဖြစ်သောကြောင့်တည်း။

**၆၇။ ပုထုဇဉ်အနွယ်ကိုဖြတ်တောက်သောစိတ်ကို ဖော်ပြ၍၊ ၎င်းစိတ်၏အာရုံကိုလည်း ဖြေဆိုပါ။** (၂၀၀၀၊ စမန ၂၅၂)

**အဖြေ – ပုထုဇဉ်အနွယ်ကိုဖြတ်တောက်သောစိတ်သည် ''ဂေါတြဘုစိတ်''ဖြစ်ပါသည်။**
ဂေါတြဘုစိတ်၏အာရုံသည် ''နိဗ္ဗာန်'' ဖြစ်ပါသည်။

**၆၈။ နိရောဓသမာပတ်ဝင်စားနိုင်သောပုဂ္ဂိုလ်တို့ကို ဖော်ပြ၍၊နိရောဓသမာပတ်ဝင် စားနေစဉ် သေနိုင်/မသေနိုင်ကိုလည်း ခိုင်လုံသောအကြောင်းပြချက်ဖြင့်ဆုံးဖြတ် ချက်ချပြပါ။** (၂၀၀၀၊ စမန ၁၁၃)

**အဖြေ** – ဈာန်သမာပတ် ၈ ပါး သို့မဟုတ် ၉ ပါးရပြီးသော အနာဂါမ်များနှင့်ရဟန္တာများသာ နိရောဓသမာပတ်ဝင်စားနိုင်ကြပါသည်။ နိရောဓသမာပတ်ဝင်စားနေစဉ် မသေနိုင်ပါ။ အကြောင်းမှာ – (စာမျက်နှာ ၄၀၂ နံပါတ် ၄၉ တွင် ဖြေပြထားပါသည်)

**၆၉။ အောက်ပါပုဂ္ဂိုလ်များ သမထကမ္မဋ္ဌာန်းကို အားထုတ်လိုလျှင် မည်သည့်ကမ္မဋ္ဌာန်း မျိုးကိုအားထုတ်ရပါသနည်း။ စရိုက်နှင့်ကမ္မဋ္ဌာန်းကိုက်ညီအောင် ဖြေဆိုပါ။**
**(က) ပညာဉာဏ်ကြီးသူ၊ (ခ) သဒ္ဓါတရားထက်သန်သူ။** (၂၀၀၀၊ စမန ၂၃၁)

**အဖြေ** – (က) **ပညာဉာဏ်ကြီးသူ**သည် ပညာစရိုက်ရှိသဖြင့် သိမ်မွေ့နက်နဲသော (၁) ဥပသမာနုဿတိ၊ (၂) မရဏာနုဿတိ၊ (၃) အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်း၊ (၄) စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းဟူသော ကမ္မဋ္ဌာန်း ၄ ပါးကို အားထုတ်သင့်ပါသည်။

ပင်ကိုကစဉ်းစားချင့်ချိန်လေ့ရှိသူသည် သိမ်မွေ့နက်နဲသောအာရုံနှင့်ကြုံတွေ့လျှင် ပို၍နက် နက်နဲနဲ စဉ်းစားဆင်ခြင်သဖြင့် ဉာဏ်ပညာတိုးတက်လာဖွယ်ရှိ၏။ ထို့ကြောင့် သင့်လျော် လျောက်ပတ်၏။

(ခ) **သဒ္ဓါတရားထက်သန်သူ**သည် သဒ္ဓါစရိုက်ရှိသဖြင့် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိဟူသော ကမ္မဋ္ဌာန်း ၆ ပါးကို အားထုတ်သင့်ပါသည်။

ပင်ကိုက ကောင်းနေသောသဒ္ဓါတရားသည် ဘုရား, တရား, သံဃာစသည်အာရုံများနှင့် ကြုံတွေ့လျှင် ပို၍ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိ၏။ ထို့ကြောင့် သင့်လျော်လျောက်ပတ်ပြီး အကျိုးများ၏။

**၇၀။ မောဟစရိုက်ရှိသူနှင့် သင့်လျော်လျောက်ပတ်သောကသိဏ်းဝန်းကို သတ်မှတ်ပြ ၍ အသုဘကမ္မဋ္ဌာန်းရှုခြင်းနှင့် မေတ္တာပို့သခြင်းသည် အဘယ်အရာက အကျိုး ပိုကြီးသည်ကိုလည်း အဘိဓမ္မာပညာရှင်ပီပီဖြေဆိုပါ။**
(၂၀၀၁၊ အခြေပြုသင်္ဂြိုဟ် ၅၅၂၊ စမန ၂၂၈၊ ၂၂၉)

**အဖြေ – မောဟစရိုက်ရှိသူနှင့်သင့်လျော်လျောက်ပတ်သော ကသိဏ်းဝန်းအရွယ် သည်** ကောက်စပါးနယ်ရာ တလင်းဝန်းမျှကျယ်ပြန့်သောကသိဏ်းဝန်းဖြစ်၏။ မောဟ စရိုက်ရှိသူသည် ပင်ကိုက တွေဝေနေတတ်ရာ ကျဉ်းသောကသိဏ်းဝန်းကို အာရုံပြုရလျှင် သာ၍စိတ်ကျဉ်းကြပ်ဖွယ်ရှိသောကြောင့် ကျယ်ပြန့်သောကသိဏ်းဝန်းနှင့် လျောက်ပတ်ခြင်း ဖြစ်၏။

**– အသုဘရှုခြင်းနှင့် မေတ္တာပို့သခြင်းတို့တွင်** မေတ္တာပို့သခြင်းက အကျိုးပိုကြီးများပါသည်။ အကြောင်းကား အသုဘရှုခြင်းဖြင့် ရူပါဝစရပထမဈာန်နှင့် အသုဘသညာတို့ကိုရပါသည်။ မေတ္တာပို့သခြင်းက ပဥ္စကနည်းအရ ရူပါဝစရပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်အထိရရှိနိုင်ပြီးလျှင် ဈာန်သမာဓိဖြင့် ၅၂၈ သွယ်မေတ္တာပွားများနေလျှင် ဗြဟ္မာတို့ နေထိုင်ခြင်းနှင့်တူသော ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းဖြင့် နေထိုင်ရာရောက်သည်။ စတုတ္ထဈာန်သမာ ဓိသည် ဝိပဿနာဆက်ရှုရန်အကောင်းဆုံးအခြေခံဖြစ်ပါဒကဈာန်လည်းဖြစ်သည်။ ထို့ကြောင့်

မေတ္တာပို့သခြင်းက အကျိုးပိုကြီးပါသည်။

**ရ၁။ နိမိတ် ၃ ပါးနှင့် ဘာဝနာ ၃ ပါးကို တွဲစပ်ပြ၍၊ ဝိပဿနာအားထုတ်မည့်ယောဂီများ စင်ကြယ်အောင် စောင့်ထိန်းရမည့် သီလ ၄ မျိုးကိုလည်း ဖြေဆိုပါ။**

(၂၀၀၂၊ စမန ၂၃၄၊ ၂၄၀)

**အဖြေ** – နိမိတ် ၃ ပါးနှင့် ဘာဝနာ ၃ ပါးတို့ကို တွဲစပ်ပြရသော်–
(ဤစာအုပ်စာမျက်နှာ ၄၀၄ နံပါတ် ၅၄ တွင် ဖြေဆိုထား၏)
– ဝိပဿနာအားထုတ်မည့်ယောဂီများ စင်ကြယ်အောင်စောင့်ထိန်းရမည့်သီလ ၄ မျိုးမှာ–
(ဤစာအုပ်စာမျက်နှာ ၄၀၅ နံပါတ် ၅၅ တွင် ဖြေဆိုထား၏)

**ရ၂။ လက်ရှိလူသားတို့ခံစားနေကြသော လောကီချမ်းသာထက်သာလွန်ကောင်းမြတ်သော ချမ်းသာရှိ/မရှိ စိစစ်ပြ၍၊ ထိုချမ်းသာမျိုးရရှိအောင် မည်သည့်တရားကို အားထုတ်ရမည်ကိုလည်း အဘိဓမ္မာပညာရှင်ပီပီ ဖြေဆိုပါ။** (၂၀၀၁၊ စမန ၂၃၅၊ ၂၃၆၊ ၂၅၃)

**အဖြေ – လက်ရှိလူသားတို့ခံစားနေကြသော လောကီချမ်းသာထက် သာလွန်ကောင်းမြတ်သော ချမ်းသာရှိပါသည်။** ထိုသာလွန်သောချမ်းသာတို့မှာ ဈာန်ချမ်းသာ၊ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာတို့ဖြစ်ပါသည်။

အဘိဓမ္မာပညာဖြင့်စိစစ်ပြရသော် လက်ရှိလူသားတို့ ခံစားနေကြသောလောကီချမ်းသာသည် ကာမဂုဏ်ချမ်းသာဖြစ်၍ အကုသိုလ်လောဘမူစိတ်နှင့် ခံစားခြင်းဖြစ်သည်။

လောဘမူသောမနဿစိတ်နှင့်ယှဉ်သော ပီတိ, သောမနဿတို့သည် လောဘ, မောဟ, ဒိဋ္ဌိစသည့် ကိလေသာများနှင့်ယှဉ်တွဲနေသည့်အတွက် ကာမဂုဏ်ချမ်းသာသည် ပူပူလောင်လောင်ချမ်းသာဖြစ်ပြီး ညလုံးပေါက်ခံစားလျှင် ပင်ပန်းနွမ်းနယ်ငြီးငွေ့သွားသည်။ အကုသိုလ်စိတ်ဖြင့် ခံစားနေခြင်းဖြစ်၍ သေလျှင် အပါယ်လားရမည်ဖြစ်သည်။

ဗုဒ္ဓဘာသာတွင် သမထဘာဝနာကိုရှုပွားခြင်းဖြင့် ရူပါဝစရဈာန် ၅ ပါး၊ အရူပါဝစရဈာန် ၄ ပါး၊ လောကီအဘိညာဉ် ၅ ပါးတို့ကို ရနိုင်သည်။ ဈာန်ချမ်းသာသည် စွမ်းအားပြည့်သည့် ဈာန်အင်္ဂါ – ပီတိ, သုခတို့ဖြစ်ပြီးလျှင် ကုသိုလ်ဟိတ်များနှင့်ယှဉ်သည့်အတွက် ကာမဂုဏ်ချမ်းသာ, နတ်ချမ်းသာတို့ထက်ပင် သာလွန်၍ ဗြဟ္မာချမ်းသာနှင့်တူပါသည်။ ဈာန်သမာပတ်ဝင်စားလျှင် (၇) ရက်အထိ ဈာန်ချမ်းသာနှင့်နေရပြီး ပင်ပန်းနွမ်းနယ်ငြီးငွေ့ခြင်းမဖြစ်ဘဲ ပီတိ, သောမနဿတို့ဖြင့် ဝမ်းမြောက်ရွှင်လန်းနေသည်၊ သေလျှင်လည်း ဗြဟ္မာဖြစ်ရပြီး ဈာန်ချမ်းသာနှင့် ဆက်လက်နေနိုင်သည်။

ဝိပဿနာရှုပွားသဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တို့ကိုရလျှင်ကား လောကီဈာန်ချမ်းသာထက်များစွာသာလွန်သော အတုမရှိသည့် နိဗ္ဗာန်အမြိုက်ချမ်းသာကို ခံစားရသည်၊ မြင့်မြတ်သည့်အရိယာဘဝကိုလည်း ရရှိပြီး အပါယ်တံခါးပိတ်ကာ သေလျှင်ကောင်းရာသုဂတိဘဝသို့သာ လားရောက်ရသည်၊ ရဟန္တာဖြစ်လျှင် ပရိနိဗ္ဗာန်စံရသည်။

သို့ဖြစ်၍ ဈာန်ချမ်းသာ, မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာတို့သည် လက်ရှိလူသားတို့ခံစားနေကြသော လောကီချမ်းသာထက် များစွာသာလွန်ကောင်းမြတ်ပါသည်။

**၇၃။ ဈာန်မဂ်ဖိုလ်ချမ်းသာကိုခံစားလိုသောအမျိုးသားသည် ဘာဝနာနှစ်ရပ်ကိုအားထုတ်ရမည်ဟု အရှင်အနုရုဒ္ဓါဆရာလမ်းညွှန်ခဲ့ရာ ယင်းဘာဝနာနှစ်ရပ်ကို ဖြေဆို၍ ယင်းတို့၏အကျိုးသက်ရောက်မှု မည်သို့ခြားနားသည်ကိုလည်း ဖြေဆိုပါ။**

(၂၀၀၂၊ ဤစာအုပ် စမန ၃၉၁)

**အဖြေ** – (ဤစာအုပ်စာမျက်နှာ ၃၉၆ နံပါတ် ၃၆ နှင့် အဖြေတူပါသည်)

**၇၄။ မိမိစားသောက်သောအစာအာဟာရကို စက်ဆုပ်ရွံရှာဖွယ်အဖြစ်ရှုဆင်ခြင်လျှင် မည်သည့်ကမ္မဋ္ဌာန်းမျိုးဖြစ်သည်ကို ရေး၍ ယင်းကမ္မဋ္ဌာန်းကို မည်သို့သောပုဂ္ဂိုလ်မျိုးသာဆင်ခြင်ပွားများနိုင်သည်ကိုလည်း ဖြေဆိုပါ။** (၂၀၀၂၊ စမန ၂၂၉၊ ၂၃၁)

အဖြေ – (ဤစာအုပ်စာမျက်နှာ ၄၀၉ နံပါတ် ၆၅ နှင့်မေးခွန်းတူ အဖြေတူဖြစ်သည်)

**၇၅။ အရိယာပုဂ္ဂိုလ်သည် မိမိကိုယ်ကို အရိယာဖြစ်မှန်းသိ–မသိစိစစ်ပြ၍ မည်သည့်အဆင့်သို့ရောက်မှ သောတာပန်ဖြစ်သည်ကိုလည်း အဘိဓမ္မာသဘာဝကျ အောင်ဖြေဆိုပါ။**

(၂၀၀၂၊ အခြေပြုသင်္ဂြိုဟ် ၆၀၂၊ ၆၀၃၊ ၆၁၄)

**အဖြေ – အရိယာပုဂ္ဂိုလ်သည် မိမိကိုယ်ကို အရိယာဖြစ်မှန်းသိပါသည်။**

အကြောင်းမှာ မဂ္ဂဝီထိဖြစ်ပြီးနောက် ဘဝင်ကျ၍ ဘဝင်အစဉ်ပြတ်သည့်အခါ မိမိရသောမဂ်ကို ဆင်ခြင်သောပစ္စဝေက္ခဏာဝီထိ၊ မိမိရသည့်ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၊ နိဗ္ဗာန်ကို ဆင်ခြင်သောပစ္စဝေက္ခဏာဝီထိတို့သည် မုချဖြစ်ပါသည်။

မဂ်ကပယ်အပ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်သောပစ္စဝေက္ခဏာဝီထိနှင့် မပယ်နိုင်၍ကျန်နေသောကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိတို့ကား အချို့ပုဂ္ဂိုလ်မှာဖြစ်၍ အချို့ပုဂ္ဂိုလ်မှာမဖြစ်။

ထို့အပြင် အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့ရထားသည့်ဖိုလ်အသီးသီးကို ဖလသမာပတ်ဝင်စားနိုင်ကြသည်။ ထို့ကြောင့် မိမိကိုယ်ကို အရိယာဖြစ်မှန်းသေချာစွာသိပါသည်။

**– တရားအားထုတ်သောယောဂီသည်** သီလစောင့်ထိန်း၍ သမထ–ဝိပဿနာဘာဝနာတို့ကို ရှုပွားသွားရာတွင် ဝိပဿနာဉာဏ် ၁၀ ပါးကို ရပြီးနောက် သောတာပတ္တိမဂ္ဂဝီထိဖြစ်သောအခါ သောတာပတ္တိဖိုလ်ဖြစ်သည်နှင့်တစ်ပြိုင်နက် သောတာပန်ဖြစ်ပါသည်။ ဝိသုဒ္ဓိ (၇) ပါးတွင် ဉာဏဒဿနဝိသုဒ္ဓိအဆင့်သို့ရောက်သောအခါ သောတာပန်ဖြစ်ပါသည်။

သောတာပန်သည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ပယ်ပြီး၍ ကျန်ကိလေသာတို့၏ အပါယ် ကျစေနိုင်သောအစွမ်းသတ္တိတို့ကိုလည်း ပယ်ပြီးဖြစ်၏။ အပါယ်ရောက်ကြောင်းတရားများကို လည်း မပြုတော့၊ ကာမဘုံ၌ ၇–ကြိမ်ထက်လွန်၍လည်း ပဋိသန္ဓေမနေတော့မည့်ပုဂ္ဂိုလ် ဖြစ်၏။

**၇၆။ ကမ္မဋ္ဌာန်းပိုင်းလာ သမထနှင့်ဝိပဿနာတို့၏အဓိပ္ပါယ်ကို ကွဲပြားခြားနားအောင်ဖြေဆိုပြီးလျှင် ဗုဒ္ဓဘာသာဝင်တိုင်း အစဉ်အောက်မေ့ပွားများရမည့်တရားဆယ်ပါးကိုလည်း ဖြေဆိုပါ။** (၂၀၀၃၊ စမန ၂၂၈၊ ၂၂၉၊ သင်္ဂြိုဟ် ၅၃၈)

**အဖြေ** – (ဤစာအုပ် စာမျက်နှာ ၃၉၁ နံပါတ် ၃၀ နှင့် မေးခွန်းတူ အဖြေတူပါသည်)

**၇၇။ အောက်ပါပုဂ္ဂိုလ်များ သမထကမ္မဋ္ဌာန်းကို အားထုတ်လိုလျှင် မည်သည့်ကမ္မဋ္ဌာန်းမျိုးကို အားထုတ်ရပါသနည်း။ စရိုက်နှင့်ကမ္မဋ္ဌာန်းကိုက်ညီအောင် ဖြေဆိုပါ။ (က) နေရာတိုင်း ဒေါသခက်ထန်သူ၊ (ခ) ရတနာသုံးပါးကို အလွန်ကြည် ညိုသူ။** (၂၀၀၃၊ ၂၃၀၊ ၂၃၁)

**အဖြေ** – (က) **နေရာတိုင်း ဒေါသခက်ထန်သူသည်** ဒေါသစရိုက်ရှိသဖြင့် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော အပ္ပမညာ ၄ ပါး, နီလ, ပီတ, လောဟိတ, ဩဒါတဟူသောအဆင်းကသိုဏ်း ၄ ပါး၊ ပေါင်း ၈ ပါးသောကမ္မဋ္ဌာန်းတို့နှင့် လျော်ကပ်၏။ ဤကမ္မဋ္ဌာန်းမျိုးကို ပွားသင့်၏။

(ခ) **ရတနာသုံးပါးကို အလွန်ကြည်ညိုသူသည်** သဒ္ဓါစရိုက်ရှိသဖြင့် ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိဟူသော ကမ္မဋ္ဌာန်း ၆ ပါးနှင့် လျော်ကပ်၏။ ဤကမ္မဋ္ဌာန်းမျိုးကို အားထုတ်သင့်၏။

**၇၈။ အောက်ပါယောဂီတို့ အကျိုးရပုံချင်းခြားနားဟန်ကို စိစစ်ပြပါ။**
**(က) ထွက်လေဝင်လေရှုမှတ်နေသောယောဂီ၊**
**(ခ) မေတ္တာတရားပွားများနေသောယောဂီ၊** (၂၀၀၃၊ စမန ၂၃၂)

**အဖြေ** – (က) **ထွက်လေဝင်လေရှုမှတ်နေသောယောဂီ**သည် ရူပါဝစရပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဥ္စမဈာန်တို့ကိုရနိုင်သည်။ ရူပပဥ္စမဈာန်သည် ဝိပဿနာရှုရန်အကောင်းဆုံးအခြေခံပါဒကဈာန်ဖြစ်၏။

(ခ) **မေတ္တာတရားပွားများနေသောယောဂီသည်** ရူပါဝစရပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကိုရနိုင်သည်။ ဈာန်သမာဓိဖြင့် ၅၂၈ သွယ် မေတ္တာပွားများနေလျှင် ပြဟ္မာတို့နေထိုင်ခြင်းနှင့်တူ၏။ ထို့ကြောင့် အကျိုးရပုံချင်း ခြားနားပါသည်။

**၇၉။ မောဟစရိုက်ရှိသူ၊ ဝိတက်စရိုက်ရှိသူတို့နှင့် သင့်လျော်သောကသိုဏ်းဝန်းကိုခွဲခြား ဖြေဆို၍၊ ပြဟ္မဝိဟာရ ၄–ပါးတို့၏အာရုံကိုလည်း ဖြေဆိုပါ။** (၂၀၀၄၊ စမန ၂၂၉)

**အဖြေ** – မောဟစရိုက်ရှိသူ၊ ဝိတက်စရိုက်ရှိသူတို့နှင့် သင့်လျော်သောကသိုဏ်းဝန်း (ဤစာအုပ်စာမျက်နှာ ၄၀၃ နံပါတ် ၅၂၃ တွင် ဖြေဆိုထား၏။)

**– ပြဟ္မဝိဟာရ (၄) ပါးတို့၏အာရုံမှာ–**

မေတ္တာဘာဝနာ၏အာရုံသည် သတ္တဝါပညတ်ဖြစ်၏။
ကရုဏာဘာဝနာ၏အာရုံသည် ဒုက္ခိတသတ္တဝါပညတ်ဖြစ်၏။
မုဒိတာဘာဝနာ၏အာရုံသည် သုခိတသတ္တဝါပညတ်ဖြစ်၏။
ဥပေက္ခာဘာဝနာ၏အာရုံသည် သတ္တဝါပညတ်ဖြစ်၏။

**၈၀။ ရုပ်နာမ်ဖြစ်ပျက်ကို အဆက်မပြတ်တရစပ်ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်အားဖြစ်ပေါ် လာတတ်သော ဘေးရန်များကို ဖြေဆို၍၊ မဂ်ရခါနီးဖြစ်သော ဝိပဿနာစိတ်တို့၏ အာရုံကိုလည်းဖြေဆိုပါ။** (၂၀၀၄၊ အခြေပြုသင်ရိုးဟ် ၅၉၂၊ ၅၉၃၊ ၅၉၉)

**အဖြေ – ရုပ်နာမ်ဖြစ်ပျက်ကို** အဆက်မပြတ်တရစပ်ရှုမှတ်နေသောယောဂီပုဂ္ဂိုလ်အား ဖြစ်ပေါ်**လာတတ်သောဘေးရန်များမှာ** ဥဒယဗ္ဗယဉာဏ်သို့ရောက်သည့်အခါ ဥပက္ကိလေသ ဘေးရန်များ ဖြစ်ပေါ်လာခြင်းဖြစ်၏။

ဝိပဿနာကို ညစ်နွမ်းစေတတ်သော ဥပက္ကိလေသ ၁၀ ပါးမှာ – (၁) ဩဘာသ= ကိုယ်ရောင်ကိုယ်ဝါ၊ (၂) ပီတိ = နှစ်သက်မွေ့လျော်မှု၊ (၃) ပဿဒ္ဓိ = ငြိမ်းအေးမှု၊ (၄) အဓိမောက္ခ = သဒ္ဓါ၊ (၅) ပဂ္ဂဟ = ဝီရိယ၊ (၆) သုခ = ချမ်းသာမှု၊ (၇) ဉာဏ = ဝိပဿနာဉာဏ်၊ (၈) ဥပဋ္ဌာန = သတိ၊ (၉) ဥပေက္ခာ၊ (၁၀) နိကန္တိ = သိမ်မွေ့သောတဏှာ၊

ဤဥပက္ကိလေသ ၁၀ ပါးကား ''**ဝိပဿနာဉာဏ်၏ညစ်နွမ်းကြောင်းဘေးရန်အန္တရာယ် များ**''ဖြစ်ကြ၏။ ၎င်းတို့ကို အကြောင်းပြု၍ သာယာမှု = တဏှာ၊ အထင်ကြီးမှု = မာန၊ ငါဟုစွဲလမ်းမှု = ဒိဋ္ဌိတို့ဖြစ်ပေါ်ကြ၏။ တဏှာ, မာန, ဒိဋ္ဌိတို့ကား ကိလေသာများဖြစ်၍ ဝိပဿနာကို ညစ်နွမ်းစေတတ်သောဘေးရန်အစစ်တည်း။

(နံပါတ် ၅၈ အဖြေနှင့်တိုက်ကြည့်ပါ။)

– မဂ်ရခါနီးဖြစ်သော ဝိပဿနာစိတ်တို့၏အာရုံအသီးသီးမှာ–

ပရိကမ်, ဥပစာ, အနုလုံ = အနိစ္စ, ဒုက္ခ, အနတ္တတို့တွင် တစ်ပါးပါး၊

ဂေါတြဘုစိတ်၏အာရုံမှာ နိဗ္ဗာန်ဖြစ်ပါသည်။

**၈၁။ ရဟန္တာများကေန်ဆင်ခြင်သောပစ္စဝေက္ခဏာဝီထိနှင့် အနေကန်ဆင်ခြင်သောပစ္စ ဝေက္ခဏာဝီထိတို့ကိုဖြေဆို၍၊ ၎င်းရဟန္တာများ၏ဂုဏ်ထူးဝိသေသကိုလည်း ဖြေဆိုပါ။**

(၂၀၀၄၊ အခြေပြုသင်္ဂြိုဟ် ၆၀၂၊ ၆၀၃၊ ၆၁၇)

**အဖြေ** – ရဟန္တာများ ကေန်နှင့်အနေကန်ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများ

(ဤစာအုပ်စာမျက်နှာ ၄၀၅ နံပါတ် ၅၆ တွင် ဖြေဆိုထား၏)

– **ရဟန္တာများ၏ဂုဏ်ထူးဝိသေသမှာ** – ကိလေသာကင်းစင်သဖြင့် သန့်ရှင်းသောစိတ်အစဉ် ရှိသည့် ရဟန္တာအရှင်သည် လှူဒါန်းပူဇော်သမျှ၌ အကျိုးများစွာရစေနိုင်သောကြောင့် ''အမြတ်ဆုံးအလှူခံပုဂ္ဂိုလ် = အဂ္ဂဒက္ခိဏေယျပုဂ္ဂိုလ်'' ဟူသော ဂုဏ်ထူးဝိသေသဖြစ်၏။

**၈၂။ ယောဂီသူတော်စင်များအားထုတ်ကြသော ကမ္မဋ္ဌာန်းတရားများကို အကျဉ်းမာတိကာ အားဖြင့် ရေတွက်ပြ၍၊ ဗုဒ္ဓဘာသာဝင်တိုင်း အစဉ်အောက်မေ့ပွားများရမည့် တရား ၁၀ ပါးကိုလည်းဖြေဆိုပါ။** (၂၀၀၅၊ စမန ၁၂၆၊ ၂၂၈၊ ၂၂၉)

**အဖြေ – ယောဂီများအားထုတ်ကြသော ကမ္မဋ္ဌာန်းတရားများ**ကို အကျဉ်းမာတိကာအားဖြင့် ရေတွက်သော်–

(၁) ကသိုဏ်း ၁၀ ပါး၊ (၂) အသုဘကမ္မဋ္ဌာန်း ၁၀ ပါး၊ (၃) အနုဿတိ ၁၀ ပါး၊ (၄) အပ္ပမညာ ၄ ပါး၊ (၅) အာဟာရေပဋိကူလသညာ ၁ ပါး၊ (၆) စတုဓာတုဝဝတ္ထာန် ၁ ပါး၊ (၇) အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါး၊ ပေါင်း–သမထကမ္မဋ္ဌာန်း ၄၀ ဖြစ်သည်။

ဝိပဿနာကမ္မဋ္ဌာန်းမှာ – အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာရေးသုံးပါးဖြစ်သည်။

– **ဗုဒ္ဓဘာသာဝင်တိုင်း အစဉ်အောက်မေ့ပွားများရမည့်တရား ၁၀ ပါးမှာ** – ဗုဒ္ဓါနုဿတိ၊

ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ မရဏာနုဿတိ၊ ကာယဂတာသတိ၊ အာနာပါနဿတိဟူသော အနုဿတိ ၁၀ ပါးဖြစ်ပါသည်။

**၈၃။ ယောဂီသူတော်စဉ်များအားထုတ်ကြသော ကမ္မဋ္ဌာန်းတရားတို့တွင်–**
**(က) ပုဂ္ဂိုလ်တစ်ယောက်စီသာဆိုင်သော ကမ္မဋ္ဌာန်း**
**(ခ) ပုဂ္ဂိုလ်အများဆိုင်သောကမ္မဋ္ဌာန်းတရားတို့ကို ခွဲခြားပြပါ။**
(၂၀၀၅၊ စမန ၂၃၀၊ ၂၃၁)

**အဖြေ** – (က) **ပုဂ္ဂိုလ်တစ်ယောက်စီသာဆိုင်သော ကမ္မဋ္ဌာန်းများမှာ –**
နီလ, ပီတ, လောဟိတ, ဩဒါတဟူသော အဆင်းကသိုဏ်း ၄ ပါး၊ အသုဘ ၁၀ ပါး၊
အနုဿတိ ၁၀ ပါး၊ အပ္ပမညာခေါ် ဗြဟ္မာဝိဟာရ ၄ ပါး၊
အာဟာရေပဋိကူလသညာ ၁ ပါး၊ စတုဓာတုဝဝတ္ထာန် ၁ ပါး၊
ပေါင်း – ကမ္မဋ္ဌာန်း ၃၀ ဖြစ်ပါသည်။

**(ခ) ပုဂ္ဂိုလ်အများဆိုင်သောကမ္မဋ္ဌာန်းတရားတို့မှာ –** ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောကကသိုဏ်း၊ အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါး၊ ပေါင်း – ကမ္မဋ္ဌာန်း ၁၀ ပါးဖြစ်ပါသည်။

**၈၄။ ဈာန်တရားကို ရစေနိုင်သော ကမ္မဋ္ဌာန်းတရားတို့တွင်–**
**(က) ပထမဈာန်ကိုသာ ရစေနိုင်သော ကမ္မဋ္ဌာန်း၊**
**(ခ) ပဉ္စမဈာန်ကိုသာ ရစေနိုင်သော ကမ္မဋ္ဌာန်းတို့ကိုဖော်ပြပါ။** (၂၀၀၅၊ စမန ၂၃၂)

**အဖြေ** – (က) ပထမဈာန်ကိုသာ ရစေနိုင်သောကမ္မဋ္ဌာန်းများမှာ–
အသုဘကမ္မဋ္ဌာန်း ၁၀ ပါးနှင့် ကာယဂတာသတိကမ္မဋ္ဌာန်းဟူ၍ ကမ္မဋ္ဌာန်း ၁၁ ပါးဖြစ်သည်။
(ခ) ပဉ္စမဈာန်ကိုသာရစေနိုင်သောကမ္မဋ္ဌာန်းမှာ ဥပေက္ခာဘာဝနာ ၁ ပါးသာဖြစ်ပါသည်။

**၈၅။ မဂ်ကိစ္စ ၁၆ ချက်ကိုရေတွက်ပြ၍၊ နိရောဓသမာပတ်ဝင်စားနိုင်သောပုဂ္ဂိုလ်တို့ကိုလည်း ဖြေဆိုပါ။** (၂၀၀၅၊ စမန ၂၅၂၊ ၁၁၃၊ သင်္ဂြိုဟ် ၆၀၁)

**အဖြေ – မဂ်ကိစ္စ ၁၆ ချက်ကိုရေတွက်ပြရသော်** – မဂ်တရားတစ်ပါးစီသည်
(၁) ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း (ပရိညာကိစ္စ)
(၂) သမုဒယသစ္စာကိုပယ်ခြင်း (ပဟာနကိစ္စ)
(၃) နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း (သစ္ဆိကရဏကိစ္စ)
(၄) မဂ္ဂသစ္စာကို ပွားများ၍ဖြစ်ပေါ်လာစေခြင်း (ဘာဝနာကိစ္စ)ဟူသော
မဂ်ကိစ္စ ၄ ချက်ကို တစ်ပြိုင်နက်ပြီးစေ၏၊ မဂ် ၄ ပါးဖြင့် မြှောက်ပွားသော်မဂ်ကိစ္စ ၁၆ ချက်ဖြစ်ပါသည်။

**– နိရောဓသမာပတ်ဝင်စားနိုင်သောပုဂ္ဂိုလ်တို့မှာ–**
ဈာန်သမာပတ် ၈ ပါး သို့မဟုတ် ၉ ပါးရပြီးသော အနာဂါမ်များနှင့် ရဟန္တာများဖြစ်ပါသည်။

**၈၆။ ယခုခေတ်တွင် အကြားအမြင်ရသည်ဟု ပြောဆိုနေကြသောသူတို့သည် "ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတအဘိညာဉ်ရရှိသော ပုဂ္ဂိုလ်များ ဖြစ်နိုင်/မဖြစ်နိုင် အဘိညာဉ်ဖြစ်ပုံကိုရှေးရှု၍ ဆုံးဖြတ်ခဲ့ပါ။** (၂၀၀၆၊ စမန ၂၃၇၊ သင်္ဂြိုဟ် ၅၇၈)

**အဖြေ** – (ဤစာအုပ်စာမျက်နှာ ၃၈၁ နံပါတ် ၁၃ နှင့်မေးခွန်းတူ အဖြေတူပါသည်)

**၈၇။ ယောဂီပုဂ္ဂိုလ်များ ဝိပဿနာတရားအားထုတ်ရာ၌ ဖြစ်လေ့ရှိသောအန္တရာယ်များကို ဖော်ပြ၍ မဂ်ရပြီးသောပုဂ္ဂိုလ်–ဖိုလ်စိတ်ဖြစ်ရန် အားထုတ်ဖို့လိုမလိုကိုလည်းအဘိဓမ္မာ အမြင်ဖြင့်ဆုံးဖြတ်ပါ။** (၂၀၀၆၊ စမန ၂၄၈၊ သင်္ဂြိုဟ် ၅၉၄၊ ၆၀၄)

**အဖြေ** – ယောဂီပုဂ္ဂိုလ်များ ဝိပဿနာတရားအားထုတ်ရာ၌ ဖြစ်လေ့ရှိသောအန္တရာယ် များမှာ–

(ဤစာအုပ်စာမျက်နှာ ၄၀၄ နံပါတ် ၈၀ ပထမပိုင်းအဖြေနှင့်တူပါသည်)

**– မဂ်ရပြီးသောပုဂ္ဂိုလ်သည် ဖိုလ်စိတ်ဖြစ်ရန် အားထုတ်ဖို့မလိုပါ။** အဘိဓမ္မာအမြင်ဖြင့် ဆုံးဖြတ်ရသော် မဂ္ဂဝီထိ၌–

(မန္ဒပညာ၏မဂ်ဝီထိ) "န–ဒ–မ–ပ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–ဘဝင်

ပရိကမ်(ပ), ဥပစာ(ပ), အနုလုံ(နု) စိတ်တို့နှင့်ယှဉ်သောဉာဏ်ကို အနုလောမဉာဏ်ဟုခေါ် ၏၊ အနုလောမဉာဏ်သည် ဝိပဿနာအထွတ်အထိပ်ဉာဏ်ဖြစ်၍ လက္ခဏာရေးသုံးပါးကို အာရုံပြု၏။ ဉာဏဒဿနစခန်းသို့ရောက်သော မဂ်စိတ်, ဖိုလ်စိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကြသဖြင့် သင်္ခါရတရား၌ အနိစ္စ, ဒုက္ခ, အနတ္တဟုမရှုသောကြောင့် ဝိပဿနာအား ထုတ်မှုတို့ မလိုတော့ပါ။

မဂ်စိတ်သည် လောကုတ္တရာကုသိုလ်စိတ်ဖြစ်၏၊ ဖိုလ်စိတ်သည် လောကုတ္တရာဝိပါက်စိတ် ဖြစ်၏၊ မဂ်စိတ်ဖြစ်၍ချုပ်သည်နှင့်တစ်ပြိုင်နက် ဖိုလ်စိတ်သည် လောကုတ္တရာကုသိုလ်၏ အကာလိကော = အခါမလပ်အကျိုးပေးမှုကြောင့် ဖြစ်ပေါ်လာတော့၏။ မဂ်စိတ်ချုပ်သည်နှင့် တစ်ပြိုင်နက် ချက်ချင်းဖိုလ်စိတ်ဖြစ်ပါသည်။

သို့အတွက် မဂ်ရပြီးသောပုဂ္ဂိုလ်သည် ဖိုလ်စိတ်ဖြစ်ရန်အားထုတ်ဖို့မလိုပါ။

**၈၈။ အရိယာပုဂ္ဂိုလ်သည် မိမိကိုယ်ကို အရိယာဖြစ်မှန်း သိနိုင်–မသိနိုင် အဘိဓမ္မာအမြင်ဖြင့် ဆုံးဖြတ်၍ နိရောဓသမာပတ်ဝင်စားနိုင်သောပုဂ္ဂိုလ်တို့ကိုလည်း ဖော်ပြခဲ့ပါ။** (၂၀၀၆၊ အခြေပြုသင်္ဂြိုဟ် ၆၀၂၊ ၆၀၃)

**အဖြေ – အရိယာပုဂ္ဂိုလ်သည် မိမိကိုယ်ကို အရိယာဖြစ်မှန်းသိပါသည်။**

အကြောင်းမှာ – (ဤစာအုပ်စာမျက်နှာ ၄၁၂ နံပါတ် ၇၄ တွင် ဖြေပြထား၏)

**– ဈာန်သမာပတ် ၈ ပါး (စတုက္ကနည်း) သို့မဟုတ် ၉ ပါး (ပဉ္စကနည်း)** ရသောအနာဂါမ် များနှင့် ရဟန္တာများသည် နိရောဓသမာပတ်ဝင်စားနိုင်ကြသည်။

**၈၉။ "အဘယ်သို့သောတရားကို ပယ်မှ သောတာပန်ပုဂ္ဂိုလ်ဟုခေါ်ဆိုထိုက်ပါသနည်း။ ယင်းသောတာပန်ပုဂ္ဂိုလ်၏ပဋိသန္ဓေနေခွင့်ရှိသော အကြိမ်အရေအတွက်ကို ဖော်ပြ၍**

**သောတာပန်ပုဂ္ဂိုလ်သေလျှင် အပါယ်ဘုံသို့ ရောက်နိုင်-မရောက်နိုင်ကိုလည်းအကြောင်း ပြဆုံးဖြတ်ခဲ့ပါ။** (၂၀၀၆၊ အခြေပြုသင်္ဂြိုဟ် ၆၁၄၊ ၆၁၅)

**အဖြေ – သောတာပတ္တိမဂ်ဖြင့်** ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာဟူသော ကိလေသာ ၂ ပါးကို အကြွင်းအကျန်မရှိအောင်ပယ်၏။ ဥဒ္ဓစ္စမှတစ်ပါးသော ကျန်ကိလေသာများကိုကား အပါယဂါမနီယသတ္တိ(အပါယ်ချရန် ရှန့်ရင်းသောသတ္တိ)လောက်ကိုသာ ပယ်သေး၏။ အကုသိုလ်စိတ် ၁၂ ပါးတွင် လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါးနှင့် မောဟမူဝိစိကိစ္ဆာသမ္ပယုတ်စိတ်တို့ကို အကြွင်းမရှိပယ်၏။ ဥဒ္ဓစ္စကား အပါယ်မချနိုင်သဖြင့် ဥဒ္ဓစ္စသမ္ပယုတ်စိတ်ကို မတို့သေး။ ကြွင်းသောအကုသိုလ်စိတ် ၆ ပါး၏အပါယ်ချနိုင်သောအစွမ်းသတ္တိကိုကား ဖယ်ရှားပြီးလေပြီ၊ ဤသို့ အကုသိုလ်တရားတို့ကို ပယ်မှ သောတာပန်ပုဂ္ဂိုလ်ဟုခေါ်ဆိုထိုက်၏။

**– ယင်းသောတာပန်ပုဂ္ဂိုလ်၏ ပဋိသန္ဓေနေခွင့်ရှိသောအကြိမ်အရေအတွက်မှာ–**

(၁) ဧကဗီဇီသောတာပန်အတွက် ကာမဘုံ၌ ၁ ကြိမ် (၁ ကြိမ်ပဋိသန္ဓေနေပြီး ရဟန္တာဖြစ်၏)

(၂) ကောလံကောလသောတာပန်အတွက် ကာမဘုံ၌ ၂ ကြိမ်မှ ၆ ကြိမ်အထိ ပဋိသန္ဓေနေနိုင်၏။

(၃) သတ္တက္ခတ္တုပရမသောတာပန်အတွက် ကာမဘုံ၌ (၇)ကြိမ် ပဋိသန္ဓေနေပြီး ရဟန္တာဖြစ်၏။ သောတာပန်သည် ဗြဟ္မာဘုံ၌ကား (၇)ကြိမ်ထက်ပို၍ ပဋိသန္ဓေနေသေး၏။

**– သောတာပန်သေလျှင်အပါယ်ဘုံသို့ မရောက်နိုင်ပါ။** အကြောင်းမှာ ကျန်နေသေးသော ကိလေသာများ၏ အပါယဂါမနီယသတ္တိကို သောတာပတ္တိမဂ်က ပယ်ပြီးဖြစ်သောကြောင့်တည်း။ သောတာပန်ပုဂ္ဂိုလ်သည် အပါယ်ရောက်ကြောင်း အကုသိုလ်ကံများကိုလည်း မပြုလုပ်တော့ပါ။

**၉၀။ '' ငါးအာရုံ ဘင်စု ခင်မှုနှင့်နေကုန်'' ဆိုသလို ကာမဂုဏ်လိုက်စားနေသောရာဂဝေဒနာရှင်အား တိုက်ကျွေးရမည့် ကမ္မဋ္ဌာန်းဆေးများကို ဖော်ပြ၍၊ မြတ်ဗုဒ္ဓချမှတ်ခဲ့သော အာနာပါနကမ္မဋ္ဌာန်းလမ်းစဉ်လိုက်စားလျှင် မည်သို့သောစျာန်ထူးများ ရနိုင်သည်ကိုလည်း ဖြေဆိုပါ။** (၂၀၀၇၊ စမန ၂၃၀၊ ၂၃၂)

**အဖြေ** – ကာမဂုဏ်လိုက်စားနေသော ရာဂဝေဒနာရှင်အား တိုက်ကျွေးရမည့်ကမ္မဋ္ဌာန်းဆေးများကား ရာဂစရိုက်ရှိသူတို့နှင့်လျော်ကပ်သော အသုဘကမ္မဋ္ဌာန်း ၁၀ ပါးနှင့် ကာယဂတာသတိကမ္မဋ္ဌာန်းတို့ကို ရှုပွားစေခြင်းဖြစ်၏။

**– မြတ်ဗုဒ္ဓချမှတ်ခဲ့သော အာနာပါနကမ္မဋ္ဌာန်းလမ်းစဉ်လိုက်စားလျှင်** – ရူပါဝစရပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန်ထူးများကို ရနိုင်ပါသည်။

**၉၁။ ပုထုဇဉ်နှင့်အရိယာလူတန်းစားခွဲခြားပေးသော ဂေါတြဘုတရား၏အာရုံ လုပ်ဆောင်ချက်တို့ကို စိစစ်ပြ၍၊ ပစ္စဝေက္ခဏာဉာဏ် ၁၉ တန်ကိုလည်း သိသာရုံမျှရေးသား ဖြေဆိုပြပါ။** (၂၀၀၇၊ စမန ၂၅၂၊ အခြေပြုသင်္ဂြိုဟ် ၆၀၀)

**အဖြေ – ပုထုဇဉ်နှင့်အရိယာခွဲခြားပေးသော ဂေါတြဘုတရား၏အာရုံ** = နိဗ္ဗာန်၊ **ဂေါတြဘူ၏လုပ်ဆောင်ချက်ကား –**

(၁) မဂ်ရှေ့က နိဗ္ဗာန်ကိုအာရုံပြု၍ နိဗ္ဗာန်ကိုညွှန်ပြသောကြောင့် ဂေါတြဘုစိတ်သည် မဂ်ဇော ဖိုလ်ဇော၏ရှေ့သွားဖြစ်သော အာဝဇ္ဇန်းနှင့် တူ၏။

(၂) ဂေါတြဘုစိတ်ချုပ်ပြီးနောက် မဂ်စိတ်ဖြစ်၍ အရိယာအနွယ်ရောက်သဖြင့် ဂေါတြဘုစိတ်သည် ပုထုဇဉ်အနွယ်ကိုလွှမ်းမိုး (ကျော်လွန်) သောတရားဖြစ်၏။

(၃) ဂေါတြဘုစိတ်သည် ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကိုဖြစ်စေသဖြင့် အရိယာအနွယ်သို့လည်း ''ရောက်သည်မည်၏၊ ''ရောက်'' ဟူသည် ''ဖြစ်စေခြင်း''ပင်တည်း။

**– ပစ္စဝေက္ခဏာဉာဏ် ၁၉ တန်ဟူသည်ကား–**

(၁) သောတာပတ္တိမဂ္ဂဝီထိနောင် မဂ်, ဖိုလ်, နိဗ္ဗာန်, ပယ်ကိလေသာ, ကျန်ကိလေသာ အသီးသီးကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ၅ ဝီထိ ဖြစ်၏။

(၂) သကဒါဂါမိမဂ္ဂဝီထိနောင် အလားတူ ပစ္စဝေက္ခဏာ ၅ ဝီထိ ဖြစ်၏။

(၃) အနာဂါမိမဂ္ဂဝီထိနောင် အလားတူ ပစ္စဝေက္ခဏာ ၅ ဝီထိ ဖြစ်၏။

(၄) အရဟတ္တမဂ္ဂဝီထိနောင် ကျန်ကိလေသာမဆင်ခြင်၍ပစ္စဝေက္ခဏာ ၄ ဝီထိ ဖြစ်၏။

စုစုပေါင်း – ပစ္စဝေက္ခဏာ ၁၉ ဝီထိ (ဝါ) ပစ္စဝေက္ခဏာဉာဏ် ၁၉ တန်ဖြစ်ပါသည်

**၉၂။ နှလုံးသားဝယ် ဘုရားတည်ဟု ဆိုသည့်အတိုင်း နှလုံးသားဝယ် (ဗုဒ္ဓါနုဿတိပွားများရုံ) သက်သက်ဖြင့် ဈာန်တရား, မဂ်တရားများ ရနိုင်/မရနိုင် အကြောင်းပြဖြေဆို၍ ဥဂ္ဂဟနိမိတ်၏သဘောအဓိပ္ပါယ်ကိုလည်း ရေးသားဖြေဆိုပြပါ။**

(၂၀၀၇၊ စမန ၂၃၃၊ အခြေပြုသင်္ဂြိုဟ် ၅၆၁၊ ၅၆၄)

**အဖြေ – နှလုံးသားဝယ် ဘုရားတည် (ဗုဒ္ဓါနုဿတိပွားများရုံ) သက်သက်ဖြင့်** ဈာန်တရား, မဂ်တရားများမရနိုင်ပါ။

အကြောင်းမှာ ဗုဒ္ဓါနုဿတိ၏အာရုံသည် ဘုရားဂုဏ်တော်ဖြစ်၍ ရှုပွားရန်ခက်ခဲနက်နဲ၏။ မူလစီးဖြန်းကတည်းက ဘုရားဂုဏ်တော်ကို စိတ်ဖြင့်မှန်း၍စီးဖြန်းရသောကြောင့် ဘယ်အခါ၌ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်ဖြစ်ပေါ်သည်ကို ခွဲခြား၍မရ၊ ဂုဏ်တော်များမထင်ရှားသေးခင် ပရိကမ္မနိမိတ်, အတော်ထင်ရှားသည့်အခါ ဥဂ္ဂဟနိမိတ်ဟု အမှန်းအတားလောက်သာ ခွဲခြားနိုင်၏။ ထိုနိမိတ် ၂ ပါးကို မုချရသည်ဟုမဆိုရပါ၊ ပရိယာယ်အားဖြင့် ရကောင်းသည်ဟု ဆိုရ၏၊ ပဋိဘာဂနိမိတ်ကား မရနိုင်ပါ။

သို့အတွက် ဗုဒ္ဓါနုဿတိရှုပွားရာတွင် ဥပစာရသမာဓိသာရနိုင်ပြီး အပ္ပနာသမာဓိကို မရနိုင်ပါ။ ထို့ကြောင့် ဈာန်တရားကို မရနိုင်ပါ။

ဗုဒ္ဓါနုဿတိရှုပွားနေရုံဖြင့် သမထဘာဝနာသာဖြစ်ပြီး ဝိပဿနာဘာဝနာမဖြစ်ပါ။ ဝိပဿနာဉာဏ်များလည်း မဖြစ်နိုင်ပါ။ ထို့ကြောင့် မဂ်တရားကိုလည်း မရနိုင်ပါ။

– **ဥဂ္ဂဟနိမိတ်**ဟူသည်မှာ စိတ်ဖြင့်မှန်း၍ယူအပ်သောအာရုံတည်း၊ ကသိုဏ်းဝန်းစသည့် ပရိကမ္မနိမိတ်ကို ပရိကမ္မဘာဝနာဖြင့်ရှုပွား၍ သမာဓိရလာသဖြင့် မျက်စိမှိတ်လျက် ဆင်ခြင်သောအခါ နိမိတ်သည် မျက်စိဖြင့်တိုက်ရိုက်မြင်နေရသကဲ့သို့ စိတ်တွင် ထင်ထင်ရှားရှား ပေါ်လာ၏။ ထိုနိမိတ်ကို ဥဂ္ဂဟနိမိတ်ဟုခေါ်၏။ ဥဂ္ဂဟနိမိတ်သည် ပရိကမ္မဘာဝနာ၏အာရုံ

ပင်ဖြစ်သေး၏။

**၉၃။ သံသရာခရီးကြမ်းမှ လွတ်မြောက်ဖို့ရည်မှန်းပြီး အဖြစ်အပျက်ကို အဖန်ဖန်ရှုနေသော ယောဂီပုဂ္ဂိုလ်သူတော်စင်သန္တာန်၌ ရံဖန်ရံခါပေါ်လာတတ်သော ဝိပဿနာ ဘေးရန်တို့ကို အစစ်အတုအားဖြင့် ခွဲခြားပြ၍၊ နိရောဓသမာပတ်ဝင်စားနိုင်သော ပုဂ္ဂိုလ်တို့ကိုလည်း အပိုအလိုမရှိရေးသားပါ။** (၂၀၀၇၊ စမန ၂၄၈၊ ၂၄၉၊ ၁၁၃)

**အဖြေ** – ရုပ်နာမ်အဖြစ်အပျက်ကို အဖန်ဖန်ရှုဆင်ခြင်သောယောဂီသန္တာန်၌ ဥဒယဗ္ဗယဉာဏ် သို့ရောက်သော် အောက်ပါဥပက္ကိလေသ ၁၀ ပါးဖြစ်ပေါ်လာတတ်၏–

(၁) ဩဘာသ = ကိုယ်ရောင်ကိုယ်ဝါ၊ (၂) ပီတိ = နှစ်သက်မွေ့လျော်မှု၊ (၃) ပဿဒ္ဓိ = ငြိမ်းအေးမှု၊ (၄) အဓိမောက္ခ = သဒ္ဓါတရား၊ (၅) ပဂ္ဂဟ = ဝီရိယ၊ (၆) သုခ = ချမ်းသာ သောခံစားမှု၊ (၇) ဉာဏ = သွက်လက်သောဝိပဿနာဉာဏ်၊ (၈) ဥပဋ္ဌာန = စွဲမြဲသော သတိ၊ (၉) ဥပေက္ခာ = ဗျာပါရမများဘဲရှုစားတတ်မှု၊ (၁၀) နိကန္တိ = သိမ်မွေ့သောတဏှာ။

ဩဘာသမှစ၍ ဥပေက္ခာအထိ ဥပက္ကိလေသ ၉ ပါးသည် အကုသိုလ်တရားများမဟုတ်သော ကြောင့် ဘေးရန်အစစ်မဟုတ်၊ ဝိပဿနာ၏ဘေးရန်အတုသာဖြစ်၏။

နိကန္တိဟူသော သိမ်မွေ့သောတဏှာသည် ကိလေသာဖြစ်၍ ဝိပဿနာ၏ဘေးရန်အစစ် ဖြစ်၏။ သို့ရာတွင် ပရိယတ်၌မကျွမ်းကျင်ကြသော အချို့သောယောဂီတို့သည် ''ငါ့မှာ ရှေးက ဤသို့သောကိုယ်ရောင်ကိုယ်ဝါ မထွက်စဖူး၊ မဂ်စိတ်ဖိုလ်စိတ်ကဖြစ်စေသော အရောင် အဝါဖြစ်လိမ့်မည်၊ ငါသည် မဂ်ဖိုလ်ရပြီဟူ၍လည်းကောင်း၊ ''ငါ့မှာ ရှေးကဤသို့သော ပီတိ, ပဿဒ္ဓိစသည်တို့မဖြစ်စဖူး၊ ငါသည် မဂ်ဖိုလ်ရပြီ''ဟူ၍လည်းကောင်း အထင်မှား၍ ဝိပဿနာလမ်းလွဲကာ သာယာမှု–တဏှာ၊ အထင်ကြီးမှု–မာန၊ ငါဟုစွဲလမ်းမှု–ဒိဋ္ဌိတို့ ဖြစ်ကုန်၏။ ထိုတဏှာ, မာန, ဒိဋ္ဌိတို့ကား ဝိပဿနာညစ်နွမ်းစေတတ်သော ဘေးရန်အစစ် တည်း။

ထိုတဏှာ, မာန, ဒိဋ္ဌိတို့သည် ထိုဩဘာသ, ပီတိ, ပဿဒ္ဓိစသည်တို့ကို စွဲ၍ဖြစ်သော ကြောင့် လူမိုက်အားပေးဆိုသလို ထိုဩဘာသ, ပီတိ , ပဿဒ္ဓိစသည်တို့ကိုလည်း ဖလူပစာ အားဖြင့် ဝိပဿနာညစ်နွမ်းကြောင်းဘေးရန်ဟုဆိုရ၏။

– ဈာန်သမာပတ် ၈ ပါး (စတုက္ကနည်း) သို့မဟုတ် ၉ ပါး (ပဉ္စကနည်း) ရပြီးသောအနာဂါမ် များနှင့် ရဟန္တာများတို့သာ နိရောဓသမာပတ်ဝင်စားနိုင်ကြပါသည်။

**၉၄။ သံသရာဝဋ်ဆင်းရဲ ဒုက္ခအပေါင်းမှ လွတ်မြောက်ဖို့ရန်အတွက် ပုဂ္ဂိုလ်မရွေး စီးဖြန်း နိုင်သောကမ္မဋ္ဌာန်းများကို ဖော်ပြ၍၊ အာနာပါနကမ္မဋ္ဌာန်းနည်းသည် မည်သည့်ပုဂ္ဂိုလ် အား သင့်လျော်လျောက်ပတ်ပါသနည်း၊ ရေးသားပြပါ။** (၂၀၀၈၊ စမန ၂၃၁)

**အဖြေ – ပုဂ္ဂိုလ်မရွေး စီးဖြန်းနိုင်သောကမ္မဋ္ဌာန်းများမှာ**– ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊

တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောကကသိုဏ်း၊ အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါး၊ ပေါင်း – ကမ္မဋ္ဌာန်း ၁၀ ပါးဖြစ်ပါသည်။

– **အာနာပါနကမ္မဋ္ဌာန်းနည်းသည်** ဝိတက်စရိုက်ရှိသူများနှင့် မောဟစရိုက်ရှိသူများတို့အား သင့်လျော်လျောက်ပတ်ပါသည်။

**၉၅။ လောကမှာ လူတစ်ကိုယ် စရိုက်တစ်မျိုးလို့ အဆိုရှိရာ ကမ္မဋ္ဌာန်းနည်းအားဖြင့် စရိုက်အမျိုးအစားမည်မျှရှိသည်ကို ဖော်ပြ၍ မြင့်မြတ်သောပုဂ္ဂိုလ်တို့ အမြဲလက်ကိုင်ပြု၍ ကျင့်သုံးနေထိုင်သောတရားတို့ကိုလည်း ရေးသားဖြေဆိုပါ။**

(၂၀၀၈၊ စမန ၂၃၀)

**အဖြေ – ကမ္မဋ္ဌာန်းနည်းအားဖြင့်စရိုက်အမျိုးအစား ၆ မျိုးရှိပါသည်။** ၎င်းတို့မှာ–

(၁) **ရာဂစရိုက်** – တဏှာလောဘလွန်ကဲသောအမူအကျင့်၊ လောကီအာရုံကာမဂုဏ်များကို မရက်မကြောက်လိုက်စား၏။

(၂) **ဒေါသစရိုက်** – အမျက်ဒေါသလွန်ကဲသောအမူအကျင့်၊ နေရာတကာတွင်ရှုံ့ရှုံ့ရှဲ့ရှဲ့ အမြဲစိတ်တို၏။

(၃) **မောဟစရိုက်** – မသိတွေဝေမှုမောဟလွန်ကဲသောအမူအကျင့်၊ ထိုင်းမှိုင်းဖျင်းအပြီး တွေဝေငေးမောနေလေ့ရှိ၏။

(၄) **သဒ္ဓါစရိုက်** – ရတနာသုံးပါးကိုကြည်ညိုသည့် သဒ္ဓါလွန်ကဲသောအမူအကျင့်၊

(၅) **ဗုဒ္ဓိစရိုက်** – (ဝါ) ပညာစရိုက် – အသိဉာဏ်ပညာလွန်ကဲသောအမူအကျင့်၊ ထက်မြက်သောဉာဏ်ပညာဖြင့်အရာရာကို စဉ်းစားဆင်ခြင်လေ့ရှိ၏။

(၆) ဝိတက်စရိုက် – စိတ်ကူးကြံစည်မှုလွန်ကဲသည့်အမူအကျင့်တို့ ဖြစ်ပါသည်။

**– မြင့်မြတ်သောပုဂ္ဂိုလ်တို့ အမြဲလက်ကိုင်ပြု၍ ကျင့်သုံးနေထိုင်သောတရားတို့မှာ–** မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရား ၄ ပါးနှင့် အနုဿတိတရား ၁၀ ပါးတို့ဖြစ်ပါသည်။

**၉၆။ မဂ်, ဖိုလ်, နိဗ္ဗာန်ရရှိရန် နည်းလမ်းမှန်ဖြစ်သော ဝိပဿနာတရားပွားများအားထုတ်နေသည့် ယောဂီပုဂ္ဂိုလ်သည် မိမိကိုယ်မိမိသောတာပန်ဖြစ်–မဖြစ် သိနိုင်/မသိနိုင်ကို ဆုံးဖြတ်ပြ၍ စတုပါရိသုဒ္ဓိသီလကိုလည်း ရေတွက်ပြခဲ့ပါ။**

(၂၀၀၈၊ စမန ၂၃၈၊ ၂၅၂၊ ၂၄၀)

**အဖြေ** – ဝိပဿနာတရားရှုပွားအားထုတ်နေသည့်ယောဂီပုဂ္ဂိုလ်သည် မိမိကိုယ်မိမိ သောတာပန်ဖြစ်–မဖြစ် သိနိုင်ပါသည်။

အကြောင်းမှာ – ဝိပဿနာတရားပွားများအားထုတ်ရာတွင် သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် စသည်ဖြင့် ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့်တက်၍ အနုလောမဉာဏ်သို့ ရောက်သည့်အခါ သောတာပတ္တိမဂ္ဂဝီထိဖြစ်ပါသည်။ ထိုမဂ္ဂဝီထိဖြစ်ပြီးနောက် ဘဝင်ကျ၍ ဘဝင်အစဉ်ပြတ် သည့်အခါ မိမိရသည့်သောတာပတ္တိမဂ်ကို ဆင်ခြင်သောပစ္စဝေက္ခဏာဝီထိ၊ သောတာပတ္တိဖိုလ် ကိုဆင်ခြင်သည့် ပစ္စဝေက္ခဏာဝီထိ၊ နိဗ္ဗာန်ကိုဆင်ခြင်သည့်ပစ္စဝေက္ခဏာ

ဝီထိတို့သည် မှုချဖြစ်ပါသည်။

သောတာပတ္တိမဂ်က ပယ်အပ်ပြီးသောဒိဋ္ဌိ၊ ဝိစိကိစ္ဆာကိလေသာတို့ကို ဆင်ခြင်သောပစ္စဝေက္ခဏာဝီထိ၊ မပယ်နိုင်၍ ကျန်နေသောကိလေသာတို့ကိုဆင်ခြင်သည့်ပစ္စဝေက္ခဏာဝီထိတို့ကား အချို့ပုဂ္ဂိုလ်၌ဖြစ်၍ အချို့ပုဂ္ဂိုလ်၌ မဖြစ်ပါ။

ထို့အပြင် သောတာပန်ပုဂ္ဂိုလ်သည် မိမိရထားသည့်သောတာပတ္တိ ဖလသမာပတ်ကို အလိုရှိသလောက်ဝင်စား၍ နိဗ္ဗာန်ချမ်းသာကို ခံစားနိုင်သည်။

အထက်ပါအချက်နှင့်ပြည့်စုံလျှင် မိမိသောတာပန်ဖြစ်ကြောင်း သေသေချာချာ သိရသည်။ အထက်ပါအချက်များနှင့်မပြည့်စုံလျှင်မူ မိမိသောတာပန်မဖြစ်ကြောင်းကိုလည်း သေချာစွာ သိရပါသည်။ (နံပါတ် ၇၅ အဖြေနှင့်တိုက်ကြည့်ပါ)

– **စတုပါရိသုဒ္ဓိသီလ ၄ ပါးမှာ** – (၁) ပါတိမောက္ခသံဝရသီလ၊ (၂) ဣန္ဒြိယသံဝရသီလ၊ (၃) အာဇီဝပါရိသုဒ္ဓိသီလ၊ (၄) ပစ္စယသန္နိဿိတသီလတို့ဖြစ်ပါသည်။

**၉၇။ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာသုံးပါးတို့တွင် ဒုက္ခဟု ဝိပဿနာရှုခြင်း၏အကျိုးတရားကိုပြဆို၍၊ ရဟန္တာပုဂ္ဂိုလ်ထူး၏ဂုဏ်ရည်အင်္ဂါတို့ကိုလည်း အပြည့်အစုံ ရေးသားဖြေဆိုပါ။** (၂၀၀၈၊ စမန၊ ၂၃၈၊ ၂၃၉၊ ၂၅၄၊ သင်္ဂြိုဟ် ၆၀၇–၆၀၉၊ ၆၁၆)

**အဖြေ – အနိစ္စ,ဒုက္ခ,အနတ္တလက္ခဏာသုံးပါးတို့တွင် ဒုက္ခဟု ဝိပဿနာရှုခြင်း၏ အကျိုးကား–**

ရုပ်နာမ်တို့ကို ဒုက္ခတည်းဟုအဖန်ဖန်ရှုတတ်သောဉာဏ်ကို **ဒုက္ခာနုပဿနာ**ဟုခေါ်၏။ ဒုက္ခာနုပဿနာသည် ရုပ်နာမ်ဟူသမျှ၌ တကယ်ချမ်းသာရှိမရှိကို ထိထိမိမိရှုစားလေရာ ချမ်းသာဖွယ်မမြင်ဘဲ ဆင်းရဲဖွယ်ချည်းသာထင်လာသောကြောင့် ချမ်းသာဖွယ်ထင်မြင်၍ တောင့်တတတ်သောတဏှာဟူသည့် ''တဏှာပဏိဓိ''ကို ပယ်ခွါ၏။ ထို့ကြောင့် ဒုက္ခာနုပဿနာသည် ''**အပ္ပဏိဟိတာနုပဿနာ**''ဟူသော အမည်ထူးကိုရလျက် ဝိမောက္ခသို့ ဝင်ရာလမ်းပေါက်တစ်ခုဖြစ်သည်။ **ဝိမောက္ခ**သည် ကိလေသာမှလွတ်မြောက်သော မဂ်ဖိုလ် တရားတည်း။

ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဒုက္ခဟုရှုသဖြင့် အပ္ပဏိဟိတာနုပဿနာ (ဝါ) အပ္ပဏိဟိတဝိမောက္ခမုခအမည်ရခဲ့လျှင် မဂ်သည်လည်း '**အပ္ပဏိဟိတဝိမောက္ခ**'' အမည်ရ၏။

''**အပ္ပဏိဟိတဝိမောက္ခ**''သည် ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့၌ ''တဏှာပဏိဓိ''ခေါ် တောင့်တတတ်သောတဏှာဖြင့် တောင့်တအပ်သော 'သုခ'မရှိကြောင်းကို **ဒုက္ခာနုပဿနာ** ဉာဏ်ဖြင့်မြင်သိ၍ ကိလေသာမှလွတ်မြောက်သောမဂ်ဖိုလ်တည်း။ ဤကား ဒုက္ခဟုဝိပဿနာ ရှုခြင်း၏အကျိုးတရားပေတည်း။

– **ရဟန္တာပုဂ္ဂိုလ်ထူး၏ဂုဏ်ရည်အင်္ဂါများမှာ–**

(၁) ရဟန္တာပုဂ္ဂိုလ်သည် ကိလေသာအလုံးစုံမှ ကင်းဝေးစင်ကြယ်သဖြင့် 'အရဟာ (ရဟန္တာ)'' မည်၏။

(၂) ရဟန္တာဖြစ်သောအခါ အောက်မဂ်များမပယ်နိုင်၍ ကျန်နေသည့်ကိလေသာ (၇)ပါးကို အရဟတ္တမဂ်ဖြင့်ပယ်၏။ စိတ်အားဖြင့် ရူပရာဂ, အရူပရာဂကိုပြုတတ်သော လောဘမူ

ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါး, မောဟမူဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁ ပါးတို့ကို အကြွင်းမဲ့ ပယ်၏။

(၃) သန့်ရှင်း၍ မြေသြဇာကြွယ်ဝသောလယ်မြေ၌ စိုက်ပျိုးကြဲချလိုက်သည့်မျိုးစေ့ဟူသမျှသည် သန်မာထွားကျိုင်းစွာ ပေါက်ဖွားရှင်သန်လာကြပြီးလျှင် အသီးအပွင့်များစွာကိုဆောင်သကဲ့သို့ ထို့အတူ ကိလေသာအညစ်အကြေးကင်းစင်သဖြင့် သန့်ရှင်းမြင့်မြတ်သောအဖြစ်သို့ ရောက်ပြီးသည့်ရဟန္တာအရှင်မြတ်သည် လှူဒါန်းပူဇော်သူတို့အား ကြီးကျယ်သည့် အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေ၏။

ထို့ကြောင့် မြတ်စွာဘုရား, ပစ္စေကဗုဒ္ဓါကဲ့သို့ ရဟန္တာပုဂ္ဂိုလ်သည်လည်း ''**အမြင့်မြတ်ဆုံး အလှူခံပုဂ္ဂိုလ်ထူး**'' ဖြစ်ပေ၏။

**၉၈။ ဒေါသပင်လယ်ဝေနေရသူများအတွက် ဒေါသပြေကြောင်း ကျင့်နည်းကောင်းများကို အဘိဓမ္မာအမြင်ဖြင့် ရှာဖွေတင်ပြ၍၊ အထူးအားဖြင့်မေတ္တာတရားလက်ကိုင်ထားသင့်သော ပုဂ္ဂိုလ်ကိုလည်း ဖြေဆိုပါ။** (၂၀၀၉၊ စမန ၂၃၀)

**အဖြေ – ဒေါသပင်လယ်ဝေနေရသူများအတွက် ဒေါသပြေကြောင်းကျင့်နည်းကောင်းများမှာ–** ဒေါသစရိုက်ရှိသူတို့အား လျော်ကန်သင့်မြတ်သော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော ဗြဟ္မဝိဟာရကမ္မဋ္ဌာန်း ၄ ပါး၊ နီလ, ပီတ, လောဟိတ, ဩဒါတဟူသော အဆင်းကသိုဏ်း ၄ ပါး၊ ပေါင်း ကမ္မဋ္ဌာန်း ၈ ပါးတို့ကို ရှုပွားခြင်းဖြစ်ပါသည်။ ဤကမ္မဋ္ဌာန်းတို့သည် သန့်ရှင်းကြည်လင်ကြသဖြင့် အာရုံပြုသူတို့အား စိတ်ရွှင်လန်းစေပြီး ဒေါသပြေစေပါသည်။

အထူးအားဖြင့် မေတ္တာတရားလက်ကိုင်ထားသင့်သောပုဂ္ဂိုလ်သည် ဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ မေတ္တာ၏တရားကိုယ်သည် အဒေါသစေတသိက်ဖြစ်၍ ဒေါသကို ချိုးနှိမ်နှိပ်ကွပ်ထားနိုင်ပါသည်။

**၉၉။ အဝိဇ္ဇာန်ပေါက်၍ အကြားအမြင်သို့ရောက်သော ဘိုးတော်အစစ်များ၌ရှိရမည့် အခြေခံတရားနှင့် အဘိညာဉ်တန်ခိုးများကို အဘိဓမ္မာအမြင်ဖြင့် စုံလင်စွာဖြေဆိုပါ။** (၂၀၀၉၊ စမန ၁၀၉၊ ၁၁၀၊ ၂၃၇)

**အဖြေ – အဝိဇ္ဇာန်ပေါက်၍ အကြားအမြင်သို့ရောက်သော ဘိုးတော်အစစ်များ၌ ရှိရမည့် အခြေခံတရားမှာ** – ကသိုဏ်း ၁၀ ပါးတွင် ရူပါဝစရဈာန် ၅ ပါးနှင့် အရူပဝစရဈာန် ၄ ပါးတို့ကိုရရှိပြီးလျှင် မြတ်စွာဘုရားညွှန်ကြားသော နည်း ၁၄ မျိုးဖြင့် ကောင်းစွာလေ့ကျင့်၍ သမာဓိအထွတ်အထိပ်သို့ ရောက်ရမည်။ ဒိဗ္ဗသောတအဘိညာဉ်နှင့် ဒိဗ္ဗစက္ခုအဘိညာဉ်တို့ကို ထူထောင်နိုင်စွမ်းရှိရမည်၊ လောကီအဘိညာဉ် ၅ ပါးစလုံးကို ရရှိလျှင် ပိုကောင်းပါသည်။

**ရရှိထားရမည့်အဘိညာဉ်တန်ခိုးများမှာ –**

(၁) *ဒိဗ္ဗသောတအဘိညာဉ်* – နတ်နားကဲ့သို့ အလွန်တိုးသောအသံ၊ အလွန်ဝေးသောအသံ၊ ကမ္ဘာပေါ်ရှိအသံအမျိုးမျိုးနှင့် နတ်လောကမှအသံများကို ကြားနိုင်ခြင်း၊

(၂) *ဒိဗ္ဗစက္ခုအဘိညာဉ်* – နတ်မျက်စိကဲ့သို့ အနီးအဝေးရှိ အရာဝတ္ထုများ၊ ဖုံးကွယ်နေသော အရာဝတ္ထုများ၊ ပွင့်နေသောအရာဝတ္ထုများ၊ အပါယ်ဘုံသားများ၊ နတ်ပြဟ္မာများ၊ သေဆဲ သတ္တဝါများနှင့် ဖြစ်ဆဲ သတ္တဝါများကို မြင်သိနိုင်ခြင်း။

(၃) *ပရစိတ္တဝိဇာနနအဘိညာဉ်* – သူတစ်ပါးတို့၏စိတ်အကြံအစည်များကိုသိခြင်း။

(၄) *ဣဒ္ဓိဝိဓအဘိညာဉ်* – မြေလျှိုးမိုးပျံ၍ တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်ခြင်း၊

(၅) *ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်* – မိမိ၏အတိတ်ဘဝများနှင့် အတိတ်အကြောင်းများကို သိနိုင်ခြင်းတို့ ဖြစ်ပါသည်။

**၁၀၀။ အောက်ပါတို့ကို အဘိဓမ္မာလိုက်စားသူများပီပီ ရှာဖွေတင်ပြခဲ့ပါ။**

**(က) ပဋိသန္ဓိဘာဂနိမိတ်၌ ရနိုင်သောဘာဝနာများ၊**

**(ခ) နိရောဓသမာပတ်မဝင်စားနိုင်သောပုဂ္ဂိုလ်များ။** (၂၀၀၉၊ စမန ၂၃၄၊ ၁၁၃)

**အဖြေ** – (က) **ပဋိဘာဂနိမိတ်၌ ရနိုင်သော ဘာဝနာများမှာ–**

ဥပစာရဘာဝနာနှင့် အပ္ပနာဘာဝနာတို့ဖြစ်ကြသည်။

(ခ) **နိရောဓသမာပတ် မဝင်စားနိုင်သောပုဂ္ဂိုလ်များမှာ–**

စျာန်သမာပတ် ၈ ပါး (စတုက္ကနည်း) သို့မဟုတ် ၉ ပါး (ပဉ္စကနည်း) ရကြသော အနာဂါမ်များနှင့် ရဟန္တာများမှအပ ကျန်ပုဂ္ဂိုလ်အားလုံးတို့ဖြစ်သည်။

**၁၀၁။ ဝုဋ္ဌာနဂါမိနီဝိပဿနာအမည်ရသော ဉာဏ်အမည်တို့ကို ဖော်ပြ၍ သောတာပန် ပုဂ္ဂိုလ်သည် အကြွင်းမရှိပယ်သောကိလေသာနှင့် လုံးဝမပယ်သော ကိလေသာတို့ကို လည်း ခွဲခြားဖြေဆိုပါ။** (၂၀၀၉၊ အခြေပြုသင်္ဂြိုဟ် ၅၉၉၊ ၆၁၄)

**အဖြေ – ဝုဋ္ဌာနဂါမိနီဝိပဿနာအမည်ရသောဉာဏ်အမည်တို့မှာ** – ဝိပဿနာဉာဏ် ၁၀ ပါးတွင် အထွတ်အထိပ်ရောက်သော သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ်တို့ဖြစ်ပါသည်။

သင်္ခါရုပေက္ခာဉာဏ်ကို အစ, အလယ်, အဆုံး သုံးပိုင်းပိုင်းလိုက်လျှင် အနုလောမဉာဏ်နှင့် ကပ်နေသောအဆုံးပိုင်းကို အထွတ်အထိပ်သို့ရောက်သာသင်္ခါရုပေက္ခာဉာဏ်ဟုခေါ်၏။ အနုလောမဉာဏ်ဟူသည်မှာ ပရိကမ်, ဥပစာ, အနုလုံအမည်ရသော ဝိပဿနာဉာဏ်များ ဖြစ်ပါသည်။

– **သောတာပန်ပုဂ္ဂိုလ်က အကြွင်းမရှိပယ်သောကိလေသာ** ၂ မျိုးမှာ–
''**ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ**''တို့ဖြစ်ပါသည်။

– **သောတာပန်ပုဂ္ဂိုလ်က လုံးဝမပယ်သောကိလေသာမှာ ''ဥဒ္ဓစ္စ''** ဖြစ်ပါသည်။

**၁၀၂။ ကမ္မဋ္ဌာန်းပိုင်းလာ သမထနှင့်ဝိပဿနာဟူသော စကားတို့၏အဓိပ္ပါယ်ကွဲပြားအောင် ဖော်ပြ၍၊ ယင်းတရားတို့၏အရ တရားကိုယ်နှင့်အကျိုးခြားနားချက်တို့ကိုလည်း တိကျစွာ ဖြေဆိုပါ။** (၂၀၁၀၊ စမန ၂၂၈–၉၊ သင်္ဂြိုဟ် ၅၃၈)

**အဖြေ** – (ဤစာအုပ် စာမျက်နှာ ၃၉၁ နံပါတ် ၃၀ တွင် အားလုံးဖြေဆိုထား၏)

**၁၀၃။ လောက၌ လူအမျိုးမျိုးစရိုက်အထွေထွေရှိကြရာ လူယဉ်ကျေးတို့၌သာဖြစ်နိုင်သောစရိုက်များကို အဘိဓမ္မာအမြင်ဖြင့် ရှာဖွေတင်ပြ၍ မောဟစရိုက်ရှိသူများ ပွားများအားထုတ်သင့်သည့် ကမ္မဋ္ဌာန်းတရားကိုလည်း တိကျစွာညွှန်ပြပါ။** (၂၀၁၀၊ စမန ၂၃၁)

**အဖြေ – လူယဉ်ကျေးတို့၌သာ ဖြစ်နိုင်သောစရိုက်များမှာ–**

သဒ္ဓါစရိုက်နှင့် ပညာစရိုက်တို့ ဖြစ်ပါသည်။

– မောဟစရိုက်ရှိသူများ ပွားများအားထုတ်သင့်သည့် ကမ္မဋ္ဌာန်းတရားမှာ–

အာနာပါနဿတိကမ္မဋ္ဌာန်းဖြစ်ပါသည်။

မောဟစရိုက်ရှိသူသည် ဝိစိကိစ္ဆာနှင့်ဥဒ္ဓစ္စတို့အယှဉ်များသဖြင့် စိတ်ပျံ့လွင့်တုန်လှုပ်၏။ အာနာပါနဿတိကမ္မဋ္ဌာန်းသည်ကား ထွက်လေဝင်လေတို့ကို အချက်ကျကျလိုက်၍ရှုမှတ်ရသဖြင့် တုန်လှုပ်ပျံ့လွင့်သောစိတ်ကို ချုပ်ထိန်းဖမ်းဆွဲထားနိုင်၏။ ထို့ကြောင့် မောဟစရိုက်ရှိသူအား သင့်လျော်လျောက်ပတ်၏။

**၁၀၄။ ဘာဝနာတို့တွင် အမြတ်ဆုံးဖြစ်သောဗုဒ္ဓါနုဿတိဘာဝနာပွားများပုံပွားများနည်းကို ဖော်ပြ၍ ထိုသို့ပွားများလျှင် မည်သည့်အချိန်အခါမျိုး၌ မည်သည့် သမာဓိများ ရနိုင်ပါသနည်း။ ဖြေဆိုပါ။** (၂၀၁၀၊ အခြေပြုသင်္ဂြိုဟ် ၅၇၆၊ ၅၆၁၊ ၅၆၂)

**အဖြေ** – (ဤစာအုပ်စာမျက်နှာ ၃၈၀ နံပါတ် ၁၂ နှင့် မေးခွန်းတူ အဖြေတူပါသည်)

**၁၀၅။ နိရောဓသမာပတ်ဝင်စားနေခိုက် ဖြစ်ပေါ်ခွင့်ရှိသောပရမတ်တရားနှင့် ဖြစ်ပေါ်ခွင့်မရှိသော ပရမတ်တရားတို့ကို ခွဲခြားဖော်ပြ၍ နိရောဓသမာပတ်မှ ထသောအခါ အစဦးဆုံးဖြစ်ခွင့်ရှိသောစိတ်တို့ကိုလည်း ပုဂ္ဂိုလ်အလိုက်ထိုက်သင့်သလို ဖော်ပြပါ။** (၂၀၁၀၊ စမန ၁၁၃၊ သင်္ဂြိုဟ် ၆၁၉–၆၂၂)

**အဖြေ – နိရောဓသမာပတ်ဝင်စားနေခိုက် ဖြစ်ပေါ်ခွင့်ရှိသော ပရမတ်တရားများမှာ–**

ကမ္မဇရုပ်၊ ဥတုဇရုပ်နှင့်အာဟာရဇရုပ်တို့ဖြစ်ပါသည်။

နိရောဓသမာပတ်ဝင်စားနေခိုက် ဖြစ်ပေါ်ခွင့်မရှိသော ပရမတ်တရားများမှာ–

စိတ်၊ စေတသိက်နှင့် စိတ္တဇရုပ်တို့ဖြစ်ကြသည်။

နိရောဓသမာပတ်မှထသည့်အခါ အစဦးဆုံးဖြစ်ခွင့်ရှိသော စိတ်တို့မှာ–

အနာဂါမ်ဖြစ်လျှင် အနာဂါမ်ဖိုလ်ဇော ၁ ကြိမ်ဖြစ်၏။

ရဟန္တာဖြစ်လျှင် အရဟတ္တဖိုလ်ဇော ၁ ကြိမ်ဖြစ်၏။

**၁၀၆။ ငါးဖြာအာရုံ ကာမဂုဏ်ကို အလွန်အကျွံလိုက်စားသူတို့အား သီးခြားပေးရမည့် ကမ္မဋ္ဌာန်းတရားများကိုဖော်ပြ၍ တစ်ကမ္ဘာလုံး အေးချမ်းသာယာစွာ နေနိုင်ရေးမှာ မေတ္တာအရေးပါပေရာ ယင်းမေတ္တာကို ပွားများခြင်းကြောင့် ရရှိသောအကျိုးတရားများကိုလည်း ဖြေဆိုပါ။** (၂၀၁၁၊ စမန ၂၃၀၊ သင်္ဂြိုဟ် ၅၄၉)

**အဖြေ – ငါးဖြာအာရုံကာမဂုဏ်ကို အလွန်အကျွံလိုက်စားသူတို့အား** သီးခြားပေးရမည့် ကမ္မဋ္ဌာန်းတရားများမှာ ရာဂစရိုက်ရှိသူတို့အား သင့်လျော်လျောက်ပတ်သည့်–

အသုဘကမ္မဋ္ဌာန်း ၁၀ ပါးနှင့် ကာယဂတာသတိကမ္မဋ္ဌာန်း ၁ ပါး၊

ပေါင်း – ကမ္မဋ္ဌာန်း ၁၁ ပါး ဖြစ်ပါသည်။

**မေတ္တာကိုပွားများခြင်းကြောင့် ရရှိသောအကျိုးတရားများမှာ–**

ရူပါဝစရပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ဖြစ်ပါသည်။

ဈာန်ဝင်စား၍ ၅၂၈ သွယ်မေတ္တာပွားနေလျှင် ဗြဟ္မာများနေထိုင်ခြင်းနှင့်တူသော ဗြဟ္မဝိဟာရတရား (ဝါ) ဗြဟ္မစိုရ်တရားနှင့် နေထိုင်ရာရောက်ပါသည်။

ကမ္ဘာပေါ်ရှိလူအားလုံးတို့မေတ္တာပွားများကြလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးရရှိလိမ့်မည်။

**၁ဝ၇။ (က) ရုပ်တရား၏အကြောင်း (ခ) စေတသိက်နာမ်တရား၏အကြောင်း (ဂ) စိတ်နာမ်တရား၏အကြောင်းတို့ကို ဖော်ပြ၍ ဈာန်ရတိုင်း ကောင်းကင်ပျံနိုင်မပျံနိုင် ရှင်းပြပါ။** (၂၀၁၁၊ စမန ၂၄၈၊ ၁၀၉–၁၁၀၊ သင်္ဂြိုဟ် ၅၉၁၊ ၅၇၈)

**အဖြေ** – (က) ရုပ်တရား၏အကြောင်းတရားတို့ကား – အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရတို့တည်း။ (ခ) စေတသိက်နာမ်တရား၏အကြောင်းတရားတို့ကား– အဝိဇ္ဇာ, တဏှာ, ကံ၊ ဖဿတို့တည်း။

(ဂ) စိတ်နာမ်တရား၏ အကြောင်းတရားတို့ကား – အဝိဇ္ဇာ, တဏှာ, ကံ, နာမ်ရုပ်တို့တည်း

**– ဈာန်ရတိုင်း ကောင်းကင်မပျံနိုင်ပါ။** အကြောင်းမှာ–

ကသိုဏ်း ၁၀ ပါး၌ ရူပါဝစရဈာန် ၅ ပါး, အရူပါဝစရဈာန် ၄ ပါးတို့ကိုရပြီးနောက် မြတ်စွာဘုရားညွှန်ကြားသောနည်း ၁၄ ပါးဖြင့် ကောင်းစွာလေ့ကျင့်၍ သမာဓိအထွတ်အထိပ်သို့ရောက်သည့်အခါ ရူပါဝစရပဉ္စမဈာန်ကိုအခြေခံ၍ ဣဒ္ဓိဝိဓအဘိညာဉ်ကို ထူထောင်နိုင်မှသာလျှင် ကောင်းကင်ပျံနိုင်ပါသည်။ ဈာန်ရရုံဖြင့် ဈာန်သမာပတ်သာဝင်စားနိုင်၏။ ကောင်းကင်မပျံနိုင်ပါ။

**၁ဝ၈။ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်နေသော ယောဂီပုဂ္ဂိုလ်အား အဘယ်အခါ၌ ပုထုဇဉ်အနွယ်ဆုံး၍ အရိယာအနွယ်သို့ရောက်ပါသနည်း ဖြေဆို၍ နိရောဓသမာပတ်ဝင်စားနေခိုက် သေနိုင်မသေနိုင်ကိုလည်း အဘိဓမ္မာနည်းအရ ဆုံးဖြတ်ချက်ချပါ။**

(၂၀၁၁၊ စမန ၂၅၂၊ သင်္ဂြိုဟ် ၆၀၀)

**အဖြေ** – ဝိပဿနာစီးဖြန်းအားထုတ်နေသောယောဂီပုဂ္ဂိုလ်အား မဂ္ဂဝီထိဖြစ်ပေါ်၍ **ဂေါတြဘုစိတ်ဖြစ်သည့်အခါ ပုထုဇဉ်အနွယ်ဆုံး၍ အရိယာအနွယ်သို့ ''ရောက်'' ပါသည်။** ဤတွင် ''ရောက်'' ဟူသည် ''ဖြစ်စေခြင်း'' ပင်တည်း။

အမှန်က ဂေါတြဘုစိတ်သည် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်ဖြစ်၍ ဤစိတ်ဖြစ်သည့်အခိုက်၌ ယောဂီသည် ပုထုဇဉ်သာဖြစ်သေး၏။ ဤဂေါတြဘုစိတ်ချုပ်ပြီးသည့်နောက် မဂ်စိတ် ဖြစ်ပေါ်လာသည့်အခါ၌သာ ယောဂီသည် အရိယာဖြစ်ပြီး အရိယာအနွယ်သို့ အမှန်ရောက် ပါသည်။

ဂေါ်တြဘုစိတ်သည် ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယအနွယ်ကို ဖြစ်စေသောစိတ်ဖြစ်ပါသည်။

– **နိရောဓသမာပတ်ဝင်စားနေခိုက် မသေနိုင်ပါ။** အဘိဓမ္မာနည်းအရ ဆုံးဖြတ်ချက်ချရသော်– နိရောဓသမာပတ်ဝင်စားမည့် ဈာန်သမာပတ် ၈ ပါးရသော အနာဂါမ် သို့မဟုတ် ရဟန္တာသည် နိရောဓမဝင်စားမီ ပုဗ္ဗကိစ္စ ၄ ပါးကို ပြုရပါသည်။ ထိုအခါ မိမိ၏သက်တမ်းကို ဆင်ခြင်၍ (၇) ရက်ထက်ပို၍ သက်တမ်းရှိမှသာလျှင် (၇) ရက်အထိ နိရောဓသမာပတ်ဝင်စားရန်အဓိဋ္ဌာန်၏။ မိမိ၏ကျန်နေသောသက်တမ်းထက်ပို၍ နိရောဓဝင်စားခြင်းမပြုပါ။ သို့အတွက် နိရောဓဝင်စားနေသည့်အခိုက်၌ သေရိုးမရှိပါ။ နိရောဓသမာပတ်၏ အစွမ်းကြောင့် သူတစ်ပါးတို့ကလည်း အသက်အန္တရာယ် မပြုနိုင်ပါ။

**၁၀၉။ ကမ္ဘာ့နိုင်ငံအချို့၌ စစ်ပွဲများဖြစ်ပွားလျက်ရှိရာ ငြိမ်းချမ်းရေးရအောင် မည်သည့်ကမ္မဋ္ဌာန်းမျိုးပွားများအားထုတ်သင့်သည်ကို ဖော်ပြ၍၊ လူမျိုးဘာသာမရွေး ပွားများအားထုတ်နိုင်သော ကမ္မဋ္ဌာန်းများကိုလည်း ညွှန်ပြပါ။** (၂၀၁၂၊ စမန ၂၃၀၊ ၂၃၁)

**အဖြေ** – ကမ္ဘာ့နိုင်ငံအချို့၌ စစ်ပွဲများဖြစ်ပွားလျက်ရှိရာ **ငြိမ်းချမ်းရေးရအောင် ပွားများအားထုတ်သင့်သည့် ကမ္မဋ္ဌာန်းမျိုးမှာ** ဒေါသစရိုက်ရှိသူတို့နှင့် သင့်လျော်လျောက်ပတ်သော–

မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော ဗြဟ္မဝိဟာရကမ္မဋ္ဌာန်း ၄ ပါး၊

နီလ, ပီတ, လောဟိတ, ဩဒါတဟူသော အဆင်းကသိုဏ်း ၄ ပါး၊

ပေါင်း – ကမ္မဋ္ဌာန်း ၈ ပါး ဖြစ်ပါသည်။

– **လူမျိုးမရွေး ပွားများအားထုတ်နိုင်သော ကမ္မဋ္ဌာန်းများမှာ** –

ပထဝီကသိုဏ်း, အာပေါကသိုဏ်း, တေဇောကသိုဏ်း, ဝါယောကသိုဏ်း,

အာကာသကသိုဏ်း, အာလောကကသိုဏ်း, အာရုပ္ပကသိုဏ်း ၄ ပါး၊

ပေါင်း – ကမ္မဋ္ဌာန်း ၁၀ ပါး ဖြစ်ပါသည်။

**၁၁၀။ သမ္မသနဉာဏ်ဖြင့် လက္ခဏာယာဉ်သုံးသပ်ပုံကို သိသာရုံမျှဖော်ပြ၍၊ သစ္စာလေးပါးသိမြင် ကိလေသာအချို့ကင်းစင်ပြီးသော သောတာပန်ပုဂ္ဂိုလ်သည် မိမိကိုယ်ကိုအရိယာဖြစ်မှန်းသိနိုင်/မသိနိုင်ကိုလည်း အဘိဓမ္မာအမြင်ဖြင့် ရှင်းပြပါ။**

(၂၀၁၂၊ စမန ၂၃၈၊ ၂၅၂)

**အဖြေ – သမ္မသနဉာဏ်ဖြင့် လက္ခဏာယာဉ်သုံးတန်သုံးသပ်ပုံမှာ –**

(၁) **အနိစ္စလက္ခဏာ** – ရုပ်နာမ်တရားတို့၏ခဏမစဲ အဆက်မပြတ်ဖြစ်ပျက်နေခြင်း၊ ပျက်စီး ကုန်ဆုံးသွားခြင်းသဘောတို့ကို အာရုံယူ၍ ''အနိစ္စ, အနိစ္စ'' ဟု အဖန်ဖန်ရှုပွား၏။ ဤသို့ အနိစ္စဟု အဖန်ဖန်ရှုတတ်သောဉာဏ်ကို အနိစ္စာနုပဿနာဟုခေါ်၏။

(၂) **ဒုက္ခလက္ခဏာ** – ရုပ်နာမ်တရားတို့၏ခဏမစဲအဆက်မပြတ်ဖြစ်ပျက်နေခြင်း, ပျက်စီးကုန်ဆုံးခြင်းတို့ဖြင့် နှိပ်စက်ညှဉ်းပန်းခံနေရသည့်ဆင်းရဲခြင်းသဘောကို အာရုံယူ၍ ''ဒုက္ခ, ဒုက္ခ''ဟု အဖန်ဖန်ရှုပွား၏။ ဤသို့ ဒုက္ခဟု

အဖန်ဖန်ရှုတတ်သောဉာဏ်ကို ဒုက္ခာနုပဿနာ ဟုခေါ်၏။

(၃) **အနတ္တာလက္ခဏာ** – ရုပ်နာမ်တရားတို့သည်ဖြစ်မြဲဓမ္မတာအတိုင်း ဖြစ်ပျက်သွားခြင်း၊ မိမိ၏အလိုသို့ မလိုက်ပါစေနိုင်ခြင်း, အစိုးမရခြင်း, တည်မြဲသောဝိညာဉ်, ဇီဝ, အတ္တတို့မရှိခြင်း၊ ငါဟုမှတ်အပ်သည့် ပုဂ္ဂိုလ်, သတ္တဝါမရှိခြင်းသဘောကို အာရုံယူ၍ ''အနတ္တ, အနတ္တ''ဟု အဖန်ရှုပွား၏။ ဤသို့ အနတ္တဟု အဖန်ဖန်ရှုတတ်သောဉာဏ်ကို အနတ္တာနုပဿနာဟု ခေါ်၏။

– **သစ္စာလေးပါးသိမြင်, ကိလေသာအချို့ကင်းစင်ပြီးသော သောတာပန်ပုဂ္ဂိုလ်သည်** – မိမိကိုယ်ကို အရိယာဖြစ်မှန်း သိနိုင်ပါသည်။ အဘိဓမ္မာအမြင်ဖြင့် ရှင်းပြရသော်– (ဤစာအုပ် စာမျက်နှာ ၄၂၀ နံပါတ် ၉၆ အဖြေနှင့် ဆင်တူပါသည်)

**၁၁၁။ လောက၌ မည်သို့သောပုဂ္ဂိုလ်မျိုးကို 'ရဟန္တာ'ဟု သတ်မှတ်ပါသနည်း? ဖြေဆိုပြီးလျှင်၊ ၎င်းရဟန္တာပုဂ္ဂိုလ်များ ပယ်အပ်သောကိလေသာနှင့်အကုသိုလ်စိတ် တို့ကိုလည်း တိကျစွာကောက်ပြပါ။** (၂၀၁၂၊ စမန ၂၅၄၊ သင်္ဂြိုဟ် ၆၁၆)

**အဖြေ** – မဂ်လေးတန်, ဖိုလ်လေးပါးတို့ကိုရရှိပြီး ကိလေသာအားလုံးမှ ကင်းဝေးစင်ကြယ်သောပုဂ္ဂိုလ်ကို ''အရဟာ'' (ဝါ) ''ရဟန္တာ'' ဟု သတ်မှတ်ပါသည်။

၎င်းရဟန္တာပုဂ္ဂိုလ်များ ပယ်အပ်သောကိလေသာများမှာ အောက်မဂ်များကမပယ်နိုင်၍ ကျန်နေသောကိလေသာ(၇)ပါးကို ပယ်ပါသည်။ (သောတာပတ္တိမဂ်က ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ပယ်၏၊ အနာဂါမိမဂ်က ဒေါသနှင့် ကာမရာဂတို့ကို အကြွင်းမဲ့ပယ်၏။ အရဟတ္တမဂ်က ကျန်နေသည့်ကိလေသာများကို အကြွင်းမရှိပယ်၏။)

၎င်းရဟန္တာများပယ်အပ်သော အကုသိုလ်စိတ်များမှာ– ရူပရာဂ, အရူပရာဂတို့ကို ပြုတတ် သော လောဘမူဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄ ပါးနှင့် မောဟမူ ဥဒ္ဓစ္စသမ္ပယုတ်စိတ်တို့ အကြွင်းမဲ့ ပယ်ပါသည်။ (သောတာပတ္တိမဂ်က လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါးနှင့် မောဟမူ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်တို့ကို ပယ်၏၊ အနာဂါမိမဂ်က ဒေါသမူစိတ် ၂ ပါးကို အကြွင်းမဲ့ ပယ်၏။ အရဟတ္တမဂ်က ကျန်နေသည့် လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါးနှင့် မောဟမူ ဥဒ္ဓစ္စသမ္ပယုတ်စိတ်တို့ကို အကြွင်းမဲ့ပယ်၏) သို့အတွက် ရဟန္တာပုဂ္ဂိုလ်တွင် အကုသိုလ်စိတ် ၁၂ ပါးလုံး မဖြစ်တော့ချေ။

## နောက်ဆက်တွဲစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန (၆) ကြိမ်မြောက်
**အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲ–ပထမဆင့် (၁၃–၁၂–၂၀၁၃)**
ခွင့်ပြုချိန် ။ ။ လေးနာရီ (မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၄ နာရီအထိ)

**၁။ ''အရင်းစစ်က အမြစ်မြေက'' ဟု ဆိုရလောက်အောင် တောတောင်ရေမြေ သတ္တဝါ ထွေထွေကွဲပြားနေသော်လည်း အရင်းစစ်က မည်သည့်ပရမတ်တရားတို့ကိုသာ ရရှိပါသနည်း? ဖြေဆို၍၊ မတင့်တယ်သော်လည်း အကုသိုလ်မဟုတ်သောစိတ် အမျိုးအစားကိုလည်း သဘောတူရာပေါင်းစပ်၍ ရေတွက်ပြပါ။** (စမန ၁၆၊ ၁၇၊ ၁၈၊ စိတ်ဇယား)

**အဖြေ – တောတောင်ရေမြေ သတ္တဝါထွေထွေ ကွဲပြားနေသော်လည်း** အရင်းစစ်က ရရှိသော ပရမတ်တရားများမှာ – စိတ်အကျဉ်း ၈၉ ပါး, အကျယ် ၁၂၁ ပါး၊ စေတသိက် ၅၂ ပါး၊ ပရမတ်ရုပ် ၂၈ ပါးတို့ဖြစ်သည်။

''နိဗ္ဗာန်'' ဟူသော ပရမတ်တရားမှာ ၃၁ ဘုံပြင်ပတွင်ရှိသော ဗဟိဒ္ဓတရားဖြစ်၏။

**– မတင့်တယ်သော်လည်း အကုသိုလ်မဟုတ်သောစိတ်အမျိုးအစားတို့မှာ–**

အကုသလဝိပါက်စိတ် ၇ ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ၈ ပါး၊
အဟိတ်ကြိယာစိတ် ၃ ပါး၊ ပေါင်း– အဟိတ်စိတ် ၁၈ ပါးဖြစ်ပါသည်။

**၂။ အာရုံပွား၍ စိတ်များသည် – ဟူသောအဆိုသည် အရူပစိတ်သဘောအရ လက်ခံနိုင်ဖွယ်ရှိ/မရှိ စိစစ်ဝေဖန်ပြ၍၊ အကျဉ်းကိုအကျယ်ချဲ့–ပိုထွက်မလာသော စိတ်တို့ကိုလည်း အဘိဓမ္မာသရုပ်ဖြင့် အဖြေထုတ်ပြပါ။** ( စမန ၄၂၊ ၄၃၊ စိတ်ဇယား)

**အဖြေ – အာရုံပွား၍ စိတ်များသည် – ဟူသောအဆိုသည်** အရူပစိတ်သဘောအရ လက်ခံနိုင်ဖွယ်မရှိပါ။ အရူပါဝစရစိတ် ၄ မျိုးနှင့် ယူသောအာရုံတို့မှာ–

*အာကာသာနဉ္စာယတနစိတ်* – အနန္တအာကာသ၊

*ဝိညာဏဉ္စာယတနစိတ်* – အာကာသာနဉ္စာယတနစိတ်၊
*အာကိဉ္စညာယတနစိတ်* – နတ္ထိဘောပညတ်၊
*နေဝသညာနာသညာယတနစိတ်* – အာကိဉ္စညာယတနစိတ်

သို့ဖြစ်၍ အရူပါဝစရစိတ်များသည် အဆင်း, အသံ, အနံ့, အရသာ, အထိအတွေ့ဟူသော လူအများသိကြသောအာရုံငါးပါးကို အာရုံမပြုပါ။ ရုပ်တရားများကိုလည်း အာရုံမပြုပါ။ နာမ်တရားဖြစ်သည့် ''စိတ်'' နှင့်ဘာမျှမရှိသော ''အနန္တအာကာသနှင့် နတ္ထိဘောပညတ်'' တို့ကို အာရုံပြုပြီး ဖြစ်နိုင်ကြ၏။

ထို့ကြောင့် အာရုံပွား၍ စိတ်များသည် – ဟူသောအဆိုသည် အရူပစိတ်သဘောအရ မမှန်ပါ။

**– အကျဉ်းကို အကျယ်ချဲ့ – ပိုထွက်မလာသောစိတ်တို့မှာ–**

ကမာဝစရစိတ် ၅၄ ပါး၊ ရူပါဝစရစိတ် ၁၅ ပါး၊
အရူပါဝစရစိတ် ၁၂ ပါး၊ ပေါင်း– လောကီစိတ် ၈၁ ပါးဖြစ်ပါသည်။

**၃။ ရောင်စုံချယ်သ စိတ်အလှကို လှပတင့်တယ်အောင် (က) ချယ်သနိုင်သောစေတသိက်အုပ်စု၊ (ခ) မချယ်သနိုင်သောစေတသိက်အုပ်စု၊ (ဂ) နှစ်မျိုးစုံပြုလုပ်နိုင်သော စေတသိက်အုပ်စုတို့ကို ဖြေဆို၍၊ စိတ်၌မှီတွယ် စိတ်ကိုခြယ်လှယ်သော စိတ်၏ငြိမ်း အေးမှု, လျင်မြန်မှု, နူးညံ့မှု, ဖြောင့်မတ်မှုစိတ်စွမ်းအင်များသည် မည်သည့်စေတသိက်တို့၏ သဘောလက္ခဏာများဖြစ်သည်ကိုလည်း ဖြေဆိုပြပါ။** (စမန ၅၃၊ ၆၄၊ ၆၅)

**အဖြေ – (က) စိတ်လှပတင့်တယ်အောင် ချယ်သနိုင်သောစေတသိက်အုပ်စုသည်**
သောဘနစေတသိက် ၂၅ ပါးဖြစ်ပါသည်။
(ခ) စိတ်အလှကို မချယ်သနိုင်သောစေတသိက်အုပ်စုသည်
အကုသိုလ်စေတသိက် ၁၄ ပါးဖြစ်ပါသည်။
(ဂ) နှစ်မျိုးစုံပြုလုပ်နိုင်သော စေတသိက်အုပ်စုသည်
အညသမာန်းစေတသိက် ၁၃ ပါးဖြစ်ပါသည်။

– စိတ်၏ငြိမ်းအေးမှုစွမ်းအင် = စိတ္တပဿဒ္ဓိ စေတသိက်၊
စိတ်၏လျင်မြန်မှုစွမ်းအင် = စိတ္တလဟုတာစေတသိက်၊
စိတ်၏နူးညံ့မှုစွမ်းအင် = စိတ္တမုဒုတာစေတသိက်၊
စိတ်၏ဖြောင့်မတ်မှုစွမ်းအင် = စိတ္တုဇုကတာ စေတသိက်၊

**၄။ လေးလံထိုင်းမှိုင်းနေသူတစ်ယောက်သည် တစ်စုံတစ်ယောက်၏တိုက်တွန်းနှိုး ဆော်မှု မပါဘဲ ဆိုင်ရာအလုပ်ကို ပြုလုပ်နိုင်စွမ်းရှိ/မရှိ အဘိဓမ္မာရှုထောင့်မှဆုံးဖြတ် ပြ၍၊ သုံးပါးမတွဲ တစ်ကွဲတစ်ပြားသော ယှဉ်ခွင့်ရရှာသော ဝိရတိစေတသိက်၏ယှဉ် ရာ လောကီစိတ်အမျိုးအစားကိုလည်း ညွှန်ပြပါ။** (စမန ၅၈၊ ၇၃၊ သင်္ဂြိုဟ် ၅၉)

**အဖြေ – လေးလံထိုင်းမှိုင်းနေသူတစ်ယောက်သည်** တစ်စုံတစ်ယောက်၏တိုက်တွန်းနှိုးဆော်

မှုမပါဘဲ ဆိုင်ရာအလုပ်ကို ပြုလုပ်နိုင်စွမ်းမရှိပါ။

အဘိဓမ္မာရှုထောင့်မှ ဆုံးဖြတ်ပြရသော် – လေးလံထိုင်းမှိုင်းနေသူ၏စိတ်တွင် ထိန, မိဒ္ဓ အကုသိုလ်စေတသိက်နှစ်ပါးယှဉ်စပ်၍ ဖိစီးနေပါသည်။

ထိန = စိတ်မလန်းဘဲ ခပ်ထိုင်းထိုင်းဖြစ်နေခြင်း, စိတ်၏အမှု၌ လေးလံထိုင်းမှိုင်းခြင်းသဘော

မိဒ္ဓ = ယှဉ်ဖက်စေတသိက်များမလန်းဘဲ ခပ်ထိုင်းထိုင်းဖြစ်နေခြင်းသဘော၊ စေတိသက်တို့၏အမှု၌ လေးလံထိုင်းမှိုင်းခြင်းသဘော၊

အိပ်ချင်မူးတူးဖြစ်နေသည့်အခါ ဤစေတသိက် ၂ ပါး ထင်ရှား၏။ အိပ်ချင်မူးတူးဖြစ်နေသူသည် အသိစိတ်ပျောက်ပြီး ဘဝင်စိတ်ဖြစ်ကာ ဘာလုပ်နေမှန်းမသိ၊ တရားရှုနေလျှင် တရားရှုမှန်းမသိ။ သို့အတွက် တစ်စုံတစ်ယောက်၏တိုက်တွန်းနှိုးဆော်မှုမပါဘဲ ဆိုင်ရာအလုပ်ကို ပြုလုပ်နိုင်စွမ်းမရှိပါ။

**– ဝိရတိစေတသိက် ၃ ပါးတို့၏ယှဉ်ရာလောကီစိတ်အမျိုးအစားမှာ–**

မဟာကုသိုလ်စိတ် ၈ ပါးဖြစ်ပါသည်။

ဝိရတိစေတသိက် ၃ ပါးဖြစ်သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့သည် မဟာကုသိုလ် ၈ ပါး၌ အမြဲတစ်ပေါင်းတည်းမယှဉ်ဘဲ ယှဉ်သင့်သေအခါ၌ ရံခါအသီးသီး ယှဉ်ကြပါသည်။ မုသားရှောင်လျှင် သမ္မာဝါစာယှဉ်၏။ သူ့အသက်သတ်တာရှောင်လျှင် သမ္မာကမ္မန္တယှဉ်၏။ မိစ္ဆာဇီဝရှောင်လျှင် သမ္မာအာဇီဝယှဉ်၏။

**၅။ အများ အမြဲ တစ်ပြိုင်နက် ကွဲပြားမှုမရှိ သင်္ချာအရေအတွက်တစ်သမတ်ထဲ ရှိသော မဟဂ္ဂုတ်ဈာန်စိတ်နှင့် ယှဉ်ရာ ပရမတ္ထဓမ္မတို့ကို ဖြေဆို၍ အကုသိုလ်စိတ် သင်္ဂဟနည်း (၇) ပါးကို ဒုက–ဂဏာထိုနှစ်ဝတွင် အဘယ်နည်းဖြင့်ရေတွက်မှ အမှန်ရသည်ကိုလည်း ဖြေဆိုပါ။** (စမန ၇၆၊ ၇၄)

**အဖြေ – အများ အမြဲ တစ်ပြိုင်နက် ကွဲပြားမှုမရှိ သင်္ချာအရေအတွက်တစ်သမတ်ထဲရှိသော** မဟဂ္ဂုတ်ဈာန်စိတ်နှင့်ယှဉ်ရာ ပရမတ္ထဓမ္မတို့သည်–

''ဝိတက်, ဝိစာရ, ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၀ ပါး၊ သောဘနသာဓာရဏစေတသိက် ၁၉ ပါး၊ ပညာစေတသိက် ၁ ပါး၊ ပေါင်းစေတသိက် ၃၀ ဖြစ်ပါသည်။ ဤစေတသိက် ၃၀ တို့သည် မဟဂ္ဂုတ်ပထမဈာန် ၃ ပါး, ဒုတိယဈာန် ၃ ပါး, တတိယဈာန် ၃ ပါး, စတုတ္ထဈာန် ၃ ပါး, ပဉ္စမဈာန် ၁၅ ပါး အားလုံး၌ တစ်ပေါင်းတည်းယှဉ်ကြပါသည်။

**– အကုသိုလ်စိတ် သင်္ဂဟနည်း (၇) ပါးတွင်** ဂဏနည်းဖြင့်ရေတွက်မှ အမှန်ရမည်ဖြစ်သည်။

**၆။ စိတ်ပျံ့လွင့်နေသောအားကစားသမားတစ်ယောက်သည် အောင်မြင်လိုမှုဆန္ဒ, အောင်မြင်မှုပီတိတရားအသီးအပွင့်များကို အမှန်တကယ်ခံစားနိုင်ပါမည်လော?သရုပ်သဘောဖြင့်ရှင်းပြ၍ တစ်လုံးသာရှိသောဖဿစေတသိက်သည် ''ယှဉ်ရာစိတ် များသလောက်စေတသိက်လည်းများနိုင်သည်'' ဟူသော ဆိုမိန့်ချက်အရ ဖဿ စေတသိက်ပေါင်းမည်မျှရှိလာနိုင်သည်ကိုလည်း ဖြေဆိုပါ။** (စမန ၇၅၊ ၅၃၊ ၇၂)

**အဖြေ – စိတ်ပျံ့လွင့်နေသောအားကစားသမား၌** မောဟမူဥဒ္ဓစ္စသမ္ပယုတ်စိတ်ဖြစ်လျက်ရှိရာ ထိုစိတ်၌ ဆန္ဒ, ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၁ ပါး၊ အကုသလသာဓာရဏ စေတသိက် ၄ ပါးဟူ၍ စေတသိက် ၁၅ ပါးယှဉ်ပါသည်။

ထိုသူ၏စိတ်၌ ဆန္ဒ, ပီတိတို့မယှဉ်သည့်အတွက် ထိုသူသည် အောင်မြင်လိုမှုဆန္ဒ, အောင်မြင်မှုပီတိတရားအသီးအပွင့်များကို အမှန်တကယ် မခံစားရပါ။

– တစ်လုံးသာရှိသောဖဿစေတသိက်သည် သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) ပါးတွင် ပါဝင်သဖြင့် စိတ်အားလုံးတွင်ယှဉ်ပါသည်။ သို့အတွက် ''ယှဉ်ရာစိတ်များသလောက် စေတသိက်လည်းများနိုင်သည်''ဟူသော ဆိုမိန့်ချက်အရ –

စိတ်အကျဉ်း ၈၉ ပါး, အကျယ် ၁၂၁ ပါးရှိသည်နှင့်အညီ

ဖဿစေတသိက်ပေါင်းသည်လည်း အကျဉ်း ၈၉ ပါး, အကျယ် ၁၂၁ ပါးရှိပါသည်။

**၇။ ကိုယ်ပိုင်လက္ခဏာသီးခြားစီပိုင်ဆိုင်ကြသည့် (၅၃) ပါး နာမ်တရားတို့ကို ရေတွက်ပြ၍ နည်းအလိုက် နာမည်သာကွဲ တစ်မျိုးတည်းဖြစ်သော ဝေဒနာကိုလည်း ဖြေဆိုပြပါ။**

(စမန ၅၂၊ ၈၁)

**အဖြေ – ကိုယ်ပိုင်လက္ခဏာသီးခြားစီပိုင်ဆိုင်ကြသည့် (၅၃) ပါး နာမ်တရားတို့သည်–**

စိတ် ၁ ပါးနှင့် စေတသိက် ၅၂ ပါး၊ ပေါင်း နာမ်တရား ၅၃ ပါးဖြစ်ပါသည်။

စေတသိက် ၅၂ ပါးတွင် အညသမာန်းစေတသိက် ၁၃ ပါး၊ အကုသိုလ်စေတိသိက် ၁၄ ပါး၊ သောဘနစေတသိက် ၂၅ ပါးတို့ ပါဝင်ကြပါသည်။

စိတ်နှင့်စေတသိက်အသီးသီးတွင် (တစ်လုံးစီတွင်) သီးခြားကိုယ်ပိုင်လက္ခဏာရှိကြသည်။

– **ဝေဒနာသည် အာရမ္မဏာနုဘဝနနည်း ၌** ဣဋ္ဌာရုံ, အနိဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံတို့ကိုလိုက်၍ (၁) သုခဝေဒနာ၊ (၂) ဒုက္ခဝေဒနာ၊ (၃) ဥပေက္ခာဝေဒနာဟု သုံးမျိုးကွဲပြား၏။

**ဣန္ဒြိယဘေဒနည်း၌** (၁) သုခဝေဒနာ၊ (၂) ဒုက္ခဝေဒနာ၊ (၃) ဥပေက္ခာဝေဒနာ၊ (၄) သောမနဿဝေဒနာ၊ (၅) ဒေါမနဿဝေဒနာဟူ၍ ၅ မျိုးကွဲပြား၏။

ထိုသို့ နည်း ၂ မျိုးကိုလိုက်၍ နာမည်ကွဲပါသော်လည်း ဝေဒနာစေတသိက်မှာ တစ်မျိုးတည်းသာဖြစ်ပေ၏။

**၈။ ဒွိဟိတ်စိတ် ၂၂ ပါးကို ဆိုင်ရာဟိတ်များနှင့်တွဲစပ်ပြ၍၊ ဈာန်မထိုက်သောကြိယာ၊ ဈာန်ထိုက်သော ဝိပါက်စိတ်တို့ကိုလည်း ဖြေဆိုပြပါ။** (စမန ၈၂၊ ၈၄)

**အဖြေ – ဒွိဟိတ်စိတ် ၂၂ ပါးကို ဆိုင်ရာဟိတ်များနှင့် တွဲစပ်ပြရသော်–**

| | |
|---|---|
| လောဘမူစိတ် ၈ ပါး | = လောဘဟိတ်, မောဟဟိတ် ယှဉ်၏။ |
| ဒေါသမူစိတ် ၂ ပါး | = ဒေါသဟိတ်, မောဟဟိတ် ယှဉ်၏။ |

ကာမသောဘန ဉာဏဝိပ္ပယုတ်စိတ် ၁၂ ပါး= အလောဘဟိတ်, အဒေါသဟိတ် ယှဉ်၏။

– **ဈာန်မထိုက်သောကြိယာစိတ်သည်** ''ဟသိတုပ္ပါဒ်စိတ်''ဖြစ်၏။

**ဈာန်ထိုက်သောဝိပါက်စိတ်တို့သည်** ''သောတာပတ္တိဖိုလ်စိတ်, သကဒါဂါမိဖိုလ်စိတ်, အနာဂါမိဖိုလ်စိတ်, အရဟတ္တဖိုလ်စိတ်ဟူသော ဖိုလ်စိတ် ၄ ပါးဖြစ်ကြ၏။

**၉။ ကိစ္စ ၅ ခုကို တစ်ဌာနပေါင်းယူထားသော၊ ဌာနအမည်ကို ဖြေဆိုပြ၍၊ ဥပေက္ခာသဟ ဂုတ်သန္တီရဏစိတ်နှစ်ပါး၏ (၆) ဒွါရမှလွတ်မြောက်သောအရေးကိစ္စ, မလွတ်မြောက်နိုင်သောအရေးကိစ္စတို့ကိုလည်း ဖြေဆိုပြပါ။** (စမန ၈၅၊ ၈၆)

**အဖြေ – ကိစ္စ ၅ ခုကို တစ်ဌာနပေါင်းယူသော ဌာနအမည်သည်** ''ပဥ္စဝိညာဏဌာန'' ဖြစ်ပါသည်။

– ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်နှစ်ပါးသည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, သန္တီရဏကိစ္စ, တဒါရုံကိစ္စဟူသော ကိစ္စ ၅ ပါးကို ဆောင်ရွက်နိုင်ကြ၏။

ထိုတွင် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတို့ကို ဆောင်ရွက်နေသည့်အခါ ဥပေက္ခာသန္တီရဏစိတ် ၂ ပါးသည် မည်သည့်ဒွါရတွင်မှမဖြစ်ဘဲ (၆) ဒွါရလွတ်မြောက်၏။

သန္တီရဏကိစ္စနှင့် တဒါရုံကိစ္စတို့ကို ဆောင်ရွက်ကြသည့်အခါ၌ ဥပေက္ခာသန္တီရဏစိတ်နှစ်ပါးသည် (၆)ဒွါရ၌ဖြစ်နိုင်သဖြင့် (၆) ဒွါရမှမလွတ်မြောက်နိုင်ချေ။

**၁၀။ ကာမဘုံသား လူအများပိုင်ဆိုင်ရသည့် ရုပ်ဝတ္ထုများကို ရေတွက်ပြ၍ (၅) ဒွါရ (၅) အာရုံအမြဲမှီငြား ဝတ္ထုတစ်ပါးသာရှိသောစိတ်ကိုလည်း ဖြေဆိုပြပါ။** (စမန ၉၀၊ ၈၈၊ ၉၁)

**အဖြေ – ကာဘုံသား လူအများပိုင်ဆိုင်ရသည့် ရုပ်ဝတ္ထုများမှာ–**

(၁) စက္ခုဝတ္ထု = စက္ခုပသာဒရုပ်၊
(၂) သောတဝတ္ထု = သောတပသာဒရုပ်၊
(၃) ဃာနဝတ္ထု = ဃာနပသာဒရုပ်
(၄) ဇိဝှာဝတ္ထု = ဇိဝှာပသာဒရုပ်
(၅) ကာယဝတ္ထု = ကာယပသာဒရုပ်
(၆) ဟဒယဝတ္ထုရုပ် တို့ဖြစ်ပါသည်။

– (၅) ဒွါရ (၅) အာရုံ အမြဲမှီငြား ဝတ္ထုတစ်ပါးသာရှိသော စိတ်သည် မနောဓာတ် အမည်ရသော ပဥ္စဒွါရာဝဇ္ဇန်းစိတ်နှင့် သမ္ပဋိစ္ဆိုန်းစိတ် ၂ ပါးတို့ ဖြစ်၏။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန (၆) ကြိမ်မြောက်

**အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲ–ဒုတိယဆင့် (၁၄–၁၂–၂၀၁၃)**

ခွင့်ပြုချိန်။ ။ လေးနာရီ (မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၄–နာရီအထိ)

**၁။ လူတို့၏စိတ်သက်သည် အဘိဓမ္မာနည်းအရ မည်မျှရှည်လျားသည်ကို တွက်ချက်ပြ၍၊ စာမေးပွဲဝင် စာဖြေရှင်တို့၏စိတ်ဝိညာဉ်နှင့် ဆက်စပ်၍ဖြစ်ပေါ်လာသော ဝီထိ (၆)မျိုးတို့၏အမည်ကိုလည်း ရေးသားပြပါ။** (စမန ၉၂၊ ၉၃)

**အဖြေ – လူတို့၏စိတ်သက်သည်** စိတ်၏ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏဟူ၍ ခဏငယ်

သုံးချက် (ဝါ) စိတ္တက္ခဏ (၁) ချက်ဖြစ်၏။

– စာမေးပွဲဝင်စာဖြေရှင်တို့၏စိတ်ဝိညာဏ်နှင့်ဆက်စပ်၍ ဖြစ်ပေါ်လာသော ဝီထိ (၆) မျိုးတို့၏အမည်များမှာ–

(၁) စက္ခုဒွါရဝီထိ (ဝါ) စက္ခုဝိညာဏဝီထိ၊
(၂) သောတဒွါရဝီထိ (ဝါ) သောတဝိညာဏဝီထိ၊
(၃) ဃာနဒွါရဝီထိ (ဝါ) ဃာနဝိညာဏဝီထိ၊
(၄) ဇိဝှါဒွါရဝီထိ (ဝါ) ဇိဝှာဝိညာဏဝီထိ၊
(၅) ကာယဒွါရဝီထိ (ဝါ) ကာယဝိညာဏဝီထိ၊
(၆) မနောဒွါရဝီထိ (ဝါ) မနောဝိညာဏဝီထိတို့ ဖြစ်ပါသည်။

**၂။ ရည်မှန်းချက် နိဗ္ဗာန်သို့ရောက်ရန် ကြိုတင်ပြင်ဆင်မှုဖြစ်သော ပရိကမ္မစသည် လေးလီအမည်ရသောစိတ်တို့ကို ဖော်ပြ၍၊ ဘုရားရှင်ကို ဖူးမျှော်ရ၍ ကြည်နူးနေသောယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်ပေါ်လာသောတဒါရုံစိတ်တို့ကိုလည်း ရွေးချယ်ပြပါ။** (စမန ၁၁၁၊ ၈၄)

**အဖြေ – ရည်မှန်းချက်နိဗ္ဗာန်သို့ရောက်ရန် ကြိုတင်ပြင်ဆင်မှုဖြစ်သော ပရိကမ္မစသည် လေးလီ** အမည်ရသောစိတ်တို့မှာ – ''ပရိကမ္မ, ဥပစာ, အနုလုံ, ဂေါတြဘုစိတ်''တို့ဖြစ်ကြ၏။

*ပရိကမ္မ* = မဂ်ဇောဖြစ်ရန် ပြုပြင်စီရင်တတ်သောစိတ်၊
*ဥပစာ* = မဂ်ဇောအနီး၌ဖြစ်သောစိတ်၊
*အနုလုံ* = အောက်ပရိကမ်ဇောအားလည်းကောင်း၊ အထက်အပ္ပနာဇောအားလည်းကောင်း၊ လျော်စွာဖြစ်တတ်သောစိတ်။
*ဂေါတြဘု* = ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ဖြစ်စေတတ်သောစိတ်။

ဂေါတြဘုစိတ်ချုပ်သည်နှင့်တစ်ပြိုင်နက် မဂ်စိတ်ဖြစ်၍ ယောဂီသည် အရိယာဖြစ်၏။

ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘုစိတ်တို့သည် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်များဖြစ်ပြီး မဂ်စိတ်အနီးဖြစ်ကြသဖြင့် ''ဥပစာရသမာဓိဇောစိတ်များ''ဟုလည်း အမည်ရကြ၏။

**– ဘုရားရှင်ကိုဖူးမျှော်၍ ကြည်နူးနေသောယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်ပေါ်လာသော တဒါရုံစိတ်တို့မှာ** – ''သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကမဟာဝိပါက်စိတ် ဖြစ်ပါသည်။

**၃။ ဈာနလာဘီ အရိယာပုဂ္ဂိုလ်များ တရားအားထုတ်ရာ၌ မဂ်ပေါက်လျှင် ဖိုလ်ဝင်သည်ဟူသောစကားမှန်/မမှန် အဘိဓမ္မာရှုထောင့်မှ ဆုံးဖြတ်၍၊ ပစ္စုပ္ပန်ဘဝ၌ အရိုးကြေကြေ အရေခမ်းခမ်း ကြိုးပမ်းအားထုတ် တရားအလုပ် ပြုလုပ်ပါလျက် တရားထူးတရားမြတ် မရနိုင်ကြသော ပု ဂ္ဂိုလ်ရှိက ထုတ်ပြပါ။** (စမန ၁၁၁၊ ၁၁၂၊ ၁၁၆)

**အဖြေ – ဈာနလာဘီအရိယာပုဂ္ဂိုလ်များ တရားအားထုတ်ရာ၌ မဂ်ပေါက်လျှင် ဖိုလ်ဝင်သည်**

ဟူသောစကားသည် မှန်ပါသည်။ အဘိဓမ္မာရှုထောင့်မှ ဆုံးဖြတ်ရသော်–

မန္ဒပညာပုဂ္ဂိုလ်၏ မဂ်ဝီထိ = ''န–ဒ–မ–ပ–ဥ–နု–ဝေါ–မဂ်–ဖိုလ်–ဖိုလ်'' –ဘဝင်–

တိက္ခပညာပုဂ္ဂိုလ်၏မဂ်ဝီထိ = ''န–ဒ–မ–ဥ–နု–ဝေါ–မဂ်–ဖိုလ်–ဖိုလ်–ဖိုလ်'' –ဘဝင်–

န = ဘဝင်္ဂစလန = လှုပ်ရှားသောဘဝင်စိတ်၊

ဒ = ဘဝင်္ဂုပစ္ဆေဒ = ပြတ်စဲသောဘဝင်စိတ်၊

မ = မနောဒွါရာဝဇ္ဇန်းစိတ် = အာရုံကို ဆင်ခြင်ဆုံးဖြတ်သောစိတ်၊

ပ = ပရိကမ္မ = မဂ်ဇောဖြစ်ရန် ပြုပြင်စီရင်တတ်သောစိတ်၊

ဥ = ဥပစာ = မဂ်ဇောအနီး၌ဖြစ်သောစိတ်၊

နု = အနုလုံ = အောက်ပရိကမ်ဇောအားလည်းကောင်း၊ အထက်အပ္ပနာဇောအား လည်းကောင်း လျော်စွာဖြစ်တတ်သောစိတ်၊

ဝေါ = ဝေါဒါန် = ဖြူဖွေးကြည်လင်သန့်ရှင်းသောစိတ်၊

မဂ် = မဂ်စိတ်= အရိယာယောဂီရပြီး မဂ်ထက် တဆင့်မြင့်သောမဂ်စိတ်၊

ဖိုလ် = ဖိုလ်စိတ် = မဂ်၏အကျိုးဖြစ်သောစိတ်။

စျာနလာဘီအရိယာများ တရားအားထုတ်၍ မဂ်ဝီထိဖြစ်သည့်အခါ မဂ်ဇောဖြစ်ပြီးသည်နှင့် တစ်ပြိုင်နက် အခြားမလပ်ဘဲ ဖိုလ်ဇောဖြစ်ပါသည်။ တရားတော်၏ အကာလိကောဂုဏ်တော် နှင့်အညီ မဂ်ဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် ဖိုလ်ဖြစ်ခြင်းပေတည်း။ ထို့ကြောင့် မဂ်ပေါက်လျှင် ဖိုလ်ဝင်သည်စကား မှန်ပါသည်။

**ပစ္ဆိမဘဝိက** အရိုးကြေကြေ အရေခမ်းခမ်း ကြိုးပမ်းအားထုတ် တရားအလုပ်ပြုလုပ်ပါ လျက် **တရားထူးတရားမြတ်မရနိုင်ကြရှာပုဂ္ဂိုလ်များရှိပါသည်။**

ပဋိသန္ဓေနေစဉ်က မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်နှင့်ပဋိသန္ဓေနေကြသော ဒွိဟိတ်ပုဂ္ဂိုလ် များနှင့် သုဂတိအဟိတ်ကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေကြသော အဟိတ်ပုဂ္ဂိုလ်များသည် ပစ္ဆိမဘဝတွင် မည်မျှပင်ကြိုးပမ်းအားထုတ်ကြစေကာမူ စျာန်၊ မဂ်၊ ဖိုလ်ဟူသော တရားထူးတရားမြတ်များကို မရနိုင်ကြပါ။

**၄။ သံသရာလမ်း ခရီးကြမ်းဝယ် လျှောက်လှမ်းကြငြား ပုဂ္ဂိုလ်များတွင် သက်တမ်းရှည် ကြာ နေထိုင်ခွင့်ရသောပုဂ္ဂိုလ်ကို (က) ပဋိသန္ဓေစိတ် (ခ) သက်တမ်းတို့နှင့်တကွ တွဲ စပ်ပြပါ။** (စမန ၁၂၃၊ ၁၂၄၊ ၁၂၇)

**အဖြေ – သံသရာလမ်း ခရီးကြမ်းဝယ် လျှောက်လှမ်းကြငြား ပုဂ္ဂိုလ်များတွင် သက်တမ်းရှည်ကြာ နေထိုင်ခွင့်ရသောပုဂ္ဂိုလ်တို့အနက်** သက်တမ်းအရှည်ကြာဆုံးနေထိုင် ခွင့်ရသည့်ပုဂ္ဂိုလ်တို့မှာ အရူပပြဟ္မာများဖြစ်ကြသည်။ ၎င်းတို့၏ (က) ပဋိသန္ဓေစိတ် (ခ) သက်တမ်းတို့မှာ–

| အရူပပြဟ္မာဘုံ | (က) ပဋိသန္ဓေစိတ် | (ခ) သက်တမ်း |
|---|---|---|
| (၁) အာကာသာနဉ္စာယတနဘုံ | အာကာသာနဉ္စာယတနဝိပါက်စိတ် | ၂၀၀၀၀ ကမ္ဘာ |
| (၂) ဝိညာဏဉ္စာယတနဘုံ | ဝိညာဏဉ္စာယတနဝိပါက်စိတ် | ၄၀၀၀၀ ကမ္ဘာ |
| (၃) အာကိဉ္စညာယတနဘုံ | အာကိဉ္စညာယတနဝိပါက်စိတ် | ၆၀၀၀၀ ကမ္ဘာ |

(၄) နေဝသညာနာသညာယတနဘုံ နေဝသညာနာသညာယတနဝိပါက်စိတ် ၈၄၀၀၀ ကမ္ဘာ

သို့အတွက် အသက်အရှည်ဆုံးပြဟ္မာများမှာ နေဝသညာနာသညာယတနပြဟ္မာများ ဖြစ်ကြသည်။ ၎င်းတို့၏ပဋိသန္ဓေစိတ်နှင့် သက်တမ်းတို့ကို အထက်ပါဇယားတွင် ဖော်ပြထား၏။

ဒုတိယသက်တမ်းအရှည်ဆုံးပြဟ္မာများမှာ ရူပစတုတ္ထဈာန် (၇) ဘုံပြဟ္မာများဖြစ်ကြ၏။ သူတို့၏ (က) ပဋိသန္ဓေစိတ်နှင့် (ခ) သက်တမ်းတို့ကို အောက်ပါဇယားတွင် ဖော်ပြပါသည်။

| ရူပစတုတ္ထဈာန်(၇)ဘုံ | (က) ပဋိသန္ဓေစိတ် | (ခ) သက်တမ်း |
|---|---|---|
| (၁) ဝေဟပ္ဖိုလ်ဘုံ | ရူပပဉ္စမဈာန်ဝိပါက်စိတ် | ၅၀၀ ကမ္ဘာ |
| (၂) အသညသတ်ဘုံ | ဇီဝိတနဝကကလာပ်ရုပ် | ၅၀၀ ကမ္ဘာ |
| (၃) အဝိဟာဘုံ | ရူပပဉ္စမဈာန်ဝိပါက်စိတ် | ၁၀၀၀ ကမ္ဘာ |
| (၄) အာတပ္ပါဘုံ | ရူပပဉ္စမဈာန်ဝိပါက်စိတ် | ၂၀၀၀ ကမ္ဘာ |
| (၅) သုဒဿာဘုံ | ရူပပဉ္စမဈာန်ဝိပါက်စိတ် | ၄၀၀၀ ကမ္ဘာ |
| (၆) သုဒဿီဘုံ | ရူပပဉ္စမဈာန်ဝိပါက်စိတ် | ၈၀၀၀ ကမ္ဘာ |
| (၇) အကနိဋ္ဌာဘုံ | ရူပပဉ္စမဈာန်ဝိပါက်စိတ် | ၁၆၀၀၀ ကမ္ဘာ |

**၅။ နေ့စဉ်မပျက် ကျင့်ဝတ်ထား၍ ပြုလုပ်အပ်သည့်ကံ၏အမည်ကို ရေးသားပြ၍၊ အကုသိုလ်ဒုစရိုက်ပြုလုပ်သူတို့အား အဓိကတိုက်တွန်းပေးသော အရင်းခံတရားနှင့် မှားသောအယူဝါဒကို ယူကြသောပုဂ္ဂိုလ်တို့၏အဓိကအကြောင်းတရားတို့ကိုလည်း ဖော်ပြပါ။** (စမန ၁၄၂၊ သင်္ဂြိုဟ် ၂၉၀)

**အဖြေ – နေ့စဉ်မပျက်ကျင့်ဝတ်ထား၍ပြုလုပ်အပ်သောကံသည်** "ကုသိုလ် အာစိဏ္ဏကံ" ဖြစ်၏။

**အကုသိုလ်ဒုစရိုက်ပြုလုပ်သူတို့အား** အဓိကတိုက်တွန်းပေးသောအရင်းခံတရားသည် လောဘမူလ, လောဘမူလရှိသောယှဉ်ဖက်စိတ်၊ ဒေါသမူလ, ဒေါသမူလရှိသော ယှဉ်ဖက်စိတ်တို့ဖြစ်ပါသည်။

**မှားသောအယူဝါဒ** (ဝါ) မိစ္ဆာဒိဋ္ဌိကိုယူကြသောပုဂ္ဂိုလ်တို့၏အဓိကအကြောင်းတရားမှာ လောဘမူလ, လောဘမူလရှိသောယှဉ်ဖက်စိတ်ကြောင့် ဖြစ်ပါသည်။

**၆။ ရုပ်နာမ်နှစ်ဝ သင်္ခါရတို့ အသက်ရှည်ကြာ တည်ကြရာဝယ် ရုပ်သက်သက်ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့ကို ရွေးချယ်ပြ၍၊ လားရာဂတိ မြဲမရှိသောပုထုဇဉ်လူသားများ ဘဝဟောင်းမှဘဝသစ်သို့ ပြောင်းသွားသောအခါ ရောက်နိုင်သောဘုံဌာနတို့ကိုလည်း ရွေးချယ်စိစစ်ပြပါ။** (စမန၊ ၁၂၃၊ ၁၂၇၊ ၁၄၄)

**အဖြေ** – ရုပ်နာမ်နှစ်ဝ သင်္ခါရတို့ အသက်ရှည်ကြာ တည်ကြရာဝယ် **ရုပ်သက်သက်ဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်တို့သည် အသညသတ်ပြဟ္မာများဖြစ်၍**

ဇီဝိတနဝကကလာပ်ရုပ်ဖြင့် ပဋိသန္ဓေနေပြီး သက်တမ်း ကမ္ဘာ ၅၀၀ရှည်ကြာ၏။

– လားရာဂတိမြဲမရှိသော ပုထုဇဉ်လူသားများ ဘဝဟောင်းမှ ဘဝသစ်သို့ ပြောင်းသွားသော အခါ ရောက်နိုင်သောဘုံဌာများမှာ–

(၁) **ကာမတိဟိတ်စုတိ ၄ ပါးနောင်** အဟိတ်ပဋိသန္ဓေ ၂ပါး၊ ကာမဒွိဟိတ်ပဋိသန္ဓေ ၄ ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄ ပါး၊ ရူပပဋိသန္ဓေ ၆ ပါး၊ အရူပပဋိသန္ဓေ ၄ ပါးဟူ၍ ပဋိသန္ဓေ ၂၀ လုံး ဖြစ်နိုင်သဖြင့်–

**တိဟိတ်ပုထုဇဉ်လူသားများသေလျှင်** အပါယ် ၄ ဘုံ၊ ကာမသုဂတိ ၇ ဘုံ၊ ရူပပြဟ္မာ ၁၆ ဘုံ၊ အရူပပြဟ္မာ ၄ ဘုံဟူ၍ ၃၁ ဘုံလုံးတွင် ဘဝသစ်ဖြစ်နိုင်၏။

(၂) **ကာမဒွိဟိတ်စုတိ ၄ ပါးနောင်** ကာမပဋိသန္ဓေ ၁၀ ပါးဖြစ်နိုင်သဖြင့် **ဒွိဟိတ်ပုထုဇဉ်လူသားများသေလျှင်** အပါယ် ၄ ဘုံနှင့် ကာမသုဂတိ ၇ ဘုံတွင် ဘဝသစ်ဖြစ်နိုင်ကြ၏။

(၃) **အဟိတ်စုတိ ၂ ပါးနောင်** ကာမပဋိသန္ဓေ ၁၀ ပါး ဖြစ်နိုင်သဖြင့်

**အဟိတ်ပုထုဇဉ်လူသားများဘဝပြောင်းလျှင်** အပါယ် ၄ ဘုံနှင့် ကာမသုဂတိ ၇ ဘုံတို့ တွင် ဘဝသစ်ဖြစ်နိုင်ကြပါသည်။

**၇။ ပရမတ်အစစ် ဓာတ်အနှစ်ဟုဆိုကြရာ ရုပ်ပရမတ်ကို အစစ်အတုခွဲခြားပြ၍၊ ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်ဟုဆိုရလောက်အောင် ခွဲခြား၍မရကောင်းသော ရုပ်တို့၏ အမည်စာရင်းကိုလည်း ပြုစုပြပါ။** (စမန ၁၄၉၊ ၁၄၃၊ ၁၄၅၊ ၁၄၈)

**အဖြေ – ပရမတ်ရုပ် ၂၈ ပါးရှိရာ ၎င်းတို့ကို အတုအစစ်ခွဲခြားပြရသော် –**

**ပရမတ်ရုပ်အစစ် ၁၈ ပါးရှိပါသည်။** အကြောင်း ၄ ပါးကြောင့်ဖြစ်၍ **နိပ္ဖန္နရုပ်** ဟုခေါ်၏။

၎င်းတို့မှာ – ပထဝီ, အာပေါ်, ဝါယောဟူသော ဘူတရုပ် ၄ ပါး၊ စက္ခုပသာဒ, သောတ ပသာဒ, ဃာနပသာဒ, ဇိဝှာပသာဒ,

| | |
|---|---|
| ကာယပသာဒဟူသော ပသာဒရုပ် | ၅ ပါး |
| ဝဏ္ဏ, သဒ္ဒ, ဂန္ဓ, ရသဟူသော ဂေါစရရုပ် | ၄ ပါး |
| ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်ဟူသော ဘာဝရုပ် | ၂ ပါး |
| ဟဒယဝတ္ထုရုပ်, ဇီဝိတရုပ်, ဩဇာရုပ်ဟူသည့်ရုပ် | ၃ ပါး |
| ပေါင်း– ပရမတ်ရုပ်အစစ် = | ၁၈ ပါး ဖြစ်ပါသည်။ |

**ပရမတ်ရုပ်အတု ၁၀ ပါး**ရှိ၏၊ အကြောင်း ၄ ပါးကြောင့်မဖြစ်၍ အနိပ္ဖန္နရုပ်ဟုခေါ်၏။

၎င်းတို့မှာ –

| | |
|---|---|
| ပရိစ္ဆေဒရုပ် ၁ ပါး၊ ကာယဝိညတ်ရုပ်၊ ဝစီဝိညတ်ရုပ်ဟူ၍ | ၃ ပါး |
| လဟုတာရုပ်, မုဒုတာရုပ်, ကမ္မညတာရုပ်ဟူသည့် ဝိကာရရုပ် | ၃ ပါး |
| ဥပစယရုပ်, သန္တတိရုပ်, ဇရတာရုပ်, အနိစ္စတာရုပ်ဟူသည့်လက္ခဏာရုပ် | ၄ ပါး |
| ပေါင်း – ပရမတ်ရုပ်အတု = | ၁၀ ပါးဖြစ်သည်။ |

– ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်ဟု ဆိုရလောက်အောင် ခွဲခြား၍မရကောင်းသော ရုပ်တို့၏ အမည်စာရင်းမှာ – ပထဝီ, အာပေါ်, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာအမည်ရကြသော အဝိနိဗ္ဘောဂရုပ် ၈ ပါးဖြစ်ပါသည်။

**၈။ စေတနာမှန်သောကံတရားဟုဆိုကြရာ (က)မှန်ကန်သောစေတနာ (ခ) မမှန်ကန်**

**သောစေတနာတို့ကို ကံကြောင့်ဖြစ်ကြရသောရုပ်တရားများရှုကာ ခွဲခြားသုံးသပ်ပြ၍၊ မိုးချုန်းသံ၊ စကားပြောသံတို့ ဖြစ်ပေါ်လာရခြင်း၏အကြောင်းရင်းအခြေခံတရားတို့ကိုလည်း ရေးသားပြပါ။**

(စမန ၁၅၂၊ ၁၅၆၊ သင်္ဂြိုဟ် ၃၅၈၊ ၃၅၉၊ ၃၆၇၊ ၃၆၈)

**အဖြေ – စေတနာမှန်သောကံတရားဟုဆိုကြရာ** (က) မှန်ကန်သောစေတနာ (ခ) မမှန်ကန်သောစေတနာတို့ကို ကံကြောင့်ဖြစ်ကြရသော ရုပ်တရားများကိုရှုကာ ခွဲခြားသုံးသပ်ပြရသော်–

အကုသိုလ်စိတ် ၁၂ ပါး, မဟာကုသိုလ်စိတ် ၈ ပါး, ရူပါဝစရကုသိုလ်စေတနာ ၅ ပါး၊ ဤ ၂၅ ပါးသောစေတနာတို့သာ ကမ္မဇရုပ်ကိုဖြစ်စေကြ၏။

ထို ''ကံ'' ဟုခေါ်အပ်သောစေတနာများလည်း တွေ့ရာမြင်ရာစေတနာမဟုတ်၊ နောင်အကျိုးပေးဖို့ရန် မိမိသန္တာန်၌ပြုစီမံအပ်ပြီးသော အတိတ် စေတနာများတည်း။

ထိုသို့အကျိုးပေးဖို့ရန် အဆင်သင့်ပြုစီမံအပ်သောစေတနာသည် သူတစ်ပါးသန္တာန်၌ အကျိုးပေးသည်မဟုတ်၊ မိမိသန္တာန်ဝယ် အကျိုးပေးခွင့်သာလျှင် သင့်ရာဘဝ၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ စိတ်၏ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏတိုင်း ကမ္မဇရုပ်များကိုဖြစ်စေ၏။

အရူပကုသိုလ်စေတနာ ၄ ပါးကား ရူပဝိရာဂဘာဝနာ၏အစွမ်းကြောင့် ကမ္မဇရုပ်ကို မဖြစ်စေဘဲ ဝိပါက်နာမ်ခန္ဓာလေးပါးကိုသာ ဖြစ်စေကြ၏။

ထို့ကြောင့် စေတနာမှန်သောကံတရားအဆိုနှင့်အညီ–

(က) မှန်ကန်သောစေတနာသည် အကုသိုလ်စေတနာ ၁၂ ပါး, မဟာကုသိုလ်စေတနာ ၈ ပါး, ရူပါဝစရကုသိုလ်စေတနာ ၅ ပါး, အရူပါဝစရကုသိုလ်စေတနာ ၄ ပါး၊ ပေါင်း – ကုသိုလ်အကုသိုလ်စေတနာ ၂၉ ပါးဖြစ်သည်။

(ခ) မမှန်ကန်သော စေတနာသည် လောကီဝိပါက်စိတ် ၃၂ ပါး, ကြိယာစိတ် ၂၀ ပါး၊ ပေါင်း စိတ် ၅၂ ပါးနှင့်ယှဉ်သော စေတနာ ၅၂ ပါးဖြစ်သည်။

– **မိုးချုန်းသံ**သည် ဥတုကြောင့်ဖြစ်သောဥတုဇသဒ္ဒရုပ်ဖြစ်၍ ဖြစ်ပေါ်လာရခြင်း၏အကြောင်းရင်းအခြေခံတရားသည် ''ဥတု''ဖြစ်၏။

– စကားပြောသံသည် စိတ်ကြောင့်ဖြစ်သော စိတ္တဇသဒ္ဒရုပ်ဖြစ်၍ ဖြစ်ပေါ်လာရခြင်း၏အကြောင်းရင်းအခြေခံတရားသည် ''စိတ်''ဖြစ်၏။

**၉။ အမိဝမ်းခေါင်း ကိန်းအောင်းကြသော သတ္တဝါများတွင် ပဋိသန္ဓေအခါဖြစ်နိုင် သောရုပ်ကလာပ်တို့ကို အမြဲ/တစ်ခါတရံအားဖြင့် ခွဲခြားပြ၍၊ ကံကြောင့်ဖြစ်သော ရုပ်တို့၏ နောက်ဆုံးဖြစ်ရာကာလနှင့် နောက်ဆုံးချုပ်ရာကာလတို့ကို အဘိဓမ္မာအ မြင်ဖြင့် တင်ပြပါ။**

(စမန ၁၅၇၊ သင်္ဂြိုဟ် ၃၉၀၊ ၃၉၁)

**အဖြေ –** အမိဝမ်းခေါင်း ကိန်းအောင်းကြသော သတ္တဝါများတွင် **ပဋိသန္ဓေအခါဖြစ်နိုင်သော** ရုပ်ကလာပ်တို့မှာ ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ် ဟူသော ရုပ်ကလာပ် ၃ စည်း အမြဲဖြစ်လေ့ရှိ၏။ ဤကလာပ် ၃ စည်းကို ''ကလလရေကြည်'' ဟုခေါ်၏။

**တခါတရံ** အချို့သတ္တဝါများ၌ ဘာဝဒသကကလာပ်ချို့တဲ့တတ်သဖြင့် ကာယဒသကကလာပ်နှင့် ဝတ္ထုဒသကကလာပ်ဟူ၍ ရုပ်ကလာပ် ၂ စည်းသာ တခါတရံဖြစ်၏။

– **ကံကြောင့်ဖြစ်သော ရုပ်တို့၏နောက်ဆုံးဖြစ်ရာကာလသည်** စုတိစိတ်အထက် နောက်ပြန်ရေတွက်လျှင် ၁၇ ချက်မြောက်သောစိတ်၏ဥပါဒ်ခဏဖြစ်၏။

– ထိုနောက်ဆုံးဖြစ်ကြသောကမ္မဇရုပ်များသည် စုတိစိတ်၏ဘင်ခဏ၌ ၁၇ ချက်ရုပ်သက်စေသဖြင့် စုတိစိတ်နှင့်ပြိုင်၍ ချုပ်ကြ၏။

ထို့ကြောင့် ကံကြောင့်ဖြစ်သော ရုပ်တို့၏နောက်ဆုံးချုပ်ရာကာလသည် စုတိစိတ်ချုပ်ရာကာလဖြစ်၏။

**၁၀။ ရူပဘုံသား ဗြဟ္မာကြီးများသန္တာန်၌ ကာမစိတ်ဓာတ်ကို ပွားစေတတ်သော ကာမရုပ်တို့ရနိုင်/မရနိုင်ခွဲခြားပြ၍၊ အိုနာသေရေး ဒုက္ခဘေးတို့၏ကင်းရာ နိဗ္ဗာန်ဓာတ်တရား မြတ်ရတနာကို မိမိတို့၏ကပတိမျက်စိဖြင့် မြင်နိုင်/မမြင်နိုင်ကိုလည်း စိစစ်ပြပါ။**

(စမန ၁၅၆၊ ၁၆၁၊ သင်္ဂြိုဟ် ၄၀၀၊ ၄၀၁)

**အဖြေ – အသညသတ်ကြဉ်သောရူပ ၁၅ ဘုံ၌** ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒ, ဘာဝရုပ် ၂ ပါး၊ ပေါင်းရုပ် ၅ ပါးကို မရထိုက်၊ ကျန်ရုပ် ၂၃ ပါးကိုသာ ရထိုက်၏။

**အသညသတ်ဘုံ၌** အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ ပရိစ္ဆေဒရုပ်၊ လဟုတာဒိရုပ် ၃ ပါး၊ လက္ခဏရုပ် ၄ ပါး၊ ပေါင်းရုပ် ၁၇ ပါးကိုသာ ရထိုက်၏။

သို့အတွက် **ရူပဘုံသားဗြဟ္မာကြီးများသန္တာန်၌** ကာမဂုဏ်မခံစားကြသဖြင့် ကာမစိတ်ဓာတ်ကို ပွားစေတတ်သော **ဘာဝရုပ်ကို မရနိုင်ပါ။**

– **အိုနာသေရေး ဒုက္ခဘေးတို့၏ကင်းရာ နိဗ္ဗာနဓာတ်တရားမြတ်ရတနာကို** မိမိတို့၏ပကတိ မျက်စိဖြင့် မမြင်နိုင်ပါ။

အကြောင်းမှာ ရဟန္တာတို့ ပရိနိဗ္ဗာန်စံသည့်အခါ ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်များချုပ်ငြိမ်းပြီး ရအပ်သောနိဗ္ဗာန်ကို ''**အနုပါဒိသေသနိဗ္ဗာနဓာတ်**'' ဟုခေါ်၏။

နိဗ္ဗာန်သည် ရာဂ, ဒေါသ, မောဟတို့ ဦးဆောင်သောကိလေသာများနှင့်တကွ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့မှ ဆိတ်သုဉ်း၏။ ဤသို့ ကိလေသာအားလုံး, ရုပ်နာမ်အားလုံးတို့ ဆိတ်သုဉ်းနေခြင်းကြောင့် နိဗ္ဗာန်သည် ''**သုညတနိဗ္ဗာန်**''ဟူသော အမည်ကို ရ၏။

နိဗ္ဗာန်သည် ဆင်းရဲခြင်း၏အကြောင်းတရားဖြစ်သည့် ကိလေသာအားလုံးချုပ်ငြိမ်းပြီး ရုပ်နာမ်လည်းမရှိ၊ ထာဝရငြိမ်းအေးခြင်း – သန္တိလက္ခဏာသာရှိသဖြင့် ပကတိမျက်စိဖြင့် မမြင်နိုင်ပါ။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့်သာ မျက်မှောက်ပြုနိုင်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန**

သာသနာရေးဦးစီးဌာန (၆၁) ကြိမ်မြောက်

**အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲ –တတိယဆင့် (၁၅–၁၂–၂၀၁၃)**

ခွင့်ပြုချိန်။ ။ လေးနာရီ (မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၄ နာရီအထိ)

**၁။ ''မိမိအယူသာမှန်သည် တခြားအယူများမမှန်''ဟု တယူသန်စွဲလမ်းလျက်ရှိသော ပုဂ္ဂိုလ်၌ ဖြစ်သောဉပါဒါန်ကို ရေးသားဖြေဆို၍၊ တရားအားထုတ်သောယောဂီပုဂ္ဂိုလ်တို့၏သန္တာန်၌ ဈာန်တရားများဖြစ်ပေါ်ခွင့်မရအောင် တားဆီးပိတ်ပင်တတ်သော ကိလေသာများကိုလည်း ဖော်ပြပါ။** (စမန ၁၆၃၊ ၁၆၄၊ သင်္ဂြိုဟ် ၄၁၂၊ ၄၁၄)

**အဖြေ – ''မိမိအယူသာမှန်သည် တခြားအယူများမမှန်''**ဟု တယူသန်စွဲလမ်းလျက်ရှိသောအယူမှားသည် ''ဣဒံသစ္စာဘိနိဝေသဒိဋ္ဌိ'' ဖြစ်ပြီး **ဒိဋ္ဌုပါဒါန်** တွင် ပါဝင်ပါသည်။

**– တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်တို့၏သန္တာန်၌** ဈာန်တရားများဖြစ်ပေါ်ခွင့်မရအောင် တားဆီးပိတ်ပင်တတ်သောကိလေသာများမှာ ''**နီဝရဏတရားများ**'' ဖြစ်သည်။ ၎င်းတို့မှာ–

(၁) *ကာမစ္ဆန္ဒ* = ကာမဂုဏ်ကို လိုချင်နှစ်သက်မှု (လောဘစေတသိက်)

(၂) *ဗျာပါဒ* = စိတ်ဆိုး, စိတ်ပျက်, စိတ်ပူပန်ခြင်း (ဒေါသစေတသိက်)

(၃) *ထိနမိဒ္ဓ* = စိတ်စေတသိက်တို့ လေးလံထိုင်းမှိုင်းခြင်း (ထိန, မိဒ္ဓစေတသိက် ၂ ပါး)

(၄) *ဥဒ္ဓစ္စ, ကုက္ကုစ္စ* = စိတ်ပျံ့လွင့်ခြင်း, နောင်တတစ်ဖန်ပူပန်ခြင်း (ဥဒ္ဓစ္စ, ကုက္ကုစ္စစေတသိက်၂)

(၅) *ဝိစိကိစ္ဆာ* = ဘုရား, တရား, သံဃာစသည်၌ ယုံမှားသံသယဖြစ်မှု (ဝိစိကိစ္ဆာစေတသိက်)

(၆) *အဝိဇ္ဇာ* = မသိတွေဝေခြင်းသဘော( မောဟစေတသိက်) တို့ဖြစ်ပါသည်။

**၂။ စာဖြေရှင်တို့စားသုံးသောစားသောက်ဖွယ်ရာတို့၌ ပါသောဩဇာသည်သာလျှင် အာဟာရမည်ပါသလော? အခြားသောအာဟာရမည်သောတရားများ ရှိနိုင်/မရှိနိုင် အဘိဓမ္မာအမြင်ဖြင့် ရှာဖွေတင်ပြ၍၊ ရှက်ကြောက်ကင်းငြား အကြမ်းဖက်သမားတို့၏စွမ်းအင်များကိုလည်း ဖော်ပြပါ။** (စမန ၁၇၂၊ ၁၇၃၊ သင်္ဂြိုဟ် ၄၃၁)

**အဖြေ –** စားသောက်ဖွယ်ရာတို့၌ပါသော ဩဇာသည်သာလျှင် အာဟာရမည်သည်မဟုတ်ပါ။

အခြားအာဟာရမည်သောတရားများ ရှိနိုင်ပါသည်။ အဘိဓမ္မာတွင် အောက်ပါ နာမ်အာဟာရသုံးမျိုးကိုလည်း ဖော်ပြထားပါသည်။

(၁) *ဖဿာဟာရ* = စိတ်အားလုံး၌ယှဉ်သောဖဿစေတသိက်၊ ဝေဒနာကိုဖြစ်စေခြင်း, ထောက်ပံ့ခြင်းဟူသောအကျိုးကိုဆောင်၏။ ''ဖဿပစ္စယာ ဝေဒနာ''ကို ထောက်ရှုပါ။

(၂) *မနောသဉ္စေတနာဟာရ* = စိတ်အားလုံး၌ ယှဉ်သောစေတနာ၊ ''သင်္ခါရပစ္စယာ ဝိညာဏံ'' နှင့်အညီ ပဋိသန္ဓေဝိညာဏ် ဟူသော အကျိုးကိုဆောင်၏။

(၃) *ဝိညာဏာဟာရ* – စိတ်အားလုံး၊ ''ဝိညာဏပစ္စယာ နာမရူပံ''နှင့်အညီ အတူဖြစ်ဖက်စေတသိက်နာမ်နှင့်ရုပ်တရားကို ဆောင်၏။

– ရှက်ကြောက်ကင်းငြား အကြမ်းဖက်သမားတို့၏စွမ်းအင်များမှာ–

အဟိရိကဗိုလ်, အနောတ္တပ္ပဗိုလ်, ဒေါသဟိတ်, မောဟဟိတ်တို့ ဖြစ်ပါသည်။

**၃။ အပြစ်မကင်းနိုင်သော ပုထုဇဉ်လူသားတို့တွင် အပြစ်နှင့်ပတ်သက်၍ကြိုးစားအား ထုတ်သင့်သောအချက်တို့ကို သီသာပေါ်လွင်အောင်ရေးသားဖြေဆို၍၊ ဓမ္မာရုံနှင့်ဓမ္မ ဓာတ်တို့၏မတူကွဲပြားထူးခြားမှုကိုလည်း ရှင်းလင်းစွာဖြေဆိုပါ။**

(စမန ၁၇၃၊ ၈၇၊ ၁၇၉)

**အဖြေ – အပြစ်မကင်းနိုင်သော ပုထုဇဉ်လူသားတို့တွင်** အပြစ်နှင့်ပတ်သက်၍ ကြိုးစားအား ထုတ်သင့်သော အချက်တို့မှာ– **သမ္မပ္ပဓာန်တရား ၄ ပါးကို** ကြိုးစားအားထုတ် ခြင်းဖြစ်၏။

(၁) ဖြစ်ပြီးသောအကုသိုလ်တရား (အပြစ်ဟောင်း)တို့ကို ပယ်ဖျောက်နိုင်ခြင်းငှာ အားထုတ်ခြင်း၊

(၂) မဖြစ်သေးသောအကုသိုလ်တရား (အပြစ်သစ်)တို့ကို မဖြစ်စေခြင်းငှာ အားထုတ်ခြင်း

(၃) မဖြစ်သေးသောကုသိုလ်တရား(ဈာန်, မဂ်, ဖိုလ်)တို့ကို ဖြစ်ထွန်းစေခြင်းငှာအားထုတ်ခြင်း၊

(၄) ဖြစ်ပြီးသောကုသိုလ်တရား (သမာဓိ, ဝိပဿနာ)တို့ကို တိုးပွားစေခြင်းငှာ အားထုတ်ခြင်း တည်း။

သီလလုံခြုံအောင်စောင့်ထိန်းလျှင် အပြစ်ကင်းစင်မည်၊ တစ်မဂ်တစ်ဖိုလ်ရ၍ သောတာပန် ဖြစ်လျှင် အပါယ်ကျစေနိုင်သောအပြစ်တို့ကို လုံးဝပြုလုပ်တော့မည်မဟုတ်၊ အပါယ်တံခါး လည်း ပိတ်လေပြီ။

**– ဓမ္မာရုံနှင့်ဓမ္မဓာတ်တို့၏ မတူကွဲပြား ထူးခြားပုံမှာ–**

**ဓမ္မာရုံ၏အရကောက်မှာ** – ပသာဒရုပ် ၅ ပါး၊ သုခုမရုပ် ၁၆ ပါး၊ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ နိဗ္ဗာန်၊ ပညတ်ဟူသော တရား ၆–မျိုးကို ကောက်၏။

ပဉ္စဒွါရ၌မထင်နိုင်ဘဲ မနောဒွါရ၌ထင်နိုင်သည့် သိမ်မွေ့သောအာရုံအားလုံးကိုကောက်၏။

**ဓမ္မဓာတ်၏အရကောက်မှာ** – စေတသိက် ၅၂ ပါး, သုခမရုပ် ၁၆ ပါး၊ နိဗ္ဗာန်တို့ဖြစ်ပါသည်၊

ပသာဒရုပ် ၅ ပါးသည် ဒွါရ (၆) ပုံ (အခံဓာတ်)တွင် ပါဝင်၍ ဓမ္မဓာတ်၌ မပါပါ၊ စိတ် ၈၉ ပါးသည် ဝိညာဏဓာတ် (၇)ပါးအဖြစ်ကောက်ယူသဖြင့် ဓမ္မဓာတ်၌ မပါပါ။ ပညတ်သည် လည်း ပရမတ်တရားမဟုတ်သဖြင့် ဓမ္မဓာတ်၌ မပါပါ။ ဓမ္မာရုံတွင် အားလုံးပါကြသည်။ ဤသို့ မတူကွဲပြားထူးခြားပါသည်။

**၄။ သတ္တဝါတစ်ဦးတစ်ယောက်ဖြစ်တည်လာပြီးလျှင် မအို,မသေ အမြဲနေရသောသတ္တဝါ မျိုးဟူ၍ရှိနိုင်/မရှိနိုင်ရေးသားဖြေဆို၍ အောက်ပါတို့၏အကြောင်းတရားများကိုလည်း ဖော်ပြပါ။ (က) တပ်မက်ခင်မင်လိုချင်မှု (ခ) အငမ်းမရစွဲလမ်းမှု၊ (ဂ) စိုးရိမ်ပူဆွေး ငိုကြွေးမှု။**

(စမန ၁၈၈၊ ၁၈၉၊ ၁၈၆)

**အဖြေ –** သတ္တဝါတစ်ဦးတစ်ယောက်ဖြစ်တည်လာပြီးလျှင် မအို, မသေ အမြဲနေရ သော သတ္တဝါမျိုးဟူ၍ မရှိနိုင်ပါ။

အကြောင်းမှာ – ပဋိစ္စသမုပ္ပါဒ်တရားတော်တွင် – ''*ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ*''

ပဋိသန္ဓေနေခြင်း (ဝါ) မွေးဖွားခြင်းဟူသောအကြောင်းကြောင့် အိုခြင်း, သေခြင်းတို့ မုချမသွေဖြစ်ပေါ်ရ၏။ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းပြစွာပူဆွေးတို့ကလည်း အကျိုးဆက်အနေဖြင့် ဖြစ်ပေါ်နိုင်ကြ၏။

ရုပ်နာမ်သင်္ခါရတို့သည် ''ဥပါဒ်–ဌီ–ဘင်'' = ''ဖြစ်–တည်–ပျက်'' သဘာဝဓမ္မတာသဘော အရ ခဏမစဲ အဆက်မပြတ်ဖြစ်ပျက်နေကြ၏။ သတ္တဝါတစ်ဦးကို ဖွဲ့စည်းထားသော ရုပ်နာမ် အားလုံးသည် ဖြစ်ပြီးသည်နှင့်တစ်ပြိုက်နက် အကုန်ပျက်စီးသွားကြရာ သတ္တဝါတို့သည် အမှန်အားဖြင့် ခဏတိုင်း အိုမင်းရင့်ရော်ပြီး သေနေကြ၏။ ဤအခြင်းအရာကို ''**ခဏိကမရဏ**''ဟုခေါ်၏။ ဘုန်းတန်ခိုးအကြီးဆုံး, အမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာ ဘုရားသည်ပင် ဤသဘာဝဓမ္မတာသဘောကို မလွန်ဆန်နိုင်ပါ။

ထို့ကြောင့် သတ္တဝါတစ်ဦးတစ်ယောက်ဖြစ်တည်လာပြီးလျှင် မအို,မသေ အမြဲနေရသူဟူ၍ မရှိနိုင်ပါ။

– အောက်ပါတို့၏အကြောင်းတရားတို့ကို ဖော်ပြရသော်–

(က) တပ်မက်ခင်မင်လိုချင်မှု = တဏှာ၏အကြောင်းတရားသည် ဝေဒနာဖြစ်ပါသည်။
''ဝေဒနာပစ္စယာ တဏှာ''ဟု ဟောတော်မူ၏။

(ခ) အငမ်းမရစွဲလမ်းမှု = ဥပါဒါန်၏အကြောင်းတရားသည် တဏှာဖြစ်၏။
''တဏှာပစ္စယာ ဥပါဒါနံ''ဟု ဟောတော်မူ၏။

(ဂ) စိုးရိမ်ပူဆွေး, ငိုကြွေးမှု = သောက, ပရိဒေဝတို့၏အကြောင်းတရားသည် ဇာတိဖြစ်၏။
''ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ''စသည်ဖော်ပြခဲ့ပြီး။

**၅။ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ချုပ်ပြတ်ပုံကို ရေးသားဖြေဆို၍ ''စိတ်ထောင်းတော့ ကိုယ်ကြေ၊ ကိုယ်ပျိုတော့ကိုယ်နု''ဟူသော ဆိုရိုးစကားရှိလေရာ စိတ်သည် ကိုယ် အား မည်သို့မည်ပုံကျေးဇူးပြုပါသနည်း? ပဋ္ဌာန်းနည်းဖြင့် ရှင်းလင်းပြပါ။**

(စမန ၁၉၃၊ ၁၉၄၊ ၂၁၆၊ ၂၁၇)

**အဖြေ –** ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ချုပ်ပြတ်ပုံမှာ–

ပဋိစ္စသမုပ္ပါဒ်၏ရှေ့ပိုင်းတစ်စက်ဖြစ်သော ''အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ''၌ အဝိဇ္ဇာသည် အရင်းမူလဖြစ်၏။

ပဋိစ္စသမုပ္ပါဒ်၏နောက်ပိုင်းတစ်စက်ဖြစ်သော ''တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ''၌ တဏှာသည် အရင်းမူလဖြစ်၏။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ဝဋ်မြစ် ၂ ပါးသည် အဝိဇ္ဇာ, တဏှာတို့ဖြစ်ကြ၏။

သစ်ပင်တစ်ပင်၌ ရေသောက်မြစ်ပြတ်လျှင် တစ်ပင်လုံးပျက်စီးရသကဲ့သို့ ထို့အတူ သံသရာ တွင်စည်ပင်နေသည့် သတ္တဝါဟုခေါ်ဆိုအပ်သော ရုပ်နာမ်ခန္ဓာသစ်ပင်ကြီး၌ အဝိဇ္ဇာ, တဏှာ ဟူသောရေသောက်မြစ် ၂ ခုကို အရဟတ္တမဂ်လက်နက်ဖြင့် ဖျက်ဆီးလိုက်လျှင် ရုပ်နာမ် ခန္ဓာသစ်ပင်ကြီး အပြီးသတ်ချုပ်ငြိမ်းရသလို ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်လည်း ချုပ်ပြတ်လေ တော့၏။

အဝိဇ္ဇာချုပ်ငြိမ်းလျှင် သင်္ခါရငြိမ်း၏၊ သင်္ခါရချုပ်ငြိမ်းလျှင်ဝိညာဏ်ချုပ်ငြိမ်း၏၊ပ၊ ဇာတိ

ချုပ်ငြိမ်းလျှင် ဇရာမရဏစသည်လည်းချုပ်ငြိမ်း၏၊ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး တစ်ခုလည်း ချုပ်ငြိမ်းလေ၏။

**ဝဋ်သုံးပါးအနေဖြင့်လည်း** အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဟူသော ကိလေသာဝဋ်ကြောင့် သင်္ခါရ, ကမ္မဘဝဟူသော ကမ္မဝဋ်ဖြစ်၏၊ ကမ္မဝဋ်ကြောင့် ဥပပတ္တိဘဝ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာမရဏဟူသော ဝိပါကဝဋ်ဖြစ်၏။ ဝိပါကဝဋ်ဖြစ်လျှင် ကိလေသဝဋ်ဖြစ်ပြန်၏။ ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သည် မပြတ်လည်ပတ်နေ၏။

ကိလေသဝဋ်ကို အရဟတ္တမဂ်လက်နက်ဖြင့် ပယ်သတ်လိုက်လျှင် ကမ္မဝဋ်မဖြစ်တော့၊ ကမ္မဝဋ်မဖြစ်လျှင် ဝိပါကဝဋ်လည်းမဖြစ်တော့၊ ဝိပါကဝဋ်မဖြစ်လျှင် ကိလေသဝဋ်လည်း ပြန်မဖြစ်တော့၊ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သည် အပြီးတိုင် ချုပ်ပြတ်လေတော့၏။

– ''**စိတ်ထောင်းတော့ကိုယ်ကြေ၊ စိတ်ပျိုတော့ကိုယ်နု**'' ဟု ဆိုရိုးစကားရှိလေရာ စိတ်သည် ကိုယ်အား ပဋ္ဌာန်းနည်းဖြင့် ကျေးဇူးပြုပုံများမှာ–

(၁) နောက်နောက်ဖြစ်ကြသောစိတ်စေတသိက်များသည် ရှေ့ရှေ့၌ဖြစ်ကြသောဝတ္ထုရုပ်အစု (ရူပကာယ)အား **ပစ္ဆာဇာတပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။

(၂) ဝိပါက်စိတ်နှင့်စေတသိက်များသည် အချင်းချင်းအားလည်းကောင်း၊ တကွဖြစ်သောစိတ္တဇရုပ်တို့အားလည်းကောင်း၊ **ဝိပါကပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြုကြ၏။

(၃) စေတသိက်တို့သည် အချင်းချင်းအားလည်းကောင်း၊ အတူတကွဖြစ်သောစိတ္တဇရုပ်အားလည်းကောင်း **သဟဇာတပစ္စယသတ္တိ, နိဿယပစ္စယသတ္တိ**တို့ဖြင့် ကျေးဇူးပြုကြ၏။

(၄) ဝိညာဏ်, ဖဿ, စေတနာဟူသောနာမ်အာဟာရတို့သည် အတူတကွဖြစ်ကုန်သော နာမ်ရုပ်တို့အား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။ နာမ်အာဟာရက ရုပ်အာဟာရထက် ပိုအရေးကြီးသည်။

(၅) ဟိတ်, ဈာနင်, မဂ္ဂင်တို့သည် စိတ်နှင့်ယှဉ်ဖြစ်၍ အတူတကွဖြစ်ကုန်သောနာမ်ရုပ်တို့အား ဟေတု, ဈာန, မဂ္ဂပစ္စည်းတို့၏အစွမ်းဖြင့် ကျေးဇူးပြုကြ၏။ အကုသိုလ်ဟိတ်တို့က စိတ်ကိုပူလောင်စေပြီး စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့က ကိုယ်ကိုပူလောင်စေသည်။ ကုသိုလ်ဟိတ်တို့က အေးမြစေသည်။

(၆) သဟဇာတာဓိပတိပစ္စည်းတို့သည် အတူတကွဖြစ်ကြသောစိတ်စေတသိက်များနှင့် စိတ္တဇရုပ်တို့အား အဓိပတိပစ္စသတ္တိဖြင့် ကျေးဇူးပြုကြ၏။ သဟဇာတာဓိပတိပစ္စည်းတို့သည် ကိုယ်၏စွမ်းဆောင်ချက်များကို ထက်မြက်စေပြီး အောင်ပွဲဆင်စေသည်။

ဤသို့လျှင် စိတ်စေတသိက်ဟူသောနာမ်တရားသည် ရုပ်ကိုယ်ကို ပစ္စည်းများစွာဖြင့် ကျေးဇူးပြု၏။ ထို့ကြောင့် ''စိတ်ထောင်းတော့ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နုသည်''

**၆။ ချစ်ကြိုက်၍ပေးလှူလျှင် ကုသိုလ်ရနိုင်/မရနိုင် ပဋ္ဌာန်းနည်းကို ရှမျှော်ဖြေဆို၍၊ ယောက်ျားဟူသောစကားလုံး၌ ဝီထိစဉ်အားဖြင့် သဒ္ဒပညတ်, အတ္ထပညတ်တို့ သိရပုံကို အဘိဓမ္မာပညာရှင်ပီပီ ရှင်းလင်းဖြေဆိုပါ။** (စမန ၂၁၇၊ ၂၁၉)

**အဖြေ – ချစ်ကြိုက်၍ ပေးလှူလျှင် ကုသိုလ်ရနိုင်ပါသည်။** ပဋ္ဌာန်းနည်းအရ ရာဂအစ

ရှိသောအကုသိုလ်တရားသည်လည်းကောင်း၊ သဒ္ဒါအစရှိသောကုသိုလ်တရားသည်လည်းကောင်း၊ ပုဂ္ဂိုလ်သည်လည်းကောင်း၊ အဇ္ဈတ္တသန္တာန် (မိမိ), ဗဟိဒ္ဓသန္တာန် (သူတစ်ပါး) တို့၌ နောင်ဖြစ်ပေါ်လာကြမည့် အကုသိုလ်, ကုသိုလ်, ဝိပါက်, ကြိယာတို့အား ထိုက်သည့်အားလျော်စွာ ပကတူပ **ဥပနိဿယပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြုသောကြောင့်တည်း။

– **'ယောက်ျား' ဟူသောစကားလုံး၌ ဝိထိစဉ်အားဖြင့် သဒ္ဒပညတ်, အတ္ထပညတ်တို့ကို သိရပုံမှာ–**

(၁) **အတ္ထပညတ်**သည် သူတစ်ပါးကိုနားလည်အောင် ပြောပြအပ် , သစ်စေအပ်သောအကြောင်းအရာအနက်ဒြပ်များဖြစ်ကြ၏။ ထိုအနက်ဒြပ်ဟူသည်မှာ စိတ်၌ထင်လာသမျှသော အကြောင်းအရာအနက်ဒြပ် များဖြစ်ကြ၏။ သက်ရှိသတ္တဝါများ, သက်မဲ့အရာဝတ္ထုများနှင့် ၎င်းတို့၏အမည်များသည် အတ္ထပညတ်များဖြစ်ကြ၏။

(၂) **သဒ္ဒပညတ်**သည် စကားသံဖြစ်၏၊ မြန်မာစကားသံ, အင်္ဂလိပ်စကားသံ, ထိုထိုစကားသံဟူသမျှသည် မိမိတို့ဘာသာအလျောက် ဆိုလိုရာအနက်ဒြပ်, အထည်ဝတ္ထုကို သူတစ်ပါးတို့အား သိစေချည်းဖြစ်၏၊ ဤသို့ပြောဆိုခြင်းဖြင့် သိစေအပ်သောကြောင့် စကားသံကို သဒ္ဒပညတ်ဟုခေါ်၏။

ဥပမာ ''ယောက်ျား'' ဟုပြောဆိုလိုက်သောစကားသံသည် ယောက်ျားတစ်ယောက်၏ ပုံသဏ္ဌာန်, အသွင်အပြင် အကောင်အထည်တို့ကို သူတစ်ပါးတို့အား သိစေ၏၊ ထို့ကြောင့် ''ယောက်ျား'' ဟူသောစကားသံသည် သဒ္ဒပညတ်ဖြစ်၏။ ''ယောက်ျား''ဟူသောစကားသံ ဖြင့် သူတစ်ပါးတို့အား သိစေအပ်သော ယောက်ျား၏ပုံသဏ္ဌာန်, အသွင်အပြင်အကောင် အထည်တို့သည် ''အတ္ထပညတ်''ဖြစ်၏။

**၇။ ကြီးကျယ်ခမ်းနားစွာပြင်ဆင်ထားသော စားသောက်ဖွယ်ရာတို့ကို စက်ဆုပ်ရွံရှာဖွယ်အဖြစ် ရှုမှတ်ဆင်ခြင်နိုင်လျှင် ဖြစ်သောကမ္မဋ္ဌာန်းကို ဖော်ပြ၍၊ ၎င်းကမ္မဋ္ဌာန်းကို ပွားများရန်သင့်လျော်သောပုဂ္ဂိုလ်တို့ကိုလည်း ညွှန်ပြပါ။** (စမန ၂၂၉၊ ၂၃၁)

**အဖြေ –** ကြီးကျယ်ခမ်းနားစွာပြင်ဆင်ထားသော စားသောက်ဖွယ်ရာတို့ကို စက်ဆုပ်ရွံရှာဖွယ်အဖြစ် ရှုမှတ်ဆင်ခြင်နိုင်လျှင် ''**အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်း**''ဖြစ်ပါသည်။

၎င်းကမ္မဋ္ဌာန်းကို ပွားများရန်သင့်လျော်သောပုဂ္ဂိုလ်သည် ''**ပညာစရိုက်ရှိသောပုဂ္ဂိုလ်**'' ဖြစ်ပါသည်။ အကြောင်းမှာ ဤကမ္မဋ္ဌာန်းသည် နက်နဲသိမ်မွေ့သောကြောင့်ဖြစ်၏။

**၈။ နိဗ္ဗာန်ကိုမျက်မှောက်ပြုလို၍ တရားကျင့်သောယောဂီပုဂ္ဂိုလ်သည် ထွက်လေ, ဝင်လေကို ရှုမှတ်နေရုံမျှဖြင့် နိဗ္ဗာန်သို့ရောက်နိုင်/မရောက်နိုင် အဘိဓမ္မာအမြင်ဖြင့် သုံးသပ်ဖြေဆို၍ သည်းမခံတတ်စိတ်ဆတ်သောသူအား သင့်လျော်သောကမ္မဋ္ဌာန်းကို လည်း ညွှန်ပြပါ။**

(စမန ၂၃၂၊ ၂၄၀–၂၄၈၊ ၂၅၁)

**အဖြေ – နိဗ္ဗာန်ကိုမျက်မှောက်ပြုလို၍ တရားကျင့်သောယောဂီပုဂ္ဂိုလ်သည်** ထွက်လေဝင်လေကို ရှုမှတ်နေရုံမျှဖြင့် နိဗ္ဗာန်သို့ မရောက်နိုင်ပါ။

အကြောင်းမှာ အဘိဓမ္မာအမြင်ဖြင့်သုံးသပ်သော် ထွက်လေ, ဝင်လေကို ရှုမှတ်နေခြင်းသည် အာနာပါနသတိခေါ် သမထကမ္မဋ္ဌာန်းကို ရှုပွားနေခြင်းဖြစ်သဖြင့် အောင်မြင်လျှင် ရူပါဝစရ ဈာန် ၅ ပါးကို ရရှိလိမ့်မည်။ ဤကား **သမ္မာသမာဓိ**နှင့် **စိတ္တဝိသုဒ္ဓိ**တို့ကို ရရှိခြင်းပေတည်း။

အထက်ဝိသုဒ္ဓိများပြည့်စုံရန် ထိုသမ္မာသမာဓိကို အခြေခံ၍ ရုပ်ကမ္မဋ္ဌာန်းနှင့်နာမ်ကမ္မဋ္ဌာန်း တို့ကိုရှုပွားကာ ပရမတ်ရုပ်နာမ်တရားတို့ကို လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြင့် ပိုင်းပိုင်းခြားခြားရှုတတ်သည့် နာမရူပပရစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိတို့ကို ထူထောင်ရမည်။

ထို့နောက် ပဋိစ္စသမုပ္ပါဒ်တရားတော်၏အကြောင်းအကျိုးဆက်နွှယ်မှုများကို ထိုးထွင်းမြင်သိ အောင်ရှုပွား၍ ကာလ်ယုံမှားမှု ၁၆ ပါးကိုဖယ်ရှားကာ ရုပ်နာမ်များကိုဖြစ်စေသည့် အကြောင်း တရားများသိမ်းဆည်းသော ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိတို့ကို ထူထောင် ရမည်။

ထို့နောက် ရုပ်နာမ်တရားများ၏ အဖြစ်အပျက်ကို အာရုံယူ၍ သမ္မသနဉာဏ်ဖြင့် အနိစ္စ တစ်လှည့်, ဒုက္ခတစ်လှည့်, အနတ္တတစ်လှည့်တင်ရှုကာ ဝိပဿနာရှုပွား၍ ဝိပဿနာဉာဏ် ၁၀ ပါးကိုထူထောင်သဖြင့် အနုလောမဉာဏ်သို့ ရောက်သောအခါ မဂ္ဂဝီထိဖြစ်ပေါ်သည်။ ထိုအခါမှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရပါသည်။

– **သည်းမခံတတ် စိတ်ဆတ်သောသူသည်** ဒေါသစရိုက်ရှိသူဖြစ်သဖြင့် ထိုသူအား သင့်လျော် သောကမ္မဋ္ဌာန်းတို့မှာ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော ဗြဟ္မာဝိဟာရကမ္မဋ္ဌာန်း ၄ ပါး၊ နီလ, ပီတိ, လောဟိတ, ဩဒါတဟူသော အဆင်းကသိုဏ်း ၄ ပါး၊ ပေါင်း– ကမ္မဋ္ဌာန်း ၈ ပါးဖြစ်ပါသည်။

**၉။ ဝိပဿနာရှုကောင်းသောတရားတို့ကို တိကျစွာဖော်ပြ၍ သမ္မသနဉာဏ်နှင့်စပ်၍ သိသင့်သိထိုက်သော သုံးသပ်ပွားများနည်းတို့တွင် အောက်ပါနည်းတို့၏အဓိပ္ပါယ် ကိုလည်း ရှင်းလင်းဖြေဆိုပါ– (က) အဒ္ဓါနသမ္မသနနည်း၊ (ခ) သန္တတိသမ္မသန နည်း၊ (ဂ) ခဏသမ္မသနနည်း။** (စမန ၂၄၇၊ သင်္ဂြိုဟ် ၅၈၉၊ ၅၉၀)

**အဖြေ – ဝိပဿနာရှုကောင်းသောတရားတို့မှာ** – လောကီစိတ် ၈၁ ပါး၊ လောကီ စေတသိက် ၅၂ ပါး၊ နိပ္ဖန္နရုပ်အစစ် ၁၈ ပါးတို့ဖြစ်ပါသည်။

(က) **အဒ္ဓါနသမ္မသနနည်း**

ရုပ်နာမ်တရားများကို အတိတ်ဘဝ, ပစ္စုပ္ပန်ဘဝ, အနာဂတ်ဘဝဖြင့် ပိုင်းခြား၍ သုံးသပ် ပွားများမှုကို အဒ္ဓါနသမ္မသနနည်းဟု ခေါ်၏။

''အတိတ်ဘဝ၌ဖြစ်သောရုပ်ခန္ဓာသည် ထိုအတိတ်ဘဝ၌ပင် ချုပ်ခဲ့လေပြီ၊ ဤပစ္စုပ္ပန်ဘဝ သို့ မရောက်နိုင်။ ဤသို့ ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ၊ ကြောက်မက်ဖွယ်ဖြစ်သော ကြောင့် ဒုက္ခ၊ အနှစ်သာရမရှိသောကြောင့် အနတ္တတရားချည်းပါတကား။

ဤနာမ်ခန္ဓာ ၄ ပါးကိုလည်း ဤနည်းအတူ ဆက်လက်သုံးသပ်၏။

(ခ) သန္တတိသမ္မသနနည်း

ဤနည်းသည် တစ်ဘဝတည်း၌ပင် ''အပူရုပ်အစဉ်၊ အအေးရုပ်အစဉ်'' စသည်ဖြင့်

အစဉ်အမျိုးမျိုးခွဲခြား၍ သုံးသပ်သောနည်းဖြစ်၏။ ပွားများပုံမှာ– အပူရုပ်အစဉ်သည် အအေး ရုပ်အစဉ်သို့မရောက်၊ ချုပ်ပျောက်ခဲ့လေပြီ၊ ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ၊ ကြောက်မက်ဖွယ်ဖြစ်သောကြောင့် ဒုက္ခ၊ အနှစ်သာရမရှိခြင်းကြောင့် အနတ္တတရား ချည်းပါတကား''

## (ဂ) ခဏသမ္မသနနည်း

ရုပ်နာမ်တို့၏ခဏအားဖြင့် သုံးသပ်ပွားများမှုကို ''ခဏသမ္မသနနည်း'' ဟုခေါ်၏။ ပွားများ ပုံမှာ – ''အတိတ်ခဏ၌ဖြစ်သော ရူပက္ခန္ဓာသည် အတိတ်ခဏ၌ ချုပ်လေပြီ၊ ပစ္စုပ္ပန်ခဏသို့ မရောက်၊ ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ၊ ကြောက်မက်ဖွယ်ဖြစ်သောကြောင့် ဒုက္ခ၊ အနှစ်သာရမရှိခြင်းကြောင့် အနတ္တချည်းပါတကား။''

**၁၀။ သောတာပတ္တိမဂ်၏ရှေ့၌ဖြစ်သော ဝီထိစိတ်၏အမည်ကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြ၍၊ သောတာပတ္တိမဂ်၏တစ်ပြိုင်နက်ဆောင်ရွက်သော ကိစ္စ ၄ ချက်ကိုလည်း ပေါ်လွင်အောင် ရေးသားဖြေဆိုပါ။** (စမန ၂၅၂၊ သင်္ဂြိုဟ် ၆၀၀)

**အဖြေ – သောတာပတ္တိမဂ်၏ရှေ့၌ဖြစ်သော ဝီထိစိတ်၏အမည်သည် ''ဂေါတြဘုစိတ်''** ဖြစ်၏။

''ဂေါတြဘုစိတ်''၏အဓိပ္ပါယ်မှာ ''ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ဖြစ်စေသော စိတ်'' ဖြစ်၏။ ဂေါတြဘုစိတ်သည် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်ဖြစ်၍ ဂေါတြဘုစိတ် ဖြစ်သည်အထိ ယောဂီပုဂ္ဂိုလ်သည် ပုထုဇဉ်အနွယ်၌ ရှိသေး၏။ ဂေါတြဘုစိတ်ချုပ်၍ သောတာပတ္တိမဂ်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ယောဂီပုဂ္ဂိုလ်သည် အရိယာဖြစ်ပြီး အရိယာ အနွယ်သို့ရောက်၏။ ဂေါတြဘုစိတ်သည် ပုထုဇဉ်အနွယ်ကို လွှမ်းမိုး(ကျော်လွန်)သောတရား ဖြစ်၏။

**– သောတာပတ္တိမဂ်၏တစ်ပြိုင်နက်ဆောင်ရွက်သော ကိစ္စ ၄ ချက်မှာ–**

(၁) ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊ (၂) သမုဒယသစ္စာကို ပယ်ခြင်း၊
(၃) နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ (၄) မဂ္ဂသစ္စာကို ဖြစ်ပေါ်လာစေခြင်းတို့ ဖြစ်သည်။

ဆီမီးသည် မီးစာကိုလောင်၊ အမှောင်ပယ်ခွင်း၊ အလင်းရောင်လွှမ်း၊ ဆီကုန်ခမ်းစေမှု၊ ကိစ္စ ၄ ခုကို တစ်ပြိုင်တည်းပြုနိုင်သကဲ့သို့ ထို့အတူ မဂ်စိတ်သည် ဖော်ပြပါကိစ္စ ၄ ချက်ကို တစ်ပြိုင်နက်ပြီးစေ၏။

## ၂၀၁၄ ခုနှစ်၊ အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲ (ပထမဆင့်) အမေးအဖြေ

(မေးခွန်း ၁၀ ခု၊ တစ်ခုလျှင် ၁၀ မှတ်စီ၊ ခွင့်ပြုချိန် ၄ နာရီ)

**၁။ မေခ, မလိခမြစ်နှစ်ဖြာ၏ ပေါင်းဆုံမှုကြောင့် ရောဝတီဖြစ်ပေါ်လာသကဲ့သို့ ယုံမှားမှုစိတ် (ဝိစိကိစ္ဆာ)နှင့် ပျံ့လွင့်မှုစိတ် (ဥဒ္ဓစ္စ)နှစ်ခုပေါင်းမိသောအခါ ဖြစ်လာသည့်စိတ်အမည်နှင့် ၎င်းစိတ်၏ ခံစားမှုဝေဒနာအမည်တို့ကို ဖြေဆိုပါ။** (စမန ၇၄၊ ဇယား ၃)

**အဖြေ –** စိတ်အမည် . . . မောဟမူဝိစိကိစ္ဆာသမ္ပယုတ်စိတ်

ခံစားမှုဝေဒနာ . . . ဥပေက္ခာဝေဒနာ

**၂။ ကုသိုလ် ဝိပါက် ကြိယာ တူညီသော်လည်း ခံစားမှုဝေဒနာ, ထက်မြက်မှုဉာဏ်ပညာ, တိုက်တွန်းမှုသင်္ခါရစသည်တို့ ကွဲပြားမှုကြောင့် တိုးပွားလာသော စိတ်သရုပ်ကိုဖော်ပြ၍၊ ချမ်းသာမှုသုခနှင့် နှစ်သက်မှု ပီတိနှစ်မျိုးစုံရရှိနိုင်သော ဈာန်အမျိုးအစားတို့ကိုလည်း ဖြေဆိုပါ။** (အခြေပြုသင်္ဂြိုဟ် ၂၈၊ စမန ၄၁၊ ၄၆–၄၇)

**အဖြေ – ကုသိုလ် ဝိပါက်ကြိယာ ၃ ပါး**ကို ''သောမနဿ–ဥပေက္ခာ''ဝေဒနာ ၂ ပါး အပြားအားဖြင့် မြှောက်ပွားလျှင် စိတ် ၆ ပါးဖြစ်၏။ ဤစိတ် ၆ ပါးကို ဉာဏ်ယှဉ်မယှဉ် (ဉာဏသမ္ပယုတ်–ဉာဏဝိပ္ပယုတ်) ၂ ပါး အပြားအားဖြင့် မြှောက်ပွားလျှင် စိတ် ၁၂ ပါး ဖြစ်၏။ ထိုစိတ် ၁၂ ပါးကို အသင်္ခါရိက–သသင်္ခါရိက ၂ ပါးအပြားအားဖြင့် မြှောက်ပွားလျှင် စိတ် ၂၄ ပါးဖြစ်၏။

ဤစိတ် ၂၄ ပါးတို့ကား မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါးတို့တည်း။

**– ချမ်းသာမှုသုခနှင့် နှစ်သက်မှုပီတိနှစ်မျိုးစုံပါသော ဈာန်အမျိုးအစားတို့ကား –**

(၁) ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၅ ပါးနှင့် ပြည့်စုံသော ပထမဈာန်ရူပကုသိုလ်စိတ်။

(၂) ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော ဒုတိယဈာန်ရူပကုသိုလ်စိတ်။

(၃) ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၃ ပါးနှင့် ပြည့်စုံသော တတိယဈာန်ရူပကုသိုလ်စိတ်။

– ထို့အတူ ရူပါဝစရ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန် ဝိပါက်စိတ် ၃ ပါး၊

ရူပါဝစရ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန် ကြိယာစိတ် ၃ ပါး၊

– ထို့အတူ ရူပါဝစရ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်အသီးသီးနှင့်ယှဉ်သော လောကုတ္တရာကုသိုလ်စိတ် ၁၂ ပါး၊

ရူပါဝစရ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်အသီးသီးနှင့်ယှဉ်သော လောကုတ္တရာဝိပါက်စိတ် ၁၂ ပါး။

**၃။ အောက်ပါစိတ်တို့ကို ခွဲခြားဖြေဆိုပြပါ –**

**(က) ပထမစိတ်ကို အာရုံပြုသော ဒုတိယစိတ်၊**

**(ခ) တတိယစိတ်ကို အာရုံပြုသော စတုတ္ထစိတ်၊**

**(ဂ) ဉာနဘုံ, အထက္ကာဘုံ နှစ်မျိုးနှစ်စားတို့တွင် အထက္ကာဘုံတစ်မျိုးသာ ရကောင်းသော စိတ်။** (စမန ၄၃၊ အခြေပြုသင်္ဂြိုဟ် ၄၂)

**အဖြေ –** (က) အာကာသာနဉ္စာယတနစိတ်ကိုအာရုံပြုသော ဝိညာဏဉ္စာယတနစိတ်၊

(ခ) အာကိဉ္စညာယတနစိတ်ကို အာရုံပြုသော နေဝသညာနာသညာယတနစိတ်၊

(ဂ) ''ကာမတဏှာ, ရူပတဏှာ, အရူပတဏှာတို့ အာရုံမပြုနိုင်သောနယ်ပယ် တစ်ရပ်'' ဟု ပိုင်းခြားသတ်မှတ်အပ်သည့် နိဗ္ဗာန်နှင့်တကွ လောကုတ္တရာ စိတ်စေတသိက်သည် လောကုတ္တရာအထက္ကာဘုံ မည်၏။

**၄။ စိတ်နေစိတ်ထားနူးညံ့ပြီး မေတ္တာတရားထားကာ ဒုက္ခရောက်နေသော လူနာအပေါ် ထောင်လွှားမှုမပါ သနားမှုသက်သက်ဖြင့်သာ ကြိုးစားအားထုတ်၍ ကုသမှုပြုပေး နေသော ဆေးဘက်ဆိုင်ရာဝန်ထမ်းတစ်ဦး၌ ရရှိနိုင်သော ပရမတ္ထစေတသိက်အမည် တို့ကိုသာ ရွေးချယ်ဖြေဆိုပြပါ။** (စမန ၆၄၊ ၆၅၊ ၇၁၊ ၅၆)

| | | |
|---|---|---|
| **အဖြေ –** | စိတ်ထားနူးညံ့မှု | = စိတ္တမုဒုတာစေတသိက်၊ |
| | မေတ္တာတရား | = အဒေါသစေတသိက်၊ |
| | ဒုက္ခရောက် | = ဝေဒနာစေတသိက်၊ |
| | ထောင်လွှားမှု | = မာနစေတသိက်၊ |
| | သနားမှု | = ကရုဏာစေတသိက်၊ |
| | ကြိုးစားအားထုတ်မှု | = ဝီရိယစေတသိက်။ |

**၅။ စိတ်ကောင်းစေတနာနှင့် ပြောဆိုမိရာမှ တစ်ဖက်လူအတွက် ဝေဒနာဖြစ်သွားတတ် ရာ ထိုစေတနာ, ဝေဒနာစေတသိက်တို့နှင့်အတူ ဖြစ်ခွင့်ရသောစိတ်တို့ကိုဖော်ပြ၍၊ လူ့ဘုံလောက လူ့ဘဝဝယ် စိတ်သဘောထားခြင်း မတိုက်ဆိုင်မှုကြောင့် ကွဲကွာမှု များ ရှိသကဲ့သို့ ပီတိစေတသိက်နှင့် သဘောထားခြင်းမတိုက်ဆိုင်မှုကြောင့် ယှဉ်ခွင့် မရရှာသော စိတ်တို့ကိုလည်း သရုပ်ထုတ်ကာ ဖြေဆိုပြပါ။**

(စမန ၃၄၊ ၂၇၊ ၇၂၊ ဇယား ၂)

**အဖြေ – စိတ်ကောင်းစေတနာနှင့်အတူ** မဟာကုသိုလ်စိတ် ၈ ပါးဖြစ်နိုင်ပါသည်။

''သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်''စသည်တို့တည်း။

**စိတ်မချမ်းသာဖွယ်ဝေဒနာသည်** ဒေါမနဿဖြစ်ရာ ဤစေတသိက်နှင့်အတူ ဒေါသမူစိတ် ၂ ပါးဖြစ်ခွင့်ရှိ၏။

''ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက ဒေါသမူစိတ်၊

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက ဒေါသမူစိတ်။''

**ပီတိစေတသိက်နှင့် ယှဉ်ခွင့်မရသောစိတ်များမှာ –**

''လောဘမူသောမနဿ ၄ ပါးကြဉ်သည့် အကုသိုလ်စိတ် ၈ ပါး၊ သောမနဿသန္တီရဏနှင့် ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၆ ပါး၊ ကာမသောဘနဥပေက္ခာစိတ် ၁၂ ပါး၊ စတုတ္ထဈာန်စိတ် ၁၁ ပါး၊ ပဉ္စမဈာန်စိတ် ၂၃ ပါး၊ စုစုပေါင်း စိတ် ၇၀ ပါး'' ဖြစ်ပါသည်။

**၆။ သသင်္ခါရိကစိတ်ငါးပါး၌ ယှဉ်ထိုက်သမျှသောစေတသိက်တို့ကို ရေတွက်ရာ၌ အသင်္ခါရိကနှင့်မတူ တမူထူးခြား ထည့်သွင်းရေတွက်ရမည့် စေတသိက်တရားတို့ကို ရွေးချယ်၍၊ လောကုတ္တရာစတုတ္ထဈာန် ပဉ္စမဈာန်စိတ်တို့၌ယှဉ်သော စေတသိက်တို့၏ တူညီသောဂဏန်းသင်္ချာအရေအတွက်နှင့် ကွဲလွဲသော ဝေဒနာတို့ကိုလည်း ဖြေဆိုပြပါ။** (စမန ၇၄၊ ၇၆၊ ဇယား ၃)

**အဖြေ –** သသင်္ခါရိကစိတ်ငါးပါး၌ ယှဉ်ထိုက်သမျှသောစေတသိက်တို့ကို ရေတွက်ရာ၌ အသင်္ခါရိကနှင့်မတူ တမူထူးခြား ထည့်သွင်းရေတွက်ရမည့်စေတသိက်တို့မှာ **''ထိန, မိဒ္ဓ''** စေတသိက်နှစ်ပါးဖြစ်ပါသည်။

– လောကုတ္တရာ စတုတ္ထဈာန် ၈ ပါးနှင့် လောကုတ္တရာ ပဉ္စမဈာန် ၈ ပါးတို့၌ယှဉ်သော စေတသိက်များ တူကြသည်။ ၎င်းတို့မှာ – ''ဝိတက်, ဝိစာရ, ပီတိကြဉ်သော အညသမန်း စေတသိက် ၁၀ ပါး၊ အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၃ ပါး၊ စုစုပေါင်း စေတသိက် ၃၃ ပါး'' ဖြစ်ပါသည်။

ထို့ကြောင့် တူညီသောဂဏန်းသင်္ချာအရေအတွက်သည် **၃၃** ဖြစ်၏။

ကွဲလွဲသောဝေဒနာတို့မှာ လောကုတ္တရာ စတုတ္ထဈာန်များ၌ **''သုခဝေဒနာ''**ယှဉ်ပြီး၊ လောကုတ္တရာ ပဉ္စမဈာန်များ၌ **''ဥပေက္ခာဝေဒနာ''**ယှဉ်ပါသည်။

**၇။ ကျမ်းပြုဆရာ အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် ပကိဏ်းပိုင်းကို အပိုင်းအခန်းမည်မျှ ပိုင်းခြားခွဲပြတော်မူသွားသည်ကို ဖြေဆို၍၊ ထိုပကိဏ်းပိုင်း၌ စိတ်ကိုသာ တိုက်ရိုက်ပြ ဆိုထားသော်လည်း ရှားရှားပါးပါး ပြဆိုထားသည့် သုခဝေဒနာနှင့်တကွဖြစ်သောစိတ်၌ စေတသိက်အဘယ်မျှ ယှဉ်နိုင်သည်ကိုလည်း သိသာရုံဖြေဆိုပါ။** (စမန ၈၁–၉၁၊ ၇၅၊ ဇယား ၃)

**အဖြေ –** ပကိဏ်းပိုင်းတွင် ''ဝေဒနာသင်္ဂဟ၊ ဟေတုသင်္ဂဟ၊ ကိစ္စသင်္ဂဟ၊ ဒွါရသင်္ဂဟ၊ အာရမ္မဏသင်္ဂဟ၊ ဝတ္ထုသင်္ဂဟ''ဟူ၍ အပိုင်းအခန်း ၆ ပိုင်း ပိုင်းခြားခွဲပြထား၏။

– သုခဝေဒနာနှင့်တကွဖြစ်သော ''သုခသဟဂုတ် ကာယဝိညာဏ်စိတ်''၌ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ''ဟူ၍ စေတသိက် ၇ ပါး ယှဉ်ပါသည်။

**၈။ စိတ်အားဖြင့် ကုသိုလ်, အကုသိုလ် အနေအထားကွဲပြားခြားနားသော်လည်း ကိစ္စဋ္ဌာနတို့အနေအထားဖြင့် ကွဲပြားမှုရှိနိုင်/မရှိနိုင် အဘိဓမ္မာသရုပ်ချင်း အဖြေထုတ်၍၊**

**ရုပ်နာမ်ပညတ်စုံစွာ ကောက်ယူရသော အာရုံအမျိုးအစားကိုလည်း တိကျစွာဖြေဆို ပြပါ။** (စမန ၈၃၊ ၈၅၊ ၈၇၊ ဇယား ၄)

**အဖြေ –** စိတ်အားဖြင့် ကုသိုလ်, အကုသိုလ်အနေအထားကွဲပြားခြားနားသော်လည်း ကိစ္စ, ဌာနအနေအားဖြင့် ကွဲပြားမှုမရှိပါ။ အကြောင်းမှာ ကုသိုလ်စိတ် ၂၁ ပါးနှင့် အကုသိုလ်စိတ် ၁၂ ပါးတို့သည် ဇောစိတ်များဖြစ်ကြ၍ ဇောကိစ္စကိုဆောင်ရွက်ပြီး ဇောဌာန၌ ဖြစ်ကြသောကြောင့်တည်း။

– ရုပ်နာမ်ပညတ်စုံစွာ ကောက်ယူရသောအာရုံမှာ ''ဓမ္မာရုံ''ဖြစ်ပါသည်။ ဓမ္မာရုံအဖြစ် ကောက်ယူရသော အာရုံများမှာ ''ပသာဒရုပ် ၅ ပါး၊ သုခုမရုပ် ၁၆ ပါး၊ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ နိဗ္ဗာန်၊ ပညတ်တရားများ'' ဖြစ်ကြ၏။

**၉။ စက္ခုဒွါရ၌ဖြစ်သောစိတ်နှင့် မနောဒွါရ၌ဖြစ်သောစိတ်တို့ အာရုံပြုနိုင်သည့် စွမ်းဆောင်ရည်သတိချင်း ကွဲပြားပုံကိုဖြေဆိုပြ၍၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ ဟူသော အာရုံငါးပါးလုံးကို ခံစားနိုင်, အာရုံပြုနိုင်သောစိတ်တို့ကိုလည်း ဖြေဆိုပြပါ။** (စမန ၈၈၊ ဇယား ၅)

**အဖြေ –** စက္ခုဒွါရ၌ဖြစ်သောစိတ်တို့သည် ပစ္စုပ္ပန်ရူပါရုံကိုသာ အာရုံပြုနိုင်ကြ၏။

မနောဒွါရ၌ဖြစ်သောစိတ်တို့သည် အတိတ်, ပစ္စုပ္ပန်, အနာဂတ်, ကာလဝိမုတ်ဖြစ်ကြသော အာရုံ ၆ ပါးလုံးကို အာရုံပြုကြ၏။ ထို့ကြောင့် မနောဒွါရိကစိတ်တို့က စက္ခုဒွါရိက စိတ်တို့ထက် အာရုံပြုနိုင်သည့်စွမ်းဆောင်ရည်သတ္တိ များစွာသာလွန်ပါသည်။

– **မနောဓာတ် ၃ ပါး**ဟု အမည်ရသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် သမ္ပဋိစ္ဆိုန်းစိတ် ၂ ပါး တို့သည် အဆင်း, အသံ, အနံ့, အရသာ, အတွေ့ဟူသော အာရုံငါးပါးလုံးကို ခံစားနိုင်, အာရုံပြုနိုင်ကြ၏။

**၁၀။ လူသားတို့၏နှလုံးအိမ်တည်းဟူသော ဟဒယဝတ္ထု၌ လောဘ, ဒေါသ, မောဟ တရားဆိုးသုံးပါးတို့ အမြဲတမ်းမှီတွယ်မှု ရှိနိုင်/မရှိနိုင် ဆုံးဖြတ်ပြ၍၊ ဒွါရခြောက်ပါးမှ လွတ်မြောက်လာသော မဟဂ္ဂုတ်ဝိပါက် စိတ် ၉ ပါးသည် ထတ္ထုခြောက်ပါးမှလည်း လွတ်မြောက်ခွင့်ရ/မရ ဖြေဆိုပြပါ။** (စမန ၉၀–၉၁)

**အဖြေ –** လောဘ, ဒေါသ, မောဟတို့သည် အကုသိုလ်ဟိတ်များ ဖြစ်ကြ၏၊ နှစ်သက်ဖွယ် ကာမဂုဏ်အာရုံနှင့် ဆုံတွေ့သည့်အခါ လောဘသည် လောဘမူစိတ်အဖြစ် ဟဒယဝတ္ထုကို မှီ၍ဖြစ်၏။ မနှစ်သက်ဖွယ် ကာမဂုဏ်အာရုံနှင့် ဆုံတွေ့သည့်အခါ ဒေါသသည် ဒေါသမူစိတ် အဖြစ် ဟဒယဝတ္ထုကိုမှီ၍ ဖြစ်၏။ မောဟသည် အကုသိုလ်များတွင်ယှဉ်သဖြင့် အကုသိုလ် စိတ်ဖြစ်သည့်အခါ မောဟသည်လည်း အကုသိုလ်စိတ်နှင့်အတူ ဟဒယဝတ္ထုကိုမှီ၍ဖြစ်၏။ ကုသိုလ်စိတ်, ဘဝင်စိတ်စသည်တို့ဖြစ်နေသည့်အခါ လောဘ, ဒေါသ, မောဟတို့ မဖြစ် ပေါ်ပါ။ ထို့ကြောင့် လောဘ, ဒေါသ, မောဟတို့သည် ဟဒယဝတ္ထု၌ အမြဲတမ်းမှီတွယ်မှု မရှိနိုင်ပါ။

– **မဟာဂုတ်ဝိပါက်စိတ် ၈ ပါး**တို့သည် ဒွါရခြောက်ပါးမှ လွတ်မြောက်သော်လည်း ဝတ္ထုခြောက်ပါးမှ အားလုံးမလွတ်မြောက်ပါ။ ရူပါဝစရဝိပါက်စိတ် ၄ ပါးတို့ကသာလျှင် ဟဒယဝတ္ထုကို မမှီဘဲ ဖြစ်နိုင်ကြသဖြင့် ဝတ္ထု ၆ ပါးမှ လွတ်မြောက်ကြ၏။

## ၂၀၁၄ ခုနှစ်၊ အဘိဓမ္မာ (ရိုးရိုး) စာမေးပွဲ (ဒုတိယဆင့်) အမေးအဖြေ

(မေးခွန်း ၁၀ ခု၊ တစ်ခုလျှင် ၁၀ မှတ်စီ၊ ခွင့်ပြုချိန် ၄ နာရီ)

**၁။ မြတ်ဗုဒ္ဓ၏အဘိဓမ္မာကို လေ့လာသင်ယူနေကြသော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့ ဝီထိခန်းဝယ် မဖြစ်မနေသိထားရမည့် အချက်အလက်တို့ကိုထုတ်ပြ၍၊ တင့်တယ်လှပသောရူပါရုံကို မျက်စိကမြင်သည်ဟုဆိုသောစကားသည် အဘိဓမ္မာအမြင်ဖြင့် သဘာဝကျ/မကျ ရှင်းလင်းပြပါ။** (အခြေပြုသင်္ဂြိုဟ် ၁၈၂–၁၈၅၊ စမန ၉၆–၉၇)

**အဖြေ –** ဝီထိခန်းဝယ် မဖြစ်မနေသိထားရမည့်အချက်အလက်တို့မှာ ''ဝတ္ထုဆက္က၊ ဒွါရဆက္က၊ အာရမ္မဏဆက္က၊ ဝိညာဏဆက္က၊ ဝီထိဆက္က၊ ဝိသယပ္ပဝတ္တိဆက္က''တို့ဖြစ်ပါသည်။ ဤဆက္က ၆ ပါးကို ဝီထိခန်း၌သိထိုက်သော အနက်အဓိပ္ပာယ်များအဖြစ် သိအောင် ပြုရမည်။

– **တင့်တယ်လှပသောရူပါရုံ**ကို မျက်စိကမြင်သည်ဟု ဆိုသောစကားသည် အဘိဓမ္မာအမြင်ဖြင့် သဘာဝမကျပါ။ အကြောင်းမှာ မျက်စိသည် ရုပ်သာဖြစ်၍ ရုပ်အားလုံးသည် **''အနာရမ္မဏ''** – အာရုံများကို မယူနိုင်ကြပါ။ ထိုရူပါရုံက မျက်စိတွင် လာတိုက်၍ဥပါဒ်ပြီး အတီတဘဝင် (တီ) တစ်ချက်အလွန်တွင် စက္ခုဒွါရ၌ထင်လာသောအခါ အောက်ပါ စက္ခုဒွါရဝီထိဖြစ်၏။

''တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဒါ–ဒါ–''ဘဝင်–
↑ ↑ |
ooo ooo ooo
↑ ＼ထင် ↓
အာရုံဥပါဒ် အာရုံချုပ်

အာရုံထင်၍ ဘဝင်နှစ်ကြိမ် (န၊ ဒ) လှုပ်ပြီး ဘဝင်အစဉ်ပြတ်၏၊

ပဉ္စဒွါရာဝဇ္ဇန်းစိတ် (ပ)က အာရုံကိုဆင်ခြင်နှလုံးသွင်း၏၊

စက္ခုဝိညာဏ်စိတ် (စ)က အာရုံကိုမြင်၏၊

သမ္ပဋိစ္ဆိုန်းစိတ် (သံ)က အာရုံကိုလက်ခံထိန်းသိမ်း၏၊

သန္တီရဏစိတ် (ဏ)က အာရုံကောင်းမကောင်းစူးစမ်း၏၊

ဝုဋ္ဌော (ဝု) ခေါ် မနောဒွါရာဝဇ္ဇန်းက အာရုံကောင်းမကောင်းဆုံးဖြတ်၏၊

ဇော (ဇ) စိတ် (၇) ကြိမ်ဖြစ်၍ အာရုံအရသာကို ခံစား၏၊

တဒါရုံ (ဒါ) နှစ်ကြိမ်က ဇောနောက်လိုက်၍ အာရုံဆက်ခံစား၏၊

ထို့နောက် ဘဝင်စိတ်အစဉ်ဖြစ်၏။ ဤစက္ခုဒွါရဝီထိစိတ်တို့ဖြင့် အာရုံကိုမြင်သိပြီး ခံစား၏။

**၂။ စိတ်ထားလုပ သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်၏ ဒေါသဇောနောင် ဖြစ်သင့်သောစိတ်, ဖြစ်ရာအခါ, ပြုသည့်အာရုံ, ဆောင်ရွက်သည့်ကိစ္စတို့ကိုဖော်ပြ၍ ''အကုသိုလ်တစ်သက် မဂ်တစ်ချက်''ဟူသောဆိုရိုးစကားအရ မဂ်တစ်ချက်ဟူသော စကားသည် မှန်ကန်မှုရှိ/မရှိ ရှင်းလင်းပြပါ။** (စမန ၁၁၅၊ ၁၁၁၊ ၁၁၄)

**အဖြေ –** သောမနဿပဋိသန္ဓေနေခဲ့သူ၏ဒေါသဇောနောင် တဒါရုံဖြစ်ခွင့်မရသည့်အခါ ဥပေက္ခာသန္တီရဏစိတ် ၂ ပါးအနက် တစ်ပါးပါးသည် ရှေးကအလေ့အလာများခဲ့သည့် ကာမအာရုံတစ်ပါးပါးကို အာရုံပြုလျက် အာဂန္တုကဘဝင်ကိစ္စကို ဆောင်ရွက်ကာ တစ်ကြိမ် ဖြစ်၏။ ထို့နောက် ဖြစ်နေကျသောမနဿဘဝင် ဆက်ဖြစ်၏။

– **''အကုသိုလ်တစ်သက် မဂ်တစ်ချက်''**ဟူသော ဆိုရိုးစကားအရ မဂ်တစ်ချက်ဟူသော စကားသည် မှန်ကန်၏။ အကြောင်းမှာ မဂ်ဝီထိများတွင် မဂ်စိတ်တို့သည် တစ်ချက်သာဖြစ် ရိုးရှိ၏။ ဆီမီးသည် မီးစာကိုလောင်၊ အမှောင်ပယ်ခွင်း၊အလင်းရောင်လွှမ်း၊ ဆီကုန်ခမ်း စေမှု၊ ဤကိစ္စ ၄ ခုကို တစ်ပြိုင်တည်းပြုသကဲ့သို့၊ ထို့အတူ မဂ်စိတ်သည်လည်း ဒုက္ခ သစ္စာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကိုဖြစ်ပေါ်လာစေခြင်း ဟူသော ကိစ္စ ၄ ခုကို တစ်ပြိုင်နက်တည်းပြီးစေ၏။

**၃။ စိတ္တေန နီယတိ လောကော–လောကကိုစိတ်ကဆောင်သည်ဟု ဒေသနာရှိသော် လည်း စိတ်မရှိသော ပုဂ္ဂိုလ်ရှိကထုတ်ပြ၍ ဖောက်ပြန်ပြောင်းလွဲမှုရုပ်မရှိ နာမ်သာ ရှိသောဘုံ၌ မရထိုက်သောနာမ်တရားတို့ကိုလည်း ဖော်ထုတ်ပြပါ။**

(စမန ၁၂၂၊ ၁၂၇၊ ၁၁၅)

**အဖြေ –** စိတ်မရှိသောပုဂ္ဂိုလ် = အသညသတ်ဘုံမှ အသညသတ်ဗြဟ္မာ။

ရုပ်မရှိနာမ်သာရှိသည့် အရူပလေးဘုံ၌ မရထိုက်သောနာမ်တရားတို့မှာ – ဒေါသမူစိတ် ၂ ပါး၊ မနောဒွါရဝဇ္ဇန်းကြဉ်သော၊ အဟိတ်စိတ် ၁၇ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ရူပါဝစရစိတ် ၁၅ ပါး၊ သောတာပတ္တိမဂ်စိတ် ၁ ပါး (အကျယ် ၅ ပါး)၊ စုစုပေါင်း စိတ်အကျဉ်း ၄၃ ပါး (အကျယ် ၄၇ ပါး) ဖြစ်၏။

**၄။ ၃၁–ဘုံတည်းဟူသော သံသရာစက်ဝိုင်းအတွင်း၌ ကျင်လည်ကြသား ပုဂ္ဂိုလ်များ တွင် အရိယာမရှိသောဘုံ, ပုထုဇဉ်မရှိသောဘုံဌာနတို့ကို ခွဲခြားပြ၍၊ ဘယ်နေ့ ဘယ်အချိန် ဘယ်အရွယ် အသက်ဘယ်လောက်မှာ သေရမည်ဟု အသက်သတ်မှတ် ချက်မရှိသော ပုဂ္ဂိုလ်များကိုလည်း ရွေးချယ်စီစစ်ပြပါ။**

(စမန ၁၁၉၊ ၁၂၀၊ ဤစာအုပ် ၂၁၅)

**အဖြေ – အရိယာမရှိသောဘုံ**တို့သည် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ ဟူသော **ပုထုဇဉ်မရှိသောဘုံ**တို့သည် အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ၊ အကနိဋ္ဌဘုံဟူသော သုဒ္ဓါဝါသ ၅ ဘုံတို့ဖြစ်ပါသည်။

**အသက်သတ်မှတ်ချက်မရှိသော ပုဂ္ဂိုလ်များမှာ** (၁) ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာအသူရကာယ်

ဟူသော အပါယ်ဘုံသားများ၊ (၂) လူများ၊ (၃) အောက်စတုမဟာရာဇ်နတ်များဖြစ်ကြ သော ဘုမ္မသိတနတ်များ၊ ဝိနိပါတိကအသူရာများဖြစ်ကြ၏။

**၅။ အမျှဝေခြင်း, သာဓုခေါ်ခြင်းသည် ဒါန, သီလနှစ်မျိုးတို့တွင် အဘယ်၌ပါဝင်သည် ကို စာရင်းသွင်းပြ၍၊ မုသားစကားပြောဆိုခြင်းသည် အဘယ်တရား အရင်းခံကြောင့် ဖြစ်သည်ကို ရှင်းပြပြီး၊ ဒါနပြုရုံ သီလဆောက်တည်ရုံမျှဖြင့် မရရှိနိုင်ပဲ ဘာဝနာတရား ပွားများမှသာရရှိနိုင်သည့် ကုသိုလ်ကံများကိုလည်းထုတ်ပြပါ။** (စမန ၁၃၆၊ ၁၃၅)

**အဖြေ –** အမျှဝေခြင်း (ပတ္တိဒါန)နှင့် သာဓုခေါ်ခြင်း (ပတ္တာနုမောဒန)တို့သည် ဒါနတွင် ပါဝင်၏။ မုသားစကားပြောခြင်းသည် လောဘတရား, ဒေါသတရားများအရင်းခံပြီး လောဘ မူစိတ်၊ ဒေါသမူစိတ်တို့ဖြင့် ကျူးလွန်၏။

ဒါနပြုရုံ၊ သီလဆောက်တည်ရုံမျှဖြင့် မရရှိနိုင်ဘဲ ဘာဝနာတရားပွားများမှသာ ရနိုင်သည့် ကုသိုလ်ကံများမှာ ရူပါဝစရကုသိုလ်ကံ ၅ ပါး၊ အရူပါဝစရကုသိုလ်ကံ ၄ ပါး၊ လောကုတ္တရာ ကုသိုလ်ကံ ၄ ပါးတို့ဖြစ်ကြ၏။

**၆။ သေခါနီးတွင်ထင်လာတတ်သော အာရုံနိမိတ်တို့ကို သိသာရုံဖော်ပြ၍၊ သက်ရှိ သတ္တဝါ အားလုံးတို့ ဖြစ်ရသောဘဝတစ်သက်တာဝယ် အစ အလယ် အဆုံးတို့ ၌ဖြစ်သော စိတ်တို့၏အမည်သညာကိုလည်း ရေးပြပါ။** (စမန ၁၄၁၊ ဇယား ၉)

**အဖြေ – သေခါနီးတွင်ထင်လာတတ်သော** မရဏာသန္နအာရုံနိမိတ်တို့မှာ –

(၁) ကံနိမိတ် = နောက်ဘဝဖြစ်အောင် အကျိုးပေးခွင့်ရသောကံ၊

(၂) ကမ္မနိမိတ် = အကျိုးပေးခွင့်ရသောကံကို ပြုလုပ်စဉ်အခါ၌ မြင်ခဲ့ရ, ကြားခဲ့ရ သော အာရုံများ၊

(၃) ဂတိနိမိတ် = ဘဝသစ်ဖြစ်ရမည့်နေရာနှင့်ပတ်သက်သော အာရုံနိမိတ်များတည်း။

– ဘဝတစ်သက်တာဝယ် အစ၌ဖြစ်သောစိတ် = ပဋိသန္ဓေစိတ်၊

အလယ်၌ဖြစ်သောစိတ် = ဘဝင်စိတ်နှင့် ဝီထိစိတ်များ၊

အဆုံး၌ဖြစ်သောစိတ် = စုတိစိတ်တို့ဖြစ်ပါသည်။

**၇။ စိတ်၌မှီတွယ် စိတ်ကိုခြယ်လှယ်တတ်သော စေတသိက်တရားများရှိသကဲ့သို့မဟာ ဘုတ်၌မှီတွယ် မဟာဘုတ်ကိုခြယ်လှယ်တတ်သော ရုပ်တရားတို့ကို သင်္ချာမျှထုတ်ပြ၍၊ ထိုရုပ်တရားတို့သည် လောကီ, လောကုတ္တရာနှစ်မျိုးတွင် အဘယ်၌ပါဝင်သည်ကို ခွဲခြားပြကာ၊ မိမိတစ်ဦးတည်း မရပ်တည်နိုင်ဘဲ အမှီရှိမှ ရပ်တည်နိုင်သော ရုပ် တရားတို့ကိုလည်း သရုပ်ထုတ်ပြပါ။** (စမန ၁၄၆၊ ဇယား ၈)

**အဖြေ –** မဟာဘုတ်၌မှီတွယ်၍ မဟာဘုတ်ကိုခြယ်လှယ်တတ်သောရုပ်တရားတို့သည် ဥပါဒါရုပ် ၂၄ ပါးဖြစ်၏။ ဥပါဒါရုပ် ၂၄ ပါးတွင် ပသာဒရုပ် ၅ ပါး၊ ဂေါစရရုပ် (၇) ပါး၊ ဘာဝရုပ် ၂ ပါး၊ ဟဒယဝတ္ထု၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ် ၂ ပါး၊ လဟုတာဒိရုပ် ၃ ပါး၊ လက္ခဏရုပ် ၄ ပါးတို့ ပါဝင်ကြ၏။

– ထိုရုပ်တရားတို့သည် လောကီတွင် ပါဝင်ကြ၏။

– မိမိတစ်ဦးတည်းမရပ်တည်နိုင်ဘဲ အမှီရှိမှ ရပ်တည်နိုင်သောရုပ်တရားတို့မှာ မဟာဘုတ် ၄ ပါးနှင့် ဥပါဒါရုပ် ၂၄ ပါး၊ ပေါင်း ၂၈ ပါးဖြစ်သည်။ မဟာဘုတ် ၄ ပါး (ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော)တို့သည်လည်း တစ်ဦးတည်းမရပ်တည်နိုင်ဘဲ အချင်းချင်းမှီ၍သာ ဖြစ်ကြသည်။

**၈။ မခွဲမခွာ အမြဲသာ တွဲကာနေကြသည့် ရုပ်တရားတို့ကိုထုတ်ပြ၍၊ ပြုံးပျော်ရယ်ရွှင်ခြင်းကိုဖြစ်စေတတ်သောစိတ်တို့ကိုလည်း ဖော်ထုတ်ပြပါ။**

(စမန ၁၅၁–၁၅၂၊ ဇယား ၈)

**အဖြေ –** မခွဲမခွာ အမြဲသာတွဲကာနေကြသည့် ရုပ်တို့မှာ ''ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ''တည်းဟူသော **အဝိနိဗ္ဘောဂရုပ် ၈ ပါး**တို့ဖြစ်ပါသည်။

– ပြုံးပျော်ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သောစိတ်တို့သည် လောဘမူသောမနဿစိတ် ၄ ပါး၊ မဟာကုသိုလ်သောမနဿစိတ် ၄ ပါး၊ မဟာကြိယာသောမနဿစိတ် ၄ ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁ ပါး၊ စုစုပေါင်း စိတ် ၁၃ ပါး''ဖြစ်ပါသည်။

**၉။ လူသားတို့၏ခန္ဓာအတွင်းရှိ ရုပ်ထွေးများတွင် လူနှင့်အတူသေသောရုပ်, လူသေပြီးမှ သေသောရုပ်, လူသေသော်လည်းဆက်လက်ရှင်သန်နေသော ရုပ်တို့ကိုခွဲထုတ်ပြ၍၊ ကလာပ်ဖွဲ့စည်းရာ၌ ပါဝင်ခွင့်မရသောရုပ်တို့ကိုလည်း ထုတ်ပြပါ။**

(စမန ၁၅၁–၁၅၂၊ ဇယား ၈)

**အဖြေ –** လူ့ခန္ဓာအတွင်းရှိ ရုပ်ထွေးများတွင် လူနှင့်အတူသေသောရုပ် = ကမ္မဇရုပ်

လူသေပြီးမှ သေသောရုပ် = စိတ္တဇရုပ်နှင့် အာဟာရဇရုပ်၊

လူသေသော်လည်း ဆက်လက်ရှင်သန်နေသောရုပ် = ဥတုဇရုပ်။

– ကလာပ်ဖွဲ့စည်းရာတွင် ပါဝင်ခွင့်မရသောရုပ် = ပရိစ္ဆေဒရုပ်နှင့် လက္ခဏရုပ် ၄ ပါး၊

(ပေါင်း ၅ ပါး)

လက္ခဏရုပ် ၄ ပါးမှာ ဥပစယရုပ်၊ သန္တတိရုပ်၊ ဇရတာရုပ်နှင့် အနိစ္စတာရုပ်တို့တည်း။ ဤရုပ် ၄ ပါးသည် မည်သည့်အကြောင်းကမျှ မဖြစ်စေသောကြောင့် ''နကုတောစိရုပ် ၄ ပါး''ဟု အမည်ရ၏။

## (က) ဒေါက်တာမင်းတင်မွန်၏ ဓမ္မာစဉ်စာအုပ်ရတနာများ

၁။ **မြတ်ဗုဒ္ဓ** – မြတ်စွာဘုရားကို ဘာ့ကြောင့်ကိုးကွယ်ထိုက်သလဲ၊
၂။ **မြတ်ဓမ္မ** – တရားတော်မြတ်ကို ဘာ့ကြောင့်ကိုးကွယ်ထိုက်သလဲ၊
၃။ **မြတ်သံဃာ** – သံဃာတော်မြတ်ကို ဘာ့ကြောင့်ကိုးကွယ်ထိုက်သလဲ၊
၄။ **မြတ်သရဏဂုံ** – ရတနာမြတ်သုံးပါးဆည်းကပ်ရတဲ့အကျိုးကျေးဇူးများ၊
၅။ **ဘဝအောင်မြင်ရေးသို့ရှေးရှုကြ** – ဘဝအောင်မြင်မှုရအောင်ဘာလုပ်ရမလဲ၊
၆။ **ဘဝချမ်းသာရေး** – ဘဝချမ်းသာအစစ်ကို ဘယ်လိုရယူနိုင်မလဲ၊
၇။ **ဘဝလမ်းနှစ်သွယ်** – ဆူးခင်းလမ်းနှင့်ပန်းခင်းလမ်း – ဘယ်လမ်းလိုက်မလဲ၊
၈။ **ဖားအောက်တောရမိတ်ဆက်** – ဗုဒ္ဓနည်းကျတရားရှုပွားနည်း မြည်းစမ်းကြည့်ပါ။
၉။ **မြတ်ဒါန** – တင့်တယ်လှပချမ်းသာကြွယ်ဝရေး – ဒါနအကြောင်းစုံ၊
၁၀။ **မြတ်သီလ** – ဘဝမြင့်မြတ်လှပတင့်တယ်ရေး – သီလအကြောင်းစုံ၊
၁၁။ **မြတ်ဘာဝနာ** – အရေးအကြီးဆုံး, အကျိုးအကြီးဆုံး, အလုပ်သင့်ဆုံးအလုပ်၊
၁၂။ **မေတ္တာနှင့်သစ္စာအဖွင့်** – မေတ္တာနှင့်သစ္စာစွမ်းအားတို့ဖြင့် ဘဝငြိမ်းချမ်းတင့်တယ်မည်၊
၁၃။ **မေတ္တာနှင့်သစ္စာသရုပ်ဖော်** – ဘဝကိုလှပမြင့်မြတ်စေသည့် သရုပ်ဖော်ဇာတ်လမ်းများ၊
၁၄။ **ဝိပဿနာဂုဏ်ထူးဆောင်** – တော်ကူးဆရာတော်နှင့်ထူးဆန်းစွာရောဂါပျောက်ခြင်းများ၊
၁၅။ **ဆေးမကူဘဲငြိမ်းအေးနည်း** – ကိုယ်စိတ်တင်းကျပ်မှုပြေလျော့၍ချမ်းမြေ့စွာနေနည်း၊
၁၆။ **အကောင်းဆုံးဘဝလမ်းညွှန်မှု** – အဖိုးတန်ဆုံးအကောင်းဆုံးဘဝထူထောင်နိုင်ရေး၊
၁၇။ **ဘဝဖန်တီးရှင်ကံတရား** – သင့်ဘဝကံကြမ္မာကို သင်ဖန်တီးနိုင်ပြီ၊ ကံအကြောင်းစုံ၊
၁၈။ **မှန်ကန်သောဘဝအမြင်** – အသက်ရှင်ခြင်းနှင့်သေခြင်းကောင်းဖို့ပြင်ဆင်ခြင်း၊
၁၉။ **လီမ္မာယဉ်ကျေးတို့ရင်သွေး** – ယဉ်ကျေးမှုနှင့်စာရိတ္တပညာဆရာကိုင်စာအုပ်၊
၂၀။ **ယဉ်ကျေးလိမ္မာရင်သွေးကမ္ဘာ** – ယဉ်ကျေးမှုနှင့်စာရိတ္တပညာတပည့်ကိုင်စာအုပ်၊
၂၁။ **ဘဝလွတ်မြောက်ရေးနှင့်အရိယသစ္စာ** – သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်စေသည့် သစ္စာ ၄ ပါး၊
၂၂။ **ရှေးဘဝနောက်ဘဝ သိပ္ပံနည်းကျအထောက်အထားများ** – ကမ္ဘာတစ်ဝန်းမှဇာတ်လမ်းစုံ၊ အံ့သြဖွယ်ရာဘဝဖြစ်ရပ်များ၊
၂၃။ **တော်ကူးဆရာတော်–ဘဝဆည်းဆာနှင့်ကျင့်စဉ်တရား** – အံ့သြဖွယ်ရာ တရားဆေးနည်းဖြင့် ရောဂါမျိုးစုံပျောက်ကင်းသည်၊
၂၄။ **သပြေကန်ဆရာတော်ဘုရား** – အဘိဓမ္မာမဟာရဋ္ဌဂုရု၊ သာသနာ့တံခွန်စံပြပုဂ္ဂိုလ်၊
၂၅။ **ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်** – အကောင်းဆုံး, အရှင်းဆုံး, အဘိဓမ္မာစာအုပ်၊ စာမေးပွဲဖြေဆိုသူများ၏လက်စွဲ၊
၂၆။ **တက္ကသိုလ်အဘိဓမ္မာပေါင်းချုပ်** – အဖိုးတန်ဆုံးဘဝပညာ ဗုဒ္ဓအဘိဓမ္မာအပြည့်အစုံ၊

၂၇။ **ဝိသုဒ္ဓိမဂ္ဂအလင်းပြနိဗ္ဗာန်လမ်းမကြီး**(ပထမတွဲ) – သီလ–သမာဓိ–ပညာ သာသနာ အနှစ်ချုပ်၊ အရေးကြီးဆုံးပဋိပတ္တိအလုပ်ကို လွယ်ကူရှင်းလင်းစွာ လေ့လာနိုင်ပြီ။
၂၈။ **ဝိသုဒ္ဓိမဂ္ဂအလင်းပြနိဗ္ဗာန်လမ်းမကြီး**(ဒုတိယတွဲ) – ဗုဒ္ဓညွှန်ပြသည့်တရားရှုနည်း အပြည့်အစုံ၊
၂၉။ **ဝိသုဒ္ဓိမဂ္ဂအလင်းပြနိဗ္ဗာန်လမ်းမကြီး**(တတိယတွဲ) – ဝိပဿနာရှုနည်းမှန်အပြည့်အစုံ၊
၃၀။ **အမြတ်ဆုံးပန်းတိုင်ကေန်ပိုင်**(ပထမတွဲ) – ဖားအောက်တောရတရားရှုနည်းစုံ၊
၃၁။ **အမြတ်ဆုံးပန်းတိုင်ကေန်ပိုင်**(ဒုတိယတွဲ) – ဗုဒ္ဓနည်းကျဝိပဿနာရှုနည်းစုံ၊
၃၂။ **သမထဘာဝနာနှင့်ဝိပဿနာဘာဝနာတို့တွင်အောင်မြင်ပေါက်မြောက်ခြင်း၊**
၃၃။ **Breakthrough in Samatha-Vipassanā** - ထိပ်သီးဗုဒ္ဓဘာသာညီလာခံ စာတမ်း၊
၃၄။ **ဗုဒ္ဓနည်းကျတရားရှုနည်း** – မင်္ဂဖိုလ်ပန်းခိုင်ကိုလှမ်းဆွတ်နိုင်ရေး၊
၃၅။ **Meditation the Buddhist's Way** – အပြည့်ပြည့်ဆိုင်ရာညီလာခံစာတမ်း၊
၃၆။ **သိပ္ပံနယ်လွန်ဗုဒ္ဓဘာသာ** – The Supreme Science of the Buddha
၃၇။ **ဗုဒ္ဓစကားတော်** – The Word of the Buddha
၃၈။ **ဗုဒ္ဓဘာသာအကျဉ်း** – Buddhism in a Nutshell
၃၉။ **ဘဝကိစ္စနှင့် ဘဝပန်းတိုင်** – The Purpose and the Goal of Life
၄၀။ **ဘဝရည်မှန်းချက်နှင့်ဘဝလမ်းစဉ်** – The Aim and Way of Life
၄၁။ **ဗုဒ္ဓဝါဒနှင့်ခေတ်သစ်ဘဝ** – Buddhism in Modern Life
၄၂။ **ဗုဒ္ဓဘာသာစာရိတ္တပညာနှင့်ကျင့်ဝတ်များ** – Buddhist Ethics and Duties
၄၃။ **The Noble Liberation and the Noble Truths**
၄၄။ **Kamma, the Real Geator** - 'ဘဝဖန်တီးရှင်ကံတရား' နှင့်ယှဉ်ဖတ်နိုင်။
၄၅။ **The Right View on Life** - 'မှန်ကန်သောဘဝအမြင်' နှင့်ယှဉ်ဖတ်နိုင်။
၄၆။ **The Essence of Buddha Abhidhamma**- ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်နှင့် ယှဉ်ဖတ်နိုင်၊
၄၇။ **The Essence of Visuddhi Magga, Volume 1** - ဝိသုဒ္ဓိမဂ်နှင့်ယှဉ်ဖတ်နိုင်၊
၄၈။ **ပျော်ရွှင်အောင်မြင်သောနေထိုင်နည်း** – Why Worry အင်္ဂလိပ်ဘာသာနှင့်တွဲ၊
၄၉။ **သောက, ဒေါသ ကျော်လွှားအံ့** – Live without Fear and Worry
၅၀။ **အဘိဓမ္မာစာမေးပွဲမေးခွန်းများနှင့် အဖြေမှန်များ** – ၁၉၈၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အဘိဓမ္မာစာမေးပွဲသုံးဆင့်စလုံးမေးခွန်းများနှင့်အဖြေများ။

## (ခ) ဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ) ၏ ပညာစာစဉ်စာအုပ်များ

၁။ **Good English** - အကောင်းဆုံးအင်္ဂလိပ်သဒ္ဒါ(ဂရမ်မာ)၊ အထက်တန်းကိုင်စာအုပ်၊
၂။ **Good Essays** - အကောင်းဆုံးစာစီစာကုံးရေးနည်း၊ အထက်တန်းကိုင်စာအုပ်၊
၃။ **Good Letters** - အကောင်းဆုံးအင်္ဂလိပ်စာရေးနည်း၊ အထက်တန်းကိုင်စာအုပ်၊
၄။ **Good Speaking** - အကောင်းဆုံးအင်္ဂလိပ်စကားပြောနည်း၊
၅။ **Pocket Best Speaking** - အိတ်ဆောင်အကောင်းဆုံးအင်္ဂလိပ်စကားပြော၊
၆။ **Best Basic Speaking** - အကောင်းဆုံးအခြေခံအင်္ဂလိပ်စကားပြော၊
၇။ **အင်္ဂလိပ်စာအလင်းပြ** – ၁၀ တန်းသင်ရိုးသစ်၊ အကောင်းဆုံးဆရာကသင်ပြပေးပြီး၊
၈။ **ဓာတုဗေဒအလင်းပြ** – ၁၀ တန်းသင်ရိုးသစ်၊ ဆရာတော်က တပည့်တော်ရမည်၊
၉။ **အောင်ပွဲဝင်ဓာတုဗေဒ** – တက္ကသိုလ်ဝင်တန်းမှာဂုဏ်ထူးနှင့်အောင်ပွဲဆင်ကြစို့။